http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

အင်္ဂုတ္တရ နိကာယ်ဝင် သုတ္တန်ပိဋကတ်

# အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်

အဋ္ဌက-နဝက-ဒသက-ဧကာဒသကနိပါတ်

သာသနာ - ၂၅၅၄ ကောဇာ - ၁၃၇၂ ၂၀၁၀

အင်္ဂုတ္တိုရ်ပါဠိတော်မြန်မာပြန် (တတိယတွဲ)

၃/၃

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

အင်္ဂုတ္တရ နိကာယ်ဝင် သုတ္တန်ပိဋကတ်

# အင်္ဂုတ္တိုရ်ပါဠိတော်

## မြန်မာပြန်

အဋ္ဌက-နဝက-ဒသက-ဧကာဒသကနိပါတ်

သာသနာ - ၂၅၅၄ ကောဇာ - ၁၃၇၂ ၂၀၁၀

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးဓမ္မပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

အင်္ဂုတ္တရနိကာယ်ဝင် သုတ္တန်ပိဋကတ်

# အင်္ဂုတ္တိုရ်ပါဠိတော်

# မြန်မာပြန်

## အဋ္ဌက-နဝက-ဒသက-ဧကာဒသကနိပါတ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၅၄ ကောဇာ-၁၃၇၂ ၂၀၁၁

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com



# ပိဋကတ် မြန်မာပြန်ကျမ်းများ အတွက်

# လမ်းညွှန်မာတိကာ

| | နိကာယ် | ပိဋက | ကျမ်း | စာအုပ် | သုတ် |
|---|---|---|---|---|---|
| က | ဒီဃ (အရှည်) | သုတ္တန် | (၃) | (၃) | (၃၄) |
| ခ | မဇ္ဈိမ (အလယ်) | ( ။ ) | (၃) | (၃) | (၁၅၂) |
| ဂ | သံယုတ္တ (ယှဉ်တွဲ) | ( ။ ) | (၅) | (၃) | (၇၇၆၂) |
| ဃ | အင်္ဂုတ္တရ (ပိုမို) | ( ။ ) | (၁၁) | (၃) | (၉၅၅၇) |
| င | ခုဒ္ဒက (အတို) | (ဝိနည်း) င-၁ | (၅) | (၅) | |
| | | (အဘိဓမ္မာ) င-၂ | (၇) -၃ | (၁၂) -၇ (လျော့) | |
| | | (သုတ္တန်) င-၃ | (၁၈) -၄ | (၁၁) -၄ (လျော့) | |
| | (၅) ရပ် | (၃) ပုံ | (၅၂) -၇ | (၄၀) -၁၁ (လျော့) | |

| | |
|---|---|
| အပြည့်ရှိရန် | = (၅၂) ကျမ်း - (၄၀) အုပ် |
| ယခုရှိပြီး | = (၄၅) ကျမ်း - (၂၉) အုပ် |

http://www.dhammadownload.com



## က - ဒီဃနိကာယ်

၁.က. ၁/၃ - ၁ သီလက္ခန္ဓဝဂ္ဂ (သီလက္ခန္ဓဝဂ်) သုတ်သီလက္ခန် ၁၃
၂.က. ၂/၃ - ၂ မဟာဝဂ္ဂ (မဟာဝဂ်) သုတ်မဟာဝါ ၁၀
၃.က. ၃/၃ - ၃ ပါထိကဝဂ္ဂ (ပါထိကဝဂ်) သုတ်ပါထေယျ ၁၁
(၃၄ သုတ်)

- သီလနှင့်တန်ဆာဆင်
- မဟာသတိပဋ္ဌာနသုတ် (သံသရာလွတ်ကြောင်းအခြေခံ)

---

## ခ - မဇ္ဈိမနိကာယ်

၄. ခ. ၁/၃ - ၁ မူလပဏ္ဏာသ [ရှေ့ဦးအစသုတ် ၅၀ ပါကျမ်း]
၅. ခ. ၂/၃ - ၂ မဇ္ဈိမ ။ [အလယ်သုတ် ၅၀ ။ ]
၆. ခ. ၃/၃ - ၃ ဥပရိ ။ [နောက်ဆုံးသုတ် ၅၂ ။ ]
(၁၅၂ သုတ်)

- "သမာဓိဘာဝနာ" ကျင့်နိုင်ရန်လမ်းညွှန်
- သမ္မာဒိဋ္ဌိသုတ်၊ ရထဝိနီတသုတ် [ဝိသုဒ္ဓိ 7 ပါး]

---

## ဂ - သံယုတ္တနိကာယ်

၇. ဂ. ၁/၃ - ၁ သဂါထာဝဂ္ဂကျမ်းနှင့် နိဒါနဝဂ္ဂကျမ်း (ပ)
၈. ဂ. ၂/၃ - ၂ ခန္ဓဝဂ္ဂကျမ်းနှင့် သဠာယတနဝဂ္ဂကျမ်း (ဒု)
၉. ဂ. ၃/၃ - ၃ မဟာဝဂ္ဂကျမ်း (တ)
(၇၇၆၂ သုတ်)

---

## ဃ - အင်္ဂုတ္တရနိကာယ်

၁၀.ဃ.၁/၃ - ၁ ဧကက နိပါတ်မှ စတုက္က နိပါတ်ထိ (၄) ကျမ်း
၁၁.ဃ.၂/၃ - ၂ ပဉ္စက ။ သတ္တက ။ (၃) ကျမ်း
၁၂.ဃ.၃/၃ - ၃ အဋ္ဌက ။ ဧကာဒသက ။ (၄) ကျမ်း
(၉၅၅၇ သုတ်)

- ဗဟုသုတ ပဒေသာပင်၊ ယဉ်ကျေးမှု၏ ရေသောက်မြစ်
- အောင်မြင်နည်း၊ သတ္တိပြည့်နည်း၊ ကြွယ်ဝနည်း၊ ပညာရှိနည်း၊ ဂုဏ်ကျော်နည်း၊ လောကဓံခံနိုင်နည်း။

http://www.dhammadownload.com



## ၄−ခုဒ္ဒကနိကာယ်

[ကျမ်းအရေအတွက်အများဆုံးနှင့်
တရားသဘောအစုံဆုံးနိကာယ်]

### (၄−၁) ခုဒ္ဒကနိကာယ် **ဝိနည်း** ပိဋက

( ၅ ကျမ်း - ၅ အုပ် )

| | | | |
|---|---|---|---|
| ၁၃.၄−၁. ၁/၅ | - | ၁ ပါရာဇိက | (ပါရာဇိကာဏ်) |
| ၁၄.၄−၁. ၂/၅ | - | ၂ ပါစိတ္တိယ | (ပါစိတ်) |
| ၁၅.၄−၁. ၃/၅ | - | ၃ မဟာဝဂ္ဂ | (ဝိနည်းမဟာဝါ) |
| ၁၆.၄−၁. ၄/၅ | - | ၄ စူဠဝဂ္ဂ | (စူဠဝါ) |
| ၁၇.၄−၁. ၅/၅ | - | ၅ ပါရိဝါရ | (ပရိဝါ) |

### (၄−၂) ခုဒ္ဒကနိကာယ် **အဘိဓမ္မ** ပိဋက

( ၇ ကျမ်းမှ ၄ ကျမ်း - ၅ အုပ် )

| | | | |
|---|---|---|---|
| ၁၈.၄−၂. ၁/၅ | - | ၁ ဓမ္မသင်္ဂဏီ | (၁) အုပ် |
| ၁၉.၄−၂. ၂/၅ | - | ၂ ဝိဘင်း | (၁) |
| − | | ၃ ဓါတုကထာ | x |
| ၂၀.၄−၂. ၃/၅ | - | ၄ ပုဂ္ဂလပညတ် | (၁) |
| ၂၁.၄−၂. ၄/၅ | - | ၅ ကထာဝတ္ထု (ပ) | (၁) |
| ၂၂.၄−၂. ၅/၅ | - | ကထာဝတ္ထု (ဒု) | (၁) |
| − | | ၆ ယမိုက် | x |
| − | | ၇ ပဋ္ဌာန်း | x |
| | | | (၅) အုပ် |

http://www.dhammadownload.com



## (ဧ-၃) ခုဒ္ဒကနိကာယ် သုတ္တန် ပိဋက

( ၁၈ ကျမ်းမှ ၁၄ ကျမ်း - ၇ အုပ် )

| | | | | |
|---|---|---|---|---|
| ၂၃. ဧ-၃. | ၁/၇ - | ၁ ခုဒ္ဒကပါဌ<br>၂ ဓမ္မပဒ<br>၃ ဥဒါန=ဥဒါန်း<br>၄ ဣတိဝုတ္တက=ဣတိဝုတ်<br>၅ သုတ္တနိပါတ=သုတ္တနိပါတ် | ၅ကျမ်း | |
| ၂၄. ဧ-၃. | ၂/၇ - | ၆ အပဒါန် (ပ)တွဲ (ထေရာပဒါန်) | | ၁ |
| ၂၅. ဧ-၃. | ၃/၇ - | အပဒါန် (ဒု)တွဲ (ကျန်ထေရာပဒါန်+ ထေရီအပဒါန်)<br>၇. ဗုဒ္ဓဝံသ<br>၈ စရိယာပိဋက | | ၁ |
| ၂၆. ဧ-၃. | ၄/၇ - | ၉ ပဋိသမ္ဘိဒါမဂ် | | ၁ |
| ၂၇. ဧ-၃ | ၅/၇ - | ၁၀ မိလိန္ဒပဉှာ | | ၁ |
| ၂၈. ဧ-၃. | ၆/၇ - | ၁၁ ဝိမာနဝတ္ထု<br>၁၂ ပေတဝတ္ထု | | ၁ |
| ၂၉. ဧ-၃. | ၇/၇ - | ၁၃ ထေရဂါထာ<br>၁၄ ထေရီဂါထာ | | ၁ |
| | | ၁၄ ကျမ်း | | ၇ အုပ် |

**ပိုင်းခြားပုံစနစ်**

| | | | |
|---|---|---|---|
| ① ဝိမုတ္တိရသ | (၁) | ④ ပိဋက | (၃) |
| ② ဓမ္မဝိနယ | (၂) | ⑤ နိကာယ် | (၅) |
| ③ ဝစန | (၃) | ⑥ ဓမ္မက္ခန္ဓာ | (၈၄၀၀၀) |

http://www.dhammadownload.com

## အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်

# အဋ္ဌကနိပါတ် မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၁-ပဌမပဏ္ဏာသက-ပဌမ သုတ်ငါးဆယ်** | |
| | **၁-မေတ္တာဝဂ်** | |
| ၁- | မေတ္တာသုတ် | ၁ |
| ၂- | ပညာသုတ် | ၂ |
| ၃- | ပဌမ အပ္ပိယသုတ် | ၆ |
| ၄- | ဒုတိယ အပ္ပိယသုတ် | ၇ |
| ၅- | ပဌမ လောကဓမ္မသုတ် | ၇ |
| ၆- | ဒုတိယ လောကဓမ္မသုတ် | ၈ |
| ၇- | ဒေဝဒတ္တဝိပတ္တိသုတ် | ၁၀ |
| ၈- | ဥတ္တရဝိပတ္တိသုတ် | ၁၂ |
| ၉- | နန္ဒသုတ် | ၁၅ |
| ၁၀- | ကာရဏ္ဍဝသုတ် | ၁၇ |
| | **၂-မဟာဝဂ်** | |
| ၁- | ဝေရဉ္ဇသုတ် | ၁၉ |
| ၂- | သီဟသုတ် | ၂၆ |
| ၃- | အဿာဇာနီယသုတ် | ၃၃ |
| ၄- | အဿခဠုင်္ကသုတ် | ၃၄ |
| ၅- | မလသုတ် | ၃၇ |
| ၆- | ဒူတေယျသုတ် | ၃၈ |
| ၇- | ပဌမ ဗန္ဓနသုတ် | ၃၉ |
| ၈- | ဒုတိယ ဗန္ဓနသုတ် | ၃၉ |
| ၉- | ပဟာရာဒသုတ် | ၄၀ |
| ၁၀- | ဥပေါသထသုတ် | ၄၄ |
| | **၃-ဂဟပတိဝဂ်** | |
| ၁- | ပဌမ ဥဂ္ဂသုတ် | ၄၇ |
| ၂- | ဒုတိယ ဥဂ္ဂသုတ် | ၅၀ |

http://www.dhammadownload.com




| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၃-ဂဟပတိဝဂ်** | |
| ၃ | ပဌမ ဟတ္ထကသုတ် | ၅၃ |
| ၄ | ဒုတိယ ဟတ္ထကသုတ် | ၅၄ |
| ၅ | မဟာနာမသုတ် | ၅၆ |
| ၆ | ဇီဝကသုတ် | ၅၇ |
| ၇ | ပဌမ ဗလသုတ် | ၅၈ |
| ၈ | ဒုတိယ ဗလသုတ် | ၅၉ |
| ၉ | အက္ခဏသုတ် | ၆၀ |
| ၁၀ | အနုရုဒ္ဓမဟာဝိတက္ကသုတ် | ၆၃ |
| | **၄-ဒါနဝဂ်** | |
| ၁ | ပဌမ ဒါနသုတ် | ၇၀ |
| ၂ | ဒုတိယ ဒါနသုတ် | ၇၀ |
| ၃ | ဒါနဝတ္ထုသုတ် | ၇၀ |
| ၄ | ခေတ္တသုတ် | ၇၁ |
| ၅ | ဒါနူပပတ္တိသုတ် | ၇၂ |
| ၆ | ပုညကိရိယဝတ္ထုသုတ် | ၇၄ |
| ၇ | သပ္ပုရိသဒါနသုတ် | ၇၆ |
| ၈ | သပ္ပုရိသသုတ် | ၇၆ |
| ၉ | အဘိသန္ဒသုတ် | ၇၇ |
| ၁၀ | ဒုစ္စရိတဝိပါကသုတ် | ၇၉ |
| | **၅-ဥပေါသထဝဂ်** | |
| ၁ | သံခိတ္တူပေါသထသုတ် | ၈၀ |
| ၂ | ဝိတ္ထာရူပေါသထသုတ် | ၈၂ |
| ၃ | ဝိသာခါသုတ် | ၈၅ |
| ၄ | ဝါသေဋ္ဌသုတ် | ၈၈ |
| ၅ | ဗောဇ္ဈာသုတ် | ၈၉ |
| ၆ | အနုရုဒ္ဓသုတ် | ၉၁ |
| ၇ | ဒုတိယ ဝိသာခါသုတ် | ၉၄ |
| ၈ | နကုလမာတာသုတ် | ၉၅ |
| ၉ | ပဌမ ဣဓလောကိကသုတ် | ၉၆ |
| ၁၀ | ဒုတိယ ဣဓလောကိကသုတ် | ၉၉ |

http://www.dhammadownload.com



ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ်

## ၂-ဒုတိယပဏ္ဏာသက-ဒုတိယ သုတ်ငါးဆယ်

### (၆) ၁-ဂေါတမီဝဂ်


| | |
|---|---|
| ၁-ဂေါတမီသုတ် | ၁၀၁ |
| ၂-ဩဝါဒသုတ် | ၁၀၅ |
| ၃-သံခိတ္တသုတ် | ၁၀၆ |
| ၄-ဒီဃဇာဏုသုတ် | ၁၀၇ |
| ၅-ဥဇ္ဇယသုတ် | ၁၁၀ |
| ၆-ဘယသုတ် | ၁၁၄ |
| ၇-ပဌမ အာဟုနေယျသုတ် | ၁၁၄ |
| ၈-ဒုတိယ အာဟုနေယျသုတ် | ၁၁၅ |
| ၉-ပဌမ ပုဂ္ဂလသုတ် | ၁၁၆ |
| ၁၀-ဒုတိယ ပုဂ္ဂလသုတ် | ၁၁၆ |


### (၇) ၂-ဘူမိစာလဝဂ်


| | |
|---|---|
| ၁ ဣစ္ဆာသုတ် | ၁၁၇ |
| ၂-အလံသုတ် | ၁၁၉ |
| ၃-သံခိတ္တသုတ် | ၁၂၁ |
| ၄-ဂယာသီသသုတ် | ၁၂၄ |
| ၅-အဘိဘာယတနသုတ် | ၁၂၆ |
| ၆-ဝိမောက္ခသုတ် | ၁၂၇ |
| ၇-အနရိယဝေါဟာရသုတ် | ၁၂၈ |
| ၈-အရိယဝေါဟာရသုတ် | ၁၂၈ |
| ၉-ပရိသာသုတ် | ၁၂၈ |
| ၁၀-ဘူမိစာလသုတ် | ၁၂၉ |


### (၈) ၃-ယမကဝဂ်


| | |
|---|---|
| ၁-ပဌမ သဒ္ဓါသုတ် | ၁၃၅ |
| ၂-ဒုတိယ သဒ္ဓါသုတ် | ၁၃၆ |
| ၃-ပဌမ မရဏဿတိသုတ် | ၁၃၇ |
| ၄-ဒုတိယ မရဏဿတိသုတ် | ၁၄၀ |
| ၅-ပဌမ သမ္ပဒါသုတ် | ၁၄၂ |
| ၆-ဒုတိယ သမ္ပဒါသုတ် | ၁၄၂ |
| ၇-ဣစ္ဆာသုတ် | ၁၄၅ |

http://www.dhammadownload.com



# အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## (၈) ၃-ယမကဝဂ်

| | |
|---|---|
| ၈-အလံသုတ် | ၁၄၇ |
| ၉-ပရိဟာနသုတ် | ၁၄၉ |
| ၁၀-ကုသီတာရမ္ဘဝတ္ထုသုတ် | ၁၅၀ |

## (၉) ၄-သတိဝဂ်

| | |
|---|---|
| ၁-သမ္ပဇညသုတ် | ၁၅၂ |
| ၂-ပုဏ္ဏိယသုတ် | ၁၅၄ |
| ၃-မူလကသုတ် | ၁၅၄ |
| ၄-စောရသုတ် | ၁၅၅ |
| ၅-သမဏသုတ် | ၁၅၆ |
| ၆-ယသသုတ် | ၁၅၇ |
| ၇-ပတ္တနိကုဇ္ဇနသုတ် | ၁၆၀ |
| ၈-အပ္ပသာဒပဝေဒနီယသုတ် | ၁၆၀ |
| ၉-ပဋိသာရဏီယသုတ် | ၁၆၁ |
| ၁၀-သမ္မာဝတ္တနသုတ် | ၁၆၁ |

| | |
|---|---|
| (၁၀) ၅-သာမညဝဂ် | ၁၆၁ |
| ၁၁- ရာဂပေယျာလ | ၁၆၃ |

http://www.dhammadownload.com

အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်

# နဝကနိပါတ် မာတိကာ

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

## ၁-ပဌမပဏ္ဏာသက-ပဌမသုတ်ငါးဆယ်

### ၁-သမ္ဗောဓိဝဂ်


| | |
|---|---|
| ၁-သမ္ဗောဓိသုတ် | ၁၆၅ |
| ၂-နိဿယသုတ် | ၁၆၇ |
| ၃-မေဃိယသုတ် | ၁၆၈ |
| ၄-နန္ဒကသုတ် | ၁၇၁ |
| ၅-ဗလသုတ် | ၁၇၅ |
| ၆-သေဝနာသုတ် | ၁၇၇ |
| ၇-သုတဝါသုတ် | ၁၇၉ |
| ၈-သဇ္ဈသုတ် | ၁၈၀ |
| ၉-ပုဂ္ဂလသုတ် | ၁၈၁ |
| ၁၀-အာဟုနေယျသုတ် | ၁၈၁ |


### ၂-သီဟနာဒဝဂ်


| | |
|---|---|
| ၁-သီဟနာဒသုတ် | ၁၈၂ |
| ၂-သဥပါဒိသေသသုတ် | ၁၈၅ |
| ၃-ကောဋ္ဌိကသုတ် | ၁၈၈ |
| ၄-သမိဒ္ဓိသုတ် | ၁၉၁ |
| ၅-ဂဏ္ဍသုတ် | ၁၉၂ |
| ၆-သညာသုတ် | ၁၉၂ |
| ၇-ကုလသုတ် | ၁၉၃ |
| ၈-နဝင်္ဂုပေါသထသုတ် | ၁၉၃ |
| ၉-ဒေဝတာသုတ် | ၁၉၄ |
| ၁၀-ဝေလာမသုတ် | ၁၉၅ |


### ၃-သတ္တာဝါသဝဂ်


| | |
|---|---|
| ၁-တိဌာနသုတ် | ၁၉၈ |
| ၂-အဿခဠုင်္ကသုတ် | ၁၉၈ |

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၃-သတ္တာဝါသဝဂ်


၃-တဏှာမူလကသုတ် .... .... .... .... .... .... ၂၀၁
၄-သတ္တာဝါသသုတ် .... .... .... .... .... .... ၂၀၁
၅-ပညာသုတ် .... .... .... .... .... .... ၂၀၂
၆-သိလာယူပသုတ် .... .... .... .... .... .... ၂၀၃
၇-ပဌမ ဝေရသုတ် .... .... .... .... .... .... ၂၀၅
၈-ဒုတိယ ဝေရသုတ် .... .... ... .... .... .... ၂၀၇
၉-အာဃာတဝတ္ထုသုတ် .... .... .... .... .... .... ၂၀၈
၁၀-အာဃာတပဋိဝိနယသုတ် .... .... .... .... .... ၂၀၈
၁၁-အနုပုဗ္ဗနိရောဓသုတ် .... .... .... .... .... .... ၂၀၉


## ၄-မဟာဝဂ်


၁-အနုပုဗ္ဗဝိဟာရသုတ် .... .... .... .... .... .... ၂၀၉
၂-အနုပုဗ္ဗဝိဟာရသမာပတ္တိသုတ် .... .... .... .... .... ၂၁၀
၃-နိဗ္ဗာနသုခသုတ် .... .... .... .... .... .... ၂၁၃
၄-ဂါဝီဥပမာသုတ် .... .... .... .... .... .... ၂၁၆
၅-ဈာနသုတ် .... .... .... .... .... .... ၂၂၀
၆-အာနန္ဒသုတ် .... .... .... .... .... .... ၂၂၄
၇-လောကာယတိကသုတ် .... .... .... .... .... ၂၂၆
၈-ဒေဝါသုရသင်္ဂါမသုတ် .... .... .... .... .... ၂၂၈
၉-နာဂသုတ် .... .... .... .... .... .... ၂၃၀
၁၀-တပုဿသုတ် .... .... .... .... .... .... ၂၃၂


## ၅-သာမညဝဂ်


၁-သမ္ဗာဓသုတ် .... .... .... .... .... .... ၂၄၀
၂-ကာယသက္ခိသုတ် .... .... .... .... .... .... ၂၄၃
၃-ပညာဝိမုတ္တသုတ် .... .... .... .... .... .... ၂၄၄
၄-ဥဘတောဘာဂဝိမုတ္တသုတ် .... .... .... .... .... ၂၄၄
၅-သန္ဒိဋ္ဌိကဓမ္မသုတ် .... .... .... .... .... .... ၂၄၄
၆-သန္ဒိဋ္ဌိကနိဗ္ဗာနသုတ် .... .... .... .... .... .... ၂၄၅
၇-နိဗ္ဗာနသုတ် .... .... .... .... .... .... ၂၄၅
၈ ပရိနိဗ္ဗာနသုတ် .... .... .... .... .... .... ၂၄၅
၉-တဒင်္ဂနိဗ္ဗာနသုတ် .... .... .... .... .... .... ၂၄၅
၁၀-ဒိဋ္ဌဓမ္မနိဗ္ဗာနသုတ် .... .... .... .... .... .... ၂၄၆

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၂-ဒုတိယပဏ္ဏာသက-ဒုတိယ သုတ်ငါးဆယ်

### (၆) ၁-ခေမဝဂ်


၁-ခေမသုတ် .... .... .... .... .... .... ၂၄၃
၂-ခေမပ္ပတ္တသုတ် .... .... .... .... .... .... ၂၄၃
၃-အမတသုတ် .... .... .... .... .... .... ၂၄၃
၄-အမတပ္ပတ္တသုတ် .... .... .... .... .... .... ၂၄၃
၅-အဘယသုတ် .... .... .... .... .... .... ၂၄၃
၆-အဘယပ္ပတ္တသုတ် .... .... .... .... .... .... ၂၄၈
၇-ပဿဒ္ဓိသုတ် .... .... .... .... .... .... ၂၄၈
၈-အနုပုဗ္ဗပဿဒ္ဓိသုတ် .... .... .... .... .... .... ၂၄၈
၉-နိရောဓသုတ် .... .... .... .... .... .... ၂၄၈
၁၀-အနုပုဗ္ဗနိရောဓသုတ် .... .... .... .... .... .... ၂၄၈
၁၁-အဘဗ္ဗသုတ် .... .... .... .... .... .... ၂၄၉


### (၇) ၂-သတိပဋ္ဌာနဝဂ်


၁-သိက္ခာဒုဗ္ဗလျသုတ် .... .... .... .... .... .... ၂၄၉
၂-နီဝရဏသုတ် .... .... .... .... .... .... ၂၄၉
၃-ကာမဂုဏသုတ် .... .... .... .... .... .... ၂၅၀
၄-ဥပါဒါနက္ခန္ဓသုတ် .... .... .... .... .... .... ၂၅၀
၅-ဩရမ္ဘာဂိယသုတ် .... .... .... .... .... .... ၂၅၁
၆-ဂတိသုတ် .... .... .... .... .... .... ၂၅၁
၇-မစ္ဆရိယသုတ် .... .... .... .... .... .... ၂၅၁
၈-ဥဒ္ဓံဘာဂိယသုတ် .... .... .... .... .... .... ၂၅၁
၉-စေတောခီလသုတ် .... .... .... .... .... .... ၂၅၂
၁၀-စေတသောဝိနိဗန္ဓသုတ် .... .... .... .... .... ၂၅၂


### (၈) ၃-သမ္မပ္ပဓာနဝဂ်


၁-သိက္ခာသုတ် .... .... .... .... .... .... ၂၅၃
၁၀-စေတသောဝိနိဗန္ဓသုတ် .... .... .... .... .... ၂၅၄


### (၉) ၄-ဣဒ္ဓိပါဒဝဂ်


၁-သိက္ခာသုတ် .... .... .... .... .... .... ၂၅၄
၁၀-စေတသောဝိနိဗန္ဓသုတ် .... .... .... .... .... ၂၅၅



(၁၀) ၅-ရာဂပေယျာလ .... .... ၂၅၅

http://www.dhammadownload.com

အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်

# ဒသကနိပါတ် မာတိကာ

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၁-ပဌမပဏ္ဏာသက-ပဌမသုတ်ငါးဆယ်

### ၁-အာနိသံသဝဂ်


| | |
|---|---|
| ၁-ကိမတ္ထိယသုတ် | ၂၅၇ |
| ၂-စေတနာကရဏီယသုတ် | ၂၅၉ |
| ၃-ပဌမ ဥပနိသသုတ် | ၂၆၀ |
| ၄-ဒုတိယ ဥပနိသသုတ် | ၂၆၁ |
| ၅-တတိယ ဥပနိသသုတ် | ၂၆၂ |
| ၆-သမာဓိသုတ် | ၂၆၃ |
| ၇-သာရိပုတ္တသုတ် | ၂၆၄ |
| ၈-ဈာနသုတ် | ၂၆၅ |
| ၉-သန္တဝိမောက္ခသုတ် | ၂၆၆ |
| ၁၀-ဝိဇ္ဇာသုတ် | ၂၆၇ |


### ၂-နာထဝဂ်


| | |
|---|---|
| ၁-သေနာသနသုတ် | ၂၆၈ |
| ၂-ပဥ္စင်္ဂသုတ် | ၂၇၀ |
| ၃-သံယောဇနသုတ် | ၂၇၀ |
| ၄-စေတောခိလသုတ် | ၂၇၁ |
| ၅-အပ္ပမာဒသုတ် | ၂၇၄ |
| ၆-အာဟုနေယျသုတ် | ၂၇၅ |
| ၇-ပဌမ နာထသုတ် | ၂၇၅ |
| ၈-ဒုတိယ နာထသုတ် | ၂၇၇ |
| ၉-ပဌမ အရိယာဝါသသုတ် | ၂၈၀ |
| ၁၀-ဒုတိယ အရိယာဝါသသုတ် | ၂၈၁ |


### ၃-မဟာဝဂ်


| | |
|---|---|
| ၁-သီဟနာဒသုတ် | ၂၈၃ |
| ၂-အဓိဝုတ္တိပဒသုတ် | ၂၈၆ |
| ၃-ကာယသုတ် | ၂၈၈ |

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၃-မဟာဝဂ်


၄-မဟာစုန္ဒသုတ် .... .... .... .... .... .... ၂၉၀
၅-ကသိဏသုတ် .... .... .... .... .... .... ၂၉၃
၆-ကာဠီသုတ် .... .... .... .... .... .... ၂၉၃
၇-ပဌမ မဟာပဉှာသုတ်.... .... .... .... .... .... ၂၉၄
၈-ဒုတိယ မဟာပဉှာသုတ် .... .... .... .... .... ၂၉၉
၉-ပဌမ ကောသလသုတ်.... .... .... .... .... .... ၃၀၂
၁၀-ဒုတိယ ကောသလသုတ် .... .... .... .... .... ၃၀၆


## ၄-ဥပါလိဝဂ်


၁-ဥပါလိသုတ် .... .... .... .... .... .... ၃၁၀
၂-ပါတိမောက္ခဋ္ဌပနာသုတ် .... .... .... .... .... ၃၁၀
၃-ဥဗ္ဗာဟိကာသုတ် .... .... .... .... .... .... ၃၁၁
၄-ဥပသမ္ပဒါသုတ် .... .... .... .... .... .... ၃၁၂
၅-နိဿယသုတ် .... .... .... .... .... .... ၃၁၂
၆-သာမဏေရသုတ် .... .... .... .... .... .... ၃၁၃
၇-သံဃဘေဒသုတ် .... .... .... .... .... .... ၃၁၃
၈-သံဃသာမဂ္ဂီသုတ် .... .... .... .... .... .... ၃၁၄
၉-ပဌမ အာနန္ဒသုတ် .... .... .... .... .... .... ၃၁၄
၁၀-ဒုတိယ အာနန္ဒသုတ် .... .... .... .... .... .... ၃၁၅


## ၅-အက္ကောသဝဂ်


၁-ဝိဝါဒသုတ် .... .... .... .... .... .... ၃၁၆
၂-ပဌမ ဝိဝါဒမူလသုတ်.... .... .... .... .... .... ၃၁၆
၃-ဒုတိယ ဝိဝါဒမူလသုတ် .... .... .... .... .... ၃၁၇
၄-ကုသိနာရသုတ် .... .... .... .... .... .... ၃၁၇
၅-ရာဇန္တေပုရပ္ပဝေသနသုတ် .... .... .... .... .... ၃၁၉
၆-သက္ကသုတ် .... .... .... .... .... .... ၃၂၀
၇-မဟာလိသုတ် .... .... .... .... .... .. ၃၂၃
၈-ပဗ္ဗဇိတအဘိဏှသုတ် .... .... .... .... .... .... ၃၂၄
၉-သရီရဋ္ဌဓမ္မသုတ် .... .... .... .... .... .... ၃၂၄
၁၀-ဘဏ္ဍနသုတ် .... .... .... .... .... .... ၃၂၅

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၂-ဒုတိယပဏ္ဏာသက-ဒုတိယ သုတ်ငါးဆယ်

### (၆) ၁-သစိတ္တဝဂ်


| | |
|---|---|
| ၁-သစိတ္တသုတ် .... .... .... .... .... .... | ၃၂၉ |
| ၂-သာရိပုတ္တသုတ် .... .... .... .... .... .... | ၃၃၀ |
| ၃-ဌိတိသုတ် .... .... .... .... .... .... | ၃၃၁ |
| ၄-သမထသုတ် .... .... .... .... .... .... | ၃၃၃ |
| ၅-ပရိဟာနသုတ် .... .... .... .... .... .... | ၃၃၆ |
| ၆-ပဌမ သညာသုတ် .... .... .... .... .... .... | ၃၃၈ |
| ၇-ဒုတိယ သညာသုတ် .... .... .... .... .... .... | ၃၃၈ |
| ၈-မူလကသုတ် .... .... .... .... .... .... | ၃၃၉ |
| ၉-ပဗ္ဗဇ္ဇာသုတ် .... .... .... .... .... .... | ၃၄၀ |
| ၁၀-ဂိရိမာနန္ဒသုတ် .... .... .... .... .... .... | ၃၄၁ |


### (၇) ၂-ယမကဝဂ်


| | |
|---|---|
| ၁-အဝိဇ္ဇာသုတ် .... .... .... .... .... .... | ၃၄၄ |
| ၂-တဏှာသုတ် .... .... .... .... .... .... | ၃၄၆ |
| ၃-နိဋ္ဌင်္ဂတသုတ် .... .... .... .... .... .... | ၃၄၉ |
| ၄-အဝေစ္စပ္ပသန္နသုတ် .... .... .... .... .... .... | ၃၄၉ |
| ၅-ပဌမ သုခသုတ် .... .... .... .... .... .... | ၃၅၀ |
| ၆-ဒုတိယ သုခသုတ် .... .... .... .... .... .... | ၃၅၀ |
| ၇-ပဌမ နဠကပါနသုတ် .... .... .... .... .... .... | ၃၅၁ |
| ၈-ဒုတိယ နဠကပါနသုတ် .... .... .... .... .... | ၃၅၃ |
| ၉-ပဌမ ကထာဝတ္ထုသုတ် .... .... .... .... .... | ၃၅၅ |
| ၁၀-ဒုတိယ ကထာဝတ္ထုသုတ် .... .... .... .... .... | ၃၅၇ |


### (၈) ၃-အာကင်္ခဝဂ်


| | |
|---|---|
| ၁-အာကင်္ခသုတ် .... .... .... .... .... .... | ၃၅၈ |
| ၂-ကဏ္ဍကသုတ် .... .... .... .... .... .... | ၃၆၀ |
| ၃-ဣဋ္ဌဓမ္မသုတ် .... .... .... .... .... .... | ၃၆၁ |
| ၄-ဝឌ္ဍိသုတ် .... .... .... .... .... .... | ၃၆၂ |
| ၅-မိဂသာလာသုတ် .... .... .... .... .... .... | ၃၆၃ |

http://www.dhammadownload.com




| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **(၈) ၃-အာကင်္ခဝဂ်** | |
| ၆-တယောဓမ္မသုတ် | .... .... .... .... .... .... | ၃၆၈ |
| ၇-ကာကသုတ် | .... .... .... .... .... .... | ၃၇၁ |
| ၈-နိဂဏ္ဌသုတ် | .... .... .... .... .... .... | ၃၇၁ |
| ၉-အာဃာတဝတ္ထုသုတ် | .... .... .... .... .... .... | ၃၇၂ |
| ၁၀-အာဃာတပဋိဝိနယသုတ် | .... .... .... .... .... | ၃၇၂ |
| | **(၉) ၄-ထေရဝဂ်** | |
| ၁-ဝါဟနသုတ် | .... .... .... .... .... .... | ၃၇၃ |
| ၂-အာနန္ဒသုတ် | .... .... .... .... .... .... | ၃၇၃ |
| ၃-ပုဏ္ဏိယသုတ် | .... .... .... .... .... .... | ၃၇၅ |
| ၄-ဗျာကရဏသုတ် | .... .... .... .... .... .... | ၃၇၆ |
| ၅-ကတ္ထီသုတ် | .... .... .... .... .... .... | ၃၇၈ |
| ၆-အဓိမာနသုတ် | .... .... .... .... .... .... | ၃၈၁ |
| ၇-နပ္ပိယသုတ် | .... .... .... .... .... .... | ၃၈၃ |
| ၈-အက္ကောသကသုတ် | .... .... .... .... .... .... | ၃၈၇ |
| ၉-ကောကာလိကသုတ် | .... .... .... .... .... .... | ၃၈၇ |
| ၁၀-ခီဏာသဝဗလသုတ် | .... .... .... .... .... .... | ၃၉၀ |
| | **(၁၀) ၅-ဥပါလိဝဂ်** | |
| ၁-ကာမဘောဂီသုတ် | .... .... .... .... .... .... | ၃၉၂ |
| ၂-ဘယသုတ် | .... .... .... .... .... .... | ၃၉၇ |
| ၃-ကိံဒိဋ္ဌိကသုတ် | .... .... .... .... .... .... | ၃၉၉ |
| ၄-ဝဇ္ဇိယမာဟိတသုတ် | .... .... .... .... .... .... | ၄၀၂ |
| ၅-ဥတ္တိယသုတ် | .... .... .... .... .... .... | ၄၀၅ |
| ၆-ကောကနုဒသုတ် | .... .... .... .... .... .... | ၄၀၇ |
| ၇-အာဟုနေယျသုတ် | .... .... .... .... .... .... | ၄၀၉ |
| ၈-ထေရသုတ် | .... .... .... .... .... .... | ၄၁၁ |
| ၉-ဥပါလိသုတ် | .... .... .... .... .... .... | ၄၁၂ |
| ၁၀-အဘဗ္ဗသုတ် | .... .... .... .... .... .... | ၄၁၇ |
| | **၃-တတိယပဏ္ဏာသက-တတိယသုတ်ငါးဆယ်** | |
| | **(၁၁) ၁-သမဏသညာဝဂ်** | |
| ၁-သမဏသညာသုတ် | .... .... .... .... .... | ၄၁၉ |
| ၂-ဗောဇ္ဈင်္ဂသုတ် | .... .... .... .... .... .... | ၄၁၉ |
| ၃-မိစ္ဆတ္တသုတ် | .... .... .... .... .... .... | ၄၂၀ |

http://www.dhammadownload.com



ဦးရေ　　　အကြောင်းအရာ　　　မျက်နှာအမှတ်

## (၁၁)၁-သမဏသညာဝဂ်


၄-ဗီဇသုတ် .... .... .... .... .... .... ၄၂၀
၅-ဝိဇ္ဇာသုတ် .... .... .... .... .... .... ၄၂၂
၆-နိဇ္ဇရသုတ် .... ... .... .... .... .... ၄၂၂
၇-ဓောဝနသုတ် .... .... .... .... .... .... ၄၂၄
၈-တိကိစ္ဆကသုတ် .... .... .... .... .... .... ၄၂၅
၉-ဝမနသုတ် .... .... .... .... .... .... ၄၂၇
၁၀-နိဒ္ဓမနီယသုတ် .... .... .... .... .... .... ၄၂၈
၁၁-ပဌမ အသေခသုတ် .... .... .... .... .... ၄၂၉
၁၂-ဒုတိယ အသေခသုတ် .... .... .... .... .... ၄၂၉


## (၁၂) ၂-ပစ္စောရောဟဏီဝဂ်


၁-ပဌမ အဓမ္မသုတ် .... .... .... .... .... .... ၄၃၀
၂-ဒုတိယ အဓမ္မသုတ် .... .... .... .... .... ၄၃၀
၃-တတိယ အဓမ္မသုတ် .... .... .... .... .... ၄၃၂
၄-အဇိတသုတ် .... .... .... .... .... .... ၄၃၅
၅-သင်္ဂါရဝသုတ် .... .... .... .... .... .... ၄၃၇
၆-ဩရိမတီရသုတ် .... .... .... .... .... .... ၄၃၈
၇-ပဌမ ပစ္စောရောဟဏီသုတ် .... .... .... .... .... ၄၃၉
၈-ဒုတိယ ပစ္စောရောဟဏသုတ် .... .... .... .... .... ၄၄၁
၉-ပုဗ္ဗင်္ဂမသုတ် .... .... .... .... .... .... ၄၄၁
၁၀-အာသဝက္ခယသုတ် .... .... .... .... .... ၄၄၂


## (၁၃) ၃-ပရိသုဒ္ဓဝဂ်


၁-ပဌမသုတ် .... .... .... .... .... .... ၄၄၂
၂-ဒုတိယသုတ် .... .... .... .... .... .... ၄၄၂
၃-တတိယသုတ် .... .... .... .... .... .... ၄၄၂
၄-စတုတ္ထသုတ် .... .... .... .... .... .... ၄၄၃
၅-ပဉ္စမသုတ် .... .... .... .... .... .... ၄၄၃
၆-ဆဋ္ဌသုတ် .... .... .... .... .... .... ၄၄၃
၇-သတ္တမသုတ် .... .... .... .... .... .... ၄၄၄
၈-အဋ္ဌမသုတ် .... .... .... .... .... .... ၄၄၄
၉-နဝမသုတ် .... .... .... .... .... .... ၄၄၄
၁၀-ဒသမသုတ် .... .... .... .... .... .... ၄၄၅
၁၁-ဧကာဒသမသုတ် .... .... .... .... .... .... ၄၄၅

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## (၁၄) ၄-သာခုဝဂ်


| | | |
|---|---|---|
| ၁-သာခုသုတ် | .... .... .... .... .... .... | ၄၄၅ |
| ၂-အရိယဓမ္မသုတ် | .... .... .... .... .... .... | ၄၄၆ |
| ၃-အကုသလသုတ် | .... .... .... .... .... .... | ၄၄၆ |
| ၄-အတ္ထသုတ် | .... .... .... .... .... .... | ၄၄၆ |
| ၅-ဓမ္မသုတ် | .... .... .... .... .... .... | ၄၄၆ |
| ၆-သာသဝသုတ် | .... .... .... .... .... .... | ၄၄၇ |
| ၇-သာဝဇ္ဇသုတ် | .... .... .... .... .... .... | ၄၄၇ |
| ၈-တပနီယသုတ် | .... .... .... .... .... .... | ၄၄၇ |
| ၉-အာစယဂါမိသုတ် | .... .... .... .... .... .... | ၄၄၇ |
| ၁၀-ဒုက္ခုဒြယသုတ် | .... .... .... .... .... .... | ၄၄၈ |
| ၁၁-ဒုက္ခဝိပါကသုတ် | .... .... .... .... .... .... | ၄၄၈ |


## (၁၅) ၅-အရိယဝဂ်


| | | |
|---|---|---|
| ၁-အရိယမဂ္ဂသုတ် | .... .... .... .... .... .... | ၄၄၈ |
| ၂-ကဏှမဂ္ဂသုတ် | .... .... .... .... .... .... | ၄၄၉ |
| ၃-သဒ္ဓမ္မသုတ် | .... .... .... .... .... .... | ၄၄၉ |
| ၄-သပ္ပုရိသဓမ္မသုတ် | .... .... .... .... .... .... | ၄၄၉ |
| ၅-ဥပ္ပါဒေတဗ္ဗသုတ် | .... .... .... .... .... .... | ၄၅၀ |
| ၆-အာသေဝိတဗ္ဗသုတ် | .... .... .... .... .... | ၄၅၀ |
| ၇-ဘာဝေတဗ္ဗသုတ် | .... .... .... .... .... .... | ၄၅၀ |
| ၈-ဗဟုလီကာတဗ္ဗသုတ် | .... .... .... .... .... | ၄၅၀ |
| ၉-အနုဿရိတဗ္ဗသုတ် | .... .... .... .... .... | ၄၅၁ |
| ၁၀-သစ္ဆိကာတဗ္ဗသုတ် | .... .... .... .... .... | ၄၅၁ |


## ၄-စတုတ္ထပဏ္ဏာသက=စတုတ္ထသုတ်ငါးဆယ်

## (၁၆) ၁-ပုဂ္ဂလဝဂ်


| | | |
|---|---|---|
| ၁-သေဝိတဗ္ဗသုတ် | .... .... .... .... .... .... | ၄၅၂ |
| ၂-၁၂-ဘဇိတဗ္ဗာဒိသုတ် | .... .... .... .... .... | ၄၅၂ |

http://www.dhammadownload.com



| ဦးရေ အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|

## (၁၇) ၂--ဇာဏုဿောဏိဝဂ်


| | |
|---|---|
| ၁-ဗြာဟ္မဏပစ္စောရောဟဏီသုတ် .... .... .... .... .... | ၄၅၃ |
| ၂-အရိယပစ္စောရောဟဏီသုတ် .... .... .... .... .... | ၄၅၅ |
| ၃-သင်္ဂါရဝသုတ် .... .... .... .... .... .... | ၄၅၅ |
| ၄-ဩရိမသုတ် .... .... .... .... .... .... | ၄၅၆ |
| ၅-ပဌမ အဓမ္မသုတ်.... .... .... .... .... .... | ၄၅၇ |
| ၆-ဒုတိယ အဓမ္မသုတ် .... .... .... .... .... | ၄၅၈ |
| ၇-တတိယ အဓမ္မသုတ် .... .... .... .... .... | ၄၆၃ |
| ၈-ကမ္မနိဒါနသုတ် .... .... .... .... .... .... | ၄၆၃ |
| ၉-ပရိက္ကမနသုတ် .... .... .... .... .... .... | ၄၆၄ |
| ၁၀-စုန္ဒသုတ် .... .... .... .... .... .... | ၄၆၅ |
| ၁၁-ဇာဏုဿောဏိသုတ် .... .... .... .... .... | ၄၆၉ |


## (၁၈) ၃--သာဓုဝဂ်


| | |
|---|---|
| ၁-သာဓုသုတ် .... .... .... .... .... .... | ၄၇၂ |
| ၂-အရိယဓမ္မသုတ် .... .... .... .... .... .... | ၄၇၂ |
| ၃ ကုသလသုတ် .... .... .... .... .... .... | ၄၇၃ |
| ၄-အတ္ထသုတ် .... .... .... .... .... .... | ၄၇၃ |
| ၅-ဓမ္မသုတ် .... .... .... .... .... .... | ၄၇၃ |
| ၆-အာသဝသုတ် .... .... .... .... .... .... | ၃၇၃ |
| ၇-ဝဇ္ဇသုတ် .... .... .... .... .... .... | ၄၇၄ |
| ၈-တပနီယသုတ် .... .... .... .... .... .... | ၄၇၄ |
| ၉-အာစယဂါမိသုတ် .... .... .... .... .... .... | ၄၇၄ |
| ၁၀-ဒုက္ခုဒြယသုတ် .... .... .... .... .... .... | ၄၇၅ |
| ၁၁-ဝိပါကသုတ် .... .... .... .... .... .... | ၄၇၅ |


## (၁၉) ၄--အရိယမဂ္ဂဝဂ်


| | |
|---|---|
| ၁-အရိယမဂ္ဂသုတ် .... .... .... .... .... .... | ၄၇၅ |
| ၂-ကဏှမဂ္ဂသုတ် .... .... .... .... .... .... | ၄၇၆ |
| ၃-သဒ္ဓမ္မသုတ် .... .... .... .... .... .... | ၄၇၆ |
| ၄-သပ္ပုရိသဓမ္မသုတ် .... .... .... .... .... .... | ၄၇၆ |
| ၅-ဥပ္ပါဒေတဗ္ဗဓမ္မသုတ် .... .... .... .... .... | ၄၇၆ |

http://www.dhammadownload.com



ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

## (၁၉) ၄-အရိယမဂ္ဂဝဂ်


| | | |
|---|---|---|
| ၆-ဗျာပါဒေတဗ္ဗဓမ္မသုတ် | .... .... .... .... .... | ၄၇၇ |
| ၇-အာသေဝိတဗ္ဗဓမ္မသုတ် | .... .... .... .... .... | ၄၇၇ |
| ၈-ဘာဝေတဗ္ဗဓမ္မသုတ် | .... .... .... .... .... | ၄၇၇ |
| ၉-ဗဟုလီကာတဗ္ဗသုတ် | .... .... .... .... .... | ၄၇၈ |
| ၁၀-အနုဿရိတဗ္ဗသုတ် | .... .... .... .... .... | ၄၇၈ |
| ၁၁-သစ္ဆိကာတဗ္ဗသုတ် | .... .... .... .... .... | ၄၇၈ |


## (၂၀) ၅-အပရပုဂ္ဂလဝဂ်


| | | |
|---|---|---|
| ၁-နသေဝိတဗ္ဗာဒိသုတ်များ | .... .... .... .... .... | ၄၇၈ |


## (၂၁) ၁-ကရဇကာယဝဂ်


| | | |
|---|---|---|
| ၁-ပဌမ နိရယသဂ္ဂသုတ် | .... .... .... .... .... | ၄၈၀ |
| ၂-ဒုတိယ နိရယသဂ္ဂသုတ် | .... .... .... .... .... | ၄၈၂ |
| ၃-မာတုဂါမသုတ် | .... .... .... .... .... .... | ၄၈၃ |
| ၄-ဥပါသိကာသုတ် | .... .... .... .... .... .... | ၄၈၄ |
| ၅-ဝိသာရဒသုတ် | .... .... .... .... .... .... | ၄၈၄ |
| ၆-သံသပ္ပနီယသုတ် | .... .... .... .... .... .... | ၄၈၄ |
| ၇-ပဌမ သဉ္စေတနိကသုတ် | .... .... .... .... .... | ၄၈၇ |
| ၈-ဒုတိယ သဉ္စေတနိကသုတ် | .... .... .... .... .... | ၄၉၁ |
| ၉-ကရဇကာယသုတ် | .... .... .... .... .... | ၄၉၃ |
| ၁၁-အဓမ္မစရိယသုတ် | .... .... .... .... .... | ၄၉၅ |
| (၂၂) ၂-သာမညဝဂ် | .... | ၄၉၆ |
| ၂၃- ရာဂပေယျာလ | | ၅၀၁ |

http://www.dhammadownload.com

အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်

# ဧကာဒသကနိပါတ် မာတိကာ

---

ဦးရေ    အကြောင်းအရာ    မျက်နှာအမှတ်

## ၁-နိဿယဝဂ်


| | | |
|---|---|---|
| ၁-ကိမတ္ထိယသုတ် | .... .... .... .... .... .... | ၅၀၃ |
| ၂-စေတနာကရဏီယသုတ် | .... .... .... .... .... | ၅၀၅ |
| ၃-ပဌမ ဥပနိသာသုတ် | ... .... .... .... .... | ၅၀၆ |
| ၄-ဒုတိယ ဥပနိသာသုတ် | .... .... .... .... .... | ၅၀၇ |
| ၅-တတိယ ဥပနိသာသုတ် | .... .... .... .... .... | ၅၀၈ |
| ၆-ဗျသနသုတ် | .... .... .... .... .... .... | ၅၀၉ |
| ၇-ပဌမ သညာသုတ် | .... .... .... .... .... | ၅၁၀ |
| ၈-မနသိကာရသုတ် | .... .... .... .... .... | ၅၁၂ |
| ၉-သဒ္ဓသုတ် | .... .... .... .... .... | ၅၁၄ |
| ၁၀-မောရနိဝါပသုတ် | .... .... .... .... .... | ၅၁၆ |


## ၂-အနုဿတိဝဂ်


| | | |
|---|---|---|
| ၁-ပဌမ မဟာနာမသုတ် | .... .... .... .... .... | ၅၁၈ |
| ၂-ဒုတိယ မဟာနာမသုတ် | .... .... .... .... .... | ၅၂၀ |
| ၃-နန္ဒိယသုတ် | .... .... .... .... .... | ၅၂၃ |
| ၄-သုဘူတိသုတ် | .... .... .... .... .... | ၅၂၅ |
| ၅-မေတ္တာသုတ် | .... .... .... .... .... .... | ၅၂၉ |
| ၆-အဋ္ဌကနာဂရသုတ် | .... .... .... .... .... | ၅၂၉ |
| ၇-ဂေါပါလသုတ် | .... .... .... .... .... .... | ၅၃၃ |
| ၈-ပဌမ သမာဓိသုတ်.... | .... .... .... .... .... | ၅၃၈ |
| ၉-ဒုတိယ သမာဓိသုတ် | .... .... .... .... .... | ၅၃၉ |
| ၁၀-တတိယ သမာဓိသုက် | .... .... .... .... .... | ၅၄၀ |
| ၁၁-စတုတ္ထ သမာဓိသုတ် | .... .... .... .... .... | ၅၄၁ |
| ၃-သာမညဝဂ် | .... .... | ၅၄၂ |
| ၄-ရာဂပေယျာလ | .... .... | ၅၄၄ |


မာတိကာ ပြီး၏။

http://www.dhammadownload.com

# ကြိုတင်သိမှတ်ရန် သင်္ကေတ လက္ခဏာများ

“ ” ဤကဲ့သို့ ကော်မာပြလျှင် ကော်မာအတွင်းရှိ စာပိုဒ်များမှာ ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောအခြင်းအရာ ‘အာကာရ’ ဟု သိမှတ်ရန်။

‘ ’ ဤကဲ့သို့ ကော်မာပြလျှင် ရှေ့ကကပ်လျက်ရှိသော ပုဒ်နှင့်အဓိပ္ပါယ်သဘောတူ ဟု သိမှတ်ရန်။

“ ‘ ’ ” ဤကဲ့သို့ ကော်မာနှစ်ထပ်ပြလျှင် ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောစကားအတွင်း၌ အခြားပြောဆိုပုံ စကားတရပ်ရှိနေသည် ဟု သိမှတ်ရန်။

( ) ဤကဲ့သို့ ဘရက်ကက် လက်သည်းကွင်းပြလျှင် ၎င်းအတွင်းရှိပုဒ်သည် မူရင်း ပါဠိတော်တွင် တိုက်ရိုက်မလာ၊ မြန်မာအသုံးအနှုန်းအရ ပြည့်စုံစေရန် ဖြည့်စွက်သောပုဒ် ဟု သိမှတ်ရန်။

—ဒက်ခေါ်သော မျဉ်းတိုကိုပြလျှင် စကားဝါကျမဆုံးသေး ဟု သိမှတ်ရန်။

[ ] ဤကဲ့သို့ ကွင်းခိုပ်ကိုပြလျှင် ၎င်းအတွင်းရှိစာများမှာ ရှေးနည်းတူ ဆက်လက်ပြုလုပ်ရန် (ဖော်ထုတ်ရွတ်ဆိုရန်) မှာထားသောစကားများဖြစ်သည် ဟု သိမှတ်ရန်။

၁-၂-ဤကဲ့သို့ စာသားအတွင်း၌ ဂဏန်းကိုပြလျှင် ၎င်းဂဏန်းရှေ့၌ ကပ်လျက်ရှိသော ပုဒ်၏ အဓိပ္ပါယ်ကို သိလွယ်စေရန် စာမျက်နှာအောက်ခြေတွင် မျဉ်းသားလျက် သီးခြား ဂဏန်းစဉ်အလိုက် ဖော်ပြထားသည် ဟု သိမှတ်ရန်။

http://www.dhammadownload.com

## အင်္ဂုတ္တရနိကာယ်

# အင်္ဂုတ္တိုရ်ပါဠိတော်

# မြန်မာပြန်

## အဋ္ဌကနိပါတ်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၁–ပဌမပဏ္ဏာသက

### ၁–ပဌမ သုတ်ငါးဆယ်

### ၁-မေတ္တာဝဂ် ၁-မေတ္တာသုတ်

၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏၊ ထိုရဟန်းတို့သည် "အသျှင်ဘုရား"ဟု မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏၊မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—ရဟန်းတို့(ဆန့်ကျင်ဖက်မှ) လွတ်မြောက်သော မေတ္တာစိတ်ကို မှီဝဲအပ် ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ် ယာဉ်ကဲ့သို့ ပြုအပ် တည်ရာကဲ့သို့ ပြုအပ် ရှေးရှုတည်စေအပ် လေ့လာအပ် ကောင်းစွာ အားထုတ်အပ်သည်ရှိသော် ရှစ်မျိုးသော အကျိုးတို့ကို (မချွတ်ရလိမ့်မည်ဟု) မျှော်လင့်အပ်ကုန်၏။

အဘယ်ရှစ်မျိုးတို့နည်း ဟူမူ— ချမ်းချမ်း သာသာ အိပ်ရ၏၊ ချမ်းချမ်း သာသာ နိုးရ၏၊ အိပ်မက်ဆိုးကို မမြင်မက်၊ လူတို့၏ချစ်မြတ်နိုးခြင်းကို ခံရ၏၊သားရဲ ဘီလူးတို့၏ ချစ်မြတ်နိုးခြင်းကို ခံရ၏၊နတ်တို့ စောင့်ရှောက်ကုန်၏၊ထို(မေတ္တာကို ပွါးများသော)သူအား မီး အဆိပ် လက်နက်တို့

http://www.dhammadownload.com



မဖွဲ့ မကျ မဖျက်ဆီးနိုင်၊ လွန်မြတ်သော (အရဟတ္တဖိုလ်) တရားကို ထိုးထွင်း၍ မသိနိုင်ခဲ့သော် ပြဟ္မာ့ပြည်သို့ လားရ၏။ ရဟန်းတို့ (ဆန့်ကျင်ဖက်မှ)လွတ်မြောက်သော မေတ္တာစိတ်ကို မှီဝဲအပ် ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ် ယာဉ်ကဲ့သို့ ပြုအပ် တည်ရာကဲ့သို့ ပြုအပ် ရှေးရှု တည်စေအပ် လေ့လာအပ်ကောင်းစွာ အားထုတ်အပ်သည်ရှိသော် ဤအကျိုး ရှစ်မျိုးတို့ကို (မချွတ် ရလိမ့်မည်ဟု)မြော်လင့် အပ်ကုန်၏ဟု (မိန့်တော်မူ၏)။

အကြင်သူသည် အဖန်ဖန် သတိရသည်ဖြစ်၍ အတိုင်းအရှည်မရှိသော မေတ္တာတရားကို ပွါးများ၏၊ ဥပဓိတရား၏ ကုန်ရာ မေတ္တာစျာန်ကို ရှုမြင်သော ထိုသူအား သံယောဇဉ်တို့သည် ခေါင်းပါးကုန်၏။

ဒေါသစိတ် မရှိမူ၍ သတ္တဝါ တဦးတယောက်ကိုသော်လည်း အကယ်၍ မေတ္တာပွါး ငြားအံ့၊ ထိုသို့ မေတ္တာပွါးခြင်းကြောင့် ကုသိုလ်တရားနှင့် ပြည့်စုံရ၏၊ သတ္တဝါအားလုံး တို့ကို စိတ်ဖြင့် သနားကြင်နာခြင်းရှိသော သူတော်သူမြတ်သည် များပြားသော ကုသိုလ် တရားကို ပြုသည်မည်၏။

အကြင်ရသေ့နှင့်တူသော မင်းတို့သည် သတ္တဝါအပေါင်းနှင့် ပြည့်နှက်နေသော မြေ အပြင်ကို(ဒဏ် လည်း မဖက် လက်နက်မဆောင်) အောင်နိုင်ကြကုန်၍ လှူဒါန်းပေးကမ်း ကုန်လျက် တိုင်းသူပြည်သားတို့ အိမ်တံခါးဖွင့်၍ နေနိုင်ကြောင်းဖြစ်သော ဆယ်ခိုင့်တခိုင် အခွန်တော်ကောက်ယူခြင်း 'သဿမေဓ'အမှုထမ်း အရာထမ်းတို့အား လခရိက္ခာပေးခြင်း 'ပုရိသမေဓ' ဆင်းရဲသားတို့အား ရင်းနှီးရန် ဥစ္စာထုတ်ပေးခြင်း 'သမ္မာပါသ' ချစ်နှစ်လို ဖွယ်သော စကားကို ပြောဆိုခြင်း'ဝါဇပေယျ' တည်းဟူသော သင်္ဂဟဝတ္ထု လေးခုတို့ဖြင့် ချီးမြှောက်ကာ အစဉ်လှည့်လည် နေကုန်၏။

(ထိုမင်းတို့၏) ထိုလှူဒါန်းပေးကမ်း ချီးမြှောက်မှုတို့သည် ကောင်းစွာ ပွါးများ အပ်သော မေတ္တာစိတ်၏ တဆယ့်ခြောက်စိတ် တစိတ်ကိုမျှလည်း မမှီနိုင်ကုန်၊ ဥပမာ သော်ကား အလုံးစုံသောကြယ်တာရာ အပေါင်းတို့၏ အရောင်သည် လ၏ အရောင်၏ တဆယ့်ခြောက်စိတ်တစိတ်ကိုမျှ မမှီနိုင်သကဲ့သို့တည်း။

အကြင်သူသည် သတ္တဝါအားလုံးတို့၌ မေတ္တာကို ပွါးများသည်ဖြစ်၍ တစုံတယောက် ကိုမျှမိမိကိုယ်တိုင်လည်း မသတ်ဖြတ် သူတပါးကိုလည်း မသတ်ဖြတ်စေ၊မိမိကိုယ်တိုင်လည်း အနိုင်မယူ သူတပါးကိုလည်း အနိုင်မယူစေ၊ ထိုသူအား တစုံတယောက်နှင့်မျှ ရန်မရှိနိုင်။

ပဥ္စမသုတ်။

---

## ၂-ပညာသုတ်

၂။ ရဟန်းတို့ ဤအကြောင်းရှစ်မျိုး အထောက်အပံ့ရှစ်မျိုးတို့သည် မြတ်သော အကျင့်၏ အစဦးဖြစ်သည့်ပညာကို မရသေးသော် ရရန် ရပြီးသော် လွန်စွာတိုးပွါးစေရန် စည်ပင်ပြန့်ပြော စေရန် ပွါးများစေရန် ထက်ဝန်းကျင် ပြည့်စုံစေရန် ဖြစ်ကုန်၏။

http://www.dhammadownload.com



အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ရဟန်းသည် ဤသာသနာတော်၌ ဆရာကိုဖြစ်စေ အလေးအမြတ်ပြုထိုက်သော သီတင်းသုံးဖော်တဦးဦးကိုဖြစ်စေ အမှီပြု၍ နေထိုင်၏၊ ထိုရဟန်းအား ယင်းသည့် အမှီပြုရာ ဆရာ သီတင်းသုံးဖော်တို့၌ အားကြီးစွာသော ရှက်ကြောက်မှုသည်၎င်း ချစ်မြတ်နိုးမှုသည်၎င်း ရိုသေလေးစားမှုသည်၎င်း ရှေးရှုတည်၏။ ရဟန်းတို့ ဤ အကြောင်း အထောက်အပံ့သည် မြတ်သော အကျင့်၏ အစဦးဖြစ်သည့်ပညာကို မရသေးသော်ရရန် ရပြီးသော် လွန်စွာတိုးပွါးစေရန် စည်ပင်ပြန့်ပြောစေရန် ပွါးများစေရန် ထက်ဝန်းကျင် ပြည့်စုံစေရန်ဖြစ်သော ပဌမအကြောင်း အထောက်အပံ့တည်း။

ထိုရဟန်းသည် ထိုဆရာကိုဖြစ်စေ အလေးအမြတ်ပြုထိုက် သာ သီတင်းသုံးဖော် တဦးဦးကို ဖြစ်စေ အမှီပြု၍ နေထိုင်စဉ် ထိုရဟန်းအား အကြင်ဆရာ သီတင်းသုံးဖော်တို့၌ အားကြီးစွာသော ရှက်ကြောက်မှုသည်၎င်း ချစ်မြတ်နိုးမှုသည်၎င်း ရိုသေလေးစားမှုသည်၎င်း ရှေးရှုတည်၏၊ထိုဆရာ သီတင်းသုံးဖော်တို့သို့ ရံဖန်ရံခါ ချဉ်းကပ်၍“အသျှင်ဘုရား ဤပါဠိကား အဘယ်သို့ သဘောရှိပါ သနည်း၊ ဤပါဠိ၏ အနက်ကား အဘယ်ပါနည်း”ဟု မေးမြန်း၏၊ ပြဿနာပြု၏၊ ထိုရဟန်းအား ထိုအသျှင်တို့သည် မဖွင့်ပြအပ်သေးသော အရာကိုလည်း ဖွင့်ပြကုန်၏၊ ပေါ်လွင် ထင်ရှားစွာ မပြု အပ်သေးသော အရာကိုလည်း ပေါ်လွင်ထင်ရှားအောင် ပြုပေးကုန်၏၊ များစွာကုန်သော ယုံမှား အပ်သော တရားတို့၌ ယုံမှားမှုကိုလည်း ပယ်ဖျောက်ပေးကုန်၏။ ရဟန်းတို့ ဤအကြောင်း အထောက်အပံ့သည် မြတ်သောအကျင့်၏ အစဦးဖြစ်သည့် ပညာကို မရသေးသော်ရရန် ရပြီးသော် လွန်စွာတိုးပွါးစေရန် စည်ပင် ပြန့်ပြောစေရန် ပွါးများစေရန် ထက်ဝန်းကျင် ပြည့်စုံစေရန်ဖြစ်သော ဒုတိယအကြောင်း အထောက်အပံ့တည်း။

ထိုရဟန်းသည် ထိုတရားတော်ကို ကြားနာရ၍ ကိုယ်ဖြင့် (အပေါင်းအဖော်မှ) ကင်းဝေးမှု စိတ်ဖြင့်(ကိလေသာမှ)ကင်းဝေးမှုဟူသော နှစ်ပါးစုံသော ကင်းဝေးမှုနှင့် ပြည့်စုံစေ၏။ ရဟန်းတို့ ဤအကြောင်း အထောက်အပံ့သည် မြတ်သောအကျင့်၏ အစဦးဖြစ်သည့် ပညာကို မရသေး သော်ရရန် ရပြီးသော် လွန်စွာတိုးပွါးစေရန် စည်ပင် ပြန့်ပြောစေရန် ပွါးများစေရန် ထက်ဝန်းကျင် ပြည့်စုံစေရန်ဖြစ်သော တတိယအကြောင်း အထောက်အပံ့တည်း။

သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်၍ နေထိုင်၏၊ အကျင့် ‘အာစာရ’ ကျက်စားရာ ‘ဂေါစရ’နှင့် ပြည့်စုံ၏၊ အနည်းငယ်မျှလောက်သော အပြစ်တို့၌ သော်လည်း ဘေးဟု ရှုလေ့ရှိသည်ဖြစ်၍ သိက္ခာပုဒ်တို့၌ ဆောက်တည်လျက် ကျင့်သုံး၏။ ရဟန်းတို့ ဤ အကြောင်းအထောက်အပံ့သည်မြတ်သောအကျင့်၏အစဦးဖြစ်သည့်ပညာကိုမရသေးသော်ရရန် ရပြီးသော် လွန်စွာတိုးပွါးစေရန် စည်ပင်ပြန့်ပြောစေရန် ပွါးများစေရန် ထက်ဝန်းကျင် ပြည့်စုံ စေရန်ဖြစ်သော စတုတ္ထအကြောင်း အထောက်အပံ့တည်း။

အကြားအမြင်များ၏၊ အကြားအမြင်ကို ဆောင်၏၊ အကြားအမြင်ကို ဆည်းပူး၏၊ အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိ၍ အနက်သဒ္ဒါနှင့် တကွဖြစ်သည့် ပြင် ထက်ဝန်းကျင် ပြည့်စုံလျက် ဖြူစင်သော မြတ်သောအကျင့်ကို ပြတတ်ကုန်သော တရားတို့ကို များစွာ ကြားနာဘူး၏၊ ဆောင်ထား၏၊ နှုတ်ဖြင့် လေ့ကျက်ထား၏၊ စိတ်ဖြင့် မှတ်သားထား၏၊ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိ၏။ ရဟန်းတို့ ဤအကြောင်း အထောက်အပံ့သည် မြတ်သော အကျင့်၏ အစဦးဖြစ်သည့် ပညာကို မရသေးသော်ရရန် ရပြီးသော် လွန်စွာတိုးပွါးစေရန်

http://www.dhammadownload.com



စည်ပင်ပြန့်ပြောစေရန် ပွါးများစေရန် ထက်ဝန်းကျင် ပြည့်စုံစေရန်ဖြစ်သော ပဥ္စမအကြောင်း အထောက်အပံ့တည်း။

အကုသိုလ်တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် ထက်သန်သော လုံ့လရှိလျက် နေ၏၊ အားအစွမ်းရှိ၏၊ ခိုင်မြဲသော လုံ့လရှိ၏၊ ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချထားခြင်းမရှိ။ ရဟန်းတို့ ဤအကြောင်း အထောက်အပံ့သည် မြတ်သောအကျင့်၏ အစဦးဖြစ်သည့် ပညာကို မရသေးသော်ရရန် ရပြီးသော် လွန်စွာတိုးပွါးစေရန် စည်ပင်ပြန့်ပြောစေရန် ပွါးများစေရန် ထက်ဝန်းကျင် ပြည့်စုံစေရန်ဖြစ်သော ဆဋ္ဌအကြောင်း အထောက်အပံ့တည်း။

သံဃာ့ဘောင်သို့ ရောက်သည်ရှိသော် အထူးထူးသော စကားကို ပြောဆိုမှု မရှိ၊ မဂ်ဖိုလ်မှ ဖီလာဖြစ်သော စကားကို ပြောဆိုမှု မရှိ၊ ကိုယ်တိုင်လည်း တရားဟောပြော၏၊ သူတပါးကိုလည်း တရားဟောပြောရန် တောင်းပန် တိုက်တွန်း၏၊ မြတ်သော ဆိတ်ဆိတ်နေမှုကိုလည်း မထေမဲ့မြင် မပြု။ ရဟန်းတို့ ဤအကြောင်းအထောက်အပံ့သည် မြတ်သောအကျင့်၏ အစဦးဖြစ်သည့် ပညာကို မရသေးသော်ရရန် ရပြီးသော် လွန်စွာတိုးပွါးစေရန် စည်ပင်ပြန့်ပြောစေရန် ပွါးများစေရန် ထက်ဝန်းကျင်ပြည့်စုံစေရန် ဖြစ်သော သတ္တမအကြောင်း အထောက်အပံ့တည်း။

"ဤကား ရုပ် ဤကား ရုပ်၏ ဖြစ်ကြောင်း ဤကား ရုပ်၏ ချုပ်ပျောက်မှုတည်း၊ ဤကား ဝေဒနာ ဤကား ဝေဒနာ၏ ဖြစ်ကြောင်း ဤကား ဝေဒနာ၏ ချုပ်ပျောက်မှုတည်း၊ ဤကား သညာ ဤကား သညာ၏ ဖြစ်ကြောင်း ဤကား သညာ၏ ချုပ်ပျောက်မှုတည်း၊ ဤကား သင်္ခါရ ဤကား သင်္ခါရ၏ ဖြစ်ကြောင်း ဤကား သင်္ခါရ၏ ချုပ်ပျောက်မှုတည်း၊ ဤကား ဝိညာဏ် ဤကား ဝိညာဏ်၏ ဖြစ်ကြောင်း ဤကား ဝိညာဏ်၏ ချုပ်ပျောက်မှုတည်း"ဟု ဥပါဒါနက္ခန္ဓာငါးပါးတို့၌ ဖြစ်မှု ပျက်မှုကို အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ ဤအကြောင်းအထောက်အပံ့သည် မြတ်သောအကျင့်၏ အစဦးဖြစ်သည့် ပညာကိုမရသေးသော်ရရန် ရပြီးသော် လွန်စွာတိုးပွါးစေရန် စည်ပင်ပြန့်ပြောစေရန် ပွါးများစေရန် ထက်ဝန်းကျင် ပြည့်စုံစေရန် ဖြစ်သော အဋ္ဌမအကြောင်း အထောက်အပံ့တည်း။

ထိုရဟန်းကို သီတင်းသုံးဖော်တို့က ဤသို့ ချီးကျူးကုန်၏၊ "ဤအသျှင်သည် ဆရာကိုဖြစ်စေ အလေးအမြတ်ပြုထိုက်သော သီတင်းသုံးဖော် တဦးဦးကိုဖြစ်စေ အမှီပြု၍ နေထိုင်၏၊ထိုအသျှင်အား ယင်းသည့် အမှီပြုရာ ဆရာ သီတင်းသုံးဖော်တို့၌ အားကြီးစွာသော ရှက်ကြောက်မှုသည်ရင်း ချစ်မြတ်နိုးမှုသည်ရင်း ရိုသေ လေးစားမှုသည်ရင်း ရှေးရှုတည်၏၊ မချွတ်ကေန် ဤအသျှင်သည် သိသင့်သော တရားကို သိ၍၊ မြင်သင့်သော တရားကို မြင်၏"ဟု (ချီးကျူးကုန်၏)။ ဤချီးကျူးခြင်း သဘောတရားသည်လည်း ချစ်မြတ်နိုးရန် လေးစားရန် နှလုံးကိုပွါးစေရန် ရဟန်းတရားကို ရရန် တပေါင်းတည်းဖြစ်ရန် ဖြစ်ပေ၏။ (၁)

ထိုအသျှင်သည် ဆရာကိုဖြစ်စေ အလေးအမြတ်ပြုထိုက်သော သီတင်းသုံးဖော် တဦးဦးကို ဖြစ်စေ အမှီပြု၍ နေထိုင်စဉ် ထိုအသျှင်အား အကြင် ဆရာ သီတင်းသုံးဖော်တို့၌ အားကြီးစွာသော ရှက်ကြောက်မှုသည်ရင်း ချစ်မြတ်နိုးမှုသည်ရင်း ရိုသေလေးစားမှုသည်ရင်း ရှေးရှုတည်၏၊ ထိုဆရာ သီတင်းသုံးဖော်တို့သို့ ရံဖန်ရံခါ ချဉ်းကပ်၍ "အသျှင်ဘုရား ဤပါဠိကား အဘယ်သို့ သဘောရှိပါသနည်း၊ ဤပါဠိ၏ အနက်ကား အဘယ်ပါနည်း"ဟု မေးမြန်း၏၊ ပြဿနာပြု၏၊ ထိုရဟန်းအား ထိုအသျှင်တို့သည် မဖွင့်ပြအပ်သေးသော အရာကိုလည်း ဖွင့်ပြကုန်၏၊ ပေါ်

http://www.dhammadownload.com



လွင်ထင်ရှားစွာ မပြုအပ်သေးသော အရာကိုလည်း ပေါ်လွင်ထင်ရှားအောင် ပြုပေးကုန်၏၊ များစွာကုန်သော ယုံမှားအပ်သော တရားတို့၌ ယုံမှားမှုကိုလည်း ပယ်ဖျောက်ပေးကုန်၏၊ မချွတ်ကေန် ဤအသျှင်သည် သိသင့်သော တရားကို သိ၍ မြင်သင့်သော တရားကို မြင်၏ဟု ချီးကျူးကုန်၏။ ဤချီးကျူးခြင်း သဘောတရားသည်လည်း ချစ်မြတ်နိုးရန် လေးစားရန် နှလုံးကိုပွါးစေရန် ရဟန်းတရားကို ရရန် တပေါင်းတည်းဖြစ်ရန် ဖြစ်ပေ၏။ (၂)

ထိုအသျှင်သည် ထိုတရားတော်ကို ကြားနာရ၍ ကိုယ်ဖြင့် (အပေါင်းအဖော်မှ) ကင်းဝေးမှု စိတ်ဖြင့် (ကိလေသာမှ) ကင်းဝေးမှုဟူသော နှစ်ပါးစုံသော ကင်းဝေးမှုနှင့် ပြည့်စုံစေ၏၊ မချွတ်ကေန် ဤအသျှင်သည် သိသင့်သော တရားကို သိ၍၊ မြင်သင့်သော တရားကို မြင်၏ဟု ချီးကျူးကုန်၏။ ဤချီးကျူးခြင်း သဘောတရားသည်လည်း ချစ်မြတ်နိုးရန် လေးစားရန် နှလုံးကိုပွါးစေရန် ရဟန်းတရားကို ရရန် တပေါင်းတည်းဖြစ်ရန် ဖြစ်ပေ၏။ (၃)

ဤအသျှင်သည် သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်၍ နေထိုင်၏၊ အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံ၏၊ အနည်းငယ်မျှလောက်သော အပြစ်တို့၌ သော်လည်း ဘေးဟု ရှုလေ့ရှိသည်ဖြစ်၍ သိက္ခာပုဒ်တို့၌ ဆောက်တည်လျက် ကျင့်သုံး၏၊ မချွတ်ကေန် ဤအသျှင်သည် သိသင့်သော တရားကို သိ၍၊ မြင်သင့်သော တရားကို မြင်၏ဟု ချီးကျူးကုန်၏။ ဤချီးကျူးခြင်း သဘောတရားသည်လည်း ချစ်မြတ်နိုးရန် လေးစားရန် နှလုံးကိုပွါးစေရန် ရဟန်းတရားကို ရရန် တပေါင်းတည်းဖြစ်ရန် ဖြစ်ပေ၏။ (၄)

ဤအသျှင်သည် အကြားအမြင်များ၏၊ အကြားအမြင်ကို ဆောင်၏၊ အကြားအမြင်ကို ဆည်းပူး၏၊ အစ၌ ကောင်းခြင်း အလယ်၌ ကောင်းခြင်း အဆုံး၌ ကောင်းခြင်းရှိ၍ အနက် သဒ္ဒါနှင့် တကွဖြစ်သည့်ပြင် ထက်ဝန်းကျင် ပြည့်စုံလျက် ဖြူစင်သော မြတ်သောအကျင့်ကို ပြတတ်ကုန်သော တရားတို့ကို များစွာ ကြားနာဘူး၏၊ ဆောင်ထား၏၊ နှုတ်ဖြင့် လေ့ကျက်ထား၏၊ စိတ်ဖြင့် မှတ်သားထား၏၊ ပညာဖြင့် ကောင်းစွာထိုးထွင်း၍ သိ၏၊ မချွတ်ကေန် ဤအသျှင်သည် သိသင့်သောတရားကို သိ၍ မြင်သင့်သော တရားကို မြင်၏ဟု ချီးကျူးကုန်၏။ ဤချီးကျူးခြင်း သဘောတရားသည်လည်း ချစ်မြတ်နိုးရန် လေးစားရန် နှလုံးကိုပွါးစေရန် ရဟန်းတရားကို ရရန် တပေါင်းတည်းဖြစ်ရန် ဖြစ်ပေ၏။ (၅)

ဤအသျှင်သည် အကုသိုလ်တရား တို့ကို ပယ်ရန် ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် ထက်သန်သော လုံ့လရှိလျက်နေ၏၊ အားအစွမ်းရှိ၏၊ ခိုင်မြဲသော လုံ့လရှိ၏၊ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချထားခြင်းမရှိ၊ မချွတ်ကေန် ဤအသျှင်သည် သိသင့်သော တရားကို သိ၍ မြင်သင့်သော တရားကို မြင်၏ဟု ချီးကျူးကုန်၏။ ဤချီးကျူးခြင်း သဘောတရားသည်လည်း ချစ်မြတ်နိုးရန် လေးစားရန် နှလုံးကိုပွါးစေရန် ရဟန်းတရားကို ရရန် တပေါင်းတည်းဖြစ်ရန် ဖြစ်ပေ၏။ (၆)

ဤအသျှင်သည် သံဃာ့ဘောင်သို့ ရောက်သည်ရှိသော် အထူးထူးသော စကားကို ပြောဆိုမှု မရှိ၊ မဂ်ဖိုလ်မှ ဖီလာဖြစ်သောစကားကို ပြောဆိုမှု မရှိ၊ ကိုယ်တိုင်လည်း တရားဟောပြော၏၊ သူတပါးကိုမူလည်း တရားဟောပြောရန် တောင်းပန် တိုက်တွန်း၏၊ မြတ်သော ဆိတ်ဆိတ်နေမှုကိုလည်း မထေမဲ့မြင် မပြု၊ မချွတ်ကေန် ဤအသျှင်သည် သိသင့်သော တရားကို သိ၍ မြင်သင့်သော တရားကို မြင်၏ဟု ချီးကျူးကုန်၏။ ဤချီးကျူးခြင်း သဘောတရားသည်လည်း ချစ်မြတ်နိုးရန် လေးစားရန် နှလုံးကိုပွါးစေရန် ရဟန်းတရားကို ရရန် တပေါင်းတည်းဖြစ်ရန် ဖြစ်ပေ၏။ (၇)

http://www.dhammadownload.com



ဤအသျှင်သည် "ဤကား ရုပ်၊ ဤကား ရုပ်၏ဖြစ်ကြောင်း၊ ဤကား ရုပ်၏ ချုပ်ပျောက်မှုတည်း၊ ဤကား ဝေဒနာ ဤကား ဝေဒနာ၏ ဖြစ်ကြောင်း ဤကား ဝေဒနာ၏ ချုပ်ပျောက်မှုတည်း၊ ဤကား သညာ ဤကား သညာ၏ ဖြစ်ကြောင်း ဤကား သညာ၏ ချုပ်ပျောက်မှုတည်း၊ ဤကား သင်္ခါရ ဤကား သင်္ခါရ၏ ဖြစ်ကြောင်း ဤကား သင်္ခါရ၏ ချုပ်ပျောက်မှုတည်း၊ ဤကား ဝိညာဏ် ဤကား ဝိညာဏ်၏ ဖြစ်ကြောင်း ဤကား ဝိညာဏ်၏ ချုပ်ပျောက်မှုတည်း"ဟု ဥပါဒါနက္ခန္ဓာငါးပါးတို့၌ဖြစ်မှု ပျက်မှုကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍ နေထိုင်၏၊ မချွတ်ကေန် ဤအသျှင်သည် သိသင့်သော တရားကို သိ၍ မြင်သင့်သော တရားကို မြင်၏ဟု ချီးကျူးကုန်၏။ ဤချီးကျူးခြင်း သဘောတရားသည်လည်း ချစ်မြတ်နိုးရန် လေးစားရန် နှလုံးကို ပွါးစေရန် ရဟန်းတရားကို ရရန် တပေါင်းတည်း ဖြစ်ရန် ဖြစ်ပေ၏။ (၈)

ရဟန်းတို့ ဤအကြောင်း ရှစ်မျိုး အထောက်အပံ့ ရှစ်မျိုးတို့သည် မြတ်သောအကျင့်၏ အစဦး ဖြစ်သည့် ပညာကို မရသေးသော်ရရန် ရပြီးသော် လွန်စွာတိုးပွါးစေရန် စည်ပင်ပြန့်ပြောစေရန် ပွါးများစေရန် ထက်ဝန်းကျင် ပြည့်စုံစေရန် ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ပဌမ အပ္ပိယသုတ်

၃။ ရဟန်းတို့ သဘောတရား ရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဖော်တို့ မချစ်အပ်သူလည်း ဖြစ်၏၊ မနှစ်သက်အပ်သူလည်း ဖြစ်၏၊ မလေးစားအပ်သူလည်း ဖြစ်၏၊ နှလုံးကို မပွါးစေတတ်သူလည်း ဖြစ်၏။

အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မချစ်ခင်ထိုက်သူကိုလည်း ချီးမွမ်းတတ်၏၊ ချစ်ခင်ထိုက်သူကိုလည်း ကဲ့ရဲ့တတ်၏၊ လာဘ်ကိုလည်း လိုလား၏၊ အရိုအသေပြုမှုကိုလည်း လိုလား၏၊ ရှက်လည်း မရှက်တတ်၊ ကြောက်လည်း မကြောက်တတ်၊ ယုတ်ညံ့သော အလိုလည်း ရှိ၏၊ မှားယွင်းသော အယူလည်း ရှိ၏။ ရဟန်းတို့ ဤတရားရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဖော်တို့ မချစ်အပ်သူလည်း ဖြစ်၏၊ မနှစ်သက်အပ်သူလည်း ဖြစ်၏၊ မလေးစားအပ်သူလည်း ဖြစ်၏၊ နှလုံးကို မပွါးစေတတ်သူလည်း ဖြစ်၏။

ရဟန်းတို့ တရားရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဖော်တို့ ချစ်အပ်သူလည်း ဖြစ်၏၊ နှစ်သက်အပ်သူလည်း ဖြစ်၏၊ လေးစားအပ်သူလည်း ဖြစ်၏၊ နှလုံးကို ပွါးစေတတ်သူလည်း ဖြစ်၏။

အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မချစ်ခင် ထိုက်သူကိုလည်း မချီးမွမ်းတတ်၊ ချစ်ခင်ထိုက်သူကိုလည်း မကဲ့ရဲ့တတ်၊ လာဘ်ကိုလည်း မလိုလား၊ အရိုအသေ ပြုမှုကိုလည်း မလိုလား၊ ရှက်လည်း ရှက်တတ်၏၊ ကြောက်လည်း ကြောက်တတ်၏၊ အလိုလည်း နည်း၏၊ မှန်ကန်သောအယူလည်း ရှိ၏။ ရဟန်းတို့ ဤ တရားရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဖော်တို့ ချစ်အပ်သူလည်း ဖြစ်၏၊ နှစ်သက်အပ်သူလည်း ဖြစ်၏၊ လေးစားအပ်သူလည်း ဖြစ်၏၊ နှလုံးကို ပွါးစေတတ်သူလည်း ဖြစ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

http://www.dhammadownload.com



## ၄-ဒုတိယ အပ္ပိယသုတ်

၄။ ရဟန်းတို့ တရားရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဖော်တို့ မချစ်အပ်သူလည်း ဖြစ်၏၊ မနှစ်သက်အပ်သူလည်း ဖြစ်၏၊ မလေးစားအပ်သူလည်း ဖြစ်၏၊ နှလုံးကို မပွါးစေတတ်သူလည်း ဖြစ်၏။

အဘယ် ရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် လာဘ်ကိုလည်း လိုလား၏၊ အရိုအသေပြုမှုကိုလည်း လိုလား၏၊ (မိမိကို သူတပါးတို့က) မထီမဲ့မြင် မပြုမှုကိုလည်း လိုလား၏၊ အခါကာလကိုလည်း မသိတတ်၊ အတိုင်းအရှည်ကိုလည်း မသိတတ်၊ စင်ကြယ်လည်း မစင်ကြယ်၊ စကားလည်း များ၏၊ သီတင်းသုံးဖော်တို့ကိုလည်း ဆဲရေး ကြိမ်းမောင်းတတ်၏။ ရဟန်းတို့ ဤ တရားရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဖော်တို့ မချစ်အပ်သူလည်း ဖြစ်၏၊ မနှစ်သက်အပ်သူလည်း ဖြစ်၏၊ မလေးစားအပ်သူသည်း ဖြစ်၏၊ နှလုံးကို မပွါးစေတတ်သူလည်း ဖြစ်၏။

ရဟန်းတို့ တရားရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သီတင်း သုံးဖော် တို့၏ ချစ်အပ်သူလည်း ဖြစ်၏၊ နှစ်သက်အပ်သူလည်း ဖြစ်၏၊ လေးစားအပ်သူလည်း ဖြစ်၏၊ နှလုံးကို ပွါးစေတတ်သူလည်း ဖြစ်၏။

အဘယ် ရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည် လာဘ်ကိုလည်း မလိုလား၊ အရိုအသေပြုမှုကိုလည်း မလိုလား၊ (မိမိကို သူတပါးတို့က) မထီမဲ့မြင် မပြုမှုကိုလည်း မလိုလား၊ အခါကာလကိုလည်း သိတတ်၏၊ အတိုင်းအရှည်ကိုလည်း သိတတ်၏၊ စင်ကြယ်လည်း စင်ကြယ်၏၊ စကားလည်း မများ၊ သီတင်းသုံးဖော်တို့ကိုလည်း မဆဲရေး မကြိမ်းမောင်းတတ်။ ရဟန်းတို့ ဤတရားရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဖော်တို့၏ ချစ်အပ်သူလည်း ဖြစ်၏၊ နှစ်သက်အပ်သူလည်း ဖြစ်၏၊လေးစားအပ်သူလည်း ဖြစ်၏၊ နှလုံးကို ပွါးစေတတ်သူလည်း ဖြစ်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ပဥ္စမ လောကဓမ္မသုတ်

၅။ ရဟန်းတို့ ဤလောကဓံတရား ရှစ်မျိုးတို့သည် လောကသို့ အစဉ်လိုက်ကုန်၏၊ လောကသည်လည်း ဤလောကဓံတရား ရှစ်မျိုးတို့သို့ အစဉ်လိုက်၏။

အဘယ် ရှစ်မျိုးတို့နည်း ဟူမူ—လာဘ်ရမှု, လာဘ်မရမှု, အခြံအရံရှိမှု, အခြံအရံမရှိမှု, ကဲ့ရဲ့မှု, ချီးမွမ်းမှု, ချမ်းသာမှု, ဆင်းရဲမှုတို့တည်း။ ရဟန်းတို့ ဤ လောကဓံတရားရှစ်မျိုးတို့သည် လောကသို့ အစဉ်လိုက်ကုန်၏၊ လောကသည်လည်း ဤ လောကဓံတရားရှစ်မျိုးတို့သို့ အစဉ်လိုက်၏ ဟု (မိန့်တော်မူ၏)။

လာဘ်ရမှုသည်ရှင်း လာဘ်မရမှုသည်ရှင်း အခြံအရံရှိမှုသည်ရှင်း အခြံအရံမရှိမှုသည်
ရှင်း ကဲ့ရဲ့မှုသည်ရှင်း ချီးမွမ်းမှုသည်ရှင်း ချမ်းသာမှုသည်ရှင်း ဆင်းရဲမှုသည်ရှင်း ဤ

http://www.dhammadownload.com



သဘောတရားတို့သည် လူတို့၌ အမြဲ မရှိကုန်၊အတည်မရှိကုန်၊ဖောက်ပြန် ပြောင်းလဲတတ်သော သဘောရှိကုန်၏။

သတိနှင့် ပြည့်စုံသော ပညာရှိသည် ထိုတရားတို့ကို သိ၍ ဖောက်ပြန်တတ်သော တရားတို့ကို ဉာဏ်ဖြင့် ရှုဆင်ခြင်၏၊ ထိုသို့သော ပညာရှိ၏ စိတ်ကို အလိုရှိအပ်သော လောကဓံတရားတို့သည်လည်း မချောက်ချားနိုင်ကုန်၊အလိုမရှိအပ်သော လောကဓံတရားတို့ကြောင့်လည်း စိတ်ထိခိုက် ပင်ပန်းခြင်းသို့ မရောက်နိုင်ပေ။

ထိုသူအား စိတ်နှင့်လျော်သော လောကဓံတရားတို့သည်၎င်း စိတ်နှင့် ဆန့်ကျင်သော လောကဓံတရားတို့သည်၎င်း ပျက်စီးပြီး ချုပ်ပျောက်ပြီးဖြစ်၍ မရှိကုန်၊ဘဝ၏ တဖက်ကမ်းသို့ ရောက်သောသူသည် ကိလေသာ မြူကင်း၍ စိုးရိမ်မှုမရှိသော နိဗ္ဗာန်ကို သိလျက် ဘဝ၏ တဖက်ကမ်းသို့ ရောက်သည်၏ အဖြစ်ကို ကောင်းစွာ သိနိုင်ပေ၏။

**ပဌမသုတ်။**

---

## ၆-ဒုတိယ လောကဓမ္မသုတ်

၆။ ရဟန်းတို့ ဤလောကဓံတရားရှစ်မျိုးတို့သည် လောကသို့ အစဉ် လိုက်ကုန်၏၊ လောကသည်လည်း ဤလောကဓံတရားရှစ်မျိုးတို့သို့ အစဉ်လိုက်၏။

အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—လာဘ်ရမှု, လာဘ်မရမှု, အခြံအရံရှိမှု, အခြံအရံမရှိမှု, ကဲ့ရဲ့မှု, ချီးမွမ်းမှု, ချမ်းသာမှု, ဆင်းရဲမှု တို့တည်း။ ရဟန်းတို့ ဤ လောကဓံ တရား ရှစ်မျိုးတို့သည် လောကသို့ အစဉ်လိုက်ကုန်၏၊ လောကသည်လည်း ဤလောကဓံ တရားရှစ်မျိုးတို့သို့ အစဉ်လိုက်၏။

ရဟန်းတို့ အကြား အမြင်မရှိသော ပုထုဇဉ်အား လာဘ်ရမှုသည်၎င်း လာဘ်မရမှုသည်၎င်း အခြံအရံရှိမှုသည်၎င်း အခြံအရံမရှိမှုသည်၎င်း ကဲ့ရဲ့မှုသည်၎င်း ချီးမွမ်းမှုသည်၎င်း ချမ်းသာမှုသည်၎င်း ဆင်းရဲမှုသည်၎င်း ဖြစ်၏။ ရဟန်းတို့ အကြားအမြင်ရှိသော အရိယာတပည့်အားလည်း လာဘ်ရမှုသည်၎င်း လာဘ်မရမှုသည်၎င်း အခြံအရံရှိမှုသည်၎င်း အခြံအရံမရှိမှုသည်၎င်း ကဲ့ရဲ့မှုသည်၎င်း ချီးမွမ်းမှုသည်၎င်း ချမ်းသာမှုသည်၎င်း ဆင်းရဲမှုသည်၎င်း ဖြစ်၏။ ရဟန်းတို့ ထိုသို့ဖြစ်ရာ၌ အကြားအမြင်ရှိသော အရိယာတပည့်၏ အကြားအမြင်မရှိသော ပုထုဇဉ်နှင့် အဘယ်သို့ ထူးသနည်း၊ အဘယ်သို့ အားထုတ်မှု လွန်ကဲသနည်း၊ အဘယ်သို့ ပြုမှုပုံထူးသနည်း ဟု (မေးတော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်တို့အား တရားတော်သည် မြတ်စွာဘုရားလျှင် အရင်းခံ ရှိပါကုန်၏၊ မြတ်စွာဘုရားလျှင် ရှေ့ဆောင်ညွှန်ပြသူ ရှိပါကုန်၏၊ မြတ်စွာဘုရားလျှင် မှီခိုရာ ရှိပါကုန်၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ ဟောတော်မူအပ်သော ထိုစကားတော်၏ အနက်အဓိပ္ပါယ်ကို မြတ်စွာဘုရားသည်သာလျှင် ဟောကြားတော်မူပါလော့၊ မြတ်စွာဘုရား၏ ဟောကြားတော်မူချက်ကို နာကြားကြရသည်ရှိသော် ရဟန်းတို့သည် ဆောင်ရွက် မှတ်သားကြပါလိမ့်မည်ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ရဟန်းတို့ သို့ဖြစ်လျှင် နာကြားကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောပေအံ့ဟု (မိန့်တော်မူ၏)၊ "အသျှင်ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤတရားကို ဟောကြားတော်မူ၏—

ရဟန်းတို့ အကြား အမြင်မရှိသော ပုထုဇဉ်အား လာဘ်ရမှုသည် ဖြစ်၏၊ ထိုပုထုဇဉ်သည် "ငါ့အား လာဘ်ရမှုသည် ဖြစ်ခဲ့ပြီ၊ ထိုလာဘ်ရမှုသည်ကား အမြဲမရှိ ဆင်းရဲ၏၊ ဖောက်ပြန် တတ်သော သဘောရှိ၏"ဟု မဆင်ခြင်၊ ဟုတ်တိုင်းမှန်စွာ မသိ။ လာဘ်မရမှုသည် ဖြစ်၏။ပ။ အခြံအရံ ရှိမှုသည် ဖြစ်၏။ အခြံအရံ မရှိမှုသည်ဖြစ်၏။ ကဲ့ရဲ့မှုသည်ဖြစ်၏။ ချီးမွမ်းမှုသည် ဖြစ်၏။ ချမ်းသာမှုသည်ဖြစ်၏။ ဆင်းရဲမှုသည်ဖြစ်၏။ ထိုပုထုဇဉ်သည် "ငါ့အား ဆင်းရဲမှုသည် ဖြစ်ခဲ့ပြီ၊ ထိုဆင်းရဲမှုသည်ကား အမြဲမရှိ၊ ဆင်းရဲ၏၊ ဖောက်ပြန်တတ်သော သဘောရှိ၏"ဟု ဟုတ်တိုင်းမှန်စွာ မသိ။

ထိုပုထုဇဉ်အား လာဘ်ရမှုသည်လည်း စိတ်ကို သိမ်းကျုံး၍ တည်၏၊ လာဘ်မရမှုသည်လည်း စိတ်ကို သိမ်းကျုံး၍ တည်၏၊ အခြံအရံ အကျော်အစော ရှိမှုသည်လည်း စိတ်ကို သိမ်းကျုံး၍ တည်၏၊ အခြံအရံ မရှိမှုသည်လည်း စိတ်ကို သိမ်းကျုံး၍ တည်၏၊ ကဲ့ရဲ့မှုသည်လည်း စိတ်ကို သိမ်းကျုံး၍ တည်၏၊ ချီးမွမ်းမှုသည်လည်း စိတ်ကို သိမ်းကျုံး၍ တည်၏၊ ချမ်းသာမှုသည်လည်း စိတ်ကို သိမ်းကျုံး၍ တည်၏၊ ဆင်းရဲမှုသည်လည်း စိတ်ကို သိမ်းကျုံး၍ တည်၏၊ ထိုပုထုဇဉ်သည် လာဘ်ရမှု ဖြစ်သည်ရှိသော် ဝမ်းမြောက်၏၊ လာဘ်မရမှု ဖြစ်သည်ရှိသော် ဝမ်းနည်း၏၊ အခြံအရံ ရှိမှု ဖြစ်သည်ရှိသော် ဝမ်းမြောက်၏၊ အခြံအရံမရှိမှု ဖြစ်သည်ရှိသော် ဝမ်းနည်း၏၊ ချီးမွမ်းမှု ဖြစ်သည်ရှိသော် ဝမ်းမြောက်၏၊ ကဲ့ရဲ့မှုဖြစ်သည်ရှိသော် ဝမ်းနည်း၏၊ ချမ်းသာမှု ဖြစ်သည်ရှိသော် ဝမ်းမြောက်၏၊ ဆင်းရဲမှု ဖြစ်သည်ရှိသော် ဝမ်းနည်း၏၊ ထိုပုထုဇဉ်သည် ဤသို့ ဝမ်းမြောက်မှု ဝမ်းနည်းမှုသို့ ရောက်သည် ဖြစ်၍ ပဋိသန္ဓေ နေခြင်း အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့မှ မလွတ်နိုင်၊ ဆင်းရဲအပေါင်းမှ မလွတ်နိုင်ဟု ငါဆို၏။

ရဟန်းတို့ အကြားအမြင်ရှိသော အရိယာတပည့်အားလည်း လာဘ်ရမှုသည် ဖြစ်၏၊ ထို အရိယာတပည့်သည် "ငါ့အား ဤလာဘ်ရမှုသည် ဖြစ်ခဲ့ပြီ၊ ထိုလာဘ်ရမှုသည်ကား အမြဲမရှိ၊ ဆင်းရဲ၏၊ ဖောက်ပြန်တတ်သော သဘောရှိ၏"ဟု ဆင်ခြင်၏၊ ဟုတ်တိုင်းမှန်စွာ သိ၏။ လာဘ်မရမှုသည် ဖြစ်၏။ပ။ အခြံအရံ ရှိမှုသည် ဖြစ်၏။ အခြံအရံ မရှိမှုသည် ဖြစ်၏။ ကဲ့ရဲ့မှုသည် ဖြစ်၏။ ချီးမွမ်းမှုသည် ဖြစ်၏။ ချမ်းသာမှုသည် ဖြစ်၏။ ဆင်းရဲမှုသည် ဖြစ်၏။ ထိုအရိယာတပည့်သည် "ငါ့အား ဤဆင်းရဲမှုသည် ဖြစ်ခဲ့ပြီ၊ ထိုဆင်းရဲမှုသည်ကား အမြဲမရှိ၊ ဆင်းရဲ၏၊ ဖောက်ပြန်တတ်သော သဘောရှိ၏"ဟု ဆင်ခြင်၏၊ ဟုတ်တိုင်းမှန်စွာ သိ၏။

ထိုအရိယာတပည့်အား လာဘ်ရမှုသည်လည်း စိတ်ကို သိမ်းကျုံး၍ မတည်နိုင်၊ လာဘ်မရမှုသည်လည်း စိတ်ကို သိမ်းကျုံး၍ မတည်နိုင်၊ အခြံအရံ ရှိမှုသည်လည်း စိတ်ကို သိမ်းကျုံး၍ မတည်နိုင်၊ အခြံအရံ မရှိမှုသည်လည်း စိတ်ကို သိမ်းကျုံး၍ မတည်နိုင်၊ ကဲ့ရဲ့မှုသည်လည်း စိတ်ကို သိမ်းကျုံး၍ မတည်နိုင်၊ ချီးမွမ်းမှုသည်လည်း စိတ်ကို သိမ်းကျုံး၍ မတည်နိုင်၊ ချမ်းသာမှုသည်လည်း စိတ်ကို သိမ်းကျုံး၍ မတည်နိုင်၊ ဆင်းရဲမှုသည်လည်း စိတ်ကို သိမ်းကျုံး၍ မတည်နိုင်၊ ထိုအရိယာတပည့်သည် လာဘ်ရမှု ဖြစ်သည်ရှိသော် ဝမ်းမမြောက်၊ လာဘ်မရမှု ဖြစ်သည်ရှိသော် ဝမ်းမနည်း၊ အခြံအရံရှိမှု ဖြစ်သည်ရှိသော် ဝမ်းမမြောက်၊ အခြံအရံမရှိမှု ဖြစ်သည်ရှိသော် ဝမ်းမနည်း၊ ချီးမွမ်းမှု

http://www.dhammadownload.com



ဖြစ်သည်ရှိသော် ဝမ်းမမြောက်၊ ကဲ့ရဲ့မှု ဖြစ်သည်ရှိသော် ဝမ်းမနည်း၊ ချမ်းသာမှု ဖြစ်သည်ရှိသော် ဝမ်းမမြောက်၊ ဆင်းရဲမှု ဖြစ်သည်ရှိသော် ဝမ်းမနည်း၊ ထိုအရိယာတပည့်သည် ဤသို့ နှစ်သက်မှု ဝမ်းနည်းမှုကို ပယ်နိုင်သည်ဖြစ်၍ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့မှ လွတ်မြောက်၏၊ ဆင်းရဲအပေါင်းမှ လွတ်မြောက်၏ဟု ငါဆို၏။ ရဟန်းတို့ ဤသည်လျှင် အကြားအမြင်ရှိသော အရိယာတပည့်၏ အကြားအမြင် မရှိသော ပုထုဇဉ်နှင့် ထူးသော အကြောင်းတည်း၊ လွန်ကဲသော အားထုတ်မှုတည်း၊ ထူးသော ပြုမှုပုံတည်းဟု (မိန့်တော်မူ၏)။

လာဘ်ရမှုသည်ငှင်း လာဘ်မရမှုသည်ငှင်း အခြံအရံ ရှိမှုသည်ငှင်း အခြံအရံ မရှိမှုသည်ငှင်း ကဲ့ရဲ့မှုသည်ငှင်း ချီးမွမ်းမှုသည်ငှင်း ချမ်းသာမှုသည်ငှင်း ဆင်းရဲမှုသည်ငှင်း ဤသဘောတရားတို့သည် လူတို့၌ အမြဲမရှိကုန်၊ အတည်မရှိကုန်၊ ဖောက်ပြန် ပြောင်းလဲတတ်သော သဘောရှိကုန်၏။

သတိနှင့် ပြည့်စုံသော ပညာရှိသည် ထိုတရားတို့ကို သိ၍ ဖောက်ပြန်တတ်သော တရားတို့ကို (ဉာဏ်ဖြင့်)ရှုဆင်ခြင်၏၊ ထိုသို့သော ပညာရှိ၏ စိတ်ကို အလိုရှိအပ်သော လောကဓံတရားတို့သည်လည်း မချောက်ချားနိုင်ကုန်၊ အလိုမရှိအပ်သော လောကဓံတရားတို့ကြောင့်လည်း စိတ် ထိခိုက် ပင်ပန်းခြင်းသို့ မရောက်နိုင်ပေ။

ထိုသူအား စိတ်နှင့်လျော်သော လောကဓံတရားတို့သည်ငှင်း စိတ်နှင့် ဆန့်ကျင်သော လောကဓံတရားတို့သည်ငှင်း ပျက်စီးပြီး ချုပ်ပျောက်ပြီး ဖြစ်၍ မရှိကုန်၊ ဘဝ၏ တဖက်ကမ်းသို့ ရောက်သောသူသည် ကိလေသာ မြူကင်း၍ စိုးရိမ်မှုမရှိသော နိဗ္ဗာန်ကို သိလျက် ဘဝ၏ တဖက်ကမ်းသို့ ရောက်သည်၏ အဖြစ်ကို ကောင်းစွာ သိနိုင်ပေ၏။

ဆဋ္ဌသုတ်။

---

## ၇-ဒေဝဒတ္တဝိပတ္တိသုတ်

၇။ အခါတပါး၌ မြတ်စွာဘုရားသည် ဒေဝဒတ် သင်းခွဲ ထွက်သွား၍ မကြာမြင့်မီ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ဒေဝဒတ်ကို အကြောင်းပြု၍ ရဟန်းတို့ကို မိန့်တော်မူ၏၊ ရဟန်းတို့ ရဟန်းသည် ရံဖန် ရံခါ မိမိ၏ ပျက်စီးမှုကို ဆင်ခြင်မှု ကောင်း၏၊ ရဟန်းတို့ ရဟန်းသည် ရံဖန် ရံခါ သူတပါး၏ ပျက်စီးမှုကို ဆင်ခြင်မှု ကောင်း၏၊ ရဟန်းတို့ ရဟန်းသည် ရံဖန် ရံခါ မိမိ၏ ပြည့်စုံမှုကို ဆင်ခြင်မှု ကောင်း၏၊ ရဟန်းတို့ ရဟန်းသည် ရံဖန် ရခါ သူတပါး၏ ပြည့်စုံမှုကို ဆင်ခြင်မှု ကောင်း၏၊ ရဟန်းတို့ မသူတော်တရား ရှစ်မျိုးတို့ နှိပ်စက် လွှမ်းမိုး၍ ထက်ဝန်းကျင် သိမ်းယူအပ်သော စိတ်ရှိသော ဒေဝဒတ်သည် အပါယ်သို့ ကျရမည့်သူတည်း၊ ငရဲ၌ ကျက်ရမည့်သူတည်း၊ အာယုကပ်ပတ်လုံး တည်ရမည့်သူတည်း၊ ကုစားခြင်းငှါ မတတ်ကောင်းသူတည်း။

အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ လာဘ်ရမှု နှိပ်စက်လွှမ်းမိုး၍ ထက်ဝန်းကျင် သိမ်းယူအပ်သော စိတ်ရှိသော ဒေဝဒတ်သည် အပါယ်သို့ ကျရမည့်သူတည်း၊ ငရဲ၌ ကျက်ရမည့်သူတည်း၊

http://www.dhammadownload.com



အာယုကပ်ပတ်လုံး တည်ရမည့်သူတည်း၊ ကုစားခြင်းငှါ မတတ်ကောင်းသူတည်း။ ရဟန်းတို့ လာဘ်မရမှုသည်။ပ။ ရဟန်းတို့ အခြံအရံ ရှိမှု။ ရဟန်းတို့ အခြံအရံ မရှိမှု။ ရဟန်းတို့ အရိုအသေ ပြုမှု။ ရဟန်းတို့ အရိုအသေ မပြုမှု။ ရဟန်းတို့ ယုတ်ညံ့သော အလို။ ရဟန်းတို့ ယုတ်မာသော အဆွေခင်ပွန်း ရှိမှု နှိပ်စက်လွှမ်းမိုး၍ ထက်ဝန်းကျင် သိမ်းယူအပ်သော စိတ်ရှိသော ဒေဝဒတ်သည် အပါယ်သို့ ကျရမည့်သူတည်း၊ ငရဲ၌ ကျက်ရမည့်သူတည်း၊ အာယုကပ်ပတ်လုံး တည်ရမည့်သူ တည်း၊ ကုစားခြင်းငှါ မတတ်ကောင်းသူတည်း။ ရဟန်းတို့ ဤမသူတော် တရားရှစ်မျိုးတို့ နှိပ်စက် လွှမ်းမိုး၍ ထက်ဝန်းကျင် သိမ်းယူအပ်သော စိတ်ရှိသော ဒေဝဒတ်သည် အပါယ်သို့ ကျရမည့်သူ တည်း၊ ငရဲ၌ ကျက်ရမည့်သူတည်း၊ အာယုကပ်ပတ်လုံး တည်ရမည့်သူတည်း၊ ကုစားခြင်းငှါ မတတ်ကောင်းသူတည်း။

ရဟန်းတို့ ရဟန်းသည် ဖြစ်ပေါ်လာသော လာဘ်ရမှုကို နှိပ်နင်း၍ နှိပ်နင်း၍ နေထိုင်မှုကား ကောင်း၏။ ဖြစ်ပေါ်လာသော လာဘ်မရမှုကို။ပ။ ဖြစ်ပေါ်လာသော အခြံအရံရှိမှုကို။ ဖြစ်ပေါ် လာသော အခြံအရံမရှိမှုကို။ ဖြစ်ပေါ်လာသော အရိုအသေပြုမှုကို။ ဖြစ်ပေါ်လာသော အရိုအသေ မပြုမှုကို။ ဖြစ်ပေါ်လာသော ယုတ်ညံ့သော အလိုကို။ ဖြစ်ပေါ်လာသော ယုတ်မာသော အဆွေ ခင်းပွန်းရှိမှုကို နှိပ်နင်း၍ နှိပ်နင်း၍ နေထိုင်မှုကား ကောင်း၏။

ရဟန်းတို့ အဘယ်သို့သော အကျိုးထူးကို စွဲ၍ ရဟန်းသည် ဖြစ်ပေါ်လာသော လာဘ်ရမှုကို နှိပ်နင်း၍ နှိပ်နင်း၍ နေရာသနည်း။ ဖြစ်ပေါ်လာသော လာဘ်မရမှုကို။ပ။ ဖြစ်ပေါ်လာသော အခြံအရံရှိမှုကို။ ဖြစ်ပေါ်လာသော အခြံအရံ မရှိမှုကို။ ဖြစ်ပေါ်လာသော အရိုအသေပြုမှုကို။ ဖြစ်ပေါ်လာသော အရိုအသေ မပြုမှုကို။ ဖြစ်ပေါ်လာသော ယုတ်ညံ့သော အလိုကို။ ဖြစ်ပေါ် လာသော ယုတ်မာသော အဆွေခင်ပွန်းရှိမှုကို နှိပ်နင်း၍ နှိပ်နင်း၍ နေရာသနည်း။

ရဟန်းတို့ ယင်း ဖြစ်ပေါ်လာသော လာဘ်ရမှုကို မနှိပ်နင်းမူ၍ နေသော ထိုရဟန်းအား အာသဝေါတရားနှင့် ပင်ပန်းကြောင်း (ကိလေသာ) အပူမီးတို့သည် ဖြစ်ကုန်ရာ၏၊ ဖြစ်ပေါ် လာသော လာဘ်ရမှုကို နှိပ်နင်း၍ နေသော ထိုရဟန်းအား ဤအကြောင်းဖြင့် အာသဝေါတရား နှင့် ပင်ပန်းကြောင်း (ကိလေသာ) အပူမီးတို့သည် မဖြစ်ကုန်၊ ရဟန်းတို့ ယင်း ဖြစ်ပေါ်လာသော လာဘ်မရမှုကို။ပ။ ဖြစ်ပေါ်လာသော အခြံအရံရှိမှုကို။ ဖြစ်ပေါ်လာသော အခြံအရံ မရှိမှုကို။ ဖြစ်ပေါ်လာသော အရိုအသေပြုမှုကို။ ဖြစ်ပေါ်လာသော အရိုအသေ မပြုမှုကို။ ဖြစ်ပေါ်လာသော ယုတ်ညံ့သော အလိုကို။ ယင်းဖြစ်ပေါ်လာသော ယုတ်မာသော အဆွေခင်ပွန်းရှိမှုကို မနှိပ်နင်းမူ၍ နေသော ထိုရဟန်းအား အာသဝေါတရားနှင့် ပင်ပန်းကြောင်း (ကိလေသာ) အပူမီးတို့သည် ဖြစ်ကုန်ရာ၏၊ ဖြစ်ပေါ်လာသော ယုတ်မာသော အဆွေခင်ပွန်းရှိမှုကို နှိပ်နင်း၍ နေသော ထိုရဟန်းအား ဤအကြောင်းဖြင့် အာသဝေါတရားနှင့် ပင်ပန်းကြောင်း (ကိလေသာ) အပူမီး တို့သည် မဖြစ်ကုန်။ ရဟန်းတို့ ဤအကျိုးထူးကိုစွဲ၍ ရဟန်းသည် ဖြစ်ပေါ်လာသော လာဘ်ရမှုကို နှိပ်နင်း၍ နှိပ်နင်း၍ နေရာ၏။ ဖြစ်ပေါ်လာသော လာဘ် မရမှုကို။ပ။ ဖြစ်ပေါ်လာသော အခြံ အရံ ရှိမှုကို။ ဖြစ်ပေါ်လာသော အခြံအရံ မရှိမှုကို။ ဖြစ်ပေါ်လာသော အရိုအသေ ပြုမှုကို။ ဖြစ်ပေါ်လာသော အရိုအသေ မပြုမှုကို။ ဖြစ်ပေါ်လာသော ယုတ်ညံ့သော အလိုကို။ ဖြစ်ပေါ် လာသော ယုတ်မာသော အဆွေခင်ပွန်းရှိမှုကို နှိပ်နင်း၍ နှိပ်နင်း၍ နေရာ၏။

http://www.dhammadownload.com



ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဖြစ်ပေါ်လာသော လာဘ်ရမှုကို နှိပ်နင်း၍ နှိပ်နင်း၍ ငါတို့နေကြကုန်အံ့၊ ဖြစ်ပေါ်လာသော လာဘ်မရမှုကို။ပ။ ဖြစ်ပေါ်လာသော အခြံအရံ ရှိမှုကို။ ဖြစ်ပေါ်လာသော အခြံအရံ မရှိမှုကို။ ဖြစ်ပေါ်လာသော အရိုအသေပြုမှုကို။ ဖြစ်ပေါ်လာသော အရိုအသေမပြုမှုကို။ ဖြစ်ပေါ်လာသော ယုတ်ညံ့သော အလိုကို။ ဖြစ်ပေါ်လာသော ယုတ်မာသော အဆွေခင်ပွန်းရှိမှုကို နှိပ်နင်း၍ နှိပ်နင်း၍ ငါတို့ နေကြကုန်အံ့" ဟု ဤသို့ ကျင့်ရမည်။ ရဟန်းတို့ ဤသို့လျှင် သင်တို့သည် ကျင့်အပ်ကုန်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ဥတ္တရဝိပတ္တိသုတ်

၈။ အခါတပါး၌ အသျှင်ဥတ္တရသည် မဟိသဝတ္ထုအရပ် သင်္ခေယျကတောင် ဝဋဇာလိက ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသျှင်ဥတ္တရသည် ရဟန်းတို့ကို— "ငါ့သျှင်တို့ ရဟန်းသည် ရံဖန် ရံခါ မိမိ၏ ပျက်စီးမှုကို ဆင်ခြင်မှု ကောင်း၏၊ ငါ့သျှင်တို့ ရဟန်းသည် ရံဖန် ရံခါ သူတပါး၏ ပျက်စီးမှုကို ဆင်ခြင်မှု ကောင်း၏၊ ငါ့သျှင်တို့ ရဟန်းသည် ရံဖန် ရံခါ မိမိ၏ ပြည့်စုံမှုကို ဆင်ခြင်မှု ကောင်း၏၊ ငါ့သျှင်တို့ ရဟန်းသည် ရံဖန် ရံခါ သူတပါး၏ ပြည့်စုံမှုကို ဆင်ခြင်မှု ကောင်း၏"ဟု မိန့်ကြား၏။

ထိုအခါ ဝေဿဝဏ်နတ်မင်းကြီးသည် မြောက်အရပ်မှ တောင်အရပ်သို့ တစုံတခုသော ပြုဖွယ်ကိစ္စဖြင့် သွားလေ၏၊ ဝေဿဝဏ်နတ်မင်းကြီးသည် မဟိသဝတ္ထုအရပ် သင်္ခေယျကတောင် ဝဋဇာလိက ကျောင်း၌ ရဟန်းတို့အား— "ငါ့သျှင်တို့ ရဟန်းသည် ရံဖန် ရံခါ မိမိ၏ ပျက်စီးမှုကို ဆင်ခြင်မှု ကောင်း၏၊ ငါ့သျှင်တို့ ရဟန်းသည် ရံဖန် ရံခါ သူတပါး၏ ပျက်စီးမှုကို ဆင်ခြင်မှု ကောင်း၏၊ ငါ့သျှင်တို့ ရဟန်းသည် ရံဖန် ရံခါ မိမိ၏ ပြည့်စုံမှုကို ဆင်ခြင်မှု ကောင်း၏၊ ငါ့သျှင်တို့ ရဟန်းသည် ရံဖန် ရံခါ သူတပါး၏ ပြည့်စုံမှုကို ဆင်ခြင်မှု ကောင်း၏"ဟု ဤသို့ တရားဟောလျက်နေသော အသျှင်ဥတ္တရ၏ တရားသံကို ကြားသည်သာလျှင်တည်း။

ထိုအခါ ဝေဿဝဏ်နတ်မင်းကြီးသည် ခွန်အားရှိသော ယောကျ်ားသည် ကွေးသားသော လက်မောင်းကို ဆန့်သကဲ့သို့ရင်း ဆန့်ထားသော လက်မောင်းကို ကွေးသကဲ့သို့ရင်း ဤအတူပင်လျှင် မဟိသဝတ္ထုအရပ် သင်္ခေယျကတောင် ဝဋဇာလိကကျောင်းမှ ကွယ်ခဲ့၍ တာဝတိံသာ နတ်တို့၌ ထင်ရှား ဖြစ်လေ၏၊ ထိုအခါ ဝေဿဝဏ်နတ်မင်းကြီးသည် နတ်တို့အရှင် သိကြားမင်း အထံသို့ ချဉ်းကပ်၍ နတ်တို့အရှင် သိကြားမင်းအား— "အရှင်သိကြားမင်း သိတော်မူပါလော့— ထိုအသျှင် ဥတ္တရသည် မဟိသဝတ္ထုအရပ် သင်္ခေယျကတောင် ဝဋဇာလိက ကျောင်း၌ ရဟန်းတို့အား 'ငါ့သျှင်တို့ ရဟန်းသည် ရံဖန် ရံခါ မိမိ၏ ပျက်စီးမှုကို ဆင်ခြင်မှု ကောင်း၏၊ ငါ့သျှင်တို့ ရဟန်းသည် ရံဖန် ရံခါ သူတပါး၏ ပျက်စီးမှုကို ဆင်ခြင်မှု ကောင်း၏၊ ငါ့သျှင်တို့ ရဟန်းသည် ရံဖန် ရံခါ မိမိ၏ ပြည့်စုံမှုကို ဆင်ခြင်မှု ကောင်း၏၊ ငါ့သျှင်တို့ ရဟန်းသည် ရံဖန် ရံခါ သူတပါး၏ ပြည့်စုံမှုကို ဆင်ခြင်မှု ကောင်း၏'ဟု ဤသို့ တရားဟောတော်မူပါ၏"ဟု လျှောက်ဘာလေ၏။

ထိုအခါ နတ်တို့အရှင်သိကြားမင်းသည် ခွန်အားရှိသော ယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်သကဲ့သို့ရင်း ဆန့်ထားသော လက်မောင်းကို ကွေးသကဲ့သို့ရင်း ဤအတူ

http://www.dhammadownload.com



ပင်လျှင် တာဝတိံသာနတ်ပြည်မှ ကွယ်ခဲ့၍ မဟိသဝတ္ထုအရပ် သခေယျကတောင် ဝဋဇာလိက ကျောင်း အသျှင်ဥတ္တရ၏ မျက်မှောက်၌ ထင်ရှား ဖြစ်လေ၏။ ထိုအခါ နတ်တို့ အရှင်သိကြား မင်းသည် အသျှင်ဥတ္တရအထံသို့ ချဉ်းကပ်၍ အသျှင်ဥတ္တရကို ရှိခိုးလျက် တခုသော အရပ်၌ ရပ်တည်ကာ အသျှင်ဥတ္တရအား အသျှင်ဘုရား အသျှင်ဥတ္တရသည် ရဟန်းတော်တို့အား "ငါ့သျှင်တို့ ရဟန်းသည် ရံဖန် ရံခါ မိမိ၏ ပျက်စီးမှုကို ဆင်ခြင်မူ ကောင်း၏၊ ရံဖန် ရံခါ သူတပါး၏ ပျက်စီးမှုကို။ပ။ မိမိ၏ ပြည့်စုံမှုကို။ပ။ သူတပါး၏ ပြည့်စုံမှုကို ဆင်ခြင်မူ ကောင်း၏" ဟု ဤသို့သော တရားကို ဟောကြားတော်မူ၏ ဟူသည် မှန်ပါသလောဟု လျှောက်၏။

နတ်တို့အရှင် သိကြားမင်း ဤအတိုင်း မှန်ပေ၏ဟု (ဆို၏)။ အသျှင်ဘုရား ဤတရားတော်ကို အသျှင်ဥတ္တရ၏ မိမိဉာဏ်အထင်ကို စွဲ၍ ဟောကြားအပ်ပါသလော၊ သို့မဟုတ် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထို မြတ်စွာဘုရား၏ စကားတော်ကို စွဲ၍ ဟောကြားအပ်ပါသလော ဟု (လျှောက်၏)။

နတ်တို့အရှင် သိကြားမင်း ယင်းသို့ သိလိုပါမူ သင့်အား ဥပမာကို ပြုပေအံ့၊ ဤလောက၌ အချို့သော ပညာရှိယောကျ်ားတို့သည် ဆိုလိုသော စကား၏ အနက်အဓိပ္ပါယ်ကို ဥပမာဖြင့်သာ ထင်ရှား သိကြကုန်၏။ နတ်တို့အရှင် သိကြားမင်း ရွာ၏၎င်း နိဂုံး၏၎င်း မနီးမဝေးအရပ်၌ ကြီးစွာသော စပါးပုံကို ပုံထားရာ၏၊ လူများအပေါင်းသည် (ထိုစပါးပုံမှ) စပါးကို ထမ်းပိုးတို့ဖြင့်၎င်း တောင်းတို့ဖြင့်၎င်း ခါးပိုက်တို့ဖြင့်၎င်း လက်ခုပ်တို့ဖြင့်၎င်း သယ်ယူရာ၏။ နတ်တို့အရှင် သိကြားမင်း အကြင်သူသည် ထိုလူများအပေါင်းသို့ ချဉ်းကပ်၍ "အဘယ် အရပ်မှ ဤစပါးကို သယ်ယူခဲ့ပါကုန်သနည်း"ဟု မေးမြန်းရာ၏။ နတ်တို့အရှင် သိကြားမင်း ထိုလူများအပေါင်းသည် ထိုသူအား အဘယ်သို့ ဖြေကြားသည်ရှိသော် ကောင်းစွာ ဖြေကြားသည် မည်ရာသနည်းဟု (မေး၏)။

အသျှင်ဘုရား "ဤမည်သော စပါးပုံကြီးမှ သယ်ယူခဲ့ပါကုန်၏"ဟု ထိုလူများအပေါင်းသည် ဖြေကြားသည်ရှိသော် ကောင်းစွာ ဖြေကြားသည် မည်ရာပါ၏ဟု (လျှောက်၏)။

နတ်တို့အရှင် သိကြားမင်း ဤအတူသာလျှင် ကောင်းစွာ ကြားအပ်သော တရားစကား ဟူသမျှအားလုံးသည် ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရား၏ တရားစကားတော်သာတည်း၊ ထိုမြတ်စွာဘုရား၏ တရားစကားတော်မှ ယူ၍ ယူ၍ ငါတို့သည်၎င်း တပါးသောသူတို့သည်၎င်း ဟောပြောကြရကုန်၏ ဟု (မိန့်ဆို၏)။

အသျှင်ဘုရား အံ့ဩဖွယ် ကောင်းပေစွ၊ မဖြစ်ဘူးမြဲ ဖြစ်ပေစွ၊ အသျှင်ဥတ္တရသည် ကောင်းစွာ ပြောကြားအပ်သော တရားစကား ဟူသမျှအားလုံးသည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရား၏ တရားစကားတော်သာတည်း၊ ထိုမြတ်စွာဘုရား၏ တရားစကားတော်မှ ယူ၍ ယူ၍ ငါတို့သည်၎င်း တပါးသောသူတို့သည်၎င်း ဟောပြောကြရကုန်၏ ဟု ဤစကားကို အလွန်ကောင်းစွာ ပြောဆိုအပ်ပါပေ၏။

အသျှင်ဥတ္တရ အခါတပါး၌ မြတ်စွာဘုရားသည် ဒေဝဒတ် သင်းခွဲ ထွက်သွား၍ မကြာမြင့်မီ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ၌ မြတ်စွာဘုရားသည်

http://www.dhammadownload.com



ဒေဝဒတ်ကို အကြောင်းပြု၍ ရဟန်းတို့ကို—ရဟန်းတို့ ရဟန်းသည် ရံဖန် ရံခါ မိမိ၏ ပျက်စီးမှုကို ဆင်ခြင်မှု ကောင်း၏၊ ရဟန်းတို့ ရဟန်းသည် ရံဖန် ရံခါ သူတပါး၏ ပျက်စီးမှုကို။ပ။ မိမိ၏ပြည့်စုံမှုကို။ သူတပါး၏ ပြည့်စုံမှုကို ဆင်ခြင်မှု ကောင်း၏။ရဟန်းတို့ မသူတော်တရား ရှစ်မျိုးတို့ နှိပ်စက် လွှမ်းမိုး၍ ထက်ဝန်းကျင် သိမ်းယူအပ်သော စိတ်ရှိသော ဒေဝဒတ်သည် အပါယ်သို့ ကျရမည့်သူ တည်း၊ ငရဲ၌ ကျက်ရမည့်သူတည်း၊ အာယုကပ်ပတ်လုံး တည်ရမည့်သူတည်း၊ ကုစားခြင်းငှါ မတတ်ကောင်းသူတည်း။

အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ လာဘ်ရမှု နှိပ်စက် လွှမ်းမိုး၍ ထက်ဝန်းကျင် သိမ်းယူအပ်သော စိတ်ရှိသော ဒေဝဒတ်သည် အပါယ်သို့ ကျရမည့်သူတည်း၊ ငရဲ၌ ကျက်ရမည့်သူတည်း၊ အာယုကပ်ပတ်လုံး တည်ရမည့်သူတည်း၊ ကုစားရန် မတတ်ကောင်းသူတည်း။ ရဟန်းတို့ လာဘ် မရမှု။ပ။ အခြံအရံရှိမှု။ အခြံအရံ မရှိမှု။ အရိုအသေပြုမှု။ အရိုအသေ မပြုမှု။ ယုတ်ညံ့သော အလိုရှိမှု။ ယုတ်မာသော အဆွေခင်ပွန်း ရှိမှု နှိပ်စက် လွှမ်းမိုး၍ ထက်ဝန်းကျင် သိမ်းယူအပ်သော စိတ်ရှိသော ဒေဝဒတ်သည် အပါယ်သို့ ကျရမည့်သူဘည်း၊ ငရဲ၌ ကျက်ရမည့်သူတည်း၊ အာယုကပ် ပတ်လုံး တည်ရမည့်သူတည်း၊ ကုစားရန် မတတ်ကောင်းသူတည်း။ ရဟန်းတို့ ဤမသူတော်တရား ရှစ်မျိုးတို့ နှိပ်စက် လွှမ်းမိုး၍ ထက်ဝန်းကျင် သိမ်းယူအပ်သော စိတ်ရှိသော ဒေဝဒတ်သည် အပါယ်သို့ ကျရမည့်သူတည်း၊ ငရဲ၌ ကျက်ရမည့်သူတည်း၊ အာယုကပ်ပတ်လုံး တည်ရမည့်သူ တည်း၊ ကုစားရန် မတတ်ကောင်းသူတည်း။

ရဟန်းတို့ ရဟန်းသည် ဖြစ်ပေါ်လာသော လာဘ်ရမှုကို နှိပ်နင်း၍ နှိပ်နင်း၍ နေမှု ကောင်း၏၊ ဖြစ်ပေါ်လာသော လာဘ်မရမှုကို။ပ။ ဖြစ်ပေါ်လာသော အခြံအရံရှိမှုကို။ ဖြစ်ပေါ် လာသော အခြံအရံ မရှိမှုကို။ ဖြစ်ပေါ်လာသော အရိုအသေပြုမှုကို။ ဖြစ်ပေါ်လာသော အရို အသေ မပြုမှုကို။ ဖြစ်ပေါ်လာသော ယုတ်ညံ့သော အလိုကို။ ဖြစ်ပေါ်လာသော ယုတ်မာသော အဆွေခင်ပွန်း ရှိမှုကို နှိပ်နင်း၍ နှိပ်နင်း၍ နေမှု ကောင်း၏။

ရဟန်းတို့ အဘယ်သို့သော အကျိုးထူးကို စွဲ၍ ရဟန်းသည် ဖြစ်ပေါ်လာသော လာဘ်ရမှုကို နှိပ်နင်း၍ နှိပ်နင်း၍ နေရာသနည်း။ ဖြစ်ပေါ်လာသော လာဘ်မရမှုကို။ ဖြစ်ပေါ်လာသော အခြံအရံ ရှိမှုကို။ ဖြစ်ပေါ်လာသော အခြံအရံ မရှိမှုကို။ ဖြစ်ပေါ်လာသော အရိုအသေ ပြုမှုကို။ ဖြစ်ပေါ်လာသော အရိုအသေ မပြုမှုကို။ ဖြစ်ပေါ်လာသော ယုတ်ညံ့သော အလိုကို။ ဖြစ်ပေါ် လာသော ယုတ်မာသော အဆွေခင်ပွန်းရှိမှုကို နှိပ်နင်း၍ နှိပ်နင်း၍ နေရာသနည်း။

ရဟန်းတို့ ယင်း ဖြစ်ပေါ်လာသော လာဘ်ရမှုကို မနှိပ်နင်းမူ၍ နေသော ထိုရဟန်းအား အာသဝေါတရားနှင့် ပင်ပန်းကြောင်း(ကိလေသာ) အပူမီးတို့သည် ဖြစ်ကုန်ရာ၏၊ ဖြစ်ပေါ်လာ သော လာဘ်ကို နှိပ်နင်း၍ နေသော ထိုရဟန်းအား ဤအကြောင်းဖြင့် အာသဝေါတရားနှင့် ပင်ပန်းကြောင်း(ကိလေသာ)အပူမီးတို့သည် မဖြစ်ကုန်။

ရဟန်းတို့ ယင်း ဖြစ်ပေါ်လာသော လာဘ်မရမှုကို။ပ။ ဖြစ်ပေါ်လာသော အခြံအရံရှိမှုကို။ ဖြစ်ပေါ်လာသော အခြံအရံ မရှိမှုကို။ ဖြစ်ပေါ်လာသော အရိုအသေ ပြုမှုကို။ ဖြစ်ပေါ် လာသော အရိုအသေမပြုမှုကို။ ဖြစ်ပေါ်လာသော ယုတ်ညံ့သော အလိုကို။ ယင်း ဖြစ်ပေါ်လာသော ယုတ်မာသော အဆွေခင်ပွန်း ရှိမှုကို မနှိပ်နင်းမူ၍ နေသော ထိုရဟန်းအား အာသဝေါတရား နှင့် ပင်ပန်းကြောင်း(ကိလေသာ)အပူမီးတို့သည် ဖြစ်ကုန်ရာ၏၊ ဖြစ်ပေါ်လာသော ယုတ်မာသော

http://www.dhammadownload.com



အဆွေခင်ပွန်းရှိမှုကို နှိပ်နင်း၍ နေသော ထိုရဟန်းအား ဤအကြောင်းဖြင့် အာသဝေါတရားနှင့် ပင်ပန်းကြောင်း (ကိလေသာ)အပူမီးတို့သည် မဖြစ်ကုန်။ ရဟန်းတို့ ဤအကျိုးထူးကို စွဲ၍ ရဟန်းသည် ဖြစ်ပေါ်လာသော လာဘ်ရမှုကို နှိပ်နင်း၍ နှိပ်နင်း၍ နေရာ၏၊ ဖြစ်ပေါ်လာသော လာဘ်မရမှုကို။ပ။ ဖြစ်ပေါ်လာသော အခြံအရံရှိမှုကို။ ဖြစ်ပေါ်လာသော အခြံအရံ မရှိမှုကို။ ဖြစ်ပေါ်လာသော အရိုအသေပြုမှုကို။ ဖြစ်ပေါ်လာသော အရိုအသေ မပြုမှုကို။ ဖြစ်ပေါ်လာသော ယုတ်ညံ့သော အလိုကို။ ဖြစ်ပေါ်လာသော ယုတ်မာသော အဆွေခင်ပွန်းရှိမှုကို နှိပ်နင်း၍ နှိပ်နင်း၍ နေရာ၏။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဖြစ်ပေါ်လာသော လာဘ်ရမှုကို နှိပ်နင်း၍ နှိပ်နင်း၍ ငါတို့နေကြကုန်အံ့၊ ဖြစ်ပေါ်လာသော လာဘ်မရမှုကို။ပ။ ဖြစ်ပေါ်လာသော အခြံအရံရှိမှုကို။ ဖြစ်ပေါ်လာသော အခြံအရံ မရှိမှုကို။ ဖြစ်ပေါ်လာသော အရိုအသေပြုမှုကို။ ဖြစ်ပေါ်လာသော အရိုအသေမပြုမှုကို။ ဖြစ်ပေါ်လာသော ယုတ်ညံ့သော အလိုကို။ ဖြစ်ပေါ်လာသော ယုတ်မာသော အဆွေခင်ပွန်းရှိမှုကို နှိပ်နင်း၍ နှိပ်နင်း၍ ငါတို့ နေကြကုန်အံ့"ဟု ဤသို့ ကျင့်ရမည်။ ရဟန်းတို့ ဤသို့လျှင် သင်တို့သည် ကျင့်အပ်ကုန်၏ဟု မိန့်တော်မူ၏။

အသျှင်ဘုရား ဥတ္တရ လူတို့၌ ဤမျှလောက် ရဟန်း ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာမတည်းဟူသော ပရိသတ်လေးပါးတို့ ရှိပါကုန်၏၊ တရားဒေသနာတော်သည် တစုံတခုသော ပရိသတ်၌ မထင်ရှားသေးပါဘုရား၊ အသျှင်ဘုရား အသျှင်ဥတ္တရသည် ဤတရားဒေသနာတော်ကို သင်ယူတော်မူပါလော့။

အသျှင်ဘုရား အသျှင်ဥတ္တရသည် ဤတရားဒေသနာတော်ကို သင်ကြားတော် မူပါလော့၊ အသျှင်ဘုရား အသျှင်ဥတ္တရသည် ဤတရားဒေသနာတော်ကို ဆောင်ထားတော် မူပါလော့၊ အသျှင်ဘုရား ဤ တရားဒေသနာတော်သည် အကျိုးစီးပွါးနှင့် စပ်ပါ၏၊ သာသနာတော် တည်းဟူသော မြတ်သောအကျင့်၏ အစဦးဖြစ်ပါ၏ဟု (လျှောက်ကြားလေ၏)။

အဋ္ဌမသုတ်။

---

## ၉-နန္ဒသုတ်

၉။ ရဟန်းတို့ နန္ဒရဟန်းကို "အမျိုးကောင်းသား" ဟု ဆိုသည်ရှိသော် ကောင်းစွာ ဆိုသည် မည်ရာ၏၊ ရဟန်းတို့ နန္ဒရဟန်းကို "အားရှိသူ"ဟု ဆိုသည်ရှိသော် ကောင်းစွာ ဆိုသည် မည်ရာ၏၊ ရဟန်းတို့ နန္ဒရဟန်းကို "ကြည်ညိုဖွယ်ရှိသူ" ဟု ဆိုသည်ရှိသော် ကောင်းစွာ ဆိုသည် မည်ရာ၏၊ ရဟန်းတို့ နန္ဒရဟန်းကို "ထူပြောသော ရာဂရှိသူ"ဟု ဆိုသည်ရှိသော် ကောင်းစွာ ဆိုသည် မည်ရာ၏၊ ရဟန်းတို့ နန္ဒရဟန်းသည် ဣန္ဒြေတို့၌ လုံခြုံသော တံခါးရှိ၏၊ အစားအစာ၌ အတိုင်းအရှည်ကို သိ၏၊ နိုးကြားမှု၌ အားထုတ်၏၊ အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' နှင့် ပြည့်စုံ၏၊ အကြင်ဣန္ဒြေကို စောင့်ရှောက်မှုစသည်တို့ကြောင့် နန္ဒရဟန်းသည် မြတ်သော အကျင့်ကို ပြည့်စုံ စင်ကြယ်စွာ ကျင့်ရန် စွမ်းနိုင်၏၊ ထိုအကြောင်းတို့ကို ကြဉ်ထား၍ တပါးသော အကြောင်းကို ဆိုသဖြင့် အဘယ်အကျိုးရှိအံ့နည်း။

http://www.dhammadownload.com



ရဟန်းတို့ ထိုလေးပါးတို့တွင် ဤဆိုလတ္တံ့သည်ကား နန္ဒရဟန်း၏ ဣန္ဒြေတို့၌ လုံခြုံသော တံခါးရှိမှုတည်း၊ ရဟန်းတို့ နန္ဒရဟန်းသည် အကယ်၍ အရှေ့အရပ်ကို တည့်တည့် ကြည့်တော့မည် ဖြစ်အံ့၊ နန္ဒသည် "ဤသို့ အရှေ့အရပ်ကို တည့်တည့်ကြည့်သော ငါ့အား ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ' နှလုံးမသာယာမှု'ဒေါမနဿ' ဟု ဆိုအပ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် အစဉ်လိုက်ကုန်လိမ့်မည် မဟုတ်"ဟု အခြင်းအရာ အားလုံးကို စိတ်ဖြင့် နှလုံးသွင်း၍ အရှေ့အရပ်ကို တည့်တည့် ကြည့်၏၊ ဤသို့လျှင် ထိုအရှေ့အရပ်ကို တည့်တည့် ကြည့်ရာ၌ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'နှင့် ပြည့်စုံ၏။

ရဟန်းတို့ နန္ဒရဟန်းသည် အကယ်၍ အနောက်အရပ်ကို တည့်တည့် ကြည့်တော့မည် ဖြစ်အံ့။ပ။ မြောက်အရပ်ကို တည့်တည့် ကြည့်တော့မည်ဖြစ်အံ့။ တောင်အရပ်ကို တည့်တည့် ကြည့်တော့မည် ဖြစ်အံ့။ အထက်အရပ်ကို မော့ကြည့်တော့မည်ဖြစ်အံ့။ အောက်အရပ်ကို ငုံ့ကြည့်တော့မည်ဖြစ်အံ့။ အထောင့်အရပ်ကို စောင်းငဲ့ကြည့်တော့မည်ဖြစ်အံ့၊ နန္ဒရဟန်းသည် "ဤသို့ အထောင့်အရပ်ကို စောင်းငဲ့ကြည့်သော ငါ့အား ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ' နှလုံးမသာယာမှု'ဒေါမနဿ' ဟု ဆိုအပ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် အစဉ်လိုက်ကုန်လိမ့်မည် မဟုတ်" ဟု အခြင်းအရာ အားလုံးကို စိတ်ဖြင့် နှလုံးသွင်း၍ အထောင့်အရပ်ကို စောင်းငဲ့ကြည့်၏၊ ဤသို့လျှင် ထိုအထောင့်အရပ်ကို စောင်းငဲ့ ကြည့်ရာ၌ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' နှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤသည်ကား နန္ဒရဟန်းသည် ဣန္ဒြေတို့၌ လုံခြုံသော တံခါးရှိမှုတည်း။

ရဟန်းတို့ ထိုလေးပါးတို့တွင် ဤဆိုလတ္တံ့သည်ကား နန္ဒရဟန်း၏ အစားအစာ၌ အတိုင်းအရှည်ကို သိမှုတည်း၊ ရဟန်းတို့ ဤသာသနာတော်၌ နန္ဒရဟန်းသည် အသင့်အားဖြင့် ဆင်ခြင်၍ ဆွမ်းကိုမှီဝဲ၏၊ မြူးထူးရန် မာန်ယစ်ရန် တန်ဆာဆင်ရန် အရေအဆင်းဖွံ့ဖြိုးတိုးပွားရန် (ဆွမ်းကို မှီဝဲသည်)မဟုတ်၊ ဤကိုယ်တည်တံ့ရန်မျှသာ မျှတရန်မျှသာ ဆာလောင်မွတ်သိပ်၍ ပင်ပန်းခြင်းကို ပယ်ဖျောက်ရန်မျှသာ မြတ်သောအကျင့်ကို ချီးမြှောက်ရန်မျှသာ ဆွမ်းကို မှီဝဲ၏၊ ဤသို့ မှီဝဲခြင်းဖြင့် ဝေဒနာဟောင်းကိုလည်း ပယ်ဖျောက်အံ့၊ဝေဒနာသစ်ကိုလည်း မဖြစ်စေအံ့၊ ငါ့အား မျှတခြင်း အပြစ်မရှိခြင်းနှင့် ချမ်းသာစွာ နေရခြင်းသည် ဖြစ်ပေလိမ့်မည်ဟု ဆွမ်းကို မှီဝဲ၏။ ရဟန်းတို့ ဤသည်ကား နန္ဒရဟန်း၏ အစားအစာ၌ အတိုင်းအရှည်ကို သိမှုတည်း။

ရဟန်းတို့ ထိုလေးပါးတို့တွင် ဤဆိုလတ္တံ့သည်ကား နန္ဒရဟန်း၏ နိုးကြားမှု၌ အားထုတ်ခြင်းတည်း၊ ရဟန်းတို့ ဤ သာသနာတော်၌ နန္ဒရဟန်းသည် နေ့အခါ၌ စင်္ကြံ လျှောက်ခြင်း ထိုင်နေခြင်းဖြင့် ပိတ်ပင်တားမြစ်တတ်သော 'နီဝရဏ' တရားတို့မှ စိတ်ကို သုတ်သင်၏၊ ညဉ့်ဦးယံ၌ စင်္ကြံလျှောက်ခြင်း ထိုင်နေခြင်းဖြင့် ပိတ်ပင် တားမြစ်တတ်သော 'နီဝရဏ' တရားတို့မှ စိတ်ကို သုတ်သင်၏၊ ညဉ့်၏ သန်ကောင်ယံ၌ (လကျာ) ခြေပေါ်၌ (လက်ဝဲ) ခြေကို စဉ်းငယ်လွန်ကာ တင်ထား၍ သတိရှိလျက် ဆင်ခြင်ဉာဏ်ရှိလျက် (မည်သည့်အချိန်၌) ထအံ့ဟု နှလုံးသွင်းပိုင်းခြားလျက် လကျာနံတောင်းဖြင့် မြတ်သော လျောင်းစက်ခြင်းကို ပြု၏၊ ညဉ့်၏ နောက်ဆုံးယံ၌ စောစောထ၍ စင်္ကြံ လျှောက်ခြင်း ထိုင်နေခြင်းဖြင့် ပိတ်ပင် တားမြစ်တတ်သော 'နီဝရဏ'တရားတို့မှ စိတ်ကို သုတ်သင်၏။ ရဟန်းတို့ ဤသည်ကား နန္ဒရဟန်း၏ နိုးကြားမှု၌ အားထုတ်ခြင်းတည်း။

http://www.dhammadownload.com



ရဟန်းတို့ ထိုလေးပါးတို့တွင် ဤဆိုလတ္တံ့သည်ကား နန္ဒရဟန်း၏ အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'နှင့် ပြည့်စုံမှုတည်း၊ ရဟန်းတို့ ဤသာသနာတော်၌ နန္ဒရဟန်းအား ဝေဒနာတို့သည် ထင်ထင် ရှားရှား ဖြစ်ကုန်၏၊ ဝေဒနာတို့သည် ထင်ထင် ရှားရှား ထင်ကုန်၏၊ ဝေဒနာတို့သည် ထင်ထင် ရှားရှား ချုပ်ခြင်းသို့ ရောက်ကုန်၏၊ (သညာ)တို့သည် ထင်ထင် ရှားရှား။ပ။ ဝိတက်တို့သည် ထင်ထင် ရှားရှား။ပ။ ချုပ်ခြင်းသို့ ရောက်ကုန်၏။ ရဟန်းတို့ ဤသည်ကား နန္ဒရဟန်း၏ အောက်မေ့မှု'သတိ' ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'နှင့် ပြည့်စုံမှုတည်း။

ရဟန်းတို့ နန္ဒရဟန်းသည် ဣန္ဒြေတို့၌ လုံခြုံသော တံခါးရှိ၏၊ အစားအစာ၌ အတိုင်းအရှည်ကို သိ၏၊ နိုးကြားမှု၌ အားထုတ်၏၊ အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'နှင့် ပြည့်စုံ၏၊ အကြင်ဣန္ဒြေကို စောင့်ရှောက်မှု စသည်တို့ကြောင့် နန္ဒရဟန်းသည် မြတ်သောအကျင့်ကို ပြည့်စုံ စင်ကြယ်စွာ ကျင့်ရန် စွမ်းနိုင်၏၊ ထိုအကြောင်းတို့ကို ကြဉ်ထား၍ တပါးသော အကြောင်းကို ဆိုသဖြင့် အဘယ် အကျိုးရှိအံ့နည်းဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-ကာရဏ္ဍဝသုတ်

၁၀။ အခါတပါး၌ မြတ်စွာဘုရားသည် စမ္ပာမြို့ ဂဂ္ဂရာရေကန်၏ ကမ်းနား၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ ရဟန်းတို့သည် ရဟန်းကို အာပတ်ဖြင့် စွပ်စွဲကုန်၏၊ ထိုရဟန်းသည် ရဟန်းတို့က အာပတ်ဖြင့် စွပ်စွဲသည်ရှိသော် အကြောင်းတပါးဖြင့် အကြောင်းတပါးကို ဖုံးလွှမ်း၏၊ အပြင်အပစကားကို ထည့်သွင်း၏၊ အမျက်ထွက်ခြင်းကိုလည်း စိတ်ဆိုးခြင်းကိုလည်း မနှစ်သက်ခြင်းကိုလည်း ထင်စွာ ပြု၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ဤသို့ မိန့်တော်မူ၏— "ရဟန်းတို့ ဤပုဂ္ဂိုလ်ကို (သာသနာတော်မှ)နှင်ထုတ်ကုန်လော့။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို (သာသနာတော်မှ) နှင်ထုတ်ကုန်လော့။ ရဟန်းတို့ ဤသို့သော ပုဂ္ဂိုလ်သည် သာသနာတော်မှ ထုတ်ပယ် ထိုက်သူဖြစ်၏၊ သုတ်သင်ရှင်းလင်းအပ်သော သူတပါး၏ တပည့်သားဖြစ်သော ထိုပုဂ္ဂိုလ်ဖြင့် သင်တို့အား အဘယ် အကျိုးရှိအံ့နည်း။ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်၏ ရှေ့သို့ တက်မှု နောက်သို့ ဆုတ်မှု တူရူကြည့်မှု တစောင်းကြည့်မှု ကွေးမှု ဆန့်မှု ဒုကုဋ် သပိတ် သင်္ကန်း ဆောင်မှုသည် ထိုသူ၏ အာပတ်ကို ရဟန်းကောင်းတို့ မမြင်ကြရသေးသမျှ တပါးသော ရဟန်းကောင်းတို့ကဲ့သို့တည်း၊ ထိုသူ၏ အာပတ်ကို ရဟန်းကောင်းတို့ မြင်ကြရသော် အခါ၌ကား ထိုသူကို "ဤသူကား ရဟန်းတို့ကို ဖျက်ဆီးသူတည်း၊ ရဟန်းအဖျင်းတည်း၊ ရဟန်းအမှိုက်တည်း" ဟု သိကုန်၏၊ ထိုသူကို ဤသို့ သိကုန်သည်ရှိသော် အပသို့ နှင်ထုတ် ဖျက်ဆီးကုန်၏။ ဤသို့ နှင်ထုတ် ဖျက်ဆီးခြင်းသည် အဘယ့်ကြောင့်နည်း၊ "တပါးသော ရဟန်းကောင်းတို့ကို မဖျက်ဆီးပါစေလင့်"ဟု နှလုံးသွင်းရှိသောကြောင့်တည်း။

ရဟန်းတို့ ဥပမာသော်ကား ကောင်းမွန်သော မုယောခင်း၌ မုယောပင်တို့ကို ဖျက်ဆီးသော မုယောအဖျင်းဖြစ်သော မုယောအမှိုက်ဖြစ်သော အပင်သည် ပေါက်ရာ၏၊ အနှံ မထွက်သေးသမျှ ထိုအပင်၏ အမြစ်သည် တပါးသော မုယောကောင်းတို့ကဲ့သို့ ဖြစ်၏၊ အရိုး

http://www.dhammadownload.com



တံသည် တပါးသော မုယောကောင်းတို့ကဲ့သို့ ဖြစ်၏၊အရွက်သည် တပါးသော မုယောကောင်း တို့ကဲ့သို့ ဖြစ်၏၊ အနှံထွက်ပေါ်လာသော အခါ၌ကား ထိုအပင်ကို "ဤအပင်ကား မုယောပင်တို့ကို ဖျက်ဆီးသော အပင်တည်း၊ မုယောအဖျင်းတည်း၊မုယောအမှိုက်တည်း"ဟု သိကုန်၏၊ ထိုအပင် ကို ဤသို့ သိသည်ရှိသော် အမြစ်ပါနုတ်လျက် မုယောခင်း၏ အပြင်သို့ စွန့်ပစ်ကုန်၏၊ ထိုသို့ နုတ်ပယ်စွန့်ပစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ "တပါးသော မုယောပင်ကောင်းတို့ကို မဖျက်ဆီး ပါစေလင့်"ဟု နှလုံးသွင်းရှိသောကြောင့်တည်း။ ရဟန်းတို့ ဤအတူသာလျှင် ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်၏ ရှေ့သို့ တက်မှု နောက်သို့ ဆုတ်မှု တူရူ ကြည့်မှု တစောင်း ကြည့်မှု ကွေးမှု ဆန့်မှု ဒုကုဋ် သပိတ် သင်္ကန်း ဆောင်ယူမှုသည် ထိုသူ၏ အာပတ်ကို ရဟန်းကောင်းတို့ မမြင်ကြရသေးသမျှ တပါးသော ရဟန်းကောင်းတို့ကဲ့သို့တည်း၊ ထိုသူ၏ အာပတ်ကို ရဟန်း ကောင်းတို့ မြင်ကြရသော အခါ၌ကား ထိုသူကို "ဤသူကား ရဟန်းတို့ကို ဖျက်ဆီးသူတည်း၊ ရဟန်းအဖျင်းတည်း၊ ရဟန်းအမှိုက်တည်း"ဟု သိကုန်၏၊ ဤသို့ သိကုန်သည်ရှိသော် ထိုရဟန်းကို အပသို့ နှင်ထုတ် ဖျက်ဆီးကုန်၏။ ဤသို့ နှင်ထုတ် ဖျက်ဆီးခြင်းသည် အဘယ့်ကြောင့်နည်း၊ "တပါးသော ရဟန်းကောင်းတို့ကို မဖျက်ဆီးပါစေလင့်"ဟု နှလုံးသွင်းရှိသောကြောင့်တည်း။

ရဟန်းတို့ ဥပမာတနည်းသော်ကား စပါးပုံကြီးကို လှေ့သည်ရှိသော် ထိုစပါးပုံကြီး၌ မြဲမြံကုန်သော အနှစ်ရှိကုန်သော စပါးတို့သည် တနေရာ၌ အစုအပုံဖြစ်၍ နေ၏၊ အားနည်း ကုန်သော အဖျင်းဖြစ်ကြသည့် စပါးတို့ကို လေသည် တနေရာသို့ လွင့်စေ၏၊ ထိုစပါးဖျင်းကို စပါးရှင်တို့သည် တံမြက်စည်းကိုယူ၍ အတိုင်းထက် အလွန် လှည်းထုတ် ပစ်ကုန်၏။ ဤသို့ လှည်းထုတ်ပစ်ကြခြင်းသည် အဘယ့်ကြောင့်နည်း၊ "တပါးသော စပါးကောင်းတို့ကို မဖျက်ဆီးပါ စေလင့်"ဟု နှလုံးသွင်း ရှိသောကြောင့်တည်း။ ရဟန်းတို့ ဤအတူသာလျှင် ဤသာသနာတော်၌ အချို့သော ရဟန်း၏ ရှေ့သို့ တက်မှု နောက်သို့ ဆုတ်မှု တူရူ ကြည့်မှု တစောင်း ကြည့်မှု ကွေးမှု ဆန့်မှု ဒုကုဋ် သပိတ် သင်္ကန်းကို ဆောင်ယူမှုသည် ထိုသူ၏ အာပတ်ကို ရဟန်းကောင်းတို့ မမြင်ကြရသေးသမျှ တပါးသော ရဟန်းကောင်းတို့ ကဲ့သို့တည်း၊ ထိုသူ၏ အာပတ်ကို ရဟန်း ကောင်းတို့ မြင်ကြရသော အခါ၌ကား ထိုသူကို "ဤသူကား ရဟန်းတို့ကို ဖျက်ဆီးသူတည်း၊ ရဟန်းအဖျင်းတည်း၊ ရဟန်းအမှိုက်တည်း"ဟု သိကုန်၏၊ ဤသို့ သိကုန်သည်ရှိသော် ထိုရဟန်းကို အပသို့ နှင်ထုတ် ဖျက်ဆီးကုန်၏။ ဤသို့ နှင်ထုတ် ဖျက်ဆီးခြင်းသည် အဘယ့်ကြောင့်နည်း၊ "တပါးသော ရဟန်းကောင်းတို့ကို မဖျက်ဆီးပါစေလင့်"ဟု နှလုံးသွင်းရှိသောကြောင့်တည်း။

ရဟန်းတို့ ဥပမာတနည်းသော်ကား ရေတွင်းမှ သွယ်အပ်သော ရေတံလျှောက်ကို အလိုရှိသော ယောကျ်ားသည် ဓားထက်ထက်ကို ကိုင်စွဲ၍ တောသို့ ဝင်လေရာ၏၊ ထိုယောကျ်ားသည် အကြင်အကြင်သစ်ပင်ကိုပင် ဓားနှောင့်ဖြင့် ထုနှက်ရာ၏၊ ထိုသို့ ထုနှက်ရာ၌ မြဲမြံသော အနှစ် ရှိကုန်သော သစ်ပင်တို့သည် ဓားနှောင့်ဖြင့် ထုနှက်အပ်ကုန်သော် မာကြောစွာ အသံမြည်ဟီး ကုန်၏။ အတွင်း၌ ပုပ်ကုန်သော စွတ်စိုခြင်းရှိကုန်သော ယောက်သွားပုပ် သဘောရှိကုန်သော သစ်ပင်တို့သည် ဓားနှောင့်ဖြင့် ထုနှက်အပ်ကုန်သော် ဒုဒ် ဒုဒ်ဟု အသံမြည်ကုန်၏၊ ထိုသစ်ပင်ကို အရင်းမှ ဖြတ်၏၊ အရင်းမှ ဖြတ်ပြီး၍ အဖျားမှ ဖြတ်၏၊ အဖျားမှ ဖြတ်ပြီး၍ အတွင်း၌ ကောင်းစွာ သုတ်သင် သင့်သည်ကို သုတ်သင်ပြီးလျှင် ရေတွင်းမှ သွယ်အပ်သော ရေတံလျှောက် အဖြစ်၌ ယှဉ်စေ၏။ ရဟန်းတို့ ဤအတူသာလျှင် ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်၏ ရှေ့သို့ တက်မှု နောက်သို့ ဆုတ်မှု တူရူ ကြည့်မှု တစောင်း ကြည့်မှု ကွေးမှု ဆန့်မှု ဒုကုဋ်သပိတ်

http://www.dhammadownload.com



သက်န်းဆောင်မှုသည် ထိုသူ၏ အာပတ်ကို ရဟန်းကောင်းတို့ မမြင်ကြရသေးသမျှ တပါးသော ရဟန်းကောင်းတို့ကဲ့သို့တည်း၊ ထိုသူ၏ အာပတ်ကို ရဟန်းကောင်းတို့ မြင်ကြရသော အခါ၌ကား ထိုသူကို "ဤသူကား ရဟန်းတို့ကို ဖျက်ဆီးသူတည်း၊ရဟန်းအဖျင်းတည်း၊ရဟန်းအမှိုက်တည်း"ဟု သိကုန်၏၊ ဤသို့ သိကုန်သည်ရှိသော် ထိုရဟန်းကို သာသနာတော်မှ အပသို့ နှင်ထုတ် ဖျက်ဆီးကုန်၏။ ဤသို့ နှင်ထုတ်ဖျက်ဆီးခြင်းသည် အဘယ့်ကြောင့်နည်း၊ "တပါးသော ရဟန်းကောင်းတို့ကို မဖျက်ဆီးပါစေလင့်"ဟု နှလုံးသွင်းရှိသောကြောင့်တည်းဟု (မိန့်တော်မူ၏)။

အတူတကွ ပေါင်းသင်း ဆက်ဆံခြင်းဖြင့် ဤရဟန်းသည် ယုတ်မာသော အလိုရှိ၏၊ အမျက်ထွက်လေ့ ရှိ၏၊ သူ့ကျေးဇူးကို ချေဖျက်ဘတ်၏၊ကြမ်းကြုတ် ခက်ထန်သော နှလုံးထားရှိ၏၊ ဂုဏ်တု ဂုဏ်ပြိုင်လုပ်တတ်၏၊ မနာလို ငြူစူတတ်၏၊ဝန်တိုမှုရှိ၏၊ စဉ်းလဲတတ်၏။ ပရိသတ်အလယ်၌ အပြောအဆို သိမ်မွေ့၏၊ ရဟန်းကောင်းကဲ့သို့ ပြောဆိုတတ်၏၊ ဆိတ်ကွယ်ရာ၌ မကောင်းမှုကို ပြုလုပ်တတ်၏၊ယုတ်ညံ့သော အယူရှိ၏၊ရိုသေမှု ကင်း၏။ တုန်လှုပ်ခြင်းလည်း ရှိ၏၊ မဟုတ်မမှန်သော စကားကိုလည်း ပြောဆိုတတ်၏ ဟု သိနိုင်ကုန်ရာ၏၊ ထိုရဟန်းယုတ်ကို အမှန်အတိုင်း သိသည်ရှိသော် ရဟန်းအားလုံးတို့ ညီညီညွတ်ညွတ် ဖြစ်ကြကုန်လျက် ထိုရဟန်းယုတ်ကို နှင်ထုတ် ကုန်ရာ၏၊

အမှိုက်သဖွယ်ဖြစ်သော ရဟန်းကို နှင်ထုတ်ကုန်လော့၊ ယောက်သွားပုပ် သဖွယ်ဖြစ်သော ရဟန်းကို ဆွဲထုတ်ကုန်လော့၊ ရဟန်းမဟုတ်ပဲ ရဟန်းဟု မှတ်ထင်ကုန်သော အဖျင်းသဖွယ် ဖြစ်သော ရဟန်းတို့ကို မျောလိုက်ကုန်လော့။

ယုတ်ညံ့သော အလိုရှိကုန်သော ယုတ်ညံ့သော အကျင့်၌ ကျက်စားကုန်သော ရဟန်းယုတ်တို့ကို နှင်ထုတ်ပြီး၍ စင်ကြယ်ကုန်သော ရဟန်းတို့သည် စင်ကြယ်ကုန်သော ရဟန်းကောင်းတို့နှင့် အချင်းချင်း ရိုသေကုန်လျက် ပေါင်းသင်း ဆက်ဆံခြင်းကို ပြုကုန်လော့၊ ထိုသို့ ပေါင်းသင်းဆက်ဆံခြင်းကြောင့် ညီညွတ်ကုန်၍ ပညာရင့်ကုန်လျက် သင်တို့သည် ဒုက္ခ၏ အဆုံးကို ပြုနိုင်ကုန်လတ္တံ့။

ဒသမသုတ်။

ရှေးဦးစွာသော မေတ္တာဝဂ် ပြီး၏။

## ၂-မဟာဝဂ် ၁-ဝေရဥ္စသုတ်

၁၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဝေရဥ္စာပြည် နဠေရုမည်သော တမာပင်အနီး၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ ဝေရဥ္စပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို ပြီးဆုံးစေ၍ တခုသော နေရာ၌ ထိုင်နေပြီးသော် ဝေရဥ္စပုဏ္ဏားသည် မြတ်စွာဘုရားအား အသျှင်ဂေါတမ ဤ(စကား)ကို အကျွန်ုပ် ကြားဘူးပါသည်၊ "ရဟန်းဂေါတမသည် အိုကုန်သော ကြီးကုန်သော ရင့်ကုန်သော ရှေးမှီကုန်သော အဆုံးအရွယ်သို့

http://www.dhammadownload.com



ရောက်ကုန်သော ပုဏ္ဏားတို့ကို ရှိလည်းမခိုး ခရီးဦးလည်း မကြို ထိုင်ရန် နေရာဖြင့် ဖိတ်လည်း မဖိတ်" ဟု ကြားဘူးပါသည်၊ အသျှင်ဂေါတမ ထို (အကျွန်ုပ်ကြားဘူးသော စကား)သည် ထို(ကြားဘူးသည့်)အတိုင်း မှန်သည်သာတည်း၊ အသျှင်ဂေါတမသည် အိုကုန်သော ကြီးကုန်သော ရင့်ကုန်သော ရှေးမှီကုန်သော အဆုံးအရွယ်သို့ ရောက်ကုန်သော ပုဏ္ဏားတို့ကို ရှိလည်း မခိုး ခရီးဦးလည်း မကြို ထိုင်ရန် နေရာဖြင့် ဖိတ်လည်း မဖိတ်၊ အသျှင်ဂေါတမ ထို(ရှိခိုးခြင်းစသည်ကို မပြုခြင်း)သည် မသင့်လျော်သည်သာလျှင်တည်း ဟု လျှောက်၏။

**ပုဏ္ဏား** နတ်နှင့် တကွသော မာရ်နတ်နှင့်တကွသော ဗြဟ္မာနှင့် တကွသော ဤသြကာသ **လောကသ္ဘ်**ငင်း သမဏ ဗြာဟ္မဏနှင့် တကွသော မင်းများ လူများနှင့် တကွသော ဤသတ္တလောကဥ္စ်ငင်း ငါသည် ရှိလည်းခိုးထိုက် ခရီးဦးလည်း ကြိုထိုက် ထိုင်ရန် နေရာဖြင့် ဖိတ်လည်း ဖိတ်ထိုက်သော သူကို မြင်တော်မမူ။ ပုဏ္ဏား အကြင်သူကို ငါသည် ရှိမူလည်း ခိုးငြားအံ့၊ ခရီးဦးမူလည်း ကြိုငြားအံ့၊ ထိုင်ရန် နေရာဖြင့်မူလည်း ဖိတ်ငြားအံ့၊ ထိုသူ၏ ဦးခေါင်းသည်လည်း ပြတ်ကျရာ၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမသည် အရသာကင်းသော သဘောရှိ၏ ဟု (ပုဏ္ဏားက ဆို၏)။

ပုဏ္ဏား အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် အရသာကင်းသော သဘောရှိ၏" ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိသည်သာလျှင်တည်း၊ ပုဏ္ဏား ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့၌ သာယာခြင်း အရသာတို့ကို မြတ်စွာဘုရားသည် ပယ်ပြီးပြီ၊(အဝိဇ္ဇာ တဏှာ) အမြစ်ကို အကြွင်းမဲ့ ဖြတ်ပြီးပြီ၊ (နုတ်ပြီးသော) ထန်းပင်ရာကဲ့သို့ ပြုပြီးပြီ၊ (အသစ်) မဖြစ်ခြင်းကို ပြုပြီးပြီ၊ နောင်အခါ ဖြစ်ခြင်း သဘော မရှိကုန်ပြီ၊ ပုဏ္ဏား ဤနည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် အရသာကင်းသော သဘောရှိ၏" ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏၊ သင် (ပုဏ္ဏား) ရည်ရွယ် ပြောဆိုသော နည်းပရိယာယ်မျိုးကား (ငါတို့၌) မရှိသည်သာတည်း ဟု (မိန့်တော်မူ၏)။ (၁)

အသျှင်ဂေါတမသည် **သုံးဆောင်ခြင်း** မရှိ ဟု (ပုဏ္ဏားက ဆို၏)။

ပုဏ္ဏား အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် သုံးဆောင်ခြင်း မရှိ" ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိသည်သာလျှင်တည်း၊ ပုဏ္ဏား ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့၌ သုံးဆောင်ခြင်းတို့ကို မြတ်စွာဘုရားသည် ပယ်ပြီးပြီ၊ (အဝိဇ္ဇာ တဏှာ) အမြစ်ကို အကြွင်းမဲ့ ဖြတ်ပြီးပြီ၊ (နုတ်ပြီးသော) ထန်းပင်ရာကဲ့သို့ ပြုပြီးပြီ၊ (အသစ်) မဖြစ်ခြင်းကို ပြုပြီးပြီ၊ နောင်အခါ ဖြစ်ခြင်းသဘော မရှိကုန်ပြီ၊ ပုဏ္ဏား ဤနည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် သုံးဆောင်ခြင်း မရှိ" ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏၊ သင်(ပုဏ္ဏား)ရည်ရွယ်ပြောဆိုသော နည်းပရိယာယ်မျိုးကား (ငါတို့၌)မရှိသည်သာတည်း ဟု(မိန့်တော်မူ၏)။ (၂)

အသျှင်ဂေါတမသည် မပြုထိုက် ဟူသော အယူ 'အကိရိယဝါဒ' ရှိ၏ ဟု (ပုဏ္ဏားက ဆို၏)။

ပုဏ္ဏား အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် မပြုထိုက် ဟူသော အယူ 'အကိရိယဝါဒ' ရှိ၏" ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိသည်သာလျှင်တည်း၊ ပုဏ္ဏား ငါသည် ကိုယ်ဖြင့်ပြုသော မကောင်းသော အကျင့် 'ကာယဒုစရိုက်' ကိုငင်း နှုတ်ဖြင့်ပြုသော မကောင်းသော အကျင့် 'ဝစီဒုစရိုက်' ကိုငင်း

http://www.dhammadownload.com



စိတ်ဖြင့်ပြုသော မကောင်းသော အကျင့်'မနောဒုစရိုက်'ကိုငင်း မပြုထိုက်ဟု ဟော၏၊ များပြားသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို မပြုထိုက်ဟု ဟော၏၊ ပုဏ္ဏား ဤနည်းပရိယာယ်အားဖြင့်"ရဟန်းဂေါတမသည် မပြုထိုက် ဟူသော အယူ 'အကိရိယဝါဒ' ရှိ၏" ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏၊ သင် (ပုဏ္ဏား) ရည်ရွယ်ပြောဆိုသော နည်းပရိယာယ်မျိုးကား (ငါတို့၌) မရှိသည်သာတည်း ဟု (မိန့်တော်မူ၏)။ (၃)

အသျှင်ဂေါတမသည် ဖြတ်အပ်၏ ဟူသော အယူ 'ဥစ္ဆေဒဝါဒ'ရှိ၏ ဟု (ပုဏ္ဏားက ဆို၏)။

ပုဏ္ဏား အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ဖြတ်အပ်၏ ဟူသော အယူ 'ဥစ္ဆေဒဝါဒ' ရှိ၏" ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိသည်သာလျှင်တည်း၊ ပုဏ္ဏား ငါသည် ရာဂ ဒေါသ မောဟတို့ကို ဖြတ်အပ်သည်ကို ဟော၏၊ များပြားသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ဖြတ်အပ်သည်ကို ဟော၏၊ ပုဏ္ဏား ဤနည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ဖြတ်အပ်၏ ဟူသော အယူ 'ဥစ္ဆေဒဝါဒ' ရှိ၏" ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏၊ သင် (ပုဏ္ဏား) ရည်ရွယ်ပြောဆိုသော နည်းပရိယာယ်မျိုးကား (ငါတို့၌) မရှိသည်သာတည်း ဟု (မိန့်တော်မူ၏)။ (၄)

အသျှင်ဂေါတမသည် စက်ဆုပ်ခြင်း သဘောရှိ၏ ဟု (ပုဏ္ဏားက ဆို၏)။

ပုဏ္ဏား အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် စက်ဆုပ်ခြင်း သဘောရှိ၏" ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိသည်သာလျှင်တည်း၊ပုဏ္ဏား ငါသည် ကိုယ်ဖြင့်ပြုသော မကောင်းသော အကျင့်'ကာယဒုစရိုက်' ကိုငင်း နှုတ်ဖြင့်ပြုသော မကောင်းသော အကျင့် 'ဝစီဒုစရိုက်'ကိုငင်း စိတ်ဖြင့်ပြုသော မကောင်းသော အကျင့် 'မနောဒုစရိုက်' ကိုငင်း များပြားသော ယုတ်ညံ့သော အကုသိုလ်တရားတို့သို့ ရောက်ခြင်းကိုငင်း စက်ဆုပ်၏၊ ပုဏ္ဏား ဤနည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် စက်ဆုပ်ခြင်း သဘောရှိ၏" ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏၊ သင် (ပုဏ္ဏား) ရည်ရွယ်ပြောဆိုသော နည်းပရိယာယ်မျိုးကား (ငါတို့၌) မရှိသည်သာတည်း ဟု(မိန့်တော်မူ၏)။ (၅)

အသျှင်ဂေါတမသည် ဖျက်ဆီးတတ်၏ ဟု (ပုဏ္ဏားက ဆို၏)။

ပုဏ္ဏား အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ဖျက်ဆီးတတ်၏" ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိသည်သာလျှင်တည်း၊ ပုဏ္ဏား ငါသည် ရာဂကိုငင်း ဒေါသကိုငင်း မောဟကိုငင်း ဖျက်ဆီးရန် တရားကို ဟော၏၊ များပြားသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ဖျက်ဆီးရန် တရားကိုဟော၏၊ ပုဏ္ဏား ဤနည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ဖျက်ဆီးတတ်၏" ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏၊ သင် (ပုဏ္ဏား) ရည်ရွယ်ပြောဆိုသော နည်းပရိယာယ်မျိုးကား (ငါတို့၌) မရှိသည်သာတည်း ဟု (မိန့်တော်မူ၏)။ (၆)

အသျှင်ဂေါတမသည် ပူပန်စေတတ်သော သဘောရှိ၏ ဟု (ပုဏ္ဏားက ဆို၏)။

ပုဏ္ဏား အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ပူပန်စေတတ်သော သဘောရှိ၏" ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိသည်သာလျှင်တည်း၊ ပုဏ္ဏား ငါသည် ကိုယ်ဖြင့် ပြုသော မကောင်းသော အကျင့် 'ကာယ

http://www.dhammadownload.com



ဒုစရိုက်’ ကိုရင်း နှုတ်ဖြင့် ပြုသော မကောင်းသော အကျင့် ‘ဝစီဒုစရိုက်’ ကိုရင်း စိတ်ဖြင့် ပြုသော မကောင်းသော အကျင့် ‘မနောဒုစရိုက်’ ကိုရင်း များပြားသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကိုရင်း ပူပန်စေတတ်သော တရားတို့ဟူ၍ ဟော၏၊ ပုဏ္ဏား ပူပန်စေတတ်၍ ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့ကို ပယ်ပြီးသော (အဝိဇ္ဇာတဏှာ) အမြစ်ကို အကြွင်းမဲ့ ဖြတ်ပြီးသော(နုတ်ပြီးသော)ထန်းပင်ရာကဲ့သို့ ပြုပြီးသော(အသစ်)မဖြစ်ခြင်းကို ပြုပြီးသော နောင်အခါ၌ ဖြစ်ခြင်းသဘော မရှိသော သူကို ပူပန်စေတတ်သော အကျင့်ရှိသူဟု ငါဟော၏၊ ပုဏ္ဏား မြတ်စွာဘုရားသည် ပူပန်စေတတ်သော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ပယ်ပြီးပြီ၊ (အဝိဇ္ဇာတဏှာ) အမြစ်ကို အကြွင်းမဲ့ ဖြက်ပြီးပြီ၊ (နုတ်ပြီးသော) ထန်းပင်ရာကဲ့သို့ ပြုပြီးပြီ၊ (အသစ်) မဖြစ်ခြင်းကို ပြုပြီးပြီ၊ နောင်အခါ၌ ဖြစ်ခြင်း သဘောမရှိကုန်ပြီ၊ ပုဏ္ဏား ဤနည်းပရိယာယ်အားဖြင့် “ရဟန်းဂေါတမသည် ပူပန်စေတတ်သော သဘောရှိ၏” ဟုငါ့ကို ပြောဆိုလိုမူ ပြောနိုင်ဆိုရာ၏၊ သင်(ပုဏ္ဏား)ရည်ရွယ်ပြောဆိုသော နည်းပရိယာယ်မျိုးကား (ငါတို့၌) မရှိသည်သာတည်း ဟု (မိန့်တော်မူ၏)။ (၇)

အသျှင်ဂေါတမသည် နတ်ပြည်ရောက်ခြင်းငှါ မထိုက် ဟု (ပုဏ္ဏားက ဆို၏)။

ပုဏ္ဏား အကြင်သို့သော နည်းပရိယာယ်အားဖြင့် “ရဟန်းဂေါတမသည် နတ်ပြည်ရောက်ခြင်းငှါ မထိုက်” ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆို နိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိသည်သာတည်း၊ ပုဏ္ဏား နောင်တဖန် ပဋိသန္ဓေနေခြင်း တဖန်ဘဝသစ်၌ ဖြစ်ခြင်းကို ပယ်ပြီးသော (အဝိဇ္ဇာတဏှာ) အမြစ်ကို အကြွင်းမဲ့ဖြတ်ပြီးသော (နုတ်ပြီးသော) ထန်းပင်ရာကဲ့သို့ ပြုပြီးသော (အသစ်)မဖြစ်ခြင်းကို ပြုပြီးသော နောင်အခါ၌ ဖြစ်ခြင်း သဘောမရှိသော သူကို ပဋိသန္ဓေနေခြင်းမှ ကင်း၏ဟု ငါဟော၏၊ ပုဏ္ဏား မြတ်စွာဘုရားသည် နောင်တဖန် ပဋိသန္ဓေနေခြင်း တဖန်ဘဝသစ်၌ ဖြစ်ခြင်းကို ပယ်ပြီးပြီ (အဝိဇ္ဇာတဏှာ) အမြစ်ကို အကြွင်းမဲ့ ဖြတ်ပြီးပြီ၊ (နုတ်ပြီးသော) ထန်းပင်ရာကဲ့သို့ ပြုပြီးပြီ၊ (အသစ်) မဖြစ်ခြင်းကို ပြုပြီးပြီ၊ နောင်အခါ၌ ဖြစ်ခြင်း သဘောမရှိကုန်ပြီ၊ ပုဏ္ဏား ဤနည်းပရိယာယ်အားဖြင့် “ရဟန်းဂေါတမသည် နတ်ပြည်ရောက်ခြင်းငှါ မထိုက်” ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏၊ သင်(ပုဏ္ဏား) ရည်ရွယ်ပြောဆိုသော နည်းပရိယာယ်မျိုးကား (ငါတို့၌) မရှိသည်သာတည်း ဟု (မိန့်တော်မူ၏)။ (၈)

ပုဏ္ဏား ဥပမာသော်ကား ကြက်မ၌ ရှစ်လုံးသော်၎င်း ဆယ်လုံးသော်၎င်း တဆယ့်နှစ်လုံးသော်၎င်း ဥတို့သည် ရှိကုန်ရာ၏၊ထို(ဥ)တို့ကို ကြက်မသည် ကောင်းစွာ ဝပ်အပ်ကုန်၏၊ ထက်ဝန်းကျင်မှ ကောင်းစွာ အငွေ့ပေးအပ်ကုန်၏၊ ထက်ဝန်းကျင်မှ ကောင်းစွာ (ကြက်နံ့ကို) ထုံစေအပ်ကုန်၏၊ (ကြက်ဥတို့အတွင်း၌တည်သော) ထိုကြက်ငယ်အပေါင်းတို့တွင် ခြေသည်းဖျားနှုတ်သီးဖျားဖြင့် ဥခွံကို ရှေးဦးစွာ ဖောက်ခွဲ၍ ချမ်းချမ်း သာသာ ပေါက်ဖွားလာသော ကြက်ငယ်ကို အဘယ်သို့ ဆိုအပ်သနည်း၊ “အကြီးဟူ၍ ဆိုအပ်သလော၊ သို့မဟုတ် အငယ်ဟူ၍ ဆိုအပ်သလော” ဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ “အကြီး” ဟူ၍ ဆိုအပ်ပါသည်၊ ထိုကြက်ငယ်အပေါင်းတို့တွင် (ဥခွံကို ဖောက်ခွဲ၍ ရှေးဦးစွာထွက်လာသော) ထို(ကြက်ငယ်)သည် အကြီးဖြစ်ပါ၏ ဟု (လျှောက်၏)။

ပုဏ္ဏား ဤအတူပင် အဝိဇ္ဇာ၌ရောက်သော(အဝိဇ္ဇာ) ဟူသော ဥ၌ဖြစ်သော (အဝိဇ္ဇာဟူသော ဥခွံဖြင့်) ထက်ဝန်းကျင် မြှေးယှက်အပ်သော သတ္တဝါအပေါင်းတွင် အဝိဇ္ဇာဟူသော ဥခွံကို ဖောက်

http://www.dhammadownload.com



ခဲ့၍ (ငါ)တဦးတည်းသာလျှင် လောက၌ အတုမဲ့ လွန်မြတ်သော ကိုယ်တိုင် မှန်စွာ သိမြင်သော 'သမ္မာသမ္ဗောဓိ' ဉာဏ်ကို ထိုးထွင်း၍ သိပြီ၊ ပုဏ္ဏား ထိုငါသည် လောကထက်ကြီး၏၊ မြတ်၏။

ပုဏ္ဏား ငါသည် မတွန့်ဘိုသော လုံ့လကို အားထုတ် ပြီးပြီ၊ (ငါ့အား) မေ့လျော့ခြင်းမရှိသော သတိသည် ထင်ပြီ၊ (ငါ၏) ကိုယ်သည် ပူပန်ခြင်းမရှိ ငြိမ်းအေးပြီ၊ (ငါ၏) စိတ်သည် တခုတည်းသော အာရုံရှိသည်ဖြစ်၍ ကောင်းစွာ တည်ပြီ၊ ပုဏ္ဏား ထိုငါသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်' နှင့် တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' နှင့် တကွဖြစ်သော (နီဝရဏ) ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမစျာန်သို့ ရောက်၍ နေခဲ့ပြီ။ ဝိတက် ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်တည်ကြည်ခြင်း 'သမာဓိ' ကို ပွါးစေတတ်သော ကြံစည်ခြင်း 'ဝိတက်' မရှိသော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' မရှိသော တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယစျာန်သို့ ရောက်၍ နေခဲ့ပြီ၊ နှစ်သိမ့်ခြင်း 'ပီတိ' ကိုလည်း မတပ်မက်ခြင်းကြောင့် အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ခြင်း 'သမ္ပဇဉ်' နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက် နေခဲ့ပြီ၊ ချမ်းသာခြင်း 'သုခ' ကိုလည်း ကိုယ်ဖြင့်ခံစားခဲ့ပြီ၊ အကြင်တတိယစျာန်ကြောင့် ထိုသူကို "လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ" ဟု အရိယာ (ပုဂ္ဂိုလ်)တို့သည် ပြောကြားကုန်၏၊ (ထိုငါသည်)ထိုတတိယစျာန်သို့ ရောက်၍နေခဲ့ပြီ။ ချမ်းသာ ဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ရှေးဦးကပင်လျှင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ချုပ်နှင့်ခြင်းကြောင့်၎င်း ဆင်းရဲ ချမ်းသာမရှိသော လျစ်လျူရှုမှု 'ဥပေက္ခာ' ကြောင့်ဖြစ်သောသတိ၏ စင်ကြယ်မှု ရှိသော စတုတ္ထစျာန်သို့ ရောက်၍ နေခဲ့ပြီ။ ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါအသင့်ဖြစ်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုငါသည် ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့၍ သိသော 'ပုဗ္ဗေနိဝါသာနုဿတိဉာဏ်' အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေခဲ့ပြီ။ ထိုငါသည် များပြားသော ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့၏၊ ဤသည်တို့ကားအဘယ်နည်း— တဘဝကိုငါ်း နှစ်ဘဝတို့ကိုငါ်း သုံးဘဝတို့ကိုငါ်း လေးဘဝတို့ကိုငါ်း ငါးဘဝတို့ကိုငါ်း ဆယ်ဘဝတို့ကိုငါ်း ဘဝနှစ်ဆယ်တို့ကိုငါ်း ဘဝသုံးဆယ်တို့ကိုငါ်း ဘဝလေးဆယ်တို့ကိုငါ်း ဘဝငါးဆယ်တို့ကိုငါ်း ဘဝတရာကိုငါ်း ဘဝတထောင်ကိုငါ်း ဘဝတသိန်းကိုငါ်း များပြားသော ပျက်ကပ်တို့ကိုငါ်း များပြားသော ဖြစ်ကပ်တို့ကိုငါ်း များပြားသော ပျက်ကပ် ဖြစ်ကပ်တို့ကိုငါ်း ဤမည်သော ဘဝ၌ (ငါသည်) ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာ ဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထို ငါသည် ထိုဘဝမှ သေခဲ့၍ ဤမည်သော ဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း "ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာ ဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ ထို(ငါ)သည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏" ဟု ဤသို့ အခြင်းအရာနှင့် တကွ ညွှန်ပြဖွယ် (အမည်အနွယ်) နှင့်တကွ များပြားသော ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့ခဲ့ပြီ။ ပုဏ္ဏား ငါသည် ညဥ့်ဦး 'ပဌမ' ယံ၌ ဤပဌမဖြစ်သော အသိဉာဏ် 'ဝိဇ္ဇာ' ကို ရခဲ့ပြီ၊ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသောသူအား

http://www.dhammadownload.com



မသိမှု 'အဝိဇ္ဇာ' ပျောက်၍ အသိဉာဏ် 'ဝိဇ္ဇာ' ဖြစ်ပေါ်သကဲ့သို့ (ငါ့အား) မသိမှု 'အဝိဇ္ဇာ' ပျောက်၍ အသိဉာဏ် 'ဝိဇ္ဇာ' ဖြစ်ပေါ်ခဲ့ပြီ၊ အမိုက်မှောင် ပျောက်၍ အလင်းရောင်ဖြစ်ပေါ်သကဲ့သို့ (ငါ့အား) အမိုက်မှောင်ပျောက်၍ အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။ ပုဏ္ဏား ဤသည်ကား ကြက်ငယ်သည် ဥခွံတွင်းမှ ဖောက်ခွဲ ထွက်ပေါ်လာသကဲ့သို့ (အဝိဇ္ဇာဥခွံမှ) ငါ၏ ပဌမဖောက်ခွဲ ထွက်ပေါ်လာခြင်း ဖြစ်၏ ။ (၁)

ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါအသင့် ဖြစ်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုငါသည် သတ္တဝါတို့၏သေခြင်း ဖြစ်ပေါ်ခြင်းကို သိသော 'စုတူပပါတဉာဏ်' အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေခဲ့ပြီ။

ထိုငါသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သော သတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသော သတ္တဝါ အဆင်းမလှသော သတ္တဝါ ကောင်းသော လားရာရှိသော သတ္တဝါ မကောင်းသော လားရာရှိသော သတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်သော သတ္တဝါတို့ကို သိ၏၊ "အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့် ပြုသော မကောင်းသော အကျင့် 'ကာယဒုစရိုက်' နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့် ပြုသော မကောင်းသော အကျင့် 'ဝစီဒုစရိုက်' နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့် ပြုသော မကောင်းသော အကျင့် 'မနောဒုစရိုက် နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲကုန်၏၊ မှားသော အယူရှိကုန်၏၊ မှားသော အယူဖြင့် ပြုသော ကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသော လားရာ ဖရိုဖရဲကျရောက်ရာ ငရဲ၌ ဖြစ်ပေါ်ကုန်၏" ဟု သိ၏၊ "အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့် ပြုသော ကောင်းသော အကျင့် 'ကာယသုစရိုက်' နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့် ပြုသော ကောင်းသောအကျင့် 'ဝစီသုစရိုက်' နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့် ပြုသော ကောင်းသော အကျင့်'မနောသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲခြင်းမှ ကင်းကုန်၏၊ မှန်သော အယူရှိကုန်၏၊ မှန်သော အယူဖြင့် ပြုသော ကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာလူ့ပြည် နတ်ပြည်'သုဂတိ'၌ ဖြစ်ပေါ်ကုန်၏"ဟုသိ၏။ ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့် တူသော'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲ သတ္တဝါ ဖြစ်ပေါ်ဆဲ သတ္တဝါ' ယုတ်သော သတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသော သတ္တဝါ အဆင်းမလှသော သတ္တဝါ ကောင်းသော လားရာရှိသော သတ္တဝါ မကောင်းသော လားရာရှိသော သတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်လာသော သတ္တဝါတို့ကို သိ၏၊ပုဏ္ဏား ငါသည် သန်ကောင်'မဇ္ဈိမ'ယံ၌ ဤဒုတိယဖြစ်သော အသိဉာဏ်'ဝိဇ္ဇာ'ကို ရနိုင်ပြီ၊ မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် စေလွှတ်အပ်သော စိတ်ရှိသည် ဖြစ်၍ နေသော သူအား မသိမှု'အဝိဇ္ဇာ'ပျောက်၍ အသိဉာဏ်ဝိဇ္ဇာ ဖြစ်ပေါ်သကဲ့သို့ (ငါ့အား) မသိမှု 'အဝိဇ္ဇာ' ပျောက်၍အသိဉာဏ်'ဝိဇ္ဇာ'ဖြစ်ပေါ်ခဲ့ပြီ၊အမိုက်မှောင် ပျောက်၍ အလင်းရောင် ဖြစ်ပေါ်သကဲ့သို့ (ငါ့အား) အမိုက်မှောင် ပျောက်၍ အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။ ပုဏ္ဏား ဤသည်ကား ကြက်ငယ်သည် ဥခွံတွင်းမှ ဖောက်ခွဲ ထွက်ပေါ်လာသကဲ့သို့ (အဝိဇ္ဇာဥခွံမှ)ငါ၏ ဒုတိယ ဖောက်ခွဲထွက်ပေါ်လာခြင်း ဖြစ်၏။ (၂)

http://www.dhammadownload.com



ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ အသင့်ဖြစ်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုငါသည် အာသဝေါတရားတို့ကို ကုန်စေသော 'အာသဝက္ခယဉာဏ်'အလို့ငှါ စိတ်ကို ရှေးရှုညွှတ်စေခဲ့ပြီ။ ထိုငါသည် "ဤကား ဆင်းရဲ"ဟု ဟုတ်မှန်သော အတိုင်း သိခဲ့ပြီ၊ "ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်း" ဟုဟုတ်မှန်သော အတိုင်း သိခဲ့ပြီ၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)"ဟု ဟုတ်မှန်သောအတိုင်း သိခဲ့ပြီ၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ရောက်ကြောင်း အကျင့်"ဟု ဟုတ်မှန်သော အတိုင်း သိခဲ့ပြီ၊ "ဤသည်တို့ကား ယိုစီးခြင်း အာသဝတို့"ဟု ဟုတ်မှန်သော အတိုင်း သိခဲ့ပြီ၊ "ဤကား ယိုစီးခြင်းအာသဝတို့ ဖြစ်ပေါ်ခြင်း၏ အကြောင်း"ဟု ဟုတ်မှန်သော အတိုင်း သိခဲ့ပြီ၊ "ဤကား ယိုစီးခြင်း 'အာသဝ'တို့ချုပ်ရာ (နိဗ္ဗာန်)"ဟု ဟုတ်မှန်သော အတိုင်း သိခဲ့ပြီ၊ "ဤကား ယိုစီးခြင်း 'အာသဝ'တို့ ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်"ဟု ဟုတ်မှန်သော အတိုင်း သိခဲ့ပြီ၊ ဤသို့ သိသော် ဤသို့ မြင်သော်ထိုငါ(ဘုရား)၏ စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်ခဲ့ပြီ၊ ဘဝါသဝမှလည်း လွတ်မြောက်ခဲ့ပြီ၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်ခဲ့ပြီ လွတ်မြောက်ပြီးလတ်သော် "လွတ်မြောက်ခဲ့လေပြီ"ဟု အသိဉာဏ် ဖြစ်ပေါ်၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စ အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ"ဟု သိခဲ့ပြီ။

ပုဏ္ဏား ငါသည် မိုးသောက် 'ပစ္ဆိမ' ယံ၌ ဤတတိယဖြစ်သော အသိဉာဏ် 'ဝိဇ္ဇာ'ကိုရခဲ့ပြီ၊ မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသောသူအား မသိမှု'အဝိဇ္ဇာ'ပျောက်၍ အသိဉာဏ်'ဝိဇ္ဇာ'ဖြစ်ပေါ်သကဲ့သို့ (ငါ့အား)မသိမှု 'အဝိဇ္ဇာ' ပျောက်၍ အသိဉာဏ်'ဝိဇ္ဇာ'ဖြစ်ပေါ်ခဲ့ပြီ၊ အမိုက်မှောင် ပျောက်၍ အလင်းရောင် ဖြစ်ပေါ်သကဲ့သို့(ငါ့အား) အမိုက်မှောင် ပျောက်၍ အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။ ပုဏ္ဏား ဤသည်ကား ကြက်ယေသည် ဥခွံတွင်းမှ ဖောက်ခွဲ ထွက်ပေါ်လာသကဲ့သို့ (အဝိဇ္ဇာဥခွံမှ)ငါ၏ တတိယဖောက်ခွဲ ထွက်ပေါ်လာခြင်းဖြစ်၏။ (၃)

ဤသို့ မိန့်တော်မူသော် ဝေရဉ္စပုဏ္ဏားသည် မြတ်စွာဘုရားအား ဤ(စကားကို)လျှောက်၏။

"အသျှင်ဂေါတမသည် အကြီးဖြစ်ပါပေ၏၊ အသျှင်ဂေါတမသည် အမြတ်ဖြစ်ပါပေ၏၊ အသျှင်ဂေါတမ(တရားတော်သည်)အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊အသျှင်ဂေါတမ ဥပမာသော်ကား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ရှင်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ရှင်း မျက်စိလည်သော သူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ရှင်း "မျက်စိအမြင်ရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်"ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရှင်း အသျှင်ဂေါတမ ဤအတူသာလျှင် အသျှင်ဂေါတမသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင်ဂေါတမ ထိုအကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ"ဟု (လျှောက်၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-သီဟသုတ်

၁၂။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ (သီတင်းသုံး) နေတော်မူ၏။ ထိုစဉ်အခါ အလွန်ကျော်စော ထင်ရှားသော လိစ္ဆဝီမင်းတို့သည် မင်းကွန်း၌ အတူနေ အတူစည်းဝေးကုန်လျက် များစွာသော အကြောင်းဖြင့် မြတ်စွာဘုရားဂုဏ်ကို ပြောဆိုကုန်၏၊ တရားတော်၏ ဂုဏ်ကို ပြောဆိုကုန်၏၊ သံဃာတော်၏ ဂုဏ်ကို ပြောဆိုကုန်၏။

ထိုအခါ နိဂဏ္ဌ၏တပည့် သီဟစစ်သူကြီးသည် ထိုပရိသတ်၌ ထိုင်နေ၏၊ ထိုအခါ သီဟစစ်သူကြီးအား ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဘုရားဖြစ်ပေလိမ့်မည်၊ ထို့ကြောင့်သာလျှင် အလွန်ကျော်စောထင်ရှားသော ဤလိစ္ဆဝီမင်းတို့သည် မင်းကွန်း၌ အတူနေ အတူစည်းဝေးကုန်လျက် များစွာသော အကြောင်းဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကို ပြောဆိုကုန်၏၊ တရားတော်၏ ဂုဏ်ကို ပြောဆိုကုန်၏ သံဃာတော်၏ ဂုဏ်ကို ပြောဆိုကုန်၏၊ ငါသည် ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမျှော်ရန် ချဉ်းကပ်ရမူ ကောင်းရာ"ဟု အကြံဖြစ်၏။

ထို့နောက် သီဟစစ်သူကြီးသည် နိဂဏ္ဌနာဋပုတ္တထံသို့ ချဉ်းကပ်ပြီးလျှင် နာဋ၏သား နိဂဏ္ဌအား "အသျှင်ဘုရား အကျွန်ုပ်သည် ရဟန်းဂေါတမကို ဖူးမျှော်ရန် ချဉ်းကပ် ခြင်းငှါ အလိုရှိပါ၏"ဟု ပြောဆို၏။

သီဟ အဘယ့်ကြောင့် သင်သည် ပြုထိုက်၏ ဟူသော 'ကိရိယဝါဒ' အယူရှိလျက် မပြုထိုက်ဟူသော 'အကိရိယဝါဒ'အယူရှိသော ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်လိုဘိသနည်း၊ သီဟ ရဟန်းဂေါတမသည် မပြုထိုက်ဟု 'အကိရိယဝါဒ'အယူရှိ၏၊ မပြုစိမ့်သောငှါ တရားကို ဟော၏၊ ထို (အကိရိယဝါဒ) တရားဖြင့် တပည့်တို့ကို ဆုံးမ၏ဟု (ပြောဆို၏)။

ထိုအခါ သီဟစစ်သူကြီးအား မြတ်စွာဘုရားကို ဖူးမျှော်ရန် သွားအံ့ဟု အားထုတ်မှုသည် ငြိမ်းလေ၏။ နှစ်ကြိမ်မြောက်လည်း အလွန်ကျော်စော ထင်ရှားကုန်သော လိစ္ဆဝီမင်းတို့သည် မင်းကွန်း၌ အတူနေ အတူစည်းဝေးကုန်လျက် များစွာသော အကြောင်းဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကို ပြောဆိုကုန်၏၊ တရားတော်၏ ဂုဏ်ကို ပြောဆိုကုန်၏၊ သံဃာတော်၏ ဂုဏ်ကို ပြောဆိုကုန်၏။ နှစ်ကြိမ်မြောက်လည်း သီဟ စစ်သူကြီးအား "ထို မြတ်စွာဘုရားသည် စင်စစ် ကေန် ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရားဖြစ်ပေလိမ့်မည်၊ ထို့ကြောင့်သာလျှင် အလွန် ကျော်စော ထင်ရှားကုန်သော ဤလိစ္ဆဝီမင်းတို့သည် မင်းကွန်း၌ အတူနေ အတူစည်းဝေးကုန်လျက် များစွာသော အကြောင်းဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကို ပြောဆိုကုန်၏၊ တရားတော်၏ ဂုဏ်ကို ပြောဆိုကုန်၏၊ သံဃာတော်၏ ဂုဏ်ကို ပြောဆိုကုန်၏၊ ငါသည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမျှော်ရန် ချဉ်းကပ်ရမူ ကောင်းရာ၏"ဟု အကြံဖြစ်၏။

နှစ်ကြိမ်မြောက်လည်း သီဟစစ်သူကြီးသည် နိဂဏ္ဌနာဋပုတ္တထံသို့ ချဉ်းကပ်ပြီးလျှင် နာဋ၏သား နိဂဏ္ဌအား "အသျှင်ဘုရား အကျွန်ုပ်သည် ရဟန်းဂေါတမကို ဖူးမျှော်ရန် ချဉ်းကပ်ခြင်းငှါ အလိုရှိပါ၏"ဟု ပြောဆို၏။

http://www.dhammadownload.com



သီဟ အဘယ့်ကြောင့် သင်သည် ပြုထိုက်၏ဟု 'ကိရိယဝါဒ' အယူရှိလျက် မပြုထိုက်ဟု 'အကိရိယဝါဒ' အယူရှိသော ရဟန်းဂေါတမကို ဖူးမျှော်ရန် ချဉ်းကပ်လိုဘိသနည်း၊ သီဟ ရဟန်းဂေါတမသည် မပြုထိုက်ဟု 'အကိရိယဝါဒ' အယူရှိ၏၊ မပြုစိမ့်သောငှါ တရားကို ဟော၏၊ ထို(အကိရိယဝါဒ) တရားဖြင့် တပည့်တို့ကို ဆုံးမ၏ဟု (ပြောဆို၏)။ နှစ်ကြိမ်မြောက်လည်း သီဟစစ်သူကြီးအား မြတ်စွာဘုရားကို ဖူးမျှော်ရန် သွားအံ့ဟု အားထုတ်မှုသည် ငြိမ်းလေ၏။

သုံးကြိမ်မြောက်လည်း အလွန်ကျော်စောထင်ရှားကုန်သော လိစ္ဆဝီမင်းတို့သည် မင်းကွန်း၌ အတူနေ အတူစည်းဝေးကုန်လျက် များစွာသော အကြောင်းဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကို ပြောဆိုကုန်၏၊ တရားတော်၏ ဂုဏ်ကို ပြောဆိုကုန်၏၊ သံဃာတော်၏ ဂုဏ်ကို ပြောဆိုကုန်၏။

သုံးကြိမ်မြောက်လည်း သီဟစစ်သူကြီးအား "ထို မြတ်စွာဘုရားသည် စင်စစ် ကေန် ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရားဖြစ်ပေလိမ့်မည်၊ ထို့ကြောင့်သာလျှင် အလွန်ကျော်စောထင်ရှားကုန်သော ဤလိစ္ဆဝီမင်းတို့သည် မင်းကွန်း၌ အတူနေ အတူစည်းဝေးကုန်လျက် များစွာသော အကြောင်းဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကို ပြောဆိုကုန်၏၊ တရားတော်၏ ဂုဏ်ကို ပြောဆိုကုန်၏၊ သံဃာတော်၏ ဂုဏ်ကို ပြောဆိုကုန်၏။ ပန်ကြားသည်ဖြစ်စေ မပန်ကြားသည်ဖြစ်စေ ဤနိဂဏ္ဌတို့သည် အသို့ပြုနိုင်ကုန်အံ့နည်း၊ ငါသည် နိဂဏ္ဌတို့ကို မပန်ကြားပဲသာလျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမျှော်ရန် ချဉ်းကပ်ရမူ ကောင်းရာ၏"ဟု အကြံဖြစ်၏။

ထို့နောက် သီဟစစ်သူကြီးသည် နေမွန်းလွဲအခါ ရထားငါးရာတို့ဖြင့် မြတ်စွာဘုရားကို ဖူးမျှော်ရန် ဝေသာလီပြည်မှ ထွက်လေ၏၊ ယာဉ်ဖြင့် သွားနိုင်သမျှသော အရပ်တိုင်အောင် ယာဉ်ဖြင့် သွား၍ ယာဉ်မှ သက်ပြီးသော် ခြေကျင်သာလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးလျက် တခုသောနေရာ၌ ထိုင်ကာ မြတ်စွာဘုရားအား—

"အသျှင်ဘုရား 'ရဟန်းဂေါတမသည် မပြုထိုက်ဟူသော 'အကိရိယဝါဒ' အယူရှိ၏၊ မပြုစိမ့်သောငှါ တရားဟော၏၊ ထို(အကိရိယဝါဒ) တရားဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏'ဟု ကြားရဘူးပါသည်၊ အသျှင်ဘုရား အသို့ပါနည်း 'ရဟန်းဂေါတမသည် မပြုထိုက်ဟူသော 'အကိရိယဝါဒ' အယူရှိ၏၊ မပြုစိမ့်သောငှါ တရားဟော၏၊ ထို (အကိရိယဝါဒ)တရားဖြင့်လည်း တပည့်တို့ကို ဆုံးမ၏'ဟု ဆိုသော ထိုသူတို့သည် မြတ်စွာဘုရား မိန့်တော်မူသည့်အတိုင်းပင် ပြောဆိုကြသည်ဟုတ်ပါ၏လော၊ မြတ်စွာဘုရားကို မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲရာ မရောက်ပဲ ရှိပါကုန်၏လော၊ မြတ်စွာဘုရားဟောသော တရားကိုပင် တဆင့်ဟောကြားကြသည် ဟုတ်ပါ၏လော၊ (မြတ်စွာဘုရား၏) မူလရင်းစကားနှင့် (ထိုသူတို့၏)တဆင့်ပြောသော စကားသည် ကဲ့ရဲ့ဖွယ်အကြောင်း လုံးဝ ကင်းပါ၏လော၊ အကျွန်ုပ်တို့သည်ကား မြတ်စွာဘုရားကို စွပ်စွဲရန် အလိုမရှိကြပါ"ဟု လျှောက်၏။

သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် မပြုထိုက်ဟူသော 'အကိရိယဝါဒ' အယူရှိ၏၊ မပြုစိမ့်သောငှါ တရားဟော၏၊ ထို(အကိရိယဝါဒ) တရားဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏"ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ် မျိုးသည် ရှိ၏။ (၁)

သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ပြုထိုက်၏ဟူသော 'ကိရိယဝါဒ'အယူရှိ၏၊ ပြုစိမ့်သောငှါ တရားဟော၏၊ ထို(ကိရိယဝါဒ) တရားဖြင့်လည်း တပည့်

http://www.dhammadownload.com



သားတို့ကို ဆုံးမ၏" ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ် မျိုးသည် ရှိ၏။ (၂)

သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ဖြတ်အပ်၏ဟူသော 'ဥစ္ဆေဒဝါဒ' အယူရှိ၏၊ ဖြတ်စိမ့်သောငှါ တရားဟော၏၊ ထို(ဥစ္ဆေဒဝါဒ)တရားဖြင့်လည်း တပည့် သားတို့ကို ဆုံးမ၏" ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ် မျိုးသည် ရှိ၏။ (၃)

သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် စက်ဆုပ်ခြင်းသဘော ရှိ၏၊ စက်ဆုပ်စိမ့်သောငှါ တရားဟော၏၊ ထိုတရားဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏"ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိ၏။ (၄)

သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ဖျက်ဆီးတတ်၏၊ ဖျက် ဆီးစိမ့်သောငှါ တရားဟော၏၊ ထိုတရားဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏"ဟု ငါ့ကို ပြောဆို လိုမူ ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိ၏။ (၅)

သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ပူပန်စေတတ်သော အကျင့်ရှိ၏၊ ပူပန်စိမ့်သောငှါ တရားဟော၏၊ ထိုတရားဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏"ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိ၏။ (၆)

သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ပဋိသန္ဓေနေခြင်းမှ ကင်း၏၊ ပဋိသန္ဓေနေခြင်းမှ ကင်းစိမ့်သောငှါ တရားဟော၏၊ ထိုတရားဖြင့်လည်း တပည့် သားတို့ကို ဆုံးမ၏" ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ် မျိုးသည် ရှိ၏။ (၇)

သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် သက်သာရာကို ရှာတတ် ၏၊ သက်သာရာကို ရှာစိမ့်သောငှါ တရားဟော၏၊ ထိုတရားဖြင့်လည်း တပည့်သားတို့ကို ဆုံးမ ၏"ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိ၏။ (၈)

သီဟ အကြင်သို့သော နည်းပရိယာယ် အားဖြင့် "ရဟန်းဂေါတမသည် မပြုထိုက် ဟူသော 'အကိရိယဝါဒ' အယူရှိ၏၊ မပြုစိမ့်သောငှါ တရားဟော၏၊ ထို(အကိရိယဝါဒ) တရားဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏"ဟု ငါ့ကိုပြောဆိုလိုမူ ပြောဆိုနိုင်ရာသော ထိုအကြောင်းကား အဘယ် နည်း။

သီဟ ငါသည် ကိုယ်ဖြင့် ပြုသော မကောင်းသောအကျင့်'ကာယဒုစရိုက်' နှုတ်ဖြင့် ပြုသော မကောင်းသော အကျင့် 'ဝစီဒုစရိုက်' စိတ်ဖြင့် ပြုသော မကောင်းသော အကျင့် 'မနောဒုစရိုက်'ကို မပြုထိုက်ဟု ဟော၏၊ များပြားသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို မပြုထိုက်ဟု ဟော၏၊ သီဟ ဤသို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် မပြုထိုက်ဟူသော'အကိရိယဝါဒ' အယူရှိ၏၊ မပြုစိမ့်သောငှါ တရားဟော၏၊ ထို(အကိရိယဝါဒ) တရားဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏"ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏။ (၁)

သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ပြုထိုက်၏ဟူသော 'ကိရိယဝါဒ'အယူရှိ၏၊ ပြုစိမ့်သောငှါ တရားဟော၏၊ ထို(ကိရိယဝါဒ) တရားဖြင့်လည်း တပည့် သားတို့ကို ဆုံးမ၏"ဟု ပြောဆိုလိုမူ ပြောဆိုနိုင်ရာသော အကြောင်းကား အဘယ်နည်း။

http://www.dhammadownload.com



သီဟ ငါသည် ကိုယ်ဖြင့် ပြုသော ကောင်းသော အကျင့် 'ကာယသုစရိုက်' နှုတ်ဖြင့် ပြုသော ကောင်းသော အကျင့်'ဝစီသုစရိုက်' စိတ်ဖြင့် ပြုသော ကောင်းသော အကျင့်'မနောသုစရိုက်'ကို ပြုထိုက်၏ဟု ဟော၏၊ သီဟ ဤသို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ပြုထိုက်၏ ဟူသော 'ကိရိယဝါဒ' အယူရှိ၏၊ ပြုစိမ့်သောငှါ တရားဟော၏၊ ထို(ကိရိယဝါဒ) တရားဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏"ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏။ (၂)

သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ဖြတ်အပ်၏ဟူသော 'ဥစ္ဆေဒဝါဒ"အယူရှိ၏၊ ဖြတ်စိမ့်သောငှါ တရားဟော၏၊ ထို(ဥစ္ဆေဒဝါဒ)တရားဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏"ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာသော ထိုအကြောင်းကား အဘယ်နည်း။

သီဟ ငါသည် ရာဂ ဒေါသ မောဟတို့ကို ဖြတ်အပ်သည်ကို ဟော၏၊ များပြားသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ဖြတ်အပ်သည်ကို ဟော၏၊ သီဟ ဤသို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ဖြတ်အပ်၏ဟူသော'ဥစ္ဆေဒဝါဒ'အယူရှိ၏၊ ဖြတ်စိမ့်သောငှါ တရားဟော၏၊ ထို (ဥစ္ဆေဒဝါဒ) တရားဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏" ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏။ (၃)

သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် စက်ဆုပ်ခြင်းသဘော ရှိ၏၊ စက်ဆုပ်စိမ့်သောငှါ တရားဟော၏၊ ထိုတရားဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏"ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာသော ထိုအကြောင်းကား အဘယ်နည်း။

သီဟ ငါသည် ကိုယ်ဖြင့် ပြုသော မကောင်းသော အကျင့်'ကာယဒုစရိုက်' နှုတ်ဖြင့် ပြုသော မကောင်းသော အကျင့်'ဝစီဒုစရိုက်' စိတ်ဖြင့် ပြုသော မကောင်းသော အကျင့် 'မနောဒုစရိုက်'မှ စက်ဆုပ်၏၊ များပြားသော ယုတ်ညံ့သော အကုသိုလ်တရားတို့သို့ ရောက်ခြင်းမှ စက်ဆုပ်၏၊ သီဟ ဤသို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် စက်ဆုပ်ခြင်း သဘောရှိ၏၊ စက်ဆုပ်စိမ့်သောငှါ တရားဟော၏၊ ထိုတရားဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏"ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏။ (၄)

သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ဖျက်ဆီးတတ်၏၊ ဖျက်ဆီးစိမ့်သောငှါ တရားဟော၏၊ ထိုတရားဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏" ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာသော ထိုအကြောင်းကား အဘယ်နည်း။

သီဟ ငါသည် ရာဂ ဒေါသ မောဟကို ဖျက်ဆီးစိမ့်သောငှါ တရားဟော၏၊ များပြားသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ဖျက်ဆီးစိမ့်သောငှါ တရားဟော၏၊ သီဟ ဤသို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ဖျက်ဆီးတတ်၏၊ ဖျက်ဆီးခြင်းငှါ တရားဟော၏၊ ထိုတရားဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏" ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏။ (၅)

သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ပူပန်စေတတ်သော သဘောရှိ၏၊ ပူပန်စိမ့်သောငှါ တရားဟော၏၊ ထိုတရားဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏" ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာသော ထိုအကြောင်းကား အဘယ်နည်း။

သီဟ ငါသည် ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ပူပန်စေတတ်၏ဟု ဟော၏၊ ကိုယ်ဖြင့် ပြုသော မကောင်းသော အကျင့် 'ကာယဒုစရိုက်' နှုတ်ဖြင့်ပြုသော မကောင်းသော အကျင့် 'ဝစီဒုစရိုက်'စိတ်ဖြင့်ပြုသော မကောင်းသောအကျင့်'မနောဒုစရိုက်'ကို ပူပန်စေတတ်၏ဟု ဟော၏။

http://www.dhammadownload.com



သီဟ ပူပန်စေတတ်၍ ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ပယ်ပြီးသော (အဝိဇ္ဇာတဏှာ) အမြစ်ကို အကြွင်းမဲ့ ဖြတ်ပြီးသော(နုတ်ပြီးသော) ထန်းပင်ရာကဲ့သို့ ပြုပြီးသော (အသစ်) မဖြစ်ခြင်းကို ပြုပြီးသော နောင်တဖန် ဖြစ်ခြင်းသဘော မရှိသော ပုဂ္ဂိုလ်ကို ကိလေသာတို့ကို ပူပန်စေတတ်သော ပုဂ္ဂိုလ်ဟူ၍ ငါဟော၏။ သီဟ မြတ်စွာဘုရားသည် ပူပန်စေတတ်သော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ပယ်ပြီးပြီ၊ (အဝိဇ္ဇာတဏှာ)အမြစ်ကို ဖြတ်ပြီးပြီ၊ (နုတ်ပြီးသော)ထန်းပင်ရာကဲ့သို့ ပြုပြီးပြီ၊ (အသစ်) မဖြစ်ခြင်းကို ပြုပြီးပြီ၊ နောင်အခါ၌ ဖြစ်ခြင်းသဘော မရှိကုန်ပြီ၊ သီဟ ဤသို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ပူပန်စေတတ်သော သဘောရှိ၏၊ ပူပန်စိမ့်သောငှါ တရားဟော၏၊ ထိုတရားဖြင့် တပည့်သားတို့ကို ဆုံးမ၏"ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏။ (၆)

သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ပဋိသန္ဓေနေခြင်းမှ ကင်း၏၊ ပဋိသန္ဓေနေခြင်းမှ ကင်းစိမ့်သောငှါ တရားဟော၏၊ ထိုတရားဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏"ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာသော အကြောင်းကား အဘယ်နည်း။

သီဟ နောင်တဖန် ပဋိသန္ဓေနေခြင်း တဖန် ဘဝသစ်၌ ဖြစ်ခြင်းကို ပယ်ပြီးသော (အဝိဇ္ဇာတဏှာ) အမြစ်ကို အကြွင်းမဲ့ဖြတ်ပြီးသော (နုတ်ပြီးသော) ထန်းပင်ရာကဲ့သို့ ပြုပြီးသော(အသစ်) မဖြစ်ခြင်းကို ပြုပြီးသော နောင်အခါ၌ ဖြစ်ခြင်း သဘောမရှိသော ပုဂ္ဂိုလ်ကိုပဋိသန္ဓေ နေခြင်းမှ ကင်း၏ ဟု ငါဟော၏။ သီဟ မြတ်စွာဘုရားသည် နောင်တဖန် ပဋိသန္ဓေနေခြင်း ဘဝသစ်၌ ဖြစ်ခြင်းကို ပယ်ပြီးပြီ၊(အဝိဇ္ဇာတဏှာ) အမြစ်ကို အကြွင်းမဲ့ဖြတ်ပြီးပြီ၊ (နုတ်ပြီးသော)ထန်းပင်ရာကဲ့သို့ ပြုပြီးပြီ၊ (အသစ်) မဖြစ်ခြင်းသို့ ပြုပြီးပြီ၊ နောင်အခါ၌ ဖြစ်ခြင်းသဘော မရှိကုန်ပြီ၊ သီဟ ဤသို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ပဋိသန္ဓေနေခြင်းမှ ကင်း၏၊ ပဋိသန္ဓေနေခြင်းမှ ကင်းစိမ့်သောငှါ တရားဟော၏၊ ထိုတရားဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏"ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏။ (၇)

သီဟ အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် သက်သာရာကို ရှာတတ်၏၊ သက်သာရာကို ရစိမ့်သောငှါ တရားဟော၏၊ ထိုတရားဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏"ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာသော အကြောင်းကား အဘယ်နည်း။

သီဟ ငါသည် မြတ်သော (မဂ် ဖိုလ်ဟူသော) သက်သာခြင်းဖြင့် သက်သာရာကို ရှာ၏၊ သက်သာရာကို ရစိမ့်သောငှါ တရားဟော၏၊ ထိုတရားဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏။ သီဟ ဤနည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် သက်သာရာကို ရှာ၏၊ သက်သာရာကို ရစိမ့်သောငှါ တရားဟော၏၊ ထိုတရားဖြင့်လည်း တပည့်သားတို့ကို ဆုံးမ၏"ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏။ (၈)

ဤသို့ ဟောတော်မူသော် သီဟစစ်သူကြီးသည် မြတ်စွာဘုရားကို "အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေ၏။ ပ ။မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်တတ်သော ဥပါသကာဟူ၍ မှတ်တော်မူပါဟု (လျှောက်၏)။

သီဟ စူးစမ်း ဆင်ခြင်၍ ပြုလော့၊ သင်တို့ကဲ့သို့ ထင်ရှားကျော်စောသော သူတို့အား စူးစမ်း ဆင်ခြင်၍ ပြုမှုသည် ကောင်း၏ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်ကို "သီဟ စူးစမ်း ဆင်ခြင်၍ ပြုလော့၊ သင်တို့ကဲ့သို့ ထင်ရှားကျော်စောသော သူတို့အား စူးစမ်း ဆင်ခြင်၍ ပြုမှုသည် ကောင်း၏"ဟု မိန့်တော်မူ၏၊ ဤစကားဖြင့်လည်း အကျွန်ုပ်သည် မြတ်စွာဘုရားအား အတိုင်းထက် အလွန် ဝမ်းမြောက်ပါ၏၊ နှစ်သက်ပါ၏။ အသျှင်ဘုရား တပါးသော အယူရှိသော တိတ္ထိတို့သည် အကျွန်ုပ်ကဲ့သို့သော တပည့်ကို ရခဲ့သော် "သီဟစစ်သူကြီးသည် ငါတို့၏ တပည့်အဖြစ်သို့ ရောက်၏" ဟု နာလန်းသွင်းကာ ဝေသာလီတပြည်လုံးကို တံခွန်အောင်လံ စိုက်ထောင်ကုန်ရာ၏၊ ထိုသို့ ဖြစ်ပါလျက်လည်း မြတ်စွာဘုရားသည် အကျွန်ုပ်ကို "သီဟ စူးစမ်း ဆင်ခြင်၍ ပြုလော့၊သင်တို့ကဲ့သို့ ထင်ရှားကျော်စောသော သူတို့အား စူးစမ်းဆင်ခြင်၍ ပြုမှုသည် ကောင်း၏"ဟု မိန့်တော်မူ၏။ အသျှင်ဘုရား ထိုအကျွန်ုပ်သည် နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်တတ်သော ဥပါသကာ ဟူ၍ မှတ်တော်မူပါဟု (လျှောက်၏)။

သီဟ ရှည်စွာသော နေ့ ညဉ့်ပတ်လုံး သင်၏ အိမ်သည် နိဂဏ္ဌတို့၏ ရေတွင်းသဖွယ်ဖြစ်ခဲ့သောကြောင့် ကပ်ရောက်လာသော ထိုနိဂဏ္ဌတို့အား ဆွမ်းလှူရမည်ကို အောက်မေ့လေလော့ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်ကို "သီဟ ရှည်စွာသော နေ့ ညဉ့်ပတ်လုံး သင်၏ အိမ်သည် နိဂဏ္ဌတို့၏ ရေတွင်းသဖွယ်ဖြစ်ခဲ့သောကြောင့် ကပ်ရောက်လာသော ထိုနိဂဏ္ဌတို့အား ဆွမ်းလှူရမည်ကို အောက်မေ့လေလော့"ဟု မိန့်တော်မူ၏၊ ဤစကားဖြင့်လည်း အကျွန်ုပ်သည် မြတ်စွာဘုရားအား အတိုင်းထက် အလွန် ဝမ်းမြောက်ပါ၏၊ နှစ်သက်ပါ၏။ အသျှင်ဘုရား ရဟန်းဂေါတမသည် "ငါ့အားသာလျှင် အလှူကို လှူအပ်၏၊ တပါးသော သူတို့အား အလှူကို မလှူအပ်၊ ငါ၏ တပည့်သားတို့အားသာလျှင် အလှူကို ပေးလှူအပ်၏၊ တပါးသော သူတို့၏ တပည့်သားတို့အား အလှူကို မပေးလှူအပ်၊ ငါ့အား လှူသော အလှူ သည်သာလျှင် အကျိုးကြီး၏၊ တပါးသော သူတို့အား လှူသော အလှူသည် အကျိုးမကြီး၊ ငါ၏ တပည့်သားတို့အား လှူသော အလှူသည်သာလျှင် အကျိုးကြီး၏၊ တပါးသောသူတို့၏ တပည့်တို့အား လှူသော အလှူသည် အကျိုးမကြီး"ဟု ဟောတော်မူ၏ဟူသော ဤစကားကို အကျွန်ုပ် ကြားရဘူးပါသည်၊ ထိုသို့ဖြစ်လျက်လည်း မြတ်စွာဘုရားသည် အကျွန်ုပ်ကို နိဂဏ္ဌတို့၌လည်း ပေးလှူခြင်း၌ ဆောက်တည်စေ၏၊ အသျှင်ဘုရား စင်စစ်သော်ကား အကျွန်ုပ်တို့သည် ထိုအလှူ ပေးခြင်း၌ အခါကာလကို သိပါကုန်အံ့၊ အသျှင်ဘုရား ထိုအကျွန်ုပ်သည် သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားကိုရင်း တရားတော်ကိုရင်း သံဃာတော်ကိုရင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်တတ်သော ဥပါသကာဟူ၍ မှတ်တော်မူပါဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် သီဟစစ်သူကြီးအား အစဉ်အတိုင်းသော တရားစကားကို ဟောတော်မူ၏။ ဤသည်ကား အဘယ်နည်း—ဒါနနှင့် စပ်သော စကားကိုရင်း သီလနှင့် စပ်သော စကားကိုရင်း နတ်ပြည်နှင့် စပ်သော စကားကိုရင်း ကာမဂုဏ်တို့၏ အပြစ်ကိုရင်း ယုတ်ညံ့ခြင်းကိုရင်း ညစ်ညူးခြင်းကိုရင်း (ကာမဂုဏ် တို့မှ) ထွက်မြောက်ခြင်း၌ အကျိုးကိုရင်း ပြတော်မူ၏။ မြတ်စွာဘုရားသည် သီဟစစ်သူကြီး၌ သင့်လျော်သောစိတ် နူးညံ့သောစိတ်

http://www.dhammadownload.com



အပိတ်အပင် 'နီဝရဏ'မှ ကင်းသောစိတ် တက်ကြွသောစိတ် ယုံကြည်သော စိတ်ရှိသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားတို့၏ ကိုယ်တိုင် ထုတ်ဖော် သိမြင်ပြီးသော 'သာမုက္ကံသိက' တရားဒေသနာတော်ဖြစ်သော ဆင်းရဲခြင်း 'ဒုက္ခသစ္စာ'ကိုလည်း ဆင်းရဲဖြစ်ကြောင်း 'သမုဒယသစ္စာ' ကိုလည်း ဆင်းရဲချုပ်ရာ 'နိရောဓသစ္စာ'ကိုလည်း ဆင်းရဲချုပ်ရာ 'နိရောဓ'သို့ ရောက်ကြောင်း လမ်းစဉ် 'မဂ္ဂသစ္စာ'ကိုလည်း ပြသတော်မူ၏၊ မည်းညစ်ခြင်းကင်းသော ဖြူစင်သော အဝတ်သည် ဆိုးရည်ကို ကောင်းစွာ ခံယူသကဲ့သို့ ထို့အတူ သီဟစစ်သူကြီးအား ထိုနေရာ၌ပင်လျှင် "ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏"ဟု (ကိလေသာ) မြူအညစ်အကြေးကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်'သည် ဖြစ်ပေါ်၏။ ထိုအခါ သီဟစစ်သူကြီးသည် တရားကို မြင်ပြီး တရားသို့ ရောက်ပြီး တရားကို သိပြီး တရားသို့ သက်ဝင်ပြီးသည်ဖြစ်၍ ယုံမှားခြင်းကို ကူးမြောက်ပြီး သို့လော သို့လော 'တွေးတောခြင်း' ကင်းပြီးသည် ဖြစ်၍ မြတ်စွာဘုရားသာသနာ၌ ရဲရင့်ခြင်းသို့ ရောက်ပြီးသည် ဘုရားမှတပါး ကိုးစားထိုက်သူ မရှိသည် ဖြစ်၍ မြတ်စွာဘုရားကို "အသျှင်ဘုရား မြတ်စွာဘုရားသည် နက်ဖြန် ဆွမ်းဘုဉ်းပေးရန် ရဟန်းသံဃာနှင့်အတူ အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါ"ဟု လျှောက်၏၊ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏။ ထိုအခါ သီဟစစ်သူကြီးသည် မြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကို သိ၍ နေရာမှထလျက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲခွါသွားလေ၏။

ထိုနောက် သီဟစစ်သူကြီးသည် ယောကျ်ားတယောက်ကို "အချင်း သွားချေ၊ အလိုလိုဖြစ်သော အသားကို သိလော့"ဟု ဆို၍ စေခိုင်း၏၊ ထိုအခါ၌ သီဟစစ်သူကြီးသည် ထိုညဉ့်လွန်သောအခါ မိမိအိမ်၌ မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ကို စီရင်ပြီးလျှင် မြတ်စွာဘုရားအား "အသျှင်ဘုရား (ဆွမ်းဘုဉ်းပေးရန်) အချိန်တန်ပါပြီ၊ ဆွမ်းစီမံ ပြီးပါပြီ"ဟု အချိန်တန်ကြောင်းကို လျှောက်ကြားစေ၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူကာ သီဟစစ်သူကြီးအိမ်သို့ ကြွတော်မူ၍ ခင်းထားသော နေရာ၌ ရဟန်းသံဃာနှင့်အတူ ထိုင်နေတော်မူ၏။ ထိုအခါ များစွာသော နိဂဏ္ဌတို့သည် ဝေသာလီပြည် လမ်းမတခုမှ လမ်းမတခုသို့လည်း လမ်းဆုံ တခုမှ လမ်းဆုံတခုသို့လည်း (သွား၍) လက်မောင်းတို့ကို မြှောက်ကုန်လျက် "ယနေ့ သီဟစစ်သူကြီးသည် ဆူဖြိုးသော (ကျွဲ နွား ဆိတ် ဝက် အစရှိသော) သတ္တဝါကို သတ်၍ ရဟန်းဂေါတမအား ဆွမ်းလုပ်ကျွေး၏၊ ရဟန်းဂေါတမသည် သိလျက် ရည်ညွှန်း၍ သတ်သော ထိုအမဲသားကို စား၏၊ မိမိကိုစွဲ၍ သတ်သော မကောင်းမှုကံကို (ရ၏)"ဟု ဟစ်အော် ကြွေးကြော်ကုန်၏။

ထိုအခါ၌ ယောကျ်ားတယောက်သည် သီဟစစ်သူကြီးအထံသို့ ချဉ်းကပ်ပြီးလျှင် သီဟစစ်သူကြီး၏ နားရင်း၌ "အရှင် သိပါလော့ များစွာသော ဤနိဂဏ္ဌတို့သည် ဝေသာလီပြည် လမ်းမတခုမှ လမ်းမတခုသို့လည်း လမ်းဆုံတခုမှ လမ်းဆုံတခုသို့လည်း (သွား၍) လက်မောင်းတို့ကို မြှောက်ကုန်လျက် 'ယနေ့ သီဟစစ်သူကြီးသည် ဆူဖြိုးသော (ကျွဲ နွား ဆိတ် ဝက် အစရှိသော) သတ္တဝါကို သတ်၍ ရဟန်းဂေါတမအား ဆွမ်းလုပ်ကျွေး၏၊ ရဟန်းဂေါတမသည် သိလျက် ရည်ညွှန်း၍သတ်သော ထိုအမဲသားကို စား၏၊ မိမိကို စွဲ၍ သတ်သော မကောင်းမှုကံကို (ရ၏)'ဟု ဟစ်အော် ကြွေးကြော် ကုန်၏"ဟု ပြောကြား၏။

အမောင် မသင့်လျော်ချေ၊ ထိုအသျှင်နိဂဏ္ဌတို့သည် ရှည်စွာသော နေ့ ညဉ့်ပတ်လုံး မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို အလိုရှိကုန်၏၊ တရားတော်၏ ကျေးဇူးမဲ့ကို အလိုရှိကုန်၏၊ သံဃာတော်၏ ကျေးဇူးမဲ့ကို အလိုရှိကုန်၏။ ထိုအသျှင်နိဂဏ္ဌတို့သည် မြတ်စွာဘုရားကို ထင်ရှား မရှိပဲ အချည်းနှီး

http://www.dhammadownload.com



မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲကြသည်ကား မစဲနိုင်ကြကုန်၊ ငါတို့သည်ကား အသက်ဟူသော အကြောင်းကြောင့်လည်း သေစေလိုသော စေတနာဖြင့် ဆူ၏အသက်ကို မသတ်စေကုန်ရာ”ဟု (ပြောဆို၏)။

ထိုအခါ သီဟစစ်သူကြီးသည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ဖြင့် ရောင့်ရဲသည်တိုင်အောင် တားမြစ်သည်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏၊ မြတ်စွာဘုရားသည် ဆွမ်းစားပြီး၍ သပိတ်မှ လက်ကို ဖယ်ပြီးသောအခါ တခုသောနေရာ၌ ထိုင်နေသော သီဟစစ်သူကြီးကို တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေပြီးသော် နေရာမှ ထကာ ဖဲကြွတော်မူ၏။

ဒုတိယသုတ်။

## ၃-အဿာဇာနီယသုတ်

၁၃။ ရဟန်းတို့ မင်း၏ အင်္ဂါရှစ်မျိုးတို့နှင့် ပြည့်စုံသော အာဇာနည် မြင်းကောင်းသည် မင်းအား ထိုက်၏၊ မင်း၏ အသုံးအဆောင် ဖြစ်၏၊ မင်း၏ အင်္ဂါအစိတ်အပိုင်းဟူ၍ ရေတွက်ခြင်းသို့ ရောက်၏။

အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ မင်း၏ အာဇာနည်မြင်းကောင်းသည် အမိဖက် အဖဖက် နှစ်ဖက်စလုံးမှ ကောင်းစွာ မွေးဖွား၏၊ တပါးသော အာဇာနည် မြင်းကောင်းတို့ မွေးဖွားရာ(သိန္ဓုမြစ်ကမ်း) ဒေသ၌ မွေးဖွား၏၊ ထိုအာဇာနည်မြင်းအား အစိုဖြစ်စေ အခြောက်ဖြစ်စေ ကျွေးသောအစာကို ဖရိုဖရဲ မကြဲစေမူ၍သာလျှင် ကောင်းမွန်စွာ စား၏၊ကျင်ကြီးကိုဖြစ်စေ ကျင်ငယ်ကိုဖြစ်စေ ဖိ၍နေရန်သော်၎င်း ဖိ၍အိပ်ရန်သော်၎င်း စက်ဆုပ်၏။ စင်ကြယ်သောအလေ့အထရှိ၏၊ ချမ်းသာစွာ နေလေ့ရှိ၏၊ တပါးသော မြင်းတို့ကို မထိတ်လန့်စေတတ်။ ထိုမြင်း၏ စဉ်းလဲခြင်း နွားကျင်ငယ် ကောက်ကွဲသို့ကောက်ခြင်း လရေးကောက်ကွဲသို့ ကောက်ခြင်း ထွန်ကိုင်းကောက်ကွဲသို့ ကောက်ခြင်းတို့ကို ရထားထိန်းအား ဟုတ်မှန်သည့်အတိုင်း ထင်စွာပြုတတ်၏၊ ထိုမြင်း၏ ထိုစဉ်းလဲမှု အစရှိသည်တို့ကို ရထားထိန်းသည် နှိပ်ကွပ်ဆုံးမခြင်းငှါ လုံ့လပြု၏၊ ဝန်ကိုလည်း ဆောင်လေ့ရှိ၏၊ “စင်စစ် တပါးသော မြင်းတို့ဆောင်သည်ဖြစ်စေ မဆောင်သည်ဖြစ်စေ ဤအရာ၌ ငါသည်သာလျှင် ဆောင်အံ့” ဟု စိတ်ကို ဖြစ်စေ၏၊ သွားသည်ရှိသော် ဖြောင့်သော လမ်းဖြင့်သာ သွား၏၊ အသက်ထက်ဆုံး အားရှိ၏၊ အားအစွမ်းကိုလည်း ပြတတ်၏။ ရဟန်းတို့ မင်း၏ ဤအင်္ဂါရှစ်မျိုးတို့နှင့် ပြည့်စုံသော အာဇာနည်မြင်းကောင်းသည် မင်းအား ထိုက်၏၊ မင်း၏ အသုံးအဆောင်ဖြစ်၏၊ မင်း၏ အင်္ဂါအစိတ်အပိုင်းဟူ၍ ရေတွက်ခြင်းသို့ ရောက်၏။

ရဟန်းတို့ ဤအတူသာလျှင် တရားရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အရပ်ဝေးမှ ဆောင်လာ၍သော်လည်း ပေးလှူ ပူဇော်ရန် ထိုက်တန်၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏။

အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်စည်း၍ နေ၏၊ အကျင့် ‘အာစာရ’ ကျက်စားရာ ‘ဂေါစရ’ နှင့် ပြည့်စုံ၏၊

http://www.dhammadownload.com



အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိသည်ဖြစ်၍ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်လျက် ကျင့်၏၊ ထိုရဟန်းအား ယုတ်ညံ့သည်လည်းဖြစ်စေ မွန်မြတ်သည်လည်းဖြစ်စေ ပေးလှူအပ်သော ဘောဇဉ်ကို မညည်းမညူ ကောင်းစွာသာလျှင် သုံးဆောင်၏၊ ကိုယ်ဖြင့် ပြုအပ်သော မကောင်းမှု နှုတ်ဖြင့် ပြုအပ်သော မကောင်းမှုစိတ်ဖြင့် ပြုအပ်သော မကောင်းမှုမှ စက်ဆုပ်၏၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သို့ ရောက်ခြင်းမှ စက်ဆုပ်၏၊ စင်ကြယ်သော အလေ့ရှိ၏၊ ချမ်းသာစွာ နေလေ့ရှိ၏၊ တပါးသော ရဟန်းတို့ကို မထိတ်လန့်စေတတ်၊ ထိုရဟန်း၏ စဉ်းလဲခြင်း နွားကျင်ငယ် ကောက်ကွဲ့သို့ ကောက်ခြင်း လရေးကောက်ကွဲ့သို့ ကောက်ခြင်း ထွန်ကိုင်းကောက်ကွဲ့သို့ ကောက်ခြင်းတို့ကို မြတ်စွာဘုရား၌သော်၎င်း ပညာရှိ သီတင်းသုံးဖော်တို့၌သော်၎င်း ဟုတ်မှန်သည့်အတိုင်း ထင်စွာပြုတတ်၏၊ ထိုရဟန်း၏ ထိုစဉ်းလဲခြင်းအစရှိသည်တို့ကို မြတ်စွာဘုရားသည်၎င်း ပညာရှိ သီတင်းသုံးဖော်တို့သည်၎င်း နှိပ်ကွပ်ဆုံးမခြင်းငှါ လုံ့လပြု၏၊ ကျင့်သုံးတတ်၏၊ "စင်စစ်တပါးသော ရဟန်းတို့ ကျင့်သုံးသည်ဖြစ်စေ မကျင့်သုံးသည်ဖြစ်စေ ဤအရာ၌ ငါသည် သာလျှင် ကျင့်သုံးအံ့ဟု စိတ်ကို ဖြစ်စေ၏၊ သွားသည်ရှိသော် ဖြောင့်သော လမ်းဖြင့်သာလျှင် သွား၏။ ထိုစကားရပ်၌ ဤဆိုလတ္တံ့သည်ကား ဖြောင့်သော လမ်းတည်း၊ ဤဖြောင့်သော လမ်းသည် အဘယ်နည်း၊ ကောင်းစွာ မြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ ကောင်းစွာ တည်ကြည်ခြင်း 'သမ္မာသမာဓိ' ဤသည်တို့တည်း။ "ကိုယ်၌ အရေ အကြော အရိုးမျှသာ ကြွင်းသော်လည်း ကြွင်းစေ၊ အသား အသွေး တို့သည် ခန်းခြောက်သော်လည်း ခန်းခြောက်စေ၊ ယောကျ်ားတို့၏ အားစွမ်း ယောကျ်ားတို့၏ ဝီရိယ ယောကျ်ားတို့၏ လုံ့လဖြင့် ရောက်အပ် ရအပ်သော တရားသို့ မရောက်ပဲ မရပဲ ဝီရိယ၏ ဆုတ်ယုတ် ရပ်တံ့ခြင်းသည် မဖြစ်အံ့" ဟု ထက်သန်သော လုံ့လရှိသည် ဖြစ်၍ နေ၏။

ရဟန်းတို့ ဤ တရားရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည်(အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူ ပူဇော်ရန် ထိုက်တန်၏။ပ။ သတ္တဝါ အပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-အဿခဠုင်္ကသုတ်

၁၄။ ရဟန်းတို့ မြင်းယုတ်ရှစ်မျိုးတို့ကိုင်း မြင်း၏ အပြစ် ရှစ်မျိုးတို့ကိုင်း ယောကျ်ားယုတ် ရှစ်မျိုးတို့ကိုင်း ယောကျ်ား၏ အပြစ်ရှစ်မျိုးတို့ကိုင်း ဟောအံ့၊ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောပေအံ့ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။

ရဟန်းတို့ မြင်းယုတ် ရှစ်မျိုးတို့နှင့် မြင်း၏ အပြစ်ရှစ်မျိုးတို့ ဟူသည် အဘယ်တို့နည်းဟူမူ—

ရဟန်းတို့ ဤလောက၌ အချို့သော မြင်းယုတ်သည် "သွားလော့"ဟု ဆို၍ ရထားထိန်းက ထိုးဆွ မောင်းနှင်အပ်သည် ရှိသော် နောက်သို့ ဆုတ်၏၊ နောက်ဖက်သို့ ရထားကို လည်စေ၏၊ ရဟန်းတို့ ဤလောက၌ အချို့သော မြင်းယုတ်သည် ဤသို့ သဘောလည်း ရှိ၏။ ရဟန်းတို့ ဤသည်ကား မြင်း၏ ပဌမ အပြစ်တည်း။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား ဤ လောက၌ အချို့သော မြင်းယုတ်သည်"သွားလော့" ဟု ဆို၍ ရထားထိန်းက ထိုးဆွ မောင်းနှင် အပ်သည်ရှိသော် စုန်ကန်၏၊ ရထားတိုး အကွပ်ကို ဖျက်ဆီး၏၊ (ရထားဦး၌ ထားသော) လုံတံ သုံးချောင်းကို ချိုးဖဲ့၏၊ ရဟန်းတို့ ဤလောက၌ အချို့သော မြင်းယုတ်သည် ဤသို့ သဘောလည်း ရှိ၏။ ရဟန်းတို့ ဤသည်ကား မြင်း၏ ဒုတိယ အပြစ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ဤလောက၌ အချို့သော မြင်းယုတ်သည် "သွားလော့" ဟု ဆို၍ ရထားထိန်းက ထိုးဆွ မောင်းနှင်အပ်သည် ရှိသော် ရထားသန်ကို ပေါင်ဖြင့် တွန်းဖယ်၍ ရထားသန်ကိုသာလျှင်(ရှေ့ခြေနှစ်ဘက်ဖြင့်)လွှမ်းမိုး နှိပ်နင်း၏၊ရဟန်းတို့ ဤလောက၌ အချို့သော မြင်းယုတ်သည် ဤသို့ သဘောလည်းရှိ၏။ ရဟန်းတို့ ဤသည်ကား မြင်း၏ တတိယအပြစ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ဤလောက၌ အချို့သော မြင်းယုတ်သည် "သွားလော့" ဟု ဆို၍ ရထားထိန်းက ထိုးဆွ မောင်းနှင် အပ်သည် ရှိသော် လမ်းမဟုတ်သည်ကို ယူ၏၊ ရထားကို လမ်းလွဲအောင် ပြု၏၊ ရဟန်းတို့ ဤလောက၌ အချို့သော မြင်းယုတ်သည် ဤသို့သဘောလည်း ရှိ၏။ ရဟန်းတို့ ဤသည်ကား မြင်း၏ စတုတ္ထ အပြစ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ဤလောက၌ အချို့သောမြင်းယုတ်သည် "သွားလော့"ဟုဆို၍ ရထားထိန်းက ထိုးဆွ မောင်းနှင်အပ်သည်ရှိသော် ရှေ့ကိုယ်ကို ခုန်မြှောက်၏၊ ရှေ့ခြေတို့ကို မြှောက်ချီ၏၊ ရဟန်းတို့ ဤလောက၌ အချို့သော မြင်းယုတ်သည် ဤသို့ သဘောလည်း ရှိ၏။ ရဟန်းတို့ ဤသည်ကား မြင်း၏ ပဉ္စမအပြစ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ဤလောက၌ အချို့သော မြင်းယုတ်သည် "သွားလော့"ဟု ဆို၍ ရထားထိန်းက ထိုးဆွ မောင်းနှင်အပ်သည်ရှိသော် ရထားထိန်း၏ စကားကို နားမထောင်ပဲ နှင်တံကို ဂရုမစိုက်ပဲ ဇက်ကြိုးသံကွင်းကို သွားတို့ဖြင့် ကိုက်ဖြတ် ဖျက်ဆီး၏၊ အလိုရှိရာ အရပ်သို့ ဖဲသွား၏၊ရဟန်းတို့ ဤလောက၌ အချို့သော မြင်းယုတ်သည် ဤသို့ သဘောလည်းရှိ၏။ရဟန်းတို့ ဤသည်ကား မြင်း၏ ဆဋ္ဌ အပြစ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ဤလောက၌ အချို့သော မြင်းယုတ်သည် "သွားလော့" ဟု ဆို၍ ရထားထိန်းက ထိုးဆွ မောင်းနှင် အပ်သည်ရှိသော် ရှေ့သို့လည်း မတက် နောက်သို့လည်း မဆုတ်၊ ထိုအရပ်၌ပင်လျှင် တိုင်ငုတ်ကဲ့သို့ ရပ်တည်၏၊ ရဟန်းတို့ ဤလောက၌ အချို့သော မြင်းယုတ်သည် ဤသို့ သဘောလည်းရှိ၏။ရဟန်းတို့ ဤသည်ကား မြင်း၏ သတ္တမ အပြစ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ဤလောက၌ အချို့သော မြင်းယုတ်သည် "သွားလော့" ဟု ဆို၍ ရထားထိန်းက ထိုးဆွ မောင်းနှင်အပ်သည်ရှိသော် ရှေ့ခြေတို့ကိုလည်း ကွေး၍ နောက်ခြေတို့ကိုလည်းကွေး၍ ထိုအရပ်၌ ပင်လျှင် ခြေလေးဘက်တို့ကို ဖိ၍ ဝပ်နေ၏၊ရဟန်းတို့ ဤလောက၌ အချို့သော မြင်းယုတ်သည် ဤသို့ သဘောလည်း ရှိ၏။ ရဟန်းတို့ ဤသည်ကား မြင်း၏ အဋ္ဌမ အပြစ်တည်း။

ရဟန်းတို့ ဤသည်တို့ကား မြင်းယုတ် ရှစ်မျိုးတို့နှင့် မြင်း၏အပြစ် ရှစ်မျိုးတို့တည်း။

ရဟန်းတို့ ယောကျ်ားယုတ် ရှစ်မျိုးတို့နှင့် ယောကျ်ား၏ အပြစ် ရှစ်မျိုးတို့ဟူသည် အဘယ်တို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းတို့သည် ရဟန်းကို အာပတ်ဖြင့် စောဒနာ

http://www.dhammadownload.com



ကုန်၏၊ ထိုရဟန်းသည် ရဟန်းတို့က အာပတ်ဖြင့် စောဒနာသည်ရှိသော် "မအောက်မေ့မိ" ဟူ၍ သတိမရခြင်းဖြင့် ဖြေဆို၏၊ ရဟန်းတို့ မြင်းယုတ်သည် "သွားလော့"ဟု ဆို၍ ရထားထိန်းက ထိုးဆွ မောင်းနှင်အပ်သည်ရှိသော် နောက်သို့ ဆုတ်၍ နောက်သို့ ရထားကို လည်စေသကဲ့သို့ ရဟန်းတို့ ဤ ပုဂ္ဂိုလ်ကို ထိုမြင်းယုတ်နှင့် တူ၏ဟု ငါဆို၏၊ ရဟန်းတို့ ဤလောက၌ အချို့သော ယောကျ်ားယုတ်သည် ဤသို့ သဘောလည်း ရှိ၏။ ရဟန်းတို့ ဤသည်ကား ယောကျ်ား၏ ပဉ္စမ အပြစ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းတို့သည် ရဟန်းကို အာပတ်ဖြင့် စောဒနာကုန်၏၊ ထို ရဟန်းသည် ရဟန်းတို့က အာပတ်ဖြင့် စောဒနာသည်ရှိသော် "မိုက်မဲ မလိမ္မာသော သင်ပြောသော စကားဖြင့် အသို့ပြုရအံ့နည်း၊ သင်ကပင် ပြောဆိုအပ်၏ဟု အောက်မေ့ဘိ၏"ဟု စောဒနာသူကိုပင် ပြန်၍ ပုတ်ခတ်၏၊ ရဟန်းတို့ မြင်းယုတ်သည် "သွားလော့" ဟု ဆို၍ ရထားထိန်းသည် ထိုးဆွ မောင်းနှင် အပ်သည်ရှိသော် နောက်သို့ခုန်၍ ရထားဘီးအကွပ်ကို ဖျက်ဆီးကာ၊ ရထား ဦး၌ ထားသော လုံတံသုံးချောင်းကို ချိုးဖဲ့သကဲ့သို့ ရဟန်းတို့ ဤ ပုဂ္ဂိုလ်ကို ထိုမြင်းယုတ်နှင့် တူ၏ဟု ငါဆို၏၊ ရဟန်းတို့ ဤ လောက၌ အချို့သော ယောကျ်ားယုတ်သည် ဤသို့ သဘောလည်း ရှိ၏။ ရဟန်းတို့ ဤသည်ကား ယောကျ်ား၏ ဒုတိယ အပြစ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းတို့သည် ရဟန်းကို အာပတ်ဖြင့် စောဒနာကုန်၏၊ ထိုရဟန်းသည် ရဟန်းတို့က အာပတ်ဖြင့် စောဒနာသည်ရှိသော် "သင်သည် ဤမည်သော အာပတ်သို့ ရောက်၏၊ သင် ရှေးဦးစွာ ကုစားဦးလော့"ဟု စောဒနာသူကိုပင် အပြစ် တဖန်တင်၏၊ ရဟန်းတို့ မြင်းယုတ်သည် "သွားလော့"ဟု ဆို၍ ရထားထိန်းက ထိုးဆွ မောင်းနှင်အပ်သည်ရှိသော် ရထား သန်ကို ပေါင်ဖြင့် တွန်းဖယ်၍ ရထားသန်ကိုသာလျှင် (ရှေ့ခြေနှစ်ဖက်ဖြင့်) လွှမ်းမိုး နှိပ်နင်း သကဲ့သို့ ရဟန်းတို့ ဤ ပုဂ္ဂိုလ်ကို ထို မြင်းယုတ်နှင့် တူ၏ဟု ငါဆို၏၊ ရဟန်းတို့ ဤလောက၌ အချို့သော ယောကျ်ားယုတ်သည် ဤသို့ သဘောလည်း ရှိ၏။ ရဟန်းတို့ ဤသည်ကား ယောကျ်ား၏ တတိယ အပြစ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းတို့သည် ရဟန်းကို အာပတ်ဖြင့် စောဒနာ ကုန်၏၊ ထိုရဟန်းသည် ရဟန်းတို့က အာပတ်ဖြင့် စောဒနာသည် ရှိသော် တပါးသော အကြောင်းဖြင့် တပါးသော အကြောင်းကို ဖုံးလွှမ်း၏၊ စကားကို အပြင်သို့ ရောက်စေ၏၊ အမျက်ထွက်ခြင်း စိတ်ဆိုးခြင်း မနှစ်သက်ခြင်းကို ထင်စွာပြု၏၊ ရဟန်းတို့ မြင်းယုတ်သည် "သွားလော့" ဟု ဆို၍ ရထားထိန်းက ထိုးဆွ မောင်းနှင်သည်ရှိသော် လမ်းခရီး မဟုတ်သည်ကို ယူ၏၊ ရထားကို လမ်းလွဲ အောင် ပြုသကဲ့သို့ ရဟန်းတို့ ဤ ပုဂ္ဂိုလ်ကို ထိုမြင်းယုတ်နှင့် တူ၏ဟု ငါဆို၏၊ ရဟန်းတို့ ဤ လောက၌ အချို့သော ယောကျ်ားယုတ်သည် ဤသို့ သဘောလည်း ရှိ၏။ ရဟန်းတို့ ဤသည်ကား ယောကျ်ား၏ စတုတ္ထအပြစ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းတို့သည် ရဟန်းကို အာပတ်ဖြင့် စောဒနာကုန်၏၊ ထို ရဟန်းသည် ရဟန်းတို့က အာပတ်ဖြင့် စောဒနာ အပ်သည် ရှိသော် သံဃာ့အလယ်၌ လက်မောင်း နှစ်ဖက် မြှောက်ခြင်းကို ပြု၏၊ ရဟန်းတို့ မြင်းယုတ်သည် "သွားလော့" ဟု ဆို၍ ရထားထိန်းက ထိုးဆွ မောင်းနှင်အပ်သည်ရှိသော် ရှေ့ကိုယ်ကို ခုန်မြှောက်လျက် ရှေ့ခြေတို့ကို မြှောက်ချီသကဲ့သို့ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ထိုမြင်းယုတ်နှင့် တူ၏ဟု ငါဆို၏၊ ရဟန်းတို့ ဤ လော

http://www.dhammadownload.com



ကဌ် အချို့သော ယောကျ်ားယုတ်သည် ဤသို့ သဘောလည်း ရှိ၏။ ရဟန်းတို့ ဤသည်ကား ယောကျ်ား၏ ပဥ္စမ အပြစ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းတို့သည် ရဟန်းကို အာပတ်ဖြင့် စောဒနာ ကုန်၏၊ ထိုရဟန်းသည် ရဟန်းတို့က အာပတ်ဖြင့် စောဒနာသည် ရှိသော် သံဃာ့စကားကို နားမထောင်ပဲ စောဒကကို ဂရုမစိုက်ပဲ အာပတ်ရှိသည် ဖြစ်၍သာလျှင် အလိုရှိရာ အရပ်သို့ ဖဲသွား၏၊ ရဟန်းတို့ မြင်းယုတ်သည် "သွားလော့"ဟု ဆို၍ ရထားထိန်းက ထိုးဆွ မောင်းနှင်အပ်သည်ရှိသော် ရထားထိန်း၏ စကားကို နားမထောင်ပဲ နှင်တံကို ဂရုမစိုက်ပဲ ဇက်ကြိုးသံကွင်းကို သွားတို့ဖြင့် ကိုက်ဖြတ်ဖျက်ဆီး၍ အလိုရှိရာ အရပ်သို့ ဖဲသွားသကဲ့သို့၊ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ထိုမြင်းယုတ်နှင့် တူ၏ ဟု ငါဆို၏၊ ရဟန်းတို့ ဤလောကဌ် အချို့သော ယောကျ်ားယုတ်သည် ဤသို့သဘောလည်း ရှိ၏။ ရဟန်းတို့ ဤသည်ကား ယောကျ်ား၏ ဆဋ္ဌ အပြစ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းတို့သည် ရဟန်းကို အာပတ်ဖြင့် စောဒနာကုန်၏၊ ထိုရဟန်းသည် ရဟန်းတို့က အာပတ်ဖြင့် စောဒနာသည် ရှိသော် "ငါသည် အာပတ်သို့ မရောက်၊ ငါသည် အာပတ်မသင့်"ဟု နှလုံးထား၍ ဆိတ်ဆိတ်နေသဖြင့် သံဃာကို ညှဉ်းဆဲ၏၊ ရဟန်းတို့ မြင်းယုတ်သည် "သွားလော့"ဟု ဆို၍ ရထားထိန်းက ထိုးဆွ မောင်းနှင်အပ်သည်ရှိသော် ရှေ့သို့လည်း မတက် နောက်သို့လည်း မဆုတ်၊ ထိုအရပ်၌ပင်လျှင် တိုင်ငုတ်သဖွယ် ရပ်တည်သကဲ့သို့ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ထိုမြင်းယုတ်နှင့်တူ၏ဟု ငါဆို၏၊ ရဟန်းတို့ ဤလောကဌ် အချို့သော ယောကျ်ားယုတ်သည် ဤသို့ သဘောလည်း ရှိ၏။ ရဟန်းတို့ ဤသည်ကား ယောကျ်ား၏ သတ္တမ အပြစ်တည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းတို့သည် ရဟန်းကို အာပတ်ဖြင့် စောဒနာကုန်၏၊ ထိုရဟန်းသည် ရဟန်းတို့က အာပတ်ဖြင့် စောဒနာသည် ရှိသော် "အသျှင်တို့ အသျှင်တို့သည် အဘယ့်ကြောင့်လျှင် အကျွန်ုပ်၌ အလွန်ပြင်းပြစွာ ကြောင့်ကြစိုက်တော်မူကြသနည်း၊ ယခုပင် အကျွန်ုပ်သည် သိက္ခာချ၍ လူထွက်အံ့"ဟု ဆို၏၊ ထိုရဟန်းသည် သိက္ခာချ၍ လူထွက်ပြီးလျှင် "အသျှင်တို့ အသျှင်တို့သည် ယခုအခါ၌မူ နှစ်သက်သော စိတ်ရှိသည် ဖြစ်ကြပါလော့"ဟု ဆို၏၊ ရဟန်းတို့ မြင်းယုတ်သည်"သွားလော့"ဟု ဆို၍ ရထားထိန်းက ထိုးဆွ မောင်းနှင်အပ်သည်ရှိသော် ရှေ့ခြေတို့ကိုလည်း ကွေး၍ နောက်ခြေတို့ကိုလည်း ကွေး၍ ထိုအရပ်၌ပင်လျှင် ခြေလေးဘက်တို့ကို ဖိ၍ ဝပ်နေသကဲ့သို့ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ထိုမြင်းယုတ်နှင့် တူ၏ဟု ငါဆို၏၊ ရဟန်းတို့ ဤလောကဌ် အချို့သော ရဟန်းယုတ်သည် ဤသို့ သဘောလည်း ရှိ၏၊ ရဟန်းတို့ ဤသည်ကား ယောကျ်ား၏ အဋ္ဌမ အပြစ်တည်း။ ရဟန်းတို့ ဤသည်တို့ကား ယောကျ်ားယုတ် ရှစ်မျိုးတို့နှင့် ယောကျ်ား၏အပြစ် ရှစ်မျိုးတို့ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-မလသုတ်

၁၅။ ရဟန်းတို့ အညစ်အကြေးတို့သည် ဤရှစ်မျိုးတို့တည်း။

အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ မသရဇ္ဈာယ်ခြင်းသည် အတတ်ပညာ၏ အညစ်အကြေး မည်၏။ ရဟန်းတို့ ထကြွ လုံ့လ မပြုခြင်းသည် အိမ်၏ အညစ်အကြေး မည်၏၊ ရဟန်းတို့

http://www.dhammadownload.com



ပျင်းရိခြင်းသည် ကိုယ်အဆင်း၏ အညစ်အကြေး မည်၏။ ရဟန်းတို့ မေ့လျော့ခြင်းသည်(ဥစ္စာကို) စောင့်ရှောက်သူ၏ အညစ်အကြေး မည်၏။ ရဟန်းတို့ မကောင်းသော အကျင့်သည် မိန်းမ၏ အညစ်အကြေး မည်၏၊ ရဟန်းတို့ ဝန်တိုမှုသည် ပေးလှူသော သူ၏ အညစ်အကြေး မည်၏၊ ရဟန်းတို့ ယုတ်ညံ့ကုန်သော အကုသိုလ်ဖြစ်ကုန်သော တရားတို့သည် ဤလောကဌ်ရင်း တမလွန် လောကဌ်ရင်း အညစ်အကြေး မည်ကုန်၏၊ ရဟန်းတို့ အဝိဇ္ဇာသည် ထို ဆိုအပ်ခဲ့ပြီးသော အညစ်အကြေးတို့ထက် ထူးသော အညစ်အကြေး မည်၏၊ လွန်ကဲသော အညစ်အကြေး မည်၏။ ရဟန်းတို့အညစ်အကြေးတို့သည် ဤရှစ်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

အတတ်ပညာတို့သည် မသရဇ္ဈာယ်ခြင်းလျှင် အညစ်အကြေး ရှိကုန်၏၊ အိမ်တို့သည် ထကြွ လုံလ မရှိခြင်းလျှင် အညစ်အကြေး ရှိကုန်၏၊ ကိုယ်အဆင်း၏ အညစ်အကြေးကား ပျင်းရိခြင်းတည်း၊ (ဥစ္စာကို) စောင့်ရှောက်သော သူ၏ အညစ်အကြေးကား မေ့လျော့မှုတည်း၊

မိန်းမ၏ အညစ်အကြေးကား မကောင်းသော အကျင့်တည်း၊ ဝန်တိုမှုသည် ပေးလှူသော သူ၏ အညစ်အကြေးတည်း၊ ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့သည် ဤလောကဌ်ရင်း တမလွန်လောကဌ်ရင်း အညစ်အကြေးတို့တည်း၊ အဝိဇ္ဇာသည် ထိုအညစ်အကြေးတို့ထက် ထူးသော အညစ်အကြေးတည်း၊ လွန်ကဲသော အညစ်အကြေးတည်း။

ပဉ္စမသုတ်။

## ၆-ဒူတေယျသုတ်

၁၆။ ရဟန်းတို့ တရားရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် တမန်ပြုလုပ်၍ သွားရန် ထိုက်တန်၏။ အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နားလည်း ထောင်တတ်၏၊ ပြန်၍လည်း ပြောတတ်၏၊ သင်ယူလည်း သင်ယူတတ်၏၊ မှတ်လည်း မှတ်တတ်၏၊ သိလည်း သိတတ်၏၊ သိစေလည်း သိစေတတ်၏၊ အကျိုးစီးပွါး ရှိ မရှိ၌လည်း လိမ္မာ၏၊ ငြင်းခုံခြင်းကိုလည်း မပြုတတ်။ ရဟန်းတို့ ဤ တရားရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် တမန်ပြုလုပ်၍ သွားရန် ထိုက်တန်၏။

ရဟန်းတို့ တရားရှစ်မျိုးတို့နှင့် ပြည့်စုံသော သာရိပုတြာသည် တမန်ပြုလုပ်၍ သွားရန် ထိုက်တန်၏။ အဘယ် ရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ သာရိပုတြာသည် နားလည်း ထောင်တတ်၏၊ ပြန်၍လည်း ပြောတတ်၏၊ သင်ယူလည်း သင်ယူတတ်၏၊ မှတ်လည်း မှတ်တတ်၏၊ သိလည်း သိတတ်၏၊ သိစေလည်း သိစေတတ်၏၊ အကျိုးစီးပွါး ရှိ မရှိ၌လည်း လိမ္မာ၏၊ ငြင်းခုံခြင်းကို ပြုလည်း မပြုတတ်။ ရဟန်းတို့ ဤတရားရှစ်မျိုးတို့နှင့် ပြည့်စုံသော သာရိပုတြာသည် တမန်ပြုလုပ်၍ သွားရန် ထိုက်တန်၏ဟု (မိန့်တော်မူ၏)။

အကြင်ရဟန်းသည် ကြမ်းတမ်းစွာ ပြောဆိုတတ်သော ပရိသတ်သို့ ရောက်သော်လည်း မတုန်မလှုပ်၊ စကားကိုလည်း မယုတ်စေ၊ သတင်းစကားကိုလည်း မဖုံးကွယ်။

http://www.dhammadownload.com



ယုံမှားခြင်း ကင်းသော စကားကိုလည်း ပြောဆိုတတ်၏၊ မေးမြန်းသော်လည်း အမျက်မထွက်တတ်၊ ထိုသို့ သဘော ရှိသော ရဟန်းသည် စင်စစ်အားဖြင့် တမန် ပြုလုပ်၍ သွားရန် ထိုက်တန်၏။

ဆဋ္ဌသုတ်။

## ၇-ပဌမ ဗန္ဓနသုတ်

၁၇။ ရဟန်းတို့ အခြင်းအရာ ရှစ်မျိုးတို့ဖြင့် မိန်းမသည် ယောကျ်ားကို နှောင်ဖွဲ့၏။ အဘယ် ရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ မိန်းမသည် ငိုကြွေးခြင်းဖြင့် ယောကျ်ားကို နှောင်ဖွဲ့၏၊ ရဟန်းတို့ မိန်းမသည် ပြုံးရယ်ခြင်းဖြင့် ယောကျ်ားကို နှောင်ဖွဲ့၏၊ ရဟန်းတို့ မိန်းမသည် စကားပြောခြင်းဖြင့် ယောကျ်ားကို နှောင်ဖွဲ့၏၊ ရဟန်းတို့ မိန်းမသည် အသွင်အပြင် အမူအရာဖြင့် ယောကျ်ားကို နှောင်ဖွဲ့၏၊ ရဟန်းတို့ မိန်းမသည် တောမှ ချိုးယူအပ်သော ပန်း သစ်သီး စသည်ဖြင့် ယောကျ်ားကို နှောင်ဖွဲ့၏၊ ရဟန်းတို့ မိန်းမသည် အနံ့ဖြင့် ယောကျ်ားကို နှောင်ဖွဲ့၏၊ ရဟန်းတို့ မိန်းမသည် အရသာဖြင့် ယောကျ်ားကို နှောင်ဖွဲ့၏၊ ရဟန်းတို့ မိန်းမသည် အတွေ့ဖြင့် ယောကျ်ားကို နှောင်ဖွဲ့၏၊ ရဟန်းတို့ ဤအခြင်းအရာရှစ်မျိုးတို့ဖြင့် မိန်းမသည် ယောကျ်ားကို နှောင်ဖွဲ့၏။ ရဟန်းတို့ ဖဿတည်းဟူသော အတွေ့ဖြင့် နှောင်ဖွဲ့အပ်ကုန်သော ထိုသတ္တဝါတို့သည် မြဲမြံ ခိုင်ခံ့စွာ နှောင်ဖွဲ့အပ်သည်သာလျှင် ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ဒုတိယ ဗန္ဓနသုတ်

၁၈။ ရဟန်းတို့ အခြင်းအရာရှစ်မျိုးတို့ဖြင့် ယောကျ်ားသည် မိန်းမကို နှောင်ဖွဲ့၏။ အဘယ် ရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ယောကျ်ားသည် ငိုကြွေးခြင်းဖြင့် မိန်းမကို နှောင်ဖွဲ့၏၊ ရဟန်းတို့ ယောကျ်ားသည် ပြုံးရယ်ခြင်းဖြင့် မိန်းမကို နှောင်ဖွဲ့၏၊ ရဟန်းတို့ ယောကျ်ားသည် စကား ပြောခြင်းဖြင့် မိန်းမကို နှောင်ဖွဲ့၏၊ ရဟန်းတို့ ယောကျ်ားသည် အသွင်အပြင် အမူအရာဖြင့် မိန်းမကို နှောင်ဖွဲ့၏၊ ရဟန်းတို့ ယောကျ်ားသည် တောမှ ချိုးယူအပ်သော ပန်း သစ်သီး စသည်ဖြင့် မိန်းမကို နှောင်ဖွဲ့၏၊ ရဟန်းတို့ ယောကျ်ားသည် အနံ့ဖြင့် မိန်းမကို နှောင်ဖွဲ့၏၊ ရဟန်းတို့ ယောကျ်ားသည် အရသာဖြင့် မိန်းမကို နှောင်ဖွဲ့၏၊ ရဟန်းတို့ ယောကျ်ားသည် အတွေ့ဖြင့် မိန်းမကို နှောင်ဖွဲ့၏၊ ရဟန်းတို့ ဤအခြင်းအရာ ရှစ်မျိုးတို့ဖြင့် ယောကျ်ားသည် မိန်းမကို နှောင်ဖွဲ့၏။ ရဟန်းတို့ ဖဿတည်းဟူသော အတွေ့ဖြင့် နှောင်ဖွဲ့အပ်ကုန်သော ထိုသတ္တဝါတို့သည် မြဲမြံ ခိုင်ခံ့စွာ နှောင်ဖွဲ့အပ်သည်သာလျှင် ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

http://www.dhammadownload.com



## ၉-ပဟာရာဒသုတ်

၁၉။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေရဥ္ဇာပြည် နဠေရုမည်သော တမာပင်ရင်းဝယ် (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ ပဟာရာဒအသုရိန်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိသေစွာ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်တည်၏၊ တခုသော နေရာ၌ ရပ်တည်နေသော ပဟာရာဒအသုရိန်အား မြတ်စွာဘုရားသည် ပဟာရာဒ အသုရာတို့သည် မဟာသမုဒ္ဒရာ၌မွေ့လျော်ကြကုန်၏လောဟု မိန့်တော်မူ၏။ အသျှင်ဘုရား အသုရာတို့သည် မဟာသမုဒ္ဒရာ၌ မွေ့လျော်ကြပါကုန်၏ဟု (လျှောက်၏)။

ပဟာရာဒ မဟာသမုဒ္ဒရာ၌ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော သဘောတို့သည် အဘယ်တို့နည်း၊ယင်းသဘောတို့ကို မြင်ကုန် မြင်ကုန်၍ အသုရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကြကုန်သလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား မဟာသမုဒ္ဒရာ၌ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော သဘောတို့သည် ရှစ်မျိုးတို့ပါတည်း။ ယင်း အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော သဘောတို့ကို မြင်ကုန် မြင်ကုန်၍ အသုရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကြပါကုန်၏။

အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—

အသျှင်ဘုရား မဟာသမုဒ္ဒရာသည် ကမ်းစပ်၌ စောက်နက်သည်မဟုတ်မူ၍ အစဉ်အတိုင်း နိမ့်၏၊ အစဉ်အတိုင်း ကိုင်း၏၊ အစဉ်အတိုင်း ရှိုင်း၏၊ အသျှင်ဘုရား ယင်းသို့ မဟာသမုဒ္ဒရာ၏ ကမ်းစပ်၌ စောက်နက်သည်မဟုတ်မူ၍ အစဉ်အတိုင်း နိမ့်ခြင်း အစဉ်အတိုင်း ကိုင်းခြင်း အစဉ်အတိုင်း ရှိုင်းခြင်း သည် မဟာသမုဒ္ဒရာ၌ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော ပဌမသဘောတည်း။ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ အသုရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကြပါကုန်၏။

အသျှင်ဘုရား နောက်တမျိုးကား မဟာသမုဒ္ဒရာသည် တည်တံ့သော သဘောရှိသည်ဖြစ်၍ ကမ်းကို မလွန်၊အသျှင်ဘုရား ယင်းသို့ မဟာသမုဒ္ဒရာ၏ တည်တံ့သော သဘောရှိသည်ဖြစ်၍ ကမ်းကို မလွန်ခြင်းသည်လည်း မဟာသမုဒ္ဒရာ၌ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဒုတိယ သဘောတည်း။ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ အသုရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကြပါကုန်၏။

အသျှင်ဘုရား နောက်တမျိုးကား မဟာသမုဒ္ဒရာသည် အသေကောင်ပုပ်နှင့် မဆက်ဆံ၊ မဟာသမုဒ္ဒရာ၌ အသေကောင်ပုပ်ရှိလျှင် ကမ်းသို့ လျင်စွာ ကပ်စေ၏၊ ကုန်းသို့ တင်စေ၏၊ အသျှင်ဘုရား ယင်းသို့ မဟာသမုဒ္ဒရာ၏ အသေကောင်ပုပ်နှင့် မဆက်ဆံခြင်း မဟာသမုဒ္ဒရာ၌ အသေကောင်ပုပ်ရှိလျှင် ကမ်းသို့ လျင်စွာ ကပ်စေခြင်း ကုန်းသို့ တင်စေခြင်းသည်လည်း မဟာသမုဒ္ဒရာ၌ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော တတိယ သဘောတည်း။ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ အသုရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကြပါကုန်၏။

အသျှင်ဘုရား နောက်တမျိုးကား ဂင်္ဂါမြစ် ယမုနာမြစ် အစိရဝတီမြစ် သရဘူမြစ် မဟီမြစ် ဟူသော မြစ်ကြီးအားလုံးတို့သည် မဟာသမုဒ္ဒရာသို့ ရောက်ကုန်လတ်သော် ရှေး၌ဖြစ်ကုန်သော

http://www.dhammadownload.com



အမည်အနွယ်တို့ကို စွန့်၍ "မဟာသမုဒ္ဒရာ" ဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်ကြပါကုန်၏။ အသျှင်ဘုရား ယင်းသို့ ဂင်္ဂါမြစ် ယမုနာမြစ် အစိရဝတီမြစ် သရဘူမြစ် မဟီမြစ်ဟူသော မြစ်ကြီး အားလုံးတို့သည် မဟာသမုဒ္ဒရာသို့ ရောက်ကုန်လတ်သော် ရှေး၌ဖြစ်ကုန်သော အမည်အနွယ် တို့ကို စွန့်၍ "မဟာသမုဒ္ဒရာ" ဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်ကြရခြင်းသည်လည်း ဤ မဟာသမုဒ္ဒရာ၏ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော စတုတ္ထသဘောတည်း။ ယင်းသဘော ကို မြင်ကုန် မြင်ကုန်၍ အသုရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကြပါကုန်၏။

အသျှင်ဘုရား နောက်တမျိုးကား လောက၌ အလုံးစုံသော မြစ်ကြီး မြစ်ငယ်တို့သည်လည်း မဟာသမုဒ္ဒရာသို့ ဝင်ကုန်၏၊ အလုံးစုံသော ကောင်းကင်မှ မိုးရေ အယဉ်တို့သည်လည်း ကျကုန်၏၊ ထိုရေကြောင့် မဟာသမုဒ္ဒရာ၏ လျော့ခြင်း ပြည့်ခြင်းသည် မထင်ရှား၊ အသျှင် ဘုရား ယင်းသို့ လောက၌ အလုံးစုံသော မြစ်ကြီး မြစ်ငယ်တို့သည်လည်း သမုဒ္ဒရာသို့ ဝင်ခြင်း အလုံးစုံသော ကောင်းကင်မှ မိုးရေအယဉ်တို့သည်လည်း ကျခြင်း ထိုရေကြောင့် သမုဒ္ဒရာ၏ လျော့ခြင်း ပြည့်ခြင်း မထင်ရှားခြင်းသည်လည်း ဤမဟာသမုဒ္ဒရာ၌ အံ့ဖွယ် ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော ပဉ္စမသဘောတည်း။ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ အသုရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကြပါကုန်၏။

အသျှင်ဘုရား နောက်တမျိုးကား မဟာသမုဒ္ဒရာသည် ငန်သော အရသာတမျိုးတည်းသာ ရှိ၏၊ အသျှင်ဘုရား ယင်းသို့ မဟာသမုဒ္ဒရာ၏ ငန်သော အရသာတမျိုးတည်းသာ ရှိခြင်း သည်လည်း မဟာသမုဒ္ဒရာ၌ ဤအံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော ဆဋ္ဌသဘောတည်း။ ယင်း သဘောကို မြင်ကုန် မြင်ကုန်၍ အသုရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန် မွေ့လျော်ကြပါ ကုန်၏။

အသျှင်ဘုရား နောက်တမျိုးကား မဟာသမုဒ္ဒရာသည် ပုလဲ မြ ကြောင်မျက်ရွဲ ခရုသင်း ကျောက်သလင်း သန္တာ ငွေ ရွှေ ပတ္တမြားနီ ပတ္တမြားပြောက် ဟူသော များသော ရတနာ မရေမတွက်နိုင်သော ရတနာရှိ၏၊ ယင်းသို့မဟာသမုဒ္ဒရာ၏ ပုလဲ မြ ကြောင်မျက်ရွဲ ခရုသင်း ကျောက်သလင်း သန္တာ ငွေ ရွှေ ပတ္တမြားနီ ပတ္တမြားပြောက် ဟူသော များသော ရတနာ မရေမတွက်နိုင်သော ရတနာရှိခြင်းသည်လည်း ဤမဟာသမုဒ္ဒရာ၌ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော သတ္တမသဘောတည်း။ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ အသုရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကြပါကုန်၏။

အသျှင်ဘုရား နောက်တမျိုးကား မဟာသမုဒ္ဒရာသည် တိမိမည်သောငါး တိမိင်္ဂလမည်သော ငါး တိမိရပိင်္ဂလမည်သောငါး အသုရာ နဂါး ဂန္ဓဗ္ဗနတ် ဟူသော သတ္တဝါကြီးတို့ရှင်း၊ ယူဇနာတရာ ယူဇနာနှစ်ရာ ယူဇနာသုံးရာ ယူဇနာလေးရာ ယူဇနာငါးရာ တိုင်အောင် အတ္တဘော ကြီးမားသော သတ္တဝါတို့၏ရှင်း နေရာဖြစ်၏၊ အသျှင်ဘုရား ယင်းသို့ တိမိမည်သောငါး တိမိင်္ဂလမည်သောငါး တိမိရပိင်္ဂလမည်သောငါး အသုရာ နဂါး ဂန္ဓဗ္ဗနတ်ဟူသော သတ္တဝါကြီးတို့၏ ရှင်း၊ ယူဇနာတရာ ယူဇနာနှစ်ရာ ယူဇနာသုံးရာ ယူဇနာလေးရာ ယူဇနာငါးရာ တိုင်အောင် အတ္တဘောကြီးမားသော သတ္တဝါတို့၏ရှင်း နေရာဖြစ်ခြင်းသည်လည်း ဤမဟာသမုဒ္ဒရာ၌ အံ့ဖွယ် ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော အဋ္ဌမသဘောတည်း။ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ အသုရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကြပါကုန်၏။

http://www.dhammadownload.com



အသျှင်ဘုရား မဟာသမုဒ္ဒရာ၌ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော သဘောတို့သည် ဤရှစ်မျိုးတို့တည်း၊ ယင်းသဘောတို့ကို မြင်ကုန် မြင်ကုန်၍ အသုရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကြပါကုန်၏ဟု (လျှောက်၏)။ အသျှင်ဘုရား ရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ မွေ့လျော်ကြ ပါကုန်၏လောဟု (လျှောက်၏)။

ပဟာရာဒ ရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ မွေ့လျော်ကြပါကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ အဘယ်သို့သော အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော သဘောကို မြင်ကုန် မြင်ကုန်၍ မွေ့လျော်ကြပါကုန်သနည်းဟု (လျှောက်၏)။

ပဟာရာဒ ဤဓမ္မဝိနယ 'သာသနာတော်'၌ ရှစ်မျိုးသော အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော သဘောတို့သည် ရှိကုန်၏၊ ယင်းသဘောတို့ကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ အလွန်မွေ့လျော်ကြကုန်၏။

ဤရှစ်မျိုးတို့ကား အဘယ်တို့နည်း ဟူမူ—ပဟာရာဒ မဟာသမုဒ္ဒရာသည် ကမ်းစပ်၌ စောက်နက်သည် မဟုတ်မူ၍ အစဉ်အတိုင်း နိမ့်သည် အစဉ်အတိုင်း ကိုင်းသည် အစဉ်အတိုင်း ရှိုင်းသည် ဖြစ်သကဲ့သို့ ဤအတူပင် ဤဓမ္မဝိနယ 'သာသနာတော်'၌ သိက္ခာစဉ်ရှိ၏၊ လုပ်ငန်းစဉ်ရှိ၏၊ ကျင့်စဉ်ရှိ၏၊ အစဉ်သာလျှင် အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိသည် မဟုတ်၊ ပဟာရာဒ ယင်းသို့ ဤဓမ္မဝိနယ 'သာသနာတော်'၏ သိက္ခာစဉ်ရှိခြင်း လုပ်ငန်းစဉ်ရှိခြင်း ကျင့်စဉ်ရှိခြင်း အစဉ်သာလျှင် အရဟတ္တဖိုလ်ကို ထိုးထွင်း၍ မသိရခြင်းသည် ဤဓမ္မဝိနယ 'သာသနာတော်'၌ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ပဌမသဘောတည်း၊ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ အလွန် မွေ့လျော်ကြကုန်၏။

ပဟာရာဒ မဟာသမုဒ္ဒရာသည် တည်တံ့သော သဘောရှိသည်ဖြစ်၍ ကမ်းကို မလွန်သကဲ့သို့ ဤအတူပင် ငါသည် တပည့်တို့အတွက် ပညတ်ထားသော သိက္ခာပုဒ်ကို ငါ၏ တပည့်တို့သည် အသက်ဟူသော အကြောင်းကြောင့်သော်လည်း မကျူးကျော်ကုန်၊ ပဟာရာဒ ယင်းသို့ တပည့်တို့အတွက် ငါပညတ်ထားသော သိက္ခာပုဒ်ကို ငါ၏ တပည့်တို့သည် အသက်ဟူသော အကြောင်းကြောင့်သော်လည်း မကျူးကျော်ခြင်းသည်လည်း ဤဓမ္မဝိနယ 'သာသနာတော်'၌ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဒုတိယသဘောတည်း။ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ အလွန်မွေ့လျော်ကြကုန်၏။

ပဟာရာဒ မဟာသမုဒ္ဒရာသည် အသေကောင်ပုပ်နှင့် မဆက်ဆံ၊ မဟာသမုဒ္ဒရာ၌ အသေကောင်ပုပ်ရှိလျှင် ကမ်းသို့ လျင်စွာ ကပ်စေသကဲ့သို့ ကုန်းသို့ တင်စေသကဲ့သို့ ဤအတူပင် ယုတ်ညံ့သော အကျင့်ရှိသော မစင်ကြယ်သည်ဖြစ်၍ ယုံမှား တွေးတောဖွယ် အကျင့်ရှိသော အမှုကို ဖုံးကွယ်သော ရဟန်းမဟုတ်ပဲ ရဟန်းဟု ဝန်ခံသော မြတ်သော အကျင့်ကို မကျင့်ပဲ မြတ်သော အကျင့်ကို ကျင့်၏ဟု ဝန်ခံသော အတွင်းပုပ်သော ကိလေသာ မိုးစွတ်သော အမှိုက်သဖွယ်ဖြစ်သော သီလမရှိသော ထိုပုဂ္ဂိုလ်နှင့် သံဃာသည် မဆက်ဆံ၊ စည်းဝေး၍ ထိုပုဂ္ဂိုလ်ကို လျင်စွာ နှင်ထုတ်၏၊ ထိုပုဂ္ဂိုလ်သည် သံဃာ့အလယ်၌ ထိုင်နေသော်လည်း စင်စစ်အားဖြင့် သံဃာမှ ဝေး၏၊ သံဃာသည်

http://www.dhammadownload.com



လည်း ထိုပုဂ္ဂိုလ်နှင့် ဝေး၏၊ ပဟာရာဒ ယင်းသို့ ယုတ်ညံ့သော အကျင့်ရှိသော မစင်ကြယ်သည် ဖြစ်၍ ယုံမှား တွေးတောဖွယ် အကျင့်ရှိသော အမှုကို ဖုံးကွယ်သော ရဟန်းမဟုတ်ပဲ ရဟန်းဟု ဝန်ခံသော မြတ်သော အကျင့်ကို မကျင့်ပဲ မြတ်သော အကျင့်ကို ကျင့်၏ဟု ဝန်ခံသော အတွင်း ပုပ်သော ကိလေသာမိုးစွတ်သော အမှိုက်သဖွယ်ဖြစ်သော သီလမရှိသော ထိုပုဂ္ဂိုလ်နှင့် သံဃာ၏ မဆက်ဆံခြင်း စည်းဝေး၍ ထိုပုဂ္ဂိုလ်ကို လျင်စွာ နှင်ထုတ်ခြင်း ထိုပုဂ္ဂိုလ်သည် သံဃာ့အလယ်၌ ထိုင်နေသော်လည်း စင်စစ်အားဖြင့် သံဃာမှ ဝေးခြင်း သံဃာသည်လည်း ထိုပုဂ္ဂိုလ်နှင့် ဝေးခြင်း သည်လည်း ဤဓမ္မဝိနယ‘သာသနာတော်’၌ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော တတိယ သဘောတည်း။ ယင်းအံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော သဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ ‘သာသနာတော်’၌ အလွန် မွေ့လျော်ကုန်၏။

ပဟာရာဒ ဂင်္ဂါမြစ် ယမုနာမြစ် အစိရဝတီမြစ် သရဘူမြစ် မဟီမြစ်ဟူသော မြစ်ကြီးတို့သည် မဟာသမုဒ္ဒရာသို့ ရောက်ကုန်လတ်သော် ရှေး၌ဖြစ်ကုန်သော အမည်အနွယ်တို့ကို စွန့်ကြရကုန်၍ “မဟာသမုဒ္ဒရာ”ဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်ကြရကုန်သကဲ့သို့ ဤအတူပင် မင်း ပုဏ္ဏား ကုန်သည် သူဆင်းရဲဟူသော ဤအမျိုးလေးပါးတို့သည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ ‘သာသနာတော်’၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ရောက်ကုန်လတ်သော် ရှေး၌ ဖြစ်ကုန်သော အမည်အနွယ်တို့ကို စွန့်ကြကုန်၍“သာကီဝင်မင်းသား ဘုရားသားတော် ရဟန်းတို့” ဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်ကုန်၏။ ပဟာရာဒ ယင်းသို့ မင်း ပုဏ္ဏား ကုန်သည် သူဆင်းရဲ ဟူသော ဤအမျိုးလေးပါးတို့၏ မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ ‘သာသနာတော်’၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ရောက်ကုန်လတ်သော် ရှေး၌ ဖြစ်ကုန်သော အမည်အနွယ်တို့ကို စွန့်၍ “သာကီဝင်မင်းသား ဘုရားသားတော် ရဟန်းတို့”ဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်ခြင်းသည်လည်း ဤဓမ္မဝိနယ ‘သာသနာတော်’၌ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော စတုတ္ထ သဘောတည်း။ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ ‘သာသနာတော်’၌ အလွန်မွေ့လျော်ကြကုန်၏။

ပဟာရာဒ လောက၌ အလုံးစုံသော မြစ်ကြီး မြစ်ငယ်တို့သည် မဟာသမုဒ္ဒရာသို့ ဝင်ကုန်၏၊ အလုံးစုံသော ကောင်းကင်မှ မိုးရေအယဉ်တို့သည်လည်း ကျကုန်၏၊ထိုရေကြောင့် မဟာသမုဒ္ဒရာ၏ လျော့ခြင်း ပြည့်ခြင်းသည် မထင်ရှားသကဲ့သို့ ဤအတူပင် များစွာသော ရဟန်းတို့သည် ခန္ဓာ မကြွင်းကျန်သော အငြိမ်းဓာတ်ဖြင့် ငြိမ်းကုန်၏၊ ထိုငြိမ်းခြင်းဖြင့် အငြိမ်းဓာတ်၏ လျော့ခြင်း ပြည့်ခြင်းသည် မထင်ရှား၊ ပဟာရာဒ ယင်းသို့ ရဟန်းများစွာတို့ ခန္ဓာမကြွင်းကျန်သော အငြိမ်း ဓာတ်ဖြင့် ငြိမ်းခြင်း၊ ထိုငြိမ်းခြင်းဖြင့် အငြိမ်းဓာတ်(နိဗ္ဗာန်)၏ လျော့မှု ပြည့်မှု မထင်ရှားခြင်း သည်လည်း ဤဓမ္မဝိနယ ‘သာသနာတော်’၌ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ပဉ္စမ သဘောတည်း။ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ ‘သာသနာ တော်’၌ အလွန်မွေ့လျော်ကြကုန်၏။

ပဟာရာဒ မဟာသမုဒ္ဒရာသည် ငန်သော အရသာ တမျိုးတည်းသာ ရှိသကဲ့သို့ ဤအတူပင် ဤဓမ္မဝိနယ ‘သာသနာတော်’သည် လွတ်မြောက်မှု အရသာ တမျိုးတည်းသာ ရှိ၏၊ ပဟာရာဒ ယင်းသို့ ဤဓမ္မဝိနယ ‘သာသနာတော်’၏ လွတ်မြောက်မှု အရသာ တမျိုးတည်းသာ ရှိခြင်း သည်လည်း ဤဓမ္မဝိနယ ‘သာသနာတော်’၌ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော ဆဋ္ဌ

http://www.dhammadownload.com



သဘောတည်း။ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ အလွန် မွေ့လျော်ကြကုန်၏။

ပဟာရာဒ မဟာသမုဒ္ဒရာသည် ပုလဲ မြ ကြောင်မျက်ရွဲ ခရုသင်း ကျောက်သလင်း သန္တာ ငွေ ရွှေ ပတ္တမြားနီ ပတ္တမြားပြောက်ဟူသော များသော ရတနာ မရေမတွက်နိုင်သော ရတနာ ရှိသကဲ့သို့ ဤအတူပင် ဤဓမ္မဝိနယ 'သာသနာတော်'သည် 'သတိပဋ္ဌာန်လေးပါး သမ္မပ္ပဓာန်လေးပါး ဣဒ္ဓိပါဒ် လေးပါး ဣန္ဒြေငါးပါး ဗိုလ်ငါးပါး ဗောဇ္ဈင်ခုနစ်ပါး အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ဟူသော များသောရတနာ မရေမတွက်နိုင်သောရတနာရှိ၏။ပဟာရာဒ ယင်းသို့ ဓမ္မဝိနယ'သာသနာတော်'၏ သတိပဋ္ဌာန်လေးပါး။ပ။ အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်တည်းဟူသော များပြားသော ဤမရေ မတွက်နိုင်သော ရတနာရှိခြင်းသည် ဤဓမ္မဝိနယ 'သာသနာတော်'၌ အံ့ဖွယ် ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော သတ္တမသဘောတည်း။ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤ ဓမ္မဝိနယ 'သာသနာတော်'၌ အလွန်မွေ့လျော်ကြကုန်၏။

ပဟာရာဒ မဟာသမုဒ္ဒရာသည် တိမိမည်သောငါး တိမိင်္ဂလမည်သောငါး တိမိရပိင်္ဂလမည်သော ငါး အသုရာ နဂါး ဂန္ဓဗ္ဗနတ်ဟူသော သတ္တဝါကြီးတို့၏ရင်း ယူဇနာတရာ ယူဇနာနှစ်ရာ ယူဇနာသုံးရာ ယူဇနာလေးရာ ယူဇနာငါးရာတိုင်အောင် အတ္တဘောကြီးမားသော သတ္တဝါကြီးတို့၏ရင်း နေရာ ဖြစ်သကဲ့သို့ ဤအတူပင် ဤ ဓမ္မဝိနယ 'သာသနာတော်'သည် သောတာပန်ပုဂ္ဂိုလ် သောတာပတ္တိ ဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲပုဂ္ဂိုလ် သကဒါဂါမ်ပုဂ္ဂိုလ် သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲပုဂ္ဂိုလ်၊ အနာဂါမ်ပုဂ္ဂိုလ် အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲပုဂ္ဂိုလ်ဟူသော ကြီးမြတ်သော သတ္တဝါတို့၏နေရာ ဖြစ်၏။ ပဟာရာဒ ယင်းသို့ ဤ ဓမ္မဝိနယ 'သာသနာတော်'၏ သောတာပန်ပုဂ္ဂိုလ် သောတာပတ္တိ ဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲ ပုဂ္ဂိုလ်၊သကဒါဂါမ် ပုဂ္ဂိုလ် သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲပုဂ္ဂိုလ်၊ အနာဂါမ်ပုဂ္ဂိုလ် အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲ ပုဂ္ဂိုလ်ဟူသော ကြီးမြတ်သော သတ္တဝါတို့၏ နေရာ ဖြစ်ခြင်းသည် ဤ ဓမ္မဝိနယ 'သာသနာတော်'၌ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော အဋ္ဌမ သဘောတည်း။ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤ ဓမ္မဝိနယ 'သာသနာ တော်'၌ အလွန်မွေ့လျော်ကြကုန်၏။

ပဟာရာဒ ဤ ဓမ္မဝိနယ 'သာသနာတော်'၌ အံ့ဖွယ် ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော သဘောတို့ကား ဤ ရှစ်မျိုးတို့တည်း။ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤ ဓမ္မဝိနယ 'သာသနာတော်'၌ အလွန်မွေ့လျော်ကြကုန်၏ ဟု မိန့်တော်မူ၏။

နဝမသုတ်။

---

## ၁၀-ဥပေါသထသုတ်

၂၀။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း မိဂါရမာတာ ဝိသာခါ၏ ပြာသာဒ်၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ ဥပုသ်နေ့၌ ရဟန်း သံဃာခြံရံလျက် ထိုင်နေတော်မူ၏။ ထိုအခါ အသျှင်အာနန္ဒာသည် ညဉ့်နက်သည်ဖြစ်၍ ပဌမယံ လွန်လတ်သော်

http://www.dhammadownload.com



နေရာမှ ထကာ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမ္ပယ်တင်၍ မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီလျက်—အသျှင်ဘုရား ညဥ့်နက်ပါပြီ၊ ပဌမယံ လွန်ပါပြီ၊ ရဟန်းသံဃာသည် ကြာမြင့်စွာ ထိုင်နေရပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းတို့အား ပါတိမောက်ကို ပြတော်မူပါ" ဟု လျှောက်၏။ဤသို့ လျှောက်သော် မြတ်စွာဘုရားသည် ဆိတ်ဆိတ် နေတော်မူ၏၊ နှစ်ကြိမ်မြောက်လည်း အသျှင်အာနန္ဒာသည် ညဥ့်နက်သည်ဖြစ်၍ မဇ္ဈိမယံ လွန်လတ်သော် နေရာမှထကာ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမ္ပယ်တင်၍ မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီလျက်—"အသျှင်ဘုရား ညဥ့်နက်ပါပြီ၊ မဇ္ဈိမယံ လွန်ပါပြီ၊ရဟန်းသံဃာသည် ကြာမြင့်စွာ ထိုင်နေရပါ၏၊အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းတို့အား ပါတိမောက်ကို ပြတော်မူပါ" ဟု လျှောက်၏။ နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် ဆိတ်ဆိတ် နေတော်မူ၏၊ သုံးကြိမ်မြောက်လည်း အသျှင်အာနန္ဒာသည် ညဥ့်နက်သည်ဖြစ်၍ ပစ္ဆိမယံ လွန်လတ်သော် အရုဏ်တက်သည်ဖြစ်၍ ညဥ့်သည် နှစ်သက်ဖွယ် မျက်နှာရှိလတ်သော် နေရာမှထကာ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမ္ပယ်တင်၍ မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီလျက်—အသျှင်ဘုရား ညဥ့်နက်ပါပြီ၊ ပစ္ဆိမယံ လွန်ပါပြီ၊ အရုဏ်တက်ပါပြီ၊ ညဥ့်သည် နှစ်သက်ဖွယ် မျက်နှာရှိပါပြီ၊ ရဟန်းသံဃာသည် ကြာမြင့်စွာထိုင်နေရပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းတို့အား ပါတိမောက်ကို ပြတော်မူပါ"ဟု လျှောက်၏။

အာနန္ဒာ ပရိသတ်သည် မစင်ကြယ်ဟု(မိန့်တော်မူ၏)။

ထိုအခါ" မြတ်စွာဘုရားက အဘယ်သူကို ရည်၍ အာနန္ဒာ ပရိသတ်သည် မစင်ကြယ်"ဟု မိန့်တော်မူသနည်းဟူ၍ အသျှင်မဟာမောဂ္ဂလာန်အား အကြံဖြစ်၏၊ ထို့နောက် အသျှင်မဟာမောဂ္ဂလာန်သည် ရဟန်းသံဃာအလုံးစုံ၏ စိတ်ကို မိမိ၏ စိတ်ဖြင့် ပိုင်းခြား၍ နှလုံးသွင်းတော်မူ၏။ ထို့နောက် အသျှင်မဟာမောဂ္ဂလာန်သည် ယုတ်ညံ့သော အကျင့်ရှိသော မစင်ကြယ်သည်ဖြစ်၍ ယုံမှား တွေးတောဖွယ် အကျင့်ရှိသော အမှုကို ဖုံးကွယ်သော ရဟန်းမဟုတ်ပဲ ရဟန်းဟု ဝန်ခံသော မြတ်သောအကျင့်ကို မကျင့်ပဲ မြတ်သော အကျင့်ကို ကျင့်၏ဟု ဝန်ခံသော အတွင်းပုပ်သော ကိလေသာ မိုးစွတ်သော အမှိုက်သဖွယ်ဖြစ်သော ရဟန်းသံဃာအလယ်၌ ထိုင်နေသော သီလမရှိသော 'ဒုဿီလ' ပုဂ္ဂိုလ်ကို မြင်၍ နေရာမှ ထပြီးလျှင် ထိုပုဂ္ဂိုလ်ထံသို့ချဥ်းကပ်လျက် "ငါ့သျှင် ထလော့၊ မြတ်စွာဘုရားသည် သင့်ကို မြင်၏၊ သင့်အား ရဟန်းတို့နှင့် အတူတကွ ပေါင်းသင်းမှု မရှိဟု" ဆိုသော်လည်း ထိုပုဂ္ဂိုလ်သည် ဆိတ်ဆိတ်နေ၏။

နှစ်ကြိမ်မြောက်လည်း အသျှင်မဟာမောဂ္ဂလာန်သည် ထိုပုဂ္ဂိုလ်ကို "ငါ့သျှင် ထလော့၊ မြတ်စွာဘုရားသည် သင့်ကို မြင်၏၊ သင့်အား ရဟန်းတို့နှင့် အတူတကွ ပေါင်းသင်းမှုမရှိ" ဟု ဆိုသော်လည်း ထိုပုဂ္ဂိုလ်သည် ဆိတ်ဆိတ်နေ၏၊ သုံးကြိမ်မြောက်လည်း အသျှင်မဟာမောဂ္ဂလာန်သည် ထိုပုဂ္ဂိုလ်ကို "ငါ့သျှင် ထလော့၊မြတ်စွာဘုရားသည် သင့်ကို မြင်၏၊သင့်အား ရဟန်းတို့နှင့် အတူတကွ ပေါင်းသင်းမှု မရှိ"ဟု ဆိုသော်လည်း ထိုပုဂ္ဂိုလ်သည် ဆိတ်ဆိတ်နေ၏။

ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် ထိုပုဂ္ဂိုလ်ကို လက်မောင်း၌ ကိုင်လျက် တံခါးမုခ်မှ အပြင်သို့ ထွက်စေပြီးလျှင် မင်းတုပ်ငယ် မင်းတုပ်ကြီးကို လျှို၍ မြတ်စွာဘုရားထံသို့ ချဥ်းကပ်ကာ "အသျှင်ဘုရား အကျွန်ုပ်သည် ထိုပုဂ္ဂိုလ်ကို ထွက်စေအပ်ပါပြီ၊ ပရိသတ်သည် စင်ကြယ်ပါပြီ၊အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းတို့အား ပါတိမောက်ကို ပြတော်မူပါ" ဟု လျှောက်၏။

http://www.dhammadownload.com



မောဂ္ဂလာန် အံ့ဖွယ်ဖြစ်၏၊ မောဂ္ဂလာန် မဖြစ်ဘူးမြဲ ဖြစ်၏၊ ထိုမင်္ဂဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ားသည် လက်မောင်းကို ကိုင်သည့်တိုင်အောင်သော်လည်း ဆိုင်းငံ့ဘိ၏ ဟု မိန့်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို—ရဟန်းတို့ ယခုအခါ၌ သင်တို့သည်ပင်လျှင် ဥပုသ် ပြုကြကုန်လော့၊ ပါတိမောက်ပြကြကုန်လော့၊ ရဟန်းတို့ ငါသည် ယနေ့မှအစပြု၍ ဥပုသ်မပြု တော့အံ့၊ ပါတိမောက် မပြတော့အံ့၊ မစင်ကြယ်သော ပရိသတ်၌ မြတ်စွာဘုရား၏ ပါတိမောက် ပြရာသော အကြောင်းအရာသည် မဖြစ်နိုင်ပေ။

ရဟန်းတို့ မဟာသမုဒ္ဒရာ၌ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော သဘောတို့သည် ဤ ရှစ်မျိုးတို့တည်း၊ယင်းအံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော သဘောတို့ကို မြင်ကုန် မြင်ကုန်၍ အသုရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကုန်၏။

အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ မဟာသမုဒ္ဒရာသည် ကမ်းစပ်၌ စောက်နက်သည် မဟုတ်မူ၍ အစဉ်အတိုင်း နိမ့်၏၊ အစဉ်အတိုင်း ကိုင်း၏၊ အစဉ်အတိုင်း ရှိုင်း၏။ ရဟန်းတို့ ယင်းသို့ မဟာသမုဒ္ဒရာ၏ ကမ်းစပ်၌ စောက်နက်သည် မဟုတ်မူ၍ အစဉ်အတိုင်း နိမ့်ခြင်း အစဉ်အတိုင်း ကိုင်းခြင်း အစဉ်အတိုင်း ရှိုင်းခြင်းသည် မဟာသမုဒ္ဒရာ၌ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော ပဌမ သဘောတည်း။ ယင်း သဘောကို မြင်ကုန် မြင်ကုန်၍ အသုရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့လျော်ကြကုန်၏။ပ။

ရဟန်းတို့ နောက်တမျိုးကား မဟာသမုဒ္ဒရာသည် တိမိမည်သောငါး၊ တိမိင်္ဂလမည်သောငါး တိမိရပိင်္ဂလမည်သောငါး အသုရာ နဂါး ဂန္ဓဗ္ဗနတ် ဟူသော သတ္တဝါကြီးတို့၏ရင်း ယူဇနာတရာ။ပ။ ယူဇနာ ငါးရာတိုင်အောင် အတ္တဘော ကြီးမားသော သတ္တဝါကြီးတို့၏ရင်း နေရာ ဖြစ်၏။ ရဟန်းတို့ ယင်းသို့ မဟာသမုဒ္ဒရာသည် တိမိမည်သောငါး တိမိင်္ဂလမည်သောငါး တိမိရပိင်္ဂလ မည်သောငါး အသုရာ နဂါး ဂန္ဓဗ္ဗနတ် ဟူသော သတ္တဝါကြီးတို့၏ရင်း ယူဇနာတရာ။ပ။ ယူဇနာ ငါးရာတိုင်အောင် အတ္တဘောကြီးမားသော သတ္တဝါကြီးတို့၏ရင်း ဤသတ္တဝါကြီးတို့၏ နေရာ ဖြစ်ခြင်းသည် မဟာသမုဒ္ဒရာ၌ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော အဋ္ဌမသဘောတည်း။ ယင်း သဘောကို မြင်ကုန် မြင်ကုန်၍ အသုရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန်မွေ့ လျော်ကြကုန်၏။

ရဟန်းတို့ မဟာသမုဒ္ဒရာ၌ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော သဘောတို့သည် ဤ ရှစ်မျိုးတို့တည်း၊ ယင်းသဘောတို့ကို မြင်ကုန် မြင်ကုန်၍ အသုရာတို့သည် မဟာသမုဒ္ဒရာ၌ အလွန် မွေ့လျော်ကြကုန်၏။ ရဟန်းတို့ ဤအတူပင် ဓမ္မဝိနယ 'သာသနာတော်'၌ အံ့ဖွယ်ဖြစ်သော မဖြစ် ဘူးမြဲဖြစ်သော သဘောရှစ်မျိုးတို့သည် ရှိကုန်၏။ ယင်းသဘောရှစ်မျိုးတို့ကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ အလွန်မွေ့လျော်ကြကုန်၏။

အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—

ရဟန်းတို့ မဟာသမုဒ္ဒရာသည် ကမ်းစပ်၌ စောက်နက်သည် မဟုတ်မူ၍ အစဉ်အတိုင်း နိမ့်သည် အစဉ်အတိုင်း ကိုင်းသည် အစဉ်အတိုင်း ရှိုင်းသည် ဖြစ်သကဲ့သို့ ဤအတူပင် ဤ (ဓမ္မဝိနယ) သာသနာတော်၌ သိက္ခာစဉ်ရှိ၏၊ လုပ်ငန်းစဉ် ရှိ၏၊ ကျင့်စဉ်ရှိ၏၊ အစ၌သာလျှင် အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိသည်မဟုတ်၊ ရဟန်းတို့ ယင်းသို့ ဤဓမ္မဝိနယ'သာသနာတော်'၏ သိက္ခာစဉ်ရှိခြင်း လုပ်ငန်းစဉ်ရှိခြင်း ကျင့်စဉ်ရှိခြင်း အစ၌သာလျှင် အရဟတ္တဖိုလ်ကို ထိုးထွင်း၍ မသိခြင်းသည်

http://www.dhammadownload.com



ဤ ဓမ္မဝိနယ 'သာသနာတော်'၌ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ပဌမ သဘောတည်း။ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤ ဓမ္မဝိနယ 'သာသနာတော်'၌ အလွန်မွေ့လျော်ကြကုန်၏။ပ။ ရဟန်းတို့ မဟာသမုဒ္ဒရာသည် တိမိမည်သောငါး တိမိင်္ဂလမည်သောငါး တိမိရပိင်္ဂလမည်သောငါး အသုရာနဂါး ဂန္ဓဗ္ဗနတ်တို့၏ငှင်း၊ ယူဇနာတရာ ယူဇနာနှစ်ရာ ယူဇနာသုံးရာ ယူဇနာလေးရာ ယူဇနာငါးရာတိုင်အောင် အတ္တဘောကြီးမားသော သတ္တဝါတို့၏ငှင်း နေရာဖြစ်သကဲ့သို့ ဤအတူပင် ဤဓမ္မဝိနယ 'သာသနာတော်'သည် သောတာပန်ပုဂ္ဂိုလ် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲပုဂ္ဂိုလ်၊ သကဒါဂါမ်ပုဂ္ဂိုလ် သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲပုဂ္ဂိုလ်၊ အနာဂါမ်ပုဂ္ဂိုလ် အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲပုဂ္ဂိုလ် ဟူသော ကြီးမြတ်သော သတ္တဝါတို့၏ နေရာဖြစ်၏။ ရဟန်းတို့ ယင်းသို့ ဤ ဓမ္မဝိနယ 'သာသနာတော်'၏ သောတာပန်ပုဂ္ဂိုလ် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲပုဂ္ဂိုလ်။ပ။ ရဟန္တာပုဂ္ဂိုလ် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲပုဂ္ဂိုလ် ဟူသော ကြီးမြတ်သော သတ္တဝါတို့၏ နေရာ ဖြစ်ခြင်းသည် ဤ ဓမ္မဝိနယ 'သာသနာတော်'၌ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော အဋ္ဌမသဘောတည်း။ ယင်းသဘောကို မြင်ကုန်မြင်ကုန်၍ ရဟန်းတို့သည် ဤ ဓမ္မဝိနယ 'သာသနာတော်'၌ အလွန်မွေ့လျော်ကြကုန်၏။ ရဟန်းတို့ ဤဓမ္မဝိနယ 'သာသနာတော်'၌ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော သဘောတို့ကား ဤရှစ်မျိုးတို့တည်း။ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ 'သာသနာတော်'၌ အလွန်မွေ့လျော်ကြကုန်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

နှစ်ခုမြောက် မဟာဝဂ် ပြီး၏။

---

## ၁-ဂဟပတိဝဂ် ၁-ပဌမ ဥဂ္ဂသုတ်

၂၁။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့ ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်ကို အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော သဘောရှစ်မျိုးတို့နှင့် ပြည့်စုံ၏ဟု မှတ်ကုန်လော့"ဟူ၍ ဤစကားကို မိန့်တော်မူ၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၍ နေရာမှ ထပြီးလျှင် ကျောင်းသို့ ဝင်တော်မူ၏။

ထိုအခါ၌ ရဟန်းတပါးသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူပြီးလျှင် ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်၏ အိမ်သို့ ချဉ်းကပ်ပြီးသော် ခင်းထားသော နေရာ၌ ထိုင်နေ၏။ ထိုအခါ ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်သည် ထိုရဟန်းကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊ ထိုရဟန်းသည် တခုသော နေရာ၌ ထိုင်နေသော ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်အား—သူကြွယ် သင်သည် အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော သဘောရှစ်မျိုးတို့နှင့် ပြည့်စုံ၏ဟူ၍ မြတ်စွာဘုရား မိန့်တော်မူ၏၊ သူကြွယ် သင့်ကို အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော သဘောရှစ်မျိုးတို့နှင့် ပြည့်စုံ၏ဟု မြတ်စွာဘုရား မိန့်ကြားတော်မူသည့် သဘောရှစ်မျိုးတို့ကား အဘယ်တို့နည်းဟု မေး၏။

http://www.dhammadownload.com



အသျှင်ဘုရား "အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော အဘယ် သဘောရှစ်မျိုးတို့နှင့် ပြည့်စုံ၏"ဟု မြတ်စွာဘုရား မိန့်ကြားတော်မူသည်ကိုမူ အကျွန်ုပ် မသိပါ၊ အသျှင်ဘုရား (စင်စစ်သော်ကား)အကျွန်ုပ်အား အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော အကြင်သဘောရှစ်မျိုးတို့သည် ရှိပါကုန်၏၊ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ထိုသဘောရှစ်မျိုးတို့ကို နာတော်မူလော့၊ ကောင်းစွာ နှလုံးသွင်းတော်မူလော့၊ လျှောက်ပါအံ့ဟု ဆို၏။

"ကောင်းပြီ သူကြွယ်"ဟူ၍ ထိုရဟန်းသည် ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်အား ဝန်ခံ၏၊ ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်သည် ဤစကားကို လျှောက်၏၊ အသျှင်ဘုရား အကျွန်ုပ်သည် အကြင်အခါ၌ မြတ်စွာဘုရားကို ရှေးဦးစွာ အဝေးမှလျှင် မြင်ရ၏၊ အသျှင်ဘုရား မြင်သည်နှင့် တပြိုင်နက်သာလျှင် အကျွန်ုပ်၏စိတ်သည် မြတ်စွာဘုရားအား ကြည်ညိုပါ၏။ အသျှင်ဘုရား အကျွန်ုပ်အား အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဤ ပဌမသဘောသည် ရှိပါ၏။

အသျှင်ဘုရား ထိုအကျွန်ုပ်သည် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားသို့ ဆည်းကပ်ပါ၏၊ ထိုအကျွန်ုပ်အား မြတ်စွာဘုရားသည် အစဉ်အတိုင်းသော တရားစကားကို ဟောတော်မူ၏၊ ဤသည်ကား အဘယ်နည်း၊ ဒါနနှင့် စပ်သော စကားကိုငှင်း သီလနှင့် စပ်သော စကားကိုငှင်း နတ်ပြည်နှင့်စပ်သော စကားကိုငှင်း ကာမဂုဏ်တို့၏ အပြစ်ကိုငှင်း ယုတ်ညံ့ခြင်းကိုငှင်း ညစ်ညူးခြင်းကိုငှင်း (ကာမဂုဏ်တို့မှ) ထွက်မြောက်ခြင်း၌ အကျိုးကိုငှင်း ပြတော်မူ၏၊ မြတ်စွာဘုရားသည် တပည့်တော်ကို သင့်လျော်သောစိတ် နူးညံ့သော စိတ် အပိတ်အပင် 'နီဝရဏ'မှ ကင်းသောစိတ် တက်ကြွသောစိတ် ယုံကြည်သောစိတ်ရှိသည်ကို သိတော်မူသော အခါ မြတ်စွာဘုရားတို့၏ ကိုယ်တိုင် ထုတ်ဖော် သိမြင်ပြီးသော 'သာမုက္ကံသိက' တရားဒေသနာတော်ဖြစ်သော ဆင်းရဲခြင်း 'ဒုက္ခသစ္စာ'ကိုငှင်း ဆင်းရဲဖြစ်ကြောင်း 'သမုဒယသစ္စာ' ကိုငှင်း ဆင်းရဲချုပ်ရာ 'နိရောဓသစ္စာ'ကိုငှင်း ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း လမ်းစဉ် 'မဂ္ဂသစ္စာ'ကိုငှင်း ပြတော်မူပါ၏၊ မည်းညစ်ခြင်းကင်းသော ဖြူစင်သော အဝတ်သည် ဆိုးရည်ကို ကောင်းစွာ ခံယူသကဲ့သို့ တပည့်တော်အား ထိုနေရာ၌ပင်လျှင် "ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏"ဟု ကိလေသာမြူ အညစ်အကြေး ကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်'သည် ဖြစ်ပေါ်ပါ၏၊ အသျှင်ဘုရား ထိုတပည့်တော်သည် တရားကို မြင်ပြီးသည် တရားသို့ ရောက်ပြီးသည် တရားကို သိပြီးသည်ဖြစ်၍ တရားသို့သက်ဝင်ပြီးသည် ယုံမှားခြင်းကို ကူးမြောက်ပြီးသည် သို့လော သို့လော တွေးတောခြင်း ကင် ပြီးသည်ဖြစ်၍ မြတ်စွာဘုရား သာသနာ၌ ရဲရင့်ခြင်းသို့ ရောက်ပြီးသည် ဘုရားမှတပါး ကိုးစားထိုက်သူမရှိသည် ဖြစ်၍ ထိုနေရာ၌ပင်လျှင် မြတ်စွာဘုရားကိုငှင်း တရားတော်ကိုငှင်း သံဃာတော်ကိုငှင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါပြီ၊ ဗြဟ္မစရိယသိက္ခာပုဒ်လျှင် ငါးခုမြောက်ရှိသော သိက္ခာပုဒ်တို့ကို ဆောက်တည်ပါပြီ၊ အသျှင်ဘုရား အကျွန်ုပ်အား အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဤ ဒုတိယ သဘောသည် ရှိပါ၏။

အသျှင်ဘုရား ထိုအကျွန်ုပ်အား ကုမာရီရွယ် (နုနယ်ပျိုမြစ်ကုန်သော) မယားလေးယောက်တို့သည် ရှိပါကုန်၏၊အသျှင်ဘုရား ထိုအခါ အကျွန်ုပ်သည် ထိုမယားတို့ထံသို့ ချဉ်းကပ်၍ ထိုမယားတို့ကို "နှမတို့ ငါသည်ကား ဗြဟ္မစရိယသိက္ခာပုဒ်လျှင် ငါးခုမြောက်ရှိသော သိက္ခာပုဒ်တို့ကို ကောင်းစွာ ဆောက်တည်အပ်ကုန်၏၊ အလိုရှိသော နှမသည် ဤအိမ်၌ပင်လျှင် စည်းစိမ်ဥစ္စာတို့ကိုလည်း သုံးဆောင် ခံစားလော့၊ကောင်းမှု ကုသိုလ်တို့ကိုလည်း ပြုလော့၊မိမိတို့၏ အဆွေအမျိုးတို့ အိမ်သို့သော်လည်း သွားလော့၊ ယောကျ်ားတပါးကို အလိုရှိသည်ဖြစ်မူ

http://www.dhammadownload.com



အဘယ်ယောကျ်ားအား သင်တို့ကို ပေးရအံ့နည်း''ဟု ဤစကားကို ဆို၏၊ အသျှင်ဘုရား ဤသို့ဆိုသော် မယားကြီးသည် အကျွန်ုပ်ကို ''အရှင် ဤမည်သော ယောကျ်ားအား အကျွန်ုပ်ကို ပေးပါလော့''ဟု ဆို၏၊အသျှင်ဘုရား ထိုအခါ အကျွန်ုပ်သည် ထိုယောကျ်ားကို ခေါ်စေပြီး၍ လက်ဝဲလက်ဖြင့် မယားကို ကိုင်၍ လကျ်ာလက်ဖြင့် ရေကရားကို ကိုင်ပြီးလျှင် ထိုယောကျ်ားအား စွန့်ပါ၏၊အသျှင်ဘုရား အကျွန်ုပ်သည် ကုမာရိရွယ် (နုနယ်ပျိုမြစ်သော) မယားကို စွန့်သည်ရှိသော် စိတ်ဖောက်ပြန်ခြင်းကို မသိပါ။ အသျှင်ဘုရား အကျွန်ုပ်အား အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဤတတိယ သဘောသည် ရှိပါ၏။

အသျှင်ဘုရား အကျွန်ုပ်၏အမျိုးအိမ်၌ ရှိကုန်သော စည်းစိမ်ဥစ္စာတို့ကိုလည်း ကောင်းသော သဘောရှိကုန်သော သီလဝန္တပုဂ္ဂိုလ်တို့နှင့် မခွဲခြားအပ်ကုန်။ အသျှင်ဘုရား အကျွန်ုပ်အား အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဤစတုတ္ထ သဘောသည် ရှိပါ၏။

အသျှင်ဘုရား အကျွန်ုပ်သည် ရဟန်းသို့ ဆည်းကပ်ခဲ့မူ ရိုသေစွာသာလျှင် ဆည်းကပ်ပါ၏၊ မရိုမသေ မဆည်းကပ်ပါ။ အသျှင်ဘုရား အကျွန်ုပ်အား အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဤပဉ္စမ သဘောသည် ရှိပါ၏။

အသျှင်ဘုရား ထိုအသျှင်သည် အကျွန်ုပ်အား တရားဟောခဲ့မူ ရိုသေစွာသာလျှင် တရားနာ၏၊ မရိုမသေ မနာပါ၊ အကျွန်ုပ်အား ထိုအသျှင်သည် တရားမဟောခဲ့မူ အကျွန်ုပ်သည် ထိုအသျှင်အား တရားဟောပါ၏။ အသျှင်ဘုရား အကျွန်ုပ်အား အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဤဆဋ္ဌ သဘောသည် ရှိပါ၏၊

အသျှင်ဘုရား အကျွန်ုပ်ကို နတ်တို့ ချဉ်းကပ်၍''သူကြွယ် မြတ်စွာဘုရားသည် တရားကို ကောင်းစွာ ဟောတော်မူ၏''ဟု ပြောကြားကုန်၏၊ အသျှင်ဘုရား ဤသို့ ပြောကြားသည်ရှိသော် '' သင် နတ်တို့က ဤသို့ ပြောကုန်သည် ဖြစ်စေ မပြောကုန်သည် ဖြစ်စေ စင်စစ်သော်ကား မြတ်စွာဘုရားသည် တရားကို ကောင်းစွာ ဟောတော်မူ၏''ဟု ထိုနတ်တို့ကို အကျွန်ုပ် ဤသို့ ပြောဆိုပါ၏၊ ဤသို့ ဆိုခြင်းသည် အံ့ဖွယ်မဟုတ်ပါ၊အသျှင်ဘုရား''ငါ့ထံသို့ နတ်တို့ ချဉ်းကပ်ကုန်၏၊ ငါသည်လည်း နတ်တို့နှင့် အတူတကွ စကားပြောဆိုရ၏ဟု နတ်တို့ ချဉ်းကပ်လာခြင်း နတ်တို့နှင့် အတူတကွ စကားပြောရခြင်းဟူသော အကြောင်းကြောင့် စိတ်၏တက်ကြွမှုကို မသိစဖူးပါ။ အသျှင်ဘုရား အကျွန်ုပ်အား အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဤသတ္တမ သဘောသည် ရှိပါ၏။

အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား ဟောတော်မူအပ်သော အောက်ပိုင်း သံယောဇဉ်ငါးမျိုးတို့တွင် မိမိ၌ မပယ်အပ်သေးသော တစုံတခုသော သံယောဇဉ်ကိုမျှမတွေ့မြင်ပါ။ အသျှင်ဘုရား အကျွန်ုပ်အား အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဤအဋ္ဌမ သဘောသည် ရှိပါ၏။

အသျှင်ဘုရား အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဤသဘောရှစ်မျိုးတို့ ရှိပါကုန်၏၊ ''အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်ကုန်သော အဘယ် သဘောရှစ်မျိုးတို့နှင့် ပြည့်စုံ၏''ဟု မြတ်စွာဘုရား မိန့်ကြားတော်မူသည်ကိုမူကား အကျွန်ုပ် မသိပါဟု(လျှောက်၏)။

ထိုအခါ ထိုရဟန်းသည် ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်၏ အိမ်မှ ဆွမ်းကို ခံယူပြီးလျှင် နေရာမှ ထ၍ ဖဲသွား၏၊ထိုအခါ ထိုရဟန်းသည် ဆွမ်းစားပြီးနောက် ဆွမ်းခံရာမှ ဖဲခဲ့ပြီ

http://www.dhammadownload.com



သော် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော အရပ်၌ ထိုင်နေလျက် ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်နှင့်အတူတကွ ပြောဆိုခဲ့သမျှ စကားအလုံးစုံကို မြတ်စွာဘုရားအား လျှောက်ကြား၏။

ရဟန်း ကောင်း၏ ကောင်း၏၊ကောင်းစွာ ပြောကြားလိုသူသည် ဝေသာလီပြည်သား ဥဂ္ဂသူကြွယ် ပြောကြားသည့်အတိုင်း ပြောကြားရာ၏၊ ရဟန်း ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်ကို အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဤသဘောရှစ်မျိုးတို့နှင့်ပင်လျှင် ပြည့်စုံ၏ဟု ငါဆို၏။ ရဟန်း ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်ကို အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဤသဘော ရှစ်မျိုးတို့နှင့် ပြည့်စုံ၏ဟု မှတ်လေလော့ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ဒုတိယ ဥဂ္ဂသုတ်

၂၂။ အခါတပါး၌ မြတ်စွာဘုရားသည် ဝဇ္ဇီတိုင်း ဟတ္ထိရွာ၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့ ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်ကို အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော သဘောရှစ်မျိုးတို့နှင့် ပြည့်စုံ၏ဟု မှတ်ကုန်လော့" ဟူ၍ မိန့်တော်မူ၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၍ နေရာမှ ထပြီးလျှင် ကျောင်းသို့ ဝင်တော်မူ၏။ ထိုအခါ ရဟန်းတပါးသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူပြီးလျှင် ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်၏ အိမ်သို့ ချဉ်းကပ်ပြီးသော် ခင်းထားသော နေရာ၌ ထိုင်နေ၏၊ ထိုအခါ ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်သည် ထိုရဟန်းကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊ ထိုရဟန်းသည် တခုသော နေရာ၌ ထိုင်နေသော ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်အား— "သူကြွယ် သင်သည် အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော သဘောရှစ်မျိုး တို့နှင့် ပြည့်စုံ၏ဟူ၍ မြတ်စွာဘုရား မိန့်ကြားတော်မူ၏၊ သူကြွယ် သင့်ကို အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော သဘောရှစ်မျိုးတို့နှင့် ပြည့်စုံ၏"ဟု မြတ်စွာဘုရား မိန့်ကြားတော် မူသည့် သဘောရှစ်မျိုးတို့ကား အဘယ်တို့နည်းဟု မေး၏။

အသျှင်ဘုရား "အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော အဘယ် သဘောရှစ်မျိုးတို့နှင့် ပြည့်စုံ ၏ဟု မြတ်စွာဘုရား မိန့်ကြားတော်မူသည်ကိုမူ" အကျွန်ုပ် မသိပါ၊ အသျှင်ဘုရား စင်စစ်သော်ကား အကျွန်ုပ်အား အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော အကြင် သဘောရှစ်မျိုးတို့သည် ရှိပါကုန်၏၊ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ထိုသဘောရှစ်မျိုးတို့ကို နာတော်မူလော့၊ ကောင်းစွာ နှလုံးသွင်းတော်မူလော့၊ လျှောက်ပါအံ့ ဟု (ဆို၏)။

"ကောင်းပြီ သူကြွယ်"ဟူ၍ ထိုရဟန်းသည် ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်အား ဝန်ခံ၏၊ ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်သည် ဤစကားကို လျှောက်၏— "အသျှင်ဘုရား အကျွန်ုပ်သည် ကံ့ကော်တော၌ လှည့်လည် ပျော်ပါးနေစဉ် မြတ်စွာဘုရားကို ရှေးဦးစွာ အဝေးမှ မြင်ရ၏၊ အသျှင်ဘုရား မြင်သည်နှင့် တပြိုင်နက်သာလျှင် အကျွန်ုပ်စိတ်သည် မြတ်စွာဘုရားအား ကြည်ညိုပါ၏၊ သေအရက် မူးယစ်ခြင်းသည်လည်း ပြေပျောက်ပါ၏။အသျှင်ဘုရား အကျွန်ုပ်အား အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဤပဌမသဘောသည် ရှိပါ၏။

http://www.dhammadownload.com



အသျှင်ဘုရား ထိုအကျွန်ုပ်သည် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားကို ဆည်းကပ်ပါ၏၊ ထိုအကျွန်ုပ်အား မြတ်စွာဘုရားသည် အစဉ်အတိုင်းသော တရားစကားကို ဟောတော်မူ၏၊ ဤသည်ကား အဘယ်နည်း၊ ဒါနနှင့်စပ်သော စကားကိုဖွင့် သီလနှင့် စပ်သောစကားကိုဖွင့် နတ်ပြည်နှင့်စပ်သော စကားကိုဖွင့် ကာမဂုဏ်တို့၏ အပြစ်ကိုဖွင့် ယုတ်ညံ့ခြင်းကိုဖွင့် ညစ်ညူးခြင်းကိုဖွင့် (ကာမဂုဏ်တို့မှ) ထွက်မြောက်ခြင်း၌ အကျိုးကိုဖွင့် ပြတော်မူ၏၊ မြတ်စွာဘုရားသည် တပည့်တော်ကို သင့်လျော်သောစိတ် နူးညံ့သောစိတ် အပိတ်အပင် 'နီဝရဏ'မှ ကင်းသောစိတ် တက်ကြွသောစိတ် ယုံကြည်သောစိတ် ရှိသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားတို့၏ ကိုယ်တိုင် ထုတ်ဖော်သိမြင်ပြီးသော 'သာမုက္ကံသိက' တရားဒေသနာတော်ဖြစ်သော ဆင်းရဲခြင်း 'ဒုက္ခသစ္စာ' ကိုဖွင့် ဆင်းရဲဖြစ်ကြောင်း 'သမုဒယသစ္စာ'ကိုဖွင့် ဆင်းရဲချုပ်ရာ 'နိရောဓသစ္စာ' ကိုဖွင့် ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းလမ်းစဉ် 'မဂ္ဂသစ္စာ'ကိုဖွင့် ပြသတော်မူပါ၏၊ မည်းညစ်ခြင်းကင်းသော ဖြူစင်သော အဝတ်သည် ဆိုးရည်ကို ကောင်းစွာ ခံယူသကဲ့သို့ တပည့်တော်အား ထိုနေရာ၌ ပင်လျှင် "ဖြစ်ခြင်း သဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်း သဘောရှိ၏" ဟု ကိလေသာမြူ အညစ်အကြေးကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်' သည် ဖြစ်ပေါ်ပါ၏၊ အသျှင်ဘုရား ထိုတပည့်တော်သည် တရားကို မြင်ပြီးသည် တရားသို့ ရောက်ပြီးသည် တရားကို သိပြီးသည်ဖြစ်၍ တရားသို့ သက်ဝင်ပြီးသည် ယုံမှားခြင်းကို ကူးမြောက်ပြီးသည် သို့လော သို့လော တွေးတောခြင်း ကင်းပြီးသည်ဖြစ်၍ မြတ်စွာဘုရား သာသနာ၌ ရဲရင့်ခြင်းသို့ ရောက်ပြီးသည် ဘုရားမှတပါး ကိုးစားထိုက်သူ မရှိသည်ဖြစ်၍ သိမြင်ပြီးသည်ဖြစ်၍ ထိုနေရာ၌ပင်လျှင် မြတ်စွာဘုရားကိုဖွင့် တရားတော်ကိုဖွင့် သံဃာတော်ကိုဖွင့် ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါပြီ၊ ဗြဟ္မစရိယသိက္ခာပုဒ်လျှင် ငါးခုမြောက်ရှိသော သိက္ခာပုဒ်တို့ကို ဆောက်တည်ပါပြီ။ အသျှင်ဘုရား အကျွန်ုပ်အား အံ့ဖွယ်ဖြစ်သော မ[ဖြစ်]ဘူးမြဲဖြစ်သော ဤဒုတိယ သဘောသည် ရှိပါ၏။

အသျှင်ဘုရား ထိုအကျွန်ုပ်အား ကုမာရီရွယ်(နုနယ်ပျိုမြစ်ကုန်သော) မယား လေးယောက်တို့ သည် ရှိကုန်၏၊ အသျှင်ဘုရား ထိုအခါ အကျွန်ုပ်သည် ထိုမယားတို့ထံသို့ ချဉ်းကပ်၍ ထိုမယားတို့ကို "နှမတို့ ငါသည်ကား ဗြဟ္မစရိယသိက္ခာပုဒ်လျှင် ငါးခုမြောက်ရှိသော သိက္ခာပုဒ်တို့ကို ကောင်းစွာ ဆောက်တည်အပ်ကုန်၏၊ အလိုရှိသော နှမသည် ဤအိမ်၌ပင် စည်းစိမ် ဥစ္စာတို့ကိုလည်း သုံးဆောင်ခံစားလော့၊ ကောင်းမှုကုသိုလ်တို့ကိုလည်း ပြုလော့၊ မိမိတို့၏ အဆွေအမျိုးတို့ အိမ်သို့ သော်လည်း သွားလော့၊ ယောကျ်ားတပါးကို အလိုရှိသည်ဖြစ်မူ အဘယ်ယောကျ်ားအား သင် တို့ကို ပေးရအံ့နည်း" ဟု ဆို၏၊ အသျှင်ဘုရား ဤသို့ဆိုသော် မယားကြီးသည် အကျွန်ုပ်ကို "အရှင် ဤမည်သော ယောကျ်ားအား အကျွန်ုပ်ကို ပေးပါလော့" ဟု ဆို၏၊ အသျှင်ဘုရား ထိုအခါ အကျွန်ုပ်သည် ထိုယောကျ်ားကို ခေါ်စေပြီး၍ လက်ဝဲလက်ဖြင့် မယားကို ကိုင်၍ လကျ်ာ လက်ဖြင့် ရေကရားကို ကိုင်ပြီးလျှင် ထိုယောကျ်ားအား စွန့်ပါ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် ကုမာရီရွယ် (နုနယ်ပျိုမြစ်သော) မယားကို စွန့်သည်ရှိသော် စိတ်ဖောက်ပြန်ခြင်းကို မသိပါ။ အသျှင်ဘုရား အကျွန်ုပ်အား အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဤတတိယ သဘောသည် ရှိပါ၏။

အသျှင်ဘုရား အကျွန်ုပ်၏ အမျိုးအိမ်၌ ရှိကုန်သော စည်းစိမ်ဥစ္စာတို့ကိုလည်း ကောင်းသော သဘောရှိကုန်သော သီလဝန္တပုဂ္ဂိုလ်တို့နှင့် မခွဲခြားအပ်ကုန်။ အသျှင်ဘုရား အကျွန်ုပ်အား အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဤစတုတ္ထ သဘောသည် ရှိပါ၏။

http://www.dhammadownload.com



အသျှင်ဘုရား အကျွန်ုပ်သည် ရဟန်းသို့ ဆည်းကပ်သည်ရှိသော် ရိုသေစွာလျှင် ဆည်းကပ်ပါ၏၊ မရိုမသေ မဆည်းကပ်ပါ၊ အကျွန်ုပ်အား ထိုအသျှင်သည် အကယ်၍ တရားဟောခဲ့မူ၊ ရိုသေစွာသာလျှင် တရားနာ၏၊ မရိုမသေ မနာပါ၊ အကျွန်ုပ်အား ထိုအသျှင်သည် အကယ်၍ တရားမဟောခဲ့မူ အကျွန်ုပ်သည် ထိုအသျှင်အား တရားဟောပါ၏။ အသျှင်ဘုရား အကျွန်ုပ်အား အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဤပဉ္စမသဘောသည် ရှိပါ၏။

အသျှင်ဘုရား သံဃာကို ပင့်ဖိတ်အပ်သည်ရှိသော် နတ်တို့သည် ချဉ်းကပ်၍ "သူကြွယ် ဤမည်သော ရဟန်းသည် (ရူပကာယ နာမကာယ) နှစ်ပါးစုံမှ လွတ်မြောက်သော 'ဥဘတောဘာဂဝိမုတ္တ' ပုဂ္ဂိုလ်တည်း၊ ဤမည်သော ရဟန်းသည် ပညာဖြင့် လွတ်မြောက်သော 'ပညာဝိမုတ္တ' ပုဂ္ဂိုလ်တည်း၊ ဤမည်သော ရဟန်းသည် နာမကာယဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းရှိသော 'ကာယသက္ခိ' ပုဂ္ဂိုလ်တည်း၊ ဤမည်သော ရဟန်းသည် အထက်မဂ်ဖိုလ်သို့ ရောက်သော 'ဒိဋ္ဌိပ္ပတ္တ' ပုဂ္ဂိုလ်တည်း၊ ဤမည်သော ရဟန်းသည် သဒ္ဓါဖြင့် လွတ်မြောက်သော 'သဒ္ဓါဝိမုတ္တ' ပုဂ္ဂိုလ်တည်း၊ ဤမည်သော ရဟန်းသည် (ပညာ) တရားဖြင့် အထက်မဂ်သို့ အစဉ်လျှောက်သော 'ဓမ္မာနုသာရီ' ပုဂ္ဂိုလ်တည်း၊ ဤမည်သော ရဟန်းသည် သဒ္ဓါဖြင့် အထက်မဂ်သို့ အစဉ်လျှောက်သော 'သဒ္ဓါနုသာရီ' ပုဂ္ဂိုလ်တည်း၊ ဤမည်သော ရဟန်းသည် သီလရှိ၏၊ ကောင်းသော သဘောရှိ၏၊ ဤမည်သော ရဟန်းသည် သီလမရှိ၊ ယုတ်ညံ့သော သဘောရှိ၏" ဟု ပြောကြားကြကုန်၏၊ ထိုသို့ ပြောခြင်းသည် အံ့ဖွယ်မဟုတ်ပါ၊ အသျှင်ဘုရား အကျွန်ုပ်သည် သံဃာတော်ကို လုပ်ကျွေးသည်ရှိသော် "ဤမည်သော ပုဂ္ဂိုလ်အားမူ အနည်းငယ် ပေးလှူအံ့၊ ဤမည်သော ပုဂ္ဂိုလ်အားမူ များစွာ ပေးလှူအံ့" ဟု ဤသို့ စိတ်ဖြစ်သည်ကို မသိစဘူးပါ၊ အရှင်ဘုရား စင်စစ်သော်ကား အကျွန်ုပ်သည် မျှတသော စိတ်ရှိသည်ဖြစ်၍သာလျှင် ပေးလှူ၏။ အသျှင်ဘုရား အကျွန်ုပ်အား အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဤဆဋ္ဌ သဘောသည် ရှိပါ၏။

အသျှင်ဘုရား အကျွန်ုပ်ကို နတ်တို့သည် ချဉ်းကပ်၍ "သူကြွယ် မြတ်စွာဘုရားသည် တရားကို ကောင်းစွာ ဟောတော်မူ၏" ဟု ပြောကြားကြကုန်၏။ အသျှင်ဘုရား ဤသို့ ပြောကြားသည်ရှိသော် သင်နတ်တို့က ဤသို့ ပြောကုန်သည်ဖြစ်စေ မပြောကုန်သည်ဖြစ်စေ စင်စစ်သော်ကား မြတ်စွာဘုရားသည် တရားကို ကောင်းစွာ ဟောတော်မူ၏" ဟု ထိုနတ်တို့ကို အကျွန်ုပ် ဤသို့ ပြောဆိုပါ၏။ ဤသို့ ဆိုခြင်းသည် အံ့ဖွယ် မဟုတ်ပါ၊ အသျှင်ဘုရား "ငါ့ထံသို့ နတ်တို့ ချဉ်းကပ်ကုန်၏၊ ငါသည်လည်း နတ်တို့နှင့် အတူတကွ စကားပြောဆိုရ၏" ဟု နတ်တို့ချဉ်းကပ်လာခြင်း နတ်တို့နှင့် တကွ စကားပြောရခြင်းဟူသော အကြောင်းကြောင့် စိတ်၏ တက်ကြွမှုကို မသိစဘူးပါ။ အသျှင်ဘုရား အကျွန်ုပ်အား အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဤသတ္တမ သဘောသည် ရှိပါ၏။

အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ ရှေးဦးစွာ အကယ်၍ သေရပါမူ၊ အကျွန်ုပ်ကို မြတ်စွာဘုရားသည် "အကြင်သံယောဇဉ်နှင့် ယှဉ်သော ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်သည် တဖန် ဤလောကသို့ ရောက်လာရာ၏၊ ထိုသံယောဇဉ်သည် မရှိတော့ပြီ" ဟု မိန့်ကြားတော်မူရာသော အကြောင်းသည် အံ့ဖွယ် မဟုတ်ပါ၊ အသျှင်ဘုရား အကျွန်ုပ်အား အံ့ဖွယ် ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဤအဋ္ဌမ သဘောသည် ရှိပါ၏။ အသျှင်ဘုရား အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဤသဘော ရှစ်မျိုးတို့သည် ရှိပါကုန်၏၊ "အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော အဘယ်

http://www.dhammadownload.com



သဘောရှစ်မျိုးတို့နှင့် ပြည့်စုံ၏”ဟု မြတ်စွာဘုရား မိန့်ကြားတော်မူသည်ကိုမူ အကျွန်ုပ် မသိပါဟု (လျှောက်၏)။

ထိုအခါ ထိုရဟန်းသည် ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်၏ အိမ်မှ ဆွမ်းကို ခံယူပြီးလျှင် နေရာမှ ထ၍ ဖဲသွား၏၊ ထိုအခါ ထိုရဟန်းသည် ဆွမ်းစားပြီးနောက် ဆွမ်းခံရာမှ ဖဲခဲ့ပြီးသော် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ကာ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် သင့်လျော်သော အရပ်၌ ထိုင်လျက် ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်နှင့် အတူတကွ ပြောခဲ့သမျှ စကားအလုံးစုံကို မြတ်စွာဘုရားအား လျှောက်ကြား၏။

ရဟန်း ကောင်း၏ ကောင်း၏၊ ကောင်းစွာ ဖြေကြားလိုသူသည် ဟတ္ထိရွာသား ဥဂ္ဂသူကြွယ် ပြောကြားသည့်အတိုင်း ပြောကြားရာ၏၊ ရဟန်း ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်ကို အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဤသဘောရှစ်မျိုးတို့နှင့်ပင်လျှင် ပြည့်စုံ၏ဟု ငါဆို၏။ ရဟန်း ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်ကို အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဤသဘောရှစ်မျိုးတို့နှင့် ပြည့်စုံ၏ဟု မှတ်လေလော့ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ပဌမ ဟတ္ထကသုတ်

၂၃။ အခါတပါး၌ မြတ်စွာဘုရားသည် အာဠဝီပြည် အဂ္ဂါဠဝစေတီ၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ရဟန်းတို့ ဟတ္ထကအာဠဝကကို အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော သဘောခုနစ်မျိုးတို့နှင့် ပြည့်စုံ၏ဟူ၍ မှတ်ကုန်လော့၊ အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဟတ္ထကအာဠဝကသည် သဒ္ဓါတရားရှိ၏၊ ရဟန်းတို့ ဟတ္ထကအာဠဝကသည် သီလရှိ၏၊ ရဟန်းတို့ ဟတ္ထကအာဠဝကသည် (ဒုစရိုက်မှ) ရှက်တတ်၏၊ ရဟန်းတို့ ဟတ္ထကအာဠဝကသည် (ဒုစရိုက်မှ)လန့်တတ်၏၊ ရဟန်းတို့ ဟတ္ထကအာဠဝကသည် များသော အကြားအမြင်ရှိ၏၊ ရဟန်းတို့ ဟတ္ထကအာဠဝကသည် စွန့်ကြဲပေးကမ်းတတ်၏၊ ရဟန်းတို့ ဟတ္ထကအာဠဝကသည် ပညာရှိ၏၊ ရဟန်းတို့ ဟတ္ထကအာဠဝကကို အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဤသဘောခုနစ်မျိုးတို့နှင့် ပြည့်စုံ၏ဟူ၍ မှတ်ကုန်လော့ဟု မိန့်တော်မူ၏၊ မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၍ နေရာမှ ထပြီးလျှင် ကျောင်းသို့ ဝင်တော်မူ၏။

ထိုအခါ ရဟန်းတပါးသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူပြီးလျှင် ဟတ္ထကအာဠဝကထံသို့ ချဉ်းကပ်၍ ခင်းထားအပ်သော နေရာ၌ ထိုင်နေ၏။ ထိုအခါ ဟတ္ထကအာဠဝကသည် ထိုရဟန်းကို ရှိခိုးပြီးလျှင် တခုသော အရပ်၌ ထိုင်နေ၏၊ ထိုရဟန်းသည် တခုသော အရပ်၌ ထိုင်နေသော ဟတ္ထကအာဠဝကကို ငါ့သျှင် ဒါယကာ သင့်ကို အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော သဘောခုနစ်မျိုးတို့နှင့် ပြည့်စုံ၏ဟူ၍ မြတ်စွာဘုရား မိန့်ကြားတော်မူ၏။ အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ –ရဟန်းတို့ ဟတ္ထကအာဠဝကသည် သဒ္ဓါတရားရှိ၏။ သီလရှိ၏။ပ။ (ဒုစရိုက်မှ)ရှက်တတ်၏။ (ဒုစရိုက်မှ)လန့်တတ်၏။ များသော အကြားအမြင်ရှိ၏။ စွန့်ကြဲပေးကမ်းတတ်၏။ ပညာရှိ၏ဟု မိန့်တော်မူ၏၊ ဒါယကာ သင်သည် အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဤသဘောခုနစ်မျိုးတို့နှင့် ပြည့်စုံ၏ဟု မြတ်စွာဘုရား မိန့်ကြားတော်မူ၏ဟူ၍ ပြော၏။

http://www.dhammadownload.com



အသျှင်ဘုရား အသို့ပါနည်း၊ ဤသို့ မြတ်စွာဘုရားမိန့်ကြားရာအရပ်၌ အဝတ်ဖြူဝတ်သော လူတစုံတယောက် မရှိပါသလောဟု (လျှောက်၏)၊ ဒါယကာ ဤသို့ မြတ်စွာဘုရား မိန့်ကြားရာ အရပ်၌ အဝတ်ဖြူဝတ်သော လူတစုံတယောက်မျှ မရှိဟု (မိန့်ဆို၏)။

အသျှင်ဘုရား ဤသို့ မြတ်စွာဘုရားမိန့်ကြားရာအရပ်၌အဝတ်ဖြူဝတ်သော လူတစုံတယောက်မျှ အကယ်၍ မရှိသည်ဖြစ်အံ့၊ ကောင်းပါလေ၏ဟု (လျှောက်၏)။

ထိုအခါ ထိုရဟန်းသည် ဟတ္ထကအာဠဝကဏ် အိမ်မှ ဆွမ်းကို ခံယူပြီးလျှင် နေရာမှ ထ၍ ဖဲခွါသွားလေ၏။ ထိုအခါ ထိုရဟန်းသည် ဆွမ်းစားပြီးနောက် ဆွမ်းခံရာမှ ဖဲခဲ့ပြီးသော် မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ထိုင်လျက် ဤစကားကို လျှောက်၏။အသျှင်ဘုရား အကျွန်ုပ်သည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် ဟတ္ထကအာဠဝကနေအိမ်သို့ ချဉ်းကပ်၍ ခင်းထားအပ်သော နေရာ၌ ထိုင်ပါ၏၊ အသျှင်ဘုရား ထိုအခါ ဟတ္ထကအာဠဝကသည် အကျွန်ုပ်အထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေပါ၏၊ အသျှင်ဘုရား တခုသော နေရာ၌ ထိုင်နေသော ဟတ္ထကအာဠဝကကို အကျွန်ုပ်သည် "ဒါယကာ သင်သည် အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော သဘောခုနစ်မျိုးတို့နှင့် ပြည့်စုံ၏" ဟု မြတ်စွာဘုရား မိန့်ကြားတော်မူ၏။ အဘယ်ခုနစ်မျိုးတို့နည်း ဟူမူ— ရဟန်းတို့ ဟတ္ထကအာဠဝကသည် သဒ္ဓါတရားရှိ၏၊ သီလရှိ၏။ပ။ (ဒုစရိုက်မှ) ရှက်တတ်၏၊ (ဒုစရိုက်မှ) လန့်တတ်၏။ များသော အကြားအမြင်ရှိ၏။ စွန့်ကြဲ ပေးကမ်းတတ်၏။ ပညာရှိ၏ဟု၊ မိန့်တော်မူ၏၊ ဒါယကာ သင်သည် ဤအံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော သဘောခုနစ်မျိုးတို့နှင့် ပြည့်စုံ၏ဟု မြတ်စွာဘုရား မိန့်တော်မူ၏"ဟူ၍ ပြောဆိုပါ၏။ အသျှင်ဘုရား ဤသို့ ပြောသည်ရှိသော် ဟတ္ထကအာဠဝကသည် အကျွန်ုပ်ကို"အသျှင်ဘုရား အသို့ပါနည်း၊ ဤသို့ မြတ်စွာဘုရား မိန့်ကြားရာအရပ်၌ အဝတ်ဖြူဝတ်သော လူတစုံတယောက် မရှိပါသလော" ဟု (ဆိုပါ၏)၊ ဒါယကာ ဤသို့ မြတ်စွာဘုရား မိန့်ကြားရာအရပ်၌ အဝတ်ဖြူဝတ်သော လူတစုံတယောက်မျှမရှိဟု (ဆိုပါ၏)။ အသျှင်ဘုရား ဤသို့ မြတ်စွာဘုရား မိန့်ကြားရာအရပ်၌ အဝတ်ဖြူဝတ်သော လူတစုံတယောက်မျှ အကယ်၍ မရှိသည်ဖြစ်အံ့၊ ကောင်းပါလေ၏ဟု ဆိုပါ၏ ဟူ၍ လျှောက်၏။

ရဟန်း ကောင်းစွ ကောင်းစွ၊ ထိုအမျိုးကောင်းသားသည် အလိုနည်း၏၊ မိမိ၌ ထင်ရှား ရှိသည်သာလျှင် ဖြစ်သော ကုသိုလ်တရားတို့ကို သူတပါးတို့အား သိစေခြင်း၌ အလိုမရှိ၊ ရဟန်း ထို့ကြောင့်ပင် သင်သည် ဟတ္ထကအာဠဝကကို အလိုနည်းခြင်း ဟူသော အံ့ဖွယ် ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဤသဘောနှင့်လည်း ပြည့်စုံသောသူဟု မှတ်လေလော့ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ဒုတိယ ဟတ္ထကသုတ်

၂၄။ အခါတပါး၌ မြတ်စွာဘုရားသည် အာဠဝီပြည် အဂ္ဂါဠဝစေတီ၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ ဥပါသကာ ငါးရာတို့ဖြင့် ခြံရံလျက် မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ တခုသော နေရာ၌ ထိုင်နေသော ဟတ္ထကအာဠဝကကို မြတ်စွာဘုရားသည် "ဟတ္ထက သင်၏

http://www.dhammadownload.com



ဤပရိသတ်သည် များလှ၏တကား၊ ဟတ္ထက သင်သည် အဘယ်သို့လျှင် များစွာသော ဤပရိသတ်ကို ချီးမြှောက်သနည်း''ဟု မိန့်တော်မူ၏။

အသျှင်ဘုရား မြတ်စွာဘုရားသည် ဟောတော်မူသော ချီးမြှောက်ဖွယ်ရာ သင်္ဂဟဝတ္ထုလေးမျိုးတို့ဖြင့် အကျွန်ုပ်သည် များစွာသော ဤပရိသတ်ကို ချီးမြှောက်ပါ၏။ အသျှင်ဘုရား အကျွန်ုပ်သည် အကြင်သူကို ဤသူသည်ကား ပေးကမ်းခြင်းဖြင့် ချီးမြှောက်ထိုက်၏'' ဟု သိ၏၊ ထိုသူကို ပေးကမ်းခြင်းဖြင့် ချီးမြှောက်ပါ၏။ အကြင်သူကို ''ဤသူသည်ကား ချစ်ဖွယ်သော စကားကို ပြောဆိုခြင်းဖြင့် ချီးမြှောက်ထိုက်၏''ဟု သိ၏၊ ထိုသူကို ချစ်ဖွယ်သော စကားကို ပြောဆိုခြင်းဖြင့် ချီးမြှောက်ပါ၏။ အကြင်သူကို ''ဤသူသည်ကား အကျိုးစီးပွါးကို ဆောင်ရွက်ပေးခြင်းဖြင့် ချီးမြှောက်ထိုက်၏''ဟု သိ၏၊ ထိုသူကို အကျိုးစီးပွါးကို ဆောင်ရွက် ပေးခြင်းဖြင့် ချီးမြှောက်ပါ၏။ အကြင်သူကို''ဤသူသည်ကား မိမိနှင့် အတူအမျှ ပြုခြင်းဖြင့် ချီးမြှောက် ထိုက်၏'' ဟု သိ၏၊ ထိုသူကို မိမိနှင့် အတူ အမျှ ပြုခြင်းဖြင့် ချီးမြှောက်ပါ၏၊ အသျှင်ဘုရား အကျွန်ုပ်အိမ်၌ကား စည်းစိမ်ဥစ္စာတို့သည် ရှိပါကုန်၏၊ သူဆင်းရဲ၏ စကားကို နားထောင်သင့်၏ ဟု မမှတ်ထင်ကြကုန်သကဲ့သို့ မပေးကမ်းသူ၏ စကားကို နားထောင်သင့်၏ ဟု မမှတ်ထင်ကြပါကုန်။ (အကျွန်ုပ်၏ စကားကိုမူလည်း နားထောင်သင့်၏ ဟု မှတ်ထင်ကြပါကုန်၏) ဟု(လျှောက်၏)။

ဟတ္ထက ကောင်းပေစွ ကောင်းပေစွ၊ သင်၏ ဤအကြောင်းလေးမျိုးကား များစွာသော ပရိသတ်ကို ချီးမြှောက်ရန် သင့်သော အကြောင်းတည်း၊ ဟတ္ထက ရှေးလွန်ပြီးအခါက များစွာသော ပရိသတ်ကို ချီးမြှောက် သူ ဟူသမျှအားလုံးတို့သည် ဤသင်္ဂဟဝတ္ထုလေးမျိုးတို့ဖြင့်သာလျှင် များစွာသော ပရိသတ်ကို ချီးမြှောက်ခဲ့ကုန်၏၊ ဟတ္ထက နောင်အခါ၌ များစွာသော ပရိသတ်ကို ချီးမြှောက်မည့်သူ ဟူသမျှ အားလုံးတို့သည် ဤသင်္ဂဟဝတ္ထုလေးမျိုးတို့ဖြင့်သာလျှင် များစွာသော ပရိသတ်ကို ချီးမြှောက်ကုန်လိမ့်မည်၊ ဟတ္ထက ယခုအခါ၌ များစွာသော ပရိသတ်ကို ချီးမြှောက်နေသူ ဟူသမျှ အားလုံးတို့သည် ဤသင်္ဂဟဝတ္ထုလေးမျိုးတို့ဖြင့်သာလျှင် များစွာသော ပရိသတ်ကို ချီးမြှောက်ကုန်၏ ဟု(မိန့်တော်မူ၏)။

ထိုအခါ ဟတ္ထကအာဠဝကသည် မြတ်စွာဘုရားက တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေသည် ဖြစ်၍ နေရာမှ ထလျက် မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေပြုကာ ဖဲသွားလေ၏။

ထိုနောက် မြတ်စွာဘုရားသည် ဟတ္ထကအာဠဝက ဖဲသွား၍ မကြာမြင့်မီ ရဟန်းတို့ကို ''ရဟန်းတို့ ဟတ္ထကအာဠဝက ဉပါသကာကို အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော သဘောရှစ်မျိုးတို့နှင့် ပြည့်စုံ၏ ဟု မှတ်ကုန်လော့၊ အဘယ်ရှစ်မျိုးတို့နည်းဟူမူ— ရဟန်းတို့ ဟတ္ထက အာဠဝကသည် သဒ္ဓါတရားရှိ၏။ သီလရှိ၏။ပ။ (ဒုစရိုက်မှ)ရှက်တတ်၏။ (ဒုစရိုက်မှ) လန့်တတ်၏။ များစွာသော အကြားအမြင်ရှိ၏။ စွန့်ကြဲ ပေးကမ်းတတ်၏။ ပညာရှိ၏။ အလိုနည်း၏။ ရဟန်းတို့ ဟတ္ထကအာဠဝကသည် အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဤသဘောရှစ်မျိုးတို့နှင့် ပြည့်စုံ၏ ဟု မှတ်ကုန်လော့ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

http://www.dhammadownload.com



### ၅-မဟာနာမသုတ်

၂၅။ အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မဟာနာမ် သာကီဝင်မင်းသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေပြီးသော်— "အသျှင်ဘုရား အဘယ်မျှသော အကြောင်းဖြင့် ဥပါသကာဖြစ်ပါသနည်း" ဟု လျှောက်၏။

မဟာနာမ် ဘုရားကို ကိုးကွယ်ရာဟု ဆည်းကပ်၏၊ တရားကို ကိုးကွယ်ရာဟု ဆည်းကပ်၏၊ သံဃာကို ကိုးကွယ်ရာဟု ဆည်းကပ်၏၊ မဟာနာမ် ဤမျှသော အကြောင်းဖြင့် ဥပါသကာဖြစ်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အဘယ်မျှသော အကြောင်းဖြင့် ဥပါသကာသည် သီလရှိသူ မည်ပါသနည်း ဟု (လျှောက်၏)။

မဟာနာမ် ဥပါသကာသည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်၏၊ ယစ်မူး မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်၏။ မဟာနာမ် ဤမျှသော အကြောင်းဖြင့် ဥပါသကာသည် သီလရှိသူ မည်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ဥပါသကာသည် အဘယ်မျှသော အကြောင်းဖြင့် မိမိ၏ အကျိုးစီးပွါး အလို့ငှါ ကျင့်သူ ဖြစ်၍ သူတပါး၏ အကျိုးစီးပွါးအလို့ငှါ ကျင့်သူ မဖြစ်ပါသနည်း ဟု (လျှောက်၏)။

မဟာနာမ် ဥပါသကာသည် မိမိသည်သာလျှင် သဒ္ဓါတရားနှင့် ပြည့်စုံ၍ သူတပါးကို သဒ္ဓါတရားနှင့် ပြည့်စုံရန် မဆောက်တည်စေ၊ မိမိသည်သာလျှင် သီလနှင့် ပြည့်စုံ၍ သူတပါးကို သီလနှင့် ပြည့်စုံရန် မဆောက်တည်စေ၊ မိမိသည်သာလျှင် စွန့်ကြဲ ပေးကမ်းခြင်းနှင့် ပြည့်စုံ၍ သူတပါးကို စွန့်ကြဲ ပေးကမ်းခြင်းနှင့် ပြည့်စုံရန် မဆောက်တည်စေ၊ မိမိသည်သာလျှင် ရဟန်းတို့ကို ဖူးမြင်လို၍ သူတပါးကို ရဟန်းတို့ကို ဖူးမြင်ခြင်း၌ မဆောက်တည်စေ၊ မိမိသည်သာလျှင် သူတော်ကောင်းတရားကို နာလို၍ သူတပါးကို သူတော်ကောင်းတရားကို နာခြင်း၌ မဆောက်တည်စေ၊ မိမိသည်သာလျှင် ကြားနာအပ်ပြီးသော တရားကို ဆောင်ထား မှတ်သားခြင်း သဘောရှိ၍ သူတပါးကို တရားကို ဆောင်ထားမှတ်သားရန် မဆောက်တည်စေ၊ မိမိသည်သာလျှင် ကြားနာအပ်ပြီးသော တရားတို့၏ အကြောင်းဟုတ်သည် မဟုတ်သည်၌ စုံစမ်းဆင်ခြင်တတ်၍ သူတပါးကို အကြောင်း ဟုတ်သည် မဟုတ်သည်၌ စုံစမ်းဆင်ခြင်ရန် မဆောက်တည်စေ၊ မိမိသည်သာလျှင် အနက်ပါဠိကို သိလျက် လောကုတ္တရာတရားအားလျော်သော အကျင့်ကို ကျင့်၍ သူတပါးကို လောကုတ္တရာတရားအားလျော်သော အကျင့်ကို ကျင့်ရန် မဆောက်တည်စေ။ မဟာနာမ် ဥပါသကာသည် ဤမျှသော အကြောင်းဖြင့် မိမိအကျိုးစီးပွါးအလို့ငှါ ကျင့်၍ သူတပါး၏ အကျိုးစီးပွါးအလို့ငှါ မကျင့် ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ဥပါသကာသည် အဘယ်မျှသော အကြောင်းဖြင့် မိမိအကျိုးစီးပွါးအလို့ငှါလည်း ကျင့်၍ သူတပါးအကျိုးစီးပွါး အလို့ငှါလည်း ကျင့်ပါသနည်း ဟု (လျှောက်၏)။

http://www.dhammadownload.com



မဟာနာမ် ဥပါသကာသည် မိမိလည်း သဒ္ဓါတရားနှင့် ပြည့်စုံ၍ သူတပါးကိုလည်း သဒ္ဓါတရားနှင့် ပြည့်စုံရန် ဆောက်တည်စေ၏၊ မိမိလည်း သီလနှင့် ပြည့်စုံ၍ သူတပါးကိုလည်း သီလနှင့် ပြည့်စုံရန် ဆောက်တည်စေ၏၊ မိမိလည်း စွန့်ကြဲ ပေးကမ်းခြင်းနှင့် ပြည့်စုံ၍ သူတပါးကိုလည်း စွန့်ကြဲ ပေးကမ်းခြင်းနှင့် ပြည့်စုံရန် ဆောက်တည်စေ၏။ မိမိလည်း ရဟန်းတို့ကို ဖူးမြင်လို၍ သူတပါးတို့ကိုလည်း ရဟန်းတို့ကို ဖူးမြင်ခြင်း၌ ဆောက်တည်စေ၏၊ မိမိလည်း သူတော်ကောင်းတရားကို နာလို၍ သူတပါးကိုလည်း သူတော်ကောင်း တရားကို နာခြင်း၌ ဆောက်တည်စေ၏၊ မိမိလည်း ကြားနာအပ်ပြီးသော တရားကို ဆောင်ထား မှတ်သားခြင်းသဘောရှိ၍ သူတပါးကိုလည်း ကြားနာအပ်ပြီးသော တရားကို ဆောင်ထား မှတ်သားရန် ဆောက်တည်စေ၏၊ မိမိလည်း ကြားနာအပ်ပြီးသော တရားတို့၏ အကြောင်းဟုတ်သည် မဟုတ်သည်၌ စုံစမ်းဆင်ခြင်တတ်၍ သူတပါးကိုလည်း ကြားနာအပ်ပြီးသော တရားတို့၏ အကြောင်းဟုတ်သည် မဟုတ်သည်၌ စုံစမ်းဆင်ခြင်ရန် ဆောက်တည်စေ၏၊ မိမိလည်း အနက် ပါဠိကို သိလျက် လောကုတ္တရာအားလျော်သော အကျင့်ကို ကျင့်၍ သူတပါးကိုလည်း လောကုတ္တရာအားလျော်သော အကျင့်ကို ကျင့်ရန် ဆောက်တည်စေ၏။

မဟာနာမ် ဥပါသကာသည် ဤမျှသော အကြောင်းဖြင့် မိမိအကျိုးစီးပွါး အလို့ငှါလည်း ကျင့်၍ သူတပါးအကျိုးစီးပွါးအလို့ငှါလည်း ကျင့်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ဇီဝကသုတ်

၂၆။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဇီဝက၏ သရက်ဥယျာဉ်၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ အဘယမင်းသား မွေးစားသော ဇီဝကသည် မြတ်စွာဘုရား အထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ တခုသော နေရာ၌ ထိုင်လျက် "မြတ်စွာဘုရား အဘယ်မျှသော အကြောင်းဖြင့် ဥပါသကာမည်ပါသနည်း" ဟု လျှောက်၏၊ ဇီဝက ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏၊ တရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏၊ သံဃာကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏၊ ဇီဝက ဤမျှသော အကြောင်းဖြင့် ဥပါသကာ မည်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အဘယ်မျှသော အကြောင်းဖြင့် ဥပါသကာသည် သီလရှိသူ မည်ပါသနည်း ဟု (လျှောက်၏)။

ဇီဝက ဥပါသကာသည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးဉစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်၏၊ ယစ်မူး မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်၏၊ ဇီဝက ဤမျှသော အကြောင်းဖြင့် ဥပါသကာသည် သီလရှိသူ မည်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ဥပါသကာသည် အဘယ်မျှသော အကြောင်းဖြင့် မိမိအကျိုးစီးပွါးအလို့ငှါ ကျင့်၍ သူတပါးအကျိုးစီးပွါးအလို့ငှါ မကျင့်သနည်း" ဟု (လျှောက်၏)။

http://www.dhammadownload.com



**ဇီဝက** ဥပါသကာသည် မိမိသည်သာလျှင် သဒ္ဓါတရားနှင့် ပြည့်စုံ၍ သူတပါးကို သဒ္ဓါတရားနှင့် ပြည့်စုံရန် မဆောက်တည်စေ၊ မိမိသည်သာလျှင် သီလနှင့် ပြည့်စုံ၍ သူတပါးကို သီလနှင့် ပြည့်စုံရန် မဆောက်တည်စေ၊ မိမိသည်သာလျှင် စွန့်ကြဲ ပေးကမ်းခြင်းနှင့် ပြည့်စုံ၍ သူတပါးကို စွန့်ကြဲ ပေးကမ်းခြင်းနှင့် ပြည့်စုံရန် မဆောက်တည်စေ၊ မိမိသည်သာလျှင် ရဟန်းတို့ကို ဖူးမြင်လို၍ သူတပါးကို ရဟန်းတို့ကို ဖူးမြင်ခြင်း၌ မဆောက်တည်စေ၊ မိမိသည်သာလျှင် သူတော်ကောင်းတရားကို နာလို၍ သူတပါးကို သူတော်ကောင်းတရားကို နာခြင်း၌ မဆောက်တည်စေ၊ မိမိသည်သာလျှင် ကြားနာအပ်ပြီးသော တရားကို ဆောင်ထားမှတ်သားခြင်း သဘောရှိ၍ သူတပါးကို တရားကို ဆောင်ထား မှတ်သားရန် မဆောက်တည်စေ၊ မိမိသည်သာလျှင် ကြားနာအပ်ပြီးသော တရားတို့၏ အကြောင်း ဟုတ်သည် မဟုတ်သည်၌ စုံစမ်းဆင်ခြင်တတ်၍ သူတပါးကို အကြောင်း ဟုတ်သည် မဟုတ်သည်၌ စုံစမ်းဆင်ခြင်ရန် မဆောက်တည်စေ၊ မိမိသည်သာလျှင် အနက်ပါဠိကို သိလျက် လောကုတ္တရာတရားအားလျော်သော အကျင့်ကို ကျင့်၏၊ သူတပါးကို လောကုတ္တရာ တရားအားလျော်သော အကျင့်ကို ကျင့်ရန် မဆောက်တည်စေ။ ဇီဝက ဥပါသကာသည် ဤမျှသော အကြောင်းဖြင့် မိမိအကျိုးစီးပွါးအလို့ငှါ ကျင့်၍ သူတပါး အကျိုးစီးပွါးအလို့ငှါ မကျင့်ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ဥပါသကာသည် အဘယ်မျှသောအကြောင်းဖြင့် မိမိအကျိုးစီးပွါးအလို့ငှါလည်း ကျင့်၍ သူတပါး အကျိုးစီးပွါးအလို့ငှါလည်း ကျင့်ပါသနည်း"ဟု (လျှောက်၏)။

ဇီဝက ဥပါသကာသည် မိမိလည်း သဒ္ဓါတရားနှင့် ပြည့်စုံ၍ သူတပါးကိုလည်း သဒ္ဓါတရားနှင့် ပြည့်စုံရန် ဆောက်တည်စေ၏၊ မိမိလည်း စွန့်ကြဲပေးကမ်းခြင်းနှင့် ပြည့်စုံ၍ သူတပါးကိုလည်း စွန့်ကြဲပေးကမ်းခြင်းနှင့် ပြည့်စုံရန် ဆောက်တည်စေ၏၊ မိမိလည်း ရဟန်းတို့ကို ဖူးမြင်လို၍ သူတပါးကိုလည်း ရဟန်းတို့ကို ဖူးမြင်ခြင်း၌ ဆောက်တည်စေ၏၊ မိမိလည်း သူတော်ကောင်းတရားကို နာလို၍ သူတပါးကိုလည်း သူတော်ကောင်းတရားကို နာခြင်း၌ ဆောက်တည်စေ၏၊ မိမိလည်း ကြားနာအပ်ပြီးသော တရားကို ဆောင်ထား မှတ်သားခြင်း သဘောရှိ၍ သူတပါးကိုလည်း ကြားနာအပ်ပြီးသော တရားကို ဆောင်ထားမှတ်သားရန် ဆောက်တည်စေ၏၊ မိမိလည်း ကြားနာအပ်ပြီးသော တရားတို့၏ အကြောင်းဟုတ်သည် မဟုတ်သည်၌ စုံစမ်း ဆင်ခြင်တတ်၍ သူတပါးကိုလည်း ကြားနာအပ်ပြီးသော တရားတို့၏ အကြောင်းဟုတ်သည် မဟုတ်သည်၌ စုံစမ်း ဆင်ခြင်ရန် ဆောက်တည်စေ၏၊ မိမိလည်း အနက်ပါဠိကိုသိလျက် လောကုတ္တရာတရားအားလျော်သော အကျင့်ကို ကျင့်၍ သူတပါးကိုလည်း လောကုတ္တရာအားလျော်သော အကျင့်ကို ကျင့်ရန် ဆောက်တည်စေ၏။ ဇီဝက ဥပါသကာသည် ဤမျှသော အကြောင်းဖြင့် မိမိအကျိုးစီးပွါး အလို့ငှါလည်း ကျင့်၍ သူတပါး အကျိုးစီးပွါးအလို့ငှါလည်း ကျင့်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ပဌမ ဗလသုတ်

၂၇။ ရဟန်းတို့ အားတို့သည် ဤရှစ်မျိုးတို့တည်း။

အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ သူငယ်တို့သည် ငိုကြွေးခြင်းဟူသော အားရှိကုန်၏၊ မာတုဂါမတို့သည် အမျက်ထွက်ခြင်းဟူသော အားရှိကုန်၏၊ ခိုးသူတို့သည် လက်နက်ဟူသော

http://www.dhammadownload.com



အားရှိကုန်၏၊ မင်းတို့သည် အစိုးရခြင်းဟူသော **အားရှိကုန်၏**၊ သူမိုက်တို့သည် ကဲ့ရဲ့ခြင်းဟူသော အားရှိကုန်၏၊ ပညာရှိတို့သည် အကျိုးရှိ မရှိကို ရှုခြင်းဟူသော အားရှိကုန်၏၊ **အကြားအမြင်** များသူတို့သည် ဆင်ခြင်ခြင်းဟူသော အားရှိကုန်၏၊ သမဏဗြာဟ္မဏတို့သည် **သည်းခံခြင်း**ဟူသော အားရှိကုန်**၏**။ **ရဟန်းတို့** ဤသည်ဘို့ကား အားရှစ်မျိုးတို့တည်းဟု (မိန့်တော်မူ**၏**)။

သတ္တမသုတ်။

## ၈-ဒုတိယ ဗလသုတ်

၂၈။ **ထိုအခါ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေသော အသျှင်သာရိပုတြာအား မြတ်စွာဘုရားသည်** "သာရိပုတြာ အာသဝေါကုန်ပြီးသော **ရဟန်း၏ ဉာဏ်အားတို့**သည် အဘယ်မျှရှိကုန်သနည်း၊ယင်းဉာဏ်အားတို့နှင့် ပြည့်စုံသောရဟန်း**သည်'ငါ့အား အာသဝေါတရားတို့** ကုန်ပြီ'ဟု အာသဝေါတရားတို့၏ ကုန်ရာ (အရဟတ္တဖိုလ်)**ကို ဝန်ခံကုန် သနည်း**"ဟု မေးတော်မူ၏။

အသျှင်ဘုရား **အာ**သဝေါကုန်ပြီးသော ရဟန်း၏ ဉာဏ်အားတို့သည် ရှစ်မျိုးတို့တည်း၊ ယင်း ဉာဏ်အားတို့နှင့် ပြည့်စုံသော ရဟန်းသည် 'ငါ့အား အာသဝေါတရားတို့ကုန်ပြီ'ဟု အာသဝေါ တရားတို့၏ ကုန်ရာ (အရဟတ္တဖိုလ်)ကို ဝန်ခံ၏။ အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—အသျှင်ဘုရား ဤသာသနာတော်၌ အာသဝေါကုန်ပြီးသော ရဟန်းသည် အလုံးစုံသော (တေဘူမိက) သင်္ခါရ တို့ကို မမြဲသောအားဖြင့် ဟုတ်တိုင်းမှန်စွာ ကောင်းသော (ဝိပဿနာမဂ်) ပညာဖြင့် ကောင်းစွာ မြင်အပ်ကုန်၏၊ အသျှင်ဘုရား အာသဝေါကုန်ပြီး သော ရဟန်း၏ အလုံးစုံသော သင်္ခါရတို့ကို မမြဲသောအားဖြင့် ဟုတ်တိုင်းမှန်စွာ ကောင်းသော (ဝိပဿနာမဂ်)ပညာဖြင့် ကောင်းစွာမြင်ခြင်း သည်လည်း အာသဝေါကုန်ပြီးသော ရဟန်း၏ အားပါတည်း။ ယင်းအားကို စွဲ၍ အာသဝေါ ကုန်ပြီးသော ရဟန်းသည် "ငါ့အား အာသဝေါတရားတို့သည် ကုန်ပြီ"ဟု အာသဝေါတရားတို့၏ ကုန်ရာ (အရဟတ္တဖိုလ်)ကို ဝန်ခံ၏။ (၁)

အသျှင်ဘုရား နောက်တမျိုးကား အာသဝေါကုန်ပြီးသော ရဟန်းသည် ကာမဂုဏ်ငါးပါး တို့ကို မီးကျီးစုနှင့်တူကုန်၏ဟု ဟုတ်တိုင်းမှန်စွာ ကောင်းသော(ဝိပဿနာမဂ်)ပညာဖြင့် ကောင်းစွာ မြင်အပ်ကုန်၏၊ အသျှင်ဘုရား အာသဝေါကုန်ပြီးသော ရဟန်း၏ ကာမဂုဏ်ငါးပါးတို့ကို မီးကျီးစု နှင့် တူကုန်၏ဟု ဟုတ်တိုင်းမှန်စွာ ကောင်းသော (ဝိပဿနာမဂ်)ပညာဖြင့် မြင်ခြင်းသည်လည်း အာသဝေါကုန်သော ရဟန်း၏ အားပါတည်း။ ယင်းအားကို စွဲ၍ အာသဝေါ ကုန်ပြီးသော ရဟန်းသည် "ငါ့အား အာသဝေါတရားတို့ ကုန်ပြီ"ဟု အာသဝေါတရားတို့၏ ကုန်ရာ (အရဟတ္တ ဖိုလ်)ကို ဝန်ခံ၏။ (၂)

အသျှင်ဘုရား နောက်တမျိုးကား အာသဝေါကုန်ပြီးသော ရဟန်း၏ စိတ်သည် (သင်္ခါရ တို့၏) ဆိတ်ရာ 'နိဗ္ဗာန်'သို့ ညွတ်၏၊ နိဗ္ဗာန်သို့ ကိုင်း၏၊ နိဗ္ဗာန်သို့ ရှိုင်း၏၊ နိဗ္ဗာန်၌ တည်၏၊ ရှင်ရဟန်းအဖြစ်၌ မွေ့လျော်၏၊ အာသဝေါတို့၏ အကြောင်းတရားတို့မှ အလုံးစုံသော **အခြင်းအရာ** အားဖြင့် ကင်း၏၊ အသျှင်ဘုရား အာသဝေါကုန်ပြီးသော ရဟန်း၏ စိတ်သည် သင်္ခါရတရားတို့၏ ဆိတ်ရာ 'နိဗ္ဗာန်'သို့ ညွတ်ခြင်း နိဗ္ဗာန်သို့ ကိုင်းခြင်း နိဗ္ဗာန်သို့ ရှိုင်းခြင်း နိဗ္ဗာန်၌ တည်ခြင်း

http://www.dhammadownload.com



ရှင်ရဟန်းအဖြစ်၌ မွေ့လျော်ခြင်း အာသဝေါတို့၏ အကြောင်းတရားတို့မှ အလုံးစုံသော အခြင်းအရာအားဖြင့် ကင်းခြင်းသည်လည်း ရဟန်း၏ အားပါတည်း။ ယင်းအားကိုစွဲ၍ အာသဝေါကုန်ပြီးသော ရဟန်းသည် "ငါ့အား အာသဝေါတရားတို့ ကုန်ပြီ"ဟု အာသဝေါတရားတို့၏ ကုန်ရာ (အရဟတ္တဖိုလ်)ကို ဝန်ခံ၏။ (၃)

အသျှင်ဘုရား နောက်တမျိုးကား အာသဝေါကုန်ပြီးသော ရဟန်းသည် သတိပဋ္ဌာန် လေးပါးတို့ကို ပွါးအပ်ကုန်၏၊ ကောင်းစွာ ပွါးအပ်ကုန်၏၊ အသျှင်ဘုရား အာသဝေါကုန်ပြီးသော ရဟန်း၏ သတိပဋ္ဌာန်လေးပါးတို့ကိုပွါးခြင်း ကောင်းစွာ ပွါးခြင်းသည်လည်း အာသဝေါကုန်ပြီးသော ရဟန်း၏ အားပါတည်း။ ယင်းအားကို စွဲ၍ အာသဝေါကုန်ပြီးသော ရဟန်းသည် "ငါ့အား အာသဝေါတရားတို့ ကုန်ပြီ"ဟု အာသဝေါတရားတို့၏ ကုန်ရာ (အရဟတ္တဖိုလ်)ကို ဝန်ခံ၏။ (၄)

အသျှင်ဘုရား နောက်တမျိုးကား အာသဝေါကုန်ပြီးသော ရဟန်းသည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးအပ်ကုန်၏၊ ကောင်းစွာ ပွါးအပ်ကုန်၏။ပ။ ဣန္ဒြေငါးပါးတို့ကို ပွါးအပ်ကုန်၏၊ ကောင်းစွာ ပွါးအပ်ကုန်၏။ပ။ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးအပ်ကုန်၏၊ကောင်းစွာ ပွါးအပ်ကုန်၏။ပ။ အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ကို ပွါးအပ်၏၊ ကောင်းစွာ ပွါးအပ်၏၊ အသျှင်ဘုရား အာသဝေါကုန်ပြီးသော ရဟန်း၏ အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ကို ပွါးခြင်း ကောင်းစွာ ပွါးခြင်းသည်လည်း အာသဝေါကုန်ပြီးသော ရဟန်း၏ အားပါတည်း။ ယင်းအားကို စွဲ၍ အာသဝေါကုန်ပြီးသော ရဟန်းသည် "ငါ့အား အာသဝေါတရားတို့ ကုန်ပြီ"ဟု အာသဝေါတရားတို့၏ ကုန်ရာ (အရဟတ္တဖိုလ်)ကို ဝန်ခံ၏။ (၅-၈)

အသျှင်ဘုရား အာသဝေါကုန်ပြီးသော ရဟန်း၏ ဉာဏ်အားတို့သည် ဤရှစ်မျိုးတို့ပါတည်း။ ယင်းဉာဏ်အားတို့နှင့် ပြည့်စုံသော အာသဝေါကုန်ပြီးသော ရဟန်းသည် "ငါ့အား အာသဝေါတရားတို့ ကုန်ပြီ" ဟု အာသဝေါတရားတို့၏ ကုန်ရာ (အရဟတ္တဖိုလ်) ကို ဝန်ခံ၏ဟု (လျှောက်၏)။

အဋ္ဌမသုတ်။

---

## ၉-အက္ခဏသုတ်

၂၉။ ရဟန်းတို့ "လောကသည် ပြုအပ်သော အခွင့်ရှိ၏၊ လောကသည် ပြုအပ်သော အခွင့်ရှိ၏"ဟု အကြားအမြင်မရှိသော ပုထုဇဉ်သည် ပြောဆို၏၊ ထိုပုထုဇဉ်သည် အခွင့်ဟုတ်သည်ကိုငှင်း အခွင့်မဟုတ်သည်ကိုငှင်း သိကား မသိရှိလေ။ ရဟန်းတို့ မြတ်သော အကျင့်ကို ကျင့်သုံးရန် အခွင့်အခါ မဟုတ်ခြင်းတို့သည် ဤရှစ်မျိုးတို့တည်း။

အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော အသိဉာဏ်'ဝိဇ္ဇာ' အကျင့်'စရဏ'နှင့် ပြည့်စုံတော်မူသော ကောင်းသောစကားကို ဆိုတော်မူတတ်သော လောကကို သိတော်မူသော ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော နတ်လူတို့၏ ဆရာဖြစ်တော်မူသော သစ္စာလေးပါး တရားကို သိတော်မူသော ဘုန်းတန်ခိုး ကြီးတော်မူသော မြတ်စွာဘုရားသည်လည်း လောက၌ ပွင့်ထွန်းတော်မူ၏၊ ကိလေသာမီးငြိမ်းခြင်းကို ရွက်ဆောင်တတ်သော ကိလေသာ ငြိမ်းခြင်းကို ပြုတတ်သော လေးပါးသော မဂ်ဉာဏ်သို့ ရောက်စေတတ်သော မြတ်စွာဘုရားတို့သာ

http://www.dhammadownload.com



အပြားအားဖြင့် သိစေအပ်သော (သစ္စာလေးပါး) တရားကိုလည်း ဟောကြားတော်မူအပ်၏၊ ဤပုဂ္ဂိုလ်သည်ကား ငရဲဘုံ၌ ဖြစ်၏။ ရဟန်းတို့ ဤသည်ကား မြတ်သော အကျင့်ကို ကျင့်သုံးရန် ပဌမ အခွင့်အခါ မဟုတ်ခြင်းတည်း။ (၁)

ရဟန်းတို့ နောက်တမျိုးကား။ပ။နတ်လူတို့၏ ဆရာဖြစ်တော်မူသော သစ္စာလေးပါးတရားကို သိတော်မူသော ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏၊ ကိလေသာမီးငြိမ်းခြင်းကို ရွက်ဆောင်တတ်သော ကိလေသာငြိမ်းခြင်းကို ပြုတတ်သော လေးပါးသော မဂ်ဉာဏ်ကို ရောက်စေတတ်သော မြတ်စွာဘုရားတို့သာ အပြားအားဖြင့် သိစေအပ်သော (သစ္စာလေးပါး)တရားကိုလည်း ဟောကြားတော်မူအပ်၏၊ ဤပုဂ္ဂိုလ်သည်ကား တိရစ္ဆာန်မျိုး၌ ဖြစ်၏။ပ။ (၂)

ရဟန်းတို့ နောက်တမျိုးကား။ပ။ဤပုဂ္ဂိုလ်သည်ကား ပြိတ္တာဘုံ၌ ဖြစ်၏။ပ။(၃)

ရဟန်းတို့ နောက်တမျိုးကား။ပ။ ဤပုဂ္ဂိုလ်သည်ကား တခုသော ရှည်သော အသက်ရှိသော(အသညသတ်)ပြဟ္မာ့ဘုံ၌ဖြစ်၏။ပ။ (၄)

ရဟန်းတို့ နောက်တမျိုးကား။ပ။ ဤပုဂ္ဂိုလ်သည်ကား အစွန်အဖျားကျသော ဇနပုဒ်တို့၌ ဖြစ်ရ၏၊ ထိုပုဂ္ဂိုလ်သည်လည်း အလွန်အသိဉာဏ် နည်းပါးကုန်သော လူရိုင်းမျိုးတို့၌ဖြစ်ရ၏၊ ယင်းအရပ်တို့၌ ရဟန်း ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာမတို့၏ ဖြစ်ခြင်းသည် မရှိ။ပ။(၅)

ရဟန်းတို့ နောက်တမျိုးကား။ပ။ဤပုဂ္ဂိုလ်သည်ကား မဇ္ဈိမဒေသတို့၌ဖြစ်၏၊ ထိုပုဂ္ဂိုလ်သည်လည်း "ပေးလှူအပ်သော အလှူ၏ အကျိုးသည် မရှိ၊ ယဇ်ကြီး ပူဇော်မှုသည် မရှိ၊ ယဇ်ငယ် ပူဇော်မှုသည် မရှိ၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးဝိပါက်သည် မရှိ၊ ဤလောကသည် မရှိ၊တပါးသော လောကသည် မရှိ၊ အမိသည် မရှိ၊ အဖသည် မရှိ၊ သေ၍ တဖန်ဖြစ်သော သတ္တဝါတို့သည် မရှိကုန်၊ ဤလောက တမလွန်လောကကိုလည်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ ဟောကြားကုန်၍ အညီအညွတ် ကောင်းသော အကျင့်ကို ကျင့်ကြကုန်သော သမဏဗြာဟ္မဏတို့မည်သည် လောက၌ မရှိကုန်ဟု မှားသော အမြင်ရှိသူဖြစ်၏။ပ။ (၆)

ရဟန်းတို့ နောက်တမျိုးကား။ပ။ ဤပုဂ္ဂိုလ်သည်ကား မဇ္ဈိမဒေသတို့၌ ဖြစ်၏၊ ထိုပုဂ္ဂိုလ်သည်လည်း ပညာမရှိ၊ မိုက်မဲ၏၊ဆွံ့အ၏၊ ကောင်းသော စကား မကောင်းသော စကား၏ အနက်ကို သိရန် မစွမ်းနိုင်။ ရဟန်းတို့ ဤသည်ကား မြတ်သော အကျင့်ကို ကျင့်သုံးရန် သတ္တမ အခွင့်အခါမဟုတ်ခြင်းတည်း။ (၇)

ရဟန်းတို့ နောက်တမျိုးကား ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော။ပ။နတ်လူတို့၏ ဆရာဖြစ်တော်မူသော သစ္စာလေးပါးတရားကို သိမြင်တော်မူသော ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရားသည် လောက၌ မပွင့်ပေါ်၊ ကိလေသာမီးငြိမ်းခြင်းကို ရွက်ဆောင်တတ်သော ကိလေသာငြိမ်းခြင်းကို ပြုတတ်သော လေးပါးသော မဂ်ဉာဏ်သို့ ရောက်စေတတ်သော မြတ်စွာဘုရားတို့သာ အပြားအားဖြင့် သိစေအပ်သော (သစ္စာလေးပါး) တရားကိုလည်း မဟောကြားအပ်၊ဤပုဂ္ဂိုလ်သည်ကား မဇ္ဈိမဒေသတို့၌ ဖြစ်၏၊ ထိုပုဂ္ဂိုလ်သည်လည်း ပညာရှိ၏၊ မမိုက်မဲ၊ မဆွံ့အ၊ ကောင်းသောစကား မကောင်းသော စကား၏ အနက်ကိုသိရန် စွမ်းနိုင်၏။ ရဟန်းတို့ ဤသည်ကား မြတ်သော အကျင့်ကို

http://www.dhammadownload.com



ကျင့်သုံးရန် အဋ္ဌမ အခွင့်အခါ မဟုတ်ခြင်းတည်း။ ရဟန်းတို့ မြတ်သော အကျင့်ကို ကျင့်သုံးရန် အခွင့်အခါ မဟုတ်ခြင်းတို့သည် ဤရှစ်မျိုးတို့တည်း။ (၈)

ရဟန်းတို့ မြတ်သော အကျင့်ကို ကျင့်သုံးရန် အခွင့်အခါသည်ကား တခုတည်းသာလျှင် တည်း၊ တခုတည်းသော အခွင့်အခါဟူသည် အဘယ်နည်း။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူ ထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူသော ကောင်းသော စကားကို ဆိုတော်မူတတ်သော လောကကို သိတော်မူသော ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော နတ်လူတို့၏ဆရာ ဖြစ်တော်မူသော သစ္စာလေးပါးတရားကို သိမြင်တော်မူသော ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏၊ ကိလေသာမီးငြိမ်းခြင်းကို ရွက်ဆောင်တတ်သော ကိလေသာငြိမ်းခြင်းကို ပြုတတ်သော လေးပါးသော မဂ်ဉာဏ်သို့ ရောက်စေတတ်သော မြတ်စွာဘုရားတို့သာ အပြားအားဖြင့် သိစေအပ်သော (သစ္စာလေးပါး) တရားကိုလည်း ဟောကြားအပ်၏၊ ဤပုဂ္ဂိုလ်သည်လည်း မဇ္ဈိမဒေသတို့၌ ဖြစ်၏။ ဤပုဂ္ဂိုလ်သည် ပညာရှိ၏၊ မမိုက်မဲ၊ မဆွံ့အ၊ ကောင်းသောစကား မကောင်းသောစကား၏ အနက်ကိုသိရန် စွမ်းနိုင်၏။ ရဟန်းတို့ ဤသည်ကား မြတ်သောအကျင့်ကို ကျင့်သုံးရန် တခုတည်းသာလျှင် ဖြစ်သော အခွင့်အခါတည်းဟု(မိန့်တော်မူ၏)။ (၁)

> အကြင်သူတို့သည် လူ၏အဖြစ်ကို ရကြကုန်၍ ကောင်းစွာ အပြားအားဖြင့် သိစေအပ်သော သူတော်ကောင်းတရား၌ အခွင့်အခါကို မရကြကုန်၊ ထိုသူတို့သည် အခွင့်ကောင်းကို လွန်စေကုန်၏။
>
> မဂ်၏ အန္တရာယ်ကို ပြုတတ်ကုန်သော များစွာသော အခွင့်မဟုတ်သည်တို့ကို ဟောတော်မူအပ်ကုန်၏၊ လောက၌ မြတ်စွာဘုရားတို့သည် တရံတခါသာလျှင် ပွင့်ကုန်၏။
>
> လောက၌ အကြင်ဗုဒ္ဓုပ္ပါဒနဝမ ခဏကို အလွန်ရခဲ၏၊ ထိုဗုဒ္ဓုပ္ပါဒနဝမ ခဏသည် (မြတ်စွာဘုရား၏) မျက်မှောက် ဖြစ်၍ ဖြစ်၏၊ လူအဖြစ်ကို ရခြင်းကိုငင်း သူတော်ကောင်းတရားကို ဟောကြားခြင်းကိုငင်း အလွန်ရခဲ၏။
>
> ထိုဗုဒ္ဓုပ္ပါဒနဝမ ခဏ၌ မိမိအကျိုးစီးပွါးကို အလိုရှိသော သတ္တဝါသည် သူတော်ကောင်းတရားကို အဘယ်သို့လျှင် သိရအံ့နည်းဟု အားထုတ်ရန် သင့်၏၊ စင်စစ် အခွင့်ကောင်းကို မလွန်စေလင့်၊ မှန်၏၊ ဗုဒ္ဓုပ္ပါဒနဝမ ခဏကို လွန်စေသော သူတို့သည် ငရဲသို့ ရောက်ကြရကုန်၍ စိုးရိမ်ရကုန်၏။
>
> အကြင်သူသည် ဤဗုဒ္ဓုပ္ပါဒနဝမ ခဏ၌ သူတော်ကောင်းတရား၏ နိယာမသဘောဟု ဆိုအပ်သော ထိုအရိယာမဂ်ကို အကယ်၍ ချွတ်ယွင်းစေအံ့၊ ထိုသူသည် အကျိုးစီးပွါးကို လွန်စေသော ကုန်သည်ကဲ့သို့ ကြာမြင့်စွာသော နေ့ ညဥ့်ပတ်လုံး ပူပန်ရလိမ့်မည်။
>
> သူတော်ကောင်းတရားကို ချွတ်ယွင်းစေသော အဝိဇ္ဇာ ပိတ်ဆို့အပ်သော သတ္တဝါသည် ပဋိသန္ဓေနေခြင်း သေခြင်းတည်းဟူသော သံသရာ၌ ကြာမြင့်စွာ ခံစားရလိမ့်မည်။

အကြင်သူတို့သည်ကား လူ၏ အဖြစ်ကို ရကြကုန်၍ ကောင်းစွာ အပြားအားဖြင့် သိစေအပ်သော သူတော်ကောင်း တရား၌ မြတ်စွာဘုရား၏ စကားတော်ကို (ရှေးက

http://www.dhammadownload.com



လည်း) လိုက်နာကုန်ပြီ၊ (နောင်လည်း) လိုက်နာကုန်လိမ့်မည်၊ (ယခုလည်း) လိုက်နာဆဲ ဖြစ်ကုန်၏။

အကြင်သူတို့သည်လည်း မြတ်စွာဘုရားတို့သာ သိစေတော်မူအပ်သော **အတုမရှိ** မြတ်သော **အကျင့်ဟု** ဆိုအပ်သော မဂ်ကို ကျင့်ကုန်၏။ ထိုသူအားလုံးတို့သည် **လောက၌ ဗုဒ္ဓုပ္ပါဒနဝမခဏကို ထိုးထွင်း၍ သိကုန်၏။**

စကျွငါးပါးနှင့် ပြည့်စုံတော်မူသော နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရား သည် အကြင် စောင့်စည်းမှု 'သံဝရ'တို့ကို ဟောတော် မူအပ်ကုန်၏။ ထိုစောင့်စည်းမှု 'သံဝရ'တို့၌ အခါခပ်သိမ်း လုံ့ခြုံသည်ဖြစ်၍ သတိနှင့် ပြည့်စုံကာ (ကိလေသာမိုး) မစွတ်ပဲ နေရာ၏။

လောက၌ အကြင်သူတို့သည် အာသဝေါတို့၏ ကုန်ရာ (အရဟတ္တဖိုလ်)သို့ ရောက် ကုန်၏။ ထိုသူတို့သည် စင်စစ်အားဖြင့် မာရ်မင်း၏ တည်ရာ သံသရာသို့ အစဉ်လျှောက်ကုန် သော အနုသယအားလုံးတို့ကို ဖြတ်တောက်၍ နိဗ္ဗာန်တည်းဟူသော တဖက်ကမ်းသို့ ရောက်ကုန်၏။

နဝမသုတ်။

---

## ၁၀-အနုရုဒ္ဓမဟာဝိတက္ကသုတ်

၃၀။ အခါတပါး၌ မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သုသုမာရဂိရိမြို့ဝယ် သားတို့အား ဘေးမဲ့ ပေးရာ ဘေသကဠာတော၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ အသျှင်အနုရုဒ္ဓါသည် **စေတီတိုင်း** (မြတ်စွာဘုရား နေတော်မူရာမှ) အရှေ့ဝါးတော၌ နေတော်မူ၏၊ ထိုအခါ ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်၍ တယောက်တည်း ကိန်းအောင်းနေသော အသျှင်အနုရုဒ္ဓါအား "ဤလောကုတ္တရာ တရားသည် အလိုနည်းသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤလောကုတ္တရာ တရားသည် အလိုကြီး သော ပုဂ္ဂိုလ်အား မပြည့်စုံ၊ ဤ လောကုတ္တရာတရားသည် ရောင့်ရဲလွယ်သော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤလောကုတ္တရာ တရားသည် မရောင့်ရဲသော ပုဂ္ဂိုလ်အား မပြည့်စုံ၊ ဤလောကုတ္တရာ တရားသည် ဆိတ်ငြိမ်မှု ရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤလောကုတ္တရာ တရားသည် အပေါင်း အဖော်၌ မေလျော်သော ပုဂ္ဂိုလ်အား မပြည့်စုံ၊ ဤလောကုတ္တရာ တရားသည် ထက်သန်သော လုံ့လရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤလောကုတ္တရာတရားသည် ပျင်းရိသော ပုဂ္ဂိုလ်အား မပြည့်စုံ၊ ဤလောကုတ္တရာ တရားသည် ထင်သော သတိရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤလောကုတ္တရာ တရားသည် သတိလွတ်သော ပုဂ္ဂိုလ်အား မပြည့်စုံ၊ ဤလောကုတ္တရာ တရားသည် တည်ကြည်သော စိတ်ရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤလောကုတ္တရာ တရားသည် မတည်ကြည်သော စိတ်ရှိသော ပုဂ္ဂိုလ်အား မပြည့်စုံ၊ ဤလောကုတ္တရာ တရားသည် ပညာရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤလောကုတ္တရာ တရားသည် ပညာမဲ့သော ပုဂ္ဂိုလ်အား မပြည့်စုံ"ဟု ဤသို့ စိတ်အကြံဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်အနုရုဒ္ဓါ၏ စိတ်အကြံကို မိမိစိတ်ဖြင့် **သိတော်မူ၍** ခွန်အားရှိသော ယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်သကဲ့သို့ရင်း ဆန့်ထား

http://www.dhammadownload.com



သော လက်မောင်းကို ကွေးသကဲ့သို့ရင်း ဤအတူသာလျှင် ဘဂ္ဂတိုင်း သုသုမာရဂိရ မြို့ဝယ် သားတို့အား ဘေးမဲ့ပေးရာ ဘေသကဠာတောမှ ကွယ်ခဲ့၍ စေတီတိုင်း (မြတ်စွာဘုရား သီတင်းသုံးတော်မူရာမှ) အရှေ့ ဝါးတောအရပ် အသျှင်အနုရုဒ္ဓါ၏ မျက်မှောက်၌ ထင်ရှား ဖြစ်၏၊ မြတ်စွာဘုရားသည် ခင်းထားသော နေရာ၌ ထိုင်နေတော်မူ၏၊ အသျှင်အနုရုဒ္ဓါသည်လည်း မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော အသျှင်အနုရုဒ္ဓါအား မြတ်စွာဘုရားသည်—အနုရုဒ္ဓါ ကောင်းစွ ကောင်းစွ၊ အနုရုဒ္ဓါ သင်သည် "ဤလောကုတ္တရာတရားသည် အလိုနည်းသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤလောကုတ္တရာ တရားသည် အလိုကြီးသော ပုဂ္ဂိုလ်အား မပြည့်စုံ၊ ဤလောကုတ္တရာ တရားသည် ရောင့်ရဲလွယ်သော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤလောကုတ္တရာ တရားသည် မရောင့်ရဲသော ပုဂ္ဂိုလ်အား မပြည့်စုံ၊ ဤလောကုတ္တရာ တရားသည် ဆိတ်ငြိမ်မှုရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤလောကုတ္တရာ တရားသည် အပေါင်းအဖော်၌ မွေ့လျော်သော ပုဂ္ဂိုလ်အား မပြည့်စုံ၊ ဤလောကုတ္တရာ တရားသည် ထက်သန်သောလုံ့လရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤလောကုတ္တရာ တရားသည် ပျင်းရိသော ပုဂ္ဂိုလ်အား မပြည့်စုံ၊ ဤလောကုတ္တရာ တရားသည် ထင်သော သတိရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤလောကုတ္တရာ တရားသည် သတိလွတ်သော ပုဂ္ဂိုလ်အား မပြည့်စုံ၊ ဤလောကုတ္တရာ တရားသည် တည်ကြည်သော စိတ်ရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤလောကုတ္တရာ တရားသည် မတည်ကြည်သော စိတ်ရှိသော ပုဂ္ဂိုလ်အား မပြည့်စုံ၊ ဤလောကုတ္တရာ တရားသည် ပညာရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤလောကုတ္တရာ တရားသည် ပညာမဲ့သော ပုဂ္ဂိုလ်အား မပြည့်စုံ"ဟု ယောကျ်ားမြတ်တို့၏ အကြံကို ကောင်းစွာသာလျှင် ကြံအပ်ပေ၏။

အနုရုဒ္ဓါ သို့ဖြစ်လျှင် သင်သည် "ဤလောကုတ္တရာ တရားသည် သံသရာဝဋ်ကို ချဲ့ထွင်တတ်သော 'ပပဉ္စ' တရားမှ ကင်းသည့် နိဗ္ဗာန်၌ မွေ့လျော်သော ပပဉ္စ တရားမရှိရာ နိဗ္ဗာန်၌ ပျော်ပိုက်သော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤလောကုတ္တရာ တရားသည် သံသရာဝဋ်ကို ချဲ့ထွင်တတ်သော 'ပပဉ္စ' တရား၌ မွေ့လျော်သော ပပဉ္စ တရား၌ ပျော်ပိုက်သော ပုဂ္ဂိုလ်အား မပြည့်စုံ"ဟု ရှစ်ခုမြောက် ဤယောကျ်ားမြတ်တို့၏ အကြံကိုလည်း ကြံဦးလော့။ အနုရုဒ္ဓါ သင်သည် အကြင်အခါ၌ ဤယောကျ်ားမြတ်တို့၏ အကြံရှစ်မျိုးတို့ကို ကြံလတ္တံ့၊ အနုရုဒ္ဓါ ထိုအခါ သင်သည် အလိုရှိသမျှ ကာလပတ်လုံး ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု 'ဝိတက်'နှင့် တကွဖြစ်သော သုံးသပ်ဆင်ခြင်မှု 'ဝိစာရ'နှင့် တကွဖြစ်သော (နီဝရဏ) ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော ပဌမစျာန်သို့ ရောက်၍ နေရလတ္တံ့။

အနုရုဒ္ဓါ သင်သည် အကြင်အခါ၌ ဤယောကျ်ားမြတ်တို့၏ အကြံရှစ်မျိုးတို့ကို ကြံလတ္တံ့၊ အနုရုဒ္ဓါ ထိုအခါ သင်သည် အလိုရှိသမျှ ကာလပတ်လုံး ဝိတက် ဝိစာရ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်၏ တည်ကြည်ခြင်း 'သမာဓိ'ကို ပွါးစေတတ်သော ကြံစည်မှု 'ဝိတက်' မရှိသော သုံးသပ်ဆင်ခြင်မှု 'ဝိစာရ' မရှိသော တည်ကြည်မှု 'သမာဓိ' ကြောင့် ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော ဒုတိယစျာန်သို့ ရောက်၍ နေရလတ္တံ့။

အနုရုဒ္ဓါ သင်သည် အကြင်အခါ၌ ဤယောကျ်ားမြတ်တို့၏ အကြံရှစ်မျိုးတို့ကို ကြံလတ္တံ့၊ အနုရုဒ္ဓါ ထိုအခါ၌ သင်သည် အလိုရှိသမျှ ကာလပတ်လုံး နှစ်သိမ့်မှု 'ပီတိ' ကိုလည်း မတပ်မက်

http://www.dhammadownload.com



ခြင်းကြောင့် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည် ဖြစ်၍ လျစ်လျူရှုလျက် နေရလတ္တံ့၊ ချမ်းသာမှု 'သုခ' ကိုလည်း ကိုယ်ဖြင့် ခံစားရလတ္တံ့၊ အကြင် တတိယစျာန်ကြောင့် ထိုသူကို ''လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ'' ဟု အရိယာ (ပုဂ္ဂိုလ်)တို့သည် ပြောကြားကုန်၏၊ ထိုတတိယ စျာန်သို့ ရောက်၍ နေရလတ္တံ့။

အနုရုဒ္ဓါ သင်သည် အကြင်အခါ၌ ဤယောကျ်ားမြတ်တို့၏ အကြံရှစ်မျိုးတို့ကို ကြံလတ္တံ့၊ အနုရုဒ္ဓါ ထိုအခါ၌ သင်သည် အလိုရှိသမျှ ကာလပတ်လုံး ချမ်းသာ ဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ရှေးဦးကပင်လျှင် ချုပ်နှင့်ခြင်းကြောင့်၎င်း ဆင်းရဲ ချမ်းသာ မရှိသော ဥပေက္ခာကြောင့် ဖြစ်သော သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ ရောက်၍ နေရလတ္တံ့။

အနုရုဒ္ဓါ သင်သည် အကြင်အခါ၌ ဤယောကျ်ားမြတ်တို့၏ အကြံရှစ်မျိုးတို့ကို ကြံလတ္တံ့၊ လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော မျက်မှောက်သော ကိုယ်၏ အဖြစ်၌ ချမ်းသာစွာ နေရခြင်း ရှိကုန်သော ဤလေးပါးသော စျာန်တို့ကိုလည်း အလိုရှိတိုင်း မငြိုမငြင် မပင် မပန်းပဲ ရသည် ဖြစ်လတ္တံ့၊ အနုရုဒ္ဓါ ထိုအခါ၌ သူကြွယ်အားရင်း သူကြွယ်သားအားရင်း အထူးထူးသော ဆိုးရည်တို့ဖြင့် ဆိုးအပ်ကုန်သော ပုဆိုးတို့ဖြင့် ပြည့်သော ပုဆိုးထည့်ရာ သေတ္တာသည် (နှစ်သက်ဖွယ် ရှိသည်ဖြစ်၍) ထင်သကဲ့သို့ ဤအတူသာလျှင် (သင်္ကန်း၌ ရောင့်ရဲခြင်းဟု ဆိုအပ်သော မဟာအရိယဝံသတရားဖြင့်) ရောင့်ရဲသည်ဖြစ်၍ နေသော သင့်အား မြေမှုန့် အလိမ်းလိမ်း ကပ်သော 'ပံသုကူ' သင်္ကန်းသည် မွေ့လျော်ခြင်း အကျိုးငှါ ငြိုကပ်တွယ်တာမှု မရှိခြင်း အကျိုးငှါ ချမ်းသာစွာ နေရခြင်း အကျိုးငှါ နိဗ္ဗာန်ကို သက်ဝင်ခြင်း အကျိုးငှါ နှစ်သက်ဖွယ်ရှိသည် ဖြစ်၍ ထင်လတ္တံ့။

အနုရုဒ္ဓါ သင်သည် အကြင်အခါ၌ ဤယောကျ်ားမြတ်တို့၏ အကြံရှစ်မျိုးတို့ကို ကြံလတ္တံ့၊ လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော မျက်မှောက်ဖြစ်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာ နေရခြင်း ရှိကုန်သော ဤလေးပါးသော စျာန်တို့ကိုလည်း အလိုရှိတိုင်း မငြိုမငြင် မပင် မပန်းပဲ ရသည်ဖြစ်လတ္တံ့။ အနုရုဒ္ဓါ ထိုအခါ၌ သူကြွယ်အားရင်း သူကြွယ်သားအားရင်း မည်းညစ်ခြင်း ကင်းသော များစွာသော စားဖွယ်ဟင်း ရှိသော များစွာသော စားမဲဟင်းလျာရှိသော သလေးထမင်းသည် နှစ်သက်ဖွယ် ရှိသည်ဖြစ်၍ ထင်သကဲ့သို့ ဤအတူသာလျှင် (ဆွမ်း၌ ရောင့်ရဲခြင်းဟု ဆိုအပ်သော မဟာအရိယဝံသတရားဖြင့်) ရောင့်ရဲသည်ဖြစ်၍နေသော သင့်အား မွေ့လျော်ခြင်း အကျိုးငှါ ငြိုကပ်တွယ်တာမှု မရှိခြင်းအကျိုးငှါ ချမ်းသာစွာ နေရခြင်း အကျိုးငှါ နိဗ္ဗာန်သို့ သက်ဝင်ခြင်းအကျိုးငှါ သလုံးမြင်းခေါင်းဖြင့် အိမ်စဉ် လှည့်လည် ရှာမှီး၍ ရအပ်သော ဆွမ်းသည် နှစ်သက်ဖွယ် ရှိသည်ဖြစ်၍ ထင်လတ္တံ့။

အနုရုဒ္ဓါ သင်သည် အကြင်အခါ၌ ဤ ယောကျ်ားမြတ်တို့၏ အကြံရှစ်မျိုးတို့ကို ကြံလတ္တံ့၊ လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော မျက်မှောက်သော ကိုယ်၏ အဖြစ်၌ ချမ်းသာစွာ နေရခြင်း ရှိကုန်သော ဤလေးပါးသော စျာန်တို့ကိုလည်း အလိုရှိတိုင်း မငြိုမငြင် မပင်မပန်းပဲ ရသည် ဖြစ်လတ္တံ့၊ အနုရုဒ္ဓါ ထိုအခါ၌ သူကြွယ်အားရင်း သူကြွယ်သားအားရင်း အတွင်းအပ၌ လိမ်းကျံအပ်သော လေမတိုက်သော စေ့စပ်သော တံခါးရွက်ရှိသော ပိတ်အပ်သော လေသာတံခါး ရှိသော အထွတ်တပ်သော အိမ်သည် နှစ်သက်ဖွယ် ရှိသည်ဖြစ်၍ ထင်သကဲ့သို့ ဤအတူသာလျှင်

http://www.dhammadownload.com



(ကျောင်း၌ ရောင့်ရဲလွယ်မှုဟု ဆိုအပ်သော မဟာအရိယဝံသတရားဖြင့်) ရောင့်ရဲသည်ဖြစ်၍ နေသော သင့်အား မွေ့လျော်ခြင်း အကျိုးငှါ ငြိကပ် တွယ်တာမှုမရှိခြင်း အကျိုးငှါ ချမ်းသာစွာ နေရခြင်း အကျိုးငှါ နိဗ္ဗာန်သို့ သက်ဝင်ခြင်း အကျိုးငှါ သစ်ပင်ရင်းတည်းဟူသော ကျောင်းသည် နှစ်သက်ဖွယ် ရှိသည်ဖြစ်၍ ထင်လတ္တံ့။

အနုရုဒ္ဓါ သင်သည် အကြင်အခါ၌ ဤ ယောကျ်ားမြတ်တို့၏ အကြံရှစ်မျိုးတို့ကို ကြံလတ္တံ့၊ လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော မျက်မှောက်သော ကိုယ်၏ အဖြစ်၌ ချမ်းသာစွာ နေရခြင်း ရှိကုန်သော ဤ လေးပါးသော စျာန်တို့ကိုလည်း အလိုရှိတိုင်း မငြိုမငြင် မပင်မပန်းပဲ ရသည် ဖြစ်လတ္တံ့၊ အနုရုဒ္ဓါ ထိုအခါ၌ သူကြွယ်အားရင်း သူကြွယ်သားအားရင်း ပလ္လင် မွေးရှည် ကော်ဇောကြီး ဆန်းကြယ်သော သားမွေးအခင်း ဖြူသော သားမွေးအခင်း ပန်းပြောက်ခြယ် သားမွေးအခင်း 'ဝံပိုင့်ရေအခင်း' မြတ် (နီသော) မျက်နှာကြက်နှင့် အုံးနီ နှစ်ဖက်ရှိ နေရာသည် နှစ်သက်ဖွယ်ရှိသည်ဖြစ်၍ ထင်သကဲ့သို့ ဤ အတူသာလျှင် (အိပ်ရာနေရာ၌ ရောင့်ရဲလွယ်မှုဟု ဆိုအပ်သော မဟာအရိယဝံသ တရားဖြင့်) ရောင့်ရဲသည်ဖြစ်၍ နေသော သင့်အား မွေ့လျော် ခြင်းအကျိုးငှါ ငြိကပ်တွယ်တာမှု မရှိခြင်း အကျိုးငှါ ချမ်းသာစွာ နေရခြင်း အကျိုးငှါ နိဗ္ဗာန်သို့ သက်ဝင်ခြင်းအကျိုးငှါ မြက်တို့ဖြင့် ခင်းအပ်သော အိပ်ရာ နေရာသည် နှစ်သက်ဖွယ် ရှိသည်ဖြစ်၍ ထင်လတ္တံ့။

အနုရုဒ္ဓါ သင်သည် အကြင်အခါ၌ ဤ ယောကျ်ားမြတ်တို့၏ အကြံရှစ်မျိုးတို့ကို ကြံလတ္တံ့၊ လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော မျက်မှောက်သော ကိုယ်၏ အဖြစ်၌ ချမ်းသာစွာ နေရခြင်း ရှိကုန်သော ဤလေးပါးသော စျာန်တို့ကိုလည်း အလိုရှိတိုင်း မငြိုမငြင် မပင်မပန်းပဲ ရသည် ဖြစ်လတ္တံ့၊ အနုရုဒ္ဓါ ထိုအခါ၌ သူကြွယ်အားရင်း သူကြွယ်သားအားရင်း ထောပတ် ဆီဦ ဆီ ပျားရည် တင်လဲ အထူးထူးသော ဤ ဆေးတို့သည် နှစ်သက်ဖွယ်ရှိသည် ဖြစ်၍ ထင်သကဲ့သို့ ဤ အတူသာလျှင် (ဆေးပစ္စည်း၌ ရောင့်ရဲ လွယ်မှုဟု ဆိုအပ်သော မဟာအရိယဝံသ တရားဖြင့်) ရောင့်ရဲသည်ဖြစ်၍ နေသော သင့်အား မွေ့လျော်ခြင်း အကျိုးငှါ ငြိကပ် တွယ်တာမှု မရှိခြင်း အကျိုးငှါ ချမ်းသာစွာနေရခြင်း အကျိုးငှါ နိဗ္ဗာန်သို့ သက်ဝင်ခြင်းအကျိုးငှါ နွားကျင်ငယ်ပုပ်ဖြင့် ထုံအပ်သော ဆေးသည် နှစ်သက်ဖွယ် ရှိသည်ဖြစ်၍ ထင်လတ္တံ့။ အနုရုဒ္ဓါ ထို့ကြောင့် သင်သည် နောင်အခါ၌လည်း စေတီတိုင်း ဤအရှေ့ ဝါးတော အရပ်၌သာလျှင် ဝါကပ်၍ နေလေလော့ ဟု မိန့်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု အသျှင် အနုရုဒ္ဓါသည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားသည် အသျှင်အနုရုဒ္ဓါကို ဤအဆုံးအမဖြင့် ဆုံးမတော်မူ၍ ခွန်အားရှိသော ယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်သကဲ့သို့ရင်း ဆန့် ထားသော လက်မောင်းကို ကွေးသကဲ့သို့ရင်း ဤအတူသာလျှင် စေတီတိုင်း အရှေ့ဝါးတောအရပ်မှ ကွယ်ခဲ့၍ ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ဝယ် သားတို့အား ဘေးမဲ့ပေးရာ ဘေသကဠာတော၌ ထင်ရှား ဖြစ်တော်မူ၏။ မြတ်စွာဘုရားသည် ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူပြီးလျှင် ရဟန်း တို့ကို--ရဟန်းတို့ ယောကျ်ားမြတ်တို့၏ အကြံရှစ်မျိုးတို့ကို ဟောပေအံ့၊ ထိုတရားကို နာကုန် လော့။ပ။ ရဟန်းတို့ ယောကျ်ားမြတ်တို့၏ အကြံတို့သည် ရှစ်မျိုးတို့တည်း၊ ရဟန်းတို့ ယောကျ်ား မြတ်တို့၏ အကြံရှစ်မျိုးတို့သည် အဘယ်တို့နည်း၊ ရဟန်းတို့ ဤ လောကုတ္တရာ တရားသည် အလို နည်းသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤ လောကုတ္တရာတရားသည် အလိုကြီးသော ပုဂ္ဂိုလ်အား

http://www.dhammadownload.com



မပြည့်စုံ၊ ရဟန်းတို့ ဤလောကုတ္တရာ တရားသည် ရောင့်ရဲလွယ်သော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤလောကုတ္တရာ တရားသည် မရောင့်ရဲသော ပုဂ္ဂိုလ်အား မပြည့်စုံ၊ ရဟန်းတို့ ဤ လောကုတ္တရာ တရားသည် ဆိတ်ငြိမ်မှုရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤလောကုတ္တရာ တရားသည် အပေါင်းအဖော်၌ မွေ့လျော်သော ပုဂ္ဂိုလ်အား မပြည့်စုံ၊ ရဟန်းတို့ ဤလောကုတ္တရာ တရားသည် ထက်သန်သော လုံ့လရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤ လောကုတ္တရာ တရားသည် ပျင်းရိသော ပုဂ္ဂိုလ်အား မပြည့်စုံ၊ ရဟန်းတို့ ဤ လောကုတ္တရာ တရားသည် ထင်သော သတိရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤ လောကုတ္တရာတရားသည် သတိလွတ်သော ပုဂ္ဂိုလ်အား မပြည့်စုံ၊ ရဟန်းတို့ ဤ လောကုတ္တရာ တရားသည် တည်ကြည်သော စိတ်ရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤ လောကုတ္တရာ တရားသည် တည်ကြည်သော စိတ်မရှိသော ပုဂ္ဂိုလ်အား မပြည့်စုံ၊ ရဟန်းတို့ ဤ လောကုတ္တရာ ဟရားသည် ပညာရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤ လောကုတ္တရာ တရားသည် ပညာမဲ့သော ပုဂ္ဂိုလ်အား မပြည့်စုံ၊ ရဟန်းတို့ ဤ လောကုတ္တရာ တရားသည် ပပဉ္စတရားမှ ကင်းသည့် နိဗ္ဗာန်၌ မွေ့လျော်သော ပပဉ္စတရားမရှိရာ နိဗ္ဗာန်၌ ပျော်ပိုက်သော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤ လောကုတ္တရာ တရားသည် ပပဉ္စတရား၌ မွေ့လျော်သော ပပဉ္စတရား၌ ပျော်ပိုက်သော ပုဂ္ဂိုလ်အား မပြည့်စုံ။

"ရဟန်းတို့ ဤ လောကုတ္တရာ တရားသည် အလိုနည်းသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤ လောကုတ္တရာ တရားသည် အလိုကြီးသော ပုဂ္ဂိုလ်အား မပြည့်စုံ"ဟု ဟောအပ်သော ထိုစကားကို အဘယ်ကို စွဲ၍ ဟောအပ်သနည်း။ ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည် အလိုနည်းသူ ဖြစ်လျက် "အလိုနည်းသူ ဟူ၍ ငါ့ကို သိပါကုန်မူကား ကောင်းလေစွ"ဟု အလိုမရှိ၊ ရောင့်ရဲလွယ်သူဖြစ်လျက် "ရောင့်ရဲလွယ်သူ ဟူ၍ ငါ့ကို သိပါကုန်မူကား ကောင်းလေစွ"ဟု အလိုမရှိ၊ ဆိတ်ငြိမ်မှုရှိသူဖြစ်လျက် "ဆိတ်ငြိမ်မှုရှိသူဟူ၍ ငါ့ကို သိပါကုန်မူကား ကောင်းလေစွ"ဟု အလိုမရှိ၊ ထက်သန်သော လုံ့လရှိသူဖြစ်လျက် "ထက်သန်သော လုံ့လရှိသူဟူ၍ ငါ့ကို သိပါကုန်မူကား ကောင်းလေစွ"ဟု အလိုမရှိ။ ထင်သော သတိရှိသူ ဖြစ်လျက် ထင်သော သတိရှိသူ ဟူ၍ ငါ့ကို သိပါကုန်မူကား ကောင်းလေစွ"ဟု အလိုမရှိ၊ တည်ကြည်သော စိတ်ရှိသူဖြစ်လျက် "တည်ကြည်သော စိတ်ရှိသူ ဟူ၍ ငါ့ကို သိပါကုန်မူကား ကောင်းလေစွ"ဟု အလိုမရှိ၊ ပညာရှိသူ ဖြစ်လျက် "ပညာရှိသူဟူ၍ ငါ့ကို သိပါကုန်မူကား ကောင်းလေစွ"ဟု အလိုမရှိ၊ ပပဉ္စတရားကင်းရာ နိဗ္ဗာန်၌ မွေ့လျော်သူဖြစ်လျက် "ပပဉ္စတရားကင်းရာ နိဗ္ဗာန်၌ မွေ့လျော်သူဟူ၍ ငါ့ကို သိပါကုန် မူကား ကောင်းလေစွ"ဟု အလိုမရှိ၊ "ရဟန်းတို့ ဤ လောကုတ္တရာ တရားသည် အလိုနည်းသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ အလိုကြီးသော ပုဂ္ဂိုလ်အား မပြည့်စုံ"ဟု ဟောအပ်သော ထိုစကားကို ဤသည်ကိုစွဲ၍ ဟောအပ်၏။ (၁)

"ရဟန်းတို့ ဤ လောကုတ္တရာ တရားသည် ရောင့်ရဲလွယ်သော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤ လောကုတ္တရာ တရားသည် မရောင့်ရဲသော ပုဂ္ဂိုလ်အား မပြည့်စုံ"ဟု ဟောအပ်သော ထိုစကားကို အဘယ်ကို စွဲ၍ ဟောအပ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရတတ်သမျှသော သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ အသက်၏ အရံအတား ဆေးပစ္စည်းဖြင့် ရောင့်ရဲ၏။ "ရဟန်းတို့ ဤလောကုတ္တရာ တရားသည် ရောင့်ရဲလွယ်သော ပုဂ္ဂိုလ် အားသာ ပြည့်စုံ၏၊ မရောင့်ရဲသော ပုဂ္ဂိုလ်အား မပြည့်စုံ"ဟု ဟောအပ်သော ထိုစကားကို ဤသည်ကို စွဲ၍ ဟောအပ်၏။ (၂)

http://www.dhammadownload.com



"ရဟန်းတို့ ဤ လောကုတ္တရာ တရားသည် ဆိတ်ငြိမ်မှုရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤ လောကုတ္တရာ တရားသည် အပေါင်းအဖော်၌ မွေ့လျော်သော ပုဂ္ဂိုလ်အား မပြည့်စုံ"ဟု ဟောအပ်သော ထိုစကားကို အဘယ်ကိုစွဲ၍ ဟောအပ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ဆိတ်ငြိမ်မှုရှိသည်ဖြစ်၍ နေသော ရဟန်းအား ရဟန်း ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာမ မင်း မင်း၏ အမတ် တိတ္ထိ တိတ္ထိတပည့်တို့သည် လာရောက် ဆည်းကပ်ကုန်၏၊ ထိုသို့ဖြစ်ရာ၌ ရဟန်းသည် သင်္ခါရတရားတို့၏ ဆိတ်ရာ နိဗ္ဗာန်သို့ ညွတ်သော နိဗ္ဗာန်သို့ ကိုင်းသော နိဗ္ဗာန်သို့ ရှိုင်းသော သင်္ခါရတရားတို့၏ ဆိတ်ရာ နိဗ္ဗာန်၌ တည်သော ရှင် ရဟန်းအဖြစ်၌ မွေ့လျော်သော စိတ်သည် တိုက်တွန်း နှိုးဆော်သည်နှင့် ယှဉ်သော တရားစကားကိုသာလျှင် စင်စစ် ပြောဟောတတ်၏။ "ရဟန်းတို့ ဤ လောကုတ္တရာတရားသည် ဆိတ်ငြိမ်မှုရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤ လောကုတ္တရာတရားသည် အပေါင်းအဖော်၌ မွေ့လျော်သော ပုဂ္ဂိုလ်အား မပြည့်စုံ"ဟု ဟောအပ်သော ထိုစကားကို ဤသည်ကို စွဲ၍ ဟောအပ်၏။ (၃)

"ရဟန်းတို့ ဤ လောကုတ္တရာ တရားသည် ထက်သန်သော လုံ့လရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤ လောကုတ္တရာ တရားသည် ပျင်းရိသော ပုဂ္ဂိုလ်အား မပြည့်စုံ"ဟု ဟောအပ်သော ထိုစကားကို အဘယ်ကို စွဲ၍ ဟောအပ်သနည်း။ ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည် အကုသိုလ်တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် ထက်သန်သော လုံ့လရှိသည် ဖြစ်၍ နေ၏၊ အားအစွမ်းနှင့် ပြည့်စုံ၏၊ မြဲမြံသောအားထုတ်မှု ရှိ၏၊ ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချထားခြင်း မရှိ။ "ရဟန်းတို့ ဤလောကုတ္တရာ တရားသည် ထက်သန်သော လုံ့လရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤ လောကုတ္တရာတရားသည် ပျင်းရိသော ပုဂ္ဂိုလ်အား မပြည့်စုံ"ဟု ဟောအပ်သော ထိုစကားကို ဤသည်ကို စွဲ၍ ဟောအပ်၏။ (၄)

"ရဟန်းတို့ ဤလောကုတ္တရာ တရားသည် ထင်သော သတိရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤ လောကုတ္တရာ တရားသည် သတိလွတ်သော ပုဂ္ဂိုလ်အား မပြည့်စုံ"ဟု ဟောအပ်သော ထိုစကားကို အဘယ်ကိုစွဲ၍ ဟောအပ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သတိနှင့် ပြည့်စုံ၏၊ သတိ၏ ရင့်ကျက်မှုနှင့် ပြည့်စုံ၏၊ ရှည်စွာသောကာလက ပြုအပ် ပြောဆိုအပ်သည်ကိုလည်း အောက်မေ့နိုင်၏၊ အဖန်တလဲလဲ အောက်မေ့နိုင်၏။ "ရဟန်းတို့ ဤ လောကုတ္တရာ တရားသည် ထင်သော သတိရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤ လောကုတ္တရာ တရားသည် လွတ်သော သတိရှိသော ပုဂ္ဂိုလ်အား မပြည့်စုံ"ဟု ဟောအပ်သော ထိုစကားကို ဤသည်ကို စွဲ၍ ဟောအပ်၏။ (၅)

"ရဟန်းတို့ ဤလောကုတ္တရာ တရားသည် တည်ကြည်သော စိတ်ရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤလောကုတ္တရာ တရားသည် တည်ကြည်သော စိတ်မရှိသော ပုဂ္ဂိုလ်အား မပြည့်စုံ" ဟု ဟောအပ်သော ထိုစကားကို အဘယ်ကို စွဲ၍ ဟောအပ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ကင်းဆိတ်၍။ပ။ စတုတ္ထစျာန်ကို ပြည့်စုံစေ၍ နေ၏။ ရဟန်းတို့ "ဤ လောကုတ္တရာ တရားသည် တည်ကြည်သော စိတ်ရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤ လောကုတ္တရာတရားသည် တည်ကြည်သော စိတ်မရှိသော ပုဂ္ဂိုလ်အား မပြည့်စုံ"ဟု ဟောအပ်သော ထိုစကားကို ဤသည်ကို စွဲ၍ ဟောအပ်၏။ (၆)

"ရဟန်းတို့ ဤ လောကုတ္တရာ တရားသည် ပညာရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤ လောကုတ္တရာတရားသည် ပညာမဲ့သော ပုဂ္ဂိုလ်အား မပြည့်စုံ"ဟု ဟောအပ်သော ထိုစကားကို

http://www.dhammadownload.com



အဘယ်ကို စွဲ၍ ဟောအပ်သနည်း။ ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည် ပညာရှိ၏၊ မြတ်သော ရုပ် နာမ်ကို ဖောက်ခွဲ၍ သိမြင်နိုင်သော ဝဋ်ဆင်းရဲ၏ ကုန်ရာနိဗ္ဗာန်သို့ ကောင်းစွာ ရောက်ကြောင်း ဖြစ်သော ဖြစ်မှု ပျက်မှုကို သိစွမ်းနိုင်သော မြတ်သော ပညာနှင့် ပြည့်စုံ၏။ "ရဟန်းတို့ ဤ လောကုတ္တရာ တရားသည် ပညာရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤ လောကုတ္တရာ တရားသည် ပညာမဲ့သော ပုဂ္ဂိုလ်အား မပြည့်စုံ"ဟု ဟောအပ်သော ထိုစကားကို ဤသည်ကို စွဲ၍ ဟောအပ်၏။ (၇)

"ရဟန်းတို့ ဤလောကုတ္တရာတရားသည် ပပဉ္စတရား ကင်းရာ နိဗ္ဗာန်၌ မွေ့လျော်သော ပပဉ္စတရား ကင်းရာ နိဗ္ဗာန်၌ ပျော်ပိုက်သော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤလောကုတ္တရာ တရားသည် ပပဉ္စတရား၌ မွေ့လျော်သော ပပဉ္စတရား၌ ပျော်ပိုက်သော ပုဂ္ဂိုလ်အား မပြည့်စုံ"ဟု ဟောအပ်သော ထိုစကားကို အဘယ်ကို စွဲ၍ ဟောအပ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်း၏စိတ်သည် ပပဉ္စတရား၏ ချုပ်ရာ နိဗ္ဗာန်၌ ပြေးဝင်၏၊ ကြည်လင်၏၊ ကောင်းစွာ တည်၏၊ လွတ်၏။ "ရဟန်းတို့ ဤလောကုတ္တရာ တရားသည် ပပဉ္စတရား ကင်းရာ နိဗ္ဗာန်၌ မွေ့လျော်သော ပပဉ္စတရား ကင်းရာ နိဗ္ဗာန်၌ ပျော်ပိုက်သော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤလောကုတ္တရာတရားသည် ပပဉ္စတရား၌ မွေ့လျော်သော ပပဉ္စတရား၌ ပျော်ပိုက်သော ပုဂ္ဂိုလ်အား မပြည့်စုံ"ဟု ဟောအပ်သော ထိုစကားကို ဤသည်ကို စွဲ၍ ဟောအပ်၏ဟု (မိန့်တော်မူ၏)။ (၈)

ထိုအခါ အသျှင်အနုရုဒ္ဓါသည် နောက်နှစ်ဖြစ်သော ဝါကပ်ခြင်းကိုလည်း ထိုစေတီတိုင်း အရှေ့ဝါးတော အရပ်၌ပင် ဝါကပ်နေ၏။ ထိုအခါ အသျှင်အနုရုဒ္ဓါသည် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့မလျော့ ပြင်းစွာအားထုတ်ကာ နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ကြသော အမျိုးသားတို့ လိုလားအပ်သော အတုမရှိသော မြတ်သောအကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို မကြာမီ မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရ၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်)ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ" ဟု သိပြီ။ အသျှင်အနုရုဒ္ဓါကား ရဟန္တာတို့တွင် တပါးအပါအဝင်ဖြစ်၏၊ အသျှင်အနုရုဒ္ဓါသည် အရဟတ္တဖိုလ်သို့ ရောက်သည်ဖြစ်၍ ထိုအချိန်၌ ဤဂါထာကိုရွတ်ဆို၏—

"လောက၌ အတုမရှိသော မြတ်စွာဘုရားသည် ငါ၏ အကြံကို သိတော်မူ၍ စိတ်ဖြင့်ပြီးသော ကိုယ်တော်ဖြင့် တန်ခိုးတော်အားဖြင့် ချဉ်းကပ်တော်မူ၏။

ငါ့အား အကြင်အခြင်းအရာအားဖြင့် အကြံဖြစ်၏၊ ထိုအကြံထက် လွန်သော အကြံကို ဟောတော်မူ၏၊ သံသရာကိုချဲ့ထွင်သော ပပဉ္စတရားကင်းရာ နိဗ္ဗာန်၌ မွေ့လျော်တော်မူသော မြတ်စွာဘုရားသည် ပပဉ္စတရား ကင်းရာ နိဗ္ဗာန်ကို ဟောတော်မူ၏။

ငါသည် ထိုမြတ်စွာဘုရား၏ တရားတော်ကို သိ၍ သာသနာတော်၌ မွေ့လျော်စွာ နေပြီ၊ သုံးပါးသော ဝိဇ္ဇာဉာဏ်တို့သို့ အစဉ်ရောက်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာပြုကျင့်အပ်ပြီ"ဟု (ရွတ်ဆို၏)။

ဒသမသုတ်။

သုံးခုမြောက် ဂဟပတိဝဂ် ပြီး၏။

http://www.dhammadownload.com



## ၄-ဒါနဝဂ် ၁-ပဌမဒါနသုတ်

၃၁။ ရဟန်းတို့ အလှူတို့သည် ဤရှစ်မျိုးတို့တည်း။

အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—မိမိအထံသို့ ရောက်လာသောကြောင့် အလှူကို ပေးလှူ၏၊ ကြောက်သောကြောင့် အလှူကို ပေးလှူ၏၊ "ငါ့အား ပေးဘူး၏"ဟု အလှူကို ပေးလှူ၏၊ "ငါ့အား ပေးပေလိမ့်မည်"ဟု အလှူကို ပေးလှူ၏၊ "ပေးလှူမှုသည် ကောင်း၏"ဟု အလှူကို ပေးလှူ၏၊ "ငါသည် ချက်ပြုတ်၏၊ ဤသူတို့ကား မချက်ပြုတ်ကုန်၊ ချက်ပြုတ်သော ငါသည် မချက်ပြုတ်သော သူတို့အား အလှူမပေးပဲ နေရန် မသင့်"ဟု အလှူကို ပေးလှူ၏၊ "ဤအလှူဒါနကို ပေးလှူသော ငါ့အား ကောင်းသော ကျော်စောသံသည် ပြန့်နှံ့၍ တက်လိမ့်မည်"ဟု အလှူကို ပေးလှူ၏၊ သမထဝိပဿနာ စိတ်၏ အဆင်တန်ဆာ အခြံအရံအလို့ငှါ အလှူကို ပေးလှူ၏။ ရဟန်းတို့ အလှူတို့သည် ဤရှစ်မျိုးတို့တည်း ဟု မိန့်တော်မူ၏။

ပဌမသုတ်။

---

## ၂-ဒုတိယဒါနသုတ်

၃၂။ ပေးလှူကြောင်းဖြစ်သော ယုံကြည်မှု 'သဒ္ဓါ' ပေးလှူကြောင်းဖြစ်သော ရှက်မှု 'ဟိရီ' အပြစ်မရှိသော ပေးလှူမှု 'ဒါန' ထိုတရားတို့သည် သူတော်ကောင်းတို့သို့ အစဉ်လိုက်ကုန်၏၊ ထိုစကားသည် မှန်၏၊ ထိုတရားအပေါင်းကို နတ်ပြည်ရောက်ကြောင်းလမ်း ဟု ဆိုကုန်၏၊ ထိုတရား အပေါင်းဖြင့် နတ်ပြည်သို့ သွားရ၏။

ဒုတိယသုတ်။

---

## ၃-ဒါနဝတ္ထုသုတ်

၃၃။ ရဟန်းတို့ ပေးလှူခြင်း၏ အကြောင်းတို့သည် ဤရှစ်မျိုးတို့တည်း။

အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—ချစ်မြတ်နိုးသဖြင့် အလှူကို ပေးလှူ၏၊ အမျက်ထွက်သဖြင့် အလှူကို ပေးလှူ၏၊ မိုက်မဲတွေဝေသဖြင့် အလှူကို ပေးလှူ၏၊ ကြောက်သဖြင့် အလှူကို ပေးလှူ၏၊ "အဖ အဖိုး တို့သည် လှူဘူး၏၊ ပြုဘူး၏၊ ရှေးလူကြီးတို့၏ အမျိုးအနွယ်ကို ယုတ်စေရန် မထိုက်"ဟု အလှူကို ပေးလှူ၏၊ "ငါသည် ဤအလှူကို လှူ၍ ကိုယ်ခန္ဓာ ပျက်ကြွေသေသည်မှ နောက်၌ ကောင်းမှုပြုသော သူတို့၏ လားရာဖြစ်သော နတ်ပြည်လောက၌ ဖြစ်ရပေလိမ့်မည်" ဟု အလှူကို ပေးလှူ၏၊ "ဤအလှူကို လှူသော ငါ့အား စိတ်ကြည်လင်၏၊ နှစ်သက်သော စိတ်ရှိသော အဖြစ် ဝမ်းမြောက်သော စိတ်ရှိသောအဖြစ်သည် ဖြစ်၏"ဟု အလှူကို ပေးလှူ၏၊ (သမထဝိပဿနာ) စိတ်၏ အဆင်တန်ဆာ အခြံအရံအလို့ငှါ အလှူကို ပေးလှူ၏။ရဟန်းတို့ ပေးလှူခြင်း အကြောင်းတို့သည် ဤရှစ်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

တတိယသုတ်။

http://www.dhammadownload.com



## ၄-ခေတ္တသုတ်

၃၄။ ရဟန်းတို့ ဤအင်္ဂါရှစ်မျိုးတို့နှင့် ပြည့်စုံသော လယ်၌ စိုက်ပျိုးအပ်သော မျိုးစေ့သည် အကျိုး မများ သာယာဖွယ် မများ ပွါးစီးမှု မရှိ။ အဘယ်အင်္ဂါရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ လယ်မြေသည် အမြင့် အနိမ့်လည်း ဖြစ်၏၊ ကျောက်ခဲ ကျောက်စရစ်လည်း ရှိ၏၊ ဆပ်ပြာလည်း ပေါက်၏၊ ထွန်ကြောင်းလည်း မနက်၊ ရေဝင်ပေါက်နှင့်လည်း မပြည့်စုံ၊ ရေထုတ်ပေါက်နှင့်လည်း မပြည့်စုံ၊ ရေမြောင်းနှင့်လည်း မပြည့်စုံ၊ ကန်သင်းနှင့်လည်း မပြည့်စုံ။ ရဟန်းတို့ ဤအင်္ဂါရှစ်မျိုးတို့နှင့် ပြည့်စုံသော လယ်မြေ၌ စိုက်ပျိုးအပ်သော မျိုးစေ့သည် အကျိုး မများ သာယာဖွယ် မများ ပွါးစီးမှု မရှိ။

ရဟန်းတို့ ဤအတူသာလျှင် ဤအင်္ဂါရှစ်မျိုးတို့နှင့် ပြည့်စုံသော သမဏဗြာဟ္မဏတို့၌ ပေးလှူအပ်သော အလှူသည် အကျိုး မများ အာနိသင် မများ တန်ခိုး မရှိ ကြီးသော ပြန့်နှံ့မှု မရှိ။ အဘယ်အင်္ဂါရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ သမဏဗြာဟ္မဏတို့သည် မှားသော အယူရှိကုန်၏၊ မှားသော အကြံရှိကုန်၏၊ မှားသော စကားရှိကုန်၏၊ မှားသော အလုပ်ရှိကုန်၏၊ မှားသော အသက်မွေးမှုရှိကုန်၏၊ မှားသော အားထုတ်မှုရှိကုန်၏၊ မှားသော အောက်မေ့မှုရှိကုန်၏၊ မှားသော တည်ကြည်မှုရှိကုန်၏။ ရဟန်းတို့ ဤအင်္ဂါရှစ်မျိုးတို့နှင့် ပြည့်စုံသော သမဏဗြာဟ္မဏတို့၌ ပေးလှူအပ်သော အလှူသည် အကျိုး မများ အာနိသင် မများ တန်ခိုး မကြီး ကြီးသောပြန့်နှံ့မှု မရှိ။

ရဟန်းတို့ အင်္ဂါရှစ်မျိုးတို့နှင့် ပြည့်စုံသော လယ်မြေ၌ စိုက်ပျိုးအပ်သော မျိုးစေ့သည် အကျိုး များ၏၊ သာယာဖွယ် များ၏၊ ပွါးစီးမှု ရှိ၏။

အဘယ်အင်္ဂါရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ လယ်မြေသည် အမြင့်အနိမ့် မရှိ၊ ကျောက်ခဲ ကျောက်စရစ်လည်း မရှိ၊ ဆပ်ပြာလည်း မပေါက်၊ ထွန်ကြောင်းလည်း နက်၏၊ ရေဝင်ပေါက်နှင့်လည်း ပြည့်စုံ၏၊ ရေထုတ်ပေါက်နှင့်လည်း ပြည့်စုံ၏၊ ရေမြောင်းနှင့်လည်း ပြည့်စုံ၏၊ ကန်သင်းနှင့်လည်း ပြည့်စုံ၏။ ရဟန်းတို့ ဤအင်္ဂါရှစ်မျိုးတို့နှင့် ပြည့်စုံသော လယ်မြေ၌ စိုက်ပျိုးအပ်သော မျိုးစေ့သည် အကျိုး များ၏၊ သာယာဖွယ် များ၏၊ ပွါးစီးမှု ရှိ၏။

ရဟန်းတို့ ဤအတူသာလျှင် အင်္ဂါရှစ်မျိုးတို့နှင့် ပြည့်စုံသော သမဏဗြာဟ္မဏတို့၌ ပေးလှူအပ်သော အလှူသည် အကျိုးများ၏၊ အာနိသင် များ၏၊ တန်ခိုးကြီး၏၊ ကြီးသော ပြန့်နှံ့မှုရှိ၏။ အဘယ်အင်္ဂါရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ သမဏဗြာဟ္မဏတို့သည် မှန်ကန်သော အယူရှိကုန်၏၊ မှန်ကန်သော အကြံရှိကုန်၏၊ မှန်ကန်သော စကားရှိကုန်၏၊ မှန်ကန်သော အလုပ်ရှိကုန်၏၊ မှန်ကန်သော အသက်မွေးမှုရှိကုန်၏၊ မှန်ကန်သော အားထုတ်မှုရှိကုန်၏၊ မှန်ကန်သော အောက်မေ့မှုရှိကုန်၏၊ မှန်ကန်သော တည်ကြည်မှုရှိကုန်၏။ ရဟန်းတို့ ဤအင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော သမဏဗြာဟ္မဏတို့၌ ပေးလှူအပ်သော အလှူသည် အကျိုး များ၏၊ အာနိသင် များ၏၊ တန်ခိုးကြီး၏၊ ကြီးသော ပြန့်နှံ့မှုရှိ၏ဟု (မိန့်တော်မူ၏)။

> ကောင်းသော လယ်၌ စိုက်ပျိုးအပ်သော ပြည့်စုံသော မျိုးစေ့သည် မိုးကောင်းစွာ ရွာသည်ရှိသော် စပါး၏ပြည့်စုံခြင်း ဘေးရန် မရှိမှုနှင့် ပြည့်စုံခြင်း ကြီးပွါးမှုနှင့် ပြည့်စုံခြင်း ပြန့်ပြောမှုနှင့် ပြည့်စုံခြင်း အသီး၏ ပြည့်စုံခြင်း ဖြစ်သကဲ့သို့ ဤအတူ

http://www.dhammadownload.com



ပြည့်စုံသော သီလရှိသော သမဏဗြာဟ္မဏတို့၌ ပေးလှူအပ်သော ပြည့်စုံသော ဘောဇဉ်သည် ထိုသူတော်ကောင်းပြုအပ်သော ကောင်းမှုပြည့်စုံသောကြောင့် (ကုသိုလ်တရားတို့၏)ပြည့်စုံခြင်းကို ဆောင်တတ်၏။

ထို့ကြောင့် ဤလောက၌ ပြည့်စုံခြင်းကို အလိုရှိသော ပြည့်စုံသော ပုဂ္ဂိုလ်သည် ပြည့်စုံသော ပညာရှိတို့ကို မှီဝဲကုန်ရာ၏၊ ဤသို့ မှီဝဲကုန်သော် ပြည့်စုံခြင်းတို့သည် ပြီးမြောက်ကုန်၏။

ဝိဇ္ဇာ(သုံးပါး)စရဏ(တဆယ့်ငါးပါး)နှင့် ပြည့်စုံသောသူ၌ စိတ်၏ ပြည့်စုံခြင်းကို ရ၍ ကံ၏ ပြည့်စုံခြင်းကို ပြု၏၊အကျိုး၏ ပြည့်စုံခြင်းကို ရ၏။

ဟုတ်တိုင်းမှန်စွာ လောကကို သိ၍(ဝိပဿနာ)ဉာဏ်အမြင်နှင့် ပြည့်စုံခြင်းသို့ ရောက်၍(သောတာပတ္တိ)မဂ်ဉာဏ်နှင့် ပြည့်စုံခြင်းကို အစဲပြု၍ ပြည့်စုံသော စိတ်ရှိသူသည်(အရဟတ္တဖိုလ်သို့)ရောက်၏၊ အလုံးစုံသော အညစ်အကြေးကို ခါတွက်လျက် နိဗ္ဗာန်နှင့် ပြည့်စုံခြင်းသို့ ရောက်၍ အလုံးစုံသော ဝဋ်ဆင်းရဲတို့မှ လွတ်၏၊ထိုအလုံးစုံသော ဝဋ်ဆင်းရဲတို့မှ လွတ်ခြင်းသည် အလုံးစုံတို့နှင့် ပြည့်စုံခြင်း မည်၏။

စတုတ္ထသုတ်။

---

### ၅-ဒါနူပပတ္တိသုတ်

၃၅။ ရဟန်းတို့ ပေးလှူခြင်းဟူသောအကြောင်းကြောင့် (လူ့ပြည်နတ်ပြည်တို့၌) ဖြစ်ခြင်းတို့သည် ဤရှစ်မျိုးတို့တည်း။

အဘယ် ရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သော သူသည် သမဏအားဖြစ်စေ ဗြာဟ္မဏအားဖြစ်စေ ထမင်း အဖျော် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ကျောင်း ဆီမီးအလှူကို ပေးလှူ၏။ ထိုသူသည် အကြင်ကာမဂုဏ်ငါးပါး တည်းဟူသော အကြောင်းကြောင့် ပေးလှူ၏၊ ထိုကာမဂုဏ်ငါးပါးကို တောင့်တ၏၊ ထိုသူသည် များသောဥစ္စာရှိသော မင်းမျိုး ပုဏ္ဏားမျိုး သူကြွယ်မျိုးတို့ကိုသော်၎င်း ကာမဂုဏ်ငါးပါးတို့ဖြင့် ရောင့်ရဲ ပြည့်စုံ စမွယ်မွေ့လျော်နေသည်တို့ကို မြင်၏၊ ထိုသူအား "ငါသည် ကိုယ်ခန္ဓာ ပျက်ကြွေ၍ သေသည်မှ နောက်၌ များသော ဥစ္စာရှိသော မင်းမျိုးတို့၏သော်၎င်း ပုဏ္ဏားမျိုးတို့၏သော်၎င်း သူကြွယ်မျိုးတို့၏သော်၎င်း အပေါင်းအဖော်အဖြစ်သို့ ရောက်ရမူကား ကောင်းလေစွ"ဟု ဤသို့ စိတ်အကြံဖြစ်၏၊ ထိုသူသည် ထိုသို့သော စိတ်ကို ထား၏၊ ထိုသို့သော စိတ်ကို ဆောက်တည်၏၊ ထိုသို့သော စိတ်ကို ပွါးစေ၏၊ ထိုသူ၏ ယုတ်ညံ့သည့် ကာမဂုဏ်ငါးပါး၌ ညွတ်သော ထိုကာမဂုဏ်ငါးပါးထက် အလွန်(မဂ် ဖိုလ် နိဗ္ဗာန် အလို့ငှါ) မပွါးစေအပ်သော စိတ်သည် ထိုတောင့်တအပ်သော မင်းပုဏ္ဏားစသော အမျိုးတို့၌ (ကပ်ရောက်ရန်)ဖြစ်၏၊ (ထိုသူသည်) ကိုယ်ခန္ဓာ ပျက်ကြွေ၍ သေသည်မှ နောက်၌ များသော ဥစ္စာရှိသော မင်းမျိုးတို့၏သော်၎င်း ပုဏ္ဏားမျိုးတို့၏သော်၎င်း သူကြွယ်မျိုးတို့၏သော်၎င်း အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ ထိုသို့ ရောက်ရခြင်းကိုလည်း သီလရှိသော သူအားသာ ငါဆို၏၊ သီလမရှိသော သူအား မဆို။ရဟန်းတို့ သီလရှိသောသူအား စင်ကြယ်သောကြောင့် စိတ်၏ တောင့်တမှုသည် ပြည့်စုံ၏။ (၁)

http://www.dhammadownload.com



ရဟန်းတို့ ဤလောက၌ အချို့သောသူသည် သမဏအားဖြစ်စေ ဗြာဟ္မဏအားဖြစ်စေ ထမင်း အဖျော် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ကျောင်း ဆီမီး အလှူကို ပေးလှူ၏။ ထိုသူသည် အကြင်ကာမဂုဏ်ငါးပါးဟူသော အကြောင်းကြောင့် ပေးလှူ၏၊ ထိုကာမဂုဏ်ငါးပါးကို တောင့်တ၏၊ ထိုသူသည် "စာတုမဟာရာဇ်နတ်တို့သည် အသက်ရှည်ကုန်၏၊အဆင်းလှကုန်၏၊ချမ်းသာများကုန်၏"ဟု ကြားဘူး၏၊ ထိုသူအား "ငါသည် ကိုယ်ခန္ဓာ ပျက်ကြွေ၍ သေသည်မှ နောက်၌ စာတုမဟာရာဇ်နတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရမူကား ကောင်းလေစွ"ဟု ဤသို့သော အကြံသည် ဖြစ်၏၊ ထိုသူသည် ထိုသို့သော စိတ်ကို ထား၏၊ထိုသို့သော စိတ်ကို ဆောက်တည်၏၊ထိုသို့သော စိတ်ကို ပွါးစေ၏၊ ထိုသူ၏ ယုတ်ညံ့သည့် ကာမဂုဏ်ငါးပါး၌ ညွတ်သော ထိုကာမဂုဏ်ငါးပါးထက် အလွန်(မဂ် ဖိုလ် အလို့ငှါ) မပွါးများစေအပ်သော စိတ်သည် ထိုတောင့်တအပ်သော စာတုမဟာရာဇ်ဘုံ၌ (ကပ်ရောက်ရန်) ဖြစ်၏၊ (ထိုသူသည်) ကိုယ်ခန္ဓာ ပျက်ကြွေ၍ သေသည်မှ နောက်၌ စာတုမဟာရာဇ်နတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ထိုသို့ရောက် ရခြင်းကိုလည်း သီလရှိသော သူအားသာ ငါဆို၏၊ သီလမရှိသော သူအား မဆို။ ရဟန်းတို့ သီလရှိသောသူအား စင်ကြယ်သောကြောင့် စိတ်၏ တောင့်တမှုသည် ပြည့်စုံ၏။ (၂)

ရဟန်းတို့ ဤလောက၌ အချို့သော သူသည် သမဏအားဖြစ်စေ ဗြာဟ္မဏအားဖြစ်စေ ထမင်း အဖျော် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ကျောင်း ဆီမီးအလှူကို ပေးလှူ၏။ ထိုသူသည် အကြင်ကာမဂုဏ်ငါးပါးတည်းဟူသော အကြောင်းကြောင့် ပေးလှူ၏၊ ထိုကာမဂုဏ်ငါးပါးကို တောင့်တ၏၊ထိုသူသည် "တာဝတိံသာနတ်တို့သည်။ပ။ယာမာနတ်တို့သည်။ တုသိတာနတ်တို့သည်။နိမ္မာနရတိနတ်တို့သည်။ပရနိမ္မိတဝသဝတ္တီနတ်တို့သည် အသက်ရှည်ကုန်၏၊ အဆင်းလှကုန်၏၊ ချမ်းသာများကုန်၏"ဟု ကြားဘူး၏၊ထိုသူအား "ငါသည် ကိုယ်ခန္ဓာ ပျက်ကြွေ၍ သေသည်မှ နောက်၌ ပရနိမ္မိတဝသဝတ္တီနတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရမူကား ကောင်းလေစွ"ဟု ဤသို့သော အကြံသည်ဖြစ်၏၊ ထိုသူသည် ထိုသို့သော စိတ်ကို ထား၏၊ ထိုသို့သော စိတ်ကို ဆောက်တည်၏၊ထိုသို့သော စိတ်ကို ပွါးစေ၏၊ ထိုသူ၏ ယုတ်ညံ့သည့် ကာမဂုဏ်ငါးပါး၌ ညွတ်သော ထိုကာမဂုဏ်ငါးပါးထက် အလွန်(မဂ် ဖိုလ် အလို့ငှါ) မပွါးစေအပ်သော စိတ်သည် ထိုတောင့်တအပ်သော ပရနိမ္မိတဝသဝတ္တီဘုံ၌ (ကပ်ရောက်ရန်) ဖြစ်၏၊ (ထိုသူသည်) ကိုယ်ခန္ဓာ ပျက်ကြွေ၍ သေသည်မှ နောက်၌ ပရနိမ္မိတဝသဝတ္တီနတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ ထိုသို့ ရောက်ရခြင်းကိုလည်း သီလရှိသော သူအားသာ ငါဆို၏၊ သီလမရှိသော သူအား မဆို။ ရဟန်းတို့ သီလရှိသော သူအား စင်ကြယ်သောကြောင့် စိတ်၏ တောင့်တမှုသည် ပြည့်စုံ၏။ (၃-၇)

ရဟန်းတို့ ဤလောက၌ အချို့သော သူသည် သမဏအား ဖြစ်စေ ဗြာဟ္မဏအား ဖြစ်စေ ထမင်း အဖျော် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ကျောင်း ဆီမီး အလှူကို ပေးလှူ၏။ ထိုသူသည် အကြင်ကာမဂုဏ်ငါးပါးတည်းဟူသော အကြောင်းကြောင့် ပေးလှူ၏၊ ထိုကာမဂုဏ်ငါးပါးကို တောင့်တ၏၊ ထိုသူသည် "ဗြဟ္မာတို့သည် အသက်ရှည်ကုန်၏၊ အဆင်းလှကုန်၏၊ ချမ်းသာများကုန်၏" ဟု ကြားဘူး၏၊ ထိုသူအား "ငါသည် ကိုယ်ခန္ဓာ ပျက်ကြွေ၍ သေသည်မှ နောက်၌ ဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရမူကား ကောင်းလေစွ" ဟု ဤသို့သော အကြံသည် ဖြစ်၏၊ ထိုသူသည် ထိုသို့သော စိတ်ကို ထား၏၊

http://www.dhammadownload.com



ထိုသို့သော စိတ်ကို ဆောက်တည်၏၊ ထိုသို့သော စိတ်ကို ပွါးစေ၏၊ ထိုသူ၏ ယုတ်ညံ့သည့် ကာမဂုဏ်ငါးပါး၌ ညွတ်သော ထိုကာမဂုဏ်ငါးပါးတို့ထက် အလွန် (မဂ် ဖိုလ်အလို့ငှါ) မပွါးများစေအပ်သော စိတ်သည် ထိုတောင့်တအပ်သော ဗြဟ္မာ့ဘုံ၌ (ကပ်ရောက်ရန်)ဖြစ်၏၊ (ထိုသူသည်) ကိုယ်ခန္ဓာ ပျက်ကြွေ၍ သေသည်မှ နောက်၌ ဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ ထိုသို့ ရောက်ရခြင်းကိုလည်း သီလရှိသော သူအားသာ ငါဆို၏၊ သီလမရှိသော သူအား မဆို၊ (ဝိက္ခမ္ဘနပဟာန် သမုစ္ဆေဒပဟာန်အားဖြင့်) ကင်းသော ရာဂကင်းသောပုဂ္ဂိုလ်အားသာ ငါဆို၏၊ ရာဂနှင့် တကွဖြစ်သော ပုဂ္ဂိုလ်အား' မဆို၊ရဟန်းတို့ သီလရှိသော ပုဂ္ဂိုလ်အား ရာဂကင်းသောကြောင့် စိတ်၏ တောင့်တမှုသည် ပြည့်စုံ၏။ ရဟန်းတို့ ပေးလှူခြင်းဟူသော အကြောင်းကြောင့် (လူ့ ပြည်နတ်ပြည်တို့၌)ဖြစ်ခြင်းတို့သည် ဤရှစ်မျိုးတို့တည်း ဟု (မိန့်တော်မူ၏)။ (၇)

ပဉ္စမသုတ်။

---

## ၆-ပုညကိရိယဝတ္ထုသုတ်

၃၆။ ရဟန်းတို့ ပုညကိရိယဝတ္ထုတို့သည် ဤသုံးမျိုးတို့တည်း။အဘယ်သုံးမျိုးတို့နည်း ဟူမူ— ဒါနဟူသော ပုညကိရိယဝတ္ထု၊ သီလဟူသော ပုညကိရိယဝတ္ထု၊ ဘာဝနာဟူသော ပုညကိရိယဝတ္ထုတို့တည်း။ရဟန်းတို့ ဤလောက၌ အချို့သော သူသည် ဒါနဟူသော ပုညကိရိယဝတ္ထုကို အနည်းငယ်သာလျှင် ပြုအပ်၏၊သီလဟူသော ပုညကိရိယဝတ္ထုကို အနည်းငယ်သာလျှင် ပြုအပ်၏၊ ဘာဝနာဟူသော ပုညကိရိယဝတ္ထုကို မပြီးစေ၊ ထိုသူသည် ကိုယ်ခန္ဓာ ပျက်ကြွေ၍ သေသည်မှ နောက်၌ လူတို့တွင် ဘုန်းကံနည်းသော ယုတ်နိမ့်သော အမျိုး၌ ဖြစ်ရ၏။

ရဟန်းတို့ ဤလောက၌ အချို့သော သူသည် ဒါနဟူသော ပုညကိရိယဝတ္ထုကို အတိုင်းအရှည်အားဖြင့် ပြုအပ်၏၊ သီလဟူသော ပုညကိရိယဝတ္ထုကို အတိုင်းအရှည်အားဖြင့် ပြုအပ်၏၊ ဘာဝနာဟူသော ပုညကိရိယဝတ္ထုကို မပြီးစေ၊ ထိုသူသည် ကိုယ်ခန္ဓာ ပျက်ကြွေ၍ သေသည်မှ နောက်၌ လူတို့တွင် ဘုန်းကံကြီးသော မြင့်မြတ်သော အမျိုး၌ ဖြစ်ရ၏။

ရဟန်းတို့ ဤလောက၌ အချို့သော သူသည် ဒါနဟူသော ပုညကိရိယဝတ္ထုကို အလွန်အကဲ ပြုအပ်၏၊ သီလဟူသော ပုညကိရိယဝတ္ထုကို အလွန်အကဲ ပြုအပ်၏၊ ဘာဝနာဟူသော ပုညကိရိယဝတ္ထုကို မပြီးစေ၊ ထိုသူသည် ကိုယ်ခန္ဓာ ပျက်ကြွေ၍ သေသည်မှ နောက်၌ စာတုမဟာရာဇ် နတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏။

ရဟန်းတို့ ထိုဘုံ၌ စာတုမဟာရာဇ်နတ်မင်းကြီး လေးဦးတို့သည် ဒါနဟူသော ပုညကိရိယဝတ္ထုကို အလွန်အကဲ ပြုသောကြောင့် သီလဟူသော ပုညကိရိယဝတ္ထုကို အလွန်အကဲ ပြုသောကြောင့် နတ်၌ ဖြစ်သော အသက်ရှည်ခြင်း နတ်၌ ဖြစ်သော အဆင်းလှခြင်း နတ်၌ ဖြစ်သော ချမ်းသာခြင်း နတ်၌ ဖြစ်သော အခြံအရံ များခြင်း နတ်၌ ဖြစ်သော အစိုးရခြင်း နတ်၌ ဖြစ်သော ရူပါရုံ နတ်၌ ဖြစ်သော သဒ္ဒါရုံ နတ်၌ ဖြစ်သော ဂန္ဓာရုံ နတ်၌ ဖြစ်သော ရသာရုံ နတ်၌ ဖြစ်သော ဖောဋ္ဌဗ္ဗာရုံဟူသော ဆယ်ပါးသော အကြောင်းတို့ဖြင့် စာတုမဟာရာဇ်နတ်တို့ကို သာလွန် လွှမ်းမိုးကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ ဤလောက၌ အချို့သော သူသည် ဒါနဟူသော ပုညကိရိယဝတ္ထုကို အလွန်အကဲ ပြုအပ်၏၊ သီလဟူသော ပုညကိရိယဝတ္ထုကို အလွန်အကဲပြုအပ်၏၊ ဘာဝနာဟူသော ပုညကိရိယဝတ္ထုကို မပြီးစေ၊ ထိုသူသည် ကိုယ်ခန္ဓာ ပျက်ကြွေ၍ သေသည်မှနောက်၌ တာဝတိံသာနတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ ရဟန်းတို့ ထိုဘုံ၌ နတ်တို့အရှင် သိကြားမင်းသည် ဒါနဟူသော ပုညကိရိယဝတ္ထုကို အလွန်အကဲ ပြုသောကြောင့် သီလဟူသော ပုညကိရိယဝတ္ထုကို အလွန်အကဲ ပြုသောကြောင့် နတ်၌ ဖြစ်သော အသက်ရှည်ခြင်း။ပ။ နတ်၌ ဖြစ်သော ဖောဋ္ဌဗ္ဗာရုံ ဟူသော ဆယ်ပါးသော အကြောင်းတို့ဖြင့် တာဝတိံသာနတ်တို့ကို သာလွန် လွှမ်းမိုးနိုင်၏။

ရဟန်းတို့ ဤလောက၌ အချို့သော သူသည် ဒါနဟူသော ပုညကိရိယဝတ္ထုကို အလွန်အကဲ ပြုအင်၏၊ သီလဟူသော ပုညကိရိယဝတ္ထုကို အလွန်အကဲ ပြုအပ်၏၊ ဘာဝနာဟူသော ပုညကိရိယဝတ္ထုကို မပြီးစေ၊ ထိုသူသည် ကိုယ်ခန္ဓာ ပျက်ကြွေ၍ သေသည်မှ နောက်၌ ယာမာနတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ ရဟန်းတို့ ထိုဘုံ၌ သုယာမနတ်သားသည် ဒါနဟူသော ပုညကိရိယဝတ္ထုကို အလွန်အကဲ ပြုသောကြောင့် သီလဟူသော ပုညကိရိယဝတ္ထုကို အလွန်အကဲ ပြုသောကြောင့် နတ်၌ ဖြစ်သော အသက်ရှည်ခြင်း။ပ။ နတ်၌ ဖြစ်သော ဖောဋ္ဌဗ္ဗာရုံ ဟူသော ဆယ်ပါးသော အကြောင်းတို့ဖြင့် ယာမာနတ်တို့ကို သာလွန် လွှမ်းမိုးနိုင်၏။

ရဟန်းတို့ ဤလောက၌ အချို့သော သူသည် ဒါနဟူသော ပုညကိရိယဝတ္ထုကို အလွန်အကဲ ပြုအပ်၏၊သီလဟူသော ပုညကိရိယဝတ္ထုကို အလွန်အကဲ ပြုအပ်၏၊ ဘာဝနာဟူသော ပုညကိရိယဝတ္ထုကို မပြီးစေ၊ ထိုသူသည် ကိုယ်ခန္ဓာ ပျက်ကြွေ၍ သေသည်မှ နောက်၌ တုသိတာနတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ ရဟန်းတို့ ထိုဘုံ၌ သန္တုသိတနတ်သားသည် ဒါနဟူသော ပုညကိရိယဝတ္ထုကို အလွန်အကဲ ပြုသောကြောင့် သီလဟူသော ပုညကိရိယဝတ္ထုကို အလွန်အကဲ ပြုသောကြောင့် နတ်၌ ဖြစ်သော အသက်ရှည်ခြင်း။ပ။ နတ်၌ ဖြစ်သော ဖောဋ္ဌဗ္ဗာရုံ ဟူသော ဆယ်ပါးသော အကြောင်းတို့ဖြင့် တုသိတာနတ်တို့ကို သာလွန် လွှမ်းမိုးနိုင်၏။

ရဟန်းတို့ ဤလောက၌ အချို့သော သူသည် ဒါန ဟူသော ပုညကိရိယဝတ္ထုကို အလွန်အကဲ ပြုအပ်၏၊ သီလဟူသော ပုညကိရိယဝတ္ထုကို အလွန်အကဲ ပြုအပ်၏၊ ဘာဝနာဟူသော ပုညကိရိယဝတ္ထုကို မပြီးစေ၊ ထိုသူသည် ကိုယ်ခန္ဓာ ပျက်ကြွေ၍ သေသည်မှ နောက်၌ နိမ္မာနရတိနတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ ရဟန်းတို့ ထိုဘုံ၌ သုနိမ္မိတနတ်သားသည် ဒါနဟူသော ပုညကိရိယဝတ္ထုကို အလွန်အကဲ ပြုသောကြောင့် သီလဟူသော ပုညကိရိယဝတ္ထုကို အလွန်အကဲ ပြုသောကြောင့် နတ်၌ ဖြစ်သော အသက်ရှည်ခြင်း။ပ။ နတ်၌ ဖြစ်သော ဖောဋ္ဌဗ္ဗာရုံ ဟူသော ဆယ်ပါးသော အကြောင်းတို့ဖြင့် နိမ္မာနရတိနတ်တို့ကို သာလွန် လွှမ်းမိုးနိုင်၏။

ရဟန်းတို့ ဤလောက၌ အချို့သောသူသည် ဒါနဟူသော ပုညကိရိယဝတ္ထုကို အလွန်အကဲ ပြုအပ်၏၊ သီလဟူသော ပုညကိရိယဝတ္ထုကို အလွန်အကဲ ပြုအပ်၏၊ ဘာဝနာဟူသော ပုညကိရိယဝတ္ထုကို မပြီးစေ၊ ထိုသူသည် ကိုယ်ခန္ဓာ ပျက်ကြွေ၍ သေသည်မှ နောက်၌ ပရနိမ္မိတဝသဝတ္တီနတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ ရဟန်းတို့ ထိုဘုံ၌ ဝသဝတ္တီနတ်သားသည် ဒါနဟူသော ပုညကိရိယဝတ္ထုကို အလွန်အကဲ ပြုသောကြောင့် သီလဟူသော ပုညကိရိယဝတ္ထုကို အလွန်အကဲ ပြုသောကြောင့် နတ်၌ ဖြစ်သော အသက်ရှည်ခြင်း နတ်၌ ဖြစ်သော အဆင်းလှခြင်း နတ်၌ ဖြစ်သော ချမ်းသာခြင်း နတ်၌ ဖြစ်သော အခြံအရံများခြင်း နတ်၌ ဖြစ်သော အစိုးရခြင်း

http://www.dhammadownload.com



နတ်၌ ဖြစ်သော ရူပါရုံ နတ်၌ ဖြစ်သော သဒ္ဒါရုံ နတ်၌ ဖြစ်သော ဂန္ဓာရုံ နတ်၌ ဖြစ်သော ရသာရုံ နတ်၌ ဖြစ်သော ဖောဋ္ဌဗ္ဗာရုံဟူသော ဆယ်ပါးသော အကြောင်းတို့ဖြင့် ပရနိမ္မိတဝသဝတ္တီနတ်တို့ကို သာလွန် လွှမ်းမိုးနိုင်၏။ ရဟန်းတို့ ထိုပုညကိရိယဝတ္ထုတို့သည် ဤသုံးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-သပ္ပုရိသ ဒါန သုတ်

၃၇။ ရဟန်းတို့ သူတော်ကောင်းတို့၏ ပေးလှူခြင်း 'သပ္ပုရိသဒါန' တို့သည် ဤရှစ်မျိုး တို့တည်း။

အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—သန့်ရှင်းစင်ကြယ်သော လှူဖွယ်ဝတ္ထုကို ပေးလှူ၏၊ မွန်မြတ်သော လှူဖွယ်ဝတ္ထုကို ပေးလှူ၏၊ သင့်လျော်လျောက်ပတ်သော အခါ၌ ပေးလှူ၏၊ အပ်သော လှူဖွယ်ဝတ္ထုကို ပေးလှူ၏၊ အလှူခံပုဂ္ဂိုလ် လှူဖွယ်ဝတ္ထုတို့ကို ရွေးချယ် စိစစ်၍ ပေးလှူ၏၊ မပြတ် ပေးလှူ၏၊ ပေးလှူသည် ရှိသော် စိတ်ကို ကြည်လင်စေ၏၊ ပေးလှူပြီးနောက် နှစ်သက်သော စိတ်ရှိ၏။ ရဟန်းတို့ သူတော်ကောင်းတို့၏ ပေးလှူခြင်း 'သပ္ပုရိသဒါန' တို့သည် ဤရှစ်မျိုး တို့တည်းဟု (မိန့်တော်မူ၏)။

> လယ်ယာမြေကောင်းသဖွယ်ဖြစ်သော မြတ်သော အကျင့်ကို ကျင့်လေ့ရှိကုန်သော ပုဂ္ဂိုလ်တို့၌ သန့်ရှင်းစင်ကြယ်သော မွန်မြတ်သော အပ်သော အဖျော် ဘောဇဉ် ဟူသော လှူဖွယ်ကို လျောက်ပတ်သော အခါ၌ မပြတ် ပေးလှူ၏။
>
> များစွာသော အာမိသကို စွန့်လှူပြီး၍ နှလုံးမသာရှိသည် မဖြစ်ရာ၊ ဤသို့ လှူအပ်သော အလှူတို့ကို အထူးရှုမြင်နိုင်သူတို့သည် ချီးမွမ်းကုန်၏။
>
> သဒ္ဓါတရားနှင့် ပြည့်စုံသော ထက်မြက်သော ဉာဏ်ရှိသော ပညာရှိသည် လွတ်လွတ် စွန့်ကြဲသော စိတ်ဖြင့် ဤသို့ ပေးလှူပူဇော်၍ ဆင်းရဲမရှိရာ ချမ်းသာသော (လူ့ပြည် နတ်ပြည်) လောကသို့ ရောက်ရ၏။

သတ္တမသုတ်။

## ၈-သပ္ပုရိသသုတ်

၃၈။ ရဟန်းတို့ သူတော်ကောင်းသည် အမျိုး၌ ဖြစ်ပေါ်လာသည် ရှိသော် များစွာသော လူအပေါင်း၏ အကျိုးစီးပွါး ချမ်းသာခြင်းအလို့ငှါ ဖြစ်၏၊ အမိ အဖတို့၏ အကျိုးစီးပွါး ချမ်းသာခြင်းအလို့ငှါ ဖြစ်၏၊ သား မယား၏ အကျိုးစီးပွါး ချမ်းသာခြင်း အလို့ငှါ ဖြစ်၏၊ ကျွန်အမှုလုပ် ယောကျ်ားတို့၏ အကျိုးစီးပွါး ချမ်းသာခြင်း အလို့ငှါ ဖြစ်၏၊ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့၏ အကျိုးစီးပွါး ချမ်းသာခြင်း အလို့ငှါ ဖြစ်၏၊ ရှေးက သေလွန်ပြီးသော အဆွေအမျိုးတို့၏ အကျိုးစီးပွါး ချမ်းသာခြင်း အလို့ငှါ ဖြစ်၏၊ မင်း၏ အကျိုးစီးပွါး ချမ်းသာခြင်းအလို့ငှါ ဖြစ်၏၊

http://www.dhammadownload.com



နတ်တို့၏ အကျိုးစီးပွါး ချမ်းသာခြင်းအလို့ငှါ ဖြစ်၏၊ သမဏဗြာဟ္မဏတို့၏ အကျိုးစီးပွါး ချမ်းသာခြင်း အလို့ငှါ ဖြစ်၏။

ရဟန်းတို့ အလုံးစုံသော ကောက်စပါးတို့ကို ပြည့်စုံစေတတ်သော ရွာသွန်းသော မိုးကြီးသည် များစွာသော လူအပေါင်း၏ အကျိုးစီးပွါး ချမ်းသာခြင်း အလို့ငှါ ဖြစ်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် သူတော်ကောင်းသည် အမျိုး၌ ဖြစ်ပေါ်လာသည်ရှိသော် များစွာသော လူအပေါင်း၏ အကျိုးစီးပွါး ချမ်းသာခြင်း အလို့ငှါ ဖြစ်၏၊ အမိ အဖတို့၏ အကျိုးစီးပွါး ချမ်းသာခြင်း အလို့ငှါ ဖြစ်၏၊ သား မယား၏ အကျိုးစီးပွါး ချမ်းသာခြင်း အလို့ငှါ ဖြစ်၏၊ ကျွန်အမှုလုပ် ယောကျ်ားတို့၏ အကျိုးစီးပွါး ချမ်းသာခြင်း အလို့ငှါ ဖြစ်၏၊ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့၏ အကျိုးစီးပွါး ချမ်းသာခြင်း အလို့ငှါ ဖြစ်၏၊ ရှေးက သေလွန်ပြီးသော အဆွေအမျိုးတို့၏ အကျိုးစီးပွါး ချမ်းသာခြင်း အလို့ငှါ ဖြစ်၏၊ မင်း၏ အကျိုးစီးပွါး ချမ်းသာခြင်း အလို့ငှါ ဖြစ်၏၊ နတ်တို့၏ အကျိုးစီးပွါး ချမ်းသာခြင်း အလို့ငှါ ဖြစ်၏၊ သမဏဗြာဟ္မဏတို့၏ အကျိုးစီးပွါး ချမ်းသာခြင်း အလို့ငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။

အိမ်၌ နေသော ပညာရှိ ပုဂ္ဂိုလ်သည် စင်စစ်အားဖြင့် များစွာသော လူတို့၏ အကျိုးငှါ ဖြစ်၏၊ နေ့ ညဉ့်တို့ပတ်လုံး ပျင်းရိခြင်းမရှိသော ပညာရှိသည် ရှေးဦးစွာ အမိအဖတို့အား ရှေး၌ ပြုဘူးသော ကျေးဇူးကို အဖန်တလဲလဲ အောက်မေ့သည်ဖြစ်၍ အကြောင်းအားလျော်စွာ ပူဇော်၏၊ အိမ်ရာမထောင်ပဲ ရဟန်းပြုသော မြတ်သော အကျင့်ကို ကျင့်သော ပုဂ္ဂိုလ်တို့ကို အရိုအသေပြု၏။

သက်ဝင်ယုံကြည်သော သဒ္ဓါတရားရှိသော သီလကို ချစ်သူသည် တရားတို့ကို သိ၍ (သူတော်ကောင်းတို့ကို)ပူဇော်၏၊ မင်း၏ အစီးအပွါးကို ဆောင်၏၊ နတ်တို့၏ အစီးအပွါးကို ဆောင်၏၊ အဆွေအမျိုး မိတ်ဆွေတို့၏ အစီးအပွါးကို ဆောင်၏။

သူတော်ကောင်းတရား၌ ကောင်းစွာ တည်သော ထိုသူသည် အလုံးစုံသော သူတို့၏ အစီးအပွါးကို ဆောင်၏၊ ထိုသူသည် ဝန်တိုမှု'မစ္ဆရိယ'အညစ်အကြေးကို ပယ်ဖျောက်၍ အေးငြိမ်းသော လောကသို့ ရောက်ရ၏။

အဋ္ဌမသုတ်။

## ၉-အဘိသန္ဒသုတ်

၃၉။ ရဟန်းတို့ ချမ်းသာကို ဆောင်တတ်ကုန်သော နတ်ပြည်အကျိုးငှါ ဖြစ်ကုန်သော ချမ်းသာသော အကျိုးကို ပေးတတ်ကုန်သော နတ်ပြည်၌ ပဋိသန္ဓေကို ဖြစ်စေတတ်ကုန်သော ဤကောင်းမှုအထု ကုသိုလ်အယဉ်ရှစ်မျိုးတို့သည် အလိုရှိခြင်းငှါ နှစ်သက်ခြင်းငှါ နှလုံးကို ပွါးစေခြင်းငှါ အစီးအပွါးအလို့ငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်၏။

အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏၊ ရဟန်းတို့ ချမ်းသာကို ဆောင်တတ်သော နတ်ပြည်အကျိုးငှါ ဖြစ်သော ချမ်းသာသော အကျိုးကို ပေးတတ်သော နတ်ပြည်၌ ပဋိသန္ဓေကို ဖြစ်စေ

http://www.dhammadownload.com



တတ်သော ရှေးဦးစွာသော ဤကောင်းမှုအထု ကုသိုလ်အယဉ်သည် အလိုရှိခြင်းငှါ နှစ်သက်ခြင်းငှါ နှလုံးကို ပွါးစေခြင်းငှါ အစီးအပွါး အလို့ငှါ ချမ်းသာခြင်းငှါ ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ဤသာသနာတော်၌ အရိယာတပည့်သည် တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏၊ ရဟန်းတို့ နှစ်ခုမြောက်ဖြစ်သော ဤကောင်းမှုအထု ကုသိုလ် အယဉ်သည်။ပ။ ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ဤသာသနာတော်၌ အရိယာတပည့်သည် သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏၊ ရဟန်းတို့ ချမ်းသာကို ဆောင်တတ်သော နတ်ပြည်အကျိုးငှါ ဖြစ်သော ချမ်းသာသော အကျိုးကို ပေးတတ်သော နတ်ပြည်၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော သုံးခုမြောက်ဖြစ်သော ဤကောင်းမှုအထု ကုသိုလ်အယဉ်သည် အလိုရှိခြင်းငှါ နှစ်သက်ခြင်းငှါ နှလုံးကို ပွါးစေခြင်းငှါ အစီးအပွါး အလို့ငှါ ချမ်းသာခြင်းငှါ ဖြစ်၏။

ရဟန်းတို့ အမြတ်ဟု သိအပ်ကုန်သော ရှည်မြင့်စွာသော ကာလပတ်လုံး ဖြစ်၏ဟု သိအပ် ကုန်သော သူတော်ကောင်း အဆက်အနွယ်ဟု သိအပ်ကုန်သော ရှေးသူတော်ကောင်းတို့၏ အလေ့အကျင့် ဟု သိအပ်ကုန်သော မပယ်အပ်ကုန်သော (ရှေးကလည်း) မပယ်ဘူးကုန်သော (ယခုလည်း) မပယ်ကုန်သော (နောင်လည်း) ပယ်လတ္တံ့လည်း မဟုတ်ကုန်သော ပညာရှိ သမဏ ဗြာဟ္မဏတို့ မပစ်ပယ်အပ်သည့် မြတ်သော ဒါနဟု ဆိုအပ်ကုန်သော အလှူတို့သည် ဤငါးမျိုး တို့တည်း။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် သူ့ အသက်ကို သတ်ခြင်းကို ပယ်၍ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ ရဟန်းတို့ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်သော အရိယာတပည့်သည် အတိုင်းအရှည်မရှိကုန်သော သတ္တဝါတို့အား ဘေးမရှိခြင်းကို ပေးလှူသည် မည်၏၊ ရန်မရှိခြင်းကို ပေးလှူသည် မည်၏၊ ဆင်းရဲမရှိခြင်းကို ပေးလှူသည် မည်၏၊ အတိုင်းအရှည် မရှိသော သတ္တဝါတို့အား ဘေးမရှိခြင်း ရန်မရှိခြင်း ဆင်းရဲ မရှိခြင်းကို ပေးလှူသောကြောင့် အတိုင်းအရှည်မရှိသော ဘေးမရှိခြင်း ရန်မရှိခြင်း ဆင်းရဲ မရှိ ခြင်း၏ အဖို့ရှိ၏။ ရဟန်းတို့ ဤသည်ကား အမြတ်ဟု သိအပ်သော ရှည်မြင့်စွာသော ကာလ ပတ်လုံး ဖြစ်၏ဟု သိအပ်သော သူတော်ကောင်း အဆက်အနွယ်ဟု သိအပ်သော ရှေးသူဟောင်း တို့၏ အလေ့အကျင့်ဟု သိအပ်သော မပယ်အပ်သော (ရှေးကလည်း) မပယ်ဘူးသော (ယခုလည်း) မပယ်သော (နောင်လည်း) ပယ်လတ္တံ့ မဟုတ်သော ပညာရှိ သမဏဗြာဟ္မဏတို့ မပစ်ပယ် အပ်သည့် မြတ်သော အလှူဟုဆိုအပ်သော ပဌမဖြစ်သော အလှူတည်း။ ရဟန်းတို့ ချမ်းသာကို ဆောင် တတ်သော နတ်ပြည်အကျိုးငှါ ဖြစ်သော ချမ်းသာသော အကျိုးကိုပေးတတ်သော နတ်ပြည်၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော စတုတ္ထဖြစ်သော ဤကောင်းမှုအထု ကုသိုလ်အယဉ်သည် အလို ရှိခြင်းငှါ နှစ်သက်ခြင်းငှါ နှလုံးကို ပွါးစေခြင်းငှါ အစီးအပွါးအလို့ငှါ ချမ်းသာခြင်းငှါ ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား အရိယာတပည့်သည် ပိုင်ရှင်မပေးသော သူတပါးဥစ္စာကို ခိုးယူခြင်းကို ပယ်၍ ပိုင်ရှင်မပေးသော သူတပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်၏။ပ။ကာမဂုဏ် တို့၌ မှားယွင်းသောအားဖြင့် ကျင့်ခြင်းကို ပယ်၍ ကာမဂုဏ်တို့၌ မှားယွင်းသော အားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်၏။ပ။မဟုတ်မမှန် ပြောဆိုခြင်းကို ပယ်၍ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင် ကြဉ်၏။ပ။ယစ်မူး မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက် သောက်စားခြင်းကို ပယ်၍

http://www.dhammadownload.com



ယစ်မူး မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက် သောက်စားခြင်းမှ ရှောင်ကြဉ်၏။ ရဟန်းတို့ ယစ်မူး မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်သော အရိယာတပည့်သည် အတိုင်းအရှည်မရှိသော သတ္တဝါတို့အား ဘေးမရှိခြင်းကို ပေးလှူသည် မည်၏၊ ရန်မရှိခြင်းကို ပေးလှူသည်မည်၏၊ ဆင်းရဲမရှိခြင်းကို ပေးလှူသည် မည်၏၊ အတိုင်းအရှည်မရှိသော သတ္တဝါတို့အား ဘေးမရှိခြင်း ရန်မရှိခြင်း ဆင်းရဲမရှိခြင်းကို ပေးလှူသောကြောင့် အတိုင်းအရှည်မရှိသော ဘေးမရှိခြင်း ရန်မရှိခြင်း ဆင်းရဲမရှိခြင်း၏ အဖို့ရှိ၏။ ရဟန်းတို့ ဤသည်ကား အမြတ်ဟုသိအပ်သော ရှည်မြင့်စွာသော ကာလပတ်လုံး ဖြစ်၏ဟု သိအပ်သောသူတော်ကောင်းတို့၏ အဆက်အနွယ်ဟု သိအပ်သော ရှေးသူတော်ကောင်းတို့၏ အလေ့အကျင့်ဟု သိအပ်သော မပယ်အပ်သော (ရှေးကလည်း) မပယ်ဘူးသော (ယခုလည်း) မပယ်သော (နောင်လည်း) ပယ်လတ္တံ့လည်း မဟုတ်သော ပညာရှိ သမဏ ဗြာဟ္မဏတို့ မပစ်ပယ်အပ်သည့် မြတ်သော အလှူဟု ဆိုအပ်သော ပဉ္စမဖြစ်သော အလှူတည်း။ ရဟန်းတို့ ချမ်းသာကို ဆောင်တတ်သော နတ်ပြည်အကျိုးငှါ ဖြစ်သော ချမ်းသာသောအကျိုးကို ပေးတတ်သော နတ်ပြည်၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော အဋ္ဌမဖြစ်သော ဤကောင်းမှုအထု ကုသိုလ်အယဉ်သည် အလိုရှိခြင်းငှါ နှစ်သက်ခြင်းငှါ နှလုံးကို ပွါးစေခြင်းငှါ အစီးအပွါးအလို့ငှါ ချမ်းသာခြင်းငှါ ဖြစ်၏။

ရဟန်းတို့ ချမ်းသာကို ဆောင်တတ်သော နတ်ပြည်အကျိုးငှါ ဖြစ်သော ချမ်းသာသော အကျိုးကို ပေးတတ်သော နတ်ပြည်၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ရှစ်မျိုးသော ဤကောင်းမှုအထု ကုသိုလ်အယဉ်ရှစ်မျိုးတို့သည် အလိုရှိခြင်းငှါ နှစ်သက်ခြင်းငှါ နှလုံးကို ပွါးစေခြင်းငှါ အစီးအပွါးအလို့အငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဒုစ္စရိတဝိပါကသုတ်

၄၀။ ရဟန်းတို့ မှီဝဲအပ် ပွါးများအပ် အကြိမ်များစွာပြုအပ်သော သူ၏ အသက်ကို သတ်ခြင်းသည် ငရဲ၌ ဖြစ်စေတတ်၏၊ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏၊ သူ၏ အသက်ကို သတ်ခြင်း၏ အပေါ့ဆုံးအကျိုးသည် လူဖြစ်သော သူအား အသက်တိုခြင်းကို ဖြစ်စေတတ်၏။

ရဟန်းတို့ မှီဝဲအပ် ပွါးများအပ် အကြိမ်များစွာ ပြုအပ်သော ပိုင်ရှင်မပေးသော သူတပါး ဥစ္စာကို ခိုးယူခြင်းသည် ငရဲ၌ ဖြစ်စေတတ်၏၊ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏၊ ပိုင်ရှင်မပေးသော သူတပါးဥစ္စာကို ခိုးယူခြင်း၏ အပေါ့ဆုံးအကျိုးသည် လူဖြစ်သော သူအား စည်းစိမ် ဥစ္စာပျက်စီးခြင်းကို ဖြစ်စေတတ်၏။

ရဟန်းတို့ မှီဝဲအပ် ပွါးများအပ် အကြိမ်များစွာပြုအပ်သော ကာမဂုဏ်တို့၌ မှားယွင်းသော အားဖြင့် ကျင့်ခြင်းသည် ငရဲ၌ ဖြစ်စေတတ်၏၊ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏၊ သူ့သားအိမ်ရာဟူသော ကာမဂုဏ်တို့၌ မှားယွင်းသောအားဖြင့် ကျင့်ခြင်း၏ အပေါ့ဆုံးအကျိုးသည် လူဖြစ်သော သူအား ရန်သူတို့နှင့်တကွ ရန်ဖြစ်စေတတ်၏။

http://www.dhammadownload.com



ရဟန်းတို့ မှီဝဲအပ် ပွါးများအပ် အကြိမ်များစွာ ပြုအပ်သော မဟုတ်မမှန် စကားကို ပြောခြင်းသည် ငရဲ၌ ဖြစ်စေတတ်၏၊ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏၊မဟုတ်မမှန်သော စကားကို ပြောခြင်း၏ အပေါ့ဆုံးအကျိုးသည် လူဖြစ်သော သူအား မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲခံရခြင်းကို ဖြစ်စေတတ်၏။

ရဟန်းတို့ မှီဝဲအပ် ပွါးများအပ် အကြိမ်များစွာပြုအပ်သော ကုန်းတိုက်စကားပြောခြင်းသည် ငရဲ၌ ဖြစ်စေတတ်၏၊ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏၊ ကုန်းတိုက်စကားပြောကြားခြင်း၏ အပေါ့ဆုံးအကျိုးသည် လူဖြစ်သော သူအား အဆွေခင်ပွန်းတို့နှင့် ကွဲပြားခြင်းကို ဖြစ်စေတတ်၏။

ရဟန်းတို့ မှီဝဲအပ် ပွါးများအပ် အကြိမ်များစွာ ပြုအပ်သော ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းသည် ငရဲ၌ ဖြစ်စေတတ်၏၊ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏၊ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၏ အပေါ့ဆုံးအကျိုးသည် လူဖြစ်သော သူအား မနှစ်သက်ဖွယ်သော အသံကို ဖြစ်စေတတ်၏။

ရဟန်းတို့ မှီဝဲအပ် ပွါးများအပ် အကြိမ်များစွာ ပြုအပ်သော ပြိန်ဖျင်းသော စကားကို ပြောခြင်းသည် ငရဲ၌ ဖြစ်စေတတ်၏၊ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏၊ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်း၏ အပေါ့ဆုံးအကျိုးသည် လူဖြစ်သောသူအား သူတပါးတို့ မနာယူအပ်သော စကားရှိသည်ကို ဖြစ်စေတတ်၏။

ရဟန်းတို့ မှီဝဲအပ် ပွါးများအပ် အကြိမ်များစွာ ပြုအပ်သော သေအရက်ကို သောက်ခြင်းသည် ငရဲ၌ ဖြစ်စေတတ်၏၊ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏၊ သေအရက်ကို သောက်ခြင်း၏ အပေါ့ဆုံးအကျိုးသည် လူဖြစ်သော သူအား ရူးသွပ်ခြင်းကို ဖြစ်စေတတ်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

လေးခုမြောက် ဒါနဝဂ် ပြီး၏။

---

## ၅-ဥပေါသထဝဂ် ၁-သံခိတ္တူပေါသထသုတ်

၄၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု မိန့်တော်မူ၏၊ ထိုရဟန်းတို့သည် "အသျှင်ဘုရား" ဟု မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ကျင့်သုံးအပ်သော ဥပုသ်သည် အကျိုးကြီး၏၊ အာနိသင်ကြီး၏၊ တန်ခိုးကြီး၏၊ ကြီးသော ပြန့်နှံ့ခြင်းရှိ၏။ ရဟန်းတို့ အဘယ်သို့ ကျင့်သုံးအပ်သော အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်သည် အကျိုးကြီးသနည်း၊ အာနိသင်ကြီးသနည်း၊ တန်ခိုးကြီး

http://www.dhammadownload.com



သနည်း၊ ကြီးသော ပြန့်နှံ့ခြင်း ရှိသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် ဤသို့ ဆင်ခြင်၏။

"ရဟန္တာတို့သည် အသက်ထက်ဆုံး အသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ တုတ်ကို ချထားပြီးဖြစ်ကုန်၏၊ လက်နက်ကို ချထားပြီးဖြစ်ကုန်၏၊ ရှက်တတ်ကုန်၏၊ သနားတတ်ကုန်၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက် နေကုန်၏၊ ငါသည်လည်း ဤတညဉ့်နှင့် တနေ့ပတ်လုံး အသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူ တုတ်ကို ချထားသူ လက်နက်ကို ချထားသူ ရှက်ခြင်းရှိသူ သနားခြင်းသို့ရောက်သူ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားသူဖြစ်၍ နေပါအံ့၊ ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာတို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးအပ်သည်လည်းဖြစ်ပေလိမ့်မည်" ဟု (ဆင်ခြင်၏)၊ ဤပဌမအင်္ဂါနှင့် ပြည့်စုံ၏။

"ရဟန္တာတို့သည် အသက်ထက်ဆုံး မပေးသည်ကို ယူခြင်းကို ပယ်၍ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ပေးသည်ကိုသာ ယူကုန်၏၊ ပေးသည်ကိုသာ အလိုရှိကုန်၏၊ မခိုးမဝှက် စင်ကြယ်သောကိုယ်ဖြင့် နေကုန်၏၊ ငါသည်လည်း ဤတညဉ့်နှင့် တနေ့ပတ်လုံး မပေးသည်ကို ယူခြင်းကို ပယ်၍ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်လျက် ပေးသည်ကိုသာ ယူလေ့ရှိသည် ပေးသည်ကိုသာ အလိုရှိသည်ဖြစ်၍ မခိုးမဝှက် စင်ကြယ်သော ကိုယ်ဖြင့် နေပါအံ့၊ ဤအကြောင်း အင်္ဂါဖြင့်လည်း ရဟန္တာတို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးအပ်သည်လည်းဖြစ်ပေလိမ့်မည်" ဟု (ဆင်ခြင်၏)၊ ဤဒုတိယအင်္ဂါနှင့် ပြည့်စုံ၏။

"ရဟန္တာတို့သည် အသက်ထက်ဆုံး မမြတ်သော အကျင့်ကို ပယ်၍ မြတ်သော အကျင့်ကို ကျင့်ကုန်၏၊ (မမြတ်သော အကျင့်မှ) ဝေးစွာ ရှောင်ကြဉ်ကုန်၏၊ ရွာသူတို့၏ အလေ့ဖြစ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ကုန်၏၊ ငါသည်လည်း ဤတညဉ့်နှင့် တနေ့ပတ်လုံး မမြတ်သော အကျင့်ကို ပယ်၍ မြတ်သော အကျင့်ကို ကျင့်လေ့ရှိသည်ဖြစ်၍ (မမြတ်သော အကျင့်မှ)ဝေးစွာ ရှောင်ကြဉ်လျက် ရွာသူတို့၏ အလေ့ဖြစ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ပါအံ့၊ ဤအကြောင်း အင်္ဂါဖြင့်လည်း ရဟန္တာတို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးအပ်သည်လည်း ဖြစ်ပေလိမ့်မည်"ဟု (ဆင်ခြင်၏)၊ ဤတတိယအင်္ဂါနှင့် ပြည့်စုံ၏။

"ရဟန္တာတို့သည် အသက်ထက်ဆုံး မဟုတ်မမှန် ပြောခြင်းကို ပယ်၍ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်ကုန်၏၊ အမှန်ကိုသာ ဆိုလေ့ရှိကုန်၏၊ မှန်သောစကားချင်း ဆက်စပ်စေကုန်၏၊ တည်သော စကားရှိကုန်၏၊ ယုံကြည်ထိုက်သော စကားရှိကုန်၏၊ လောကကိုလှည့်စားတတ်သူ မဟုတ်ကုန်၊ ငါသည်လည်း ဤတညဉ့်နှင့် တနေ့ပတ်လုံး မဟုတ်မမှန် ပြောခြင်းကို ပယ်၍ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်လျက် အမှန်ကိုသာ ဆိုသူ မှန်သောစကားချင်း ဆက်စပ်စေသူ တည်သော စကားရှိသူ ယုံကြည်ထိုက်သော စကားရှိသူ ဖြစ်၍ လောကကို မလှည့်စားပဲ (နေပါအံ့)၊ ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာတို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးအပ်သည်လည်းဖြစ်ပေလိမ့်မည်"ဟု (ဆင်ခြင်၏)၊ ဤစတုတ္ထအင်္ဂါနှင့် ပြည့်စုံ၏။

"ရဟန္တာတို့သည် အသက်ထက်ဆုံး ယစ်မူး မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက် သောက်ခြင်းကို ပယ်၍ ယစ်မူး မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက် သောက်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ငါသည်လည်း ဤတညဉ့်နှင့် တနေ့ပတ်လုံး ယစ်မူး မေ့လျော့ခြင်း၏ အကြောင်း

http://www.dhammadownload.com



ဖြစ်သော သေအရက် သောက်ခြင်းကို ပယ်၍ ယစ်မူး မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်ပါအံ့၊ ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာတို့ကို အတုလိုက်၍ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးခြင်းသည်လည်း ဖြစ်ပေလိမ့်မည်''ဟု(ဆင်ခြင်၏)။ဤပဉ္စမအင်္ဂါနှင့် ပြည့်စုံ၏။

''ရဟန္တာတို့သည် အသက်ထက်ဆုံး တထပ်သာ စားကုန်၏၊ ညစာ စားခြင်းမှ ရှောင်ကြဉ်ကုန်၏၊ နေလွဲသောအခါ၌ စားခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ငါသည်လည်း ဤတညဉ့်နှင့် တနေ့ပတ်လုံး တထပ်သာ စားပါအံ့၊ ညစာ စားခြင်းမှ ရှောင်ကြဉ်ပါအံ့၊ နေလွဲသော အခါ၌ စားခြင်းမှ ရှောင်ကြဉ်ပါအံ့၊ ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာတို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးခြင်းသည်လည်း ဖြစ်ပေလိမ့်မည်''ဟု (ဆင်ခြင်၏)၊ ဤဆဋ္ဌအင်္ဂါနှင့် ပြည့်စုံ၏။

''ရဟန္တာတို့သည် အသက်ထက်ဆုံး ကခြင်း သီခြင်း တီးမှုတ်ခြင်း (သူတော်ကောင်းတရား၏) ဆူးငြောင့်ဖြစ်သော ပွဲကြည့်ခြင်း ပန်းပန်ခြင်း နံ့သာမှုန့်ခြယ်ခြင်း နံ့သာပျောင်းလိမ်းခြင်းကို ပယ်၍ ကခြင်း သီခြင်း တီးမှုတ်ခြင်း (သူတော်ကောင်းတရား၏)ဆူးငြောင့်ဖြစ်သော ပွဲကြည့်ခြင်း ပန်းပန်ခြင်း နံ့သာမှုန့်ခြယ်ခြင်း နံ့သာပျောင်းလိမ်းခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ငါသည်လည်း ဤတညဉ့်နှင့် တနေ့ပတ်လုံး ကခြင်း သီခြင်း တီးမှုတ်ခြင်း (သူတော်ကောင်း တရား၏) ဆူးငြောင့် ဖြစ်သော ပွဲကြည့်ခြင်း ပန်းပန်ခြင်း နံ့သာမှုံ့ခြယ်ခြင်း နံ့သာပျောင်းလိမ်းခြင်းမှ ရှောင်ကြဉ်ပါအံ့၊ ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာတို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးခြင်းသည်လည်း ဖြစ်ပေလိမ့်မည်''ဟု (ဆင်ခြင်၏)၊ ဤသတ္တမအင်္ဂါနှင့် ပြည့်စုံ၏။

''ရဟန္တာတို့သည် အသက်ထက်ဆုံး မြင့်သော နေရာ မြတ်သော နေရာ၌ နေခြင်းကို ပယ်၍ မြင့်သော နေရာ မြတ်သော နေရာ၌ နေခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ညောင်စောင်းငယ်၌ဖြစ်စေ မြက်အခင်း၌ဖြစ်စေ နိမ့်သောနေရာ၌ နေကုန်၏၊ ငါသည်လည်း ဤတညဉ့်နှင့် တနေ့ပတ်လုံး မြင့်သောနေရာ မြတ်သောနေရာ၌ နေခြင်းကိုပယ်၍ မြင့်သောနေရာ မြတ်သော နေရာ၌ နေခြင်းမှ ရှောင်ကြဉ်လျက် ညောင်စောင်းငယ်၌ဖြစ်စေ မြက်အခင်း၌ဖြစ်စေ နိမ့်သောနေရာ၌ နေပါအံ့၊ ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာတို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးခြင်းသည်လည်း ဖြစ်ပေလိမ့်မည်''ဟု (ဆင်ခြင်၏)၊ ဤအဋ္ဌမအင်္ဂါနှင့် ပြည့်စုံ၏။

ရဟန်းတို့ ဤသို့ ကျင့်သုံးအပ်သော အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်သည် အကျိုးကြီး၏၊ အာနိသင်ကြီး၏၊ တန်ခိုးကြီး၏၊ ကြီးသော ပြန့်နှံ့ခြင်းရှိ၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၂-ဝိတ္ထတူပေါသထသုတ်

၄၂။ ရဟန်းတို့ အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ကျင့်သုံးအပ်သော ဥပုသ်သည် အကျိုးကြီး၏၊ အာနိသင်ကြီး၏၊ တန်ခိုးကြီး၏၊ ကြီးသော ပြန့်နှံ့ခြင်းရှိ၏။ ရဟန်းတို့ အဘယ်သို့ ကျင့်သုံးအပ်သော အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်သည် အကျိုးကြီးသနည်း၊ အာနိသင် ကြီးသနည်း၊ တန်ခိုးကြီးသနည်း၊ ကြီးသော ပြန့်နှံ့ခြင်းရှိသနည်း။

http://www.dhammadownload.com



ရဟန်းတို့ ဤ သာသနာတော်၌ အရိယာတပည့်သည် ဤသို့ ဆင်ခြင်၏—"ရဟန္တာတို့သည် အသက်ထက်ဆုံး အသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ တုတ်ကို ချထားပြီး ဖြစ်ကုန်၏၊ လက်နက်ကို ချထားပြီး ဖြစ်ကုန်၏၊ ရှက်တတ်ကုန်၏၊ သနားတတ်ကုန်၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက် နေကုန်၏၊ ငါသည်လည်း ဤတညဉ့်နှင့် တနေ့ပတ်လုံး အသက်သတ်ခြင်းကိုပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်လျက် တုတ်ကို ချထားသူ လက်နက်ကို ချထားသူ ရှက်ခြင်းရှိသူ သနားခြင်းသို့ ရောက်သူ ခပ်သိမ်းသော သတ္တဝါတို့၏ အစီး အပွါးကို လိုလားသူဖြစ်၍ နေပါအံ့၊ ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာတို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးအပ်သည်လည်း ဖြစ်ပေလိမ့်မည်"ဟု(ဆင်ခြင်၏)၊ ဤပဌမအင်္ဂါနှင့် ပြည့်စုံ၏။ပ။ "ရဟန္တာတို့သည် အသက်ထက်ဆုံး မြင့်သောနေရာ မြတ်သောနေရာ၌ နေခြင်းကို ပယ်၍ မြင့်သောနေရာ မြတ်သောနေရာ၌ နေခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ညောင်စောင်းငယ်၌ ဖြစ်စေ မြက်အခင်း၌ဖြစ်စေ နိမ့်သောနေရာ၌ နေကုန်၏၊ ငါသည်လည်း ဤတညဉ့်နှင့် တနေ့ ပတ်လုံး မြင့်သောနေရာ မြတ်သောနေရာ၌ နေခြင်းမှ ရှောင်ကြဉ်လျက် ညောင်စောင်းငယ်၌ ဖြစ်စေ မြက်အခင်း၌ဖြစ်စေ နိမ့်သောနေရာ၌ နေပါအံ့၊ ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာ တို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးအပ်သည်လည်း ဖြစ်ပေလိမ့်မည်"ဟု (ဆင်ခြင်၏)၊ ဤအဋ္ဌမအင်္ဂါနှင့် ပြည့်စုံ၏။

ရဟန်းတို့ ဤသို့ ကျင့်သုံးအပ်သော အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်သည် အကျိုးကြီး၏၊ အာနိသင်ကြီး၏၊ တန်ခိုးကြီး၏၊ ကြီးသော ပြန့်နှံ့ခြင်း ရှိ၏။ အဘယ်မျှလောက် အကျိုး ကြီး သနည်း၊ အာနိသင်ကြီးသနည်း၊ တန်ခိုးကြီးသနည်း၊ ကြီးသောပြန့်နှံ့ခြင်း ရှိသနည်း၊ ရဟန်းတို့ ဥပမာသော်ကား အကြင်သူသည် များစွာ တပ်နှစ်သက်ဖွယ် ရတနာတို့နှင့် ပြည့်စုံသော အင်္ဂတိုင်း မဂဓတိုင်း ကာသိတိုင်း ကောသလတိုင်း ဝဇ္ဇီတိုင်း မလ္လတိုင်း စေတီတိုင်း ဝံသတိုင်း ကုရုတိုင်း ပဉ္စာလတိုင်း မစ္ဆတိုင်း သူရသေနတိုင်း အဿကတိုင်း အဝန္တီတိုင်း ဂန္ဓာရတိုင်း ကမ္ဗောဇတိုင်း ဤ တဆယ့်ခြောက်တိုင်းတို့၌ စိုးပိုင်ကြီးမှူးသူဟူသောမင်းအဖြစ်ကို ပြုစေရာ၏၊ထိုတဆယ့်ခြောက်တိုင်း တို့၌ မင်းအဖြစ်ကို ပြုစေခြင်းသည် အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်၏ တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်မျှဖြစ်သော အကျိုးကို မမှီနိုင်၊ ထိုသို့ မမှီနိုင်ခြင်းသည် အဘယ့်ကြောင့်နည်း။ ရဟန်းတို့ နတ်ချမ်းသာကို ထောက်ဆသော် လူမင်း၏ အဖြစ်သည် အထီးကျန်သော သူ၏ ချမ်းသာနှင့် တူ၏။

ရဟန်းတို့ လူ၌ ဖြစ်သော အနှစ်ငါးဆယ်တို့သည် စာတုမဟာရာဇ်နတ်တို့၏ တနေ့တညဉ့် မည်၏၊ ထိုညဉ့်ဖြင့် ညဉ့်ပေါင်း သုံးဆယ်တို့သည် လမည်၏၊ ထိုလဖြင့် တဆယ့်နှစ်လတို့သည် နှစ် မည်၏၊ ထိုနှစ်ဖြင့် နတ်ပြည်၌ ဖြစ်ကုန်သော နှစ်ပေါင်း ငါးရာတို့သည် စာတုမဟာရာဇ်နတ်တို့၏ အသက်အတိုင်းအရှည်ဖြစ်၏။ ရဟန်းတို့ ဤလောက၌ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ မည်သူ မဆို အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးခြင်းကြောင့် ခန္ဓာပျက်ကြွေ သေသည်မှ နောက်၌ စာတုမဟာရာဇ်နတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်နိုင်ရာသော အကြောင်း သည် ရှိသည်သာတည်း။ ရဟန်းတို့ ဤအကြောင်းမျိုးကို ရည်ရွယ်၍ နတ်ချမ်းသာကို ထောက် ဆသော် လူမင်း၏အဖြစ်သည် အထီးကျန်သော သူ၏ ချမ်းသာနှင့် တူ၏ဟု ငါဆို၏။

ရဟန်းတို့ လူ၌ဖြစ်သော အနှစ်တရာတို့သည် တာဝတိံသာနတ်တို့၏ တနေ့တညဉ့်မည်၏၊ ထိုညဉ့်ဖြင့် ညဉ့်ပေါင်းသုံးဆယ်တို့သည် လမည်၏၊ ထိုလဖြင့် တဆယ့်နှစ်လတို့သည် နှစ်မည်၏၊

http://www.dhammadownload.com



ထိုနှစ်ဖြင့် နတ်၌ဖြစ်သော နှစ်ပေါင်းတထောင်တို့သည် တာဝတိံသာနတ်တို့၏ အသက်အတိုင်း အရှည် ဖြစ်၏။ရဟန်းတို့ ဤလောက၌ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ မည်သူမဆို အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးခြင်းကြောင့် ခန္ဓာပျက်ကြွေ သေသည်မှ နောက်၌ တာဝတိံသာ နတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်နိုင်ရာသော အကြောင်းသည် ရှိသည်သာတည်း။ ရဟန်းတို့ ဤအကြောင်းမျိုးကို ရည်ရွယ်၍ နတ်ချမ်းသာကို ထောက်ဆသော် လူမင်း၏အဖြစ်သည် အထီးကျန်သော သူ၏ ချမ်းသာနှင့် တူ၏ဟု ငါဆို၏။

ရဟန်းတို့ လူ၌ ဖြစ်သော အနှစ်နှစ်ရာတို့သည် ယာမာနတ်တို့၏ တနေ့တညဉ့်မည်၏၊ထိုညဉ့်ဖြင့် ညဉ့်ပေါင်း သုံးဆယ်တို့သည် လ မည်၏၊ထိုလဖြင့် တဆယ့်နှစ်လတို့သည် နှစ်မည်၏၊ထိုနှစ်ဖြင့် နတ်၌ ဖြစ်သော နှစ်ပေါင်း နှစ်ထောင်သည် ယာမာနတ်တို့၏ အသက် အတိုင်းအရှည် ဖြစ်၏၊ ရဟန်းတို့ ဤလောက၌ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ မည်သူမဆို အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးခြင်းကြောင့် ခန္ဓာပျက်ကြွေ သေသည်မှ နောက်၌ ယာမာနတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်နိုင်ရာသော အကြောင်းသည် ရှိသည်သာတည်း။ ရဟန်းတို့ ဤအကြောင်းမျိုးကို ရည်ရွယ်၍ နတ်ချမ်းသာကို ထောက်ဆသော် လူမင်း၏အဖြစ်သည် အထီး ကျန်သော သူ၏ ချမ်းသာနှင့် တူ၏ဟု ငါဆို၏။

ရဟန်းတို့ လူ၌ ဖြစ်သော အနှစ်လေးရာတို့သည် တုသိတာနတ်၏ တနေ့တညဉ့်မည်၏၊ ထိုညဉ့် ဖြင့် ညဉ့်ပေါင်း သုံးဆယ်တို့သည် လ မည်၏၊ထိုလဖြင့် တဆယ့်နှစ်လတို့သည် နှစ် မည်၏၊ထိုနှစ်ဖြင့် နတ်၌ ဖြစ်သော နှစ်ပေါင်း လေးထောင်တို့သည် တုသိတာနတ်တို့၏ အသက်အတိုင်းအရှည်ဖြစ်၏။ ရဟန်းတို့ ဤလောက၌ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ မည်သူမဆို အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးခြင်းကြောင့် ခန္ဓာပျက်ကြွေ သေသည်မှ နောက်၌ တုသိတာနတ်တို့၏ အပေါင်း အဖော်အဖြစ်သို့ ကပ်ရောက်နိုင်ရာသော အကြောင်းသည် ရှိသည်သာတည်း။ ရဟန်းတို့ ဤ အကြောင်းမျိုးကို ရည်ရွယ်၍ နတ်ချမ်းသာကို ထောက်ဆသော် လူမင်း၏အဖြစ်သည် အထီး ကျန်သော သူ၏ ချမ်းသာနှင့် တူ၏ဟု ငါဆို၏။

ရဟန်းတို့ လူ၌ ဖြစ်သော အနှစ်ရှစ်ရာတို့သည် နိမ္မာနရတိ နတ်တို့၏ တနေ့တညဉ့်မည်၏၊ ထို ညဉ့်ဖြင့် ညဉ့်ပေါင်း သုံးဆယ်တို့သည် လ မည်၏၊ ထိုလဖြင့် တဆယ့်နှစ်လတို့သည် နှစ် မည်၏ ထို နှစ်ဖြင့် နတ်၌ ဖြစ်သော နှစ်ပေါင်း ရှစ်ထောင်တို့သည် နိမ္မာနရတိ နတ်တို့၏ အသက် အတိုင်း အရှည်ဖြစ်၏။ရဟန်းတို့ ဤလောက၌ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ မည်သူမဆို အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးခြင်းကြောင့် ခန္ဓာပျက်ကြွေ သေသည်မှ နောက်၌ နိမ္မာနရတိ နတ်တို့၏အပေါင်းအဖော် အဖြစ်သို့ ကပ်ရောက်နိုင်ရာသော အကြောင်းသည် ရှိသည်သာတည်း။ ရဟန်းတို့ ဤအကြောင်းမျိုးကို ရည်ရွယ်၍ နတ်ချမ်းသာကို ထောက်ဆသော် လူမင်း၏အဖြစ်သည် အထီးကျန်သော သူ၏ ချမ်းသာနှင့် တူ၏ဟု ငါဆို၏။

ရဟန်းတို့ လူ၌ ဖြစ်သော အနှစ် တထောင်ခြောက်ရာတို့သည် ပရနိမ္မိတဝသဝတ္တီနတ်တို့၏ တနေ့တညဉ့်မည်၏၊ ထိုညဉ့်ဖြင့် ညဉ့်ပေါင်းသုံးဆယ်တို့သည် လ မည်၏၊ ထိုလဖြင့် တဆယ့်နှစ်လ တို့သည် နှစ် မည်၏၊ ထိုနှစ်ဖြင့် နတ်၌ ဖြစ်သော နှစ်ပေါင်း တသောင်းခြောက်ထောင်တို့သည် ပရနိမ္မိတဝသဝတ္တီ နတ်တို့၏ အသက် အတိုင်းအရှည် ဖြစ်၏။ ရဟန်းတို့ ဤလောက၌ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ မည်သူမဆို အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးခြင်းကြောင့် ခန္ဓာ

http://www.dhammadownload.com



ပျက်ကြွေ သေသည်မှ နောက်၌ ပရနိမ္မိတဝသဝတ္တီနတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်နိုင်ရာသော အကြောင်းသည် ရှိသည်သာတည်း။ ရဟန်းတို့ ဤအကြောင်းမျိုးကို ရည်ရွယ်၍ "နတ်ချမ်းသာကို ထောက်ဆသော် လူ၌ ဖြစ်သော မင်းအဖြစ်သည် အသီးကျန်သော သူ၏ ချမ်းသာနှင့်တူ၏ဟု ငါဆို၏"ဟု (မိန့်တော်မူ၏)။

သတ္တဝါကို မသတ်ရာ၊ မပေးအပ်သော ဥစ္စာကို မခိုးယူရာ၊ မဟုတ်မမှန်သော စကားကို မပြောဆိုရာ၊ မူးယစ်ခြင်းကို ဖြစ်စေတတ်သော သေအရက်ကို မသောက်ရာ၊ မေထုန်ဟု ဆိုအပ်သော မမြတ်သော အကျင့်မှ ရှောင်ကြဉ်ရာ၏၊ နေလွဲ ညစာ မစားရာ။

ပန်းမပန်ရာ၊ နံ့သာမှုန့်ကို မလိမ်းရာ၊ ညောင်စောင်း၌ငင်း မြေ၌ ခင်းအပ်သော နေရာ၌ ငင်း အိပ်ရာ၏၊ အင်္ဂါရှစ်မျိုးရှိသော ထိုဥပုသ်ကို ဒုက္ခ၏ အဆုံးသို့ ရောက်တော်မူပြီးသော မြတ်စွာဘုရားသည် ပြတော်မူအပ်၏။

လ နေ နှစ်ပါးစုံတို့သည် (ရှုပါရုံကို) ကောင်းစွာ ပြတတ်ကုန်၏၊ အကြင်မျှလောက်သော အရပ်သို့ ထွန်းလင်းတောက်ပကုန်သည်ဖြစ်၍ အစဉ်လှည့်လည်ကုန်၏၊ အမိုက်တိုက်ကို ပယ်ဖျောက်တတ်ကုန်သော ကောင်းကင်အပြင်၌ သွားကုန်သော ထို လ နေ တို့သည် အရပ်မျက်နှာတို့ကို တင့်တယ်စေကုန်သည်ဖြစ်၍ ကောင်းကင်အပြင်၌ ထွန်းလင်းတောက်ပကုန်၏။

ထို လ နေ တို့ လှည့်လည်ရာ အရပ်အတွင်း၌ ပုလဲ ပတ္တမြား ကောင်းသော ကြောင်မျက်ရွဲ သိင်္ဂီရွှေ ထိုမှတပါးလည်း ပကတိရွှေဟူသော ဥစ္စာတို့သည် ရှိကုန်၏၊ ယင်းသိင်္ဂီရွှေ ပကတိရွှေကို ဇာတရူပဟူ၍ငင်း ဟဋကဟူ၍ငင်း ဆိုအပ်၏။

ထိုပုလဲ ပတ္တမြား စသော ရတနာတို့သည်ငင်း အလုံးစုံသော လရောင်တို့သည်ငင်း ကြယ်အပေါင်းတို့သည်ငင်း အင်္ဂါရှစ်မျိုးရှိသော ဥပုသ်စောင့်သုံးခြင်း၏ (အကျိုးကို) တဆယ့် ခြောက်စိတ် စိတ်၍ တစိတ်မျှ မမှီနိုင်ကုန်။

ထို့ကြောင့်သာလျှင် သီလရှိသော မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ အင်္ဂါရှစ်မျိုးရှိသော ဥပုသ်ကို ကျင့်သုံးရာ၏၊ (ထိုမိန်းမ ယောကျ်ားတို့သည်) ချမ်းသာသော အကျိုးကို ဖြစ်စေတတ်ကုန်သော ကုသိုလ်ကောင်းမှုတို့ကို ပြုကုန်သောကြောင့် မကဲ့ရဲ့အပ်ကုန်သည်ဖြစ်၍ နတ်ပြည်သို့ ကပ်ရောက်ရကုန်၏။

ဒုတိယသုတ်။

---

## ၃-ဝိသာခါသုတ်

၄၃။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတိုက် မိဂါရမာတာ ဝိသာခါ၏ ပြာသာဒ်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုး၍ တခုသော နေရာ၌ ထိုင်နေသော မိဂါရမာတာ ဝိသာခါအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—ဝိသာခါ အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ကျင့်သုံးအပ်သော ဥပုသ်သည် အကျိုးကြီး၏၊ အာနိသင်ကြီး၏၊ တန်ခိုးကြီး၏၊ ကြီးသော ပြန့်နှံ့ခြင်း ရှိ၏။

http://www.dhammadownload.com



ဝိသာခါ အဘယ်သို့ ကျင့်သုံးအပ်သော အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်သည် အကျိုးကြီးသနည်း၊ အာနိသင်ကြီးသနည်း၊ တန်ခိုးကြီးသနည်း၊ ကြီးသော ပြန့်နှံ့ခြင်း ရှိသနည်း။ ဝိသာခါ ဤသာသနာတော်၌ အရိယာတပည့်သည် ဤသို့ ဆင်ခြင်၏ — "ရဟန္တာတို့သည် အသက်ထက်ဆုံး အသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ တုတ်ကို ချထားပြီး ဖြစ်ကုန်၏၊ လက်နက်ကို ချထားပြီး ဖြစ်ကုန်၏၊ ရှက်တတ်ကုန်၏၊ သနားတတ်ကုန်၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက် နေကုန်၏၊ ငါသည်လည်း ဤတညဉ့်နှင့် တနေ့ပတ်လုံး အသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်လျက် တုတ်ကို ချထားသူ လက်နက်ကို ချထားသူ ရှက်ခြင်းရှိသူ သနားခြင်းသို့ရောက်သူ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားသူဖြစ်၍ နေပါအံ့၊ ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာတို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဥပုသ် ကျင့်သုံးအပ်သည်လည်း ဖြစ်ပေလိမ့်မည်"ဟု (ဆင်ခြင်၏)၊ ဤပဌမအင်္ဂါနှင့် ပြည့်စုံ၏။ပ။ "ရဟန္တာတို့သည် အသက်ထက်ဆုံး မြင့်သောနေရာ မြတ်သောနေရာ၌ နေခြင်းကို ပယ်၍ မြင့်သောနေရာ မြတ်သောနေရာ၌ နေခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ညောင်စောင်းငယ်၌ဖြစ်စေ မြက်အခင်း၌ဖြစ်စေ နိမ့်သောနေရာ၌ နေကုန်၏၊ ငါသည်လည်း ဤတညဉ့်နှင့် တနေ့ပတ်လုံး မြင့်သောနေရာ မြတ်သောနေရာ၌ နေခြင်းကို ပယ်၍ မြင့်သောနေရာ မြတ်သောနေရာ၌ နေခြင်းမှ ရှောင်ကြဉ်လျက် ညောင်စောင်းငယ်၌ဖြစ်စေ မြက်အခင်း၌ဖြစ်စေ နိမ့်သောနေရာ၌ နေပါအံ့၊ ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာတို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဥပုသ် ကျင့်သုံးအပ်သည်လည်း ဖြစ်ပေလိမ့်မည်"ဟု (ဆင်ခြင်၏)၊ ဤအဋ္ဌမ အင်္ဂါနှင့် ပြည့်စုံ၏။

ဝိသာခါ ဤသို့ ကျင့်သုံးအပ်သော အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်သည် အကျိုးကြီး၏၊ အာနိသင်ကြီး၏၊ တန်ခိုးကြီး၏၊ ကြီးသော ပြန့်နှံ့ခြင်း ရှိ၏။

အဘယ်မျှလောက် အကျိုးကြီးသနည်း၊အာနိသင်ကြီးသနည်း၊တန်ခိုးကြီးသနည်း၊ကြီးသော ပြန့်နှံ့ခြင်းရှိသနည်း ဟူမူ—ဝိသာခါ ဥပမာသော်ကား အကြင်သူသည် များစွာ တပ်နှစ်သက်ဖွယ် ရတနာတို့နှင့်ပြည့်စုံသော အင်္ဂတိုင်း မဂဓတိုင်း ကာသိတိုင်း ကောသလတိုင်း ဝဇ္ဇီတိုင်း မလ္လတိုင်း စေတီတိုင်း ဝံသတိုင်း ကုရုတိုင်း ပဉ္စာလတိုင်း မစ္ဆတိုင်း သူရသေနတိုင်း အဿကတိုင်း အဝန္တိတိုင်း ဂန္ဓာရတိုင်း ကမ္ဗောဇတိုင်း ဤတဆယ့်ခြောက်တိုင်းတို့၌ စိုးပိုင်ကြီးမှူးသူဟူသော မင်းအဖြစ်ကို ပြုရာ၏၊ ထိုတဆယ့်ခြောက်တိုင်းတို့၌ မင်းအဖြစ်ကို ပြုစေခြင်းသည် အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်၏တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်မျှဖြစ်သော အကျိုးကို မမှီနိုင်။ ထိုသို့ မမှီနိုင်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်း။ ဝိသာခါ နတ်ချမ်းသာကို ထောက်ဆသော် လူမင်း၏ အဖြစ်သည် အထီးကျန်သောသူ၏ ချမ်းသာနှင့်တူ၏၊

ဝိသာခါ လူ၌ဖြစ်သော အနှစ်ငါးဆယ်တို့သည် စာတုမဟာရာဇ်နတ်တို့၏ တနေ့တညဉ့် မည်၏၊ ထိုညဉ့်ဖြင့် ညဉ့်ပေါင်း သုံးဆယ်တို့သည် လမည်၏၊ထိုလဖြင့် တဆယ့်နှစ်လတို့သည် နှစ်မည်၏၊ထိုနှစ်ဖြင့် နတ်၌ဖြစ်သော နှစ်ပေါင်းငါးရာတို့သည် စာတုမဟာရာဇ်နတ်တို့၏ အသက်အတိုင်းအရှည်ဖြစ်၏။ ဝိသာခါ ဤလောက၌ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ မည်သူမဆို အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသောဥပုသ်ကို ကျင့်သုံးခြင်းကြောင့် ကိုယ်ခန္ဓာ ပျက်ကြွေ သေသည်မှနောက်၌ စာတုမဟာရာဇ်နတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်နိုင်ရာသော ဤအကြောင်းမျိုးသည် ရှိ၏။ ဝိသာခါ ဤအကြောင်းမျိုးကိုရည်ရွယ်၍ "နတ်ချမ်းသာကို ထောက်ဆသော် လူမင်း၏ အဖြစ်သည် အထီးကျန်သော သူ၏ ချမ်းသာနှင့်တူ၏ ဟု ငါဆို၏။

http://www.dhammadownload.com



ဝိသာခါ လူ၌ဖြစ်သောအနှစ်တရာတို့သည် တာဝတိံသနတ်တို့၏ တနေ့တညဥ့်မည်၏၊ ထိုညဥ့်ဖြင့် ညဥ့်ပေါင်း သုံးဆယ်တို့သည် လမည်၏၊ထိုလဖြင့် တဆယ့်နှစ်လတို့သည် နှစ်မည်၏၊ ထိုနှစ်ဖြင့် နတ်၌ဖြစ်သော နှစ်ပေါင်းတထောင်တို့သည် တာဝတိံသာနတ်တို့၏ အသက် အတိုင်းအရှည်ဖြစ်၏။ ဝိသာခါ ဤလောက၌ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ မည်သူမဆို အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးခြင်းကြောင့် ကိုယ်ခန္ဓာပျက်ကြွေသေသည်မှနောက်၌ တာဝတိံသာ နတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်နိုင်ရာသော ဤအကြောင်းမျိုးသည်ရှိ၏။ ဝိသာခါ ဤအကြောင်းမျိုးကို ရည်ရွယ်၍ နတ်ချမ်းသာကို ထောက်ဆသော် လူမင်း၏ အဖြစ်သည် အထီးကျန်သောသူ၏ ချမ်းသာနှင့်တူ၏ဟု ငါဆို၏။

ဝိသာခါ လူ၌ဖြစ်သော အနှစ် နှစ်ရာတို့သည်။ပ။ အနှစ် လေးရာတို့သည်။ပ။ အနှစ်ရှစ်ရာတို့သည်။ပ။အနှစ်တထောင်ခြောက်ရာတို့သည် ပရနိမ္မိတဝသဝတ္တိနတ်တို့၏ တနေ့တညဥ့်မည်၏၊ ထိုညဥ့်ဖြင့် ညဥ့်ပေါင်း သုံးဆယ်တို့သည် လမည်၏၊ ထိုလဖြင့် တဆယ့်နှစ်လတို့သည် နှစ်မည်၏၊ ထိုနှစ်ဖြင့် နတ်၌ဖြစ်သော နှစ်ပေါင်းတသောင်းခြောက်ထောင်တို့သည် ပရနိမ္မိတဝသဝတ္တိနတ်တို့၏ အသက် အတိုင်းအရှည်ဖြစ်၏။ဝိသာခါ ဤလောက၌ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ မည်သူမဆို အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးခြင်းကြောင့် ကိုယ်ခန္ဓာ ပျက်ကြွေသေသည်မှ နောက်၌ ပရနိမ္မိတဝသဝတ္တိ နတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်နိုင်ရာသော ဤအကြောင်းမျိုးသည်ရှိ၏။ ဝိသာခါ ဤအကြောင်းမျိုးကို ရည်ရွယ်၍ "နတ်၌ဖြစ်သော ချမ်းသာကို ထောက်ဆသော် လူမင်း၏ အဖြစ်သည် အထီးကျန်သောသူ၏ ချမ်းသာနှင့်တူ၏ဟု ငါဆို၏ ဟု (မိန့်တော်မူ၏။)

သတ္တဝါကို မသတ်ရာ၊ မပေးအပ်သော ဥစ္စာကို မခိုးယူရာ၊ မဟုတ်မမှန်သော စကားကို မပြောဆိုရာ၊ မူးယစ်ခြင်းကို ဖြစ်စေတတ်သော သေအရက်ကို မသောက်ရာ၊ မေထုန်ဟု ဆိုအပ်သော မမြတ်သော အကျင့်မှ ရှောင်ကြဉ်ရာ၏၊ နေလွဲ ညစာမစားရာ။

ပန်းမပန်ရာ၊ နံ့သာမှုန့်ကို မလိမ်းရာ၊ ညောင်စောင်း၌ရင်း မြေ၌ ခင်းအပ်သော နေရာ၌ရင်း အိပ်ရာ၏၊အင်္ဂါရှစ်မျိုးရှိသော ထိုဥပုသ်ကို ဒုက္ခ၏အဆုံးသို့ ရောက်တော်မူပြီးသော မြတ်စွာဘုရားသည် ပြတော်မူအပ်၏။

လ နေ နှစ်ပါးစုံတို့သည် (ရှုပါရုံကို) ကောင်းစွာ ပြတတ်ကုန်၏၊ အကြင်မျှလောက်သော အရပ်သို့ ထွန်းလင်း တောက်ပကုန်သည်ဖြစ်၍ အစဉ်လှည့်လည်ကုန်၏၊ အမိုက်တိုက်ကို ပယ်ဖျောက်တတ်ကုန်သော ကောင်းကင်အပြင်၌ သွားကုန်သော ထို လ နေ တို့သည် အရပ်မျက်နှာတို့ကို တင့်တယ်စေကုန်သည်ဖြစ်၍ ကောင်းကင်အပြင်၌ ထွန်းလင်း တောက်ပကုန်၏။

ထို လ နေ တို့ လှည့်လည်ရာ အရပ်အတွင်း၌ ပုလဲ ပတ္တမြား ကောင်းသော ကြောင်မျက်ရွဲ သိင်္ဂီရွှေ ထိုမှတပါးလည်း ပကတိရွှေဟူသောဥစ္စာတို့သည် ရှိကုန်၏၊ ယင်းသိင်္ဂီရွှေ ပကတိရွှေကို ဇာတရူပ ဟူ၍ရင်း ဟဋကဟူ၍ရင်း ဆိုအပ်၏။

ထိုပုလဲ ပတ္တမြား စသောရတနာတို့သည်ရင်း အလုံးစုံသော လရောင်တို့သည်ရင်း ကြယ်အပေါင်းတို့သည်ရင်း အင်္ဂါရှစ်မျိုးရှိသော ဥပုသ်စောင့်သုံးခြင်း၏ (အကျိုးကို) တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်မျှ မမှီနိုင်ကုန်။

ထိုကြောင့်သာလျှင် သီလရှိသော မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ အင်္ဂါရှစ်မျိုးရှိသော ဥပုသ်ကို ကျင့်သုံးရာ၏။ (ထိုမိန်းမ ယောကျ်ားတို့သည်) ချမ်းသာသောအကျိုးကို ဖြစ်စေတတ်ကုန်သော ကုသိုလ်ကောင်းမှုတို့ကို ပြုကုန်သောကြောင့် မကဲ့ရဲ့အပ်ကုန်သည်ဖြစ်၍ နတ်ပြည်သို့ ကပ်ရောက်ရကုန်၏။

တတိယသုတ်။

## ၄-ဝါသေဋ္ဌသုတ်

၄၄။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သောကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိသေစွာ ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေသော ဝါသေဋ္ဌဥပါသကာအား မြတ်စွာဘုရားသည်—"ဝါသေဋ္ဌ အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ကျင့်သုံးအပ်သော ဥပုသ်သည် အကျိုးကြီး၏။ပ။ မကဲ့ရဲ့အပ်ကုန်သည်ဖြစ်၍ နတ်ပြည်သို့ ကပ်ရောက်ရကုန်၏"ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသော် ဝါသေဋ္ဌဥပါသကာသည် မြတ်စွာဘုရားအား—"အသျှင်ဘုရား အကျွန်ုပ် ချစ်မြတ်နိုးအပ်ကုန်သော ဆွေမျိုး သားချင်းတို့သည် အင်္ဂါရှစ်မျိုးနှင့်ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးကြပါမူ အကျွန်ုပ် ချစ်အပ်သော ဆွေမျိုးသားချင်းတို့အားလည်း ရှည်မြင့်စွာ အစီးအပွါးဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာပါ၏၊ အသျှင်ဘုရား အလုံးစုံသော မင်းတို့သည် အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်ကို အကယ်၍ ကျင့်သုံးကြပါမူ အလုံးစုံသော မင်းတို့အားလည်း ရှည်မြင့်စွာ အစီးအပွါးဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာပါ၏၊ အသျှင်ဘုရား အလုံးစုံသော ပုဏ္ဏားတို့သည်။ပ။ ကုန်သည်တို့သည်။ သူဆင်းရဲတို့သည် အင်္ဂါရှစ်မျိုးနှင့်ပြည့်စုံသော ဥပုသ်ကို အကယ်၍ ကျင့်သုံးကြပါမူ အလုံးစုံသော သူဆင်းရဲတို့အားလည်း ရှည်မြင့်စွာ အစီးအပွါးဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာပါ၏ဟု လျှောက်၏။

ဝါသေဋ္ဌ ဤစကားသည် လျှောက်သည် အတိုင်း မှန်၏၊ဝါသေဋ္ဌ ဤစကားသည် လျှောက်သည် အတိုင်း မှန်၏၊ ဝါသေဋ္ဌ အလုံးစုံသော မင်းတို့သည် အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်ကို အကယ်၍ ကျင့်သုံးကြပါမူ အလုံးစုံသော မင်းတို့အားလည်း ရှည်မြင့်စွာ အစီးအပွါး ဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာ၏။ ဝါသေဋ္ဌ အလုံးစုံသော ပုဏ္ဏားတို့သည်။ပ။ ကုန်သည်တို့သည်။ သူဆင်းရဲတို့သည် အင်္ဂါရှစ်မျိုးနှင့်ပြည့်စုံသော ဥပုသ်ကို အကယ်၍ ကျင့်သုံးကြပါမူ အလုံးစုံသော သူဆင်းရဲတို့အားလည်း ရှည်မြင့်စွာ အစီးအပွါးဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာ၏၊ ဝါသေဋ္ဌ နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကသည်ငှင်း သမဏဗြာဟ္မဏမင်းများ လူများနှင့် တကွသော လူလောကသည်ငှင်း အင်္ဂါရှစ်မျိုးနှင့်ပြည့်စုံသော ဥပုသ်ကို အကယ်၍ ကျင့်သုံးကြပါမူ နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့် တကွသော လူလောကအားလည်း ရှည်မြင့်စွာ အစီးအပွါးဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာ၏၊ ဝါသေဋ္ဌ ဤအင်ကြင်းပင်ကြီးတို့သော်လည်း အကယ်၍ စိတ်စေတနာရှိသဖြင့် အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးကြပါမူ ဤအင်ကြင်းပင်ကြီးတို့အားသော်လည်း ရှည်မြင့်စွာ အစီးအပွါးဖြစ်ခြင် ငှါ ချမ်းသာခြင်းငှါ ဖြစ်ရာသေး၏၊ လူဖြစ်သူအားမူ အဘယ်မှာ ဆိုဖွယ်ရာ ရှိအံ့နည်းဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-ဗောဇ္ဈသုတ်

၄၅။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဋ္ဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေသော ဗောဇ္ဈာဥပါသိကာမအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—ဗောဇ္ဈာ အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ကျင့်သုံးအပ်သော ဥပုသ်သည် အကျိုးကြီး၏၊ အာနိသင် ကြီး၏၊ တန်ခိုး ကြီး၏၊ ကြီးသော ပြန့်နှံ့ခြင်းရှိ၏။

ဗောဇ္ဈာ အဘယ်သို့ ကျင့်သုံးအပ်သော အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်သည် အကျိုးကြီးသနည်း၊ အာနိသင်ကြီးသနည်း၊ တန်ခိုးကြီးသနည်း၊ ကြီးသော ပြန့်နှံ့ခြင်း ရှိသနည်း။

ဗောဇ္ဈာ ဤသာသနာတော်၌ အရိယာတပည့်သည် ဤသို့ ဆင်ခြင်၏—"ရဟန္တာတို့သည် အသက်ထက်ဆုံး အသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ တုတ်ကို ချထားပြီး ဖြစ်ကုန်၏၊ လက်နက်ကို ချထားပြီး ဖြစ်ကုန်၏၊ ရှက်တတ်ကုန်၏၊ သနားတတ်ကုန်၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက် နေကုန်၏၊ ငါသည်လည်း ဤတညဉ့်နှင့် တနေ့ပတ်လုံး အသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူ တုတ်ကိုချထားသူ လက်နက်ကို ချထားသူ ရှက်ခြင်းရှိသူ သနားခြင်းသို့ရောက်သူ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားသူဖြစ်၍ နေပါအံ့၊ ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာတို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးခြင် သည်လည်း ဖြစ်ပေလိမ့်မည်"ဟု(ဆင်ခြင်၏)၊ဤပဌမအင်္ဂါနှင့် ပြည့်စုံ၏။ပ။ "ရဟန္တာတို့သည် အသက်ထက်ဆုံး မြင့်သော နေရာ မြတ်သော နေရာ၌ နေခြင်းကို ပယ်၍ မြင့်သော နေရာ မြတ်သော နေရာ၌ နေခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ညောင်စောင်းငယ်၌ ဖြစ်စေ မြက်အခင်း၌ ဖြစ်စေ နိမ့်သောနေရာ၌ နေကုန်၏၊ငါသည်လည်း ဤတညဉ့်နှင့်တနေ့ပတ်လုံး မြင့်သောနေရာ မြတ်သော နေရာ၌ နေခြင်းကို ပယ်၍ မြင့်သော နေရာ မြတ်သော နေရာ၌ နေခြင်းမှ ရှောင်ကြဉ်လျက် ညောင်စောင်းငယ်၌ ဖြစ်စေ မြက်အခင်း၌ ဖြစ်စေ နိမ့်သောနေရာ၌ နေပါအံ့၊ ဤ အကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာတို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဥပုသ် ကျင့်သုံးခြင်းသည်လည်း ဖြစ်ပေလိမ့်မည်" ဟု (ဆင်ခြင်၏)၊ ဤအဋ္ဌမအင်္ဂါနှင့် ပြည့်စုံ၏။

ဗောဇ္ဈာ ဤသို့ ကျင့်သုံးအပ်သော အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်သည် အကျိုးကြီး၏၊ အာနိသင် ကြီး၏၊ တန်ခိုး ကြီး၏၊ ကြီးသော ပြန့်နှံ့ခြင်း ရှိ၏၊ အဘယ်မျှလောက် အကျိုးကြီးသနည်း၊ အာနိသင် ကြီးသနည်း၊ တန်ခိုးကြီးသနည်း၊ ကြီးသော ပြန့်နှံ့ခြင်း ရှိသနည်း။ ဗောဇ္ဈာ ဥပမာသော်ကား အကြင်သူသည် များစွာ တပ်နှစ်သက်ဖွယ် ရတနာတို့နှင့် ပြည့်စုံသော အင်္ဂတိုင်း မဂဓတိုင်း ကာသိတိုင်း ကောသလတိုင်း ဝဇ္ဇီတိုင်း မလ္လတိုင်း စေတီတိုင်း ဝင်္ဂတိုင်း ကုရုတိုင်း ပဉ္စာလတိုင်း မစ္ဆတိုင်း သူရသေနတိုင်း အဿကတိုင်း အဝန္တိတိုင်း ဂန္ဓာရတိုင်း ကမ္ဗောဇတိုင်း ဤတဆယ့်ခြောက်တိုင်းတို့၌ စိုးပိုင်ကြီးမှူးသူ ဟူသော မင်းအဖြစ်ကို ပြုစေရာ၏၊ ထိုဘဆယ့်ခြောက်တိုင်းတို့၌ မင်းအဖြစ်ကို ပြုစေခြင်းသည် အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်၏ တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်မျှဖြစ်သော အကျိုးကို မမှီနိုင်။ ထိုသို့ မမှီနိုင်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်း။ ဗောဇ္ဈာ နတ်ချမ်းသာကို ထောက်ဆသော် လူမင်း၏အဖြစ်သည် အထီးကျန်သော သူ၏ ချမ်းသာနှင့် တူ၏။

ဗောဇ္ဈာ လူ့၌ဖြစ်သော အနှစ်ငါးဆယ်တို့သည် စာတုမဟာရာဇ်နတ်တို့၏ တနေ့တညဉ့် မည်၏၊

http://www.dhammadownload.com



ထိုညဉ့်ဖြင့် ညဉ့်ပေါင်း သုံးဆယ်တို့သည် လ မည်၏၊ ထိုလ ဖြင့် တဆယ့်နှစ်လတို့သည် နှစ်မည်၏၊ ထိုနှစ်ဖြင့် နတ်၌ ဖြစ်သောနှစ်ပေါင်းငါးရာတို့သည် စာတုမဟာရာဇ်နတ်တို့၏ အသက်အတိုင်းအရှည် ဖြစ်၏။ဗောဓ္ဓာ ဤလောက၌ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ မည်သူမဆို အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးခြင်းကြောင့် ခန္ဓာပျက်ကြွေ သေသည်မှ နောက်၌ စာတုမဟာရာဇ် နတ်တို့၏ အပေါင်းအဖော် အဖြစ်သို့ ကပ်ရောက်နိုင်ရာသော အကြောင်းသည် ရှိသည်သာတည်း။ ဗောဓ္ဓာ ဤအကြောင်းမျိုးကို ရည်ရွယ်၍ နတ်ချမ်းသာကို ထောက်ဆသော် လူမင်း၏အဖြစ်သည် အထီးကျန်သော သူ၏ ချမ်းသာနှင့် တူ၏ဟု ငါဆို၏။

ဗောဓ္ဓာ လူ၌ ဖြစ်သော အနှစ်တရာတို့သည်။ပ။ ဗောဓ္ဓာ လူ၌ ဖြစ်သော အနှစ်နှစ်ရာတို့သည်။ပ။ အနှစ် လေးရာတို့သည်။ပ။ အနှစ် ရှစ်ရာတို့သည်။ပ။ အနှစ် တထောင်ခြောက်ရာတို့သည် ပရနိမ္မိတဝသဝတ္တီ နတ်တို့၏ တနေ့တညဉ့်မည်၏၊ ထိုညဉ့်ဖြင့် ညဉ့်ပေါင်း သုံးဆယ်တို့သည် လ မည်၏၊ ထိုလ ဖြင့် တဆယ့်နှစ်လတို့သည် နှစ်မည်၏၊ ထိုနှစ်ဖြင့် နတ်၌ ဖြစ်သော နှစ်ပေါင်း တသောင်းခြောက်ထောင်တို့သည် ပရနိမ္မိတဝသဝတ္တီနတ်တို့၏ အသက်အတိုင်းအရှည် ဖြစ်၏။ ဗောဓ္ဓာ ဤလောက၌ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ မည်သူမဆို အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးခြင်းကြောင့် ခန္ဓာပျက်ကြွေ သေသည်မှ နောက်၌ ပရနိမ္မိတဝသဝတ္တီနတ်တို့၏ အပေါင်းအဖော် အဖြစ်သို့ ကပ်ရောက်နိုင်ရာသော အကြောင်းသည် ရှိသည်သာတည်း။ ဗောဓ္ဓာ ဤအကြောင်းမျိုးကို ရည်ရွယ်၍ "နတ်ချမ်းသာကို ထောက်ဆသော် လူမင်း၏အဖြစ်သည် အထီးကျန်သော သူ၏ ချမ်းသာနှင့် တူ၏"ဟု ငါဆို၏ ဟု (မိန့်တော်မူ၏)။

သတ္တဝါကို မသတ်ရာ၊ မပေးအပ်သော ဥစ္စာကို မခိုးယူရာ၊ မဟုတ်မမှန်သော စကားကို မပြောဆိုရာ၊ မူးယစ်ခြင်းကို ဖြစ်စေတတ်သော သေအရက်ကို မသောက်ရာ၊ မေထုန်ဟု ဆိုအပ်သော မမြတ်သော အကျင့်မှ ရှောင်ကြဉ်ရာ၏၊ နေလွဲညစာ မစားရာ။

ပန်းမပန်ရာ၊ နံ့သာမှုန့်ကို မလိမ်းရာ၊ ညောင်စောင်း၌ရင်း မြေ၌ ခင်းအပ်သော နေရာ၌ရင်း အိပ်ရာ၏၊ အင်္ဂါရှစ်မျိုးရှိသော ထိုဥပုသ်ကို ဒုက္ခ၏ အဆုံးသို့ ရောက်တော်မူပြီးသော မြတ်စွာဘုရားသည် ပြတော်မူအပ်၏။

လ နေ-နှစ်ပါးစုံတို့သည် (ရှုပါရုံကို) ကောင်းစွာ ပြတတ်ကုန်၏၊ အကြင်မျှလောက်သောအရပ်သို့ ထွန်းလင်း တောက်ပကုန်သည်ဖြစ်၍ အစဉ်လှည့်လည်ကုန်၏၊ အမိုက်တိုက်ကို ပယ်ဖျောက်တတ်ကုန်သော ကောင်းကင်အပြင်၌ သွားကုန်သော ထို လနေတို့သည် အရပ်မျက်နှာတို့ကို တင့်တယ်စေကုန်သည်ဖြစ်၍ ကောင်းကင်အပြင်၌ ထွန်းလင်းတောက်ပကုန်၏။

ထို လ နေတို့ လှည့်လည်ရာ အရပ်အတွင်း၌ ပုလဲ ပတ္တမြား ကောင်းသော ကြောင်မျက်ရွဲ သိင်္ဂီရွှေ ထိုမှတပါးလည်း ပကတိရွှေဟူသော ဥစ္စာတို့သည် ရှိကုန်၏၊ ယင်း သိင်္ဂီရွှေ ပကတိရွှေကို ဇာတရူပဟူ၍ရင်း ဟဋကဟူ၍ရင်း ဆိုအပ်၏။

ထို ပုလဲ ပတ္တမြားစသော ရတနာတို့သည်ရင်း အလုံးစုံသော လရောင်တို့သည်ရင်း ကြယ်အပေါင်းတို့သည်ရင်း အင်္ဂါရှစ်မျိုးရှိသော ဥပုသ်စောင့်သုံးခြင်း၏ (အကျိုးကို) တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်မျှ မမှီနိုင်ကုန်။

http://www.dhammadownload.com



ထို့ကြောင့်သာလျှင် သီလရှိသော မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ အင်္ဂါရှစ်မျိုး ရှိသော ဥပုသ်ကို ကျင့်သုံးရာ၏၊ (ထိုမိန်းမ ယောကျ်ားတို့သည်) ချမ်းသာသော အကျိုးကို ဖြစ်စေတတ်ကုန်သော ကုသိုလ်ကောင်းမှုတို့ကို ပြုကုန်သောကြောင့် မကဲ့ရဲ့အပ်ကုန်သည် ဖြစ်၍ နတ်ပြည်သို့ ကပ်ရောက်ရကုန်၏။

ပဉ္စမသုတ်။

## ၆-အနုရုဒ္ဓသုတ်

၄၆။ အခါတပါး၌ မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ အသျှင်အနုရုဒ္ဓါသည် နေ့သန့်စင်ခြင်းသို့ ကပ်လျက် တယောက်တည်း ကန်းအောင်းနေ၏၊ ထိုအခါ များစွာသော မနာပကာယိကာ 'နှစ်သက်ဖွယ်သော ကိုယ်ရှိသူ' နတ်သမီးတို့သည် အသျှင်အနုရုဒ္ဓါထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော အရပ်၌ ရပ်တည်နေကုန်လျက် ဤစကားကို လျှောက်ကုန်၏—"အသျှင်အနုရုဒ္ဓါ အကျွန်ုပ်တို့သည် မနာပကာယိကာမည်သော နတ်သမီးတို့ပါတည်း၊ သုံးပါးသော အရာတို့၌ အစိုးရပါကုန်၏၊ အလို အတိုင်း ဖြစ်စေနိုင်ပါကုန်၏၊ အသျှင်ဘုရား အနုရုဒ္ဓါ အကျွန်ုပ်တို့သည် အလိုရှိရာ အဆင်းကို တခဏခြင်း ရနိုင်ပါကုန်၏၊ အလိုရှိရာ အသံကို တခဏခြင်း ရနိုင်ပါကုန်၏၊ အလိုရှိရာ ချမ်းသာကို တခဏခြင်း ရနိုင်ပါကုန်၏။ အသျှင်ဘုရား အနုရုဒ္ဓါ အကျွန်ုပ်တို့သည် မနာပကာယိကာမည်သော နတ်သမီးတို့ပါတည်း၊ ဤသုံးပါးသော အရာတို့၌ အစိုးရပါကုန်၏၊ အလိုအတိုင်း ဖြစ်စေနိုင်ပါ ကုန်၏" ဟု (လျှောက်ကုန်၏)။

ထိုအခါ အသျှင်အနုရုဒ္ဓါအား "ဤနတ်သမီးအားလုံးတို့သည် အညိုချည်းသာ ညိုသောအဆင်း ချည်းသာ ညိုသောအဝတ်ချည်းသာ ညိုသောအဆင်တန်ဆာချည်းသာ ဖြစ်ကုန်မူ ကောင်းလေစွ" ဟု ဤအကြံသည်ဖြစ်၏၊ ထိုအခါ ထိုနတ်သမီးအားလုံးတို့သည် အသျှင်အနုရုဒ္ဓါ၏ စိတ်အကြံကို သိ၍ အညိုချည်းသာ ညိုသောအဆင်းချည်းသာ ညိုသောအဝတ်ချည်းသာ ညိုသောအဆင်တန်ဆာ ချည်းသာ ဖြစ်ကြကုန်၏။

ထို့ နောက် အသျှင်အနုရုဒ္ဓါအား "ဤနတ်သမီးအားလုံးတို့သည် အရွှေချည်းသာ။ပ။ဤနတ်သမီး အားလုံးတို့သည် အနီချည်းသာ ဖြစ်ကုန်မူ။ ဤနတ်သမီးအားလုံးတို့သည် အဖြူချည်းသာ ဖြူသော အဆင်းချည်းသာ ဖြူသောအဝတ်ချည်းသာ ဖြူသောအဆင်တန်ဆာချည်းသာ ဖြစ်ကုန်မူ ကောင်းလေစွ"ဟု ဤအကြံသည် ဖြစ်၏။ ထိုအခါ ထိုနတ်သမီးအားလုံးတို့သည် အသျှင်အနုရုဒ္ဓါ၏ စိတ်အကြံကို သိ၍ အဖြူချည်းသာ ဖြူသောအဆင်းချည်းသာ ဖြူသောအဝတ်ချည်းသာ ဖြူသောအဆင်တန်ဆာချည်းသာ ဖြင်ကုန်၏။

ထို့ နောက် ထိုနတ်သမီးတို့သည် တယောက်က သီချင်းဆို၏၊ တယောက်က က၏၊ တယောက်က လက်ခုပ်တီး၏။ ကောင်းစွာပြင်ဆင်အပ်သော ကောင်းစွာစမ်းသပ်အပ်သော လိမ္မာကျွမ်းကျင်သူတို့ ကောင်းစွာ တီးအပ်သော အင်္ဂါငါးပါးရှိသော တူရိယာမျိုး၏ အသံသည် သာယာကောင်း မြတ်၍ တပ်မက်ဖွယ် နှစ်သက်ဖွယ် ချစ်မြတ်နိုးဖွယ် ယစ်မူးဖွယ် ဖြစ်သကဲ့သို့ ဤအတူသာလျှင် ထိုနတ်သမီးတို့၏ အဆင်တန်ဆာ အသံသည် သာယာကောင်းမြတ်၏၊ တပ်မက်ဖွယ်ဖြစ်၏၊ နှစ်သက် ဖွယ်ဖြစ်၏၊ ချစ်မြတ်နိုးဖွယ်ဖြစ်၏၊ ယစ်မူးဖွယ်ဖြစ်၏၊ ထိုအခါ အသျှင်အနုရုဒ္ဓါသည် စက္ခုစသော

http://www.dhammadownload.com



ဋ္ဌာန်ခြေတို့ကို အောက်သို့ ချ၏။ ထိုအခါ "အသျှင်အနုရုဒ္ဓါသည် သာယာတော်မမူ"ဟု နတ်သမီးတို့ သိ၍ ထိုအရပ်၌ပင် ကွယ်ပျောက်ကုန်၏။ ထို့နောက် အသျှင်အနုရုဒ္ဓါသည် ညနေချမ်းအခါ၌ ကိန်းအောင်းရာမှထ၍ မြတ်စွာဘုရား ထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုးလျက် တခုသောနေရာ၌ ထိုင်က ာ မြတ်စွာဘုရားအား—အသျှင်ဘုရား အကျွန်ုပ်သည် ဤအရပ်၌ နေ့သန့်စင်ခြင်းငှါ ကပ်လျက် တယောက်တည်း ကိန်းအောင်းနေပါ၏၊ အသျှင်ဘုရား ထိုအခါ များစွာကုန်သော မနာပကာယိကာ နတ်သမီးတို့သည် အကျွန်ုပ်ကို ရှိခိုးပြီးလျှင် တခုသော အရပ်၌ ရပ်တည်ကုန်လျက် အကျွန်ုပ်ကို ဤသို့ လျှောက်ကုန်၏၊ "အသျှင်ဘုရားအနုရုဒ္ဓါ အကျွန်ုပ်တို့သည် မနာပကာယိကာ မည်သော နတ်သမီးတို့ပါတည်း၊ သုံးပါးသော အရာတို့၌ အစိုးရပါကုန်၏၊ အလိုအတိုင်း ဖြစ်စေနိုင်ပါကုန်၏၊ အသျှင်ဘုရားအနုရုဒ္ဓါ အကျွန်ုပ်တို့သည် အလိုရှိရာ အဆင်းကို တခဏခြင်း ရနိုင်ပါကုန်၏၊ အလိုရှိရာ အသံကို တခဏခြင်း ရနိုင်ပါကုန်၏၊ အလိုရှိရာ ချမ်းသာကို တခဏခြင်း ရနိုင်ပါကုန်၏၊ အသျှင်ဘုရားအနုရုဒ္ဓါ အကျွန်ုပ်တို့သည် မနာပကာယိကာမည်သော နတ်သမီးတို့ပါတည်း၊ ဤသုံးပါးသော အရာတို့၌ အစိုးရပါကုန်၏၊ အလိုအတိုင်း ဖြစ်စေနိုင်ပါကုန်၏"ဟု (လျှောက်ပါကုန်၏)။ အသျှင်ဘုရား ထိုအကျွန်ုပ်အား "ဤနတ်သမီးအားလုံးတို့သည် အညိုချည်းသာ ညိုသော အဆင်းချည်းသာ ညိုသောအဝတ်ချည်းသာ ညိုသောအဆင်တန်ဆာချည်းသာ ဖြစ်ကုန်မူကား ကောင်းလေစွ"ဟု အကြံဖြစ်ပါ၏။ အသျှင်ဘုရား ထိုအခါ ထိုနတ်သမီးအားလုံးတို့သည် အကျွန်ုပ်၏ စိတ်အကြံကိုသိ၍ အညိုချည်းသာ ညိုသောအဆင်းချည်းသာ ညိုသောအဝတ်ချည်းသာ ညိုသော အဆင်တန်ဆာချည်းသာ ဖြစ်ပါကုန်၏။ အသျှင်ဘုရား ထိုအကျွန်ုပ်အား ဤသို့သော စိတ်အကြံသည် ဖြစ်ပြန်ပါ၏၊ "ဤနတ်သမီး အားလုံးတို့သည် အရွှေချည်းသာ။ပ။ဤနတ်သမီးအားလုံးတို့သည် အနီချည်းသာ ဖြစ်ကုန်ပါမူ။ ဤနတ်သမီးအားလုံးတို့သည် အဖြူချည်းသာ ဖြူသောအဆင်းချည်းသာ ဖြူသောအဝတ်ချည်းသာ ဖြူသောအဆင်တန်ဆာချည်းသာ ဖြစ်ကုန်ပါမူ ကောင်းလေစွ"ဟု အကြံဖြစ်ပါ၏။ အသျှင်ဘုရား ထိုအခါ ထိုနတ်သမီးအားလုံးတို့သည် အကျွန်ုပ်၏ စိတ်အကြံကို သိ၍ အဖြူချည်းသာ ဖြူသောအဆင်းချည်းသာ ဖြူသောအဝတ်ချည်းသာ ဖြူသောအဆင်း တန်ဆာချည်းသာ ဖြစ်ပါကုန်၏။

အသျှင်ဘုရား ထို့နောက် ထိုနတ်သမီးတို့သည် တယောက်က သီချင်းဆို၏၊ တယောက်က က၏၊ တယောက်က လက်ခုပ်တီး၏၊ ကောင်းစွာ ပြင်ဆင်အပ်သော ကောင်းစွာ စမ်းသပ်အပ်သော လိမ္မာကျွမ်းကျင်သူတို့ ကောင်းစွာ တီးအပ်သော အင်္ဂါငါးပါးရှိသော တူရိယာမျိုး၏ အသံသည် သာယာကောင်းမြတ်၍ တပ်မက်ဖွယ် နှစ်သက်ဖွယ် ချစ်မြတ်နိုးဖွယ် ယစ်မူးဖွယ် ဖြစ်သကဲ့သို့ ဤအတူသာလျှင် ထိုနတ်သမီးတို့၏ အဆင်တန်ဆာ အသံသည် သာယာကောင်းမြတ်ပါ၏၊ တပ်မက်ဖွယ်ဖြစ်ပါ၏၊ နှစ်သက်ဖွယ်ဖြစ်ပါ၏၊ ချစ်မြတ် နိုးဖွယ်ဖြစ်ပါ၏၊ ယစ်မူးဖွယ်ဖြစ်ပါ၏။ အသျှင်ဘုရား ထိုအခါ အကျွန်ုပ်သည် စက္ခုစသော ဣန္ဒြေတို့ကို အောက်သို့ ချပါ၏။ အသျှင်ဘုရား ထိုအခါ "အသျှင်အနုရုဒ္ဓါသည် သာယာတော်မမူ"ဟု နတ်သမီးတို့ သိ၍ ထိုအရပ်၌ပင် ကွယ်ပျောက်ပါကုန်၏။ အသျှင်ဘုရား အဘယ်မျှကုန်သော တရားတို့နှင့် ပြည့်စုံသော မာတုဂါမသည် ခန္ဓာပျက်ကြွေ သေသည်မှ နောက်၌ မနာပကာယိကာ မည်သော နတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ရပါသနည်းဟု လျှောက်၏။

အနုရုဒ္ဓါ တရားရှစ်မျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ခန္ဓာပျက်ကြွေ သေသည်မှ နောက်၌ မနာပကာယိကာ မည်သော နတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ရာ၏။ အဘယ်

http://www.dhammadownload.com



ရှစ်မျိုးတို့နည်း ဟူမူ—အနုရုဒ္ဓါ ဤလောက၌ မာတုဂါသည် အကျိုးကိုလိုလားကုန်သော အစီးအပွါးကို ရှာမှီးကုန်သော အစဉ်သနား စောင့်ရှောက်တတ်ကုန်သော အမိ အဖတို့က အစဉ်သနား စောင့်ရှောက်ခြင်းကို အကြောင်းပြု၍ ပေးစား ထိမ်းမြားလိုက်သော လင်ယောကျ်ား၏ ရှေးဦးစွာ ထလေ့ရှိ၏၊ နောက်မှ အိပ်လေ့ရှိ၏၊ အဘယ်ကို ပြုရပါအံ့နည်းဟု နာခံလေ့ရှိ၏၊ နှစ်ခြိုက်ဖွယ်ကို ပြုကျင့်လေ့ရှိ၏၊ ချစ်ခင်ဖွယ်ကို ဆိုလေ့ရှိ၏။ (၁)

မိမိ၏ ခင်ပွန်းသည်လင်က "အမိ အဖ ရဟန်း ပုဏ္ဏားတို့"ဟူ၍ အလေးအမြတ် ပြုအပ်သောသူတို့ကို အရိုအသေပြု၏၊ အလေးအမြတ်ပြု၏၊ မြတ်နိုး၏၊ ပူဇော်၏၊ အိမ်သို့ရောက်လာကုန်သောသူတို့ကိုလည်း နေရာထိုင်ခင်းပေးခြင်း သောက်ရေတည်ခြင်းဖြင့် ပူဇော်၏။ (၂)

"သိုးမွေး (ပြုပြင် လုပ်ကိုင်ရန်) အလုပ်၊ ဝါချည် (ပြုပြင် လုပ်ကိုင်ရန်) အလုပ်"ဟူ၍ လင်၏ အိမ်တွင်းမှုတို့၌ လိမ္မာ၏၊ မပျင်းမရိတတ်၊ ထိုအိမ်တွင်းမှု အကြောင်း ဥပါယ်ဖြစ်သောကို စုံစမ်းမှု ပညာနှင့် ပြည့်စုံ၏၊ ပြုလုပ်ရန် စွမ်းနိုင်၏၊ စီမံရန် စွမ်းနိုင်၏။ (၃)

လင်ယောကျ်ား၏ အိမ်တွင်းသားဖြစ်ကုန်သော "ကျွန်အစေခံ အမှုလုပ်ဖြစ်သည့် အတွင်းလူတို့၏ ပြုလုပ်သည်ကိုလည်း ပြုလုပ်သောအားဖြင့် သိ၏၊ မပြုလုပ်သည်ကိုလည်း မပြုလုပ်သောအားဖြင့် သိ၏၊ ဖျားနာသူတို့ အားရှိသည် မရှိသည်ကိုလည်း သိ၏၊ ထိုအတွင်းလူ အပေါင်းအား ခဲဖွယ် ဘောဇဉ်တို့ကို အသီးအသီး မိမိတို့၏ အဖို့အားဖြင့် ဝေဖန်၏။ (၄)

လင်ယောကျ်ားဆောင်ခဲ့သော ဥစ္စာ စပါး ရွှေ ငွေတို့ကို စောင့်ရှောက်၏၊ လုံခြုံစေ၏၊ ထိုပစ္စည်း ဥစ္စာတို့ အပေါ်၌ အပျော်မကြူးတတ်သူ မခိုးဝှက်တတ်သူ အရက်သေစာ မသောက်စားတတ်သူ မဖျက်ဆီးတတ်သူ ဖြစ်၏။ (၅)

ဘုရားကို ကိုးကွယ်သော တရားကို ကိုးကွယ်သော သံဃာကို ကိုးကွယ်သော ဥပါသိကာမ ဖြစ်၏။ (၆)

သီလရှိ၏၊ သူ့အသက်သတ်ခြင်း သူ့ဥစ္စာခိုးခြင်း ကာမဂုဏ်တို့၌ မှားယွင်းသောအားဖြင့် ကျင့်ခြင်း မဟုတ်မမှန်ပြောခြင်း ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်၏။ (၇)

စွန့်ကြဲခြင်းနှင့် ပြည့်စုံ၏၊ လွတ်လွတ် စွန့်ကြဲခြင်းရှိသည် (စွန့်ကြဲအံ့)ဟု ဆေးကြောအပ်သော လက်ရှိသည် စွန့်ကြဲခြင်း၌ မွေ့လျော်သည် တောင်းခံခြင်းငှါ ထိုက်သည် ပေးကမ်း ဝေဖန်ခြင်း၌ မွေ့လျော်သည်ဖြစ်၍ မစ္ဆရိယတည်းဟူသော အညစ်အကြေး ကင်းသောစိတ်ဖြင့် အိမ်ကိုစိုးအုပ်၍ နေ၏။ (၈)

အနုရုဒ္ဓါ ဤတရားရှစ်မျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ခန္ဓာပျက်ကြွေ သေသည်မှ နောက်၌ မနာပကာယိကာမည်သော နတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏ဟု (မိန့်တော်မူ၏)။

အကြင်လင်ယောကျ်ားသည် အမြဲမပြတ် လွန်စွာ အားထုတ်အပ်သော ဝီရိယနှင့် ပြည့်စုံသည်ဖြစ်၍ ကြောင့်ကြစိုက်လျက် ထိုမိမိသားမယားကို လုပ်ကျွေး မွေးမြူ၏၊ ပညာရှိသော မိန်းမကောင်းသည် အလုံးစုံ အလိုရှိရာကို ပေးတတ်သော (မိမိကို)စောင့်ရှောက် မွေးမြူ

http://www.dhammadownload.com



တတ်သော ထိုလင်ယောကျ်ားကို မထီမဲ့မြင် မပြု၊ ငြူစူစောင်းမြောင်း မကောင်းသော စကားဖြင့်လည်း လင်ယောကျ်ားကို မချုတ်ချယ်၊ လင်ယောကျ်ား၏ အရှိအသေပြုအပ်သူ အားလုံးတို့ကိုလည်း မြတ်နိုးပူဇော်၏။

အကြင် မိန်းမသည် ထကြွ လုံ့လရှိ၍ မပျင်းရိတတ် ကျေးကျွန် အစေခံ အခြေအရံတို့ကိုလည်း အထိုက်အလျောက် ချီးမြှောက် ထောက်ပံ့တတ်၏၊လင်၏ နှစ်လိုဖွယ်ကိုလည်း ပြုကျင့်တတ်၏၊ လင်သား စုဆောင်းပေးအပ်သော ဥစ္စာကိုလည်း ကောင်းစွာ ထိန်းသိမ်း စောင့်ရှောက်၏။

လင်၏အလိုသို့ လိုက်လျက် ဤသို့ဆိုအပ်ခဲ့ပြီးသောအတိုင်း ပြုကျင့်သော ထိုမိန်းမသည် မနာပကာယိကာမည်သော နတ်တို့ဖြစ်ရာဘုံသို့ ကပ်ရောက်ရ၏။

ဆဋ္ဌသုတ်။

## ၇-ဒုတိယ ဝိသာခါသုတ်

၄၇။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း မိဂါရမာတာ ဝိသာခါ၏ ပြာသာဒ်၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ တခုသောနေရာ၌ ထိုင်နေသော မိဂါရမာတာ ဝိသာခါအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—ဝိသာခါ တရားရှစ်မျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ခန္ဓာပျက်ကြွေ သေသည်မှ နောက်၌ မနာပကာယိကာမည်သော နတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ရ၏။ အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—ဝိသာခါ ဤလောက၌ မာတုဂါမသည် အကျိုးကို လိုလားကုန်သော အစီးအပွါးကို ရှာမှီးကုန်သော အစဉ် သနား စောင့်ရှောက်တတ်ကုန်သော အမိအဖတို့က အစဉ်သနားစောင့်ရှောက်ခြင်းကို အကြောင်း ပြု၍ ပေးစားထိမ်းမြားလိုက်သော လင်ယောကျ်ား၏(အိပ်ရာမှ) ရှေးဦးစွာ ထလေ့ရှိ၏၊ နောက်မှ အိပ်လေ့ရှိ၏၊ အဘယ်ကို ပြုရပါအံ့နည်းဟု နာခံလေ့ရှိ၏၊ နှစ်ခြိုက်ဖွယ်ကို ပြုကျင့်လေ့ရှိ၏၊ ချစ်ခင် ဖွယ်ကို ဆိုလေ့ရှိ၏။ပ။ စွန့်ကြဲခြင်းနှင့် ပြည့်စုံ၏၊ လွတ်လွတ်စွန့်ကြဲခြင်း ရှိသည် (စွန့်ကြဲအံ့ဟု) ဆေးကြောအပ်သော လက်ရှိသည် စွန့်ကြဲခြင်း၌ မွေ့လျော်သည် တောင်းခံခြင်းငှါ ထိုက်သည် ပေးကမ်းဝေဖန်ခြင်း၌ မွေ့လျော်သည်ဖြစ်၍ မစ္ဆရိယတည်းဟူသော အညစ်အကြေးကင်းသော စိတ်ဖြင့် အိမ်ကို စိုးအုပ်၍ နေ၏။

ဝိသာခါ ဤတရားရှစ်မျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ခန္ဓာပျက်ကြွေ သေသည်မှ နောက်၌ မနာပကာယိကာ မည်သော နတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏ ဟု မိန့်တော်မူ၏။

အကြင် လင်ယောကျ်ားသည် အမြဲမပြတ် လွန်စွာ အားထုတ်အပ်သော ဝီရိယနှင့် ပြည့်စုံသည်ဖြစ်၍ ကြောင့်ကြ စိုက်လျက် ထိုမိမိသားမယားကို လုပ်ကျွေး မွေးမြူ၏၊ ပညာ ရှိသော မိန်းမကောင်းသည် အလုံးစုံ အလိုရှိရာကို ပေးတတ်သော (မိမိကို)စောင့်ရှောက် မွေးမြူတတ်သော ထိုလင်ယောကျ်ားကို မထီမဲ့မြင် မပြု၊ ငြူစူ စောင်းမြောင်း မကောင်း သော စကားဖြင့်လည်း လင်ယောကျ်ားကို မချုတ်ချယ်၊ လင်ယောကျ်ား အရှိအသေ ပြုအပ်သူ အားလုံးတို့ကိုလည်း မြတ်နိုးပူဇော်၏။

http://www.dhammadownload.com



အကြင် မိန်းမသည် ထကြွ လုံ့လရှိ၍ မပျင်းရိတတ် ကျေးကျွန်အစေခံ အခြွေအရံ တို့ကိုလည်း အထိုက်အလျောက် ချီးမြှောက် ထောက်ပံ့တတ်၏၊ လင်၏ နှစ်လိုဖွယ်ကိုလည်း ပြုကျင့်တတ်၏၊ လင်သား စုဆောင်းပေးအပ်သော ဥစ္စာကိုလည်း ကောင်းစွာ ထိန်းသိမ်း စောင့်ရှောက်၏။

လင်၏အလိုသို့ လိုက်လျက် ဤသို့ ဆိုအပ်ခဲ့ပြီးသော အတိုင်း ပြုကျင့်သော ထိုမိန်းမ သည် မနာပကာယိကာမည်သော နတ်တို့ဖြစ်ရာဘုံသို့ ကပ်ရောက်ရ၏။

သတ္တမသုတ်။

---

## ၈-နကုလမာတာသုတ်

၄၈။ အခါတပါး၌ မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ဝယ် သားတို့အား ဘေးမဲ့ ပေးရာ ဘေသကဠ အမည်ရှိသော တော၌ (သိတင်းသုံး)နေတော်မူ၏။ ထိုအခါ နကုလမာတာ သူကြွယ်မသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍။ပ။ တခုသောနေရာ၌ ထိုင်နေသော နကုလ မာတာသူကြွယ်မအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏— နကုလမာတာ တရား ရှစ်မျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ခန္ဓာပျက်ကြွေ သေသည်မှ နောက်၌ မနာပကာယိကာ မည်သော နတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ရ၏။ အဘယ်ရှစ်မျိုးတို့နည်း ဟူမူ— နကုလမာတာ ဤလောက၌ မာတုဂါမသည် အကျိုးကို လိုလားကုန်သော အစီးအပွါးကို ရှာမှီး ကုန်သော အစဉ်သနား စောင့်ရှောက်တတ်ကုန်သော အမိအဖတို့က အစဉ်သနားခြင်းကို အကြောင်းပြု၍ ပေးစား ထိမ်းမြား လိုက်သော လင်ယောကျ်ား၏ ရှေးဦးစွာ (အိပ်ရာမှ) ထလေ့ရှိ၏၊ နောက်မှ အိပ်လေ့ရှိ၏၊ အဘယ်ကို ပြုရပါအံ့နည်းဟု နာခံလေ့ရှိ၏၊ နှစ်ခြိုက်ဖွယ်ကို ပြုကျင့်လေ့ရှိ၏၊ ချစ်ခင်ဖွယ်ကို ဆိုလေ့ရှိ၏။ (၁)

မိမိခင်ပွန်းသည် လင်က "အမိ အဖ ရဟန်း ပုဏ္ဏားတို့" ဟူ၍ အလေးအမြတ် ပြုအပ်သော သူတို့ကို အရိုအသေပြု၏၊ အလေးအမြတ်ပြု၏၊ မြတ်နိုး၏၊ ပူဇော်၏၊ (အိမ်သို့)ရောက်လာကုန်သော သူတို့ကိုလည်း နေရာထိုင်ခင်းပေးခြင်း သောက်ရေတည်ခြင်းဖြင့် ပူဇော်၏။ (၂)

"သိုးမွေး (ပြုပြင် လုပ်ကိုင်ရန်) အလုပ်၊ ဝါချည် (ပြုပြင်လုပ်ကိုင်ရန်) အလုပ်" ဟူ၍ လင်၏ အိမ်တွင်းမှ အလုပ်တို့၌ ကျွမ်းကျင်၍ မပျင်းမရိတတ်၊ ထိုအိမ်တွင်းမှ လုပ်ငန်း၌ အကြောင်း ဥပါယ်ဖြစ်သော စုံစမ်းမှု ပညာနှင့် ပြည့်စုံ၏၊ ပြုလုပ်ရန် စွမ်းနိုင်၏၊ စီမံရန် စွမ်းနိုင်၏။ (၃)

လင်ယောကျ်ား၏ အိမ်တွင်းသားဖြစ်ကုန်သော "ကျွန်အစေခံအမှုအလုပ်" ဖြစ်သည့် အတွင်း လူတို့၏ ပြုလုပ်သည်ကိုလည်း ပြုလုပ်သောအားဖြင့် သိ၏၊ မပြုလုပ်သည်ကိုလည်း မပြုလုပ်သော အားဖြင့် သိ၏၊ ဖျားနာသူတို့ အားရှိသည် မရှိသည်ကိုလည်း သိ၏၊ ထိုအတွင်းလူ အပေါင်းအား ခဲဖွယ်ဘောဇဉ်တို့ကို အသီးအသီး မိမိတို့၏ အဖို့အားဖြင့် ဝေဖန်တတ်၏။ (၄)

လင်ယောကျ်ား ဆောင်ခဲ့သော ဥစ္စာ စပါး ရွှေ ငွေ တို့ကို စောင့်ရှောက်၏၊ လုံခြုံစေ၏၊ ထိုပစ္စည်း ဥစ္စာတို့အပေါ်၌ အပျော်မကြူးတတ်သူ မခိုးဝှက်တတ်သူ အရက်သေစာ မသောက်စား တတ်သူ မဖျက်ဆီးတတ်သူ ဖြစ်၏။ (၅)

http://www.dhammadownload.com



ဘုရားကို ကိုးကွယ်သော တရားကို ကိုးကွယ်သော သံဃာကို ကိုးကွယ်သော ဥပါသိကာမ ဖြစ်၏။ (၆)

သီလရှိ၏၊ သူ့အသက်ကို သတ်ခြင်းမှရှောင်ကြဉ်၏။ပ။ ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်၏။ (၇)

စွန့်ကြဲခြင်းနှင့် ပြည့်စုံ၏၊ လွတ်လွတ် စွန့်ကြဲခြင်းရှိသည် (စွန့်ကြဲအံ့ဟု) ဆေးကြောအပ်သော လက်ရှိသည် စွန့်ကြဲခြင်း၌ မွေ့လျော်သည် တောင်းခံခြင်းငှါ ထိုက်သည် ပေးကမ်းဝေဖန်ခြင်း၌ မွေ့လျော်သည်ဖြစ်၍ မစ္ဆရိယတည်းဟူသော အညစ်အကြေးကင်းသော စိတ်ဖြင့် အိမ်ကို စိုးအုပ်လျက် နေ၏။ (၈)

နကုလမာတာ ဤတရားရှစ်မျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ခန္ဓာပျက်ကြွေ သေသည်မှ နောက်၌ မနာပကာယိကာမည်သော နတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ရ၏ ဟု (မိန့်တော်မူ၏)။

အကြင်ယောကျ်ားသည် အမြဲမပြတ် လွန်စွာ အားထုတ်အပ်သော ဝီရိယနှင့် ပြည့်စုံသည်ဖြစ်၍ ကြောင့်ကြ စိုက်လျက် ထိုမိမိသားမယားကို လုပ်ကျွေးမွေးမြူ၏၊ ပညာရှိသော မိန်းမကောင်းသည် အလိုရှိရာကိုပေးတတ်သော (မိမိကို) စောင့်ရှောက်မွေးမြူတတ်သော ထို လင်ယောကျ်ားကို မထီမဲ့မြင်မပြု၊ ငြူစူစောင်းမြောင်း မကောင်းသော စကားဖြင့်လည်း လင်ယောကျ်ားကို မချုတ်ချယ်၊ လင်ယောကျ်ား အရိုအသေပြုအပ်သူ အားလုံးတို့ကိုလည်း မြတ်နိုးပူဇော်၏။

အကြင် မိန်းမသည် ထကြွ လုံ့လ ရှိ၍ မပျင်းရိတတ်၊ ကျေးကျွန်အစေခံ အခြွေအရံတို့ကိုလည်း အထိုက်အလျောက် ချီးမြှောက် ထောက်ပံ့တတ်၏၊ လင်၏ နှစ်လိုဖွယ်ရာကိုလည်း ပြုကျင့်တတ်၏၊ လင်သား စုဆောင်း၍ ပေးအပ်သော ဥစ္စာကိုလည်း ကောင်းစွာ ထိန်းသိမ်း စောင့်ရှောက်၏။

လင်၏ အလိုသို့လိုက်လျက် ဤသို့ ဆိုအပ်ခဲ့ပြီးသော အတိုင်း ပြုကျင့်သော ထိုမိန်းမသည် မနာပကာယိကာမည်သော နတ်တို့ဖြစ်ရာဘုံသို့ ကပ်ရောက်ရ၏။

အဋ္ဌမသုတ်။

---

## ၉-ပဥ္စမ ဣဓလောကိကသုတ်

၄၉။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း မိဂါရမာတာ ဝိသာခါ၏ ပြာသာဒ်၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ ဝိသာခါသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏။ပ။ တခုသော နေရာ၌ ထိုင်နေသော ဝိသာခါအား မြတ်စွာဘုရားသည်—

ဝိသာခါ တရားလေးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ဤ (ပစ္စုပ္ပန်) လောကကို အောင်မြင်ခြင်းငှါ ကျင့်၏၊ ဤလောကကို အားထုတ်၏။

http://www.dhammadownload.com



အဘယ်လေးမျိုးတို့နည်း ဟူမူ—ဝိသာခါ ဤလောက၌ မာတုဂါမသည် အမှုကိစ္စတို့ကို ကောင်းစွာ ပြုလုပ် စီရင်တတ်၏၊ အခြွေအရံ ပရိသတ်တို့ကို ချီးမြှောက်ထောက်ပံ့တတ်၏၊ လင်၏ နှစ်သက်ဖွယ်ကို ပြုတတ်၏၊ (လင်ယောကျ်ား) စုဆောင်းအပ်သော ပစ္စည်း ဥစ္စာကို ထိန်းသိမ်း စောင့်ရှောက်တတ်၏။

ဝိသာခါ အဘယ်သို့လျှင် မာတုဂါမသည် အမှုကိစ္စတို့ကို ကောင်းစွာ ပြုလုပ်စီရင်တတ်သနည်း၊ ဝိသာခါ ဤလောက၌ မာတုဂါမသည် "သိုးမွေး(ပြုပြင် လုပ်ကိုင်ရန်) အလုပ်၊ ဝါချည် (ပြုပြင် လုပ်ကိုင်ရန်) အလုပ်"ဟူ၍ လင်၏ အိမ်တွင်းမှုအလုပ်၌ ကျွမ်းကျင်၍ မပျင်းမရိတတ်၊ ထိုအိမ်တွင်းမှု လုပ်ငန်း၌ အကြောင်းဥပါယ်ဖြစ်သော စုံစမ်းမှု ပညာနှင့်ပြည့်စုံ၏၊ ပြုလုပ်ရန် စွမ်းနိုင်၏၊ စီမံရန် စွမ်းနိုင်၏။ ဝိသာခါ ဤသို့လျှင် မာတုဂါမသည် အမှုကိစ္စတို့ကို ကောင်းစွာ ပြုလုပ် စီရင်တတ်၏။

ဝိသာခါ အဘယ်သို့လျှင် မာတုဂါမသည် အခြွေအရံ ပရိသတ်တို့ကို ချီးမြှောက်ထောက်ပံ့တတ်သနည်း၊ ဝိသာခါ ဤလောက၌ မာတုဂါမသည် လင်ယောကျ်ား၏ အိမ်တွင်းသားဖြစ်ကုန်သော "ကျွန်အစေခံ အမှုလုပ်"ဖြစ်သည့် အတွင်းလူတို့၏ ပြုလုပ်သည်ကိုလည်း ပြုလုပ်သောအားဖြင့် သိ၏၊ မပြုလုပ်သည်ကိုလည်း မပြုလုပ်သောအားဖြင့် သိ၏၊ ဖျားနာသူတို့ အားရှိသည် မရှိသည်ကိုလည်း သိ၏၊ ထိုအတွင်းလူ အပေါင်းအား ခဲဖွယ် ဘောဇဉ်ကို အသီးသီး မိမိတို့၏ အဖို့အားဖြင့် ဝေဖန်တတ်၏။ ဝိသာခါ ဤသို့လျှင် မာတုဂါမသည် အခြွေအရံ ပရိသတ်တို့ကို ချီးမြှောက်ထောက်ပံ့တတ်၏။

ဝိသာခါ အဘယ်သို့လျှင် မာတုဂါမသည် လင်၏ နှစ်သက်ဖွယ်ကို ပြုတတ်သနည်း၊ ဝိသာခါ ဤလောက၌ မာတုဂါမသည် လင်၏ မနှစ်သက်ဖွယ်ဟု ဆိုအပ်သောအမှုကို အသက်ဟူသော အကြောင်းကြောင့်လည်း လွန်ကျူး၍ မကျင့်။ ဝိသာခါ ဤသို့လျှင် မာတုဂါမသည် လင်၏ နှစ်သက်ဖွယ်ကို ပြုတတ်၏။

ဝိသာခါ အဘယ်သို့လျှင် မာတုဂါမသည် လင်ယောကျ်ား စုဆောင်းအပ်သော ပစ္စည်း ဥစ္စာကို ထိန်းသိမ်းစောင့်ရှောက်တတ်သနည်း၊ ဝိသာခါ ဤလောက၌ မာတုဂါမသည် လင်ယောကျ်ားဆောင်ယူခဲ့သော ဥစ္စာ စပါး ရွှေ ငွေတို့ကို စောင့်ရှောက်၏၊ လုံခြုံစေ၏။ ထိုပစ္စည်း ဥစ္စာတို့အပေါ်၌ အပျော်မကြူးတတ်သူ မခိုးမဝှက်တတ်သူ အရက်သေစာ မသောက်စားတတ်သူ မဖျက်ဆီးတတ်သူ ဖြစ်၏။ ဝိသာခါ ဤသို့လျှင် မာတုဂါမသည် လင်ယောကျ်ား စုဆောင်းအပ်သော ပစ္စည်း ဥစ္စာကို ထိန်းသိမ်း စောင့်ရှောက်တတ်၏။

ဝိသာခါ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ဤပစ္စုပ္ပန်လောကကို အောင်မြင်ခြင်းငှါ ကျင့်၏၊ ဤလောကကို အားထုတ်၏။

ဝိသာခါ တရားလေးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် တမလွန်လောကကို အောင်မြင်ခြင်းငှါ ကျင့်၏၊ တမလွန်လောကကို အားထုတ်၏။

အဘယ်လေးမျိုးတို့နည်း ဟူမူ—ဝိသာခါ ဤလောက၌ မာတုဂါမသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ အကျင့်သီလနှင့် ပြည့်စုံ၏၊ စွန့်ကြဲမှုနှင့် ပြည့်စုံ၏၊ ပညာနှင့် ပြည့်စုံ၏။ ဝိသာခါ အဘယ်

http://www.dhammadownload.com



သို့လျှင် မာတုဂါမသည် သဒ္ဓါတရားနှင့် ပြည့်စုံသနည်း၊ ဝိသာခါ ဤလောက၌ မာတုဂါမသည် သဒ္ဓါတရားရှိ၏၊ မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ယုံကြည်၏။ "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ်'ဝိဇ္ဇာ'အကျင့်'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူသော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူမည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို)သိတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏"ဟု (ယုံကြည်၏)။ ဝိသာခါ ဤသို့လျှင် မာတုဂါမသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏။

ဝိသာခါ အဘယ်သို့လျှင် မာတုဂါမသည် သီလနှင့် ပြည့်စုံသနည်း၊ ဝိသာခါ ဤလောက၌ မာတုဂါမသည် သူ့အသက် သတ်ခြင်းမှ ရှောင်ကြည်၏။ပ။ယစ်မူး မေ့လျော့ကြောင်းဖြစ်သော သေအရက် သောက်ခြင်းမှ ရှောင်ကြဉ်၏။ဝိသာခါ ဤသို့လျှင် မာတုဂါမသည် သီလနှင့် ပြည့်စုံ၏။

ဝိသာခါ အဘယ်သို့လျှင် မာတုဂါမသည် စွန့်ကြဲမှုနှင့် ပြည့်စုံသနည်း၊ ဝိသာခါ ဤလောက၌ မာတုဂါမသည် လွတ်လွတ် စွန့်ကြဲခြင်းရှိသည် (စွန့်ကြဲအံ့ဟု) ဆေးကြောအပ်သော လက်ရှိသည် စွန့်ကြဲခြင်း၌ မွေ့လျော်သည် တောင်းခံခြင်းငှါ ထိုက်သည် ပေးကမ်း ဝေဖန်ခြင်း၌ မွေ့လျော်သည် ဖြစ်၍ မစ္ဆရိယတည်းဟူသော အညစ်အကြေးကင်းသော စိတ်ဖြင့် အိမ်ကို စိုးအုပ်လျက် နေ၏။ ဝိသာခါ ဤသို့လျှင် မာတုဂါမသည် စွန့်ကြဲမှုနှင့် ပြည့်စုံ၏။

ဝိသာခါ အဘယ်သို့လျှင် မာတုဂါမသည် ပညာနှင့် ပြည့်စုံသနည်း၊ ဝိသာခါ ဤလောက၌ မာတုဂါမသည် ပညာရှိ၏။ပ။ဝိသာခါ ဤသို့လျှင် မာတုဂါမသည် ပညာနှင့် ပြည့်စုံ၏။

ဝိသာခါ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် တမလွန်လောကကို အောင်မြင်ခြင်းငှါ ကျင့်၏၊ တမလွန်လောကကို အားထုတ်၏ဟု (မိန့်တော်မူ၏)။

> (အကြင်မိန်းမသည်) အိမ်မှုကိစ္စကို ကောင်းစွာပြုလုပ်စီရင်တတ်၏၊ ပရိသတ်အခြွေအရံကို သင်္ဂြိုဟ် ထောက်ပံ့ ချီးမြှောက်တတ်၏၊ လင်နှစ်သက်ဖွယ်ကို ကျင့်တတ်၏၊ (လင်ယောကျ်ား) ရှာမှီးသော ဥစ္စာပစ္စည်းကို အစဉ်စောင့်ရှောက်တတ်၏။
>
> သဒ္ဓါတရားရှိ၏၊ သီလနှင့် ပြည့်စုံ၏၊ တောင်းခံသူတို့၏ စကားကို သိတတ်၏၊ မစ္ဆရိယကင်း၏၊ တမလွန်ဘဝ၌ ချမ်းသာကြောင်းဖြစ်သော(ကုသိုလ်)လမ်းကို အမြဲသုတ်သင်၏။
>
> အကြင်မိန်းမအား ဤတရားရှစ်မျိုးတို့သည် ရှိကုန်၏၊ တရား၌ တည်သော မှန်ကန်သော စကားကို ဆိုလေ့ရှိသော ထိုမိန်းမကိုလည်း သီလရှိသော မိန်းမဟူ၍ ဆိုကုန်၏။

http://www.dhammadownload.com



တဆယ့်ခြောက်မျိုးသော အခြင်းအရာ ရှစ်မျိုးသော အင်္ဂါနှင့် ပြည့်စုံသော သဘော ရှိသည့် သီလရှိသော ဉပါသိကာမသည် စိတ်နှလုံးကို နှစ်သက်စေတတ်သော နတ်ပြည်သို့ ကပ်ရောက်ရ၏။

နဝမသုတ်။

---

## ၁၀-ဒုတိယ ဠမလောကိကသုတ်

၅၀။ ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ဤလောကကို အောင်မြင်ခြင်းငှါ ကျင့်၏၊ ဤလောကကို အားထုတ်၏။

အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ မာတုဂါမသည် အမှုကိစ္စတို့ကို ကောင်းစွာ ပြုလုပ်စီရင်အပ်၏၊ အခြွေအရံပရိသတ်တို့ကို ချီးမြှောက်ထောက်ပံ့တတ်၏၊ လင်ယောကျ်ား၏ နှစ်သက်ဖွယ်ကို ပြုတတ်၏၊ (လင်ယောကျ်ား)စုဆောင်းအပ်သော ပစ္စည်း ဉစ္စာကို ထိန်းသိမ်း စောင့်ရှောက်တတ်၏။

ရဟန်းတို့ အဘယ်သို့လျှင် မာတုဂါမသည် အမှုကိစ္စတို့ကို ပြုလုပ်စီရင်တတ်သနည်း၊ ရဟန်းတို့ ဤလောက၌ မာတုဂါမသည် လင်ယောကျ်ား၏ အိမ်တွင်းမှု အလုပ်တို့၌ လိမ္မာ၏။ပ။ ရဟန်းတို့ ဤသို့လျှင် မာတုဂါမသည် အမှုကိစ္စတို့ကို ကောင်းစွာ ပြုလုပ်စီရင်တတ်၏။

ရဟန်းတို့ အဘယ်သို့လျှင် မာတုဂါမသည် အခြွေအရံပရိသတ်တို့ကို ချီးမြှောက်ထောက်ပံ့တတ်သနည်း၊ ရဟန်းတို့ ဤလောက၌ မာတုဂါမသည် လင်ယောကျ်ား၏ အိမ်တွင်းသား ဖြစ်ကုန်သော "ကျွန်အစေခံ အမှုလုပ်ဖြစ်သည့် အတွင်းလူတို့၏။ပ။ ရဟန်းတို့ ဤသို့လျှင် မာတုဂါမသည် အခြွေအရံပရိသတ်တို့ကို ချီးမြှောက်ထောက်ပံ့တတ်၏။

ရဟန်းတို့ အဘယ်သို့လျှင် မာတုဂါမသည် လင်ယောကျ်ား၏ နှစ်သက်ဖွယ်ကို ပြုတတ်သနည်း၊ ရဟန်းတို့ ဤလောက၌ မာတုဂါမသည် လင်ယောကျ်ား၏ မနှစ်သက်ဖွယ်ဟု ဆိုအပ်သော အမှုကို အသက်ဟူသော အကြောင်းကြောင့်လည်း လွန်ကျူး၍ မကျင့်၊ ရဟန်းတို့ ဤသို့လျှင် မာတုဂါမသည် လင်ယောကျ်ား၏နှစ်သက်ဖွယ်ကို ပြုတတ်၏။

ရဟန်းတို့ အဘယ်သို့လျှင် မာတုဂါမသည် လင်ယောကျ်ား စုဆောင်းအပ်သော ပစ္စည်းဉစ္စာကို ထိန်းသိမ်း စောင့်ရှောက်တတ်သနည်း၊ ရဟန်းတို့ ဤလောက၌ မာတုဂါမသည် လင်ယောကျ်ား ဆောင်ယူခဲ့သော။ပ။ ရဟန်းတို့ ဤသို့လျှင် မာတုဂါမသည် လင်ယောကျ်ား စုဆောင်းအပ်သော ပစ္စည်းဉစ္စာကို ထိန်းသိမ်း စောင့်ရှောက်တတ်၏။

ရဟန်းတို့ ဤတရား လေးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ဤလောကကို အောင်မြင်ခြင်းငှါ ကျင့်၏၊ ဤလောကကို အားထုတ်၏။

ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် တမလွန်လောကကို အောင်မြင်ခြင်းငှါ ကျင့်၏၊ တမလွန်လောကကို အားထုတ်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ မာတုဂါမသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ အကျင့်သီလနှင့် ပြည့်စုံ၏၊ စွန့်ကြဲမှုနှင့် ပြည့်စုံ၏၊ ပညာနှင့် ပြည့်စုံ၏။

http://www.dhammadownload.com



ရဟန်းတို့ အဘယ်သို့လျှင် မာတုဂါမသည် သဒ္ဓါတရားနှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤလောက၌ မာတုဂါမသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏။ပ။ရဟန်းတို့ ဤသို့လျှင် မာတုဂါမသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏။

ရဟန်းတို့ အဘယ်သို့လျှင် မာတုဂါမသည် သီလနှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤလောက၌ မာတုဂါမသည် သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏။ပ။ ယစ်မူးမေ့လျော့ကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်၏၊ ရဟန်းတို့ ဤသို့လျှင် မာတုဂါမသည် သီလနှင့် ပြည့်စုံ၏။

ရဟန်းတို့ အဘယ်သို့လျှင် မာတုဂါမသည် စွန့်ကြဲမှုနှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤလောက၌ မာတုဂါမသည် မစ္ဆရိယ တည်းဟူသော အညစ် အကြေး ကင်းသော စိတ်ဖြင့် အိမ်ကို စိုးအုပ်လျက် နေ၏။ပ။ရဟန်းတို့ ဤသို့လျှင် မာတုဂါမသည် စွန့်ကြဲခြင်းနှင့် ပြည့်စုံ၏။

ရဟန်းတို့ အဘယ်သို့လျှင် မာတုဂါမသည် ပညာနှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤလောက၌ မာတုဂါမသည် ပညာရှိ၏။ပ။ ရဟန်းတို့ ဤသို့လျှင် မာတုဂါမသည် ပညာနှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် တမလွန်လောကကို အောင်မြင်ခြင်းငှါ ကျင့်၏၊ တမလွန်လောကကို အားထုတ်၏ဟု(မိန့်တော်မူ၏)။

(အကြင် မိန်းမသည်)အိမ်မှုကိစ္စကို ကောင်းစွာ ပြုလုပ်စီရင်တတ်၏၊ ပရိသတ် အခြွေအရံကို သင်္ဂြိုဟ်ထောက်ပံ့ ချီးမြှောက်တတ်၏၊ လင်ယောကျ်ားနှစ်သက်ဖွယ်ကို ကျင့်၏၊ လင်ယောကျ်ားရှာမှီးသော ဥစ္စာပစ္စည်းကို အစဉ် စောင့်ရှောက်၏။

သဒ္ဓါတရားရှိ၏၊ သီလနှင့် ပြည့်စုံ၏၊ တောင်းခံသူတို့၏ စကားကို သိတတ်၏၊ မစ္ဆရိယ ကင်း၏၊ တမလွန်ဘဝ၌ ချမ်းသာကြောင်းဖြစ်သော(ကုသိုလ်)လမ်းကို အမြဲ သုတ်သင်၏။

အကြင် မိန်းမအား ဤတရား ရှစ်မျိုးတို့သည် ရှိကုန်၏၊ တရား၌တည်သော မှန်သော စကားကို ဆိုလေ့ရှိသော ထိုမိန်းမကိုလည်း သီလရှိသော မိန်းမဟူ၍ ဆိုကုန်၏။

တဆယ့်ခြောက်မျိုးသော အခြင်းအရာ ရှစ်မျိုးသော အင်္ဂါနှင့် ပြည့်စုံသော သဘောရှိသည့် သီလရှိသော ဥပါသိကာမသည် စိတ်နှလုံးကို နှစ်သက်စေတတ်သော နတ်ပြည်သို့ ကပ်ရောက်ရ၏။

ဒသမသုတ်။

ငါးခုမြောက် ဥပေါသထဝဂ် ပြီး၏။

ပဥ္စမ သုတ်ငါးဆယ် ပြီး၏။

http://www.dhammadownload.com

# ၂-ဒုတိယ ပဏ္ဏာသက

## ၂-ဒုတိယ သုတ်ငါးဆယ်

### (၆) ၁-ဂေါတမီဝဂ် ၁-ဂေါတမီသုတ်

၅၁။ အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မဟာပဇာပတိ ဂေါတမီသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်တည်ပြီးသော် မြတ်စွာဘုရားအား—"အသျှင်ဘုရား တောင်းပန်ပါ၏၊ မာတုဂါမသည် မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ ရှင်ရဟန်းအဖြစ်ကို ရလိုပါ၏"ဟု လျှောက်၏။

ဂေါတမီ မသင့်၊ မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ မာတုဂါမ၏ ရှင်ရဟန်းအဖြစ်ကို သင် မနှစ်သက်ပါလင့်ဟု (မိန့်တော်မူ၏)။

နှစ်ကြိမ်မြောက်လည်း မဟာပဇာပတိ ဂေါတမီသည် မြတ်စွာဘုရားအား—"အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ ရှင်ရဟန်းအဖြစ်ကို ရလိုပါ၏"ဟု လျှောက်၏။

ဂေါတမီ မသင့်၊ မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ မာတုဂါမ၏ ရှင်ရဟန်းအဖြစ်ကို သင် မနှစ်သက်ပါလင့်ဟု(မိန့်တော်မူ၏)။

သုံးကြိမ်မြောက်လည်း မဟာပဇာပတိ ဂေါတမီသည် မြတ်စွာဘုရားအား—"အသျှင်ဘုရား တောင်းပန်ပါ၏၊ မာတုဂါမသည် မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ ရှင်ရဟန်းအဖြစ်ကို ရလိုပါ၏"ဟု လျှောက်၏။

ဂေါတမီ မသင့်၊ မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ မာတုဂါမ၏ ရှင်ရဟန်းအဖြစ်ကို သင် မနှစ်သက်ပါလင့်ဟု(မိန့်တော်မူ၏)။

ထိုအခါ မဟာပဇာပတိ ဂေါတမီသည် "မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ မာတုဂါမ၏ ရှင်ရဟန်းအဖြစ်ကို မြတ်စွာဘုရား ခွင့်ပြုတော်မမူ"ဟု ဆင်းရဲခြင်း နှလုံးမသာခြင်းရှိသည် မျက်ရည်ယိုစီးသော မျက်နှာရှိသည်ဖြစ်၍ ငိုကြွေးလျက် မြတ်စွာဘုရားကို ရှိခိုးပြီးနောက် အရိုအသေပြုကာ ဖဲသွားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ကပိလဝတ်ပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံး နေတော်မူပြီးလျှင် အစဉ်အတိုင်း ဒေသစာရီ လှည့်လည်သော် ဝေသာလီပြည်သို့ ရောက်တော်မူ၍

http://www.dhammadownload.com



ထို ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ မဟာပဇာပတိ ဂေါတမီသည် ဆံပင်တို့ကို ရိတ်ဖြတ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်၍ သာကီဝင်မင်းသမီး များစွာတို့နှင့်အတူ ဝေသာလီပြည်သို့ ဖဲသွားလေသော် အစဉ်အတိုင်း ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းသို့ ချဉ်းကပ်မိ၏။ ထိုအခါ မဟာပဇာပတိ ဂေါတမီသည် ဖူးဖူး ရောင်သော ခြေတို့ဖြင့်ရှင်း မှုန်ပွမ်းသော ကိုယ်ဖြင့်ရှင်း ဆင်းရဲခြင်း နှလုံးမသာခြင်းရှိသည် မျက်ရည်ယိုစီးသော မျက်နှာရှိသည်ဖြစ်၍ ငိုကြွေးလျက် တံခါးမုခ်ပြင်ပ၌ ရပ်တည်၏၊ ဖူးဖူး ရောင်သော ခြေတို့ဖြင့်ရှင်း မှုန်ပွမ်းသော ကိုယ်ဖြင့်ရှင်း ဆင်းရဲခြင်း နှလုံးမသာခြင်းရှိသည် မျက်ရည်ယိုစီးသော မျက်နှာရှိသည်ဖြစ်၍ ငိုကြွေးလျက် တံခါးမုခ် ပြင်ပ၌ ရပ်တည်နေသော မဟာပဇာပတိဂေါတမီကို အသျှင်အာနန္ဒာ မြင်လေလျှင် "ဂေါတမီ သင်သည် အဘယ့်ကြောင့် ဖူးဖူးရောင်သော ခြေတို့ဖြင့်ရှင်း မှုန်ပွမ်းသော ကိုယ်ဖြင့်ရှင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်းရှိသည် မျက်ရည်ယိုစီးသော မျက်နှာရှိသည်ဖြစ်၍ ငိုကြွေးလျက် တံခါးမုခ်ပြင်ပ၌ ရပ်တည်နေသနည်း"ဟု မေး၏။

အသျှင်ဘုရားအာနန္ဒာ မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ မာတုဂါမ၏ ရှင်ရဟန်းအဖြစ်ကို မြတ်စွာဘုရား ခွင့်ပြုတော်မမူသောကြောင့် ရပ်တည်နေပါသည်ဟု (လျှောက်၏)။

ဂေါတမီ သို့ဖြစ်လျှင် မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ မာတုဂါမ၏ ရှင်ရဟန်းအဖြစ်ကို အကျွန်ုပ် မြတ်စွာဘုရားအား တောင်းပန်စဉ် ဤနေရာ၌ တခဏမျှ နေပါဦးဟု ပြောဆို၏၊ ထို့နောက် အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်ပြီးသော် ဤစကားကို လျှောက်၏—"အသျှင်ဘုရား ဤမဟာပဇာပတိ ဂေါတမီသည် မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ မာတုဂါမ၏ ရှင်ရဟန်းအဖြစ်ကို မြတ်စွာဘုရား ခွင့်ပြုတော်မမူ'ဟု ဖူးဖူးရောင်သော ခြေတို့ဖြင့်ရှင်း မြူပွမ်းသော ကိုယ်ဖြင့်ရှင်း ဆင်းရဲခြင်း နှလုံးမသာခြင်းရှိသည် မျက်ရည်ယိုစီးသော မျက်နှာရှိသည်ဖြစ်၍ ငိုကြွေးလျက် တံခါးမုခ်ပြင်ပ၌ ရပ်တည်နေပါ၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ မာတုဂါမသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ ရှင်ရဟန်းအဖြစ်ကို ရစေချင်ပါသည်"ဟု (လျှောက်၏)။

အာနန္ဒာ မသင့်၊ မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ မာတုဂါမ၏ ရှင်ရဟန်း အဖြစ်ကို သင် မနှစ်သက်ပါလင့်ဟု (မိန့်တော်မူ၏)။ နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား—"အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ မာတုဂါမသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ ရဟန်းအဖြစ်ကို ရစေချင်ပါသည်"ဟု လျှောက်၏။

အာနန္ဒာ မသင့်၊ မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ မာတုဂါမ၏ ရှင်ရဟန်းအဖြစ်ကို သင် မနှစ်သက်ပါလင့်ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ အသျှင်အာနန္ဒာသည် "မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ မာတုဂါမ၏ ရှင်ရဟန်းအဖြစ်ကို မြတ်စွာဘုရား ခွင့်ပြုတော်မမူဟု သိ၍ ငါသည် အခြားအကြောင်းဖြင့် မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ မာတုဂါမ၏ ရှင်ရဟန်းအဖြစ်ကို တောင်းပန်ရသော် ကောင်းလေစွ"ဟု ကြံစည်ပြီးနောက် မြတ်စွာဘုရားအား— "အသျှင်ဘုရား မာတုဂါမသည် မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ သောတာပတ္တိဖိုလ်ကိုဖြစ်စေ သကဒါဂါမိဖိုလ်ကိုဖြစ်စေ အနာဂါမိဖိုလ်ကိုဖြစ်စေ အရဟတ္တဖိုလ်ကိုဖြစ်စေ မျက်မှောက်ပြုခြင်းငှါ ထိုက်တန်ပါ၏လော" ဟု လျှောက်၏။

အာနန္ဒာ မာတုဂါမသည် မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ သောတာပတ္တိဖိုလ်ကိုဖြစ်စေ သကဒါဂါမိဖိုလ်ကိုဖြစ်စေ အနာဂါမိဖိုလ်ကိုဖြစ်စေ အရဟတ္တဖိုလ်ကိုဖြစ်စေ မျက်မှောက်ပြုခြင်းငှါ ထိုက်တန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား မာတုဂါမသည် မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ သောတာပတ္တိဖိုလ်ကိုဖြစ်စေ။ပ။ အရဟတ္တဖိုလ်ကိုဖြစ်စေ မျက်မှောက်ပြုခြင်းငှါ ထိုက်တန်ပါမူ အသျှင်ဘုရား မဟာပဇာပတိဂေါတမီသည် ကျေးဇူးများပါ၏။ မြတ်စွာဘုရား၏ မိထွေးတော်ပါတည်း၊ ခြေဖြင့်သွားနိုင်ချိန်အထိ မွေးမြူသူပါတည်း၊ နို့တိုက်သူပါတည်း၊ မယ်တော် နတ်ရွာစံပြီးနောက် မြတ်စွာဘုရားကို နို့တိုက်ပါ၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ မာတုဂါမသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ ရှင်ရဟန်းအဖြစ်ကို ရစေချင်ပါသည်ဟု (လျှောက်၏)။

အာနန္ဒာ မဟာပဇာပတိဂေါတမီသည် ဂရုဓမ်ရှစ်ပါးတို့ကို အကယ်၍ ဝန်ခံသည်ဖြစ်အံ့၊ ထို ဝန်ခံချက်သည်ပင် ထိုဂေါတမီအတွက် ပဉ္စင်းခံမှု ဖြစ်စေလော့။ ဘိက္ခုနီမသည် ပဉ္စင်းဖြစ်၍ ဝါတရာ ရရှိသော်လည်း ထိုနေ့ ပဉ္စင်းဖြစ်သော ရဟန်းအား ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း ရိုသေခြင်းအမှုကို ပြုရမည်၊ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။ (၁)

ဘိက္ခုနီမသည် ရဟန်းယောကျ်ား မရှိသော ကျောင်း၌ ဝါမဆိုအပ်၊ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။ (၂)

ဘိက္ခုနီမသည် လခွဲတိုင်း လခွဲတိုင်း ဘိက္ခုသံဃာထံမှ ဥပုသ်ကို မေးခြင်း အဆုံးအမခံရန် ချဉ်းကပ်ခြင်းဟူသော ဤတရားနှစ်ပါးတို့ကို လိုလားတောင့်တရမည်၊ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။ (၃)

ဘိက္ခုနီမသည် ဝါကျွတ်လတ်သော် နှစ်ဖက်သံဃာ၌ မြင်ခြင်း ကြားခြင်း ယုံမှားခြင်းဟူသော အကြောင်းသုံးမျိုးတို့ဖြင့် ဖိတ်ကြားရမည်၊ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။ (၄)

http://www.dhammadownload.com



ဘိက္ခုနီမသည် သံဃာဒိသိသ် အာပတ်သို့ ရောက်လတ်သော် နှစ်ဖက်သံဃာ၌ ပက္ခမာနတ်ကို ကျင့်ရမည်၊ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။ (၅)

နှစ်နှစ်တို့ပတ်လုံး တရားခြောက်ပါးတို့၌ အကျင့်ကိုကျင့်ပြီးသော သိက္ခမာန်အား နှစ်ဖက်သော သံဃာ၌ ပဉ္စင်းခံခြင်းကို ရှာရမည်၊ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။ (၆)

ဘိက္ခုနီမသည် ရဟန်းယောကျ်ားကို တစုံတခုသော ဆဲရေး ရေရွတ်ခြင်းမျိုးဖြင့် မဆဲရေးအပ်၊ မရေရွတ်အပ်၊ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။ (၇)

ရဟန်းဖြစ်သည့် နေ့မှစ၍ ရဟန်းယောကျ်ားတို့ အပေါ်၌ ဘိက္ခုနီမတို့၏ ပြောဆိုခွင့်ကို ပိတ်ပင်အပ်၏၊ ဘိက္ခုနီမတို့အပေါ်၌ ရဟန်းယောကျ်ားတို့၏ ပြောဆိုခွင့်ကို မပိတ်ပင်အပ်၊ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။ (၈)

အာနန္ဒာ မဟာပဇာပတိဂေါတမီသည် ဤဂရုဓံရှစ်ပါးတို့ကို အကယ်၍ ဝန်ခံသည်ဖြစ်အံ့၊ ထိုဝန်ခံချက်သည်ပင် ထိုဂေါတမီအတွက် ပဉ္စင်းခံမှုဖြစ်စေလော့ဟု (မိန့်တော်မူ၏)။

ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံ၌ ဂရုဓံရှစ်ပါးတို့ကို သင်ယူခဲ့ပြီး၍ မဟာပဇာပတိဂေါတမီထံသို့ ချဉ်းကပ်ပြီးလျှင်—ဂေါတမီ သင်သည် ဂရုဓံရှစ်ပါးတို့ကို အကယ်၍ ဝန်ခံသည်ဖြစ်အံ့၊ ထိုဝန်ခံချက်သည်ပင် သင့်အတွက် ပဉ္စင်းခံမှုဖြစ်လိမ့်မည်—ဘိက္ခုနီမသည် ပဉ္စင်းဖြစ်၍ ဝါတရာရရှိသော်လည်း ထိုနေ့ ပဉ္စင်းဖြစ်သော ရဟန်းအား ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း ရိုသေခြင်းကို ပြုရမည်၊ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။ပ။ ရဟန်းဖြစ်သည့်နေ့မှစ၍ ရဟန်းယောကျ်ားတို့ အပေါ်၌ ဘိက္ခုနီမတို့၏ ပြောဆိုခွင့်ကို ပိတ်ပင်အပ်၏၊ ဘိက္ခုနီမတို့ အပေါ်၌ ရဟန်းယောကျ်ားတို့၏ ပြောဆိုခွင့်ကို မပိတ်ပင်အပ်၊ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။ ဂေါတမီ သင်သည် ဤဂရုဓံရှစ်ပါးတို့ကို ဝန်ခံမူ ထိုဝန်ခံချက်သည်ပင် သင့်အတွက် ပဉ္စင်းခံမှုဖြစ်လိမ့်မည် ဟု ပြောဆို၏။

အသျှင်ဘုရားအာနန္ဒာ ငယ်ရွယ် နုပျိုလျက် တန်ဆာဆင်လေ့ရှိသော ဦးခေါင်းဆေးလျော်ပြီးသော မိန်းမသည်ငှင်း ယောကျ်ားသည်ငှင်း ကြာပန်းကို ဖြစ်စေ မိုးဆွေပန်းကိုဖြစ်စေ စံပါယ်ပန်းကိုဖြစ်စေ ရ၍ လက်နှစ်ဖက်တို့ဖြင့်ခံယူကာ မြတ်သောအင်္ဂါဖြစ်သောဦးခေါင်း၌ ထားရာသကဲ့သို့ အသျှင်ဘုရားအာနန္ဒာ ဤအတူပင် အကျွန်ုပ်သည် အသက်ထက်ဆုံး မလွန်ကျူးအပ်ကုန်သော ဤဂရုဓံ ရှစ်ပါးတို့ကို ဝန်ခံပါ၏ ဟု (လျှောက်၏)။

ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ထိုင်နေပြီးသော် "အသျှင်ဘုရား မဟာပဇာပတိဂေါတမီသည် အသက်ထက်ဆုံး မလွန်ကျူးအပ်ကုန်သော ဂရုဓံရှစ်ပါးတို့ကို ဝန်ခံပါ၏"ဟူ၍ လျှောက်၏။

အာနန္ဒာ မာတုဂါမသည် မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်၍ ရှင်ရဟန်းအဖြစ်ကို မရပါလျှင် မြတ်သောအကျင့် 'သာသနာ

http://www.dhammadownload.com



တော်'သည် ကြာမြင့်စွာ တည်တံ့ရာ၏၊ အနှစ်တထောင်ပတ်လုံး သူတော်ကောင်း တရားသည် တည်ရာ၏။ အာနန္ဒာ မာတုဂါမသည် မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယ 'သာသနာ တော်'၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ ရှင်ရဟန်းအဖြစ်ကို ရသောကြောင့် ယခုအခါ၌ မြတ်သောအကျင့် 'သာသနာတော်'သည် ကြာမြင့်စွာ တည်တံ့လိမ့်မည်မဟုတ်၊ အာနန္ဒာ ယခုအခါ အနှစ်ငါးရာတို့သာလျှင် သူတော်ကောင်းတရားသည် တည်တံ့လိမ့်မည်။ အာနန္ဒာ မာတုဂါမများ၍ ယောကျ်ားနည်းသော မည်သည့်အိမ်တို့ကို မဆို အိုးထဲ၌ မီးထွန်း၍ ခိုးတတ်သော သူခိုးတို့သည် ဖျက်ဆီးလွယ်ကုန်သကဲ့သို့ အာနန္ဒာ ဤအတူပင် အကြင် ဓမ္မဝိနယ'သာသနာတော်'၌ မာတုဂါမ သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်၍ ရှင်ရဟန်း အဖြစ်ကို ရ၏၊ ထို မြတ်သောအကျင့် 'သာသနာတော်'သည် ကြာမြင့်စွာ မတည်တံ့နိုင်။ အာနန္ဒာ ပြည့်စုံ ဖြစ်ထွန်းသော သလေးခင်း၌ ဖလံဖြူမည်သော ရောဂါမျိုး ကျရောက်သော် ထို သလေးခင်းသည် ကြာမြင့်စွာ မတည်တံ့နိုင် သကဲ့သို့ အာနန္ဒာ ဤအတူပင် အကြင်ဓမ္မဝိနယ 'သာသနာတော်'၌ မာတုဂါမသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ ရှင်ရဟန်းအဖြစ်ကို ရ၏၊ ထိုမြတ်သော အကျင့် 'သာသနာတော်'သည် ကြာမြင့်စွာ မတည်တံ့နိုင်။ အာနန္ဒာ ပြည့်စုံ ဖြစ်ထွန်းသော ကြံခင်း၌ အနီမည်သော ရောဂါမျိုး ကျရောက်သော် ထို ကြံခင်းသည် ကြာမြင့်စွာ မတည်တံ့နိုင်သကဲ့သို့ ဤ အတူပင် အကြင် ဓမ္မ ဝိနယ'သာသနာတော်'၌ မာတုဂါမသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ ရှင် ရဟန်းအဖြစ်ကို ရ၏၊ ထိုမြတ်သော အကျင့်'သာသနာတော်'သည် ကြာမြင့်စွာ မတည်တံ့နိုင်။ အာနန္ဒာ ယောကျ်ားသည် ရေကန်ကြီး၏ ကန်ပေါင်ရိုးကို ရေ မကျော်လွန်နိုင်လောက်အောင် စောစောက ကြိုတင်၍ ကန်သင်းဖွဲ့သကဲ့သို့ ဤ အတူပင် ငါသည် ဘိက္ခုနီမတို့အတွက် အသက်ထက်ဆုံး မလွန် ကျူးအပ်ကုန်သော ဂရုဓမ်ရှစ်ပါးတို့ကို ပညတ်ပြီးခဲ့ပြီ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဩဝါဒသုတ်

၅၂။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက် သောကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ တခုသောနေရာ၌ထိုင်လျက်။ "အသျှင်ဘုရား အဘယ်မျှသော တရားတို့နှင့် ပြည့်စုံသော ရဟန်းကို ရဟန်းမိန်းမတို့အား ဆုံးမတတ်သော ရဟန်းဟူ၍ သမုတ်အပ်ပါသနည်း" ဟု လျှောက်၏။

အာနန္ဒာ တရားရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းကို ရဟန်းမိန်းမတို့အား ဆုံးမသော ရဟန်းဟူ၍ သမုတ်အပ်၏။ အဘယ် ရှစ်မျိုးတို့နည်း ဟူမူ—ဤ သာသနာတော်၌ ရဟန်းသည် သီလရှိ၏။ပ။ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။ အကြားအမြင် 'ဗဟုသုတ' များ၏။ပ။ ပညာဖြင့် ထိုးထွင်း၍ သိ၏။ ထိုရဟန်းအား ပါတိမောက်နှစ်ပါးတို့သည် အကျယ်အားဖြင့် နှုတ်၌ လာကုန်၏။ ကောင်းစွာ ဝေဖန် အပ်ကုန်၏၊ ကောင်းစွာဖြစ်ခြင်း ရှိကုန်၏၊ ပါဠိတော် အဋ္ဌကထာ အားဖြင့် ကောင်းစွာ ဆုံးဖြတ်နိုင်ကုန်၏၊ ကောင်းသော စကားရှိ၏၊ ကောင်းသော မြွက်ဆိုသံ ရှိ၏၊ သန့်ရှင်း စင်ကြယ်၍ မလျော မကျသော ပုဒ်ဗျည်းရှိသော အနက်ကို သိစေတတ်သော ပြည်ကြီးသူတို့၏ ဥစ္စာဖြစ်သော စကားနှင့် ပြည့်စုံ၏။ ဘိက္ခုနီသံဃာအား တရားစကားဖြင့်

http://www.dhammadownload.com



(အကျိုးစီးပွါးကို) သိစေရန် (တရားကို) ဆောက်တည်စေရန် ထက်သန် ရွှင်လန်းစေရန် စွမ်းနိုင်၏။ အများအားဖြင့် ရဟန်းမိန်းမတို့သည် ချစ်ခင်အပ် နှစ်လိုအပ်၏။ ထိုမြတ်စွာဘုရားကို ရည်မှတ်၍ ရဟန်းပြုသော ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်သော မိန်းမဌ် ကြီးလေးသော အာပတ်ကို မလွန်ကျူးဘူးချေ။ ဝါနှစ်ဆယ်သော်ငင်း ဝါနှစ်ဆယ်ထက် အလွန်သော်ငင်းရ၏။

အာနန္ဒာ ဤ အင်္ဂါရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းကို ရဟန်းမိန်းမတို့အား ဆုံးမသော ရဟန်းဟူ၍ သမုတ်အပ်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-သံခိတ္တသုတ်

၅၃။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်း၌(သီတင်းသုံး) နေတော်မူ၏။ ထိုအခါ မဟာပဇာပတိ ဂေါတမီသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်လျက်— အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် အကျွန်ုပ်အား တရားကို ဟောတော်မူပါ၊ အကျွန်ုပ်သည် မြတ်စွာဘုရား၏ ယင်းတရားကို ကြားနာပြီးလျှင် ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့မလျော့ လုံ့လပြုကာ စိတ်ကို (နိဗ္ဗာန်သို့) စေလွှတ်လျက် နေလိုပါ၏ဟု လျှောက်၏။

ဂေါတမီ သင်သည် အကြင်တရားတို့ကို ဤ တရားတို့ကား တပ်မက်မှုရာဂနှင့်တကွ ဖြစ်ရန်သာ ဖြစ်ကုန်၏၊ တပ်မက်မှုရာဂကင်းရန် မဖြစ်ကုန်၊ ဝဋ်၌ ယှဉ်ရန်သာ ဖြစ်ကုန်၏၊ ဝဋ်ကင်းရန် မဖြစ်ကုန်၊ ဝဋ်ဆင်းရဲပွါးစီးရန်သာ ဖြစ်ကုန်၏၊ ဝဋ်ဆင်းရဲကို ဖျက်ဆီးရန် မဖြစ်ကုန်၊ အလိုကြီးရန်သာ ဖြစ်ကုန်၏၊ အလိုနည်းရန် မဖြစ်ကုန်၊ မရောင့်ရဲ ရန်သာ ဖြစ်ကုန်၏၊ ရောင့်ရဲရန် မဖြစ်ကုန်၊ အပေါင်းအဖော်နှင့် နေရန်သာ ဖြစ်ကုန်၏၊ ဆိတ်ငြိမ်ရန် မဖြစ်ကုန်၊ ပျင်းရိရန်သာ ဖြစ်ကုန်၏၊ ကြိုးစား အားထုတ်ရန် မဖြစ်ကုန်၊ (မိမိကိုယ်ကို) မွေးမြူနိုင်ခဲရန်သာ ဖြစ်ကုန်၏၊ မွေးမြူလွယ်ရန် မဖြစ်ကုန်ဟု သိငြားအံ့၊ ထိုတရားတို့ကို စင်စစ်အားဖြင့် ဤကား တရားမဟုတ်၊ ဤကား ဝိနည်း မဟုတ်၊ ဤကား မြတ်စွာဘုရား အဆုံး အမမဟုတ်ဟု မှတ်ယူ လေလော့။

**ဂေါတမီ** သင်သည်"အကြင်တရားတို့ကို ဤတရားတို့ကား တပ်မက်မှုရာဂကင်းရန်သာ ဖြစ်ကုန်၏၊ တပ်မက်မှုရာဂနှင့်တကွဖြစ်ခြင်းငှါ မဖြစ်ကုန်၊ ဝဋ်ကင်းရန်သာ ဖြစ်ကုန်၏၊ ဝဋ်၌ယှဉ်ရန် မဖြစ်ကုန်၊ ဝဋ်ဆင်းရဲကို ဖျက်ဆီးရန်သာ ဖြစ်ကုန်၏၊ ဝဋ်ဆင်းရဲပွါးစီးရန် မဖြစ်ကုန်၊ အလိုနည်းရန်သာ ဖြစ်ကုန်၏၊ အလိုကြီးရန် မဖြစ်ကုန်၊ ရောင့်ရဲရန်သာ ဖြစ်ကုန်၏၊ မရောင့်ရဲရန် မဖြစ်ကုန်၊ ဆိတ်ငြိမ်ရန်သာ ဖြစ်ကုန်၏၊ အပေါင်းအဖော်နှင့် နေရန် မဖြစ်ကုန်၊ ကြိုးစားအားထုတ်ရန်သာ ဖြစ်ကုန်၏၊ ပျင်းရိရန် မဖြစ်ကုန်၊ (မိမိကိုယ်ကို) မွေးမြူလွယ်ရန်သာ ဖြစ်ကုန်၏၊ မွေးမြူနိုင်ခဲရန် မဖြစ်ကုန်" ဟု သိငြားအံ့။ ဂေါတမီ ထိုတရားတို့ကို စင်စစ်အားဖြင့် "ဤကား တရားတည်း၊ ဤကား ဝိနည်းတည်း၊ ဤကား မြတ်စွာဘုရား အဆုံး အမတည်း"ဟု မှတ်လေလော့ဟူ၍ (မိန့်တော်မူ၏)။

တတိယသုတ်။

http://www.dhammadownload.com



## ၄-ဒီဃဇာဏုသုတ်

၅၄။ အခါတပါး၌ မြတ်စွာဘုရားသည် ကောဠိယမြို့ ကက္ကရပတ္တမည်သော ကောဠိယမင်းတို့၏ နိဂုံး၌ (သီတင်းသုံး) နေတော်မူ၏။ထိုအခါ ဒီဃဇာဏုမည်သော ကောဠိယမင်းသားသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား— "အသျှင်ဘုရား ကာမဂုဏ် ခံစားကုန်သော လူဖြစ်သော အကျွန်ုပ်တို့သည် သားမယားတို့ဖြင့် ကျဉ်းမြောင်းသော အိမ်၌ နေရပါကုန်၏၊ ကာသိတိုင်းဖြစ် စန္ဒကူးကို သုံးဆောင်ခံစားကုန်၏၊ ပန်း နံ့သာ နံ့သာပျောင်းကို ပန်ဆင် လိမ်းကျံ ကုန်၏၊ ရွှေ ငွေကို သာယာကုန်၏။ အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား မျက်မှောက်ဘဝ၌ အစီးအပွါး အလို့ငှါ ချမ်းသာခြင်းငှါ တမလွန်ဘဝ၌ အစီးအပွါး အလို့ငှါ ချမ်းသာခြင်းငှါ ဖြစ်နိုင်ရာသော တရားကို ဟောတော်မူပါ"ဟု လျှောက်၏။

ဗျဂ္ဃပဇ္ဇအမျိုးသား ဤတရားလေးမျိုးတို့သည် အမျိုးကောင်းသားအား မျက်မှောက်ဘဝ၌ အစီးအပွါး အလို့ငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ထကြွလုံ့လနှင့် ပြည့်စုံမှု၊ စောင့်ရှောက်ခြင်းနှင့် ပြည့်စုံမှု၊ မိတ်ဆွေကောင်းရှိမှု၊ မျှတစွာ အသက်မွေးမှုတို့တည်း။

ဗျဂ္ဃပဇ္ဇအမျိုးသား ထကြွလုံ့လနှင့် ပြည့်စုံမှုဟူသည် အဘယ်နည်း၊ ဗျဂ္ဃပဇ္ဇအမျိုးသား ဤလောက၌ အမျိုးကောင်းသားသည် အသက်မွေးကြောင်း အလုပ်ဖြစ်သော လယ်လုပ်ခြင်းဖြင့် ဖြစ်စေ ကုန်သွယ်ခြင်းဖြင့် ဖြစ်စေ နွားကျောင်းခြင်းဖြင့် ဖြစ်စေ လေးသမားအတတ်ဖြင့် ဖြစ်စေ မင်းလုလင်အလုပ်ဖြင့် ဖြစ်စေ အခြား အတတ်ပညာ တမျိုးမျိုးဖြင့် ဖြစ်စေ အသက်မွေးမှုပြု၏၊ ထိုအလုပ်၌ ကျွမ်းကျင်၏၊ ပျင်းရိမှုမရှိ၊ (ထိုလုပ်ငန်း၌) အကြောင်းကို စုံစမ်းတတ်သော ပညာနှင့် ပြည့်စုံ၏၊ ပြုလုပ်ရန်လည်း စွမ်းနိုင်၏၊ စီမံရန်လည်း စွမ်းနိုင်၏။ ဗျဂ္ဃပဇ္ဇအမျိုးသား ဤ သည်ကို ထကြွလုံ့လနှင့် ပြည့်စုံမှု 'ဥဋ္ဌာနသမ္ပဒါ' ဟူ၍ ဆိုအပ်၏။

ဗျဂ္ဃပဇ္ဇအမျိုးသား စောင့်ရှောက်ခြင်းနှင့် ပြည့်စုံမှု ဟူသည် အဘယ်နည်း၊ ဗျဂ္ဃပဇ္ဇအမျိုးသား ဤလောက၌ အမျိုးကောင်းသားအား ထကြွလုံ့လကြောင့် ရအပ်ကုန်သော လက်ရုံးအားကိုး ဆည်းပူးအပ်ကုန်သော ချွေးဒီးဒီးကျ ပြုအပ်ကုန်သော တရားနှင့် လျော်ကုန်သော တရားသဖြင့် ရအပ်ကုန်သော စည်းစိမ် (ဥစ္စာ) တို့သည် ရှိကုန်၏၊ ထိုစည်းစိမ် (ဥစ္စာ) တို့ကို "အဘယ်သို့လျှင် ငါ၏ ဤစည်းစိမ်ဥစ္စာတို့ကို မင်း (အစိုးရ)တို့ မဆောင်ယူနိုင်ကုန်ရာသနည်း၊ ခိုးသူတို့ မဆောင်ယူနိုင်ကုန်ရာသနည်း၊ မီးမလောင်ရာသနည်း၊ ရေမမျောနိုင်ရာသနည်း၊ မချစ်မနှစ်သက်သူ (အမွေခံဆိုး)တို့ မဆောင်ယူနိုင် ကုန်ရာသနည်း" ဟု စောင့်ရှောက်ခြင်း လုံ့ခြုံစေခြင်းနှင့် ပြည့်စုံစေ၏။ ဗျဂ္ဃပဇ္ဇအမျိုးသား ဤ သည်ကို စောင့်ရှောက်ခြင်းနှင့် ပြည့်စုံမှု 'အာရက္ခသမ္ပဒါ'ဟု ဆိုအပ်၏။

ဗျဂ္ဃပဇ္ဇအမျိုးသား မိတ်ဆွေကောင်းရှိမှု ဟူသည် အဘယ်နည်း၊ ဗျဂ္ဃပဇ္ဇအမျိုးသား ဤလောက၌ အမျိုးကောင်းသားသည် အကြင်ရွာ၌ဖြစ်စေ နိဂုံး၌ဖြစ်စေ နေ၏၊ ထိုရွာ နိဂုံး၌ ရှိသော ငယ်သော်လည်း ကြီးမြင့်သော ကိုယ်ကျင့်ရှိကုန် ကြီး၍လည်း ကြီးမြင့်သော ကိုယ်ကျင့်ရှိကုန် သဒ္ဓါတရားနှင့် ပြည့်စုံကုန် သီလနှင့် ပြည့်စုံကုန် စွန့်ကြဲခြင်းနှင့် ပြည့်စုံကုန် ပညာနှင့် ပြည့်စုံကုန်သော သူကြွယ်တို့နှင့်ဖြစ်စေ သူကြွယ်သားတို့နှင့် ဖြစ်စေ အတူနေ၏၊ အတူပြောဆို၏၊

http://www.dhammadownload.com



အတူဆွေးနွေး၏၊ ယင်းသဒ္ဓါတရားနှင့် ပြည့်စုံသူတို့၏ သဒ္ဓါတရားနှင့် ပြည့်စုံမှုကို အတုလိုက်၍ ကျင့်၏၊ ယင်းသီလနှင့် ပြည့်စုံသူတို့၏ သီလနှင့် ပြည့်စုံမှုကို အတုလိုက်၍ ကျင့်၏၊ ယင်းစွန့်ကြဲခြင်းနှင့် ပြည့်စုံသူတို့၏ စွန့်ကြဲခြင်းနှင့် ပြည့်စုံမှုကို အတုလိုက်၍ ကျင့်၏၊ ယင်းပညာနှင့် ပြည့်စုံသူတို့၏ ပညာနှင့် ပြည့်စုံမှုကို အတုလိုက်၍ ကျင့်၏။ ဗျဂ္ဃပဇ္ဇအမျိုးသား ဤ သည်ကို မိတ်ဆွေကောင်းရှိမှု 'ကလျာဏမိတ္တတာ' ဟူ၍ ဆိုအပ်၏။

ဗျဂ္ဃပဇ္ဇအမျိုးသား မျှတစွာ အသက်မွေးမှု ဟူသည် အဘယ်နည်း၊ ဗျဂ္ဃပဇ္ဇအမျိုးသား ဤလောက၌ အမျိုးကောင်းသားသည် စည်းစိမ်ဥစ္စာတို့၏ တိုးပွါးမှု (ဝင်ငွေ)ကိုရင်း ဆုတ်ယုတ်မှု (ထွက်ငွေ)ကိုရင်း သိ၍ "ဤသို့ သုံးစွဲသော် ငါ၏ တိုးပွါးမှု (ဝင်ငွေ)သည် ဆုတ်ယုတ်မှု (ထွက်ငွေ)ထက် များလိမ့်မည်၊ ငါ၏ ဆုတ်ယုတ်မှု (ထွက်ငွေ)သည် တိုးပွါးမှု (ဝင်ငွေ)ထက် များလိမ့်မည် မဟုတ်"ဟု မများလွန်း မနည်းလွန်း မျှတစွာ အသက်မွေးမှုကို ပြု၏။ ဗျဂ္ဃပဇ္ဇအမျိုးသား ဥပမာသော်ကား ရာဇူကိုင်သမားသည်ရင်း ရာဇူကိုင်၏တပည့်သည်ရင်း ရာဇူ (ချိန်ခွင်)ကို မြှောက်၍ ဤမျှလောက်ဖြင့် "အောက်သို့ နိမ့်၏၊ ဤမျှလောက်ဖြင့် အထက်သို့ မြင့်၏"ဟု သိသကဲ့သို့ ဗျဂ္ဃပဇ္ဇအမျိုးသား ဤအတူသာလျှင် အမျိုးကောင်းသားသည် စည်းစိမ်ဥစ္စာတို့၏ တိုးပွါးမှု (ဝင်ငွေ)ကိုရင်း ဆုတ်ယုတ်မှု (ထွက်ငွေ)ကိုရင်း သိ၍ "ဤသို့ သုံးစွဲသော် ငါ၏ တိုးပွါးမှု (ဝင်ငွေ)သည် ဆုတ်ယုတ်မှု (ထွက်ငွေ)ထက် များလိမ့်မည်၊ ငါ၏ ဆုတ်ယုတ်မှု (ထွက်ငွေ)သည် တိုးပွါးမှု (ဝင်ငွေ)ထက် များလိမ့်မည် မဟုတ်"ဟု မများလွန်း မနည်းလွန်း မျှတစွာ အသက်မွေးမှုကို ပြု၏။

ဗျဂ္ဃပဇ္ဇအမျိုးသား ဤအမျိုးကောင်းသားသည် တိုးပွါးမှု (ဝင်ငွေ) နည်းသည် ဖြစ်ပါလျက် အထက်တန်းကျသော အသက်မွေးခြင်းကို အကယ်၍ ပြုပါမူ ထိုသူအား "ဤအမျိုးကောင်းသားသည် သဖန်းသီးကို စားသူကဲ့သို့ စည်းစိမ်ဥစ္စာတို့ကို သုံးဆောင် စားသောက်၏"ဟု ဆိုဖွယ်ရာတို့ ဖြစ်ကုန်၏၊ ဗျဂ္ဃပဇ္ဇအမျိုးသား ဤအမျိုးကောင်းသားသည် တိုးပွါးမှု (ဝင်ငွေ) များသည် ဖြစ်လျက် ငြိုငြင်ဆင်းရဲသော အသက်မွေးခြင်းကို အကယ်၍ ပြုပါမူ ထိုသူအား ဤအမျိုးသားသည် "အကြီးအကဲမရှိသော (အားထားရာမဲ့) သေခြင်းကဲ့သို့ သေရလိမ့်မည်" ဟု ဆိုဖွယ်ရာတို့ ဖြစ်ကုန်၏။ ဗျဂ္ဃပဇ္ဇအမျိုးသား အမျိုးကောင်းသားသည် စည်းစိမ်ဥစ္စာတို့၏ တိုးပွါးမှု (ဝင်ငွေ)ကိုရင်း ဆုတ်ယုတ်မှု (ထွက်ငွေ)ကိုရင်း သိ၍ ဤသို့ သုံးစွဲသော် ငါ၏ တိုးပွါးမှု (ဝင်ငွေ)သည် ဆုတ်ယုတ်မှု (ထွက်ငွေ)ထက် များလိမ့်မည်၊ ငါ၏ ဆုတ်ယုတ်မှု (ထွက်ငွေ)သည် တိုးပွါးမှု (ဝင်ငွေ)ထက် များလိမ့်မည် မဟုတ်"ဟု မများလွန်း မနည်းလွန်း မျှတစွာ အသက်မွေးမှုကို ပြု၏။ ဗျဂ္ဃပဇ္ဇအမျိုးသား ဤသည်ကို မျှတစွာ အသက်မွေးမှု 'သမဇီဝိတာ' ဟု ဆိုအပ်၏။

ဗျဂ္ဃပဇ္ဇအမျိုးသား ဤသို့လျှင် ဖြစ်ပေါ်လာကုန်သော စည်းစိမ်ဥစ္စာတို့၏ ပျက်စီးကြောင်းတို့သည် မိန်းမ လိုက်စားမှု၊ သေသောက် ကြူးမှု၊ အလောင်းအစား ကြူးမှု၊ ယုတ်မာသော အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူ ရှိမှု ဟု လေးမျိုးတို့ ဖြစ်ကုန်၏။ ဗျဂ္ဃပဇ္ဇအမျိုးသား ဥပမာသော်ကား ကြီးစွာသော တဖက်ဆည်ကန်၌ ရေဝင်ပေါက် လေးခု ရေထွက်ပေါက် လေးခုတို့ ရှိကြကုန်ရာ ယောကျ်ားသည် ထိုတဖက်ဆည်ကန်၏ ရေဝင်ပေါက်တို့ကို ပိတ်ရာ၏၊ ရေထွက်ပေါက်တို့ကို ဖွင့်ရာ၏၊ မိုးသည်လည်း ကောင်းစွာ မရွာသွန်းရာ၊ ဗျဂ္ဃပဇ္ဇအမျိုးသား ဤသို့ ဖြစ်သည် ရှိသော် ထိုတဖက်ဆည်ကန်ကြီးသည် ယုတ်လျော့မည်သာ ကေန်ဖြစ်လိမ့်မည်၊ တိုးပွါးမည်ကား မဟုတ်တော့ပေ၊ ဗျဂ္ဃပဇ္ဇအမျိုးသား ဤအတူသာလျှင် ဤသို့ ဖြစ်ပေါ်လာကုန်သော စည်းစိမ်ဥစ္စာတို့၏

http://www.dhammadownload.com



ပျက်စီးကြောင်းတို့သည် မိန်းမလိုက်စားမှု၊ သေသောက်ကြူးမှု၊ အလောင်းအစားကြူးမှု၊ ယုတ်မာသော အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူရှိမှု ဟု လေးမျိုးတို့ ဖြစ်ကုန်၏။

ဗျဂ္ဃပဇ္ဇအမျိုးသား ဤသို့လျှင် ဖြစ်ပေါ်လာကုန်သော စည်းစိမ်ဥစ္စာတို့၏ တိုးပွါးကြောင်းတို့သည် မိန်းမ မလိုက်စားမှု၊ သေသောက် မကြူးမှု၊ အလောင်းအစား မကြူးမှု၊ ကောင်းသော အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူ ရှိမှု ဟု လေးမျိုးတို့ ဖြစ်ကုန်၏။

ဗျဂ္ဃပဇ္ဇအမျိုးသား ဥပမာသော်ကား ကြီးစွာသော တဖက်ဆည်ကန်၌ ရေဝင်ပေါက် လေးခု ရေထွက်ပေါက် လေးခုတို့ရှိရာ ယောကျ်ားသည် ထိုရေကန်၏ ရေဝင်ပေါက်တို့ကို ဖွင့်ရာ၏၊ ရေထွက်ပေါက်တို့ကို ပိတ်ရာ၏၊ မိုးသည်လည်း သည်းထန်စွာ ရွာသွန်းရာ၏၊ ဗျဂ္ဃပဇ္ဇ အမျိုးသား ဤသို့ ဖြစ်သည်ရှိသော် ထိုတဖက်ဆည်ကန်ကြီးသည် တိုးပွါးမည်သာ ဧကန်ဖြစ်လိမ့်မည်၊ ယုတ်လျော့မည်ကား မဟုတ်တော့ပေ၊ ဗျဂ္ဃပဇ္ဇအမျိုးသား ဤအတူသာလျှင် ဤသို့ ဖြစ်ပေါ်လာကုန်သော စည်းစိမ်ဥစ္စာတို့၏ တိုးပွါးကြောင်းတို့သည် မိန်းမ မလိုက်စားမှု၊ သေသောက် မကြူးမှု၊ အလောင်းအစား မကြူးမှု၊ ကောင်းသော အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူ ရှိမှု ဟု လေးမျိုးတို့ ဖြစ်ကုန်၏။

ဗျဂ္ဃပဇ္ဇအမျိုးသား ဤတရားလေးမျိုးတို့သည်ကား အမျိုးကောင်းသားအား မျက်မှောက်ဘဝ၌ အစီးအပွါးအလို့ငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်၏။

ဗျဂ္ဃပဇ္ဇအမျိုးသား ဤတရားလေးမျိုးတို့သည်ကား အမျိုးကောင်းသားအား တမလွန်ဘဝ၌ အစီးအပွါးအလို့ငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်၏၊ အဘယ်လေးမျိုးတို့နည်း ဟူမူ—သဒ္ဓါတရားနှင့်ပြည့်စုံမှု၊အကျင့်သီလနှင့် ပြည့်စုံမှု၊ စွန့်ကြဲခြင်းနှင့်ပြည့်စုံမှု၊ပညာနှင့် ပြည့်စုံမှုတို့တည်း။

ဗျဂ္ဃပဇ္ဇအမျိုးသား သဒ္ဓါတရားနှင့် ပြည့်စုံမှု ဟူသည် အဘယ်နည်း၊ ဗျဂ္ဃပဇ္ဇအမျိုးသား ဤလောက၌ အမျိုးကောင်းသားသည် သဒ္ဓါတရားရှိ၏၊ မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ယုံကြည်၏၊ "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါးကို) သိတော်မူတတ်သော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏" ဟု ယုံကြည်၏။ ဗျဂ္ဃပဇ္ဇအမျိုးသား ဤသည်ကို သဒ္ဓါတရားနှင့် ပြည့်စုံမှု ဟု ဆိုအပ်၏။

ဗျဂ္ဃပဇ္ဇအမျိုးသား အကျင့်သီလနှင့် ပြည့်စုံမှုဟူသည် အဘယ်နည်း၊ ဗျဂ္ဃပဇ္ဇအမျိုးသား ဤသာသနာတော်၌ အမျိုးကောင်းသားသည် သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်၏။ပ။ ယစ်မူး မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက် သောက်ခြင်းမှ ရှောင်ကြဉ်၏။ ဗျဂ္ဃပဇ္ဇ အမျိုးသား ဤသည်ကို အကျင့်သီလနှင့် ပြည့်စုံမှုဟု ဆိုအပ်၏။

ဗျဂ္ဃပဇ္ဇအမျိုးသား စွန့်ကြဲခြင်းနှင့် ပြည့်စုံမှုဟူသည် အဘယ်နည်း၊ ဗျဂ္ဃပဇ္ဇအမျိုးသား ဤသာသနာတော်၌ အမျိုးကောင်းသားသည် လွတ်လွတ်စွန့်ကြဲမှုရှိ၏ (စွန့်ကြဲအံ့ဟု) ဆေးကြောအပ်သော လက်ရှိသူ စွန့်ကြဲခြင်း၌ မွေ့လျော်သူ တောင်းခံခြင်းငှါ ထိုက်သူ ပေးကမ်း ဝေဖန်ခြင်း၌

http://www.dhammadownload.com



မွေလျော်သူဖြစ်၍ မစ္ဆရိယတည်းဟူသော အညစ်အကြေး ကင်းသော စိတ်ဖြင့် အိမ်ကို စိုးအုပ်လျက် နေ၏။ ဗျဂ္ဃပဇ္ဇအမျိုးသား ဤသည်ကို စွန့်ကြဲခြင်းနှင့် ပြည့်စုံမှု ဟု ဆိုအပ်၏။

ဗျဂ္ဃပဇ္ဇအမျိုးသား ပညာနှင့် ပြည့်စုံမှုဟူသည် အဘယ်နည်း၊ ဗျဂ္ဃပဇ္ဇအမျိုးသား ဤသာသနာတော်၌ အမျိုးကောင်းသားသည် ပညာရှိ၏၊ ရုပ် နာမ်ကို ဖောက်ခွဲ၍ သိမြင်နိုင်သော ဝင်္ဆင်းရဲ၏ ကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အဖြစ်အပျက်ကို ထိုးထွင်း၍ သိသော မြတ်သောပညာနှင့် ကောင်းစွာ ပြည့်စုံ၏။ ဗျဂ္ဃပဇ္ဇအမျိုးသား ဤသည်ကို ပညာနှင့် ပြည့်စုံမှု ဟု ဆိုအပ်၏။

ဗျဂ္ဃပဇ္ဇအမျိုးသား ဤတရား လေးမျိုးတို့သည်ကား အမျိုးကောင်းသားအား တမလွန်ဘဝ၌ အစီးအပွါးအလို့ငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

အလုပ်လုပ်ရာဌာနတို့၌ ထကြွလုံ့လရှိလျက် မမေ့မလျော့မှု၍ အထူးစီမံခြင်းနှင့် ပြည့်စုံသော ယောကျ်ားသည် မျှတစွာ အသက်မွေးမှုကို ပြု၏၊ ဆည်းပူးအပ်ပြီးသော ဉစ္စာကို အစဉ် စောင့်ရှောက်၏။

သဒ္ဓါတရားရှိ၏၊ သီလနှင့်ပြည့်စုံ၏၊ တောင်းခံသူတို့၏စကားကို သိတတ်၏၊ မစ္ဆရိယ ကင်း၏၊တမလွန်ဘဝ၌ ချမ်းသာကြောင်းဖြစ်သော(ကုသိုလ်)လမ်းကို အမြဲသုတ်သင်၏။

ဤသို့လျှင် ဤတရားရှစ်မျိုးတို့သည် အိမ်ထောင်ဝတ်ကို ရှာမှီးလေ့ရှိသော သဒ္ဓါတရား နှင့်ပြည့်စုံသူအား မျက်မှောက်ဘဝ၌ အစီးအပွါးအလို့ငှါရင်း တမလွန်ဘဝ၌ ချမ်းသာ ခြင်းငှါရင်း နှစ်ပါးစုံသော ဘဝ၌ ချမ်းသာကို ဆောင်တတ်ကုန်၏ ဟူ၍ အမည်မှန် ရှိသော မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်၏၊ ဤသို့လျှင် လှူဖြစ်သောသူတို့အား စွန့်ကြဲမှုစာဂ ထိုမှကြွင်းသော ကောင်းမှု ကုသိုလ်သည် တိုးပွါး၏။

စတုတ္ထသုတ်။

---

## ၅-ဥဇ္ဇယသုတ်

၅၅။ ထိုအခါ ဥဇ္ဇယပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆို ပြီးဆုံးစေပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား—"အသျှင်ဂေါတမ အကျွန်ုပ်တို့သည် အရပ်တပါးသို့သွားရန် အလိုရှိပါကုန်၏၊ အသျှင်ဂေါတမသည် အကျွန်ုပ်တို့အား မျက်မှောက်ဘဝ၌ အစီးအပွါးအလို့ငှါ ချမ်းသာခြင်းငှါ တမလွန်ဘဝ၌ အစီးအပွါး အလို့ငှါ ချမ်းသာခြင်းငှါ ဖြစ်နိုင်ရာသော တရားကို ဟောတော်မူပါ"ဟု လျှောက်၏။

ပုဏ္ဏား ဤတရားလေးမျိုးတို့သည် အမျိုးကောင်းသားအား မျက်မှောက်ဘဝ၌ အစီးအပွါး အလို့ငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်၏၊ အဘယ်လေးမျိုးတို့နည်းဟူမူ—ထကြွလုံ့လနှင့် ပြည့်စုံမှု၊ စောင့်ရှောက်ခြင်းနှင့် ပြည့်စုံမှု၊ မိတ်ဆွေကောင်းရှိမှု၊ မျှတစွာ အသက်မွေးမှုတို့တည်း။

ပုဏ္ဏား ထကြွလုံ့လနှင့် ပြည့်စုံမှုဟူသည် အဘယ်နည်း၊ ပုဏ္ဏား ဤလောက၌ အမျိုးကောင်း သားသည် အသက်မွေးကြောင်း အလုပ်ဖြစ်သော လယ်လုပ်ခြင်းဖြင့်ဖြစ်စေ ကုန်သွယ်ခြင်းဖြင့်

http://www.dhammadownload.com



ဖြစ်စေ နွားကျောင်းခြင်းဖြင့်ဖြစ်စေ လေးသမား အတတ်ဖြင့် ဖြစ်စေ မင်းလုလင် အလုပ်ဖြင့် ဖြစ်စေ အခြားအတတ်ပညာ တမျိုးမျိုးဖြင့်ဖြစ်စေ အသက်မွေးမှုပြု၏၊ ထိုအလုပ်၌ ကျွမ်းကျင်၏၊ ပျင်းရိမှုမရှိ၊ ထို(လုပ်ငန်း)၌ အကြောင်းကို စုံစမ်းတတ်သော ပညာနှင့်ပြည့်စုံ၏၊ ပြုလုပ်ခြင်းငှါ လည်း စွမ်းနိုင်၏၊ စီရင်ခြင်းငှါလည်း စွမ်းနိုင်၏။ ပုဏ္ဏားဤသည်ကို ထကြွလုံ့လနှင့် ပြည့်စုံမှု 'ဥဋ္ဌာန သမ္ပဒါ'ဟု ဆိုအပ်၏။

ပုဏ္ဏား စောင့်ရှောက်ခြင်းနှင့် ပြည့်စုံမှုဟူသည် အဘယ်နည်း၊ ပုဏ္ဏား ဤလောက၌ အမျိုး ကောင်းသားအား ထကြွလုံ့လကြောင့် ရအပ်ကုန်သော လက်ရုံးအားကိုး ဆည်းပူးအပ်ကုန်သော ချွေးဒီးဒီးကျ ပြုအပ်ကုန်သော တရားနှင့် လျော်ကုန်သော တရားသဖြင့် ရအပ်ကုန်သော စည်းစိမ်(ဥစ္စာ)တို့သည် ရှိကုန်၏၊ ထို စည်းစိမ်(ဥစ္စာ)တို့ကို "အဘယ်သို့လျှင် ငါ၏ ဤစည်းစိမ် (ဥစ္စာ)တို့ကို မင်း(အစိုးရ)တို့ မဆောင်ယူနိုင်ကုန်ရာသနည်း၊ ခိုးသူတို့ မဆောင်ယူနိုင်ကုန်ရာ သနည်း၊ မီးမလောင်ရာသနည်း၊ ရေမမျောနိုင်ရာသနည်း၊ မချစ်မနှစ်သက်သော အမွေခံ(ဆိုး) တို့ မဆောင်ယူနိုင်ကုန်ရာသနည်း"ဟု စောင့်ရှောက်ခြင်း လုံခြုံစေခြင်းဖြင့် ပြည့်စုံစေ၏။ ပုဏ္ဏား ဤသည်ကို စောင့်ရှောက်ခြင်းနှင့် ပြည့်စုံမှု 'အာရက္ခသမ္ပဒါ'ဟု ဆိုအပ်၏။

ပုဏ္ဏား မိတ်ဆွေကောင်း ရှိမှုဟူသည် အဘယ်နည်း၊ ပုဏ္ဏား ဤလောက၌ အမျိုးကောင်း သားသည် အကြင်ရွာ၌ဖြစ်စေ နိဂုံး၌ဖြစ်စေ နေ၏၊ ထိုရွာ နိဂုံး၌ရှိသော ငယ်သော်လည်း ကြီးမြင့် သည့် ကိုယ်ကျင့်ရှိကုန်သော ကြီး၍လည်း ကြီးမြင့်သော ကိုယ်ကျင့်ရှိကုန် သဒ္ဓါတရားနှင့် ပြည့်စုံ ကုန် သီလနှင့် ပြည့်စုံကုန် စွန့်ကြဲခြင်းနှင့် ပြည့်စုံကုန် ပညာနှင့် ပြည့်စုံကုန်သော သူကြွယ်တို့နှင့် ဖြစ်စေ သူကြွယ်သားတို့နှင့် ဖြစ်စေ အတူနေ၏၊ အတူပြောဆို၏၊ အတူဆွေးနွေး၏၊ ယင်း သဒ္ဓါ တရားနှင့် ပြည့်စုံသူတို့၏ သဒ္ဓါတရားနှင့်ပြည့်စုံမှုကို အတုလိုက်၍ကျင့်၏၊ ယင်းသီလနှင့် ပြည့်စုံသူ တို့၏ သီလနှင့်ပြည့်စုံမှုကို အတုလိုက်၍ ကျင့်၏၊ ယင်းစွန့်ကြဲခြင်းနှင့် ပြည့်စုံသူတို့၏ စွန့်ကြဲခြင်းနှင့် ပြည့်စုံမှုကို အတုလိုက်၍ ကျင့်၏၊ ယင်းပညာနှင့် ပြည့်စုံသူတို့၏ ပညာနှင့် ပြည့်စုံမှုကို အတု လိုက်၍ကျင့်၏။ ပုဏ္ဏား ဤသည်ကို မိတ်ဆွေကောင်းရှိခြင်း 'ကလျာဏမိတ္တတာ'ဟု ဆိုအပ်၏။

ပုဏ္ဏား မျှတစွာ အသက်မွေးမှုဟူသည် အဘယ်နည်း၊ ပုဏ္ဏား ဤလောက၌ အမျိုးကောင်း သားသည် စည်းစိမ်(ဥစ္စာ)တို့၏ တိုးပွါးမှု(ဝင်ငွေ)ကိုငှင်း ဆုတ်ယုတ်မှု(ထွက်ငွေ)ကိုငှင်း သိ၍ "ဤသို့ သုံးစွဲသော် ငါ၏ တိုးပွါးမှု(ဝင်ငွေ)သည် ဆုတ်ယုတ်မှု(ထွက်ငွေ)ထက် များလိမ့်မည်၊ ငါ၏ ဆုတ်ယုတ်မှု (ထွက်ငွေ)သည် တိုးပွါးမှု (ဝင်ငွေ)ထက် များလိမ့်မည်မဟုတ်"ဟု မများလွန်း မနည်းလွန်း မျှတစွာ အသက်မွေးမှုကို ပြု၏။ ပုဏ္ဏား ဥပမာသော်ကား ရာဇူကိုင်သမားသည်ငှင်း ရာဇူကိုင်၏ တပည့်သည်ငှင်း ရာဇူ(ချိန်ခွင်)ကို မြှောက်၍ "ဤမျှလောက်ဖြင့် အောက်သို့ နိမ့်၏၊ ဤမျှလောက်ဖြင့် အထက်သို့ မြင့်၏"ဟု သိသကဲ့သို့ ပုဏ္ဏား ဤအတူသာလျှင် အမျိုးကောင်း သားသည် စည်းစိမ်(ဥစ္စာ)တို့၏ တိုးပွါးမှု(ဝင်ငွေ)ကိုငှင်း ဆုတ်ယုတ်မှု(ထွက်ငွေ)ကိုငှင်း သိ၍ "ဤသို့ သုံးစွဲသော် ငါ၏ တိုးပွါးမှု(ဝင်ငွေ)သည် ဆုတ်ယုတ်မှု(ထွက်ငွေ)ထက် များလိမ့်မည်၊ ငါ၏ ဆုတ်ယုတ်မှု(ထွက်ငွေ)သည် တိုးပွါးမှု(ဝင်ငွေ)ထက် များလိမ့်မည်မဟုတ်"ဟု မများလွန်း မနည်းလွန်း မျှတစွာ အသက်မွေးမှုကို ပြု၏။

ပုဏ္ဏား ဤအမျိုးကောင်းသားသည် တိုးပွါးမှု(ဝင်ငွေ) နည်းသည်ဖြစ်လျက်(အထက်တန်းကျ) သော အသက်မွေးခြင်းကို အကယ်၍ပြုပါမူ၊ ထိုသူအား "ဤ အမျိုးကောင်းသားသည် သဖန်း

http://www.dhammadownload.com



သီးကို စားသူကဲ့သို့ စည်းစိမ်(ဥစ္စာ)တို့ကို သုံးဆောင်စားသောက်၏ဟု ဆိုဖွယ်ရာတို့ ဖြစ်ကုန်၏။ ပုဏ္ဏား ဤအမျိုးကောင်းသားသည် (တိုးပွါးမှု)ဝင်ငွေ များသည်ဖြစ်လျက် ငြိုငြင်ဆင်းရဲသော အသက်မွေးခြင်းကို အကယ်၍ပြုပါမူ၊ ထိုအမျိုးသားအား "ဤအမျိုးသားသည် အကြီးအကဲမရှိသော (အားထားရာမဲ့) သေခြင်းကဲ့သို့ သေရလတ္တံ့"ဟု ဆိုဖွယ်ရာတို့ ဖြစ်ကုန်၏၊ ပုဏ္ဏား အမျိုးကောင်းသားသည် စည်းစိမ်ဥစ္စာတို့၏ တိုးပွါးမှု (ဝင်ငွေ)ကိုဂုဏ်း ဆုတ်ယုတ်မှု (ထွက်ငွေ)ကိုဂုဏ်း သိ၍ "ဤသို့ သုံးစွဲသော် ငါ၏ တိုးပွါးမှု(ဝင်ငွေ)သည် ဆုတ်ယုတ်မှု(ထွက်ငွေ)ထက် များလတ္တံ့၊ ငါ၏ ဆုတ်ယုတ်မှု (ထွက်ငွေ)သည် တိုးပွါးမှု (ဝင်ငွေ)ထက် များလိမ့်မည်မဟုတ်ဟု မများလွန်း မနည်းလွန်း မျှတစွာ အသက်မွေးမှုကို ပြု၏။ ပုဏ္ဏား ဤသည်ကို မျှတစွာ အသက်မွေးမှု 'သမဇီဝိတာ'ဟု ဆိုအပ်၏။

ပုဏ္ဏား ဤသို့ ဖြစ်ပေါ်လာကုန်သော စည်းစိမ်ဥစ္စာတို့၏ ပျက်စီးကြောင်းတို့သည် မိန်းမလိုက်စားမှု သေသောက်ကြူးမှု အလောင်းအစားကြူးမှု ယုတ်မာသော အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူရှိမှုဟု လေးမျိုးတို့ ဖြစ်ကုန်၏။

ပုဏ္ဏား ဥပမာအားဖြင့် ကြီးစွာသော တဖက်ဆည်ကန်၏ ရေဝင်ပေါက်လေးခု ရေထွက်ပေါက် လေးခုတို့ရှိရာ ယောကျ်ားသည် ထိုတဖက်ဆည်ကန်၏ ရေဝင်ပေါက်တို့ကို ပိတ်ရာ၏၊ရေထွက်ပေါက်တို့ကို ဖွင့်ရာ၏၊ မိုးသည်လည်း ကောင်းစွာ မရွာသွန်းရာ။ 'ပုဏ္ဏား ဤသို့ ဖြစ်သည်ရှိသော် ထိုတဖက်ဆည်ကန်ကြီးသည် ယုတ်လျော့မည်သာ ဧကန်ဖြစ်လိမ့်မည်၊ တိုးပွါးမည် မဟုတ်တော့ပေ၊ ပုဏ္ဏား ဤအတူသာလျှင် ဤသို့ ဖြစ်ပေါ်လာကုန်သော စည်းစိမ်ဥစ္စာတို့၏ ပျက်စီးကြောင်းတို့သည် မိန်းမလိုက်စားမှု သေသောက်ကြူးမှု အလောင်းအစားကြူးမှု ယုတ်မာသော အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူရှိမှု ဟု လေးမျိုးတို့ ဖြစ်ကုန်၏။

ပုဏ္ဏား ဖြစ်ပေါ်လာကုန်သော စည်းစိမ်ဥစ္စာတို့၏ တိုးပွါးကြောင်းတို့သည် မိန်းမ မလိုက်စားမှု သေသောက်မကြူးမှု အလောင်းအစား မကြူးမှု ကောင်းသော အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူရှိမှု ဟု လေးမျိုးတို့ဖြစ်ကုန်၏။

ပုဏ္ဏား ဥပမာသော်ကား ကြီးစွာသော တဖက်ဆည်ကန်၏ ရေဝင်ပေါက်လေးခု ရေထွက်ပေါက်လေးခုတို့ ရှိကုန်ရာ ယောကျ်ားသည် ထိုရေကန်၏ ရေဝင်ပေါက်တို့ကို ဖွင့်ရာ၏၊ ရေထွက်ပေါက်တို့ကို ပိတ်ရာ၏၊ မိုးသည်လည်း သည်းထန်စွာ ရွာသွန်းရာ၏။ ပုဏ္ဏား ဤသို့ ဖြစ်သည်ရှိသော် ထို တဖက်ဆည်ကန်သည် တိုးပွါးမည်သာ ဖြစ်လိမ့်မည် ယုတ်လျော့မည် မဟုတ်တော့ပေ။ ပုဏ္ဏား ဤအတူသာလျှင် ဤသို့ ဖြစ်ပေါ်လာကုန်သော စည်းစိမ်ဥစ္စာတို့၏ တိုးပွါးကြောင်းတို့သည် မိန်းမ မလိုက်စားမှု သေသောက် မကြူးမှု အလောင်းအစား မကြူးမှု ကောင်းသော အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူရှိမှု ဟု လေးမျိုးတို့ ဖြစ်ကုန်၏။

ပုဏ္ဏား ဤတရားလေးမျိုးတို့သည်ကား အမျိုးကောင်းသားအား မျက်မှောက်သော ဘဝ၌ စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်၏။

ပုဏ္ဏား ဤတရား လေးမျိုးတို့သည်ကား အမျိုးကောင်းသားအား နောင်တမလွန်ဘဝ၌ စီးပွါးဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ—သဒ္ဓါတရားနှင့် ပြည့်စုံမှု၊ အကျင့်သီလနှင့် ပြည့်စုံမှု၊ စွန့်ကြဲခြင်းနှင့် ပြည့်စုံမှု၊ ပညာနှင့် ပြည့်စုံမှုတို့တည်း။

http://www.dhammadownload.com



ပုဏ္ဏား သဒ္ဓါတရားနှင့် ပြည့်စုံမှုဟူသည် အဘယ်နည်း၊ ဤလောက၌ အမျိုးကောင်းသားသည် သဒ္ဓါတရားရှိ၏၊ မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ယုံကြည်၏၊ "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု ယုံကြည်၏။ ပုဏ္ဏား ဤသည်ကို သဒ္ဓါတရားနှင့်ပြည့်စုံမှု ဟူ၍ ဆိုအပ်၏။

ပုဏ္ဏား အကျင့်သီလနှင့်ပြည့်စုံမှုဟူသည် အဘယ်နည်း၊ ပုဏ္ဏား ဤ သာသနာတော်၌ အမျိုးကောင်းသားသည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ပ။ ယစ်မူး မေ့လျော့ခြင်း၏ အကြောင်း ဖြစ်သော သေအရက်သောက်ခြင်းမှ ရှောင်ကြဉ်၏။ ပုဏ္ဏား ဤသည်ကို အကျင့်သီလနှင့် ပြည့်စုံမှု ဟူ၍ ဆိုအပ်၏။

ပုဏ္ဏား စွန့်ကြဲခြင်းနှင့် ပြည့်စုံမှုဟူသည် အဘယ်နည်း၊ ပုဏ္ဏား ဤ သာသနာတော်၌ အမျိုးကောင်းသားသည် လွတ်လွတ်စွန့်ကြဲမှု ရှိ၏၊ (စွန့်ကြဲအံ့ဟု) ဆေးကြောအပ်သော လက်ရှိသူ၊ စွန့်ကြဲခြင်း၌ မွေ့လျော်သူ တောင်းခံခြင်းငှါထိုက်သူ ပေးကမ်း ဝေဖန်ခြင်း၌ မွေ့လျော်သူဖြစ်၍ မစ္ဆရိယတည်းဟူသော အညစ်အကြေးကင်းသော စိတ်ဖြင့် အိမ်ကို စိုးအုပ်လျက်နေ၏။ ပုဏ္ဏား ဤသည်ကို စွန့်ကြဲခြင်းနှင့် ပြည့်စုံမှု ဟူ၍ ဆိုအပ်၏။

ပုဏ္ဏား ပညာနှင့်ပြည့်စုံမှု ဟူသည် အဘယ်နည်း၊ ပုဏ္ဏား ဤသာသနာတော်၌ အမျိုးကောင်းသားသည် ပညာရှိ၏။ပ။ ဝဋ်ဆင်းရဲ၏ကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အဖြစ်အပျက်ကို ထိုးထွင်း၍ သိသော မြတ်သောပညာနှင့် ကောင်းစွာ ပြည့်စုံ၏။ ပုဏ္ဏား ဤသည်ကို ပညာနှင့် ပြည့်စုံမှုဟူ၍ ဆိုအပ်၏။

ပုဏ္ဏား ဤတရား လေးမျိုးတို့သည်ကား အမျိုးကောင်းသားအား နောင်တမလွန် ဘဝ၌ အစီးအပွါးအလို့ငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

အလုပ် လုပ်ရာဌာနတို့၌ ထကြွလုံ့လရှိလျက် မမေ့မလျော့မူ၍ အထူးစီမံခြင်းနှင့် ပြည့်စုံသော ယောကျ်ားသည် မျှတစွာ အသက်မွေးမှုကို ပြု၏၊ ဆည်းပူးအပ်ပြီးသော ဥစ္စာကို အစဉ်စောင့်ရှောက်၏။

သဒ္ဓါတရားရှိ၏၊ သီလနှင့်ပြည့်စုံ၏၊ တောင်းခံသူတို့၏စကားကို သိတတ်၏၊ မစ္ဆရိယ ကင်း၏၊ တမလွန်ဘဝ၌ ချမ်းသာကြောင်းဖြစ်သော (ကုသိုလ်) လမ်းကို အမြဲသုတ်သင်၏။

ဤသို့လျှင် ဤတရားရှစ်ပါးတို့သည် အိမ်ထောင်ဝတ်ကို ရှာမှီးလေရှိသော သဒ္ဓါတရားနှင့် ပြည့်စုံသူအား မျက်မှောက်ဘဝ၌ အစီးအပွါးအလို့ငှါလည်း၊ နောင်တမလွန် ဘဝ၌ ချမ်းသာခြင်းငှါလည်း၊ နှစ်ပါးစုံသော ဘဝ၌ ချမ်းသာကို ဆောင်တတ်ကုန်၏ဟူ၍ အမည်မှန် ရှိတော်မူသော မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်၏။ ဤသို့လျှင် လူဖြစ်သော သူတို့အား စွန့်ကြဲမှုစာဂ ထိုမှကြွင်းသော ကောင်းမှုကုသိုလ်သည် တိုးပွါး၏။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-ဘယသုတ်

၅၆။ ရဟန်းတို့ “ဘေး”ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်တည်း။ ရဟန်းတို့ “ဆင်းရဲ”ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏အမည်တည်း။ ရဟန်းတို့ “ရောဂါ” ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်တည်း။ ရဟန်းတို့ “အိုင်းအမာ” ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်တည်း။ ရဟန်းတို့ “ခြောင့်”ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်တည်း။ ရဟန်းတို့ “ကပ်ငြိမှု” ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်တည်း။ ရဟန်းတို့ “ညွန်” ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်တည်း။ ရဟန်းတို့ “အမိဝမ်းတိုက် ကိန်းအောင်းမှု”ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်တည်း။

ရဟန်းတို့ အဘယ်ကြောင့်လျှင် “ဘေး”ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည် ဖြစ်သနည်း၊ ရဟန်းတို့ အကြင့်ကြောင့် ကာမရာဂဖြင့် တပ်မက်၍ ဆန္ဒရာဂ နှောင်ဖွဲ့အပ်သော ဤသတ္တဝါသည် မျက်မှောက်ဘဝ၌ ဖြစ်သော ဘေးမှလည်း မလွတ်၊ တမလွန်ဘဝ၌ ဖြစ်သော ဘေးမှလည်း မလွတ်၊ ထို့ကြောင့် ဘေးဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်ဖြစ်၏။

ရဟန်းတို့ အဘယ်ကြောင့်လျှင် “ဆင်းရဲ” ဟူသော ဤအမည်သည်။ပ။ “ရောဂါ” ဟူသော ဤအမည်သည်။ “အိုင်းအမာ” ဟူသော ဤအမည်သည်။ ‘ခြောင့်’ ဟူသော ဤအမည်သည်။ “ကပ်ငြိမှု” ဟူသော ဤအမည်သည်။ “ညွန်” ဟူသော ဤအမည်သည်။ “အမိဝမ်းတိုက် ကိန်းအောင်းမှု”ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်ဖြစ်သနည်း။

ရဟန်းတို့ အကြင့်ကြောင့် ကာမရာဂဖြင့် တပ်မက်၍ ဆန္ဒရာဂ နှောင်ဖွဲ့အပ်သော ဤသတ္တဝါသည် မျက်မှောက်ဘဝ၌ ဖြစ်သော အမိဝမ်းတိုက် ကိန်းအောင်းမှုမှလည်း မလွတ်၊ တမလွန်ဘဝ၌ ဖြစ်သော အမိဝမ်းတိုက် ကိန်းအောင်းမှုမှလည်း မလွတ်၊ ထို့ကြောင့် အမိဝမ်းတိုက် ကိန်းအောင်းမှု ဟူသော ဤအမည်သည် ကာမဂုဏ်တို့၏ အမည်ဖြစ်၏။

ကာမဂုဏ်တို့ကိုပင် (ပစ္စုပ္ပန်တမလွန်) နှစ်ပါးစုံ ဖြစ်သောဘေး ဆင်းရဲ ရောဂါ အနာ ဆူးခြောင့် ငြိကပ်မှု ညွန် အမိဝမ်းတိုက် ကိန်းအောင်းမှုတို့ဟု ဆိုအပ်ကုန်၏၊ ယင်းကာမဂုဏ်၌ ငြိကပ်သော ပုထုဇဉ်သည် သာယာအပ်သော သဘောရှိသော ကာမဂုဏ်ချမ်းသာဖြင့် သက်ဝင်သည်ဖြစ်၍ တဖန် အမိဝမ်းတိုက်၌ ကိန်းအောင်းခြင်းသို့ ရောက်ရ၏။

အကြင်အခါ၌ကား ကိလေသာတို့ကို ပူပန်စေတတ်သော လုံ့လရှိသော ရဟန်းသည် ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာကို မကင်းလွတ်စေ၊ (ထိုအခါ၌) ထိုသို့ သဘောရှိသော ထိုရဟန်းသည် ကူးနိုင်ခဲသော ဤ သံသရာခရီးခဲကို လွန်မြောက်၍ ပဋိသန္ဓေနေခြင်း အိုခြင်းနှင့် ပြည့်စုံသော တုန်လှုပ်သော သတ္တဝါအပေါင်းကို(ဉာဏ်ဖြင့်) ရှုမြင်နိုင်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ပဌမ အာဟုနေယျသုတ်

၅၇။ ရဟန်းတို့ တရားရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (အရပ်ဝေးမှ) ဆောင်လာ၍ သော်လည်း ပေးလှူသော အလှူကို ခံထိုက်၏၊ ဧည့်သည်တို့အလို့ငှါ စီမံထားသော အလှူကို

http://www.dhammadownload.com



ခံထိုက်၏၊ တမလွန်အတွက် ရည်မြှော်သော အလှူကို ခံထိုက်၏၊ လက်အုပ်ချီရန်ထိုက်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်ကုန်၏။

အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည် သီလရှိ၏။ပ။ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ကျင့်၏။ များသော အကြားအမြင် ရှိ၏။ပ။ ဉာဏ်ဖြင့်ထိုးထွင်း၍ သိ၏။ ကောင်းသော အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူ ရှိ၏၊ မှန်သော အယူရှိ၏၊ မှန်သော ဉာဏ်အမြင်နှင့် ပြည့်စုံ၏၊ လွန်မြတ်သော စိတ်ကို ဖြစ်စေတတ်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာနေခြင်း၏ အကြောင်းဖြစ်သော စျာန်လေးပါးတို့ကို မငြိုမငြင် ရ၏၊ မပင်မပန်းပဲ ရ၏၊ များပြားသော ရှေး၌ ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏။ ဤသည်ကား အဘယ်နည်း၊ တဘဝကိုရင်း၊ နှစ်ဘဝတို့ကိုရင်း။ပ။ ဤသို့ အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် (အမည်အနွယ်)နှင့်တကွ များပြားသော ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏၊ အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိအမြင်ကို လွန်သော ဒိဗ္ဗစက္ခုဉာဏ်မျက်စိဖြင့် မြင်၏။ပ။ ကံအားလျော်စွာ ဖြစ်ကုန်သော သတ္တဝါတို့ကို သိ၏၊ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့်။ပ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုလျက် ရောက်၍နေ၏။

ရဟန်းတို့ ဤတရားရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူသော အလှူကို ခံထိုက်၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ဒုတိယ အာဟုနေယျသုတ်

၅၈။ ရဟန်းတို့ တရားရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူသော အလှူကို ခံထိုက်၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်ကုန်၏။

အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏။ပ။သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။ များသော အကြားအမြင်ရှိ၏။ပ။ ဉာဏ်ဖြင့် ထိုးထွင်း၍သိ၏။ ထက်သန်သော လုံ့လရှိသည်ဖြစ်၍နေ၏၊ အားအစွမ်းနှင့်ပြည့်စုံ၏၊ မြဲမြံသော အားထုတ်မှုရှိ၏၊ ကုသိုလ်တရားတို့၌ တာဝန်ပစ် မဖြစ်၊ တောကျောင်း၌ နေ၍ အရညကင်ဓုတင်ကို ဆောက်တည်၏၊ မမွေ့လျော်မှုကို သည်းခံနိုင်၏၊ ဖြစ်ပေါ်လာသော မမွေ့လျော်မှုကို နှိပ်နင်း၍ နှိပ်နင်း၍ နေ၏၊ ကြောက်မက်ဖွယ် ဘေးရန်ကို သည်းခံနိုင်၏၊ ဖြစ်ပေါ်လာသော ကြောက်မက်ဖွယ် ဘေးရန်ကို နှိပ်နင်း၍ နှိပ်နင်း၍နေ၏၊လွန်မြတ်သော စိတ်ကို ဖြစ်စေတတ်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေခြင်း၏ အကြောင်းဖြစ်သော စျာန်လေးမျိုးတို့ကို မငြိုမငြင် ရ၏၊ မပင်မပန်းပဲ ရ၏၊ အာသဝေါတရား တို့၏ ကုန်ခြင်းကြောင့်။ပ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုလျက်ရောက်၍နေ၏။ ရဟန်းတို့ ဤတရားရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (အရပ်ဝေးမှ)ဆောင်လာ၍သော်လည်း ပေးလှူသော အလှူကို ခံထိုက်၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

http://www.dhammadownload.com



## ၉-ပဌမ ပုဂ္ဂလသုတ်

၅၉။ ရဟန်းတို့ ဤပုဂ္ဂိုလ်ရှစ်မျိုးတို့သည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူသော အလှူကို ခံထိုက်ကုန်၏၊ ညှေ့သည်တို့အလို့ငှါ စီမံထားသော အလှူကို ခံထိုက်ကုန်၏၊ တမလွန်အတွက် ရည်မြှော်သော အလှူကို ခံထိုက်ကုန်၏၊ လက်အုပ်ချီရန် ထိုက်ကုန်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်ကုန်၏။

အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—သောတာပန်ပုဂ္ဂိုလ် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သော'သောတာပတ္တိမဂ်' ပုဂ္ဂိုလ်၊ သကဒါဂါမ်ပုဂ္ဂိုလ် သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သော'သကဒါဂါမိမဂ်'ပုဂ္ဂိုလ်၊ အနာဂါမ်ပုဂ္ဂိုလ် အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သော 'အနာဂါမိမဂ်'ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သော 'အရဟတ္တမဂ်' ပုဂ္ဂိုလ်။ ရဟန်းတို့ ဤပုဂ္ဂိုလ်ရှစ်မျိုးတို့သည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူသော အလှူကို ခံထိုက်ကုန်၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

ကျင့်ဆဲ ပုဂ္ဂိုလ်လေးယောက် ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးယောက်တို့ ရှိကုန်၏၊ ဖြောင့်မတ်စွာဖြစ်၍ ဖြစ်သော ဤရှစ်ယောက်သော အရိယာသံဃာတော်သည် ပညာ သီလနှင့်ပြည့်စုံ၏။

ပေးလှူပူဇော်ကုန်သော ကောင်းမှုကို ရှာကုန်သော လူဖြစ်ကုန်သော သတ္တဝါတို့၏ ဥပဓိအကျိုးရှိသော ကောင်းမှုကို ပြုလေလော့၊ ဤရှစ်ယောက်သော အရိယာသံဃာ၌ ပေးလှူအပ်သော အလှူသည် အကျိုးကြီး၏။

နဝမသုတ်။

---

## ၁၀-ဒုတိယ ပုဂ္ဂလသုတ်

၆၀။ ရဟန်းတို့ ဤပုဂ္ဂိုလ်ရှစ်မျိုးတို့သည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူသော အလှူကို ခံထိုက်ကုန်၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်ကုန်၏၊ အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—သောတာပန်ပုဂ္ဂိုလ် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သော 'သောတာပတ္တိမဂ်'ပုဂ္ဂိုလ်။ပ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သော အရဟတ္တမဂ်ပုဂ္ဂိုလ်။ (ရဟန်းတို့) ဤပုဂ္ဂိုလ်ရှစ်မျိုးတို့သည်(အရပ်ဝေးမှ)ဆောင်လာ၍သော်လည်း ပေးလှူသော အလှူကို ခံထိုက်ကုန်၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

ကျင့်ဆဲပုဂ္ဂိုလ်လေးယောက် ဖိုလ်၌တည်သောပုဂ္ဂိုလ်လေးယောက်ဟူသော ရှစ်ယောက်သောပုဂ္ဂိုလ်တို့ ရှိကုန်၏၊ ဤရှစ်ယောက်သော အရိယာသံဃာတော်သည် သတ္တဝါအားလုံးတို့ထက် မြတ်၏။

http://www.dhammadownload.com



ပေးလှူပူဇော်ကုန်သော ကောင်းမှုကို ရှာကုန်သော လူဖြစ်ကုန်သော သတ္တဝါတို့၏ ဥပဓိအကျိုးရှိသော ကောင်းမှုကို ပြုလေလေ့၊ ဤရှစ်ယောက်သော အရိယာသံဃာ၌ ပေးလှူအပ်သော အလှူသည် အကျိုးကြီး၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ရှေးဦးစွာသော ဂေါတမီဝဂ် ပြီး၏။

## (၇) ၂-ဘူမိစာလဝဂ် ၁-ဣစ္ဆာသုတ်

၆၁။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်ရှစ်မျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ (ကာယဝိဝေကဖြင့် အပေါင်းအဖော်မှ) ကင်းဆိတ်လျက် (တစုံတခုနှင့်မျှ) မဆက်စပ်မူ၍ နေသော (ယောဂီ) ရဟန်းအား (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အလို ဖြစ်ပေါ်လာ၏၊ ထိုရဟန်းသည် (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အားထုတ်၏၊ စေ့ဆော်၏၊ လုံ့လစိုက်၏၊ လာဘ်ရခြင်းငှါ အားထုတ် စေ့ဆော် လုံ့လစိုက်သော ထိုရဟန်းအား လာဘ်ရခြင်းသည် မဖြစ်။ ထိုရဟန်းသည် ထိုလာဘ်မရခြင်းကြောင့် စိုးရိမ်ရ၏၊ ပင်ပန်းရ၏၊ ငိုကြွေးရ၏၊ ရင်တီး လက်ခတ် မြည်တမ်းရ၏၊ ပြင်းစွာ တွေဝေခြင်းသို့ ရောက်ရ၏။ ရဟန်းတို့ ဤရဟန်းကို လာဘ်ရခြင်းငှါ အလိုရှိ၍နေသူ လာဘ်ရခြင်းငှါ အားထုတ်သူ စေ့ဆော်သူ လုံ့လစိုက်သူ လာဘ်ရခြင်းလည်း မရှိသူ စိုးရိမ်လည်း စိုးရိမ်ရသူ ငိုကြွေးလည်း ငိုကြွေးရသူ သူတော်ကောင်းတရားမှလည်း ရွေ့လျောရသူဟု ဆိုအပ်၏။

ရဟန်းတို့ ဤလောက၌ (ကာယဝိဝေကဖြင့် အပေါင်းအဖော်မှ)ကင်းဆိတ်လျက် (တစုံတခုနှင့်မျှ) မဆက်စပ်မူ၍နေသော (ယောဂီ)ရဟန်းအား (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အလို ဖြစ်ပေါ်လာ၏၊ ထိုရဟန်းသည် (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အားထုတ်၏၊ စေ့ဆော်၏၊ လုံ့လစိုက်၏၊ လာဘ်ရခြင်းငှါ အားထုတ် စေ့ဆော် လုံ့လစိုက်သော ထိုရဟန်းအား လာဘ်ရခြင်းသည် ဖြစ်၏။ ထိုရဟန်းသည် ထို(ပစ္စည်းလေးပါး) လာဘ်ရခြင်းကြောင့် ယစ်မူး၏၊ အလွန် ယစ်မူး၏၊ မေ့လျော့ခြင်းသို့ ရောက်၏။ ရဟန်းတို့ ဤရဟန်းကို လာဘ်ရခြင်းငှါ အလိုရှိ၍နေသူ လာဘ်ရခြင်းငှါ အားထုတ်သူ စေ့ဆော်သူ လုံ့လစိုက်သူ လာဘ်လည်းရသူ ယစ်မူးလည်း ယစ်မူးသူ မေ့လျော့လည်း မေ့လျော့သူ သူတော်ကောင်းတရားမှလည်း ရွေ့လျောရသူ ဟု ဆိုအပ်၏။

ရဟန်းတို့ ဤလောက၌ (ကာယဝိဝေကဖြင့် အပေါင်းအဖော်မှ)ကင်းဆိတ်လျက် (တစုံတခု နှင့်မျှ) မဆက်စပ်မူ၍နေသော (ယောဂီ)ရဟန်းအား (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အလို ဖြစ်ပေါ်လာ၏၊ ထိုရဟန်းသည် (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အားထုတ် မစေ့ဆော်၊ လုံ့လမစိုက်၊ လာဘ်ရခြင်းငှါ အားမထုတ်၊မစေ့ဆော်၊ လုံ့လမစိုက်သော ထိုရဟန်းအား လာဘ်ရ ခြင်းသည် မဖြစ်၊ ထိုရဟန်းသည် ထိုလာဘ်မရခြင်းကြောင့် စိုးရိမ်ရ၏၊ ပင်ပန်းရ၏၊ ငိုကြွေးရ၏၊ ရင်တီး လက်ခတ်မြည်တမ်းရ၏၊ ပြင်းစွာ တွေဝေခြင်းသို့ ရောက်ရ၏။ ရဟန်းတို့ ဤရဟန်းကို လာဘ်ရခြင်းငှါ အလို၍ရှိနေသူ၊ လာဘ်ရခြင်းငှါ အားမထုတ်သူ၊ မစေ့ဆော်သူ၊ လုံ့လမစိုက်သူ၊ လာဘ်လည်း မရသူ၊စိုးရိမ်လည်း စိုးရိမ်ရသူ၊ ငိုကြွေးလည်း ငိုကြွေးရသူ၊ သူတော်ကောင်း တရားမှလည်း ရွေ့လျောရသူဟု ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ ဤလောက၌ (ကာယဝိဝေကဖြင့် အပေါင်းအဖော်မှ) ကင်းဆိတ်လျက် (တစုံတခုနှင့်မျှ) မဆက်စပ်မူ၍နေသော (ယောဂီ)ရဟန်းအား (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အလိုဖြစ်ပေါ်လာ၏၊ ထိုရဟန်းသည် (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အားမထုတ်၊ မစေ့ဆော်၊ လုံ့လမစိုက်၊ လာဘ်ရခြင်းငှါ အားမထုတ် မစေဆော် လုံ့လမစိုက်သော ထိုရဟန်းအား လာဘ်ရခြင်းသည် ဖြစ်၏။ ထိုရဟန်းသည် ထိုလာဘ်ရခြင်းကြောင့် ယစ်မူး၏၊ အလွန်ယစ်မူး၏၊ မေ့လျော့ခြင်းသို့ ရောက်၏။ ရဟန်းတို့ ဤရဟန်းကို လာဘ်ရခြင်းငှါ အလိုရှိ၍ နေသူ၊ လာဘ်ရခြင်းငှါ အားမထုတ်သူ၊ မစေ့ဆော်သူ၊ လုံ့လမစိုက်သူ၊ လာဘ်လည်း ရသူ၊ ယစ်မူးလည်း ယစ်မူးသူ၊ မေ့လျော့သည်း မေ့လျော့သူ၊ သူတော်ကောင်းတရားမှလည်း ရွေ့လျောရသူဟု ဆိုအပ်၏။

ရဟန်းတို့ ဤလောက၌ (ကာယဝိဝေကဖြင့် အပေါင်းအဖော်မှ) ကင်းဆိတ်လျက် (တစုံတခုနှင့်မျှ) မဆက်စပ်မူ၍နေသော (ယောဂီ)ရဟန်းအား (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အလိုဖြစ်ပေါ်လာ၏၊ ထိုရဟန်းသည် (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အားထုတ်၏၊ စေ့ဆော်၏၊ လုံ့လစိုက်၏၊ လာဘ်ရခြင်းငှါ အားထုတ် စေ့ဆော် လုံ့လစိုက်သော ထိုရဟန်းအား လာဘ်ရခြင်းသည်မဖြစ်။ ထိုရဟန်းသည် ထိုလာဘ်ကို မရခြင်းကြောင့် မစိုးရိမ်မပင်ပန်း၊ မငိုကြွေး၊ ရင်တီးလက်ခတ် မမြည်တမ်း၊ ပြင်းစွာတွေဝေခြင်းသို့မရောက်။ ရဟန်းတို့ ဤရဟန်းကို လာဘ်ရခြင်းငှါ အလိုရှိ၍ နေသူ၊လာဘ်ရခြင်းငှါအားထုတ်သူ၊စေ့ဆော်သူ၊လုံ့လစိုက်သူ၊ လာဘ်ကိုလည်း မရသူ၊ စိုးရိမ်လည်း မစိုးရိမ်ရသူ၊ ငိုကြွေးလည်း မငိုကြွေးရသူ၊ သူတော်ကောင်း တရားမှလည်း မရွေ့လျောရသူ ဟု ဆိုအပ်၏။

ရဟန်းတို့ ဤလောက၌ (ကာယဝိဝေကဖြင့် အပေါင်းအဖော်မှ)ကင်းဆိတ်လျက် (တစုံတခုနှင့်မျှ) မဆက်စပ်မူ၍ နေသော (ယောဂီ) ရဟန်းအား (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အလိုဖြစ်ပေါ်လာ၏၊ ထိုရဟန်းသည် (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အားထုတ်၏၊ စေ့ဆော်၏၊ လုံ့လစိုက်၏၊ လာဘ်ရခြင်းငှါ အားထုတ် စေ့ဆော် လုံ့လစိုက်သော ထိုရဟန်းအား လာဘ်ရခြင်းသည်ဖြစ်၏။ ထိုရဟန်းသည် ထိုလာဘ်ရခြင်းကြောင့် မယစ်မူး၊ အလွန်မယစ်မူး၊ မေ့လျော့ခြင်းသို့ မရောက်။ ရဟန်းတို့ ဤရဟန်းကို လာဘ်ရခြင်းငှါအလိုရှိ၍ နေသူ၊ လာဘ်ရခြင်းငှါ အားထုတ်သူ၊ စေ့ဆော်သူ၊လုံ့လစိုက်သူ လာဘ်လည်းရသူ၊ယစ်မူးလည်း မယစ်မူးသူ၊မေ့လျော့လည်း မမေ့လျော့သူ၊ သူတော်ကောင်းတရားမှလည်း မရွေ့လျောရသူဟု ဆိုအပ်၏။

ရဟန်းတို့ ဤလောက၌ (ကာယဝိဝေကဖြင့် အပေါင်းအဖော်မှ) ကင်းဆိတ်လျက် (တစုံတခုနှင့်မျှ) မဆက်စပ်မူ၍ နေသော (ယောဂီ) ရဟန်းအား(ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အလိုဖြစ်ပေါ်လာ၏၊ ထိုရဟန်းသည် (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အားမထုတ်၊ မစေ့ဆော်၊ လုံ့လမစိုက်၊ လာဘ်ရခြင်းငှါ အားမထုတ် မစေ့ဆော် လုံ့လမစိုက်သော ထိုရဟန်းအား လာဘ်ရခြင်းသည် မဖြစ်။ ထိုရဟန်းသည် ထိုလာဘ်မရခြင်းကြောင့် မစိုးရိမ် မပင်ပန်း၊ မငိုကြွေး၊ ရင်တီးလက်ခတ် မမြည်တမ်း၊ ပြင်းစွာ တွေဝေခြင်းသို့ မရောက်။ ရဟန်းတို့ ဤရဟန်းကို လာဘ်ရခြင်းငှါ အလိုရှိ၍ နေသူ၊ လာဘ်ရခြင်းငှါ အားမထုတ်သူ၊ မစေ့ဆော်သူ၊ လုံ့လမစိုက်သူ၊ လာဘ်လည်း မရသူ၊ စိုးရိမ်လည်း မစိုးရိမ်သူ၊ ငိုကြွေးလည်း မငိုကြွေးသူ၊ သူတော်ကောင်းတရားမှလည်း မရွေ့လျောရသူ ဟု ဆိုအပ်၏။

ရဟန်းတို့ ဤလောက၌ (ကာယဝိဝေကဖြင့် အပေါင်းအဖော်မှ) ကင်းဆိတ်လျက် (တစုံတခုနှင့်မျှ) မဆက်စပ်မူ၍ နေသော (ယောဂီ) ရဟန်းအား (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အလို

http://www.dhammadownload.com



ဖြစ်ပေါ်လာ၏၊ ထိုရဟန်းသည် လာဘ်ရခြင်းငှါ အားမထုတ် မစေ့ဆော်၊ လုံ့လမစိုက်၊ လာဘ်ရခြင်းငှါ အားမထုတ် မစေ့ဆော် လုံ့လမစိုက်သော ထိုရဟန်းအား လာဘ်ရခြင်းသည်ဖြစ်၏။ ထိုရဟန်းသည် ထိုလာဘ်ရခြင်းကြောင့် မယစ်မူး၊ အလွန် မယစ်မူး၊ မေ့လျော့ခြင်းသို့ မရောက်။ ရဟန်းတို့ ဤရဟန်းကို လာဘ်ရခြင်းငှါ အလိုရှိ၍ နေသူ၊ လာဘ်ရခြင်းငှါ အားမထုတ်သူ၊ မစေ့ဆော်သူ၊ လုံ့လမစိုက်သူ၊ လာဘ်လည်းရသူ၊ ယစ်မူးလည်း မယစ်မူးသူ၊ မေ့လျော့လည်း မမေ့လျော့သူ၊ သူတော်ကောင်းတရားမှလည်း မရွေ့လျောရသူ ဟု ဆိုအပ်၏။

ရဟန်းတို့ ဤလောက၌ ဤပုဂ္ဂိုလ်ရှစ်မျိုးတို့သည် ထင်ရှားရှိကုန်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-အလံသုတ်

၆၂။ ရဟန်းတို့ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မိမိ၏ (အစီးအပွါးကို ကျင့်ခြင်း၌) စွမ်းနိုင်၏၊ သူတပါးတို့၏ (အစီးအပွါးကို ကျင့်ခြင်း၌လည်း) စွမ်းနိုင်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကုသိုလ်တရားတို့၌ လျင်စွာ စုံစမ်း မှတ်သားနိုင်၏။ ကြားနာပြီးသော တရားတို့ကို ဆောင်ထားတတ်သော သဘောရှိ၏။ ဆောင်ထားပြီးသော တရားတို့၏ အနက်ကိုလည်း စုံစမ်း ဆင်ခြင်နိုင်၏။ အနက် ပါဠိကို သိ၍ တရားအားလျော်သော အကျင့်ကိုလည်း ကျင့်၏။ ကောင်းသော စကားလည်း ရှိ၏၊ ကောင်းသော မြွက်ဆိုသံ ရှိ၏၊ သန့်ရှင်းသော အပြစ်ကင်းသော အဓိပ္ပါယ်သိလွယ်သော ပြည်ကြီးသူတို့၏ စကားနှင့် ပြည့်စုံ၏။ သီတင်းသုံးဖော်တို့အား တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေနိုင်၏။ ရဟန်းတို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မိမိ၏ (အစီးအပွါးကို ကျင့်ခြင်း၌) စွမ်းနိုင်၏၊ သူတပါးတို့၏ (အစီးအပွါးကို ကျင့်ခြင်း၌လည်း) စွမ်းနိုင်၏။ (၁)

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မိမိ၏ (အစီးအပွါးကို ကျင့်ခြင်း၌) စွမ်းနိုင်၏၊ သူတပါးတို့၏ (အစီးအပွါးကို ကျင့်ခြင်း၌လည်း) စွမ်းနိုင်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကုသိုလ်တရားတို့၌ လျင်စွာ စုံစမ်း မှတ်သားနိုင်ခြင်းကား မရှိ။ ကြားနာအပ်ပြီးသော တရားကို ဆောင်ထားတတ်သော သဘောရှိ၏။ ဆောင်ထားပြီးသော တရားတို့၏ အနက်ကိုလည်း စုံစမ်း ဆင်ခြင်နိုင်၏။ အနက် ပါဠိကို သိ၍ တရားအားလျော်သော အကျင့်ကိုလည်း ကျင့်၏။ ကောင်းသော စကားလည်း ရှိ၏။ပ။ အဓိပ္ပါယ်သိလွယ်သော ပြည်ကြီးသူတို့၏ စကားနှင့်လည်း ပြည့်စုံ၏။ သီတင်းသုံးဖော်တို့အား တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက်(တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေနိုင်၏။ ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မိမိ၏ (အစီးအပွါးကို ကျင့်ခြင်း၌) စွမ်းနိုင်၏၊ သူတပါးတို့၏ (အစီးအပွါးကို ကျင့်ခြင်း၌လည်း) စွမ်းနိုင်၏။ (၂)

http://www.dhammadownload.com



ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မိမိ၏ (အစီးအပွါးကို ကျင့်ခြင်း၌) စွမ်းနိုင်၏၊ သူတပါးတို့၏ (အစီးအပွါးကို ကျင့်ခြင်း၌ကား) မစွမ်းနိုင်။

'အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကုသိုလ်တရားတို့၌ လျင်စွာ စုံစမ်းမှတ်သားနိုင်၏။ ကြားနာပြီးသော တရားတို့ကို ဆောင်ထားတတ်သော သဘော ရှိ၏။ ဆောင်ထားပြီးသော တရားတို့၏ အနက်ကိုလည်း စုံစမ်း ဆင်ခြင်နိုင်၏။ အနက် ပါဠိကို သိ၍ တရားအားလျော်သော အကျင့်ကိုလည်း ကျင့်၏။ ကောင်းသော စကား မရှိ၊ ကောင်းသော မြွက်ဆိုသံ မရှိ၊ သန့်ရှင်းသော အပြစ်ကင်းသော အဓိပ္ပါယ်သိလွယ်သော ပြည်ကြီးသူတို့၏ စကား နှင့်လည်း မပြည့်စုံ။ သီတင်းသုံးဖော်တို့အား တရားစကားကို ကောင်းစွာ မပြတတ်၊ (တရားကို) မဆောက်တည်စေနိုင်၊ (တရားကျင့်သုံးရန်) မထက်သန် မရွှင်လန်းစေနိုင်။ ရဟန်းတို့ ဤတရား လေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မိမိ၏ (အစီးအပွါးကို ကျင့်ခြင်း၌) စွမ်းနိုင်၏၊ သူတပါး တို့၏ (အစီးအပွါးကို ကျင့်ခြင်း၌ကား) မစွမ်းနိုင်။ (၃)

ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သူတပါးတို့၏ (အစီးအပွါးကို ကျင့်ခြင်း၌) စွမ်းနိုင်၏၊ မိမိ၏ (အစီးအပွါးကို ကျင့်ခြင်း၌ကား) မစွမ်းနိုင်။

အဘယ်လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကုသိုလ်တရား တို့၌ လျင်စွာ စုံစမ်း မှတ်သားနိုင်၏။ ကြားနာပြီးသော တရားတို့ကို ဆောင်ထားတတ်သော သဘောရှိ၏။ ဆောင်ထားပြီးသော တရားတို့၏ အနက်ကိုကား မစုံစမ်း မဆင်ခြင်နိုင်။ အနက် ပါဠိကို သိ၍ တရားအားလျော်သော အကျင့်ကို မကျင့်။ ကောင်းသော စကားရှိ၏၊ ကောင်းသော မြွက်ဆိုသံရှိ၏။ပ။ အဓိပ္ပါယ်သိလွယ်သော ပြည်ကြီးသူတို့၏ စကားနှင့် ပြည့်စုံ၏။ သီတင်းသုံးဖော် တို့အား (တရားစကားဖြင့်) ကောင်းစွာ ပြတတ်၏။ပ။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံ သော ရဟန်းသည် သူတပါးတို့၏ (အစီးအပွါးကို ကျင့်ခြင်း၌) စွမ်းနိုင်၏၊ မိမိ၏ (အစီးအပွါးကို ကျင့်ခြင်း၌ကား) မစွမ်းနိုင်။ (၄)

ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မိမိ၏ (အစီးအပွါးကို ကျင့်ခြင်း၌) စွမ်းနိုင်၏၊ သူတပါးတို့၏ (အစီးအပွါးကို ကျင့်ခြင်း၌ကား) မစွမ်းနိုင်။

အဘယ်သုံးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကုသိုလ်တရားတို့၌ လျင်စွာ စုံစမ်း မှတ်သားနိုင်ခြင်း မရှိ။ ကြားနာပြီးသော တရားတို့ကို ဆောင်ထားတတ်သော သဘောရှိ၏။ ဆောင်ထားပြီးသော တရားတို့၏ အနက်ကိုလည်း စုံစမ်း ဆင်ခြင်နိုင်၏။ အနက် ပါဠိကို သိ၍ တရားအားလျော်သော အကျင့်ကိုလည်း ကျင့်၏။ ကောင်းသော စကားမရှိ၊ ကောင်းသော မြွက်ဆိုသံ မရှိ၊ သန့်ရှင်းသော အပြစ်ကင်းသော အဓိပ္ပါယ်သိလွယ်သော ပြည်ကြီး သူတို့၏ စကားနှင့် မပြည့်စုံ။ သီတင်းသုံးဖော်တို့အား တရားစကားကို ကောင်းစွာ မပြတတ်၊ (တရားကို) မဆောက်တည်စေနိုင်၊ (တရားကျင့်သုံးရန်) မထက်သန် မရွှင်လန်းစေနိုင်။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မိမိ၏ (အစီးအပွါးကို ကျင့်ခြင်း၌) စွမ်းနိုင်၏၊ သူတပါးတို့၏ (အစီးအပွါးကို ကျင့်ခြင်း၌ကား) မစွမ်းနိုင်။ (၅)

ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သူတပါးတို့၏ (အစီးအပွါးကို ကျင့်ခြင်း၌) စွမ်းနိုင်၏၊ မိမိ၏ (အစီးအပွါးကို ကျင့်ခြင်း၌ကား) မစွမ်းနိုင်။

http://www.dhammadownload.com



အဘယ်သုံးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော် ရဟန်းသည် ကုသိုလ်တရားတို့၌ လျင်စွာ စုံစမ်း မှတ်သားနိုင်ခြင်း မရှိ။ ကြားနာပြီးသော တရားတို့ကို ဆောင်ထားတတ်သော သဘောရှိ၏။ ဆောင်ထားပြီးသော တရားတို့၏ အနက်ကိုကား မစုံစမ်း မဆင်ခြင်နိုင်။ အနက် ပါဠိကို သိ၍ လောကုတ္တရာ တရားအားလျော်သော အကျင့်ကိုလည်း မကျင့်။ ကောင်းသော စကားရှိ၏။ပ။ အဓိပ္ပါယ်သိလွယ်သော ပြည်ကြီးသူတို့ စကားနှင့် ပြည့်စုံ၏။ သီတင်းသုံးဖော် တို့အား တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေနိုင်၏။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သူတပါးတို့၏ (အစီးအပွါးကို ကျင့်ခြင်း၌) စွမ်းနိုင်၏၊ မိမိ၏ (အစီးအပွါးကို ကျင့်ခြင်း၌ကား) မစွမ်းနိုင်။ (၆)

ရဟန်းတို့ တရားနှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မိမိ၏ (အစီးအပွါးကို ကျင့်ခြင်း၌) စွမ်းနိုင်၏၊ သူတပါးတို့၏ (အစီးအပွါးကို ကျင့်ခြင်း၌ကား) မစွမ်းနိုင်။

အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကုသိုလ်တရားတို့ကို လျင်စွာ စုံစမ်းမှတ်သားနိုင်ခြင်း မရှိ၊ ကြားနာပြီးသော တရားတို့ကို ဆောင်ထားတတ်သော သဘောမရှိ။ ဆောင်ထားပြီးသော တရားတို့၏အနက်ကိုကား စုံစမ်း ဆင်ခြင်နိုင်၏။ အနက်ပါဠိကို သိ၍ လောကုတ္တရာတရား အားလျော်သော အကျင့်ကို ကျင့်၏။ ကောင်းသော စကားမရှိ။ပ။ အဓိပ္ပါယ်သိလွယ်သော ပြည်ကြီးသူတို့ စကားနှင့် မပြည့်စုံ။သီတင်းသုံးဖော်တို့အား တရားစကားဖြင့် (အကျိုးစီးပွါးကို) မပြတတ်။ပ။ ရဟန်းတို့ ဤတရားနှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မိမိ၏ (အစီးအပွါးကို ကျင့်ခြင်း၌) စွမ်းနိုင်၏၊ သူတပါးတို့၏ (အစီးအပွါးကို ကျင့်ခြင်း၌ကား) မစွမ်းနိုင်။ (၇)

ရဟန်းတို့ တရားနှစ်မျိုးတို့နှင့်ပြည့်စုံသော ရဟန်းသည် သူတပါးတို့၏ (အစီးအပွါးကို ကျင့်ခြင်း၌) စွမ်းနိုင်၏၊ မိမိ၏ (အစီးအပွါးကို ကျင့်ခြင်း၌ကား) မစွမ်းနိုင်။

အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကုသိုလ်တရားတို့၌ လျင်စွာ စုံစမ်း မှတ်သားနိုင်ခြင်း မရှိ။ ကြားနာပြီးသော တရားတို့ကို ဆောင်ထားတတ်သော သဘောမရှိ။ ဆောင်ထားပြီးသော တရားတို့၏အနက်ကိုလည်း မစုံစမ်း မဆင်ခြင်နိုင်။ အနက်ပါဠိကို သိ၍ လောကုတ္တရာတရား အားလျော်သော အကျင့်ကို မကျင့်။ ကောင်းသော စကားရှိ၏၊ ကောင်းသော မြွက်ဆိုသံ ရှိ၏၊ သန့်ရှင်းသော အပြစ်ကင်းသော အဓိပ္ပါယ်သိလွယ်သော ပြည်ကြီးသူ တို့၏ စကားနှင့် ပြည့်စုံ၏။ သီတင်းသုံးဖော်တို့အား တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင် စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေနိုင်၏။ ရဟန်းတို့ ဤတရားနှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သူတပါးတို့၏ (အစီးအပွါးကို ကျင့်ခြင်း၌)စွမ်းနိုင်၏၊ မိမိ၏ (အစီးအပွါးကို ကျင့်ခြင်း၌ကား) မစွမ်းနိုင်ဟု(မိန့်တော်မူ၏)။ (၈)

ဒုတိယသုတ်။

---

## ၃-သံခိတ္တသုတ်

၆၃။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင်။ပ။တခုသောနေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား— "အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည်

http://www.dhammadownload.com



အကျွန်ုပ်အား အကျဉ်းအားဖြင့် တရားဟောတော် မူပါလော့၊ မြတ်စွာဘုရား၏ အထံတော်မှ ယင်းတရားတော်ကို ကြားနာရ၍ အကျွန်ုပ်သည် တယောက်တည်း ဆိတ်ငြိမ်ရာ အရပ်သို့ ချဉ်းကပ်ကာ မမေ့မလျော့ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်လျက် နေပါအံ့''ဟု လျှောက်၏။

ဤသို့လျှင် ဤသာသနာတော်၌ အချို့သော မဂ်ဖိုလ်မှ အချည်းနှီး ဖြစ်သောယောကျ်ားတို့သည် ငါ့ကိုသာလျှင်(တရားဟောရန်)တိုက်တွန်းကုန်၏၊တရားဟောသော်လည်း ငါ့သို့သာလျှင် (ဣရိယာပုထ်အားဖြင့်)အစဉ်လိုက်သင့်၏ဟု မှတ်ထင်ကုန်၏ဟု(မိန့်တော်မူ၏)။

အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အကျွန်ုပ်အား အကျဉ်းအားဖြင့် တရားကို ဟောတော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား အကျဉ်းအားဖြင့် တရားကို ဟောတော်မူပါလော့၊ အကျွန်ုပ်သည် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်၏အနက်ကို သိနိုင်တန်ရာပါ၏၊ အကျွန်ုပ်သည် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်၏ အမွေခံ ဖြစ်နိုင်တန်ရာပါ၏ ဟု (လျှောက်၏)။

ရဟန်း သို့ဖြစ်လျှင် သင်သည် ''ငါ၏ကိုယ်တွင်းသန္တာန်၌သာလျှင် စိတ်သည်တည်၏၊ ကောင်းစွာတည်၏၊ ဖြစ်ပေါ်ကုန်သော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့သည် ကုသိုလ်စိတ်ကို ထက်ဝန်းကျင်မှ သိမ်းယူ၍ တည်လိမ့်မည်မဟုတ်''ဟု ဤသို့ ကျင့်ရမည်။ ရဟန်းသင်သည် ဤသို့လျှင် ကျင့်ရမည်။

ရဟန်း အကြင်အခါ၌ သင်၏ကိုယ်တွင်းသန္တာန်၌ စိတ်သည်တည်၏၊ ကောင်းစွာ တည်၏၊ ဖြစ်ပေါ်ကုန်သော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့သည်လည်း ကုသိုလ်နိမိတ်ကို သိမ်းယူ၍ မတည်ကုန်၊ ရဟန်း ထိုအခါ၌ သင်သည်''ငါ့အား စိတ်၏ (ဆန့်ကျင်ဖက်တရားတို့မှ) လွတ်သော မေတ္တာစျာန်ကို ပွါးများအပ် ကြိမ်ဖန်များစွာပြုအပ် လေ့လာအပ် ယာဉ်ကဲ့သို့ပြုအပ် တည်ရာကဲ့သို့ ပြုအပ် အစဉ်တည်အပ် လေ့လာအပ် ကောင်းစွာ အားထုတ်အပ်သည် ဖြစ်ပေလိမ့်မည်''ဟု ဤသို့ ကျင့်ရမည်။ ရဟန်း သင်သည် ဤသို့လျှင် ကျင့်ရမည်။

ရဟန်း အကြင်အခါ၌ သင်သည် ဤသမာဓိကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာပြုအပ်၏၊ ရဟန်း ထိုအခါ၌ သင်သည် ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ'လည်း ရှိသော ဤသမာဓိကို ပွါးများလေလော့၊ ကြံစည်မှု'ဝိတက်'မရှိ၊ သုံးသပ်မှု'ဝိစာရ'မျှသာရှိသော သမာဓိကိုလည်း ပွါးများလေလော့၊ ကြံစည်မှု'ဝိတက်'လည်း မရှိ၊သုံးသပ်မှု'ဝိစာရ'လည်း မရှိသော သမာဓိကိုလည်း ပွါးများလေလော့။ နှစ်သက်မှု'ပီတိ'နှင့်တကွဖြစ်သော သမာဓိကိုလည်း ပွါးများလေလော့၊ ပီတိမရှိသော သမာဓိကိုလည်း ပွါးများလေလော့၊သာယာမှု သောမနဿနှင့် တကွဖြစ်သော သမာဓိကိုလည်း ပွါးများလေလော့၊ လျစ်လျူရှုမှု ဥပေက္ခာနှင့်တကွဖြစ်သော သမာဓိကိုလည်း ပွါးများလေလော့။ ရဟန်း အကြင်အခါ၌ သင်သည် ဤသမာဓိကို ဤသို့ ပွါးများအပ် ကောင်းစွာ ပွါးများအပ်၏။ ရဟန်း ထိုအခါ၌ သင်သည်''ငါ့အား စိတ်၏ (ဆန့်ကျင်ဖက် တရားတို့မှ) လွတ်သော ကရုဏာစျာန်ကို။ ငါ့အားစိတ်၏ (ဆန့်ကျင်ဖက် တရားတို့မှ) လွတ်သော မုဒိတာစျာန်ကို။ ငါ့အား စိတ်၏ (ဆန့်ကျင်ဖက် တရားတို့မှ) လွတ်သော ဥပေက္ခာစျာန်ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ် ယာဉ်ကဲ့သို့ပြုအပ် တည်ရာကဲ့သို့ပြုအပ် အစဉ်တည်အပ် လေ့လာအပ် ကောင်းစွာအား ထုတ်အပ်သည် ဖြစ်ပေလိမ့်မည်''ဟု ဤသို့ ကျင့်ရမည်။ ရဟန်း သင်သည် ဤသို့လျှင် ကျင့်ရမည်။

http://www.dhammadownload.com



ရဟန်း အကြင်အခါ၌ သင်သည် ဤသမာဓိကို ဤသို့ ပွါးများအပ် ကောင်းစွာ ပွါးများအပ်၏၊ ရဟန်း ထိုအခါ၌ သင်သည် ဝိတက်ဝိစာရနှင့်တကွဖြစ်သော ဤသမာဓိကိုလည်း ပွါးများလေလော့၊ ကြံစည်မှု'ဝိတက်'မရှိ သုံးသပ်မှု'ဝိစာရ'မျှသာရှိသော သမာဓိကိုလည်း ပွါးများလေလော့၊ ကြံစည်မှု'ဝိတက်' သုံးသပ်မှု'ဝိစာရ'မရှိသော သမာဓိကိုလည်း ပွါးများလေလော့၊ နှစ်သက်မှု 'ပီတိ'နှင့်တကွဖြစ်သော သမာဓိကိုလည်း ပွါးများလေလော့၊နှစ်သက်မှု'ပီတိ'မရှိသော သမာဓိကိုလည်း ပွါးများလေလော့၊သာယာမှု'သောမနဿ'နှင့်တကွဖြစ်သော သမာဓိကိုလည်း ပွါးများလေလော့၊ လျစ်လျူရှုမှု'ဥပေက္ခာ'နှင့် တကွဖြစ်သော သမာဓိကိုလည်း ပွါးများလေလော့။ ရဟန်း အကြင်အခါ၌ သင်သည် ဤသမာဓိကို ဤသို့ ပွါးများအပ် ကောင်းစွာပွါးများအပ်၏၊ ရဟန်း ထိုအခါ၌ သင်သည် "လွန်စွာအားထုတ်သည် အပြားအားဖြင့် သိသည် အောက်မေ့မှု ရှိသည်ဖြစ်၍ လောက၌ တပ်မက်သောအားဖြင့် ရှေးရှု ကြံစည်မှု'အဘိဇ္ဈာ' နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်လျက် ကိုယ်၌ ကိုယ်ဟု ရှုလေ့ရှိသည်ဖြစ်၍ နေအံ့" ဟုကျင့်ရမည်။ ရဟန်း သင်သည် ဤသို့လျှင် ကျင့်ရမည်။

ရဟန်း အကြင်အခါ၌ သင်သည် ဤသမာဓိကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာပြုအပ်၏၊ ရဟန်း ထိုအခါ၌ သင်သည် ကြံစည်မှု'ဝိတက်' သုံးသပ်မှု'ဝိစာရ'နှင့် တကွဖြစ်သော ဤသမာဓိကိုလည်း ပွါးများလေလော့၊ ကြံစည်မှု'ဝိတက်'မရှိ သုံးသပ်မှု'ဝိစာရ'မျှသာရှိသော သမာဓိကိုလည်း ပွါးများလေလော့၊ ကြံစည်မှု'ဝိတက်' သုံးသပ်မှု'ဝိစာရ'မရှိသော သမာဓိကိုလည်း ပွါးများလေလော့၊ နှစ်သက်မှု'ပီတိ'နှင့် တကွဖြစ်သော သမာဓိကိုလည်း ပွါးများလေလော့၊နှစ်သက်မှု'ပီတိ'မရှိသော သမာဓိကိုလည်း ပွါးများလေလော့၊ သာယာမှု'သောမနဿ' နှင့်တကွဖြစ်သော သမာဓိကိုလည်း ပွါးများလေလော့၊ လျစ်လျူရှုမှု'ဥပေက္ခာ'နှင့်တကွဖြစ်သော သမာဓိကိုလည်း ပွါးများလေလော့။ ရဟန်း အကြင်အခါ၌ သင်သည် ဤသမာဓိကို ဤသို့ ပွါးများအပ် ကောင်းစွာ ပွါးများအပ်၏။ ရဟန်း ထိုအခါ၌ သင်သည် "လွန်စွာ အားထုတ်သည် အပြားအားဖြင့် သိသည် အောက်မေ့မှု'သတိ'ရှိသည်ဖြစ်၍ လောက၌ ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ' နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်လျက် ဝေဒနာတို့၌။ စိတ်၌။ တရားသဘောတို့၌ တရားသဘောဟု ရှုလေ့ရှိသည် ဖြစ်၍ နေအံ့"ဟု ကျင့်ရမည်။ ရဟန်း သင်သည် ဤသို့လျှင် ကျင့်ရမည်။ ရဟန်း အကြင်အခါ၌ သင်သည် ဤသမာဓိကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်၏။ ရဟန်း ထိုအခါ၌ သင်သည် ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' နှင့် တကွဖြစ်သော ဤသမာဓိကိုလည်း ပွါးများလေလော့၊ ကြံစည်မှု 'ဝိတက်' မရှိ သုံးသပ်မှု 'ဝိစာရ' မျှသာရှိသော သမာဓိကိုလည်း ပွါးများလေလော့၊ ကြံစည်မှု 'ဝိတက်' မရှိ သုံးသပ်မှု 'ဝိစာရ' မျှသာရှိသော သမာဓိကိုလည်း ပွါးများလေလော့၊ ကြံစည်မှု'ဝိတက်' သုံးသပ်မှု 'ဝိစာရ' မရှိသော သမာဓိကိုလည်း ပွါးများလေလော့၊ နှစ်သက်မှု 'ပီတိ'နှင့် တကွ ဖြစ်သော သမာဓိကိုလည်း ပွါးများလေလော့၊ နှစ်သက်မှု 'ပီတိ' မရှိသော သမာဓိကိုလည်း ပွါးများလေလော့၊ သာယာမှု 'သောမနဿ' နှင့် တကွ ဖြစ်သော သမာဓိကိုလည်း ပွါးများလေလော့၊ လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့်တကွ ဖြစ်သော သမာဓိကိုလည်း ပွါးများလေလော့။ ရဟန်း အကြင်အခါ၌ သင်သည် ဤသမာဓိကို ဤသို့ ပွါးများအပ် ကောင်းစွာ ပွါးများအပ်၏၊ ရဟန်း ထိုအခါ၌ သင်သည် သွားလိုရာရာသို့ ချမ်းသာစွာ သွားရပေလိမ့်မည်၊ ရပ်လိုရာရာ၌ ချမ်းသာစွာ ရပ်ရပေလိမ့်မည်၊ ထိုင်လိုရာရာ အရပ်၌ ချမ်းသာစွာ ထိုင်ရပေလိမ့်မည်၊ အိပ်လိုရာရာ အရပ်၌ ချမ်းသာစွာ အိပ်ရပေလိမ့်မည် ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားက ဤအဆုံးအမဖြင့် ဆုံးမအပ်သော ထိုရဟန်းသည် နေရာမှ ထကာ မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေ ပြုပြီးလျှင် ဖဲသွားလေ၏။ ထို့နောက် ထိုရဟန်းသည် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်၍ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ကြသော အမျိုးသားတို့ လိုလားအပ်သော အတုမရှိသော မြတ်သော အကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို မကြာမီ မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရ၏၊ "ပဋိသန္ဓေ နေမှုကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စ အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ"ဟု သိပြီ။ ထိုရဟန်းသည် ရဟန္တာတို့တွင် တပါး အပါအဝင် ဖြစ်လေတော့သတည်း။

တတိယသုတ်။

## ၄-ဂယာသီသသုတ်

၆၄။ အခါတပါး၌ မြတ်စွာဘုရားသည် ဂယာမြို့ ဂယာသီသ (အရပ်) ၌(သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏။ပ။ ရဟန်းတို့ ငါသည် (သစ္စာလေးပါးကို) မသိသေးမီ ဘုရားအလောင်း ဖြစ်စဉ်ကပင် (ဒိဗ္ဗစက္ခုဉာဏ်) အလင်းရောင်ကိုသာ သိရ၏၊ ရူပါရုံတို့ကိုကား မမြင်ရသေး။ (၁)

ရဟန်းတို့ ထိုငါ့အား "အကယ်၍ ငါသည် (ဒိဗ္ဗစက္ခုဉာဏ်) အလင်းရောင်ကိုလည်း သိရ၍ ရူပါရုံတို့ကိုလည်း မြင်ရပါမူ ငါ၏ ဤဉာဏ်အမြင်သည် ထက်ဝန်းကျင် အလွန် စင်ကြယ်သည် ဖြစ်ရာ၏" ဟု အကြံဖြစ်ခဲ့၏။ ရဟန်းတို့ ထိုငါသည် နောက်အခါ၌ မမေ့ မလျော့ လုံ့လ ပြုလျက် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် (ဒိဗ္ဗစက္ခုဉာဏ်) အလင်းရောင်ကိုလည်း သိရ၏၊ ရူပါရုံတို့ကိုလည်း မြင်ရ၏၊ ထိုနတ်တို့နှင့် အတူကား မနေရသေး စကားမပြောရသေး ဆွေးနွေးခြင်းသို့ မရောက်ရသေး။ (၂)

ရဟန်းတို့ ထိုငါ့အား "အကယ်၍ ငါသည် (ဒိဗ္ဗစက္ခုဉာဏ်) အလင်းရောင်ကိုလည်း သိရ ရူပါရုံတို့ကိုလည်း မြင်ရ၍ ထိုနတ်တို့နှင့် အတူနေရ စကားပြောရ ဆွေးနွေးခြင်းသို့ ရောက်ရပါမူ ငါ၏ ဤဉာဏ်အမြင်သည် ထက်ဝန်းကျင် အလွန် စင်ကြယ်သည် ဖြစ်ရာ၏" ဟု အကြံဖြစ်ခဲ့၏။ ရဟန်းတို့ နောင်အခါ၌ ထိုငါသည် မမေ့ မလျော့ လုံ့လ ပြုလျက် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် (ဒိဗ္ဗစက္ခုဉာဏ်) အလင်းရောင်ကိုလည်း သိရ၏၊ ရူပါရုံတို့ကိုလည်း မြင်ရ၏၊ ထိုနတ်တို့နှင့် အတူလည်း နေရ၏၊ စကားလည်းပြောရ၏၊ ဆွေးနွေးခြင်းသို့လည်းရောက်ရ၏၊ ထိုနတ်တို့ကိုမူကား "ဤနတ်တို့သည် ဤမည် ဤမည်သော နတ်ဘုံမှ (နတ်တို့တည်း)"ဟု မသိရသေး။ (၃)

ရဟန်းတို့ ထိုငါ့အား "အကယ်၍ ငါသည် (ဒိဗ္ဗစက္ခုဉာဏ်) အလင်းရောင်ကိုလည်း သိရ ရူပါရုံတို့ကိုလည်း မြင်ရ၍ ထိုနတ်တို့နှင့် အတူလည်း နေရ စကားလည်း ပြောရ၊ ဆွေးနွေးခြင်းသို့လည်း ရောက်ရပြီးလျှင် ထိုနတ်တို့ကို "ဤနတ်တို့သည် ဤမည် ဤမည်သော နတ်ဘုံမှ (နတ်တို့တည်း)"ဟူ၍လည်း သိရပါမူ ငါ၏ ဤဉာဏ်အမြင်သည် ထက်ဝန်းကျင် အလွန် စင်ကြယ်သည်

http://www.dhammadownload.com



ဖြစ်ရာ၏''ဟု အကြံဖြစ်ခဲ့၏။ ရဟန်းတို့ နောက်အခါ ထိုငါသည် မမေ့မလျော့ လုံ့လပြုလျက် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် (ဒိဗ္ဗစက္ခုဉာဏ်) အလင်းရောင်ကိုလည်း သိရ ရူပါရုံတို့ကိုလည်း မြင်ရ၍ ထိုနတ်တို့နှင့် အတူလည်း နေရ စကားလည်းပြောရ ဆွေးနွေးခြင်းသို့လည်း ရောက်ရပြီးလျှင် ထိုနတ်တို့ကို ''ဤနတ်တို့သည် ဤမည် ဤမည်သော နတ်ဘုံမှ(နတ်တို့တည်း)'' ဟူ၍လည်း သိရ၏။ ''ဤနတ်တို့သည် ဤမည်သော ကံ၏အကျိုးကြောင့် ဤလူ့ဘုံမှ စုတေ၍ ထိုဘုံ၌ ဖြစ်ရကုန်၏'' ဟူ၍ကား မသိရသေး။ပ။ ထိုနတ်တို့ကိုလည်း ''ဤနတ်တို့သည် ဤကံ၏ အကျိုးကြောင့် ဤဘုံမှ စုတေ၍ ထိုဘုံ၌ ဖြစ်ရကုန်၏'' ဟူ၍လည်း သိရ၏။ ထိုနတ်တို့ကို ''ဤနတ်တို့သည် ဤကံ၏ အကျိုးကြောင့် ဤသို့ အစား အစာ ရှိကုန်၏၊ ဤသို့ ချမ်းသာ ဆင်းရဲကို ခံစားရကုန်၏'' ဟူ၍ကား မသိရသေး။ပ။ထိုနတ်တို့ကို ''ဤနတ်တို့သည် ဤကံ၏ အကျိုးကြောင့် ဤသို့ အစား အစာရှိကုန်၏၊ ဤသို့ ချမ်းသာ ဆင်းရဲကို ခံစားရကုန်၏'' ဟူ၍လည်း သိရ၏။ ထိုနတ်တို့ကို ''ဤနတ်တို့သည် ဤသို့ အသက်ရှည်ကုန်၏၊ ဤသို့ ကြာမြင့်စွာ တည်ခြင်း ရှိကုန်၏'' ဟူ၍ကား မသိရသေး။ပ။ ထိုနတ်တို့ကို ''ဤနတ်တို့သည် ဤသို့ အသက်ရှည်ကုန်၏၊ ဤသို့ ကြာမြင့်စွာ တည်ခြင်းရှိကုန်၏'' ဟူ၍လည်း သိရ၏၊ ထိုနတ်တို့ကို ငါသည် ''ဤနတ်တို့နှင့် အတူနေခဲ့ဘူး၏ ဟူ၍ဖြစ်စေ မနေခဲ့ရဘူးသေး'' ဟူ၍ဖြစ်စေကား မသိရသေး။ (၄-၇)

ရဟန်းတို့ ထိုငါ့အား ''အကယ်၍ ငါသည် (ဒိဗ္ဗစက္ခုဉာဏ်) အလင်းရောင်ကိုလည်း သိရ ရူပါရုံတို့ကိုလည်း မြင်ရ ထိုနတ်တို့နှင့် အတူလည်း နေရ စကားလည်း ပြောရ ဆွေးနွေးခြင်းသို့လည်း ရောက်ရပြီးလျှင် ထိုနတ်တို့ကို 'ဤနတ်တို့သည် ဤမည် ဤမည်သော နတ်ဘုံမှ (နတ်တို့တည်း)' ဟူ၍လည်း သိရ ထိုနတ်တို့ကို 'ဤနတ်တို့သည် ဤကံ၏ အကျိုးကြောင့် ဤလူ့ဘုံမှ စုတေ၍ ထိုဘုံ၌ ဖြစ်ကုန်၏' ဟူ၍လည်း သိရ ထိုနတ်တို့ကို 'ဤနတ်တို့သည် ဤသို့ အစား အစာ ရှိကုန်၏၊ ဤသို့ ချမ်းသာ ဆင်းရဲကို ခံစားကုန်၏' ဟူ၍လည်း သိရလျက် ထိုနတ်တို့ကို 'ဤနတ်တို့သည် ဤသို့ အသက်ရှည်ကုန်၏၊ဤသို့ ကြာမြင့်စွာ တည်ခြင်းရှိကုန်၏'ဟူ၍လည်း သိရသည့်အပြင် ထိုနတ်တို့ကို ငါသည် 'ဤနတ်တို့နှင့် အတူ နေခဲ့ဘူး၏ ဟူ၍ဖြစ်စေ မနေခဲ့ရဘူးသေး' ဟူ၍ဖြစ်စေ သိရပါမူ ငါ၏ ဤဉာဏ်အမြင်သည် ထက်ဝန်းကျင် အလွန်စင်ကြယ်သည် ဖြစ်ရာ၏''ဟု အကြံဖြစ်ခဲ့၏။ ရဟန်းတို့ နောက်အခါ၌ ထိုငါသည် မမေ့မလျော့ လုံ့လပြုလျက် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် (ဒိဗ္ဗစက္ခုဉာဏ်)အလင်းရောင်ကိုလည်း သိရ၏၊ ရူပါရုံတို့ကိုလည်း မြင်ရ၏၊ ထိုနတ်တို့နှင့်လည်း အတူနေရ၏၊ စကားလည်း ပြောရ၏၊ ဆွေးနွေးခြင်းသို့လည်း ရောက်ရ၏၊ ထိုနတ်တို့ကို ''ဤနတ်တို့သည် ဤမည် ဤမည်သော နတ်ဘုံမှ (နတ်တို့တည်း)'' ဟူ၍လည်း သိရ၏၊ ထိုနတ်တို့ကို ''ဤနတ်တို့သည် ဤကံ၏ အကျိုးကြောင့် ဤလူ့ဘုံမှ စုတေ၍ ထိုဘုံ၌ ဖြစ်ကုန်၏''ဟူ၍လည်း သိရ၏၊ ထိုနတ်တို့ကို ''ဤနတ်တို့သည် ဤသို့ အစားအစာ ရှိကုန်၏၊ ဤသို့ ချမ်းသာ ဆင်းရဲကို ခံစားကုန်၏'' ဟူ၍လည်း သိရ၏၊ ထိုနတ်တို့ကို ''ဤနတ်တို့သည် ဤသို့ အသက်ရှည်ကုန်၏၊ ဤသို့ ကြာမြင့်စွာ တည်ခြင်း ရှိကုန်၏'' ဟူ၍လည်း သိရ၏၊ ထိုနတ်တို့ကို ငါသည်''ဤနတ်တို့နှင့် အတူ နေခဲ့ဘူး၏ ဟူ၍ဖြစ်စေ မနေခဲ့ရဘူးသေး'' ဟူ၍ဖြစ်စေ သိရ၏။ (၈)

ရဟန်းတို့ အကြင်မျှလောက်သော ကာလပတ်လုံး ငါသည် ဤသို့ ရှစ်မျိုးသော အပြန်ရှိသော လွန်ကဲသည်သာဖြစ်သော ဉာဏ်အမြင်သည် အလွန်စင်ကြယ်စွာ မဖြစ်သေး၊ ရဟန်းတို့ ထိုမျှလောက် ကာလပတ်လုံး ငါသည် နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော နတ်လောကနှင့်

http://www.dhammadownload.com



သမဏဗြာဟ္မဏမင်းများ လူများနှင့် တကွသော လူ့လောက၌ အတုမရှိသော သမ္မာသမ္ဗောဓိ 'အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်'ကို ထိုးထွင်း၍ သိပြီဟု ဝန်မခံသေး။ ရဟန်းတို့ အကြင် အခါ၌ကား ငါ့အား ရှစ်မျိုးသော အပြန်ရှိသော လွန်ကဲသည်သာဖြစ်သော ဉာဏ်အမြင်သည် အလွန်စင်ကြယ်စွာ ဖြစ်ခဲ့၏၊ ရဟန်းတို့ ထိုအခါ ငါသည် နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ် လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့် တကွသော လူ့လောက၌ အတုမရှိသော သမ္မာ သမ္ဗောဓိ'အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်'ကို ထိုးထွင်း၍ သိပြီဟု ဝန်ခံခဲ့၏။ ငါ့အား ဉာဏ် အမြင်သည် ထင်ရှားဖြစ်ပေါ်ခဲ့၏၊ ငါ၏ (ကိလေသာတို့မှ) လွတ်မြောက်မှု အရဟတ္တဖိုလ်စိတ်သည် မပျက်စီးနိုင်၊ ဤကား အဆုံးစွန်သောဘဝတည်း၊ ယခုအခါ ဘဝသစ်၌ ဖြစ်ခြင်း မရှိတော့ပြီ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-အဘိဘာယတနသုတ်

၆၅။ ရဟန်းတို့(ဆန့်ကျင်ဖက် တရားနှင့် အာရုံတို့ကို) လွှမ်းမိုးနိုင်ကြောင်း 'အဘိဘာယတန' ဈာန်တို့သည် ဤရှစ်မျိုးတို့တည်း။ အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို ရှုမှတ်၍ အပသန္တာန်၌ ကောင်းသောအဆင်း မကောင်းသော အဆင်းရှိသော ငယ်သော (ကသိုဏ်း) ရုပ်တို့ကို ရှု၏၊ "ထို(ရုပ်)တို့ကို လွှမ်းမိုး၍(ငါ)သိ၏၊ (ငါ)မြင်၏"ဟု ဤသို့ အမှတ်'သညာ'ရှိ၏၊ ဤကား ပဌမ'အဘိဘာယတန' ဈာန်ပေတည်း။

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို ရှုမှတ်၍ အပသန္တာန်၌ ကောင်းသော အဆင်း မကောင်းသော အဆင်းရှိသော ကြီးသော (ကသိုဏ်း) ရုပ်တို့ကို ရှု၏၊ "ထို(ရုပ်)တို့ကို လွှမ်းမိုး၍ (ငါ)သိ၏၊ (ငါ)မြင်၏"ဟု ဤသို့ အမှတ်'သညာ'ရှိ၏၊ ဤကား ဒုတိယ 'အဘိဘာ ယတန'ဈာန်ပေတည်း။

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်မူ၍ အပသန္တာန်၌ ကောင်းသော အဆင်း မကောင်းသော အဆင်းရှိသော ငယ်သော (ကသိုဏ်း) ရုပ်တို့ကို ရှု၏၊ "ထို(ရုပ်)တို့ကို လွှမ်းမိုး၍ (ငါ)သိ၏၊ (ငါ)မြင်၏"ဟု ဤသို့ အမှတ်'သညာ'ရှိ၏၊ ဤကား တတိယ 'အဘိဘာ ယတန' ဈာန်ပေတည်း။

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်မူ၍ အပသန္တာန်၌ ကောင်း သောအဆင်း မကောင်းသော အဆင်းရှိသော ကြီးသော(ကသိုဏ်း)ရုပ်တို့ကို ရှု၏၊ "ထို(ရုပ်)တို့ကို လွှမ်းမိုး၍ (ငါ)သိ၏၊ (ငါ)မြင်၏"ဟု ဤသို့ အမှတ်'သညာ'ရှိ၏၊ ဤကား စတုတ္ထ 'အဘိဘာ ယတန'ဈာန်ပေတည်း။

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်မူ၍ အပသန္တာန်၌ ညိုသော အဆင်း ညိုသောအသွေး ညိုသောအရောင်ရှိသော ညိုသော(ကသိုဏ်း)ရုပ်တို့ကို ရှု၏၊ "ထို(ရုပ်) တို့ကို လွှမ်းမိုး၍ (ငါ)သိ၏၊ (ငါ)မြင်၏"ဟု ဤသို့ အမှတ်'သညာ' ရှိ၏၊ ဤကား ပဉ္စမ'အဘိဘာ ယတန'ဈာန်ပေတည်း။

http://www.dhammadownload.com



တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်မူ၍ အပသန္တာန်၌ ဝါဝင်းသော အဆင်း ဝါဝင်းသော အသွေး ဝါဝင်းသော အရောင်ရှိသော ဝါဝင်းသော(ကသိုဏ်း)ရုပ်တို့ကို ရှု၏၊ "ထို(ရုပ်)တို့ကို လွှမ်းမိုး၍(ငါ)သိ၏၊ (ငါ)မြင်၏"ဟု ဤသို့ အမှတ်'သညာ'ရှိ၏၊ ဤကား ဆဋ္ဌ 'အဘိဘာယတန'ချာန်ပေတည်း။

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်မူ၍ အပသန္တာန်၌ နီသော အဆင်း နီသော အသွေး နီသော အရောင်ရှိသော နီသော(ကသိုဏ်း)ရုပ်တို့ကို ရှု၏၊ "ထို(ရုပ်)တို့ကို လွှမ်းမိုး၍ (ငါ)သိ၏၊ (ငါ)မြင်၏"ဟု ဤသို့ အမှတ်'သညာ'ရှိ၏၊ ဤကား သတ္တမ'အဘိဘာယတန'ချာန်ပေတည်း။

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်မူ၍ အပသန္တာန်၌ ဖြူသော အဆင်း ဖြူသော အသွေး ဖြူသော အရောင်ရှိသော ဖြူသော(ကသိုဏ်း)ရုပ်တို့ကို ရှု၏၊ "ထို(ရုပ်)တို့ကို လွှမ်းမိုး၍ (ငါ)သိ၏၊ (ငါ)မြင်၏"ဟု ဤသို့ အမှတ်'သညာ'ရှိ၏၊ ဤကား အဋ္ဌမ'အဘိဘာယတန'ချာန်ပေတည်း။

ရဟန်းတို့(ဆန့်ကျင်ဖက် တရားနှင့် အာရုံတို့ကို)လွှမ်းမိုးနိုင်ကြောင်း'အဘိဘာယတန'ချာန်တို့သည် ဤရှစ်မျိုးတို့တည်းဟု(မိန့်တော်မူ၏)။

ပဉ္စမသုတ်၊

---

## ၆-ဝိမောက္ခသုတ်

၆၆။ ရဟန်းတို့ (ဆန့်ကျင်ဖက်တို့မှ) လွတ်မြောက်မှု 'ဝိမောက္ခ' ချာန်တို့သည် ဤရှစ်မျိုးတို့တည်း။ အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—(မိမိသန္တာန်၌)ကသိုဏ်း ရုပ် ချာန်ရှိသည်ဖြစ်၍ (ပြင်ပသန္တာန်၌လည်း ကသိုဏ်း)ရုပ်တို့ကို ရှု၏၊ ဤကား ပဌမလွတ်မြောက်မှု'ဝိမောက္ခ'ပေတည်း။

မိမိသန္တာန်၌ (ကသိုဏ်း)ရုပ်ကို မရှုမှတ်မူ၍ ပြင်ပ သန္တာန်၌(ကသိုဏ်း)ရုပ်တို့ကို ရှု၏၊ ဤကား ဒုတိယလွတ်မြောက်မှု'ဝိမောက္ခ'ပေတည်း။

"တင့်တယ်၏"ဟူ၍သာ နှလုံးသွင်း၏၊ ဤကား တတိယလွတ်မြောက်မှု'ဝိမောက္ခ'ပေတည်း။

ရူပသညာတို့ကို လုံးဝလွန်မြောက်၍ ပဋိဃသညာတို့ လုံးဝချုပ်သည့်ပြင် နာနတ္တသညာတို့ကို လုံးဝ နှလုံးမသွင်းမူ၍"ကောင်းကင်သည် အဆုံးမရှိ"ဟု နှလုံးသွင်းလျက် အာကာသာနဉ္စာယတန (ချာန်) သို့ ရောက်၍ နေ၏၊ ဤကား စတုတ္ထလွတ်မြောက်မှု'ဝိမောက္ခ'ပေတည်း။

အာကာသာနဉ္စာယတနချာန်ကို လုံးဝ လွန်မြောက်၍"ဝိညာဏ်သည် အဆုံးမရှိ"ဟု နှလုံးသွင်းလျက် ဝိညာဏဉ္စာယတန(ချာန်)သို့ ရောက်၍ နေ၏၊ ဤကား ပဉ္စမလွတ်မြောက်မှု 'ဝိမောက္ခ' ပေတည်း။

ဝိညာဏဉ္စာယတန(ချာန်)ကို လုံးဝ လွန်မြောက်၍ "တစုံ တခုမျှ မရှိ"ဟု (နှလုံးသွင်းလျက်) အာကိဉ္စညာယတန(ချာန်)သို့ ရောက်၍ နေ၏၊ ဤကား ဆဋ္ဌလွတ်မြောက်မှု'ဝိမောက္ခ'ပေတည်း။

http://www.dhammadownload.com



အာကိဉ္စညာယတန(စျာန်)ကို လုံး၀ လွန်မြောက်၍ နေ၀သညာနာသညာယတန(စျာန်)သို့ ရောက်၍ နေ၏၊ ဤကား သတ္တမလွတ်မြောက်မှု'ဝိမောက္ခ'ပေတည်း။

နေ၀သညာနာသညာယတန (စျာန်)ကို လုံး၀ လွန်မြောက်၍ သညာဝေဒနာတို့၏ ချုပ်ရာ (နိရောဓသမာပတ်)သို့ ရောက်၍ နေ၏၊ ဤကား အဋ္ဌမလွတ်မြောက်မှု'ဝိမောက္ခ'ပေတည်း။

ရဟန်းတို့(ဆန့်ကျင်ဖက်တို့မှ)လွတ်မြောက်မှု 'ဝိမောက္ခ' စျာန်တို့သည် ဤ ရှစ်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-အနရိယဝေါဟာရသုတ်

၆၇။ ရဟန်းတို့ အရိယာမဟုတ်သူတို့၏ အပြော အဆိုတို့သည် ဤရှစ်မျိုးတို့တည်း။ အဘယ် ရှစ်မျိုးတို့နည်း ဟူမူ—မမြင်သည်၌ မြင်သည်ဟု ဆိုလေ့ရှိမှု၊ မကြားသည်၌ ကြားသည်ဟု ဆိုလေ့ ရှိမှု၊ မတွေ့ထိသည်၌ တွေ့ထိသည်ဟု ဆိုလေ့ရှိမှု၊ မသိသည်၌ သိသည်ဟု ဆိုလေ့ရှိမှု၊ မြင်သည်၌ မမြင်ဟု ဆိုလေ့ရှိမှု၊ ကြားသည်၌ မကြားဟု ဆိုလေ့ရှိမှု၊ တွေ့ထိသည်၌ မတွေ့ထိဟု ဆိုလေ့ရှိမှု၊ သိသည်၌ မသိဟုဆိုလေ့ရှိမှုတို့တည်း။ ရဟန်းတို့ အရိယာမဟုတ်သူတို့၏ အပြော အဆိုတို့သည် ဤရှစ်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-အရိယဝေါဟာရသုတ်

၆၈။ ရဟန်းတို့ အရိယာတို့၏ အပြော အဆိုတို့သည် ဤရှစ်မျိုးတို့တည်း။ အဘယ်ရှစ်မျိုး တို့နည်း ဟူမူ—မမြင်သည်၌ မမြင်ဟု ဆိုလေ့ရှိမှု၊ မကြားသည်၌ မကြားဟု ဆိုလေ့ရှိမှု၊ မတွေ့ထိ သည်၌ မတွေ့ထိဟု ဆိုလေ့ရှိမှု၊ မသိသည်၌ မသိဟု ဆိုလေ့ရှိမှု၊ မြင်သည်၌ မြင်သည်ဟု ဆိုလေ့ရှိမှု၊ ကြားသည်၌ ကြားသည်ဟု ဆိုလေ့ရှိမှု၊ တွေ့ထိသည်၌ တွေ့ထိသည်ဟု ဆိုလေ့ရှိမှု၊ သိသည်၌ သိသည်ဟု ဆိုလေ့ရှိမှု တို့တည်း။ ရဟန်းတို့ အရိယာတို့၏ အပြော အဆိုတို့သည် ဤ ရှစ်မျိုးတို့ တည်းဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ပရိသာသုတ်

၆၉။ ရဟန်းတို့ ပရိသတ်တို့သည် ဤရှစ်မျိုးတို့တည်း။

အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—မင်းပရိသတ်၊ ပုဏ္ဏားပရိသတ်၊ သူဌေးသူကြွယ်ပရိသတ်၊ ရဟန်း ပရိသတ်၊ စာတုမဟာရာဇ်ပရိသတ်၊ တာဝတိံသာပရိသတ်၊ မာန်နတ်ပရိသတ်၊ ဗြဟ္မာပရိသတ် တို့တည်း။

http://www.dhammadownload.com



ရဟန်းတို့ ငါသည် အရာမကသော မင်းပရိသတ် (စည်းဝေးပွဲများ)သို့ တက်ရောက်ခဲ့ဘူးသည်ကို မှတ်မိပေ၏၊ ထို (မင်းပရိသတ်များ)၌ ငါသည် အတူတကွလည်း ထိုင်နေခဲ့ဘူး၏၊ အတူတကွလည်း ပြောဆိုခဲ့ဘူး၏၊ အတူတကွလည်း ဆွေးနွေးခဲ့ဘူး၏၊ ထို (မင်းပရိသတ်များ)၌ ထိုမင်းတို့၏ အဆင်းကဲ့သို့ပင် ငါ၏ အဆင်းသည်လည်း ဖြစ်၏၊ ထိုမင်းတို့၏ အသံကဲ့သို့ပင် ငါ၏ အသံသည်လည်း ဖြစ်၏၊ (ငါသည် ထိုမင်းတို့ကို) တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေ၏၊ (ဤသို့)ဟောပြောနေစဉ်၌လည်း "ဟောပြောနေသော ဤသူသည် အဘယ်သူနည်း၊ လူလော နတ်လော"ဟု ငါ့ကို မသိကုန်။ (ငါသည်) တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီးလျှင် ကွယ်ခဲ့၏၊ (ဤသို့) ကွယ်ခဲ့သောအခါ၌လည်း "ကွယ်သွားသော ဤသူသည် အဘယ်သူနည်း၊ နတ်လော လူလော"ဟု ငါ့ကို မသိကုန်။

ရဟန်းတို့ ငါသည် အရာမကသော ပုဏ္ဏားပရိသတ် (စည်းဝေးပွဲများ)သို့ တက်ရောက်ခဲ့ဘူးသည်ကို မှတ်မိပေ၏ ။ပ။ သူဌေးသူကြွယ်ပရိသတ် (စည်းဝေးပွဲများ)သို့။ ရဟန်းပရိသတ် (စည်းဝေးပွဲများ)သို့။ စာတုမဟာရာဇ်ပရိသတ် (စည်းဝေးပွဲများ) သို့။ တာဝတိံသာပရိသတ် (စည်းဝေးပွဲများ)သို့။ မာရ်နတ်ပရိသတ် (စည်းဝေးပွဲများ)သို့။ ဗြဟ္မာပရိသတ် (စည်းဝေးပွဲများ) သို့ တက်ရောက်ခဲ့ဘူးသည်ကို မှတ်မိပေ၏၊ ထို (ဗြဟ္မာပရိသတ်)၌လည်း ငါသည် အတူတကွလည်း ထိုင်နေခဲ့ဘူး၏၊ အတူတကွလည်း ပြောဆိုခဲ့ဘူး၏၊ အတူတကွလည်း ဆွေးနွေးခဲ့ဘူး၏၊ ထို(ဗြဟ္မာပရိသတ်များ)၌ ထိုဗြဟ္မာတို့၏ အဆင်းကဲ့သို့ပင် ငါ၏အဆင်းသည်လည်း ဖြစ်၏၊ ထိုဗြဟ္မာတို့၏ အသံကဲ့သို့ပင် ငါ၏ အသံသည်လည်း ဖြစ်၏၊ (ငါသည် ထိုဗြဟ္မာတို့ကို) တရားစကားဖြင့်(အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေ၏၊ (ဤသို့) ပြောဟောနေစဉ်၌လည်း "ပြောဟောနေသော ဤသူသည် အဘယ်သူနည်း၊ နတ်လော လူလော"ဟု ငါ့ကို မသိကုန်။ (ငါသည်) တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေပြီးလျှင် ကွယ်ခဲ့၏။ (ဤသို့) ကွယ်ခဲ့သောအခါ၌လည်း "ကွယ်သွားသော ဤသူသည် အဘယ်သူနည်း၊ နတ်လော လူလော"ဟု ငါ့ကို မသိကုန်။

ရဟန်းတို့ ပရိသတ်တို့သည် ဤရှစ်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဘူမိစာလသုတ်

၇၀။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် ဝေသာလီပြည်သို့ ဆွမ်းခံ ဝင်တော်မူ၏။ ဝေသာလီပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးနောက် ဆွမ်းစားရာမှ ဖဲခဲ့ပြီးသော် "အာနန္ဒာ ထိုင်စရာ အခင်းကို ယူခဲ့လော့၊ နေ့သန့်စင်နေခြင်းငှါ (စာပါလစေတီသို့) ချဉ်းကပ်ကုန်အံ့"ဟု အသျှင်အာနန္ဒာအား မိန့်တော်မူ၏။

http://www.dhammadownload.com



"ကောင်းပါပြီ အသျှင်ဘုရား"ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် ထိုင်စရာ အခင်းကိုယူ၍ မြတ်စွာဘုရား၏ နောက်မှ နောက်မှ အစဉ်လိုက်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် စာပါလစေတီသို့ ချဉ်းကပ်၍ ခင်းထားသော နေရာ၌ ထိုင်တော်မူ၏၊ အသျှင်အာနန္ဒာသည်လည်း မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေသော အသျှင်အာနန္ဒာအား မြတ်စွာဘုရားသည်—"အာနန္ဒာ ဝေသာလီပြည်သည် မွေ့လျော်ဖွယ် ရှိပေ၏၊ ဥဒေနစေတီသည် မွေ့လျော်ဖွယ် ရှိပေ၏၊ ဂေါတမကစေတီသည် မွေ့လျော်ဖွယ် ရှိပေ၏၊ ဗဟုပုတ္တကစေတီသည် မွေ့လျော်ဖွယ် ရှိပေ၏၊ သတ္တမ္ဗစေတီသည် မွေ့လျော်ဖွယ် ရှိပေ၏၊ သာရန္ဒဒစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏၊ စာပါလစေတီသည် မွေ့လျော်ဖွယ် ရှိပေ၏။ အာနန္ဒာ တစုံတယောက်သောသူသည် ပြီးစီးခြင်း၏ အခြေခံ'ဣဒ္ဓိပါဒ်' လေးပါးတို့ကို ပွါးများထား၏၊ လေ့ကျင့်ထား၏၊ ယာဉ်ကဲ့သို့ ပြုထား၏၊ တည်ရာကဲ့သို့ ပြုထား၏၊ ဆောက်တည်ထား၏၊ ဆည်းပူးထား၏၊ ကောင်းစွာ အားထုတ်ထား၏၊ ထိုသူသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံး ဖြစ်စေ အာယုကပ်ထက် အလွန်ဖြစ်စေ တည်နိုင်ပေ၏။

အာနန္ဒာ မြတ်စွာဘုရားသည်ကား ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများထားပြီးဖြစ်၏၊ လေ့ကျင့်ထားပြီး ဖြစ်၏၊ ယာဉ်ကဲ့သို့ ပြုထားပြီး ဖြစ်၏၊ တည်ရာကဲ့သို့ ပြုထားပြီး ဖြစ်၏၊ ဆောက်တည်ထားပြီး ဖြစ်၏၊ ဆည်းပူးထားပြီး ဖြစ်၏၊ ကောင်းစွာ အားထုတ်ထားပြီး ဖြစ်၏။ အာနန္ဒာ သို့ဖြစ်၍ မြတ်စွာဘုရားသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံး ဖြစ်စေ အာယုကပ်ထက် အလွန်ဖြစ်စေ တည်နိုင်ပေ၏"ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားသည် ထင်ရှားသောနိမိတ် အရိပ်အယောင်ကို ဤသို့ပင် ပြသော်လည်း အသျှင်အာနန္ဒာသည် သဘောပေါက်ခြင်းငှါ မစွမ်းနိုင်ချေ။ "(ထို့ကြောင့်) အသျှင်ဘုရား လူအများ၏ စီးပွါးချမ်းသာအလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးနှင့် ချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်ရန် ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့"ဟု မြတ်စွာဘုရားကို မတောင်းပန်မိချေ၊ မာရ်နတ် နှောင့်ယှက်ခံရသော စိတ်ရှိသူကဲ့သို့ပင် ဖြစ်ချေ၏။ မြတ်စွာဘုရားသည် နှစ်ကြိမ်မြောက်လည်း။ပ။ မြတ်စွာဘုရားသည် သုံးကြိမ်မြောက်လည်း အသျှင်အာနန္ဒာအား—"အာနန္ဒာ ဝေသာလီပြည်သည် မွေ့လျော်ဖွယ် ရှိပေ၏၊ ဥဒေနစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏၊ ဂေါတမကစေတီသည် မွေ့လျော်ဖွယ် ရှိပေ၏၊ ဗဟုပုတ္တကစေတီသည် မွေ့လျော်ဖွယ် ရှိပေ၏၊ သတ္တမ္ဗစေတီသည် မွေ့လျော်ဖွယ် ရှိပေ၏၊ သာရန္ဒဒစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏၊ စာပါလစေတီသည် မွေ့လျော်ဖွယ် ရှိပေ၏။ အာနန္ဒာ တစုံတယောက်သောသူသည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများထား၏၊ လေ့ကျင့်ထား၏၊ ယာဉ်ကဲ့သို့ ပြုထား၏၊ တည်ရာကဲ့သို့ပြုထား၏၊ ဆောက်တည်ထား၏၊ ဆည်းပူးထား၏၊ ကောင်းစွာ အားထုတ်ထား၏၊ ထိုသူသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံး ဖြစ်စေ အာယုကပ်ထက် အလွန် ဖြစ်စေ တည်နိုင်ပေ၏။

အာနန္ဒာ မြတ်စွာဘုရားသည်ကား ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများထားပြီး ဖြစ်၏၊ လေ့ကျင့်ထားပြီး ဖြစ်၏၊ ယာဉ်ကဲ့သို့ ပြုထားပြီး ဖြစ်၏၊ တည်ရာကဲ့သို့ ပြုထားပြီး ဖြစ်၏၊ ဆောက်တည်ထားပြီး ဖြစ်၏၊ ဆည်းပူးထားပြီး ဖြစ်၏၊ ကောင်းစွာ အားထုတ်ထားပြီးဖြစ်၏။ အာနန္ဒာ သို့ဖြစ်၍

http://www.dhammadownload.com



မြတ်စွာဘုရားအလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ အာယုကပ်ထက် အလွန်ဖြစ်စေ တည်နိုင်ပေ၏''ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားသည် ထင်ရှားသောနိမိတ် အရိပ်အယောင်ကို ဤသို့ပင်ပြသော်လည်း အသျှင်အာနန္ဒာသည် သဘောပေါက်ခြင်းငှါ မစွမ်းနိုင်ချေ။ (ထို့ကြောင့်) ''အသျှင်ဘုရား လူအများ၏ စီးပွါးချမ်းသာအလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးနှင့် ချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်ရန် ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့''ဟု မြတ်စွာဘုရားကို မတောင်းပန်မိချေ၊ မာရ်နတ် နှောင့်ရှက်ခံရသော စိတ်ရှိသူကဲ့သို့ပင် ဖြစ်ချေ၏။

ထိုအခါ မြတ်စွာဘုရားသည် ''အာနန္ဒာ သင်သွားလော့၊ ယခုအခါ၌ သွားရန် အချိန်ကို သင်သိ၏''ဟု အသျှင်အာနန္ဒာအား မိန့်တော်မူ၏။

''ကောင်းပါပြီ အသျှင်ဘုရား''ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြု၍ မနီးမဝေး တခုသောသစ်ပင်ရင်း၌ ထိုင်နေ၏။

ထိုအခါ အသျှင်အာနန္ဒာ ဖဲသွား၍ မကြာမြင့်မီ ယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူပါလော့။ အသျှင်ဘုရား မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရန် ယခု အချိန်တန်ပါပြီ။

အသျှင်ဘုရား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူဘူးပါသည်၊ ''မာရ်နတ် ငါ၏ တပည့် ရဟန်းတို့သည် အကြင်မျှလောက် ကာလပတ်လုံး တတ်သိလိမ္မာ မရှိကြသေး၊ ကောင်းစွာ ဆုံးမပြီး မဖြစ်ကြသေး၊ မရဲရင့်ကြသေး၊ ယောဂလေးပါးတို့ဖြင့် ဘေးမရှိရာ (နိဗ္ဗာန်)သို့ မရောက်ကြသေး၊ အကြားအမြင် မများကြသေး၊ တရားတော်ကို မဆောင်နိုင်ကြသေး၊ (လောကုတ္တရာ) တရားနှင့် လျော်သော တရားကို မကျင့်နိုင်ကြသေး၊ လျော်သော အကျင့်ကို မကျင့်နိုင်ကြသေး၊တရားနှင့်လျော်စွာ မကျင့်နိုင်ကြသေး၊ မိမိတို့ ဆရာ့ဝါဒကို သင်ယူ၍ မပြောနိုင် မဟောနိုင် မပြနိုင် မတည်တံ့စေနိုင် မဖွင့်နိုင် မဝေဖန်နိုင် မပေါ်လွင်စေနိုင်ကြသေး၊ ပေါ်ပေါက်လာသော သူတပါး၏ဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာနှိမ်နင်း၍ အံ့ဖွယ်ရှိသော တရားကို မဟောပြနိုင်ကြသေး။ ထိုမျှလောက် ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန်ပြုတော်မူလိမ့်မည် မဟုတ်''ဟု(မိန့်တော်မူဘူးပါသည်)။

အသျှင်ဘုရား ယခုအခါ မြတ်စွာဘုရား၏ တပည့်ရဟန်းတို့သည် တတ်သိလိမ္မာရှိကြပါပြီ၊ ကောင်းစွာ ဆုံးမပြီး ဖြစ်ကြပါပြီ၊ ရဲရင့်ကြပါပြီ၊ ယောဂလေးပါးတို့ဖြင့် ဘေးမရှိရာ (နိဗ္ဗာန်)သို့ ရောက်ကြပါပြီ၊ အကြားအမြင် များကြပါပြီ၊တရားတော်ကို ဆောင်နိုင်ကြပါပြီ၊(လောကုတ္တရာ) တရားနှင့်လျော်သော တရားကို ကျင့်နိုင်ကြပါပြီ၊ လျော်သော အကျင့်ကို ကျင့်နိုင် ကြပါပြီ၊ တရားနှင့်လျော်စွာ ကျင့်နိုင်ကြပါပြီ၊ မိမိတို့ ဆရာ့ဝါဒကို သင်ယူ၍ ပြောနိုင် ဟောနိုင် ပြနိုင် တည်တံ့စေနိုင် ဖွင့်နိုင် ဝေဖန်နိုင် ပေါ်လွင် စေနိုင်ကြပါပြီ၊ ပေါ်ပေါက်လာသော သူတပါးဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာ နှိမ်နင်း၍ အံ့ဖွယ်ရှိသောတရားကို ဟောပြနိုင်ကြပါပြီ။

http://www.dhammadownload.com



အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူပါလော့။ အသျှင်ဘုရား မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုရန် ယခု အချိန်တန်ပါပြီ။

အသျှင်ဘုရား မြတ်စွာဘုရားသည် ဤစကားကိုမိန့်တော်မူဘူးပါသည်၊"မာရ်နတ် ငါ၏တပည့် ရဟန်းမိန်းမတို့သည် အကြင်မျှလောက်သော ကာလပတ်လုံး တတ်သိလိမ္မာ မရှိကြသေး။ပ။ ငါ၏တပည့် ဥပါသကာတို့သည် အကြင်မျှလောက်သော ကာလပတ်လုံး တတ်သိလိမ္မာမရှိကြသေး။ပ။ ငါ၏တပည့် ဥပါသိကာမတို့သည် အကြင်မျှလောက်သော ကာလပတ်လုံး တတ်သိလိမ္မာမရှိကြသေး၊ ကောင်းစွာ ဆုံးမပြီး မဖြစ်ကြသေး၊ ယောဂလေးပါးတို့ဖြင့် ဘေးမရှိရာ (နိဗ္ဗာန်)သို့ မရောက်ကြသေး၊ မရဲရင့်ကြသေး၊ အကြားအမြင် မများကြသေး၊ တရားတော်ကို မဆောင်နိုင်ကြသေး၊ (လောကုတ္တရာ) တရားနှင့် လျော်သော တရားကို မကျင့်နိုင်ကြသေး၊ လျော်သောအကျင့်ကို မကျင့်နိုင်ကြသေး၊ တရားနှင့်လျော်စွာ မကျင့်နိုင်ကြသေး၊ မိမိတို့ဆရာ့ ဝါဒကိုသင်ယူ၍ မပြောနိုင် မဟောနိုင် မပြနိုင် မတည်တံ့စေနိုင် မဖွင့်နိုင် မဝေဖန်နိုင် မပေါ်လွင်စေနိုင်ကြသေး၊ ပေါ်ပေါက်လာသော သူတပါးဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာ နှိမ်နင်း၍ အံ့ဖွယ်ရှိသောတရားကို မဟောပြနိုင်ကြသေး။ ထိုမျှလောက် ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန် ပြုတော်မူလိမ့်မည်မဟုတ်"ဟု (မိန့်တော်မူဘူးပါသည်)။

အသျှင်ဘုရား ယခုအခါ မြတ်စွာဘုရား၏ တပည့် ဥပါသိကာမတို့သည် တတ်သိလိမ္မာရှိကြပါပြီ၊ ကောင်းစွာ ဆုံးမပြီး ဖြစ်ကြပါပြီ၊ ရဲရင့်ကြပါပြီ၊ ယောဂလေးပါးတို့ဖြင့် ဘေးမရှိရာ (နိဗ္ဗာန်)သို့ ရောက်ကြပါပြီ၊ အကြားအမြင် များကြပါပြီ၊ တရားတော်ကို ဆောင်နိုင်ကြပါပြီ၊ (လောကုတ္တရာ) တရားနှင့် လျော်သော တရားကို ကျင့်နိုင်ကြပါပြီ၊ လျော်သော အကျင့်ကို ကျင့်နိုင်ကြပါပြီ၊ တရားနှင့်လျော်စွာ ကျင့်နိုင်ကြပါပြီ၊ မိမိတို့ဆရာ့ ဝါဒကိုသင်ယူ၍ ပြောနိုင် ဟောနိုင် ပြနိုင် တည်တံ့စေနိုင် ဖွင့်နိုင် ဝေဖန်နိုင် ပေါ်လွင် စေနိုင်ကြပါပြီ၊ ပေါ်ပေါက်လာသော သူတပါးဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာ နှိမ်နင်း၍ အံ့ဖွယ်ရှိသော တရားကို ဟောပြ နိုင်ကြပါပြီ။ အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူပါလော့။ အသျှင်ဘုရား မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုရန် ယခု အချိန်တန်ပါပြီ။

အသျှင်ဘုရား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူဘူးပါသည်—"မာရ်နတ် ငါ၏ မြတ်သော အကျင့်ဟုဆိုအပ်သော ဤသာသနာတော်သည် အကြင်မျှလောက်သော ကာလပတ်လုံး(ပညာရှိ) နတ်လူတို့ ကောင်းစွာပြနိုင်သည့်တိုင်အောင် မပြည့်စုံသေး၊ မစည်ပင်သေး၊ မပြန့်ပွါးသေး၊ လူအများ မသိသေး၊ များစွာ မဖြစ်ထွန်းသေး၊ ထိုမျှလောက် ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန်ပြုတော်မူလိမ့်မည် မဟုတ်"ဟု (မိန့်တော်မူဘူးပါသည်)။

အသျှင်ဘုရား ယခုအခါ မြတ်စွာဘုရား၏ မြတ်သောအကျင့်ဟု ဆိုအပ်သော သာသနာတော်သည် (ပညာရှိ) နတ် လူတို့ ကောင်းစွာ ပြနိုင်သည့်တိုင်အောင် ပြည့်စုံပါပြီ၊စည်ပင်ပါပြီ၊ ပြန့်ပွါးပါပြီ၊ လူအများ သိပါပြီ၊ များစွာ ဖြစ်ထွန်းပါပြီ။ အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန် ပြုတော်မူပါလော့၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူပါလော့။ အသျှင်ဘုရား မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုရန် ယခု အချိန်တန်ပါပြီ ဟု လျှောက်၏။

http://www.dhammadownload.com



ဤသို့ လျှောက်သော် မြတ်စွာဘုရားသည် ယုတ်မာသော မာရ်နတ်အား—မာရ်နတ် သင် မကြောင့်ကြလင့်၊ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန် ပြုခြင်းသည် မကြာမီ ဖြစ်လိမ့်မည်၊ ယနေ့မှ သုံးလ လွန်သောအခါ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုလိမ့်မည် ဟု မိန့်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် စာပါလစေတီ၌ (နေစဉ်) သတိရှိလျက် ဆင်ခြင်လျက် အသက် ရှည်ရန် ပြုပြင်မှု 'အာယုသင်္ခါရ' ကို စွန့်လွှတ်တော်မူ၏၊ မြတ်စွာဘုရားသည် အသက်ရှည်ရန် ပြုပြင်မှု 'အာယုသင်္ခါရ'ကို စွန့်လွှတ်တော် မူလိုက်သောအခါ ကြက်သီး,မွေးညှင်း ထလျက် ကြောက်မက်ဖွယ်ရာ အကြီးအကျယ် မြေ(လျှင်) လှုပ်ခြင်းသည် ဖြစ်လေ၏၊ တော်လည်းသံ (နတ်စည်) တို့သည်လည်း တခြိမ့်ခြိမ့် မြည်ဟည်းကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်း အရာကို သိတော်မူ၍ ထိုအခိုက်ဝယ် ဤဥဒါန်း စကားကို ကျူးရင့်တော်မူ၏—

> "မြတ်စွာဘုရားသည် အတုမဲ့ နိဗ္ဗာန်နှင့် ဒွဖန်ဖန် ဖြစ်မှုဘဝကို နှိုင်းချိန်လျက် ဘဝ ဖြစ်ရန် ပြုပြင်တတ်သော ကံကို စွန့်ပယ်ခဲ့လေပြီ၊ အဇ္ဈတ္တ၌ မွေ့လျော်ကာ ကောင်းစွာ တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ ချပ်ဝတ်နှင့်တူသော မိမိသန္တာန်ရှိ ကိလေသာ ကွန်ရက်ကို ဖျက်ဆီးခဲ့လေပြီ"ဟု(ကျူးရင့်တော်မူ၏)။

ထိုအခါ အသျှင် အာနန္ဒာအား ဤသို့သော အကြံသည် ဖြစ်၏—"အံ့ဖွယ်ရှိပေစွ အချင်းတို့၊ မဖြစ်ဘူးမြဲ ဖြစ်ပေစွ အချင်းတို့၊ ကြက်သီး မွေးညှင်း ထစေလျက် ကြောက်မက်ဖွယ်ကောင်းသော ဤ မြေ (လျှင်) လှုပ်ခြင်းသည် ကြီးကျယ် လေစွတကား၊ အလွန်ကြီးကျယ်လေစွတကား၊ တော်လည်းသံ (နတ်စည်) တို့သည်လည်း တခြိမ့်ခြိမ့် မြည်ဟည်းသွားကုန်၏၊ အကြီးအကျယ် မြေ(လျှင်) လှုပ်ခြင်း၏ အကြောင်းကား အဘယ်နည်း အထောက်အပံ့ကား အဘယ်နည်း"ဟု (အကြံဖြစ်၏)။

ထို့နောက် အသျှင်အာနန္ဒာသည်မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား—"အံ့ဖွယ်ရှိပါပေစွ အသျှင်ဘုရား၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ အသျှင်ဘုရား၊ ကြက်သီး မွေးညှင်းထလျက် ကြောက်မက်ဖွယ် ကောင်းသော ဤမြေ (လျှင်) လှုပ်ခြင်းသည် ကြီးကျယ်ပါပေစွ၊ အလွန် ကြီးကျယ်ပါပေစွ၊ တော်လည်းသံ (နတ်စည်) တို့သည်လည်း တခြိမ့်ခြိမ့် မြည်ဟည်း သွားပါကုန်၏၊ အသျှင်ဘုရား အကြီး အကျယ်မြေ(လျှင်) လှုပ်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း" ဟု လျှောက်၏။

အာနန္ဒာ အကြီးအကျယ် မြေ(လျှင်)လှုပ်ခြင်း၏အကြောင်း အထောက် အပံ့တို့ကား ဤ ရှစ်မျိုးတို့တည်း။ အဘယ် ရှစ်မျိုးတို့နည်း ဟူမူ—အာနန္ဒာ ဤမဟာပထဝီ မြေကြီးသည် ရေ၌ တည်၏၊ ရေသည် လေ၌ တည်၏၊ လေသည် ကောင်းကင်၌ တည်၏၊ အာနန္ဒာ ပြင်းထန်စွာ လေတိုက်သောအခါ ရေကိုလှုပ်စေ၏၊ ရေလှုပ်သော်မြေကို လှုပ်စေ၏။ ဤကား အကြီးအကျယ် မြေ (လျှင်) လှုပ်ခြင်း၏ ပဌမ အကြောင်းအထောက်အပံ့ပေတည်း။ (၁)

အာနန္ဒာ နောက်တမျိုးကား တန်းခိုးနှင့် ပြည့်စုံသော(အဘိညာဉ်) စိတ်၌ လေ့လာပြီးသော သမဏသည်ရင်း ဗြာဟ္မဏသည်ရင်း ကြီးသော တန်ခိုး အာနုဘော်ရှိသော နတ်သည်ရင်း အား

http://www.dhammadownload.com



နည်းသောမြေ(ကသိုဏ်းစျာန်)သညာနှင့်အားကြီးသောရေ(ကသိုဏ်းစျာန်)သညာတို့ကိုပွါးများပြီးလျှင် ဤ မြေကြီးကို လှုပ်စေ၏၊ တုန်လှုပ်စေ၏၊ ပြင်းစွာ တုန်လှုပ်စေ၏၊ သွက်သွက်ခါ တုန်လှုပ်စေ၏။ ဤကား အကြီးအကျယ်မြေ (ငလျင်) လှုပ်ခြင်း၏ ဒုတိယ အကြောင်း အထောက်အပံ့ပေတည်း။ (၂)

အာနန္ဒာ နောက်တမျိုးကား ဘုရားလောင်းသည် တုသိတာ နည်ပြည်မှ စုတေ၍ သတိရှိလျက် ဆင်ခြင်လျက် အမိဝမ်းတိုက်သို့ သက်ရောက်သောအခါ၌ ဤမြေကြီးသည် လှုပ်၏၊ တုန်လှုပ်၏၊ ပြင်းစွာ တုန်လှုပ်၏၊ သွက်သွက်ခါ တုန်လှုပ်၏။ ဤကား အကြီးအကျယ် မြေ(ငလျင်)လှုပ်ခြင်း၏ တတိယ အကြောင်း အထောက်အပံ့ပေတည်း။ (၃)

အာနန္ဒာ နောက်တမျိုးကား ဘုရားလောင်းသည် သတိရှိလျက် ဆင်ခြင်လျက် အမိဝမ်းတိုက်မှ ဖွားမြင်သော အခါ ဤ မြေကြီးသည် လှုပ်၏၊ တုန်လှုပ်၏၊ ပြင်းစွာ တုန်လှုပ်၏၊ သွက်သွက်ခါ တုန်လှုပ်၏။ ဤ ကား အကြီးအကျယ် မြေ(ငလျင်)လှုပ်ခြင်း၏ စတုတ္ထ အကြောင်း အထောက် အပံ့ပေတည်း။ (၄)

အာနန္ဒာ နောက်တမျိုးကား မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ရရှိတော်မူသောအခါ ဤ မြေကြီးသည် လှုပ်၏၊ တုန်လှုပ်၏၊ ပြင်းစွာ တုန်လှုပ်၏၊ သွက်သွက်ခါ တုန်လှုပ်၏။ ဤကား အကြီးအကျယ် မြေ (ငလျင်) လှုပ်ခြင်း၏ ပဉ္စမ အကြောင်း အထောက် အပံ့ပေတည်း။ (၅)

အာနန္ဒာ နောက်တမျိုးကား မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော ဓမ္မစကြာ တရားကို ဟောတော်မူသောအခါ ဤမြေကြီးသည် လှုပ်၏၊ တုန်လှုပ်၏၊ ပြင်းစွာ တုန်လှုပ်၏၊ သွက်သွက်ခါ တုန်လှုပ်၏။ ဤကား အကြီး အကျယ်မြေ(ငလျင်)လှုပ်ခြင်း၏ ဆဋ္ဌအကြောင်း အထောက်အပံ့ ပေတည်း။ (၆)

အာနန္ဒာ နောက်တမျိုးကား မြတ်စွာဘုရားသည် သတိရှိလျက် ဆင်ခြင်လျက် အသက်ရှည်ရန် ပြုပြင်မှု 'အာယုသင်္ခါရ' ကို စွန့်လွှတ်တော်မူသောအခါ ဤမြေကြီးသည် လှုပ်၏၊ တုန်လှုပ်၏၊ ပြင်းစွာတုန်လှုပ်၏၊ သွက်သွက်ခါ တုန်လှုပ်၏။ ဤကား အကြီးအကျယ် မြေ(ငလျင်) လှုပ်ခြင်း၏ သတ္တမ အကြောင်း အထောက်အပံ့ပေတည်း။ (၇)

အာနန္ဒာ နောက်တမျိုးကား မြတ်စွာဘုရားသည် ခန္ဓာ နာမ် ရုပ် အကြွင်းမရှိသော ငြိမ်းခြင်း သဘော 'အနုပါဒိသေသနိဗ္ဗာနဓာတ်'ဖြင့် ပရိနိဗ္ဗာန် ဝင်စံတော်မူသောအခါ ဤ မြေကြီးသည် လှုပ်၏၊ တုန်လှုပ်၏၊ ပြင်းစွာ တုန်လှုပ်၏၊ သွက်သွက်ခါ တုန်လှုပ်၏။ ဤကား အကြီး အကျယ် မြေ(ငလျင်)လှုပ်ခြင်း၏ အဋ္ဌမ အကြောင်း အထောက်အပံ့ပေတည်း။(၈)

အာနန္ဒာ အကြီးအကျယ် မြေ(ငလျင်) လှုပ်ခြင်း၏ အကြောင်း အထောက် အပံ့ တို့ကား ဤ ရှစ်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

နှစ်ခုမြောက် ဘူမိစာလဝဂ် ပြီး၏။

http://www.dhammadownload.com



## (ဂ) ၃-ယမကဝဂ် ၁-ပဌမ သဒ္ဓါသုတ်

၇၁။ ရဟန်းတို့ ရဟန်းသည် သဒ္ဓါတရားရှိ၏၊ သီလကားမရှိ၊ ဤသို့ ဖြစ်သော် ထိုရဟန်းသည် ထို အင်္ဂါနှင့် မပြည့်စုံသူဖြစ်၏။ ထို့ကြောင့် "ငါသည် အဘယ်သို့လျှင် သဒ္ဓါရှိသူသည်၎င်း သီလရှိသူသည်၎င်း ဖြစ်ပါအံ့နည်း"ဟု ထို အင်္ဂါကိုပြည့်စုံစေရမည်။ ရဟန်းတို့ အကြင်အခါ၌ကား ရဟန်းသည် သဒ္ဓါတရားလည်းရှိ၏၊ သီလလည်းရှိ၏၊(ထိုအခါ)ဤသို့ ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့် ပြည့်စုံသူဖြစ်၏။

ရဟန်းတို့ ရဟန်းသည် သဒ္ဓါတရားလည်း ရှိ၏၊ သီလလည်း ရှိ၏၊ များသော အကြားအမြင် 'ဗဟုသုတ'ကားမရှိ၊ ဤသို့ ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့် မပြည့်စုံသူ ဖြစ်၏။ ထို့ကြောင့် "ငါသည် အဘယ်သို့လျှင် သဒ္ဓါရှိသူသည်၎င်း သီလရှိသူသည်၎င်း ဗဟုသုတ ရှိသူသည်၎င်း ဖြစ်ရပါအံ့နည်း"ဟု ထိုအင်္ဂါကို ပြည့်စုံစေရမည်။

ရဟန်းတို့ အကြင်အခါ၌ကား ရဟန်းသည် သဒ္ဓါတရားလည်းရှိ၏၊ သီလလည်းရှိ၏၊ များသော အကြားအမြင် ဗဟုသုတလည်းရှိ၏၊(ထိုအခါ)ဤသို့ ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့်ပြည့်စုံသူဖြစ်၏။

ရဟန်းတို့ ရဟန်းသည် သဒ္ဓါတရားလည်းရှိ၏၊ သီလလည်းရှိ၏၊ ဗဟုသုတလည်း ရှိ၏၊ တရားဟောသူ 'ဓမ္မကထိက' ကား မဟုတ်။ပ။ ဓမ္မကထိကလည်း ဟုတ်၏၊ ပရိသတ်၌ ကျက်စားသူကား မဟုတ်။ပ။ ပရိသတ်၌ ကျက်စားသူလည်း ဟုတ်၏၊ ပရိသတ်၌ ရဲရဲရင့်ရင့် တရားဟောတတ်သူကား မဟုတ်။ပ။ ပရိသတ်၌ ရဲရဲရင့်ရင့် တရားဟောတတ်သူလည်း ဟုတ်၏၊ လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာနေကြောင်း ဖြစ်ကုန်သော စျာန်လေးပါးတို့ကို အလိုရှိတိုင်း ရသူ မငြိုမငြင်ရသူ မပင်မပန်းရသူကား မဟုတ်။ပ။ လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်း ဖြစ်ကုန်သော စျာန်လေးပါးကို အလိုရှိတိုင်းရသူ မငြိုမငြင်ရသူ မပင်မပန်းရသူလည်း ဟုတ်၏၊ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ မရှိသော လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ကပ်ရောက်၍ကား မနေရ၊ ဤသို့ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့် မပြည့်စုံသူ ဖြစ်၏။ ထို့ကြောင့် "ငါသည် အဘယ်သို့လျှင် သဒ္ဓါရှိသူသည်၎င်း သီလရှိသူသည်၎င်း ဗဟုသုတရှိသူသည်၎င်း တရားဟောသူ ဓမ္မကထိကသည်၎င်း ပရိသတ်၌ ကျက်စားသူသည်၎င်း ပရိသတ်၌ ရဲရဲရင့်ရင့် တရားဟောနိုင်သူသည်၎င်း လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်း ဖြစ်ကုန်သော စျာန်လေးပါးတို့ကို အလိုရှိတိုင်းရသူ မငြိုမငြင်ရသူ မပင်မပန်းရသူသည်၎င်း အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါမရှိသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော(အရဟတ္တဖိုလ်)ပညာကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် သိ၍မျက်မှောက်ပြုကာ ကပ်ရောက်၍ နေရသူဖြစ်ရပါအံ့နည်း"ဟု ထိုအင်္ဂါကို ပြည့်စုံစေရမည်။

ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် သဒ္ဓါတရားလည်း ရှိ၏၊ သီလလည်း ရှိ၏၊ များသော အကြားအမြင် ဗဟုသုတလည်းရှိ၏၊ တရားဟောသူ ဓမ္မကထိကလည်း ဟုတ်၏၊ ပရိသတ်၌

http://www.dhammadownload.com



လည်း ကျက်စား၏၊ ပရိသတ်၌ ရဲရဲ ရင့်ရင့်သည်း တရားဟောနိုင်၏၊ လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်း ဖြစ်ကုန်သော ဈာန်လေးပါးတို့ကို အလိုရှိတိုင်း ရသူ မငြိုမငြင်ရသူ မပင်မပန်းရသူလည်း ဟုတ်၏၊ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါမရှိသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ကပ်ရောက်၍လည်း နေရ၏၊ (ထိုအခါ) ဤသို့ ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့် ပြည့်စုံသူ ဖြစ်၏။

ရဟန်းတို့ ဤတရားရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ထက်ဝန်းကျင် ကြည်ညိုဖွယ်ရှိသူသည်ငှင်း အခြင်းအရာ အလုံးစုံနှင့် ပြည့်စုံသူသည်ငှင်း ဖြစ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဒုတိယ သဒ္ဓါသုတ်

၇၂။ ရဟန်းတို့ ရဟန်းသည် သဒ္ဓါတရား ရှိ၏၊ သီလကား မရှိ၊ ဤသို့ ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့် မပြည့်စုံသူ ဖြစ်၏။ ထို့ကြောင့် "ငါသည် အဘယ်သို့လျှင် သဒ္ဓါရှိသူသည်ငှင်း သီလရှိသူသည်ငှင်း ဖြစ်ရပါအံ့နည်း"ဟု ထိုအင်္ဂါကို ပြည့်စုံစေရမည်။ ရဟန်းတို့ အကြင်အခါ၌ကား ရဟန်းသည် သဒ္ဓါတရားလည်း ရှိ၏၊ သီလလည်း ရှိ၏၊ (ထိုအခါ) ဤသို့ ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့် ပြည့်စုံသူ ဖြစ်၏။

ရဟန်းတို့ ရဟန်းသည် သဒ္ဓါတရားလည်း ရှိ၏၊ သီလလည်း ရှိ၏၊ များသော အကြားအမြင် ဗဟုသုတကား မရှိ ။ပ။ ဗဟုသုတလည်း ရှိ၏၊ တရားဟောသူ ဓမ္မကထိကကား မဟုတ် ။ပ။ ဓမ္မကထိကလည်း ဟုတ်၏၊ ပရိသတ်၌ ကျက်စားသူကား မဟုတ်။ပ။ ပရိသတ်၌ ကျက်စားသူလည်း ဟုတ်၏၊ ပရိသတ်၌ ရဲရဲ ရင့်ရင့် တရားဟောတတ်သူကား မဟုတ်။ပ။ ပရိသတ်၌ ရဲရဲ ရင့်ရင့် တရားလည်း ဟောတတ်၏၊ ရူပဈာန် (ကသိုဏ်းရုပ်) တို့ကို လွန်၍ ငြိမ်းအေး လွတ်မြောက်ကုန်သော အရူပတရားတို့ကို နာမကာယဖြင့် တွေ့ထိ၍ နေရသူကား မဟုတ်။ပ။ ရူပဈာန်(ကသိုဏ်းရုပ်)တို့ကို လွန်၍ ငြိမ်းအေး လွတ်မြောက်ကုန်သော အရူပတရားတို့ကို နာမကာယဖြင့် တွေ့ထိ၍လည်း နေရ၏၊ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ မရှိသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ကပ်ရောက်၍ကား မနေရ၊ ဤသို့ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့် မပြည့်စုံသူ ဖြစ်၏။ ထို့ကြောင့် "ငါသည် အဘယ်သို့လျှင် သဒ္ဓါတရား ရှိသူသည်ငှင်း သီလရှိသူသည်ငှင်း ဗဟုသုတရှိသူသည်ငှင်း တရားဟောသူ ဓမ္မကထိကသည်ငှင်း ပရိသတ်၌ ကျက်စားသူသည်ငှင်း ပရိသတ်၌ ရဲရဲ ရင့်ရင့် တရားဟောနိုင်သူသည်ငှင်း ရူပဈာန် (ကသိုဏ်းရုပ်) တို့ကို လွန်၍ ငြိမ်းအေး လွတ်မြောက်ကုန်သော အရူပတရားတို့ကို နာမကာယဖြင့် တွေ့ထိ၍ နေရသူသည်ငှင်း အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါမရှိသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော(အရဟတ္တဖိုလ်)ပညာကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ကပ်ရောက်၍ နေရသူဖြစ်ရပါအံ့နည်း"ဟု ထိုအင်္ဂါကို ပြည့်စုံစေရမည်။

http://www.dhammadownload.com



ရဟန်းတို့ အကြင်အခါ၌ကား ရဟန်းသည် သဒ္ဓါတရားလည်း ရှိ၏၊ သီလလည်း ရှိ၏၊ ဗဟုသုတလည်း ရှိ၏၊ ဓမ္မကထိကလည်း ဟုတ်၏၊ ပရိသတ်၌လည်း ကျက်စား၏၊ ပရိသတ်၌ ရဲရဲ ရင့်ရင့် တရားလည်း ဟောနိုင်၏၊ ရူပဈာန်(ကသိုဏ်းရုပ်)တို့ကို လွန်၍ ငြိမ်း အေးလွတ်မြောက်ကုန်သော အရူပတရားတို့ကို နာမကာယဖြင့် တွေ့ထိ၍လည်း နေရ၏၊ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါမရှိသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ကပ်ရောက်၍လည်း နေနိုင်၏၊ (ထိုအခါ) ဤသို့ ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့် ပြည့်စုံသူဖြစ်၏။ ရဟန်းတို့ ဤတရားရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ထက်ဝန်းကျင် ကြည်ညိုဖွယ်ရှိသူသည်ရင်း အခြင်းအရာ အလုံးစုံနှင့် ပြည့်စုံသူသည်ရင်း ဖြစ်၏ဟု (မိန့်တော်မူ၏)

ဒုတိယသုတ်။

---

## ၃-ပဌမ မရဏဿတိသုတ်

၇၃။ အခါတပါး၌ မြတ်စွာဘုရားသည် နာတိကရွာ အုတ်ကျောင်း၌ (သီတင်းသုံး)နေမတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ''ရဟန်းတို့''ဟူ၍ ခေါ်တော်မူ၏။ ''အသျှင်ဘုရား'' ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏— ''ရဟန်းတို့ သေခြင်းကို အောက်မေ့မှု ''မရဏဿတိ ကိုပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် အကျိုးကြီး၏၊ အာနိသင်ကြီး၏၊ အမြိုက် (နိဗ္ဗာန်) သို့ သက်ဝင်၏၊ အမြိုက် (နိဗ္ဗာန်)လျှင် အဆုံးရှိ၏။ ရဟန်းတို့ သင်တို့သည် မရဏဿတိကို ပွါးများကုန်၏လော''ဟု မိန့်တော်မူ၏။ ဤသို့မိန့်တော်မူသည်ရှိသော် ရဟန်းတပါးသည် မြတ်စွာဘုရားအား ''အသျှင်ဘုရား အကျွန်ုပ်သည် မရဏဿတိကို ပွါးများပါ၏''ဟု လျှောက်၏။ ရဟန်း သင်သည် မရဏဿတိကို အဘယ်သို့လျှင် ပွါးများသနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား အကျွန်ုပ်အား ''ငါသည် တနေ့ တညဉ့်မျှ အသက်ရှင်ပါမူ ကောင်းလေစွ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့အားစင်စစ် (ရဟန်းကိစ္စကို) များစွာ ပြုအပ်သည် ဖြစ်ရာ၏''ဟု ဤသို့ အကြံ ဖြစ်ပါ၏။ အသျှင်ဘုရား အကျွန်ုပ်သည် ဤသို့လျှင် မရဏဿတိကို ပွါးများပါ၏ဟု (လျှောက်၏)။ (၁)

ရဟန်း တပါးကလည်း မြတ်စွာဘုရားအား ''အသျှင်ဘုရား အကျွန်ုပ်သည်လည်း မရဏဿတိကို ပွါးများပါ၏''ဟု လျှောက်၏။ ရဟန်း သင်သည် မရဏဿတိကို အဘယ်သို့လျှင် ပွါးများသနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်အား ''ငါသည်တနေ့မျှ အသက်ရှင်ပါမူ ကောင်းလေစွ မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့အားစင်စစ် (ရဟန်းကိစ္စကို) များစွာ ပြုအပ်သည် ဖြစ်ရာ၏''ဟု အကြံဖြစ်ပါ၏။ အသျှင်ဘုရား အကျွန်ုပ်သည် ဤသို့လျှင် မရဏဿတိကို ပွါးများပါ၏ဟု (လျှောက် ၏)။ (၂)

ရဟန်းတပါးကလည်း မြတ်စွာဘုရားအား''အသျှင်ဘုရား အကျွန်ုပ်သည်လည်း မရဏဿတိကို ပွါးများပါ၏''ဟု လျှောက်၏။ ရဟန်း သင်သည် မရဏဿတိကို အဘယ်သို့လျှင် ပွါးများသနည်းဟု (မေးတော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရား အကျွန်ုပ်အား "ငါသည် နေ့ဝက်မျှ အသက်ရှင်ရပါမူ ကောင်းလေစွ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့အား စင်စစ်(ရဟန်းကိစ္စကို) များစွာပြုအပ်သည်ဖြစ်ရာ၏"ဟု အကြံဖြစ်ပါ၏။ အသျှင်ဘုရား အကျွန်ုပ်သည် ဤသို့လျှင် မရဏဿတိကို ပွါးများပါ၏ဟု (လျှောက်၏)။ (၃)

ရဟန်းတပါးကလည်း မြတ်စွာဘုရားအား "အသျှင်ဘုရား အကျွန်ုပ်သည်လည်း မရဏဿတိကို ပွါးများပါ၏"ဟု လျှောက်၏။ ရဟန်း သင်သည် မရဏဿတိကို အဘယ်သို့လျှင် ပွါးများသနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်အား"ငါသည် ဆွမ်းတထပ်စားချိန်အတွင်း အသက်ရှည်ပါမူ ကောင်းလေစွ မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့အား စင်စစ် (ရဟန်းကိစ္စကို) များစွာပြုအပ်သည် ဖြစ်ရာ၏"ဟု အကြံဖြစ်ပါ၏။ အသျှင်ဘုရား အကျွန်ုပ်သည် ဤသို့လျှင် မရဏဿတိကို ပွါးများပါ၏ဟု (လျှောက်၏)။ (၄)

ရဟန်းတပါးကလည်း မြတ်စွာဘုရားအား "အသျှင်ဘုရား အကျွန်ုပ်သည်လည်း မရဏဿတိကို ပွါးများပါ၏"ဟု လျှောက်၏။ ရဟန်း သင်သည် မရဏဿတိကို အဘယ်သို့လျှင် ပွါးများသနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်အား "ငါသည် ဆွမ်းတထပ်စားချိန်၏ ထက်ဝက်မျှ အသက်ရှင်ပါမူ ကောင်းလေစွ မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏.ငါ့အား စင်စစ်(ရဟန်းကိစ္စကို) များစွာပြုအပ်သည် ဖြစ်ရာ၏"ဟု အကြံဖြစ်ပါ၏။ အသျှင်ဘုရား အကျွန်ုပ်သည် ဤသို့လျှင် မရဏဿတိကို ပွါးများပါ၏ဟု (လျှောက်၏)။ (၅)

ရဟန်းတပါးကလည်း မြတ်စွာဘုရားအား "အသျှင်ဘုရား အကျွန်ုပ်သည်လည်း မရဏဿတိကို ပွါးများပါ၏"ဟု လျှောက်၏။ ရဟန်း သင်သည် မရဏဿတိကို အဘယ်သို့လျှင် ပွါးများသနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်အား "ငါသည် ဆွမ်းလေးလုတ် ငါးလုတ်ကို ဝါးမျိုနေချိန်အတွင်း အသက်ရှင်ရပါမူ ကောင်းလေစွ မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့အား စင်စစ် (ရဟန်းကိစ္စကို) များစွာ ပြုအပ်သည် ဖြစ်ရာ၏"ဟု အကြံဖြစ်ပါ၏။ အသျှင်ဘုရား အကျွန်ုပ်သည် ဤသို့လျှင် မရဏဿတိကို ပွါးများပါ၏ဟု (လျှောက်၏)။ (၆)

ရဟန်းတပါးကလည်း မြတ်စွာဘုရားအား"အသျှင်ဘုရား အကျွန်ုပ်သည်လည်း မရဏဿတိကို ပွါးများပါ၏"ဟု လျှောက်၏။ရဟန်း သင်သည် မရဏဿတိကို အဘယ်သို့လျှင် ပွါးများသနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်အား "ငါသည် ဆွမ်းတလုတ်ကို ဝါးမျိုနေချိန်အတွင်း အသက်ရှင်နေရပါမူ ကောင်းလေစွ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းလေရာ၏၊ ငါ့အား စင်စစ် (ရဟန်းကိစ္စကို) များစွာပြုအပ်သည်ဖြစ်ရာ၏"ဟု အကြံဖြစ်ပါ၏။ အသျှင်ဘုရား အကျွန်ုပ်သည် ဤသို့လျှင် မရဏဿတိကို ပွါးများပါ၏ဟု (လျှောက်၏)။ (၇)

http://www.dhammadownload.com



ရဟန်းတပါးကလည်း မြတ်စွာဘုရားအား"အသျှင်ဘုရား အကျွန်ုပ်သည်လည်း မရဏဿတိကို ပွါးများပါ၏"ဟု လျှောက်၏။ ရဟန်း သင်သည် မရဏဿတိကို အဘယ်သို့လျှင် ပွါးများသနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်အား "ငါသည် ဝင်သက်ရှူ၍ ထွက်သက်ထုတ်ချိန် ထွက်သက်ထုတ်၍ ဝင်သက်ရှူချိန်အတွင်း အသက်ရှင်ရပါမူ ကောင်းလေစွ မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့အား စင်စစ် (ရဟန်းကိစ္စကို) များစွာ ပြုအပ်သည် ဖြစ်ရာ၏"ဟု အကြံ ဖြစ်ပါ၏။ အသျှင်ဘုရား အကျွန်ုပ်သည် ဤသို့လျှင် မရဏဿတိကို ပွါးများပါ၏ဟု (လျှောက်၏)။ (၈)

ဤသို့ လျှောက်လတ်သော် မြတ်စွာဘုရားသည် ထိုရဟန်းတို့အား—

ရဟန်းတို့ အကြင် ရဟန်းသည် "ငါသည် တနေ့ တညဥ့်မျှ အသက်ရှင်ပါမူ ကောင်းလေစွ မြတ်စွာဘုရား၏အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့အား စင်စစ်(ရဟန်းကိစ္စကို)များစွာ ပြုအပ်သည်ဖြစ်ရာ၏"ဟု ဤသို့ ဤမရဏဿတိကို ပွါးများ၏။ အကြင်ရဟန်းသည်ကား "ငါသည် တနေ့ အသက်ရှင်ပါမူ ကောင်းလေစွ မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့အား စင်စစ် (ရဟန်းကိစ္စကို) များစွာ ပြုအပ်သည်ဖြစ်ရာ၏"ဟု ဤသို့ မရဏဿတိကို ပွါးများ၏။ အကြင်ရဟန်းသည်ကား"ငါသည် နေ့ဝက်မျှ အသက်ရှင်ပါမူ ကောင်းလေစွ မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့အား စင်စစ် (ရဟန်းကိစ္စကို) များစွာ ပြုအပ်သည် ဖြစ်ရာ၏"ဟု ဤသို့ မရဏဿတိကို ပွါးများ၏။ အကြင်ရဟန်းသည်ကား "ငါသည် ဆွမ်းတထပ် စားချိန်အတွင်း အသက်ရှင်ပါမူ ကောင်းလေစွ မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့အား စင်စစ် (ရဟန်းကိစ္စကို)များစွာပြုအပ်သည် ဖြစ်ရာ၏"ဟု ဤသို့ မရဏဿတိကို ပွါးများ၏။ အကြင်ရဟန်းသည်ကား "ငါသည် ဆွမ်းတထပ်စားချိန်၏ ထက်ဝက်မျှ အသက်ရှင်ရပါမူ ကောင်းလေစွ မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့အား စင်စစ် (ရဟန်းကိစ္စကို) များစွာ ပြုအပ်သည် ဖြစ်ရာ၏"ဟု ဤသို့ မရဏဿတိကို ပွါးများ၏။ အကြင်ရဟန်းသည်ကား "ငါသည် ဆွမ်းလေးလုတ် ငါးလုတ်ကို ဝါးမျိုချိန်အတွင်းမျှ အသက်ရှင်ရပါမူ ကောင်းလေစွ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ငါ့အား စင်စစ် (ရဟန်းကိစ္စကို) များစွာ ပြုအပ်သည်ဖြစ်ရာ၏" ဟု ဤသို့ မရဏဿတိကို ပွါးများ၏။ ရဟန်းတို့ ဤရဟန်းခြောက်ပါးတို့ကို မေ့မေ့လျော့လျော့ နေကုန်၏ဟူ၍ဥင်း အာသဝေါ တရားကုန်ခန်းရန် နုန့်နှေးစွာ မရဏဿတိကို ပွါးများကုန်၏ဟူ၍ဥင်း ဆိုအပ်ကုန်၏။

ရဟန်းတို့ အကြင်ရဟန်းသည်ကား "ငါသည် ဆွမ်းတလုတ် ဝါးမျိုနေချိန်အတွင်းမျှ အသက်ရှင်ပါမူ ကောင်းလေစွ မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့အား စင်စစ် (ရဟန်းကိစ္စကို) များစွာ ပြုအပ်သည်ဖြစ်ရာ၏"ဟု ဤသို့ မရဏဿတိကို ပွါးများ၏။

အကြင် ရဟန်းသည်လည်း "ငါသည် ဝင်သက်ရှူ၍ ထွက်သက်ထုတ်ရုံ ထွက်သက် ထုတ်၍ ဝင်သက်ရှူရုံ အတွင်းမျှ အသက်ရှင်ပါမူ ကောင်းလေစွ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့အား စင်စစ် (ရဟန်းကိစ္စကို)များစွာ ပြုအပ်သည်ဖြစ်ရာ၏"ဟု ဤသို့ မရဏဿတိကို ပွါးများ၏။ ရဟန်းတို့ ဤရဟန်း (နှစ်ပါး) တို့ကို မမေ့မလျော့ နေကုန်၏ဟူ၍ဥင်း အာသဝေါတရား ကုန်ခန်းရန် ထက်သန်စွာ မရဏဿတိကို ပွါးများကုန်၏ဟူ၍ဥင်း ဆိုအပ်ကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ ထို့ကြောင့် "မမေ့မလျော့ နေကုန်အံ့၊ အာသဝေါတရားကုန်ခန်းရန် ထက်သန်စွာ မရဏဿတိကို ပွါးများကုန်အံ့" ဟု ကျင့်ရမည်၊ ရဟန်းတို့ သင်တို့သည် ဤသို့သာ ကျင့်ရမည်ဟု မိန့်တော်မူ၏။

တတိယသုတ်။

## ၄-ဒုတိယ မရဏဿတိသုတ်

၇၄။ အခါတပါး၌ မြတ်စွာဘုရားသည် နာတိကရွာ အုတ်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ဤသို့မိန့်တော်မူ၏။ပ။ ရဟန်းတို့ မရဏဿတိကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် အကျိုးကြီး၏၊ အာနိသင်ကြီး၏၊ အမြိုက် (နိဗ္ဗာန်)သို့ သက်ဝင်၏၊ အမြိုက် (နိဗ္ဗာန်)လျှင် အဆုံးရှိ၏။ ရဟန်းတို့ မရဏဿတိကို အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာပြုအပ်သည်ရှိသော် အကျိုးကြီးသနည်း၊ အာနိသင် ကြီးသနည်း၊ အမြိုက် (နိဗ္ဗာန်)သို့ သက်ဝင်သနည်း၊ အမြိုက်(နိဗ္ဗာန်)လျှင် အဆုံးရှိသနည်း။

ရဟန်းတို့ ဤ(သာသနာတော်)၌ ရဟန်းသည် နေ့ကိုလွန်မြောက် ညဉ့်သို့ ရောက်လတ်သော် "ငါ့အား သေခြင်းအကြောင်းတို့သည် များကုန်၏၊ မြွေသော်လည်း ငါ့ကို ကိုက်ရာ၏၊ ကင်းမြီးကောက်သော်လည်း ငါ့ကို ကိုက်ရာ၏၊ ကင်းခြေများသော်လည်း ငါ့ကို ကိုက်ရာ၏၊ ထိုအကြောင်းကြောင့် ငါ့အား သေခြင်းသည် ဖြစ်ရာ၏၊ ထိုမြွေ ကိုက်ခြင်း စသည်သည် ငါ့အား အန္တရာယ်ဖြစ်ရာ၏၊ ချော်၍သော်လည်း လဲရာ၏၊ ငါစားအပ်သော အစာသော်လည်း မကျေပဲ ဖောက်ပြန်ရာ၏၊ ငါ့အား သည်းခြေသော်လည်း ပျက်ရာ၏၊ ငါ့အား သလိပ်သော်လည်း ပျက်ရာ၏၊ ငါ့အား လေသင်ဓုန်းတို့သော်လည်း ဖြတ်ကုန်ရာ၏၊ လူတို့ကသော်လည်း ငါ့ကို လုံ့လပြုကုန်ရာ၏၊ လူမဟုတ်သူ (ဘီလူး) တို့ကသော်လည်း ငါ့ကို လုံ့လပြုကုန်ရာ၏၊ ထိုအကြောင်းကြောင့် ငါ့အား သေခြင်းသည် ဖြစ်ရာ၏၊ ထို လေသင်ဓုန်းဖြတ်ခြင်း စသည်သည် ငါ့အား အန္တရာယ်ဖြစ်ရာ၏" ဟု ဤသို့ ဆင်ခြင်၏။

ရဟန်းတို့ ထိုရဟန်းသည် "ညဉ့်အခါ၌ သေရသော ငါ့အား အန္တရာယ်ကို ပြုမည့် မပယ်ရသေးသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ရှိကုန်သေးသလော" ဟု ဆင်ခြင်ရမည်။ ရဟန်းတို့ ရဟန်းသည် ဆင်ခြင်သော် "ညဉ့်အခါ၌ သေရသော ငါ့အား အန္တရာယ်ကိုပြုမည့် မပယ်ရသေးသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ရှိကုန်သေး၏" ဟု သိရပါမူ ရဟန်းတို့ ထိုရဟန်းသည် ယုတ်ညံ့သော ထိုအကုသိုလ်တရားတို့ကို ပယ်ခြင်းငှါသာလျှင် လွန်ကဲသောအလို ဆန္ဒကိုငှါး လုံ့လကိုငှါး အားထုတ်ခြင်းကိုငှါး အတိုင်းထက်အလွန်အားထုတ်ခြင်းကိုငှါး မဆုတ်နစ်ခြင်းကိုငှါး သတိကိုငှါး သမ္ပဇဉ်ကိုငှါး ပြုရမည်။

ရဟန်းတို့ ပုဆိုး၌ မီးလောင်သူသည်ငှါး ဦးခေါင်း၌ မီးလောင်သူသည်ငှါး ထိုပုဆိုး ထို ဦးခေါင်းကို မီးငြိမ်းစေရန် လွန်ကဲသော ဆန္ဒကိုငှါး လုံ့လကိုငှါး အားထုတ်ခြင်းကိုငှါး အတိုင်းထက်အလွန် အားထုတ်ခြင်းကိုငှါး မဆုတ်နစ်ခြင်းကိုငှါး သတိကိုငှါး သမ္ပဇဉ်ကိုငှါး ပြုရာသကဲ့သို့ ရဟန်းတို့ ဤအတူပင် ထိုရဟန်းသည် ယုတ်ညံ့သော ထိုအကုသိုလ်တရားတို့ကို ပယ်ရန်သာလျှင် လွန်ကဲသော ဆန္ဒကိုငှါး လုံ့လကိုငှါး အားထုတ်ခြင်းကိုငှါး အတိုင်းထက်အလွန် အားထုတ်ခြင်းကိုငှါး မဆုတ်နစ်ခြင်းကိုငှါး သတိကိုငှါး သမ္ပဇဉ်ကိုငှါး ပြုရမည်။

http://www.dhammadownload.com



ရဟန်းတို့ ရဟန်းသည် ဆင်ခြင်သော် "ညဥ့်အခါ၌ သေရသော ငါ့အား အန္တရာယ်ပြုမည့် မပယ်ရသေးသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် မရှိကုန်" ဟု သိပါမူ ရဟန်းတို့ ထိုရဟန်းသည် နှစ်သက်မှု ဝမ်းမြောက်မှု 'ပီတိပါမောဇ္ဇ' ဖြင့်သာလျှင် ကုသိုလ်တရားတို့၌ နေ့ ညဥ့်မပြတ် ကျင့်သုံးလျက် နေရမည်။

ရဟန်းတို့ ဤ(သာသနာတော်)၌ ရဟန်းသည် ညဥ့်ကိုလွန်မြောက် နေ့သို့ ရောက်လတ်သော် "ငါ့အား သေခြင်းအကြောင်းတို့သည် များကုန်၏၊ မြွေသော်လည်း ငါ့ကို ကိုက်ရာ၏၊ ကင်းမြီးကောက်သော်လည်း ငါ့ကို ကိုက်ရာ၏၊ ကင်းခြေများသော်လည်း ငါ့ကို ကိုက်ရာ၏၊ ထိုအကြောင်းကြောင့် ငါ့အား သေခြင်းသည် ဖြစ်ရာ၏၊ ထို မြွေကိုက်ခြင်း စသည်သည် ငါ့အား အန္တရာယ်ဖြစ်ရာ၏၊ ချော်၍သော်လည်း လဲရာ၏၊ ငါစားအပ်သော အစာသော်လည်း မကျေပဲ ဖောက်ပြန်ရာ၏၊ ငါ့အား သည်းခြေသော်လည်း ပျက်ရာ၏၊ ငါ့အား သလိပ်သော်လည်း ပျက်ရာ၏၊ ငါ့အား လေသင်ဓုန်းတို့သော်လည်း ဖြတ်ကုန်ရာ၏၊ လူတို့ကသော်လည်း ငါ့ကို လုံ့လ ပြုကုန်ရာ၏၊ လူမဟုတ်သူ (ဘီလူး) တို့ကသော်လည်း ငါ့ကို လုံ့လပြုကုန်ရာ၏၊ ထိုကြောင့် ငါ့အား သေခြင်းသည် ဖြစ်ရာ၏၊ ထိုလေသင်ဓုန်းဖြတ်ခြင်းစသည်သည် ငါ့အား အန္တရာယ်ဖြစ်ရာ၏" ဟု ဤသို့ ဆင်ခြင်၏။

ရဟန်းတို့ ထိုရဟန်းသည် "နေ့အခါ၌ သေရသော ငါ့အား အန္တရာယ်ကို ပြုမည့် မပယ်ရသေးသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ရှိကုန်သေးသလော" ဟု ဆင်ခြင်ရမည်။

ရဟန်းတို့ ရဟန်းသည် ဆင်ခြင်သော် "နေ့အခါ၌ သေရသော ငါ့အား အန္တရာယ်ကို ပြုမည့် မပယ်ရသေးသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ရှိကုန်သေး၏" ဟု သိရပါမူ ရဟန်းတို့ ထိုရဟန်းသည် ယုတ်ညံ့သော ထိုအကုသိုလ်တရားတို့ကို ပယ်ရန်သာလျှင် လွန်ကဲသောဆန္ဒကိုရင်း လုံ့လကိုရင်း အားထုတ်ခြင်းကိုရင်း အတိုင်းထက်အလွန် အားထုတ်ခြင်းကိုရင်း မဆုတ်နစ်ခြင်းကိုရင်း သတိကိုရင်း သမ္ပဇဉ်ကိုရင်း ပြုရမည်။

ရဟန်းတို့ ပုဆိုး၌ မီးလောင်သူသည်ရင်း ဦးခေါင်း၌ မီးလောင်သူသည်ရင်း ထိုပုဆိုး ထို ဦးခေါင်းကို မီးငြိမ်းစေရန် လွန်ကဲသော ဆန္ဒကိုရင်း လုံ့လကိုရင်း အားထုတ်ခြင်းကိုရင်း အတိုင်းထက်အလွန်အားထုတ်ခြင်းကိုရင်း မဆုတ်နစ်ခြင်းကိုရင်း သတိကိုရင်း သမ္ပဇဉ်ကိုရင်း ပြုရာသကဲ့သို့ ရဟန်းတို့ ဤအတူပင် ထိုရဟန်းသည် ယုတ်ညံ့သော ထိုအကုသိုလ်တရားတို့ကို ပယ်ရန်သာလျှင် လွန်ကဲသော ဆန္ဒကိုရင်း လုံ့လကိုရင်း အားထုတ်ခြင်းကိုရင်း အတိုင်းထက်အလွန် အားထုတ်ခြင်းကိုရင်း မဆုတ်နစ်ခြင်းကိုရင်း သတိကိုရင်း သမ္ပဇဉ်ကိုရင်း ပြုရမည်။

ရဟန်းတို့ ရဟန်းသည် ဆင်ခြင်သော် "နေ့အခါ၌ သေရသော ငါ့အား အန္တရာယ်ကို ပြုမည့် မပယ်ရသေးသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် မရှိကုန်" ဟု သိပါမူ ရဟန်းတို့ ထိုရဟန်းသည် ထိုနှစ်သက်မှု ဝမ်းမြောက်မှု 'ပီတိပါမောဇ္ဇ' ဖြင့်သာလျှင် ကုသိုလ်တရားတို့၌ နေ့ ညဥ့်မပြတ် ကျင့်သုံးလျက် နေရမည်။

ရဟန်းတို့ ဤသို့လျှင် မရဏဿတိကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော် အကျိုးကြီး၏ အာနိသင်ကြီး၏၊ အမြိုက်(နိဗ္ဗာန်)သို့ သက်ဝင်၏၊ အမြိုက်(နိဗ္ဗာန်)လျှင် အဆုံးရှိ၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-ပဌမ သမ္ပဒါသုတ်

၇၅။ ရဟန်းတို့ ပြည့်စုံမှု'သမ္ပဒါ'တို့သည် ဤရှစ်မျိုးတို့တည်း။ အဘယ်ရှစ်မျိုးတို့နည်း ဟူမူ— ထကြွလုံ့လနှင့် ပြည့်စုံမှု 'ဥဋ္ဌာနသမ္ပဒါ'၊ စောင့်ရှောက်ခြင်းနှင့် ပြည့်စုံမှု 'အာရက္ခသမ္ပဒါ'၊ မိတ်ဆွေကောင်းရှိမှု 'ကလျာဏမိတ္တတာ'၊ မျှတစွာ အသက်မွေးမှု 'သမဇီဝိတာ'၊ သဒ္ဓါနှင့် ပြည့်စုံမှု 'သဒ္ဓါသမ္ပဒါ'၊ သီလနှင့် ပြည့်စုံမှု 'သီလသမ္ပဒါ'၊ စွန့်ကြဲခြင်းနှင့် ပြည့်စုံမှု 'စာဂသမ္ပဒါ'၊ ပညာနှင့် ပြည့်စုံမှု 'ပညာသမ္ပဒါ' တို့တည်း။ ရဟန်းတို့ ပြည့်စုံမှု'သမ္ပဒါ' တို့သည် ဤရှစ်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

အလုပ်လုပ်ရာဌာနတို့၌ ထကြွလုံ့လရှိလျက် မမေ့ မလျော့မူ၍ အထူး စီမံခြင်းနှင့်ပြည့်စုံသော ယောကျ်ားသည် မျှတစွာ အသက်မွေးမှုကို ပြု၏၊ ဆည်းပူးအပ်ပြီးသော (ဥစ္စာ) ကို စောင့်ရှောက်၏။

သဒ္ဓါတရားရှိ၏၊ သီလနှင့် ပြည့်စုံ၏၊ တောင်းခံသူတို့၏ စကားကို သိတတ်၏၊ မစ္ဆရိယကင်း၏၊ တမလွန်ဘဝ၌ ချမ်းသာကြောင်းဖြစ်သော (ကုသိုလ်) လမ်းကို အမြဲသုတ်သင်၏။

ဤသို့လျှင် ဤတရားရှစ်မျိုးတို့သည် အိမ်ထောင်ဝတ်ကို ရှာမှီးလေ့ရှိသော သဒ္ဓါတရားနှင့် ပြည့်စုံသော သူအား မျက်မှောက်ဘဝ၌ အစီးအပွါး အလို့ငှါရင်း တမလွန်ဘဝ၌ ချမ်းသာခြင်းငှါရင်း နှစ်ပါးစုံသော ဘဝ၌ ချမ်းသာကို ဆောင်တတ်ကုန်၏ဟူ၍ အမည်မှန်ရှိသော မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်၏။ ဤသို့လျှင် လှူဖြစ်သော သူတို့အား စွန့်ကြဲမှု'စာဂ' ထိုမှ ကြွင်းသော ကောင်းမှုကုသိုလ်သည် တိုးပွါး၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၆-ဒုတိယ သမ္ပဒါသုတ်

၇၆။ ရဟန်းတို့ ပြည့်စုံမှု'သမ္ပဒါ'တို့သည် ဤရှစ်မျိုးတို့တည်း။ အဘယ်ရှစ်မျိုးတို့နည်း ဟူမူ— ထကြွလုံ့လနှင့် ပြည့်စုံမှု 'ဥဋ္ဌာနသမ္ပဒါ'၊ စောင့်ရှောက်ခြင်းနှင့် ပြည့်စုံမှု 'အာရက္ခသမ္ပဒါ'၊ မိတ်ဆွေကောင်းရှိမှု 'ကလျာဏမိတ္တတာ'၊ မျှတစွာ အသက်မွေးမှု 'သမဇီဝိတာ'၊ သဒ္ဓါနှင့် ပြည့်စုံမှု 'သဒ္ဓါသမ္ပဒါ'၊ သီလနှင့် ပြည့်စုံမှု 'သီလသမ္ပဒါ'၊ စွန့်ကြဲခြင်းနှင့် ပြည့်စုံမှု 'စာဂသမ္ပဒါ'၊ ပညာနှင့် ပြည့်စုံမှု 'ပညာသမ္ပဒါ'တို့တည်း။

ရဟန်းတို့ ထိုထကြွလုံ့လနှင့် ပြည့်စုံမှုဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အမျိုးကောင်းသားသည် အသက်မွေးကြောင်း အလုပ်ဖြစ်သော လယ်လုပ်ခြင်းဖြင့် ဖြစ်စေ ကုန်သွယ်ခြင်းဖြင့် ဖြစ်စေ နွားကျောင်းခြင်းဖြင့် ဖြစ်စေ လေးသမား အတတ်ဖြင့် ဖြစ်စေ မင်းလုလင် အလုပ်ဖြင့်ဖြစ်စေ အခြား အတတ်ပညာတမျိုးမျိုးဖြင့်ဖြစ်စေ အသက်မွေးမှုပြု၏၊ ထိုအလုပ်၌ ကျွမ်းကျင်၏၊ ပျင်းရိမှုမရှိ (ထိုအလုပ်၌) အကြောင်းကို စုံစမ်းတတ်သော ပညာနှင့် ပြည့်စုံ၏၊ ပြုလုပ်ရန်လည်း စွမ်းနိုင်၏၊ စီမံရန်လည်း စွမ်းနိုင်၏။ ရဟန်းတို့ ဤသည်ကို ထကြွလုံ့လနှင့် ပြည့်စုံမှု 'ဥဋ္ဌာနသမ္ပဒါ'ဟု ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ စောင့်ရှောက်ခြင်းနှင့် ပြည့်စုံမှုဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အမျိုးကောင်းသားအား ထကြွလုံ့လကြောင့် ရအပ်ကုန်သော လက်ရုံးအားကိုး ချွေးပူးအပ်ကုန်သော ချွေးဒီးဒီးကျ ပြုအပ်ကုန်သော တရားနှင့် လျော်ကုန်သော တရားသဖြင့် ရအပ်ကုန်သော စည်းစိမ်(ဥစ္စာ) တို့သည် ရှိကုန်၏၊ ထိုစည်းစိမ်(ဥစ္စာ)တို့ကို "အဘယ်သို့လျှင် ငါ၏ ဤစည်းစိမ် ဥစ္စာတို့ကို မင်း 'အစိုးရ' တို့ မဆောင်ယူကုန်ရာသနည်း၊ ခိုးသူတို့ မဆောင်ယူကုန်ရာသနည်း၊ မီး မလောင်ရာသနည်း၊ ရေ မမျောနိုင်ရာသနည်း၊ မချစ်မနှစ်သက်သူ အမွေခံဆိုးတို့ မဆောင် ယူနိုင်ကုန်ရာသနည်း" ဟု စောင့်ရှောက်ခြင်း လုံခြုံစေခြင်းနှင့် ပြည့်စုံစေ၏။ ရဟန်းတို့ ဤသည်ကို စောင့်ရှောက်ခြင်းနှင့် ပြည့်စုံမှု 'အာရက္ခသမ္ပဒါ' ဟု ဆိုအပ်၏။

ရဟန်းတို့ မိတ်ဆွေကောင်းရှိမှုဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အမျိုးကောင်း သားသည် အကြင်ရွာ၌ ဖြစ်စေ နိဂုံး၌ဖြစ်စေ နေ၏၊ ထိုရွာ နိဂုံး၌ရှိသော ငယ်သော်လည်း ကြီးမြင့်သော ကိုယ်ကျင့်ရှိကုန် ကြီး၍လည်း ကြီးမြင့်သော ကိုယ်ကျင့်ရှိကုန် သဒ္ဓါတရားနှင့် ပြည့်စုံကုန် သီလနှင့်ပြည့်စုံကုန် စွန့်ကြဲခြင်းနှင့်ပြည့်စုံကုန် ပညာနှင့်ပြည့်စုံကုန်သော သူကြွယ်တို့နှင့် ဖြစ်စေ သူကြွယ်သားတို့နှင့်ဖြစ်စေ အတူနေ၏၊ အတူပြော၏၊ အတူဆွေးနွေး၏၊ ယင်း သဒ္ဓါတရားနှင့် ပြည့်စုံသူတို့၏ သဒ္ဓါတရားနှင့်ပြည့်စုံမှုကို အတုလိုက်၍ ကျင့်၏၊ ယင်း သီလနှင့်ပြည့်စုံသူတို့၏ သီလနှင့်ပြည့်စုံမှုကို အတုလိုက်၍ ကျင့်၏၊ ယင်း စွန့်ကြဲခြင်းနှင့်ပြည့်စုံသူတို့၏ စွန့်ကြဲခြင်းနှင့် ပြည့်စုံမှုကို အတုလိုက်၍ ကျင့်၏၊ ယင်းပညာနှင့် ပြည့်စုံသူတို့၏ ပညာနှင့်ပြည့်စုံမှုကို အတုလိုက်၍ ကျင့်၏။ ရဟန်းတို့ ဤသည်ကို မိတ်ဆွေကောင်းရှိမှု 'ကလျာဏမိတ္တတာ' ဟု ဆိုအပ်၏။

ရဟန်းတို့ မျှတစွာ အသက်မွေးမှုဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အမျိုး ကောင်းသားသည် စည်းစိမ်(ဥစ္စာ)တို့၏ တိုးပွါးမှု(ဝင်ငွေ)ကိုင်ငါး ဆုတ်ယုတ်မှု (ထွက်ငွေ)ကိုင်ငါး သိ၍ "ဤသို့ သုံးစွဲသော် ငါ၏ တိုးပွါးမှု(ဝင်ငွေ)သည် ဆုတ်ယုတ်မှု(ထွက်ငွေ)ထက် များလိမ့်မည်၊ ငါ၏ ဆုတ်ယုတ်မှု(ထွက်ငွေ)သည် တိုးပွါးမှု(ဝင်ငွေ)ထက် များလိမ့်မည် မဟုတ်"ဟု မများလွန်း မနည်းလွန်း မျှတစွာ အသက်မွေးမှုကို ပြု၏။ ရဟန်းတို့ ဥပမာသော်ကား ရေဇူကိုင်သမားသည် ငင်း ရေဇူကိုင်၏ တပည့်သည်ငင်း ရာဇူ(ချိန်ခွင်)ကို မြှောက်၍ "ဤမျှလောက် အောက်သို့ နိမ့်၏၊ ဤမျှလောက် အထက်သို့ မြင့်၏"ဟု သိသကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် အမျိုးကောင်းသား သည် စည်းစိမ်(ဥစ္စာ)တို့၏ တိုးပွါးမှု(ဝင်ငွေ)ကိုင်ငါး ဆုတ်ယုတ်မှု(ထွက်ငွေ)ကိုင်ငါး သိ၍ "ဤသို့ သုံးစွဲသော် ငါ၏ တိုးပွါးမှု(ဝင်ငွေ)သည် ဆုတ်ယုတ်မှု(ထွက်ငွေ)ထက်များလိမ့်မည်၊ ငါ၏ ဆုတ် ယုတ်မှု(ထွက်ငွေ)သည် တိုးပွါးမှု(ဝင်ငွေ)ထက် များလိမ့်မည်မဟုတ်"ဟု မများလွန်း မနည်းလွန်း မျှတစွာ အသက်မွေးမှုကို ပြု၏။

ရဟန်းတို့ ဤအမျိုးကောင်းသားသည် တိုးပွါးမှု(ဝင်ငွေ) နည်းသည် ဖြစ်ပါလျက် အထက် တန်းကျသော အသက်မွေးခြင်းကို အကယ်၍ ပြုပါမူ ထိုသူအား "ဤအမျိုးကောင်းသားသည် သဖန်းသီးကို စားသူကဲ့သို့ စည်းစိမ်(ဥစ္စာ)တို့ကို စားသုံးသည်"ဟု ဆိုဖွယ်ရာတို့ ဖြစ်ကုန်၏၊ ရဟန်းတို့ ဤအမျိုးကောင်းသားသည် တိုးပွါးမှု(ဝင်ငွေ)များသည် ဖြစ်လျက် ငြိုငြင်ဆင်းရဲသော အသက်မွေးခြင်းကို အကယ်၍ ပြုပါမူ ထိုသူအား "အကြီးအကဲမရှိသော (အားထားရာမဲ့) သေခြင်းကဲ့သို့ သေရလိမ့်မည်"ဟု ဆိုဖွယ်ရာတို့ ဖြစ်ကုန်၏။ ရဟန်းတို့ အမျိုးကောင်းသား သည် စည်းစိမ်ဥစ္စာတို့၏ တိုးပွါးမှု(ဝင်ငွေ)ကိုင်ငါး ဆုတ်ယုတ်မှု(ထွက်ငွေ)ကိုင်ငါး သိ၍ "ဤသို့ သုံးစွဲသော် ငါ၏ တိုးပွါးမှု(ဝင်ငွေ)သည် ဆုတ်ယုတ်မှု(ထွက်ငွေ)ထက် များလိမ့်မည်၊ ငါ၏ ဆုတ်

http://www.dhammadownload.com



ယုတ်မှု(ထွက်ငွေ)သည် တိုးပွါးမှု(ဝင်ငွေ)ထက် များလိမ့်မည် မဟုတ်”ဟု မများလွန်း မနည်းလွန်း မျှတစွာ အသက်မွေးမှုကို ပြု၏။ ရဟန်းတို့ ဤသည်ကို မျှတစွာ အသက်မွေးမှု 'သမဇီဝိတာ'ဟု ဆိုအပ်၏။

ရဟန်းတို့ သဒ္ဓါတရားနှင့်ပြည့်စုံမှုဟူသည် အဘယ်နည်း၊ရဟန်းတို့ ဤလောက၌ အမျိုးကောင်း သားသည် သဒ္ဓါတရားရှိ၏၊ မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ယုံကြည်၏၊ “ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံမည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာ ဖြစ်တော်မူသော အကြောင်း ကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါးကို) သိတော်မူတတ်သော အကြောင်း ကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏” ဟု ယုံကြည်၏။ ရဟန်းတို့ ဤသည်ကို သဒ္ဓါနှင့် ပြည့်စုံမှု 'သဒ္ဓါသမ္ပဒါ'ဟု ဆိုအပ်၏။

ရဟန်းတို့ သီလနှင့်ပြည့်စုံမှုဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အမျိုးကောင်းသား သည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ပ။ ယစ်မူး မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်သောက်ခြင်းမှ ရှောင်ကြဉ်၏။ ရဟန်းတို့ ဤသည်ကို သီလနှင့်ပြည့်စုံမှု 'သီလသမ္ပဒါ'ဟု ဆိုအပ်၏။

ရဟန်းတို့ စွန့်ကြဲခြင်းနှင့်ပြည့်စုံမှုဟူသည် အဘယ်နည်း၊ရဟန်းတို့ ဤလောက၌ အမျိုးကောင်း သားသည်။ပ။ တောင်းခံခြင်းငှါ ထိုက်သူ ပေးကမ်း ဝေဖန်ခြင်း၌ မွေ့လျော်သူဖြစ်၍ မစ္ဆရိယတည်းဟူသော အညစ် အကြေး ကင်းသော စိတ်ဖြင့် အိမ်ကို စိုးအုပ်လျက်နေ၏။ရဟန်းတို့ ဤသည်ကို စွန့်ကြဲခြင်းနှင့်ပြည့်စုံမှု'စာဂသမ္ပဒါ'ဟု ဆိုအပ်၏။

ရဟန်းတို့ ပညာနှင့်ပြည့်စုံမှုဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အမျိုးကောင်း သားသည် ပညာရှိ၏။ပ။ဝဋ်ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်သော မြတ်သောပညာနှင့် ကောင်းစွာ ပြည့်စုံ၏။ ရဟန်းတို့ ဤသည်ကို ပညာနှင့်ပြည့်စုံမှု'ပညာသမ္ပဒါ'ဟု ဆိုအပ်၏။

ရဟန်းတို့ ပြည့်စုံမှု'သမ္ပဒါ'တို့သည် ဤရှစ်မျိုးတို့တည်း ဟု(မိန့်တော်မူ၏)။

> အလုပ်လုပ်ရာဌာနတို့၌ ထကြွလုံ့လရှိလျက် မမေ့မလျော့မူ၍ အထူးစီမံခြင်းနှင့် ပြည့်စုံသော ယောကျ်ားသည် မျှတစွာ အသက်မွေးမှုကိုပြု၏၊ ဆည်းပူးအပ်ပြီးသော (ဥစ္စာ)ကို အစဉ် စောင့်ရှောက်၏။
>
> သဒ္ဓါတရားရှိ၏၊ သီလနှင့်ပြည့်စုံ၏၊ တောင်းခံသူတို့၏ စကားကို သိတတ်၏၊ မစ္ဆရိယာ ကင်း၏၊တမလွန်ဘဝ၌ ချမ်းသာကြောင်း ဖြစ်သော(ကုသိုလ်)လမ်းကို အမြဲသုတ်သင်၏။
>
> ဤသို့လျှင် ဤတရားရှစ်မျိုးတို့သည် အိမ်ထောင်ဝတ်ကို ရှာမှီးလေ့ရှိသော သဒ္ဓါ တရားနှင့် ပြည့်စုံသူအား မျက်မှောက်ဘဝ၌ အစီးအပွါး အလို့ငှါငှါင်း တမလွန်ဘဝ၌ ချမ်းသာခြင်းငှါငှါင်း နှစ်ပါးစုံသော ဘဝ၌ ချမ်းသာကို ဆောင်တတ်ကုန်၏ ဟူ၍ အမည်မှန်ရှိသော မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်၏။ ဤသို့လျှင် လှူဖြစ်သော သူတို့အား စွန့်ကြဲမှု 'စာဂ' ထိုမှကြွင်းသော ကောင်းမှု ကုသိုလ်သည် တိုးပွါး၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

http://www.dhammadownload.com



## ၇-ဇလုစ္ဆသုတ်

၇၇။ ထိုအခါ အသျှင်သာရိပုတြာသည် ရဟန်းတို့အား "ငါ့သျှင် ရဟန်းတို့"ဟု ခေါ်တော်မူ၏၊ "ငါ့သျှင်"ဟု ထိုရဟန်းတို့သည် အသျှင်သာရိပုတြာအား ပြန်ကြားလျှောက်ထားကုန်၏။ အသျှင်သာရိပုတြာသည် ဤစကားကို မိန့်တော်မူ၏—

ငါ့သျှင်တို့ လောက၌ ဤပုဂ္ဂိုလ်ရှစ်မျိုးတို့သည် ထင်ရှားရှိကုန်၏၊အဘယ်ရှစ်မျိုး တို့နည်းဟူမူ— ငါ့သျှင်တို့ ဤလောက၌ (**ကာယဝိဝေကဖြင့်** အပေါင်းအဖော်မှ) ကင်းဆိတ်လျက် (တစုံတခုနှင့်မျှ) မဆက်စပ်မူ၍ နေသော (ယောဂီ) ရဟန်းအား (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အလို ဖြစ်ပေါ်လာ၏၊ ထိုရဟန်းသည် (ပစ္စည်း**လေးပါး**) လာဘ်ရခြင်းငှါ အားထုတ်၏၊ စေ့ဆော်၏၊ လုံ့လစိုက်၏၊ လာဘ်ရခြင်းငှါ အားထုတ် စေ့ဆော် လုံ့လစိုက်သော ထိုရဟန်းအား လာဘ်ရခြင်းသည်မဖြစ်။ ထိုရဟန်းသည် ထိုလာဘ် မရခြင်းကြောင့် စိုးရိမ်ရ၏၊ပင်ပန်းရ၏၊ ငိုကြွေးရ၏၊ ရင်တီး လက်ခတ် မြည်တမ်းရ၏၊ ပြင်းစွာ တွေဝေခြင်းသို့ ရောက်ရ၏၊ ငါ့သျှင်တို့ ဤရဟန်းကို လာဘ်ရခြင်းငှါ အလိုရှိ၍နေသူ လာဘ်ရခြင်းငှါ အားထုတ်သူ စေဆော်သူ လုံ့လစိုက်သူ လာဘ်ရခြင်းလည်း မရှိသူ စိုးရိမ်လည်း စိုးရိမ်ရသူ ငိုကြွေးလည်း ငိုကြွေးရသူ သူတော်ကောင်းတရားမှလည်း ရွေ့လျော ရသူဟု ဆိုအပ်၏။

ငါ့သျှင်တို့ ဤလောက၌ (ကာယဝိဝေကဖြင့် အပေါင်းအဖော်မှ) ကင်းဆိတ်လျက် (တစုံတခုနှင့်မျှ) မဆက်စပ်မူ၍ နေသော (ယောဂီ) ရဟန်းအား (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အလို ဖြစ်ပေါ်လာ၏၊ ထိုရဟန်းသည် (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အားထုတ်၏၊ စေ့ဆော်၏၊ လုံ့လစိုက်၏၊ လာဘ်ရခြင်းငှါ အားထုတ် စေ့ဆော် လုံ့လစိုက်သော ထိုရဟန်းအား လာဘ်ရခြင်းသည် ဖြစ်၏၊ ထိုရဟန်းသည် ထို (ပစ္စည်းလေးပါး) လာဘ်ရခြင်းကြောင့် ယစ်မူး၏၊ အလွန်ယစ်မူး၏၊ မေ့လျော့ခြင်းသို့ ရောက်၏၊ ငါ့သျှင်တို့ ဤရဟန်းကို လာဘ်ရခြင်းငှါ အလိုရှိ၍ နေသူ လာဘ်ရခြင်းငှါ အားထုတ်သူ စေ့ဆော်သူ လုံ့လစိုက်သူ လာဘ်လည်းရသူ ယစ်မူးသည်း ယစ်မူးသူ မေ့လျော့လည်း မေ့လျော့သူ သူတော်ကောင်းတရားမှလည်း ရွေ့လျောရသူ ဟု ဆိုအပ်၏။

ငါ့သျှင်တို့ ဤလောက၌ (ကာယဝိဝေကဖြင့် အပေါင်းအဖော်မှ) ကင်းဆိတ်လျက် (တစုံတခုနှင့်မျှ) မဆက်စပ်မူ၍ နေသော (ယောဂီ) ရဟန်းအား (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အလို ဖြစ်ပေါ်လာ၏၊ ထိုရဟန်းသည် (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အားမထုတ် မစေ့ဆော် လုံ့လမစိုက် လာဘ်ရခြင်းငှါ အားမထုတ်၊ မစေ့ဆော်၊ လုံ့လမစိုက်သော ထိုရဟန်းအား လာဘ်ရခြင်းသည် မဖြစ်၊ ထိုရဟန်းသည် ထိုလာဘ်မရခြင်းကြောင့် စိုးရိမ်ရ၏၊ ပင်ပန်းရ၏၊ ငိုကြွေးရ၏၊ ရင်တီး လက်ခတ် မြည်တမ်းရ၏၊ ပြင်းစွာ တွေဝေခြင်းသို့ ရောက်ရ၏။ ငါ့သျှင်တို့ ဤရဟန်းကို လာဘ်ရခြင်းငှါ အလိုရှိ၍နေသူ လာဘ်ရခြင်းငှါ အားမထုတ်သူ မစေ့ဆော်သူ လုံ့လမစိုက်သူ လာဘ်လည်း မရသူ စိုးရိမ်လည်း စိုးရိမ်ရသူ ငိုကြွေးလည်း ငိုကြွေးရသူ သူတော်ကောင်းတရားမှလည်း ရွေ့လျောရသူ ဟု ဆိုအပ်၏။

ငါ့သျှင်တို့ ဤလောက၌ (ကာယဝိဝေကဖြင့် အပေါင်းအဖော်မှ) ကင်းဆိတ်လျက် (တစုံတခုနှင့်မျှ) မဆက်စပ်မူ၍နေသော (ယောဂီ) ရဟန်းအား (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အလို ဖြစ်ပေါ်လာ၏၊ ထိုရဟန်းသည် (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အားမထုတ် မစေ့ဆော် လုံ့လ

http://www.dhammadownload.com



မစိုက်၊ လာဘ်ရခြင်းငှါ အားမထုတ် မစေ့ဆော် လုံ့လမစိုက်သော ထိုရဟန်းအား လာဘ်ရခြင်းသည် ဖြစ်၏။ ထိုရဟန်းသည် ထိုလာဘ်ရခြင်းကြောင့် ယစ်မူး၏၊ အလွန် ယစ်မူး၏၊ မေ့လျော့ခြင်းသို့ ရောက်၏။ ငါ့သျှင်တို့ ဤရဟန်းကို လာဘ်ရခြင်းငှါ အလိုရှိ၍နေသူ လာဘ်ရခြင်းငှါ အားမထုတ်သူ မစေ့ဆော်သူ လုံ့လမစိုက်သူ လာဘ်လည်းရသူ ယစ်မူးလည်း ယစ်မူးသူ မေ့လျော့လည်း မေ့လျော့သူ သူတော်ကောင်းတရားမှလည်း ရွေ့လျောရသူ ဟု ဆိုအပ်၏။

ငါ့သျှင်တို့ ဤလောက၌ (ကာယဝိဝေကဖြင့် အပေါင်းအဖော်မှ) ကင်းဆိတ်လျက် (တစ်ံတခု နှင့်မျှ) မဆက်စပ်မူ၍နေသော (ယောဂီ) ရဟန်းအား (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အလို ဖြစ်ပေါ်လာ၏၊ ထိုရဟန်းသည် (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အားထုတ်၏၊ စေ့ဆော်၏၊ လုံ့လ စိုက်၏၊ လာဘ်ရခြင်းငှါ အားထုတ် စေ့ဆော် လုံ့လစိုက်သော ထိုရဟန်းအား လာဘ်ရခြင်းသည် မဖြစ်၊ ထိုရဟန်းသည် ထိုလာဘ်ကို မရခြင်းကြောင့် မစိုးရိမ် မပင်ပန်း မငိုကြွေး ရင်တီး လက်ခတ် မမြည်တမ်း ပြင်းစွာ တွေဝေခြင်းသို့ မရောက်။ ငါ့သျှင်တို့ ဤရဟန်းကို လာဘ်ရခြင်းငှါ အလိုရှိ၍ နေသူ လာဘ်ရခြင်းငှါ အားထုတ်သူ စေ့ဆော်သူ လုံ့လစိုက်သူ လာဘ်ကိုလည်း မရသူ စိုးရိမ်လည်း မစိုးရိမ်သူ ငိုကြွေးလည်း မငိုကြွေးရသူ သူတော်ကောင်းတရားမှလည်း မရွေ့လျောရသူ ဟု ဆိုအပ်၏။

ငါ့သျှင်တို့ ဤလောက၌ (ကာယဝိဝေကဖြင့် အပေါင်းအဖော်မှ) ကင်းဆိတ်လျက် (တစုံတခု နှင့်မျှ) မဆက်စပ်မူ၍နေသော (ယောဂီ) ရဟန်းအား (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အလို ဖြစ်ပေါ်လာ၏၊ ထိုရဟန်းသည် (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အားထုတ်၏၊ စေ့ဆော်၏၊ လုံ့လ စိုက်၏၊ လာဘ်ရခြင်းငှါ အားထုတ် စေ့ဆော် လုံ့လစိုက်သော ထိုရဟန်းအား လာဘ်ရခြင်းသည် ဖြစ်၏၊ ထိုရဟန်းသည် ထိုလာဘ်ရခြင်းကြောင့် မယစ်မူး အလွန်မယစ်မူး၊ မေ့လျော့ခြင်းသို့ မရောက်။ ငါ့သျှင်တို့ ဤရဟန်းကို လာဘ်ရခြင်းငှါ အလိုရှိ၍နေသူ လာဘ်ရခြင်းငှါ အားထုတ်သူ စေ့ဆော်သူ လုံ့လစိုက်သူ လာဘ်လည်း ရသူ ယစ်မူးလည်း မယစ်မူးသူ မေ့လျော့လည်း မမေ့ လျော့သူ သူတော်ကောင်းတရားမှလည်း မရွေ့လျောရသူဟု ဆိုအပ်၏။

ငါ့သျှင်တို့ ဤလောက၌ (ကာယဝိဝေကဖြင့် အပေါင်းအဖော်မှ) ကင်းဆိတ်လျက် (တစုံတခု နှင့်မျှ) မဆက်စပ်မူ၍နေသော (ယောဂီ) ရဟန်းအား (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အလို ဖြစ်ပေါ်လာ၏၊ ထိုရဟန်းသည် (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အားမထုတ် မစေ့ဆော် လုံ့လ မစိုက်၊ လာဘ်ရခြင်းငှါ အားမထုတ် မစေ့ဆော် လုံ့လမစိုက်သော ထိုရဟန်းအား လာဘ်ရခြင်းသည် မဖြစ်၊ ထိုရဟန်းသည် ထိုလာဘ်မရခြင်းကြောင့် မစိုးရိမ် မပင်ပန်း မငိုကြွေး ရင်တီး လက်ခတ် မမြည်တမ်း ပြင်းစွာ တွေဝေခြင်းသို့ မရောက်။ ငါ့သျှင်တို့ ဤရဟန်းကို လာဘ်ရခြင်းငှါ အလိုရှိ၍ နေသူ လာဘ်ရခြင်းငှါ အားမထုတ်သူ မစေ့ဆော်သူ လုံ့လမစိုက်သူ လာဘ်လည်းမရသူ စိုးရိမ်လည်း မစိုးရိမ်သူ ငိုကြွေးလည်း မငိုကြွေးရသူ သူတော်ကောင်းတရားမှလည်း မရွေ့လျောရသူ ဟု ဆိုအပ်၏။

ငါ့သျှင်တို့ ဤလောက၌ (ကာယဝိဝေကဖြင့် အပေါင်းအဖော်မှ) ကင်းဆိတ်လျက် (တစုံတခု နှင့်မျှ) မဆက်စပ်မူ၍နေသော (ယောဂီ) ရဟန်းအား (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အလို ဖြစ်ပေါ်လာ၏၊ ထိုရဟန်းသည် (ပစ္စည်းလေးပါး) လာဘ်ရခြင်းငှါ အားမထုတ် မစေ့ဆော် လုံ့လ မစိုက်၊ လာဘ်ရခြင်းငှါ အားမထုတ် မစေ့ဆော် လုံ့လမစိုက်သော ထိုရဟန်းအား လာဘ်ရခြင်းသည်

http://www.dhammadownload.com



ဖြစ်၏။ထိုရဟန်းသည် ထိုလာဘ်ရခြင်းကြောင့် မယစ်မူး၊အလွန်မယစ်မူး၊မေ့လျော့ခြင်းသို့ မရောက်။ ငါ့သျှင်တို့ ဤရဟန်းကို လာဘ်ရခြင်း၌ အလိုရှိ၍နေသူ လာဘ်ရခြင်း၌ အားမထုတ်သူ မစေ့ဆော်သူ လုံ့လ မစိုက်သူ လာဘ်လည်းရသူ ယစ်မူးလည်း မယစ်မူးသူ မေ့လျော့လည်း မမေ့လျော့သူ သူတော်ကောင်းတရားမှလည်း မရွေ့လျောရသူဟု ဆိုအပ်၏။

ငါ့သျှင်တို့ လောက၌ ဤပုဂ္ဂိုလ်ရှစ်မျိုးတို့သည် ထင်ရှားရှိကုန်၏ဟု(မိန့်ဆို၏)။

သတ္တမသုတ်။

## ဂ-အလံသုတ်

၇၈။ ထိုအခါ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို ခေါ်တော်မူ၏။ပ။ငါ့သျှင်တို့ တရားခြောက်မျိုးတို့နှင့်ပြည့်စုံသော ရဟန်းသည် မိမိ၏ (အစီးအပွါးကို ကျင့်ခြင်း၌)စွမ်းနိုင်၏၊သူတပါးတို့၏(အစီးအပွါးကို ကျင့်ခြင်း၌လည်း)စွမ်းနိုင်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ—ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ကုသိုလ်တရားတို့၌ လျင်စွာ စုံစမ်း မှတ်သားနိုင်၏၊ ကြားနာပြီးသော တရားတို့ကို ဆောင်ထားတတ်သော သဘောရှိ၏။ ဆောင်ထားပြီးသော တရားတို့၏ အနက်ကိုလည်း စုံစမ်း ဆင်ခြင်နိုင်၏။ အနက်ပါဠိကိုသိ၍ တရားအားလျော်သော အကျင့်ကိုလည်း ကျင့်၏။ ကောင်းသော စကားလည်း ရှိ၏၊ ကောင်းသော မြွက်ဆိုသံ ရှိ၏၊ သန့်ရှင်းသော အပြစ်ကင်းသော အဓိပ္ပါယ်သိလွယ်သော ပြည်ကြီးသူတို့၏စကားနှင့် ပြည့်စုံ၏။ သီတင်းသုံးဖော်တို့အား တရားစကားဖြင့် (အကျိုးစီးပွါး)ကို သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေနိုင်၏။ ငါ့သျှင်တို့ ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မိမိ၏(အစီးအပွါးကို ကျင့်ခြင်း၌)စွမ်းနိုင်၏၊ သူတပါးတို့၏ (အစီးအပွါးကို ကျင့်ခြင်း၌လည်း) စွမ်းနိုင်၏။ (၁)

ငါ့သျှင်တို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မိမိ၏(အစီးအပွါးကို ကျင့်ခြင်း၌) စွမ်းနိုင်၏၊ သူတပါးတို့၏ (အစီးအပွါးကို ကျင့်ခြင်း၌လည်း) စွမ်းနိုင်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ—ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ကုသိုလ်တရားတို့၌ လျင်စွာ စုံစမ်း မှတ်သားနိုင်ခြင်းကား မရှိ။ ကြားနာအပ်ပြီးသော တရားတို့ကို ဆောင်ထားတတ်သော သဘောရှိ၏။ ဆောင်ထားပြီးသောတရားတို့၏ အနက်ကိုလည်း စုံစမ်း ဆင်ခြင်နိုင်၏။ အနက်ပါဠိကို သိ၍ တရားအားလျော်သော အကျင့်ကိုလည်း ကျင့်၏။ ကောင်းသော စကားလည်း ရှိ၏။ပ။ သီတင်းသုံးဖော်တို့အား တရားစကားဖြင့် ကောင်းစွာပြတတ်၏။ပ။ ငါ့သျှင်တို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသောရဟန်းသည် မိမိ၏ (အစီးအပွါးကို ကျင့်ခြင်း၌) စွမ်းနိုင်၏၊ သူတပါးတို့၏ (အစီးအပွါးကို ကျင့်ခြင်း၌လည်း) စွမ်းနိုင်၏။ (၂)

ငါ့သျှင်တို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မိမိ၏(အစီးအပွါးကို ကျင့်ခြင်း၌) စွမ်းနိုင်၏။ သူတပါးတို့၏ (အစီးအပွါးကို ကျင့်ခြင်း၌ကား) မစွမ်းနိုင်။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ကုသိုလ်တရားတို့၌ လျင်စွာ စုံစမ်း မှတ်သားနိုင်၏။ ကြားနာအပ်ပြီးသော တရားတို့ကို ဆောင်ထားတတ်သော သဘောရှိ၏။

http://www.dhammadownload.com



ဆောင်ထားပြီးသော တရားတို့၏အနက်ကိုလည်း စုံစမ်း ဆင်ခြင်နိုင်၏။ အနက် ပါဠိကို သိ၍ တရားအားလျော်သော အကျင့်ကိုလည်း ကျင့်၏။ ကောင်းသော စကားမရှိ။ပ။ သီတင်းသုံးဖော်တို့အား တရားစကားကို ကောင်းစွာ မပြတတ်။ပ။ ငါ့သျှင်တို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မိမိ၏(အစီးအပွါးကို ကျင့်ခြင်း၌)စွမ်းနိုင်၏၊ သူတပါးတို့၏ (အစီးအပွါးကို ကျင့်ခြင်း၌ကား) မစွမ်းနိုင်။ (၃)

ငါ့သျှင်တို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သူတပါးတို့၏ (အစီးအပွါးကို ကျင့်ခြင်း၌) စွမ်းနိုင်၏၊ မိမိ၏ (အစီးအပွါးကို ကျင့်ခြင်း၌ကား) မစွမ်းနိုင်။ အဘယ်လေးမျိုးတို့နည်း ဟူမူ—ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ကုသိုလ်တရားတို့၌ လျင်စွာ စုံစမ်းမှတ်သားနိုင်၏။ ကြားနာအပ်ပြီးသော တရားတို့ကို ဆောင်ထားတတ်သော သဘောရှိ၏။ ဆောင်ထားပြီးသော တရားတို့၏ အနက်ကိုကား မစုံစမ်း မဆင်ခြင်နိုင်။ အနက် ပါဠိကို သိ၍ တရားအားလျော်သော အကျင့်ကို မကျင့်။ ကောင်းသော စကားရှိ၏။ပ။ သီတင်းသုံးဖော်တို့အား (တရားစကားဖြင့်) ကောင်းစွာ ပြတတ်၏။ပ။ ငါ့သျှင်တို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သူတပါးတို့၏ (အစီးအပွါးကို ကျင့်ခြင်း၌) စွမ်းနိုင်၏၊ မိမိ၏ (အစီးအပွါးကို ကျင့်ခြင်း၌ကား) မစွမ်းနိုင်။ (၄)

ငါ့သျှင်တို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မိမိ၏(အစီးအပွါးကို ကျင့်ခြင်း၌) စွမ်းနိုင်၏၊ သူတပါးတို့၏ (အစီးအပွါးကို ကျင့်ခြင်း၌ကား) မစွမ်းနိုင်။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ကုသိုလ်တရားတို့၌လျင်စွာ စုံစမ်း မှတ်သားနိုင်ခြင်း မရှိ။ ကြားနာအပ်ပြီးသော တရားတို့ကို ဆောင်ထားတတ်သောသဘောရှိ၏။ ဆောင်ထားပြီးသော တရားတို့၏ အနက်ကိုလည်း စုံစမ်း ဆင်ခြင်နိုင်၏။ အနက်ပါဠိကို သိ၍ တရားအားလျော်သော အကျင့်ကိုလည်း ကျင့်၏။ ကောင်းသော စကားမရှိ။ပ။ သီတင်းသုံးဖော်တို့အား (တရားစကားဖြင့်) ကောင်းစွာ မပြတတ်။ ငါ့သျှင်တို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မိမိ၏(အစီးအပွါးကို ကျင့်ခြင်း၌)စွမ်းနိုင်၏၊ သူတပါးတို့၏(အစီးအပွါးကို ကျင့်ခြင်း၌ကား) မစွမ်းနိုင်။ (၅)

ငါ့သျှင်တို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သူတပါးတို့၏ (အစီးအပွါးကို ကျင့်ခြင်း၌)စွမ်းနိုင်၏၊ မိမိ၏(အစီးအပွါးကို ကျင့်ခြင်း၌ကား) မစွမ်းနိုင်။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ကုသိုလ်တရားတို့၌ လျင်စွာ စုံစမ်း မှတ်သားနိုင်ခြင်း မရှိ။ ကြားနာအပ်ပြီးသော တရားတို့ကို ဆောင်ထားတတ်သော သဘောရှိ၏။ဆောင်ထားပြီးသော တရားတို့၏ အနက်ကိုကား မစုံစမ်း မဆင်ခြင်နိုင်။ အနက်ပါဠိကိုသိ၍ လောကုတ္တရာ တရားအားလျော်သော အကျင့်ကိုလည်း မကျင့်။ ကောင်းသော စကားရှိ၏။ပ။ သီတင်းသုံးဖော်တို့အား(တရားစကားဖြင့်) ကောင်းစွာ ပြတတ်၏။ပ။ ငါ့သျှင်တို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သူတပါးတို့၏ (အစီးအပွါးကိုကျင့်ခြင်း၌) စွမ်းနိုင်၏၊ မိမိ၏ (အစီးအပွါးကို ကျင့်ခြင်း၌ကား) မစွမ်းနိုင်။ (၆)

ငါ့သျှင်တို့ ဤတရားနှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မိမိ၏ (အစီးအပွါးကို ကျင့်ခြင်း၌) စွမ်းနိုင်၏၊သူတပါးတို့၏(အစီးအပွါးကို ကျင့်ခြင်း၌ကား)မစွမ်းနိုင်။ အဘယ်နှစ်မျိုးတို့နည်းဟူမူ— ဤသာသနာတော်၌ ရဟန်းသည် ကုသိုလ် တရားတို့၌ လျင်စွာစုံစမ်း မှတ်သား နိုင်ခြင်း မရှိ။

http://www.dhammadownload.com



ကြားနာအပ်ပြီးသော တရားတို့ကို ဆောင်ထားတတ်သော သဘောမရှိ။ ဆောင်ထားပြီးသော တရားတို့၏ အနက်ကိုကား စုံစမ်း ဆင်ခြင်နိုင်၏။ အနက်ပါဠိကို သိ၍လောကုတ္တရာ တရားအား လျော်သော အကျင့်ကို ကျင့်၏။ ကောင်းသော စကားမရှိ။ပ။ သိတင်းသုံးဖော်တို့အား (တရားစကားဖြင့်) ကောင်းစွာ မပြတတ်။ပ။ ငါ့သျှင်တို့ ဤတရားနှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မိမိ၏ (အစီးအပွါးကို ကျင့်ခြင်း၌) စွမ်းနိုင်၏၊ သူတပါးတို့၏ (အစီးအပွါးကို ကျင့်ခြင်း၌ကား) မစွမ်းနိုင်။ (၇)

ငါ့သျှင်တို့ တရားနှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သူတပါးတို့၏ (အစီးအပွါးကို ကျင့်ခြင်း၌) စွမ်းနိုင်၏၊ မိမိ၏ (အစီးအပွါးကို ကျင့်ခြင်း၌ကား) မစွမ်းနိုင်။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ—ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ကုသိုလ်တရားတို့၌ လျင်စွာ စုံစမ်း မှတ်သားနိုင်ခြင်း မရှိ။ ကြားနာအပ်ပြီးသော တရားတို့ကို ဆောင်ထားတတ်သောသဘော မရှိ။ ဆောင်ထားပြီးသော တရားတို့၏ အနက်ကိုလည်း မစုံစမ်း မဆင်ခြင်နိုင်။ အနက်ပါဠိကိုသိ၍ လောကုတ္တရာ တရားအားလျော်သော အကျင့်ကို မကျင့်၊ ကောင်းသော စကားရှိ၏။ ကောင်းသော မြွက်ဆိုသံရှိ၏။ သန့်ရှင်းသော အပြစ်ကင်းသော အဓိပ္ပါယ်သိလွယ်သော ပြည်ကြီးသူတို့၏ စကားနှင့် ပြည့်စုံ၏။ သီတင်းသုံးဖော်တို့အား တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်)ထက်သန် ရွှင်လန်းစေနိုင်၏။ ငါ့သျှင်တို့ ဤတရားနှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သူတပါးတို့၏ (အစီးအပွါးကို ကျင့်ခြင်း၌) စွမ်းနိုင်၏၊ မိမိ၏ (အစီးအပွါးကို ကျင့်ခြင်း၌) မစွမ်းနိုင် ဟု (မိန့်ဆို၏)။ (၈)

အဋ္ဌမသုတ်။

---

## ၉-ပရိဟာနသုတ်

၇၉။ ရဟန်းတို့ ဤတရားရှစ်မျိုးတို့သည် ကျင့်ဆဲ 'သေက္ခ'ရဟန်းအား ဆုတ်ယုတ်ခြင်းငှါ ဖြစ်ကုန်၏။ အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—အမှုသစ်၌ မွေ့လျော်မှု၊ စကားပြောခြင်း၌ မွေ့လျော်မှု၊ အိပ်ခြင်း၌မွေ့လျော်မှု၊ အပေါင်းအဖော်၌ မွေ့လျော်မှု၊ ဣန္ဒြေတို့၌ စောင့်စည်းအပ်သော တံခါးမရှိမှု၊ စားဖွယ်၌ အတိုင်းအရည် မသိမှု၊ ရောနှောခြင်း၌ မွေ့လျော်မှု၊ သံသရာကို ချဲ့ထွင်တတ်သော 'ပပဉ္စ'တရား၌ မွေ့လျော်မှုတို့တည်း။ ရဟန်းတို့ ဤတရားရှစ်မျိုးတို့သည် ကျင့်ဆဲ 'သေက္ခ'ရဟန်းအား ဆုတ်ယုတ်ခြင်းငှါ ဖြစ်ကုန်၏။

ရဟန်းတို့ ဤတရားရှစ်မျိုးတို့သည် ကျင့်ဆဲ 'သေက္ခ'ရဟန်းအား မဆုတ်ယုတ်ခြင်းငှါ ဖြစ်ကုန်၏။ အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—အမှုသစ်၌ မမွေ့လျော်မှု၊ စကားပြောခြင်း၌ မမွေ့လျော်မှု၊ အိပ်ခြင်း၌ မမွေ့လျော်မှု၊ အပေါင်းအဖော်၌ မမွေ့လျော်မှု၊ ဣန္ဒြေတို့၌ စောင့်စည်းအပ်သော တံခါးရှိမှု၊ စားဖွယ်၌ အတိုင်းအရှည်သိမှု၊ နှီးနှောခြင်း၌ မမွေ့လျော်မှု၊ သံသရာကို ချဲ့ထွင်တတ်သော 'ပပဉ္စ' တရား၌ မမွေ့လျော်မှုတို့တည်း။ ရဟန်းတို့ ဤတရားရှစ်မျိုးတို့နှင့် ပြည့်စုံသော ကျင့်ဆဲ 'သေက္ခ' ရဟန်းအား မဆုတ်ယုတ်ခြင်းငှါ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-ကုသီတာရမ္ဘဝတ္ထုသုတ်

၈၀။ ရဟန်းတို့ ပျင်းရိခြင်း၏ အကြောင်းတို့သည် ဤရှစ်မျိုးတို့တည်း။

အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အမှုကိစ္စကို ပြုလုပ်ရမည် ဖြစ်၏၊ ထိုရဟန်းအား "ငါသည် အမှုကိစ္စကို ပြုလုပ်ရတော့မည်၊ အမှုကိစ္စကို ပြုလုပ်သော ငါ၏ ကိုယ်သည် ပင်ပန်းလိမ့်မည်၊ ယခု ငါသည် အိပ်ဦးမည်"ဟု စိတ်ဖြစ်၏။ ထိုရဟန်းသည် အိပ်၏၊ မရောက်ရသေးသော တရားသို့ရောက်ရန် မရသေးသည့် တရားကိုရရန် မျက်မှောက်မပြုရသေးသည့် တရားကို မျက်မှောက်ပြုရန် ဝီရိယကို အားမထုတ်။ ရဟန်းတို့ ဤသည်ကား ပဌမ ပျင်းရိခြင်း၏ အကြောင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် အမှုကိစ္စကို ပြုလုပ်ပြီးဖြစ်၏၊ ထိုရဟန်းအား "ငါသည် အမှုကိစ္စကို ပြုလုပ်ပြီးပြီ၊ အမှုကိစ္စကို ပြုလုပ်ပြီးသော ငါ၏ ကိုယ်သည် ပင်ပန်း၏၊ ယခု ငါသည် အိပ်ဦးမည်"ဟု စိတ်ဖြစ်၏။ ထိုရဟန်းသည် အိပ်၏၊ မရောက်ရသေးသော တရားသို့ ရောက်ရန် မရသေးသည့်တရားကိုရရန် မျက်မှောက်မပြုရသေးသည့် တရားကို မျက်မှောက်ပြုရန် ဝီရိယကို အားမထုတ်။ ရဟန်းတို့ ဤသည်ကား ဒုတိယ ပျင်းရိခြင်း၏ အကြောင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ခရီးသွားရတော့မည် ဖြစ်၏၊ထိုရဟန်းအား"ငါသည် ခရီးသွားရတော့မည်၊ ခရီးသွားနေသော ငါ၏ ကိုယ်သည် ပင်ပန်းလိမ့်မည်၊ ယခု ငါသည် အိပ်ဦးမည်"ဟု စိတ်ဖြစ်၏။ ထိုရဟန်းသည် အိပ်၏၊ မရောက်ရသေးသည့် တရားသို့ ရောက်ရန် မရသေးသည့် တရားကိုရရန် မျက်မှောက်မပြုရသေးသည့် တရားကို မျက်မှောက်ပြုရန် ဝီရိယကို အားမထုတ်။ ရဟန်းတို့ ဤသည်ကား တတိယ ပျင်းရိခြင်း၏ အကြောင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ခရီးသွားပြီးဖြစ်၏၊ ထိုရဟန်းအား "ငါသည် ခရီးသွားပြီးပြီ၊ ခရီးသွားပြီးသော ငါ၏ကိုယ်သည် ပင်ပန်း၏၊ ယခု ငါသည် အိပ်ဦးမည်"ဟု စိတ်ဖြစ်၏။ ထိုရဟန်းသည် အိပ်၏၊ မရောက်ရသေးသော တရားသို့ ရောက်ရန် မရသေးသော တရားကို ရရန် မျက်မှောက်မပြုရသေးသည့် တရားကို မျက်မှောက်ပြုရန် ဝီရိယကို အားမထုတ်။ ရဟန်းတို့ ဤသည်ကား စတုတ္ထ ပျင်းရိခြင်း၏ အကြောင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ရွာသို့ဝင်၍ နိဂုံးသို့ဝင်၍ ဆွမ်းခံသွားသည်ရှိသော် ကြမ်းသည်လည်း ဖြစ်သော နုသည်လည်း ဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင် မရ၊ ထိုရဟန်းအား "ငါသည် ရွာသို့ဝင်၍ နိဂုံးသို့ဝင်၍ ဆွမ်းခံသွားသည်ရှိသော် ကြမ်းသည်လည်းဖြစ်သော နုသည်လည်းဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင် မရခဲ့၊ ဆွမ်းခံသွားသော ထို ငါ၏ကိုယ်သည် ပင်ပန်း၏၊ အမှုကိစ္စပြုလုပ်ရန် မလျောက်ပတ်သေး၊ ယခု ငါသည် အိပ်ဦးမည်"ဟု စိတ်ဖြစ်၏။ ထိုရဟန်းသည် အိပ်၏၊ ဝီရိယကိုလည်း အားမထုတ်။ပ။ ရဟန်းတို့ ဤသည်ကား ပဉ္စမ ပျင်းရိခြင်း၏ အကြောင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ရွာသို့ဝင်၍ နိဂုံးသို့ဝင်၍ ဆွမ်းခံသွားသည်ရှိသော် ကြမ်းသည်လည်းဖြစ်သော နုသည်လည်းဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင် ရခဲ့၏၊ ထိုရဟန်းအား"ငါသည် ရွာသို့ဝင်၍ နိဂုံးသို့ဝင်၍ ဆွမ်းခံသွားသည်ရှိသော် ကြမ်းသည်လည်း ဖြစ်သော နုသည်လည်းဖြစ်သော ဆွမ်းကို အလိုရှိတိုင်း ပြည့်စုံအောင် ရခဲ့၏၊ ထိုငါ၏ ကိုယ်သည်

http://www.dhammadownload.com



လေး၏၊ အမှုကိစ္စကို ပြုလုပ်ရန် မလျောက်ပတ်သေး၊ စိုစွတ်သော ပဲကဲ့သို့ လေး၏၊ ယခု ငါသည် အိပ်ဦးမည်”ဟု စိတ်ဖြစ်၏။ ထိုရဟန်းသည် အိပ်၏၊ ဝီရိယကို အားမထုတ်။ပ။ ရဟန်းတို့ ဤသည် ကား ဆဋ္ဌ ပျင်းရိခြင်း၏ အကြောင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းအား အနည်းငယ်မျှသော အနာရောဂါသည် ဖြစ်၏၊ ထို ရဟန်းအား “ငါ့အား အနည်းငယ်မျှသော ဤအနာရောဂါသည် ဖြစ်၏၊ အိပ်ခြင်းငှါ လျောက်ပတ် ၏၊ ယခု ငါသည် အိပ်ဦးမည်”ဟု စိတ်ဖြစ်၏။ ထိုရဟန်းသည် အိပ်၏၊ ဝီရိယကို အားမထုတ်။ပ။ ရဟန်းတို့ ဤသည်ကား သတ္တမ ပျင်းရိခြင်း၏ အကြောင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် အနာရောဂါမှ ထမြောက်၏၊ အနာရောဂါမှ ထ မြောက်၍ မကြာသေး၊ ထိုရဟန်းအား “ငါသည် အနာရောဂါမှထမြောက်၏၊ အနာရောဂါမှ ထ မြောက်၍ မကြာသေး၊ ထိုငါ၏ ကိုယ်သည် အားမရှိ၊ အမှုကိစ္စ ပြုလုပ်ရန် မလျောက်ပတ်သေး၊ ယခု ငါအိပ်ဦးမည်”ဟု စိတ်ဖြစ်၏။ ထိုရဟန်းသည် အိပ်၏၊ မရောက်ရသေးသည့် တရားသို့ ရောက် ရန် မရသေးသည့် တရားကိုရရန် မျက်မှောက်မပြုရသေးသည့် တရားကို မျက်မှောက်ပြုရန် ဝီရိယ ကို အားမထုတ်။ ရဟန်းတို့ ဤသည်ကား အဋ္ဌမ ပျင်းရိခြင်း၏အကြောင်းတည်း။

ရဟန်းတို့ ပျင်းရိခြင်း၏ အကြောင်းတို့သည် ဤရှစ်မျိုးတို့ပေတည်း။

ရဟန်းတို့ အားထုတ်ခြင်း၏ အကြောင်းတို့သည် ဤရှစ်မျိုးတို့တည်း။

အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အမှုကိစ္စကို ပြုလုပ် ရမည်ဖြစ်၏။ ထိုရဟန်းအား “ငါသည် အမှုကိစ္စကို ပြုလုပ်ရတော့မည်၊ အမှုကိစ္စကို ပြုလုပ်သော ငါသည် မြတ်စွာဘုရားတို့၏ အဆုံးအမကို နှလုံးသွင်းရန် မစွမ်းနိုင်၊ ယခု ငါသည် မရောက်ရသေး သော တရားသို့ ရောက်ရန် မရသေးသည့် တရားကိုရရန် မျက်မှောက် မပြုရသေးသည့် တရားကို မျက်မှောက်ပြုရန် စောစောကပင် ဝီရိယကို အားထုတ်ဦးမည်”ဟု စိတ်ဖြစ်၏။ ထိုရဟန်းသည် မရောက်ရသေးသော တရားသို့ ရောက်ရန် မရသေးသည့်တရားကို ရရန် မျက်မှောက် မပြုရသေး သည့် တရားကို မျက်မှောက်ပြုရန် ဝီရိယကို အားထုတ်၏၊ ရဟန်းတို့ ဤသည်ကား ပဌမ အား ထုတ်ခြင်း၏ အကြောင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် အမှုကိစ္စကို ပြုလုပ်ပြီးဖြစ်၏၊ ထိုရဟန်းအား “ငါသည် အမှုကိစ္စကို ပြုလုပ်ပြီးပြီ၊ အမှုကိစ္စကို ပြုလုပ်ပြီးသော ငါသည် မြတ်စွာဘုရားတို့၏ အဆုံးအမကို နှလုံးသွင်းရန် မစွမ်းနိုင်၊ ယခု ငါသည် ဝီရိယကို အားထုတ်ဦးမည်”ဟု စိတ်ဖြစ်၏၊ ထိုရဟန်းသည်။ပ။ ဝီရိယကို အားထုတ်၏၊ ရဟန်းတို့ ဤသည်ကား ဒုတိယ အားထုတ်ခြင်း၏ အကြောင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ခရီးသွားရမည်ဖြစ်၏၊ ထိုရဟန်းအား “ငါသည် ခရီးသွားရတော့မည်၊ ခရီးသွားသော ငါသည် မြတ်စွာဘုရားတို့၏ အဆုံးအမကို နှလုံးသွင်းရန် မလွယ်၊ ယခု ငါသည် ဝီရိယကို အားထုတ်ဦးမည်”ဟု စိတ်ဖြစ်၏ ။ပ။ ရဟန်းတို့ ဤသည်ကား တတိယ အားထုတ်ခြင်း၏ အကြောင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ခရီးသွားပြီးဖြစ်၏၊ ထိုရဟန်းအား “ငါသည် ခရီးသွားပြီးပြီ၊ ခရီးသွားပြီးသော ငါသည် မြတ်စွာဘုရားတို့၏ အဆုံးအမကို နှလုံးသွင်းရန် မစွမ်း

http://www.dhammadownload.com



နိုင်၊ ယခု ငါသည် ဝီရိယကို အားထုတ်တော့မည်”ဟု စိတ်ဖြစ်၏ ။ပ။ ရဟန်းတို့ ဤသည်ကား စတုတ္ထ အားထုတ်ခြင်း၏ အကြောင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ရွာသို့ဝင်၍ နိဂုံးသို့ဝင်၍ ဆွမ်းခံ သွားသည်ရှိသော် ကြမ်းသည်လည်းဖြစ်သော နူသည်လည်းဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင် မရ၊ ထိုရဟန်းအား “ငါသည် ရွာသို့ဝင်၍ နိဂုံးသို့ဝင်၍ ဆွမ်းခံသွားသည်ရှိသော် ကြမ်းသည်လည်းဖြစ်သော နူသည်လည်းဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင်မရ၊ ထိုငါ၏ ကိုယ်သည် ပေါ့၏၊ အမှုကိစ္စကို ပြုလုပ်ရန် လျောက်ပတ်၏၊ ယခု ငါသည် ဝီရိယကို အားထုတ်တော့မည်”ဟု စိတ်ဖြစ်၏။ပ။ ရဟန်းတို့ ဤသည်ကား ပဉ္စမ အားထုတ်ခြင်း၏ အကြောင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ရွာသို့ဝင်၍ နိဂုံးသို့ဝင်၍ ဆွမ်းခံသွားသည် ရှိသော် ကြမ်းသည်လည်းဖြစ်သော နူသည်လည်းဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင် ရ၏၊ ထိုရဟန်းအား“ငါသည် ရွာသို့ဝင် နိဂုံးသို့ဝင်၍ ဆွမ်းခံသွားသည်ရှိသော် ကြမ်းသည်လည်း ဖြစ်သော နူသည်လည်းဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင် ရခဲ့၏၊ ထိုငါ၏ကိုယ် သည် အားရှိ၏၊ အမှုကိစ္စကိုပြုလုပ်ရန် လျောက်ပတ်၏၊ ယခုငါသည် ဝီရိယကို အားထုတ် တော့မည်”ဟု စိတ်ဖြစ်၏။ပ။ ရဟန်းတို့ ဤသည်ကား ဆဋ္ဌ အားထုတ်ခြင်း၏ အကြောင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းအား အနည်းငယ်မျှသော အနာရောဂါသည်ဖြစ်၏၊ ထိုရဟန်းအား “ငါ့အား အနည်းငယ်မျှသော အနာရောဂါသည်ဖြစ်၏၊ ငါ၏ အနာရောဂါသည် တိုးပွါးရသော အကြောင်းရှိ၏၊ ယခု ငါသည် စောစောကပင် ဝီရိယကို အားထုတ်တော့မည်”ဟု စိတ်ဖြစ်၏။ပ။ ရဟန်းတို့ ဤသည်ကား သတ္တမ အားထုတ်ခြင်း၏ အကြောင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် အနာရောဂါမှထမြောက်၏၊ အနာရောဂါမှထ မြောက်၍ မကြာသေး၊ ထိုရဟန်းအား “ငါသည် အနာရောဂါမှထမြောက်၏၊ အနာရောဂါမှ ထမြောက်၍ မကြာသေး၊ ငါ့အား အနာရောဂါသည် ဖြစ်ပြန်ရသောအကြောင်းရှိ၏၊ ယခု ငါသည် မရောက်ရသေးသော တရားသို့ရောက်ရန် မရသေးသည့် တရားကိုရရန် မျက်မှောက်မပြုရ သေးသည့် တရားကို မျက်မှောက်ပြုရန် စောစောကပင် ဝီရိယကို အားထုတ်တော့မည်”ဟု စိတ်ဖြစ်၏၊ ထိုရဟန်းသည် မရောက်သေးသော တရားသို့ ရောက်ရန် မရသေးသည့်တရားကို ရရန် မျက်မှောက် မပြုရသေးသည့် တရားကို မျက်မှောက်ပြုရန် ဝီရိယကိုအားထုတ်၏။ ရဟန်းတို့ ဤသည်ကား အဋ္ဌမ အားထုတ်ခြင်း၏ အကြောင်းတည်း။

ရဟန်းတို့ အားထုတ်ခြင်း၏အကြောင်းတို့သည် ဤရှစ်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

သုံးခုမြောက် ယမကဝဂ် ပြီး၏။

---

## (၄) ၄-သတိဝဂ် ၁-သမ္ပဇညသုတ်

၈၁။ ရဟန်းတို့ အောက်မေ့မှု‘သတိ’ ဆင်ခြင်ဉာဏ်‘သမ္ပဇဉ်’မရှိလတ်သော်၊ သတိသမ္ပဇဉ် ချို့တဲ့သောရဟန်းအား အရှက်အကြောက် ဟိရိဩတ္တပ္ပသည် အကြောင်းချို့တဲ့၏၊ဟိရိဩတ္တ ပ္ပ

http://www.dhammadownload.com



မရှိလတ်သော် ဟိရိဩတ္တပ္ပချို့တဲ့သော ရဟန်းအား ဣန္ဒြေစောင့်စည်းမှု 'ဣန္ဒြိယသံဝရ'သည် အကြောင်းချို့တဲ့၏၊ ဣန္ဒြိယသံဝရ မရှိလတ်သော် ဣန္ဒြိယသံဝရချို့တဲ့သောရဟန်းအား အကျင့်သီလသည် အကြောင်းချို့တဲ့၏၊အကျင့်သီလမရှိလတ်သော် အကျင့်သီလချို့တဲ့သောရဟန်းအား မှန်ကန်သောတည်ကြည်မှု'သမ္မာသမာဓိ'သည် အကြောင်းချို့တဲ့၏၊ သမ္မာသမာဓိမရှိလတ်သော် သမ္မာသမာဓိ ချို့တဲ့သောရဟန်းအား ဟုတ်တိုင်းမှန်စွာသိမြင်မှု'ယထာဘူတဉာဏဒဿန'သည် အကြောင်းချို့တဲ့၏၊ ယထာဘူတဉာဏဒဿန မရှိလတ်သော် ယထာဘူတဉာဏဒဿန ချို့တဲ့သောရဟန်းအား ငြီးငွေ့မှု'နိဗ္ဗိဒါ'ဉာဏ်နှင့် တပ်ခြင်းကင်းမှု'ဝိရာဂ'ဉာဏ်သည် အကြောင်းချို့တဲ့၏၊ နိဗ္ဗိဒါဉာဏ်နှင့် ဝိရာဂဉာဏ်မရှိလတ်သော် နိဗ္ဗိဒါဉာဏ်နှင့် ဝိရာဂဉာဏ်ချို့တဲ့သော ရဟန်းအား (ကိလေသာမှ)လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကိုသိသော ပစ္စဝေက္ခဏာဉာဏ် အမြင်'ဝိမုတ္တိဉာဏဒဿန'သည် အကြောင်းချို့တဲ့၏။

ရဟန်းတို့ သစ်ပင်သည် အခက်အရွက်ပျက်စီးခဲ့မူ ထိုသစ်ပင်၏အပွေးသည်၎င်း အခေါက်သည်၎င်း အကာသည်၎င်း အနှစ်သည်၎င်း ပြည့်စုံခြင်းသို့မရောက်သကဲ့သို့ ရဟန်းတို့ ဤအတူပင် သတိသမ္ပဇဉ် မရှိလတ်သော် သတိသမ္ပဇဉ်ချို့တဲ့သော ရဟန်းအား ဟိရိဩတ္တပ္ပသည် အကြောင်းချို့တဲ့၏၊ဟိရိဩတ္တပ္ပမရှိလတ်သော် ဟိရိဩတ္တပ္ပချို့တဲ့သောရဟန်းအား ဣန္ဒြိယသံဝရသည် အကြောင်းချို့တဲ့၏။ပ။ဝိမုတ္တိဉာဏဒဿနသည် အကြောင်းချို့တဲ့၏။

ရဟန်းတို့ သတိသမ္ပဇဉ်ရှိလတ်သော် သတိသမ္ပဇဉ်နှင့် ပြည့်စုံသောရဟန်းအား ဟိရိဩတ္တပ္ပသည်အကြောင်းပြည့်စုံ၏၊ ဟိရိဩတ္တပ္ပရှိလတ်သော် ဟိရိဩတ္တပ္ပနှင့် ပြည့်စုံသောရဟန်းအား ဣန္ဒြိယသံဝရသည် အကြောင်းပြည့်စုံ၏၊ ဣန္ဒြိယသံဝရရှိလတ်သော် ဣန္ဒြိယသံဝရနှင့်ပြည့်စုံသော ရဟန်းအား အကျင့်သီလသည် အကြောင်းပြည့်စုံ၏၊ အကျင့်သီလရှိလတ်သော် အကျင့်သီလနှင့်ပြည့်စုံသောရဟန်းအား သမ္မာသမာဓိသည် အကြောင်းပြည့်စုံ၏၊ သမ္မာသမာဓိရှိလတ်သော် သမ္မာသမာဓိနှင့် ပြည့်စုံသောရဟန်းအား ဟုတ်တိုင်းမှန်စွာသိမြင်မှု'ယထာဘူတဉာဏဒဿန'သည် အကြောင်းပြည့်စုံ၏၊ယထာဘူတဉာဏဒဿန ရှိလတ်သော် ယထာဘူတဉာဏဒဿနနှင့် ပြည့်စုံသောရဟန်းအား ငြီးငွေ့မှုနိဗ္ဗိဒါဉာဏ်နှင့် တပ်ခြင်းကင်းမှုဝိရာဂဉာဏ်သည် အကြောင်းပြည့်စုံ၏၊ နိဗ္ဗိဒါဉာဏ်နှင့် ဝိရာဂဉာဏ်ရှိလတ်သော် နိဗ္ဗိဒါဉာဏ် ဝိရာဂဉာဏ်နှင့်ပြည့်စုံသော ရဟန်းအား (ကိလေသာမှ) လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကိုသိသော ပစ္စဝေက္ခဏာဉာဏ်အမြင်'ဝိမုတ္တိဉာဏဒဿန'သည် အကြောင်းပြည့်စုံ၏။

ရဟန်းတို့ သစ်ပင်သည် အခက်အရွက်နှင့်ပြည့်စုံခဲ့မူ ထိုသစ်ပင်၏ အပွေးသည်၎င်း အခေါက်သည်၎င်း အကာသည်၎င်း အနှစ်သည်၎င်း ပြည့်စုံခြင်းသို့ရောက်သကဲ့သို့ ရဟန်းတို့ ဤအတူပင် သတိသမ္ပဇဉ်ရှိလတ်သော် သတိသမ္ပဇဉ်နှင့်ပြည့်စုံသောရဟန်းအား ဟိရိဩတ္တပ္ပသည် အကြောင်းပြည့်စုံ၏၊ ဟိရိဩတ္တပ္ပရှိလတ်သော်။ပ။(ကိလေသာမှ) လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသော ပစ္စဝေက္ခဏာဉာဏ်အမြင် 'ဝိမုတ္တိဉာဏဒဿန' သည် အကြောင်း ပြည့်စုံ၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-ပုဏ္ဏိယသုတ်

၇၂။ ထိုအခါ အသျှင် ပုဏ္ဏိယသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်ပြီးနောက် မြတ်စွာဘုရားအား—အသျှင်ဘုရား "မြတ်စွာဘုရား၏ တရားဒေသနာတော်သည် တခါတရံ ထင်လာပါ၏၊တခါတရံမထင်လာပါ၊အကြောင်းကားအဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း"ဟု လျှောက်၏။

ပုဏ္ဏိယ ရဟန်းသည် သဒ္ဓါတရားရှိ၏၊မြတ်စွာဘုရားသို့ကား မချဉ်းကပ်တတ်၊(ဤသို့ဖြစ်လျှင်) မြတ်စွာဘုရား၏ တရားဒေသနာသည် မထင်လာ။ပုဏ္ဏိယ အကြင်အခါ၌ ရဟန်းသည် သဒ္ဓါတရားလည်းရှိ၏၊ချဉ်းကပ်လည်း ချဉ်းကပ်၏၊ ဤသို့သောအခါ၌ မြတ်စွာဘုရား၏ တရားဒေသနာသည် ထင်လာ၏။ ပုဏ္ဏိယ ရဟန်းသည် သဒ္ဓါတရားလည်းရှိ၏။ ချဉ်းကပ်လည်း ချဉ်းကပ်၏၊ ဆည်းကပ်ကား မဆည်းကပ်။ပ။ဆည်းကပ်လည်း ဆည်းကပ်၏၊မေးကား မမေး။ပ။မေးလည်း မေး၏၊နားစိုက်၍ကား တရားကို မနာ။ပ။ နားစိုက်၍လည်း တရားကိုနာ၏၊နာပြီး၍ကား တရားကို မဆောင်။ပ။ နာပြီး၍လည်း တရားကိုဆောင်၏၊ ဆောင်အပ်ပြီးသော တရားတို့၏ အနက်ကိုကား မဆင်ခြင်။ပ။ ဆောင်အပ်ပြီးသော တရားတို့၏ အနက်ကိုလည်း ဆင်ခြင်၏၊ အနက်ပါဠိကို သိ၍ တရားအား လျော်သောအကျင့်ကိုကား မကျင့်၊ ဤသို့ဖြစ်လျှင် မြတ်စွာဘုရား၏ တရား ဒေသနာတော်သည်မထင်လာသည်သာတည်း။

ပုဏ္ဏိယ အကြင်အခါ၌ကား ရဟန်းသည် သဒ္ဓါတရားရှိ၏၊ ချဉ်းကပ်လည်း ချဉ်းကပ်၏၊ ဆည်းကပ်လည်း ဆည်းကပ်၏၊ မေးလည်း မေး၏၊ နားစိုက်၍လည်း တရားကိုနာ၏၊ နာပြီး၍လည်း တရားကို ဆောင်၏၊ ဆောင်အပ်ပြီးသော တရားတို့၏ အနက်ကိုလည်း ဆင်ခြင်၏၊ အနက် ပါဠိကို သိ၍ တရားအားလျော်သော အကျင့်ကိုလည်း ကျင့်၏၊ (ဤသို့ ဖြစ်လျှင်) မြတ်စွာဘုရား၏ တရားဒေသနာတော်သည် ထင်လာ၏။ ပုဏ္ဏိယ ဤတရားရှစ်မျိုးတို့နှင့် ပြည့်စုံသူအား မြတ်စွာဘုရား၏ တရားဒေသနာတော်သည် စင်စစ် ထင်လာ၏ဟု(မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-မူလကသုတ်

၇၃။ ရဟန်းတို့ အကယ်၍ သာသနာတော်မှတပါးသော အယူရှိသည့် ပရိဗိုဇ်တို့သည် "ငါ့သျှင်တို့ တရားအားလုံးတို့သည် အဘယ်လျှင် အခြေခံရှိကုန်သနည်း၊ တရားအားလုံးတို့သည် အဘယ်လျှင် ဖြစ်ကြောင်းရှိကုန်သနည်း၊ တရားအားလုံးတို့သည် အဘယ်ကြောင့် ဖြစ်ပေါ်ကုန်သနည်း၊ တရားအားလုံးတို့သည် အဘယ်လျှင် ပေါင်းဆုံရာရှိကုန်သနည်း၊ တရားအားလုံးတို့သည် အဘယ်လျှင် ရှေ့သွားရှိကုန်သနည်း၊ တရားအားလုံးတို့သည် အဘယ်လျှင် အကြီးအကဲ ရှိကုန်သနည်း၊ တရားအားလုံးတို့သည် အဘယ်လျှင် လွန်ကဲမှုရှိကုန်သနည်း၊ တရားအားလုံးတို့သည် အဘယ်လျှင် အနှစ်ရှိကုန်သနည်း"ဟု ဤသို့ မေးလာကြကုန်မူ ရဟန်းတို့ ဤသို့အမေးခံရသော သင်တို့သည် ထိုသာသနာတော်မှ တပါးသောအယူရှိသည့် ပရိဗိုဇ်တို့အား အဘယ်သို့ ဖြေဆိုကုန်မည်နည်းဟု (မေးတော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရား အကျွန်ုပ်တို့အား တရားတို့သည် မြတ်စွာဘုရားလျှင် အခြေခံရှိပါကုန်၏၊ မြတ်စွာဘုရားလျှင် ထုတ်ဆောင်သူရှိပါကုန်၏၊ မြတ်စွာဘုရားလျှင် လည်းလျောင်းရာ ရှိပါကုန်၏။ အသျှင်ဘုရား တောင်းပန်ပါ၏၊ ဆိုအပ်သော တရားစကား၏အနက်သည် မြတ်စွာဘုရား၏(ဉာဏ်တော်၌)သာ ထင်ပါစေလော့၊ မြတ်စွာဘုရား၏ (အထံမှ) ကြားနာရ၍ ရဟန်းတို့သည် ဆောင်ထားကြရပါကုန်လိမ့်မည်ဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ ထိုသို့ဖြစ်လျှင် ဟောကြားပေအံ့၊ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောပေအံ့ဟု (မိန့်တော်မူ၏)။

"ကောင်းပါပြီ အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏— ရဟန်းတို့ အကယ်၍ သာသနာတော်မှ တပါးသော အယူရှိသည့် ပရိဗိုဇ်တို့သည် "ငါ့သျှင်တို့ တရားအားလုံးတို့သည် အဘယ်လျှင် အခြေခံရှိကုန်သနည်း၊ တရားအားလုံးတို့သည် အဘယ်လျှင် ဖြစ်ကြောင်းရှိကုန်သနည်း၊ တရားအားလုံးတို့သည် အဘယ်ကြောင့် ဖြစ်ပေါ်ကုန်သနည်း၊ တရားအားလုံးတို့သည် အဘယ်လျှင် ပေါင်းဆုံရာ ရှိကုန်သနည်း၊ တရားအားလုံးတို့သည် အဘယ်လျှင် ရှေ့သွား ရှိကုန်သနည်း၊ တရားအားလုံးတို့သည် အဘယ်လျှင် အကြီးအကဲ ရှိကုန်သနည်း၊ တရားအားလုံးတို့သည် အဘယ်လျှင် လွန်ကဲမှု ရှိကုန်သနည်း၊ တရားအားလုံးတို့သည် အဘယ်လျှင် အနှစ်ရှိကုန်သနည်း"ဟု ဤသို့ မေးလာကြကုန်မူ ရဟန်းတို့ ဤသို့ ဒ မေးခံရသော သင်တို့သည် ထိုသာသနာတော်မှ တပါးသောအယူရှိသည့် ပရိဗိုဇ်တို့အား ဤသို့ ဖြေဆိုကြကုန်လော့— "ငါ့သျှင်တို့ တရားအားလုံးတို့သည် အလိုဆန္ဒလျှင် အခြေခံရှိကုန်၏၊ တရားအားလုံးတို့သည် နှလုံးသွင်းမှု 'မနသိကာရ'လျှင် ဖြစ်ကြောင်းရှိကုန်၏၊ တရားအားလုံးတို့သည် တွေ့ထိမှု'ဖဿ'ကြောင့် ဖြစ်ပေါ်ကုန်၏၊ တရားအားလုံးတို့သည် ခံစားမှု'ဝေဒနာ'၌ ပေါင်းဆုံကုန်၏၊ တရားအားလုံးတို့သည် တည်ကြည်မှု 'သမာဓိ'လျှင် ရှေ့သွားရှိကုန်၏၊ တရားအားလုံးတို့သည် အောက်မေ့မှု'သတိ'လျှင် အကြီးအကဲရှိကုန်၏၊ တရားအားလုံးတို့သည် သိမှု'ပညာ'လျှင် လွန်ကဲမှုရှိကုန်၏၊ တရားအားလုံးတို့သည် လွတ်မြောက်မှု 'အရဟတ္တဖိုလ်'လျှင် အနှစ်ရှိကုန်၏"ဟု (ဖြေဆိုကြကုန်လော့)။

ရဟန်းတို့ ထိုသာသနာတော်မှ တပါးသောအယူရှိသည့် ပရိဗိုဇ်တို့ အမေးခံရသော သင်တို့သည် ဤသို့ ဖြေဆိုကြကုန်လော့ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-စောရသုတ်

၈၄။ ရဟန်းတို့ အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ခိုးသူကြီးသည် လျင်စွာ ပျက်စီးရ၏၊ ကြာရှည်စွာ မတည်နိုင်။ အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—မရိုက်နှက် မပုတ်ခတ်သင့်သူကို ရိုက်နှက် ပုတ်ခတ်၏၊ အကြွင်းမဲ့ ယူ၏၊ မိန်းမကို သတ်၏၊ သတို့သမီးကို ဖျက်ဆီး၏၊ ရှင် ရဟန်းကို လုယက်၏၊ မင်းဘဏ္ဍာတိုက်ကို လုယက်၏၊ အလွန်နီးရာ၌ ခိုးမှုကို ပြု၏၊ သိမှီး'သိမ်းဆည်း'မှု၌ မလိမ္မာ။ ရဟန်းတို့ ဤအင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ခိုးသူကြီးသည် လျင်စွာ ပျက်စီးရ၏၊ ကြာရှည်စွာ မတည်နိုင်။

ရဟန်းတို့ အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ခိုးသူကြီးသည် လျင်စွာ မပျက်စီး၊ ကြာရှည်စွာ တည်နိုင်၏။ အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—မရိုက်နှက် မပုတ်ခတ်သင့်သူကို မရိုက်နှက် မပုတ်ခတ်၊

http://www.dhammadownload.com



အကြောင်းမဲ့ မယူ၊ မိန်းမကို မသတ်၊ သတို့သမီးကို မဖျက်ဆီး၊ ရှင် ရဟန်းကို မလုယက်၊ မင်းဘဏ္ဍာ တိုက်ကို မလုယက်၊ အလွန်နီးရာ၌ ခိုးမှုကို မပြု၊ သို့မှီး'သိမ်းဆည်း'မှု၌ လိမ္မာ၏။ ရဟန်းတို့ ဤအင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ခိုးသူကြီးသည် လျင်စွာ မပျက်စီး၊ ကြာရှည်စွာ တည်နိုင်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-သမဏသုတ်

၈၅။ ရဟန်းတို့ "သမဏ" 'ငြိမ်းအေးသူ'ဟူသော ဤအမည်သည် ပူဇော်အထူးကို ခံထိုက်သော မဖောက်မပြန် ကိုယ်တိုင်သိသော မြတ်စွာဘုရား၏ အမည်တည်း။ ရဟန်းတို့ "ဗြာဟ္မဏ" 'မကောင်းမှု မျောပြီးသူ' ဟူသော ဤအမည်သည် ပူဇော်အထူးကို ခံထိုက်သော မဖောက်မပြန် ကိုယ်တိုင်သိသော မြတ်စွာဘုရား၏ အမည်တည်း။ ရဟန်းတို့ "ဝေဒဂူ" 'အသိဉာဏ်သို့ ရောက်သူ' ဟူသော ဤအမည်သည် ပူဇော်အထူးကို ခံထိုက်သော မဖောက်ခပြန် ကိုယ်တိုင်သိသော မြတ်စွာ ဘုရား၏ အမည်ဘည်း။ ရဟန်းတို့ "ဘိသက္က" 'သမားတော်' ဟူသော ဤအမည်သည် ပူဇော် အထူးကို ခံထိုက်သော မဖောက်မပြန် ကိုယ်တိုင်သိသော မြတ်စွာဘုရား၏ အမည်တည်း။ ရဟန်းတို့ "နိမ္မလ" 'အညစ်အကြေး မရှိသူ'ဟူသော ဤအမည်သည် ပူဇော်အထူးကို ခံထိုက်သော မဖောက် မပြန် ကိုယ်တိုင်သိသော မြတ်စွာဘုရား၏ အမည်တည်း။ ရဟန်းတို့ "ဝိမလ" 'အညစ်အကြေး ကင်းသူ'ဟူသော ဤအမည်သည် ပူဇော်အထူးကို ခံထိုက်သော မဖောက်မပြန် ကိုယ်တိုင်သိသော မြတ်စွာဘုရား၏ အမည်တည်း။ ရဟန်းတို့ "ဉာဏီ" 'ဉာဏ်ရှိသူ' ဟူသော ဤအမည်သည် ပူဇော်အထူးကို ခံထိုက်သော မဖောက်မပြန် ကိုယ်တိုင်သိသော မြတ်စွာဘုရား၏ အမည်တည်း။ ရဟန်းတို့ "ဝိမုတ္တ" 'လွတ်မြောက်သူ' ဟူသော ဤအမည်သည် ပူဇော်အထူးကို ခံထိုက်သော မဖောက်မပြန် ကိုယ်တိုင်သိသော မြတ်စွာဘုရား၏ အမည်တည်းဟု (မိန့်တော်မူ၏)။

အကြင် ဂုဏ်ကျေးဇူးအပေါင်းသို့ ငြိမ်းအေးပြီးသော မြတ်စွာဘုရားသည် ရောက်အပ် ၏၊ (မြတ်သောအကျင့်ကို) ကျင့်သုံးပြီးဖြစ်၍ မကောင်းမှုကို မျောပြီးသော မြတ်စွာ ဘုရားသည် ရောက်အပ်၏၊ အကြင်ဂုဏ်ကျေးဇူးအပေါင်းသို့ အသိဉာဏ်သို့ ရောက်ပြီးသော မြတ်စွာဘုရားသည် ရောက်အပ်၏၊ သမားတော် ဘိသက္ကမည်သော မြတ်စွာဘုရားသည် အတုမဲ့ဂုဏ်သို့ ရောက်အပ်၏။

အကြင် ဂုဏ်ကျေးဇူးအပေါင်းသို့ အညစ်အကြေး ကင်းသော မြတ်စွာဘုရားသည် ရောက်အပ်၏၊ စင်ကြယ်သူ ဖြစ်သော အညစ်အကြေးမရှိသော မြတ်စွာဘုရားသည် ရောက်အပ်၏၊ အကြင် ဂုဏ်ကျေးဇူးအပေါင်းသို့ ဉာဏ်ရှိသော မြတ်စွာဘုရားသည် ရောက်အပ်၏၊လွတ်မြောက်သော မြတ်စွာဘုရားသည် အတုမဲ့ဂုဏ်သို့ ရောက်အပ်၏။

ထိုဂုဏ်ကျေးဇူးအပေါင်းသို့ ရောက်ပြီးသော စစ်မြေပြင်ကို အောင်ပြီးသော ထို ငါသည် အနှောင်အဖွဲ့မှ လွတ်၍ (လူအများကိုလည်း) လွတ်စေခဲ့၏၊ (ထို ငါသည်) ကျင့်ပြီးဖြစ်သော (ကိလေသာ) ငြိမ်းအေးပြီးသော အလွန်ယဉ်ကျေးသော ဆင်ပြောင် ကြီးသဖွယ် ဖြစ်ပေ၏။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-ယသသုတ်

၈၆။ အခါတပါး၌ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလ တိုင်းတို့၌ ဒေသစာရီလှည့်လည်တော်မူလတ်သော် ကောသလမင်းသားတို့၏ ဣစ္ဆာနင်္ဂလမည် သော ပုဏ္ဏားရွာသို့ ရောက်တော်မူ၏။ မြတ်စွာဘုရားသည် ထိုဣစ္ဆာနင်္ဂလရွာ (အနီး) ဣစ္ဆာ နင်္ဂလတောအုပ်၌ (သီတင်းသုံး) နေတော်မူ၏။ ဣစ္ဆာနင်္ဂလရွာသား ပုဏ္ဏားနှင့် အမျိုးသား တို့သည် သတင်းစကားကြားကြကုန်၏—"အချင်းတို့ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့်သာကီ ဝင်မင်းသား ရဟန်းဂေါတမသည် ဣစ္ဆာနင်္ဂလရွာသို့ ကြွရောက်တော်မူ၍ ဣစ္ဆာနင်္ဂလရွာအနီး ဣစ္ဆာနင်္ဂလတောအုပ်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအသျှင်ဂေါတမ၏ ကောင်းသော ကျော်စောသတင်းသည် ဤသို့ပြန့်နှံ့၍ထွက်၏—ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော် မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသောအကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။ပ။ထိုသို့ သဘောရှိသော ရဟန္တာ(ပုဂ္ဂိုလ်) တို့ကို ဖူးမျှော်ရခြင်းသည် ကောင်းသည်သာတည်းဟု (ကြားကြကုန်၏)။

ထိုအခါ၌ ဣစ္ဆာနင်္ဂလရွာသား ပုဏ္ဏားနှင့် အမျိုးသားတို့သည် ထိုညဉ့်လွန်သောအခါ၌ များ စွာသော ခဲဖွယ်စားဖွယ်ကိုယူကုန်၍ ဣစ္ဆာနင်္ဂလတောအုပ်သို့ ချဉ်းကပ်ကုန်ပြီးလျှင် အပြင် ဘက်တံခါးမုခ်၌ ပြင်းပြကျယ်လောင်သော အသံရှိကုန်သည်ဖြစ်၍ တည်နေကုန်၏။ ထိုစဉ်အခါ၌ အသျှင်နာဂိတသည် မြတ်စွာဘုရား၏အလုပ်အကျွေးဖြစ်၏၊ ထိုအခါ မြတ်စွာဘုရားသည် အသျှင် နာဂိတကို—နာဂိတ ငါးတို့ကိုလုယက်ရာ၌ တံငါသည် တို့ကဲ့သို့ ပြင်းပြကျယ်လောင်သော အသံရှိ သူတို့ကား အဘယ်သူတို့နည်းဟု မေးတော်မူ၏။

အသျှင်ဘုရား ဤသူတို့ကား ဣစ္ဆာနင်္ဂလရွာသား ပုဏ္ဏားနှင့်အမျိုးသားတို့ပါတည်း၊ များစွာ သော ခဲဖွယ်ဘောဇဉ်ကို ယူ၍ အပြင်ဘက် တံခါးမုခ်၌ မြတ်စွာဘုရားကိုရင်း၊ ရဟန်းသံဃာကို ရင်း၊ ရည်မှန်းပြီးလျှင် တည်နေကြပါသည်ဟု (လျှောက်၏)။

နာဂိတ ငါသည် အခြံအရံ အကျော်အစောနှင့် မဆက်ဆံလို၊ အခြံအရံ (အကျော်အစော) သည်လည်း ငါနှင့်အတူ မဆက်ဆံစေလင့်၊ နာဂိတ အလိုရှိတိုင်း မငြိုမငြင် မပင်မပန်းဘဲရသော ဤကာမဂုဏ်မှ ထွက်မြောက်မှု 'နေက္ခမ္မ' ချမ်းသာ ကင်းဆိတ်မှု 'ပဝိဝေက' ချမ်းသာ ငြိမ်းအေးမှု 'ဥပသမ'ချမ်းသာ သိမှု'သမ္ဗောဓ'ချမ်းသာကို အလိုရှိတိုင်း မငြိုမငြင် မပင်မပန်း မရနိုင်သူသည် မစင်ကြယ်မှု 'ကာမ' ချမ်းသာ ငိုက်မျဉ်းမှု'မိဒ္ဓ'ချမ်းသာ လာဘ်ပူဇော်သက္ကာ(အကျော်အစော) ချမ်းသာကို သာယာ(ခံစား)ရာ၏ဟု (မိန့်တော်မူ၏။)

အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ၌ သည်းခံတော် မူပါ၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ယခုအခါ၌ သည်းခံတော်မူပါ၊ အသျှင်ဘုရား ယခုအခါသည်ကား မြတ်စွာဘုရား၏ သည်းခံဘို့ရာ အခါပါတည်း၊ အသျှင်ဘုရား အခုအခါ၌ နိဂုံးသူ နိဂုံးသား ဇနပုဒ်သူ ဇနပုဒ်သားနှင့် အမျိုးသား တို့သည် မြတ်စွာဘုရား ကြွတော်မူလေရာရာ အရပ်သို့ စိတ်ညွတ်ကြကုန်လျက်သာလျှင် လိုက်ကြပါလိမ့်မည် အသျှင်ဘုရား၊ မိုးကြီး သည်းထန်စွာ ရွာသွန်းလတ်သော် နိမ့်ရှိုင်းရာအရပ်သို့ ရေတို့သည် စီးကျကြကုန်သကဲ့သို့ အသျှင်ဘုရား ဤအတူပင် ယခုအခါ၌ နိဂုံးသူနိဂုံးသားဇနပုဒ်သူဇနပုဒ်သား ပုဏ္ဏားနှင့်အမျိုးသား

http://www.dhammadownload.com



တို့သည် မြတ်စွာဘုရား ကြွတော်မူလေရာရာ အရပ်သို့လျှင် စိတ်ညွတ် ကြကုန်လျက်သာလျှင် လိုက်ကြပါလိမ့်မည်၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ အသျှင်ဘုရား မြတ်စွာဘုရား၏ သီလ ပညာတော်သည် ထိုသို့ ကြီးမားတော် မူခြင်းကြောင့် ဖြစ်ပါသည်ဟု (လျှောက်၏)။

နာဂိတ ငါသည် အခြံအရံ (အကျော်အစော)နှင့် မဆက်ဆံလို၊ အခြံအရံ အကျော်အစော သည်လည်း ငါနှင့် မဆက်ဆံစေလင့်၊ နာဂိတ အလိုရှိတိုင်း မငြိုမငြင် မပင်မပန်းပဲ ရသော ဤ(ကာမဂုဏ်မှ) ထွက်မြောက်မှု 'နေက္ခမ္မ'ချမ်းသာ ကင်းဆိတ်မှု 'ပဝိဝေက'ချမ်းသာ ငြိမ်းအေးမှု 'ဥပသမ' ချမ်းသာ သိမှု 'သမ္ဗောဓ' ချမ်းသာကို အလိုရှိတိုင်း မငြိုမငြင် မပင်မပန်း မရနိုင်သူသည် မစင်ကြယ်မှု 'ကာမ'ချမ်းသာ ငိုက်မျဉ်းမှု 'မိဒ္ဓ'ချမ်းသာ လာဘ်ပူဇော်သကာ အကျော်အစော ချမ်းသာကို သာယာ (ခံစား) ရာ၏။

နာဂိတ အလိုရှိတိုင်း မငြိုမငြင် မပင် မပန်းပဲ ရသော (ကာမဂုဏ်မှ) ထွက်မြောက်မှု 'နေက္ခမ္မ' ချမ်းသာ ကင်းဆိတ်မှု 'ပဝိဝေက'ချမ်းသာ ငြိမ်းအေးမှု 'ဥပသမ' ချမ်းသာ သိမှု 'သမ္ဗောဓ' ချမ်းသာကို အလိုရှိတိုင်း မငြိုမငြင် မပင်မပန်း မရနိုင်ကုန်သော နတ်အချို့တို့ သော်လည်း သာယာ ခံစားကုန်ရာ၏။

နာဂိတ စုရုံးပေါင်းဆုံ၍ ဂိုဏ်းဖွဲ့နေခြင်းကို အားထုတ်၍ နေကုန်သော သင်တို့အားသော် လည်း "အလိုရှိတိုင်း မငြိုမငြင် မပင်မပန်းပဲရသော ဤ (ကာမဂုဏ်မှ) ထွက်မြောက်မှု'နေက္ခမ္မ' ချမ်းသာ ကင်းဆိတ်မှု 'ပဝိဝေက' ချမ်းသာ ငြိမ်းအေးမှု 'ဥပသမ' ချမ်းသာ သိမှု 'သမ္ဗောဓ'ချမ်းသာကို ဤအသျှင်တို့သည် အလိုရှိတိုင်း မငြိုမငြင် မပင်မပန်း မရကြလေယောင် တကား။ထို့ကြောင့်ပင် ဤအသျှင်တို့သည် စုရုံးပေါင်းဆုံ၍ ဂိုဏ်းဖွဲ့နေခြင်းကို အားထုတ်နေကုန်၏" ဟု (စိတ်အကြံဖြစ်နိုင်၏)။

နာဂိတ ငါသည် ဤသာသနာတော်၌ အချင်းချင်း ချိုင်းထိုးခြင်းဖြင့် ပြင်းစွာရယ်ကြ ပြင်း စွာမြူးထူးကြသော ရဟန်းတို့ကို တွေ့မြင်ရ၏။ နာဂိတ ထိုငါ့အား "အလိုရှိတိုင်း မငြိုမငြင် မပင် မပန်းပဲ ရသော (ကာမဂုဏ်တို့မှ)ထွက်မြောက်မှု 'နေက္ခမ္မ'ချမ်းသာ ကင်းဆိတ်မှု 'ပဝိဝေက'ချမ်း သာ ငြိမ်းအေးမှု 'ဥပသမ' ချမ်းသာ သိမှု 'သမ္ဗောဓ' ချမ်းသာကို ဤအသျှင်တို့သည် အလိုရှိတိုင်း မငြိုမငြင် မပင်မပန်း မရကြလေယောင်တကား။ ထို့ကြောင့်ပင် ဤအသျှင်တို့သည် အချင်းချင်း ချိုင်းထိုးကစားခြင်းတို့ဖြင့် ပြင်းစွာ ရယ်ကုန် ပြင်းစွာမြူးထူးကုန်၏" ဟု (စိတ် အကြံဖြစ်၏)။ (၁)

နာဂိတ ဤသာသနာတော်၌ ငါသည် အလိုရှိတိုင်း ဝမ်းပြည့်အောင်စား၍ အိပ်မှု 'သေယျ' ချမ်းသာ (ဝဲယာ)နံတောင်းပြောင်းလှည့်အိပ်မှု 'ပဿ'ချမ်းသာ ငိုက်မျဉ်းမှု 'မိဒ္ဓ' ချမ်းသာကို အားထုတ်လျက်နေကြသော ရဟန်းတို့ကို တွေ့မြင်ရ၏။နာဂိတ ထိုငါ့အား "အလိုရှိတိုင်း မငြိုမငြင် မပင်မပန်းပဲရသော ဤ (ကာမဂုဏ်တို့မှ) ထွက်မြောက်မှု 'နေက္ခမ္မ'ချမ်းသာ ကင်းဆိတ်မှု 'ပဝိဝေက' ချမ်းသာ ငြိမ်းအေးမှု 'ဥပသမ' ချမ်းသာ သိမှု 'သမ္ဗောဓ' ချမ်းသာကို ဤအသျှင် တို့သည် အလိုရှိတိုင်း မငြိုမငြင် မပင်မပန်း မရကြလေယောင်တကား။ ထို့ကြောင့်ပင် ဤအသျှင်တို့သည် အလိုရှိတိုင်း ဝမ်းပြည့်အောင်စား၍ အိပ်မှု 'သေယျ' ချမ်းသာ (ဝဲ ယာ)

http://www.dhammadownload.com



နံတောင်း ပြောင်းလှည့်အိပ်မူ 'ပဿ'ချမ်းသာ ငိုက်မျဉ်းမှု 'မိဒ္ဓ'ချမ်းသာကို အားထုတ်လျက် နေကုန်၏" ဟု (စိတ်အကြံဖြစ်၏)။ (၂)

နာဂိတ ငါသည် ဤသာသနာတော်၌ တည်ကြည်စွာ ထိုင်သော ရွာနီးကျောင်းနေရဟန်းကို မြင်ရ၏။ နာဂိတ ထိုငါ့အား "ယခုအခါ၌ ဤအသျှင်ကို အရံစောင့်သည်ရင်း သာမဏေသည်ရင်း လုပ်ကျွေးလိမ့်မည်၊ ထိုရဟန်းကို ထိုသမာဓိမှ ရွေ့လျောစေလိမ့်မည်" ဟု ဤသို့ စိတ်အကြံဖြစ်၏။ နာဂိတ ထို့ကြောင့် ငါသည် ထိုရဟန်းအား ရွာနီးကျောင်းနေမှုဖြင့် ဝမ်းမမြောက်။ (၃)

နာဂိတ ငါသည် ဤသာသနာတော်၌ တောအရပ်ဝယ် မျက်တောင်တလှုပ်လှုပ် ငိုက်မျဉ်းလျက် ထိုင်နေသော တောကျောင်းနေ ရဟန်းကိုမြင်ရ၏။ နာဂိတ ထိုငါ့အား "ယခုအခါ၌ ဤအသျှင်သည် ဤငိုက်မျဉ်းမှုကြောင့်ဖြစ်သော ပင်ပန်းခြင်းကို ပယ်ဖျောက်၍ တခုတည်းသော သဘောဖြစ်သည့် တောဟူသော အမှတ်သညာကိုသာလျှင် နှလုံးသွင်းပေလိမ့်မည်" ဟု ဤသို့ စိတ်အကြံဖြစ်၏။ နာဂိတ ထို့ကြောင့် ငါသည် ထိုရဟန်းအား တောကျောင်းနေမှုဖြင့် ဝမ်းမြောက်မိ၏။ (၄)

နာဂိတ ငါသည် ဤသာသနာတော်၌ တောအရပ်ဝယ် မတည်ကြည်သော စိတ်ရှိသည်ဖြစ်၍ ထိုင်နေသော တောကျောင်းနေရဟန်းကို မြင်ရ၏။ နာဂိတ ထိုငါ့အား "ယခုအခါ ဤအသျှင်သည် မတည်ကြည်သော စိတ်ကိုလည်း တည်ကြည်စေလိမ့်မည်၊ တည်ကြည်ပြီးသော စိတ်ကိုလည်း စောင့်ရှောက်လိမ့်မည်"ဟု ဤသို့ စိတ်အကြံဖြစ်၏။ နာဂိတ ထို့ကြောင့် ငါသည် ထိုရဟန်းအား တောကျောင်းနေမှုဖြင့် ဝမ်းမြောက်မိ၏။ (၅)

နာဂိတ ငါသည် ဤသာသနာတော်၌ တောအရပ်ဝယ် တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ ထိုင်နေသော တောကျောင်းနေ ရဟန်းကို မြင်ရ၏။ နာဂိတ ထိုငါ့အား "ယခုအခါ ဤအသျှင်သည် မလွတ်မြောက်သော စိတ်ကိုလည်း လွတ်မြောက်စေလိမ့်မည်၊ လွတ်မြောက်ပြီးသော စိတ်ကိုလည်း စောင့်ရှောက်ပေလိမ့်မည်"ဟု ဤသို့ စိတ်အကြံဖြစ်၏။ နာဂိတ ထို့ကြောင့် ငါသည် ထိုရဟန်းအား တောကျောင်း နေမှုဖြင့် ဝမ်းမြောက်မိ၏။ (၆)

နာဂိတ ဤသာသနာတော်၌ ငါသည် သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ဆေး အသုံးအဆောင်တို့ကို ရသော ရွာနီးကျောင်းနေ ရဟန်းကို မြင်ရ၏၊ ထိုရဟန်းသည် ထိုလာဘ်ပူဇော်သကာ အကျော်အစောကို အလိုရှိသည်ဖြစ်၍ တယောက်တည်း ကိန်းအောင်းမှုကို စွန့်၏၊ တောစွန်ဖြစ်သော ကျောင်းတို့ကိုစွန့်၏၊ ရွာ နိဂုံး မင်းနေပြည်သို့ဝင်ရောက်နေ၏။ နာဂိတ ထို့ကြောင့် ငါသည် ထိုရဟန်းတို့အား ရွာနီးကျောင်း၌ နေမှုဖြင့် ဝမ်းမမြောက်။ (၇)

နာဂိတ ဤသာသနာတော်၌ ငါသည် သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင်တို့ကို ရသော တောကျောင်းနေ ရဟန်းကို မြင်ရ၏၊ ထိုရဟန်းသည် ထိုလာဘ် ပူဇော်သကာ အကျော် အစောကို စွန့်ပစ်ပယ်ရှား၍ တယောက်တည်း ကိန်းအောင်းနေမှုကို မစွန့်။ တောစွန်ဖြစ်သော ကျောင်းတို့ကို မစွန့်၊ နာဂိတ ထို့ကြောင့် ငါသည် ထိုရဟန်းအား တောကျောင်းနေမှုဖြင့် ဝမ်းမြောက်မိ၏။ (၈)

နာဂိတ အကြင်အခါ၌ ခရီးရှည်သွားသော ငါသည် ရှေ့မှုဖြစ်စေ နောက်မှုဖြစ်စေ တဦးတယောက်ကိုမျှ မတွေ့မမြင်ရ၊ နာဂိတ ထိုအခါ၌ ငါ့အား အယုတ်သဖြင့် ကျင်ကြီး ကျင်ငယ်ကို စွန့်ရန်ပင် ချမ်းသာ၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

http://www.dhammadownload.com



## ၇-ပတ္တနိကုဇ္ဇနသုတ်

၈၇။ ရဟန်းတို့ အင်္ဂါရှစ်မျိုးတို့နှင့် ပြည့်စုံသော ဥပါသကာအား အလိုရှိလတ်သော် သံဃာသည် သပိတ်မှောက်ရာ၏။ အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့အား လာဘ်မရစိမ့်သောငှါ အားထုတ်၏၊ ရဟန်းတို့အား အကျိုးမဲ့ဖြစ်စိမ့်သောငှါ အားထုတ်၏၊ ရဟန်းတို့အား နေရာမရစိမ့်သောငှါ အားထုတ်၏၊ ရဟန်းတို့ကို ဆဲရေး၏၊ ရေရွတ်၏၊ (ခြိမ်းချောက်၏)၊ ရဟန်းအချင်းချင်း ကွဲပြားစေ၏၊ မြတ်စွာဘုရား၏ဂုဏ် (ကျေးဇူး)မဲ့ကို ဆို၏၊ တရားတော်၏ ဂုဏ်(ကျေးဇူး) မဲ့ကို ဆို၏၊ သံဃာတော်၏ ဂုဏ်(ကျေးဇူး)မဲ့ကို ဆို၏။ ရဟန်းတို့ ဤအင်္ဂါရှစ်မျိုးတို့နှင့် ပြည့်စုံသော ဥပါသကာအား အလိုရှိလတ်သော် သံဃာသည် သပိတ်မှောက်ရာ၏။

ရဟန်းတို့ အင်္ဂါရှစ်မျိုးတို့နှင့် ပြည့်စုံသော ဥပါသကာအား အလိုရှိလတ်သော် သံဃာသည် သပိတ်လှန်ရာ၏။ အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့အား လာဘ်မရစိမ့်သောငှါ အားမထုတ်၊ ရဟန်းတို့အား အကျိုးမဲ့ဖြစ်စိမ့်သောငှါ အားမထုတ်၊ ရဟန်းတို့အား နေရာမရစိမ့်သောငှါ အားမထုတ်၊ ရဟန်းတို့ကို မဆဲရေး မရေရွတ်(မခြိမ်းချောက်)၊ ရဟန်းအချင်းချင်း မကွဲပြားစေ၊ မြတ်စွာဘုရား၏ ဂုဏ်(ကျေးဇူး)ကို ဆို၏၊ တရားတော်၏ ဂုဏ်(ကျေးဇူး)ကို ဆို၏၊ သံဃာတော်၏ ဂုဏ်(ကျေးဇူး)ကို ဆို၏။ ရဟန်းတို့ ဤအင်္ဂါရှစ်မျိုးတို့နှင့် ပြည့်စုံသော ဥပါသကာအား အလိုရှိလတ်သော် သံဃာသည် သပိတ်လှန်ရာ၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-အပ္ပသာဒပဝေဒနီယသုတ်

၈၈။ ရဟန်းတို့ အင်္ဂါရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းအား အလိုရှိကုန်လတ်သော် ဥပါသကာတို့သည် မကြည်ညိုမှုကို သိစေရာကုန်၏။ အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—လူတို့အား လာဘ်မရစိမ့်သောငှါ အားထုတ်၏၊ လူတို့အား အကျိုးမဲ့ဖြစ်စိမ့်သောငှါ အားထုတ်၏၊ လူကို ဆဲရေး၏ ရေရွတ်၏ (ခြိမ်းချောက်၏)၊ လူအချင်းချင်း ကွဲပြားစေ၏၊ မြတ်စွာဘုရား၏ ဂုဏ်(ကျေးဇူး) မဲ့ကိုဆို၏၊ တရားတော်၏ ဂုဏ်(ကျေးဇူး) မဲ့ကို ဆို၏၊ သံဃာတော်၏ ဂုဏ် (ကျေးဇူး) မဲ့ကို ဆို၏၊ မကျက်စားသင့်သော နေရာ၌လည်း ထိုရဟန်းကို တွေ့မြင်ရကုန်၏။ ရဟန်းတို့ ဤအင်္ဂါရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းအား အလိုရှိကုန်လတ်သော် ဥပါသကာတို့သည် မကြည်ညိုမှုကို သိစေကုန်ရာ၏။

ရဟန်းတို့ အင်္ဂါရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းအား အလိုရှိကုန်လတ်သော် ဥပါသကာတို့သည် ကြည်ညိုမှုကို သိစေကုန်ရာ၏။ အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—လူတို့အား လာဘ်မရစိမ့်သောငှါ အားမထုတ်၊ လူတို့အား အကျိုးမဲ့ ဖြစ်စိမ့်သောငှါ အားမထုတ်၊ လူကို မဆဲရေး မရေရွတ်၊ လူအချင်းချင်း မကွဲပြားစေ၊ မြတ်စွာဘုရား၏ ဂုဏ်(ကျေးဇူး)ကို ဆို၏၊ တရားတော်၏ ဂုဏ်(ကျေးဇူး)ကို ဆို၏၊ သံဃာတော်၏ ဂုဏ်(ကျေးဇူး)ကို ဆို၏၊ ကျက်စားသင့်ရာ၌ ထိုရဟန်းကို တွေ့မြင်ရကုန်၏။ ရဟန်းတို့ ဤအင်္ဂါရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းအား အလိုရှိကုန်လတ်သော် ဥပါသကာတို့သည် ကြည်ညိုမှုကို သိစေကုန်ရာ၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

http://www.dhammadownload.com



## ၉-ပဋိသာရဏီယသုတ်

၇၉။ ရဟန်းတို့ အင်္ဂါရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းအား အလိုရှိလတ်သော် သံဃာသည် ပြန်လည်အောက်မေ့စေမှု 'ပဋိသာရဏီယကံ' ကို ပြုရာ၏။ အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—လူတို့အား လာဘ်မရစိမ့်သောငှါ အားထုတ်၏၊ လူတို့အား အကျိုးမဲ့ ဖြစ်စိမ့်သောငှါ အားထုတ်၏၊ လူကို ဆဲရေး၏၊ ရေရွတ်၏ (ခြိမ်းချောက်၏)၊ လူအချင်းချင်း ကွဲပြားစေ၏၊ မြတ်စွာဘုရား၏ ဂုဏ် (ကျေးဇူး)မဲ့ကို ဆို၏၊ တရားတော်၏ ဂုဏ် (ကျေးဇူး)မဲ့ကို ဆို၏၊ သံဃာတော်၏ ဂုဏ်(ကျေးဇူး) မဲ့ကို ဆို၏၊ တရားနှင့်စပ်သော လူတို့၏ ဝန်ခံမှုကိုလည်း မမှန်စေ။ ရဟန်းတို့ ဤအင်္ဂါရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းအား အလိုရှိလတ်သော် သံဃာသည် ပြန်လည်အောက်မေ့စေမှုကို ပြုရာ၏။

ရဟန်းတို့ အင်္ဂါရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းအား အလိုရှိလတ်သော် သံဃာသည် ပြန်လည် အောက်မေ့စေမှု 'ပဋိသာရဏီယကံ'ကို ငြိမ်းစေရာ၏၊ (ရုပ်သိမ်းရာ၏)။ အဘယ်ရှစ်မျိုး တို့နည်း ဟူမူ—လူတို့အား လာဘ်မရစိမ့်သောငှါ အားမထုတ်၊ လူတို့အား အကျိုးမဲ့ ဖြစ်စိမ့်သောငှါ အားမထုတ်၊ လူကို မဆဲရေး၊ မရေရွတ် (မခြိမ်းချောက်)၊ လူအချင်းချင်း မကွဲပြားစေ၊ မြတ်စွာဘုရား၏ ဂုဏ်(ကျေးဇူး)ကို ဆို၏၊ တရားတော်၏ ဂုဏ်(ကျေးဇူး)ကို ဆို၏၊ သံဃာတော်၏ ဂုဏ် (ကျေးဇူးကို) ဆို၏၊ တရားနှင့်စပ်သော လူတို့၏ ဝန်ခံမှုကိုလည်း မှန်စေ၏။ ရဟန်းတို့ ဤအင်္ဂါရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းအား အလိုရှိလတ်သော် သံဃာသည် ပြန်လည်အောက် မေ့စေမှု ပဋိသာရဏီယကံကို ငြိမ်းစေရာ၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-သမ္မာဝတ္တနသုတ်

၈၀။ ရဟန်းတို့ ထိုအထူးယုတ်မာမှုရှိသော ရဟန်းအား ပြုအပ်သော တဿပါပိယသိကကံ ပြုခံရသော ရဟန်းသည် တရားရှစ်မျိုးတို့၌ကောင်းစွာ ကျင့်ရမည်။ ပဉ္စင်းခံ မပေးအပ်၊ နိဿရည်း မပေးအပ်၊ သာမဏေကို မလုပ်ကျွေးစေအပ်၊ ရဟန်းမိန်းမများအား ဆုံးမသူဟု သမုတ်ခြင်း 'ဘိက္ခုနောဝါဒက သမ္မုတိ'ကို မသာယာအပ်၊ သမ္မုတိရသော် လည်း ရဟန်းမိန်းမတို့ကို မဆုံးမ အပ်၊ တစုံတခုသော သံဃာ့သမ္မုတိကို မသာယာအပ်၊ တစုံတခုသော သီးခြားဌာန (အကြီး အကဲ အရာ)၌ မထားအပ်၊ ထိုကံရှင် ရဟန်း အရင်းပြုသဖြင့် (အာပတ်မှ) မထစေအပ်။ ရဟန်းတို့ တဿပါပိယသိကကံပြုခံရသော ရဟန်းသည် ဤတရားရှစ်မျိုးတို့၌ ကောင်းစွာ ကျင့်ရမည် ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

လေးခုမြောက် သတိဝဂ် ပြီး၏။

---

## (၁၀) ၅-သာမညဝဂ်

၈၁-၁၁၆။ ဗောဇ္ဈာဥပါသိကာ၊ သိရီမာ၊ ပဒုမာ၊ သုဘနာ၊ မနုဇာ၊ ဥတ္တရာ၊ မုတ္တာ၊ ခေမာဥပါသိကာ၊ ရုစီ၊ စုန္ဒီ မင်းသမီး၊ ဗိမ္ဗီဥပါသိကာ၊ သုမနာ မင်းသမီး၊ မလ္လိကာ မိဖုရား၊

http://www.dhammadownload.com



တိဿာ ဥပါသိကာ၊ တိဿမာတာ၊ သောဏာ ဥပါသိကာ၊ သောဏမာတာ၊ ကာဏာ ဥပါသိကာ၊ ကာဏမာတာ၊ နန္ဒမာတာ ဥတ္တရာ၊ မိဂါရမာတာ ဝိသာခါ၊ ခုဇ္ဇုတ္တရာ ဥပါသိကာ၊ သာမာဝတီ ဥပါသိကာ၊ ကောလိယ မင်းသမီး သုပ္ပဝါသာ၊ သုပ္ပိယာ ဥပါသိကာ၊ နကုလမာတာ သူကြွယ်မ၊ (ဤဥပါသိကာမတို့အား အင်္ဂါရှစ်မျိုးရှိ ဥပုသ်ကို ဟောတော်မူသည်)။ (၁-၂၆)

ငါးခုမြောက် သာမညဝဂ် ပြီး၏။

ဒုတိယ သုတ်ငါးဆယ် ပြီး၏။

http://www.dhammadownload.com



## ၁၁-ရာဂပေယျာလ

၁၁၇။ ရဟန်းတို့ ရာဂကို အထူးသိရန် တရားရှစ်မျိုးတို့ကို ပွါးများကြရမည်။ အဘယ်ရှစ်မျိုးတို့နည်း ဟူမူ——မှန်ကန်စွာသိမြင်မှု 'သမ္မာဒိဋ္ဌိ' မှန်ကန်စွာကြံစည်မှု 'သမ္မာသင်္ကပ္ပ' မှန်ကန်စွာပြောဆိုမှု'သမ္မာဝါစာ' မှန်ကန်စွာပြုလုပ်မှု 'သမ္မာကမ္မန္တ' မှန်ကန်စွာအသက်မွေးမှု 'သမ္မာအာဇီဝ' မှန်ကန်စွာ 'အားထုတ်မှု 'သမ္မာဝါယာမ' မှန်ကန်စွာ အောက်မေ့မှု 'သမ္မာသတိ' မှန်ကန်စွာ တည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း ။ ရဟန်းတို့ ရာဂကို အထူးသိရန် ဤတရား ရှစ်မျိုးတို့ကို ပွါးများကြရမည်။ (၁)

၁၁၈။ ရဟန်းတို့ ရာဂကိုအထူးသိရန် တရားရှစ်မျိုးတို့ကို ပွါးများကြရမည်။ အဘယ်ရှစ်မျိုးတို့နည်း ဟူမူ——အတွင်းသန္တာန်၌ အဆင်းရုပ်ကို ရှုမှတ်၍ အပသန္တာန်၌ ကောင်းသောအဆင်း မကောင်းသော အဆင်းရှိသော ငယ်သော (ကသိုဏ်း) ရုပ်တို့ကို ရှု၏၊ ထို(ရုပ်)တို့ကို လွှမ်းမိုး၍ "(ငါ)သိ၏၊ (ငါ) မြင်၏" ဟု ဤသို့ အမှတ် 'သညာ' ရှိ၏။ အတွင်းသန္တာန်၌ အဆင်းရုပ်ကို ရှုမှတ်၍ အပသန္တာန်၌ ကောင်းသောအဆင်း မကောင်းသောအဆင်းရှိသော ကြီးသော(ကသိုဏ်း) ရုပ်တို့ကို ရှု၏၊ ထို(ရုပ်)တို့ကို လွှမ်းမိုး၍ "(ငါ)သိ၏၊ (ငါ)မြင်၏"ဟု ဤသို့ အမှတ် 'သညာ' ရှိ၏။ အတွင်းသန္တာန်၌ အဆင်းရုပ်ကို မရှုမှတ်မူ၍ အပသန္တာန်၌ ကောင်းသောအဆင်း မကောင်းသော အဆင်းရှိသော ငယ်ကုန်သော (ကသိုဏ်း) ရုပ်တို့ကို ရှု၏၊ ထို(ရုပ်)တို့ကို လွှမ်းမိုး၍ "(ငါ)သိ၏၊ (ငါ)မြင်၏" ဟု ဤသို့ အမှတ်'သညာ' ရှိ၏။ အတွင်းသန္တာန်၌ အဆင်းရုပ်ကို မရှုမှတ်မူ၍ အပသန္တာန်၌ ကောင်းသောအဆင်း မကောင်းသောအဆင်းရှိသော ကြီးသော (ကသိုဏ်း) ရုပ်တို့ကို ရှု၏၊ ထို(ရုပ်)တို့ကို လွှမ်းမိုး၍ "(ငါ) သိ၏၊ (ငါ)မြင်၏"ဟု ဤသို့ အမှတ် 'သညာ' ရှိ၏။ အတွင်းသန္တာန်၌ အဆင်းရုပ်ကို မရှုမှတ်မူ၍ အပသန္တာန်၌ ညိုကုန်သော ညိုသောအဆင်း ညိုသောအသွေး ညိုသောအရောင်ရှိသော(ကသိုဏ်း)ရုပ်တို့ကို ရှု၏။ပ။ ဝါရွှေကုန်သော ဝါရွှေသော အဆင်းရှိကုန်သော။ပ။ နီကုန်သော နီသောအဆင်းရှိကုန်သော။ပ။ ဖြူကုန်သော ဖြူသောအဆင်း ရှိကုန်သော။ပ။ ဖြူသောအရောင်ရှိသော (ကသိုဏ်း) ရုပ်တို့ကို ရှု၏၊ ထို(ရုပ်)တို့ကို လွှမ်းမိုး၍ "(ငါ)သိ၏၊ (ငါ) မြင်၏" ဟု ဤသို့ အမှတ် 'သညာ' ရှိ၏။ ရဟန်းတို့ ရာဂကို အထူးသိရန် ဤတရားရှစ်မျိုးတို့ကို ပွါးများကြရမည်။ (၂)

၁၁၉။ ရဟန်းတို့ ရာဂကိုအထူးသိရန် တရားရှစ်မျိုးတို့ကို ပွါးများကြရမည်၊ အဘယ်ရှစ်မျိုးတို့နည်း ဟူမူ——(အတွင်းသန္တာန်၌)(ကသိုဏ်း)ရုပ်ရှိသည်ဖြစ်၍(အပသန္တာန်၌လည်း)(ကသိုဏ်း) ရုပ်တို့ကိုရှု၏၊ အတွင်းသန္တာန်၌(ကသိုဏ်း)ရုပ်ကို မရှုမူ၍ အပသန္တာန်၌ (ကသိုဏ်း)ရုပ်တို့ကို ရှု၏၊ "တင့်တယ်၏" ဟူ၍သာလျှင် နှလုံးသွင်း၏။ ရူပသညာတို့ကို လုံးဝ လွန်မြောက်၍ ပဋိဃသညာတို့ လုံးဝချုပ်သည့်ပြင် နာနတ္တသညာတို့ကို လုံးဝ နှလုံးမသွင်းမူ၍ "ကောင်းကင်သည် အဆုံးမရှိ"ဟု (နှလုံးသွင်းလျက်) အာကာသာနဉ္စာယတန (စျာန်)သို့ ရောက်၍နေ၏။ အာကာသာနဉ္စာယတန စျာန်ကို လုံးဝလွန်မြောက်၍ "ဝိညာဏ်သည် အဆုံးမရှိ"ဟု (နှလုံးသွင်းလျက်)ဝိညာဏဉ္စာယတန (စျာန်)သို့ ရောက်၍နေ၏။ ဝိညာဏဉ္စာယတန(စျာန်)ကို လုံးဝ လွန်မြောက်၍ တစုံတခုမျှမရှိ"ဟု (နှလုံးသွင်းလျက်) အာကိဉ္စညာယတန(စျာန်)သို့ ရောက်၍နေ၏။ အာကိဉ္စညာယတန(စျာန်)ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတန(စျာန်)သို့ ရောက်၍နေ၏၊ နေဝသညာနာသညာ

http://www.dhammadownload.com



ယတန (ဈာန်)ကို လုံး၀ လွန်မြောက်၍ သညာ ဝေဒနာတို့၏ ချုပ်ရာ (နိရောဓသမာပတ်)သို့ ရောက်၍နေ၏။ ရဟန်းတို့ ရာဂကို အသူးသိရန် ဤတရားရှစ်မျိုးတို့ကို ပွါးများကြရမည်။ (၃)

၁၂၀-၁၄၆။ ရဟန်းတို့ ရာဂကို ပိုင်းခြား၍သိရန်။ပ။ ထက်ဝန်းကျင် ကုန်ရန်။ပယ်ရန်။ ကုန်ခန်းရန်။ ပျက်ရန်။ တပ်မက်မှုကင်းရန်။ ချုပ်ရန်။ စွန့်ရန်။ တဖန်စွန့်ရန်။ပ။ဤတရားရှစ်မျိုးတို့ကို ပွါးများကြရမည်။ (၄-၃၀)

၁၄၇-၆၂၆။ ပြစ်မှားမှု'ဒေါသ'ကို။ပ။တွေဝေမှု'မောဟ'ကို။အမျက်ထွက်မှု'ကောဓ'ကို။ ရန်ငြိုးဖွဲ့မှု'ဥပနာဟ'ကို။ ကျေးဇူးကိုချေဖျက်မှု'မက္ခ'ကို။ အပြိုင်ပြုမှု'ပဠာသ'ကို။ ငြူစူမှု'ဣဿာ'ကို။ ဝန်တိုမှု'မစ္ဆရိယ'ကို။ လှည့်ပတ်မှု'မာယာ'ကို။ စဉ်းလဲမှု'သာဌေယျ'ကို။ ခက်ထန်မှု'ထမ္ဘ'ကို။ ချုတ်ချယ်မှု'သာရမ္ဘ'ကို။ထောင်လွှားမှု'မာန'ကို။ အလွန်ထောင်လွှားမှု'အတိမာန'ကို။ ယစ်မူးမှု'မဒ'ကို။ မေ့လျော့မှု'ပမာဒ'ကို ထူးသောဉာဏ်ဖြင့်သိရန်။ပ။ ပိုင်းခြား၍သိရန်။ ထက်ဝန်းကျင် ကုန်ခန်းရန်။ပယ်ရန်။ကုန်ခန်းရန်။ဖျက်ဆီးရန်။ ကင်းပြတ်ရန်။ ချုပ်ရန်။ စွန့်ရန်။ တဖန်စွန့်ရန်။ပ။ ဤတရားရှစ်မျိုးတို့ကို ပွါးများကြရမည်ဟု(မိန့်တော်မူ၏)။ (၃၁-၅၁၀)

ရာဂပေယျာလ ပြီး၏။

# အဋ္ဌကနိပါတ် ပြီး၏။

http://www.dhammadownload.com

## အင်္ဂုတ္တရနိကာယ်

# အင်္ဂုတ္တိုရ်ပါဠိတော်

# မြန်မာပြန်

## နဝကနိပါတ်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁—ပဌမပဏ္ဏာသက

### ၁-ပဌမ သုတ်ငါးဆယ်

### ၁—သမ္ဗောဓိဝဂ် ၁-သမ္ဗောဓိသုတ်

၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို—ရဟန်းတို့ အကယ်၍ သာသနာတော်မှ တပါးသော အယူရှိကြသည့် ပရိဗိုဇ်တို့သည် "ငါ့သျှင်တို့ သမ္ဗောဓိ 'မဂ်ဉာဏ်' ၏ အသင်းအပင်း၌ ဖြစ်ကုန်သော တရားတို့ကို ပွါးများရန် မှီရာအကြောင်းကား အဘယ်ပါနည်း"ဟု ဤသို့ မေးလာကြကုန်မူ ရဟန်းတို့ ဤသို့ အမေးခံရသော သင်တို့သည် ထိုသာသနာတော်မှ တပါးသော အယူ ရှိကြသည့် ပရိဗိုဇ်တို့အား အဘယ်သို့ ဖြေကြကုန်မည်နည်း"ဟု မေးတော်မူ၏။

အသျှင်ဘုရား အကျွန်ုပ်တို့အား တရားတို့သည် မြတ်စွာဘုရားသာ အခြေခံရှိပါကုန်၏။ပ။ မြတ်စွာဘုရား၏(တရားတော်ကို)ကြားနာရ၍ ရဟန်းတို့သည် ဆောင်ထားကြရပါကုန်လိမ့်မည်ဟု(လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ရဟန်းတို့ သို့ဖြစ်လျှင် နာကြားကုန်လော့၊ကောင်းစွာ နှလုံးသွင်းကြကုန်လော့ ဟောကြားပေအံ့ဟု(မိန့်တော်မူ၏)။ "ကောင်းပါပြီ အသျှင်ဘုရား" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။

ရဟန်းတို့ အယူဝါဒ အကယ်၍ သာသနာတော်မှ တပါးသောအယူရှိကြသည့် ပရိဗိုဇ်တို့သည်"ငါ့သျှင်တို့ သမ္ဗောဓိ 'မဂ်ဉာဏ်'၏ အသင်းအပင်း၌ဖြစ်ကုန်သော တရားတို့ကို ပွါးများရန် မှီရာ အကြောင်းကား အဘယ်ပါနည်း"ဟု ဤသို့ မေးလာကြကုန်မူ ရဟန်းတို့ ဤသို့ အမေးခံရသော သင်တို့သည် သာသနာတော်မှ တပါးသော အယူရှိကြသည့် ထိုပရိဗိုဇ်တို့အား ဤသို့ ဖြေဆိုကြကုန်လော့—

ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် မိတ်ဆွေကောင်းရှိ၏၊ အဖော်ကောင်း ရှိ၏၊ကိုင်းညွတ်ရာ ပုဂ္ဂိုလ်ကောင်းရှိ၏။ ငါ့သျှင်တို့ ဤကား သမ္ဗောဓိ'မဂ်ဉာဏ်'၏အသင်းအပင်း၌ ဖြစ်ကုန်သော တရားတို့ကို ပွါးများရန် ပဌမ မှီရာအကြောင်းတည်း။

ငါ့သျှင်တို့ နောက်တမျိုးကား ရဟန်းသည် သီလရှိ၏၊ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်လျက်နေ၏၊အကျင့်'အာစာရ' ကျက်စားရာ'ဂေါစရ'နှင့် ပြည့်စုံ၏၊ အနည်းငယ်မျှသော အပြစ်တို့၌ သော်လည်း ဘေးဟုရှုလေ့ရှိကာ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ကျင့်၏။ ငါ့သျှင်တို့ ဤကား သမ္ဗောဓိ'မဂ်ဉာဏ်'၏ အသင်းအပင်း၌ ဖြစ်ကုန်သော တရားတို့ကို ပွါးများရန် ဒုတိယ မှီရာ အကြောင်းတည်း။

ငါ့သျှင်တို့ နောက်တမျိုးကား ရဟန်းသည် (ကိလေသာကို) အလွန်ခေါင်းပါးစေတတ်သော (သမထဝိပဿနာ)စိတ်ကို ဖွင့်ရန် လျောက်ပတ်သော အလိုနည်းမှုနှင့် စပ်သောစကား ရောင့်ရဲလွယ်မှုနှင့် စပ်သော စကား ကင်းဆိတ်မှုနှင့် စပ်သောစကား မရောနှောမှုနှင့် စပ်သော စကား ဝီရိယအားထုတ်မှုနှင့် စပ်သော စကား သီလနှင့် စပ်သော စကား သမာဓိနှင့် စပ်သော စကား ပညာနှင့် စပ်သော စကား ဝိမုတ္တိ'အရဟတ္တဖိုလ်'နှင့် စပ်သော စကား ဝိမုတ္တိဉာဏဒဿန 'အရဟတ္တဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်အမြင်' နှင့် စပ်သော စကား ဤသို့ သဘော ရှိသော စကားကို အလိုရှိတိုင်း ရ၏၊ မငြိုမငြင် ရ၏၊ မပင်မပန်း ရ၏။ ငါ့သျှင်တို့ ဤကား သမ္ဗောဓိ 'မဂ်ဉာဏ်' ၏ အသင်းအပင်း၌ ဖြစ်ကုန်သော တရားတို့ကို ပွါးများရန် တတိယ မှီရာ အကြောင်းတည်း။

ငါ့သျှင်တို့ နောက်တမျိုးကား ရဟန်းသည် အကုသိုလ်တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် ထက်သန်သော လုံ့လရှိသည် အားအစွမ်းရှိသည် မြဲမြံသော အားထုတ်မှုရှိသည် ကုသိုလ်တရားတို့၌ တာဝန်ကိုပစ်ချမထားသည် ဖြစ်၍ နေ၏။ ငါ့သျှင်တို့ ဤကား သမ္ဗောဓိ 'မဂ်ဉာဏ်' ၏ အသင်းအပင်း၌ ဖြစ်ကုန်သော တရားတို့ကို ပွါးများရန် စတုတ္ထ မှီရာ အကြောင်းတည်း။

ငါ့သျှင်တို့ နောက်တမျိုးကား ရဟန်းသည် ပညာရှိ၏၊ အဖြစ် အပျက်ကို သိသော (ကိလေသာ)ကို ဖောက်ခွဲနိုင်သော ဒုက္ခကုန်ရာ (နိဗ္ဗာန်) သို့ ကောင်းစွာ ရောက်စေတတ်သော မြတ်သော ပညာနှင့် ပြည့်စုံ၏။ ငါ့သျှင်တို့ ဤကား သမ္ဗောဓိ 'မဂ်ဉာဏ်' ၏ အသင်းအပင်း၌ ဖြစ်ကုန်သော တရားတို့ကို ပွါးများရန် ပဉ္စမ မှီရာအကြောင်းတည်း။

ရဟန်းတို့ မိတ်ဆွေကောင်းရှိသော အဖော်ကောင်းရှိသော ကိုင်းညွတ်ရာ ပုဂ္ဂိုလ်ကောင်း ရှိသော ရဟန်းအား " သီလရှိသူ ဖြစ်လိမ့်မည်၊ ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်၍

http://www.dhammadownload.com



အကျင့် 'အာစာရ'ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံသည်ဖြစ်၍ နေလိမ့်မည်၊ အနည်းငယ်မျှသော အပြစ်တို့၌ သော်လည်း ဘေးဟု ရှုလျက် သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်လိမ့်မည်" ဟူသော ဤ အဖြစ်မျိုးကို (မချွတ်ရလိမ့်မည် ဟု ) မြှော်လင့်အပ်၏။

ရဟန်းတို့ မိတ်ဆွေကောင်းရှိသော အဖော်ကောင်းရှိသော ကိုင်းညွတ်ရာ ပုဂ္ဂိုလ်ကောင်းရှိသော ရဟန်းအား "(ကိလေသာကို) အလွန်ခေါင်းပါးစေတတ်သော (သမထ ဝိပဿနာ) စိတ်ကို ဖွင့်ရန် လျောက်ပတ်သော အလိုနည်းမှုနှင့်စပ်သော စကား ရောင့်ရဲ လွယ်မှုနှင့် စပ်သောစကား ကင်းဆိတ်မှုနှင့်စပ်သောစကားမရောနှောမှုနှင့်စပ်သောစကား ဝီရိယကို အားထုတ်မှုနှင့်စပ်သောစကား သီလနှင့်စပ်သောစကား သမာဓိနှင့် စပ်သောစကား ပညာနှင့် စပ်သော စကား ဝိမုတ္တိ 'အရဟတ္တဖိုလ်'နှင့် စပ်သောစကား ဝိမုတ္တိဉာဏဒဿန 'အရဟတ္တဖိုလ်ကို ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်အမြင်' နှင့် စပ်သောစကား ဤသို့ သဘောရှိသော စကားကို အလိုရှိတိုင်း ရလိမ့်မည်၊မငြိုမငြင် ရလိမ့်မည်၊ မပင်မပန်း ရလိမ့်မည်" ဟူသော ဤအဖြစ်မျိုးကို (မချွတ် ရလိမ့်မည် ဟု)မြှော်လင့်အပ်၏။

ရဟန်းတို့ မိတ်ဆွေကောင်းရှိသော အဖော်ကောင်းရှိသော ကိုင်းညွတ်ရာ ပုဂ္ဂိုလ်ကောင်း ရှိသော ရဟန်းအား "အကုသိုလ်တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် ထက်သန်သော လုံ့လရှိသည် အားအစွမ်းရှိသည် မြဲမြံသော အားထုတ်မှုရှိသည် ကုသိုလ်တရား တို့၌ တာဝန်ကို ပစ်ချမထားသည်ဖြစ်၍ နေလိမ့်မည်" ဟူသော ဤအဖြစ်မျိုးကို (မချွတ်ရလိမ့် မည်ဟု) မြှော်လင့်အပ်၏။

ရဟန်းတို့ မိတ်ဆွေကောင်းရှိသော အဖော်ကောင်းရှိသော ကိုင်းညွတ်ရာ ပုဂ္ဂိုလ်ကောင်း ရှိသော ရဟန်းအား "ပညာရှိသူ အဖြစ် အပျက်ကို သိသော (ကိလေသာကို) ဖောက်ခွဲ နိုင်သော ဒုက္ခကုန်ရာ နိဗ္ဗာန်သို့ ကောင်းစွာ ရောက်စေတတ်သော မြတ်သော ပညာနှင့် ပြည့်စုံသူ ဖြစ်လိမ့်မည်" ဟူသော ဤအဖြစ်မျိုးကို(မချွတ်ရလိမ့်မည် ဟု) မြှော်လင့်အပ်၏။

ရဟန်းတို့ ထိုရဟန်းသည်ကား ဤ (ဆိုခဲ့ပြီး) တရားငါးမျိုးတို့၌ တည်၍ ထို့ထက် အလွန် တရားလေးမျိုးတို့ကို ပွါးများရမည်။ ရာဂကို ပယ်ရန် အသုဘကို ပွါးများရမည်၊ ဗျာပါဒကို ပယ်ရန် မေတ္တာကို ပွါးများရမည်၊ ဝိတက်ကို ဖြတ်ရန် အာနာပါနဿတိကို ပွါးများရမည်၊ ငါဖြစ်၏ ဟူသော 'အသ္မိမာန'ကို ပယ်ရန်အနိစ္စသညာကို ပွါးများရမည်။ ရဟန်းတို့ အနိစ္စအညာ ရှိသော ရဟန်းအား အနတ္တသညာ တည်၏၊ အနတ္တသညာရှိသော ရဟန်းသည် ငါဖြစ်၏ ဟူသော 'အသ္မိမာန'ကင်းပြတ်၍ မျက်မှောက်ဘဝ၌ပင် နိဗ္ဗာန်သို့ ရောက်ရ၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-နိဿယသုတ်

၂။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင်။ပ။တခုသောနေရာ၌ထိုင် ပြီးသော်— "အသျှင်ဘုရား မှီရာနှင့် ပြည့်စုံသူ မှီရာနှင့် ပြည့်စုံသူဟု ဆိုအပ်၏၊ အသျှင်ဘုရား အဘယ်မျှလောက်ဖြင့် ရဟန်းသည် မှီရာနှင့် ပြည့်စုံသူ ဖြစ်ပါသနည်း" ဟု လျှောက်၏။

http://www.dhammadownload.com



ရဟန်း အကယ်၍ ရဟန်းသည် သဒ္ဓါတရားကို မှီ၍ အကုသိုလ်ကို စွန့်ကာ ကုသိုလ်ကို ပွါးများပါမူ ထိုရဟန်းအား ထိုအကုသိုလ်သည် ပယ်ပြီးသာ ဖြစ်၏။ ရဟန်း အကယ်၍ ရဟန်းသည် ဟိရီကို မှီ၍။ပ။ ရဟန်း အကယ်၍ ရဟန်းသည် ဩတ္တပ္ပ ကိုမှီ၍။ပ။ ရဟန်း အကယ်၍ ရဟန်းသည် ဝီရိယကို မှီ၍။ပ။ ရဟန်း အကယ်၍ ရဟန်းသည် ပညာကို မှီ၍ အကုသိုလ်ကို စွန့်ကာ ကုသိုလ်ကို ပွါးများပါမူ ထိုရဟန်းအား ထိုအကုသိုလ်သည် ပယ်ပြီးသာ ဖြစ်၏။ မှန်၏၊ မြတ်သော ပညာဖြင့် ရှု၍ ပယ်အပ်သော ထိုရဟန်း၏ အကုသိုလ်သည် ပယ်ပြီးဖြစ်၏၊ ကောင်းစွာ ပယ်ပြီး ဖြစ်၏။ ရဟန်း ထိုရဟန်းသည်ကား ဤတရား ငါးမျိုးတို့၌ တည်ပြီးလျှင် လေးမျိုးတို့ကို မှီ၍ နေရမည်။ အဘယ် လေးမျိုးတို့နည်း ဟူမူ— ရဟန်း ဤသာသနာတော်၌ ရဟန်းသည် ဆင်ခြင်၍ အချို့ (မှီဝဲသင့်သည်) ကို မှီဝဲ၏၊ ဆင်ခြင်၍ အချို့ (သည်းခံသင့်သည်) ကို သည်းခံ၏၊ ဆင်ခြင်၍ အချို့ (ကြဉ်သင့်သည်) ကို ကြဉ်၏၊ ဆင်ခြင်၍ အချို့ (ပယ်ဖျောက်သင့်သည်) ကို ပယ်ဖျောက်၏။ ရဟန်း ဤနည်းဖြင့် ရဟန်းသည် မှီရာနှင့် ပြည့်စုံသူ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-မေဃိယသုတ်

၃။ အခါတပါး၌ မြတ်စွာဘုရားသည် စာလိကာမြို့ စာလိကာတောင်၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ အသျှင်မေဃိယသည် မြတ်စွာဘုရား၏ အလုပ်အကျွေးဖြစ်၏၊ ထိုအခါ အသျှင်မေဃိယသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား "အသျှင်ဘုရား အကျွန်ုပ်သည် ဇန္တုရွာသို့ ဆွမ်းခံဝင်ရန် အလို ရှိပါ၏"ဟု ဤစကားကို လျှောက်၏။ မေဃိယ သင်သည် ယခုသွားရန် အခါကို သိ၏၊ (သွားရန်မှာ သင်၏ အလိုအတိုင်းပင်ဖြစ်သည်) ဟု (မိန့်တော်မူ၏)။

ထိုအခါ အသျှင်မေဃိယသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ကာ ဇန္တုရွာသို့ ဆွမ်းခံဝင်၏၊ ဇန္တုရွာ၌ ဆွမ်းအလို့ငှါ လှည့်လည်ပြီးနောက် ဆွမ်းစား ပြီး၍ ဆွမ်းခံရာမှ ဖဲခွါပြီးသော် ကိမိကာဠာမြစ်ကမ်းသို့ ချဉ်းကပ်လေ၏။ အသျှင်မေဃိယ သည် ကိမိကာဠာမြစ်ကမ်း၌ ခြေညောင်းဖြေ စင်္ကြံသွားလတ်သော်(လမ်းလျှောက်) လှည့်လည် လတ်သော် ကြည်နူးဖွယ်ရှိသော မွေ့လျော်ဖွယ်ကောင်းသော သရက်တော (ဥယျာဉ်) ကို မြင်လေ၏၊ မြင်ပြီးနောက် ထိုအသျှင်မေဃိယအား "ဤသရက်တောသည် ကြည်နူးဖွယ် ရှိစွ တကား၊ မွေ့လျော်ဖွယ်ကောင်းစွတကား၊ ဤသရက်တောသည် ကမ္မဋ္ဌာန်း အားထုတ်လိုသူအား ကမ္မဋ္ဌာန်း အားထုတ်ရန် သင့်လျော်စွတကား၊ အကယ်၍ မြတ်စွာဘုရားသည် ငါ့ကို ခွင့်ပြုပါမူ ငါသည် ဤသရက်တောသို့ ကမ္မဋ္ဌာန်း အားထုတ်ရန် လာလို၏" ဟု ဤအကြံသည် ဖြစ်၏။

ထို့နောက် အသျှင်မေဃိယသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား "အသျှင်ဘုရား အကျွန်ုပ်သည် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ကာ ဇန္တုရွာသို့ ဆွမ်းအလို့ငှါ ဝင်ခဲ့ပါ၏၊ ဇန္တုရွာ၌ ဆွမ်းအလို့ငှါ လှည့်လည်ပြီးနောက် ဆွမ်းစားပြီး၍ ဆွမ်းခံရာမှ ဖဲခွါပြီးသော် ကိမိကာဠာမြစ်ကမ်းသို့

http://www.dhammadownload.com



ချဉ်းကပ်ခဲ့ပါ၏၊ အကျွန်ုပ်သည် ကိမိကာဠာမြစ်ကမ်း၌ ခြေညောင်းဖြေ စင်္ကြံသွားလတ်သော် (လမ်းလျှောက်) လှည့်လည်လတ်သော် ကြည်နူးဖွယ်ရှိသော မွေ့လျော်ဖွယ်ကောင်းသော သရက်တောကို မြင်ခဲ့ပါ၏၊ မြင်ပြီးသော် အကျွန်ုပ်အား 'ဤသရက်တောသည် ကြည်နူးဖွယ် ရှိစွတကား၊ မွေ့လျော်ဖွယ် ကောင်းစွတကား၊ ဤသရက်တောသည် ကမ္မဋ္ဌာန်းအားထုတ်လိုသူအား ကမ္မဋ္ဌာန်း အားထုတ်ရန် သင့်လျော်စွတကား၊ အကယ်၍ မြတ်စွာဘုရားသည် ငါ့ကို ခွင့်ပြုပါမူ ငါသည် ဤသရက်တောသို့ ကမ္မဋ္ဌာန်း အားထုတ်ရန် လာလို၏'ဟု အကြံဖြစ်ပါ၏၊ အကယ်၍ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ခွင့်ပြုငြားအံ့၊ အကျွန်ုပ်သည် ထိုသရက်တောသို့ ကမ္မဋ္ဌာန်း အားထုတ်ရန် သွားလိုပါ၏"ဟု လျှောက်၏။

မေဃိယ ငါသည် တပါးတည်းသာ ဖြစ်သေး၏၊ အခြား (အလုပ်အကျွေး) ရဟန်း တဦး တယောက် မလာရောက်သေးသမျှ ဆိုင်းလင့်ဦးလော့ဟု (မိန့်တော်မူ၏)။

နှစ်ကြိမ်မြောက်လည်း အသျှင်မေဃိယသည် မြတ်စွာဘုရားအား "အသျှင်ဘုရား မြတ်စွာဘုရားအား အထက်၌ ပြုဖွယ်ကိစ္စ တစုံတခုမျှ မရှိတော့ပါ၊ ပြုအပ်ပြီးကိုလည်း တဖန် ဆည်းပူးမှု (ပွါးမှု) မရှိတော့ပါ၊ အသျှင်ဘုရား အကျွန်ုပ်အားမူ အထက်၌ ပြုဖွယ်ကိစ္စ ရှိပါသေး၏၊ ပြုအပ်ပြီးကိုလည်း တဖန်ဆည်းပူးမှု (ပွါးမှု) ရှိပါသေး၏၊ အကယ်၍ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ခွင့်ပြုပါမူ အကျွန်ုပ်သည် ထိုသရက်တောသို့ ကမ္မဋ္ဌာန်း အားထုတ်ရန် သွားလိုပါ၏"ဟု လျှောက်၏။

မေဃိယ ငါသည် တပါးတည်းသာ ဖြစ်သေး၏၊ အခြား (အလုပ်အကျွေး) ရဟန်း တဦး တယောက် မလာရောက်သေးသမျှ ဆိုင်းလင့်ဦးလော့ဟု (မိန့်တော်မူ၏)။

သုံးကြိမ်မြောက်လည်း အသျှင်မေဃိယသည် မြတ်စွာဘုရားအား "အသျှင်ဘုရား မြတ်စွာဘုရားအား အထက်၌ ပြုဖွယ်ကိစ္စ တစုံတခုမျှမရှိတော့ပါ၊ ပြုအပ်ပြီးကိုလည်း တဖန် ဆည်းပူးမှု (ပွါးမှု) မရှိတော့ပါ၊ အသျှင်ဘုရား အကျွန်ုပ်အားမူ အထက်၌ ပြုဖွယ်ကိစ္စ ရှိပါသေး၏၊ ပြုအပ်ပြီးကိုလည်း တဖန်ဆည်းပူးမှု (ပွါးမှု) ရှိပါသေး၏၊ အကယ်၍ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ခွင့်ပြုပါမူ အကျွန်ုပ်သည် ထိုသရက်တောသို့ ကမ္မဋ္ဌာန်း အားထုတ်ရန် သွားလိုပါ၏ဟု လျှောက်၏။

မေဃိယ ကမ္မဋ္ဌာန်းအားထုတ်ရန်ဟု ဆိုသော သင့်ကို (ငါတို့) အဘယ်သို့ ဆိုကုန်မည်နည်း၊ မေဃိယ သင်သည် ယခုသွားရန် အခါကိုသိ၏၊ (သွားရန်မှာ သင်၏ အလိုအတိုင်းပင် ဖြစ်သည်) ဟု(မိန့်တော်မူ၏)။

ထိုအခါ အသျှင်မေဃိယသည် နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေပြုလျက် ထိုသရက်တောသို့ ချဉ်းကပ်ပြီးလျှင် ထိုသရက်တောသို့ သက်ဝင်၍ သစ်ပင်ရင်းတခု၌ နေ့သန့်စင်ရန် ထိုင်နေ၏။ ထိုအခါ ထိုသရက်တော၌ နေသော အသျှင်မေဃိယအား များသောအားဖြင့် ကာမဝိတက်'ကာမဂုဏ်ကို ကြံစည်မှု'၊ ဗျာပါဒဝိတက် 'ပျက်စီးစေရန် ကြံစည်မှု'၊ ဝိဟိံသာဝိတက် 'နှိပ်စက်ရန်ကြံစည်မှု' ဟူသော ယုတ်ညံ့ကုန်သော ဤအကုသိုလ်ဝိတက် သုံးမျိုးတို့သည် ဖြစ်ပေါ်ကုန်၏။ ထိုအခါ အသျှင်မေဃိယအား "အချင်းတို့ အံ့သြဖွယ် ဖြစ်ပေစွတကား၊ အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်ပေစွတကား၊ ငါသည် သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြုခဲ့ပါ၏၊ ထိုသို့ဖြစ်ပါလျက် ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသာဝိတက် ဟူသော ယုတ်ညံ့ကုန်သော ဤအကုသိုလ်ဝိတက် သုံးမျိုးတို့သည် အစဉ်ကပ်ငြိကုန်၏"ဟု အကြံသည် ဖြစ်၏။

http://www.dhammadownload.com



**ထိုအခါ** အသျှင်မေဃိယသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ထိုင်လျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—အသျှင်ဘုရား ဤသရက်တော၌ နေသော အကျွန်ုပ်အား များသောအားဖြင့် ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသာဝိတက် ဟူသော ယုတ်ညံ့သော ဤအကုသိုလ်ဝိတက် သုံးမျိုးတို့သည် ဖြစ်ပေါ်ပါကုန်၏။ အသျှင်ဘုရား ထိုအကျွန်ုပ်အား "အချင်းတို့ အံ့ဩဖွယ် ဖြစ်ပေစွတကား၊ မဖြစ်ဘူးမြဲ ဖြစ်ပေစွတကား၊ ငါသည် သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြုခဲ့ပါ၏။ ထိုသို့ဖြစ်ပါလျက် ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသာဝိတက်ဟူသော ယုတ်ညံ့သော ဤ အကုသိုလ်ဝိတက် သုံးမျိုးတို့သည် အစဉ်ကပ်ငြိကုန်၏"ဟု ဤအကြံဖြစ်ပါ၏ဟု (လျှောက်၏)။

မေဃိယ တရားငါးမျိုးတို့သည် မရင့်ကျက်သေးသော စိတ်၏ ကိလေသာမှ လွတ်မြောက်မှု **'စေတောဝိမုတ္တိကို'** ရင့်ကျက်စေရန် ဖြစ်ကုန်၏။ အဘယ်ငါးမျိုးတို့နည်း ဟူမူ—မေဃိယ ဤ **သာသနာတော်**၌ ရဟန်းသည် မိတ်ဆွေကောင်း ရှိ၏၊ အဖော်ကောင်း ရှိ၏၊ ကိုင်းညွတ်ရာ ပုဂ္ဂိုလ် **ကောင်း ရှိ၏**။ မေဃိယ ဤသည်ကား မရင့်ကျက်သေးသော စိတ်၏ ကိလေသာမှ လွတ်မြောက်မှု **'စေတောဝိမုတ္တိ'**ကို ရင့်ကျက်စေရန် ပဌမ တရားဖြစ်၏။

မေဃိယ နောက်တမျိုးကား ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏၊ ပါတိမောက္ခသံဝရ သီလကို စောင့်လျက်နေ၏၊ အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံ၏၊ အနည်းငယ် မျှသော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလျက် သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။ မေဃိယ ဤသည်ကား မရင့်ကျက်သေးသော စိတ်၏ ကိလေသာမှ လွတ်မြောက်မှု 'စေတောဝိမုတ္တိ' ကို ရင့်ကျက်စေရန် ဒုတိယ တရားဖြစ်၏။

မေဃိယ နောက်တမျိုးကား ရဟန်းသည် (ကိလေသာကို) အလွန် ခေါင်းပါးစေတတ်သော စိတ်ကို ဖွင့်ခြင်းအား လျော်ကပ်သော အလိုနည်းမှုနှင့် စပ်သောစကား ရောင့်ရဲလွယ်မှုနှင့် စပ်သောစကား ကင်းဆိတ်မှုနှင့် စပ်သောစကား မရောနှောမှုနှင့် စပ်သောစကား ဝီရိယကို အားထုတ်မှုနှင့် စပ်သောစကား သီလနှင့် စပ်သောစကား သမာဓိနှင့် စပ်သောစကား ပညာနှင့် စပ်သောစကား ဝိမုတ္တိ'အရဟတ္တဖိုလ်'နှင့် စပ်သောစကား ဝိမုတ္တိဉာဏဒဿန 'အရဟတ္တဖိုလ်ကို ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်အမြင်'နှင့် စပ်သောစကား ဟူသော ဤသို့သဘောရှိသော စကားကို အလိုရှိတိုင်း ရ၏၊ မငြိုမငြင် ရ၏၊ မပင်မပန်း ရ၏။ မေဃိယ ဤသည်ကား မရင့်ကျက် သေးသော စိတ်၏ ကိလေသာမှ လွတ်မြောက်မှု 'စေတောဝိမုတ္တိ' ကို ရင့်ကျက်စေရန် တတိယ တရားဖြစ်၏။

မေဃိယ နောက်တမျိုးကား ရဟန်းသည် အကုသိုလ်တရားတို့ကိုပယ်ရန် ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် ထက်သန်သော လုံ့လရှိသည် အားအစွမ်းရှိသည် မြဲမြံသော အားထုတ်မှုရှိသည် ကုသိုလ်တရားတို့၌ တာဝန်ကိုပစ်ချမထား သည်ဖြစ်၍ နေ၏။ မေဃိယ ဤသည်ကား မရင့်ကျက် သေးသော စိတ်၏ကိလေသာမှ လွတ်မြောက်မှု 'စေတောဝိမုတ္တိ' ကို ရင့်ကျက်စေရန် စတုတ္ထ တရား ဖြစ်၏။

မေဃိယ နောက်တမျိုးကား ရဟန်းသည် ပညာရှိ၏၊ အဖြစ်အပျက်ကို သိတတ်သော (ကိလေ သာကို) ဖောက်ခွဲနိုင်သော ဒုက္ခကုန်ရာ (နိဗ္ဗာန်) သို့ ကောင်းစွာ ရောက်ကြောင်းဖြစ်သော မြတ်

http://www.dhammadownload.com



သော ပညာနှင့် ပြည့်စုံ၏။ မေဃိယ ဤကား မရင့်ကျက်သေးသော စိတ်၏ကိလေသာမှ လွတ်မြောက်မှု 'စေတောဝိမုတ္တိ' ကို ရင့်ကျက်စေရန် ပဋ္ဌမ တရားဖြစ်၏။

မေဃိယ မိတ်ဆွေကောင်းရှိသော အဖော်ကောင်းရှိသော ကိုင်းညွတ်ရာ ပုဂ္ဂိုလ်ကောင်းရှိသော ရဟန်းသည် "သီလရှိသူဖြစ်လိမ့်မည် ။ပ။ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်လိမ့်မည်"ဟူသော ဤအဖြစ်မျိုးကို (မချွတ်ရလိမ့်မည် ဟု) မြှော်လင့်အပ်၏။

မေဃိယ မိတ်ဆွေကောင်းရှိသော အဖော်ကောင်းရှိသော ကိုင်းညွတ်ရာ ပုဂ္ဂိုလ်ကောင်းရှိသော ရဟန်းသည် "(ကိလေသာကို) ခေါင်းပါးစေတတ်သော (သမထဝိပဿနာ)စိတ်ကို ဖွင့်ရန် လျောက်ပတ်သော အလိုနည်းမှုနှင့် စပ်သောစကား။ပ။ ဝိမုတ္တိဉာဏဒဿန 'အရဟတ္တဖိုလ်ကို ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်အမြင်' နှင့်စပ်သောစကား ဤသို့ သဘောရှိသော စကားကို အလိုရှိတိုင်း ရလိမ့်မည်၊ မငြိုမငြင်ရလိမ့်မည်၊ မပင်မပန်းရလိမ့်မည်"ဟူသော ဤအဖြစ်မျိုးကို (မချွတ်ရလိမ့်မည် ဟု) မြှော်လင့်အပ်၏။

မေဃိယ မိတ်ဆွေကောင်းရှိသော အဖော်ကောင်းရှိသော ကိုင်းညွတ်ရာ ပုဂ္ဂိုလ်ကောင်းရှိသော ရဟန်းသည် "ထက်သန်သော လုံ့လရှိသည်ဖြစ်၍ နေလိမ့်မည် ။ပ။ ကုသိုလ်တရားတို့၌ တာဝန်ပစ်ချမထားသည်ဖြစ်၍ နေလိမ့်မည်"ဟူသော ဤအဖြစ်မျိုးကို (မချွတ်ရလိမ့်မည် ဟု) မြှော်လင့်အပ်၏။

မေဃိယ မိတ်ဆွေကောင်းရှိသော အဖော်ကောင်းရှိသော ကိုင်းညွတ်ရာ ပုဂ္ဂိုလ်ကောင်းရှိသော ရဟန်းသည် "ပညာရှိသူ ။ပ။ ဒုက္ခကုန်ရာ (နိဗ္ဗာန်)သို့ ကောင်းစွာ ရောက်စေတတ်သော မြတ်သောပညာနှင့် ပြည့်စုံသူဖြစ်လိမ့်မည်"ဟူသော ဤအဖြစ်မျိုးကို (မချွတ်ရလိမ့်မည် ဟု) မြှော်လင့်အပ်၏။

မေဃိယ ထိုရဟန်းသည်ကား ဤ (ဆိုခဲ့ပြီး)တရား ငါးမျိုးတို့၌ တည်၍ ထို့ထက် အလွန် တရားလေးမျိုးတို့ကို ပွါးများရမည်။ ရာဂကို ပယ်ရန် အသုဘကို ပွါးများရမည်၊ ဗျာပါဒကိုပယ်ရန် မေတ္တာကို ပွါးများရမည်၊ ဝိတက်ကို ဖြတ်ရန် အာနာပါနဿတိကို ပွါးများရမည်၊ငါဖြစ်၏ဟူသော 'အသ္မိမာန'ကို ပယ်ရန် အနိစ္စသညာကို ပွါးများရမည်။

မေဃိယ အနိစ္စသညာရှိသော ရဟန်းအား အနတ္တသညာ တည်၏၊ အနတ္တသညာရှိသော ရဟန်းသည် ငါဖြစ်၏ဟူသော 'အသ္မိမာန'ကင်းပြတ်၍ မျက်မှောက်ဘဝ၌ပင် နိဗ္ဗာန်သို့ ရောက်ရ၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-နန္ဒကသုတ်

၄။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ အသျှင်နန္ဒကသည် စည်းဝေးရာ စရပ်၌ ရဟန်းတို့အား တရားစကားဖြင့် အကျိုးစီးပွါးကို သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ညနေချမ်း

http://www.dhammadownload.com



ချိန် (တပါးတည်း) ကိန်းအောင်းရာမှ ထတော်မူ၍ စည်းဝေးရာသို့ ချဉ်းကပ်တော်မူပြီးလျှင် (တရား)စကား ပြီးဆုံးခြင်းကို ဆိုင်းငံ့တော်မူလျက် တံခါးမုခ်ပြင်ပ၌ ရပ်တည်နေတော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် တရားစကားပြီးဆုံးခြင်းကို သိတော်မူ၍ ချောင်းဟန့်တော်မူလျက် တံခါးရွက်ကို ခေါက်တော်မူ၏၊ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား တံခါးကို ဖွင့်ပေးကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် စည်းဝေးရာ စရပ်သို့ ဝင်တော်မူ၍ ခင်းထားသော နေရာ၌ ထိုင်နေတော်မူပြီးလျှင် အသျှင်နန္ဒကကို "နန္ဒက သင်၏ ရှည်လျားစွာသော ဤ တရားဒေသနာသည် ရဟန်းတို့အား ထင်၏၊ စင်စစ် တရားစကား ပြီးဆုံးခြင်းကို ဆိုင်းငံ့လျက် တံခါးမုခ်၌ ရပ်နေသော ငါ၏ ကျောက်ကုန်းသည် ညောင်းညာ၏"ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူလတ်သော် အသျှင်နန္ဒကသည် ရှက်နိုးသော သဘောရှိသည်ဖြစ်၍ မြတ်စွာဘုရားကို "အသျှင်ဘုရား 'မြတ်စွာဘုရားသည် တံခါးမုခ်အပြင်ပ၌ ရပ်တော်မူသည်'ဟု အကျွန်ုပ်တို့ မသိပါကုန်၊ အသျှင်ဘုရား 'အကယ်၍ မြတ်စွာဘုရားသည် တံခါးမုခ်အပြင်ပ၌ ရပ်တော်မူသည်'ဟု အကျွန်ုပ်တို့ သိကြပါမူ ဤမျှလောက် တရားသည်လည်း အကျွန်ုပ်တို့အား မထင်စေရာပါ(ဤမျှလောက် စကားရှည်ရှည် မဟောပါ)"ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်နန္ဒက ရှက်နိုးသော သဘောရှိသည်ကို သိတော်မူ၍ အသျှင်နန္ဒကအား—"နန္ဒက ကောင်းပေစွ ကောင်းပေစွ၊ နန္ဒက သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြုကြသော သင်တို့အား တရားနှင့်စပ်သော စကားဖြင့် အညီအညွတ် ထိုင်နေကြခြင်းသည် သင့်လျော်၏။ နန္ဒက စုဝေးကြသူတို့သည် တရားနှင့် စပ်သော စကားကို ဖြစ်စေ အပြစ်မရှိသော ဆိတ်ဆိတ် နေခြင်းကိုဖြစ်စေ ကိစ္စနှစ်ပါးကို ပြုရမည်။

နန္ဒက ရဟန်းသည် သဒ္ဓါတရားရှိ၏၊ သီလကား မရှိ၊ ဤသို့ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့် မပြည့်စုံ၊ ထို့ကြောင့် "ငါသည် အဘယ်သို့လျှင် သဒ္ဓါတရားရှိသူသည်ငှင်း သီလရှိသူသည်ငှင်း ဖြစ်ရပါမည်နည်း"ဟု ထိုအင်္ဂါကို ပြည့်စုံစေရမည်၊ နန္ဒက အကြင်အခါ၌ကား ရဟန်းသည် သဒ္ဓါတရားရှိသူလည်း ဖြစ်၏၊ သီလရှိသူလည်း ဖြစ်၏။ ဤသို့ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့် ပြည့်စုံ၏။

နန္ဒက ရဟန်းသည် သဒ္ဓါတရားရှိသူလည်း ဖြစ်၏၊ သီလရှိသူလည်း ဖြစ်၏၊ အတွင်းသန္တာန်၌ စိတ်တည်ကြည်မှုကိုကား မရ၊ ဤသို့ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့် မပြည့်စုံ၊ ထို့ကြောင့် "ငါသည် အဘယ်သို့လျှင် သဒ္ဓါဘရားရှိသူ သီလရှိသူ အတွင်းသန္တာန်၌ စိတ်တည်ကြည်မှုကို ရသူ ဖြစ်ရပါမည်နည်း"ဟု ထိုအင်္ဂါကို ပြည့်စုံစေရမည်၊ နန္ဒက အကြင်အခါ၌ကား ရဟန်းသည် သဒ္ဓါတရားရှိသူလည်း ဖြစ်၏၊ သီလရှိသူလည်း ဖြစ်၏၊ အတွင်း(သန္တာန်)၌ စိတ်တည်ကြည်မှုကိုလည်း ရ၏။ ဤသို့ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့် ပြည့်စုံ၏။

နန္ဒက ရဟန်းသည် သဒ္ဓါတရားရှိသူလည်း ဖြစ်၏၊ သီလရှိသူလည်း ဖြစ်၏၊ အတွင်းသန္တာန်၌ စိတ်တည်ကြည်မှုကိုလည်း ရ၏၊ သင်္ခါရတို့ကို သိမ်းဆည်းနိုင်သော ဝိပဿနာဉာဏ်ကိုကား မရ ဤသို့ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့် မပြည့်စုံ၊ နန္ဒက အခြေလေးချောင်းရှိသော သတ္တဝါသည် ရှိရာ၏၊ ထိုသတ္တဝါအား ခြေတချောင်းသည် ယုတ်လျော့၏၊ ချို့တဲ့၏၊ ဤသို့ဖြစ်သော် ထိုသတ္တဝါသည် ထိုအင်္ဂါနှင့် မပြည့်စုံသကဲ့သို့ နန္ဒက ဤအတူပင် ရဟန်းသည် သဒ္ဓါတရား ရှိသူလည်း ဖြစ်၏၊ သီလရှိသူလည်း ဖြစ်၏၊ အတွင်းသန္တာန်၌ စိတ်တည်ကြည်မှုကိုလည်း ရ၏၊ သင်္ခါရ

http://www.dhammadownload.com



တို့ကို သိမ်းဆည်းနိုင်သော ဝိပဿနာဉာဏ်ကိုကား မရ၊ ဤသို့ဖြစ်သော် ထိုရဟန်းသည် ထို အင်္ဂါနှင့် မပြည့်စုံ၊ ထို့ကြောင့် "ငါသည် အဘယ်သို့လျှင် သဒ္ဓါတရားရှိသူသည်ရင်း သီလရှိသူ သည်ရင်း အတွင်းသန္တာန်၌ တည်ကြည်မှုကို ရသူသည်ရင်း သင်္ခါရတို့ကို သိမ်းဆည်းနိုင်သော ဝိပဿနာဉာဏ်ကို ရသူသည်ရင်း ဖြစ်ရပါမည်နည်း"ဟု ထိုအင်္ဂါကို ပြည့်စုံစေရမည်၊ နန္ဒက အကြင် အခါ၌ကား ရဟန်းသည် သဒ္ဓါတရားရှိသူလည်း ဖြစ်၏၊ သီလရှိသူလည်း ဖြစ်၏၊ အတွင်းသန္တာန်၌ တည်ကြည်မှုကိုလည်း ရ၏၊ သင်္ခါရတို့ကို သိမ်းဆည်းနိုင်သော ဝိပဿနာဉာဏ်ကိုလည်း ရ၏။ ဤသို့ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့် ပြည့်စုံ၏ဟု(မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏၊ ကောင်းသော စကား ရှိတော်မူသော မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူပြီးနောက် နေရာမှ ထကာ ကျောင်းတော်သို့ ဝင်တော်မူ၏။

ထိုအခါ အသျှင်နန္ဒကသည် မြတ်စွာဘုရား ဖဲသွား၍ မကြာမီ ရဟန်းတို့အား ဤစကားကို ဆို၏၊ ငါ့သျှင်တို့ ယခုအခါ မြတ်စွာဘုရားသည် "နန္ဒက ရဟန်းသည် သဒ္ဓါတရားရှိသူ ဖြစ်၏၊ သီလကား မရှိ၊ ဤသို့ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့်မပြည့်စုံ၊ ထို့ကြောင့် 'ငါသည် အဘယ်သို့လျှင် သဒ္ဓါတရားရှိသူသည်ရင်း သီလရှိသူသည်ရင်း ဖြစ်ရပါမည်နည်း'ဟု ထိုအင်္ဂါကို ပြည့်စုံစေရမည်။ နန္ဒက အကြင် အခါ၌ကား ရဟန်းသည် သဒ္ဓါတရားရှိသူလည်း ဖြစ်၏၊ သီလရှိသူလည်း ဖြစ်၏။ ဤသို့ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့် ပြည့်စုံ၏။

နန္ဒက ရဟန်းသည် သဒ္ဓါတရားရှိသူလည်း ဖြစ်၏၊ သီလရှိသူလည်း ဖြစ်၏၊ အတွင်းသန္တာန်၌ စိတ်တည်ကြည်မှုကိုကား မရ။ပ။အတွင်းသန္တာန်၌ စိတ်တည်ကြည်မှုကိုလည်း ရ၏၊ သင်္ခါရတို့ကို သိမ်းဆည်းနိုင်သော ဉာဏ်ကိုကား မရ၊ ဤသို့ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့် မပြည့်စုံ၊ နန္ဒက အခြေလေးချောင်းရှိသော သတ္တဝါသည် ရှိရာ၏၊ ထိုသတ္တဝါအား ခြေတချောင်းသည် ယုတ် လျော့၏၊ ချို့တဲ့၏၊ ဤသို့ဖြစ်သော် ထိုသတ္တဝါသည် ထိုအင်္ဂါနှင့် မပြည့်စုံသကဲ့သို့ နန္ဒက ဤ အတူပင် ရဟန်းသည် သဒ္ဓါတရားရှိသူလည်း ဖြစ်၏၊ သီလရှိသူလည်း ဖြစ်၏၊ အတွင်းသန္တာန်၌ စိတ် တည်ကြည်မှုကိုလည်း ရ၏ ၊ သင်္ခါရတို့ကို သိမ်းဆည်းနိုင်သော ဝိပဿနာဉာဏ်ကိုကား မရ၊ ဤသို့ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့် မပြည့်စုံ၊ ထို့ကြောင့် 'ငါသည် အဘယ်သို့လျှင် သဒ္ဓါ တရားရှိသူသည်ရင်း သီလရှိသူသည်ရင်း အတွင်းသန္တာန်၌ စိတ် တည်ကြည်မှုကို ရသူသည်ရင်း သင်္ခါရတို့ကို သိမ်းဆည်းနိုင်သော ဝိပဿနာဉာဏ်ကို ရသူသည်ရင်း ဖြစ်ရပါမည်နည်း'ဟု ထိုအင်္ဂါကို ပြည့်စုံစေရမည်၊ နန္ဒက အကြင် အခါ၌ကား ရဟန်းသည် သဒ္ဓါတရားရှိသူလည်း ဖြစ်၏၊ သီလရှိသူလည်း ဖြစ်၏၊ အတွင်းသန္တာန်၌ စိတ်၏ တည်ကြည်မှုကိုလည်း ရ၏၊ သင်္ခါရတို့ကို သိမ်းဆည်းနိုင်သော ဝိပဿနာဉာဏ်ကိုလည်း ရ၏။ ဤသို့ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့် ပြည့်စုံ၏"ဟု လေးပုဒ်တို့ဖြင့် အလုံးစုံ ပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်သော အကျင့်မြတ်ကို ပြတော်မူ၍ နေရာမှထလျက် ကျောင်းတော်သို့ ဝင်တော်မူ၏။

ငါ့သျှင်တို့ အခါအားလျော်စွာ တရားနာခြင်း, အခါအားလျော်စွာ တရားဆွေးနွေးခြင်း၏ အာနိသင်တို့သည် ဤငါးမျိုးတို့တည်း။ အဘယ်ငါးမျိုးတို့နည်း ဟူမူ—ငါ့သျှင်တို့ ဤသာသနာ တော်၌ ရဟန်းသည် ရဟန်းတို့အားအစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော အနက်သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟော၏၊ အလုံးစုံ ပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်သော မြတ်သော အကျင့်ကို ပြ၏။ငါ့သျှင်တို့ ရဟန်းသည် ရဟန်းတို့အား

http://www.dhammadownload.com



အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်း ရှိသော အနက်သဒ္ဒါနှင့် ပြည့်စုံသော တရားကိုဟောတိုင်း အလုံးစုံ ပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်သော မြတ်သော အကျင့်ကို ပြတိုင်း မြတ်စွာဘုရားသည် ချစ်အပ်သည်ရင်း မြတ်နိုးအပ်သည်ရင်း အလေးပြုအပ် သည်ရင်း နှလုံးကို ပွါးစေအပ်သည်ရင်း ဖြစ်၏။ ငါ့သျှင်တို့ ဤသည်ကား အခါအားလျော်စွာ တရားနာခြင်း အခါအားလျော်စွာ တရားဆွေးနွေးခြင်း၌ ပဥ္စမ အာနိသင်တည်း။

ငါ့သျှင်တို့ နောက်တမျိုးကား ရဟန်းသည် ရဟန်းတို့အား အစ၏ ကောင်းခြင်းရှိသော အလယ်၏ ကောင်းခြင်းရှိသော အဆုံး၏ ကောင်းခြင်းရှိသော အနက်သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟော၏၊ အလုံးစုံ ပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်သော မြတ်သောအကျင့်ကို ပြ၏၊ ငါ့သျှင်တို့ ရဟန်းသည် ရဟန်းတို့အား အစ၏ ကောင်းခြင်းရှိသော။ပ။ တရားကိုဟောတိုင်း။ပ။ မြတ်သော အကျင့်ကို ပြတိုင်း ထိုရဟန်းသည် ထိုဘုရား၌ အနက်ကို ထိုးထွင်း၍လည်း သိ၏၊ ပါဠိကို ထိုးထွင်း၍လည်းသိ၏။ ငါ့သျှင်တို့ ဤသည်ကား အခါအားလျော်စွာ တရားနာခြင်း အခါအား လျော်စွာ တရားဆွေးနွေးခြင်း၌ ဒုတိယ အာနိသင်တည်း။

ငါ့သျှင်တို့ နောက်တမျိုးကား ရဟန်းသည် ရဟန်းတို့အား အစ၏ ကောင်းခြင်းရှိသော အလယ်၏ ကောင်းခြင်းရှိသော အဆုံး၏ ကောင်းခြင်းရှိသော အနက်သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟော၏၊ အလုံးစုံ ပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်သော မြတ်သော အကျင့်ကို ပြ၏။ ငါ့သျှင်တို့ ရဟန်းသည် ရဟန်းတို့အား အစ၏ ကောင်းခြင်းရှိသော။ပ။တရားကိုဟောတိုင်း ။ပ။မြတ်သောအကျင့်ကို ပြတိုင်း ထိုရဟန်းသည် ထိုဘုရား၌ နက်နဲသော အနက်စုကို ပညာဖြင့် ထိုးထွင်း၍ မြင်၏။ငါ့သျှင်တို့ ဤသည်ကား အခါအားလျော်စွာ တရားနာခြင်း အခါအားလျော်စွာ တရားဆွေးနွေးခြင်း၌ တတိယ အာနိသင်တည်း။

ငါ့သျှင်တို့ နောက်တမျိုးကား ရဟန်းသည် ရဟန်းတို့အား အစ၏ ကောင်းခြင်းရှိသော။ပ။ တရားကိုဟော၏။ပ။ မြတ်သော အကျင့်ကို ပြ၏၊ ငါ့သျှင်တို့ ထိုရဟန်းသည် ရဟန်းတို့အား အစ၏ ကောင်းခြင်း ရှိသော။ပ။တရားကို ဟောတိုင်း။ပ။ မြတ်သော အကျင့်ကို ပြတိုင်း သီတင်းသုံးဖော် တို့သည် "ဤအသျှင်သည် မချွတ်(အရဟတ္တဖိုလ်သို့) ရောက်ပြီးသော်ရင်း ရောက်လတ္တံ့သော်ရင်း (ဖြစ်၏)"ဟု ထိုရဟန်းကို ချီးမွမ်းကုန်၏။ ငါ့သျှင်တို့ ဤသည်ကား အခါအားလျော်စွာ တရားနာ ခြင်း အခါအားလျော်စွာ တရားဆွေးနွေးခြင်း၌ စတုတ္ထ အာနိသင်တည်း။

ငါ့သျှင်တို့ နောက်တမျိုးကား ရဟန်းသည် ရဟန်းတို့အား အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော အနက်သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟော၏၊ အလုံးစုံပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်သော မြတ်သော အကျင့်ကို ပြ၏။ ငါ့သျှင်တို့ ရဟန်းသည် ရဟန်းတို့အား အစ၏ ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်း ရှိသော အနက်သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတိုင်း အလုံးစုံ ပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်သော မြတ်သောအကျင့်ကို ပြတိုင်း ထိုဘုရားပွဲ၌ သေက္ခဖြစ်ကုန်သော အရဟတ္တဖိုလ်သို့ ရောက်ကုန်သော အတုမရှိသော ယောဂကုန်ရာ (နိဗ္ဗာန်)ကို တောင့်တလျက် နေကုန်သော ရဟန်းတို့သည် ထိုတရားကို ကြားနာ၍ မရောက်သေးသော (မဂ်ဖိုလ်) တရားသို့ ရောက်ရန် မရသေးသော တရားကို ရရန် မျက်မှောက် မပြုရသေးသော တရားတို့ကို မျက်မှောက်ပြုရန် ဝီရိယကို အားထုတ်ကုန်၏၊ ထိုတရားပွဲ၌ ရဟန္တာဖြစ်ကုန်သော အာသဝေါ ကုန်ပြီးကုန်သော မဂ်အကျင့်ကို ကျင့်သုံးပြီးကုန်သော မင်္ဂကိစ္စကို ပြုပြီးကုန်သော (ခန္ဓာ) ဝန်ကို ချပြီးကုန်သော

http://www.dhammadownload.com



မိမိအကျိုး(အရဟတ္တဖိုလ်)သို့ ရောက်ကုန်သော ဘဝသံယောဇဉ် ကုန်ပြီးကုန်သော ကောင်းစွာ သိ၍ လွတ်မြောက်ပြီးကုန်သော ရဟန်းတို့သည် ထိုတရားကိုကြားနာ၍ မျက်မှောက်၌ ချမ်းသာစွာ နေမှုကိုသာလျှင် အားထုတ်လျက်နေကုန်၏။ ငါ့သျှင်တို့ ဤသည်ကား အခါအားလျော်စွာ တရားနာခြင်း အခါအားလျော်စွာ တရားဆွေးနွေးခြင်း၌ ပဌမ အာနိသင်တည်း။

ငါ့သျှင်တို့ ဤသည်တို့ကား အခါအားလျော်စွာ တရားနာခြင်း အခါအားလျော်စွာ တရား ဆွေးနွေးခြင်း၌ အာနိသင် ငါးမျိုးတို့တည်း ဟု မိန့်ဆို၏။

စတုတ္ထသုတ်။

## ၅-ဗလသုတ်

၅။ ရဟန်းတို့ ဗိုလ်တို့သည် ဤလေးမျိုးတည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ—အသိ အလိမ္မာ 'ပညာ'ဗိုလ်၊ အားထုတ်မှု 'ဝီရိယ'ဗိုလ်၊ အပြစ်ကင်းမှု 'အနဝဇ္ဇ'ဗိုလ်၊ ချီးမြှောက်မှု 'သင်္ဂဟ' ဗိုလ်တို့တည်း။

ရဟန်းတို့ ပညာဗိုလ်ဟူသည် အဘယ်နည်း၊ ကုသိုလ်ဖြစ်ကုန်သော ကုသိုလ်ဟုသိအပ်ကုန်သော အကုသိုလ်ဖြစ်ကုန်သော အကုသိုလ်သိအပ်ကုန်သော အပြစ်ရှိကုန်သော အပြစ်ရှိ၏ဟု သိအပ်ကုန်သော အပြစ်မရှိကုန်သော အပြစ်မရှိဟုသိအပ်ကုန်သော မည်းညစ်ကုန်သော မည်းညစ်၏ ဟုသိအပ်ကုန်သော ဖြူစင်ကုန်သော ဖြူစင်၏ဟုသိအပ်ကုန်သော မှီဝဲအပ်ကုန်သော မှီဝဲ အပ်ဟုသိအပ်ကုန်သော မမှီဝဲအပ်ကုန်သော မမှီဝဲအပ်ဟု သိအပ်ကုန်သော အရိယာတို့အား မလျော်ကုန်သော အရိယာတို့အား မလျော်ဟုသိအပ်ကုန်သော အရိယာတို့အား လျော်ကုန် သော အရိယာတို့အား လျော်၏ဟု သိအပ်ကုန်သောတရားတို့ကို ထိုရဟန်းသည် ပညာဖြင့် ကောင်းစွာ မြင်အပ်ကုန်၏၊ ကောင်းစွာ လေ့လာအပ်ကုန်၏။ ရဟန်းတို့ ဤတရားကို ပညာဗိုလ် ဟုဆိုအပ်၏။

ရဟန်းတို့ ဝီရိယဗိုလ်ဟူသည် အဘယ်နည်း၊ အကုသိုလ်ဖြစ်ကုန်သော အကုသိုလ်ဟု သိအပ် ကုန်သော အပြစ်ရှိကုန်သော အပြစ်ရှိ၏ဟုသိအပ်ကုန်သော မည်းညစ်ကုန်သော မည်းညစ်၏ဟု သိအပ်ကုန်သော မမှီဝဲအပ်ကုန်သော မမှီဝဲအပ်ဟု သိအပ်ကုန်သော အရိယာတို့အား မလျော် ကုန်သော အရိယာတို့အား မလျော်ဟု သိအပ်ကုန်သော တရားတို့ကိုပယ်ရန် အလိုဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို အားထုတ်၏၊စိတ်ကို ချီးမြှောက်၏၊ အပြားအားဖြင့် ထား၏။ ကုသိုလ်ဖြစ်ကုန်သော ကုသိုလ်ဟု သိအပ်ကုန်သော အပြစ်မရှိကုန်သော အပြစ်မရှိဟု သိအပ် ကုန်သော ဖြူစင်ကုန်သော ဖြူစင်၏ဟု သိအပ်ကုန်သော မှီဝဲအပ်ကုန်သော မှီဝဲအပ်၏ဟု သိအပ်ကုန်သော အရိယာတို့အား လျော်ကုန်သော အရိယာတို့အား လျော်၏ဟု သိအပ် ကုန်သော တရားတို့ကို ရရန် အလိုဆန္ဒဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ အပြားအားဖြင့်ထား၏။ ရဟန်းတို့ ဤတရားကို ဝီရိယဗိုလ်ဟုဆိုအပ်၏။

ရဟန်းတို့ အနဝဇ္ဇဗိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အပြစ်ကင်းသော ကာယကံနှင့်ပြည့်စုံ၏၊ အပြစ်ကင်းသော ဝစီကံနှင့်ပြည့်စုံ၏၊ အပြစ်ကင်းသော မနောကံနှင့်ပြည့်စုံ၏။ ရဟန်းတို့ ဤတရားကို အနဝဇ္ဇဗိုလ်ဟု ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ သင်္ဂဟဗိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ချီးမြှောက်ကြောင်း သင်္ဂဟဝတ္ထုတို့ကား ပေးလှူမှု'ဒါန'၊ ချစ်ဖွယ်ပြောဆိုမှု'ပေယျဝဇ္ဇ'၊အကျိုးစီးပွါးကိုပြုမှု 'အတ္ထစရိယာ'၊ ကိုယ်တူထားမှု'သမာနတ္တတာ'တို့တည်း။

ရဟန်းတို့ ပေးလှူမှု 'ဒါန' တို့တွင် တရားကို ပေးလှူမှု 'ဓမ္မဒါန' သည် အမြတ်ဆုံးတည်း၊ ရဟန်းတို့ ချစ်ဖွယ်ပြောဆိုမှု 'ပေယျဝဇ္ဇ' တို့တွင် အလိုရှိ၍ နားထောင်သူအား ထပ်ကာထပ်ကာ တရားဟောမှုသည် အမြတ်ဆုံးတည်း၊ ရဟန်းတို့ အကျိုးစီးပွါးကို ပြုမှု'အတ္ထစရိယာ'တို့တွင် သဒ္ဓါတရားမရှိသူကို သဒ္ဓါတရားနှင့်ပြည့်စုံစေရန် ဆောက်တည်စေမှု သွတ်သွင်းမှု တည်စေမှု၊ သီလမရှိသူကို သီလနှင့်ပြည့်စုံစေရန်၊ ဝန်တိုနှမြောသူကို စွန့်ကြဲမှု 'စာဂ'နှင့် ပြည့်စုံစေရန်၊ ပညာမရှိသူကို ပညာနှင့်ပြည့်စုံစေရန် ဆောက်တည်စေမှု သွတ်သွင်းမှု တည်စေမှုသည် အမြတ်ဆုံးတည်း။ ရဟန်းတို့ ကိုယ်တူထားမှု 'သမာနတ္တတာ'တို့တွင် သောတာပန်သည် သောတာပန်အား ကိုယ်တူထားမှု၊ သကဒါဂါမ်သည် သကဒါဂါမ်အား ကိုယ်တူထားမှု အနာဂါမ်သည် အနာဂါမ်အား ကိုယ်တူထားမှု ရဟန္တာသည် ရဟန္တာအား ကိုယ်တူထားမှုသည် အမြတ်ဆုံးတည်း။ ရဟန်းတို့ ဤကိုယ်တူ ထားမှု သဘောတရားကို သင်္ဂဟဗိုလ်ဟု ဆိုအပ်၏။ ရဟန်းတို့ ဤသည်တို့ကား ဗိုလ်လေးပါးတို့တည်း။

ရဟန်းတို့ ဤ ဗိုလ်လေးပါးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် ဘေးငါးမျိုးတို့ကို လွန်မြောက်သူဖြစ်၏၊ အဘယ် ငါးမျိုးတို့နည်း ဟူမူ—အသက်မွေးမှုဘေး၊ ကျော်စောမဲ့ဘေး၊ ပရိသတ်ကြောက်ရွံ့မှုဘေး၊ သေဘေး၊ မကောင်းရာသို့လားရောက်မှု 'ဒုဂ္ဂတိ' ဘေး၊တို့တည်း။

ရဟန်းတို့ ထိုအရိယာတပည့်သည် ဤသို့ဆင်ခြင်၏၊ "ငါသည် အသက်မွေးမှုဘေးကို မကြောက်၊ ငါသည် အဘယ့်ကြောင့် အသက်မွေးမှုဘေးကို ကြောက်ရမည်နည်း၊ ငါ့အား ပညာဗိုလ် ဝီရိယဗိုလ် အနဝဇ္ဇဗိုလ် သင်္ဂဟ ဗိုလ်(ဟူသော) ဗိုလ်လေးပါးတို့သည် ရှိကုန်၏၊ပညာမဲ့သူသည် အသက်မွေးမှုဘေးကို ကြောက်ရာ၏၊ပျင်းရိသူသည် အသက်မွေးမှုဘေးကို ကြောက်ရာ၏။ကာယကံ ဝစီကံ မနောကံ အပြစ်ရှိသူသည် အသက်မွေးမှုဘေးကို ကြောက်ရာ၏။ ချီးမြှောက်မှု မရှိသူသည် အသက်မွေးမှုဘေးကိုကြောက်ရာ၏။ ငါသည် ကျော်စောမဲ့ ဘေးကို မကြောက် ။ပ။ ငါသည် ပရိသတ်ကြောက်ရွံ့မှု ဘေးကို မကြောက်။ ငါသည် သေဘေးကို မကြောက်။ ငါသည် မကောင်းရာသို့လားရောက်မှု 'ဒုဂ္ဂတိ'ဘေးကို မကြောက်။ ငါသည် အဘယ့်ကြောင့် မကောင်းရာသို့လားရောက်မှု 'ဒုဂ္ဂတိ' ဘေးကို ကြောက်ရမည်နည်း၊ ငါ့အား ပညာဗိုလ် ဝီရိယဗိုလ် အနဝဇ္ဇဗိုလ် သင်္ဂဟဗိုလ် (ဟူသော) ဗိုလ်လေးပါးတို့သည် ရှိကုန်၏၊ ပညာမဲ့သူသည် မကောင်းရာသို့ လားရောက်မှု 'ဒုဂ္ဂတိ' ဘေးကို ကြောက်ရာ၏၊ ပျင်းရိသူသည် မကောင်းရာသို့ လားရောက်မှု 'ဒုဂ္ဂတိ' ဘေးကို ကြောက်ရာ၏၊ ကာယကံ ဝစီကံ မနောကံ အပြစ်ရှိသူသည် မကောင်းရာသို့ လားရောက်မှု 'ဒုဂ္ဂတိ' ဘေးကို ကြောက်ရာ၏၊ ချီးမြှောက်မှု မရှိသူသည် မကောင်းရာသို့ လားရောက်မှု 'ဒုဂ္ဂတိ' ဘေးကို ကြောက်ရာ၏"ဟု (ဆင်ခြင်၏)။ ရဟန်းတို့ ဤဗိုလ်လေးမျိုးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် ဤဘေး ငါးမျိုးတို့ကို လွန်မြောက်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-သေဝနာသုတ်

၆။ ထိုအခါ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို မိန့်ဆို၏ ။ပ။ အသျှင်သာရိပုတြာသည် ဤစကားကို မိန့်တော်မူ၏—ငါ့သျှင်တို့ ပုဂ္ဂိုလ်ကိုလည်း မှီဝဲအပ် မမှီဝဲအပ်ဟု နှစ်မျိုးအားဖြင့် သိရမည်၊ ငါ့သျှင်တို့သင်္ကန်းကိုလည်း မှီဝဲအပ် မမှီဝဲအပ်ဟု နှစ်မျိုးအားဖြင့် သိရမည်၊ ငါ့သျှင်တို့ ဆွမ်းကိုလည်း မှီဝဲအပ် မမှီဝဲအပ်ဟု နှစ်မျိုးအားဖြင့် သိရမည်၊ ငါ့သျှင်တို့ ကျောင်းကိုလည်း မှီဝဲအပ် မမှီဝဲအပ်ဟု နှစ်မျိုးအားဖြင့် သိရမည်၊ငါ့သျှင်တို့ ရွာ နိဂုံးကိုလည်း မှီဝဲအပ် မမှီဝဲအပ်ဟု နှစ်မျိုးအားဖြင့် သိရမည်၊ ငါ့သျှင်တို့ ဇနပုဒ်အရပ်ကိုလည်း မှီဝဲအပ် မမှီဝဲအပ်ဟု နှစ်မျိုးအားဖြင့် သိရမည်။

"ငါ့သျှင်တို့ ပုဂ္ဂိုလ်ကိုလည်း မှီဝဲအပ် မမှီဝဲအပ်ဟု နှစ်မျိုးအားဖြင့် သိရမည်"ဟူသော စကားကို အဘယ်ကိုစွဲ၍ ဆိုအပ်သနည်း။ ထိုပုဂ္ဂိုလ်နှစ်မျိုးတို့တွင် အကြင်ပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်ကို မှီဝဲသောငါ့အား အကုသိုလ်တရားတို့ တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့ ယုတ်လျော့ကုန်၏၊ ရဟန်းဖြစ်သူသည် ကောင်းစွာ ဆောင်ထားအပ်ကုန်သော အသက်၏ အရံအတား ဖြစ်ကုန်သော သင်္ကန်း ဆွမ်း ကျောင်း (အိပ်ရာ နေရာ)သူနာ၏ အထောက်အပံ့ ဆေးတို့ကိုလည်း ငါ့အားဆင်းရဲ ငြိုငြင်သဖြင့် ရောက်စေအပ်ကုန်၏။ အကြင် (အရဟတ္တဖိုလ်) အလို့ငှါ လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြုခဲ့၏၊ ထိုရဟန်းပြုကျိုးသည်လည်း ငါ့အား ပွါးများပြည့်စုံခြင်းသို့ မရောက်နိုင်"ဟု သိပါမူ ငါ့သျှင်တို့ ထို(မှီဝဲသူ)ပုဂ္ဂိုလ်သည် ထိုမှီရာ ပုဂ္ဂိုလ်ကို ညဉ့်အဖို့၌ ဖြစ်စေ နေ့အဖို့၌ဖြစ်စေ သိ၍လည်း မပန်ကြားပဲ ဖဲခွါသွားရမည်၊ အစဉ် မလိုက်အပ်။

ထိုပုဂ္ဂိုလ်တို့တွင် အကြင်ပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်ကို မှီဝဲသောငါ့အား အကုသိုလ်တရားတို့ တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့ ယုတ်လျော့ကုန်၏၊ ရဟန်းဖြစ်သူသည် ကောင်းစွာဆောင်ထားအပ်ကုန်သော အသက်၏ အရံအတား ဖြစ်ကုန်သော သင်္ကန်း ဆွမ်း ကျောင်း (အိပ်ရာ နေရာ) သူနာ၏ အထောက်အပံ့ဆေးတို့ကို မဆင်းရဲ မငြိုငြင်သဖြင့် ငါ့အား ဖြစ်စေအပ်ကုန်၏။ အကြင် (အရဟတ္တဖိုလ်)အလို့ငှါ လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြုခဲ့ရ၏၊ ငါ့အား ထိုရဟန်းပြုကျိုးသည်ကား ပွါးများပြည့်စုံခြင်းသို့ မရောက်နိုင်"ဟု သိပါမူ ငါ့သျှင်တို့ ထို(မှီဝဲသူ) ပုဂ္ဂိုလ်သည် ထို(မှီဝဲရာ) ပုဂ္ဂိုလ်ကို သိ၍လည်း မပန်ကြားပဲ ဖဲခွါသွားရမည်၊ အစဉ် မလိုက်အပ်။

ထိုပုဂ္ဂိုလ်တို့တွင် အကြင်ပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်ကို မှီဝဲသောငါ့အား အကုသိုလ်တရားတို့ ယုတ်လျော့ကုန်၏၊ ကုသိုလ်တရားတို့ တိုးပွါးကုန်၏၊ ရဟန်းဖြစ်သူသည် ကောင်းစွာဆောင်ထားအပ်ကုန်သော အသက်၏ အရံအတား ဖြစ်ကုန်သော သင်္ကန်း ဆွမ်း ကျောင်း (အိပ်ရာ နေရာ) သူနာ၏အထောက်အပံ့ ဆေးတို့ကိုကား ငါ့အား ဆင်းရဲငြိုငြင်သဖြင့် ဖြစ်စေအပ်ကုန်၏။ အကြင် (အရဟတ္တဖိုလ်)အလို့ငှါ လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြုခဲ့၏၊ ငါ့အား ထိုရဟန်းပြုကျိုးသည်ကား ပွါးများပြည့်စုံခြင်းသို့ ရောက်ပေ၏"ဟု သိပါမူ ငါ့သျှင်တို့ ထို(မှီဝဲသူ) ပုဂ္ဂိုလ်သည် ထို(မှီဝဲရာ)ပုဂ္ဂိုလ်ကို သိ၍လည်း အစဉ်လိုက်အပ်၏၊ ဖဲခွါ မသွားအပ်။

ထိုပုဂ္ဂိုလ်တို့တွင် အကြင်ပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်ကို မှီဝဲသောငါ့အား အကုသိုလ်တရားတို့ ယုတ်လျော့ကုန်၏၊ ကုသိုလ်တရားတို့ တိုးပွါးကုန်၏၊ ရဟန်းဖြစ်သူသည် ကောင်းစွာ ဆောင်ထားအပ်ကုန်သော အသက်၏ အရံအတား ဖြစ်ကုန်သော သင်္ကန်း ဆွမ်း ကျောင်း (အိပ်ရာ နေရာ)

http://www.dhammadownload.com



သူနာ၏အထောက်အပံ့ ဆေးတို့ကိုလည်း မဆင်းရဲ မငြိုငြင်သဖြင့် ငါ့အား ဖြစ်စေအပ်ကုန်၏။ အကြင် (အရဟတ္တဖိုလ်)အလို့ ငါ၊ လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြုခဲ့၏၊ ငါ့အား ထိုရဟန်းပြုကျိုးသည်လည်း ပွါးများ၍ပြည့်စုံခြင်းသို့ ရောက်၏”ဟု သိပါမူ ငါ့သျှင်တို့ထို(မှီဝဲသူ) ပုဂ္ဂိုလ်သည် ထို(မှီဝဲရာ)ပုဂ္ဂိုလ်ကို အသက်ထက်ဆုံး အစဉ်လိုက်ရမည်၊ နှင်ထုတ်သော်လည်း ဖဲ၍ မသွားအပ်။

“ငါ့သျှင်တို့ ပုဂ္ဂိုလ်ကိုလည်း မှီဝဲအပ် မမှီဝဲအပ်ဟု နှစ်မျိုးအားဖြင့် သိရမည်”ဟူသော စကားကို ဤအကြောင်းကိုစွဲ၍ ဆိုအပ်၏။

“ငါ့သျှင်တို့ သင်္ကန်းကိုလည်း မှီဝဲအပ် မမှီဝဲအပ်ဟု နှစ်မျိုးအားဖြင့် သိရမည်” ဟူသော စကားကို အဘယ်ကိုစွဲ၍ ဆိုအပ်သနည်း။ ထိုသင်္ကန်းတို့တွင် အကြင် သင်္ကန်းကို “ဤသင်္ကန်းကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့ ယုတ်လျော့ကုန်၏”ဟု သိပါမူ ဤသို့ သဘောရှိသော သင်္ကန်းကို မမှီဝဲအပ်။ ထိုသင်္ကန်းတို့တွင် အကြင် သင်္ကန်းကို “ဤသင်္ကန်းကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ ယုတ်လျော့ကုန်၏၊ ကုသိုလ်တရားတို့ တိုးပွါးကုန်၏”ဟု သိပါမူ ဤသို့ သဘောရှိသော သင်္ကန်းကို မှီဝဲရမည်။ “ငါ့သျှင်တို့ သင်္ကန်းကိုလည်း မှီဝဲအပ် မမှီဝဲအပ်ဟု နှစ်မျိုးအားဖြင့် သိရမည်” ဟူသော စကားကို ဤအကြောင်းကို စွဲ၍ ဆိုအပ်၏။

“ငါ့သျှင်တို့ ဆွမ်းကိုလည်း မှီဝဲအပ် မမှီဝဲအပ်ဟု နှစ်မျိုးအားဖြင့် သိရမည်”ဟူသော စကားကို အဘယ်ကိုစွဲ၍ ဆိုအပ်သနည်း။ ထိုဆွမ်းတို့တွင် အကြင်ဆွမ်းကို “ဤဆွမ်းကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ တိုးပွါးကုန်၏၊ကုသိုလ်တရားတို့ ယုတ်လျော့ကုန်၏”ဟု သိပါမူ ဤသို့ သဘောရှိသောဆွမ်းကို မမှီဝဲအပ်။ ထိုဆွမ်းတို့တွင် အကြင်ဆွမ်းကို “ဤဆွမ်းကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ ယုတ်လျော့ကုန်၏၊ ကုသိုလ်တရားတို့ တိုးပွါးကုန်၏”ဟု သိပါမူ ဤသို့ သဘောရှိသော ဆွမ်းကို မှီဝဲရမည်။ “ငါ့သျှင်တို့ ဆွမ်းကိုလည်း မှီဝဲအပ် မမှီဝဲအပ်ဟု နှစ်မျိုးအားဖြင့် သိရမည်”ဟူသော စကားကို ဤအကြောင်းကိုစွဲ၍ ဆိုအပ်၏။

“ငါ့သျှင်တို့ ကျောင်း (အိပ်ရာ နေရာ) ကိုလည်း မှီဝဲအပ် မမှီဝဲအပ်ဟု နှစ်မျိုးအားဖြင့် သိရမည်” ဟူသောစကားကို အဘယ်ကိုစွဲ၍ ဆိုအပ်သနည်း။ ငါ့သျှင်တို့ ထိုကျောင်းတို့တွင် အကြင်ကျောင်းကို“ဤကျောင်းကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ တိုးပွါးကုန်၏၊ကုသိုလ်တရားတို့ ယုတ်လျော့ကုန်၏”ဟု သိပါမူ ဤသို့သဘောရှိသောကျောင်းကို မမှီဝဲအပ်။ ထိုကျောင်းတို့တွင် အကြင်ကျောင်းကို“ဤကျောင်းကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ ယုတ်လျော့ကုန်၏၊ ကုသိုလ်တရားတို့ တိုးပွါးကုန်၏”ဟု သိပါမူ ဤသို့ သဘောရှိသော ကျောင်းကို မှီဝဲရမည်။ “ငါ့သျှင်တို့ ကျောင်းကိုလည်း မှီဝဲအပ် မမှီဝဲအပ်ဟု နှစ်မျိုးအားဖြင့် သိရမည်” ဟူသော စကားကို ဤအကြောင်းကိုစွဲ၍ ဆိုအပ်၏။

“ငါ့သျှင်တို့ ရွာနိဂုံးကိုလည်း မှီဝဲအပ် မမှီဝဲအပ်ဟု နှစ်မျိုးအားဖြင့် သိရမည်”ဟူသော စကားကို အဘယ်ကိုစွဲ၍ ဆိုအပ်သနည်း။ ထိုရွာနိဂုံးတို့တွင် အကြင်ရွာနိဂုံးကို “ဤရွာနိဂုံးကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့ ယုတ်လျော့ကုန်၏”ဟု သိပါမူ ဤသို့ သဘောရှိသော ရွာနိဂုံးကို မမှီဝဲအပ်။ ထိုရွာနိဂုံးတို့တွင် အကြင်ရွာနိဂုံးကို “ဤရွာနိဂုံးကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ ယုတ်လျော့ကုန်၏၊ ကုသိုလ်တရားတို့ တိုးပွါးကုန်၏”ဟု

http://www.dhammadownload.com



သိပါမူ ဤသို့ သဘောရှိသော ရွာနိဂုံးကို မှီဝဲရမည်။ "ငါ့သျှင်တို့ ရွာနိဂုံးကိုလည်း မှီဝဲအပ် မမှီဝဲအပ်ဟု နှစ်မျိုးအားဖြင့် သိရမည်"ဟူသော စကားကို ဤအကြောင်းကိုစွဲ၍ ဆိုအပ်၏။

"ငါ့သျှင်တို့ ဇနပုဒ်အရပ်ကိုလည်း မှီဝဲအပ် မမှီဝဲအပ်ဟု နှစ်မျိုးအားဖြင့် သိရမည်" ဟူသော စကားကို အဘယ်ကိုစွဲ၍ ဆိုအပ်သနည်း။ ထိုဇနပုဒ်အရပ်တို့တွင် အကြင်ဇနပုဒ်အရပ်ကို "ဤဇနပုဒ်အရပ်ကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့ ယုတ်လျော့ကုန်၏"ဟု သိပါမူ ဤသို့ သဘောရှိသော ဇနပုဒ်အရပ်ကို မမှီဝဲအပ်။ ထိုဇနပုဒ်အရပ်တို့တွင် အကြင်ဇနပုဒ်အရပ်ကို "ဤဇနပုဒ်အရပ်ကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ ယုတ်လျော့ကုန်၏၊ ကုသိုလ်တရားတို့ တိုးပွါးကုန်၏"ဟု သိပါမူ ဤသို့ သဘောရှိသော ဇနပုဒ်အရပ်ကို မှီဝဲရမည်။ "ငါ့သျှင်တို့ ဇနပုဒ်အရပ်ကိုလည်း မှီဝဲအပ် မမှီဝဲအပ်ဟု နှစ်မျိုးအားဖြင့် သိရမည်" ဟူသော စကားကို ဤအကြောင်းကိုစွဲ၍ ဆိုအပ်၏ဟု (မိန့်ဆို၏)။

ဆဋ္ဌသုတ်။

---

## ၇-သုတဝါသုတ်

၇။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ သုတဝါပရိဗိုဇ်သည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီး၍ တခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား— "အသျှင်ဘုရား တခါတပါး၌ မြတ်စွာဘုရားသည် တောင်ငါးလုံး ဝိုင်းရံသော ဤရာဇဂြိုဟ်ပြည် ၌ပင် (သီတင်းသုံး) နေတော်မူ၏၊ အသျှင်ဘုရား ထိုအခါ အကျွန်ုပ်သည် မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ကြားဘူးပါ၏၊ မျက်မှောက်တော်မှ ခံယူဘူးပါ၏။ "သုတဝါ အကြင်ရဟန်းသည် ရဟန္တာဖြစ်၏၊ အာသဝေါကုန်ပြီးသူဖြစ်၏၊ မြဲ့သောအကျင့်ကို သုံးပြီးသူဖြစ်၏၊ ပြုဖွယ်ကိစ္စကို ပြုပြီးသူဖြစ်၏၊ (ခန္ဓာ)ဝန်ကို ချထားပြီးသူဖြစ်၏၊ မိမိအကျိုးစီးပွါးသို့ အစဉ်ရောက်ပြီးသူဖြစ်၏၊ ဘဝသံယောဇဉ် ကုန်ပြီးသူဖြစ်၏၊ ကောင်းစွာသိ၍ လွတ်မြောက်ပြီးသူဖြစ်၏၊ ထိုရဟန်းသည် ငါးဌာနတို့ကို လွန်ကျူးရန် မထိုက်တော့ပေ၊ အာသဝေါကုန်ပြီးသော ရဟန်းသည် စေတနာနှင့်တကွ လုံ့လပြု၍ သတ္တဝါကိုသတ်ခြင်းငှါ မထိုက်၊ အာသဝေါကုန်ပြီးသော ရဟန်းသည် (အရှင်သည်) မပေးအပ်သော ဥစ္စာကို ခိုးလိုသော စိတ်ဖြင့် ယူခြင်းငှါ မထိုက်၊ အာသဝေါကုန်ပြီးသော ရဟန်းသည် မေထုန်အကျင့်ကို မှီဝဲခြင်းငှါ မထိုက်၊ အာသဝေါကုန်ပြီးသော ရဟန်းသည် သိလျက် ချွတ်ယွင်းသော စကားကို ပြောဆိုခြင်းငှါ မထိုက်၊ အာသဝေါကုန်ပြီးသော ရဟန်းသည် ရှေးအခါ လူဖြစ်စဉ်က ကဲ့သို့ သိုမှီးခြင်းကိုပြု၍ ကာမဂုဏ်တို့ကို သုံးဆောင် (ခံစား) ခြင်းငှါ မထိုက်"ဟု (မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ကြားဘူးပါ၏။ မျက်မှောက်တော်မှ ခံယူဘူးပါ၏)။ အသျှင်ဘုရား အဘယ်သို့ပါနည်း၊ ထိုစကားကို အကျွန်ုပ်သည် မြတ်စွာဘုရား၏ (အထံတော်မှ) ကောင်းစွာ ကြားမိခြင်းပါလော၊ ကောင်းစွာ ခံယူမိခြင်းပါလော၊ ကောင်းစွာ နှလုံးသွင်းမိခြင်းပါလော၊ ကောင်းစွာ ဆောင်မိခြင်းပါလောဟု လျှောက်၏။

သုတဝါ အမှန်စင်စစ် သင်သည် ထိုစကားကို ကောင်းစွာ ကြားခြင်း ဖြစ်ပေ၏၊ ကောင်းစွာ ခံယူခြင်း ဖြစ်ပေ၏၊ ကောင်းစွာ နှလုံးသွင်းခြင်း ဖြစ်စေ၏၊ ကောင်းစွာ ဆောင်ခြင်းဖြစ်ပေ၏၊

http://www.dhammadownload.com



သုတဝါ ငါသည် ရှေးကရင်း ယခုရင်း ဤသို့ပင် ဟော၏၊ အကြင် ရဟန်းသည် ရဟန္တာဖြစ်၏၊ အာသဝေါကုန်ပြီးသူ ဖြစ်၏၊ (မြတ်သော အကျင့်ကို) သုံးပြီးသူဖြစ်၏၊ ပြုဖွယ်ကိစ္စကို ပြုပြီးသူဖြစ်၏၊ (ခန္ဓာ)ဝန်ကို ချထားပြီးသူဖြစ်၏၊ မိမိအကျိုးစီးပွါးသို့ အစဉ်ရောက်ပြီးသူဖြစ်၏၊ ဘဝသံယောဇဉ် ကုန်ပြီးသူဖြစ်၏၊ကောင်းစွာသိ၍ လွတ်မြောက်ပြီးသူဖြစ်၏၊ထိုရဟန်းသည် ကိုးဌာနတို့ကို လွန်ကျူး ရန် မထိုက်တော့ပေ။ အာသဝေါကုန်ပြီးသော ရဟန်းသည် စေတနာနှင့်တကွ လုံ့လပြု၍ သတ္တဝါကို သတ်ခြင်းငှါမထိုက်၊အာသဝေါကုန်ပြီးသောရဟန်းသည် (အရှင်သည်) မပေးအပ်သောဥစ္စာကိုခိုးလို သောစိတ်ဖြင့် ယူခြင်းငှါမထိုက်၊အာသဝေါကုန်ပြီးသော ရဟန်းသည် မေထုန်အကျင့်ကို မှီဝဲခြင်းငှါ မထိုက်၊ အာသဝေါကုန်ပြီးသော ရဟန်းသည် သိလျက် ချွတ်ယွင်းသော စကားကို ပြောဆိုခြင်းငှါ မထိုက်၊ အာသဝေါကုန်ပြီးသော ရဟန်းသည် ရှေးအခါ လူဖြစ်စဉ်ကကဲ့သို့ သိုမှီးခြင်းကို ပြု၍ ကာမဂုဏ်တို့ကို သုံးဆောင် (ခံစား)ခြင်းငှါ မထိုက်၊ အာသဝေါကုန်ပြီးသော ရဟန်းသည် ဆန္ဒာဂတိသို့ လိုက်ခြင်းငှါ မထိုက်၊ အာသဝေါကုန်ပြီးသော ရဟန်းသည် ဒေါသာဂတိသို့ လိုက်ခြင်းငှါ မထိုက်၊ အာသဝေါကုန်ပြီးသော ရဟန်းသည် မောဟာဂတိသို့ လိုက်ခြင်းငှါ မထိုက်၊ အာသဝေါ ကုန်ပြီးသော ရဟန်းသည် ဘယာဂတိသို့ လိုက်ခြင်းငှါ မထိုက်။ သုတဝါ ငါသည် ရှေးကရင်း ယခုရင်း ဤသို့ပင် ဟော၏၊ အကြင် ရဟန်းသည် ရဟန္တာ ဖြစ်၏၊ အာသဝေါကုန်ပြီးသူ ဖြစ်၏၊ မြတ်သောအကျင့်ကို သုံးပြီးသူ ဖြစ်၏၊ ပြုဖွယ်ကိစ္စကို ပြုပြီးသူ ဖြစ်၏၊ (ခန္ဓာ)ဝန်ကို ချထားပြီးသူ ဖြစ်၏၊ မိမိအကျိုးစီးပွါးသို့အစဉ်ရောက်ပြီးသူ ဖြစ်၏၊ဘဝသံယောဇဉ် ကုန်ပြီးသူ ဖြစ်၏၊ ကောင်းစွာ သိ၍ လွတ်မြောက်ပြီးသူ ဖြစ်၏။ ထိုရဟန်းသည် ဤကိုးဌာနတို့ကို လွန်ကျူးရန် မထိုက်တော့ပေဟု (မိန့်တော်မူ၏)။

သုတဝါသုတ်။

---

## ၈-သဇ္ဈသုတ်

၈။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌(သီတင်းသုံး)နေတော်မူ၏။ ထိုအခါ သဇ္ဈပရိဗိုဇ်သည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီး၍ တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား အသျှင်ဘုရား အခါတပါး၌ မြတ်စွာဘုရားသည် တောင်ငါးလုံး ဝိုင်းရံသော ဤရာဇဂြိုဟ်ပြည်၌ (သီတင်းသုံး) နေတော်မူပါ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ကြားဘူးပါ၏၊ မျက်မှောက်တော်မှ ခံယူဘူးပါ၏၊ "သဇ္ဈ အကြင်ရဟန်းသည် ရဟန္တာဖြစ်၏၊ အာသဝေါကုန်ပြီးသူ ဖြစ်၏၊ မြတ်သော အကျင့်ကို သုံးပြီးသူ ဖြစ်၏၊ ခန္ဓာဝန်ကို ချထားပြီးသူ ဖြစ်၏၊ မိမိအကျိုးစီးပွါးသို့ အစဉ်ရောက်ပြီးသူ ဖြစ်၏၊ ဘဝသံယောဇဉ် ကုန်ပြီးသူ ဖြစ်၏၊ ကောင်းစွာ သိ၍ လွတ်မြောက်ပြီးသူ ဖြစ်၏၊ ထိုရဟန်းသည် ငါးဌာနတို့ကို လွန်ကျူးရန် မထိုက်တော့ပေ။အာသဝေါကုန်ပြီးသောရဟန်းသည် စေတနာနှင့်တကွ လုံ့လပြု၍ သတ္တဝါကို သတ်ခြင်းငှါ မထိုက်၊ အာသဝေါကုန်ပြီးသော ရဟန်းသည် (အရှင်သည်) မပေးအပ်သော ဥစ္စာကို ခိုးလိုသော စိတ်ဖြင့် ယူခြင်းငှါ မထိုက်၊ အာသဝေါကုန်ပြီးသော ရဟန်းသည် မေထုန်အကျင့်ကို မှီဝဲခြင်းငှါ မထိုက်၊ အာသဝေါကုန်ပြီးသော ရဟန်းသည် သိလျက် ချွတ်ယွင်းသော စကားကို ပြောဆိုခြင်းငှါ မထိုက်၊ အာသဝေါကုန်ပြီးသော ရဟန်းသည် ရှေးအခါ လူဖြစ်စဉ်ကကဲ့သို့ သိုမှီးခြင်းကို ပြု၍

http://www.dhammadownload.com



ကာမဂုဏ်တို့ကို သုံးဆောင်(ခံစားခြင်း)ငှါ မထိုက်”ဟု (မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ကြားဘူးပါ၏၊ မျက်မှောက်တော်မှ ခံယူဘူးပါ၏)။အသျှင်ဘုရား အဘယ်သို့ပါနည်း၊ ထိုစကားကို အကျွန်ုပ်သည် မြတ်စွာဘုရား၏(အထံတော်မှ)ကောင်းစွာ ကြားမိခြင်းပါလော၊ ကောင်းစွာခံယူ မိခြင်းပါလော၊ ကောင်းစွာ နှလုံးသွင်းမိခြင်းပါလော၊ ကောင်းစွာ ဆောင်မိခြင်းပါလောဟု လျှောက်၏။ သဗ္ဗ အမှန်စင်စစ် သင်သည် ထိုစကားကို ကောင်းစွာ ကြားခြင်းဖြစ်ပေ၏၊ ကောင်းစွာ ခံယူခြင်းဖြစ်ပေ၏၊ ကောင်းစွာ နှလုံးသွင်းခြင်း ဖြစ်ပေ၏၊ ကောင်းစွာ ဆောင်ခြင်း ဖြစ်ပေ၏၊ သဗ္ဗ ငါသည် ရှေးကရင်း ယခုရင်း ဤသို့ပင် ဟော၏။ အကြင် ရဟန်းသည် ရဟန္တာဖြစ်၏၊ အာသဝေါကုန်ပြီးသူဖြစ်၏၊ (မြတ်သော အကျင့်ကို) သုံးပြီးသူဖြစ်၏၊ (ခန္ဓာ) ဝန်ကို ချထားပြီးသူဖြစ်၏၊ မိမိအကျိုးစီးပွါးသို့ အစဉ်ရောက်ပြီးသူဖြစ်၏၊ ဘဝသံယောဇဉ် ကုန်ပြီး သူဖြစ်၏၊ ကောင်းစွာ သိ၍ လွတ်မြောက်ပြီးသူဖြစ်၏၊ ထိုရဟန်းသည်ကိုးဌာနတို့ကို လွန်ကျူးရန် မထိုက်တော့ပေ။ အာသဝေါကုန်ပြီးသော ရဟန်းသည် စေတနာနှင့်တကွလုံ့လပြု၍ သတ္တဝါကို သတ်ခြင်းငှါမထိုက်။ပ။ အာသဝေါကုန်ပြီးသော ရဟန်းသည် ရှေးအခါ လူဖြစ်စဉ်ကကဲ့သို့ သိုမှီး ခြင်းကို ပြု၍ကာမဂုဏ်တို့ကို သုံးဆောင်(ခံစား)ခြင်းငှါ မထိုက်၊ အာသဝေါကုန်ပြီးသော ရဟန်း သည် ဘုရားကိုပယ်စွန့်ခြင်းငှါ မထိုက်၊ အာသဝေါကုန်ပြီးသော ရဟန်းသည် တရားကို ပယ်စွန့် ခြင်းငှါ မထိုက်၊ အာသဝေါကုန်ပြီးသော ရဟန်းသည် သံဃာကို ပယ်စွန့်ခြင်းငှါ မထိုက်၊ အာသဝေါကုန်ပြီးသော ရဟန်းသည် သိက္ခာကို ပယ်စွန့်ခြင်းငှါ မထိုက်။ သဗ္ဗ ငါသည် ရှေးကရင်း ယခုရင်း ဤသို့ပင် ဟော၏၊ အကြင်ရဟန်းသည် ရဟန္တာဖြစ်၏၊ အာသဝေါကုန်ပြီးသူ ဖြစ်၏၊ (မြတ်သောအကျင့်ကို) သုံးပြီးသူ ဖြစ်၏၊ ပြုဖွယ်ကိစ္စကို ပြုပြီးသူဖြစ်၏၊ (ခန္ဓာ) ဝန်ကိုချထား ပြီးသူ ဖြစ်၏၊ မိမိအကျိုးစီးပွါးသို့ အစဉ်ရောက်ပြီးသူ ဖြစ်၏၊ ဘဝသံယောဇဉ် ကုန်ပြီးသူ ဖြစ်၏၊ ကောင်းစွာ သိ၍ လွတ်မြောက်ပြီးသူ ဖြစ်၏၊ ထိုရဟန်းသည် ဤကိုးဌာနတို့ကို လွန်ကျူးရန် မထိုက်တော့ပေဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ပုဂ္ဂလသုတ်

၉။ ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်ကိုးမျိုးတို့သည် ထင်ရှားရှိကုန်၏၊ အဘယ်ကိုးမျိုးတို့နည်း ဟူမူ—ရဟန္တာ၊ ရဟန္တာ ဖြစ်ရန် ကျင့်သူ၊ အနာဂါမ်၊ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သူ၊ သကဒါဂါမ်၊ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန်ကျင့်သူ၊ သောတာပန်၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန်ကျင့်သူ၊ ပုထုဇဉ်တို့တည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ် ကိုးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-အာဟုနေယျသုတ်

၁၀။ ရဟန်းတို့ ဤပုဂ္ဂိုလ် ကိုးမျိုးတို့သည် (အရပ်ဝေးမှ)ဆောင်လာ၍သော်လည်း ပေးလှူ ပူဇော်ရန်ထိုက်ကုန်၏၊ ဧည့်သည်တို့အလို့ငှါ စီမံထားသော အလှူကို ခံထိုက်ကုန်၏၊ တမလွန်

http://www.dhammadownload.com



အတွက် ရည်မြွက်သော မြတ်သော အလှူကို ခံထိုက်ကုန်၏၊ လက်အုပ်ချီရန် ထိုက်ကုန်၏၊ သတ္တဝါ အပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်ကုန်၏။ အဘယ်ကိုးမျိုး ဟူသနည်း ဟူမူ—ရဟန္တာ၊ ရဟန္တာဖြစ်ရန်ကျင့်သူ၊ အနာဂါမ်၊ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သူ၊ သကဒါဂါမ်၊ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန်ကျင့်သူ၊ သောတာပန်၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန်ကျင့်သူ၊ ပုထုဇဉ်အနွယ်ကို ဖြတ်သူ 'ဂေါတြဘူ' ပုဂ္ဂိုလ်တို့တည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ် ကိုးမျိုးတို့သည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်ကုန်၏ ။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံးလယ်မြေ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ရှေးဦးစွာသော သမ္ဗောဓိဝဂ် ပြီး၏။

---

## ၂-သီဟနာဒဝဂ် ၁-သီဟနာဒသုတ်

၁၁။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ အသျှင်သာရိပုတြာသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား— "အသျှင်ဘုရား အကျွန်ုပ်သည် သာဝတ္ထိပြည်၌ ဝါလပတ်လုံး နေပြီးပါပြီ၊ အသျှင်ဘုရား အကျွန်ုပ်သည် ဒေသစာရီ လှည့်လည်ဖဲသွားရန် အလိုရှိပါ၏"ဟု လျှောက်၏။

သာရိပုတြာ ယခုအခါ၌ သွားရန်အချိန်ကို သင်သိ၏၊ (သွားရန်မှာ သင်၏ အလိုအတိုင်းပင် ဖြစ်၏)ဟု (မိန့်တော်မူ၏)။ ထိုအခါ အသျှင်သာရိပုတြာသည် နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေပြုပြီးလျှင် ဖဲသွားလေ၏။ ထို့နောက် ရဟန်းတပါးသည် အသျှင်သာရိပုတြာ ဖဲသွား၍ မကြာမီ မြတ်စွာဘုရားအား— "အသျှင်ဘုရား အသျှင်သာရိပုတြာသည် အကျွန်ုပ်ကို ထိပါး၍ အပြစ်ကို သည်းမခံစေပဲ ဒေသစာရီ ဖဲသွားပါသည်"ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတပါးကို "ရဟန်း လာလော့၊ သင်သည် ငါ၏စကားဖြင့် သာရိပုတြာကို 'ငါ့သျှင်သာရိပုတြာ သင့်ကို မြတ်စွာဘုရားခေါ်နေသည်'ဟု ခေါ်ချေလော့" ဟု မိန့်တော်မူ၏။

"ကောင်းပါပြီ အသျှင်ဘုရား"ဟု ထိုရဟန်းသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၍ အသျှင်သာရိပုတြာအထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်သာရိပုတြာကို "ငါ့သျှင် သာရိပုတြာ သင့်ကို မြတ်စွာဘုရား ခေါ်နေပါ၏"ဟု ဆို၏။ "ငါ့သျှင် ကောင်းပြီ"ဟု အသျှင် သာရိပုတြာသည် ထိုရဟန်းအား ပြန်ကြား၏။

ထိုအခါ အသျှင်မောဂ္ဂလာန်နှင့် အသျှင်အာနန္ဒာတို့သည် သံကောက် 'သော့' ကို ယူ၍ "အသျှင်တို့ ကြွခဲ့ကြကုန်လော့၊ အသျှင်တို့ ကြွခဲ့ကြကုန်လော့၊ ယခုအခါ ဤအသျှင်သာရိပုတြာသည် မြတ်စွာဘုရား၏ မျက်မှောက်၌ ရဲတင်းသော စကားသံကို လျှောက်ဆိုလိမ့်မည်"ဟု ဆို၍ ကျောင်းတိုက်သို့ လှည့်လည်ကုန်၏။ ထိုအခါ အသျှင်သာရိပုတြာသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော အသျှင် သာရိပုတြာအား မြတ်စွာဘုရားသည် "သာရိပုတြာ သီတင်းသုံးဖော် တဦးသည် 'အသျှင်ဘုရား

http://www.dhammadownload.com



အသျှင်သာရိပုတြာသည် အကျွန်ုပ်ကို ထိပါး၍ အပြစ်ကို သည်းမခံစေပဲ ဒေသစာရီ ဖဲသွားပါ၏'ဟု ရှုတ်ချခြင်း သဘောသို့ ရောက်၏”ဟု မိန့်တော်မူ၏။

အသျှင်ဘုရား စင်စစ် (ခန္ဓာ) ကိုယ်၌ ကာယဂတာသတိမထင်သော ပုဂ္ဂိုလ်သည်သာ သီတင်းသုံးဖော် တဦးဦးကိုထိပါး၍ အပြစ်ကို သည်းမခံစေပဲ ဒေသစာရီ ဖဲသွားရာ၏။ အသျှင်ဘုရား မြေ၌စင်ကြယ်သော ဝတ္ထုကိုလည်း ချထားကုန်၏၊ မစင်ကြယ်သော ဝတ္ထုကိုလည်း ချထားကုန်၏၊ ကျင်ကြီးကိုလည်း စွန့်ချကုန်၏၊ ကျင်ငယ်ကိုလည်း စွန့်ချကုန်၏၊ တံထွေးကိုလည်း ထွေးကုန်၏၊ ပြည်ကိုလည်း ချထားကုန်၏၊ သွေးကိုလည်း ချထားကုန်၏၊ မြေသည် ထိုသို့ချထားမှုဖြင့် မငြီးငွေ့ မရှက်နိုး မစက်ဆုပ်သကဲ့သို့ အသျှင်ဘုရား ဤအတူပင် အကျွန်ုပ်သည် ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်မှုမရှိသော မြေနှင့်တူသောစိတ်ဖြင့် နေပါ၏။ အသျှင်ဘုရား စင်စစ် (ခန္ဓာ) ကိုယ်၌ ကာယဂတာသတိ မထင်သော ပုဂ္ဂိုလ်သည်သာ သီတင်းသုံးဖော် တဦးဦးကို ထိပါး၍ အပြစ်ကို သည်းမခံစေပဲ ဒေသစာရီ ဖဲသွားရာပါ၏။(၁)

အသျှင်ဘုရား ရေ၌ စင်ကြယ်သောဝတ္ထုကိုလည်း ဆေးကြောကုန်၏၊ မစင်ကြယ်သော ဝတ္ထုကိုလည်း ဆေးကြောကုန်၏၊ ကျင်ကြီးကိုလည်း၊ ကျင်ငယ်ကိုလည်း၊ တံထွေးကိုလည်း ပြည်ကိုလည်း၊ သွေးကိုလည်း၊ ဆေးကြောကုန်၏၊ ရေသည် ထိုဆေးကြောမှုဖြင့် မငြီးငွေ့ မရှက်နိုး မစက်ဆုပ်သကဲ့သို့ အသျှင်ဘုရား ဤအတူပင် အကျွန်ုပ်သည် ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်မှု မရှိသော ရေနှင့်တူသောစိတ်ဖြင့် နေပါ၏။ အသျှင်ဘုရား စင်စစ် (ခန္ဓာ)ကိုယ်၌ ကာယဂတာသတိ မထင်သော ပုဂ္ဂိုလ်သည်သာ သီတင်းသုံးဖော် တဦးဦးကို ထိပါး၍ အပြစ်ကို သည်းမခံစေပဲ ဒေသစာရီ ဖဲသွားရာပါ၏။ (၂)

အသျှင်ဘုရား မီးသည် စင်ကြယ်သော ဝတ္ထုကိုလည်း လောင်၏၊ မစင်ကြယ်သော ဝတ္ထုကိုလည်း လောင်၏၊ ကျင်ကြီးကိုလည်း၊ ကျင်ငယ်ကိုလည်း၊ တံထွေးကိုလည်း၊ ပြည်ကိုလည်း သွေးကိုလည်း လောင်၏၊ မီးသည် ထိုလောင်မှုဖြင့် မငြီးငွေ့ မရှက်နိုး မစက်ဆုပ်သကဲ့သို့ အသျှင်ဘုရား ဤအတူပင် အကျွန်ုပ်သည် ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်မှုမရှိသော မီးနှင့်တူသော စိတ်ဖြင့် နေပါ၏။ အသျှင်ဘုရား စင်စစ် (ခန္ဓာ)ကိုယ်၌ ကာယဂတာသတိ မထင်သောပုဂ္ဂိုလ်သည်သာ သီတင်းသုံးဖော် တဦးဦးကို ထိပါး၍ အပြစ်ကို သည်းမခံစေပဲ ဒေသစာရီဖဲသွားရာပါ၏။ (၃)

အသျှင်ဘုရား လေသည် စင်ကြယ်သော ဝတ္ထုကိုလည်း တိုက်ခတ်ပါ၏၊ မစင်ကြယ်သော ဝတ္ထုကိုလည်း တိုက်ခတ်ပါ၏၊ ကျင်ကြီးကိုလည်း၊ ကျင်ငယ်ကိုလည်း၊ တံထွေးကိုလည်း၊ ပြည်ကိုလည်း၊ သွေးကိုလည်း၊ တိုက်ခတ်ပါ၏၊ လေသည် ထိုတိုက်ခတ်မှုဖြင့် မငြီးငွေ့ မရှက်နိုး မစက်ဆုပ်သကဲ့သို့ အသျှင်ဘုရား ဤအတူပင် အကျွန်ုပ်သည် ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်မှုမရှိသော လေနှင့်တူသော စိတ်ဖြင့် နေပါ၏။ အသျှင်ဘုရား စင်စစ် (ခန္ဓာ) ကိုယ်၌ ကာယဂတာသတိ မထင်သော ပုဂ္ဂိုလ်သည်သာ သီတင်းသုံးဖော် တဦးဦးကို ထိပါး၍ အပြစ်ကို သည်းမခံစေပဲ ဒေသစာရီ ဖဲသွားရာပါ၏။ (၄)

အသျှင်ဘုရား ဖုံသုတ်အဝတ်သည် စင်ကြယ်သော ဝတ္ထုကိုလည်း သုတ်ရ၏၊ မစင်ကြယ်သော ဝတ္ထုကိုလည်း သုတ်ရ၏၊ ကျင်ကြီးကိုလည်း၊ ကျင်ငယ်ကိုလည်း၊ တံထွေးကိုလည်း၊ ပြည်ကိုလည်း၊

http://www.dhammadownload.com



သွေးကိုလည်း သုတ်ရ၏၊ ဖုံသုတ်အဝတ်သည် ထိုသုတ်မှုဖြင့် မငြီးငွေ့ မရှက်နိုး မစက်ဆုပ်သကဲ့သို့ အသျှင်ဘုရား ဤအတူပင် အကျွန်ုပ်သည် ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်မှုမရှိသော ဖုံသုတ်အဝတ်နှင့်တူသော စိတ်ဖြင့် နေပါ၏။ အသျှင်ဘုရား စင်စစ် (ခန္ဓာ) ကိုယ်၌ ကာယဂတာသတိမထင်သော ပုဂ္ဂိုလ်သည်သာ သီတင်းသုံးဖော် တဦးဦးကို ထိပါး၍ အပြစ်ကို သည်းမခံစေပဲ ဒေသစာရီ ဖဲသွားရာပါ၏။ (၅)

အသျှင်ဘုရား ခွက်လက်စွဲလျက် စုတ်ပြတ်သော အဝတ်ကိုဝတ်သော ဒွန်းစဏ္ဍားလုလင်ပျိုသည်ငှင်း ဒွန်းစဏ္ဍားလုံမပျိုသည်ငှင်း ရွာ နိဂုံးသို့ ဝင်လတ်သော် နှိမ့်ချသော စိတ်ကိုသာလျှင် ဖြစ်စေ၍ ဝင်သကဲ့သို့ အသျှင်ဘုရား ဤအတူပင် အကျွန်ုပ်သည် ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည် မရှိသော ရန်မရှိသော ငြိုငြင်မှုမရှိသော ဒွန်းစဏ္ဍားလုလင်ပျို လုံမပျိုနှင့်တူသော စိတ်ဖြင့် နေပါ၏။ အသျှင်ဘုရား စင်စစ် (ခန္ဓာ) ကိုယ်၌ ကာယဂတာသတိ မထင်သော ပုဂ္ဂိုလ်သည်သာ သီတင်းသုံးဖော် တဦးဦးကို ထိပါး၍ အပြစ်ကို သည်းမခံစေပဲ ဒေသစာရီ ဖဲသွားရာပါ၏။ (၆)

အသျှင်ဘုရား ဦးချိုကျိုးသော၊ အကျင့်ကောင်းသော၊ ယဉ်ကျေးပြီးသော ဆုံးမအပ်ပြီးသော နွားလားသည် လမ်းမတခုမှ လမ်းမတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ လှည့်လည်လတ်သော် ခြေဖြင့်သော်ငှင်း ဦးချိုဖြင့်သော်ငှင်း တစုံတရာကိုမျှ မညှဉ်းဆဲသကဲ့သို့ အသျှင်ဘုရား ဤအတူပင် အကျွန်ုပ်သည် ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည် မရှိသော ရန်မရှိသော ငြိုငြင်မှုမရှိသော ဦးချိုကျိုးသော နွားလားနှင့်တူသော စိတ်ဖြင့် နေပါ၏။ အသျှင်ဘုရား စင်စစ် (ခန္ဓာ)ကိုယ်၌ ကာယဂတာသတိ မထင်သော ပုဂ္ဂိုလ်သည်သာ သီတင်းသုံးဖော် တဦးဦးကို ထိပါး၍ အပြစ်ကို သည်းမခံစေပဲ ဒေသစာရီ ဖဲသွားရာပါ၏။ (၇)

အသျှင်ဘုရား ငယ်ရွယ်နုပျိုသော အလှပြင်လေ့ရှိသော ဦးခေါင်းနှင့်တကွ ရေချိုးပြီးသော မိန်းမပျိုသည်ငှင်း ယောကျာ်းပျိုသည်ငှင်း မြွေကောင်ပုပ်ကိုဖြစ်စေ ခွေးကောင်ပုပ်ကို ဖြစ်စေ လူကောင်ပုပ်ကို ဖြစ်စေ လည်ပင်း၌ ဆွဲလိုက်ပါမူ ငြီးငွေ့ ရှက်နိုး စက်ဆုပ်သကဲ့သို့ ဤအတူပင် အကျွန်ုပ်သည် ဤ (ခန္ဓာ)ကိုယ်၌ အကောင်ပုပ်ဖြင့် ငြီးငွေ့ပါ၏၊ ရှက်နိုးပါ၏၊ စက်ဆုပ်ပါ၏။ အသျှင်ဘုရား စင်စစ် (ခန္ဓာ) ကိုယ်၌ ကာယဂတာသတိ မထင်သော ပုဂ္ဂိုလ်သည်သာ သီတင်းသုံးဖော် တဦးဦးကို ထိပါး၍ အပြစ်ကိုသည်းမခံစေပဲ ဖဲသွားရာပါ၏။ (၈)

အသျှင်ဘုရား ယောကျာ်းသည် အပေါက်ကြီးငယ်ရှိသော အထက်မှ လျှံကျသော အောက်မှ ယိုကျသော အမဲဆီအိုးကို ရွက်ဆောင်နေရာသကဲ့သို့ အသျှင်ဘုရား ဤ အတူပင် အကျွန်ုပ်သည် အပေါက်ကြီးငယ်ရှိသော အထက်မှ လျှံကျသော အောက်မှ ယိုကျသော ဤ (ခန္ဓာ)ကိုယ်ကို ရွက်ဆောင်နေရပါ၏။ အသျှင်ဘုရား စင်စစ် (ခန္ဓာ)ကိုယ်၌ ကာယဂတာသတိ မထင်သော ပုဂ္ဂိုလ်သည်သာ သီတင်းသုံးဖော် တဦးဦးကိုထိပါး၍ အပြစ်ကိုလည်း သည်းမခံစေပဲ ဒေသစာရီ ဖဲသွားရာပါ၏ ဟု (လျှောက်၏)။ (၉)

ထိုအခါ ထိုရဟန်းသည် နေရာမှ ထ၍ (လက်ဝဲ) တဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ်တင်လျက် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးတိုက်ကာ မြတ်စွာဘုရားအား— "အသျှင်ဘုရား မိုက်သည့် အလျောက် တွေဝေသည့် အလျောက် မလိမ္မာသည့် အလျောက် အပြစ်သည် အကျွန်ုပ်

http://www.dhammadownload.com



ကို လွှမ်းမိုးသွားခဲ့ပါ၏၊ အကျွန်ုပ်သည် အသျှင်သာရိပုတြာကို ထင်ရှား မရှိသော အချည်းနှီးသော မှားယွင်းသော မဟုတ်မမှန်သောအားဖြင့် စွပ်စွဲမိပါသည်။ မြတ်စွာဘုရားသည် ထို အကျွန်ုပ်၏ အပြစ်ကို နောင်အခါ စောင့်စည်းရန် အပြစ်ဟု လက်ခံတော်မူပါ”ဟု လျှောက်၏။

ရဟန်း မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့်အလျောက် အပြစ်သည် သင့်ကို စင်စစ် လွှမ်းမိုးသွားခဲ့၏၊ သင်သည် သာရိပုတြာကို ထင်ရှားမရှိသော အချည်းနှီးသော မှားယွင်းသော မဟုတ်မမှန်သောအားဖြင့် စွပ်စွဲခဲ့၏။ ရဟန်း သင်သည် အပြစ်ကို အပြစ်ဟုမြင်၍ အပြစ်အား လျော်စွာ ကုစားသောကြောင့် သင်၏ ထို(အပြစ်) ကို (အပြစ်ဟု) ငါတို့ လက်ခံကုန်၏။ ရဟန်း အကြင်သူသည် အပြစ်ကို အပြစ်ဟု မြင်၍ အကြောင်းအားလျော်စွာ ကုစား၏၊ နောင်အခါ စောင့်စည်း၏၊ (ထိုသူ၏) ဤ(ကုစား စောင့်စည်းခြင်း)သည် အရိယာ၏ ဝိနည်း 'အဆုံးအမ'၌ ကြီးပွါးခြင်းပင်တည်းဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်သာရိပုတြာကို “သာရိပုတြာ ဤ အချည်းနှီးသော ယောကျ်ားအား ထို အရပ်၌ပင် ထိုသူ၏ ဦးထိပ်သည် ခုနစ်စိတ် မကွဲမီ သည်းခံလော့” ဟု မိန့်တော်မူ၏။

အသျှင်ဘုရား အကယ်၍ ထို အသျှင်သည် အကျွန်ုပ်ကို ဤသို့ (သည်းခံပါဟု) ဆိုပါမူ အကျွန်ုပ်သည် ထို အသျှင်အား သည်းခံပါ၏၊ ထို အသျှင်ကလည်း အကျွန်ုပ်အား သည်းခံပါစေဟု(လျှောက်၏)။

ပဌမသုတ်။

---

## ၂-သဥပါဒိသေသသုတ်

၁၂။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ အသျှင်သာရိပုတြာသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူကာ သာဝတ္ထိပြည်သို့ ဆွမ်းအလို့ငှါ ဝင်တော်မူ၏။ ထိုအခါ အသျှင်သာရိပုတြာအား “သာဝတ္ထိပြည်သို့ ဆွမ်းခံ လှည့်လည်ရန် စော သေး၏၊ ငါသည် သာသနာ့ပြင်ပ အယူရှိကြသည့် ပရိဗိုဇ်တို့၏ အရံသို့ ချဉ်းကပ်ရမူ ကောင်းလေစွ” ဟု ဤအကြံသည် ဖြစ်၏။ ထို့နောက် အသျှင်သာရိပုတြာသည် သာသနာ့ပြင်ပ အယူရှိကြသည့် ပရိဗိုဇ်တို့၏ အရံသို့ ချဉ်းကပ်၍ သာသနာ့ပြင်ပ အယူရှိကြသည့် ပရိဗိုဇ်တို့နှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ် ရဖွယ်စကားကို ပြောဆို ပြီးဆုံးစေပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏။

ထိုအခါ အညီအညွတ်စည်းဝေး ထိုင်နေသော သာသနာ့ပြင်ပ အယူရှိကြသည့် ထိုပရိဗိုဇ်တို့အား “ငါ့သျှင်တို့ မည်သူမဆို စွဲလမ်းမှု အကြွင်း အကျန်ရှိလျက် သေရသူ အားလုံးသည် ငရဲမှ မလွတ်၊ တိရစ္ဆာန်ဘဝမှ မလွတ်၊ ပြိတ္တာဘုံမှ မလွတ်၊ဖရိ ဖရဲကျရာ အပါယ်ဒုဂ္ဂတိမှ မလွတ်” ဟူသော ဤ အကြားစကားသည် ထင်ရှားဖြစ်၏။ ထိုအခါ အသျှင်သာရိပုတြာသည် သာသနာ့ပြင်ပ အယူရှိကြသည့် ထိုပရိဗိုဇ်တို့၏ ပြောဆိုစကားကို မနှစ်ခြိုက်ခဲ့ပေ၊ မတားမြစ်ခဲ့ပေ၊ မနှစ်

http://www.dhammadownload.com



ခြိုက် မတားမြစ်ခဲ့ပဲ "မြတ်စွာဘုရား၏ အထံတော်၌ ဤ ပြောဆိုသော စကား၏ အနက်အဓိပ္ပါယ်ကို သိရတော့မည်"ဟု နှလုံးသွင်း၍ နေရာမှ ထကာ ဖဲခဲ့၏။

ထိုအခါ အသျှင်သာရိပုတြာသည် သာဝတ္ထိပြည်၌ ဆွမ်းအလို့ငှါ လှည့်လည်၍ ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခဲ့ပြီးသော် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား—အသျှင်ဘုရား အကျွန်ုပ်သည် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူဆောင်ကာ သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်ခဲ့ပါ၏၊ အသျှင်ဘုရား ထိုအကျွန်ုပ်အား "သာဝတ္ထိပြည်၌ဆွမ်းခံလှည့်လည်ရန် အလွန်စောသေး၏၊ ငါသည် သာသနာ့ပြင်ပအယူရှိကြသည့် ပရိဗိုဇ်တို့၏ အရံသို့ ချဉ်းကပ်ရမူ ကောင်းလေစွ"ဟု ဤအကြံဖြစ်ခဲ့ပါ၏၊ အသျှင်ဘုရား ထိုအခါ အကျွန်ုပ်သည် သာသနာ့ပြင်ပ အယူရှိကြသည့် ပရိဗိုဇ်တို့၏ အရံသို့ ချဉ်းကပ်ပြီးနောက် သာသနာ့ပြင်ပအယူရှိကြသည့် ထိုပရိဗိုဇ်တို့နှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပါ၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီးလျှင် တခုသောနေရာ၌ ထိုင်နေခဲ့ပါ၏၊ ထိုအခါ အညီအညွတ် စုပေါင်းစည်းဝေး ထိုင်နေသော ထိုပရိဗိုဇ်တို့အား "ငါ့သျှင်တို့ မည်သူမဆို စွဲလမ်းမှု အကြွင်းအကျန်ရှိလျက် သေရသူ အားလုံးသည် ငရဲမှ မလွတ်၊ တိရစ္ဆာန် ဘဝမှ မလွတ်၊ ပြိတ္တာဘုံမှ မလွတ်၊ ဖရိုဖရဲကျရာ အပါယ် ဒုဂ္ဂတိမှမလွတ်" ဟူသော ဤအကြားစကားသည် ထင်ရှားဖြစ်ပါ၏။ အသျှင်ဘုရား ထိုအခါ အကျွန်ုပ်သည် သာသနာ့ပြင်ပအယူရှိကြသည့် ထို ပရိဗိုဇ်တို့၏ ပြောဆိုသော စကားကို မနှစ်ခြိုက်ခဲ့ပါ၊ မတားမြစ်ခဲ့ပါ၊ မနှစ်ခြိုက် မတားမြစ်ခဲ့ပဲ "မြတ်စွာဘုရား၏ အထံတော်၌ ဤ ပြောဆိုအပ်သော စကား၏ အနက်အဓိပ္ပါယ်ကို သိရတော့မည်" ဟု နေရာမှထကာ ဖဲခဲ့ပါ၏ ဟု လျှောက်၏။

သာရိပုတြာ အယူတမျိုးရှိသော မိုက်ကုန် မလိမ္မာကုန်သော သာသနာ့ပြင်ပအယူရှိကြသည့် ပရိဗိုဇ်တို့သည်ကား အဘယ်သူတို့နည်း၊ အဘယ်သူတို့သည် စွဲလမ်းမှု အကြွင်းအကျန်ရှိသည်ကို "စွဲလမ်းမှု အကြွင်းအကျန်ရှိ၏"ဟု သိကုန်လိမ့်မည်နည်း၊ စွဲလမ်းမှု အကြွင်းအကျန် မရှိသည်ကိုလည်း "စွဲလမ်းမှု အကြွင်းအကျန်မရှိ"ဟု သိကုန်လိမ့်မည်နည်း။

သာရိပုတြာ ဤပုဂ္ဂိုလ် ကိုးမျိုးတို့သည် စွဲလမ်းမှု အကြွင်းအကျန်နှင့်တကွ သေကုန်လျက် ငရဲမှ လွတ်ကုန်၏၊ တိရစ္ဆာန်ဘဝမှ လွတ်ကုန်၏၊ ပြိတ္တာဘုံမှ လွတ်ကုန်၏၊ ဖရိုဖရဲကျရာ အပါယ် ဒုဂ္ဂတိမှ လွတ်ကုန်၏။ အဘယ်ပုဂ္ဂိုလ် ကိုးမျိုးတို့နည်း ဟူမူ—သာရိပုတြာ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် သီလတို့၌ အပြည့်အစုံ ကျင့်လေ့ရှိ၏၊ သမာဓိ၌ အပြည့်အစုံ ကျင့်လေ့ရှိ၏၊ ပညာ၌ အနည်းငယ် ပြုကျင့်လေ့ရှိ၏ (ပညာမပြည့်စုံသေး)၊ ထို ပုဂ္ဂိုလ်သည် အောက်ပိုင်း သံယောဇဉ် ငါးမျိုးတို့၏ ကုန်ခြင်းကြောင့် အလယ်ကြားကာလ၌ ပရိနိဗ္ဗာန်ပြုသူ ဖြစ်၏။ သာရိပုတြာ ဤသည်ကား စွဲလမ်းမှု အကြွင်းအကျန်နှင့်တကွ သေလျက် ငရဲမှလွတ်သော တိရစ္ဆာန်ဘဝမှ လွတ်သော ပြိတ္တာဘုံမှ လွတ်သော ဖရိုဖရဲကျရာ အပါယ်ဒုဂ္ဂတိမှ လွတ်သော ပဌမ ပုဂ္ဂိုလ်တည်း။ (၁)

သာရိပုတြာ နောက်တမျိုးကား ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် သီလတို့၌ အပြည့်အစုံ ကျင့်လေ့ ရှိ၏၊ သမာဓိ၌ အပြည့်အစုံ ကျင့်လေ့ ရှိ၏၊ ပညာ၌ အနည်းငယ် ပြုကျင့်လေ့ ရှိ၏ (ပညာမပြည့်စုံသေး)၊ ထိုပုဂ္ဂိုလ်သည် အောက်ပိုင်း သံယောဇဉ် ငါးပါးတို့၏ ကုန်ခြင်းကြောင့် အလယ် ကြားကာလကို လွန်၍ ပရိနိဗ္ဗာန် ပြုသူဖြစ်၏။ပ။ အားထုတ်မှုမရှိပဲ ပရိနိဗ္ဗာန်

http://www.dhammadownload.com



ပြုသူ ဖြစ်၏။ပ။ အားထုတ်မှုနှင့်တကွ ပရိနိဗ္ဗာန် ပြုသူဖြစ်၏။ပ။ အထက်၌ မင်္ဂအယဉ်ရှိသော အကနိဋ္ဌဘုံသို့ ရောက်သော အနာဂါမ်ဖြစ်၏။ သာရိပုတြာ ဤသည်ကား စွဲလမ်းမှု အကြွင်းအကျန်နှင့်တကွ သေလျက် ငရဲမှလွတ်သော တိရစ္ဆာန်ဘဝမှ လွတ်သော ပြိတ္တာဘုံမှ လွတ်သော ဖရိုဖရဲကျရာ အပါယ်ဒုဂ္ဂတိမှ လွတ်သော ပဉ္စမ ပုဂ္ဂိုလ်တည်း။(၂-၅)

သာရိပုတြာ နောက်တမျိုးကား ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် သီလတို့၌ အပြည့်အစုံ ကျင့်လေ့ ရှိ၏၊ သမာဓိ၌ အနည်းငယ် ပြုကျင့်လေ့ ရှိ၏၊ ပညာ၌ အနည်းငယ် ပြုကျင့်လေ့ ရှိ၏ (ပညာမပြည့်စုံသေး)၊ ထိုပုဂ္ဂိုလ်သည် သံယောဇဉ် သုံးပါးတို့၏ ကုန်ခြင်းကြောင့် ရာဂ ဒေါသ မောဟတို့၏ နည်းပါးခြင်းကြောင့် သကဒါဂါမ် ဖြစ်၏၊ ဤကာမဘုံသို့ တကြိမ်သာ လာ၍ ဒုက္ခ၏ အဆုံးကို ပြုသူဖြစ်၏။သာရိပုတြာ ဤသည်ကား စွဲလမ်းမှု အကြွင်းအကျန်နှင့်တကွ သေလျက် ငရဲမှ လွတ်သော။ပ။ဖရိုဖရဲကျရာ အပါယ်ဒုဂ္ဂတိမှ လွတ်သော ဆဋ္ဌ ပုဂ္ဂိုလ်တည်း။ (၆)

သာရိပုတြာ နောက်တမျိုးကား ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် သီလတို့၌ အပြည့်အစုံ ကျင့်လေ့ ရှိ၏၊ သမာဓိ၌ အနည်းငယ် ပြုကျင့်လေ့ ရှိ၏၊ ပညာ၌ အနည်းငယ် ပြုကျင့်လေ့ရှိ၏ (ပညာမပြည့်စုံသေး)၊ ထိုပုဂ္ဂိုလ်သည် သံယောဇဉ် သုံးပါးတို့၏ ကုန်ခြင်းကြောင့် တကြိမ်သာ ပဋိသန္ဓေမျိုးစေ့ရှိသူ ဖြစ်၏၊ လူ့ဘဝ၌ တဘဝကိုသာ ဖြစ်စေ၍ ဒုက္ခ၏အဆုံးကို ပြုသူ ဖြစ်၏။ သာရိပုတြာ ဤသည်ကား စွဲလမ်းမှု အကြွင်းအကျန်နှင့်တကွ သေလျက် ငရဲမှ လွတ်သော။ပ။ ဖရိုဖရဲကျရာ အပါယ်ဒုဂ္ဂတိမှ လွတ်သော သတ္တမ ပုဂ္ဂိုလ်တည်း။ (၇)

သာရိပုတြာ နောက်တမျိုးကား ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် သီလတို့၌ အပြည့်အစုံ ကျင့်လေ့ ရှိ၏၊ သမာဓိ၌ အနည်းငယ် ပြုကျင့်လေ့ ရှိ၏၊ ပညာ၌ အနည်းငယ် ပြုကျင့်လေ့ ရှိ၏(ပညာမပြည့်စုံသေး)၊ ထိုပုဂ္ဂိုလ်သည် သံယောဇဉ် သုံးပါးတို့၏ ကုန်ခြင်းကြောင့် တဘဝမှ တဘဝသို့ ကူးသူ ဖြစ်၏၊ နှစ်ဘဝမှ သုံးဘဝတို့ကို ကူးပြောင်း၍ ကျင်လည်ပြီးနောက် ဒုက္ခ၏ အဆုံးကို ပြုသူ ဖြစ်၏။ သာရိပုတြာ ဤသည်ကား စွဲလမ်းမှုအကြွင်းအကျန်နှင့်တကွ သေလျက် ငရဲမှလွတ်သော။ပ။ဖရိုဖရဲကျရာ အပါယ်ဒုဂ္ဂတိမှ လွတ်သော အဋ္ဌမ ပုဂ္ဂိုလ်တည်း။ (၈)

သာရိပုတြာ နောက်တမျိုးကား ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် သီလတို့၌ အပြည့်အစုံ ကျင့်လေ့ ရှိ၏၊ သမာဓိ၌ အနည်းငယ် ပြုကျင့်လေ့ ရှိ၏၊ ပညာ၌ အနည်းငယ် ပြုကျင့်လေ့ ရှိ၏ (ပညာမပြည့်စုံသေး)၊ ထိုပုဂ္ဂိုလ်သည် သံယောဇဉ်သုံးပါးတို့၏ ကုန်ခြင်းကြောင့် ခုနစ်ကြိမ် ပဋိသန္ဓေယူခြင်း အတိုင်းအရှည်ရှိသူ ဖြစ်၏၊ ခုနစ်ကြိမ် အတိုင်းအရှည် နတ်ပြည် လူ့ပြည် တို့၌ ကူးပြောင်း၍ ကျင်လည်ပြီးနောက် ဒုက္ခ၏ အဆုံးကို ပြုသူဖြစ်၏။ သာရိပုတြာ ဤသည်ကား စွဲလမ်းမှု အကြွင်းအကျန်နှင့်အကွ သေလျက် ငရဲမှ လွတ်သော တိရစ္ဆာန်ဘဝမှ လွတ်သော ပြိတ္တာဘုံမှ လွတ်သော ဖရိုဖရဲကျရာ အပါယ်ဒုဂ္ဂတိမှ လွတ်သော နဝမ ပုဂ္ဂိုလ်တည်း။ (၉)

သာရိပုတြာ မိုက်ကုန်သော မလိမ္မာကုန်သော သာသနာပြင်ပအယူရှိကြသည့် ပရိဗိုဇ်တို့သည်ကား အဘယ်သူတို့နည်း၊ အဘယ်သူတို့သည် စွဲလမ်းမှု အကြွင်းအကျန်ရှိသည်ကိုလည်း "စွဲလမ်းမှု အကြွင်းအကျန် ရှိ၏"ဟု သိကုန်လိမ့်မည်နည်း၊ စွဲလမ်းမှု အကြွင်းအကျန် မရှိသည်ကိုလည်း "စွဲလမ်းမှု အကြွင်းအကျန်မရှိ"ဟု သိကုန်လိမ့်မည်နည်း။ သာရိပုတြာ ဤသည်တို့ကား စွဲလမ်းမှု အကြွင်းအကျန်နှင့်တကွ သေလျက် ငရဲမှလွတ်ကုန်သော တိရစ္ဆာန်ဘဝမှ လွတ်ကုန်သော ပြိတ္တာဘုံမှ လွတ်ကုန်သော ဖရိုဖရဲကျရာ အပါယ်ဒုဂ္ဂတိမှ လွတ်ကုန်သော ပုဂ္ဂိုလ်ကိုးမျိုးတို့တည်း။

http://www.dhammadownload.com



သာရိပုတြာ ဤတရားဒေသနာတော်ကို ရဟန်း ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာမတို့အား ငါမဟောခဲ့ပေ။ ထိုသို့ မဟောမဲ့ခြင်းသည် အဘယ့်ကြောင့်နည်း၊ "ဤတရားဒေသနာတော်ကို ကြားနာ၍ မေ့လျော့ခြင်းကို မဆောင်လာကြပါစေလင့်"ဟု (နှလုံးပြုသောကြောင့်တည်း)။ သာရိပုတြာ စင်စစ်သော်ကား ငါသည် ဤတရားဒေသနာတော်ကို (သင်၏) ပြဿနာအလိုအားဖြင့် ဟောအပ်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ကောဋ္ဌိကသုတ်

၁၃။ ထိုအခါ အသျှင်မဟာကောဋ္ဌိကသည် အသျှင်သာရိပုတြာ အထံသို့ ချဉ်းကပ်၍ အသျှင်သာရိပုတြာနှင့် အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် တခုသောနေရာ၌ ထိုင်ပြီးသော် အသျှင်သာရိပုတြာအား—

"ငါ့သျှင် သာရိပုတြာ 'မျက်မှောက်ဘဝ၌ ခံစားရမည့် အကျိုးရှိသော ကံသည် ငါ့အား တမလွန်ဘဝ၌ ခံစားရမည့် အကျိုးရှိသော ကံဖြစ်ပါစေ'ဟူသော ဤအကျိုးငှါ မြတ်စွာဘုရား (အထံ၌)မြတ်သော အကျင့်ကိုကျင့်သုံးနေသလော"။ ငါ့သျှင် ဤသို့ ကျင့်သုံးသည် မဟုတ်ပါ။ ငါ့သျှင် သာရိပုတြာ (ထိုသို့ မဟုတ်လျှင်) "တမလွန်ဘဝ၌ ခံစားရမည့် အကျိုးရှိသော ကံသည် ငါ့အား မျက်မှောက် ဘဝ၌ ခံစားရမည့် အကျိုးရှိသော ကံဖြစ်ပါစေ" ဟူသော ဤအကျိုးငှါ မြတ်စွာဘုရား (အထံ)၌ မြတ်သော အကျင့်ကို ကျင့်သုံးနေသလော။ ငါ့သျှင် ဤသို့လည်း ကျင့်သုံးသည် မဟုတ်ပါ။

"ငါ့သျှင် သာရိပုတြာ 'ချမ်းချမ်း သာသာ ခံစားရမည့် အကျိုးရှိသော ကံသည် ငါ့အား ဆင်းဆင်းရဲရဲ ခံစားရမည့် အကျိုးရှိသော ကံဖြစ်ပါစေ' ဟူသော ဤအကျိုးငှါ မြတ်စွာဘုရား (အထံ၌) မြတ်သော အကျင့်ကို ကျင့်သုံးနေသလော"။ငါ့သျှင် ဤသို့လည်း ကျင့်သုံးသည် မဟုတ်ပါ။ ငါ့သျှင် သာရိပုတြာ (ထိုသို့ မဟုတ်လျှင်) "ဆင်းဆင်းရဲရဲ ခံစားရမည့် အကျိုးရှိသော ကံသည် ငါ့အား ချမ်းချမ်းသာသာ ခံစားရမည့် အကျိုးရှိသော ကံဖြစ်ပါစေ" ဟူသော ဤအကျိုးငှါ မြတ်စွာဘုရား (အထံ၌) မြတ်သော အကျင့်ကို ကျင့်သုံးနေသလော။ ငါ့သျှင် ဤသို့လည်း ကျင့်သုံးသည် မဟုတ်ပါ။

"ငါ့သျှင် သာရိပုတြာ 'ရင့်ကျက်မှ ခံစားရမည့် အကျိုးရှိသော ကံသည် ငါ့အား မရင့်ကျက်မီ ခံစားရမည့် အကျိုးရှိသော ကံဖြစ်ပါစေ'ဟူသော ဤအကျိုးငှါ မြတ်စွာဘုရား (အထံ၌) မြတ်သော အကျင့်ကို ကျင့်သုံးနေသလော"။ ငါ့သျှင် ဤသို့လည်း ကျင့်သုံးသည် မဟုတ်ပါ။ ငါ့သျှင် သာရိပုတြာ (ထိုသို့ မဟုတ်လျှင်) "မရင့်ကျက်မီ ခံစားရမည့် အကျိုးရှိသော ကံသည် ငါ့အား ရင့်ကျက်မှ ခံစားရမည့် အကျိုးရှိသောကံ ဖြစ်ပါစေ" ဟူသော ဤအကျိုးငှါ မြတ်စွာဘုရား (အထံ၌) မြတ်သောအကျင့်ကို ကျင့်သုံးနေသလော။ငါ့သျှင် ဤသို့လည်း ကျင့်သုံးသည် မဟုတ်ပါ။

http://www.dhammadownload.com



"ငါ့သျှင် သာရိပုတြာ 'များစွာ ခံစားရမည့် အကျိုးရှိသော ကံသည် ငါ့အား အနည်းငယ် ခံစားရမည့် အကျိုးရှိသောကံ ဖြစ်ပါစေ' ဟူသော ဤအကျိုးငှါ မြတ်စွာဘုရား(အထံ၌)မြတ်သော အကျင့်ကို ကျင့်သုံးနေသလော။ ငါ့သျှင် ဤသို့လည်း ကျင့်သုံးသည် မဟုတ်ပါ။ ငါ့သျှင် သာရိပုတြာ (ထိုသို့မဟုတ်လျှင်) အနည်းငယ် ခံစားရမည့် အကျိုးရှိသော ကံသည် ငါ့အား များစွာ ခံစားရမည့် အကျိုးရှိသော ကံဖြစ်ပါစေ"ဟူသော ဤအကျိုးငှါ မြတ်စွာဘုရား (အထံ၌) မြတ်သောအကျင့်ကို ကျင့်သုံးနေသလော။ ငါ့သျှင် ဤသို့လည်း ကျင့်သုံးသည် မဟုတ်ပါ။

"ငါ့သျှင် သာရိပုတြာ 'ခံစားရမည့် အကျိုးရှိသော ကံသည် ငါ့အား ခံစားရမည့် အကျိုးမရှိသော ကံဖြစ်ပါစေ' ဟူသော ဤအကျိုးငှါ မြတ်စွာဘုရား (အထံ၌) မြတ်သော အကျင့်ကို ကျင့်သုံးနေသလော"။ငါ့သျှင် ဤသို့လည်း ကျင့်သုံးသည် မဟုတ်ပါ။ ငါ့သျှင် သာရိပုတြာ(ထိုသို့မဟုတ်လျှင်) "ခံစားရမည့် အကျိုးမရှိသော ကံသည် ငါ့အား ခံစားရမည့် အကျိုးရှိသောကံ ဖြစ်ပါစေ"ဟူသော ဤအကျိုးငှါ မြတ်စွာဘုရား (အထံ၌) မြတ်သော အကျင့်ကို ကျင့်သုံးနေသလော။ ငါ့သျှင် ဤသို့လည်း ကျင့်သုံးသည် မဟုတ်ပါ။

"ငါ့သျှင် သာရိပုတြာ'မျက်မှောက်ဘဝ၌ ခံစားရမည့် အကျိုးရှိသော ကံသည် ငါ့အား တမလွန်ဘဝ၌ ခံစားရမည့် အကျိုးရှိသော ကံဖြစ်ပါစေ'ဟူသော ဤအကျိုးငှါ မြတ်စွာဘုရား(အထံ၌) မြတ်သော အကျင့်ကို ကျင့်သုံးနေသလော"ဟု ဤသို့ မေးလတ်သော် "ငါ့သျှင် ဤသို့ ကျင့်သုံးသည် မဟုတ်ပါ"ဟု ဆိုဘိ၏။ "ငါ့သျှင် သာရိပုတြာ (ထိုသို့ မဟုတ်လျှင်) တမလွန်ဘဝ၌ ခံစားရမည့် အကျိုးရှိသော ကံသည် ငါ့အား 'မျက်မှောက်ဘဝ၌ ခံစားရမည့် အကျိုးရှိသော ကံဖြစ်ပါစေ' ဟူသော ဤအကျိုးငှါ မြတ်စွာဘုရား(အထံ၌) မြတ်သော အကျင့်ကို ကျင့်သုံးနေသလော" ဟု ဤသို့ မေးလတ်သော် "ငါ့သျှင် ဤသို့လည်း ကျင့်သုံးသည် မဟုတ်ပါ"ဟု ဆိုဘိ၏။

"ငါ့သျှင် သာရိပုတြာ 'ချမ်းချမ်းသာသာ ခံစားရမည့် အကျိုးရှိသော ကံသည် ငါ့အား ဆင်းဆင်းရဲရဲ ခံစားရမည့် အကျိုးရှိသော ကံဖြစ်ပါစေ' ဟူသော ဤအကျိုးငှါ မြတ်စွာဘုရား (အထံတော်)၌ မြတ်သော အကျင့်ကို ကျင့်သုံးနေသလော"ဟု ဤသို့ မေးလတ်သော် "ငါ့သျှင် ဤသို့လည်း ကျင့်သုံးသည် မဟုတ်ပါ"ဟု ဆိုဘိ၏။ "ငါ့သျှင် သာရိပုတြာ (ထိုသို့ မဟုတ်လျှင်) 'ဆင်းဆင်းရဲရဲ ခံစားရမည့် အကျိုးရှိသော ကံသည် ငါ့အား ချမ်းချမ်းသာသာ ခံစားရမည့် အကျိုးရှိသော ကံဖြစ်ပါစေ' ဟူသော ဤအကျိုးငှါ မြတ်စွာဘုရား အထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးနေသလော"ဟုဤသို့မေးလတ်သော်"ငါ့သျှင်ဤသို့လည်း ကျင့်သုံးသည်မဟုတ်ပါ"ဟု ဆိုဘိ၏။

"ငါ့သျှင် သာရိပုတြာ 'ရင့်ကျက်မှ ခံစားရမည့် အကျိုးရှိသော ကံသည်ငါ့အား မရင့်ကျက်မီ ခံစားရမည့် အကျိုးရှိသော ကံဖြစ်ပါစေ'ဟူသော ဤအကျိုးငှါ မြတ်စွာဘုရား အထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးနေသလော"ဟု ဤသို့ မေးလတ်သော် "ငါ့သျှင် ဤသို့လည်း ကျင့်သုံးသည် မဟုတ်ပါ"ဟု ဆိုဘိ၏။ "ငါ့သျှင် သာရိပုတြာ (ထိုသို့ မဟုတ်လျှင်) 'မရင့်ကျက်မီ ခံစားရမည့် အကျိုးရှိသော ကံသည်ငါ့အား ရင့်ကျက်မှ ခံစားရမည့် အကျိုးရှိသော ကံဖြစ်ပါစေ' ဟူသော ဤအကျိုးငှါ မြတ်စွာဘုရား အထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးနေသလော"ဟု ဤသို့ မေးလတ်သော် "ငါ့သျှင် ဤသို့လည်းကျင့်သုံးသည် မဟုတ်ပါ"ဟု ဆိုဘိ၏။

http://www.dhammadownload.com



"ငါ့သျှင် သာရိပုတြာ 'များစွာ ခံစားရမည့် အကျိုးရှိသော ကံသည်ငါ့အားအနည်းငယ် ခံစားရမည့် အကျိုးရှိသော ကံဖြစ်ပါစေ'ဟူသော၍အကျိုးငှါ မြတ်စွာဘုရား အထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးနေသလော"ဟု ဤသို့ မေးလတ်သော် "ငါ့သျှင် ဤသို့လည်း ကျင့်သုံးသည် မဟုတ်ပါ"ဟုဆိုဘိ၏။ "ငါ့သျှင် သာရိပုတြာ (ထိုသို့ မဟုတ်လျှင်) 'အနည်းငယ် ခံစားရမည့် အကျိုးရှိသောကံသည် ငါ့အား များစွာခံစားရမည့် အကျိုးရှိသော ကံဖြစ်ပါစေ'ဟူသော ဤအကျိုးငှါ မြတ်စွာဘုရားအထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးနေသလော"ဟု ဤသို့ မေးလတ်သော် "ငါ့သျှင် ဤသို့လည်းကျင့်သုံးသည် မဟုတ်ပါ"ဟု ဆိုဘိ၏။

"ငါ့သျှင် သာရိပုတြာ 'ခံစားရမည့် အကျိုးရှိသော ကံသည်ငါ့အား ခံစားရမည့် အကျိုးမရှိသော ကံဖြစ်ပါစေ'ဟူသော ဤအကျိုးငှါ မြတ်စွာဘုရား အထံ၌မြတ်သော အကျင့်ကို ကျင့်သုံးနေသလော"ဟု ဤသို့ မေးလတ်သော်"ငါ့သျှင် ဤသို့လည်း ကျင့်သုံးသည် မဟုတ်ပါ"ဟုဆိုဘိ၏။ "ငါ့သျှင် သာရိပုတြာ (ထိုသို့ မဟုတ်လျှင်) 'ခံစားရမည့် အကျိုးမရှိသော ကံသည် ငါ့အား ခံစားရမည့်အကျိုးရှိသော ကံဖြစ်ပါစေ' ဟူသော ဤအကျိုးငှါ မြတ်စွာဘုရား အထံ၌ အကျင့်ကို ကျင့်သုံးနေသလော"ဟု ဤသို့ မေးလတ်သော် "ငါ့သျှင် ဤသို့လည်း ကျင့်သုံးသည် မဟုတ်ပါ"ဟု ဆိုဘိ၏။ "ငါ့သျှင် (ထိုသို့ မဟုတ်လျှင်) အဘယ်အကျိုးငှါ မြတ်စွာဘုရားအထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးနေသနည်းဟု (မေး၏)။

ငါ့သျှင် မသိရသေး မမြင်ရသေး မရောက်ရသေး မျက်မှောက်မပြုရသေး ထိုးထွင်း၍ မသိရသေးသော တရားကို သိနိုင်ရန် မြင်နိုင်ရန် ရောက်နိုင်ရန် မျက်မှောက်ပြုနိုင်ရန် ထိုးထွင်း၍ သိနိုင်ရန် မြတ်စွာဘုရားအထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးနေပါ၏ ဟု (ဆို၏)။ ငါ့သျှင် မသိရသေး မမြင်ရသေး မရောက်ရသေး မျက်မှောက် မပြုရသေး ထိုးထွင်း၍ မသိရသေးသော တရားကို သိနိုင်ရန် မြင်နိုင်ရန် ရောက်နိုင်ရန် မျက်မှောက်ပြုနိုင်ရန် ထိုးထွင်း၍ သိနိုင်ရန် မြတ်စွာဘုရားအထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးနေရသော တရားကား အဘယ်ပါနည်း ဟု (မေး၏)။

ငါ့သျှင်"ဤကား ဒုက္ခတည်း"ဟု မသိရသေး မမြင်ရသေး မရောက်ရသေး မျက်မှောက်မပြုရသေး ထိုးထွင်း၍ မသိရသေးသော တရားကို သိနိုင်ရန် မြင်နိုင်ရန် ရောက်နိုင်ရန် မျက်မှောက်ပြုနိုင်ရန် ထိုးထွင်း၍ သိနိုင်ရန် မြတ်စွာဘုရားအထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးနေပါ၏၊ ငါ့သျှင်"ဤကား ဒုက္ခဖြစ်ကြောင်းတည်း"ဟု။ပ။ ငါ့သျှင် "ဤကား ဒုက္ခချုပ်ရာတည်း"ဟု။ပ။ ငါ့သျှင်"ဤကား ဒုက္ခချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း" ဟု မသိရသေး မမြင်ရသေး မရောက်ရသေး မျက်မှောက်မပြုရသေး ထိုးထွင်း၍ မသိရသေးသော တရားကို သိနိုင်ရန် မြင်နိုင်ရန် ရောက်နိုင်ရန် မျက်မှောက်ပြုနိုင်ရန် ထိုးထွင်း၍ သိနိုင်ရန် မြတ်စွာဘုရားအထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးနေပါ၏။ ငါ့သျှင် ဤသည်ကား မသိရသေး မမြင်ရသေး မရောက်ရသေး မျက်မှောက်မပြုရသေး ထိုးထွင်း၍ မသိရသေးသော တရားကို သိနိုင်ရန် မြင်နိုင်ရန် ရောက်နိုင်ရန် မျက်မှောက်ပြုနိုင်ရန် ထိုးထွင်း၍သိနိုင်ရန် မြတ်စွာဘုရားအထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးနေပါ၏ဟု(ဆို၏)။

တတိယသုတ်။

http://www.dhammadownload.com



## ၄-သမိဒ္ဓိသုတ်

၁၄။ ထိုအခါ အသျှင်သာရိပုတြာအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေသော အသျှင်သမိဒ္ဓိအား အသျှင်သာရိပုတြာသည် ဤသို့မိန့်တော်မူ၏ — "ငါ့သျှင်သမိဒ္ဓိ ယောကျ်ား၏ အကြံအစည်ဟူသော ဝိတက်တို့သည် အဘယ်လျှင်အကြောင်းရှိ၍ ဖြစ်ကုန်သနည်း" အသျှင်ဘုရား နာမ် ရုပ်လျှင် အကြောင်းရှိ၍ ဖြစ်ပါကုန် ၏။ သမိဒ္ဓိ ထိုဝိတက်တို့သည်အဘယ်၌ ထူးခြားခြင်းသို့ ရောက်သနည်း။အသျှင်ဘုရား ဓာတ်(သဘော)တို့၌ ထူးခြားခြင်းသို့ ရောက်ပါကုန်၏။သမိဒ္ဓိ ထိုဝိတက်တို့သည် အဘယ်လျှင်ဖြစ်ကြောင်းရှိကုန်သနည်း အသျှင်ဘုရား ဖဿလျှင် ဖြစ်ကြောင်းရှိပါကုန်၏။ သမိဒ္ဓိ ထိုဝိတက်တို့သည် အဘယ်လျှင် ပေါင်းဆုံရာ ရှိကုန်သနည်း။အသျှင်ဘုရား ဝေဒနာလျှင် ပေါင်းဆုံရာရှိပါကုန်၏။သမိဒ္ဓိ ထိုတရားတို့သည်အဘယ်လျှင် အဦးရှိကုန်သနည်း။အသျှင်ဘုရား သမာဓိလျှင် အဦးရှိပါကုန်၏။ သမိဒ္ဓိထိုဝိတက်တို့သည် အဘယ်လျှင် အကြီးအကဲရှိကုန်သနည်း။ အသျှင်ဘုရား သတိလျှင် အကြီးအကဲ ရှိပါကုန်၏။ သမိဒ္ဓိ ထိုဝိတက်တို့သည် အဘယ်လျှင် လွန်ကဲမှု ရှိကုန်သနည်း။ အသျှင်ဘုရား ပညာလျှင် လွန်ကဲမှု ရှိပါကုန်၏။ သမိဒ္ဓိ ထိုဝိတက်တို့သည် အဘယ်လျှင် အနှစ်သာရ ရှိကုန်သနည်း။အသျှင်ဘုရား ဝိမုတ္တိ 'ဖိုလ်'လျှင် အနှစ်သာရ ရှိပါကုန်၏။ သမိဒ္ဓိ ထိုဝိတက်တို့သည် အဘယ်၌ သက်ဝင်ကုန်သနည်း။ အသျှင်ဘုရား အမြိုက်(နိဗ္ဗာန်)၌ သက်ဝင်ကုန်၏ဟု (လျှောက်၏)။

"သမိဒ္ဓိ ယောကျ်ား၏ အကြံအစည်ဟူသော ဝိတက်တို့သည် အဘယ်လျှင် အကြောင်းရှိ၍ ဖြစ်ကုန်သနည်း"ဟု ဤသို့ မေးသည်ရှိသော် "အသျှင်ဘုရား နာမ်ရုပ်လျှင် အကြောင်း ရှိကြ၍ ဖြစ်ပါကုန်၏"ဟု ဆို၏။ "သမိဒ္ဓိ ထိုဝိတက်တို့သည် အဘယ်၌ ထူးခြားခြင်းသို့ ရောက်ကုန်သနည်း"ဟု ဤသို့ မေးသည် ရှိသော် "အသျှင်ဘုရား ဓာတ်တို့၌ ထူးခြားခြင်းသို့ ရောက်ပါကုန်၏"ဟု ဆို၏။ "သမိဒ္ဓိ ထိုဝိတက်တို့သည် အဘယ်လျှင် ဖြစ်ကြောင်း ရှိကုန်သနည်း"ဟု ဤသို့ မေးသည်ရှိသော် "အသျှင်ဘုရား ဖဿလျှင် ဖြစ်ကြောင်း ရှိပါကုန်၏"ဟု ဆို၏။ "သမိဒ္ဓိ ထိုဝိတက်တို့သည် အဘယ်လျှင် ပေါင်းဆုံရာရှိကုန်သနည်း"ဟု မေးသည်ရှိသော် "အသျှင်ဘုရား ဝေဒနာလျှင် ပေါင်းဆုံရာ ရှိပါကုန်၏"ဟု ဆို၏။ "သမိဒ္ဓိ ထိုဝိတက်တို့သည် အဘယ်လျှင် အဦး ရှိကုန်သနည်း"ဟု ဤသို့ မေးသည်ရှိသော် "အသျှင်ဘုရား သမာဓိလျှင် အဦးရှိပါကုန်၏"ဟု ဆို၏။ "သမိဒ္ဓိ ထိုဝိတက်တို့သည် အဘယ်လျှင် အကြီးအကဲ ရှိကုန်သနည်း"ဟု ဤသို့ မေးသည် ရှိသော် "အသျှင်ဘုရား သတိလျှင် အကြီးအကဲ ရှိပါကုန်၏"ဟု ဆို၏။ သမိဒ္ဓိ ထိုဝိတက်တို့သည် အဘယ်လျှင် လွန်ကဲမှု ရှိကုန်သနည်း"ဟု ဤသို့ မေးသည်ရှိသော် "အသျှင်ဘုရား ပညာလျှင် လွန်ကဲမှုရှိပါကုန်၏"ဟု ဆို၏။ "သမိဒ္ဓိ ထိုဝိတက်တို့သည် အဘယ်လျှင် အနှစ်သာရ ရှိကုန်သနည်း"ဟု ဤသို့ မေးသည်ရှိသော် "အသျှင်ဘုရား ဝိမုတ္တိ 'ဖိုလ်' လျှင် အနှစ်သာရ ရှိပါကုန်၏"ဟု ဆို၏။ "သမိဒ္ဓိ ထိုဝိတက်တို့သည် အဘယ်၌ သက်ဝင်ကုန်သနည်း"ဟု မေးသည် ရှိသော် "အသျှင်ဘုရား အမြိုက် (နိဗ္ဗာန်)၌ သက်ဝင်ပါကုန်၏"ဟု ဆို၏။

သမိဒ္ဓိ ကောင်းပေစွ ကောင်းပေစွ၊ သမိဒ္ဓိ သင်သည် မေးတိုင်း မေးတိုင်း ကောင်းစွာပင် ဖြေဆိုနိုင်ပေ၏၊ ထိုမေးတိုင်း ဖြေနိုင်သဖြင့်လည်း (ငါဖြေနိုင်သည်ဟူ၍) အထင်မကြီးလေလင့်ဟု မိန့်ဆို၏။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-ဂဏ္ဍသုတ်

၁၅။ ရဟန်းတို့ ဥပမာသော်ကား နှစ်အရေအတွက် များစွာကြာမြင့်သော အိုင်းအမာ'အနာ' သည်(ရှိရာ၏)၊ထိုအိုင်းအမာအား မည်သူကမျှ ဖောက်ခွဲ၍ပြုရသည်မဟုတ်ကုန်သော အပေါက်ဝ ကိုးခုဟူသော အနာဝကိုးပေါက်တို့သည် ရှိကုန်ရာ၏၊ထိုအနာဝ ကိုးပေါက်တို့မှ တစုံတရာယိုကျပါမူ မစင်ကြယ်သောအရာသာ ယိုကျရာ၏၊ မကောင်းသောအနံ့သာ ယိုကျရာ၏၊ စက်ဆုပ်ဖွယ်သော အရာသာ ယိုကျရာ၏၊ တစုံတရာ ပွါးစီးပါမူ မစင်ကြယ်သော အရာသာ ပွါးစီးရာ၏၊မကောင်းသော အနံ့သာ ပွါးစီးရာ၏၊ စက်ဆုပ်ဖွယ်သော အရာသာ ပွါးစီးရာ၏။

ရဟန်းတို့ "အိုင်းအမာ"ဟူသော ဤအမည်သည် မိဖတို့၏ သုတ်သွေးကြောင့် ဖြစ်သော ထမင်းမုံ့တို့ဖြင့် ကြီးပွါးစေအပ်သော မမြဲခြင်းသဘော နံ့သာပျောင်းတို့ဖြင့်ပွတ်သပ်ပေးရခြင်း သဘော ဆုပ်နယ်ပေးရခြင်းသဘော ပြိုကွဲပျက်စီးခြင်းသဘောရှိသော မဟာဘုတ် လေးပါးတို့ဖြင့် ပြီးသော ဤခန္ဓာကိုယ်၏ အမည်တည်း။ ထိုခန္ဓာကိုယ် အိုင်းအမာအား မည်သူကမျှ ဖောက်ခွဲ၍ ပြုရသည်မဟုတ်ကုန်သော အပေါက်ကိုးခုဟူသော အနာဝကိုးပေါက်တို့သည် ရှိကုန်ရာ၏၊ ထို အနာဝကိုးပေါက်တို့မှ တစုံတရာ ယိုကျပါမူ မစင်ကြယ်သောအရာသာ ယိုကျရာ၏၊ မကောင်း သော အနံ့သာ ယိုကျရာ၏၊ စက်ဆုပ်ဖွယ်သော အရာသာ ယိုကျရာ၏၊ တစုံတရာ ပွါးစီးပါမူ မစင်ကြယ်သော အရာသာ ပွါးစီးရာ၏၊ မကောင်းသောအနံ့သာ ပွါးစီးရာ၏၊ စက်ဆုပ်ဖွယ်သော အရာသာ ပွါးစီးရာ၏။ ရဟန်းတို့ ထို့ကြောင့် ဤ (ခန္ဓာ) ကိုယ်၌ ငြီးငွေ့ ကြကုန်လော့ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-သညာသုတ်

၁၆။ ရဟန်းတို့ ဤသညာကိုးမျိုးတို့ကို ပွါးများကြကုန်မူ ကြိမ်ဖန်များစွာပြုကြကုန်မူ အကျိုး များကုန်၏၊ အာနိသင်များကုန်၏၊ အမြိုက်နိဗ္ဗာန်သို့ သက်ဝင်ကုန်၏၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံး ရှိကုန်၏။

အဘယ်ကိုးမျိုးတို့နည်းဟူမူ—မတင့်တယ်ဟု အမှတ်ပြုမှု 'အသုဘသညာ'၊ သေခြင်း၌ အမှတ် ပြုမှု 'မရဏသညာ'၊ အစားအစာ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ပြုမှု 'အာဟာရေ ပဋိကူလသညာ'၊ လောကအားလုံး၌ မမွေ့လျော်ဖွယ်ဟု အမှတ်ပြုမှု 'သဗ္ဗလောကေ အနဘိရတိသညာ'၊ မမြဲဟု အမှတ်ပြုမှု 'အနိစ္စသညာ'၊ မမြဲရာ၌ ဆင်းရဲဟု အမှတ်ပြုမှု 'အနိစ္စေ ဒုက္ခသညာ'၊ ဆင်းရဲရာ၌ အစိုးမရ 'အတ္တမဟုတ်'ဟု အမှတ်ပြုမှု 'ဒုက္ခေ အနတ္တသညာ'၊ ပယ်ခြင်း၌ဖြစ်သော အမှတ်ပြုမှု 'ပဟာနသညာ'၊ တပ်မက်မှုကင်းခြင်း၌ဖြစ်သော အမှတ်ပြုမှု 'ဝိရာဂသညာ' တို့တည်း။

ရဟန်းတို့ ဤသညာကိုးမျိုးတို့ကို ပွါးများကြကုန်မူ ကြိမ်ဖန်များစွာ ပြုကြကုန်မူ အကျိုး များကုန်၏၊ အာနိသင်များကုန်၏၊ အမြိုက် (နိဗ္ဗာန်)သို့ သက်ဝင်ကုန်၏၊ အမြိုက် (နိဗ္ဗာန်)လျှင် အဆုံးရှိကုန်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

http://www.dhammadownload.com



## ၇-ကုလသုတ်

၁၇။ ရဟန်းတို့ အင်္ဂါကိုးမျိုးတို့နှင့် ပြည့်စုံသော ဒါယကာတို့အိမ်သို့ မကပ်ရောက်ရ သေးသော် ကပ်ရောက်ရန် မသင့်၊ ကပ်ရောက်ပြီးသော်ကား ထိုင်နေရန် မသင့်။ အဘယ်ကိုးမျိုးတို့နည်းဟူမူ— မြတ်နိုးသဖြင့် ခရီးဦးမကြိုဆိုကုန်၊ မြတ်နိုးသဖြင့် ရှိမခိုးကုန်၊ မြတ်နိုးသဖြင့် နေရာမပေးကုန် ထင်ရှားရှိသော လှူဘွယ်ဝတ္ထုကို ထိုရဟန်းအား လျှို့ဝှက်ကုန်၏၊ အလှူဝတ္ထု အများ အပြား ရှိပါလျက်လည်း အနည်းငယ်မျှသာ ပေးလှူကုန်၏၊ မွန်မြတ်သောလှူဘွယ်ဝတ္ထု ရှိလျက်လည်း ရှန့်ရင်းကြမ်းတမ်းသော လှူဘွယ်ဝတ္ထုကို ပေးလှူကုန်၏၊ မရိုမသေ ပေးလှူကုန်၏၊ ရိုရိုသေသေ မပေးလှူကုန်၊ တရားနာရန် ချဉ်းကပ်၍ မနေထိုင်ကုန်၊ ထိုရဟန်းဟောသော တရားကို ကောင်းစွာ မနာကုန်။ ရဟန်းတို့ ဤအင်္ဂါကိုးမျိုးတို့နှင့် ပြည့်စုံသော ဒါယကာတို့အိမ်သို့ မကပ်ရောက်ရသေးသော် ကပ်ရောက်ရန် မသင့်၊ ကပ်ရောက်ပြီးသော်ကား ထိုင်နေရန် မသင့်။

ရဟန်းတို့ အင်္ဂါကိုးမျိုးတို့နှင့် ပြည့်စုံသော ဒါယကာတို့အိမ်သို့ မကပ်ရောက်ရသေးသော် ကပ်ရောက်ရန် သင့်၏၊ ကပ်ရောက်ပြီးသော်ကား ထိုင်နေရန် သင့်၏။ အဘယ်ကိုးမျိုးတို့နည်းဟူမူ—မြတ်နိုးသဖြင့် ခရီးဦးကြိုဆိုကုန်၏၊ မြတ်နိုးသဖြင့် ရှိခိုးကုန်၏၊ မြတ်နိုးသဖြင့် နေရာပေးကုန်၏၊ ထင်ရှားရှိသော လှူဘွယ်ဝတ္ထုကို ထိုရဟန်းအား မလျှို့ဝှက် အလှူဝတ္ထု အများအပြားရှိသော် အများအပြား ပေးလှူကုန်၏၊ မွန်မြတ်သော လှူဘွယ်ဝတ္ထုရှိသော် မွန်မြတ်သော လှူဘွယ်ဝတ္ထုကို ပေးလှူကုန်၏၊ ရိုရိုသေသေ ပေးလှူကုန်၏၊ မရိုမသေ မလှူ[illegible]၊ တရားနာရန် ချဉ်းကပ်၍ ထိုင်နေကုန်၏၊ ထိုရဟန်းဟောသော တရားကို ကောင်းစွာ နာ[illegible]န်၏။ ရဟန်းတို့ ဤအင်္ဂါကိုးမျိုးတို့နှင့် ပြည့်စုံသော ဒါယကာတို့အိမ်သို့ မကပ်ရောက်ရသေးသော် ကပ်ရောက်ရန် သင့်၏၊ ကပ်ရောက်ပြီးသော်ကား ထိုင်နေရန် သင့်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-နဝင်္ဂုပေါသထသုတ်

၁၈။ ရဟန်းတို့ အင်္ဂါကိုးမျိုးတို့နှင့် ပြည့်စုံသော ကျင့်သုံးအပ်သော ဥပုသ်သည် အကျိုးကြီး၏၊ အာနိသင်ကြီး၏၊ တန်ခိုးကြီး၏၊ ကြီးသော ပြန့်နှံ့ခြင်းရှိ၏။ ရဟန်းတို့ အဘယ်သို့ ကျင့်သုံးအပ်သော အင်္ဂါကိုးမျိုးတို့နှင့် ပြည့်စုံသော ဥပုသ်သည် အကျိုးကြီးသနည်း၊ အာနိသင်ကြီးသနည်း၊ ကြီးသောပြန့်နှံ့ခြင်းရှိသနည်း။

ရဟန်းတို့ ဤ သာသနာတော်၌ အရိယာဖြစ်သော တပည့်သည် ဤသို့ ဆင်ခြင်၏၊ "ရဟန္တာတို့သည် အသက်ထက်ဆုံး အသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ တုတ်ကို ချထားပြီးဖြစ်ကုန်၏၊ လက်နက်ကို ချထားပြီးဖြစ်ကုန်၏၊ ရှက်ခြင်းရှိကုန်၏၊ သနားတတ်ကုန်၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက် နေကုန်၏၊ ငါသည်လည်း ဤတညဉ့်နှင့် တနေ့ပတ်လုံး အသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်လျက် တုတ်ကိုချထားလျက် လက်နက်ကို ချထားလျက် ရှက်ခြင်းရှိလျက် သနားလျက် ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက်နေအံ့၊ ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာတို့ကို အတုလိုက်၍ပြုအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးအပ်သည်လည်း ဖြစ်ပေလိမ့်မည်" ဟု ဆင်ခြင်၏။ ဤပဌမ

http://www.dhammadownload.com



အင်္ဂါနှင့် ပြည့်စုံ၏။ပ။ "ရဟန္တာတို့သည် အသက်ထက်ဆုံး မြင့်သောနေရာ မြတ်သောနေရာ၌ နေခြင်းကိုပယ်၍ မြင့်သောနေရာ မြတ်သောနေရာ၌ နေခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ညောင်စောင်း ငယ်၌ဖြစ်စေ မြက်အခင်း၌ဖြစ်စေ နိမ့်သောနေရာ၌ နေကုန်၏၊ ငါသည်လည်း ဤတညဥ့်နှင့် တနေ့ ပတ်လုံး မြင့်သောနေရာ မြတ်သောနေရာ၌ နေခြင်းကိုပယ်၍ မြင့်သောနေရာ မြတ်သောနေရာ၌ နေခြင်းမှ ရှောင်ကြဉ်လျက် ညောင်စောင်းငယ်၌ဖြစ်စေ မြက်အခင်း၌ဖြစ်စေ နိမ့်သောနေရာ၌ နေပါအံ့။ ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာတို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဥပုသ် ကျင့်သုံးအပ်သည်လည်း ဖြစ်ပေလိမ့်မည်"ဟု ဆင်ခြင်၏။ ဤအဋ္ဌမအင်္ဂါနှင့်ပြည့်စုံ၏။

မေတ္တာနှင့် ယှဉ်သောစိတ်ဖြင့် တခုသောအရပ်မျက်နှာကို ပြန့်နှံ့စေ၍နေ၏။ ထို အတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ ဤနည်းဖြင့် အထက် အောက် ဖီလာ အလုံးစုံသော အရပ်မျက်နှာတို့၌ ရှိသော သတ္တဝါ အားလုံးကို မိမိနှင့်အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြော သော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော မေတ္တာနှင့် ယှဉ်သောစိတ်ဖြင့် ပြန့်နှံ့စေလျက် နေ၏။ ဤနဝမအင်္ဂါနှင့်ပြည့်စုံ၏။ ရဟန်းတို့ ဤသို့ ကျင့်သုံး အပ်သော အင်္ဂါကိုးမျိုးတို့နှင့် ပြည့်စုံသော ဥပုသ်သည် အကျိုးကြီး၏၊ အာနိသင်ကြီး၏၊ တန်ခိုး ကြီး၏၊ ကြီးသော ပြန့်နှံ့ခြင်း ရှိ၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ဒေဝတာသုတ်

၁၉။ ရဟန်းတို့ ဤညဥ့်၌ပင် နတ်များစွာတို့သည် ညဥ့်ဦးယံလွန်ပြီးသော(သန်ကောင်ယံ) အခါ၌ အလွန်နှစ်သက်ဖွယ် အဆင်းရှိသည်ဖြစ်၍ ဇေတဝန်တကျောင်းလုံးကို ထွန်းလင်းစေလျက် ငါ့ထံသို့ ချဉ်းကပ်လာကြပြီးနောက် ငါ့ကို ရှိခိုး၍ တခုသောနေရာ၌ ရပ်တည်ကြလျက် "အသျှင် ဘုရား ရှေးအခါက လူဖြစ်ကြသူ အကျွန်ုပ်တို့၏အိမ်တို့သို့ ရဟန်းတို့သည် ချဉ်းကပ်တော်မူ ကြပါကုန်၏၊ အသျှင်ဘုရား အကျွန်ုပ်တို့သည် ထိုရဟန်းတို့ကို ခရီးဦး ကြိုဆိုခဲ့ကြပါကုန်၏၊ ရှိခိုး ခြင်းကိုမူကား မပြုခဲ့ကြပါကုန်၊ အသျှင်ဘုရား ထိုအကျွန်ုပ်တို့သည် မပြည့်စုံသောအမှု ရှိကုန်၍ နှလုံးမသာ နောင်တပူပန်ကာ ယုတ်ညံ့သောဘုံသို့ ရောက်ကြရပါကုန်၏" ဟု လျှောက်ကြကုန်၏။

အခြားနတ်များစွာတို့ကလည်း ငါ့ထံသို့ချဉ်းကပ်၍ "အသျှင်ဘုရား ရှေးအခါက လူဖြစ်ကြသူ အကျွန်ုပ်တို့၏အိမ်တို့သို့ ရဟန်းတို့သည် ချဉ်းကပ်ကြပါကုန်၏၊ အသျှင်ဘုရား အကျွန်ုပ်တို့သည် ထိုရဟန်းတို့ကို ခရီးဦး ကြိုဆိုခဲ့ကြပါကုန်၏၊ ရှိခိုးခဲ့ကြပါကုန်၏၊ထိုရဟန်းတော်တို့အား နေရာကို မူကား မပေးခဲ့ကြပါကုန်၊အသျှင်ဘုရား ထိုအကျွန်ုပ်တို့သည် မပြည့်စုံသောအမှုရှိကုန်၍ နှလုံး မသာ နောင်တပူပန်ကာ ယုတ်ညံ့သောဘုံသို့ ရောက်ကြရပါကုန်၏"ဟု လျှောက်ကြကုန်၏။

အခြားနတ်များစွာတို့ကလည်း ငါ့ထံသို့ချဉ်းကပ်၍ "အသျှင်ဘုရား ရှေးအခါက လူဖြစ်ကြသူ အကျွန်ုပ်တို့၏အိမ်တို့သို့ ရဟန်းတို့သည် ချဉ်းကပ်ကြပါကုန်၏၊ အသျှင်ဘုရား အကျွန်ုပ်တို့သည် ထိုရဟန်းတို့ကို ခရီးဦး ကြိုဆိုခဲ့ကြပါကုန်၏၊ ရှိခိုးခဲ့ကြပါကုန်၏၊ နေရာပေးခဲ့ကြပါကုန်၏၊ စွမ်းအား ရှိသလောက် အင်အားရှိသလောက်ကား မဝေဖန်'မလှူဒါန်း'ခဲ့ကြပါကုန်။ပ။စွမ်းအား ရှိသလောက်

http://www.dhammadownload.com



အင်အားရှိသလောက် ဝေဖန် 'လှူဒါန်း'ခဲ့ကြပါကုန်၏၊ တရားနာရန်မူကား ချဉ်းကပ်၍ မထိုင်ခဲ့ကြပါကုန်။ပ။တရားနာရန် ချဉ်းကပ်၍ ထိုင်ခဲ့ကြပါကုန်၏၊ နားစိုက်၍မူကား တရားကို မနာခဲ့ကြပါကုန်။ပ။နားစိုက်၍ တရားကို နာခဲ့ကြပါကုန်၏၊ နာကြားပြီး၍မူကား တရားကို ဆောင်မထား ခဲ့ကြပါကုန် ။ပ။ နာကြား ပြီး၍လည်း တရားကို ဆောင်ထား ခဲ့ကြပါကုန်၏၊ ဆောင်ထားပြီးတရားတို့၏အနက်(အဓိပ္ပါယ်)ကိုမူကား မစူးစမ်းခဲ့ကြပါကုန်။ပ။ဆောင်ထားပြီး တရားတို့၏ အနက်(အဓိပ္ပါယ်)ကိုလည်း စူးစမ်းခဲ့ကြပါကုန်၏၊ အနက်ပါဠိကိုသိ၍ တရားအားလျော်သော အကျင့်ကို မကျင့်ခဲ့ကြပါကုန်။ အသျှင်ဘုရား ထိုအကျွန်ုပ်တို့သည် မပြည့်စုံသောအမှုရှိကုန်၍ နှလုံးမသာ နောင်တပူပန်ကာ ယုတ်ညံ့သောဘုံသို့ ရောက်ကြရပါကုန်၏" ဟု လျှောက်ကြကုန်၏။

အခြားနတ်များစွာတို့ကလည်း ငါ့ထံသို့ချဉ်းကပ်၍ "အသျှင်ဘုရား ရှေးအခါက လူဖြစ်ကြသူ အကျွန်ုပ်တို့၏အိမ်ဘို့သို့ ရဟန်းတို့သည် ချဉ်းကပ်ကြပါကုန်၏၊ အသျှင်ဘုရား အကျွန်ုပ်တို့သည် ထိုရဟန်းတို့ကို ခရီးဦး ကြိုဆိုခဲ့ကြပါကုန်၏၊ ရှိခိုး ခဲ့ကြပါကုန်၏၊ နေရာ ပေးခဲ့ကြပါကုန်၏၊ စွမ်းအားရှိသလောက် အင်အားရှိသလောက် ဝေဖန် လှူဒါန်း ခဲ့ကြပါကုန်၏၊ တရားနာရန် ချဉ်းကပ်၍ထိုင်ခဲ့ကြပါကုန်၏၊ နားစိုက်၍လည်း တရားနာခဲ့ကြပါကုန်၏၊ နာကြားပြီး၍လည်း တရားကို ဆောင်ခဲ့ကြပါကုန်၏၊ ဆောင်ထားပြီး တရားတို့၏အနက်(အဓိပ္ပါယ်)ကိုလည်း စူးစမ်းခဲ့ကြပါကုန်၏၊ အနက်ပါဠိကို သိ၍ တရားအားလျော်သော အကျင့်ကိုလည်း ကျင့်ခဲ့ကြပါကုန်၏။ အသျှင်ဘုရား ထိုအကျွန်ုပ်တို့သည် ပြည့်စုံသော အမှုရှိကုန်၍ နှလုံးမသာ မရှိပဲ နောင်တ တဖန် မပူပန်ကြပဲ မြင့်မြတ်သောဘုံသို့ ရောက်ကြရပါကုန်၏"ဟု လျှောက်ကြကုန်၏။

ရဟန်းတို့ ထိုအရာတို့ကား သစ်ပင်ရင်းတို့တည်း၊ ထိုအရာတို့ကား ဆိတ်ငြိမ်ရာအရပ်တို့တည်း၊ရဟန်းတို့(ကိလေသာကို) ရှို့မြိုက်ကြကုန်လော့၊မမေ့လျော့ကြကုန်လင့်၊ထိုရှေးဖြစ်သော နတ်တို့ကဲ့သို့ နောက်မှ နှလုံးမသာသူတို့ မဖြစ်ကြကုန်လင့်ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဝေလာမသုတ်

၂၀။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ တခုသောနေရာ၌ ထိုင်နေသော အနာထပိဏ်သူဌေးအား မြတ်စွာဘုရားသည်— သူကြွယ်သင်၏အိမ်၌ အလှူကိုပေးလှူ၏လောဟု မေးတော်မူ၏။

အသျှင်ဘုရား အကျွန်ုပ်၏အိမ်၌ အလှူကိုပေးလှူပါ၏၊ထိုအလှူသည်လည်း ပအုံးရည်လျှင် နှစ်ခွက်မြောက်သော ယုတ်ညံ့သော ဆန်ကွဲထမင်းမျှသာဖြစ်ပါသည်ဟု(လျှောက်၏)။

သူကြွယ် ယုတ်ညံ့သည်ဖြစ်စေ မွန်မြတ်သည်ဖြစ်စေ အလှူကိုပေးလှူ၏၊ ထိုအလှူကိုလည်း မရိုမသေ လှူပါမူ စိတ်မပါပဲ လှူပါမူ မိမိလက်ဖြင့်(ကိုယ်တိုင်)မဟုတ်ပဲ လှူပါမူ လွှင့်ပစ်သကဲ့သို့ လှူပါမူ ကံ ကံ၏အကျိုးရှိ၏ဟု အယူမရှိပဲ လှူပါမူ ထိုအလှူ၏ အကျိုးဖြစ်လေရာတိုင်း၌ မွန်မြတ်သောအစာကို သုံးဆောင်ရန် စိတ်မညွတ်၊ မွန်မြတ်သော အဝတ်ကို သုံးဆောင်ရန် စိတ်မညွတ်၊ မွန်မြတ်သော ယာဉ်ကို သုံးဆောင်ရန် စိတ်မညွတ်၊မွန်မြတ်သော ကာမဂုဏ်ငါးပါးတို့၌ သုံးဆောင်

http://www.dhammadownload.com



ရန် စိတ်မညွတ်၊ ထိုအလှူရှင်၏ သားမယား ကျွန် အစေခံ အလုပ်သမားတို့သည်လည်း (ပြောစကားကို) မနာခံကုန်၊ နားမထောင်ကုန်၊ သိရန် စိတ်ကို မထားကုန်။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ သူကြွယ် မရိုမသေ ပြုအပ်ကုန်သော(ကောင်းမှု)ကံတို့၏အကျိုးသည် ဤသို့ ဖြစ်တတ်သောကြောင့်တည်း။

သူကြွယ် ယုတ်ညံ့သည်ဖြစ်စေ မွန်မြတ်သည်ဖြစ်စေ အလှူကို ပေးလှူ၏၊ ထိုအလှူကိုလည်း ရိုရိုသေသေ လှူပါမူ စိတ်ပါဝင်စားစွာ လှူပါမူ မိမိလက်ဖြင့်(ကိုယ်ဘိုင်)လှူပါမူ လှွင့်ပစ်သကဲ့သို့ မဟုတ်ပဲ လှူပါမူ ကံ ကံ၏အကျိုးရှိ၏ဟု အယူရှိ၍ လှူပါမူ အလှူ၏ အကျိုးဖြစ်လေရာတိုင်း၌ မွန်မြတ်သောအစာကို သုံးဆောင်ရန် စိတ်ညွတ်၏၊ မွန်မြတ်သောအဝတ်ကို သုံးဆောင်ရန် စိတ်ညွတ်၏၊မွန်မြတ်သောယာဉ်ကို သုံးဆောင်ရန် စိတ်ညွတ်၏၊ မွန်မြတ်သော ကာမဂုဏ်ငါးပါးတို့၌ သုံးဆောင်ရန် စိတ်ညွတ်၏၊ ထိုအလှူရှင်၏ သားမယား ကျွန် အစေခံ အလုပ်သမားတို့သည်လည်း(ပြောစကားကို)နာခံလိုကုန်၏၊ နားထောင်ကုန်၏၊သိရန် စိတ်ကို ထားကုန်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ သူကြွယ် ရိုရိုသေသေ ပြုအပ်ကုန်သော(ကောင်းမှု)ကံတို့၏ အကျိုးသည် ဤသို့ ဖြစ်တတ်သောကြောင့်တည်း။

သူကြွယ် ရှေးကဖြစ်ဘူးသည်ကား ဝေလာမမည်သောပုဏ္ဏား(ဟု)ရှိခဲ့ဘူး၏၊ ထိုပုဏ္ဏားသည် ဤမျှကြီးကျယ်သော အလှူကို လှူခဲ့၏၊ ငွေဖြင့်ပြည့်သော ရွှေခွက်ရှစ်သောင်းလေးထောင်တို့ကို လှူခဲ့၏၊ ရွှေဖြင့်ပြည့်သော ငွေခွက် ရှစ်သောင်းလေးသောင်တို့ကို လှူခဲ့၏၊ ရတနာခုနစ်ပါးဖြင့်ပြည့်သော ကြေးခွက်ရှစ်သောင်းလေးထောင်တို့ကို လှူခဲ့၏၊ရွှေတန်ဆာ ရွှေတံခွန် ရွှေကွန်ရက်ဖုံးလွှမ်းအပ်ကုန်သော ဆင်ရှစ်သောင်းလေးထောင်တို့ကို လှူခဲ့၏၊ ခြင်္သေ့ရေ ကျားရေ သစ်ရေ ပဏ္ဍုကမ္ဗလာတို့ဖြင့် ခြံရံအပ်ကုန်သော ရွှေတန်ဆာ ရွှေတံခွန် ရွှေကွန်ရက်တို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော ရထား ရှစ်သောင်းလေးထောင်တို့ကို လှူခဲ့၏၊ ဖွဲဖြူပုဆိုးခင်းအပ်ကုန်သော ငွေ(နို့ရေခံ)ခွက်ရှိကုန်သော နွားမရှစ်သောင်းလေးထောင်တို့ကို လှူခဲ့၏၊ပတ္တမြားနားတောင်းဝတ်သော အမျိုးသမီးရှစ်သောင်းလေးထောင်တို့ကို လှူခဲ့၏၊ မွေးရှည်ကော်ဇောကြီး သားမွေးဖြူ အခင်း ပန်းပြောက်ခြယ် သားမွေးအခင်းဖြင့် ခင်းအပ်ကုန်သော ဝံပိုင့်ရေအခင်းမြတ် (နီသော)မျက်နှာကြက်နှင့် အုံးနီနှစ်ဖက်ရှိကုန်သော ပလ္လင်ရှစ်သောင်းလေးထောင်တို့ကို လှူခဲ့၏၊ သိမ်မွေ့နူးညံ့သော ခေါမမည်သောပုဆိုး သိမ်မွေ့သော ပိုးချည်အဝတ် သိမ်မွေ့သော ဝါချည်အဝတ် ကုဋေ ရှစ်သောင်းလေးထောင်တို့ကို လှူခဲ့၏၊ထမင်းခဲဖွယ် စားဖွယ် လျက်ဖွယ် သောက်ဖွယ်ကို လှူခြင်း၌ကား ဆိုဖွယ်မရှိ မြစ်ရေစီးသကဲ့သို့ ထင်ရကုန်၏။

သူကြွယ် "ထိုအခါကဖြစ်ခဲ့သော ထိုကြီးကျယ်သော အလှူကို လှူခဲ့သော ဝေလာမပုဏ္ဏားဟူသည် အခြားသူဖြစ်တန်ရာ၏"ဟု သင့်အား ဤသို့ အကြံဖြစ်ရာ၏၊သူကြွယ် ထိုအကြောင်းကို ဤသို့ မမှတ်လင့်၊ ငါသည် ထိုအခါက ဝေလာမပုဏ္ဏား ဖြစ်ခဲ့ဘူး၏၊ ငါသည် ထိုကြီးကျယ်သော အလှူကို လှူခဲ့၏။ သူကြွယ် ထိုအလှူ၌ မြတ်သောအလှူကို ခံထိုက်သူ တဦးတယောက်မျှ မရှိခဲ့၊ တဦးတယောက်မျှ မြတ်သော အလှူကို မသုတ်သင်နိုင်ခဲ့။

သူကြွယ် ဝေလာမပုဏ္ဏားသည် အကြင် ကြီးကျယ်သော အလှူကို လှူခဲ့၏၊ အကြင်သူ တဦးတယောက်သည်ကား အယူပြည့်စုံသူ သောတာပန် တဦးကို ကျွေးမွေးရာ၏၊ ထို သောတာပန် တဦးကို ကျွေးမွေးရခြင်းသည် ထို ဝေလာမ ပုဏ္ဏား၏ အလှူကြီးထက် သာ၍ အကျိုးကြီး၏။ အကြင်သူသည် သောတာပန် တရာကို ကျွေးမွေးရာ၏၊ အကြင်သူသည်ကား သကဒါဂါမ်

http://www.dhammadownload.com



တဦးကို ကျွေးမွေးရာ၏၊ ဤသကဒါဂါမ်တဦးကို ကျွေးမွေးရခြင်းသည် ထိုသောတာပန်တရာကို ကျွေးမွေးရခြင်းထက် သာ၍ အကျိုးကြီး၏။ အကြင်သူသည် သကဒါဂါမ်တရာကို ကျွေးမွေးရာ၏၊ အကြင်သူသည်ကား အနာဂါမ်တဦးကို ကျွေးမွေးရာ၏။ပ။ အကြင်သူသည် အနာဂါမ်တရာကို ကျွေးမွေးရာ၏၊ အကြင်သူသည်ကား ရဟန္တာတပါးကို ကျွေးမွေးရာ၏။ပ။အကြင်သူသည် ရဟန္တာတရာကို ကျွေးမွေးရာ၏၊ အကြင်သူသည်ကား ပစ္စေကဗုဒ္ဓါတပါးကိုကျွေးမွေးရာ၏ ။ပ။ အကြင်သူသည် ပစ္စေကဗုဒ္ဓါတရာကို ကျွေးမွေးရာ၏၊ အကြင်သူသည်ကား ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရားကို ကျွေးမွေးရာ၏ ။ပ။ အကြင်သူသည်ကားမြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာကို ကျွေးမွေးရာ၏။ပ။အကြင်သူသည်ကား အရပ်လေးမျက်နှာ၌ရှိသော သံဃာကိုရည်ညွှန်း၍ ကျောင်းဆောက်ရာ၏။ပ။ အကြင်သူသည်ကား ကြည်ညိုစိတ် ရှိသဖြင့် ဘုရား တရား သံဃာကို ကိုးကွယ်ရာဟု ဆည်းကပ်ရာ၏။ပ။အကြင်သူသည်ကား ကြည်ညိုစိတ်ရှိသဖြင့် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်မှု မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်မှု ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်မှု မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်မှု ယစ်မူး မေ့လျော့ ခြင်း၏အကြောင်းဖြစ်သော သေ အရက် သောက်ခြင်းမှ ရှောင်ကြဉ်မှု(ဟူသော)သိက္ခာပုဒ်တို့ကို ဆောက်တည်ရာ၏။ အကြင် သူသည်ကား အယုတ်သဖြင့် နို့သာတရှူခန့်မျှ အချိန်လောက် မေတ္တာစိတ်ကို ပွါးများရာ၏၊ (အကြင်သူသည်ကား လက်ဖျစ်တတွက်ခန့်မျှ အချိန်လောက် အနိစ္စသညာကို ပွါးများရာ၏)၊ ဤလက်ဖျစ် တတွက်ခန့် အချိန်လောက် အနိစ္စသညာကို ပွါးများခြင်းသည် ထို မေတ္တာပွါးများခြင်းထက် သာ၍ အကျိုး ကြီး၏။

သူကြွယ် ဝေလာမပုဏ္ဏားသည် အကြင် အလှူကြီးကို လှူခဲ့၏၊ အကြင်သူသည်ကား အယူ ပြည့်စုံသူ(သောတာပန်)တဦးကို ကျွေးမွေးရာ၏၊အကြင်သူသည် အယူပြည့်စုံသူ(သောတာပန်) တရာကို ကျွေးမွေးရာ၏၊ အကြင်သူသည်ကား သကဒါဂါမ်တဦးကို ကျွေးမွေးရာ၏၊အကြင်သူသည် သကဒါဂါမ်တရာကို ကျွေးမွေးရာ၏၊ အကြင်သူသည်ကား အနာဂါမ်တဦးကို ကျွေးမွေးရာ၏၊ အကြင်သူသည် အနာဂါမ်တရာကို ကျွေးမွေးရာ၏၊ အကြင်သူသည်ကား ရဟန္တာတပါးကို ကျွေးမွေးရာ၏၊ အကြင်သူသည်ရဟန္တာတရာကို ကျွေးမွေးရာ၏၊ အကြင်သူသည်ကား ပစ္စေက ဗုဒ္ဓါတပါးကို ကျွေးမွေးရာ၏၊ အကြင်သူသည် ပစ္စေကဗုဒ္ဓါတရာကို ကျွေးမွေးရာ၏၊ အကြင်သူ သည်ကား ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရားကို ကျွေးမွေးရာ၏၊ အကြင်သူသည် ဘုရားအမှူးရှိသော သံဃာကို ကျွေးမွေးရာ၏၊ အကြင်သူသည်ကား အရပ် လေးမျက်နှာ၌ ရှိသော သံဃာကို ရည်ညွှန်း၍ ကျောင်းဆောက်ရာ၏၊အကြင်သူသည် ကြည်ညိုစိတ်ရှိသဖြင့် ဘုရား၊ တရား၊ သံဃာကို ကိုးကွယ် ရာဟု ဆည်းကပ်ရာ၏၊ အကြင်သူသည်ကား ကြည်ညိုစိတ်ရှိသဖြင့် သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်မှု ။ပ။ ယစ်မူး မေ့လျော့ခြင်း၏ အကြောင်း ဖြစ်သော သေ အရက် သောက်ခြင်းမှ ရှောင်ကြဉ်မှု ဟူသော သိက္ခာပုဒ်တို့ကို ဆောက်တည်ရာ၏၊အကြင်သူသည် နို့သာတရှူခန့်မျှ အချိန် လောက် မေတ္တာစိတ်ကို ပွါးများရာ၏၊ အကြင်သူသည်ကား လက်ဖျစ်တတွက်ခန့်မျှ အချိန်လောက် အနိစ္စသညာကို ပွါးများရာ၏၊ ဤလက်ဖျစ်တတွက်ခန့်မျှ အချိန်လောက် အနိစ္စသညာကို ပွါးများ ခြင်းသည် ထိုမေတ္တာစိတ်ကို ပွါးများခြင်းထက် သာ၍အကျိုးကြီး၏ဟု(မိန့်တော်မူ၏ )။

ဒသမသုတ်။

နှစ်ခုမြောက် သီဟနာဒဝဂ် ပြီး၏။

http://www.dhammadownload.com



## ၃-သတ္တာဝါသဝဂ် ၁-တိဌာနသုတ်

၂၁။ ရဟန်းတို့ ဥတ္တရကုရု ကျွန်းနေလူတို့သည် အကြောင်းသုံးမျိုးတို့ဖြင့် တာဝတိံသာနတ်တို့ကိုငင်း ဇမ္ဗူဒိပ်ကျွန်းသူ လူတို့ကိုငင်းလွှမ်းမိုး သာလွန်ကုန်၏။အဘယ်အကြောင်း သုံးမျိုးတို့နည်း ဟူမူ—တပ်မက်မှု 'တဏှာ' မရှိကြကုန်၊ (ငါ့ပစ္စည်းဟု) သိမ်းဆည်းမှု မရှိကုန်၊ အနှစ်တထောင် ဟူသော အသက်မြဲခြင်း ဂုဏ်ထူးရှိကုန်၏။ ရဟန်းတို့ ဤအကြောင်းသုံးမျိုးတို့ဖြင့် 'ဥတ္တရကုရု'ကျွန်းနေ လူတို့သည် တာဝတိံသာနတ်တို့ကိုငင်း 'ဇမ္ဗူဒိပ်သူ' လူတို့ကိုငင်း လွှမ်းမိုး သာလွန်ကုန်၏။

ရဟန်းတို့ တာဝတိံသာနတ်တို့သည် အကြောင်း သုံးမျိုးတို့ဖြင့်'ဥတ္တရကုရု'ကျွန်းနေ လူတို့ကိုငင်း'ဇမ္ဗူဒိပ်သူ' လူတို့ကိုငင်း လွှမ်းမိုး သာလွန်ကုန်၏။ အဘယ်အကြောင်းသုံးမျိုးတို့နည်း ဟူမူ— နတ်အသက်ဖြင့်ငင်း, နတ်အဆင်းဖြင့်ငင်း, နတ်ချမ်းသာဖြင့်ငင်း သာလွန်ကုန်၏။ ရဟန်းတို့ ဤအကြောင်းသုံးမျိုးတို့ဖြင့် တာဝတိံသာနတ်တို့သည် ဥတ္တရကုရုကျွန်းနေ လူတို့ကိုငင်း ဇမ္ဗူဒိပ်ကျွန်းသူ လူတို့ကိုငင်း လွှမ်းမိုး သာလွန်ကုန်၏။

ရဟန်းတို့ ဇမ္ဗူဒိပ်ကျွန်းသူ လူတို့သည် အကြောင်းသုံးမျိုးတို့ဖြင့် ဥတ္တရကုရုကျွန်းနေ လူတို့ကိုငင်း တာဝတိံသာနတ်တို့ကိုငင်း လွှမ်းမိုး သာလွန်ကုန်၏။ အဘယ် အကြောင်းသုံးမျိုးတို့နည်း ဟူမူ—ရဲရင့်ကုန်၏၊ (ခိုင်မြဲသော)သတိရှိကုန်၏၊ ဤကျွန်း၌ မြတ်သောအကျင့် 'အဋ္ဌင်္ဂိကမဂ်'ကို ကျင့်သုံးရ၏။ ရဟန်းတို့ ဤအကြောင်း သုံးမျိုးတို့ဖြင့် ဇမ္ဗူဒိပ်ကျွန်းသူ လူတို့သည် တာဝတိံသာနတ်တို့ကိုငင်း ဥတ္တရကုရုကျွန်းနေ လူတို့ကိုငင်း လွှမ်းမိုး သာလွန် ကုန်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-အဿခဠုင်္ကသုတ်

၂၂။ ရဟန်းတို့ မြင်းငယ်သုံးမျိုးတို့ကိုငင်း ယောကျ်ားငယ် သုံးမျိုးတို့ကိုငင်း မြင်းတို့၌ လွန်ကဲသော မြင်းသုံးမျိုးတို့ကိုငင်း ယောကျ်ားတို့၌ လွန်ကဲသော ယောကျ်ား သုံးမျိုး တို့ကိုငင်း အာဇာနည် မြင်းကောင်း သုံးမျိုးတို့ကိုငင်း အာဇာနည် ယောကျ်ားကောင်း သုံးမျိုးတို့ကိုငင်း ဟောကြားပေအံ့၊ထိုတရားကို နာကြကုန်လော့။

ရဟန်းတို့ မြင်းငယ် သုံးမျိုးဟူတို့သည် အဘယ်တို့နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော မြင်းငယ်သည် လျင်မြန်ခြင်းနှင့် ပြည့်စုံ၏၊ အဆင်းနှင့် မပြည့်စုံ၊ အလုံး အရပ်နှင့် မပြည့်စုံ။ ရဟန်းတို့ ဤလောက၌ အချို့သော မြင်းငယ်သည်ကား လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ၏၊ အဆင်းနှင့်လည်း ပြည့်စုံ၏၊ အလုံးအရပ်နှင့်ကား မပြည့်စုံ။ ရဟန်းတို့ ဤလောက၌ အချို့သော မြင်းငယ်သည်ကား လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ၏၊ အဆင်းနှင့်လည်း ပြည့်စုံ၏၊ အလုံးအရပ်နှင့် လည်း ပြည့်စုံ၏။ ရဟန်းတို့ ဤသည်တို့ကား မြင်းငယ် သုံးမျိုးတို့တည်း။

ရဟန်းတို့ ယောကျ်ားငယ် သုံးမျိုးတို့ ဟူသည် အဘယ်တို့နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ယောကျ်ားငယ်သည် လျင်မြန်ခြင်းနှင့် ပြည့်စုံ၏၊အဆင်းနှင့် မပြည့်စုံ၊ အလုံး အရပ်နှင့် မပြည့်စုံ။ ရဟန်းတို့ ဤလောက၌ အချို့သော ယောကျ်ားငယ်သည်ကား လျင်မြန် ခြင်းနှင့်လည်း ပြည့်စုံ၏၊ အဆင်းနှင့်လည်း ပြည့်စုံ၏၊ အလုံးအရပ်နှင့်ကား မပြည့်စုံ။ ရဟန်းတို့

http://www.dhammadownload.com



ဤလောက၌ အချို့သော ယောကျ်ားယယ်သည်ကား လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ၏၊ အဆင်းနှင့်လည်း ပြည့်စုံ၏၊ အလုံးအရပ်နှင့်လည်း ပြည့်စုံ၏။

ရဟန်းတို့ အဘယ်သို့လျှင် ယောကျ်ားယယ်သည် လျင်မြန်ခြင်းနှင့် ပြည့်စုံ၍ အဆင်းနှင့် မပြည့်စုံ အလုံးအရပ်နှင့် မပြည့်စုံသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "ဤကား ဒုက္ခသစ္စာတည်း" ဟု ဟုတ်တိုင်းမှန်စွာ အပြားအားဖြင့် သိ၏၊ "ဤကား ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာတည်း" ဟု ဟုတ်တိုင်းမှန်စွာ အပြားအားဖြင့် သိ၏၊ "ဤကား ဒုက္ခ၏ ချုပ်ရာ နိရောဓသစ္စာတည်း" ဟု ဟုတ်တိုင်းမှန်စွာ အပြားအားဖြင့် သိ၏၊ "ဤကား ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်(မဂ္ဂသစ္စာ)တည်း"ဟု ဟုတ်တိုင် မှန်စွာ အပြားအားဖြင့် သိ၏။ ဤသို့ သိမြင်ခြင်းကို ထိုပုဂ္ဂိုလ်၏ (ဉာဏ်တည်းဟူသော) လျင်မြန်ခြင်း ဟု ငါဆို၏။

အချင်းချင်း ပိုင်းခြားအပ်သော ဓမ္မ၌ရင်း အချင်းချင်း ပိုင်းခြားအပ်သော ဝိနယ၌ရင်း ပြဿနာကို မေးအပ်သော် တွန့်ဆုတ်၏၊ မဖြေဆိုနိုင်၊ ဤသို့ မဖြေဆိုနိုင်ခြင်းကို ထိုပုဂ္ဂိုလ်၏ (ဂုဏ်တည်းဟူသော) အဆင်း မရှိဟု ငါဆို၏။ သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဖြစ်သော ဆေး အသုံးအဆောင်တို့ကို မရ၊ ဤပစ္စည်းလေးပါး မရခြင်းကို ထိုပုဂ္ဂိုလ်၏ အလုံးအရပ် မရှိဟု ငါဆို၏။ ရဟန်းတို့ ဤသို့လျှင် ယောကျ်ားယယ်သည် လျင်မြန်ခြင်းနှင့် ပြည့်စုံ၏၊ အဆင်းနှင့် မပြည့်စုံ၊ အလုံးအရပ်နှင့် မပြည့်စုံ။

ရဟန်းတို့ အဘယ်သို့လျှင် ယောကျ်ားယယ်သည် လျင်မြန်ခြင်းနှင့်ပြည့်စုံသူ အဆင်းနှင့်လည်း ပြည့်စုံသူ အလုံးအရပ်နှင့်ကား မပြည့်စုံသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "ဤကား ဒုက္ခသစ္စာတည်း" ဟု ဟုတ်တိုင်းမှန်စွာ အပြားအားဖြင့် သိ၏။ပ။ "ဤကား ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်(မဂ္ဂသစ္စာ)တည်း" ဟု ဟုတ်တိုင်းမှန်စွာ အပြားအားဖြင့် သိ၏။ ဤသို့ သိခြင်းကို ထိုပုဂ္ဂိုလ်၏ (ဉာဏ်တည်းဟူသော) လျင်မြန်ခြင်း ဟု ငါဆို၏။

အချင်းချင်း ပိုင်းခြားအပ်သော ဓမ္မ၌ရင်း အချင်းချင်း ပိုင်းခြားအပ်သော ဝိနယ၌ရင်း ပြဿနာကို မေးအပ်သော် ဖြေဆိုနိုင်၏၊ မတွန့်ဆုတ်၊ ဤသို့ ဖြေဆိုနိုင်ခြင်းကို ထိုပုဂ္ဂိုလ်၏ (ဂုဏ်တည်းဟူသော) အဆင်းဟု ငါဆို၏။ သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဖြစ်သော ဆေးအသုံးအဆောင်တို့ကိုကား မရ၊ ဤသို့ မရခြင်းကို ထိုပုဂ္ဂိုလ်၏ အလုံးအရပ် မရှိဟု ငါဆို၏။ ရဟန်းတို့ ဤသို့လျှင် ယောကျ်ားယယ်သည် လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ၏၊ အဆင်းနှင့်လည်း ပြည့်စုံ၏၊ အလုံးအရပ်နှင့်ကား မပြည့်စုံ။

ရဟန်းတို့ အဘယ်သို့လျှင် ယောကျ်ားယယ်သည် လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ အဆင်းနှင့်လည်း ပြည့်စုံ အလုံးအရပ်နှင့်လည်း ပြည့်စုံသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "ဤကား ဒုက္ခသစ္စာတည်း" ဟု ဟုတ်တိုင်းမှန်စွာ အပြားအားဖြင့် သိ၏။ပ။ "ဤကား ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့် (မဂ္ဂသစ္စာ) တည်း" ဟု ဟုတ်တိုင်းမှန်စွာ အပြားအားဖြင့် သိ၏။ ဤသို့ သိခြင်းကို ထိုပုဂ္ဂိုလ်၏ (ဉာဏ်တည်းဟူသော) လျင်မြန်ခြင်း ဟု ငါဆို၏။

အချင်းချင်း ပိုင်းခြားအပ်သော ဓမ္မ၌ရင်း အချင်းချင်း ပိုင်းခြားအပ်သော ဝိနယ၌ရင်း ပြဿနာကို မေးအပ်သော် ဖြေဆိုနိုင်၏၊ မတွန့်ဆုတ်၊ ဤသို့ ဖြေဆိုနိုင်ခြင်းကို ထိုပုဂ္ဂိုလ်၏

http://www.dhammadownload.com



(ဂုဏ်တည်းဟူသော) အဆင်း ဟု ငါဆို၏။ သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဖြစ်သော ဆေးအသုံးအဆောင်တို့ကို ရ၏၊ ဤသို့ ရခြင်းကို ထိုပုဂ္ဂိုလ်၏ အလုံးအရပ်ဟု ငါဆို၏။ ရဟန်းတို့ ဤသို့လျှင် ယောကျ်ားငယ်သည် လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ၏၊ အဆင်းနှင့်လည်း ပြည့်စုံ၏၊ အလုံးအရပ်နှင့်လည်း ပြည့်စုံ၏။ ရဟန်းတို့ ဤသည်တို့ကား ယောကျ်ားငယ် သုံးမျိုး တို့တည်း။

ရဟန်းတို့ မြင်းတို့၌ လွန်ကဲသော မြင်းသုံးမျိုး ဟူသည် အဘယ်တို့နည်း။

ရဟန်းတို့ ဤလောက၌ မြင်းတို့၌ လွန်ကဲသော မြင်းအချို့သည်။ပ။ လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ၏၊ အဆင်းနှင့်လည်း ပြည့်စုံ၏၊ အလုံးအရပ်နှင့်လည်း ပြည့်စုံ၏။ ရဟန်းတို့ ဤသည်တို့ကား မြင်းတို့၌ လွန်ကဲသော မြင်းသုံးမျိုးတို့တည်း။

ရဟန်းတို့ ယောကျ်ားတို့၌ လွန်ကဲသော ယောကျ်ားသုံးမျိုးတို့ ဟူသည် အဘယ်တို့နည်း။

ရဟန်းတို့ ဤလောက၌ ယောကျ်ားတို့၌ လွန်ကဲသော ယောကျ်ားအချို့သည်။ပ။ လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ၏၊ အဆင်းနှင့်လည်း ပြည့်စုံ၏၊ အလုံးအရပ်နှင့်လည်း ပြည့်စုံ၏။

ရဟန်းတို့ အဘယ်သို့လျှင် ယောကျ်ားတို့၌ လွန်ကဲသော ယောကျ်ားသည်။ပ။ လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ အဆင်းနှင့်လည်း ပြည့်စုံ အလုံးအရပ်နှင့်လည်း ပြည့်စုံသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ရဟန်းသည် အောက်ပိုင်း သံယောဇဉ်ငါးမျိုး 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပါတ်ပဋိသန္ဓေ နေ၍ ထိုဘုံ၌သာလျှင် ပရိနိဗ္ဗာန်ပြု၏၊ ထိုဗြဟ္မာ့ဘုံမှ ပြန်လည်ခြင်း သဘော မရှိ၊ ဤသို့ သံယောဇဉ် 'နှောင်ကြိုး' တို့၏ ကုန်ခန်းခြင်းကို ထိုပုဂ္ဂိုလ်၏ (ဉာဏ်တည်းဟူသော)လျင်မြန်ခြင်း ဟု ငါဆို၏။ အချင်းချင်း ပိုင်းခြားအပ်သော ဓမ္မ၌၎င်း အချင်းချင်း ပိုင်းခြားအပ်သော ဝိနယ၌၎င်း ပြဿနာကို မေးအပ်သော် ဖြေဆိုနိုင်၏၊ မတွန့်ဆုတ်၊ ဤသို့ ဖြေဆိုနိုင်ခြင်းကို ထိုပုဂ္ဂိုလ်၏ (ဂုဏ်တည်းဟူသော) အဆင်း ဟု ငါဆို၏၊ သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဖြစ်သော ဆေးအသုံးအဆောင်တို့ကို ရ၏၊ ဤသို့ ရခြင်းကို ထိုပုဂ္ဂိုလ်၏ အလုံးအရပ်ဟု ငါဆို၏။

ရဟန်းတို့ ဤသို့လျှင် ယောကျ်ားတို့၌ လွန်ကဲသော ယောကျ်ားသည် လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ၏၊ အဆင်းနှင့်လည်း ပြည့်စုံ၏၊ အလုံးအရပ်နှင့်လည်း ပြည့်စုံ၏။ ရဟန်းတို့ ဤသည်တို့ကား ယောကျ်ားတို့၌ လွန်ကဲသော ယောကျ်ား သုံးမျိုးတို့တည်း။

ရဟန်းတို့ အာဇာနည် မြင်းကောင်း သုံးမျိုးတို့ ဟူသည် အဘယ်တို့နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော အာဇာနည် မြင်းကောင်းသည်။ပ။ လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ၏၊ အဆင်းနှင့်လည်း ပြည့်စုံ၏၊ အလုံးအရပ်နှင့်လည်း ပြည့်စုံ၏။ ရဟန်းတို့ ဤသည်တို့ကား အာဇာနည် မြင်းကောင်း သုံးမျိုးတို့တည်း။

ရဟန်းတို့ အာဇာနည်ယောကျ်ားကောင်း သုံးမျိုးတို့ ဟူသည် အဘယ်တို့နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော အာဇာနည် ယောကျ်ားကောင်းသည်။ပ။ လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ၏၊ အဆင်းနှင့်လည်း ပြည့်စုံ၏၊ အလုံးအရပ်နှင့်လည်း ပြည့်စုံ၏။

ရဟန်းတို့ အဘယ်သို့လျှင် အာဇာနည် ယောကျ်ားကောင်းသည်။ပ။ လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ အဆင်းနှင့်လည်း ပြည့်စုံ အလုံးအရပ်နှင့်လည်း ပြည့်စုံသနည်း။

http://www.dhammadownload.com



ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရား မရှိသော(ကိလေသာမှ)လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် (အရဟတ္တဖိုလ်)ပညာကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ ပြည့်စုံစေလျက် နေ၏၊ ဤသို့ ပြည့်စုံခြင်းကို ထိုပုဂ္ဂိုလ်၏ (ဉာဏ်တည်းဟူသော)လျင်မြန်ခြင်း ဟု ငါဆို၏။

အချင်းချင်း ပိုင်းခြားအပ်သော ဓမ္မ၌ရှင်း အချင်းချင်း ပိုင်းခြားအပ်သော ဝိနယ၌ရှင်း ပြဿနာကိုမေးအပ်သော် ဖြေဆိုနိုင်၏၊ မတွန့်ဆုတ်၊ ဤသို့ ဖြေဆိုနိုင်ခြင်းကို ထိုပုဂ္ဂိုလ်၏ (ဂုဏ်တည်းဟူသော) အဆင်းဟု ငါဆို၏၊ သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်တို့ကို ရ၏၊ ဤသို့ရခြင်းကို ထိုပုဂ္ဂိုလ်၏ အလုံးအရပ်ဟု ငါဆို၏။ ရဟန်းတို့ ဤသို့လျှင် အာဇာနည် ယောကျ်ားကောင်းသည် လျင်မြန်ခြင်းနှင့်လည်း ပြည့်စုံ၏၊ အဆင်းနှင့်လည်း ပြည့်စုံ၏၊ အလုံးအရပ်နှင့်လည်း ပြည့်စုံ၏။ ရဟန်းတို့ ဤသည်တို့ကား **အာဇာနည်** ယောကျ်ားကောင်း သုံးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-တဏှာမူလကသုတ်

၂၃။ ရဟန်းတို့ တဏှာအရင်းခံရှိသော တရားကိုးမျိုးတို့ကို ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ ရဟန်းတို့ တဏှာအရင်းခံရှိသော တရားကိုးမျိုးတို့ ဟူသည် အဘယ်တို့နည်း ဟူမူ— တဏှာကိုစွဲ၍ ရှာမှီးခြင်း(ဖြစ်၏)၊ ရှာမှီးခြင်းကိုစွဲ၍ ရခြင်း(ဖြစ်၏)၊ ရခြင်းကိုစွဲ၍ (ကြံစည်) ဆုံးဖြတ်ခြင်း(ဖြစ်၏)၊ (ကြံစည်) ဆုံးဖြတ်ခြင်းကိုစွဲ၍ ဆန္ဒရာဂ(ဖြစ်၏)၊ ဆန္ဒရာဂကိုစွဲ၍ ငါ ငါ့ဟာဟု အားကြီးသော ဆုံးဖြတ်ခြင်း(ဖြစ်၏)၊ အားကြီးသော ဆုံးဖြတ်ခြင်းကိုစွဲ၍ သိမ်းဆည်းခြင်း(ဖြစ်၏)၊ သိမ်းဆည်းခြင်းကိုစွဲ၍ ဝန်တိုခြင်း(ဖြစ်၏)၊ ဝန်တိုခြင်းကိုစွဲ၍ စောင့်ရှောက်ခြင်း(ဖြစ်၏)၊ စောင့်ရှောက်ခြင်း ဟူသော အကြောင်းကြောင့် တုတ်ကိုင်ခြင်း လက်နက်ကိုင်ခြင်း ခိုက်ရန် ဖြစ်ခြင်း ငြင်းခုံခြင်း စကားများခြင်း နင် သင် (ဟု ဆိုခြင်း) ကုန်းတိုက်ခြင်း အမှားပြောခြင်း များစွာကုန်သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏။ ရဟန်းတို့ ဤသည်တို့ကား တဏှာအရင်းခံရှိသော တရားကိုးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-သတ္တာဝါသသုတ်

၂၄။ ရဟန်းတို့ သတ္တဝါတို့၏ နေရာတို့သည် ဤကိုးမျိုးတို့တည်း။ အဘယ်ကိုးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ အချို့သောနတ် အချို့သော ဝိနိပါတိကနှင့် လူတို့ကဲ့သို့ ကိုယ်သဏ္ဌာန်ချင်း ကွဲပြား၍ ပဋိသန္ဓေ သညာချင်းလည်း ကွဲပြားကုန်သော သတ္တဝါတို့သည် ရှိကုန်၏။ ဤကား ပဌမ သတ္တဝါတို့၏ နေရာတည်း။

ရဟန်းတို့ ပဌမစျာန်ဘုံ၌ ဖြစ်သော ဗြဟ္မာတို့ကဲ့သို့ ကိုယ်သဏ္ဌာန်ချင်း ကွဲပြား၍ ပဋိသန္ဓေ သညာချင်း တူကုန်သော သတ္တဝါတို့သည် ရှိကုန်၏။ ဤကား ဒုတိယ သတ္တဝါတို့၏ နေရာတည်း။

http://www.dhammadownload.com



ရဟန်းတို့ အာဘဿရဘုံ၌ဖြစ်သော ဗြဟ္မာတို့ကဲ့သို့ ကိုယ်သဏ္ဌာန်ချင်းတူ၍ ပဋိသန္ဓေ သညာချင်း ကွဲပြားကုန်သော သတ္တဝါတို့သည် ရှိကုန်၏။ ဤကား တတိယ သတ္တဝါတို့၏ နေရာတည်း။

ရဟန်းတို့ သုဘကိဏှာဘုံ၌ဖြစ်သော ဗြဟ္မာတို့ကဲ့သို့ ကိုယ်သဏ္ဌာန်ချင်းတူ၍ ပဋိသန္ဓေ သညာချင်း တူကုန်သော သတ္တဝါတို့သည် ရှိကုန်၏။ ဤကား စတုတ္ထ သတ္တဝါတို့၏ နေရာတည်း။

ရဟန်းတို့ အသညသတ်ဘုံ၌ဖြစ်သော ဗြဟ္မာတို့ကဲ့သို့ သညာမရှိကုန်သော အာရုံကို ခံစားမှု မရှိကုန်သော သတ္တဝါတို့သည် ရှိကုန်၏။ ဤကား ပဉ္စမ သတ္တဝါတို့၏ နေရာတည်း။

ရဟန်းတို့ ရူပသညာတို့ကို လုံးဝလွန်မြောက်၍ ပဋိဃသညာတို့ လုံးဝချုပ်သည့်ပြင် နာနတ္တသညာတို့ကို လုံးဝနှလုံးမသွင်းခြင်းကြောင့် "ကောင်းကင်သည် အဆုံးမရှိ"ဟု (နှလုံးသွင်းလျက်) အာကာသာနဉ္စာယတနဘုံသို့ ရောက်သော သတ္တဝါတို့သည် ရှိကုန်၏။ ဤကား ဆဋ္ဌ သတ္တဝါတို့၏ နေရာတည်း။

ရဟန်းတို့ အာကာသာနဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "ဝိညာဏ်သည် အဆုံးမရှိ" ဟု(နှလုံးသွင်းလျက်) ဝိညာဏဉ္စာယတနဘုံသို့ ရောက်သော သတ္တဝါတို့သည် ရှိကုန်၏။ ဤကား သတ္တမ သတ္တဝါတို့၏ နေရာတည်း။

ရဟန်းတို့ ဝိညာဏဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "တစုံတခုမျှ မရှိ" ဟု (နှလုံးသွင်းလျက်) အာကိဉ္စညာယတနဘုံသို့ ရောက်သော သတ္တဝါတို့သည် ရှိကုန်၏။ ဤကားအဋ္ဌမ သတ္တဝါတို့၏ နေရာတည်း။

ရဟန်းတို့ အာကိဉ္စညာယတနစျာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတနဘုံသို့ ရောက်သော သတ္တဝါတို့သည် ရှိကုန်၏။ ဤကား နဝမ သတ္တဝါတို့၏ နေရာတည်း။

ရဟန်းတို့ ဤသည်တို့ကား သတ္တဝါတို့၏ နေရာကိုးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ပညာသုတ်

၂၅။ ရဟန်းတို့ ရဟန်းသည် ပညာဖြင့်စိတ်ကို ကောင်းစွာ ပွါးများအပ်ပြီးသောအခါ ထိုရဟန်းအား "ဖြစ်မှု 'ဇာတိ' ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံး ပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်ကိစ္စ) အလို့ငှါ အခြား(ပြုဖွယ်ကိစ္စ) မရှိတော့ပြီဟု (ငါ)သိ၏" ဟု ဤစကားကို ဆိုရန်သင့်၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ပညာဖြင့်စိတ်ကို ကောင်းစွာ ပွါးများ အပ်ပြီးဖြစ်သနည်း ဟူမူ—"ငါ၏ စိတ်သည် ရာဂကင်း"၏ ဟု ပညာဖြင့် စိတ်ကို ကောင်းစွာ ပွါးများအပ်ပြီးဖြစ်၏။ "ငါ၏ စိတ်သည် ဒေါသကင်း၏"ဟု ပညာဖြင့် စိတ်ကို ကောင်းစွာ ပွါးများအပ်ပြီးဖြစ်၏။ "ငါ၏ စိတ်သည် မောဟကင်း၏"ဟု ပညာဖြင့် စိတ်ကို ကောင်းစွာ ပွါးများအပ်ပြီးဖြစ်၏။ "ငါ၏ စိတ်သည် ရာဂနှင့်တကွ ဖြစ်ခြင်း သဘောမရှိ" ဟု ပညာဖြင့် စိတ်ကို ကောင်းစွာ ပွါးများအပ်ပြီးဖြစ်၏။ "ငါ၏ စိတ်သည် ဒေါသနှင့်တကွ ဖြစ်ခြင်းသဘော မရှိ" ဟု ပညာဖြင့် စိတ်ကို ကောင်းစွာ ပွါးများအပ်ပြီးဖြစ်၏။ "ငါ၏ စိတ်သည် မောဟနှင့်တကွ ဖြစ်ခြင်းသဘော မရှိ" ဟု ပညာဖြင့် စိတ်ကို ကောင်းစွာ ပွါးများအပ်ပြီးဖြစ်၏။ "ငါ၏ စိတ်သည်

http://www.dhammadownload.com



ကာမဘဝအလို့ငှါ ပြန်လည်ခြင်း သဘောမရှိ”ဟု ပညာဖြင့် စိတ်ကို ကောင်းစွာ ပွါးများအပ်ပြီး ဖြစ်၏။ “ငါ၏ စိတ်သည် ရူပဘဝအလို့ငှါ ပြန်လည်ခြင်း သဘောမရှိ”ဟု ပညာဖြင့် စိတ်ကို ကောင်းစွာ ပွါးများအပ်ပြီးဖြစ်၏။ “ငါ၏ စိတ်သည် အရူပဘဝအလို့ငှါ ပြန်လည်ခြင်း သဘောမရှိ” ဟု ပညာဖြင့် စိတ်ကို ကောင်းစွာ ပွါးများအပ်ပြီးဖြစ်၏။ ရဟန်းတို့ ရဟန်းသည် ပညာဖြင့် စိတ်ကို ကောင်းစွာ ပွါးများအပ်ပြီး ဖြစ်သောအခါ ထိုရဟန်းအား “ဖြစ်မှု ‘ဇာတိ’ ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ် ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်ကိစ္စ) အလို့ငှါ အခြား ပြုဖွယ်ကိစ္စ မရှိတော့ပြီ ဟု (ငါ)သိ၏”ဟူ၍ ဤစကားကို ဆိုရန်သင့်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-သီလာယူပသုတ်

၂၆။ အခါတပါး၌ အသျှင်သာရိပုတြာနှင့် အသျှင်စန္ဒိကာပုတ္တသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာပေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ အသျှင်စန္ဒိကာပုတ္တသည် ရဟန်းတို့ကို ဤသို့မိန့်ဆို၏ “ငါ့သျှင်တို့ ဒေဝဒတ်သည် ရဟန်းတို့အား ငါ့သျှင်တို့ ရဟန်းသည် စိတ်ဖြင့် ပွါးများအပ်ပြီး ဖြစ်သောအခါ၌ ထိုရဟန်းအား ‘ဖြစ်မှု ‘ဇာတိ’ ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ် (ကိစ္စ)ကို ပြုပြီးပြီ၊ ဤ (မဂ်ကိစ္စ) အလို့ငှါ အခြား ပြုဖွယ်ကိစ္စ မရှိတော့ပြီ’ ဟု ငါသိ၏” ဟူသော ဤစကားကို ဆိုခြင်းငှါ သင့်၏ ဟု ဤတရားကို ဟော၏ ဟူ၍ မိန့်ဆို၏။

ဤသို့ မိန့်ဆိုလတ်သော် အသျှင်သာရိပုတြာသည် အသျှင်စန္ဒိကာပုတ္တအား ဤစကားကို မိန့်ဆို၏—“ငါ့သျှင်စန္ဒိကာပုတ္တ ဒေဝဒတ်သည် ရဟန်းတို့အား ငါ့သျှင်တို့ ရဟန်းသည် စိတ်ဖြင့် ပွါးများအပ်ပြီး ဖြစ်သောအခါ၌ ထိုရဟန်းအား ‘ဖြစ်မှု ‘ဇာတိ’ ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ် (ကိစ္စ)ကို ပြုပြီးပြီ၊ ဤ (မဂ်ကိစ္စ) အလို့ငှါ အခြားပြုဖွယ်ကိစ္စ မရှိတော့ပြီ’ ဟု ငါသိ၏ ဟူသော ဤစကားကို ဆိုခြင်းငှါ သင့်၏ ဟု ဤတရားကို ဟောသည် မဟုတ်။ ငါ့သျှင် စန္ဒိကာပုတ္တ ဒေဝဒတ်သည် ရဟန်းတို့အား ငါ့သျှင်တို့ ရဟန်းသည် စိတ်ဖြင့် စိတ်ကို ကောင်းစွာ ပွါးများအပ်ပြီးဖြစ်သောအခါ၌ ထိုရဟန်းအား ‘ဖြစ်မှု ‘ဇာတိ’ ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ် (ကိစ္စ)ကို ပြုပြီးပြီ၊ ဤ (မဂ်ကိစ္စ) အလို့ငှါ အခြားပြုဖွယ်ကိစ္စ မရှိတော့ပြီ’ ဟု ငါသိ၏” ဟူသောဤစကားကို ဆိုခြင်းငှါသင့်၏ ဟု ဤသို့သာ တရားကို ဟော၏ (ဟူ၍ မိန့်ဆို၏။)

နှစ်ကြိမ်မြောက်လည်း အသျှင်စန္ဒိကာပုတ္တသည် ရဟန်းတို့အား ဤစကားကို မိန့်ဆို၏— “ငါ့သျှင်တို့ ဒေဝဒတ်သည်ရဟန်းတို့အား ငါ့သျှင်တို့ ရဟန်းသည် စိတ်ဖြင့် ပွါးများအပ်ပြီးဖြစ်သော အခါ၌ ထိုရဟန်းအား ‘ဖြစ်မှု‘ဇာတိ’ ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ် (ကိစ္စ) ကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ)အလို့ငှါ အခြားပြုဖွယ်ကိစ္စ မရှိတော့ပြီ’ဟု ငါသိ၏”ဟူသော ဤစကားကို ဆိုခြင်းငှါ သင့်၏ဟု ဤတရားကို ဟော၏ (ဟူ၍ မိန့်ဆို၏)။

နှစ်ကြိမ်မြောက်လည်း အသျှင်သာရိပုတြာသည် အသျှင်စန္ဒိကာပုတ္တအား ဤစကားကို မိန့်ဆို၏—“ငါ့သျှင် စန္ဒိကာပုတ္တ ဒေဝဒတ်သည် ရဟန်းတို့အား ငါ့သျှင်တို့ ရဟန်းသည် စိတ်ဖြင့် ပွါးများအပ်ပြီးဖြစ်သောအခါ၌ ထိုရဟန်းအား ဖြစ်မှု ‘ဇာတိ’ ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊

http://www.dhammadownload.com



ပြုဖွယ် (ကိစ္စ) ကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ) အလို့ငှါ အခြားပြုဖွယ်ကိစ္စ မရှိတော့ပြီဟု ငါသိ၏" ဟူသော ဤစကားကို ဆိုခြင်းငှါ သင့်၏ဟု ဤတရားကို ဟောသည် မဟုတ်။ ငါ့သျှင် စန္ဒိကာပုတ္တ ဒေဝဒတ်သည် ရဟန်းတို့အား ငါ့သျှင်တို့ ရဟန်းအား စိတ်ဖြင့် စိတ်ကိုကောင်းစွာ ပွါးများအပ်ပြီး ဖြစ်သော အခါ၌ ထိုရဟန်းအား ဖြစ်မှု 'ဇာတိ' ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ) အလို့ငှါ အခြားပြုဖွယ်ကိစ္စမရှိတော့ပြီဟု ငါသိ၏" ဟူသော ဤစကားကို ဆိုခြင်းငှါ သင့်၏ဟု ဤသို့သာ တရားဟော၏ဟူ၍ မိန့်ဆို၏။

သုံးကြိမ်မြောက်လည်း အသျှင်စန္ဒိကာပုတ္တသည် ရဟန်းတို့အား ဤစကားကို မိန့်ဆို၏— "ငါ့သျှင်တို့ ဒေဝဒတ်သည် ရဟန်းတို့အား ငါ့သျှင်တို့ ရဟန်းသည် စိတ်ဖြင့် ပွါးများအပ်ပြီးဖြစ်သောအခါ၌ ထိုရဟန်းအား ဖြစ်မှု 'ဇာတိ' ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ် (ကိစ္စ) ကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ) အလို့ငှါ အခြားပြုဖွယ်ကိစ္စ မရှိတော့ပြီဟု ငါသိ၏" ဟူသော ဤစကားကို ဆိုခြင်းငှါ သင့်၏ဟု ဤတရားကို ဟော၏ ဟူ၍ (မိန့်ဆို၏)။

သုံးကြိမ်မြောက်လည်း အသျှင်သာရိပုတြာသည် အသျှင်စန္ဒိကာပုတ္တအား ဤစကားကို မိန့်ဆို၏—"ငါ့သျှင်စန္ဒိကာပုတ္တ ဒေဝဒတ်သည် ရဟန်းတို့အား ငါ့သျှင်တို့ ရဟန်းသည် စိတ်ဖြင့် ပွါးများအပ်ပြီးဖြစ်သောအခါ၌ ထိုရဟန်းအား ဖြစ်မှု'ဇာတိ'ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ) အလို့ငှါ အခြား ပြုဖွယ်ကိစ္စ မရှိတော့ပြီဟု ငါသိ၏" ဟူသော ဤစကားကို ဆိုခြင်းငှါ သင့်၏ဟု ဤတရားကို ဟောသည် မဟုတ်၊ ငါ့သျှင် စန္ဒိကာပုတ္တ ဒေဝဒတ်သည် ရဟန်းတို့အား ငါ့သျှင်တို့ ရဟန်းသည် စိတ်ဖြင့် စိတ်ကို ကောင်းစွာ ပွါးများအပ်ပြီး ဖြစ်သော အခါ၌ ထိုရဟန်းအား ဖြစ်မှု 'ဇာတိ' ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ) အလို့ငှါ အခြား ပြုဖွယ်ကိစ္စမရှိတော့ပြီဟု ငါသိ၏" ဟူသော ဤစကားကို ဆိုခြင်းငှါ သင့်၏ဟု ဤသို့သာ တရားကို ဟော၏။

ငါ့သျှင် အဘယ်သို့လျှင် ရဟန်းသည် စိတ်ဖြင့် စိတ်ကို ကောင်းစွာ ပွါးများအပ်ပြီး ဖြစ်သနည်း ဟူမူ—"ငါ၏ စိတ်သည် ရာဂကင်း၏"ဟု စိတ်ဖြင့် စိတ်ကို ကောင်းစွာ ပွါးများအပ်ပြီး ဖြစ်၏။ "ငါ၏ စိတ်သည် ဒေါသကင်း၏"ဟု စိတ်ဖြင့် စိတ်ကို ကောင်းစွာ ပွါးများအပ်ပြီး ဖြစ်၏။ "ငါ၏ စိတ်သည် မောဟကင်း၏"ဟု စိတ်ဖြင့် စိတ်ကို ကောင်းစွာ ပွါးများအပ်ပြီး ဖြစ်၏။ "ငါ၏ စိတ်သည် ရာဂနှင့်တကွ ဖြစ်ခြင်း သဘောမရှိ"ဟု စိတ်ဖြင့် စိတ်ကို ကောင်းစွာ ပွါးများအပ်ပြီး ဖြစ်၏။ ငါ၏ စိတ်သည် ဒေါသနှင့် တကွဖြစ်ခြင်း သဘောမရှိ"ဟု စိတ်ဖြင့် စိတ်ကို ကောင်းစွာ ပွါးများအပ်ပြီး ဖြစ်၏။ "ငါ၏ စိတ်သည် မောဟနှင့် တကွဖြစ်ခြင်း သဘောမရှိ"ဟု စိတ်ဖြင့် စိတ်ကို ကောင်းစွာ ပွါးများအပ်ပြီး ဖြစ်၏။ "ငါ၏ စိတ်သည် ကာမဘဝအလို့ငှါ ပြန်လည်ခြင်း သဘောမရှိ"ဟု စိတ်ဖြင့် စိတ်ကို ကောင်းစွာ ပွါးများအပ်ပြီး ဖြစ်၏။ "ငါ၏ စိတ်သည် ရူပဘဝ အလို့ငှါ ပြန်လည်ခြင်း သဘောမရှိ"ဟု စိတ်ဖြင့် စိတ်ကို ကောင်းစွာ ပွါးများအပ်ပြီး ဖြစ်၏။ "ငါ၏ စိတ်သည် အရူပဘဝ အလို့ငှါ ပြန်လည်ခြင်း သဘောမရှိ"ဟု စိတ်ဖြင့် စိတ်ကို ကောင်းစွာ ပွါးများအပ်ပြီး ဖြစ်၏။ ငါ့သျှင် ဤသို့ ကောင်းစွာ လွန်မြောက်သော စိတ်ရှိသော ရဟန်းအား လွန်ကဲကုန်သော မျက်စိဖြင့် သိအပ်ကုန်သော ရူပါရုံတို့သည် မျက်စိအား ထင်ခြင်းသို့ ရောက်လာကြစေကာမူ ထိုရဟန်း၏ စိတ်ကို (ထိုရူပါရုံတို့သည်) မလွှမ်းမိုးနိုင်ကုန်၊ ထိုရဟန်း၏ စိတ်သည် မရောနှောသည်သာ ဖြစ်၏၊ တည်တံ့၏၊

http://www.dhammadownload.com



မတုန်လှုပ်ခြင်းသို့ ရောက်၏၊ ထိုရုပါရုံ၏ အပျက်ကိုသာ ရှု၏။ ငါ့သျှင် ဥပမာသော်ကား မြေဝင် ရှစ်တောင် မြေပေါ် ရှစ်တောင်အားဖြင့် တဆယ့်ခြောက်တောင် ရှိသော ကျောက်တိုင်သည် ရှိရာ ၏၊ ထိုအခါ အရှေ့အရပ်မှ ပြင်းစွာသော လေပြင်းမုန်တိုင်း လာစေကာမူ ထိုကျောက်တိုင်ကို မလှုပ်စေနိုင်ရာ၊ ပြင်းစွာ မလှုပ်စေနိုင်ရာ၊ ထို့ပြင် အနောက်အရပ်။ ထို့ပြင် မြောက်အရပ်။ ထို့ပြင် တောင်အရပ်မှ ပြင်းစွာသော လေပြင်းမုန်တိုင်း လာစေကာမူ ထိုကျောက်တိုင်ကို မလှုပ်စေနိုင်ရာ၊ ပြင်းစွာ မလှုပ်စေနိုင်ရာ၊ ထိုသို့ မလှုပ်စေနိုင်ခြင်းသည် အဘယ့်ကြောင့်နည်း။ ငါ့သျှင် မြေဝင်နက် သည်၏ အဖြစ် ကျောက်တိုင်ကိုကောင်းစွာ စိုက်အပ်သည်၏အဖြစ်ကြောင့်တည်း။ ငါ့သျှင် ဤ အတူ ကောင်းစွာ လွန်မြောက်သော စိတ်ရှိသော ရဟန်းအား လွန်ကဲကုန်သော မျက်စိဖြင့် သိ အပ်ကုန်သော ရုပါရုံတို့သည် မျက်စိအား ထင်ခြင်းသို့ ရောက်လာကြစေကာမူ ထိုရဟန်း၏ စိတ်ကို (ထိုရုပါရုံတို့သည်) မလွှမ်းမိုးနိုင်ကုန်၊ ထိုရဟန်း၏ စိတ်သည် မရောနှောသည်သာ ဖြစ်၏၊ တည်တံ့ ၏၊ မတုန်လှုပ်ခြင်းသို့ ရောက်၏၊ထိုရုပါရုံ၏ အပျက်ကိုသာရှု၏။

လွန်ကဲကုန်သော နားဖြင့် သိအပ်ကုန်သော သဒ္ဒါရုံတို့သည်။ နှာခေါင်း ဖြင့် သိအပ်ကုန်သော ဂန္ဓာရုံတို့သည်။ လျှာဖြင့် သိအပ်ကုန်သော ရသာရုံတို့သည်။ ကိုယ်ဖြင့် သိအပ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့သည်။ စိတ်ဖြင့် သိအပ်ကုန်သော ဓမ္မာရုံတို့သည် စိတ်အား ထင်ခြင်းသို့ ရောက် လာကြစေကာမူ ထိုရဟန်း၏ စိတ်ကို (ထိုဓမ္မာရုံတို့သည်) မလွှမ်းမိုးနိုင်ကုန်၊ထိုရဟန်း၏ စိတ်သည် မရောနှောသည်သာ ဖြစ်၏၊ တည်တံ့၏၊ မတုန်လှုပ်ခြင်းသို့ ရောက်၏၊ ထိုဓမ္မာရုံ၏ အပျက်ကိုသာ ရှု၏ဟု (မိန့်ဆို၏)။

ဆဋ္ဌသုတ်။

---

## ၇-ပဌမ ဝေရသုတ်

၂၇။ ထိုအခါ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေသော အနာထပိဏ်သူဌေးအား မြတ်စွာဘုရားသည် ဤစကားကိုမိန့်တော်မူ၏— သူကြွယ် အကြင်အခါ၌ အရိယာ တပည့်အား ဘေးရန် ငါးမျိုးတို့သည် ငြိမ်းအေးကုန်၏၊ သောတာပတ္တိအင်္ဂါလေးမျိုးတို့နှင့်လည်း ပြည့်စုံ၏၊ ထိုအခါ ထိုအရိယာတပည့်သည် (ပြောဆို ခြင်းငှါ) အလိုရှိခဲ့မူ (ငါသည်) "ငရဲ ကုန်ပြီးသူ၊ တိရစ္ဆာန်ဘဝ ကုန်ပြီးသူ၊ ပြိတ္တာဘဝ ကုန်ပြီးသူ ဖြစ်၏၊ ဖရိုဖရဲကျရာ အပါယ် ဒုဂ္ဂတိကုန်ပြီးသူ ဖြစ်၏၊ ငါသည် သောတာပန် ဖြစ်၏၊ ဖရိုဖရဲ ကျခြင်း သဘောမရှိ မြဲ၏၊ သမ္ဗောဓိ(အထက်မဂ်)ဉာဏ်လျှင် လည်းလျောင်းရာရှိ၏"ဟု မိမိသည် ပင် မိမိကိုယ်ကို ပြောဆိုနိုင်၏။

အဘယ်ဘေးရန် ငါးမျိုးတို့ ငြိမ်းကုန်သနည်း ဟူမူ—သူကြွယ် သူ့အသက် သတ်သူသည် သူ့ အသက် သတ်ခြင်းဟူသော အကြောင်းကြောင့် မျက်မှောက်ဘဝ၌ ဖြစ်သော ဘေးရန်လည်း ပွါး၏၊ တမလွန်ဘဝ၌ ဖြစ်သော ဘေးရန်လည်းပွါး၏၊ စိတ်၌ ဖြစ်သော ဆင်းရဲခြင်း နှလုံး မသာခြင်းကိုလည်း ခံစားရ၏။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူသည် မျက်မှောက်ဘဝ၌ ဖြစ်သော ဘေးရန်လည်း မပွါး၊ တမလွန်ဘဝ၌ ဖြစ်သော ဘေးရန်လည်း မပွါး၊ စိတ်၌ ဖြစ် သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း မခံစားရ။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား

http://www.dhammadownload.com



ဤသို့လျှင် ထိုဘေးရန်သည် ငြိမ်းအေး၏။ သူကြွယ် အရှင်မပေးအပ်သော ဥစ္စာကို ယူသူသည်။ပ။ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်သူသည်။ မဟုတ် မမှန်ပြောသူသည်။ ယစ်မူး မေ့လျော့ကြောင်း ဖြစ်သော သေအရက်ကို သောက်သူသည် ယစ်မူးမေ့လျော့ကြောင်း ဖြစ်သော သေအရက်ကို သောက်ခြင်း ဟူသောအကြောင်းကြောင့် မျက်မှောက်ဘဝ၌ ဖြစ်သော ဘေးရန်လည်း ပွါး၏၊ တမလွန်ဘဝ၌ ဖြစ်သော ဘေးရန်လည်း ပွါး၏၊ စိတ်၌ ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း ခံစားရ၏။ ယစ်မူး မေ့လျော့ကြောင်း ဖြစ်သော သေအရက်မှ ရှောင်ကြဉ်သူအား မျက်မှောက်ဘဝ၌ ဖြစ်သော ဘေးရန်လည်း မပွါး၊ တမလွန်ဘဝ၌ ဖြစ်သော ဘေးရန်လည်း မပွါး၊ စိတ်၌ ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း မခံစားရ။ ယစ်မူး မေ့လျော့ကြောင်းဖြစ်သော သေအရက်မှ ရှောင်ကြဉ်သူအား ဤသို့လျှင် ထိုဘေးရန်သည် ငြိမ်းအေး၏၊ ဤဘေးရန် ငါးမျိုးတို့သည် ငြိမ်းအေးကုန်၏။

အဘယ်မည်သော သောတာပတ္တိ အင်္ဂါလေးမျိုးတို့နှင့် ပြည့်စုံသနည်း ဟူမူ—သူကြွယ် ဤသာသနာတော်၌ အရိယာတပည့်သည် မြတ်စွာဘုရား၌ သက်ဝင်ယုံကြည်မှုနှင့် ပြည့်စုံ၏၊ "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏၊နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏" ဟု(ယုံကြည်၏)။

တရား၌ သက်ဝင်ယုံကြည်မှုနှင့် ပြည့်စုံ၏၊ "မြတ်စွာဘုရား ဟောသော တရားတော်သည် ကောင်းစွာ ဟောထားသော တရားတော်ပါပေတည်း၊ ကိုယ်တိုင် သိမြင်နိုင်သော တရားတော်ပါပေတည်း၊ အခါမလင့် အကျိုးပေးတတ်သော တရားတော်ပါပေတည်း၊ လာလှည့် ရှုလှည့်ဟု ပြထိုက်သော တရားတော်ပါပေတည်း၊ မိမိ၏ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်သော တရားတော်ပါပေတည်း (အရိယာ)ပညာရှိတို့သာ ကိုယ်စီ ကိုယ်ငှ သိနိုင် ခံစားနိုင်သော တရားတော်ပါပေတည်း"ဟု(ယုံကြည်၏)။

သံဃာ၌ သက်ဝင်ယုံကြည်မှုနှင့် ပြည့်စုံ၏၊ "မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းသော အကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ဖြောင့်မတ်သော အကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် မှန်သော အကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် လျော်ကန်သော အကျင့် ရှိတော်မူပါပေ၏၊ အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါး အရေအတွက် ရှိသော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူသော အလှူကို ခံတော်မူထိုက်ပါပေ၏၊ ဧည့်သည်တို့ အလို့ငှါ စီမံထားသော ဝတ္ထုကို

http://www.dhammadownload.com



ခံတော်မူထိုက်ပါပေ၏၊ တမလွန်အတွက် ရည်မြှော်သော အလှူကို ခံတော်မူထိုက်ပါပေ၏၊ လက်အုပ်ချီခြင်းငှါ ထိုက်ပါပေ၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်တော်မူပါပေ၏”ဟု (ယုံကြည်၏)။

မကျိုး မပေါက် မပြောက် မကျားကုန်သော တဏှာကျွန်အဖြစ်မှ လွတ်မြောက်ကုန်သော ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော မှားသော အားဖြင့် မသုံးသပ်အပ်ကုန်သော တည်ကြည်မှု ‘သမာဓိ’ ကို ဖြစ်စေတတ်ကုန်သော အရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့်ပြည့်စုံ၏၊ ဤသောတာပတ္တိ အင်္ဂါလေးမျိုးတို့နှင့် ပြည့်စုံ၏။

သူကြွယ် အကြင်အခါ၌ အရိယာတပည့်အား ဤဘေးရန် ငါးမျိုးတို့သည် ငြိမ်းအေးကုန်၏၊ ဤသောတာပတ္တိ အင်္ဂါလေးမျိုးတို့နှင့်လည်း ပြည့်စုံ၏။ ထိုအခါ၊ ထိုအရိယာတပည့်သည် (ပြောဆိုခြင်းငှါ)အလိုရှိခဲ့မူ(ငါသည်)“ငရဲ ကုန်ပြီးသူ တိရစ္ဆာန်ဘဝ ကုန်ပြီးသူ ပြိတ္တာဘဝကုန်ပြီးသူ ဖရိုဖရဲ ကျရာ အပါယ်ဒုဂ္ဂတိ ကုန်ပြီးသူဖြစ်၏၊ ငါသည် သောတာပန် ဖြစ်၏၊ ဖရိုဖရဲ ကျခြင်း သဘောမရှိ၊ မြဲ၏၊ သမ္ဗောဓိ (အထက်မဂ်) ဉာဏ်လျှင် လည်းလျောင်းရာရှိ၏”ဟု မိမိသည်ပင် မိမိကိုယ်ကို ပြောဆိုနိုင်၏ဟု မိန့်တော်မူ၏။

သတ္တမသုတ်။

---

## ၈-ဒုတိယ ဝေရသုတ်

၂၈။ ရဟန်းတို့ အကြင်အခါ၌ အရိယာတပည့်အား ဘေးရန်ငါးမျိုးတို့သည် ငြိမ်းအေးကုန်၏၊ သောတာပတ္တိ အင်္ဂါလေးမျိုးတို့နှင့်လည်း ပြည့်စုံ၏၊ ထိုအခါ ထိုအရိယာတပည့်သည် (ပြောဆိုခြင်းငှါ)အလိုရှိခဲ့မူ(ငါသည်)“ငရဲ ကုန်ပြီးသူ တိရစ္ဆာန်ဘဝ ကုန်ပြီးသူ ပြိတ္တာဘဝကုန်ပြီးသူ ဖရိုဖရဲ ကျရာ အပါယ်ဒုဂ္ဂတိ ကုန်ပြီးသူဖြစ်၏၊ ငါသည် သောတာပန်ဖြစ်၏၊ ဖရို ဖရဲ ကျခြင်း သဘော မရှိ၊ မြဲ၏၊ သမ္ဗောဓိ(အထက်မဂ်)ဉာဏ်လျှင် လည်းလျောင်းရာရှိ၏”ဟု မိမိသည်ပင် မိမိကိုယ်ကို ပြောဆိုနိုင်၏။

အဘယ်ဘေးရန်ငါးမျိုးတို့ ငြိမ်းအေးကုန်သနည်း ဟူမူ–ရဟန်းတို့ သူ့အသက် သတ်သူသည် သူ့အသက် သတ်ခြင်း ဟူသော အကြောင်းကြောင့် မျက်မှောက် ဘဝ၌ဖြစ်သော ဘေးရန်လည်း ပွါး၏၊ တမလွန်ဘဝ၌ဖြစ်သော ဘေးရန်လည်း ပွါး၏၊စိတ်၌ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်း ကိုလည်း ခံစားရ၏။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား။ပ။ဤသို့လျှင် ထိုဘေးရန်သည် ငြိမ်းအေး၏။ရဟန်းတို့ အရှင်မပေးအပ်သော ဥစ္စာကို ယူသူသည်။ပ။ယစ်မူး မေ့လျော့ကြောင်း ဖြစ်သော သေအရက်ကို သောက်သူသည် ယစ်မူး မေ့လျော့ကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းဟူသော အကြောင်းကြောင့် မျက်မှောက်ဘဝ၌ဖြစ်သော ဘေးရန်လည်း ပွါး၏၊ တမလွန်ဘဝဖြစ်သော ဘေးရန်လည်း ပွါး၏၊ စိတ်၌ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း ခံစားရ၏။ယစ်မူး မေ့လျော့ကြောင်းဖြစ်သော သေအရက်မှ ရှောင်ကြဉ်သူအား မျက်မှောက်ဘဝ၌ ဖြစ်သော ဘေးရန်လည်း မပွါး၊ တမလွန်ဘဝ၌ဖြစ်သော ဘေးရန်လည်း မပွါး၊ စိတ်၌ဖြစ်သော ဆင်းရဲခြင်းနှလုံးမသာခြင်းကိုလည်း မခံစားရ။ ယစ်မူး မေ့လျော့ကြောင်းဖြစ်သော သေအရက်မှ

http://www.dhammadownload.com



ရှောင်ကြဉ်သူအား ဤသို့လျှင် ထိုဘေးရန်သည် ငြိမ်းအေး၏။ ဤဘေးရန်ငါးမျိုးတို့သည် ငြိမ်းအေးကုန်၏။

အဘယ် သောတာပတ္တိအင်္ဂါလေးမျိုးတို့နှင့် ပြည့်စုံသနည်း ဟူမူ-ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် "ထိုမြတ်စွာဘုရားသည် ။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္တာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါးကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏"ဟု မြတ်စွာဘုရား၌ သက်ဝင်ယုံကြည်မှုနှင့် ပြည့်စုံ၏။ တရား၌ ။ပ။ သံဃာ၌ ။ပ။ မကျိုး မပေါက် မပြောက် မကျားကုန်သော တဏှာကျွန်အဖြစ်မှ လွတ်မြောက်ကုန်သော ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော မှားသော အားဖြင့် မသုံးသပ်အပ်ကုန်သော တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်ကုန်သော အရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့် ပြည့်စုံ၏။ ဤသောတာပတ္တိ အင်္ဂါလေးပါးတို့နှင့် ပြည့်စုံ၏။

ရဟန်းတို့ အကြင်အခါ၌ အရိယာတပည့်အား ဘေးရန်ငါးမျိုးတို့သည် ငြိမ်းအေးကုန်၏၊ ဤသောတာပတ္တိအင်္ဂါ လေးမျိုးတို့နှင့်လည်း ပြည့်စုံ၏၊ ထိုအခါ ထိုအရိယာတပည့်သည် (ပြောဆိုခြင်းငှါ) အလိုရှိခဲ့မူ (ငါသည်) "ငရဲကုန်ပြီးသူ တိရစ္ဆာန်ဘဝကုန်ပြီးသူ ပြိတ္တာဘဝကုန်ပြီးသူ ဖရိုဖရဲကျရာ အပါယ်ဒုဂ္ဂတိကုန်ပြီးသူ ဖြစ်၏၊ ငါသည် သောတာပန်ဖြစ်၏၊ ဖရိုဖရဲ ကျခြင်းသဘော မရှိ၊ မြဲ၏၊ သမ္ဗောဓိ(အထက်မဂ်)ဉာဏ်လျှင် လည်းလျောင်းရာရှိ၏"ဟု မိမိသည်ပင် မိမိကိုယ်ကို ပြောဆိုနိုင်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-အာဃာတဝတ္ထုသုတ်

၂၉။ ရဟန်းတို့ ရန်ငြိုးဖွဲ့ကြောင်း 'အာဃာတဝတ္ထု'တို့သည် ဤကိုးမျိုးတို့တည်း။ အဘယ်ကိုးမျိုးတို့နည်း ဟူမူ—"ငါ၏ အကျိုးမဲ့ကို ပြုဘူးပြီ"ဟု ရန်ငြိုးဖွဲ့၏၊ "ငါ၏ အကျိုးမဲ့ကို ပြုနေဆဲ"ဟု ရန်ငြိုးဖွဲ့၏၊ "ငါ၏ အကျိုးမဲ့ကို ပြုလိမ့်မည်"ဟု ရန်ငြိုးဖွဲ့၏။ "ငါ ချစ်ခင်နှစ်သက်သော ပုဂ္ဂိုလ်၏ အကျိုးမဲ့ကို ပြုဘူးပြီ။ပ။ အကျိုးမဲ့ကို ပြုနေဆဲ။ပ။ အကျိုးမဲ့ကို ပြုလိမ့်မည်"ဟု ရန်ငြိုးဖွဲ့၏။ "ငါ မချစ်ခင် မနှစ်သက်သော ပုဂ္ဂိုလ်၏ အကျိုးကို ပြုဘူးပြီ။ပ။ အကျိုးကို ပြုနေဆဲ။ပ။ အကျိုးကို ပြုလိမ့်မည်"ဟု ရန်ငြိုးဖွဲ့၏။ ရဟန်းတို့ ရန်ငြိုးဖွဲ့ကြောင်း 'အာဃာတဝတ္ထု' တို့သည် ဤကိုးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-အာဃာတပဋိဝိနယသုတ်

၃၀။ ရဟန်းတို့ ရန်ငြိုးဖြေကြောင်းတို့သည် ဤကိုးမျိုးတို့တည်း။ အဘယ်ကိုးမျိုးတို့နည်း ဟူမူ—"ငါ၏ အကျိုးမဲ့ကို ပြုဘူးပြီ၊ ထိုအကျိုးမဲ့ပြုခြင်းကို ဤပုဂ္ဂိုလ်၌(တားမြစ်ရန်) အဘယ်မှာ ရနိုင်အံ့နည်း"ဟု ရန်ငြိုးကို ဖြေ၏၊ "ငါ၏ အကျိုးမဲ့ကို ပြုနေဆဲ၊ ထိုအကျိုးမဲ့ပြုခြင်းကို ဤပုဂ္ဂိုလ်၌

http://www.dhammadownload.com



(တားမြစ်ရန်) အဘယ်မှာ ရနိုင်အံ့နည်း''ဟု ရန်ငြိုးကို ဖြေ၏၊ ''ငါ၏ အကျိုးမဲ့ကို ပြုလိမ့်မည်၊ ထိုအကျိုးမဲ့ပြုခြင်းကို ဤပုဂ္ဂိုလ်၌ (တားမြစ်ရန်) အဘယ်မှာ ရနိုင်အံ့နည်း''ဟု ရန်ငြိုးကို ဖြေ၏။ ''ငါချစ်ခင်နှစ်သက်သော ပုဂ္ဂိုလ်၏ အကျိုးမဲ့ကို ပြုဘူးပြီ။ပ။ အကျိုးမဲ့ကိုပြုနေဆဲ။ပ။ အကျိုးမဲ့ကို ပြုလိမ့်မည်၊ ထိုအကျိုးမဲ့ပြုခြင်းကို ဤပုဂ္ဂိုလ်၌(တားမြစ်ရန်) အဘယ်မှာ ရနိုင်အံ့နည်း''ဟု ရန်ငြိုးကို ဖြေ၏။ ''ငါမချစ်ခင် မနှစ်သက်သော ပုဂ္ဂိုလ်၏အကျိုးကို ပြုဘူးပြီ။ပ။ အကျိုးကိုပြုနေဆဲ။ပ။ အကျိုးကိုပြုလိမ့်မည်ဟု ထိုအကျိုးပြုခြင်းကို ဤပုဂ္ဂိုလ်၌(တားမြစ်ရန်) အဘယ်မှာရနိုင်အံ့နည်း'' ဟု ရန်ငြိုးကို ဖြေ၏။ ရဟန်းတို့ ရန်ငြိုးဖြေကြောင်းတို့သည် ဤကိုးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

## ၁၁-အနုပုဗ္ဗနိရောဓသုတ်

၃၁။ ရဟန်းတို့ အစဉ်အတိုင်း ချုပ်ခြင်းတို့သည် ဤကိုးမျိုးတို့တည်း။ အဘယ်ကိုးမျိုးတို့နည်း ဟူမူ—ပဌမဈာန်ကို ဝင်စားသောပုဂ္ဂိုလ်အား ကာမသညာသည် ချုပ်၏၊ ဒုတိယဈာန်ကို ဝင်စားသောပုဂ္ဂိုလ်အား ဝိတက်ဝိစာရတို့သည် ချုပ်ကုန်၏၊ တတိယဈာန်ကို ဝင်စားသောပုဂ္ဂိုလ်အား နှစ်သိမ့်မှု'ပီတိ'သည် ချုပ်၏၊ စတုတ္ထဈာန်ကို ဝင်စားသောပုဂ္ဂိုလ်အား ထွက်သက် ဝင်သက်တို့သည် ချုပ်ကုန်၏၊ အာကာသာနဉ္စာယတနဈာန်ကို ဝင်စားသောပုဂ္ဂိုလ်အား ရူပသညာသည် ချုပ်၏၊ ဝိညာဏဉ္စာယတနဈာန်ကို ဝင်စားသော ပုဂ္ဂိုလ်အား အာကာသာနဉ္စာယတနသညာသည် ချုပ်၏၊ အာကိဉ္စညာယတန ဈာန်ကို ဝင်စားသော ပုဂ္ဂိုလ်အား ဝိညာဏဉ္စာယတနသညာသည် ချုပ်၏၊ နေဝသညာ နာသညာယတန ဈာန်ကို ဝင်စားသော ပုဂ္ဂိုလ်အား အာကိဉ္စညာယတနသညာသည် ချုပ်၏၊ သညာ ဝေဒနာတို့ ချုပ်ရာ နိရောဓသမာပတ်ကို ဝင်စားသော ပုဂ္ဂိုလ်အား သညာသည်၎င်း ဝေဒနာသည်၎င်း ချုပ်၏။ ရဟန်းတို့အစဉ်အတိုင်း ချုပ်ခြင်းတို့သည် ဤကိုးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ကောဒသမသုတ်။

သုံးခုမြောက် သတ္တာဝါသဝဂ် ပြီး၏။

## ၄-မဟာဝဂ် ၁-အနုပုဗ္ဗဝိဟာရသုတ်

၃၂။ ရဟန်းတို့ အစဉ်အတိုင်း (ဝင်စားသောအားဖြင့်) နေအပ်သော တရားတို့သည် ဤကိုးမျိုးတို့တည်း။ အဘယ်ကိုးမျိုးတို့နည်း ဟူမူ—ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတန၊ နေဝသညာနာသညာယတန၊ သညာဝေဒနာတို့၏ ချုပ်ရာ (နိရောဓသမာပတ်)တို့တည်း။ ရဟန်းတို့ ဤသည်တို့ကား အစဉ်အတိုင်း (ဝင်စားသောအားဖြင့်) နေအပ်သော တရားကိုးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-အနုပုဗ္ဗဝိဟာရသမာပတ္တိသုတ်

၃၃။ ရဟန်းတို့ ဤအစဉ်အတိုင်း (ဝင်စားသောအားဖြင့်) နေအပ်သော သမာပတ် 'ဈာန်' ကိုးမျိုးတို့ကို ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ ရဟန်းတို့ အစဉ်အတိုင်း (ဝင်စားသော အားဖြင့်) နေအပ်သော သမာပတ် ကိုးမျိုးတို့ဟူသည် အဘယ်တို့နည်း၊ အကြင်ဌာန၌ ကာမတို့သည် ချုပ်ကုန်၏၊ အကြင်သူတို့သည်လည်း ဝတ္ထုကာမ ကိလေသာကာမတို့ကို ချုပ်စေ ချုပ်စေ၍ နေကုန်၏၊ စင်စစ် ထိုအသျှင်တို့သည် ထို (ဈာန်) အင်္ဂါဖြင့် မဆာလောင်ကုန်၊ ငြိမ်းအေးကုန်၏ ကူးမြောက်ပြီး ဖြစ်ကုန်၏၊ ကမ်းတဖက်သို့ ရောက်ပြီး ဖြစ်ကုန်၏ဟု ငါဆို၏။ "အဘယ် ဌာန၌ ကာမတို့သည် ချုပ်ကုန်သနည်း၊ အဘယ် ပုဂ္ဂိုလ်တို့သည်လည်း ကာမတို့ကို ချုပ်စေ ချုပ်စေ၍ နေကြကုန်သနည်း၊ ထိုအကြောင်းကို ငါမသိ၊ ထိုအကြောင်းကို ငါမမြင်"ဟု တစုံတယောက်က ဤသို့ ဆိုလာခဲ့မူ ထိုသူကို "ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင် ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' နှင့်တကွဖြစ်သော (နီဝရဏ) ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော ပဌမဈာန်သို့ ရောက်၍နေ၏၊ ဤပဌမဈာန်၌ ကာမတို့သည် ချုပ်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည်လည်း ကာမတို့ကို ချုပ်စေ ချုပ်စေ၍ နေကြကုန်၏"ဟု ဤသို့ ဆိုအပ်၏။ ရဟန်းတို့ စင်စစ် မစဉ်းလဲသူ မလှည့်ပတ်တတ်သူသည် "ကောင်းလှပေ၏"ဟူ၍ ဟောအပ်သော တရားကို နှစ်ခြိုက်ရာ၏၊ ဝမ်းမြောက်ရာ၏၊ "ကောင်းလှပေ၏"ဟူ၍ ဟောအပ်သော တရားကို နှစ်ခြိုက် ဝမ်းမြောက်၍ ရှိခိုးလျက် လက်အုပ်ချီကာ ဆည်းကပ်ရာ၏။

အကြင်ဌာန၌ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့သည် ချုပ်ကုန်၏၊ အကြင်ပုဂ္ဂိုလ်တို့သည်လည်း ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့ကို ချုပ်စေ ချုပ်စေ၍ နေကြကုန်၏၊ စင်စစ် ထိုအသျှင်တို့သည် ထို (ဒုတိယဈာန်) အင်္ဂါဖြင့် မဆာလောင်ကုန်၊ ငြိမ်းအေးကုန်၏၊ ကူးမြောက်ပြီး ဖြစ်ကုန်၏၊ ကမ်းတဖက်သို့ ရောက်ပြီး ဖြစ်ကုန်၏ဟု ငါဆို၏။ "အဘယ်ဌာန၌ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့သည် ချုပ်ကုန်သနည်း၊ အဘယ် ပုဂ္ဂိုလ်တို့သည်လည်း ထိုကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့ကို ချုပ်စေ ချုပ်စေ၍ နေကြကုန်သနည်း၊ ထိုအကြောင်းကို ငါမသိ၊ ထိုအကြောင်းကို ငါမမြင်"ဟု တစုံတယောက်က ဤသို့ ဆိုလာခဲ့မူ ထိုသူကို "ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့၏ ငြိမ်းအေးခြင်းကြောင့်။ပ။ ဒုတိယဈာန်သို့ ရောက်၍နေ၏၊ ဤဒုတိယဈာန်၌ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့သည် ချုပ်ကုန်၏၊ ထို (ဒုတိယဈာန်ရ) ပုဂ္ဂိုလ်တို့သည်လည်း ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့ကို ချုပ်စေ ချုပ်စေ၍ နေကုန်၏"ဟု ဤသို့ ဆိုအပ်၏။ ရဟန်းတို့ စင်စစ် မစဉ်းလဲသူ မလှည့်ပတ်တတ်သူသည် "ကောင်းလှပေ၏"ဟူ၍ ဟောအပ်သော တရားကို နှစ်ခြိုက်ရာ၏၊ ဝမ်းမြောက်ရာ၏၊ "ကောင်းလှပေ၏"ဟူ၍ ဟောအပ်သော တရားကို နှစ်ခြိုက် ဝမ်းမြောက်၍ ရှိခိုးလျက် လက်အုပ်ချီကာ ဆည်းကပ်ရာ၏။

အကြင်ဌာန၌ နှစ်သိမ့်မှု 'ပီတိ' သည် ချုပ်၏၊ အကြင်ပုဂ္ဂိုလ်တို့သည်လည်း နှစ်သိမ့်မှု 'ပီတိ' ကို ချုပ်စေ ချုပ်စေ၍ နေကုန်၏၊ စင်စစ် ထိုအသျှင်တို့သည် ထို(ဈာန်) အင်္ဂါဖြင့် မဆာလောင်ကုန်၊ ငြိမ်းအေး ကုန်၏၊ ကူးမြောက်ပြီးဖြစ်ကုန်၏၊ ကမ်းတဖက်သို့ ရောက်ပြီး ဖြစ်ကုန်၏ဟု ငါဆို၏။ "အဘယ် ဌာန၌ နှစ်သိမ့်မှု 'ပီတိ' သည် ချုပ်သနည်း၊ အဘယ် ပုဂ္ဂိုလ်တို့သည်လည်း နှစ်သိမ့်မှု

http://www.dhammadownload.com



'ပီတိ' ကို ချုပ်စေ ချုပ်စေ၍ နေကုန်သနည်း၊ ထိုအကြောင်းကို ငါမသိ၊ ထိုအကြောင်းကို ငါမမြင်"ဟု တစုံတယောက်က ဤသို့ဆိုလာခဲ့မူ ထိုသူကို "ငါ့သျှင် ဤ သာသနာတော်၌ ရဟန်းသည် နှစ်သိမ့်မှု 'ပီတိ' ကိုလည်း တပ်မက်မှု ကင်းခြင်းကြောင့် ။ပ။ တတိယစျာန်သို့ ရောက်၍ နေ၏၊ ဤတတိယစျာန်၌ နှစ်သိမ့်မှု 'ပီတိ' သည် ချုပ်၏၊ ထို (တတိယစျာန်ရ) ပုဂ္ဂိုလ်တို့သည်လည်း နှစ်သိမ့်မှု 'ပီတိ' ကို ချုပ်စေ ချုပ်စေ၍ နေကုန်၏"ဟု ဤသို့ဆိုအပ်၏။ ရဟန်းတို့ စင်စစ် မစဉ်းလဲသူ မလှည့်ပတ်တတ်သူသည် "ကောင်းလှပေ၏"ဟူ၍ ဟောအပ်သော တရားကို နှစ်ခြိုက်ရာ၏၊ ဝမ်းမြောက်ရာ၏၊ "ကောင်းလှပေ၏"ဟူ၍ ဟောအပ်သော တရားကို နှစ်ခြိုက်ဝမ်းမြောက်၍ ရှိခိုးလျက် လက်အုပ်ချီကာ ဆည်းကပ်ရာ၏။

အကြင်ဌာန၌ လျစ်လျူရှုမှု 'ဥပေက္ခာ' ချမ်းသာသည် ချုပ်၏၊ အကြင်ပုဂ္ဂိုလ်တို့သည်လည်း လျစ်လျူရှုမှု 'ဥပေက္ခာ' ချမ်းသာကို ချုပ်စေ ချုပ်စေ၍ နေကုန်၏၊ စင်စစ် ထိုအသျှင်တို့သည် ထို (စတုတ္ထစျာန်) အင်္ဂါဖြင့် မဆာလောင်ကုန်၊ ငြိမ်းအေးကုန်၏၊ ကူးမြောက်ပြီး ဖြစ်ကုန်၏၊ ကမ်းတဖက်သို့ ရောက်ပြီးဖြစ်ကုန်၏ဟု ငါဆို၏။ "အဘယ်ဌာန၌ လျစ်လျူရှုမှု 'ဥပေက္ခာ' ချမ်းသာသည် ချုပ်သနည်း၊ အဘယ် ပုဂ္ဂိုလ်တို့သည်လည်း လျစ်လျူရှုမှု 'ဥပေက္ခာ' ချမ်းသာကို ချုပ်စေ ချုပ်စေ၍ နေကုန်သနည်း၊ ထိုအကြောင်းကို ငါမသိ၊ ထိုအကြောင်းကို ငါမမြင်"ဟု တစုံတယောက်က ဤသို့ ဆိုလာခဲ့မူ ထိုသူကို "ငါ့သျှင် ဤ သာသနာတော်၌ ရဟန်းသည် ချမ်းသာမှု 'သုခ' ကိုလည်း ပယ်ခြင်းကြောင့် ။ပ။ စတုတ္ထစျာန်သို့ ရောက်၍ နေ၏၊ ဤ စတုတ္ထစျာန်၌ လျစ်လျူရှုမှု 'ဥပေက္ခာ' ချမ်းသာသည် ချုပ်၏၊ ထို (စတုတ္ထစျာန်ရ) ပုဂ္ဂိုလ်တို့သည်လည်း လျစ်လျူရှုမှု 'ဥပေက္ခာ' ချမ်းသာကို ချုပ်စေ ချုပ်စေ၍ နေကုန်၏"ဟု ဤသို့ ဆိုအပ်၏။ ရဟန်းတို့ စင်စစ် မစဉ်းလဲသူ မလှည့်ပတ်တတ်သူသည် "ကောင်းလှပေ၏"ဟူ၍ ဟောအပ်သော တရားကို နှစ်ခြိုက်ရာ၏၊ ဝမ်းမြောက်ရာ၏၊ "ကောင်းလှပေ၏"ဟူ၍ ဟောအပ်သောတရားကို နှစ်ခြိုက်ဝမ်းမြောက်၍ ရှိခိုးလျက် လက်အုပ်ချီကာ ဆည်းကပ်ရာ၏။

အကြင်ဌာန၌ (ကသိုဏ်း)ရုပ်၌ဖြစ်သော မှတ်သားမှု 'ရူပသညာ' သည် ချုပ်၏၊ အကြင် ပုဂ္ဂိုလ်တို့သည်လည်း(ကသိုဏ်း)ရုပ်၌ ဖြစ်သော မှတ်သားမှု 'ရူပသညာ' ကို ချုပ်စေ ချုပ်စေ၍ နေကုန်၏၊ စင်စစ် ထိုအသျှင်တို့သည် ထို(စျာန်)အင်္ဂါဖြင့် မဆာလောင်ကုန်၊ ငြိမ်းအေးကုန်၏၊ ကူးမြောက်ပြီး ဖြစ်ကုန်၏၊ ကမ်းတဖက်သို့ ရောက်ပြီး ဖြစ်ကုန်၏ဟု ငါဆို၏။ "အဘယ်ဌာန၌ (ကသိုဏ်း)ရုပ်၌ ဖြစ်သော မှတ်သားမှု 'ရူပသညာ' ချုပ်သနည်း၊ အဘယ်ပုဂ္ဂိုလ်တို့သည်လည်း (ကသိုဏ်း)ရုပ်၌ ဖြစ်သော မှတ်သားမှု 'ရူပသညာ' ကို ချုပ်စေ ချုပ်စေ၍ နေကုန်သနည်း၊ ထိုအကြောင်းကို ငါမသိ၊ ထိုအကြောင်းကို ငါမမြင်"ဟု တစုံတယောက်က ဤသို့ဆိုလာခဲ့မူ ထိုသူကို "ငါ့သျှင် ဤ သာသနာတော်၌ ရဟန်းသည် (ကသိုဏ်း)ရုပ်၌ဖြစ်သော မှတ်သားမှု 'ရူပသညာ' တို့ကို လုံးဝ လွန်မြောက်ခြင်းကြောင့် ထိပါးမှု၌ မှတ်သားမှု 'ပဋိဃသညာ' တို့၏ ချုပ်ပြောက်ခြင်းကြောင့် အထူးထူး မှတ်သားမှု 'နာနတ္တသညာ' တို့ကို နှလုံးမသွင်းခြင်းကြောင့် 'ကောင်းကင်သည် အဆုံးမရှိ' ဟု အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍ နေ၏။ ထို (အာကာသာနဉ္စာယတနစျာန်ရ) ထိုပုဂ္ဂိုလ်တို့သည်လည်း ရုပ်၌မှတ်သားမှု 'ရူပသညာ' တို့ကို ချုပ်စေ ချုပ်စေ၍ နေကုန်၏"ဟု ဤသို့ ဆိုအပ်၏။ ရဟန်းတို့ စင်စစ် မစဉ်းလဲသူ မလှည့်ပတ်တတ်သူသည် "ကောင်းလှပေ၏"ဟူ၍ ဟောအပ်သော တရားကို နှစ်ခြိုက်ရာ၏၊ ဝမ်းမြောက်ရာ၏၊ "ကောင်းလှပေ၏" ဟူ၍ ဟောအပ်သော တရားကို နှစ်ခြိုက်ဝမ်းမြောက်၍ ရှိခိုးလျက် လက်အုပ်ချီကာ ဆည်းကပ်ရာ၏။

http://www.dhammadownload.com



အကြင်ဌာန၌ အာကာသာနဉ္စာယတနသညာသည် ချုပ်၏၊ အကြင် ပုဂ္ဂိုလ်တို့သည်လည်း အာကာသာနဉ္စာယတနသညာကို ချုပ်စေ ချုပ်စေ၍ နေကုန်၏၊ စင်စစ် ထိုအသျှင်တို့သည် ထို (ဝိညာဏဉ္စာယတန)စျာန်အင်္ဂါဖြင့် မဆာလောင်ကုန်၊ငြိမ်းအေးကုန်၏၊ ကူးမြောက်ပြီး ဖြစ်ကုန်၏၊ ကမ်းတဖက်သို့ ရောက်ပြီး ဖြစ်ကုန်၏ဟု ငါဆို၏။ "အဘယ်ဌာန၌ အာကာသာနဉ္စာ ယတနသညာ သည် ချုပ်သနည်း၊အဘယ် ပုဂ္ဂိုလ်တို့သည်လည်း အာကာသာနဉ္စာယတနသညာကို ချုပ်စေ ချုပ်စေ၍ နေကြကုန်သနည်း၊ ထို အကြောင်းကို ငါမသိ၊ ထိုအကြောင်းကို ငါမမြင်"ဟု တစုံ တယောက်က ဤသို့ ဆိုလာခဲ့မူ ထိုသူကို"ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် အာကာသာ နဉ္စာယတန စျာန်ကို လုံးဝလွန်မြောက်၍ 'ဝိညာဏ်သည် အဆုံးမရှိ'ဟု ဝိညာဏဉ္စာယတနစျာန်သို့ ရောက်၍ နေ၏၊ ဤ (ဝိညာဏဉ္စာယတနစျာန်)၌ အာကာသာနဉ္စာယတနသညာသည် ချုပ်၏၊ ထို (ဝိညာဏဉ္စာယတနစျာန်ရ) ပုဂ္ဂိုလ်တို့သည်လည်း အာကာသာနဉ္စာယတနသညာကို ချုပ်စေ ချုပ်စေ၍ နေကုန်၏"ဟု ဤသို့ ဆိုအပ်၏။ ရဟန်းတို့ စင်စစ် မစဉ်းလဲသူ မလှည့်ပတ်တတ်သူသည် "ကောင်းလှပေ၏"ဟူ၍ ဟောအပ်သော တရားကို နှစ်ခြိုက်ရာ၏၊ ဝမ်းမြောက်ရာ၏၊ "ကောင်းလှ ပေ၏"ဟူ၍ ဟောအပ်သော တရားကို နှစ်ခြိုက်ဝမ်းမြောက်၍ ရှိခိုးလျက် လက်အုပ်ချီကာ ဆည်းကပ်ရာ၏။

အကြင်ဌာန၌ ဝိညာဏဉ္စာယတနသညာသည် ချုပ်၏၊ အကြင် ပုဂ္ဂိုလ်တို့သည် ဝိညာဏဉ္စာ ယတနသညာကို ချုပ်စေ ချုပ်စေ၍ နေကုန်၏၊ စင်စစ် ထိုအသျှင်တို့သည် ထို(စျာန်)အင်္ဂါဖြင့် မဆာလောင်ကုန်၊ ငြိမ်းအေးကုန်၏၊ကူးမြောက်ပြီးဖြစ်ကုန်၏၊ ကမ်းတဖက်သို့ ရောက်ပြီးဖြစ်ကုန်၏ ဟု ငါဆို၏။ "အဘယ်ဌာန၌ ဝိညာဏဉ္စာယတနသညာသည် ချုပ်သနည်း၊ အဘယ် ပုဂ္ဂိုလ်တို့ သည်လည်း ဝိညာဏဉ္စာယတနသညာကို ချုပ်စေ ချုပ်စေ၍ နေကြကုန်သနည်း၊ ထိုအကြောင်းကို ငါမသိ ထို အကြောင်းကို ငါမမြင်"ဟု တစုံတယောက်က ဤသို့ ဆိုလာခဲ့မူ ထိုသူကို "ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် ဝိညာဏဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ 'တစုံတခုမျှမရှိ'ဟု အာကိဉ္စညာ ယတနစျာန်သို့ ရောက်၍ နေ၏၊ ဤ (အာကိဉ္စညာယတန စျာန်)၌ ဝိညာဏဉ္စာ ယတနသညာသည် ချုပ်၏၊ ထို(အာကိဉ္စညာယတနစျာန်ရ) ပုဂ္ဂိုလ်တို့သည်လည်း ဝိညာဏဉ္စာ ယတနသညာကို ချုပ်စေ ချုပ်စေ၍ နေကုန်၏"ဟု ဤသို့ ဆိုအပ်၏။ ရဟန်းတို့ စင်စစ် မစဉ်းလဲသူ မလှည့်ပတ်တတ်သူသည် "ကောင်းလှပေ၏"ဟူ၍ ဟောအပ်သော တရားကို နှစ်ခြိုက်ရာ၏၊ ဝမ်းမြောက်ရာ၏၊ "ကောင်းလှပေ၏"ဟူ၍ ဟောအပ်သော တရားကို နှစ်ခြိုက်ဝမ်းမြောက်၍ ရှိခိုးလျက် လက်အုပ်ချီကာ ဆည်းကပ်ရာ၏။

အကြင်ဌာန၌ အာကိဉ္စညာယတနသညာသည် ချုပ်၏၊ အကြင် ပုဂ္ဂိုလ်တို့သည်လည်း အာကိဉ္စညာယတနသညာကို ချုပ်စေ ချုပ်စေ၍ နေကုန်၏၊ စင်စစ် ထို အသျှင်တို့သည် ထို (စျာန်)အင်္ဂါဖြင့် မဆာလောင်ကုန်၊ ငြိမ်းအေးကုန်၏၊ ကူးမြောက်ပြီး ဖြစ်ကုန်၏၊ ကမ်းတဖက်သို့ ရောက်ပြီး ဖြစ်ကုန်၏ဟု ငါဆို၏။ "အဘယ်ဌာန၌ အာကိဉ္စညာယတနသညာသည် ချုပ်သနည်း၊ အဘယ်ပုဂ္ဂိုလ်တို့သည်လည်း အာကိဉ္စညာယတနသညာကို ချုပ်စေ ချုပ်စေ၍ နေကုန်သနည်း၊ ထိုအကြောင်းကို ငါမသိ၊ ထို အကြောင်းကို ငါမမြင်"ဟု တစုံတယောက်က ဤသို့ ဆိုလာခဲ့မူ ထိုသူကို"ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် အာကိဉ္စညာယတနစျာန်ကို လုံးဝလွန် မြောက်၍ နေဝသညာနာသညာယတန စျာန်သို့ ကပ်ရောက်၍နေ၏၊ ဤ (နေဝသညာ နာသညာ ယတန စျာန်)၌ အာကိဉ္စညာယတနသညာသည် ချုပ်၏၊ ထို (နေဝသညာနာသညာယတန

http://www.dhammadownload.com



ဈာန်ရ) ပုဂ္ဂိုလ်တို့သည်လည်း အာကိဉ္စညာယတနသညာကို ချုပ်စေ ချုပ်စေ၍ နေကြကုန်၏”ဟု ဤသို့ ဆိုအပ်၏။ ရဟန်းတို့ စင်စစ် မစဉ်းလဲသူ မလှည့်ပတ်တတ်သူသည် “ကောင်းလှပေ၏”ဟူ၍ ဟောအပ်သော တရားကို နှစ်ခြိုက်ရာ၏၊ ဝမ်းမြောက်ရာ၏၊ “ကောင်းလှပေ၏”ဟူ၍ ဟောအပ်သော တရားကို နှစ်ခြိုက်ဝမ်းမြောက်၍ ရှိခိုးလျက် လက်အုပ်ချီကာ ဆည်းကပ်ရာ၏။

အကြင်ဌာန၌ နေဝသညာနာသညာယတနသညာသည် ချုပ်၏၊ အကြင် ပုဂ္ဂိုလ်တို့သည်လည်း နေဝသညာနာသညာယတနသညာကို ချုပ်စေ ချုပ်စေ၍ နေကြကုန်၏၊ စင်စစ် ထိုအသျှင်တို့သည် ထို(နိရောဓသမာပတ်) အင်္ဂါဖြင့် မဆာလောင်ကုန်၊ ငြိမ်းအေးကုန်၏၊ ကူးမြောက်ပြီး ဖြစ်ကုန်၏၊ ကမ်းတဖက်သို့ ရောက်ပြီး ဖြစ်ကုန်၏ ဟု ငါဆို၏။ “အဘယ်ဌာန၌ နေဝသညာနာသညာယတနသညာသည် ချုပ်သနည်း၊ အဘယ်ပုဂ္ဂိုလ်တို့သည်လည်း နေဝသညာနာသညာယတနသညာကို ချုပ်စေ ချုပ်စေ၍ နေကြကုန်သနည်း၊ ထိုအကြောင်းကို ငါမသိ၊ ထိုအကြောင်းကို ငါမမြင်”ဟု တစုံတယောက်က ဤသို့ ဆိုလာခဲ့မူ ထိုသူကို “ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် နေဝသညာနာသညာယတန စျာန်ကို လုံးဝလွန်မြောက်၍ သညာဝေဒယိတနိရောဓသမာပတ်သို့ ရောက်၍ နေ၏၊ ဤ(သညာ ဝေဒယိတ နိရောဓ သမာပတ်)၌ နေဝသညာနာသညာယတနသညာသည် ချုပ်၏၊ ထို (သညာဝေဒယိတ နိရောဓသမာပတ် ဝင်စားသူ) ပုဂ္ဂိုလ်တို့သည်လည်း နေဝသညာနာသညာယတနသညာကို ချုပ်စေ ချုပ်စေ၍ နေကြကုန်၏” ဟု ဤသို့ ဆိုအပ်၏။ ရဟန်းတို့ စင်စစ် မစဉ်းလဲသူ မလှည့်ပတ်တတ်သူသည် “ကောင်းလှပေ၏”ဟူ၍ ဟောအပ်သော တရားကို နှစ်ခြိုက်ရာ၏၊ ဝမ်းမြောက်ရာ၏၊ “ကောင်းလှပေ၏”ဟူ၍ ဟောအပ်သော တရားကို နှစ်ခြိုက် ဝမ်းမြောက်၍ ရှိခိုးလျက် လက်အုပ်ချီကာ ဆည်းကပ်ရာ၏။

ရဟန်းတို့ ဤသည်တို့ကား အစဉ်အတိုင်း (ဝင်စားသော အားဖြင့်) နေအပ်သော သမာပတ် ‘ဈာန်’ ကိုးမျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-နိဗ္ဗာနသုခသုတ်

၃၄။ အခါတပါး၌ အသျှင်သာရိပုတြာသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာပေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို “ငါ့သျှင်တို့ ဤ နိဗ္ဗာန်သည် ချမ်းသာ၏၊ ငါ့သျှင်တို့ ဤ နိဗ္ဗာန်သည် ချမ်းသာ၏”ဟု မိန့်ဆို၏။

ဤသို့ မိန့်ဆိုလတ်သော် အသျှင်ဥဒါယီသည် အသျှင်သာရိပုတြာအား–“ငါ့သျှင်သာရိပုတြာ ခံစားမှုမရှိသော နိဗ္ဗာန်၌ ချမ်းသာကား အဘယ်ပါနည်း”ဟု မေး၏။ ငါ့သျှင် ခံစားမှုမရှိသော ဤနိဗ္ဗာန်၌ ဤခံစားမှု မရှိခြင်းသည်ပင် ချမ်းသာမည်၏။

ငါ့သျှင် ကာမဂုဏ်တို့သည် ဤငါးမျိုးတို့တည်း၊ အဘယ်ငါးမျိုးတို့နည်း ဟူမူ—အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် နှလုံးကို ပွါးစေတတ်ကုန် ချစ်ဖွယ်သော သဘောရှိကုန် ကာမဂုဏ်နှင့်စပ်ကုန် တပ်စွန်းဖွယ်ရှိကုန်သော မျက်စိဖြင့်သိအပ်သော ရူပါရုံတို့ပေါင်း။ နားဖြင့်သိအပ်ကုန်သော သဒ္ဒါရုံတို့ပေါင်း။ပ။ နှာခေါင်းဖြင့် သိအပ်ကုန်သော ဂန္ဓာရုံတို့ပေါင်း။လျှာဖြင့်သိအပ်ကုန်သော ရသာရုံတို့

http://www.dhammadownload.com



ရင်း။အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် နှလုံးကို ပွါးစေအပ်ကုန် ချစ်ဖွယ်သော သဘောရှိကုန် ကာမဂုဏ်နှင့်စပ်ကုန် တပ်စွန်းဖွယ် ရှိကုန်သော ကိုယ်ဖြင့် သိအပ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့ ရင်းတည်း၊ ငါ့သျှင် ဤသည်တို့ကား ကာမဂုဏ်ငါးမျိုးတို့တည်း။ ဤကာမဂုဏ်ငါးမျိုးတို့ကိုစွဲ၍ ချမ်းသာမှု 'သုခ' ဝမ်းမြောက်မှု 'သောမနဿ'သည်ဖြစ်၏။ငါ့သျှင် ဤသည်ကို ကာမချမ်းသာ ဟု ဆိုအပ်၏။

ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ကင်းဆိတ်၍ သာလျှင် ။ပ။ ပဌမစျာန်သို့ရောက်လျက်နေ၏။ ငါ့သျှင် အကယ်၍ဤ(ပဌမစျာန်ဝင်စား) နေခြင်းဖြင့် နေသော ထိုရဟန်းအား ကာမနှင့်တကွ ဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့သည် ဖြစ်ပေါ်လာကုန်မူ ထိုဖြစ်ပေါ်လာခြင်းသည် ထိုရဟန်းအား နာကျင်မှုဖြစ်၏။ ငါ့သျှင် ချမ်းသာသူအား ဆင်းရဲခြင်းသည် နာကျင်ရန် အလို့ငှါသာ ဖြစ်ရာသကဲ့သို့ ဤအတူပင် ထိုရဟန်းအား ထို ကာမနှင့်တကွ ဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့သည် ဖြစ်ပေါ်လာကုန်မူ ထိုဖြစ်ပေါ်လာခြင်းသည် ထိုရဟန်းအား နာကျင်မှု ဖြစ်၏။ ငါ့သျှင် ယင်း နာကျင်မှုကို ဆင်းရဲဟု မြတ်စွာဘုရား ဟောတော်မူ၏။ ငါ့သျှင် အကြင်အကြောင်းဖြင့် နိဗ္ဗာန်သည် ချမ်းသာ၏၊ ဤအကြောင်းဖြင့်လည်းထိုနိဗ္ဗာန်ချမ်းသာကို သိအပ်၏။

ငါ့သျှင် နောက်တမျိုးကား ရဟန်းသည် ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ'တို့၏ ငြိမ်းခြင်းကြောင့် ဒုတိယစျာန်သို့ ရောက်လျက်နေ၏။ ငါ့သျှင် အကယ်၍ ဤ (ဒုတိယစျာန်ဝင်စား) နေခြင်းဖြင့် နေသော ထိုရဟန်းအား ကြံစည်မှု 'ဝိတက်'နှင့် တကွဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့သည် ဖြစ်ပေါ်လာကုန်မူ ထိုဖြစ်ပေါ်လာခြင်းသည် ထိုရဟန်းအား နာကျင်မှု ဖြစ်၏။ ငါ့သျှင် ချမ်းသာသူအား ဆင်းရဲခြင်းသည် နာကျင်ရန် အလို့ငှါသာ ဖြစ်ရာသကဲ့သို့ ဤအတူပင် ထိုရဟန်းအား ထိုကြံစည်မှု 'ဝိတက်' နှင့်တကွ ဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့သည် ဖြစ်ပေါ်လာကုန်မူ ထိုဖြစ်ပေါ်လာခြင်းသည် ထိုရဟန်းအား နာကျင်မှုဖြစ်၏။ ငါ့သျှင် ယင်း နာကျင်မှုကို ဆင်းရဲဟု မြတ်စွာဘုရား ဟောတော်မူ၏။ ငါ့သျှင် အကြင်အကြောင်းဖြင့် နိဗ္ဗာန်သည် ချမ်းသာ၏၊ ဤအကြောင်းဖြင့်လည်း ထိုနိဗ္ဗာန်ချမ်းသာကို သိအပ်၏။

ငါ့သျှင် နောက်တမျိုးကား ရဟန်းသည် နှစ်သိမ့်မှု 'ပီတိ'ကိုလည်း စက်ဆုပ်ခြင်းကြောင့်။ပ။ တတိယစျာန်သို့ ရောက်လျက်နေ၏။ ငါ့သျှင် အကယ်၍ ဤ (တတိယစျာန်ဝင်စား) နေခြင်းဖြင့် နေသော ထိုရဟန်းအား နှစ်သိမ့်မှု 'ပီတိ'နှင့်တကွ ဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှု တို့သည် ဖြစ်ပေါ်လာကုန်မူ ထိုဖြစ်ပေါ်လာခြင်းသည် ထိုရဟန်းအား နာကျင်မှုဖြစ်၏။ ငါ့သျှင် ချမ်းသာသူအား ဆင်းရဲခြင်းသည် နာကျင်ရန် အလို့ငှါသာ ဖြစ်ရာသကဲ့သို့ ဤအတူပင် ထိုရဟန်းအား ထိုနှစ်သိမ့်မှု 'ပီတိ'နှင့်တကွ ဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့သည် ဖြစ်ပေါ်လာကုန်မူ ထိုဖြစ်ပေါ်လာခြင်းသည် ထိုရဟန်းအား နာကျင်မှု ဖြစ်၏။ ငါ့သျှင် ယင်း နာကျင်မှုကို ဆင်းရဲဟု မြတ်စွာဘုရား ဟောတော်မူ၏။ ငါ့သျှင် အကြင်အကြောင်းဖြင့် နိဗ္ဗာန်သည် ချမ်းသာ၏၊ ဤအကြောင်းဖြင့်လည်း ထိုနိဗ္ဗာန်ချမ်းသာကို သိအပ်၏။

ငါ့သျှင် နောက်တမျိုးကား ရဟန်းသည် ချမ်းသာမှု 'သုခ'ကိုလည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထစျာန်သို့ ရောက်လျက်နေ၏။ ငါ့သျှင် အကယ်၍ ဤ (စတုတ္ထစျာန်ဝင်စား) နေခြင်းဖြင့်

http://www.dhammadownload.com



နေသော ထိုရဟန်းအား လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့်တကွ ဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှု တို့သည် ဖြစ်ပေါ်လာကုန်မူ ထိုဖြစ်ပေါ်လာခြင်းသည် ထိုရဟန်းအား နာကျင်မှု ဖြစ်၏။ ငါ့သျှင် ချမ်းသာသူအား ဆင်းရဲခြင်းသည် နာကျင်ရန်အလို့ငှါသာ ဖြစ်ရာသကဲ့သို့ ဤအတူပင် ထိုရဟန်းအား လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့်တကွ ဖြစ်ကုန်သော ထိုမှတ်သားမှု နှလုံးသွင်းမှု တို့သည် ဖြစ်ပေါ်လာကုန်မူ ထိုဖြစ်ပေါ်လာခြင်းသည် ထိုရဟန်းအား နာကျင်မှု ဖြစ်၏။ ငါ့သျှင် ယင်း နာကျင်မှုကို ဆင်းရဲဟု မြတ်စွာဘုရား ဟောတော်မူ၏။ ငါ့သျှင် အကြင်အကြောင်း ဖြင့် နိဗ္ဗာန်သည် ချမ်းသာ၏၊ ဤအကြောင်းဖြင့်လည်း ထိုနိဗ္ဗာန်ချမ်းသာကို သိအပ်၏။

ငါ့သျှင် နောက်တမျိုးကား ရဟန်းသည် (ကသိုဏ်း)ရုပ်၌ ဖြစ်သော မှတ်သားမှု 'ရူပသညာ' တို့ကို လုံးဝ လွန်မြောက်ခြင်းကြောင့် ထိပါးမှု၌ မှတ်သားမှု 'ပဋိဃသညာ'တို့၏ ချုပ်ပျောက်ခြင်းကြောင့် အထူးထူးမှတ်သားမှု 'နာနတ္တသညာ' တို့ကို နှလုံးမသွင်းခြင်းကြောင့် "ကောင်းကင်သည် အဆုံးမရှိ"ဟု အာကာသာနဉ္စာယတနစျာန်သို့ ရောက်လျက်နေ၏။ ငါ့သျှင် အကယ်၍ ဤ (စျာန်ဝင်စား) နေခြင်းဖြင့် နေသော ထိုရဟန်းအား ရုပ်နှင့်တကွ ဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့သည် ဖြစ်ပေါ်လာကုန်မူ ထိုဖြစ်ပေါ်လာခြင်းသည် ထိုရဟန်းအား နာကျင်မှု ဖြစ်၏။ ငါ့သျှင် ချမ်းသာသူအား ဆင်းရဲခြင်းသည် နာကျင်ရန် အလို့ငှါသာ ဖြစ်ရာသကဲ့သို့ ဤအတူပင် ထိုရဟန်းအား ရုပ်နှင့်တကွဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့သည် ဖြစ်ပေါ်လာကုန်မူ ထိုဖြစ်ပေါ်လာခြင်းသည် ထိုရဟန်းအား နာကျင်မှုဖြစ်၏။ ငါ့သျှင် ယင်း နာကျင်မှုကို ဆင်းရဲဟု မြတ်စွာဘုရား ဟောတော်မူ၏။ ငါ့သျှင် အကြင်အကြောင်းဖြင့် နိဗ္ဗာန်သည် ချမ်းသာ၏၊ ဤအကြောင်းဖြင့်လည်း ထိုနိဗ္ဗာန်ချမ်းသာကို သိအပ်၏။

ငါ့သျှင် နောက်တမျိုးကား ရဟန်းသည် အာကာသာနဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "ဝိညာဏ်သည် အပိုင်းအခြားမရှိ" ဟု ဝိညာဏဉ္စာယတနစျာန်သို့ ရောက်လျက် နေ၏။ ငါ့သျှင် အကယ်၍ ဤ (ဝိညာဏဉ္စာယတနစျာန်ဝင်စား) နေခြင်းဖြင့် နေသော ထိုရဟန်းအား အာကာသာနဉ္စာယတနသညာနှင့် တကွဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့သည် ဖြစ်ပေါ်လာကုန်မူ ထိုဖြစ်ပေါ်လာခြင်းသည် ထိုရဟန်းအား နာကျင်မှုဖြစ်၏။ ငါ့သျှင် ချမ်းသာသူအား ဆင်းရဲခြင်းသည် နာကျင်ရန်အလို့ငှါသာ ဖြစ်ရာသကဲ့သို့ ဤအတူပင် အာကာသာနဉ္စာယတနသညာနှင့် တကွဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့သည် ဖြစ်ပေါ်လာကုန်မူ ထိုဖြစ်ပေါ်လာခြင်းသည် ထိုရဟန်းအား နာကျင်မှုဖြစ်၏။ ငါ့သျှင် ယင်း နာကျင်မှုကို ဆင်းရဲဟု မြတ်စွာဘုရား ဟောတော်မူ၏။ ငါ့သျှင် အကြင်အကြောင်းဖြင့် နိဗ္ဗာန်သည် ချမ်းသာ၏၊ ဤအကြောင်းဖြင့်လည်း ထိုနိဗ္ဗာန်ချမ်းသာကို သိအပ်၏။

ငါ့သျှင် နောက်တမျိုးကား ရဟန်းသည် ဝိညာဏဉ္စာယတနစျာန်ကို လုံးဝ လွန်မြောက်၍ "တစုံတခုမျှ မရှိ" ဟု အာကိဉ္စညာယတနစျာန်သို့ ရောက်လျက် နေ၏။ ငါ့သျှင် အကယ်၍ ဤ (အာကိဉ္စညာယတနစျာန်ဝင်စား) နေခြင်းဖြင့် နေသော ထိုရဟန်းအား ဝိညာဏဉ္စာယတနသညာနှင့်တကွ ဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့သည် ဖြစ်ပေါ်လာကုန်မူ ထိုဖြစ်ပေါ်လာခြင်းသည် ထိုရဟန်းအား နာကျင်မှုဖြစ်၏။ ငါ့သျှင် ချမ်းသာသူအား ဆင်းရဲခြင်းသည် နာကျင်ရန် အလို့ငှါသာ ဖြစ်ရာသကဲ့သို့ ဤအတူပင် ဝိညာဏဉ္စာယတနသညာနှင့်တကွ ဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့သည် ဖြစ်ပေါ်လာကုန်မူ ထိုဖြစ်ပေါ်လာခြင်းသည် ထိုရဟန်းအား နာကျင်မှုဖြစ်၏။ ငါ့သျှင် ယင်း နာကျင်မှုကို ဆင်းရဲဟု မြတ်စွာဘုရား ဟောတော်

http://www.dhammadownload.com



မှု၏။ ငါ့သျှင် အကြင်အကြောင်းဖြင့် နိဗ္ဗာန်သည် ချမ်းသာ၏၊ ဤအကြောင်းဖြင့်လည်း ထိုနိဗ္ဗာန်ချမ်းသာကို သိအပ်၏။

ငါ့သျှင် နောက်တမျိုးကား ရဟန်းသည် အာကိဉ္စညာယတနစျာန်ကို လုံးဝ လွန်မြောက်၍ နေဝသညာနာသညာယတနစျာန်သို့ ရောက်လျက် နေ၏။ ငါ့သျှင် အကယ်၍ ဤ(နေဝသညာနာသညာယတနစျာန်ဝင်စား) နေခြင်းဖြင့်နေသော ထိုရဟန်းအား အာကိဉ္စညာယတနသညာနှင့် တကွဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့သည် ဖြစ်ပေါ်လာကုန်မူ ထိုဖြစ်ပေါ်လာခြင်းသည် ထိုရဟန်းအား နာကျင်မှုဖြစ်၏။ ငါ့သျှင် ချမ်းသာသူအား ဆင်းရဲခြင်းသည် နာကျင်ရန်အလို့ငှါ သာ ဖြစ်ရာသကဲ့သို့ ဤအတူပင် အာကိဉ္စညာယတနသညာနှင့်တကွဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့သည် ဖြစ်ပေါ်လာကုန်မူ ထိုဖြစ်ပေါ်လာခြင်းသည် ထိုရဟန်းအား နာကျင်မှုဖြစ်၏။ ငါ့သျှင် ယင်း နာကျင်မှုကို ဆင်းရဲဟု မြတ်စွာဘုရား ဟောတော်မူ၏။ ငါ့သျှင် အကြင်အကြောင်းဖြင့် နိဗ္ဗာန်သည် ချမ်းသာ၏၊ ဤအကြောင်းဖြင့်လည်း ထိုနိဗ္ဗာန်ချမ်းသာကို သိအပ်၏။

ငါ့သျှင် နောက်တမျိုးကား ရဟန်းသည် နေဝသညာနာသညာယတနစျာန်ကို လုံးဝလွန်မြောက်၍ သညာဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်သို့ ရောက်လျက်နေ၏။ ထိုရဟန်းအား ပညာဖြင့်မြင်၍ အာသဝေါတရားတို့သည် ကုန်ခန်းကုန်၏။ ငါ့သျှင် အကြင်အကြောင်းဖြင့် နိဗ္ဗာန်သည် ချမ်းသာ၏၊ ဤအကြောင်းဖြင့်လည်း ထိုနိဗ္ဗာန်ချမ်းသာကို သိအပ်၏ဟု (မိန့်ဆို၏)။

တတိယသုတ်။

---

## ၄-ဂါဝီဥပမာသုတ်

၃၅။ ရဟန်းတို့ ဥပမာသော်ကား မိုက်မဲသော မကျွမ်းကျင်သော စားကျက်ကိုမသိသော မညီညွတ်သော တောင်၌ လှည့်လည်ခြင်းငှါ မလိမ္မာသော တောင်၌ကျက်စားသော နွားမသည် ရှိ၏။ ထိုနွားမအား "ငါသည် မရောက်ဘူးသေးသော အရပ်သို့လည်း ရောက်ရမူ မစားဘူးသေးသော မြက်တို့ကိုလည်း စားရမူ မသောက်ဘူးသေးသော ရေတို့ကိုလည်း သောက်ရမူ ကောင်းလေစွ"ဟု ဤသို့ အကြံဖြစ်ရာ၏။ထိုနွားမသည် ရှေ့ခြေကို ကောင်းစွာထောက်တည်နိုင်အောင်မထားပဲ နောက်ခြေကို ကြွရာ၏၊ထိုနွားမသည် မရောက်ဘူးသေးသော အရပ်သို့လည်း မရောက်နိုင်ရာ၊မစားဘူးသေးသော မြက်တို့ကိုလည်း မစားရရာ၊မသောက်ဘူးသေးသော ရေတို့ကိုလည်း မသောက်ရရာ၊ "ငါသည် မရောက်ဘူးသေးသော အရပ်သို့လည်း ရောက်ရမူ မစားဘူးသေးသော မြက်တို့ကိုလည်း စားရမူ မသောက်ဘူးသေးသော ရေတို့ကိုလည်း သောက်ရမူ ကောင်းလေစွ"ဟု ကြံစည်ခဲ့ရာ ဖြစ်သော နေရင်းအရပ်သို့လည်း ချမ်းသာစွာ ပြန်မရောက်ရာ။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုနွားမသည် မိုက်မဲ၍ မကျွမ်းကျင်ပဲ စားကျက်ကို မသိပဲ မညီညွတ်သောတောင်၌ လှည့်လည်ခြင်းငှါ မလိမ္မာပဲလျက် တောင်၌ ကျက်စားသောကြောင့်တည်း။ ရဟန်းတို့ ဤအတူပင် ဤသာသနာတော်၌ မိုက်မဲသော မကျွမ်းကျင်သော စားကျက်ကိုမသိသော မလိမ္မာသော ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' နှင့်တကွဖြစ်သော (ဝိဝေကဇ) ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော ပဌမစျာန်သို့ရောက်လျက် နေ၏။ ထိုရဟန်းသည် ထို (စျာန်) နိမိတ်ကို

http://www.dhammadownload.com



အထပ်ထပ် မမှီဝဲ မပွါးများ ကြိမ်ဖန်များစွာ မပြု ကောင်းစွာ တည်တံ့အောင်မဆောက်တည်။ ထိုရဟန်းအား "ငါသည် ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကိုကြည်လင်စေတတ်သော စိတ်တည်ကြည်မှု 'သမာဓိ' ကို ပွါးစေတတ်သော ကြံစည်မှု 'ဝိတက်' မရှိသော သုံးသပ်မှု 'ဝိစာရ' မရှိသော တည်ကြည်မှု 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော ဒုတိယစျာန်သို့ရောက်၍ နေရမူ ကောင်းလေစွ"ဟု ဤသို့ အကြံဖြစ်၏။ ထိုရဟန်းသည် ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့၏ ငြိမ်းခြင်းကြောင့်။ပ။ဒုတိယစျာန်သို့ ရောက်၍ နေရန် မစွမ်းနိုင်။ ထိုရဟန်းအား "ငါသည် ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု 'ဝိတက်' နှင့်တကွဖြစ်သော သုံးသပ်မှု 'ဝိစာရ' နှင့်တကွ ဖြစ်သော (နီဝရဏ) ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော ပဌမစျာန်သို့ ရောက်၍နေရမူ ကောင်းလေစွ"ဟု ဤသို့ အကြံဖြစ်၏။ ထိုရဟန်းသည် ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ပဌမစျာန်သို့ရောက်၍ နေရန် မစွမ်းနိုင်။ ရဟန်းတို့ မိုက်မဲသော မကျွမ်းကျင်သော စားကျက်ကို မသိသော မညီညွတ်သောတောင်၌ လှည့်လည်ခြင်းငှါ မလိမ္မာသော တောင်၌ကျက်စားသော ထိုနွားမကဲ့သို့ ဤရဟန်းကို နှစ်ပါးစုံမှ လျောကျ ပျက်စီးသူ နှစ်ပါးစုံမှ ယုတ်လျော့သူဟု ဆိုအပ်၏။

ရဟန်းတို့ ဥပမာသော်ကား ပညာရှိသော ကျွမ်းကျင်သော စားကျက်ကိုသိသော မညီညွတ်သောတောင်၌ လှည့်လည်ခြင်းငှါ လိမ္မာသော တောင်၌ ကျက်စားသော နွားမသည် ရှိ၏။ ထိုနွားမအား "ငါသည် မရောက်ဘူးသေးသော အရပ်သို့လည်း ရောက်ရမူ မစားဘူးသေးသော မြက်တို့ကိုလည်း စားရမူ မသောက်ဘူးသေးသော ရေတို့ကိုလည်း သောက်ရမူ ကောင်းလေစွ"ဟု ဤသို့ အကြံဖြစ်ရာ၏။ ထိုနွားမသည် ရှေ့ခြေကို ကောင်းစွာထောက်တည်နိုင်လောက်အောင်ထားလျက် နောက်ခြေကို ကြွရာ၏၊ ထိုနွားမသည် မရောက်ဘူးသေးသော အရပ်သို့လည်း ရောက်နိုင်ရာ၏၊ မစားဘူးသေးသော မြက်တို့ကိုလည်း စားရရာ၏၊ မသောက်ဘူးသေးသော ရေတို့ကိုလည်း သောက်ရရာ၏၊ "ငါသည် မရောက်ဘူးသေးသော အရပ်သို့လည်း ရောက်ရမူ မစားဘူးသေးသော မြက်တို့ကိုလည်း စားရမူ မသောက်ဘူးသေးသော ရေတို့ကိုလည်း သောက်ရမူ ကောင်းလေစွ"ဟု ကြံစည်ခဲ့ရာဖြစ်သော နေရင်းအရပ်သို့လည်း ချမ်းသာစွာ ပြန်ရောက်ရာ၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ နွားမသည် ပညာရှိသည် ကျွမ်းကျင်သည် စားကျက်ကိုသိသည် မညီညွတ်သောတောင်၌ လှည့်လည်ခြင်းငှါ လိမ္မာသည်ဖြစ်၍ တောင်၌ ကျက်စားသောကြောင့်တည်း။ ရဟန်းတို့ ဤအတူပင် ဤသာသနာတော်၌ ပညာရှိသော ကျွမ်းကျင်သော စားကျက်ကိုသိသော လိမ္မာသော ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' နှင့် တကွဖြစ်သော (နီဝရဏ) ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော ပဌမစျာန်သို့ ရောက်၍ နေ၏။ ထိုရဟန်းသည် ထိုစျာန် နိမိတ်ကို အထပ်ထပ် မှီဝဲ၏၊ ပွါးများ၏၊ ကြိမ်ဖန်များစွာ ပြု၏၊ ကောင်းစွာ တည်တံ့နိုင်လောက်အောင် ဆောက်တည်၏၊ ထိုရဟန်းအား "ငါသည် ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့၏ ငြိမ်းခြင်းကြောင့် အတွင်းသန္တာန်၌ ကြည်လင်စေတတ်သော စိတ်၏ တည်ကြည်မှု 'သမာဓိ' ကို ပွါးစေတတ်သော ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' မရှိသော တည်ကြည်မှု 'သမာဓိ' ကြောင့် ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော ဒုတိယစျာန်သို့ ကပ်ရောက်၍ နေရမူ ကောင်းလေစွ"ဟု ဤသို့ အကြံဖြစ်၏။ ထိုရဟန်းသည် ဒုတိယစျာန်ကို မထိပါးစေပဲ ကြံစည်မှု 'ဝိတက်

http://www.dhammadownload.com



သုံးသပ်မှု 'ဝိစာရ'တို့၏ ငြိမ်းခြင်းကြောင့် ဒုတိယဈာန်သို့ ရောက်၍ နေ၏။ ထိုရဟန်းသည် ထို (ဒုတိယဈာန်) နိမိတ်ကို အထပ်ထပ် မှီဝဲ၏၊ ပွါးများ၏၊ ကြိမ်ဖန်များစွာ ပြု၏၊ ကောင်းစွာ တည်တံ့နိုင်လောက်အောင် ဆောက်တည်၏။

ထိုရဟန်းအား ငါသည် "နှစ်သိမ့်မှု 'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့် လျစ်လျူရှုလျက် နေရပါမူ အောက်မေ့မှု 'သတိ'ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'နှင့် ပြည့်စုံသည်ဖြစ်၍ ချမ်းသာမှု 'သုခ'ကို လည်း ကိုယ်ဖြင့် ခံစားရပါမူ အကြင်(တတိယဈာန်)ကြောင့် ထိုသူကို 'လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ'ဟု အရိယာ (ပုဂ္ဂိုလ်) တို့သည် ပြောကြားကုန်၏၊ ထိုတတိယဈာန်သို့ ရောက်၍ နေရပါမူ ကောင်းလေစွ"ဟု အကြံဖြစ်၏။ ထိုရဟန်းသည် တတိယဈာန်ကို မထိပါး စေပဲ နှစ်သိမ့်မှု 'ပီတိ'ကိုလည်း တပ်မက်မှုကင်းခြင်းကြောင့် တတိယဈာန်သို့ ရောက်၍နေ၏။ ထို ရဟန်းသည် ထို (တတိယဈာန်) နိမိတ်ကို အထပ်ထပ် မှီဝဲ၏၊ ပွါးများ၏၊ ကြိမ်ဖန်များစွာ ပြု၏၊ ကောင်းစွာ တည်တံ့နိုင်လောက်အောင် ဆောက်တည်၏။

ထိုရဟန်းအား "ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ဝမ်းမြောက်မှု နှလုံးမသာယာမှုတို့၏ ရှေးဦးကပင်လျှင် ချုပ်နှင့် ခြင်းကြောင့်၎င်း ဆင်းရဲချမ်းသာမရှိသော လျစ်လျူရှုမှု 'ဥပေက္ခာ' ကြောင့် ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍ နေရပါမူ ကောင်းလေ စွ"ဟု အကြံဖြစ်၏။ ထိုရဟန်းသည် စတုတ္ထဈာန်ကို မထိပါးစေပဲ ချမ်းသာမှု'သုခ'ကိုလည်း ပယ် ခြင်းကြောင့်။ပ။ စတုတ္ထဈာန်သို့ ရောက်၍နေ၏။ ထိုရဟန်းသည် ထို(စတုတ္ထဈာန်) နိမိတ်ကို အထပ်ထပ် မှီဝဲ၏၊ ပွါးများ၏၊ ကြိမ်ဖန်များစွာပြု၏၊ ကောင်းစွာ တည်တံ့နိုင်လောက်အောင် ဆောက်တည်၏။

ထိုရဟန်းအား "ငါသည် (ကသိုဏ်း)ရုပ်၌ ဖြစ်သော မှတ်သားမှု 'ရူပသညာ'တို့ကို လုံးဝ လွန် မြောက်ခြင်းကြောင့် ထိပါးမှု၌ မှတ်သားမှု'ပဋိဃသညာ'တို့၏ ချုပ်ပျောက်ခြင်းကြောင့် အထူးထူး မှတ်သားမှု 'နာနတ္တသညာ'တို့ကို နှလုံးမသွင်းခြင်းကြောင့် 'ကောင်းကင်သည် အဆုံးမရှိ'ဟု ပွါးများ၍ အာကာသာနဉ္စာယတနဈာန်သို့ရောက်လျက်နေရပါမူ ကောင်းလေစွ"ဟု ဤသို့ အကြံ ဖြစ်၏။ ထိုရဟန်းသည် ထိုအာကာသာနဉ္စာယတနဈာန်ကို မထိပါးစေပဲ ရုပ်၌မှတ်သားမှု'ရူပသညာ' တို့ကို လုံးဝလွန်မြောက်ခြင်းကြောင့်။ပ။ အာကာသာနဉ္စာယတနဈာန်သို့ ရောက်လျက်နေ၏။ ထို ရဟန်းသည် ထို(အာကာသာနဉ္စာယတနဈာန်)နိမိတ်ကို အထပ်ထပ် မှီဝဲ၏၊ ပွါးများ၏၊ ကြိမ်ဖန် များစွာပြု၏၊ ကောင်းစွာ တည်တံ့နိုင်လောက်အောင် ဆောက်တည်၏။

ထိုရဟန်းအား "ငါသည် အာကာသာနဉ္စာယတနဈာန်ကို လုံးဝလွန်မြောက်၍ 'ဝိညာဏ်သည် အဆုံးမရှိ'ဟု ပွါးများလျက် ဝိညာဏဉ္စာယတနဈာန်သို့ရောက်၍နေရမူ ကောင်းလေစွ"ဟု အကြံ ဖြစ်၏။ ထိုရဟန်းသည် ဝိညာဏဉ္စာယတနဈာန်ကို မထိပါးစေပဲ အာကာသာနဉ္စာယတနဈာန်ကို လုံးဝလွန်မြောက်၍ "ဝိညာဏ်သည် အဆုံးမရှိ"ဟု ပွါးများလျက် ဝိညာဏဉ္စာယတနဈာန်သို့ ရောက်၍နေ၏။ ထိုရဟန်းသည် ထို(ဝိညာဏဉ္စာယတနဈာန်)နိမိတ်ကို အထပ်ထပ် မှီဝဲ၏၊ ပွါးများ ၏၊ ကြိမ်ဖန်များစွာ ပြု၏၊ ကောင်းစွာတည်တံ့နိုင်လောက်အောင် ဆောက်တည်၏။

ထိုရဟန်းအား "ငါသည် ဝိညာဏဉ္စာယတနဈာန်ကို လုံးဝလွန်မြောက်၍ 'တစုံတခုမျှ မရှိ'ဟု ပွါးများလျက် အာကိဉ္စညာယတနဈာန်သို့ ရောက်၍နေရမူ ကောင်းလေစွ"ဟု အကြံဖြစ်၏။ ထို ရဟန်းသည် အာကိဉ္စညာယတနဈာန်ကို မထိပါးစေပဲ ဝိညာဏဉ္စာယတနဈာန်ကို လုံးဝလွန်မြောက်

http://www.dhammadownload.com



၍ "တစုံတခုမျှမရှိ"ဟု ပွါးများလျက် အာကိဉ္စညာယတနစျာန်သို့ ရောက်၍နေ၏။ ထိုရဟန်းသည် ထို (အာကိဉ္စညာယတနစျာန်) နိမိတ်ကို အထပ်ထပ် မှီဝဲ၏၊ ပွါးများ၏၊ ကြိမ်ဖန်များစွာ ပြု၏၊ ကောင်းစွာ တည်တံ့နိုင်လောက်အောင် ဆောက်တည်၏။

ထိုရဟန်းအား "ငါသည် အာကိဉ္စညာယတနစျာန်ကို လုံးလွန်မြောက်လျက် နေဝသညာနာသညာယတနစျာန်သို့ ရောက်၍ နေရမူ ကောင်းလေစွ"ဟု အကြံဖြစ်၏။ ထိုရဟန်းသည် နေဝသညာနာသညာယတနစျာန်ကို မထိပါးစေပဲ အာကိဉ္စညာယတနစျာန်ကို လုံးဝလွန်မြောက်လျက် နေဝသညာနာသညာယတနစျာန်သို့ ရောက်၍ နေ၏။ ထိုရဟန်းသည် ထို (နေဝသညာနာသညာယတနစျာန်) နိမိတ်ကို အထပ်ထပ် မှီဝဲ၏၊ ပွါးများ၏၊ ကြိမ်ဖန်များစွာပြု၏၊ ကောင်းစွာ တည်တံ့နိုင်လောက်အောင် ဆောက်တည်၏။

ထိုရဟန်းအား "ငါသည် နေဝသညာနာသညာယတန စျာန်ကို လုံးဝ လွန်မြောက်၍ သညာဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်သို့ ရောက်လျက်နေရမူ ကောင်းလေစွ"ဟု အကြံ ဖြစ်၏။ ထိုရဟန်းသည် သညာဝေဒနာတို့၏ချုပ်ရာ နိရောဓသမာပတ်ကို မထိပါးစေပဲ နေဝသညာနာသညာယတနစျာန်ကို လုံးဝလွန်မြောက်၍ သညာဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်သို့ ရောက်၍ နေ၏။

ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် ထိုထို စျာန်ကို သာလျှင် ဝင်စားလည်း ဝင်စား၏၊ ထလည်း ထ၏။ ထိုရဟန်း၏စိတ်သည် နူးညံ့၏၊ ပြေပြောင်း၏၊ နူးညံ့ပြေပြောင်းသော စိတ်ဖြင့် အတိုင်းအရှည် ပမာဏမရှိသော သမာဓိသည် ပွါးစေအပ်ပြီးဖြစ်၏။ ထိုရဟန်းသည် အတိုင်းအရှည် ပမာဏမရှိသော ကောင်းစွာ ပွါးအပ်ပြီးသော သမာဓိဖြင့် ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုသင့်သောတရားကို ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုရန် စိတ်ကို ညွတ်စေ၏။ (ရှေးအကြောင်းနှင့် ယခုဘဝ အဘိညာဉ်၏ အခြေခံ စျာန်ဟူသော) အကြောင်း ရှိလတ်သော် ထိုထို အရာ၌ပင် သက်သေထိုက်သည်၏အဖြစ် (အဘိညာဉ်)သို့ ရောက်ရ၏။

ထိုရဟန်းသည် "တပါးမက(များစွာ) သော တန်ခိုး ဖန်ဆင်းမှုကို ခံစားလို၏၊ တပါးတည်း ဖြစ်လျက် များစွာ ဖြစ်လို၏၊ များစွာ ဖြစ်လျက်လည်း တပါးတည်း ဖြစ်လို၏။ပ။ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ဖြင့် အလိုသို့ လိုက်စေလို၏"ဟု အကယ်၍ အလိုရှိပါမူ (ရှေးအကြောင်းနှင့် ယခုဘဝ ဣဒ္ဓိဝိဓအဘိညာဉ်၏ အခြေခံ စျာန် ဟူသော) အကြောင်းရှိလတ်သော် ထိုထိုအရာ၌ပင် သက်သေထိုက်သည်၏ အဖြစ်(ဣဒ္ဓိဝိဓအဘိညာဉ်)သို့ ရောက်ရ၏။

ထိုရဟန်းသည် အကယ်၍ အလိုရှိပါမူ နတ်တို့၏ နားနှင့်တူသော 'ဒိဗ္ဗသောတဉာဏ်'ဖြင့်။ပ။ (ရှေးအကြောင်းနှင့် ယခုဘဝ ဒိဗ္ဗသောတ အဘိညာဉ်၏ အခြေခံ စျာန်ဟူသော) အကြောင်း ရှိလတ်သော် ထိုထိုအရာ၌ပင် သက်သေ ထိုက်သည်၏ အဖြစ် (ဒိဗ္ဗသောတအဘိညာဉ်) သို့ ရောက်ရ၏။

ထိုရဟန်းသည် တပါးသော သတ္တဝါ တပါးသော ပုဂ္ဂိုလ်တို့၏ စိတ်ကို (မိမိ) စိတ်ဖြင့် ပိုင်းခြား၍ သိလို၏၊ တပ်မက်မှု'ရာဂ'နှင့်တကွသော စိတ်ကိုလည်း "တပ်မက်မှု 'ရာဂ' နှင့်တကွသော စိတ်"ဟု သိလို၏၊ တပ်မက်မှု 'ရာဂ' ကင်းသော စိတ်ကိုလည်း "တပ်မက်မှု 'ရာဂ' ကင်းသော စိတ်"ဟု သိလို၏၊ အမျက်ထွက်မှု 'ဒေါသ'နှင့်တကွသော စိတ်ကိုလည်း "အမျက်ထွက်မှု 'ဒေါသ' နှင့်တကွသောစိတ်"ဟု သိလို၏၊ အမျက်ထွက်မှု'ဒေါသ'ကင်းသော စိတ်ကိုလည်း အမျက်ထွက်မှု

http://www.dhammadownload.com



'ဒေါသ'ကင်းသော'စိတ်''ဟုသိလို၏၊တွေဝေမှု'မောဟ' နှင့်တကွသော စိတ်ကိုလည်း တွေဝေမှု 'မောဟ'နှင့်တကွသော စိတ်''ဟု သိလို၏၊ တွေဝေမှု'မောဟ'ကင်းသော စိတ်ကိုလည်း။ ကျုံ့သော 'သံခိတ္တ'စိတ်ကိုလည်း။ပြန့်သော'ဝိက္ခိတ္တ'စိတ်ကိုလည်း။မြတ်သည်၏အဖြစ်သို့ရောက်သော'မဟဂ္ဂုတ်' စိတ်ကိုလည်း။ မြတ်သည်၏အဖြစ်သို့ မရောက်သော 'အမဟဂ္ဂုတ်' စိတ်ကိုလည်း။ သာလွန်သော တရားရှိသော'သဥတ္တရ' စိတ်ကိုလည်း။ သာလွန်သော တရားမရှိသော 'အနုတ္တရ' စိတ်ကိုလည်း။ တည်ကြည်သော'သမာဟိတ' စိတ်ကိုလည်း။ မတည်ကြည်သော 'အသမာဟိတ' စိတ်ကိုလည်း။ လွတ်မြောက်သော 'ဝိမုတ္တ'စိတ်ကိုလည်း။ မလွတ်မြောက်သော 'အဝိမုတ္တ' စိတ်ကိုလည်း မလွတ်မြောက်သော'အဝိမုတ္တ'စိတ်''ဟုသိလို၏ ဟု အကယ်၍ အလိုရှိပါမူ (ရှေးအကြောင်းနှင့် ယခုဘဝ ပရစိတ္တဝိဇာနန အဘိညာဉ်၏အခြေခံ စျာန်ဟူသော) အကြောင်း ရှိလတ်သော် ထိုထိုအရာ၌ပင် သက်သေထိုက်သည်၏အဖြစ် (ပရစိတ္တဝိဇာနန အဘိညာဉ်)သို့ ရောက်ရ၏။

ထိုရဟန်းသည်''ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့လို၏၊ ဤသည်ကား အဘယ်နည်း၊ တဘဝကိုဧင်း နှစ်ဘဝတို့ကိုဧင်း။ပ။ဤသို့ အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် (အမည်အနွယ်နှင့်) တကွ များပြားသော ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့လို၏'' ဟု အကယ်၍ အလိုရှိပါမူ (ရှေးအကြောင်းနှင့် ယခုဘဝ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်၏ အခြေခံ စျာန်ဟူသော) အကြောင်းရှိလတ်သော် ထိုထိုအရာ၌ပင် သက်သေထိုက်သည်၏အဖြစ် (ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်)သို့ ရောက်ရ၏။

ထိုရဟန်းသည်''အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့်။ပ။ကံအားလျော်စွာ ဖြစ်ပေါ်လာသော သတ္တဝါတို့ကို သိလို၏'' ဟု အကယ်၍ အလိုရှိပါမူ (ရှေးအကြောင်းနှင့် ယခုဘဝ ဒိဗ္ဗစက္ခုအဘိညာဉ်၏ အခြေခံ စျာန်ဟူသော) အကြောင်း ရှိလတ်သော် ထိုထိုအရာ၌ပင် သက်သေထိုက်သည်၏ အဖြစ် (ဒိဗ္ဗစက္ခု အဘိညာဉ်)သို့ ရောက်ရ၏။

ထိုရဟန်းသည် ''အာသဝေါ တရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရား ကင်းသော လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ် ပညာကို ယခုဘဝ၌ပင်လျှင် ထူးမြတ်သော ဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍နေလို၏''ဟု အကယ်၍ အလိုရှိပါမူ (ရှေးအကြောင်းနှင့် ယခုဘဝ အရဟတ္တဖိုလ်၏ အခြေခံ ပဗ္ဗဘာဂ ဝိပဿနာဟူသော) အကြောင်းရှိလတ်သော် ထိုထိုအရာ၌ပင် သက်သေထိုက်သည်၏အဖြစ် (အရဟတ္တဖိုလ်)သို့ ရောက်ရ၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-စျာနသုတ်

၃၆။ ရဟန်းတို့ ပဌမ စျာန်ကို မှီ၍လည်း အာသဝေါ တရားတို့၏ကုန်ရာ (အရဟတ္တဖိုလ်)ကို ငါဆို၏။ ဒုတိယစျာန်ကို မှီ၍လည်း အာသဝေါတရားတို့၏ကုန်ရာ အရဟတ္တဖိုလ်ကို ငါဆို၏။ တတိယ စျာန်ကိုမှီ၍လည်း အာသဝေါတရားတို့၏ကုန်ရာ (အရဟတ္တဖိုလ်)ကို ငါဆို၏။ စတုတ္ထစျာန်ကိုမှီ၍ လည်း အာသဝေါတရားတို့၏ကုန်ရာ (အရဟတ္တဖိုလ်)ကို ငါဆို၏။ အာကာသာနဉ္စာယတနစျာန်ကို

http://www.dhammadownload.com



မှီ၍လည်း အာသဝေါတရားတို့၏ကုန်ရာ (အရဟတ္တဖိုလ်)ကို ငါဆို၏။ ဝိညာဏဉ္စာယတနစျာန်ကို မှီ၍လည်း အာသဝေါတရားတို့၏ကုန်ရာ (အရဟတ္တဖိုလ်)ကို ငါဆို၏။ အာကိဉ္စညာယတနစျာန်ကို မှီ၍လည်း အာသဝေါတရားတို့၏ကုန်ရာ (အရဟတ္တဖိုလ်)ကို ငါဆို၏။ နေဝသညာနာသညာယတန စျာန်ကို မှီ၍လည်း အာသဝေါတရားတို့၏ကုန်ရာ (အရဟတ္တဖိုလ်)ကို ငါဆို၏။ သညာဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်ကို မှီ၍လည်း အာသဝေါတရားတို့၏ကုန်ရာ (အရဟတ္တဖိုလ်)ကို ငါဆို၏။

"ရဟန်းတို့ ပဌမစျာန်ကိုမှီ၍လည်း အာသဝေါတရားတို့၏ကုန်ရာ (အရဟတ္တဖိုလ်)ကို ငါဆို၏" ဟူသော ဤစကားကို အဘယ်ကိုစွဲ၍ဆိုအပ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင်။ပ။ ပဌမစျာန်သို့ ရောက်၍နေ၏။ ထိုရဟန်းသည် ထိုပဌမစျာန်၌ ပါဝင်သော ရုပ် ဝေဒနာ သညာ သင်္ခါရဝိညာဏ် တရားတို့ကို အနိစ္စသဘောဖြင့် ဒုက္ခသဘောဖြင့် ရောဂါသဘောဖြင့် အိုင်းအမာသဘောဖြင့် ငြောင့်'တံကျင်'သဘောဖြင့် ဆင်းရဲကြောင်းသဘောဖြင့် အနာသဘောဖြင့် ပြင်ပ 'သူစိမ်း'သဘောဖြင့် ပျက်စီးခြင်း သဘောဖြင့် ကင်းဆိတ်ခြင်း 'သုည' သဘောဖြင့် အနတ္တသဘောဖြင့် အဖန်ဖန်ရှု၏။ ထိုရဟန်းသည် ထိုတရားတို့မှ စိတ်ကို နစ်စေ၏၊ ထိုရဟန်းသည် ထိုတရားတို့မှ စိတ်ကို နစ်စေ၍ "ပြုပြင်မှု အားလုံးငြိမ်းရာ ဥပဓိအားလုံးကို စွန့်ရာ တဏှာကုန်ရာ ရာဂကင်းရာ ချုပ်ရာဖြစ်သော ဤနိဗ္ဗာန်တရားသည် ငြိမ်သက်၏၊ ဤနိဗ္ဗာန်သည် မြတ်၏"ဟု အမြိုက်ဓာတ်(နိဗ္ဗာန်)သို့ စိတ်ကို ရှေးရှုဆောင်၏။ ထိုရဟန်းသည် ထိုပဌမစျာန်၌ တည်လျက် အာသဝေါတရားတို့၏ကုန်ရာ (အရဟတ္တဖိုလ်)သို့ ရောက်၏၊ အကယ်၍ အာသဝေါ တရားတို့၏ကုန်ရာ (အရဟတ္တဖိုလ်)သို့ မရောက်ခဲ့မူ ထိုတရား၌ စွဲမက်ခြင်း ထိုတရား၌ နှစ်သက်ခြင်း ဖြင့်သာလျှင် အောက်ပိုင်းသံယောဇဉ် ငါးမျိုးတို့၏ ကုန်ခြင်းကြောင့် ဥပပါတ်(ပဋိသန္ဓေ)ရှိသူ ထိုဗြဟ္မာ့ဘုံ၌ ပရိနိဗ္ဗာန်ပြုခြင်းရှိသူ ထိုဗြဟ္မာ့ဘုံမှ ပြန်လှည့်ခြင်းသဘော မရှိသူဖြစ်၏။

ရဟန်းတို့ လေးသမားသည်ငှင်း လေးသမားတပည့်သည်ငှင်း မြက်ဖြင့်(ပြုလုပ်သော) ယောကျ်ားရုပ်၌ဖြစ်စေ မြေပုံ၌ဖြစ်စေ လေ့ကျင့်မှုကိုပြု၍ ထိုသူသည် အခါတပါး၌ အဝေး ပစ်နိုင်သူ တည့်တည့်ပစ်နိုင်သူ ကြီးကျယ်သော အထည်ကိုကို ဖောက်ခွဲနိုင်သူ ဖြစ်သကဲ့သို့ ရဟန်းတို့ ဤအတူပင် ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင်။ပ။ ပဌမစျာန်သို့ ရောက်၍ နေ၏။ ထိုရဟန်းသည် ထိုပဌမစျာန်၌ (ပါဝင်သော)ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ကို အနိစ္စသဘောဖြင့် ဒုက္ခသဘောဖြင့် ရောဂါသဘောဖြင့် အိုင်းအမာသဘောဖြင့် ငြောင့် 'တံကျင်' သဘောဖြင့် ဆင်းရဲကြောင်းသဘောဖြင့် အနာသဘောဖြင့် ပြင်ပ 'သူစိမ်း' သဘောဖြင့် ပျက်စီးခြင်းသဘောဖြင့် ကင်းဆိတ်ခြင်း'သုည'သဘောဖြင့် အနတ္တသဘောဖြင့် အဖန်ဖန်ရှု၏၊ ထိုရဟန်းသည် ထိုတရားတို့မှ စိတ်ကို နစ်စေ၏၊ ထိုရဟန်းသည် ထိုတရားတို့မှ စိတ်ကို နစ်စေ၍ "ပြုပြင်မှု အားလုံးငြိမ်းရာ ဥပဓိအားလုံးကို စွန့်ရာ တဏှာကုန်ရာ ရာဂကင်းရာ ချုပ်ရာဖြစ်သော ဤနိဗ္ဗာန်တရားသည် ငြိမ်သက်၏၊ ဤနိဗ္ဗာန်သည် မြတ်၏"ဟု အမြိုက်ဓာတ်(နိဗ္ဗာန်)သို့ စိတ်ကို ရှေးရှုဆောင်၏။ ထိုရဟန်းသည် ထိုပဌမစျာန်၌တည်လျက် အာသဝေါတရားတို့၏ကုန်ရာ (အရဟတ္တဖိုလ်)သို့ ရောက်၏၊ အကယ်၍ အာသဝေါတရားတို့၏ကုန်ရာ (အရဟတ္တဖိုလ်)သို့ မရောက်ခဲ့ပါမူ ထိုတရား၌ တပ်မက်ခြင်း ထိုတရား၌ နှစ်သက်ခြင်းဖြင့်သာလျှင် အောက်ပိုင်း သံယောဇဉ် ငါးမျိုးတို့၏ ကုန်ခြင်းကြောင့် ဥပပါတ်(ပဋိသန္ဓေ)ရှိသူ ထိုဗြဟ္မာ့ဘုံ၌ ပရိနိဗ္ဗာန် ပြုခြင်းရှိသူ ထိုဗြဟ္မာ့ဘုံမှ ပြန်လှည့်ခြင်းသဘော မရှိသူဖြစ်၏။ "ရဟန်းတို့ ပဌမစျာန်ကို

http://www.dhammadownload.com



မှီ၍လည်း အာသဝေါတရားတို့၏ ကုန်ရာ(အရဟတ္တဖိုလ်)ကို ငါဆို၏''ဟူသော ဤစကားကို ဤအကြောင်းကိုစွဲ၍ ဆိုခဲ့၏။

''ရဟန်းတို့ ဒုတိယဈာန်ကို မှီ၍လည်း။ပ။ရဟန်းတို့ တတိယဈာန်ကိုမှီ၍လည်း။ပ။ရဟန်းတို့ စတုတ္ထဈာန်ကိုမှီ၍လည်း အာသဝေါတရားတို့၏ကုန်ရာ (အရဟတ္တဖိုလ်)ကို ငါဆို၏''ဟူသော ဤစကားကို အဘယ်ကိုစွဲ၍ ဆိုအပ်သနည်း။ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ချမ်းသာမှု 'သုခ' ဆင်းရဲမှု'ဒုက္ခ'ကိုလည်း ပယ်ခြင်းကြောင့် ရှေးဦးကပင် ဝမ်းမြောက်မှု'သောမနဿ' နှလုံးမသာယာမှု'ဒေါမနဿ'တို့၏ ချုပ်ပျောက်ခြင်းကြောင့် ဆင်းရဲချမ်းသာ မဟုတ်သော လျစ်လျူရှုမှု 'ဥပေက္ခာ'ကြောင့် ဖြစ်သည့် သတိ၏စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍ နေ၏။ ထိုရဟန်းသည် ထိုစတုတ္ထဈာန်၌ (ပါဝင်သော)ရုပ် ဝေဒနာ သညာသင်္ခါရ ဝိညာဏ် တရားတို့ကို အနိစ္စသဘောဖြင့် ဒုက္ခသဘောဖြင့် ရောဂါသဘောဖြင့် အိုင်းအမာသဘောဖြင့် ငြောင့် 'တံကျင်' သဘောဖြင့် ဆင်းရဲကြောင်း သဘောဖြင့် အနာသဘောဖြင့် ပြင်ပ 'သူစိမ်း' သဘောဖြင့် ပျက်စီးခြင်းသဘောဖြင့် ကင်းဆိတ်ခြင်း 'သုည' သဘောဖြင့် အနတ္တသဘောဖြင့် အဖန်ဖန်ရှု၏၊ ထိုတရားတို့မှ စိတ်ကို နှစ်စေ၏၊ ထိုရဟန်းသည် ထိုတရားတို့မှ စိတ်ကို နှစ်စေ၍ ''ပြုပြင်မှု အားလုံးငြိမ်းရာ ဥပဓိအားလုံးကို စွန့်ရာ တဏှာကုန်ရာ ရာဂကင်းရာ ချုပ်ရာဖြစ်သော ဤနိဗ္ဗာန်တရားသည် ငြိမ်သက်၏၊ ဤနိဗ္ဗာန်သည် မြတ်၏''ဟု အမြိုက်ဓာတ်(နိဗ္ဗာန်) သို့ စိတ်ကို ရှေးရှုဆောင်၏။ ထိုရဟန်းသည် ထိုစတုတ္ထဈာန်၌တည်လျက် အာသဝေါတရားတို့၏ကုန်ရာ (အရဟတ္တဖိုလ်)သို့ ရောက်၏၊ အကယ်၍ အာသဝေါတရားတို့၏ကုန်ရာ (အရဟတ္တဖိုလ်)သို့ မရောက်ခဲ့ပါမူ ထိုတရား၌ စွဲမက်ခြင်း ထိုတရား၌ နှစ်သက်ခြင်းဖြင့်သာလျှင် အောက်ပိုင်း သံယောဇဉ် ငါးမျိုးတို့၏ ကုန်ခြင်းကြောင့် ဥပပါတ် (ပဋိသန္ဓေ)ရှိသူ ထိုဗြဟ္မာ့ဘုံ၌ ပရိနိဗ္ဗာန် ပြုခြင်းရှိသူ ထိုဗြဟ္မာ့ဘုံမှ ပြန်လှည့်ခြင်း သဘောမရှိသူ ဖြစ်၏။

ရဟန်းတို့ လေးသမားသည်ငှင်း လေးသမား တပည့်သည်ငှင်း မြက်ဖြင့် (ပြုလုပ်သော) ယောကျ်ားရုပ်၌ဖြစ်စေ မြေပုံ၌ဖြစ်စေ လေ့ကျင့်မှုကိုပြု၍ ထိုသူသည် အခါတပါး၌ အဝေးပစ်နိုင်သူ တည့်တည့်ပစ်နိုင်သူ ကြီးကျယ်သော အထည်ကိုကို ဖောက်ခွဲနိုင်သူ ဖြစ်သကဲ့သို့ ရဟန်းတို့ ဤအတူပင် ရဟန်းသည် ချမ်းသာမှု 'သုခ'ကိုလည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထဈာန်သို့ ရောက်၍နေ၏။ ထိုရဟန်းသည် ထိုစတုတ္ထဈာန်၌ (ပါဝင်သော)ရုပ် ဝေဒနာ။ပ။ ထိုဗြဟ္မာ့ဘုံမှ ပြန်လှည့်ခြင်းသဘော မရှိသူဖြစ်၏။''ရဟန်းတို့ စတုတ္ထဈာန်ကိုမှီ၍ အာသဝေါတရားတို့၏ ကုန်ရာ (အရဟတ္တဖိုလ်)ကို ငါဆို၏''ဟူသော ဤစကားကို ဤအကြောင်းကိုစွဲ၍ ဆိုခဲ့၏။

''ရဟန်းတို့ အာကာသာနဉ္စာယတနဈာန်ကို မှီ၍လည်း အာသဝေါတရားတို့၏ ကုန်ရာ (အရဟတ္တဖိုလ်)ကို ငါဆို၏''ဟူသော စကားကို အဘယ်ကိုစွဲ၍ ဆိုအပ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရုပ်၌ မှတ်သားမှု 'ရူပသညာ'တို့ကို လုံးဝလွန်မြောက်ခြင်းကြောင့် ထိပါးမှု၌ မှတ်သားမှု 'ပဋိဃသညာ' တို့၏ ချုပ်ပျောက်ခြင်းကြောင့် အထူးထူး မှတ်သားမှု 'နာနတ္တသညာ'တို့ကို နှလုံးမသွင်းခြင်းကြောင့် ''ကောင်းကင်သည် အဆုံးမရှိ''ဟု ပွါးများလျက် အာကာသာနဉ္စာယတန ဈာန်သို့ ရောက်၍နေ၏။ ထိုရဟန်းသည် ထိုအာကာသာနဉ္စာယတန ဈာန်၌ (ပါဝင်ကုန်သော)ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တရားတို့ကို အနိစ္စသဘောဖြင့် ဒုက္ခသဘောဖြင့် ရောဂါသဘောဖြင့် အိုင်းအမာသဘောဖြင့် ငြောင့် 'တံကျင်' သဘောဖြင့် ဆင်းရဲကြောင်းသဘောဖြင့် အနာသဘောဖြင့် ပြင်ပ'သူစိမ်း'သဘောဖြင့် ပျက်စီး

http://www.dhammadownload.com



ခြင်းသဘောဖြင့် ကင်းဆိတ်ခြင်း 'သုည' သဘောဖြင့် အနတ္တသဘောဖြင့် အဖန်ဖန်ရှု၏။ ထိုရဟန်းသည် ထိုတရားတို့မှ စိတ်ကိုနစ်စေ၏။ ထိုရဟန်းသည် ထိုတရားတို့မှ စိတ်ကိုနစ်စေ၍ "ပြုပြင်မှုအားလုံးငြိမ်းရာ ဥပဓိအားလုံးကို စွန့်ရာ တဏှာကုန်ရာ ရာဂကင်းရာ ချုပ်ရာဖြစ်သော ဤနိဗ္ဗာန်တရားသည် ငြိမ်သက်၏၊ ဤနိဗ္ဗာန်သည် မြတ်၏"ဟု အမြိုက်ဓာတ် (နိဗ္ဗာန်)သို့ စိတ်ကို ရှေးရှုဆောင်၏။ ထိုရဟန်းသည် ထိုအာကာသာနဉ္စာယတန ဈာန်၌တည်လျက် အာသဝေါတရားတို့၏ကုန်ရာ (အရဟတ္တဖိုလ်)သို့ ရောက်၏၊ အကယ်၍ အာသဝေါတရားတို့၏ကုန်ရာ (အရဟတ္တဖိုလ်)သို့ မရောက်ခဲ့မူ အောက်ပိုင်းသံယောဇဉ် ငါးမျိုးတို့၏ ကုန်ခြင်းကြောင့် ဥပပါတ် (ပဋိသန္ဓေ)ရှိသူ ထိုအာကာသာနဉ္စာယတနဘုံ၌ ပရိနိဗ္ဗာန်ပြုခြင်း ရှိသူ ထိုအာကာသာနဉ္စာယတန ဗြဟ္မာ့ဘုံမှ ပြန်လှည့်ခြင်းသဘော မရှိသူဖြစ်၏။

ရဟန်းတို့ လေးသမားသည်၎င်း လေးသမားတပည့်သည်၎င်း မြက်ဖြင့်(ပြုလုပ်သော) ယောကျ်ားရုပ်၌ဖြစ်စေ မြေပုံ၌ဖြစ်စေ လေ့ကျင့်မှုကိုပြု၍ ထိုသူသည် အခါတပါး၌ အဝေး ပစ်နိုင်သူ တည့်တည့်ပစ်နိုင်သူ ကြီးကျယ်သော အထည်ကိုကို ဖောက်ခွဲနိုင်သူ ဖြစ်သကဲ့သို့ ရဟန်းတို့ ဤအတူပင် ရဟန်းသည် ရုပ်၌ မှတ်သားမှု 'ရူပသညာ'တို့ကို လုံးဝလွန်မြောက် ခြင်းကြောင့် ထိပါးမှု၌ မှတ်သားမှု 'ပဋိဃသညာ'တို့၏ ချုပ်ပျောက်ခြင်းကြောင့် အထူးထူး မှတ်သားမှု 'နာနတ္တသညာ'တို့ကို နှလုံးမသွင်းခြင်းကြောင့် "ကောင်းကင်သည် အဆုံးမရှိ"ဟု ပွါးများလျက် အာကာသာနဉ္စာယတနဈာန်သို့ ရောက်၍ နေ၏။ ထိုရဟန်းသည် ထိုအာကာသာ နဉ္စာယတနဈာန်၌ (ပါဝင်ကုန်သော)ဝေဒနာ သညာ။ပ။ ထိုအာကာသာနဉ္စာယတန ဗြဟ္မာ့ဘုံမှ ပြန်လှည့်ခြင်း သဘောမရှိသူဖြစ်၏။ "ရဟန်းတို့ အာကာသာနဉ္စာယတနဈာန်ကို မှီ၍လည်း အာသဝေါတရားတို့၏ကုန်ရာ(အရဟတ္တဖိုလ်)ကို ငါဆို၏"ဟူသော စကားကို ဤအကြောင်းကို စွဲ၍ဆိုခဲ့၏။

"ရဟန်းတို့ ဝိညာဏဉ္စာယတနဈာန်ကို မှီ၍လည်း။ပ။အာကိဉ္စညာယတနဈာန်ကိုမှီ၍လည်း အာသဝေါတရားတို့၏ကုန်ရာ(အရဟတ္တဖိုလ်)ကို ငါဆို၏"ဟူသော ဤစကားကို အဘယ်ကိုစွဲ၍ ဆိုအပ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဝိညာဏဉ္စာယတနဈာန်ကို လုံးဝ လွန်မြောက်၍ "တစုံတခုမျှ မရှိ"ဟု ပွါးများလျက် အာကိဉ္စညာယတနဈာန်သို့ ရောက်၍ နေ၏။ ထိုရဟန်းသည် ထိုအာကိဉ္စညာယတနဈာန်၌ (ပါဝင်ကုန်သော) ဝေဒနာသညာသင်္ခါရ ဝိညာဏ်တရားတို့ကို အနိစ္စသဘောဖြင့် ဒုက္ခသဘောဖြင့် ရောဂါသဘောဖြင့် အိုင်းအမာသဘော ဖြင့် ငြောင့်'တံကျင်'သဘောဖြင့် ဆင်းရဲကြောင်းသဘောဖြင့် အနာသဘောဖြင့် ပြင်ပ'သူစိမ်း' သဘောဖြင့် ပျက်စီးခြင်းသဘောဖြင့် ကင်းဆိတ်ခြင်း 'သုည'သဘောဖြင့် အနတ္တသဘောဖြင့် အဖန်ဖန်ရှု၏။ ထိုရဟန်းသည် ထိုတရားတို့မှ စိတ်ကို နစ်စေ၏။ ထိုရဟန်းသည် ထိုတရားတို့မှ စိတ် ကို နစ်စေ၍"ပြုပြင်မှုအားလုံး ငြိမ်းရာ ဥပဓိအားလုံးကို စွန့်ရာ တဏှာကုန်ရာ ရာဂကင်းရာ ချုပ်ရာ ဖြစ်သော ဤနိဗ္ဗာန်တရားသည် ငြိမ်သက်၏၊ ဤနိဗ္ဗာန်သည် မြတ်၏"ဟု အမြိုက်ဓာတ်(နိဗ္ဗာန်) သို့ စိတ်ကို ရှေးရှုဆောင်၏။ ထိုရဟန်းသည် ထိုအာကိဉ္စညာယတနဈာန်၌ တည်လျက် အာသဝေါ တရားတို့၏ ကုန်ရာ (အရဟတ္တဖိုလ်)သို့ ရောက်၏၊ အကယ်၍ အာသဝေါတရား၏ ကုန်ရာ (အရဟတ္တဖိုလ်)သို့ မရောက်ခဲ့ပါမူ ထိုတရား၌ စွဲမက်ခြင်း ထိုတရား၌ နှစ်သက်ခြင်းဖြင့်သာလျှင် အောက်ပိုင်း သံယောဇဉ်ငါးမျိုးတို့၏ ကုန်ခြင်းကြောင့် ဥပပါတ်(ပဋိသန္ဓေ)ရှိသူ ထိုဝိညာဏဉ္စာ

http://www.dhammadownload.com



ယတနဘုံ၌ ပရိနိဗ္ဗာန်ပြုခြင်းရှိသူဖြစ်၍ ထိုဝိညာဏဉ္စာယတန ဖြဟ္မာ့ဘုံမှ တဖန် ပြန်လှည့်ခြင်း သဘော မရှိသူဖြစ်၏။

ရဟန်းတို့ လေးသမားသည်ငှင်း လေးသမားတပည့်သည်ငှင်း မြက်ဖြင့် (ပြုလုပ်သော) ယောက်ျားရုပ်၌ဖြစ်စေ မြေပုံ၌ဖြစ်စေ လေ့ကျင့်မှုကိုပြု၍ ထိုသူသည် အခါတပါး၌ အဝေး ပစ်နိုင်သူ တည့်တည့်ပစ်နိုင်သူ ကြီးကျယ်သော အထည်ကိုကို ဖောက်ခွဲနိုင်သူ ဖြစ်သကဲ့သို့ ရဟန်းတို့ ဤအတူပင် ရဟန်းသည် ဝိညာဏဉ္စာယတနစျာန်ကို လုံးဝ လွန်မြောက်၍ "တစုံတခုမျှ မရှိ"ဟု ပွါးများလျက် အာကိဉ္စညာယတနစျာန်သို့ ရောက်၍ နေ၏။ထိုရဟန်းသည် ထိုအာကိဉ္စညာ ယတနစျာန်၌ (ပါဝင်ကုန်သော) ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ကို အနိစ္စသဘောဖြင့် ဒုက္ခ သဘောဖြင့် ရောဂါသဘောဖြင့် အိုင်းအမာသဘောဖြင့် ငြောင့် 'တံကျင်' သဘောဖြင့် ဆင်းရဲ ကြောင်းသဘောဖြင့် အနာသဘောဖြင့် ပြင်ပ 'သူစိမ်း' သဘောဖြင့် ပျက်စီးခြင်းသဘောဖြင့် ကင်းဆိတ်ခြင်း 'သုည' သဘောဖြင့် အနတ္တသဘောဖြင့် အဖန်ဖန်ရှု၏။ ထိုရဟန်းသည် ထိုတရားတို့မှ စိတ်ကို နှစ်စေ၏။ ထိုရဟန်းသည် ထိုတရားတို့မှ စိတ်ကို နှစ်စေ၍ "ပြုပြင်မှု အားလုံး ငြိမ်းရာ ဥပဓိ အားလုံးကို စွန့်ရာ တဏှာကုန်ရာ ရာဂကင်းရာ ချုပ်ရာဖြစ်သော ဤနိဗ္ဗာန်တရားသည် ငြိမ်သက်၏၊ ဤနိဗ္ဗာန်သည် မြတ်၏"ဟု အမြိုက်ဓာတ်(နိဗ္ဗာန်)သို့ စိတ်ကို ရှေးရှုဆောင်၏။ ထိုရဟန်းသည် ထိုအာကိဉ္စညာယတနစျာန်၌ တည်လျက် အာသဝေါတရားတို့၏ ကုန်ရာ (အရဟတ္တဖိုလ်)သို့ ရောက်၏၊ အကယ်၍ အာသဝေါတရားတို့၏ ကုန်ရာ(အရဟတ္တဖိုလ်) သို့ မရောက်ခဲ့ပါမူ ထိုတရား၌ စွဲမက်ခြင်း ထိုတရား၌ နှစ်သက်ခြင်းဖြင့်သာလျှင် အောက်ပိုင်း သံယောဇဉ်ငါးမျိုးတို့၏ ကုန်ခြင်း ကြောင့် ဥပပါတ် (ပဋိသန္ဓေ)ရှိသူ ထိုအာကိဉ္စညာယတနဗြဟ္မာ့ဘုံ၌ ပရိနိဗ္ဗာန်ပြုခြင်းရှိသူ ထိုအာကိဉ္စညာယတန ဗြဟ္မာ့ဘုံမှ ပြန်လှည့်ခြင်းသဘော မရှိသူဖြစ်၏။ "ရဟန်းတို့ အာကိဉ္စညာ ယတနစျာန်ကို မှီ၍လည်း အာသဝေါတရားတို့၏ ကုန်ရာ (အရဟတ္တဖိုလ်)ကို ငါဆို၏"ဟူသော စကားကို ဤဆိုခဲ့ပြီး အကြောင်းကိုစွဲ၍ ဆိုအပ်၏။

ရဟန်းတို့ ဤသို့လျှင် သညာသမာပတ်ရှိသည်နှင့် အမျှ (အရဟတ္တဖိုလ်)ကို ထိုးထွင်း၍ သိမှု ဖြစ်၏။ ရဟန်းတို့ ဤအောက်စျာန်တို့ကို မှီ၍ဖြစ်သော နေဝသညာနာသညာယတနသမာပတ် သညာဝေဒယိတနိရောဓ (သမာပတ်) နှစ်မျိုးတို့ကိုကား သမာပတ်ဝင်စားခြင်း၌ ကျွမ်းကျင် ကုန်သော သမာပတ်မှ ထခြင်း၌ ကျွမ်းကျင်ကုန်သော စျာန်ရ ပုဂ္ဂိုလ်တို့သည် ဝင်စား၍ ထ၍ (ငြိမ်သက်ကုန်၏၊ မြတ်ကုန်၏ဟု)ကောင်းစွာ ပြောကြား ချီးမွမ်းအပ်ကုန်၏ဟူ၍ ငါဆို၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၆-အာနန္ဒသုတ်

၃၇။ အခါတပါး၌ အသျှင်အာနန္ဒာသည် ကောသမ္ဗီပြည်ဃောသိတာရုံကျောင်း၌(သီတင်းသုံး) နေတော်မူ၏။ထိုအခါ အသျှင်အာနန္ဒာသည် ရဟန်းတို့ကို 'ငါ့သျှင် ရဟန်းတို့'ဟု ခေါ်တော်မူ၏၊ ထိုရဟန်းတို့သည် အသျှင်အာနန္ဒာအား "ငါ့သျှင်"ဟု ပြန်ကြား လျှောက်ထားကြကုန်၏။ အသျှင် အာနန္ဒာသည် ဤစကားကို မိန့်ဆို၏—ငါ့သျှင်တို့ အံ့ဖွယ်ရှိပေ၏၊ငါ့သျှင်တို့ မဖြစ်ဘူးမြဲ ဖြစ်ပေ၏၊

http://www.dhammadownload.com



သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်ဘိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် သတ္တဝါတို့၏ စင်ကြယ်ရန် အလို့ငှါ စိုးရိမ်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် အလို့ငှါ ဆင်းရဲခြင်း နှလုံးမသာယာခြင်းတို့ ချုပ်ပျောက်ရန်အလို့ငှါ(မဂ်)ဉာဏ်ကို ရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှါ ကျဉ်းမြောင်းရာ (လူ့ဘောင်)၌(မဂ် ဖိုလ်)အခွင့်ရမှုကို လျှော်စွာ သိတော်မူ၏။ ထိုစက္ခုပသာဒသည် မပျက်စီး၊ ရူပါရုံသည်လည်း ထင်လာ၏၊ထိုသို့ ဖြစ်လျက်လည်း ထိုရူပါယတနကို မသိ။ထိုသောတပသာဒသည် မပျက်စီး၊ သဒ္ဒါရုံသည်လည်း ထင်လာ၏၊ ထိုသို့ ဖြစ်လျက်လည်း ထိုသဒ္ဒါယတနကို မသိ။ ထိုဃာနပသာဒသည် မပျက်စီး၊ ဂန္ဓာရုံသည်လည်း ထင်လာ၏၊ ထိုသို့ ဖြစ်လျက်လည်း ထိုဂန္ဓာယတနကို မသိ။ ထိုဇိဝှါပသာဒသည် မပျက်စီး၊ ရသာရုံသည်လည်း ထင်လာ၏၊ ထိုသို့ ဖြစ်လျက်လည်း ထိုရသာယတနကို မသိ။ ထိုကာယပသာဒသည် မပျက်စီး၊ ဖောဋ္ဌဗ္ဗာရုံသည်လည်း ထင်လာ၏၊ ထိုသို့ ဖြစ်လျက်လည်း ထိုဖောဋ္ဌဗ္ဗာယတနကို မသိဟု (မိန့်ဆို၏)။

ဤသို့ မိန့်ဆိုလတ်သော် အသျှင်ဥဒါယီသည် အသျှင်အာနန္ဒာအား—"ငါ့သျှင် အာနန္ဒာ သညာရှိလျက်ပင် ထိုအာရုံကို မသိလေသလော၊ သို့မဟုတ် သညာမရှိ၍မသိလေသလော" ဟု မေး၏။ငါ့သျှင် သညာရှိလျက်ပင် ထိုအာရုံကို မသိ၊ သညာမရှိ၍ မသိသည် မဟုတ်ဟု (မိန့်ဆို၏)။

ငါ့သျှင် အဘယ်သညာဖြင့် သညာရှိလျက် ထိုအာရုံကို မသိသနည်းဟု(မေး၏)။ ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် ရုပ်၌ မှတ်သားမှု'ရူပသညာ'တို့ကို လုံးဝလွန်မြောက်ခြင်းကြောင့် ထိပါးမှု၌ မှတ်သားမှု 'ပဋိဃသညာ'တို့၏ ချုပ်ပျောက်ခြင်းကြောင့် အထူးထူး မှတ်သားမှု 'နာနတ္တသညာ'တို့ကို နှလုံးမသွင်းခြင်းကြောင့် "ကောင်းကင်သည် အပိုင်းအခြားမရှိ"ဟု (ပွါးများလျက်)အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍ နေ၏။ငါ့သျှင် ဤသို့ သညာရှိလျက်ပင် လည်း ထိုအာရုံကို မသိ။

ငါ့သျှင် နောက်တမျိုးကား ရဟန်းသည် အာကာသာနဉ္စာယတနစျာန်ကို လုံးဝ လွန်မြောက်၍ "ဝိညာဏ်သည် အပိုင်းအခြား မရှိ"ဟု (ပွါးများလျက်) ဝိညာဏဉ္စာယတနစျာန်သို့ ရောက်၍နေ၏။ ငါ့သျှင် ဤသို့ သညာရှိလျက်ပင်လည်း ထိုအာရုံကို မသိ။

ငါ့သျှင် နောက်တမျိုးကား ရဟန်းသည် ဝိညာဏဉ္စာယတနစျာန်ကို လုံးဝ လွန်မြောက်၍ "တစုံတခုမျှ မရှိ"ဟု (ပွါးများလျက်)အာကိဉ္စညာယတနစျာန်သို့ ရောက်၍ နေ၏။ ငါ့သျှင် ဤသို့ သညာရှိလျက်ပင်လည်း ထိုအာရုံကို မသိ။

ငါ့သျှင် အခါတပါး၌ ငါသည် သာကေတမြို့ဝယ် သားတို့အား ဘေးမဲ့ပေးရာ အဥ္စနတော၌ နေ၏။ ထိုအခါ ဇဋိလမြို့နေ ဘိက္ခုနီမသည် ငါ့ထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးနောက် တခုသော နေရာ၌ ရပ်တည်လျက်"အသျှင်ဘုရားအာနန္ဒာ အကြင်သမာဓိသည်(ရာဂသို့ လိုက်သောအားဖြင့်) မတိမ်းညွတ်၊(ဒေါသသို့ လိုက်သောအားဖြင့်)မစွန့်ခွါ၊ပြုပြင်မှုဖြင့် ဖိနှိပ် တားမြစ်၍ မတည်၊ (ကိလေသာမှ)လွတ်မြောက်သောကြောင့် တည်၏၊ တည်သောကြောင့် ရောင့်ရဲ၏၊ ရောင့်ရဲသောကြောင့် မတောင့်တ၊ အသျှင်ဘုရားအာနန္ဒာ ဤသမာဓိကို အဘယ်အကျိုးရှိသည်ဟု မြတ်စွာဘုရား ဟောတော်မူပါသနည်း"ဟု ငါ့အား ဤစကားကို လျှောက်၏။

ငါ့သျှင် ဤသို့ ဆိုလတ်သော် ထိုငါသည် "နှမ အကြင်သမာဓိသည် မတိမ်းညွတ်၊ မစွန့်ခွါ၊ ပြုပြင်မှုဖြင့် ဖိနှိပ်ဘားမြစ်၍ မတည်။လွတ်မြောက်သောကြောင့် တည်တံ့၏၊ တည်တံ့သောကြောင့်

http://www.dhammadownload.com



ရောင့်ရဲ၏၊ ရောင့်ရဲသောကြောင့် မတောင့်တ။ ဤသမာဓိကို အရဟတ္တဖိုလ် အကျိုးရှိ၏ဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏"ဟု ဇဋိလဂ္ဂါမြို့နေ ဘိက္ခုနီမအား ဤစကားကို မိန့်ဆိုခဲ့ဘူး၏။ ငါ့သျှင် ဤသို့ သညာရှိလျက်ပင်လည်း ထိုအာရုံကို မသိဟု(မိန့်ဆို၏)။

ဆဋ္ဌသုတ်။

---

## ၇-လောကာယတိကသုတ်

၃၇။ ထိုအခါ လောကာယတဝါဒရှိသူ ပုဏ္ဏားနှစ်ဦးတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြပြီးနောက် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီးလျှင် တခုသောနေရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား ဤစကားကိုလျှောက်၏—အသျှင်ဂေါတမ ပူရဏကဿပသည် အလုံးစုံကို သိ၏၊ အလုံးစုံကို မြင်၏၊ "ငါသည် သွားနေစဉ်ငှင်း ရပ်နေစဉ်ငှင်း အိပ်နေစဉ်ငှင်း နိုးနေစဉ်ငှင်း အမြဲမပြတ် ဉာဏ်အမြင်သည် ရှေးရှုတည်၏"ဟု အကြွင်းမဲ့ ဉာဏ်အမြင်ကို ဝန်ခံ၏။ ထိုပူရဏကဿပသည် "အဆုံး မရှိသော ဉာဏ်ဖြင့် အဆုံး မရှိသော လောကကို ငါသည် သိလျက် မြင်လျက် နေ၏"ဟု ဤသို့ ဆို၏။ အသျှင်ဂေါတမ နာဋ၏သား ဤနိဂဏ္ဌသည်လည်း အလုံးစုံကို သိ၏၊ အလုံးစုံကို မြင်၏၊ "ငါသည် သွားနေစဉ်ငှင်း ရပ်နေစဉ်ငှင်း အိပ်နေစဉ်ငှင်း နိုးနေစဉ်ငှင်း အမြဲမပြတ် ဉာဏ်အမြင်သည် ရှေးရှုတည်၏"ဟု အကြွင်းမဲ့ ဉာဏ်အမြင်ကို ဝန်ခံ၏။ ထို နိဂဏ္ဌသည် "အဆုံးမရှိသော ဉာဏ်ဖြင့် အဆုံးမရှိသော လောကကို ငါသည် သိလျက် မြင်လျက် နေ၏"ဟု ဤသို့ ဆို၏။ အသျှင်ဂေါတမ ဤဉာဏ်ဝါဒရှိသူ အချင်းချင်း ဆန့်ကျင်ဖက်ဝါဒရှိသူ နှစ်ဦးတို့တွင် အဘယ်သူသည် အမှန်ကိုဆိုပါသနည်း၊ အဘယ်သူသည် အမှားကိုဆိုပါသနည်း ဟု (လျှောက်ကြကုန်၏)။

ပုဏ္ဏားတို့ ဆိုင်းကြဦးလော့၊ "ဤဉာဏ်ဝါဒရှိသူ ဤအချင်းချင်း ဆန့်ကျင်ဖက်ဝါဒရှိသူ နှစ်ဦးတို့တွင် အဘယ်သူသည် အမှန်ကို ဆိုပါသနည်း၊ အဘယ်သူသည် အမှားကိုဆိုပါသနည်း"ဟူသော ဤစကားကို ရပ်ထားကြဦးလော့။ ပုဏ္ဏားတို့ သင်တို့အား တရားကိုသာဟောအံ့၊ ထိုတရားကို နာကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောပေအံ့ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုပုဏ္ဏားတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။

ပုဏ္ဏားတို့ ဥပမာသော်ကား လွန်ကဲသော အဟုန် လွန်ကဲသော ခြေလှမ်းနှင့် ပြည့်စုံသော ယောကျ်ား လေးယောက်တို့သည် အရပ်လေးမျက်နှာတို့၌ ရပ်တည်ကုန်ရာ၏၊ ထို ယောကျ်ားတို့သည် (လေးအတတ်ကို) သင်ကြားပြီး၍ (လေးအတတ်၌) လက်ကျင့် ရပြီးသော မင်းအိမ်၌ လေးအတတ်ကို ပြပြီးသော မြဲမြံခိုင်ခံ့သော လေးရှိသော ခဲယဉ်းမှုမရှိ ပေါ့ပါးသောမြားဖြင့် ထန်းပင်ရိပ်ကို ဖီလာကန့်လန့် လွန်စေသည့် ကာလအပိုင်းအခြားနှင့်အမျှ အရှေ့သမုဒ္ဒရာမှ အနောက်သမုဒ္ဒရာကို လွန်စေနိုင်သော သဘောရှိသည့် ခြေလှမ်းနှင့် ပြည့်စုံကုန်၏။ ထိုအခါ အရှေ့အရပ်၌ ရပ်တည်သော ယောကျ်ားသည် "ငါသည် ခြေဖြင့် သွားခြင်းဖြင့် လောက၏ အဆုံးသို့ ရောက်ရမည်"ဟု ဤသို့ ဆိုရာ၏၊ ထိုသူသည် စားချိန် သောက်ချိန် ခဲချိန် လျက်ချိန်မှ တပါး ကျင်ကြီး ကျင်ငယ် စွန့်မှု အိပ်မှု အပန်းဖြေမှုမှ တပါး အနှစ်တရာ အသက်ရှိ၍ အနှစ်တရာ အသက်ရှင်လျက်

http://www.dhammadownload.com



အနှစ်တရာပတ်လုံး သွားပြီးနောက် လောက၏ အဆုံးသို့ မရောက်ပဲ အကြား၌ သေရာ၏။ ထို့နောက် အနောက်အရပ်၌ ။ပ။ ထို့နောက် မြောက်အရပ်၌။ ထို့နောက် တောင်အရပ်၌ ရပ်တည်သော ယောကျ်ားသည် "ငါသည် ခြေဖြင့် သွားခြင်းဖြင့် လောက၏ အဆုံးသို့ ရောက်ရမည်"ဟု ဤသို့ ဆိုရာ၏။ ထိုသူသည် စားချိန် သောက်ချိန် ခဲချိန် လျက်ချိန်မှ တပါး ကျင်ကြီး ကျင်ငယ်စွန့်မှု အိပ်မှု အပန်းဖြေမှုမှ တပါး အနှစ်တရာ အသက်ရှိ၍ အနှစ်တရာ အသက်ရှင်လျက် အနှစ်တရာပတ်လုံး သွားပြီးနောက် လောက၏ အဆုံးသို့ မရောက်ပဲ အကြား၌ သေရာ၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ပုဏ္ဏားတို့ "ဤကဲ့သို့ ပြေးသွားခြင်းဖြင့် လောက၏ အဆုံးကို သိနိုင် မြင်နိုင် ရောက်နိုင်သည်ဟု" ငါမဆို။ ပုဏ္ဏားတို့ လောက၏ အဆုံးသို့ မရောက်ပဲလျက်လျှင် ဆင်းရဲဒုက္ခ၏ အဆုံးကို ပြုနိုင်သည်ဟူ၍လည်း ငါမဆိုသောကြောင့်ပင်တည်း။

ပုဏ္ဏားတို့ ဤကာမဂုဏ် ငါးမျိုးတို့ကို အရိယာဝိနည်း 'ဘုရားအဆုံးအမ'၌ "လောက"ဟု ဆိုအပ်ကုန်၏။ အဘယ်ငါးမျိုးတို့နည်း ဟူမူ—အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် နှလုံးကိုပွါးစေတတ်ကုန် ချစ်ဖွယ်သဘောရှိကုန် ကာမဂုဏ်နှင့်စပ်ကုန် တပ်စွန်းဖွယ်ရှိကုန်သော စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော ရူပါရုံ။ သောတဝိညာဏ်ဖြင့်သိအပ်ကုန်သော သဒ္ဒါရုံ။ပ။ ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော ဂန္ဓာရုံ။ ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော ရသာရုံ။ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် နှလုံးကို ပွါးစေတတ်ကုန် ချစ်ဖွယ်သဘောရှိကုန် ကာမဂုဏ်နှင့်စပ်ကုန် တပ်စွန်းဖွယ်ရှိကုန်သော ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော ဖောဋ္ဌဗ္ဗ တို့တည်း။ ပုဏ္ဏားတို့ ဤကာမဂုဏ် ငါးမျိုးတို့ကို အရိယာဝိနည်း 'ဘုရားအဆုံးအမ'၌ "လောက"ဟု ဆိုအပ်ကုန်၏။

ပုဏ္ဏားတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' နှင့်တကွဖြစ်သော (နီဝရဏ) ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော ပဌမစျာန်သို့ ရောက်၍ နေ၏။ ပုဏ္ဏားတို့ ဤရဟန်းကို လောက၏ အဆုံးသို့ လာရောက်၍ လောက၏ အဆုံး၌ နေ၏ဟု ဆိုအပ်၏။ အခြားသူတို့သည် ထိုရဟန်းကို "ဤသူသည်လည်း လောက၌ အကျုံးဝင်၏၊ ဤသူသည် လောကမှ မထွက်မြောက်သေး"ဟု ဆိုကုန်၏။ ပုဏ္ဏားတို့ ငါသည်လည်း (ထိုရဟန်းကို) "ဤသူသည်လည်း လောက၌ အကျုံးဝင်၏၊ ဤသူသည်လည်း လောကမှ မထွက်မြောက်သေး" ဟု ဆို၏။

ပုဏ္ဏားတို့ နောက်တမျိုးကား ရဟန်းသည် ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့၏ ငြိမ်းခြင်းကြောင့် ။ပ။ ဒုတိယစျာန်သို့၊ တတိယစျာန်သို့၊ စတုတ္ထစျာန်သို့ ရောက်၍ နေ၏။ ပုဏ္ဏားတို့ ဤရဟန်းကို လောက၏ အဆုံးသို့ လာရောက်၍ လောက၏ အဆုံး၌ နေ၏ဟု ဆိုအပ်၏။ ထိုရဟန်းကို အခြားသူတို့သည် "ဤသူသည်လည်း လောက၌ အကျုံးဝင်၏၊ ဤသူသည်လည်း လောကမှ မထွက်မြောက်သေး"ဟု ဆိုကုန်၏။ ပုဏ္ဏားတို့ ငါသည်လည်း (ထိုရဟန်းကို) "ဤသူသည်လည်း လောက၌ အကျုံးဝင်၏၊ ဤသူသည်လည်း လောကမှ မထွက်မြောက်သေး"ဟု ဆို၏။

ပုဏ္ဏားတို့ နောက်တမျိုးကား ရဟန်းသည် ရုပ်၌မှတ်သားမှု 'ရူပသညာ' တို့ကို လုံးဝလွန်မြောက်ခြင်းကြောင့် ထိပါးခြင်း၌ မှတ်သားမှု 'ပဋိဃသညာ' တို့၏ ချုပ်ပျောက်ခြင်းကြောင့် အထူးထူး မှတ်သားမှု 'နာနတ္တသညာ' တို့ကို နှလုံးမသွင်းခြင်းကြောင့်"ကောင်းကင်သည် အပိုင်း

http://www.dhammadownload.com



အခြားမရှိ''ဟု ပွါးများလျက် အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍ နေ၏။ ပုဏ္ဏားတို့ ဤရဟန်းကို လောက၏ အဆုံးသို့ လာရောက်၍ လောက၏ အဆုံး၌ နေ၏ဟု ဆိုအပ်၏။ ထိုရဟန်းကို အခြားသူတို့သည် ဤသူသည်လည်း လောက၌ အကျုံးဝင်၏၊ ဤသူသည်လည်း လောကမှ မထွက်မြောက်သေး''ဟု ဆိုကုန်၏။ ပုဏ္ဏားတို့ ငါသည်လည်း (ထိုရဟန်းကို) ''ဤသူသည်လည်း လောက၌ အကျုံးဝင်၏၊ ဤသူသည်လည်း လောကမှ မထွက်မြောက်သေး''ဟု ဆို၏။

ပုဏ္ဏားတို့ နောက်တမျိုးကား ရဟန်းသည် အာကာသာနဉ္စာယတန စျာန်ကို လုံးဝ လွန်မြောက်၍ ''ဝိညာဏ်သည် အပိုင်းအခြားမရှိ''ဟု ပွါးများလျက် ဝိညာဏဉ္စာယတန စျာန်သို့ ရောက်၍ နေ၏။ပ။ ဝိညာဏဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ ''တစုံတခုမျှ မရှိ''ဟု (ပွါးများလျက်) အာကိဉ္စညာယတန စျာန်သို့ ရောက်၍ နေ၏။ပ။ အာကိဉ္စညာယတန စျာန်ကို လုံးဝ လွန်မြောက်လျက် နေဝသညာနာသညာယတနစျာန်သို့ ရောက်၍ နေ၏။ ပုဏ္ဏားတို့ ဤရဟန်းကို လောက၏ အဆုံးသို့ လာရောက်၍ လောက၏ အဆုံး၌ နေ၏ဟု ဆိုအပ်၏။ ထိုရဟန်းကို အခြားသူတို့သည် ''ဤသူသည်လည်း လောက၌ အကျုံးဝင်၏၊ ဤသူသည်လည်း လောကမှ မထွက်မြောက်သေး'' ဟု ဆိုကုန်၏။ ပုဏ္ဏားတို့ ငါသည်လည်း (ထိုရဟန်းကို) ''ဤသူသည်လည်း လောက၌ အကျုံးဝင်၏၊ ဤသူသည်လည်း လောကမှ မထွက်မြောက်သေး''ဟု ဆို၏။

ပုဏ္ဏားတို့ နောက်တမျိုးကား ရဟန်းသည် နေဝသညာနာသညာယတနစျာန်ကို လုံးဝ လွန်မြောက်လျက် သညာ ဝေဒနာတို့၏ ချုပ်ရာ(နိရောဓသမာပတ်) သို့ ရောက်၍ နေ၏။ထိုရဟန်းအား ပညာဖြင့် မြင်၍ အာသဝေါတရားတို့ ကုန်ခန်းကုန်၏၊ ပုဏ္ဏားတို့ ဤရဟန်းကို ''လောက၏ အဆုံးသို့ လာရောက်၍ လောက၏ အဆုံး၌ နေ၏၊ လောက၌ ကပ်ငြိတွယ်တာမှု တဏှာကို ကူးမြောက်ပြီးဖြစ်၏''ဟူ၍ ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ဒေဝါသုရသင်္ဂါမသုတ်

၃၉။ ရဟန်းတို့ ရှေး၌ ဖြစ်ဘူးသည်ကား နတ်နှင့်အသုရာတို့ စစ်ပွဲသည် ပြိုင်ဆိုင်ခဲ့ဘူး၏။ရဟန်းတို့ ထိုစစ်ပွဲ၌ အသုရာတို့သည် အောင်မြင်ကုန်၏၊ နတ်တို့သည် ရှုံးကုန်၏။ ရဟန်းတို့ စစ်ရှုံးသော နတ်တို့သည် မြောက်အရပ်သို့သာ ရှေးရှုပြေးကုန်၏၊ အသုရာတို့သည် ဖိ၍ လိုက်ကုန်၏။ရဟန်းတို့ ထိုအခါ နတ်တို့အား ''အသုရာတို့သည် ဖိ၍သာ လိုက်ကုန်၏၊ငါတို့သည် နှစ်ကြိမ်မြောက် စစ်ပွဲကိုလည်း အသုရာတို့နှင့် စစ်ခင်းရမူ ကောင်းလေစွ''ဟု အကြံဖြစ်၏။ ရဟန်းတို့ နှစ်ကြိမ်မြောက်လည်း နတ်တို့သည် အသုရာတို့နှင့် စစ်ထိုးကုန်၏။ ရဟန်းတို့ နှစ်ကြိမ်မြောက်လည်း အသုရာတို့သာ အောင်မြင်ကုန်၏၊ နတ်တို့သည် ရှုံးကုန်၏။ စစ်ရှုံးသော နတ်တို့သည်လည်း မြောက်အရပ်သို့သာ ရှေးရှုပြေးကြကုန်သည်သာတည်း၊ အသုရာတို့သည် ဖိ၍ လိုက်ကုန်၏။ရဟန်းတို့ ထိုအခါ နတ်တို့အား ''အသုရာတို့သည် ဖိ၍သာ လိုက်ကုန်၏၊ ငါတို့သည် သုံးကြိမ်မြောက် စစ်ပွဲကိုလည်း အသုရာတို့နှင့် စစ်ခင်းရမူ ကောင်းလေစွ''ဟု အကြံဖြစ်၏။ ရဟန်းတို့ သုံးကြိမ်မြောက်လည်း နတ်တို့သည် အသုရာတို့နှင့် စစ်ထိုးကုန်၏။ ရဟန်းတို့ သုံးကြိမ်မြောက်လည်း အသုရာတို့သာ အောင်မြင်ကုန်၏၊ နတ်တို့သည် ရှုံးကုန်၏။ ရဟန်းတို့ စစ်ရှုံးသော နတ်တို့သည် ကြောက်ကုန်ရကား(တာဝတိံသာ) နတ်ပြည်သို့သာ ဝင်ပြေးကုန်၏။ ရဟန်းတို့ နတ်ပြည်သို့ ပြန်ရောက်ကုန်သော နတ်တို့အား ''ယခု

http://www.dhammadownload.com



အခါ ငါတို့သည် ဘေးရန် လုံခြုံရာသို့ ရောက်သော ကိုယ်ဖြင့် နေကုန်၏၊အသုရာတို့သည် (မည်သို့မျှ) မပြုလုပ်နိုင်ကုန်”ဟု အကြံဖြစ်၏။ ရဟန်းတို့ အသုရာတို့အားလည်း “ယခုအခါ နတ်တို့သည် ဘေးရန်လုံခြုံရာသို့ ရောက်သောကိုယ်ဖြင့် နေကုန်၏၊ ငါတို့သည် (မည်သို့မျှ) မပြုလုပ်နိုင်ကုန်”ဟု ဤအကြံဖြစ်၏။

ရဟန်းတို့ ရှေးကဖြစ်ဘူးသည်ကား နတ်အသုရာတို့ စစ်ပွဲသည် ပြိုင်ဆိုင်ခဲ့ဘူး၏။ ရဟန်းတို့ ထိုစစ်ပွဲ၌ နတ်တို့သည် အောင်မြင်ကုန်၏၊ အသုရာတို့သည် ရှုံးကုန်၏။ ရဟန်းတို့ စစ်းရှုံးသော အသုရာတို့သည် တောင်အရပ်သို့သာ ရှေးရှုပြေးကုန်၏၊ နတ်တို့သည် ဖိ၍လိုက်ကုန်၏။ ရဟန်းတို့ ထိုအခါ အသုရာတို့အား “နတ်တို့သည် ဖိ၍သာ လိုက်ကုန်၏၊ငါတို့သည် နှစ်ကြိမ်မြောက် စစ်ပွဲကိုလည်း နတ်တို့နှင့် စစ်ခင်းရမူ ကောင်းလေစွ”ဟု အကြံဖြစ်၏၊ ရဟန်းတို့ နှစ်ကြိမ်မြောက်လည်း အသုရာတို့သည် နတ်တို့နှင့် စစ်ထိုးကုန်၏။ ရဟန်းတို့ နှစ်ကြိမ်မြောက်လည်း နတ်တို့သာ အောင်မြင်ကုန်၏၊ အသုရာတို့သည် ရှုံးကုန်၏။ စစ်ရှုံးသော အသုရာတို့သည်လည်း တောင်အရပ်သို့သာ ရှေးရှုပြေးကုန်၏၊ နတ်တို့သည် ဖိ၍ လိုက်ကုန်၏။ ရဟန်းတို့ ထိုအခါ အသုရာတို့အား “နတ်တို့သည် ဖိ၍သာ လိုက်ကုန်၏၊ ငါတို့သည် သုံးကြိမ်မြောက်လည်း စစ်ပွဲကို နတ်တို့နှင့် စစ်ခင်းရမူ ကောင်းလေစွ”ဟု အကြံဖြစ်၏။ ရဟန်းတို့ သုံးကြိမ်မြောက်လည်း အသုရာတို့သည် နတ်တို့နှင့် စစ်ထိုးကုန်၏။ ရဟန်းတို့ သုံးကြိမ်မြောက်လည်း နတ်တို့သာ အောင်မြင်ကုန်၏၊ အသုရာတို့သည် ရှုံးကုန်၏။ ရဟန်းတို့ စစ်ရှုံးသော အသုရာတို့သည် ကြောက်ကုန်ရကား အသုရာပြည်သို့သာ ဝင်ပြေးကုန်၏။ ရဟန်းတို့ အသုရာပြည်သို့ (ပြန်)ရောက်ကုန်သော အသုရာတို့အား “ယခုအခါ ငါတို့သည် ဘေးရန်လုံခြုံရာသို့ ရောက်သော ကိုယ်ဖြင့် နေကုန်၏၊ နတ်တို့သည်(မည်သို့မျှ) မပြုလုပ်နိုင်ကုန်”ဟု အကြံဖြစ်၏။ ရဟန်းတို့ နတ်တို့အားလည်း “ယခုအခါ အသုရာတို့သည် ဘေးရန်လုံခြုံရာသို့ ရောက်သောကိုယ်ဖြင့် နေကုန်၏၊ ငါတို့သည် (မည်သို့မျှ) မပြုလုပ်နိုင်ကုန်”ဟု အကြံဖြစ်၏။

ရဟန်းတို့ ဤအတူပင် အကြင်အခါ ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု ‘ဝိတက်’ သုံးသပ်မှု ‘ဝိစာရ’နှင့် တကွဖြစ်သော (နီဝရဏ) ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်မှု ‘ပီတိ’ ချမ်းသာမှု ‘သုခ’ ရှိသော ပဌမစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ ရဟန်းအား “ယခုအခါ ငါသည် ဘေးရန် လုံခြုံရာသို့ ရောက်သောကိုယ်ဖြင့် နေ၏၊ မာရ်သည် (မည်သို့မျှ) မပြုလုပ်နိုင်”ဟု ဤသို့ အကြံဖြစ်၏။ ရဟန်းတို့ ယုတ်မာမှုရှိသော မာရ်အားလည်း “ယခုအခါ ရဟန်းသည် ဘေးရန်လုံခြုံရာသို့ ရောက်သောကိုယ်ဖြင့် နေ၏၊ ငါသည် (မည်သို့မျှ) မပြုလုပ်နိုင်”ဟု အကြံဖြစ်၏။

ရဟန်းတို့ အကြင်အခါ ရဟန်းသည် ကြံစည်မှု ‘ဝိတက်’ သုံးသပ်မှု ‘ဝိစာရ’တို့၏ ငြိမ်းခြင်းကြောင့်။ပ။ ဒုတိယစျာန်သို့။ တတိယစျာန်သို့။ စတုတ္ထစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ ရဟန်းအား “ယခုအခါ ငါသည် ဘေးရန်လုံခြုံရာသို့ ရောက်သောကိုယ်ဖြင့် နေ၏၊ မာရ်သည်(မည်သို့မျှ) မပြုလုပ်နိုင်”ဟု အကြံဖြစ်၏။ ရဟန်းတို့ ယုတ်မာမှုရှိသော မာရ်အားလည်း “ယခုအခါ ရဟန်းသည် ဘေးရန်လုံခြုံရာသို့ ရောက်သောကိုယ်ဖြင့် နေ၏၊ ငါသည် (မည်သို့မျှ) မပြုလုပ်နိုင်”ဟု အကြံဖြစ်၏။

ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် ရုပ်၌ မှတ်သားမှု ‘ရူပသညာ’တို့ကို လုံးဝလွန်မြောက်ခြင်းကြောင့် ထိပါးခြင်း၌ မှတ်သားမှု ‘ပဋိဃသညာ’ တို့၏ ချုပ်ပျောက်ခြင်းကြောင့် အထူးထူး

http://www.dhammadownload.com



မှတ်သားမှု 'နာနတ္တသညာ' တို့ကို နှလုံးမသွင်းခြင်းကြောင့် "ကောင်းကင်သည် အဆုံးမရှိ"ဟု (ပွါးများလျက်) အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍ နေ၏။ ရဟန်းတို့ ထိုအခါ ဤရဟန်းကို "မာရ်ကိုအဆုံးပြုသူ အကြွင်းအကျန်မရှိအောင် ဖျက်ဆီး၍ ယုတ်မာမှုရှိသော မာရ်၏ မျက်စိကွယ်ရာသို့ ရောက်သူ လောက၌ ကပ်ငြိတွယ်တာမှု 'တဏှာ'ကို ကူးမြောက်သူ"ဟု ဆိုအပ်၏။

ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် အာကာသာနဉ္စာယတနစျာန်ကို လုံးဝ လွန်မြောက်၍ "ဝိညာဏ်သည် အပိုင်းအခြားမရှိ"ဟု (ပွါးများလျက်) ဝိညာဏဉ္စာယတနစျာန်သို့ ရောက်၍ နေ၏။ ဝိညာဏဉ္စာယတနစျာန်ကို လုံးဝ လွန်မြောက်၍ "တစုံတခုမျှ မရှိ"ဟု (ပွါးများလျက်) အာကိဉ္စညာယတနစျာန်သို့ ရောက်၍ နေ၏။ အာကိဉ္စညာယတနစျာန်ကို လုံးဝလွန်မြောက်လျက် နေဝသညာနာသညာယတနစျာန်သို့ ရောက်၍ နေ၏။ နေဝသညာနာသညာယတနစျာန်ကို လုံးဝ လွန်မြောက်လျက် သညာ ဝေဒနာတို့၏ ချုပ်ရာ (နိရောဓသမာပတ်)သို့ ရောက်၍ နေ၏။ ထိုအခါ၌ ထိုရဟန်းအား ပညာဖြင့် မြင်၍ အာသဝေါတရားတို့ ကုန်ခန်းကုန်၏။ ရဟန်းတို့ ဤရဟန်းကို "မာရ်ကို အဆုံးပြုသူ အကြွင်းအကျန်မရှိအောင် ဖျက်ဆီး၍ ယုတ်မာမှုရှိသော မာရ်၏ မျက်စိကွယ်ရာသို့ ရောက်သူ လောက၌ ကပ်ငြိတွယ်တာမှု 'တဏှာ'ကို ကူးမြောက်သူ" ဟူ၍ ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-နာဂသုတ်

၄၀။ ရဟန်းတို့ အကြင်အခါ၌ တောနေ ဆင်ပြောင်ကြီးသည် စားကျက်သို့ သွားစဉ် ဆင်ပေါက်တို့သည်ငှင်း ဆင်မတို့သည်ငှင်း ဆင်ရွှေတို့သည်ငှင်း နို့စို့ဆင်ငယ်တို့သည်ငှင်း ရှေ့မှ ရှေ့မှ သွားကုန်၍ မြက်ညွန့်တို့ကို ချိုးကြကုန်၏။ ရဟန်းတို့ ထိုအခါ၌ တောနေ ဆင်ပြောင်ကြီးသည် ငြီးငွေ့၏၊ ရှက်နိုး၏၊ စက်ဆုပ်၏။ ရဟန်းတို့ အကြင်အခါ၌ တောနေ ဆင်ပြောင်ကြီးသည် စားကျက်သို့သွားစဉ် ချိုး၍ ချိုး၍ နှိမ်ချထားသော သစ်ခက်ကျိုးတို့ကို ဆင်ပေါက်တို့သည်ငှင်း ဆင်မတို့သည်ငှင်း ဆင်ရွှေတို့သည်ငှင်း နို့စို့ဆင်ငယ်တို့သည်ငှင်း စားကြကုန်၏။ ရဟန်းတို့ ထိုအခါ၌ တောနေ ဆင်ပြောင်ကြီးသည် ငြီးငွေ့၏၊ ရှက်နိုး၏၊ စက်ဆုပ်၏။ ရဟန်းတို့ အကြင်အခါ၌ တောနေ ဆင်ပြောင်ကြီးသည် ရေဆိပ်သို့ သက်ဆင်းသည်ဖြစ်စေ ရေဆိပ်မှ တက်သည်ဖြစ်စေ ဆင်ပေါက်တို့သည်ငှင်း ဆင်မတို့သည်ငှင်း ဆင်ရွှေတို့သည်ငှင်း နို့စို့ဆင်ငယ်တို့သည်ငှင်း ရှေ့မှ ရှေ့မှ သွား၍ နှာမောင်းဖြင့် ရေကို မွှေနှောက်ကြကုန်၏။ ရဟန်းတို့ ထိုအခါ၌ တောနေ ဆင်ပြောင်ကြီးသည် ငြီးငွေ့၏၊ ရှက်နိုး၏၊ စက်ဆုပ်၏။ ရဟန်းတို့ အကြင်အခါ၌ တောနေဆင်ပြောင်ကြီးသည် ရေဆိပ်သို့ သက်ဆင်းသော်ငှင်း ရေဆိပ်မှ တက်သော်ငှင်း ဆင်မတို့သည် (ထိုဆင်ပြောင်ကြီး၏)ကိုယ်ကို တိုးဝှေ့လျက် သွားကုန်၏။ ရဟန်းတို့ ထိုအခါ၌ တောနေ ဆင်ပြောင်ကြီးသည် ငြီးငွေ့၏၊ ရှက်နိုး၏၊ စက်ဆုပ်၏။

ရဟန်းတို့ ထိုအခါ တောနေဆင်ပြောင်ကြီးအား—"ငါသည် ယခုအခါ ဆင်ပေါက်တို့နှင့်ငှင်း ဆင်မတို့နှင့်ငှင်း ဆင်ရွှေတို့နှင့်ငှင်း နို့စို့ဆင်ငယ်တို့နှင့်ငှင်း ရောပြွမ်းသည်ဖြစ်၍ နေရ၏၊ အညွန့်ပြတ်သော မြက်တို့ကိုလည်း စားရ၏၊ ငါ ချိုး၍ ချိုး၍ နှိမ်ချထားသော သစ်ခက်ကျိုးကိုလည်း (အခြားဆင်တို့က) စားကုန်၏၊ (ငါသည်) ရေနောက်တို့ကိုလည်း သောက်ရ၏၊ ရေဆိပ်သို့

http://www.dhammadownload.com



သက်ဆင်းသော်ငြားလည်း ရေဆိပ်မှတက်သော်ငြားလည်း ဆင်မတို့သည် ငါ၏ကိုယ်ကို တိုးဝှေ့လျက် သွားကုန်၏၊ ငါသည် တကောင်တည်းသာလျှင် ဆင်အပေါင်းမှ ဖဲခွါလျက် နေရမူ ကောင်းလေစွ”ဟု အကြံဖြစ်၏။ ထိုဆင်ပြောင်ကြီးသည် အခါတပါး၌ ဆင်အပေါင်းမှ ဖဲခွါလျက် တကောင်တည်း နေ၏၊ အညွန့်မပြတ်သော မြက်တို့ကိုလည်း စားရ၏၊ ချိုး၍ ချိုး၍ နှိမ်ချထားသော သစ်ခက်ကျိုးကိုလည်း (အခြားဆင်တို့) မစားကြကုန်၊ မနောက်ကျုသော ရေတို့ကိုလည်း သောက်ရ၏၊ ရေဆိပ်သို့ သက်ဆင်းသော်ငြားလည်း ရေဆိပ်မှတက်သော်ငြားလည်း ဆင်မတို့သည် ထိုဆင်ပြောင်ကြီး၏ ကိုယ်ကို တိုးဝှေ့လျက် မသွားကုန်။

ရဟန်းတို့ ထိုအခါ တောနေဆင်ပြောင်ကြီးအား ဤသို့သော အကြံဖြစ်၏—“ငါသည် ရှေးအခါက ဆင်ပေါက်တို့နှင့်ငြားလည်း ဆင်မတို့နှင့်ငြားလည်း ဆင်ငယ်တို့နှင့်ငြားလည်း နို့စို့ဆင်ငယ်တို့နှင့်ငြားလည်း ရောပြွမ်းသည်ဖြစ်၍ နေခဲ့ရပြီ၊ အညွန့်ပြတ်သော မြက်တို့ကိုသာ စားခဲ့ရပြီ၊ ငါချိုး၍ ချိုး၍ နှိမ်ချသော သစ်ခက်ကျိုးကိုလည်း (အခြားဆင်တို့)စားကြကုန်၏၊ (ငါသည်)နောက်ကျုသော ရေတို့ကိုလည်း သောက်ခဲ့ရပြီ၊ ရေဆိပ်သို့ သက်ဆင်းသော်ငြားလည်း ရေဆိပ်မှ တက်သော်ငြားလည်း ဆင်မတို့သည် ငါ၏ ကိုယ်ကို တိုးဝှေ့လျက် သွားကြကုန်ပြီ၊ ထိုငါသည် ယခုအခါ၌ ဆင်အပေါင်းမှ ဖဲခွါလျက် အဖော်မပါ တကောင်တည်းသာလျှင် နေရပေ၏၊ အညွန့်မပြတ်သော မြက်တို့ကိုလည်း စားရ၏၊ ငါချိုး၍ ချိုး၍ နှိမ်ချထားသော သစ်ခက်ကျိုးကိုလည်း (အခြားဆင်တို့) မစားကြကုန်၊ မနောက်ကျုသော ရေတို့ကိုလည်း သောက်ရ၏၊ ရေဆိပ်သို့ သက်ဆင်းသော်ငြားလည်း ရေဆိပ်မှ တက်သော်ငြားလည်း ငါ၏ကိုယ်ကို ဆင်မတို့သည် တိုးဝှေ့၍ မသွားကြကုန်”ဟု (အကြံဖြစ်၏)။ ထိုဆင်ပြောင်ကြီးသည် နှာမောင်းဖြင့် သစ်ခက်ကိုချိုး၍ သစ်ခက်ဖြင့် ကိုယ်ကို သုံးသပ်လျက် ဝမ်းမြောက်လေရကား နှာမောင်းကို မြှောက်ချီ၏။

ရဟန်းတို့ ဤအတူပင် အကြင်အခါ၌ ရဟန်းသည် ရဟန်း ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာမ မင်း မင်းအမတ် တိတ္ထိ တိတ္ထိတပည့်တို့နှင့် ရောပြွမ်းလျက် နေရ၏။ ရဟန်းတို့ ထိုအခါ ရဟန်းအား “ငါသည်ကား ယခုအခါ ရဟန်း ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာမ မင်း မင်းအမတ် တိတ္ထိ တိတ္ထိတပည့်တို့နှင့် ရောပြွမ်းလျက်နေရ၏၊ ငါသည် လူအပေါင်းမှ ဖဲခွါလျက် တယောက်တည်းနေရမူ ကောင်းလေစွ”ဟု အကြံဖြစ်၏။ ထိုရဟန်းသည် တော သစ်ပင်ရင်း တောင် ချောက် တောင်ခေါင်း သင်းချိုင်း တောအုပ် လွင်ပြင် ကောက်ရိုးပုံ ဟူသော ဆိတ်ငြိမ်သော ကျောင်း အိပ်ရာ နေရာကို မှီဝဲ၏၊ ထိုရဟန်းသည် တောသို့ ကပ်သည်ဖြစ်၍သော်ငြားလည်း သစ်ပင်ရင်းသို့ ကပ်သည်ဖြစ်၍သော်ငြားလည်း ဆိတ်ငြိမ်ရာအရပ်သို့ ကပ်သည်ဖြစ်၍သော်ငြားလည်း ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကိုဖြောင့်မတ်စွာ ထား၍ ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိကို ဖြစ်စေလျက် ထိုင်၏။

ထိုရဟန်းသည် (ဥပါဒါနက္ခန္ဓာ ငါးပါးဟူသော) လောက၌ မက်မောမှု ‘အဘိဇ္ဈာ’ကို ပယ်၍ မက်မောမှု ‘အဘိဇ္ဈာ’ကင်းသော စိတ်ဖြင့်နေ၏၊ မက်မောမှု ‘အဘိဇ္ဈာ’မှ စိတ်ကို စင်ကြယ်စေ၏၊ ပျက်စီးစေလိုသော ဒေါသကိုပယ်၍ မပျက်စီးစေလိုသော စိတ်ရှိသည်ဖြစ်၍ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက်နေ၏၊ ပျက်စီးစေလိုသော ဒေါသမှ စိတ်ကို စင်ကြယ်စေ၏၊ လေးလံ ထိုင်းမှိုင်းမှု ‘ထိနမိဒ္ဓ’ကိုပယ်၍ လေးလံ ထိုင်းမှိုင်းမှု ‘ထိနမိဒ္ဓ’မှ ကင်းသည်ဖြစ်၍ အောက်မေ့ဆင်ခြင်လျက် အလင်းရောင်ကို မှတ်သားမှုရှိသည် ဖြစ်၍ နေ၏၊ လေးလံ ထိုင်းမှိုင်းမှု ‘ထိနမိဒ္ဓ’မှ စိတ်ကို စင်ကြယ်စေ၏၊ ပျံ့လွင့်မှု ‘ဥဒ္ဓစ္စ’ နောင်တတဖန် ပူပန်မှု ‘ကုက္ကုစ္စ’ ကိုပယ်၍ မိမိသန္တာန်၌ ငြိမ်းအေးသော စိတ်ရှိသည်ဖြစ်၍ မပျံ့လွင့်သည်ဖြစ်၍ နေ၏၊ ပျံ့လွင့်မှု ‘ဥဒ္ဓစ္စ’ နောင်တတဖန်

http://www.dhammadownload.com



ပူပန်မှု 'ကုက္ကုစ္စ'မှ စိတ်ကို စင်ကြယ်စေ၏၊ ယုံမှားမှု 'ဝိစိကိစ္ဆာ'ကို ပယ်၍ ယုံမှားမှု ဝိစိကိစ္ဆာကို လွန်မြောက်သည်ဖြစ်၍ ကုသိုလ်တရားတို့၌ သို့လော သို့လော မရှိသည်ဖြစ်၍ နေ၏၊ ယုံမှားမှု 'ဝိစိကိစ္ဆာ'မှ စိတ်ကို စင်ကြယ်စေ၏။

ထိုရဟန်းသည် စိတ်၏ညစ်ညူးကြောင်း ပညာကိုအားနည်းအောင် ပြုကြောင်းဖြစ်ကုန်သော ဤ အပ်တ်အပင် 'နီဝရဏ'တရား ငါးမျိုးတို့ကို ပယ်ကာ ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု'ဝိတက်' သုံးသပ်မှု'ဝိစာရ'နှင့် တကွဖြစ်သော (နီဝရဏ) ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်မှု'ပီတိ' ချမ်းသာမှု'သုခ'ရှိသော ပဌမစျာန်သို့ ရောက်၍ နေ၏။ ထိုရဟန်းသည် ဝမ်းမြောက်လေရကား နှာမောင်း တည်းဟူသော စိတ်ကို ကောင်းစွာ မြောက်ချီ၏၊ ကြံစည်မှု'ဝိတက်' သုံးသပ်မှု 'ဝိစာရ'တို့၏ ငြိမ်းခြင်းကြောင့်။ပ။ ဒုတိယစျာန်သို့။ တတိယစျာန်သို့။ စတုတ္ထစျာန်သို့ ရောက်၍ နေ၏။ ထိုရဟန်းသည် ဝမ်းမြောက်လေရကား နှာမောင်း တည်းဟူသောစိတ်ကို ကောင်းစွာ မြောက်ချီ၏။

ရုပ်၌ မှတ်သားမှု 'ရူပသညာ'တို့ကို လုံးဝ လွန်မြောက်ခြင်းကြောင့် ထိပါးခြင်း၌ မှတ်သားမှု 'ပဋိဃသညာ'တို့၏ ချုပ်ပျောက်ခြင်းကြောင့် အထူးထူးမှတ်သားမှု 'နာနတ္တသညာ'တို့ကို နှလုံး မသွင်းခြင်းကြောင့် "ကောင်းကင်သည် အဆုံးမရှိ"ဟု (ပွါးများလျက်) အာကာသာနဉ္စာယတန စျာန်သို့ ရောက်၍ နေ၏။ ထိုရဟန်းသည် ဝမ်းမြောက်လေရကား နှာမောင်းတည်းဟူသော စိတ်ကို ကောင်းစွာ မြောက်ချီ၏။

အာကာသာနဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "ဝိညာဏ်သည် အပိုင်းအခြားမရှိ" ဟု (ပွါးများလျက်) ဝိညာဏဉ္စာယတနစျာန်သို့ ရောက်၍နေ၏။ ဝိညာဏဉ္စာယတနစျာန်ကို လုံးဝ လွန်မြောက်၍ "တစုံတခုမျှ မရှိ"ဟု (ပွါးများလျက်) အာကိဉ္စညာယတနစျာန်သို့ ရောက်၍ နေ၏။ အာကိဉ္စညာယတနစျာန်ကို လုံးဝ လွန်မြောက်၍ နေဝသညာနာသညာယတနစျာန်သို့ ရောက်၍ နေ၏၊ နေဝသညာနာသညာယတနစျာန်ကို လုံးဝ လွန်မြောက်၍ သညာဝေဒနာတို့၏ ချုပ်ရာ (နိရောဓသမာပတ်)သို့ ရောက်၍ နေ၏။ ထိုရဟန်းအား ပညာဖြင့် ကောင်းစွာ မြင်၍ အာသဝေါတရားတို့ ကုန်ခန်းကုန်၏။ ထိုရဟန်းသည် ဝမ်းမြောက်လေရကား နှာမောင်းတည်းဟူ သော စိတ်ကို ကောင်းစွာမြောက်ချီ၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-တပုဿသုတ်

၄၁။ အခါတပါး၌ မြတ်စွာဘုရားသည် မလ္လတိုင်း ဥရုဝေလကပ္ပမည်သော မလ္လမင်းတို့၏ နိဂုံး၌(သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ကာ ဥရုဝေလကပ္ပနိဂုံးသို့ ဆွမ်းအလို့ငှါ ဝင်တော်မူ၏၊ ဥရုဝေလကပ္ပ နိဂုံး၌ ဆွမ်းခံ လှည့်လည်ပြီးနောက် ဆွမ်းစားပြီး၍ ဆွမ်းခံရာမှ ဖဲခွါပြီးသော် အသျှင်အာနန္ဒာ အား "အာနန္ဒာ ငါသည် နေ့သန့်စင်ရန် အလို့ငှါ တောအုပ်သို့ဝင်နေသမျှ ဤနေရာ၌ပင် နေဦး လော့"ဟု မိန့်တော်မူ၏။ "ကောင်းပါပြီ အသျှင်ဘုရား"ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရား

http://www.dhammadownload.com



အား ပြန်ကြားလျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားသည် တောအုပ်အတွင်းသို့ သက်ဝင်တော်မူကာ သစ်ပင်ရင်းတခု၌ နေ့သန့်စင် ထိုင်နေတော်မူ၏။

ထိုအခါ တပုဿသူကြွယ်သည် အသျှင်အာနန္ဒာအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လျက် အသျှင်အာနန္ဒာအား ဤစကားကို လျှောက်၏—အသျှင်ဘုရားအာနန္ဒာ အကျွန်ုပ်တို့ကား ကာမဂုဏ်ခံစားသူ ကာမဂုဏ်၌မွေ့လျော်သူ ကာမဂုဏ်၌နှစ်ခြိုက်သူ ကာမဂုဏ်၌ပျော်ပိုက်သူ လူတို့ဖြစ်ကြပါကုန်၏၊ ကာမဂုဏ်ခံစားသူ ကာမဂုဏ်၌မွေ့လျော်သူ ကာမဂုဏ်၌ နှစ်ခြိုက်သူ ကာမဂုဏ်၌ပျော်ပိုက်သူ လူဖြစ်ကုန်သော ထို အကျွန်ုပ်တို့အား (ကာမဂုဏ်မှ) ထွက်မြောက်မှု'နေက္ခမ္မ'သည် ကမ်းပါးစောက်ကဲ့သို့ ထင်ပါ၏။ အသျှင်ဘုရား "ဤဓမ္မဝိနယ 'သာသနာတော်'၌ 'ထိုတရားသည် ငြိမ်သက်၏'ဟု ရှုကုန်သော ငယ်ကုန် ငယ်ကုန်သော ရဟန်းတို့၏ စိတ်သည် ထွက်မြောက်မှု 'နေက္ခမ္မ'၌ ပြေးဝင်၏ ကြည်လင်၏ ကောင်းစွာတည်၏ လွတ်လွတ်သက်ဝင်၏" ဟု ကြားဘူးပါ၏။ အသျှင်ဘုရား ဤ ဓမ္မ ဝိနယ 'သာသနာတော်'၌ ရဟန်းတို့၏ ထိုထွက်မြောက်မှု 'နေက္ခမ္မ' သည် လူအများနှင့် မတူ (ထူးခြားပါ၏)ဟု (လျှောက်၏)။

သူကြွယ် မြတ်စွာဘုရားကို ဖူးမြင်ရန် ဤစကား လက်ဆောင်ရှိပေပြီ၊ သူကြွယ် လာ သွားကြစို့၊ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ကြကုန်အံ့၊ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရားအား ဤအကြောင်းအရာကို လျှောက်ကြကုန်အံ့၊မြတ်စွာဘုရား ဖြေကြားတော်မူတိုင်း လိုက်နာကြကုန်အံ့ ဟု (ဆို၏)။ "ကောင်းပါပြီ အသျှင်ဘုရား"ဟု တပုဿသူကြွယ်သည် အသျှင်အာနန္ဒာအား ပြန်ကြား လျှောက်ထား၏။ ထို့နောက် အသျှင်အာနန္ဒာသည် တပုဿသူကြွယ်နှင့်အတူ မြတ်စွာဘုရားအထံသို့ ချဉ်းကပ် ပြီးနောက် ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—အသျှင်ဘုရား ဤတပုဿသူကြွယ်သည် "အသျှင်ဘုရား အာနန္ဒာ အကျွန်ုပ်တို့သည် ကာမဂုဏ်ခံစားသူ ကာမဂုဏ်၌မွေ့လျော်သူ ကာမဂုဏ်၌နှစ်ခြိုက်သူ ကာမဂုဏ်၌ပျော်ပိုက်သူ လူတို့ဖြစ်ကြပါကုန်၏၊ ကာမဂုဏ်ခံစားသူ ကာမဂုဏ်၌မွေ့လျော်သူ ကာမဂုဏ်၌နှစ်ခြိုက်သူ ကာမဂုဏ်၌ပျော်ပိုက်သူ လူဖြစ်ကြကုန်သော ထိုအကျွန်ုပ်တို့အား (ကာမဂုဏ်မှ) ထွက်မြောက်မှု 'နေက္ခမ္မ' သည် ကမ်းပါးစောက်ကဲ့သို့ ထင်ပါ၏။ အသျှင်ဘုရား ဤ ဓမ္မဝိနယ 'သာသနာတော်'၌ ထိုတရားသည် ငြိမ်သက်၏ ဟု ရှုကုန်သော ငယ်ကုန် ငယ်ကုန်သော ရဟန်းတို့၏ စိတ်သည် ထွက်မြောက်မှု'နေက္ခမ္မ'၌ ပြေးဝင်၏၊ ကြည်လင်၏၊ ကောင်းစွာတည်၏၊ လွတ်လွတ်သက်ဝင်၏"ဟု ကြားဘူးပါ၏။အသျှင်ဘုရား ဤဓမ္မဝိနယ'သာသနာတော်'၌ ရဟန်းတို့၏ ထိုထွက်မြောက်မှု 'နေက္ခမ္မ'သည် လူအများနှင့်မတူ(ထူးခြားပါ၏)ဟု ဤသို့ ဆိုပါ၏ ဟူ၍(လျှောက်၏)။

အာနန္ဒာ ထိုစကားသည် ဤသို့ ဆိုတိုင်းမှန်ပေ၏၊ အာနန္ဒာ ထိုစကားသည် ဤသို့ ဆိုတိုင်းမှန်ပေ၏၊ အာနန္ဒာ သစ္စာလေးပါးကို မသိရသေးမီ ဘုရားလောင်းသာဖြစ်သော ငါ့အားလည်း "ထွက်မြောက်မှု 'နေက္ခမ္မ'သည် ကောင်း၏၊ ဆိတ်ငြိမ်မှုသည် ကောင်း၏"ဟု ဤအကြံသည် ဖြစ်ဘူး၏။ အာနန္ဒာ "ထိုတရားသည် ငြိမ်သက်၏"ဟု ရှုသော ထို ငါ၏ စိတ်သည် ထွက်မြောက်မှု 'နေက္ခမ္မ'၌ မပြေးဝင် မကြည်လင် ကောင်းစွာ မတည် လွတ်လွတ် မသက်ဝင်။အာနန္ဒာ ထို ငါ့အား "ထိုတရားသည် ငြိမ်သက်၏ဟု ရှုသော ငါ၏ စိတ်သည် ထွက်မြောက်မှု 'နေက္ခမ္မ'၌ **မသက်ဝင်** မကြည်လင် ကောင်းစွာမတည် (နီဝရဏတို့မှ) မကျွတ်လွတ်နိုင်ခြင်း၏ အကြောင်းကား အဘယ်နည်း အထောက်အပံ့ကား အဘယ်နည်း"ဟု အကြံ ဖြစ်ဘူး၏။

http://www.dhammadownload.com



အာနန္ဒာ ထို ငါ့အား ''ငါသည် ကာမဂုဏ်တို့၌ အပြစ်ကို မမြင်၊ ထို အပြစ်ကိုလည်း မလေ့လာ၊ ထွက်မြောက်မှု'နေက္ခမ္မ'၌လည်း အကျိုးကို မသိ၊ငါသည် ထိုအကျိုးကိုလည်း မမှီဝဲစဘူး၊ ထို့ကြောင့် 'ထိုတရားသည် ငြိမ်သက်၏'ဟု ရှုသော ငါ၏ စိတ်သည် ထွက်မြောက်မှု 'နေက္ခမ္မ' ၌ မပြေးဝင် မကြည်လင် ကောင်းစွာ မတည် လွတ်လွတ်မသက်ဝင်''ဟု အကြံဖြစ်၏။

အာနန္ဒာ ထို ငါ့အား ''အကယ်၍ ငါသည် ကာမဂုဏ်တို့၌ အပြစ်ကို ရှု၍ ထို အပြစ် ကိုလည်း လေ့လာရမူ ထွက်မြောက်မှု'နေက္ခမ္မ'၌ အကျိုးကိုသိ၍ ထိုအကျိုးကိုလည်း မှီဝဲရမူ ထို ''တရားသည် ငြိမ်သက်၏''ဟု ရှုသော ငါ၏ စိတ်သည် ထွက်မြောက်မှု 'နေက္ခမ္မ' ၌ ပြေးဝင်ရာ ကြည်လင်ရာ ကောင်းစွာတည်ရာ လွတ်လွတ်သက်ဝင်ရာသော အကြောင်းကားရှိ၏''ဟု အကြံ ဖြစ်ခဲ့ဘူး၏။

အာနန္ဒာ ထို ငါသည် အခါတပါး၌ ကာမဂုဏ်တို့၌ အပြစ်ကို ရှု၍ ထို အပြစ်ကိုလည်း လေ့လာ၏၊ထွက်မြောက်မှု'နေက္ခမ္မ'၌ အကျိုးကို ရှု၍ ထိုအကျိုးကိုလည်း မှီဝဲ၏။ အာနန္ဒာ ထို''တရားသည် ငြိမ်သက်၏''ဟု ရှုသော ငါ၏ စိတ်သည် ထွက်မြောက်မှု 'နေက္ခမ္မ'၌ ပြေးဝင်၏၊ ကြည်လင်၏၊ ကောင်းစွာ တည်၏၊ လွတ်လွတ်သက်ဝင်၏။

အာနန္ဒာ ထို ငါသည် ကာမတို့မှ ဆိတ်၍သာလျှင်၊ အကုသိုလ်တရားတို့မှ ဆိတ်၍ သာလျှင် ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ'နှင့် တကွ ဖြစ်သော (နီဝရဏ) ကင်းဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်မှု'ပီတိ' ချမ်းသာမှု'သုခ'ရှိသော ပဌမစျာန်သို့ ရောက်၍ နေ၏။ အာနန္ဒာ ဤပဌမ စျာန် ဝင်စားနေခြင်းဖြင့် နေသော ထို ငါ့အား ကာမနှင့် တကွ ဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့သည် ဖြစ်ပေါ်ကုန်၏၊ ထို ဖြစ်ပေါ်ခြင်းသည် ငါ့အား နာကျင်မှုဖြစ်၏။ အာနန္ဒာ ချမ်းသာဒနသူအား ဆင်းရဲခြင်းသည် နာကျင်ရန် အလို့ငှါသာဖြစ်ရာသကဲ့သို့ ဤ အတူပင် ထို ငါ့အား ကာမနှင့် တကွ ဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့သည် ဖြစ်ပေါ်လာကုန်၏၊ ထို ဖြစ်ပေါ်လာခြင်းသည် ထို ငါ့အား နာကျင်မှု ဖြစ်၏။

အာနန္ဒာ ထို ငါ့အား ''ငါသည် ကြံစည်မှု 'ဝိတက်'သုံးသပ်မှု'ဝိစာရ'တို့၏ ငြိမ်းခြင်းကြောင့်။ပ။ ဒုတိယစျာန်သို့ ရောက်၍ နေရမူ ကောင်းလေစွ''ဟု အကြံသည်ဖြစ်၏။ အာနန္ဒာ ''ထိုတရားသည် ငြိမ်သက်၏''ဟု ရှုသော ထို ငါ၏ စိတ်သည် ကြံစည်မှု'ဝိတက်'မရှိရာ (ဒုတိယစျာန်)၌ မသက်ဝင် မကြည်လင် ကောင်းစွာ မတည်(နီဝရဏတို့မှ)မကျွတ်လွတ်။ အာနန္ဒာ ထို ငါ့အား''ထိုတရားသည် ငြိမ်သက်၏ဟု ရှုသော ငါ၏ စိတ်သည် ကြံစည်မှု'ဝိတက်'မရှိရာ(ဒုတိယစျာန်)၌ မပြေးဝင်၊ မကြည်လင်၊ကောင်းစွာ မတည် လွတ်လွတ်မသက်ဝင်ခြင်း၏ အကြောင်းကား အဘယ်နည်း၊ အထောက်အပံ့ကား အဘယ်နည်း''ဟု အကြံဖြစ်ဘူး၏။ အာနန္ဒာ ထို ငါ့အား''ငါသည် ကြံစည်မှု 'ဝိတက်' တို့၌ အပြစ်ကို မရှု၊ ငါသည် ထို အပြစ်ရှုခြင်းကိုလည်း မလေ့လာ ကြံစည်မှု 'ဝိတက်' မရှိရာ (ဒုတိယစျာန်)၌လည်း အကျိုးကို မသိ၊ ငါသည် ထို အကျိုးကိုလည်း မမှီဝဲရ။ ထို့ကြောင့် 'ထို တရားသည် ငြိမ်သက်၏' ဟု ရှုသော ငါ၏ စိတ်သည် ကြံစည်မှု'ဝိတက်'မရှိရာ (ဒုတိယစျာန်) ၌ မပြေးဝင် မကြည်လင် ကောင်းစွာမတည် လွတ်လွတ်မသက်ဝင်''ဟု အကြံဖြစ်၏။ အာနန္ဒာ ထိုငါ့အား အကယ်၍ ငါသည် ကြံစည်မှု 'ဝိတက်'တို့၌ အပြစ်ကို ရှု၍ ထို အပြစ်ကိုလည်း လေ့လာရမူ ကြံစည်မှု 'ဝိတက်'မရှိရာ (ဒုတိယစျာန်)၌ အကျိုးကို သိ၍ ထိုအကျိုးကို မှီဝဲရမူ 'ထိုတရားသည် ငြိမ်သက်၏'ဟု ရှုသော ငါ၏ စိတ်သည် ကြံစည်မှု'ဝိတက်'မရှိရာ (ဒုတိယစျာန်)၌ ပြေးဝင်ရာ ကြည်လင်ရာ ကောင်းစွာ တည်ရာ လွတ်လွတ်မသက်ဝင် ရာသော အကြောင်းကား ရှိ၏''ဟု

http://www.dhammadownload.com



အကြံဖြစ်၏။အာနန္ဒာ ထို ငါသည် အခါတပါး၌ ကြံစည်မှု'ဝိတက်'တို့၌ အပြစ်ကို ရှု၍ ထို အပြစ်ကိုလည်း လေ့လာ၏၊ ကြံစည်မှု 'ဝိတက်' မရှိရာ(ဒုတိယဈာန်)၌ အကျိုးကို သိ၍ ထို အကျိုးကို မှီဝဲ၏။ အာနန္ဒာ ''ထိုတရားသည် ငြိမ်သက်၏''ဟု ရှုသော ထို ငါ၏ စိတ်သည် ကြံစည်မှု'ဝိတက်' မရှိရာ (ဒုတိယဈာန်)၌ ပြေးဝင်၏၊ ကြည်လင်၏ ကောင်းစွာ တည်၏၊ လွတ်လွတ်သက်ဝင်၏။

အာနန္ဒာ ထို ငါသည် ကြံစည်မှု'ဝိတက်' သုံးသပ်မှု'ဝိစာရ'တို့၏ ငြိမ်းခြင်းကြောင့်။ပ။ ဒုတိယဈာန်သို့ ရောက်၍ နေ၏။ အာနန္ဒာ ဤ(ဒုတိယ ဈာန်ဝင်စား) နေခြင်းဖြင့် နေသော ထို ငါ့အား ကြံစည်မှု 'ဝိတက်' နှင့်တကွ ဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့သည် ဖြစ်ပေါ်ကုန်၏၊ ထိုဖြစ်ပေါ်ခြင်းသည် ငါ့အား နာကျင်မှုဖြစ်၏။ အာနန္ဒာ ချမ်းသာသူအား ဆင်းရဲခြင်းသည် နာကျင်ရန် အလို့ငှါသာ ဖြစ်ရာသကဲ့သို့ ဤ အတူပင် ထိုငါ့အား ကြံစည်မှု'ဝိတက်'နှင့်တကွ ဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့သည် ဖြစ်ပေါ်လာကုန်၏၊ ထိုဖြစ်ပေါ်လာခြင်းသည် ထိုငါ့အား နာကျင်မှု ဖြစ်၏။

အာနန္ဒာ ထိုငါ့အား''ငါသည် နှစ်သိမ့်မှု'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့် လျစ်လျူရှုလျက် နေရပါမူ သတိသမ္ပဇဉ်ရှိသည်ဖြစ်၍ ချမ်းသာမှု 'သုခ' ကိုလည်း ကိုယ်ဖြင့်ခံစားရပါမူ အကြင် တတိယဈာန်ကြောင့် ထိုသူကို'လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာနေလေ့ရှိသူ'ဟု အရိယာ ပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏။ ထို တတိယဈာန်သို့ ရောက်၍ နေရပါမူ ကောင်းလေစွ''ဟု အကြံဖြစ်၏။ အာနန္ဒာ ထို ငါ၏ စိတ်သည် ''ထိုတရားသည် ငြိမ်သက်၏''ဟု ရှုမြင်ကာ နှစ်သိမ့်မှု 'ပီတိ' မရှိရာ (တတိယဈာန်)၌ မပြေးဝင် မကြည်လင် ကောင်းစွာမတည် လွတ်လွတ်မသက်ဝင်။ အာနန္ဒာ ထိုငါ့အား ထိုတရားသည် ငြိမ်သက်၏ ဟု ရှုသော ငါ၏ စိတ်သည် နှစ်သိမ့်မှု 'ပီတိ' မရှိရာ (တတိယဈာန်)၌ မပြေးဝင် မကြည်လင် ကောင်းစွာ မတည် လွတ်လွတ်မသက်ဝင်ခြင်း၏ အကြောင်းကား အဘယ်နည်း၊ အထောက်အပံ့ကားအဘယ်နည်း''ဟု အကြံဖြစ်ဘူး၏။

အာနန္ဒာ ထို ငါ့အား''ငါသည် နှစ်သိမ့်မှု'ပီတိ'၌ အပြစ်ကို မမြင်၊ ထို အပြစ်ကိုလည်း ငါသည် မလေ့လာ၊ နှစ်သိမ့်မှု'ပီတိ'မရှိရာ(တတိယဈာန်)၌လည်း အကျိုးကိုမသိ၊ငါသည် ထိုအကျိုးကိုလည်း မမှီဝဲရ။ ထို့ကြောင့်'ထိုတရားသည် ငြိမ်သက်၏'ဟု ရှုသော ငါ၏ စိတ်သည် နှစ်သိမ့်မှု'ပီတိ' မရှိရာ (တတိယဈာန်)၌ မပြေးဝင် မကြည်လင် ကောင်းစွာမတည် လွတ်လွတ်မသက်ဝင် ဟုအကြံဖြစ်၏။ အာနန္ဒာ ထို ငါ့အား ''အကယ်၍ ငါသည် နှစ်သိမ့်မှု 'ပီတိ' ၌ အပြစ်ကိုရှု၍ ထို အပြစ်ကိုလည်း လေ့လာရမူ နှစ်သိမ့်မှု'ပီတိ'မရှိရာ(တတိယဈာန်)၌ အကျိုးကိုသိ၍ ထို အကျိုးကိုမှီဝဲရမူ'ထိုတရားသည် ငြိမ်သက်၏'ဟု ရှုသော ငါ၏ စိတ်သည် နှစ်သိမ့်မှု'ပီတိ'မရှိရာ (တတိယဈာန်)၌ သက်ဝင်ရာ ကြည်လင်ရာ ကောင်းစွာတည်ရာ လွတ်လွတ်သက်ဝင်ရာသော အကြောင်းကား ရှိ၏'' ဟု အကြံဖြစ်၏။ အာနန္ဒာ ထိုငါသည် တပါးသောအခါ၌ နှစ်သိမ့်မှု'ပီတိ'၌ အပြစ်ကို ရှု၍ ထိုအပြစ်ကိုလည်း လေ့လာ၏။ နှစ်သိမ့်မှု'ပီတိ'မရှိရာ (တတိယဈာန်၌)အကျိုးကို သိ၍ ထို အကျိုးကိုမှီဝဲ၏။ အာနန္ဒာ ''ထိုတရားသည် ငြိမ်သက်၏'' ဟု ရှုသော ထို ငါ၏ စိတ်သည် နှစ်သိမ့်မှု 'ပီတိ' မရှိရာ (တတိယဈာန်)၌ ပြေးဝင်၏ ကြည်လင်၏ ကောင်းစွာ တည်၏ လွတ်လွတ်သက်ဝင်၏။ အာနန္ဒာ ထို ငါသည် နှစ်သိမ့်မှု'ပီတိ'ကိုလည်း စက်ဆုပ်ခြင်းကြောင့်။ပ။ တတိယဈာန်သို့ ရောက်၍ နေ၏။ အာနန္ဒာ ဤ (တတိယဈာန်ဝင်စား) နေခြင်းဖြင့် နေသော ထိုငါ့အား နှစ်သိမ့်မှု'ပီတိ'နှင့်တကွ ဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့သည် ဖြစ်ပေါ်လာကုန်၏၊ ထိုဖြစ်ပေါ်လာခြင်းသည် ထို ငါ့အား နာကျင်မှုဖြစ်၏။ အာနန္ဒာ ချမ်းသာသူအား ဆင်းရဲခြင်းသည် နာကျင်ရန် အလို့ငှါသာ

http://www.dhammadownload.com



ဖြစ်ရာသကဲ့သို့ ဤအတူပင် ထို ငါ့အား နှစ်သိမ့်မှု'ပီတိ'နှင့်တကွဖြစ်ကုန်သော မှတ်သားမှု နှလုံး သွင်းမှု တို့သည် ဖြစ်ပေါ်လာကုန်၏၊ ထိုဖြစ်ပေါ်လာခြင်းသည် ထို ငါ့အား နာကျင်မှုဖြစ်၏။

အာနန္ဒာ ထို ငါ့အား "ငါသည် ချမ်းသာမှု 'သုခ' ကိုလည်း ပယ်ခြင်းကြောင့် ဆင်းရဲမှု 'ဒုက္ခ' ကိုလည်း ပယ်ခြင်းကြောင့် ရှေးဦးကပင် ဝမ်းမြောက်မှု 'သောမနဿ' နှလုံးမသာယာမှု 'ဒေါမနဿ' တို့၏ ချုပ်ခြင်းကြောင့် ချမ်းသာမဟုတ် ဆင်းရဲမဟုတ်သော လျစ်လျူရှုမှု 'ဥပေက္ခာ'ကြောင့်ဖြစ်သည့်'သတိ'၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍ နေရမှု ကောင်းလေစွ"ဟု အကြံဖြစ်၏။ အာနန္ဒာ "ထိုတရားသည် ငြိမ်သက်၏"ဟု ရှုသော ထိုငါ၏ စိတ်သည် ချမ်းသာမဟုတ် ဆင်းရဲမဟုတ်ရာ (စတုတ္ထဈာန်)၌ မပြေးဝင် မကြည်လင် ကောင်းစွာ မတည် လွတ်လွတ်မသက်ဝင်။ အာနန္ဒာ ထိုငါ့အား "ထိုတရားသည် ငြိမ်သက်၏ဟု ရှုသော ငါ၏ စိတ်သည် ချမ်းသာမဟုတ် ဆင်းရဲမဟုတ်ရာ (စတုတ္ထဈာန်)၌ မပြေးဝင် မကြည်လင် ကောင်းစွာ မတည်၊ လွတ်လွတ်သက်ဝင်ခြင်း၏ အကြောင်းကား အဘယ်နည်း၊ အထောက်အပံ့ကား အဘယ် နည်း"ဟုအကြံ ဖြစ်၏။ အာနန္ဒာ ထိုငါ့အား"ငါသည် လျစ်လျူရှုမှု'ဥပေက္ခာ'ချမ်းသာ၌ အပြစ်ကို မမြင်၊ငါသည် ထိုအပြစ်ကိုလည်း မလေ့လာ၊ငါသည်ဆင်းရဲမဟုတ် ချမ်းသာမဟုတ်ရာ(စတုတ္ထဈာန်) ၌လည်း အကျိုးကို မသိ၊ ငါသည် ထိုအကျိုးကိုလည်း မမှီဝဲ၊ထို့ကြောင့်'ထိုတရားသည် ငြိမ်သက်၏' ဟု ရှုသော ငါ၏ စိတ်သည် ဆင်းရဲမဟုတ် ချမ်းသာ မဟုတ်ရာ (စတုတ္ထဈာန်)၌ မပြေးဝင် မကြည် လင် ကောင်းစွာ မတည်၊ လွတ်လွတ်မသက်ဝင်" ဟု အကြံ ဖြစ်၏။ အာနန္ဒာ ထိုငါ့အား "အကယ်၍ ငါသည် လျစ်လျူရှုမှု 'ဥပေက္ခာ' ချမ်းသာ၌ အပြစ်ကို ရှု၍ ထိုအပြစ်ကိုလည်း လေ့လာရမူ ဆင်းရဲမဟုတ် ချမ်းသာ မဟုတ်ရာ (စတုတ္ထဈာန်)၌ အကျိုးကိုသိ၍ထိုအကျိုးကိုလည်း မှီဝဲရမူ ထိုတရားသည် ငြိမ်သက်၏' ဟု ရှုသော ငါ၏စိတ်သည် ချမ်းသာမဟုတ် ဆင်းရဲမဟုတ်ရာ (စတုတ္ထဈာန်)၌ ပြေးဝင်ရာ ကြည်လင်ရာ ကောင်းစွာ တည်ရာ လွတ်လွတ်သက်ဝင်ရာသော အကြောင်းကား ရှိ၏" ဟု အကြံ ဖြစ်၏။ အာနန္ဒာ ထိုငါသည် တပါးသောအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'ချမ်းသာ၌ အပြစ်ကို ရှု၍ ထိုအပြစ်ကိုလည်း လေ့လာ၏၊ ဆင်းရဲမဟုတ် ချမ်းသာမဟုတ် ရာ (စတုတ္ထဈာန်)၌ အကျိုးကိုသိ၍ ထိုအကျိုးကိုလည်း မှီဝဲ၏။ အာနန္ဒာ "ထိုတရားသည် ငြိမ် သက်၏" ဟု ရှုသော ထိုငါ၏ စိတ်သည် ဆင်းရဲမဟုတ် ချမ်းသာမဟုတ်ရာ (စတုတ္ထဈာန်)၌ ပြေးဝင်၏ ကြည်လင်၏ ကောင်းစွာ တည်၏ လွတ်လွတ်သက်ဝင်၏။

အာနန္ဒာ ထိုငါသည် ချမ်းသာမှု 'သုခ' ကိုလည်း။ပ။ စတုတ္ထဈာန်သို့ ရောက်၍ နေ၏။ အာနန္ဒာ ဤ(စတုတ္ထဈာန်ဝင်စား)နေခြင်းဖြင့် နေသော ထိုငါ့အား လျစ်လျူရှုမှု'ဥပေက္ခာ' နှင့်တကွ ဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့သည် ဖြစ်ပေါ်ကုန်၏၊ ထိုဖြစ်ပေါ်ခြင်းသည် ထိုငါ့အား နာကျင်မှု ဖြစ်၏။ အာနန္ဒာ ချမ်းသာသူအား ဆင်းရဲခြင်းသည် နာကျင်ရန် အလို့ငှါသာ ဖြစ်ရာသကဲ့သို့ ဤအတူပင် ထိုငါ့အား လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့်တကွ ဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့သည် ဖြစ်ပေါ်လာကုန်၏ ထိုဖြစ်ပေါ်လာခြင်းသည် ထိုငါ့အား နာကျင်မှု ဖြစ်၏။

အာနန္ဒာ ထိုငါ့အား "ငါသည် ရုပ်၌ မှတ်သားမှု 'ရူပသညာ' တို့ကို လုံးဝ လွန်မြောက်ခြင်း ကြောင့် ထိပါးခြင်း၌ မှတ်သားမှု 'ပဋိဃသညာ'တို့၏ ချုပ်ပျောက်ခြင်းကြောင့် အထူးထူး မှတ်သားမှု 'နာနတ္တသညာ' တို့ကို နှလုံးမသွင်းခြင်းကြောင့် 'ကောင်းကင်သည် အဆုံးမရှိ' ဟု (ပွါးများလျက်) အာကာသာနဉ္စာယတနဈာန်သို့ ရောက်၍ နေရမှု ကောင်းလေစွ" ဟု အကြံ ဖြစ်၏။ အာနန္ဒာ "ထိုတရားသည် ငြိမ်သက်၏" ဟု ရှုသော ထိုငါ၏ စိတ်သည် အာကာသာနဉ္စာ

http://www.dhammadownload.com



ယတနစျာန်၌ မပြေးဝင် မကြည်လင် ကောင်းစွာ မတည် လွတ်လွတ်မသက်ဝင်။ အာနန္ဒာ ထိုငါ့အား "ထိုတရားသည် ငြိမ်သက်၏ဟု ရှုသော ငါ၏ စိတ်သည် အာကာသာနဉ္စာယတနစျာန်၌ မပြေးဝင် မကြည်လင် ကောင်းစွာ မတည် လွတ်လွတ်မသက်ဝင်ခြင်း၏ အကြောင်းကား အဘယ်နည်း၊ အထောက်အပံ့ကား အဘယ်နည်း"ဟု အကြံသည် ဖြစ်၏။

အာနန္ဒာ ထိုငါ့အား "ငါသည် ရုပ်တို့၌ အပြစ်ကို မရှု၊ ထိုအပြစ်ကိုလည်း မလေ့လာ" ငါသည် အာကာသာနဉ္စာယတနစျာန်၌လည်း အကျိုးကို မသိ၊ ငါသည် ထိုအကျိုးကိုလည်း မမှီဝဲ၊ ထို့ကြောင့် 'ထိုတရားသည် ငြိမ်သက်၏' ဟု ရှုသော ထိုငါ၏ စိတ်သည် အာကာသာနဉ္စာယတနစျာန်၌ မပြေးဝင် မကြည်လင် ကောင်းစွာမတည် လွတ်လွတ်မသက်ဝင်"ဟု အကြံဖြစ်၏။ အာနန္ဒာ ထိုငါ့အား "အကယ်၍ ငါသည် ရုပ်တို့၌ အပြစ်ကို ရှု၍ ထိုအပြစ်ကိုလည်း လေ့လာရမူ အာကာသာနဉ္စာယတနစျာန်၌ အကျိုးကို သိ၍ ထိုအကျိုးကိုလည်း မှီဝဲရမူ 'ထိုတရားသည် ငြိမ်သက်၏' ဟု ရှုသော ငါ၏ စိတ်သည် အာကာသာနဉ္စာယတနစျာန်၌ ပြေးဝင်ရာ ကြည်လင်ရာ ကောင်းစွာတည်ရာ လွတ်လွတ်သက်ဝင်ရာသော အကြောင်းကား ရှိ၏"ဟု အကြံဖြစ်၏။ အာနန္ဒာ ထိုငါသည် တပါးသောအခါ၌ဝယ် ရုပ်တို့၌ အပြစ်ကို ရှု၍ ထိုအပြစ်ကိုလည်း လေ့လာ၏၊ အာကာသာနဉ္စာယတနစျာန်၌ အကျိုးကို သိ၍ ထိုအကျိုးကိုလည်း မှီဝဲ၏။ အာနန္ဒာ "ထိုတရားသည် ငြိမ်သက်၏"ဟု ရှုသော ထိုငါ၏ စိတ်သည် အာကာသာနဉ္စာယတနစျာန်၌ ပြေးဝင်၏ ကြည်လင်၏ ကောင်းစွာ တည်၏ လွတ်လွတ်သက်ဝင်၏။ အာနန္ဒာ ထိုငါသည် ရုပ်၌ မှတ်သားမှု 'ရူပသညာ'တို့ကို လုံးဝ လွန်မြောက်ခြင်းကြောင့် ထိပါးခြင်း၌ မှတ်သားမှု 'ပဋိဃသညာ'တို့၏ ချုပ်ပျောက်ခြင်းကြောင့် အထူးထူးမှတ်သားမှု 'နာနတ္တသညာ'တို့ကို နှလုံးမသွင်းခြင်းကြောင့် "ကောင်းကင်သည် အဆုံးမရှိ" ဟု (ပွါးများလျက်) အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍ နေ၏။ အာနန္ဒာ ဤ (အာကာသာနဉ္စာယတနစျာန်ဝင်စား) နေခြင်းဖြင့် နေသော ထိုငါ့အား ရုပ်နှင့်တကွ ဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့သည် ဖြစ်ပေါ်လာကုန်၏၊ထိုဖြစ်ပေါ်လာခြင်းသည် ထိုငါ့အား နာကျင်မှု ဖြစ်၏။ အာနန္ဒာ ချမ်းသာသူအား ဆင်းရဲခြင်းသည် နာကျင်ရန် အလို့ငှါသာ ဖြစ်ရာသကဲ့သို့ ဤအတူပင် ထိုငါ့အား ရုပ်နှင့်တကွ ဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့ ဖြစ်ပေါ်လာကုန်၏၊ ထိုဖြစ်ပေါ်လာခြင်းသည် ထိုငါ့အား နာကျင်မှု ဖြစ်၏။

အာနန္ဒာ ထိုငါ့အား "ငါသည် အာကာသာနဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ 'ဝိညာဏ်သည် အပိုင်းအခြားမရှိ'ဟု (ပွါးများ၍) ဝိညာဏဉ္စာယတနစျာန်သို့ ရောက်၍ နေရမူ ကောင်းလေစွ"ဟုအကြံ ဖြစ်၏။ အာနန္ဒာ "ထိုတရားသည် ငြိမ်သက်၏"ဟု ရှုသော ထိုငါ၏ စိတ်သည် ဝိညာဏဉ္စာယတနစျာန်၌ မပြေးဝင် မကြည်လင် ကောင်းစွာမတည် လွတ်လွတ်မသက်ဝင်။ အာနန္ဒာ ထိုငါ့အား "ထိုတရားသည် ငြိမ်သက်၏ဟု ရှုသော ငါ၏ စိတ်သည် ဝိညာဏဉ္စာယတနစျာန်၌ မပြေးဝင် မကြည်လင် ကောင်းစွာမတည် လွတ်လွတ်မသက်ဝင်ခြင်း၏ အကြောင်းကား အဘယ်နည်း၊ အဘယ်အထောက်အပံ့ကား အဘယ်နည်း"ဟု အကြံဖြစ်၏။အာနန္ဒာ ထိုငါ့အား "ငါသည် အာကာသာနဉ္စာယတနစျာန်၌ အပြစ်ကို မရှု၊ ထိုအပြစ်ကိုလည်း မလေ့လာ၊ ဝိညာဏဉ္စာယတနစျာန်၌ အကျိုးကို မသိ၊ ထိုအကျိုးကိုလည်း မမှီဝဲ။ ထို့ကြောင့် 'ထိုတရားသည် ငြိမ်သက်၏'ဟု ရှုသော ငါ၏ စိတ်သည် ဝိညာဏဉ္စာယတနစျာန်၌ မပြေးဝင် မကြည်လင် ကောင်းစွာ မတည် လွတ်လွတ်မသက်ဝင်"ဟု အကြံဖြစ်၏။ အာနန္ဒာ ထိုငါ့အား "အကယ်၍ ငါသည် အာကာသာနဉ္စာယတနစျာန်၌ အပြစ်ကို ရှု၍ ထိုအပြစ်ကိုလည်း လေ့လာရမူ ဝိညာဏဉ္စာယတနစျာန်၌ အကျိုးကို

http://www.dhammadownload.com



သိ၍ ထိုအကျိုးကိုလည်း မှီဝဲရမှု'ထိုတရားသည် ငြိမ်သက်၏'ဟု ရှုသောငါ၏ စိတ်သည် ဝိညာဏဉ္စာယတနစျာန်၌ ပြေးဝင်ရာ ကြည်လင်ရာ ကောင်းစွာ တည်ရာ လွတ်လွတ်သက်ဝင်ရာသော အကြောင်းကားရှိ၏''ဟု အကြံဖြစ်၏။ အာနန္ဒာ ထိုငါသည် တပါးသောအခါ၌ အာကာသာနဉ္စာယတနစျာန်၌ အပြစ်ကို ရှု၍ ထိုအပြစ်ကိုလည်း လေ့လာ၏၊ ဝိညာဏဉ္စာယတနစျာန်၌ အကျိုးကို သိ၍ ထိုအကျိုးကိုလည်း မှီဝဲ၏။ အာနန္ဒာ ''ထိုတရားသည် ငြိမ်သက်၏''ဟု ရှုသော ထိုငါ၏ စိတ်သည် ဝိညာဏဉ္စာယတနစျာန်၌ ပြေးဝင်၏ ကြည်လင်၏ ကောင်းစွာ တည်၏ လွတ်လွတ်သက်ဝင်၏။ အာနန္ဒာ ထိုငါသည် အာကာသာနဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ ''ဝိညာဏ်သည် အပိုင်းအခြားမရှိ''ဟု(ပွါးများလျက်)ဝိညာဏဉ္စာယတနစျာန်သို့ ရောက်၍ နေ၏။ အာနန္ဒာ ဤ (ဝိညာဏဉ္စာယတနစျာန်ဝင်စား) နေခြင်းဖြင့် နေသော ထိုငါ့အား အာကာသာနဉ္စာယတနသညာနှင့်တကွ ဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့သည် ဖြစ်ပေါ်ကုန်၏၊ ထိုဖြစ်ပေါ်ခြင်းသည် ထိုငါ့အား နာကျင်မှုဖြစ်၏။ အာနန္ဒာ ချမ်းသာခြင်းရှိသူအား ဆင်းရဲခြင်းသည် နာကျင်ရန်အလို့ငှါသာ ဖြစ်ရာသကဲ့သို့ ဤအတူပင် ထိုငါ့အား အာကာသာနဉ္စာယတနသညာနှင့်တကွ ဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့သည် ဖြစ်ပေါ်ကုန်၏၊ ထိုဖြစ်ပေါ်ခြင်းသည် ထိုငါ့အား နာကျင်မှုဖြစ်၏။

အာနန္ဒာ ထိုငါ့အား ''ငါသည် ဝိညာဏဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ 'တစုံတခုမျှ မရှိ'ဟု(ပွါးများလျက်)အာကိဉ္စညာယတနစျာန်သို့ ရောက်၍ နေရမှု ကောင်းလေစွ'' ဟု အကြံဖြစ်၏။ အာနန္ဒာ ''ထိုတရားသည် ငြိမ်သက်၏'' ဟု ရှုသော ထိုငါ၏ စိတ်သည် အာကိဉ္စညာယတနစျာန်၌ မပြေးဝင် မကြည်လင် ကောင်းစွာ မတည် လွတ်လွတ်မသက်ဝင်။ အာနန္ဒာ ထိုငါ့အား''ထိုတရားသည် ငြိမ်သက်၏ဟု ရှုသော ငါ၏ စိတ်သည် အာကိဉ္စညာယတနစျာန်၌ မပြေးဝင် မကြည်လင် ကောင်းစွာမတည် လွတ်လွတ်မသက်ဝင်ခြင်း၏ အကြောင်းကား အဘယ်နည်း၊ အထောက်အပံ့ကားအဘယ်နည်း''ဟု အကြံဖြစ်၏။ အာနန္ဒာ ထိုငါ့အား '' ငါသည် ဝိညာဏဉ္စာယတနစျာန်၌ အပြစ်ကိုမရှု၊ ထိုအပြစ်ကိုလည်း မလေ့လာ၊ အာကိဉ္စညာယတနစျာန်၌ အကျိုးကို မသိ၊ ထိုအကျိုးကိုလည်း မမှီဝဲရ။ ထို့ကြောင့် 'ထိုတရားသည် ငြိမ်သက်၏' ဟု ရှုသော ငါ၏ စိတ်သည် အာကိဉ္စညာယတနစျာန်၌ မပြေးဝင် မကြည်လင် ကောင်းစွာမတည် လွတ်လွတ်မသက်ဝင်ဟု အကြံဖြစ်၏။

အာနန္ဒာ ထိုငါ့အား ''အကယ်၍ ငါသည် ဝိညာဏဉ္စာယတနစျာန်၌ အပြစ်ကိုရှု၍ ထိုအပြစ်ကို လေ့လာရမှု အာကိဉ္စညာယတနစျာန်၌ အကျိုးကိုသိ၍ ထိုအကျိုးကို မှီဝဲရမှု 'ထိုတရားသည် ငြိမ်သက်၏' ဟု ရှုသော ငါ၏ စိတ်သည် ဝိညာဏဉ္စာယတနစျာန်၌ ပြေးဝင်ရာ ကြည်လင်ရာ ကောင်းစွာတည်ရာ လွတ်လွတ်သက်ဝင်ရာသော အကြောင်းကားရှိ၏''ဟု အကြံဖြစ်၏။

အာနန္ဒာ ထိုငါသည် တပါးသောအခါဝယ် ဝိညာဏဉ္စာယတနစျာန်၌ အပြစ်ကိုရှု၍ ထိုအပြစ်ကိုလည်း လေ့လာ၏၊အာကိဉ္စညာယတနစျာန်၌ အကျိုးကိုသိ၍ ထိုအကျိုးကိုလည်း မှီဝဲ၏။အာနန္ဒာ ''ထိုတရားသည် ငြိမ်သက်၏''ဟု ရှုသော ထိုငါ၏ စိတ်သည် အာကိဉ္စညာယတနစျာန်၌ ပြေးဝင်၏ ကြည်လင်၏ ကောင်းစွာတည်၏ လွတ်လွတ်သက်ဝင်၏။ အာနန္ဒာ ထိုငါသည် ဝိညာဏဉ္စာယတနစျာန်ကို လုံးဝ လွန်မြောက်၍ ''တစုံ တခုမျှမရှိ'' ဟု(ပွါးများလျက်) အာကိဉ္စညာယတနစျာန်သို့ ရောက်၍နေ၏။ အာနန္ဒာ ဤ(အာကိဉ္စညာယတနစျာန်ဝင်စား)နေခြင်းဖြင့် နေသော ထိုငါ့အား ဝိညာဏဉ္စာယတနစျာန်နှင့်တကွ ဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့သည် ဖြစ်ပေါ်ကုန်၏၊

http://www.dhammadownload.com



ထိုဖြစ်ပေါ်ခြင်းသည် ထိုငါ့အား နာကျင်မှု ဖြစ်၏။ အာနန္ဒာ ချမ်းသာသူအား ဆင်းရဲခြင်းသည် နာကျင်ရန် အလို့ငှါသာဖြစ်ရာသကဲ့သို့ ဤအတူပင် ထိုငါ့အား ဝိညာဏဉ္စာယတနစျာန်နှင့်တကွ ဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့သည် ဖြစ်ပေါ်ကုန်၏၊ ထိုဖြစ်ပေါ်ခြင်းသည် ထိုငါ့အား နာကျင်မှုဖြစ်၏။ အာနန္ဒာ ထိုငါ့အား "ငါသည် အာကိဉ္စညာယတနစျာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတနစျာန်သို့ ရောက်၍ နေရမူ ကောင်းလေစွ" ဟု အကြံဖြစ်၏။ အာနန္ဒာ 'ထိုတရားသည် ငြိမ်သက်၏' ဟု ရှုသော ထိုငါ၏ စိတ်သည် နေဝသညာနာသညာယတနစျာန်၌ မပြေးဝင် မကြည်လင် ကောင်းစွာမတည် လွတ်လွတ်မသက်ဝင်။ အာနန္ဒာ ထိုငါ့အား "ထိုတရားသည် ငြိမ်သက်၏ ဟု ရှုသော ငါ၏ စိတ်သည် နေဝသညာနာသညာယတနစျာန်၌ မပြေးဝင် မကြည်လင် ကောင်းစွာမတည် လွတ်လွတ်မသက်ဝင်ခြင်း၏ အကြောင်းကား အဘယ်နည်း၊ အထောက်အပံ့ကား အဘယ်နည်း" ဟု အကြံဖြစ်၏။ အာနန္ဒာ ထိုငါ့အား "ငါသည် အာကိဉ္စညာယတနစျာန်၌ အပြစ်ကို မရှု၊ထိုအပြစ်ကိုလည်း မလေ့လာ၊ နေဝသညာနာသညာယတနစျာန်၌ အကျိုးကို မသိ၊ ထိုအကျိုးကိုလည်း ငါသည် မမှီဝဲ။ ထို့ကြောင့်"ထိုတရားသည် ငြိမ်သက်၏"ဟု ရှုသော ငါ၏ စိတ်သည် နေဝသညာနာသညာ ယတနစျာန်၌ မပြေးဝင် မကြည်လင် ကောင်းစွာ မတည် လွတ်လွတ်မသက်ဝင်"ဟု အကြံဖြစ်၏။အာနန္ဒာ ထိုငါ့အား"အကယ်၍ ငါသည် အာကိဉ္စညာယတနစျာန်၌ အပြစ်ကိုရှု၍ ထိုအပြစ်ကိုလည်း လေ့လာရမူ နေဝသညာနာသညာယတနစျာန်၌ အကျိုးကိုသိ၍ ထိုအကျိုးကိုလည်း မှီဝဲရမူ 'ထိုတရားသည် ငြိမ်သက်၏' ဟု ရှုသောငါ၏ စိတ်သည် နေဝသညာနာသညာယတနစျာန်၌ ပြေးဝင်ရာ ကြည်လင်ရာ ကောင်းစွာတည်ရာ လွတ်လွတ်သက်ဝင်ရာသော အကြောင်းကားရှိ၏" ဟု အကြံဖြစ်၏။ အာနန္ဒာ ထိုငါသည် တပါးသောအခါ၌ အာကိဉ္စညာယတနစျာန်၌ အပြစ်ကိုရှု၍ ထိုအပြစ်ကိုလည်း လေ့လာ၏၊ နေဝသညာနာသညာယတနစျာန်၌ အကျိုးကိုသိ၍ ထိုအကျိုးကိုလည်း မှီဝဲ၏။ အာနန္ဒာ "ထိုတရားသည် ငြိမ်သက်၏"ဟု ရှုသော ထိုငါ၏ စိတ်သည် နေဝသညာနာသညာယတနစျာန်၌ ပြေးဝင်၏ ကြည်လင်၏ ကောင်းစွာတည်၏ လွတ်လွတ်သက်ဝင်၏။ အာနန္ဒာ ထိုငါသည် အာကိဉ္စညာယတနစျာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတနစျာန်သို့ ရောက်၍ နေ၏။ အာနန္ဒာ ဤ(နေဝသညာနာသညာယတနစျာန်ဝင်စား) နေခြင်းဖြင့် နေသော ထိုငါ့အား အာကိဉ္စညာယတနစျာန်နှင့်တကွ ဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့သည် ဖြစ်ပေါ်ကုန်၏၊ ထိုဖြစ်ပေါ်ခြင်းသည် ထိုငါ့အား နာကျင်မှုဖြစ်၏။ အာနန္ဒာ ချမ်းသာသူအား ဆင်းရဲခြင်းသည် နာကျင်ရန် အလို့ငှါသာ ဖြစ်ရာသကဲ့သို့ ဤအတူပင် ထိုငါ့အား အာကိဉ္စညာယတနစျာန်နှင့်တကွ ဖြစ်ကုန်သော မှတ်သားမှု နှလုံးသွင်းမှုတို့သည် ဖြစ်ပေါ်ကုန်၏၊ ထိုဖြစ်ပေါ်ခြင်းသည် ထိုငါ့အား နာကျင်မှုဖြစ်၏။

အာနန္ဒာ ထိုငါ့အား "ငါသည် နေဝသညာနာသညာယတနစျာန်ကို လုံးဝ လွန်မြောက်လျက် သညာ ဝေဒနာတို့၏ ချုပ်ရာ 'နိရောဓသမာပတ်'သို့ ရောက်၍နေရမူ ကောင်းလေစွ"ဟု အကြံဖြစ်၏။ အာနန္ဒာ "ထိုတရားသည် ငြိမ်သက်၏"ဟု ရှုသော ထိုငါ၏စိတ်သည် သညာ ဝေဒနာတို့၏ ချုပ်ရာ 'နိရောဓသမာပတ်'၌ မပြေးဝင် မကြည်လင် ကောင်းစွာမတည် လွတ်လွတ်မသက်ဝင်။ အာနန္ဒာ ထိုငါ့အား "ထိုတရားသည် ငြိမ်သက်၏ဟု ရှုသော ငါ၏ စိတ်သည် သညာ ဝေဒနာတို့၏ ချုပ်ရာ 'နိရောဓသမာပတ်'၌ မပြေးဝင် မကြည်လင် ကောင်းစွာမတည် လွတ်လွတ်မသက်ဝင်ခြင်း၏ အကြောင်းကား အဘယ်နည်း၊ အထောက်အပံ့ကား အဘယ်နည်း"ဟု အကြံဖြစ်၏။ အာနန္ဒာ ထိုငါ့အား "ငါသည် နေဝသညာနာသညာယတနစျာန်၌ အပြစ်ကို မရှု၊ ထိုအပြစ်

http://www.dhammadownload.com



ကိုလည်း မလေ့လာ၊ သညာ ဝေဒနာတို့၏ ချုပ်ရာ 'နိရောဓသမာပတ်'၌ အကျိုးကိုမသိ၊ ထို အကျိုးကိုလည်း ငါမမှီဝဲရ။ ထို့ကြောင့် 'ထိုတရားသည် ငြိမ်သက်၏'ဟု ရှုသော ငါ၏ စိတ်သည် သညာ ဝေဒနာတို့၏ ချုပ်ရာ 'နိရောဓသမာပတ်'၌ မပြေးဝင် မကြည်လင် ကောင်းစွာ မတည် လွတ်လွတ်မသက်ဝင်။ အာနန္ဒာ ထိုငါ့အား "အကယ်၍ ငါသည် နေဝသညာနာသညာယတန စျာန်၌ အပြစ်ကိုရှု၍ ထိုအပြစ်ကိုလည်း လေ့လာရမူ သညာ ဝေဒနာတို့၏ ချုပ်ရာ 'နိရောဓသမာ ပတ်'၌ အကျိုးကိုသိ၍ ထိုအကျိုးကိုလည်း မှီဝဲရမူ 'ထိုတရားသည် ငြိမ်သက်၏'ဟု ရှုသော ငါ၏ စိတ်သည် သညာဝေဒနာတို့၏ ချုပ်ရာ'နိရောဓသမာပတ်'၌ ပြေးဝင်ရာ ကြည်လင်ရာ ကောင်းစွာ တည်ရာ လွတ်လွတ် သက်ဝင်ရာသော အကြောင်းကား ရှိ၏"ဟု အကြံဖြစ်၏။ အာနန္ဒာ ထို ငါသည် တပါးသောအခါ၌ နေဝသညာနာသညာယတနစျာန်၌ အပြစ်ကို ရှု၍ ထိုအပြစ်ကိုလည်း လေ့လာ၏၊ သညာ ဝေဒနာတို့၏ ချုပ်ရာ 'နိရောဓသမာပတ်'၌ အကျိုးကိုသိ၍ ထိုအကျိုးကိုလည်း မှီဝဲ၏။ အာနန္ဒာ "ထိုတရားသည် ငြိမ်သက်၏"ဟု ရှုသော ထိုငါ၏ စိတ်သည် သညာ ဝေဒနာတို့၏ ချုပ်ရာ 'နိရောဓသမာပတ်'၌ ပြေးဝင်၏၊ ကြည်လင်၏၊ ကောင်းစွာတည်၏၊ လွတ်လွတ်သက်ဝင်၏။ အာနန္ဒာ ထိုငါသည် နေဝသညာနာသညာယတနစျာန်ကို လုံးဝ လွန်မြောက်၍ သညာ ဝေဒနာတို့၏ ချုပ်ရာ 'နိရောဓသမာပတ်'သို့ ရောက်၍ နေ၏၊ ပညာဖြင့်ရှု၍ ငါ့အား အာသဝေါတရားတို့သည် ထက်ဝန်းကျင် ကုန်ခြင်းသို့ ရောက်ကုန်၏။

အာနန္ဒာ ငါသည် ဤအစဉ်အတိုင်း နေရသော သမာပတ် (စျာန်) ကိုးမျိုးတို့ကို ဤသို့ အနုလုံ ပဋိလုံ 'အပြန်အလှန်' မဝင်စားနိုင်သေးသမျှ (ထိုစျာန်သမာပတ်မှ) မထနိုင်သေးသမျှ ကာလပတ်လုံး ငါသည် နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့် တကွသော လူလောက၌ အတုမဲ့ သမ္မာသမ္ဗောဓိ 'အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်'ကို ထိုးထွင်းသိပြီဟု ဝန်မခံခဲ့ပေ။ အာနန္ဒာ ငါသည် ဤအစဉ်အတိုင်း နေရသော သမာပတ် ကိုးမျိုးတို့ကို ဤသို့ အနုလုံ ပဋိလုံ ဝင်စားနိုင်သောအခါ၌မူကား ငါသည် နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့် တကွသော လူ့ လောက၌ အတုမဲ့ သမ္မာသမ္ဗောဓိ 'အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်'ကို ထိုးထွင်း၍ သိပြီဟု ဝန်ခံခဲ့၏။ ငါ့အား ဉာဏ်အမြင်သည် ဖြစ်ပေါ်ခဲ့ပြီ၊ "ငါ၏ (ကိလေသာတို့မှ) လွတ်မြောက်မှု (အရဟတ္တဖိုလ်)ဉာဏ်သည် မပျက်စီးနိုင်၊ ဤကား အဆုံးစွန်သော ဘဝပင်တည်း၊ ယခုအခါ (ဘဝ)သစ်၌ ဖြစ်ခြင်းမရှိတော့ပြီ"ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

လေးခုမြောက် မဟာဝဂ် ပြီး၏။

---

## ၅-သာမညဝဂ် ၁-သမ္ဗာဓသုတ်

၄၂။ အခါတပါး၌ အသျှင်အာနန္ဒာသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ (သီတင်း သုံး)နေတော်မူ၏။ ထိုအခါ အသျှင်ဥဒါယီသည် အသျှင်အာနန္ဒာအထံသို့ ချဉ်းကပ်ပြီးနောက် အသျှင်အာနန္ဒာနှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို ပြီးဆုံးစေပြီးလျှင် တခုသောနေရာ၌ ထိုင်လျက် အသျှင်အာနန္ဒာအား ဤသို့သောစကားကို လျှောက်၏—ငါ့သျှင် အာနန္ဒာ ပဥ္စာလစဏ္ဍနတ်သားသည်—

http://www.dhammadownload.com



"တပါးတည်း ကိန်းအောင်းတော်မူ၍ မြတ်တော်မူ သိတော်မူသော အကြင် မြတ်စွာဘုရားသည် ဈာန်ကို သိတော်မူပြီး၊ ကြီးကျယ်သော ပညာရှိတော်မူသော ထိုမြတ်စွာဘုရားသည် ကျဉ်းမြောင်းရာ၌ ရောက်သော အခွင့်(နေရာ)ကို သိတော်မူ၏"—

ဟူသော ဤစကားကို ဆိုအပ်၏ဟု ပြောဆို၏။ ငါ့သျှင် ကျဉ်းမြောင်းရာဟူသည် အဘယ်ပါနည်း၊ အဘယ်ကို ကျဉ်းမြောင်းရာ၌ အခွင့်(နေရာ) ရသည်ဟု မြတ်စွာဘုရား ဟောတော်မူပါသနည်းဟု (မေး၏)။ ငါ့သျှင် ဤကာမဂုဏ် ငါးမျိုးတို့ကို ကျဉ်းမြောင်းရာဟု မြတ်စွာဘုရား ဟောတော်မူ၏။ အဘယ်ငါးမျိုးတို့နည်း ဟူမူ—အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် နှလုံးကို ပွါးစေတတ်ကုန် ချစ်ဖွယ်သဘောရှိကုန် ကာမနှင့်စပ်ကုန် တပ်စွန်းဖွယ်ရှိကုန်သော စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော ရူပါရုံ။ သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော သဒ္ဒါရုံ။ပ။ ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော ဂန္ဓာရုံ။ ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သောရသာရုံ။ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် နှလုံးကိုပွါးစေတတ်ကုန် ချစ်ဖွယ်သဘောရှိကုန် ကာမနှင့်စပ်ကုန် တပ်စွန်းဖွယ် ရှိကုန်သော ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော ဖောဋ္ဌဗ္ဗာရုံ တို့တည်း။ ငါ့သျှင် ဤကာမဂုဏ် ငါးမျိုးတို့ကို ကျဉ်းမြောင်းရာဟု မြတ်စွာဘုရား ဟောတော်မူ၏။

ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် ကာမတရားတို့မှ ဆိတ်၍သာလျှင်။ပ။ ပဌမဈာန်သို့ ရောက်၍ နေ၏။ ငါ့သျှင် ဤမျှဖြင့်လည်း ကျဉ်းမြောင်းရာ၌ အခွင့်(နေရာ) ရခြင်းကို ပရိယာယ် အားဖြင့် မြတ်စွာဘုရား ဟောတော်မူ၏။ ထိုပဌမဈာန်၌လည်း ကျဉ်းမြောင်းမှု ရှိသည်သာတည်း။ ထိုပဌမဈာန်၌ ကျဉ်းမြောင်းမှု ဟူသည် အဘယ်နည်း။ ထိုပဌမဈာန်၌ ကြံစည်မှု'ဝိတက်' သုံးသပ်မှု 'ဝိစာရ'တို့သည် မချုပ်ကုန်သေး၊ ဤ ဝိတက် ဝိစာရ မချုပ်ခြင်းသည်ကား ဤ ပဌမဈာန်၌ ကျဉ်းမြောင်းမှုတည်း။

ငါ့သျှင် နောက်တမျိုးကား ရဟန်းသည် ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့၏ ငြိမ်းခြင်းကြောင့်။ပ။ ဒုတိယဈာန်သို့ ရောက်၍ နေ၏။ ငါ့သျှင် ဤမျှဖြင့်လည်း ကျဉ်းမြောင်းရာ၌ အခွင့်(နေရာ)ရခြင်းကို ပရိယာယ်အားဖြင့် မြတ်စွာဘုရား ဟောတော်မူ၏။ ထိုဒုတိယဈာန်၌လည်း ကျဉ်းမြောင်းမှု ရှိသည်သာတည်း။ ထိုဒုတိယဈာန်၌ ကျဉ်းမြောင်းမှု ဟူသည် အဘယ်နည်း။ ထိုဒုတိယဈာန်၌ နှစ်သက်မှု'ပီတိ'သည် မချုပ်သေး၊ ဤ(နှစ်သက်မှု'ပီတိ' မချုပ်ခြင်း)သည်ကား ဤဒုတိယဈာန်၌ ကျဉ်းမြောင်းမှုတည်း။

ငါ့သျှင် နောက်တမျိုးကား ရဟန်းသည် နှစ်သိမ့်မှု 'ပီတိ' ကိုလည်း တပ်ခြင်း ကင်းခြင်းကြောင့်။ပ။ တတိယဈာန်သို့ ရောက်၍ နေ၏။ ငါ့သျှင် ဤမျှဖြင့်လည်း ကျဉ်းမြောင်းရာ၌ အခွင့်(နေရာ)ရခြင်းကို ပရိယာယ်အားဖြင့် မြတ်စွာဘုရား ဟောတော်မူ၏။ ထိုတတိယဈာန်၌လည်း ကျဉ်းမြောင်းမှု ရှိသည်သာတည်း။ ထိုတတိယဈာန်၌ ကျဉ်းမြောင်းမှု ဟူသည် အဘယ်နည်း။ ထိုတတိယဈာန်၌ လျစ်လျူရှုမှု 'ဥပေက္ခာ'ချမ်းသာသည် မချုပ်သေး၊ ဤ('လျစ်လျူရှုမှု'ချမ်းသာ မချုပ်ခြင်း)သည်ကား ဤတတိယဈာန်၌ ကျဉ်းမြောင်းမှုတည်း။

ငါ့သျှင် နောက်တမျိုးကား ရဟန်းသည် ချမ်းသာမှု'သုခ'ကိုလည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထဈာန်သို့ ရောက်၍နေ၏။ငါ့သျှင် ဤမျှဖြင့်လည်း ကျဉ်းမြောင်းရာ၌ အခွင့်(နေရာ)ရခြင်းကို ပရိယာယ်အားဖြင့် မြတ်စွာဘုရား ဟောတော်မူ၏။ ထိုစတုတ္ထဈာန်၌လည်း ကျဉ်းမြောင်းမှု ရှိသည်သာတည်း။ ထိုစတုတ္ထဈာန်၌ ကျဉ်းမြောင်းမှု ဟူသည် အဘယ်နည်း။ ထိုစတုတ္ထဈာန်၌

http://www.dhammadownload.com



ရုပ်၌ဖြစ်သော မှတ်သားမှု 'ရူပသညာ'သည် မချုပ်သေး၊ ဤ(ရုပ်၌ဖြစ်သော မှတ်သားမှု မချုပ်ခြင်း)သည်ကား ဤစတုတ္ထစျာန်၌ ကျဉ်းမြောင်းမှုတည်း။

ငါ့သျှင် နောက်တမျိုးကား ရဟန်းသည် ရုပ်၌ ဖြစ်သော မှတ်သားမှု 'ရူပသညာ' တို့ကို လွန်မြောက်ခြင်းကြောင့် ထိပါးခြင်း မှတ်သားမှု 'ပဋိဃသညာ'တို့၏ ချုပ်ပျောက်ခြင်းကြောင့် အထူးထူးမှတ်သားမှု 'နာနတ္တသညာ'တို့ကို နှလုံးမသွင်းခြင်းကြောင့် "ကောင်းကင်သည် အဆုံးမရှိ"ဟု (ပွါးများလျက်) အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍ နေ၏။ငါ့သျှင် ဤမျှဖြင့်လည်း ကျဉ်းမြောင်းရာ၌ အခွင့်(နေရာ)ရခြင်းကို မြတ်စွာဘုရား ဟောတော်မူ၏။ ထို အာကာသာနဉ္စာယတနစျာန်၌လည်း ကျဉ်းမြောင်းမှု ရှိသည်သာတည်း။ ထိုအာကာသာနဉ္စာယတနစျာန်၌ ကျဉ်းမြောင်းမှု ဟူသည် အဘယ်နည်း။ ထိုအာကာသာနဉ္စာယတနစျာန်၌ အဆုံးမရှိသော ကောင်းကင်အာရုံဖြစ်သော အမှတ်သညာသည် မချုပ်သေး၊ ဤ (မချုပ်ခြင်း)သည်ကား အာကာသာနဉ္စာယတနစျာန်၌ ကျဉ်းမြောင်းမှုတည်း။

ငါ့သျှင် နောက်တမျိုးကား ရဟန်းသည် အာကာသာနဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "ဝိညာဏ်သည် အဆုံးအပိုင်းအခြားမရှိ"ဟု (ပွါးများလျက်) ဝိညာဏဉ္စာယတနစျာန်သို့ ရောက်၍ နေ၏။ ငါ့သျှင် ဤမျှဖြင့်လည်း ကျဉ်းမြောင်းရာ၌ အခွင့်(နေရာ) ရခြင်းကို ပရိယာယ်အားဖြင့် မြတ်စွာဘုရား ဟောတော်မူ၏။ ထိုဝိညာဏဉ္စာယတန စျာန်၌လည်း ကျဉ်းမြောင်းမှု ရှိသည်သာတည်း။ ထိုဝိညာဏဉ္စာယတနစျာန်၌ ကျဉ်းမြောင်းမှု ဟူသည် အဘယ်နည်း။ ထိုဝိညာဏဉ္စာယတနစျာန်၌ အဆုံးမရှိသော ဝိညာဏ်အာရုံ၌ ဖြစ်သော အမှတ်သညာသည် မချုပ်သေး၊ ဤ(မချုပ်ခြင်း)သည်ကား ဤဝိညာဏဉ္စာယတန စျာန်၌ ကျဉ်းမြောင်းမှုတည်း။

ငါ့သျှင် နောက်တမျိုးကား ရဟန်းသည် ဝိညာဏဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "တစုံတခုမျှ မရှိ"ဟု (ပွါးများလျက်) အာကိဉ္စညာယတနစျာန်သို့ ရောက်၍ နေ၏။ ငါ့သျှင် ဤမျှဖြင့်လည်း ကျဉ်းမြောင်းရာ၌ အခွင့် (နေရာ) ရခြင်းကို မြတ်စွာဘုရား ပရိယာယ်အားဖြင့် ဟောတော်မူ၏။ ထိုအာကိဉ္စညာယတန စျာန်၌လည်း ကျဉ်းမြောင်းမှု ရှိသည် သာတည်း။ ထိုအာကိဉ္စညာယတန စျာန်၌ကျဉ်းမြောင်းမှု ဟူသည်အဘယ်နည်း။ထိုအာကိဉ္စညာယတန စျာန်၌ တစုံတခုမျှမရှိ ဟူသော အာရုံ၌ ဖြစ်သော အမှတ်သညာသည် မချုပ်သေး၊ ဤ(မချုပ်ခြင်း) သည်ကား ဤအာကိဉ္စညာယတနစျာန်၌ ကျဉ်းမြောင်းမှုတည်း။

ငါ့သျှင် နောက်တမျိုးကား ရဟန်းသည် အာကိဉ္စညာယတနစျာနကို လုံးဝလွန်မြောက်လျက် နေဝသညာနာသညာယတနစျာန်သို့ ရောက်၍ နေ၏။ ငါ့သျှင် ဤမျှဖြင့်လည်း ကျဉ်းမြောင်းရာ၌ အခွင့်(နေရာ)ရခြင်းကို မြတ်စွာဘုရား ပရိယာယ်အားဖြင့် ဟောတော်မူ၏။ ထို နေဝသညာနာသညာယတနစျာန်၌လည်း ကျဉ်းမြောင်းမှု ရှိသည်သာတည်း။ ထိုနေဝသညာနာသညာယတန စျာန်၌ ကျဉ်းမြောင်းမှု ဟူသည် အဘယ်နည်း။ ထို နေဝသညာနာသညာယတန စျာန်၌ သညာ ရှိသည်လည်း မဟုတ် မရှိသည်လည်း မဟုတ်သော အာရုံဖြစ်သော အမှတ်သညာသည် မချုပ်သေး၊ ဤ(မချုပ်ခြင်း)သည်ကား ဤနေဝသညာနာသညာယတနစျာန်၌ ကျဉ်းမြောင်းမှုတည်း။

ငါ့သျှင် နောက်တမျိုးကား ရဟန်းသည် နေဝသညာနာသညာယတနစျာန်ကို လုံးဝလွန်မြောက်လျက် သညာ ဝေဒနာတို့၏ ချုပ်ရာ 'နိရောဓသမာပတ်'သို့ ရောက်၍ နေ၏။ ထိုရဟန်းသည်

http://www.dhammadownload.com



ပညာဖြင့်မြင်၍ အာသဝေါတရားဘို့သည် ကုန်ခန်းကုန်၏။ ငါ့သျှင် ဤမျှဖြင့်လည်း ကျဉ်းမြောင်းရာ၌ အခွင့်(နေရာ) ရခြင်းကို မြတ်စွာဘုရားသည် ပရိယာယ်မပတုတ် (မုချ)အားဖြင့် ဟောတော်မူ၏ဟု (မိန့်ဆို၏)။

ပဌမသုတ်။

## ၂-ကာယသက္ခိသုတ်

၄၃။ "ငါ့သျှင် ကိုယ်တွေ့ရှိသူ ကိုယ်တွေ့ရှိသူ 'ကာယသက္ခိပုဂ္ဂိုလ်'ဟု ဆိုအပ်၏။ငါ့သျှင် အဘယ်မျှလောက်ဖြင့် ကိုယ်တွေ့ရှိသူဟု မြတ်စွာဘုရား ဟောတော်မူပါသနည်း"ဟု (မေး၏)။

ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင်။ပ။ ပဌမစျာန်သို့ ရောက်၍ နေ၏။ အကြောင်းကြောင်းအားဖြင့် ထိုဘည်ရာဖြစ်သော ပဌမစျာန်ကို ကိုယ်ဖြင့် တွေ့ထိ၍ နေ၏။ ငါ့သျှင် ဤမျှဖြင့်လည်း ထိုသူကို ကိုယ်တွေ့ရှိသူ'ကာယသက္ခိပုဂ္ဂိုလ်'ဟု မြတ်စွာဘုရားသည် ပရိယာယ်အားဖြင့် ဟောတော်မူ၏။ (၁)

ငါ့သျှင် နောက်ဘမျိုးကား ရဟန်းသည် ကြံစည်မှု'ဝိတက်' သုံးသပ်မှု 'ဝိစာရ'တို့၏ ငြိမ်းခြင်းကြောင့်။ပ။ဒုတိယစျာန်၊တတိယစျာန်။ စတုတ္ထစျာန်သို့ ရောက်၍ နေ၏။ အကြောင်းကြောင်းအားဖြင့် ထိုတည်ရာဖြစ်သော စတုတ္ထစျာန်ကို ကိုယ်ဖြင့် တွေ့ထိ၍ နေ၏။ ငါ့သျှင် ဤမျှဖြင့်လည်း ကိုယ်တွေ့ရှိသူ 'ကာယသက္ခိပုဂ္ဂိုလ်'ဟု မြတ်စွာဘုရားသည် ပရိယာယ်အားဖြင့် ဟောတော်မူ၏။ (၂-၄)

ငါ့သျှင် နောက်တမျိုးကား ရဟန်းသည် ရုပ်၌ မှတ်သားမှု 'ရူပသညာ'တို့ကို လုံးဝလွန်မြောက်ခြင်းကြောင့် ထိပါးခြင်း၌ မှတ်သားမှု 'ပဋိဃသညာ'တို့၏ ချုပ်ပျောက်ခြင်းကြောင့် အထူးထူးမှတ်သားမှု 'နာနတ္တသညာ' တို့ကို နှလုံးမသွင်းခြင်းကြောင့် "ကောင်းကင်သည် အပိုင်းအခြားမရှိ"ဟု (ပွါးများလျက်) အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍ နေ၏။ အကြောင်းကြောင်းအားဖြင့် ထိုတည်ရာဖြစ်သော (စျာန်)ကို ကိုယ်ဖြင့် တွေ့ထိ၍ နေ၏။ ငါ့သျှင် ဤမျှဖြင့်လည်း ကိုယ်တွေ့ရှိသူ 'ကာယသက္ခိပုဂ္ဂိုလ်'ဟု မြတ်စွာဘုရားသည် ပရိယာယ်အားဖြင့် ဟောတော်မူ၏။ပ။ (၅-၈)

ငါ့သျှင် နောက်တမျိုးကား ရဟန်းသည် နေဝသညာနာသညာယတနစျာန်ကို လုံးဝလွန်မြောက်လျက် သညာဝေဒနာတို့၏ ချုပ်ရာ 'နိရောဓသမာပတ်'သို့ ရောက်၍ နေ၏။ ထိုသူသည် ပညာဖြင့် မြင်၍ အာသဝေါတရားတို့သည် ကုန်ခန်းကုန်၏။ အကြောင်းကြောင်းဖြင့် ထိုတည်ရာ (သမာပတ်)ကို ကိုယ်ဖြင့် တွေ့ထိ၍ နေ၏။ ငါ့သျှင် ဤမျှဖြင့်လည်း ကိုယ်တွေ့ရှိသူ 'ကာယသက္ခိပုဂ္ဂိုလ်'ဟု မြတ်စွာဘုရားသည် ပရိယာယ်မပတုတ် (မုချ)အားဖြင့် ဟောတော်မူ၏ဟု (မိန့်ဆို၏)။(၉)

ဒုတိယသုတ်။

http://www.dhammadownload.com



## ၃-ပညာဝိမုတ္တသုတ်

၄၄။ "ငါ့သျှင် ပညာဖြင့် လွတ်မြောက်သူ ပညာဖြင့် လွတ်မြောက်သူ"ဟု ဆိုအပ်၏။ ငါ့သျှင် အဘယ်မျှဖြင့် ပညာဖြင့် လွတ်မြောက်သူဟု မြတ်စွာဘုရား ဟောတော်မူပါသနည်းဟု (မေး၏)။

ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင်။ပ။ ပဉ္စမစျာန်သို့ ရောက်၍ နေ၏။ ပညာဖြင့်လည်း ထိုပဉ္စမစျာန်ကို သိ၏၊ ငါ့သျှင် ဤမျှဖြင့်လည်း ပညာဖြင့် လွတ်မြောက်သူဟုမြတ်စွာဘုရားသည်ပရိယာယ်အားဖြင့် ဟောတော်မူ၏။ပ။ငါ့သျှင် နောက်တမျိုး ကား ရဟန်းသည် နေဝသညာနာသညာယတနစျာန်ကို လုံးဝလွန်မြောက်လျက် သညာဝေဒနာ တို့၏ ချုပ်ရာ'နိရောဓသမာပတ်'သို့ ရောက်၍ နေ၏။ ထိုသူသည် ပညာဖြင့် မြင်၍ အာသဝေါ တရားတို့သည် ကုန်ခန်းကုန်၏၊ ပညာဖြင့်လည်း ထို(သမာပတ်)ကို သိ၏။ ငါ့သျှင် ဤမျှဖြင့်လည်း ပညာဖြင့် လွတ်မြောက်သူဟု မြတ်စွာဘုရားသည် ပရိယာယ်မဟုတ်(မုချ)အားဖြင့် ဟောတော် မူ၏ဟု(မိန့်ဆို၏)။

တတိယသုတ်။

---

## ၄-ဥဘတောဘာဂဝိမုတ္တသုတ်

၄၅။ "ငါ့သျှင် နှစ်ပါးစုံဖြင့် လွတ်မြောက်သူ နှစ်ပါးစုံဖြင့် လွတ်မြောက်သူ"ဟု ဆိုအပ်၏။ ငါ့သျှင် အဘယ်မျှဖြင့် နှစ်ပါးစုံဖြင့် လွတ်မြောက်သူဟု မြတ်စွာဘုရား ဟောတော်မူပါသနည်းဟု (မေး၏)။

ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင်။ပ။ ပဉ္စမစျာန်သို့ ရောက်၍ နေ၏။ အကြောင်းကြောင်းအားဖြင့်လည်း ထိုတည်ရာပဉ္စမစျာန်ကို ကိုယ်ဖြင့် တွေ့ထိ၍ နေ၏၊ ပညာဖြင့်လည်း ထိုပဉ္စမစျာန်ကို သိ၏။ ငါ့သျှင် ဤမျှဖြင့်လည်း နှစ်ပါးစုံဖြင့် လွတ်မြောက်သူ ဟု မြတ်စွာဘုရားသည် ပရိယာယ်အားဖြင့် ဟောတော်မူ၏။ပ။ ငါ့သျှင် နောက်တမျိုးကား ရဟန်းသည် နေဝသညာနာသညာယတနစျာန်ကို လုံးဝလွန်မြောက်လျက် သညာ ဝေဒနာတို့၏ ချုပ်ရာ 'နိရောဓသမာပတ်'သို့ ရောက်၍ နေ၏။ ထိုသူသည် ပညာဖြင့် မြင်၍ အာသဝေါတရားတို့ ကုန်ခန်းကုန်၏၊အကြောင်းကြောင်းအားဖြင့်လည်း ထိုတည်ရာ(သမာပတ်)ကို ကိုယ်ဖြင့် တွေ့ထိ၍ နေ၏၊ပညာဖြင့်လည်း ထိုသမာပတ်ကို သိ၏။ငါ့သျှင် ဤမျှဖြင့်လည်း နှစ်ပါးစုံဖြင့် လွတ်မြောက်သူဟု မြတ်စွာဘုရားသည် ပရိယာယ်မဟုတ်(မုချ)အားဖြင့် ဟောတော်မူ၏ဟု (မိန့်ဆို၏)။

စတုတ္ထသုတ်။

---

## ၅-သန္ဒိဋ္ဌိကဓမ္မသုတ်

၄၆။ "ငါ့သျှင် ကိုယ်တိုင်သိမြင်အပ်သောတရား ကိုယ်တိုင်သိမြင်အပ်သောတရား" ဟု ဆိုအပ်၏။ ငါ့သျှင် အဘယ်မျှဖြင့် ကိုယ်တိုင်သိမြင်အပ်သောတရားဟု မြတ်စွာဘုရား ဟောတော် မူပါသနည်းဟု (မေး၏)။

http://www.dhammadownload.com



ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင်။ပ။ ပဌမဈာန်သို့ ရောက်၍ နေ၏။ ငါ့သျှင် ဤမျှဖြင့်လည်း ကိုယ်တိုင်သိမြင်အပ်သောတရားဟု မြတ်စွာဘုရားသည် ပရိယာယ်အားဖြင့် ဟောတော်မူ၏။ပ။ ငါ့သျှင်နောက်တမျိုးကား ရဟန်းသည် နေဝသညာနာသညာယတနစျာန်ကို လုံးဝလွန်မြောက်လျက် သညာဝေဒနာတို့၏ ချုပ်ရာ'နိရောဓသမာပတ်'သို့ ရောက်၍ နေ၏၊ ထိုသူအား ပညာဖြင့် မြင်၍ အာသဝေါတရားတို့ ကုန်ခန်းကုန်၏။ ငါ့သျှင် ဤမျှဖြင့်လည်း ကိုယ်တိုင်သိမြင်အပ်သောတရားဟု မြတ်စွာဘုရားသည် ပရိယာယ်မဟုတ် (မုချ) အားဖြင့် ဟောတော်မူ၏ဟု(မိန့်ဆို၏)။

ပဉ္စမသုတ်။

---

## ၆-သန္ဒိဋ္ဌိကနိဗ္ဗာနသုတ်

၄၇။ ''ငါ့သျှင် ကိုယ်တွေ့နိဗ္ဗာန် ကိုယ်တွေ့နိဗ္ဗာန်''ဟု ဆိုအပ်၏။ ငါ့သျှင် အဘယ်မျှဖြင့် ကိုယ်တွေ့နိဗ္ဗာန်ဟု မြတ်စွာဘုရား ဟောတော်မူပါသနည်းဟု(မေး၏)။

ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင်။ပ။ ပဌမဈာန်သို့ ရောက်၍ နေ၏။ ငါ့သျှင် ဤမျှဖြင့်လည်း ကိုယ်တွေ့နိဗ္ဗာန်ဟု မြတ်စွာဘုရားသည် ပရိယာယ်အားဖြင့် ဟောတော်မူ၏။ပ။ငါ့သျှင် နောက်တမျိုးကား ရဟန်းသည် နေဝသညာနာသညာယတနစျာန်ကို လုံးဝလွန်မြောက်လျက် သညာဝေဒနာတို့၏ ချုပ်ရာ'နိရောဓသမာပတ်'သို့ ရောက်၍ နေ၏၊ ထိုသူအား ပညာဖြင့် မြင်၍ အာသဝေါတရားတို့ ကုန်ခန်းကုန်၏။ ငါ့သျှင် ဤမျှဖြင့်လည်း ကိုယ်တွေ့နိဗ္ဗာန်ဟု မြတ်စွာဘုရားသည် ပရိယာယ်မဟုတ် (မုချ)အားဖြင့် ဟောတော်မူ၏ဟု (မိန့်ဆို၏)။

ဆဋ္ဌသုတ်။

---

## ၇-နိဗ္ဗာနသုတ်

၄၈။ ''ငါ့သျှင် နိဗ္ဗာန် နိဗ္ဗာန်''ဟု ဆိုအပ်၏။ပ။

သတ္တမသုတ်။

---

## ၈-ပရိနိဗ္ဗာနသုတ်

၄၉။ ''ငါ့သျှင် ပရိနိဗ္ဗာန် ပရိနိဗ္ဗာန်''ဟု ဆိုအပ်၏။ပ။

အဋ္ဌမသုတ်။

---

## ၉-တဒင်္ဂနိဗ္ဗာနသုတ်

၅၀။ ''ငါ့သျှင် တဒင်္ဂနိဗ္ဗာန် တဒင်္ဂနိဗ္ဗာန်''ဟု ဆိုအပ်၏။ပ။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-ဒိဋ္ဌဓမ္မနိဗ္ဗာနသုတ်

၅၁။ “ငါ့သျှင် မျက်မှောက် နိဗ္ဗာန် မျက်မှောက် နိဗ္ဗာန်”ဟု ဆိုအပ်၏။ငါ့သျှင် အဘယ်မျှဖြင့် မျက်မှောက်နိဗ္ဗာန်ဟု မြတ်စွာဘုရား ဟောတော်မူပါသနည်းဟု (မေး၏)။

ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင်။ပ။ ပဌမစျာန်သို့ ရောက်၍နေ၏။ ငါ့သျှင် ဤမျှဖြင့်လည်း မျက်မှောက်နိဗ္ဗာန်ဟု မြတ်စွာဘုရားသည် ပရိယာယ် အားဖြင့် ဟောတော်မူ၏။ပ။ ငါ့သျှင် နောက်တမျိုးကား ရဟန်းသည် နေဝသညာနာသညာယတန စျာန်ကို လုံးဝလွန်မြောက်လျက် သညာ ဝေဒနာတို့ချုပ်ရာ ‘နိရောဓသမာပတ်’သို့ ရောက်၍ နေ၏၊ ထိုသူအား ပညာဖြင့်မြင်၍ အာသဝေါတရားတို့ ကုန်ခန်းကုန်၏။ငါ့သျှင် ဤမျှဖြင့်လည်း မျက်မှောက် နိဗ္ဗာန်ဟု မြတ်စွာဘုရားသည် ပရိယာယ်မဟုတ် (မုချ)အားဖြင့် ဟောတော်မူ၏ဟု (မိန့်ဆို၏)။

ဒသမသုတ်။

ငါးခုမြောက် သာမညဝဂ် ပြီး၏၊

ပဌမ သုတ်ငါးဆယ် ပြီး၏။

http://www.dhammadownload.com

# ၂-ဒုတိယပဏ္ဏာသက

## ၂-ဒုတိယ သုတ်ငါးဆယ်

## (၆) ၁-ခေမဝဂ် ၁-ခေမသုတ်

၅၂။ "ငါ့သျှင် ဘေးမရှိရာ ဘေးမရှိရာ"ဟု ဆိုအပ်၏။ ငါ့သျှင် အဘယ်မျှဖြင့် ဘေးမရှိရာဟု မြတ်စွာဘုရား ဟောတော်မူပါသနည်း ဟု (မေး၏)။

ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင်။ပ။ ပဌမစျာန်သို့ ရောက်၍နေ၏။ ငါ့သျှင် ဤမျှဖြင့်လည်း ဘေးမရှိရာဟု မြတ်စွာဘုရားသည် ပရိယာယ်အားဖြင့် ဟောတော်မူ၏။ပ။ ငါ့သျှင် နောက်တမျိုးကား ရဟန်းသည် နေဝသညာနာသညာယတနစျာန်ကို လုံးဝလွန်မြောက်လျက် သညာဝေဒနာတို့၏ချုပ်ရာ 'နိရောဓသမာပတ်'သို့ ရောက်၍နေ၏၊ ပညာဖြင့် မြင်၍ ထိုသူအား အာသဝေါတရားတို့ ကုန်ခန်းကုန်၏။ ငါ့သျှင် ဤမျှဖြင့်လည်း ဘေးမရှိရာဟု မြတ်စွာဘုရားသည် ပရိယာယ်မဟုတ် (မုချ)အားဖြင့် ဟောတော်မူ၏ဟု(မိန့်ဆို၏)။

ပဌမသုတ်။

---

### ၂-ခေမပ္ပတ္တသုတ်

၅၃။ "ငါ့သျှင် ဘေးမရှိရာသို့ ရောက်သူ ဘေးမရှိရာသို့ ရောက်သူ"ဟု ဆိုအပ်၏။

ဒုတိယသုတ်။

---

### ၃-အမတသုတ်

၅၄။ "ငါ့သျှင် အမြိုက်'အမတ' အမြိုက်'အမတ' "ဟု ဆိုအပ်၏။

တတိယသုတ်။

---

### ၄-အမတပ္ပတ္တသုတ်

၅၅။ "ငါ့သျှင် အမြိုက်'အမတ'သို့ ရောက်သူ အမြိုက်'အမတ'သို့ ရောက်သူ"ဟု ဆိုအပ်၏။

စတုတ္ထသုတ်။

---

### ၅-အဘယသုတ်

၅၆။ "ငါ့သျှင် ဘေးကင်းရာ ဘေးကင်းရာ"ဟု ဆိုအပ်၏။

ပဥ္စမသုတ်။

http://www.dhammadownload.com



## ၆-အဘာယပ္ပတ္တသုတ်

၅၇။ “ငါ့သျှင် ဘေးကင်းရာသို့ရောက်သူ ဘေးကင်းရာသို့ရောက်သူ”ဟု ဆိုအပ်၏။

ဆဋ္ဌသုတ်။

---

## ၇-ပဿဒ္ဓိသုတ်

၅၈။ “ငါ့သျှင် ငြိမ်းအေးမှု ငြိမ်းအေးမှု”ဟု ဆိုအပ်၏။

သတ္တမသုတ်။

---

## ၈-အနုပုဗ္ဗပဿဒ္ဓိသုတ်

၅၉။ “ငါ့သျှင် အစဉ်အတိုင်း ငြိမ်းအေးမှု အစဉ်အတိုင်း ငြိမ်းအေးမှု”ဟု ဆိုအပ်၏။

အဋ္ဌမသုတ်။

---

## ၉-နိရောဓသုတ်

၆၀။ “ငါ့သျှင် ချုပ်ရာ ချုပ်ရာ”ဟု ဆိုအပ်၏။ပ။

နဝမသုတ်။

---

## ၁၀-အနုပုဗ္ဗနိရောဓသုတ်

၆၁။ “ငါ့သျှင် အစဉ်အတိုင်းချုပ်ရာ အစဉ်အတိုင်းချုပ်ရာ”ဟု ဆိုအပ်၏။ ငါ့သျှင် အဘယ်မျှဖြင့် အစဉ်အတိုင်းချုပ်ရာဟု မြတ်စွာဘုရား ဟောတော်မူပါသနည်းဟု(မေး၏)။

ငါ့သျှင် ဤ သာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍ သာလျှင်။ပ။ ပဌမစျာန်သို့ ရောက်၍နေ၏။ငါ့သျှင် ဤမျှဖြင့်လည်း အစဉ်အတိုင်းချုပ်ရာဟု မြတ်စွာဘုရားသည် ပရိယာယ်အားဖြင့် ဟောတော်မူ၏။ပ။ငါ့သျှင် နောက်တမျိုးကား ရဟန်းသည် နေဝသညာနာသညာယတနစျာန်ကို လုံးဝလွန်မြောက်လျက် သညာ ဝေဒနာတို့၏ချုပ်ရာ ‘နိရောဓသမာပတ်’သို့ ရောက်၍ နေ၏၊ ထိုသူအား ပညာဖြင့် မြင်၍ အာသဝေါတရားတို့ ကုန်ခန်းကုန်၏။ ငါ့သျှင် ဤမျှဖြင့်လည်း အစဉ်အတိုင်း ချုပ်ရာဟု မြတ်စွာဘုရားသည် ပရိယာယ်မဟုတ် (မုချ) အားဖြင့် ဟောတော်မူ၏ဟု (မိန့်ဆို၏)။

ဒသမသုတ်။

http://www.dhammadownload.com



## ၁၁-အဘဗ္ဗသုတ်

၆၂။ ရဟန်းတို့ တရားကိုးမျိုးတို့ကို မပယ်မူ၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် မထိုက်။ အဘယ် ကိုးမျိုးတို့နည်း ဟူမူ—တပ်မက်မှု 'ရာဂ'၊ ပြစ်မှားမှု 'ဒေါသ'၊ တွေဝေမှု 'မောဟ'၊ အမျက်ထွက်မှု 'ကောဓ'၊ ရန်ငြိုးဖွဲ့မှု 'ဥပနာဟ'၊ သူ့ကျေးဇူးကို ချေဖျက်မှု 'မက္ခ'၊ ဂုဏ်ပြိုင်မှု 'ပဠာသ'၊ ငြူစူမှု 'ဣဿာ'၊ ဝန်တိုမှု 'မစ္ဆရိယ' တို့တည်း။ ရဟန်းတို့ ဤတရားကိုးမျိုးတို့ကို မပယ်မူ၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် မထိုက်။

ရဟန်းတို့ တရားကိုးမျိုးတို့ကို ပယ်လျှင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ထိုက်၏။ အဘယ် ကိုးမျိုးတို့နည်း ဟူမူ—တပ်စွန်းမှု 'ရာဂ'၊ ပြစ်မှားမှု 'ဒေါသ'၊ တွေဝေမှု 'မောဟ'၊ အမျက်ထွက်မှု 'ကောဓ' ရန်ငြိုးဖွဲ့မှု 'ဥပနာဟ'၊ သူ့ကျေးဇူးကို ချေဖျက်မှု 'မက္ခ'၊ ဂုဏ်ပြိုင်မှု 'ပဠာသ'၊ ငြူစူမှု 'ဣဿာ'၊ ဝန်တိုမှု 'မစ္ဆရိယ' တို့တည်း။ ရဟန်းတို့ ဤတရားကိုးမျိုးတို့ကို ပယ်လျှင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ထိုက်၏ဟု (မိန့်တော်မူ၏)။

ဧကာဒသမသုတ်။

ရှေးဦးစွာသော ခေမဝဂ် ပြီး၏။

---

## (၇) ၂-သတိပဋ္ဌာနဝဂ် ၁-သိက္ခာဒုဗ္ဗလျသုတ်

၆၃။ ရဟန်းတို့ အကျင့် 'သိက္ခာ' ၏ အားနည်းကြောင်းတို့ကား ဤငါးမျိုးတို့တည်း။ အဘယ် ငါးမျိုးတို့နည်း ဟူမူ—သူ့အသက် သတ်ခြင်း၊ အရှင်မပေးသည်ကို ယူခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်း၊ မဟုတ်မမှန် ပြောခြင်း၊ ယစ်မူးမေ့လျော့ကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းတို့တည်း။ ရဟန်းတို့ အကျင့် 'သိက္ခာ' ၏ အားနည်းကြောင်း တို့သည် ဤငါးမျိုးတို့တည်း။ ရဟန်းတို့ ဤအကျင့် 'သိက္ခာ' ၏ အားနည်းကြောင်း ငါးမျိုးတို့ကို ပယ်ရန်သတိပဋ္ဌာန် လေးပါးတို့ကို ပွါးများအပ်ကုန်၏။

အဘယ် လေးပါးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကိုယ်၌ ကိုယ်ဟုရှုကာ ပြင်းစွာအားထုတ်လျက် ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိ၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ သဘော (တရား) တို့၌ သဘော (တရား) ဟု ရှုကာ ပြင်းစွာအားထုတ်လျက် ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိ၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍နေ၏။ ရဟန်းတို့ ဤအကျင့် 'သိက္ခာ' ၏ အားနည်းကြောင်း ငါးမျိုးတို့ကို ပယ်ရန် ဤသတိပဋ္ဌာန် လေးပါးတို့ကို ပွါးများအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-နီဝရဏသုတ်

၆၄။ ရဟန်းတို့ အပိတ်အပင် 'နီဝရဏ' တို့သည် ဤငါးမျိုးတို့တည်း။ အဘယ် ငါးမျိုးတို့နည်း ဟူမူ—ကာမဂုဏ်တို့၌ လိုချင်မှုအပိတ်အပင် 'ကာမစ္ဆန္ဒနီဝရဏ'၊ သူတပါးအကျိုးမဲ့ ကြံစည်မှု အပိတ်

http://www.dhammadownload.com



အပင် 'ဗျာပါဒနီဝရဏ'၊ ထိုင်းမှိုင်းမှု အပိတ်အပင် 'ထိနမိဒ္ဓနီဝရဏ'၊ ပျံ့လွင့်မှု အလိုလိုရှိမှု အပိတ်အပင် 'ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ'၊ မဆုံးဖြတ်နိုင်မှု အပိတ်အပင် 'ဝိစိကိစ္ဆာနီဝရဏ'တို့တည်း။ ရဟန်းတို့ အပိတ်အပင် 'နီဝရဏ' တို့သည် ဤငါးမျိုးတို့တည်း။

ရဟန်းတို့ ဤအပိတ်အပင် 'နီဝရဏ'ငါးမျိုးတို့ကို ပယ်ရန် သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများအပ်ကုန်၏။ အဘယ်လေးပါးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကိုယ်၌ ကိုယ်ဟု ရှုကာ ပြင်းစွာ အားထုတ်လျက် ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိ၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ သဘော (တရား)တို့၌ သဘော (တရား) ဟု ရှုကာ ပြင်းစွာ အားထုတ်လျက် ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိ၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက်နေ၏။ ရဟန်းတို့ ဤအပိတ်အပင် 'နီဝရဏ'ငါးမျိုးတို့ကို ပယ်ရန် ဤသတိပဋ္ဌာန် လေးပါးတို့ကို ပွါးများအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ကာမဂုဏသုတ်

၆၅။ ရဟန်းတို့ ကာမဂုဏ်တို့သည် ဤငါးမျိုးတို့တည်း။ အဘယ်ငါးမျိုးတို့နည်းဟူမူ—အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် နှလုံးကိုပွါးစေတတ်ကုန် ချစ်ဖွယ်သဘောရှိကုန် ကာမနှင့်စပ်ကုန် တပ်စွန်းဖွယ်ဖြစ်ကုန်သော စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော ရူပါရုံတို့ပင်း။ သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော သဒ္ဒါရုံတို့ပင်း။ပ။ ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော ဂန္ဓာရုံတို့ပင်း။ ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော ရသာရုံတို့ပင်း။ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် နှလုံးကိုပွါးစေတတ်ကုန် ချစ်ဖွယ်သဘောရှိကုန် ကာမနှင့်စပ်ကုန် တပ်စွန်းဖွယ်ဖြစ်ကုန်သော ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့ ပင်းတည်း။ ရဟန်းတို့ ဤသည်တို့ကား ကာမဂုဏ်ငါးမျိုးတို့တည်း။ ရဟန်းတို့ ဤကာမဂုဏ်ငါးပါးတို့ကို ပယ်ရန်။ပ။ ဤ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ဥပါဒါနက္ခန္ဓသုတ်

၆၆။ ရဟန်းတို့ ဥပါဒါနက္ခန္ဓာတို့သည် ဤငါးမျိုးတို့တည်း။ အဘယ်ငါးမျိုးတို့နည်း ဟူမူ— ရူပုပါဒါနက္ခန္ဓာ၊ ဝေဒနုပါဒါနက္ခန္ဓာ၊ သညုပါဒါနက္ခန္ဓာ၊ သင်္ခါရုပါဒါနက္ခန္ဓာ၊ ဝိညာဏုပါဒါနက္ခန္ဓာတို့တည်း။ ရဟန်းတို့ ဤသည်တို့ကား ဥပါဒါနက္ခန္ဓာ ငါးမျိုးတို့တည်း။ ရဟန်းတို့ ဤဥပါဒါနက္ခန္ဓာ ငါးမျိုးတို့ကို ပယ်ရန်။ပ။ ဤသတိပဋ္ဌာန် လေးပါးတို့ကို ပွါးများအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-ဩရမ္ဘာဂိယသုတ်

၆၇။ ရဟန်းတို့ အောက်ပိုင်းသံယောဇဉ်တို့သည် ဤငါးမျိုးတို့တည်း။ အဘယ်ငါးမျိုးတို့နည်းဟူမူ—ထင်ရှားရှိသောကိုယ်၌ အယူမှားမှု 'သက္ကာယဒိဋ္ဌိ'၊ မဆုံးဖြတ်နိုင်မှု 'ဝိစိကိစ္ဆာ'၊ သီလအကျင့်ကို အမှား သုံးသပ်မှု 'သီလဗ္ဗတပရာမာသ'၊ ကာမကို လိုချင်မှု 'ကာမစ္ဆန္ဒ'၊ သူတပါးအကျိုးမဲ့ကို ကြံစည်မှု 'ဗျာပါဒ'တို့တည်း။ ရဟန်းတို့ ဤသည်တို့ကား အောက်ပိုင်းသံယောဇဉ်ငါးမျိုးတို့တည်း။ ရဟန်းတို့ ဤအောက်ပိုင်းသံယောဇဉ် ငါးမျိုးတို့ကို ပယ်ရန်။ပ။ ဤသတိပဋ္ဌာန် လေးပါးတို့ကို ပွါးများအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ဂတိသုတ်

၆၈။ ရဟန်းတို့ လားရာ 'ဂတိ'တို့သည် ဤငါးမျိုးတို့တည်း။ အဘယ်ငါးမျိုးတို့နည်းဟူမူ—ငရဲ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ လူဘုံ၊ နတ်ဘုံတို့တည်း။ ဤသည်တို့ကား လားရာဂတိတို့တည်း။ ရဟန်းတို့ ဤလားရာ 'ဂတိ'ငါးမျိုးတို့ကိုပယ်ရန်။ပ။ ဤသတိပဋ္ဌာန် လေးမျိုးတို့ကို ပွါးများအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌမသုတ်။

---

## ၇-မစ္ဆရိယသုတ်

၆၉။ ရဟန်းတို့ ဝန်တိုမှု'မစ္ဆရိယ'တို့သည် ဤငါးမျိုးတို့တည်း။ အဘယ်ငါးမျိုးတို့နည်းဟူမူ—နေရာ၌ဝန်တိုမှု 'အာဝါသမစ္ဆရိယ'၊ အမျိုး၌ ဝန်တိုမှု 'ကုလမစ္ဆရိယ'၊ လာဘ်၌ဝန်တိုမှု 'လာဘမစ္ဆရိယ'၊ အဆင်း၌ ဝန်တိုမှု 'ဝဏ္ဏမစ္ဆရိယ'၊ ပရိယတ်တရား၌ ဝန်တိုမှု 'ဓမ္မမစ္ဆရိယ'တို့တည်း။ ရဟန်းတို့ ဤသည်တို့ကား ဝန်တိုမှု'မစ္ဆရိယ' ငါးမျိုးတို့တည်း။ ရဟန်းတို့ ဤဝန်တိုမှု 'မစ္ဆရိယ' ငါးမျိုးတို့ကို ပယ်ရန်။ပ။ဤသတိပဋ္ဌာန် လေးပါးတို့ကို ပွါးများအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ဥဒ္ဓံဘာဂိယသုတ်

၇၀။ ရဟန်းတို့ အထက်ပိုင်း သံယောဇဉ်တို့သည် ဤငါးမျိုးတို့တည်း။ အဘယ်ငါးမျိုးတို့နည်းဟူမူ—ရူပဘုံ၌ တပ်မက်မှု 'ရူပရာဂ'၊ အရူပဘုံ၌ တပ်မက်မှု 'အရူပရာဂ'၊ အထင်ကြီးမှု 'မာန'၊ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'၊ မသိမှု 'အဝိဇ္ဇာ' တို့တည်း။ ရဟန်းတို့ ဤသည်တို့ကား အထက်ပိုင်းသံယောဇဉ် ငါးမျိုးတို့တည်း။ ရဟန်းတို့ ဤအထက်ပိုင်း သံယောဇဉ် ငါးမျိုးတို့ကို ပယ်ရန်။ပ။ ဤသတိပဋ္ဌာန် လေးပါးတို့ကို ပွါးများအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

http://www.dhammadownload.com



## ၉-စေတောခီလသုတ်

၇၁။ ရဟန်းတို့ စိတ်၏ ငြောင့်တံသင်းတို့သည် ဤငါးမျိုးတို့တည်း။ အဘယ်ငါးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဘုရား၌ ယုံမှား၏၊ တွေးတော ယုံမှား၏၊ မဆုံးဖြတ်နိုင်၊ မယုံကြည်နိုင်။ ရဟန်းတို့ ဘုရား၌ ယုံမှားသော တွေးတောယုံမှားသော မဆုံးဖြတ်နိုင်သော မယုံကြည်နိုင်သော ရဟန်း၏စိတ်သည် အားထုတ်ရန် အကြိမ်ကြိမ် အားထုတ်ရန် မပြတ်အားထုတ်ရန် လွန်စွာအားထုတ်ရန် မညွတ်။ ဤသို့ အားထုတ်ရန် အကြိမ်ကြိမ်အားထုတ်ရန် မပြတ်အားထုတ်ရန် လွန်စွာ အားထုတ်ရန် မညွတ်သော ရဟန်း၏ ဤစိတ်မညွတ်ခြင်းသည် ပဌမ စိတ်၏ ငြောင့် တံသင်းတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် တရားတော်၌ ယုံမှား၏ ။ပ။ သံဃာတော်၌ ယုံမှား၏။ပ။အကျင့်'သိက္ခာ၌'ယုံမှား၏။ပ။သီတင်းသုံးဖော်တို့၌ အမျက်ထွက်၏၊ မနှစ်သက်သော စိတ်ရှိ၏၊ ထိပါးသော စိတ်ရှိ၏၊ ငြောင့် တံသင်း သဖွယ်ဖြစ်၏။ ရဟန်းတို့ သီတင်းသုံးဖော်တို့၌ အမျက်ထွက်သော မနှစ်သက်သော စိတ်ရှိသော ထိပါးသော စိတ်ရှိသော ငြောင့် တံသင်း သဖွယ်ဖြစ်သော ရဟန်း၏ စိတ်သည် အားထုတ်ရန် အကြိမ်ကြိမ် အားထုတ်ရန် မပြတ်အားထုတ်ရန် လွန်စွာ အားထုတ်ရန် မညွတ်။ ဤသို့ အားထုတ်ရန် အကြိမ်ကြိမ် အားထုတ်ရန် မပြတ်အားထုတ်ရန် လွန်စွာအားထုတ်ရန် မညွတ်သော ရဟန်း၏ ဤစိတ် မညွတ်ခြင်းသည် ပဥ္စမ စိတ်၏ ငြောင့် တံသင်းတည်း။ ရဟန်းတို့ ဤ စိတ်၏ ဤငြောင့် တံသင်း ငါးမျိုးတို့ကိုပယ်ရန်။ပ။ ဤသတိပဋ္ဌာန် လေးပါးတို့ကို ပွါးများအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-စေတသောဝိနိဗန္ဓသုတ်

၇၂။ ရဟန်းတို့ စိတ်ကိုဖွဲ့တတ်သော တရားတို့သည် ဤငါးမျိုးတို့တည်း။ အဘယ်ငါးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့၌ မကင်းသော တပ်စွန်းမှုရှိ၏၊ မကင်းသော အလိုဆန္ဒရှိ၏၊ မကင်းသော ချစ်ခင်မှုရှိ၏၊ မကင်းသော မွတ်သိပ်မှုရှိ၏၊ မကင်းသော ပူလောင်မှုရှိ၏၊ မကင်းသော စွဲမက်မှုရှိ၏။ ရဟန်းတို့ အကြင်ရဟန်းသည် ကာမဂုဏ်တို့၌ မကင်းသော တပ်စွန်းမှုရှိ၏၊ မကင်းသော အလိုဆန္ဒရှိ၏၊ မကင်းသော ချစ်ခင်မှုရှိ၏၊ မကင်းသော မွတ်သိပ်မှုရှိ၏၊ မကင်းသော ပူလောင်မှုရှိ၏၊ မကင်းသော စွဲမက်မှုရှိ၏။ ထိုရဟန်း၏ စိတ်သည် လုံ့လပြုရန် အဖန်ဖန် အားထုတ်ရန် မပြတ်အားထုတ်ရန် ဆောက်တည်ရန် မညွတ်။ အကြင်ရဟန်း၏ စိတ်သည် လုံ့လပြုရန် အဖန်ဖန် အားထုတ်ရန် မပြတ်အားထုတ်ရန် ဆောက်တည်ရန် မညွတ်။ ထိုရဟန်း၏ ဤစိတ်မညွတ်ခြင်းသည် ပဌမ စိတ်ကိုနှောင်ဖွဲ့တတ်သော တရားတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ကိုယ်၌ မကင်းသော တပ်စွန်းမှုရှိ၏။ပ။ ရုပ်၌ မကင်းသော တပ်စွန်းမှုရှိ၏၊ အလိုရှိတိုင်း ဝမ်းပြည့်အောင်စား၍ အိပ်မှုချမ်းသာ တပြောင်းပြန်ပြန် လူးလဲမှု ချမ်းသာ ငိုက်မျဉ်းမှု ချမ်းသာကို အားထုတ်၍ နေ၏၊ "ငါသည် ဤသီလဖြင့်ရင်း

http://www.dhammadownload.com



ဤကျင့်ဝတ်ဖြင့်ရင်း ဤခြိုးခြံမှုဖြင့်ရင်း ဤ မြတ်သောအကျင့်ဖြင့်ရင်း နတ်မင်းမူလည်း ဖြစ်ရလို၏၊ နတ်သားမူလည်း ဖြစ်ရလို၏”ဟု တပါးပါးသော နတ်၏အဖြစ်ကို တောင့်တ၍ မြတ်သော အကျင့်ကို ကျင့်၏။ ရဟန်းတို့ အကြင်ရဟန်းသည် “ငါသည် ဤသီလဖြင့်ရင်း ဤကျင့်ဝတ်ဖြင့်ရင်း ဤခြိုးခြံမှုဖြင့်ရင်း ဤ မြတ်သောအကျင့်ဖြင့်ရင်း နတ်မင်းမူလည်းဖြစ်ရလို၏၊ နတ်သားမူလည်း ဖြစ်ရလို၏”ဟု တပါးပါးသော နတ်အဖြစ်ကိုတောင့်တ၍ မြတ်သော အကျင့်ကို ကျင့်၏။ ထိုရဟန်း၏ စိတ်သည် အားထုတ်ရန် အကြိမ်ကြိမ် အားထုတ်ရန် မပြတ်အားထုတ်ရန် လွန်စွာအားထုတ်ရန် မညွတ်။ ဤသို့ အားထုတ်ရန် အကြိမ်ကြိမ်အားထုတ်ရန် မပြတ်အားထုတ်ရန် လွန်စွာအားထုတ်ရန် မညွတ်သော ရဟန်း၏ ဤ စိတ်မညွတ်ခြင်းသည် ပဉ္စမ စိတ်ကိုနှောင်ဖွဲ့တတ်သော တရားတည်း။

ရဟန်းတို့ ဤစိတ် အနှောင်အဖွဲ့ ငါးမျိုးတို့ကို ပယ်ရန် သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများအပ်ကုန်၏။ အဘယ် လေးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည် ကိုယ်၌ ကိုယ်ဟု ရှုလေ့ရှိကာ ပြင်းစွာ အားထုတ်လျက် ဆင်ခြင်ဉာဏ် ‘သမ္ပဇဉ်’ အောက်မေ့မှု ‘သတိ’ ရှိ၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ သဘော(တရား)တို့၌ သဘော(တရား)ဟု ရှုလေ့ရှိကာ ပြင်းစွာ အားထုတ်လျက် ဆင်ခြင်ဉာဏ် ‘သမ္ပဇဉ်’ အောက်မေ့မှု ‘သတိ’ရှိ၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် နေ၏။

ရဟန်းတို့ ဤ စိတ်အနှောင်အဖွဲ့ ငါးမျိုးတို့ကို ပယ်ရန် ဤ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများအပ်ကုန်၏ဟု(မိန့်တော်မူ၏)။

ဒသမသုတ်။

နှစ်ခုမြောက် သတိပဋ္ဌာနဝဂ် ပြီး၏။

---

## (၈) ၃-သမ္မပ္ပဓာနဝဂ် ၁-သိက္ခာသုတ်

၇၃။ ရဟန်းတို့ အကျင့်‘သိက္ခာ’၏ အားနည်းကြောင်းတို့သည် ဤငါးမျိုးတို့တည်း။ အဘယ် ငါးမျိုးတို့နည်း ဟူမူ—သူ့အသက်သတ်ခြင်း။ပ။ ယစ်မူး မေ့လျော့ကြောင်း ဖြစ်သော သေရည် သေရက် သောက်ခြင်းတို့တည်း။ ရဟန်းတို့ ဤသည်တို့ကား အကျင့်‘သိက္ခာ’၏ အားနည်းကြောင်း ငါးမျိုးတို့တည်း။

ရဟန်းတို့ ဤအကျင့် ‘သိက္ခာ’၏ အားနည်းကြောင်း ငါးမျိုးတို့ကို ပယ်ရန် ကောင်းစွာ အားထုတ်မှု ‘သမ္မပ္ပဓာန်’ လေးပါးတို့ကို ပွါးများအပ်ကုန်၏။ အဘယ်လေးပါးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မဖြစ်သေးသော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့ကို မဖြစ်စိမ့်သောငှါ အလိုကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို ဖြစ်စေ၏၊ စိတ်ကို ချီးမြှောက်၏၊ အားထုတ်၏၊ ဖြစ်ပြီးသော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့ကို ပယ်ဖျောက်ရန် အလိုကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို ဖြစ်စေ၏၊ စိတ်ကို ချီးမြှောက်၏၊ အားထုတ်၏၊ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စိမ့်သောငှါ အလိုကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို ဖြစ်စေ၏၊ စိတ်ကို ချီးမြှောက်၏၊ အားထုတ်၏၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တည်စိမ့်သောငှါ မပျောက်စိမ့်

http://www.dhammadownload.com



သောငှါ လွန်စွာ ဖြစ်စေခြင်းငှါ ပြန့်ပြောစေခြင်းငှါ ပွားစေခြင်းငှါ ပြည့်စုံစေခြင်းငှါ အလိုကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို ဖြစ်စေ၏၊ စိတ်ကို ချီးမြှောက်၏၊ အားထုတ်၏။

ရဟန်းတို့ ဤအကျင့်'သိက္ခာ'၏ အားနည်းကြောင်း ငါးမျိုးတို့ကို ပယ်ရန် ဤသမ္မပ္ပဓာန် လေးပါးတို့ကို ပွါးများအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

ပဥ္စမသုတ်။

၇၄–၈၁။ [သတိပဋ္ဌာနဝဂ်၌ကဲ့သို့ သမ္မပ္ပဓာန် အစွမ်းဖြင့် ချဲ့အပ်၏]။

---

## ၁၀-စေတသောဝိနိဗန္ဓသုတ်

၈၂။ ရဟန်းတို့ စိတ်၏ အနှောင်အဖွဲ့ တို့သည် ဤငါးမျိုးတို့တည်း။ အဘယ်ငါးမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့၌ မကင်းသော တပ်စွန်းမှု ရှိ၏။ပ။ ရဟန်းတို့ ဤသည်တို့ကား စိတ်အနှောင်အဖွဲ့ ငါးမျိုးတို့တည်း။ ရဟန်းတို့ ဤ စိတ်အနှောင်အဖွဲ့ ငါးမျိုးတို့ကို ပယ်ရန် သမ္မပ္ပဓာန်လေးပါးတို့ကို ပွါးများအပ်ကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူ–ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မဖြစ်သေးသော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့ကို မဖြစ်စိမ့်သောငှါ အလိုကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကိုဖြစ်စေ၏၊ စိတ်ကို ချီးမြှောက်၏၊ အားထုတ်၏။ ဖြစ်ပြီးသော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့ကို ပယ်ဖျောက်ရန် အလို့ငှါ မဖြစ်သေးသော ကုသိုလ်တို့ကို ဖြစ်စိမ့်သောငှါ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တည်စိမ့်သောငှါ မပျောက်စိမ့်သောငှါ လွန်စွာဖြစ်စေခြင်းငှါ ပြန့်ပြောစေခြင်းငှါ ပွါးစေခြင်းငှါ ပြည့်စုံစေခြင်းငှါ အလိုကိုဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို ဖြစ်စေ၏၊ စိတ်ကို ချီးမြှောက်၏၊ အားထုတ်၏။ ရဟန်းတို့ ဤ စိတ်အနှောင်အဖွဲ့ တရားငါးမျိုးတို့ကို ပယ်ရန် ဤသမ္မပ္ပဓာန်လေးပါးတို့ကို ပွါးများအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

သုံးခုမြောက် သမ္မပ္ပဓာနဝဂ် ပြီး၏။

---

## (၉) ၄-ဣဒ္ဓိပါဒဝဂ် ၁-သိက္ခာသုတ်

၈၃။ ရဟန်းတို့ အကျင့်'သိက္ခာ'၏ အားနည်းကြောင်းတို့သည် ဤငါးမျိုးတို့ဘည်း။ အဘယ် ငါးမျိုးတို့နည်း ဟူမူ–သူ့အသက်သတ်ခြင်း။ပ။ ယစ်မူး မေ့လျော့ကြောင်း ဖြစ်သော သေရည် သေရက်ကို သောက်ခြင်းတို့တည်း။ ရဟန်းတို့ ဤသည်တို့ကား အကျင့် 'သိက္ခာ'၏ အားနည်း ကြောင်း ငါးမျိုးတို့ဘည်း။ ရဟန်းတို့ ဤအကျင့်သိက္ခာ၏ အားနည်းကြောင်း ငါးမျိုးတို့ကို ပယ်ရန် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများအပ်ကုန်၏။ အဘယ်လေးပါးတို့နည်း ဟူမူ—ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည် အလိုဆန္ဒလျှင် အကြီးအမှူးရှိသော တည်ကြည်မှုသမာဓိ ပြင်းစွာအားထုတ်မှု ပဓာနသင်္ခါရနှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးစေ၏၊ အားထုတ်မှု'ဝီရိယ'လျှင် အကြီးအမှူးရှိသော သမာဓိ။ စိတ်လျှင် အကြီးအမှူးရှိသော သမာဓိ။ ပညာလျှင် အကြီးအမှူး

http://www.dhammadownload.com



ရှိသော သမာဓိ ပြင်းစွာအားထုတ်မှု ပဓာနသင်္ခါရနှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးစေ၏။ ရဟန်းတို့ ဤအကျင့် 'သိက္ခာ'၏ အားနည်းကြောင်း ငါးမျိုးတို့ကို ပယ်ရန် ဤဣဒ္ဓိပါဒ် လေးပါးတို့ကို ပွါးများအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

၈၄-၉၁။ [သတိပဋ္ဌာနဝဂ်၌ကဲ့သို့ ဣဒ္ဓိပါဒ် အစွမ်းဖြင့် ချဲ့အပ်၏]။

## ၁၀-စေတသောဝိနိဗန္ဓသုတ်

၉၂။ ရဟန်းတို့ စိတ်အနှောင်အဖွဲ့တို့သည် ဤငါးမျိုးတို့ဘည်း။ အဘယ်ငါးမျိုးတို့နည်း ဟူမူ–ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့၌ မကင်းသော တပ်စွန်းမှုရှိ၏။ပ။ ရဟန်းတို့ ဤသည်တို့ကား စိတ်အနှောင်အဖွဲ့ ငါးမျိုးတို့ဘည်း။ ရဟန်းတို့ ဤစိတ်အနှောင်အဖွဲ့ ငါးမျိုးတို့ကို ပယ်ရန် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများအပ်ကုန်၏။ အဘယ်လေးပါးတို့နည်း ဟူမူ–ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အလိုဆန္ဒလျှင် အကြီးအမှူးရှိသော တည်ကြည်မှု သမာဓိ ပြင်းစွာအားထုတ်မှု ပဓာနသင်္ခါရနှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးစေ၏၊ အားထုတ်မှု ဝီရိယလျှင် အကြီးအမှူးရှိသော သမာဓိ။ စိတ်လျှင် အကြီးအမှူးရှိသော သမာဓိ။ ပညာလျှင် အကြီးအမှူးရှိသော သမာဓိ ပြင်းစွာအားထုတ်မှု ပဓာနသင်္ခါရနှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးစေ၏။ ရဟန်းတို့ ဤ စိတ်အနှောင်အဖွဲ့ ငါးမျိုးတို့ကို ပယ်ရန် ဤဣဒ္ဓိပါဒ်လေးပါး တို့ကို ပွါးများအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

လေးခုမြောက် ဣဒ္ဓိပါဒဝဂ် ပြီး၏။

သတိပဋ္ဌာန်လေးပါး တို့ပြင် သမ္မပ္ပဓာန်လေးပါး ဣဒ္ဓိလေးပါးတို့ကို ထိအတူ ယှဉ်စပ် ရာ၏။

## (၁၀) ၅-ရာဂပေယျာလ

၉၃။ ရဟန်းတို့ တပ်စွန်းမှု ရာဂကို ထူးသော ဉာဏ်ဖြင့် သိရန် တရား ကိုးမျိုးတို့ကို ပွါးများ အပ်ကုန်၏။အဘယ်ကိုးမျိုးတို့နည်း ဟူမူ—မတင့်တယ်ဟူသော အမှတ်'အသုဘသညာ'၊သေခြင်း၌ ဖြစ်သော အမှတ် 'မရဏသညာ'၊ အာဟာရ၌ စက်ဆုပ်ဖွယ် အမှတ်'အာဟာရေ ပဋိကူလသညာ'၊ လောက အားလုံး၌ မမွေ့လျော်ဖွယ်ဟူသော အမှတ် 'အနဘိရတိသညာ'၊ မမြဲဟူသော အမှတ် 'အနိစ္စသညာ' မမြဲရာ၌ ဆင်းရဲဟူသော အမှတ်'အနိစ္စေ ဒုက္ခသညာ'၊ ဆင်းရဲရာ၌ အစိုးမရဟူသော အမှတ် 'ဒုက္ခေ အနတ္တသညာ'၊ ပယ်ခြင်း၌ အမှတ် 'ပဟာနသညာ'၊ တပ်ခြင်းကင်းခြင်း အမှတ် 'ဝိရာဂသညာ' တို့တည်း။ ရဟန်းတို့ တပ်မက်မှု 'ရာဂ' ကို ထူးသော ဉာဏ်ဖြင့် သိရန် ဤတရား ကိုးမျိုးတို့ကို ပွါးများအပ်ကုန်၏။ (၁)

http://www.dhammadownload.com



၉၄။ ရဟန်းတို့ တပ်စွန်းမှု'ရာဂ'ကို ထူးသော ဉာဏ်ဖြင့် သိရန် တရားကိုးမျိုးတို့ကို ပွါးများ အပ်ကုန်၏။ အဘယ်ကိုးမျိုးတို့နည်း ဟူမူ–ပဌမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန် အာကာသာနဉ္စာယတနစျာန်၊ ဝိညာဏဉ္စာယတနစျာန်၊ အာကိဉ္စညာယတနစျာန်၊ နေဝသညာနာသညာယတနစျာန်၊ သညာ ဝေဒနာတို့၏ ချုပ်ရာ 'နိရောဓသမာပတ်' တို့တည်း။ ရဟန်းတို့ တပ်စွန်းမှု 'ရာဂ'ကို ထူးသော ဉာဏ်ဖြင့် သိရန် ဤတရား ကိုးမျိုးတို့ကို ပွါးများအပ်ကုန်၏။ (၂)

၉၅-၁၁၂။ ရဟန်းတို့ တပ်စွန်းမှု 'ရာဂ' ကို ပိုင်းခြားသိရန် ။ပ။ ထက်ဝန်းကျင် ကုန်ရန် ။ပ။ ပယ်ရန် ။ပ။ ကုန်ခန်းရန်။ပ။ ဖျက်ဆီးရန်။ပ။ ကင်းပြတ်ရန် ။ပ။ ချုပ်ရန် ။ပ။ စွန့်ရန် ။ပ။ တဖန်စွန့်ရန် ဤတရား ကိုးမျိုးတို့ကို ပွါးများအပ်ကုန်၏။ (၃-၂၀)

၁၁၃-၄၃၂။ ပြစ်မှားမှု 'ဒေါသ' ကို ။ပ။ တွေဝေမှု 'မောဟ' ကို။ အမျက်ထွက်မှု 'ကောဓ' ကို။ ရန်ငြိုးဖွဲ့မှု 'ဉပနာဟ' ကို။ ကျေးဇူးကို ချေဖျက်မှု 'မက္ခ' ကို။ အပြိုင်ပြုမှု 'ပဠာသ' ကို။ ငြူစူမှု 'ဣဿာ' ကို၊ ဝန်တိုမှု 'မစ္ဆရိယ' ကို။ လှည့်ပတ်မှု 'မာယာ' ကို။ စဉ်းလဲမှု 'သာဌေယျ' ကို။ ခက်ထန်မှု 'ထမ္ဘ' ကို။ ချွတ်ချွယ်မှု 'သာရမ္ဘ' ကို။ ထောင်လွှားမှု 'မာန' ကို။အလွန် ထောင်လွှားမှု 'အတိမာန' ကို။ ယစ်မူးမှု 'မဒ' ကို။ မေ့လျော့မှု 'ပမာဒကို' ထူးသော ဉာဏ်ဖြင့် သိရန် ။ပ။ ပိုင်းခြား၍သိရန်။ ထက်ဝန်းကျင် ကုန်ခန်းရန်။ ပယ်ရန်။ ကုန်ခန်းရန်။ ဖျက်ဆီးရန်။ ကင်းပြတ်ရန်။ ချုပ်ရန်။ စွန့်ရန်။ တဖန်စွန့်ရန်။ပ။ ဤတရား ကိုးမျိုးတို့ကို ပွါးများအပ်ကုန်၏ဟု (မိန့်တော်မူ၏)။ (၂၁-၃၄၀)

# နဝကနိပါတ် ပြီး၏။

http://www.dhammadownload.com

အင်္ဂုတ္တရနိကာယ်

# အင်္ဂုတ္တိုရ်ပါဠိတော်

# မြန်မာပြန်

## ဒသကနိပါတ်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁–ပဌမ ပဏ္ဏာသက

### ၁-ပဌမ သုတ်ငါးဆယ်

### ၁–အာနိသံသဝဂ် ၁–ကိမတ္ထိယသုတ်

၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—အသျှင်ဘုရား အပြစ်မရှိသော သီလတို့သည် အဘယ်အကျိုးရှိပါကုန်သနည်း၊ အဘယ် အာနိသင်ရှိပါကုန်သနည်းဟု လျှောက်၏။ အာနန္ဒာ အပြစ်မရှိသော သီလတို့သည် နှလုံးသာ ရွှင်မှု 'အဝိပ္ပဋိသာရ' အကျိုးရှိကုန်၏၊ နှလုံးသာ ရွှင်မှု 'အဝိပ္ပဋိသာရ' အာနိသင် ရှိကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား နှလုံးသာ ရွှင်မှု 'အဝိပ္ပဋိသာရ' သည်ကား အဘယ်အကျိုးရှိပါသနည်း၊ အဘယ် အာနိသင်ရှိပါသနည်း။အာနန္ဒာ နှလုံးသာ ရွှင်မှု'အဝိပ္ပဋိသာရ'သည်ကားဝမ်းမြောက်မှု 'ပါမောဇ္ဇ' အကျိုးရှိ၏၊ ဝမ်းမြောက်မှု 'ပါမောဇ္ဇ' အာနိသင်ရှိ၏။

http://www.dhammadownload.com



အသျှင်ဘုရား ဝမ်းမြောက်မှု 'ပါမောဇ္ဇ' သည်ကား အဘယ်အကျိုးရှိပါသနည်း၊ အဘယ် အာနိသင်ရှိပါသနည်း။ အာနန္ဒာ ဝမ်းမြောက်မှု 'ပါမောဇ္ဇ' သည်ကား နှစ်သက်မှု 'ပီတိ' အကျိုး ရှိ၏၊ နှစ်သက်မှု 'ပီတိ' အာနိသင်ရှိ၏။

အသျှင်ဘုရား နှစ်သက်မှု 'ပီတိ' သည်ကား အဘယ်အကျိုးရှိပါသနည်း၊ အဘယ်အာနိသင် ရှိပါသနည်း။ အာနန္ဒာ နှစ်သက်မှု 'ပီတိ' သည်ကား ငြိမ်းချမ်းမှု 'ပဿဒ္ဓိ' အကျိုးရှိ၏၊ ငြိမ်းချမ်း မှု 'ပဿဒ္ဓိ' အာနိသင်ရှိ၏။

အသျှင်ဘုရား ငြိမ်းချမ်းမှု 'ပဿဒ္ဓိ' သည်ကား အဘယ်အကျိုးရှိပါသနည်း၊ အဘယ် အာနိသင် ရှိပါသနည်း။ အာနန္ဒာ ငြိမ်းချမ်းမှု 'ပဿဒ္ဓိ' သည်ကား ချမ်းသာမှု 'သုခ' အကျိုးရှိ၏၊ ချမ်းသာမှု 'သုခ' အာနိသင်ရှိ၏။

အသျှင်ဘုရား ချမ်းသာမှု 'သုခ' သည်ကား အဘယ်အကျိုးရှိပါသနည်း၊ အဘယ်အာနိသင် ရှိပါသနည်း။ အာနန္ဒာ ချမ်းသာမှု 'သုခ' သည်ကား တည်ကြည်မှု 'သမာဓိ' အကျိုးရှိ၏၊ တည် ကြည်မှု 'သမာဓိ' အာနိသင်ရှိ၏။

အသျှင်ဘုရား တည်ကြည်မှု 'သမာဓိ' သည်ကား အဘယ် အကျိုး ရှိပါသနည်း၊ အဘယ် အာနိသင် ရှိပါသနည်း။ အာနန္ဒာ တည်ကြည်မှု 'သမာဓိ' သည်ကား ဟုတ်တိုင်းမှန်စွာ သိမြင်မှု 'ယထာဘူတဉာဏဒဿန' အကျိုးရှိ၏၊ ဟုတ်တိုင်းမှန်စွာ သိမြင်မှု 'ယထာဘူတဉာဏဒဿန' အာ နိသင်ရှိ၏။

အသျှင်ဘုရား ဟုတ်တိုင်းမှန်စွာ သိမြင်မှု 'ယထာဘူတဉာဏဒဿန' သည်ကား အဘယ်အကျိုး ရှိပါသနည်း၊ အဘယ်အာနိသင် ရှိပါသနည်း။ အာနန္ဒာ ဟုတ်တိုင်းမှန်စွာ သိမြင်မှု 'ယထာဘူတ ဉာဏဒဿန' သည်ကား ငြီးငွေ့မှု 'နိဗ္ဗိဒါ' နှင့် တပ်စွန်းခြင်း ကင်းမှု 'ဝိရာဂ' အကျိုးရှိ၏၊ ငြီးငွေ့မှု 'နိဗ္ဗိဒါ' နှင့် တပ်စွန်းခြင်း ကင်းမှု 'ဝိရာဂ' အာနိသင်ရှိ၏။

အသျှင်ဘုရား ငြီးငွေ့မှု 'နိဗ္ဗိဒါ' နှင့် တပ်စွန်းခြင်း ကင်းမှု 'ဝိရာဂ' သည်ကား အဘယ်အကျိုးရှိပါ သနည်း၊ အဘယ်အာနိသင်ရှိပါသနည်း။ အာနန္ဒာ ငြီးငွေ့မှု 'နိဗ္ဗိဒါ' နှင့် တပ်စွန်းခြင်းကင်းမှု 'ဝိရာဂ' သည်ကား လွတ်မြောက်မှု ဝိမုတ္တိနှင့် လွတ်မြောက်မှုကို သိသော ဉာဏ်အမြင် 'ဝိမုတ္တိဉာဏဒဿန' အကျိုးရှိ၏၊ လွတ်မြောက်မှု ဝိမုတ္တိနှင့် လွတ်မြောက်မှုကို သိသောဉာဏ်အမြင် 'ဝိမုတ္တိဉာဏဒဿန' အာနိသင်ရှိ၏။ အာနန္ဒာ ဤသို့လျှင် အပြစ်မရှိသော သီလတို့သည် နှလုံးသာရွှင်မှု အကျိုး ရှိကုန်၏၊ နှလုံးသာရွှင်မှု အာနိသင်ရှိကုန်၏၊ နှလုံးသာရွှင်မှုသည် ဝမ်းမြောက်မှု အကျိုးရှိ၏၊ ဝမ်းမြောက်မှု အာနိသင်ရှိ၏၊ ဝမ်းမြောက်မှုသည် နှစ်သက်မှု အကျိုးရှိ၏၊ နှစ်သက်မှု အာနိသင် ရှိ၏၊ နှစ်သက်မှုသည် ငြိမ်းချမ်းမှု အကျိုးရှိ၏၊ ငြိမ်းချမ်းမှု အာနိသင်ရှိ၏၊ ငြိမ်းချမ်းမှုသည် ချမ်းသာမှု အကျိုးရှိ၏၊ ချမ်းသာမှု အာနိသင်ရှိ၏၊ ချမ်းသာမှုသည် တည်ကြည်မှု အကျိုး ရှိ၏၊ တည်ကြည်မှု အာနိသင် ရှိ၏၊ တည်ကြည်မှုသည် ဟုတ်တိုင်းမှန်စွာ သိမြင်မှု အကျိုးရှိ၏၊ ဟုတ်တိုင်းမှန်စွာ သိမြင်မှု အာနိသင်ရှိ၏၊ ဟုတ်တိုင်းမှန်စွာ သိမြင်မှုသည် ငြီးငွေ့မှုနှင့် တပ်စွန်း ခြင်းကင်းမှု အကျိုးရှိ၏၊ ငြီးငွေ့မှုနှင့် တပ်စွန်းခြင်းကင်းမှု အာနိသင်ရှိ၏၊ ငြီးငွေ့မှုနှင့် တပ်စွန်းခြင်း ကင်းမှုသည် လွတ်မြောက်မှု ဝိမုတ္တိမှုနှင့်လွတ်မြောက်မှုကို သိသောဉာဏ်အမြင် ဝိမုတ္တိဉာဏဒဿန

http://www.dhammadownload.com



အကျိုးရှိ၏၊ လွတ်မြောက်မှု ဝိမုတ္တိမှုနှင့် လွတ်မြောက်မှုကို သိသောဉာဏ်အမြင် ဝိမုတ္တိဉာဏဒဿန အာနိသင်ရှိ၏။ အာနန္ဒာ ဤသို့လျှင် အပြစ်မရှိသော သီလတို့သည် အစဉ်အတိုင်း အရဟတ္တဖိုလ်သို့ ရောက်စေကုန်၏ဟု(မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-စေတနာကရဏီယသုတ်

၂။ ရဟန်းတို့ သီလရှိသူ သီလပြည့်စုံသူအား "ငါ့အား နှလုံးသာရွှင်မှု ဖြစ်ပါစေ"ဟု စေ့ဆော်၍ ပြုဖွယ် မရှိ၊ ရဟန်းတို့ သီလရှိသူ သီလပြည့်စုံသူအား နှလုံးသာရွှင်မှု ဖြစ်ခြင်းသည် ထုံးထမ်းစဉ်လာ သဘောပင်တည်း။

ရဟန်းတို့ နှလုံးသာရွှင်သူအား "ငါ့အား ဝမ်းမြောက်မှု ဖြစ်ပါစေ"ဟု စေ့ဆော်၍ ပြုဖွယ် မရှိ၊ ရဟန်းတို့ နှလုံးသာရွှင်သူအား ဝမ်းမြောက်မှု ဖြစ်ခြင်းသည် ထုံးထမ်းစဉ်လာ သဘော ပင်တည်း။

ရဟန်းတို့ ဝမ်းမြောက်သူအား "ငါ့အား နှစ်သက်မှု ဖြစ်ပါစေ"ဟု စေ့ဆော်၍ ပြုဖွယ်မရှိ၊ ရဟန်းတို့ ဝမ်းမြောက်သူအား နှစ်သက်မှု ဖြစ်ခြင်းသည် ထုံးထမ်းစဉ်လာ သဘောပင်တည်း။

ရဟန်းတို့ နှစ်သက်သော စိတ်ရှိသူအား "ငါ၏ ကိုယ်သည် ငြိမ်းချမ်းပါစေ"ဟု စေ့ဆော်၍ ပြုဖွယ် မရှိ၊ ရဟန်းတို့ နှစ်သက်သော စိတ်ရှိသူအား ကိုယ်ငြိမ်းချမ်းမှုသည် ထုံးထမ်းစဉ်လာ သဘောပင်တည်း။

ရဟန်းတို့ ကိုယ်ငြိမ်းချမ်းသူအား "ချမ်းသာကို ခံစားအံ့"ဟု စေ့ဆော်၍ ပြုဖွယ်မရှိ၊ ရဟန်းတို့ ကိုယ်ငြိမ်းချမ်းသူအား ချမ်းသာကို ခံစားမှုသည် ထုံးထမ်းစဉ်လာ သဘောပင်တည်း။

ရဟန်းတို့ ချမ်းသာသူအား "ငါ၏စိတ်သည် တည်ကြည်ပါစေ" ဟု စေ့ဆော်၍ ပြုဖွယ် မရှိ၊ ရဟန်းတို့ ချမ်းသာသူအား စိတ်တည်ကြည်မှုသည် ထုံးထမ်းစဉ်လာ သဘောပင်တည်း။

ရဟန်းတို့ တည်ကြည်သူအား "ဟုတ်တိုင်းမှန်စွာ သိအံ့၊ မြင်အံ့"ဟု စေ့ဆော်၍ ပြုဖွယ် မရှိ၊ ရဟန်းတို့ တည်ကြည်သူအား ဟုတ်တိုင်းမှန်စွာသိမှု မြင်မှုသည် ထုံးထမ်းစဉ်လာ သဘောပင်တည်း။ ရဟန်းတို့ ဟုတ်တိုင်းမှန်စွာ သိသူ မြင်သူအား "ငြီးငွေ့အံ့၊ တပ်စွန်းခြင်းကင်းအံ့" ဟု စေ့ဆော်၍ ပြုဖွယ်မရှိ၊ ရဟန်းတို့ ဟုတ်တိုင်းမှန်စွာ သိသူမြင်သူအား ငြီးငွေ့မှုနှင့် တပ်စွန်းခြင်းကင်းမှုသည် ထုံးထမ်းစဉ်လာသဘောပင်တည်း၊ ရဟန်းတို့ ငြီးငွေ့သူ တပ်စွန်းခြင်းကင်းသူအား "လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသော ဉာဏ်အမြင်ကို မျက်မှောက်ပြုအံ့" ဟု စေဆော်၍ ပြုဖွယ်မရှိ၊ ရဟန်းတို့ ငြီးငွေ့သူတပ်စွန်းခြင်းကင်းသူအား လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသော ဉာဏ် အမြင်ကို မျက်မှောက်ပြုခြင်းသည် ထုံးထမ်းစဉ်လာသဘောပင်တည်း။

ရဟန်းတို့ ဤသို့လျှင် ငြီးငွေ့မှု တပ်စွန်းခြင်းကင်းမှုသည် လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသော ဉာဏ်အမြင် အကျိုးရှိ၏၊ လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကိုသိသော ဉာဏ်အမြင် အာနိသင်ရှိ၏၊ ဟုတ်တိုင်းမှန်စွာ သိမြင်မှုသည် ငြီးငွေ့မှုနှင့် တပ်စွန်းခြင်းကင်းမှု အကျိုးရှိ၏၊

http://www.dhammadownload.com



ငြီးငွေ့မှုနှင့် တပ်စွန်းခြင်းကင်းမှု အာနိသင်ရှိ၏၊ တည်ကြည်မှုသည် ဟုတ်တိုင်းမှန်းစွာ သိမြင်မှု အကျိုးရှိ၏၊ ဟုတ်တိုင်းမှန်စွာ သိမြင်မှု အာနိသင်ရှိ၏၊ ချမ်းသာမှုသည် တည်ကြည်မှု အကျိုးရှိ၏၊ တည်ကြည်မှု အာနိသင်ရှိ၏၊ ငြိမ်းအေးမှုသည် ချမ်းသာမှု အကျိုးရှိ၏၊ ချမ်းသာမှု အာနိသင်ရှိ၏၊ ဝမ်းမြောက်မှုသည် နှစ်သက်မှု အကျိုးရှိ၏၊ နှစ်သက်မှု အာနိသင်ရှိ၏၊ နှလုံးသာရွှင်မှုသည် ဝမ်းမြောက်မှု အကျိုးရှိ၏၊ ဝမ်းမြောက်မှုအာနိသင်ရှိ၏၊ အပြစ်ကင်းသော သီလတို့သည် နှလုံးသာရွှင်မှု အကျိုးရှိကုန်၏၊ နှလုံးသာရွှင်မှု အာနိသင်ရှိကုန်၏။

ရဟန်းတို့ ဤသို့လျှင် ဤဖက်ကမ်း (ဝဋ်ဆင်းရဲ) မှ ထိုဖက်ကမ်း (နိဗ္ဗာန်) သို့ရောက်ခြင်းငှါ (အပြစ်မရှိသောသီလအစရှိသော) တရားတို့သည် (နှလုံးသာရွှင်ခြင်းအစရှိသော) တရားတို့ကို ဖြစ်စေကုန်၏၊ (အပြစ်မရှိသော သီလအစရှိသော)တရားတို့သည်(နှလုံးသာရွှင်ခြင်းအစရှိသော) တရားတို့ကို ပြည့်စုံစေကုန်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ပဌမ ဥပနိသသုတ်

၃။ ရဟန်းတို့ သီလမရှိသူ သီလပျက်စီးသူအား နှလုံးသာရွှင်မှုသည် အကြောင်းချို့တဲ့၏၊ နှလုံးသာရွှင်မှု မရှိလတ်သော် နှလုံးသာရွှင်မှုပျက်စီးသူအား ဝမ်းမြောက်မှုသည် အကြောင်း ချို့တဲ့၏၊ ဝမ်းမြောက်မှု မရှိလတ်သော် ဝမ်းမြောက်မှု ပျက်စီးသူအား နှစ်သက်မှုသည် အကြောင်း ချို့တဲ့၏၊ နှစ်သက်မှု မရှိလတ်သော် နှစ်သက်မှု ပျက်စီးသူအား ငြိမ်းချမ်းမှုသည် အကြောင်း ချို့တဲ့၏၊ ငြိမ်းချမ်းမှု မရှိလတ်သော် ငြိမ်းချမ်းမှု ပျက်စီးသူအား ချမ်းသာမှုသည် အကြောင်း ချို့တဲ့၏၊ ချမ်းသာမှု မရှိလတ်သော် ချမ်းသာမှု ပျက်စီးသူအား တည်ကြည်မှုသည် အကြောင်း ချို့တဲ့၏၊ တည်ကြည်မှု မရှိလတ်သော် တည်ကြည်မှု ပျက်စီးသူအား ဟုတ်တိုင်းမှန်စွာ သိမြင်မှုသည် အကြောင်းချို့တဲ့၏၊ ဟုတ်တိုင်းမှန်စွာ သိမြင်မှု မရှိလတ်သော် ဟုတ်တိုင်းမှန်စွာ သိမြင်မှုပျက်စီးသူအား ငြီးငွေ့မှုနှင့် တပ်စွန်းခြင်းကင်းမှုသည် အကြောင်းချို့တဲ့၏၊ ငြီးငွေ့မှုနှင့် တပ်စွန်းခြင်းကင်းမှု မရှိလတ်သော် ငြီးငွေ့မှုနှင့် တပ်စွန်းခြင်းကင်းမှု ပျက်စီးသူအား ကိလေသာမှ လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကိုသိသော ဉာဏ်အမြင်သည် အကြောင်းချို့တဲ့၏။

ရဟန်းတို့ အခက် အရွက် ပျက်စီးသော သစ်ပင်အား အပွေးသည်လည်း ပြည့်စုံခြင်းသို့ မရောက်သကဲ့သို့ အခွံ အခေါက်သည်လည်း။ အကာသည်လည်း။ အနှစ်သည်လည်း ပြည့်စုံခြင်းသို့ မရောက်သကဲ့သို့ ရဟန်းတို့ ဤအတူပင် သီလမရှိသူ သီလပျက်စီးသူအား နှလုံးသာရွှင်မှုသည် အကြောင်းချို့တဲ့၏၊ နှလုံးသာရွှင်မှု မရှိလတ်သော် နှလုံးသာရွှင်မှု ပျက်စီးသူအား။ပ။ လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသော ဉာဏ်အမြင်သည် အကြောင်းချို့တဲ့၏။

ရဟန်းတို့ သီလရှိသူ သီလပြည့်စုံသူအား နှလုံးသာရွှင်မှုသည် အကြောင်းပြည့်စုံ၏၊ နှလုံးသာရွှင်မှုရှိလတ်သော် နှလုံးသာရွှင်မှုနှင့် ပြည့်စုံသူအား ဝမ်းမြောက်မှုသည် အကြောင်းပြည့်စုံ၏၊ ဝမ်းမြောက်မှု ရှိလတ်သော် ဝမ်းမြောက်မှုနှင့် ပြည့်စုံသူအား နှစ်သက်မှုသည် အကြောင်းပြည့်စုံ၏၊ နှစ်သက်မှု ရှိလတ်သော် နှစ်သက်မှုနှင့် ပြည့်စုံသူအား ငြိမ်းချမ်းမှုသည် အကြောင်းပြည့်စုံ၏၊ ငြိမ်းချမ်းမှုရှိလတ်သော် ငြိမ်းချမ်းမှုနှင့် ပြည့်စုံသူအား ချမ်းသာမှုသည် အကြောင်းပြည့်စုံ၏၊

http://www.dhammadownload.com



ချမ်းသာမှုရှိလတ်သော် ချမ်းသာမှုနှင့် ပြည့်စုံသူအား ကောင်းသောတည်ကြည်မှုသည် အကြောင်း ပြည့်စုံ၏၊ ကောင်းသော တည်ကြည်မှုရှိလတ်သော် ကောင်းသော တည်ကြည်မှုနှင့် ပြည့်စုံသူအား ဟုတ်တိုင်းမှန်စွာ သိမြင်မှုသည် အကြောင်းပြည့်စုံ၏၊ ဟုတ်တိုင်းမှန်စွာ သိမြင်မှုရှိလတ်သော် ဟုတ်တိုင်းမှန်စွာသိမြင်သူအား ငြီးငွေ့မှုနှင့် တပ်စွန်းခြင်း ကင်းမှုသည် အကြောင်း ပြည့်စုံ၏၊ ငြီးငွေ့မှုနှင့် တပ်စွန်းခြင်းကင်းမှု ရှိလတ်သော် ငြီးငွေ့မှုနှင့် တပ်စွန်းခြင်းကင်းမှု ပြည့်စုံသူအား လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသောဉာဏ်အမြင်သည် အကြောင်းပြည့်စုံ၏။

ရဟန်းတို့ အခက် အရွက်နှင့် ပြည့်စုံသော သစ်ပင်အား အပွေးသည်လည်း ပြည့်စုံခြင်းသို့ရောက် သကဲ့သို့၊ အခံ့ အခေါက်သည်လည်း။ အကာသည်လည်း။ အနှစ်သည်လည်း ပြည့်စုံခြင်းသို့ရောက် သကဲ့သို့ ရဟန်းတို့ ဤအတူပင် သီလရှိသူ သီလနှင့်ပြည့်စုံသူအား နှလုံးသာရွှင်မှုသည် အကြောင်း ပြည့်စုံ၏၊ နှလုံးသာရွှင်မှုရှိလတ်သော် နှလုံးသာရွှင်မှုပြည့်စုံသူအား ဝမ်းမြောက်မှုသည် အကြောင်း ပြည့်စုံ၏။ပ။လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသော ဉာဏ်အမြင်သည် အကြောင်းပြည့်စုံ၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ဒုတိယ ဥပနိသသုတ်

၄။ ထိုအခါ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို ဤသို့ မိန့်ဆို၏— ငါ့သျှင်တို့ သီလမရှိသူ သီလပျက်စီးသူအား နှလုံးသာရွှင်မှုသည် အကြောင်းချို့တဲ့၏၊ နှလုံးသာရွှင်မှု မရှိလတ်သော် နှလုံးသာရွှင်မှု ပျက်စီးသူအား ဝမ်းမြောက်မှုသည် အကြောင်းချို့တဲ့၏။ပ။ လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသော ဉာဏ်အမြင်သည် အကြောင်းချို့တဲ့၏။

ငါ့သျှင်တို့ အခက် အရွက် ပျက်စီးသော သစ်ပင်အား အပွေးသည်လည်း ပြည့်စုံခြင်းသို့ မရောက်သကဲ့သို့၊ အခံ့ အခေါက်သည်လည်း။ အကာသည်လည်း။ အနှစ်သည်လည်း ပြည့်စုံခြင်းသို့ မရောက်သကဲ့သို့ ငါ့သျှင်တို့ ဤအတူပင် သီလမရှိသူ သီလပျက်စီးသူအား နှလုံးသာရွှင်မှုသည် အကြောင်းချို့တဲ့၏၊ နှလုံးသာရွှင်မှု မရှိလတ်သော် နှလုံးသာရွှင်မှု ချို့တဲ့သူအား ဝမ်းမြောက်မှု သည် အကြောင်းချို့တဲ့၏။ပ။ လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသော ဉာဏ်အမြင်သည် အကြောင်းချို့တဲ့၏။

ငါ့သျှင်တို့ သီလရှိသူ သီလနှင့် ပြည့်စုံသူအား နှလုံးသာရွှင်မှုသည် အကြောင်းပြည့်စုံ၏၊ နှလုံး သာရွှင်မှုရှိလတ်သော် နှလုံးသာရွှင်မှုနှင့်ပြည့်စုံသူအား ဝမ်းမြောက်မှုသည် အကြောင်းပြည့်စုံ၏ ။ပ။ လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသော ဉာဏ်အမြင်သည် အကြောင်းပြည့်စုံ၏။

ငါ့သျှင်တို့ အခက်အရွက်နှင့် ပြည့်စုံသော သစ်ပင်အား အပွေးသည်လည်း ပြည့်စုံခြင်းသို့ ရောက်သကဲ့သို့၊ အခံ့ အခေါက်သည်လည်း။ အကာသည်လည်း။ အနှစ်သည်လည်း ပြည့်စုံခြင်းသို့ ရောက်သကဲ့သို့ ငါ့သျှင်တို့ ဤအတူပင် သီလရှိသူ သီလနှင့်ပြည့်စုံသူအား နှလုံးသာရွှင်မှုသည် အကြောင်းပြည့်စုံ၏၊ နှလုံးသာရွှင်မှု ရှိလတ်သော် နှလုံးသာရွှင်မှုနှင့် ပြည့်စုံသူအား ဝမ်းမြောက်မှု သည် အကြောင်းပြည့်စုံ၏။ပ။ လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသော ဉာဏ်အမြင်သည် အကြောင်းပြည့်စုံ၏ ဟု (မိန့်ဆို၏။)

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-တတိယ ဥပနိသသုတ်

၅။ ထိုအခါ အသျှင် အာနန္ဒာသည် ရဟန်းတို့ကို ဤသို့ မိန့်ဆို၏— ငါ့သျှင်တို့ သီလမရှိသူ သီလပျက်စီးသူအား နှလုံးသာရှင်မှုသည် အကြောင်းချို့တဲ့၏၊ နှလုံးသာရှင်မှု မရှိလတ်သော် နှလုံးသာရှင်မှုပျက်စီးသူအား ဝမ်းမြောက်မှုသည် အကြောင်းချို့တဲ့၏၊ဝမ်းမြောက်မှု မရှိလတ်သော် ဝမ်းမြောက်မှု ပျက်စီးသူအား နှစ်သက်မှုသည် အကြောင်းချို့တဲ့၏၊ နှစ်သက်မှု မရှိလတ်သော် နှစ်သက်မှု ပျက်စီးသူအား ငြိမ်းချမ်းမှုသည် အကြောင်းချို့တဲ့၏၊ ငြိမ်းချမ်းမှု မရှိလတ်သော် ငြိမ်းချမ်းမှု ပျက်စီးသူအား ချမ်းသာမှုသည် အကြောင်းချို့တဲ့၏၊ ချမ်းသာမှု မရှိလတ်သော် ချမ်းသာမှု ပျက်စီးသူအား ကောင်းသော တည်ကြည်မှုသည် အကြောင်းချို့တဲ့၏၊ ကောင်းသော တည်ကြည်မှု မရှိလတ်သော် ကောင်းသောတည်ကြည်မှု ပျက်စီးသူအား ဟုတ်တိုင်းမှန်စွာ သိမှု ဉာဏ်အမြင်သည် အကြောင်းချို့တဲ့၏၊ ဟုတ်တိုင်းမှန်စွာသိမှု ဉာဏ်အမြင် မရှိလတ်သော် ဟုတ်တိုင်းမှန်စွာ သိမှု ဉာဏ်အမြင် ပျက်စီးသူအား ငြီးငွေ့မှုနှင့် တပ်စွန်းခြင်း ကင်းမှုသည် အကြောင်းချို့တဲ့၏၊ ငြီးငွေ့မှုနှင့် တပ်စွန်းခြင်း ကင်းမှု မရှိလတ်သော် ငြီးငွေ့မှုနှင့် တပ်စွန်းခြင်း ကင်းမှု ပျက်စီးသူအား လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသော ဉာဏ်အမြင်သည် အကြောင်းချို့တဲ့၏။

ငါ့သျှင်တို့ အခက် အရွက် ပျက်စီးသော သစ်ပင်အား အပွေးသည်လည်း ပြည့်စုံခြင်းသို့ မရောက်သကဲ့သို့၊ အခြံ အခေါက်သည်လည်း။ အကာသည်လည်း။ အနှစ်သည်လည်း ပြည့်စုံခြင်းသို့ မရောက်သကဲ့သို့ ငါ့သျှင်တို့ ဤအတူပင် သီလမရှိသူ သီလပျက်စီးသူအား နှလုံးသာရှင်မှုသည် အကြောင်းချို့တဲ့၏၊ နှလုံးသာရှင်မှု မရှိလတ်သော် နှလုံးသာရှင်မှု ပျက်စီးသူအား ဝမ်းမြောက်မှုသည် အကြောင်းချို့တဲ့၏။ပ။ လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသော ဉာဏ်အမြင်သည် အကြောင်းချို့တဲ့၏။

ငါ့သျှင်တို့ သီလရှိသူ သီလနှင့် ပြည့်စုံသူအား နှလုံးသာရှင်မှုသည် အကြောင်း ပြည့်စုံ၏၊ နှလုံးသာရှင်မှု ရှိလတ်သော် နှလုံးသာရှင်မှုနှင့် ပြည့်စုံသူအား ဝမ်းမြောက်မှုသည် အကြောင်း ပြည့်စုံ၏၊ ဝမ်းမြောက်မှု ရှိလတ်သော် ဝမ်းမြောက်မှုနှင့် ပြည့်စုံသူအား နှစ်သက်မှုသည် အကြောင်းပြည့်စုံ၏၊ နှစ်သက်မှု ရှိလတ်သော် နှစ်သက်မှုနှင့် ပြည့်စုံသူအား ငြိမ်းချမ်းမှုသည် အကြောင်းပြည့်စုံ၏၊ ငြိမ်းချမ်းမှု ရှိလတ်သော် ငြိမ်းချမ်းမှုနှင့် ပြည့်စုံသူအား ချမ်းသာမှုသည် အကြောင်းပြည့်စုံ၏၊ ချမ်းသာမှု ရှိလတ်သော် ချမ်းသာမှုနှင့် ပြည့်စုံသူအား ကောင်းသော တည်ကြည်မှုသည် အကြောင်းပြည့်စုံ၏၊ ကောင်းသော တည်ကြည်မှု ရှိလတ်သော် ကောင်းသော တည်ကြည်မှုနှင့် ပြည့်စုံသူအား ဟုတ်တိုင်းမှန်စွာ သိမှု ဉာဏ်အမြင်သည် အကြောင်းပြည့်စုံ၏၊ ဟုတ်တိုင်းမှန်စွာ သိမှု ဉာဏ်အမြင် ရှိလတ်သော် ဟုတ်တိုင်းမှန်စွာ သိမှု ဉာဏ်အမြင်နှင့် ပြည့်စုံသူအား ငြီးငွေ့မှုနှင့် တပ်စွန်းခြင်း ကင်းမှုသည် အကြောင်းပြည့်စုံ၏၊ ငြီးငွေ့မှုနှင့် တပ်စွန်း ခြင်းကင်းမှု ရှိလတ်သော် ငြီးငွေ့မှုနှင့် တပ်စွန်းခြင်း ကင်းမှု ပြည့်စုံသူအား လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသော ဉာဏ်အမြင်သည် အကြောင်းပြည့်စုံ၏။

ငါ့သျှင်တို့ အခက် အရွက်နှင့် ပြည့်စုံသော သစ်ပင်အား အပွေးသည်လည်း ပြည့်စုံခြင်းသို့ ရောက်သကဲ့သို့၊ အခြံ အခေါက်သည်လည်း။ အကာသည်လည်း။ အနှစ်သည်လည်း ပြည့်စုံခြင်းသို့ ရောက်သကဲ့သို့ ငါ့သျှင်တို့ ဤအတူပင် သီလရှိသူ သီလနှင့် ပြည့်စုံသူအား နှလုံးသာရှင်မှုသည်

http://www.dhammadownload.com



အကြောင်းပြည့်စုံ၏၊ နှလုံးသာ ရွှင်မှု ရှိလတ်သော် နှလုံးသာ ရွှင်မှု ရှိသူအား ဝမ်းမြောက်မှုသည် အကြောင်းပြည့်စုံ၏။ပ။ လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသော ဉာဏ်အမြင်သည် အကြောင်းပြည့်စုံ၏ ဟု (မိန့်ဆို၏)။

ပဉ္စမသုတ်။

## ၆-သမာဓိသုတ်

၆။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးလျှင် ။ပ။ တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား ဤသို့လျှောက်၏— "အသျှင်ဘုရား ရဟန်းအား မြေ၌ မြေဟု အမှတ်ရှိသူ မဖြစ်ရာ၊ ရေ၌ ရေဟု အမှတ်ရှိသူ မဖြစ်ရာ၊ မီး၌ မီးဟု အမှတ်ရှိသူ မဖြစ်ရာ၊ လေ၌လေ ဟု အမှတ်ရှိသူ မဖြစ်ရာ၊ အဆုံးမရှိသော ကောင်းကင်တည်ရာ၌ အဆုံးမရှိသော ကောင်းကင်တည်ရာ ဟု အမှတ်ရှိသူ မဖြစ်ရာ၊ အဆုံးမရှိသော ဝိညာဏ်တည်ရာ၌ အဆုံးမရှိသော ဝိညာဏ်တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ တစုံတခုမျှ မရှိဟူသော တည်ရာ၌ တစုံတခုမျှ မရှိဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ သညာရှိသည်လည်းမဟုတ် သညာမရှိသည်လည်းမဟုတ်ဟူသော တည်ရာ၌ သညာရှိသည်လည်းမဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ ဤလောက၌ ဤလောကဟု အမှတ်ရှိသူ မဖြစ်ရာ၊ တပါးသော လောက၌ တပါးသော လောက ဟု အမှတ်ရှိသူ မဖြစ်ရာ၊ (သို့ပင် ဖြစ်သော်လည်း) သညာရှိသူကား ဖြစ်ရာ၏' ဟူသော သဘောရှိသည့် တည်ကြည်မှု 'သမာဓိ'ကို ရခြင်း ဖြစ်နိုင်ရာပါ သလော"ဟု လျှောက်၏။

အာနန္ဒာ ရဟန်းအား မြေ၌ မြေဟု အမှတ်ရှိသူ မဖြစ်ရာ၊ ရေ၌ ရေဟု အမှတ်ရှိသူ မဖြစ်ရာ၊ မီး၌ မီးဟု အမှတ်ရှိသူ မဖြစ်ရာ၊ လေ၌ လေဟု အမှတ်ရှိသူ မဖြစ်ရာ၊ အဆုံးမရှိသော ကောင်းကင်တည်ရာ၌ အဆုံးမရှိသော ကောင်းကင်တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ အဆုံးမရှိသော ဝိညာဏ်တည်ရာ၌ အဆုံးမရှိသော ဝိညာဏ်တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ တစုံတခုမျှ မရှိဟူသော တည်ရာ၌ တစုံတခုမျှ မရှိဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာ၌ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ ဤလောက၌ ဤလောကဟု အမှတ်ရှိသူမဖြစ်ရာ၊ တပါးသော လောက၌ တပါးသော လောကဟု အမှတ်ရှိသူ မဖြစ်ရာ၊ (သို့ပင် ဖြစ်သော်လည်း) သညာရှိသူကား ဖြစ်ရာ၏ ဟူသော သဘောရှိသည့် တည်ကြည်မှု'သမာဓိ' ကို ရခြင်းသည် ဖြစ်နိုင်ရာ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ရဟန်းအား မြေ၌ မြေဟု အမှတ်ရှိသူ မဖြစ်ရာ၊ ရေ၌ ရေဟု အမှတ်ရှိသူ မဖြစ်ရာ၊ မီး၌ မီးဟု အမှတ်ရှိသူ မဖြစ်ရာ၊ လေ၌ လေဟု အမှတ်ရှိသူ မဖြစ်ရာ၊ အဆုံးမရှိသော ကောင်းကင်တည်ရာ၌ အဆုံးမရှိသော ကောင်းကင်တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ အဆုံးမရှိသော ဝိညာဏ်တည်ရာ၌ အဆုံးမရှိသော ဝိညာဏ်တည်ရာဟု အမှတ်ရှိသူမဖြစ်ရာ၊ တစုံတခုမျှ မရှိဟူသော တည်ရာ၌ တစုံတခုမျှ မရှိဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာ၌ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ ဤလောက၌ ဤလောကဟု အမှတ်ရှိသူ မဖြစ်ရာ၊

http://www.dhammadownload.com



တပါးသော လောကၥ္ တပါးသော လောကဟု အမှတ်ရှိသူ မဖြစ်ရာ၊ (သို့ပင်ဖြစ်သော်လည်း) သညာရှိသူကား ဖြစ်ရာ၏ ဟူသော သဘောရှိသည့် တည်ကြည်မှု 'သမာဓိ'ကို ရခြင်းသည် အဘယ် သို့လျှင် ဖြစ်နိုင်ရာပါသနည်းဟု (လျှောက်၏)။

အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် "သင်္ခါရအားလုံး ငြိမ်းရာ ဥပဓိအားလုံးကို စွန့်ရာ တဏှာကုန်ရာ တပ်စွန်းခြင်း ကင်းရာ ချုပ်ရာ ဖြစ်သော နိဗ္ဗာန်သည် ငြိမ်သက်၏၊ ထိုနိဗ္ဗာန်သည် မွန်မြတ်၏"ဟု အမှတ်ရှိသူ ဖြစ်၏။ အာနန္ဒာ ဤသို့လျှင် ရဟန်းအား မြေ၌ မြေဟု အမှတ်ရှိသူ မဖြစ်ရာ၊ ရေ၌ ရေဟု အမှတ်ရှိသူ မဖြစ်ရာ၊ မီး၌ မီးဟု အမှတ်ရှိသူ မဖြစ်ရာ၊ လေ၌ လေဟု အမှတ်ရှိသူ မဖြစ်ရာ၊ အဆုံးမရှိသော ကောင်းကင်တည်ရာ၌ အဆုံးမရှိသော ကောင်းကင်တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ အဆုံးမရှိသော ဝိညာဏ်တည်ရာ၌ အဆုံးမရှိသော ဝိညာဏ်တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ တစုံတခုမျှ မရှိဟူသော တည်ရာ၌ တစုံတခုမျှ မရှိ ဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာ၌ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ ဤလောက၌ ဤလောကဟု အမှတ်ရှိသူ မဖြစ်ရာ၊ တပါးသော လောက၌ တပါးသော လောကဟု အမှတ်ရှိသူ မဖြစ်ရာ၊ (သို့ပင်ဖြစ်သော်လည်း) သညာရှိသူကား ဖြစ်ရာ၏ဟူသော သဘောရှိသည့် တည်ကြည်မှု 'သမာဓိ' ကို ရခြင်းသည် ဖြစ်ရာ၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-သာရိပုတ္တသုတ်

၇။ ထိုအခါ အသျှင်အာနန္ဒာသည် အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်၍ အသျှင်သာရိပုတြာနှင့် အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို ပြီးဆုံးစေပြီးနောက် တခုသောနေရာ၌ ထိုင်နေလျက် အသျှင်သာရိပုတြာအား ဤစကားကို လျှောက်၏—ငါ့သျှင် သာရိပုတြာ ရဟန်းအား မြေ၌ မြေဟု အမှတ်ရှိသူ မဖြစ်ရာ၊ ရေ၌ ရေဟု အမှတ်မရှိသူ မဖြစ်ရာ၊ မီး၌ မီးဟု အမှတ်ရှိသူ မဖြစ်ရာ၊ လေ၌ လေဟု အမှတ်ရှိသူ မဖြစ်ရာ၊ အဆုံးမရှိသော ကောင်းကင်တည်ရာ၌ အဆုံးမရှိသော ကောင်းကင်တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ အဆုံးမရှိသော ဝိညာဏ်တည်ရာ၌ အဆုံးမရှိသော ဝိညာဏ်တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ တစုံတခုမျှ မရှိဟူသော တည်ရာ၌ တစုံတခုမျှ မရှိဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ သညာရှိသည်လည်းမဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာ၌ သညာ ရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ် ဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ ဤလောက၌ ဤလောကဟု အမှတ်ရှိသူ မဖြစ်ရာ၊ တပါးသော လောက၌ တပါးသော လောကဟု အမှတ်ရှိသူ မဖြစ်ရာ၊ (သို့ပင်ဖြစ်သော်လည်း)သညာရှိသူကား ဖြစ်ရာ၏ ဟူသော သဘောရှိသော တည်ကြည်မှု 'သမာဓိ'ကို ရခြင်းသည် ဖြစ်ရာပါသလောဟု (လျှောက်၏)။

ငါ့သျှင် အာနန္ဒာ ရဟန်းအား မြေ၌ မြေဟု အမှတ်ရှိသူ မဖြစ်ရာ။ပ။ တပါးသော လောက၌ တပါးသော လောကဟု အမှတ်ရှိသူ မဖြစ်ရာ၊ (သို့ပင်ဖြစ်သော်လည်း) သညာရှိသူကား ဖြစ်ရာ၏ ဟူသော သဘောရှိသည့် တည်ကြည်မှု သမာဓိကို ရခြင်းသည် ဖြစ်ရာ၏ဟု (မိန့်ဆို၏)။

http://www.dhammadownload.com



ငါ့သျှင်သာရိပုတြာ ရဟန်းအား မြေ၌ မြေဟု အမှတ်ရှိသူ မဖြစ်ရာ။ပ။ (သို့ပင်ဖြစ်သော်လည်း) သညာရှိသူကား ဖြစ်ရာ၏ဟူသော သဘောရှိသည့် တည်ကြည်မှု သမာဓိကို ရခြင်းသည် အဘယ် သို့လျှင် ဖြစ်ရပါသနည်း ဟု (မေး၏)။

ငါ့သျှင်အာနန္ဒာ အခါတပါး၌ ငါသည် သာဝတ္ထိပြည် အန္ဓဝန်တော၌ပင် နေ၏။ ထိုအခါ ငါသည် ထိုသို့ သဘောရှိသော တည်ကြည်မှု (သမာဓိ)ကို ဝင်စားပြီးလျှင် ယင်းသည့် သဘောကား မြေ၌ မြေဟု အမှတ်ရှိသူ မဖြစ်ခဲ့ပေ၊ ရေ၌ ရေဟု အမှတ်ရှိသူ မဖြစ်ခဲ့ပေ၊ မီး၌ မီးဟု အမှတ်ရှိသူ မဖြစ်ခဲ့ ပေ၊ လေ၌ လေဟု အမှတ်ရှိသူ မဖြစ်ခဲ့ပေ၊ အဆုံးမရှိသော ကောင်းကင်တည်ရာ၌ အဆုံးမရှိ သော ကောင်းကင်တည်ရာဟု အမှတ်ရှိသူ မဖြစ်ခဲ့ပေ၊ အဆုံးမရှိသော ဝိညာဏ်တည်ရာ၌ အဆုံးမရှိသော ဝိညာဏ်တည်ရာဟု အမှတ်ရှိသူ မဖြစ်ခဲ့ပေ၊ တစုံတခုမျှ မရှိဟူသော တည်ရာ၌ တစုံတခုမျှ မရှိဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ခဲ့ပေ၊သညာရှိသည်လည်း မဟုတ် သညာမရှိ သည်လည်း မဟုတ်ဟူသော တည်ရာ၌ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ခဲ့ပေ၊ ဤလောက၌ ဤလောကဟု အမှတ်ရှိသူ မဖြစ်ခဲ့ပေ၊ တပါးသော လောက၌ တပါးသော လောက ဟု အမှတ်ရှိသူ မဖြစ်ခဲ့ပေ၊ (သို့ပင်ဖြစ် သော်လည်း) ငါသည် သညာ ရှိသူကား ဖြစ်ခဲ့ပေ၏ ဟု (မိန့်ဆို၏)။

အသျှင်သာရိပုတြာသည် ထိုအခါ အဘယ်သညာ ရှိသူ ဖြစ်ခဲ့ပါသနည်း ဟု (မေး၏)။

ငါ့သျှင် "ဘဝချုပ်ခြင်းသည် နိဗ္ဗာန်တည်း၊ ဘဝချုပ်ခြင်းသည် နိဗ္ဗာန်တည်း" ဟု ငါ့အား သညာသည် တမျိုးတခြားသာလျှင် ဖြစ်ပေါ်၏၊ သညာသည် တမျိုးတခြားသာလျှင် ချုပ်၏။ ငါ့သျှင် ကောက်ရိုးမီး တောက်ပရာဝယ် မီးလျှံသည် တမျိုးတခြားသာ ဖြစ်သကဲ့သို့ မီးလျှံသည် တမျိုးတခြားသာ ချုပ်သကဲ့သို့ ဤအတူပင် "ဘဝချုပ်ခြင်းသည် နိဗ္ဗာန်တည်း၊ ဘဝချုပ်ခြင်း သည် နိဗ္ဗာန်တည်း" ဟု သညာသည် တမျိုးတခြားသာလျှင် ဖြစ်ပေါ်၏၊ သညာသည် တမျိုး တခြားသာလျှင် ချုပ်၏။ ငါ့သျှင် ငါသည် ထိုအခါ၌ ဘဝချုပ်ခြင်းသည် နိဗ္ဗာန်တည်း ဟု သညာ ရှိသူကား ဖြစ်ခဲ့၏ ဟု (မိန့်ဆို၏)။

သတ္တမသုတ်။

---

## ဂ-ဈာနသုတ်

ဂ။ ရဟန်းတို့ ရဟန်းသည် သဒ္ဓါတရားကား ရှိ၏၊ သီလကား မရှိ၊ ဤသို့ ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့် မပြည့်စုံ၊ ထိုရဟန်းသည် "အဘယ်သို့လျှင် ငါသည် သဒ္ဓါရှိသူသည် ငင်း သီလရှိသူသည်ငင်း ဖြစ်ပါအံ့နည်း" ဟု ထိုအင်္ဂါကို ပြည့်စေအပ်၏။ ရဟန်းတို့ အကြင် အခါ၌ကား ရဟန်းသည် သဒ္ဓါတရားလည်း ရှိ၏၊ သီလလည်း ရှိ၏၊ ဤသို့ ဖြစ်သော် ထိုရဟန်း သည် ထိုအင်္ဂါနှင့် ပြည့်စုံ၏။

ရဟန်းတို့ ရဟန်းသည် သဒ္ဓါတရားလည်း ရှိ၏၊ သီလလည်း ရှိ၏၊ အကြားအမြင်ကား မရှိ။ပ။ အကြားအမြင်လည်း ရှိ၏၊ တရားဟော ဓမ္မကထိကကား မဟုတ်။ ဓမ္မကထိကလည်း ဟုတ်၏၊ ပရိသတ်၌ ကျက်စားသူကား မဟုတ်။ ပရိသတ်၌ ကျက်စားသူလည်း ဟုတ်၏၊ ပရိသတ်၌ ကား ရဲရဲရင့်ရင့် တရားမဟောတတ်။ ပရိသတ်၌လည်း ရဲရဲရင့်ရင့် တရားဟောတတ်၏၊ ဝိနည်းကိုရ

http://www.dhammadownload.com



ကား မဟုတ်။ ဝိနည်းဓိုရ်လည်း ဟုတ်၏၊ အစွန်အဖျားကျသော တောကျောင်းနေကား မဟုတ်။ အစွန်အဖျားကျသော တောကျောင်းနေလည်း ဟုတ်၏၊ လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်သည့် ဈာန်လေးပါးတို့ကို အလိုရှိတိုင်းရသူ မငြိုမငြင်ရသူ မပင်မပန်းရသူကား မဟုတ်။ လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်သည့် ဈာန်လေးပါးတို့ကို အလိုရှိတိုင်း ရသူ မငြိုမငြင်ရသူ မပင်မပန်း ရသူလည်းဟုတ်၏၊ အာသဝေါတရားတို့ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ကား မနေ၊ ဤသို့ ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့် မပြည့်စုံ။ ထိုရဟန်းသည် ထိုအင်္ဂါကို "ငါသည် အဘယ်သို့လျှင် သဒ္ဓါတရား ရှိသူသည်ငင်း သီလရှိသူသည်ငင်း အကြားအမြင် ရှိသူသည်ငင်း ဓမ္မကထိကသည်ငင်း ပရိသတ်၌ ကျက်စားသူသည်ငင်း ဖြစ်ရပါအံ့နည်း၊ ပရိသတ်၌ ရဲရဲရင့်ရင့် တရားဟောရပါအံ့နည်း၊ ဝိနည်းဓိုရ်သည်ငင်း အစွန်အဖျားကျသော တောကျောင်းနေသူသည်ငင်း လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်သည့် ဈာန်လေးပါးတို့ကို အလိုရှိတိုင်းရသူ မငြိုမငြင် ရသူ မပင်မပန်း ရသူသည်ငင်း ဖြစ်ရပါအံ့နည်း၊ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေရပါအံ့နည်း" ဟု ပြည့်စုံစေအပ်၏။

ရဟန်းတို့ အကြင်အခါ၌ကား ရဟန်းသည် သဒ္ဓါတရားလည်း ရှိ၏၊ သီလလည်း ရှိ၏၊ အကြားအမြင်လည်း ရှိ၏၊ ဓမ္မကထိကလည်း ဟုတ်၏၊ ပရိသတ်၌လည်း ကျက်စား၏၊ ပရိသတ်၌လည်း ရဲရဲရင့်ရင့် တရားဟော၏၊ ဝိနည်းဓိုရ်လည်း ဟုတ်၏၊ အစွန်အဖျားကျသော တောကျောင်းနေသူလည်း ဟုတ်၏၊ လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်သည့် ဈာန်လေးပါးတို့ကို အလိုရှိတိုင်း ရသူ မငြိုမငြင် ရသူ မပင်မပန်း ရသူလည်း ဟုတ်၏၊ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍လည်း နေ၏။ ဤသို့ ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့် ပြည့်စုံ၏။

ရဟန်းတို့ ဤတရားဆယ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ထက်ဝန်းကျင် ကြည်ညိုဖွယ် ရှိသူသည်ငင်း အခြင်းအရာ အားလုံးနှင့် ပြည့်စုံသူသည်ငင်း ဖြစ်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-သန္တဝိမောက္ခသုတ်

၉။ ရဟန်းတို့ ရဟန်းသည် သဒ္ဓါတရားကားရှိ၏၊ သီလကား မရှိ။ပ။ သီလလည်းရှိ၏၊ အကြားအမြင်ကား မရှိ။ အကြားအမြင်လည်း ရှိ၏၊ ဓမ္မကထိကကား မဟုတ်။ ဓမ္မကထိကလည်း ဟုတ်၏၊ ပရိသတ်၌ ကျက်စားသူကား မဟုတ်။ ပရိသတ်၌ ကျက်စားသူကား ဟုတ်၏၊ ပရိသတ်၌လည်း

http://www.dhammadownload.com



ရဲရဲရင့်ရင့်ကား တရားမဟောနိုင်။ ပရိသတ်၌ ရဲရဲရင့်ရင့်လည်း တရားဟောနိုင်၏၊ ဝိနည်းဓိုရ် ကား မဟုတ်။ ဝိနည်းဓိုရ်လည်း ဟုတ်၏၊ အစွန်အဖျားကျသော တောကျောင်း၌ နေသူ မဟုတ်။ အစွန်အဖျားကျသော တောကျောင်း၌ နေသူလည်း ဟုတ်၏၊ ရုပ် (ရူပဈာန်) တို့ကို လွန်မြောက်၍ ငြိမ်သက် လွတ်မြောက်သော အရူပဈာန် 'ဝိမောက္ခ' တို့ကိုကား ကိုယ်ဖြင့် တွေ့ထိ၍ မနေ။ ထိုတရားတို့ကိုလည်း ကိုယ်ဖြင့် တွေ့ထိ၍ နေ၏၊ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင်လျှင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုကာ ရောက်၍ မနေ၊ ထိုသို့ ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့် မပြည့်စုံ။ ထိုရဟန်းသည် ထိုအင်္ဂါကို "ငါသည် အဘယ်သို့လျှင် သဒ္ဓါတရားရှိသူသည်ငှင်း သီလရှိသူသည်ငှင်း အကြားအမြင်ရှိသူသည်ငှင်း ဓမ္မကထိကသည်ငှင်း ပရိသတ်၌ ကျက်စားသူသည်ငှင်း ဖြစ်ရပါအံ့နည်း၊ ပရိသတ်၌ ရဲရဲရင့်ရင့် တရားဟောသူသည်ငှင်း ဝိနည်းဓိုရ်သည်ငှင်း အစွန်အဖျားကျသော တောကျောင်းနေသူသည်ငှင်း ရုပ်(ရူပဈာန်)တို့ကို လွန်မြောက်၍ ငြိမ်သက် လွတ်မြောက်သော အရူပဈာန်တို့ကို ကိုယ်ဖြင့် တွေ့ထိ၍ နေရသူသည်ငှင်း ဖြစ်ပါအံ့နည်း၊ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင်လျှင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြု၍ နေရ ပါအံ့နည်း" ဟု ပြည့်စုံစေအပ်၏။

ရဟန်းတို့ အကြင်အခါ၌ကား ရဟန်းသည် သဒ္ဓါတရားလည်း ရှိ၏၊ သီလလည်း ရှိ၏၊ အကြားအမြင်လည်း ရှိ၏၊ ဓမ္မကထိကလည်း ဟုတ်၏၊ ပရိသတ်၌ ကျက်စားသူလည်း ဖြစ်၏၊ ပရိသတ်၌ ရဲရဲရင့်ရင့်တရားဟောသူလည်းဖြစ်၏၊ ဝိနည်းဓိုရ်လည်း ဟုတ်၏၊ အစွန်အဖျား ကျသော တောကျောင်းနေသူလည်း ဟုတ်၏၊ ရုပ်(ရူပဈာန်)တို့ကို လွန်မြောက်၍ ငြိမ်သက် လွတ်မြောက်သော အရူပဈာန် 'ဝိမောက္ခ' တို့ကိုလည်း ကိုယ်ဖြင့် တွေ့ထိ၍နေ၏၊ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုကာ ရောက်၍ နေ၏၊ ဤသို့ ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤတရား ဆယ်ပါးတို့နှင့် ပြည့်စုံသော ရဟန်းသည် ထက်ဝန်းကျင် ကြည်ညိုဖွယ် ရှိသူသည်ငှင်း အခြင်း အရာ အားလုံးနှင့် ပြည့်စုံသူသည်ငှင်း ဖြစ်၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဝိဇ္ဇာသုတ်

၁၀။ ရဟန်းတို့ ရဟန်းသည် သဒ္ဓါတရားရှိ၏၊ သီလကားမရှိ။ ဤသို့ဖြစ်သော် ထို ရဟန်းသည် ထိုအင်္ဂါနှင့် မပြည့်စုံ။ "ငါသည် အဘယ်သို့လျှင် သဒ္ဓါတရားရှိသူသည်ငှင်း သီလရှိသူသည်ငှင်း ဖြစ်ပါအံ့နည်း" ဟု ထိုအင်္ဂါကို ပြည့်စုံစေအပ်၏။ ရဟန်းတို့ အကြင်အခါ၌ကား ရဟန်းသည် သဒ္ဓါ တရားလည်းရှိ၏၊ သီလလည်းရှိ၏။ ဤသို့ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့် ပြည့်စုံ၏။ ရဟန်းတို့ ရဟန်းသည် သဒ္ဓါ တရားလည်းရှိ၏၊ သီလလည်း ရှိ၏၊ ဓမ္မကထိကကား မဟုတ်။ပ။ ဓမ္မကထိကလည်း ဟုတ်၏၊ ပရိသတ်၌ ကျက်စားသူကား မဟုတ်။ ပရိသတ်၌ ကျက်စားသူလည်း ဟုတ်၏၊ ရဲရဲ

http://www.dhammadownload.com



ရင့်ရင့်ကား ပရိသတ်၌ တရားမဟောနိုင်။ ရဲရဲရင့်ရင့် ပရိသတ်၌ တရားဟော၏၊ ဝိနည်းခိုရ်ကား မဟုတ်။ ဝိနည်းခိုရ်လည်း ဟုတ်၏၊ တဘာဝကိုရင်း နှစ်ဘဝတို့ကိုရင်း ။ပ။ ဤသို့ အခြင်းအရာနှင့် တကွညွှန်ပြဖွယ် အမည် အနွယ်နှင့်တကွ များစွာသော ရှေး၌ နေဘူးသည့် (ခန္ဓာအစဉ်) ကို မအောက်မေ့နိုင်။ များစွာသော။ပ။ ရှေး၌ နေဘူးသည့် ခန္ဓာအစဉ်ကိုလည်း အောက်မေ့နိုင်၏၊ လူတို့၏ မျက်စိကို လွန်သော စင်ကြယ်သော နတ်မျက်စိနှင့်တူသော မျက်စိဖြင့်။ပ။ ကံအား လျော်စွာဖြစ်သော သတ္တဝါတို့ကိုကား ခွဲခြား၍ မသိ။ လူတို့၏ မျက်စိကိုလွန်သော စင်ကြယ်သော နတ်မျက်စိနှင့်တူသော မျက်စိဖြင့်။ပ။ကံအား လျော်စွာ ဖြစ်သော သတ္တဝါတို့ကိုကား ခွဲခြား၍ သိ၏၊ အာသဝေါ တရားတို့၏ ကုန်ခြင်းကြောင့်။ပ။ မျက်မှောက်ပြုကာ ရောက်၍ မနေ။ ဤသို့ ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့် မပြည့်စုံ။ ထို့ကြောင့် "ငါသည် အဘယ်သို့လျှင် သဒ္ဓါတရား ရှိသူသည်ရင်း သီလရှိသူသည်ရင်း အကြားအမြင်များသူသည်ရင်း ဓမ္မကထိကသည်ရင်း ပရိသတ်၌ ကျက်စားသူသည်ရင်း ပရိသတ်၌ ရဲရဲရင့်ရင့် တရားဟောသူသည်ရင်း ဝိနည်းခိုရ်ဖြစ်ရပါအံ့နည်း၊ တဘာဝကိုရင်း နှစ်ဘဝတို့ကိုရင်း ။ပ။ ဤသို့အခြင်းအရာနှင့် တကွ ညွှန်ပြဖွယ် အမည်အနွယ်နှင့် တကွ တပါးမက(များစွာ)သော ရှေး၌ နေဘူးသည့်(ခန္ဓာအစဉ်)ကို အောက်မေ့နိုင်သူသည်ရင်း လူတို့၏ မျက်စိကို လွန်သော စင်ကြယ်သော နတ်မျက်စိနှင့် တူသော မျက်စိဖြင့်။ပ။ ကံအား လျော်စွာဖြစ်သော သတ္တဝါတို့ကိုခွဲခြား၍သိသူသည်ရင်း ဖြစ်ရပါအံ့နည်း၊ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့်။ပ။ မျက်မှောက်ပြုကာ ရောက်၍ နေသူသည်ရင်း ဖြစ်ရပါအံ့နည်း"ဟု ထိုအင်္ဂါကို ပြည့်စုံစေအပ်၏။

ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် သဒ္ဓါတရားလည်းရှိ၏၊ သီလလည်းရှိ၏၊ အကြားအမြင်လည်းများ၏။ ဓမ္မကထိကလည်း ဟုတ်၏၊ ပရိသတ်၌လည်း ကျက်စား၏၊ ပရိသတ်၌ ရဲရဲရင့်ရင့် တရားဟော၏၊ ဝိနည်းခိုရ်လည်းဟုတ်၏၊ တဘာဝကိုရင်း နှစ်ဘဝတို့ကိုရင်း။ပ။ ဤသို့ အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် အမည်အနွယ်နှင့်တကွ များစွာ သော ရှေး၌ နေဘူးသည့်(ခန္ဓာအစဉ်) ကိုလည်း အောက်မေ့နိုင်၏၊ လူတို့၏ မျက်စိထက် လွန်သော စင်ကြယ်သော နတ်မျက်စိနှင့် တူသော မျက်စိဖြင့်။ပ။ ကံအားလျော်စွာဖြစ်သော သတ္တဝါတို့ကိုလည်း ခွဲခြား၍ သိ၏၊ အာသဝေါ တရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ မရှိသော လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကိုလည်း ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ရောက်၍ နေ၏။ ဤသို့ ဖြစ်သော် ထိုရဟန်းသည် ထိုအင်္ဂါနှင့် ပြည့်စုံ၏။

ရဟန်းတို့ ဤတရားဆယ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ထက်ဝန်းကျင် ကြည်ညိုဖွယ် ရှိသူသည်ရင်း အခြင်းအရာ အားလုံးနှင့် ပြည့်စုံသူသည်ရင်း ဖြစ်၏ဟု(မိန့်တော်မူ၏)။

ဒသမသုတ်။

ရှေးဦးစွာသော အာနိသံသဝဂ် ပြီး၏။

## ၂-နာထဝဂ် ၁-သေနာသနသုတ်

၁၁။ ရဟန်းတို့ အင်္ဂါငါးမျိုးတို့နှင့်ပြည့်စုံသော ရဟန်းသည် အင်္ဂါငါးမျိုးနှင့် ပြည့်စုံသော ကျောင်းကို မှီဝဲဆည်းကပ်ရသော် မကြာမီပင် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ

http://www.dhammadownload.com



မရှိသော လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်'ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ရောက်၍ နေရရာ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အင်္ဂါငါးမျိုးနှင့်ပြည့်စုံသနည်း။ ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည် သဒ္ဓါတရားရှိ၏၊ "မြတ်စွာဘုရားသည် ပူဇော်အထူးကိုခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ ဘုန်းတော်ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၏အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကို ယုံကြည်၏၊အနာကင်းသူ ဆင်ရဲကင်းသူ အစာကို အညီအမျှ ကြေကျက်စေတတ်သည့် မအေးလွန်း မပူလွန်းသော ကမ္မဋ္ဌာန်းအားထုတ်ရန် ခံ့သော ဝမ်းမီးနှင့် ပြည့်စုံသူ ဖြစ်၏၊ မစဉ်းလဲသူ မလှည့်ပတ်သူ ဆရာ၌သော်၎င်း သိကြားလိမ္မာသော သီတင်းသုံးဖော်တို့၌သော်၎င်း ဟုတ်တိုင်းမှန်စွာ မိမိကိုယ်ကို ထင်စွာပြုတတ်သူ ဖြစ်၏၊ အကုသိုလ်တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့ကို ဖြစ်စေရန် ထက်သန်သော လုံ့လရှိသည် ဖြစ်၍နေ၏၊ အားအစွမ်းနှင့် ပြည့်စုံ၏၊မြဲမြံသော လုံ့လရှိ၏၊ကုသိုလ်တရားတို့၌ တာဝန်ကိုပစ်ချထားသူ မဟုတ်။ ပညာရှိ၏၊ အဖြစ်အပျက်ကိုသိသော ကိလေသာတို့ကို ဖောက်ထွင်းနိုင်သော ဒုက္ခကုန်ရာနိဗ္ဗာန်သို့ ကောင်းစွာ ရောက်စေနိုင်သော မြတ်သော ပညာနှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံ၏။

ရဟန်းတို့ အဘယ်သို့လျှင် ကျောင်းသည် အင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသနည်း။ ရဟန်းတို့ ဤ သာသနာတော်၌ ကျောင်းသည် ရွာနှင့်မဝေးလွန်း မနီးလွန်း ဖြစ်၏၊ အသွားအလာ လွယ်ကူ၏၊ နေ့အခါ လူ မပြွမ်း ညချမ်းအခါ အသံ တိတ်ဆိတ်၏၊ ဆူဆူ ညံညံ မရှိ၊ မှက် ခြင် လေ နေပူ မြွေ ကင်းသန်းတို့၏ အတွေ့အထိ နည်းပါး၏၊ ထိုကျောင်း၌နေသူ (ရဟန်း)အား သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏အထောက်အပံ့ ဆေး အသုံးအဆောင်တို့သည် မငြိုငြင်သဖြင့် ဖြစ်ပေါ်ကုန်၏၊ ထို ကျောင်း၌ အကြား အမြင် များကုန်သော ပါဠိတော်ကို နှုတ်ငုံ ဆောင်ကုန်သော တရားတော် ဝိနည်းတော်ကို ဆောင်ကုန်သော ပါတိမောက်ကို ဆောင်ကုန်သော မထေရ်ကြီးတို့သည် နေကုန်၏၊ ထို မထေရ်ကြီးတို့သို့ ရံခါ ရံခါ ချဉ်းကပ်၍ "အသျှင်ဘုရား ဤ တရားကား အဘယ်သို့ပါနည်း၊ ဤ တရား၏ အနက်(အဓိပ္ပါယ်)ကား အဘယ်သို့ပါနည်း"ဟု မေးရ၏၊ ပြဿနာ လျှောက်ရ၏၊ ထို ရဟန်းအား ထို အသျှင်မြတ်တို့သည် မဖွင့်သည်ကိုလည်း ဖွင့်ပြ ကုန်၏၊ မပေါ်လွင်သည်ကိုလည်း ပေါ်လွင်အောင် ပြုကုန်၏၊ တပါးမက များစွာ ကုန်သော ယုံမှားကြောင်း တရားတို့၌ ယုံမှားခြင်းကို ပယ်ဖျောက်ကုန်၏။ရဟန်းတို့ ဤသို့လျှင် ကျောင်းသည် အင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံ၏။

ရဟန်းတို့ အင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းကို မှီဝဲဆည်းကပ်ရသော် မကြာမီ ပင် အာသဝေါတို့၏ ကုန်ခြင်းကြောင့် အာသဝေါ မရှိသော(အရဟတ္တဖိုလ်)စိတ်နှင့်(အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ရောက်၍ နေရရာ၏ဟု (မိန့်တော်မူခဲ့၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-မဉ္ဇုက်သုတ်

၁၂။ ရဟန်းတို့ အင်္ဂါငါးမျိုးကို ပယ်ပြီး၍ အင်္ဂါငါးမျိုးနှင့် ပြည့်စုံသော ရဟန်းကို ဤ ဓမ္မဝိနယ 'သာသနာတော်' ၌ အလုံးစုံ(ဂုဏ်)ရှိသော ကျင့်သုံးပြီးသော "ယောကျ်ားမြတ်"ဟု ဆိုအပ်၏။ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အင်္ဂါငါးမျိုးကို ပယ်ပြီးသူဖြစ်သနည်း၊ ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည် ကာမဂုဏ်လိုချင်မှု 'ကာမစ္ဆန္ဒ'ကို ပယ်ပြီးသူ ဖြစ်၏၊ ပျက်စီးစေလိုမှု 'ဗျာပါဒ'ကို ပယ်ပြီးသူဖြစ်၏၊ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'ကို ပယ်ပြီးသူ ဖြစ်၏၊ ပျံ့လွင့်မှု နောင်တ တဖန် ပူပန်မှု 'ဥဒ္ဓစ္စကုက္ကုစ္စ'ကို ပယ်ပြီးသူဖြစ်၏၊ ယုံမှားမှု'ဝိစိကိစ္ဆာ' ကို ပယ်ပြီးသူဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အင်္ဂါငါးမျိုးကို ပယ်ပြီးသူဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အင်္ဂါငါးမျိုးနှင့် ပြည့်စုံသူ ဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရဟန္တာတို့၏ ဥစ္စာဖြစ်သော သီလအစုနှင့် ပြည့်စုံ၏၊ သမာဓိ အစုနှင့် ပြည့်စုံ၏၊ ပညာအစုနှင့် ပြည့်စုံ၏၊ လွတ်မြောက်မှုအစု 'အရဟတ္တဖိုလ်' နှင့် ပြည့်စုံ၏၊ လွတ်မြောက်မှုကို သိမှုအစု 'ပစ္စဝေက္ခဏာဉာဏ်'နှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်း သည် အင်္ဂါငါးမျိုးနှင့်ပြည့်စုံ၏။ရဟန်းတို့ အင်္ဂါငါးမျိုးကိုပယ်ပြီး၍ အင်္ဂါငါးမျိုးနှင့် ပြည့်စုံသော ရဟန်းကို ဤ ဓမ္မဝိနယ'သာသနာတော်'၌ အလုံးစုံ (ဂုဏ်)ရှိသော ကျင့်သုံးပြီးသော"ယောကျ်ား မြတ်"ဟု ဆိုအပ်၏။

ရဟန်းအား ကာမဂုဏ် လိုချင်မှု ပျက်စီးစေလိုမှု ထိုင်းမှိုင်းမှု ပျံ့လွင့်မှု ယုံမှားမှုတို့သည် အချင်းခပ်သိမ်း မရှိ။

ရဟန္တာတို့၏ ဥစ္စာဖြစ်သော သီလနှင့်၎င်း ရဟန္တာတို့၏ ဥစ္စာဖြစ်သော သမာဓိ နှင့်၎င်း လွတ်မြောက်မှု 'အရဟတ္တဖိုလ်'နှင့်၎င်း ပြည့်စုံ၏၊ (ပစ္စဝေက္ခဏာ)ဉာဏ်နှင့်လည်း ပြည့်စုံသော သဘောရှိ၏။

အင်္ဂါငါးမျိုးတို့ကို ပယ်၍ အင်္ဂါငါးမျိုးနှင့်ပြည့်စုံသော ထိုသို့သဘောရှိသော ထိုရဟန်း ကို စင်စစ် ဤ ဓမ္မဝိနယ 'သာသနာတော်'၌ အလုံးစုံ(ဂုဏ်)နှင့် ပြည့်စုံသူဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-သံယောဇနသုတ်

၁၃။ ရဟန်းတို့ သံယောဇဉ်တို့သည် ဤဆယ်မျိုးတို့ဘည်း။ ဆယ်မျိုးတို့ဟူသည် အဘယ် တို့နည်း၊ အောက်ပိုင်းသံယောဇဉ်ငါးမျိုး အထက်ပိုင်းသံယောဇဉ် ငါးမျိုးတို့ဘည်း။

အောက်ပိုင်း သံယောဇဉ် ငါးမျိုးတို့ဟူသည် အဘယ်တို့နည်း၊ ထင်ရှားရှိသော ကိုယ်၌ အမှားယူမှု 'သက္ကာယဒိဋ္ဌိ'၊ ယုံမှားမှု 'ဝိစိကိစ္ဆာ'၊ သီလအကျင့်ကို အမှားသုံးသပ်မှု 'သီလဗ္ဗတ ပရာမာသ'၊ ကာမဂုဏ်လိုချင်မှု 'ကာမစ္ဆန္ဒ'၊ ပျက်စီးစေလိုမှု 'ဗျာပါဒ' တို့တည်း။ ဤသည်တို့ကား အောက်ပိုင်း သံယောဇဉ် ငါးမျိုးတို့တည်း။

http://www.dhammadownload.com



အထက်ပိုင်း သံယောဇဉ် ငါးမျိုးတို့ဟူသည် အဘယ်တို့နည်း၊ ရူပဘုံ၌ တပ်စွန်းမှု'ရူပရာဂ'၊ အရူပဘုံ၌တပ်စွန်းမှု 'အရူပရာဂ'၊ ထောင်လွှားမှု 'မာန'၊ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'၊ မသိမှု အဝိဇ္ဇာတို့ဘည်း၊ ဤသည်တို့ကား အထက်ပိုင်း သံယောဇဉ်ငါးမျိုးတို့တည်း။ ရဟန်းတို့ ဤသည်တို့ကား သံယောဇဉ် ဆယ်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

တတိယသုတ်၊

## ၄-စေတောခိလသုတ်

၁၄။ ရဟန်းတို့ မည်သည့်ရဟန်း ရဟန်းမိန်းမအားမဆို စိတ်၏ငြောင့်တံသင်း ငါးမျိုးတို့ကို မပယ်ရသေးကုန်၊ စိတ်၏ အနှောင်အဖွဲ့ငါးမျိုးတို့ကို မဖြတ်ရသေးကုန်၊ ထိုရဟန်း ရဟန်းမိန်းမ အား ရောက်လာတိုင်းသော ညဥ့်နေ့ရှိသမျှ ကုသိုလ်တရားတို့၌ ဆုတ်ယုတ်မှုသာ (မချွတ်ဖြစ်လိမ့်မည်ဟု)မြော်လင့်နိုင်၏၊(တိုးပွါးမှု ဖြစ်လိမ့်မည်ဟု) မမြော်လင့်နိုင် ထိုပုဂ္ဂိုလ်အား အဘယ် စိတ်၏ ငြောင့်တံသင်း ငါးမျိုးတို့ကို မပယ်ရသေးသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဘုရား၌ ယုံမှား၏၊ တွေးတော၏၊ မဆုံးဖြတ်နိုင်၊ မကြည်လင်၊ ရဟန်းတို့ ဘုရား၌ ယုံမှားတွေးတော မဆုံးဖြတ်နိုင် မကြည်လင်နိုင်သော ရဟန်း၏ စိတ်သည် အားထုတ်ရန် အကြိမ်ကြိမ် အားထုတ်ရန် မပြတ်အားထုတ်ရန် လုန်စွာ အားထုတ်ရန် မညွတ်။ ဤသို့ အားထုတ်ရန် အကြိမ်ကြိမ် အားထုတ်ရန် မပြတ်အားထုတ်ရန် လွန်စွာအားထုတ်ရန် စိတ်မညွတ်သော ရဟန်းအား ပဌမ ဤ စိတ်၏ ငြောင့်တံသင်းကို မပယ်ရသေးသည်ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် တရား၌ ယုံမှား၏၊ပ။ သံဃာ၌ ယုံမှား၏။ပ။ အကျင့်'သိက္ခာ'၌ ယုံမှား၏။ သီတင်းသုံးဖော်တို့၌ အမျက်ထွက်၏၊ မနှစ်သက်သော စိတ်ရှိ၏၊ ထိပါးပုတ်ခတ်လိုသော စိတ်ရှိ၏၊ ငြောင့်တံသင်း သဖွယ် ဖြစ်၏။ ရဟန်းတို့ သီတင်းသုံးဖော်တို့၌ အမျက်ထွက်သော မနှစ်သက်သောစိတ်ရှိသော ထိပါးပုတ်ခတ်လိုသော စိတ်ရှိသော ငြောင့် တံသင်းသဖွယ်ဖြစ်သော ရဟန်း၏ စိတ်သည် အားထုတ်ရန် အကြိမ်ကြိမ် အားထုတ်ရန် မပြတ် အားထုတ်ရန် လွန်စွာအားထုတ်ရန် မညွတ်။ ဤသို့ အားထုတ်ရန် အကြိမ်ကြိမ် အားထုတ်ရန် မပြတ်အားထုတ်ရန် လွန်စွာ အားထုတ်ရန် စိတ်မညွတ်သော ရဟန်းအား ပဥ္စမ ဤ စိတ်၏ငြောင့် တံသင်းကို မပယ်ရသေးသည် ဖြစ်၏။ ထိုရဟန်းအား ဤ စိတ်၏ငြောင့်တံသင်း ငါးမျိုးတို့ကို မပယ်ရသေးသည် ဖြစ်ကုန်၏။

ထိုပုဂ္ဂိုလ်အား အဘယ် စိတ်၏အနှောင်အဖွဲ့ ငါးမျိုးတို့ကို မဖြတ်ရသေးသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့၌ တပ်စွန်းမှု 'ရာဂ' မကင်းသေး၊ အလိုဆန္ဒ မကင်းသေး ချစ်ခင်မှု မကင်းသေး မွတ်သိပ်မှု မကင်းသေး ပူလောင်မှု မကင်းသေး တပ်မက်မှု'တဏှာ' မကင်း သေး။ ရဟန်းတို့ ကာမတို့၌ တပ်စွန်းမှု ရာဂ မကင်းသေးသော အလိုဆန္ဒ မကင်းသေးသော ချစ် ခင်မှု မကင်းသေးသော မွတ်သိပ်မှု မကင်းသေးသော ပူလောင်မှု မကင်းသေးသော တပ်မက်မှု 'တဏှာ' မကင်းသေးသော ရဟန်း၏ စိတ်သည် အားထုတ်ရန် အကြိမ်ကြိမ် အားထုတ်ရန် မပြတ်အားထုတ်ရန်၊ လွန်စွာအားထုတ်ရန် မညွတ်။ ဤသို့ အားထုတ်ရန် အကြိမ်ကြိမ် အားထုတ် ရန် မပြတ်အားထုတ်ရန် လွန်စွာအားထုတ်ရန် စိတ်မညွတ်သော ရဟန်းအား ပဌမ ဤစိတ်၏ အနှောင်အဖွဲ့ကို မဖြတ်ရသေးသည်ဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် (မိမိ)ကိုယ်၌ တပ်စွန်းမှု 'ရာဂ' မကင်းသေး။ပ။ ရုပ်၌ တပ်စွန်းမှု မကင်းသေး။ပ။အလိုရှိတိုင်း ဝမ်းပြည့်အောင်စား၍ အိပ်မှုချမ်းသာ တပြောင်းပြန်ပြန် လူးလဲမှု ချမ်းသာ ငိုက်မျဉ်းမှု ချမ်းသာကို အားထုတ်လျက် နေ၏။ "ငါသည် ဤသီလဖြင့်ငှင်း ဤကျင့်ဝတ်ဖြင့်ငှင်း ဤခြိုးခြံမှုဖြင့်ငှင်း ဤမြတ်သောအကျင့်ဖြင့်ငှင်း နတ်မင်းသော်လည်း ဖြစ်ရလို၏၊ နတ်သားသော်လည်း ဖြစ်ရလို၏"ဟု တပါးပါးသော နတ်အဖြစ်ကို တောင့်တ၍ မြတ်သောအကျင့်ကို ကျင့်၏။ ရဟန်းတို့ "ငါသည် ဤသီလဖြင့်ငှင်း ဤကျင့်ဝတ်ဖြင့်ငှင်း ဤခြိုးခြံမှုဖြင့်ငှင်း ဤမြတ်သောအကျင့်ဖြင့်ငှင်း နတ်မင်းသော်လည်း ဖြစ်ရလို၏၊ နတ်သားသော်လည်း ဖြစ်ရလို၏"ဟု တပါးပါးသော နတ်အဖြစ်ကိုတောင့်တ၍ မြတ်သောအကျင့်ကို ကျင့်သော ရဟန်း၏ စိတ်သည် အားထုတ်ရန် အကြိမ်ကြိမ်အားထုတ်ရန် မပြတ်အားထုတ်ရန် လွန်စွာ အားထုတ်ရန် မညွတ်။ ဤသို့ အားထုတ်ရန် အကြိမ်ကြိမ် အားထုတ်ရန် မပြတ် အားထုတ်ရန် လွန်စွာ အားထုတ်ရန် စိတ်မညွတ်သော ရဟန်းအားပဥ္စမ ဤ စိတ်၏အနှောင်အဖွဲ့ကို မဖြတ်ရသေးသည်ဖြစ်၏။ ထိုရဟန်းအား ဤ စိတ်၏အနှောင်အဖွဲ့ ငါးမျိုးတို့ကို မဖြတ်ရသေးသည် ဖြစ်ကုန်၏။

ရဟန်းတို့ မည်သည့်ရဟန်း ရဟန်းမိန်းမအားမဆို ဤ စိတ်၏ငြောင့်တံသင်း ငါးမျိုးတို့ကို မပယ်ရကုန်သေး၊ စိတ်၏အနှောင်အဖွဲ့ ငါးမျိုးတို့ကို မဖြတ်ရကုန်သေး။ ထိုရဟန်း ရဟန်းမိန်းမအား ရောက်လာတိုင်းသော ညဉ့် နေ့ရှိသမျှ ကုသိုလ်တရားတို့၌ ဆုတ်ယုတ်မှုသာ (မချွတ်ဖြစ်လိမ့်မည်ဟု) မြှော်လင့်နိုင်၏၊ တိုးပွါးမှု (ဖြစ်လိမ့်မည်ဟု) မမြှော်လင့်နိုင်။

ရဟန်းတို့ လဆုတ်ပက္ခ၌ လသည် ရောက်လာတိုင်းသော ညဉ့် နေ့ရှိသမျှ အဆင်းအားဖြင့် ဆုတ်ယုတ်သည်သာ အဝန်း အဝိုင်း)အားဖြင့် ဆုတ်ယုတ်သည်သာ အရောင်အားဖြင့် ဆုတ်ယုတ်သည်သာ လုံးယပ် (အရှည်အပြန့်) အားဖြင့် ဆုတ်ယုတ်သည်သာ ဖြစ်သကဲ့သို့ ရဟန်းတို့ ဤ အတူပင် မည်သည့်ရဟန်း ရဟန်းမိန်းမအားမဆို ဤ စိတ်၏ငြောင့်တံသင်း ငါးမျိုးတို့ကို မပယ်ရသေး၊ ဤစိတ်၏ အနှောင်အဖွဲ့ ငါးမျိုးတို့ကို မဖြတ်ရကုန်သေး။ ထို ရဟန်း ရဟန်းမိန်းမအား ရောက်လာတိုင်းသော ညဉ့် နေ့ရှိသမျှ ကုသိုလ်တရားတို့၌ ဆုတ်ယုတ်မှုသာ (မချွတ်ဖြစ်လိမ့်မည်ဟု) မြှော်လင့်နိုင်၏၊ တိုးပွါးမှု (ဖြစ်လိမ့်မည်ဟု) မမြှော်လင့်နိုင်။

ရဟန်းတို့ မည်သည့် ရဟန်း ရဟန်းမိန်းမအားမဆို စိတ်၏ ငြောင့်တံသင်း ငါးမျိုးတို့ကို ပယ်ပြီးဖြစ်ကုန်၏၊ စိတ်၏အနှောင်အဖွဲ့ ငါးမျိုးတို့ကို ဖြတ်ပြီး ဖြစ်ကုန်၏။ ထိုရဟန်း ရဟန်းမိန်းမအား ရောက်လာတိုင်းသော ညဉ့် နေ့ရှိသမျှ ကုသိုလ်တရားတို့၌ တိုးပွါးမှုသာ (မချွတ် ဖြစ်လိမ့်မည်ဟု) မြှော်လင့်နိုင်၏၊ ဆုတ်ယုတ်မှု(ဖြစ်လိမ့်မည်ဟု) မမြှော်လင့်နိုင်။

ထိုပုဂ္ဂိုလ်အား အဘယ် စိတ်၏ငြောင့်တံသင်းငါးမျိုးတို့ကို ပယ်ပြီး ဖြစ်ကုန်သနည်း၊ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဘုရား၌ မယုံမှား, မတွေးတော ဆုံးဖြတ်နိုင်၏၊ ကြည်လင်နိုင်၏။ ရဟန်းတို့ ဘုရား၌ မယုံမှား မတွေးတော ဆုံးဖြတ်နိုင် ကြည်လင်နိုင်သော ရဟန်း၏ စိတ်သည် အားထုတ်ရန် အကြိမ်ကြိမ်အားထုတ်ရန် မပြတ်အားထုတ်ရန် လွန်စွာ အားထုတ်ရန် ညွတ်၏။ ဤသို့ အားထုတ်ရန် အကြိမ်ကြိမ် အားထုတ်ရန် မပြတ်အားထုတ်ရန် လွန်စွာ အားထုတ်ရန် စိတ်ညွတ်သော ရဟန်းအား ပဌမ ဤ စိတ်၏ငြောင့်တံသင်းကို ပယ်ထားပြီး ဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် တရား၌ မယုံမှား။ပ။သံဃာ၌ မယုံမှား၊ အကျင့် 'သိက္ခာ'၌ မယုံမှား၊ သီတင်းသုံးဖော်တို့၌ အမျက်မထွက် နှစ်သက်သော စိတ်ရှိ၏၊ထိပါး ပုတ်ခတ်လိုသောစိတ်မရှိ၊ ငြောင့်တံသင်းသဖွယ် မဖြစ်။ ရဟန်းတို့ သီတင်းသုံးဖော်တို့၌ အမျက်မထွက် နှစ်သက်သောစိတ်ရှိသော ထိပါးပုတ်ခတ်လိုသောစိတ်မရှိသော ငြောင့်တံသင်းသဖွယ် မဖြစ်သော ရဟန်း၏ စိတ်သည် အားထုတ်ရန် အကြိမ်ကြိမ်အားထုတ်ရန် မပြတ်အားထုတ်ရန် လွန်စွာ အားထုတ်ရန်ညွတ်၏။ ဤသို့ အားထုတ်ရန် အကြိမ်ကြိမ် အားထုတ်ရန် မပြတ်အားထုတ်ရန် လွန်စွာအားထုတ်ရန် စိတ်ညွတ်သောရဟန်းအား ပဉ္စမ ဤ စိတ်၏ငြောင့်(တံသင်း)ကို ပယ်ထားပြီးသည်ဖြစ်၏။ ထိုရဟန်းအား ဤစိတ်၏ ငြောင့်တံသင်းငါးမျိုးတို့ကို ပယ်ထားပြီး ဖြစ်ကုန်၏။

ထိုပုဂ္ဂိုလ်အား အဘယ် စိတ်၏အနှောင်အဖွဲ့ ငါးမျိုးတို့ကို ကောင်းစွာ ဖြတ်ထားပြီး ဖြစ်ကုန်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့၌ တပ်စွန်းမှု 'ရာဂ' ကင်း၏၊ အလိုဆန္ဒ ကင်း၏၊ ချစ်ခင်မှု ကင်း၏၊ မွတ်သိပ်မှု ကင်း၏၊ ပူလောင်မှု ကင်း၏၊တပ်မက်မှု'တဏှာ' ကင်း၏၊ ရဟန်းတို့ ကာမတို့၌ တပ်စွန်းမှု 'ရာဂ' ကင်းသော အလိုဆန္ဒကင်းသော ချစ်ခင်မှု ကင်းသော မွတ်သိပ်မှု ကင်းသော ပူလောင်မှု ကင်းသော တပ်မက်မှု 'တဏှာ' ကင်းသော ရဟန်း၏စိတ်သည် အားထုတ်ရန် အကြိမ်ကြိမ် အားထုတ်ရန် မပြတ်အားထုတ်ရန် လွန်စွာ အားထုတ်ရန် ညွတ်၏။ ဤသို့ အားထုတ်ရန် အကြိမ်ကြိမ် အားထုတ်ရန် မပြတ် အားထုတ်ရန် လွန်စွာ အားထုတ်ရန် စိတ်ညွတ်သော ရဟန်းအား ပဌမ ဤ စိတ်၏အနှောင်အဖွဲ့ကို ကောင်းစွာ ဖြတ်ထားပြီးဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည်(မိမိ) ကိုယ်၌ တပ်စွန်းမှု'ရာဂ'ကင်း၏။ပ။ ရုပ်၌ တပ်စွန်းမှု 'ရာဂ' ကင်း၏။ပ။အလိုရှိတိုင်း ဝမ်းပြည့်အောင်စား၍ အိပ်မှုချမ်းသာ တပြောင်းပြန်ပြန် လူးလည်းမှုချမ်းသာ ငိုက်မျဉ်းမှုချမ်းသာကို အားထုတ်လျက် မနေ။ "ငါသည် ဤ သီလဖြင့်ငှင်း ဤ ကျင့်ဝတ်ဖြင့်ငှင်း ဤ ခြိုးခြံမှုဖြင့်ငှင်း ဤ မြတ်သော အကျင့်ဖြင့်ငှင်း နတ်မင်းသော်လည်း ဖြစ်ရလို၏၊နတ်သားသော်လည်း ဖြစ်ရလို၏"ဟု တပါးပါးသော နတ်အဖြစ်ကို တောင့်တ၍ မြတ်သောအကျင့်ကို မကျင့်။ ရဟန်းတို့ "ငါသည် ဤ သီလဖြင့်ငှင်း ဤကျင့်ဝတ်ဖြင့်ငှင်း ဤ ခြိုးခြံမှုဖြင့်ငှင်း ဤမြတ်သော အကျင့်ဖြင့်ငှင်း နတ်မင်းသော်လည်း ဖြစ်လို၏၊ နတ်သားသော်လည်း ဖြစ်ရလို၏"ဟု တပါးပါးသော နတ်အဖြစ်ကို တောင့်တ၍ မြတ်သော အကျင့်ကို မကျင့်သော ရဟန်း၏ စိတ်သည် အားထုတ်ရန် အကြိမ်ကြိမ်အားထုတ်ရန် မပြတ် အားထုတ်ရန် လွန်စွာအားထုတ်ရန် ညွတ်၏။ ဤသို့ အားထုတ်ရန် အကြိမ်ကြိမ် အားထုတ်ရန် မပြတ်အားထုတ်ရန် လွန်စွာအားထုတ်ရန် စိတ်ညွတ်သော ရဟန်းအား ပဉ္စမ ဤစိတ်၏အနှောင်အဖွဲ့ကို ကောင်းစွာ ဖြတ်ထားပြီးဖြစ်၏။ ထိုရဟန်းအား ဤ စိတ်၏အနှောင်အဖွဲ့ ငါးမျိုးတို့ကို ကောင်းစွာ ဖြတ်ထားပြီးဖြစ်ကုန်၏။

ရဟန်းတို့ မည်သည့် ရဟန်း ရဟန်းမိန်းမအားမဆို ဤ စိတ်၏ငြောင့်တံသင်း ငါးမျိုးတို့ကို ပယ်ပြီးဖြစ်ကုန်၏၊ ဤစိတ်၏ အနှောင်အဖွဲ့ ငါးမျိုးတို့ကို ကောင်းစွာ ဖြတ်ပြီး ဖြစ်ကုန်၏။ ထို ရဟန်း ရဟန်းမိန်းမအား ရောက်လာသော ညဉ့် နေ့ရှိသမျှ ကုသိုလ်တရားတို့၌ တိုးပွါးမှုသာ (မချွတ်ဖြစ်လိမ့်မည်ဟု) မြော်လင့်နိုင်၏၊ ဆုတ်ယုတ်မှု (ဖြစ်လိမ့်မည်ဟု) မမြော်လင့်နိုင်။

http://www.dhammadownload.com



ရဟန်းတို့ လဆန်းပက္ခ၌ လသည် ရောက်လာတိုင်းသော ညဉ့် နေ့ရှိသမျှ အဆင်းအားဖြင့် တိုးပွါးသည်သာ အဝန်း (အဝိုင်း) အားဖြင့် တိုးပွါးသည်သာ အရောင်အားဖြင့် တိုးပွါးသည်သာ လုံးယပ် (အရှည်အပြန့်)အားဖြင့် တိုးပွါးသည်သာ ဖြစ်သကဲ့သို့ ရဟန်းတို့ ဤအတူပင် မည်သည့် ရဟန်း ရဟန်းမိန်းမအား မဆို ဤ စိတ်၏ပြောင့်(တံသင်း)ငါးမျိုးတို့ကို ပယ်ပြီးဖြစ်ကုန်၏၊ ဤ စိတ်၏ အနှောင်အဖွဲ့ ငါးမျိုးတို့ကို ကောင်းစွာဖြတ်ပြီး ဖြစ်ကုန်၏။ ထိုရဟန်း ရဟန်းမိန်းမအား ရောက်လာတိုင်းသော ညဉ့် နေ့ရှိသမျှ ကုသိုလ်တရားတို့၌ တိုးပွါးမှုသာ (မချွတ်ဖြစ်လိမ့်မည်ဟု) မြော်လင့်နိုင်၏၊ ဆုတ်ယုတ်မှု (ဖြစ်လိမ့်မည်ဟု) မမြော်လင့်နိုင်ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-အပ္ပမာဒသုတ်

၁၅။ ရဟန်းတို့ အခြေမရှိသောသတ္တဝါ အခြေနှစ်ချောင်းရှိသောသတ္တဝါ အခြေလေးချောင်းရှိသောသတ္တဝါ အခြေများစွာရှိသောသတ္တဝါ ရုပ်ရှိသောသတ္တဝါ ရုပ်မရှိသောသတ္တဝါ သညာရှိသောသတ္တဝါ သညာမရှိသောသတ္တဝါ သညာရှိသည်လည်း မဟုတ် မရှိသည်လည်း မဟုတ်သော သတ္တဝါ ဟူသမျှတို့တွင် ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသောတရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားကို အမြတ်ဆုံးဟု ဆိုအပ်၏။ရဟန်းတို့ ဤအတူပင် ကုသိုလ်တရား အားလုံးတို့သည် မမေ့လျော့မှု 'အပ္ပမာဒ' လျှင် အခြေခံရှိကုန်၏၊ မမေ့လျော့မှု 'အပ္ပမာဒ' သို့ ပေါင်းဆုံကုန်၏၊ ထိုကုသိုလ်တရားတို့တွင်မမေ့လျော့မှု 'အပ္ပမာဒ' ကို အမြတ်ဆုံးဟု ဆိုအပ်၏။

ရဟန်းတို့ ကုန်းမြေ၌ ကျက်စားသွားလာကုန်သော သတ္တဝါတို့၏ ခြေရာဟူသမျှတို့သည် ဆင်ခြေရာ၌ ပေါင်းဆုံခြင်းသို့ ရောက်ကုန်သကဲ့သို့ ထိုခြေရာတို့တွင် ဆင်ခြေရာကိုကြီးသော သဘောကြောင့် အသာဆုံးဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ဤအတူပင် ကုသိုလ်တရားအားလုံးတို့သည် မမေ့လျော့မှု 'အပ္ပမာဒ'လျှင် အခြေခံရှိကုန်၏၊ မမေ့လျော့မှု 'အပ္ပမာဒ' သို့ ပေါင်းဆုံကုန်၏၊ ထိုကုသိုလ်တရားတို့တွင် မမေ့လျော့မှု'အပ္ပမာဒ'ကို အမြတ်ဆုံးဟု ဆိုအပ်၏။

ရဟန်းတို့ အထွတ်တပ်သောအိမ်၏အခြင် (ရနယ်) အားလုံး တို့သည် အထွတ်သို့ ရောက်ကုန် အထွတ်သို့ညွတ်ကုန် အထွတ်၌ ပေါင်းဆုံကုန်သကဲ့သို့ ထိုအခြင်(ရနယ်)တို့ထက် အထွတ်ကို အမြတ်ဆုံးဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ဤအတူပင် ကုသိုလ်တရား အားလုံးတို့သည် မမေ့လျော့မှု 'အပ္ပမာဒ'လျှင် အခြေခံရှိကုန်၏၊ မမေ့လျော့မှု'အပ္ပမာဒ'သို့ ပေါင်းဆုံကုန်၏၊ ထို ကုသိုလ်တရားတို့တွင် မမေ့လျော့မှု'အပ္ပမာဒ'ကို အမြတ်ဆုံးဟု ဆိုအပ်၏။

ရဟန်းတို့ အမြစ်နံ့သာအားလုံးတို့တွင် အကျော်ကို အသာဆုံးဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ဤအတူပင်။ပ။ရဟန်းတို့ အနှစ်နံ့သာ အားလုံးတို့တွင် စန္ဒကူးနီကို အသာဆုံးဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ဤအတူပင်။ပ။ ရဟန်းတို့ အပွင့်နံ့သာ အားလုံးတို့တွင် မြတ်လေးပန်းကို အသာဆုံးဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ဤအတူပင်။ပ။ ရဟန်းတို့ မင်းငယ်ဟူသမျှ အားလုံးတို့သည် စကြဝတေးမင်း၏ နောက်လိုက် ဖြစ်ကုန်သကဲ့သို့စကြဝတေးမင်းကို ထိုမင်းတို့ထက် အသာဆုံးဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ဤအတူပင်။ပ။ ရဟန်းတို့ ကြယ်တာရာတို့၏ အရောင်ဟူသမျှအားလုံး တို့သည်

http://www.dhammadownload.com



လရောင်၏ တဆယ့်ခြောက်စိတ် တစိတ်မျှ မထိုက်ကုန်သကဲ့သို့ ထိုအရောင်တို့တွင် လရောင်ကိုအသာဆုံးဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ဤအတူပင်။ပ။ ရဟန်းတို့ သရဒအခါ မိုးသည်မြင့်၍ မိုးသားတိမ်တိုက် ကင်းစင်လတ်သော် နေသည် ကောင်းကင်သို့ တက်လျက် ကောင်းကင်ပြင်အားလုံးရှိ အမိုက်တိုက်ကို ဖြိုခွင်း ဖျက်ဆီး၍ တောက်ပထွန်းလင်း တင့်တယ်သကဲ့သို့ ရဟန်းတို့ ဤအတူပင်။ပ။ရဟန်းတို့ ဂင်္ဂါ ယမုနာ အစိရဝတီ သရဘူ မဟီဟူသော မြစ်ကြီး အားလုံးတို့သည် သမုဒ္ဒရာသို့သွားကုန် သမုဒ္ဒရာသို့ ညွတ်ကုန် သမုဒ္ဒရာသို့ ကိုင်းကုန် သမုဒ္ဒရာသို့ ရှိုင်းကုန်သကဲ့သို့ ထိုမြစ်ကြီးတို့ထက် သမုဒ္ဒရာကို အသာဆုံးဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ဤအတူပင် ကုသိုလ်တရားအားလုံးတို့သည် မမေ့လျော့မှု'အပ္ပမာဒ'လျှင် အခြေခံရှိကုန်၏၊မမေ့လျော့မှု'အပ္ပမာဒ'သို့ ပေါင်းဆုံကုန်၏၊ မမေ့လျော့မှု 'အပ္ပမာဒ'ကို ထိုကုသိုလ်တရားတို့တွင် အမြတ်ဆုံးဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်၊

## ၆-အာဟုနေယျသုတ်

၁၆။ ရဟန်းတို့ ဤပုဂ္ဂိုလ်ဆယ်မျိုးတို့သည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူသောအလှူကိုခံထိုက်ကုန်၏၊ ဧည့်သည်တို့ အလို့ငှါ စီမံထားသော အလှူကို ခံထိုက်ကုန်၏၊ တမလွန်အတွက်ရည်မြော်သော အလှူကို ခံထိုက်ကုန်၏၊ လက်အုပ်ချီရန် ထိုက်ကုန်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံးလယ်မြေ ဖြစ်ကုန်၏။ ပုဂ္ဂိုလ်ဆယ်မျိုးတို့ဟူသည် အဘယ်တို့နည်း—ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ၊ နှစ်ဖက်လွတ်မြောက်သူ 'ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်'၊ ပညာဖြင့် လွတ်မြောက်သူ 'ပညာဝိမုတ္တပုဂ္ဂိုလ်'၊ ကိုယ်ဖြင့် မျက်မှောက်ပြုသူ 'ကာယသက္ခိပုဂ္ဂိုလ်'၊ ဉာဏ်ဖြင့် အထက် မဂ်ဖိုလ်သို့ရောက်သူ 'ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်'၊ သဒ္ဓါဖြင့် လွတ်မြောက်သူ'သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်'၊ သဒ္ဓါသို့ အစဉ်လိုက်သူ 'သဒ္ဓါနုသာရီပုဂ္ဂိုလ်'၊ ပညာတရားသို့ အစဉ်လိုက်သူ 'ဓမ္မာနုသာရီပုဂ္ဂိုလ်'၊ ဂေါတြဘူဉာဏ်နှင့်ပြည့်စုံသူ 'ဂေါတြဘူပုဂ္ဂိုလ်' တို့တည်း။

ရဟန်းတို့ ဤပုဂ္ဂိုလ် ဆယ်မျိုးတို့သည်(အရပ်ဝေးမှ)ဆောင်လာ၍သော်လည်း ပေးလှူသောအလှူကို ခံထိုက်ကုန်၏။ပ။သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ပဌမ နာထသုတ်

၁၇။ ရဟန်းတို့ မှီခိုရာရှိသည်ဖြစ်၍ နေကြကုန်လော့၊ မှီခိုရာမရှိမူ၍ မနေကြကုန်လင့်။ ရဟန်းတို့ မှီခိုရာမရှိသူသည် ဆင်းရဲစွာ နေရ၏။ ရဟန်းတို့ မှီခိုရာကို ပြုတတ်သော တရားတို့သည် ဤဆယ်မျိုးတို့တည်း။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ–ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်စည်းလျက် နေ၏၊ အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ' နှင့်ပြည့်စုံ၏၊ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟု

http://www.dhammadownload.com



ရှုလေ့ရှိ၏၊ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏။ ရဟန်းတို့ ရဟန်းသည် ယင်းသို့ သီလရှိ၏။ပ။သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏ဟူသော ဤတရားသည်လည်း မှီခိုရာကို ပြုတတ်သော တရားတည်း။ (၁)

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် အကြားအမြင် များ၏၊ အကြားအမြင်ကို ဆောင်နိုင်၏၊ အကြားအမြင်ကို ဆည်းပူး၏၊ အစ၏ ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိကြ၍ အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ပြတတ်သော သဘောရှိသော တရားတို့ကို ထိုရဟန်းသည် များစွာ သင်ကြားအပ်ကုန်၏၊ ဆောင်အပ်ကုန်၏၊ နှုတ်ဖြင့် လေ့လာအပ်ကုန်၏၊ စိတ်ဖြင့် ဆင်ခြင်မှတ်သားအပ်ကုန်၏၊ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိအပ်ကုန်၏။ ရဟန်းတို့ ရဟန်းသည် ယင်းသို့ များစွာ သင်ကြားအပ်၏။ပ။ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိအပ်ကုန်၏ ဟူသော ဤတရားသည်လည်း မှီခိုရာကို ပြုတတ်သော တရားတည်း။ (၂)

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် အဆွေခင်ပွန်းကောင်း ရှိ၏၊ အပေါင်းအဖော်ကောင်း ရှိ၏၊ အဆွေခင်ပွန်းကောင်းတို့၌ ကိုင်းညွတ်၏။ ရဟန်းတို့ ရဟန်းသည် ယင်းသို့ အဆွေခင်ပွန်းကောင်းရှိ၏၊ အပေါင်းအဖော်ကောင်းရှိ၏၊ အဆွေခင်ပွန်းကောင်းတို့၌ ကိုင်းညွတ်၏ ဟူသော ဤတရားသည်လည်း မှီခိုရာကို ပြုတတ်သော တရားတည်း။ (၃)

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ဆိုဆုံးမလွယ်၏၊ ဆိုဆုံးမလွယ်ကြောင်း တရားတို့နှင့် ပြည့်စုံ၏၊ သည်းခံနိုင်၏၊ အဆုံးအမကို အရိုအသေခံယူတတ်၏။ ရဟန်းတို့ ရဟန်းသည် ယင်းသို့ ဆိုဆုံးမလွယ်၏။ပ။ အဆုံးအမကို အရိုအသေခံယူတတ်၏ဟူသော ဤတရားသည်လည်း မှီခိုရာကို ပြုတတ်သော တရားတည်း။ (၄)

ရဟန်းတို့ နောက်တမျိုးကား သီတင်းသုံးဖော်တို့၏ အသို့ ပြုရမည်နည်းဟု ဆို၍ ပြုအပ်သော အယုတ်အမြတ်ဖြစ်သော အမှုကိစ္စတို့၌ လိမ္မာ၏၊ ပျင်းရိခြင်း မရှိ၊ ထိုအမှုကိစ္စတို့၌ အကြောင်းကို စူးစမ်းသော ပညာနှင့် ပြည့်စုံ၏၊ ပြုလုပ်ရန် စွမ်းနိုင်၏၊ စီရင်ရန် စွမ်းနိုင်၏။ ရဟန်းတို့ ရဟန်းသည် ယင်းသို့ သီတင်းသုံးဖော်တို့၏။ပ။ ပြုလုပ်ရန် စွမ်းနိုင်၏၊ စီရင်ရန် စွမ်းနိုင်၏ဟူသော ဤတရားသည်လည်း မှီခိုရာကို ပြုတတ်သော တရားတည်း။ (၅)

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် တရားတော်ကို အလိုရှိ၏၊ ချစ်ဖွယ်ကို ပြောဆိုတတ်၏၊ လွန်မြတ်သော သုတ် အဘိဓမ္မာ ဝိနည်း၌ များစွာ မြတ်နိုးခြင်း ရှိ၏။ ရဟန်းတို့ ရဟန်းသည် ယင်းသို့ တရားတော်ကို အလိုရှိ၏၊ ချစ်ဖွယ်ကို ပြောဆိုတတ်၏၊ လွန်မြတ်သော သုတ် အဘိဓမ္မာ ဝိနည်းတရား၌ များစွာ မြတ်နိုးခြင်း ရှိ၏ဟူသော ဤတရားသည်လည်း မှီခိုရာကို ပြုတတ်သော တရားတည်း။ (၆)

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် အကုသိုလ်တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့နှင့် ပြည့်စုံစေရန် ထက်သန်သော လုံ့လရှိသည်ဖြစ်၍ နေ၏၊ အား အစွမ်းရှိ၏၊ မြဲမြံသော ဝီရိယရှိ၏၊ ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချထားခြင်း မရှိ။ ရဟန်းတို့ ရဟန်းသည် ယင်းသို့ အကုသိုလ်တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့နှင့် ပြည့်စုံစေရန် ထက်သန်သော လုံ့လရှိသည်ဖြစ်၍ နေ၏၊ အား အစွမ်းရှိ၏၊ မြဲမြံသော ဝီရိယရှိ၏၊ ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချထားခြင်းမရှိ ဟူသော ဤတရားသည်လည်း မှီခိုရာကို ပြုတတ်သော တရားတည်း။ (၇)

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ရတတ်သမျှသော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေးဟူသော အဆောက်အဦဖြင့် ရောင့်ရဲ၏။ ရဟန်းတို့ ရဟန်းသည် ယင်းသို့။ပ။ အဆောက်အဦဖြင့်ရောင့်ရဲ၏ဟူသော ဤတရားသည်လည်း မှီခိုရာကို ပြုတတ်သော တရားတည်း။ (၈)

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် သတိနှင့် ပြည့်စုံ၏။လွန်ကဲရင့်ကျက်သော သတိနှင့် ပြည့်စုံ၏၊ ကြာမြင့်စွာက ပြုပြီးသော အလုပ်ကိုရင်း ကြာမြင့်စွာက ပြောပြီးသော စကားကိုရင်း အောက်မေ့နိုင်၏၊ အဖန်တလဲလဲ အောက်မေ့နိုင်၏။ ရဟန်းတို့ ရဟန်းသည် ယင်းသို့ သတိနှင့် ပြည့်စုံ၏၊ လွန်ကဲရင့်ကျက်သော သတိနှင့် ပြည့်စုံ၏၊ ကြာမြင့်စွာက ပြုပြီးသော အလုပ်အကိုင် ကြာမြင့်စွာက ပြောပြီးသော စကားကိုရင်း အောက်မေ့နိုင်၏၊ အဖန်တလဲလဲ အောက်မေ့နိုင်၏ ဟူသော ဤတရားသည်လည်း မှီခိုရာကို ပြုတတ်သော တရားတည်း။ (၉)

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ပညာရှိ၏၊အဖြစ်အပျက်ကို သိသော ကိလေသာကို ဖောက်ခွဲနိုင်သော ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ကောင်းစွာရောက်စေတတ်သော မြတ်သော ပညာနှင့် ပြည့်စုံ၏။ ရဟန်းတို့ ရဟန်းသည် ယင်းသို့ ပညာရှိ၏ အဖြစ်အပျက်ကို သိသော ကိလေသာကို ဖောက်ခွဲနိုင်သော ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ကောင်းစွာရောက်စေတတ်သော မြတ်သော ပညာနှင့် ပြည့်စုံ၏ဟူသော ဤတရားသည်လည်း မှီခိုရာကို ပြုတတ်သော တရားတည်း။ (၁၀)

ရဟန်းတို့ မှီခိုရာရှိသည်ဖြစ်၍ နေကြကုန်လော့၊ မှီခိုရာ မရှိပဲ မနေကြကုန်လင့်။ ရဟန်းတို့ မှီခိုရာ မရှိသူသည် ဆင်းရဲစွာ နေရ၏။ ရဟန်းတို့ ဤသည်တို့ကား မှီခိုရာကို ပြုတတ်သော တရားဆယ်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ဒုတိယ နာထသုတ်

၁၈။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည် – အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိ ပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏။ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏။ "အသျှင်ဘုရား"ဟု ထိုရဟန်း တို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။ ရဟန်းတို့ မှီခိုရာ ရှိသည်ဖြစ်၍ နေကြကုန်လော့၊ မှီခိုရာ မရှိပဲ မနေကြကုန်လင့်။ ရဟန်းတို့ မှီခိုရာမရှိသူသည် ဆင်းရဲစွာနေရ၏။ရဟန်းတို့ ဤသည်တို့ကား မှီခိုရာကို ပြုတတ်သော တရားဆယ်မျိုးတို့တည်း။အဘယ်ဆယ်မျိုးတို့နည်း ဟူမူ – ရဟန်းတို့ ဤသာသနာတော်၌ ရဟန်း သည် သီလရှိ၏။ပ။သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။"ဤရဟန်းသည် သီလရှိပေ၏တကား ပါတိမောက္ခသံဝရသီလကို စောင့်စည်းလျက် နေ၏တကား၊ အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံပေ၏တကား၊ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟုရှုလျက် သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ပေ၏တကား"ဟု မထေရ်ကြီး ရဟန်းတို့ကလည်း ထိုရဟန်းကို ပြောဆိုသင့်၏၊ ဆုံးမသင့်၏ဟု မှတ်ထင်ကြကုန်၏၊ သီတင်းလတ် ရဟန်းတို့ကလည်း။ သီတင်းငယ် ရဟန်းတို့ကလည်း ပြောဆိုသင့်၏ ဆုံးမသင့်၏ဟု မှတ်ထင်ကြကုန်၏၊ မထေရ်ကြီးတို့ အစဉ်

http://www.dhammadownload.com



သနားသော၊သီတင်းလတ်တို့ အစဉ်သနားသော၊သီတင်းငယ်တို့ အစဉ်သနားသော ထိုရဟန်းအား ကုသိုလ်တရားတို့၌ တိုးပွါးမှုသာ (မချွတ်ဖြစ်လိမ့်မည်ဟု) မြော်လင့်နိုင်၏၊ ဆုတ်ယုတ်မှု (ဖြစ်လိမ့်မည်ဟု) မမြော်လင့်နိုင်။ ဤသည်လည်း မှီခိုရာကို ပြုတတ်သော တရားပေတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် အကြားအမြင်များ၏ ။ပ။ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိ၏၊ "ရဟန်းသည် အကြားအမြင်များပေ၏တကား၊ အကြားအမြင်ကို ဆောင်ပေ၏ တကား၊ အကြားအမြင်ကို ဆည်းပူးပေ၏တကား၊ အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်း ရှိ၍ အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ပြတတ်သော သဘောရှိသော တရားတို့ကို ထိုရဟန်းသည် များစွာ သင်ကြားအပ်ကုန်၏၊ ဆောင်အပ်ကုန်၏၊ နှုတ်ဖြင့် လေ့လာအပ်ကုန်၏၊ စိတ်ဖြင့် အဖန်ဖန် ဆင်ခြင်အပ်ကုန်၏၊ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိအပ်ကုန်၏ တကား"ဟု မထေရ်ကြီး ရဟန်းတို့ကလည်း ထိုရဟန်းကို ပြောဆိုသင့်၏ ဆုံးမသင့်၏ဟု မှတ်ထင်ကုန်၏၊ သီတင်းလတ် ရဟန်းတို့ကလည်း။ သီတင်းငယ် ရဟန်းတို့ကလည်း ပြောဆိုသင့်၏ ဆုံးမသင့်၏ဟု မှတ်ထင်ကုန်၏၊ မထေရ်ကြီးတို့ အစဉ်သနားသော၊ သီတင်းလတ်တို့ အစဉ်သနားသော၊သီတင်းငယ်တို့ အစဉ်သနား သော ထိုရဟန်းအား ကုသိုလ်တရားတို့၌ တိုးပွါးမှုသာ (မချွတ်ဖြစ်လိမ့်မည်ဟု) မြော်လင့်နိုင်၏၊ ဆုတ်ယုတ်မှု (ဖြစ်လိမ့်မည်ဟု) မမြော်လင့်နိုင်။ ဤသည်လည်း မှီခိုရာကို ပြုတတ်သော တရား ပေတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် အဆွေခင်ပွန်းကောင်း ရှိ၏၊ အပေါင်းအဖော် ကောင်း ရှိ၏၊ အဆွေခင်ပွန်းကောင်း၌ ကိုင်းညွတ်၏၊ "ဤရဟန်းသည် အဆွေခင်ပွန်းကောင်း ရှိပေ၏တကား၊ အပေါင်းအဖော်ကောင်း ရှိပေ၏တကား၊အဆွေခင်ပွန်းကောင်း၌ ကိုင်းညွတ်ပေ၏ တကား"ဟု မထေရ်ကြီး ရဟန်းတို့ကလည်း ထိုရဟန်းကို ပြောဆိုသင့်၏ ဆုံးမသင့်၏ဟု မှတ်ထင်ကုန်၏၊ သီတင်းလတ် ရဟန်းတို့ကလည်း။ သီတင်းငယ် ရဟန်းတို့ကလည်း ပြောဆိုသင့်၏ ဆုံးမသင့်၏ဟု မှတ်ထင်ကုန်၏၊ မထေရ်ကြီးတို့ အစဉ်သနားသော၊ သီတင်းလတ်တို့ အစဉ်သနား သော၊ သီတင်းငယ်တို့ အစဉ်သနားသော ထိုရဟန်းအား ကုသိုလ်တရားတို့၌ တိုးပွါးမှုသာ (မချွတ် ဖြစ်လိမ့်မည်ဟု) မြော်လင့်နိုင်၏၊ ဆုတ်ယုတ်မှု(ဖြစ်လိမ့်မည်ဟု) မမြော်လင့်နိုင်။ ဤသည်လည်း မှီခိုရာကို ပြုတတ်သော တရားပေတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ဆိုဆုံးမ လွယ်၏၊ ဆိုဆုံးမလွယ်ကြောင်း ဖြစ်သော တရားတို့နှင့် ပြည့်စုံ၏၊ သည်းခံ၏၊ အဆုံးအမကို အရိုအသေ ခံယူတတ်၏။ "ဤရဟန်းသည် ဆိုဆုံးမလွယ်ပေ၏တကား၊ ဆိုဆုံးမလွယ်ကြောင်း တရားတို့နှင့် ပြည့်စုံပေ၏တကား၊ သည်းခံ ပေ၏တကား၊ အဆုံးအမကို ရိုသေစွာ ခံယူတတ်ပေ၏ တကား"ဟု မထေရ်ကြီး ရဟန်းတို့ကလည်း ထိုရဟန်းကို ပြောဆိုသင့်၏ ဆုံးမသင့်၏ဟု မှတ်ထင် ကုန်၏၊ သီတင်းလတ် ရဟန်းတို့ကလည်း။ သီတင်းငယ် ရဟန်းတို့ကလည်း ပြောဆိုသင့်၏ ဆုံးမသင့်၏ဟု မှတ်ထင်ကုန်၏၊ မထေရ်ကြီးတို့ အစဉ်သနားသော၊ သီတင်းလတ်တို့ အစဉ်သနားသော၊ သီတင်းငယ်တို့ အစဉ်သနားသော ထို ရဟန်းအား ကုသိုလ်တရားတို့၌ တိုးပွါးမှုသာ (မချွတ်ဖြစ်လိမ့်မည်ဟု) မြော်လင့်နိုင်၏၊ ဆုတ် ယုတ်မှု (ဖြစ်လိမ့်မည်ဟု) မမြော်လင့်နိုင်။ ဤသည်လည်း မှီခိုရာကို ပြုတတ်သော တရားပေတည်း။

ရဟန်းတို့ နောက်တမျိုးကား သီတင်းသုံးဖော်တို့၏ အသို့ပြုရမည်နည်းဟု ဆို၍ ပြုအပ်သော အယုတ်အမြတ်ဖြစ်သော အမှုကိစ္စတို့၌ လိမ္မာ၏၊ ပျင်းရိခြင်း မရှိ၊ ထိုအမှုကိစ္စ၌ အကြောင်းကို

http://www.dhammadownload.com



စူးစမ်းသော ပညာနှင့် ပြည့်စုံ၏၊ ပြုလုပ်ရန် စွမ်းနိုင်၏၊ စီရင်ရန် စွမ်းနိုင်၏။ "ဤရဟန်းသည် သီတင်းသုံးဖော်တို့၏ အသို့ပြုရမည်နည်းဟု ဆို၍ ပြုအပ်သော အယုတ်အမြတ် ပြုအပ်သော ကိစ္စတို့၌ လိမ္မာ၏တကား၊ ပျင်းရိခြင်း မရှိပေတကား၊ ထိုအမှုကိစ္စ၌ အကြောင်းကို စူးစမ်းသော ပညာနှင့် ပြည့်စုံပေ၏တကား၊ ပြုလုပ်ရန် စွမ်းနိုင်ပေ၏တကား၊ စီရင်ရန် စွမ်းနိုင်ပေ၏တကား" ဟု မထေရ်ကြီး ရဟန်းတို့ကလည်း ထိုရဟန်းကို ပြောဆိုသင့်၏ ဆုံးမသင့်၏ဟု မှတ်ထင်ကုန်၏၊ သီတင်းလတ် ရဟန်းတို့ကလည်း၊ သီတင်းငယ် ရဟန်းတို့ကလည်း ပြောဆိုသင့်၏ ဆုံးမသင့်၏ဟု မှတ်ထင်ကုန်၏၊ မထေရ်ကြီးတို့ အစဉ်သနားသော၊ သီတင်းလတ်တို့ အစဉ်သနားသော၊ သီတင်းငယ်တို့ အစဉ်သနားသော ထိုရဟန်းအား ကုသိုလ်တရားတို့၌ တိုးပွါးမှုသာ (မချွတ်ဖြစ်လိမ့်မည်ဟု) မျှော်လင့်နိုင်၏၊ ဆုတ်ယုတ်မှု (ဖြစ်လိမ့်မည်ဟု) မမျှော်လင့်နိုင်။ ဤသည်လည်း မှီခိုရာကို ပြုတတ်သော တရားပေတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် တရားတော်ကို အလိုရှိ၏၊ ချစ်ဖွယ်ကို ပြောတတ်၏၊ လွန်မြတ်သော သုတ် အဘိဓမ္မာ ဝိနည်း တရားတို့၌ များစွာ မြတ်နိုးခြင်းရှိ၏။ "ဤရဟန်းသည် တရားတော်ကို အလိုရှိပေ၏တကား၊ ချစ်ဖွယ်ကို ပြောဆိုတတ်ပေ၏တကား၊ လွန်မြတ်သော သုတ် အဘိဓမ္မာ ဝိနည်း တရားတို့၌ များစွာ မြတ်နိုးခြင်းရှိပေ၏တကား"ဟု မထေရ်ကြီး ရဟန်းတို့ကလည်း ထိုရဟန်းကို ပြောဆိုသင့်၏ ဆုံးမသင့်၏ဟု မှတ်ထင်ကုန်၏၊ သီတင်းလတ် ရဟန်းတို့ကလည်း။ သီတင်းငယ် ရဟန်းတို့ကလည်း ပြောဆိုသင့်၏ ဆုံးမသင့်၏ဟု မှတ်ထင်ကုန်၏၊ မထေရ်ကြီးတို့ အစဉ်သနားသော၊ သီတင်းလတ်တို့ အစဉ်သနားသော၊ သီတင်းငယ်တို့ အစဉ်သနားသော ထိုရဟန်းအား ကုသိုလ်တရားတို့၌ တိုးပွါးမှုသာ (မချွတ်ဖြစ်လိမ့်မည်ဟု) မျှော်လင့်နိုင်၏၊ ဆုတ်ယုတ်မှု (ဖြစ်လိမ့်မည်ဟု) မမျှော်လင့်နိုင်။ ဤသည်လည်း မှီခိုရာကို ပြုတတ်သော တရားပေတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် အကုသိုလ်တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့နှင့် ပြည့်စုံစေရန် ထက်သန်သော လုံ့လရှိသည်ဖြစ်၍ နေ၏၊ အားအစွမ်းရှိ၏၊ မြဲမြံသော လုံ့လရှိ၏၊ ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချထားခြင်းမရှိ။ "ဤရဟန်းသည် အကုသိုလ်တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့နှင့် ပြည့်စုံစေရန် ထက်သန်သော လုံ့လရှိသည်ဖြစ်၍ နေပေ၏တကား၊ အား အစွမ်းရှိပေ၏တကား၊ မြဲမြံသော လုံ့လရှိပေ၏တကား၊ ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချထားခြင်းမရှိပေစွတကား"ဟု မထေရ်ကြီး ရဟန်းတို့ကလည်း ထိုရဟန်းကို ပြောဆိုသင့်၏ ဆုံးမသင့်၏ဟု မှတ်ထင်ကုန်၏၊ သီတင်းလတ် ရဟန်းတို့ကလည်း။ သီတင်းငယ် ရဟန်းတို့ကလည်း ပြောဆိုသင့်၏ ဆုံးမသင့်၏ဟု မှတ်ထင်ကုန်၏၊ မထေရ်ကြီးတို့ အစဉ်သနားသော၊ သီတင်းလတ်တို့ အစဉ်သနားသော၊ သီတင်းငယ်တို့ အစဉ်သနားသော ထိုရဟန်းအား ကုသိုလ်တရားတို့၌ တိုးပွါးမှုသာ (မချွတ်ဖြစ်လိမ့်မည်ဟု) မျှော်လင့်နိုင်၏၊ ဆုတ်ယုတ်မှု (ဖြစ်လိမ့်မည်ဟု) မမျှော်လင့်နိုင်။ ဤသည်လည်း မှီခိုရာကို ပြုတတ်သော တရားပေတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ရတတ်သမျှသော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေးအဆောက်အဦဖြင့် ရောင့်ရဲ၏။ "ဤရဟန်းသည် ရတတ်သမျှသော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေးအဆောက်အဦဖြင့် ရောင့်ရဲပေ၏တကား" ဟု မထေရ်ကြီး ရဟန်းတို့ကလည်း ထိုရဟန်းကို ပြောဆိုသင့်၏ ဆုံးမသင့်၏ဟု မှတ်ထင်ကုန်၏၊ သီတင်းလတ် ရဟန်းတို့ကလည်း။ သီတင်းငယ် ရဟန်းတို့ကလည်း ပြောဆိုသင့်၏ ဆုံးမသင့်၏ဟု

http://www.dhammadownload.com



မှတ်ထင်ကုန်၏၊ မထေရ်ကြီးတို့ အစဉ်သနားသော၊ သီတင်းလတ်တို့ အစဉ်သနားသော၊ သီတင်းငယ်တို့ အစဉ်သနားသော ထိုရဟန်းအား ကုသိုလ်တရားတို့၌ တိုးပွါးမှုသာ(မချွတ်ဖြစ်လိမ့်မည်ဟု) မြော်လင့်နိုင်၏၊ ဆုတ်ယုတ်မှု (ဖြစ်လိမ့်မည်ဟု) မမြော်လင့်နိုင်။ ဤသည်လည်း မှီခိုရာကို ပြုတတ်သော တရားပေတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် သတိနှင့် ပြည့်စုံ၏၊ လွန်ကဲရင့်ကျက်သော သတိနှင့် ပြည့်စုံ၏၊ ကြာမြင့်စွာက ပြုပြီးသော အလုပ်ကိုငင်း ကြာမြင့်စွာက ပြောပြီးသော စကားကိုငင်း အောက်မေ့နိုင်၏၊ အဖန်တလဲလဲ အောက်မေ့နိုင်၏။ "ဤရဟန်းသည် သတိနှင့် ပြည့်စုံပေ၏တကား၊ လွန်ကဲရင့်ကျက်သော သတိနှင့် ပြည့်စုံပေ၏တကား၊ ကြာမြင့်စွာက ပြုပြီးသော အလုပ်ကိုငင်း ကြာမြင့်စွာက ပြောပြီးသော စကားကိုငင်း အောက်မေ့နိုင်ပေ၏တကား၊ အဖန်တလဲလဲ အောက်မေ့နိုင်ပေ၏တကား"ဟု မထေရ်ကြီး ရဟန်းတို့ကလည်း ထိုရဟန်းကို ပြောဆိုသင့်၏ ဆုံးမသင့်၏ဟု မှတ်ထင်ကုန်၏၊ သီတင်းလတ် ရဟန်းတို့ကလည်း။ သီတင်းငယ် ရဟန်းတို့ကလည်း ပြောဆိုသင့်၏ ဆုံးမသင့်၏ဟု မှတ်ထင်ကုန်၏၊ မထေရ်ကြီးတို့ အစဉ်သနားသော၊ သီတင်းလတ်တို့ အစဉ်သနားသော၊ သီတင်းငယ်တို့ အစဉ်သနားသော ထိုရဟန်းအား ကုသိုလ်တရားတို့၌ တိုးပွါးမှုသာ (မချွတ်ဖြစ်ရလိမ့်မည်ဟု) မြော်လင့်နိုင်၏၊ ဆုတ်ယုတ်မှု (ဖြစ်လိမ့်မည်ဟု) မမြော်လင့်နိုင်။ ဤသည်လည်း မှီခိုရာကို ပြုတတ်သော တရားပေတည်း။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ပညာရှိ၏၊ အဖြစ်အပျက်ကို သိသော ကိလေသာကို ဖောက်ခွဲနိုင်သော ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ကောင်းစွာ ရောက်စေတတ်သော မြတ်သောပညာနှင့် ပြည့်စုံ၏။ "ဤရဟန်းသည် ပညာရှိပေ၏တကား၊ အဖြစ်အပျက်ကို သိသော ကိလေသာကို ဖောက်ခွဲနိုင်သော ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ကောင်းစွာ ရောက်စေတတ်သော မြတ်သောပညာနှင့် ပြည့်စုံပေ၏တကား"ဟု မထေရ်ကြီး ရဟန်းတို့ကလည်း ထိုရဟန်းကို ပြောဆိုသင့်၏ ဆုံးမသင့်၏ဟု မှတ်ထင်ကုန်၏၊ သီတင်းလတ် ရဟန်းတို့ကလည်း။ သီတင်းငယ် ရဟန်းတို့ကလည်း ပြောဆိုသင့်၏ ဆုံးမသင့်၏ဟု မှတ်ထင်ကုန်၏၊ မထေရ်ကြီးတို့ အစဉ်သနားသော ထိုရဟန်းအား ။ပ။ ဆုတ်ယုတ်မှု (ဖြစ်လိမ့်မည်ဟု) မမြော်လင့်နိုင်။ ဤသည်လည်း ခိုမှီရာကို ပြုတတ်သော တရားပေတည်း။

ရဟန်းတို့ မှီခိုရာရှိသည်ဖြစ်၍ နေကြကုန်လော့၊ မှီခိုရာ မရှိပဲ မနေကြကုန်လင့်။ ရဟန်းတို့ မှီခိုရာ မရှိသူသည် ဆင်းရဲစွာနေရ၏၊ ရဟန်းတို့ ဤသည်တို့ကား မှီခိုရာကိုပြုတတ်သော တရားဆယ်မျိုးတို့ပေတည်းဟု (မိန့်တော်မူ၏)။ မြတ်စွာဘုရားသည် (ဤတရားတော်)ကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုကုန်သည် ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။

အဋ္ဌမသုတ်။

---

## ၉-ပဌမ အရိယာဝါသသုတ်

၁၉။ ရဟန်းတို့ အရိယာတို့၏နေခြင်းတို့သည် ဤဆယ်မျိုးတို့တည်း၊ ယင်းအရိယာတို့၏ နေခြင်းဆယ်မျိုးတို့ကို အရိယာတို့သည် (ရှေးကလည်း)မှီ၍နေကြကုန်ပြီ၊ (ယခုလည်း)မှီ၍နေကြ

http://www.dhammadownload.com



ကုန်ဆဲ (နောင်လည်း) မှီ၍ နေကြကုန်လတ္တံ့။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အင်္ဂါငါးမျိုးကို ပယ်ပြီးဖြစ်၏၊ အင်္ဂါခြောက်မျိုးနှင့် ပြည့်စုံ၏၊ အစောင့်အရှောက် တခုရှိ၏၊ မှီရာ လေးခုရှိ၏၊ ပယ်နုတ်ပြီး သီးခြား သစ္စာရှိ၏၊ ကောင်းစွာ မယုတ်သော ရှာမှီးခြင်းကို စွန့်ပြီးဖြစ်၏၊ မနောက်ကျူသော အကြံရှိ၏၊ ကိုယ်ကို ပြုပြင်မှု 'ကာယသင်္ခါရ' ငြိမ်းပြီး ဖြစ်၏၊ ကောင်းစွာ လွတ်မြောက်ပြီးသော စိတ်ရှိ၏၊ ကောင်းစွာ လွတ်မြောက်ပြီးသော ပညာရှိ၏။ ရဟန်းတို့ ဤသည်တို့ကား အရိယာတို့၏နေခြင်း ဆယ်မျိုးတို့ပေတည်း၊ ယင်းအရိယာတို့၏နေခြင်း ဆယ်မျိုးတို့ကို အရိယာတို့သည် (ရှေးကလည်း) မှီ၍နေကြကုန်ပြီ၊ (ယခုလည်း) မှီ၍နေကြကုန်ဆဲ (နောင်လည်း) မှီ၍နေကြကုန်လတ္တံ့ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀–ဒုတိယ အရိယာဝါသသုတ်

၂၀။ အခါတပါး၌ မြတ်စွာဘုရားသည် ကုရုတိုင်း ကမ္မာသဓမ္မမည်သော ကုရုတိုင်းသူတို့၏နိဂုံး၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏။ပ။ရဟန်းတို့ အရိယာတို့၏နေခြင်းတို့သည် ဤဆယ်မျိုးတို့တည်း၊ ယင်းအရိယာတို့၏ နေခြင်း ဆယ်မျိုးတို့ကို အရိယာတို့သည် (ရှေးကလည်း)မှီ၍နေကြကုန်ပြီ၊ (ယခုလည်း)မှီ၍နေကြကုန်ဆဲ (နောင်လည်း) မှီ၍နေကြကုန်လတ္တံ့။

အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အင်္ဂါငါးမျိုးကို ပယ်ပြီးဖြစ်၏၊ အင်္ဂါခြောက်မျိုးနှင့် ပြည့်စုံ၏၊ အစောင့်အရှောက် တခု ရှိ၏၊ မှီရာ လေးခု ရှိ၏၊ ပယ်နုတ်ပြီး သီးခြား သစ္စာရှိ၏၊ ရှာမှီးခြင်းအားလုံးကို ကောင်းစွာ စွန့်ပြီး ဖြစ်၏၊ မနောက်ကျူသော အကြံရှိ၏၊ ကိုယ်ကို ပြုပြင်မှု 'ကာယသင်္ခါရ'ငြိမ်းပြီး ဖြစ်၏၊ ကောင်းစွာလွတ်မြောက်ပြီးသော စိတ်ရှိ၏၊ ကောင်းစွာ လွတ်မြောက်ပြီးသော ပညာ ရှိ၏။

ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် အင်္ဂါငါးမျိုးကို ပယ်ပြီး ဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့၌ လိုချင်မှု 'ကာမစ္ဆန္ဒ'ကို ပယ်ပြီ ဖြစ်၏၊ ပျက်စီးစေလိုမှု'ဗျာပါဒ'ကို ပယ်ပြီးဖြစ်၏၊ထိုင်းမှိုင်းမှု'ထိနမိဒ္ဓ'ကို ပယ်ပြီးဖြစ်၏၊ ပျံ့လွင့်မှု နောင်တတဖန်ပူပန်မှု 'ဥဒ္ဓစ္စကုက္ကုစ္စ'ကို ပယ်ပြီး ဖြစ်၏၊ ယုံမှားမှု 'ဝိစိကိစ္ဆာ'ကို ပယ်ပြီး ဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အင်္ဂါငါးမျိုးကို ပယ်ပြီးဖြစ်၏။ (၁)

ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် အင်္ဂါခြောက်မျိုးနှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် အဆင်းကို မြင်သော် ဝမ်းလည်း မသာ ဝမ်းလည်း မနည်း သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက် နေ၏။ နားဖြင့် အသံကို ကြားသော်။ပ။နှာခေါင်းဖြင့် အနံ့ကိုနံသော်။ လျှာဖြင့် အရသာကို လျက်သော်။ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိသော်။ စိတ်ဖြင့် သဘောတရားကိုသိသော် ဝမ်းလည်းမသာ ဝမ်းလည်း မနည်း သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက် နေ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အင်္ဂါခြောက်မျိုးနှင့် ပြည့်စုံ၏။ (၂)

http://www.dhammadownload.com



ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် အစောင့်အရှောက် တခုရှိသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သတိတည်းဟူသော အစောင့်အရှောက်ရှိသောစိတ်နှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အစောင့်အရှောက်တခုရှိ၏။ (၃)

ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် မှီရာ လေးခုရှိသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆင်ခြင်၍ အချို့ကို မှီဝဲ၏၊ ဆင်ခြင်၍ အချို့ကို သည်းခံ၏၊ ဆင်ခြင်၍ အချို့ကို ရှောင်ကြဉ်၏၊ ဆင်ခြင်၍ အချို့ကို ပယ်ဖျောက်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် မှီရာ လေးခုရှိ၏။ (၄)

ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် ပယ်နုတ်ပြီး သီးခြား သစ္စာရှိသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သမဏဗြာဟ္မဏတို့၏ သီးခြားသစ္စာ များစွာ ရှိကုန်၏။ ဤသည်တို့ကား အဘယ်တို့နည်း၊ "လောကသည် မြဲ၏"ဟုငြင်း "လောကသည် မမြဲ" ဟုငြင်း "လောကသည် အဆုံးရှိ၏"ဟုငြင်း "လောကသည် အဆုံးမရှိ"ဟုငြင်း ထိုအသက်သည် ထိုကိုယ်ဖြစ်၏"ဟုငြင်း "အသက်တခြား ကိုယ်တခြား"ဟုငြင်း "သတ္တဝါသည် သေပြီးနောက် ရှိ၏"ဟုငြင်း "သတ္တဝါသည် သေပြီးနောက် မရှိ"ဟုငြင်း "သတ္တဝါသည် သေပြီးနောက် ရှိလည်း ရှိ မရှိလည်း မရှိ" ဟုငြင်း "သတ္တဝါသည် သေပြီးနောက် ရှိသည်လည်း မဟုတ် မရှိသည်လည်း မဟုတ်"ဟုငြင်း ဤသည်တို့တည်း။ ထိုအလုံးစုံသောသစ္စာတို့ကို နုတ်အပ်ကုန်၏ ပယ်နုတ်အပ်ကုန်၏၊စွန့်အပ်ကုန်၏၊ ထွေးအန်အပ်ကုန်၏၊ လွှတ်အပ်ကုန်၏၊ ပယ်အပ်ကုန်၏၊တဖန် စွန့်အပ်ကုန်၏။ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ပယ်နုတ်ပြီး သီးခြား သစ္စာရှိ၏။ (၅)

ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် ရှာမှီးခြင်း အားလုံးကို ကောင်းစွာ စွန့်အပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့၌ ရှာမှီးခြင်းကို ပယ်အပ်ပြီး ဖြစ်၏၊ ဘဝ၌ ရှာမှီးခြင်းကို ပယ်အပ်ပြီး ဖြစ်၏၊ မြတ်သောအကျင့်၌ ရှာမှီးခြင်းသည် ငြိမ်း၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ရှာမှီးခြင်း အားလုံးကို ကောင်းစွာ စွန့်အပ်၏။ (၆)

ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် မနောက်ကျူသော အကြံရှိသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်၌ ကြံစည်မှုကို ပယ်အပ်ပြီးဖြစ်၏၊ ပျက်စီးစေလို ခြင်းဟူသော ကြံစည်မှုကို ပယ်အပ်ပြီးဖြစ်၏၊ ညှဉ်းဆဲလိုခြင်းဟူသော ကြံစည်မှုကို ပယ်အပ်ပြီး ဖြစ်၏။ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် မနောက်ကျူသော အကြံရှိ၏။ (၇)

ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် ကိုယ်ကိုပြုပြင်မှု 'ကာယသင်္ခါရ' ငြိမ်းပြီး ဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ရှေးဦးကပင်လျှင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ချုပ်နှင့် ခြင်းကြောင့်၎င်း ဆင်းရဲ ချမ်းသာ မရှိသော လျစ်လျူရှုမှု 'ဥပေက္ခာ'ကြောင့်ဖြစ်သည့် သတိ၏စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍နေ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ကိုယ်ကိုပြုပြင်မှု'ကာယသင်္ခါရ'ငြိမ်းပြီး ဖြစ်၏။ (၈)

ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် ကောင်းစွာ လွတ်မြောက်ပြီးသော စိတ်ရှိသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တပ်စွန်းမှု'ရာဂ'မှ စိတ်သည် လွတ်မြောက်၏၊ အမျက်ထွက်မှု'ဒေါသ'မှ စိတ်သည်လွတ်မြောက်၏၊တွေဝေမှု'မောဟ'မှ စိတ်သည်လွတ်မြောက်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ကောင်းစွာလွတ်မြောက်ပြီးသော စိတ်ရှိ၏။ (၉)

http://www.dhammadownload.com



ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် ကောင်းစွာ လွတ်မြောက်ပြီးသော ပညာရှိသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ''ငါသည် တပ်စွန်းမှု'ရာဂ'ကို ပယ်အပ်ပြီ၊ အမြစ်ရင်းကို အကျင်းမဲ့ ဖြတ်အပ်ပြီ (နုတ်ပြီးသော) ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီ၊ တဖန် မဖြစ်ခြင်းကို ပြုအပ်ပြီ၊ နောင်အခါ၌ ဖြစ်ခြင်းသဘော မရှိပြီ''ဟု သိ၏။ ''ငါသည် အမျက်ထွက်မှု 'ဒေါသ'ကို ပယ်အပ်ပြီ။ပ။ ငါသည် တွေဝေမှု 'မောဟ'ကို ပယ်အပ်ပြီ၊ အမြစ်ရင်းကို အကျင်းမဲ့ ဖြတ်အပ်ပြီ၊ (နုတ်ပြီးသော) ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီ၊ တဖန် မဖြစ်ခြင်းကို ပြုအပ်ပြီ၊ နောင်အခါ၌ မဖြစ်ခြင်း သဘော မရှိပြီ''ဟု သိ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ကောင်းစွာ လွတ်မြောက်ပြီးသော ပညာရှိ၏။ (၁၀)

ရဟန်းတို့ လွန်ခဲ့ပြီး အခွန့် (ကာလ) ၌ အရိယာအားလုံးတို့သည် အရိယာတို့၏ ဤနေခြင်း ဆယ်မျိုးတို့ကိုသာလျှင် မှီ၍ နေခဲ့ကြကုန်ပြီ။ ရဟန်းတို့ လာလတ္တံ့ အခွန့် (ကာလ) ၌ အရိယာတို့သည် အရိယာတို့၏ ဤနေခြင်းဆယ်မျိုးတို့ကိုသာလျှင် မှီ၍နေကြကုန်လတ္တံ့။ ရဟန်းတို့ ယခုအခါ၌လည်း အရိယာအားလုံးတို့သည် အရိယာတို့၏ နေခြင်း ဆယ်မျိုးတို့ကိုသာလျှင် မှီ၍ နေကုန်၏၊ ရဟန်းတို့ ဤသည်တို့ကား အရိယာတို့၏ နေခြင်း ဆယ်မျိုးတို့ပေတည်း၊ ယင်း ဆယ်မျိုးတို့ကို အရိယာတို့သည် (ရှေးကလည်း) မှီ၍နေကြကုန်ပြီ၊ (ယခုလည်း) မှီ၍နေကြကုန်ဆဲ၊ (နောင်လည်း) မှီ၍ နေကြကုန်လတ္တံ့ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

နှစ်ခုမြောက် နာထဝဂ် ပြီး၏။

---

## ၃-မဟာဝဂ် ၁-သီဟနာဒသုတ်

၂၁။ ရဟန်းတို့ သားတို့သနင်း ခြင်္သေ့မင်းသည် ညချမ်းအခါ ကိန်းအောင်းရာမှ ထွက်၏၊ ကိန်းအောင်းရာမှ ထွက်ပြီးနောက် ကွန့်မြူး စမွယ်၏၊ ကွန့်မြူး စမွယ်ပြီးနောက် ထက်ဝန်းကျင် အရပ်လေးမျက်နှာကို စောင်းငဲ့ကြည့်ရှု၏၊ ထက်ဝန်းကျင် အရပ်လေးမျက်နှာကို စောင်းငဲ့ကြည့်ရှုပြီးနောက် သုံးကြိမ်တိုင်တိုင် ခြင်္သေ့သံကို ဟောက်၏၊ သုံးကြိမ်တိုင်တိုင် ခြင်္သေ့သံကို ဟောက်ပြီးနောက် ကျက်စားရန် အလို့ငှါ ဖဲသွား၏။ ထိုသို့ ပြုခြင်းသည် အဘယ့်ကြောင့်နည်း၊ ''ငါသည် မသင့်လျော်ရာ၌ ရောက်နေကုန်သော သတ္တဝါငယ်တို့ကို သတ်ဖြတ် ညှဉ်းဆဲခြင်းသို့ မရောက်ပါစေလင့်''ဟု (နှလုံးပြုသောကြောင့်တည်း)။ ရဟန်းတို့ ''ခြင်္သေ့''ဟူသည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိမြင်တော်မူသော မြတ်စွာဘုရား၏ အမည်တည်း။ ရဟန်းတို့ မြတ်စွာဘုရားသည် ပရိသတ်၌ အကြင်တရားကို ဟော၏၊ ဤသို့ တရားဟောခြင်းသည် ထိုမြတ်စွာဘုရား၏ ခြင်္သေ့သံ ဖြစ်၏။

ရဟန်းတို့ မြတ်စွာဘုရား၏ အားတော်တို့သည် ဤဆယ်မျိုးတို့တည်း၊ မြတ်စွာဘုရားသည် ယင်း အားတော်တို့နှင့် ပြည့်စုံတော်မူသည် ဖြစ်၍ မြင့်မြတ်သောအရာ (ဘုရားအဖြစ်) ကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲရင့်သောအသံကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။ အားတော်ဆယ်မျိုးတို့ ဟူသည် အဘယ်တို့နည်း၊ ရဟန်းတို့ ဤလောက၌ မြတ်စွာဘုရားသည် အကြောင်း ဟုတ်သည်ကိုလည်း အကြောင်း ဟုတ်သောအားဖြင့် အကြောင်း မဟုတ်သည်ကိုလည်း အကြောင်း

http://www.dhammadownload.com



မဟုတ်သော အားဖြင့် ဟုတ်တိုင်း မှန်စွာ ခွဲခြား သိ၏။ ရဟန်းတို့ ယင်းသို့ မြတ်စွာဘုရား၏ အကြောင်း ဟုတ်သည်ကိုလည်း အကြောင်းဟုတ်သောအားဖြင့် အကြောင်းမဟုတ်သည်ကိုလည်း အကြောင်း မဟုတ်သောအားဖြင့် ဟုတ်တိုင်း မှန်စွာ ခွဲခြား သိခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်းအားကို စွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်သောအရာ (ဘုရားအဖြစ်) ကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။ (၁)

ရဟန်းတို့ နောက်တမျိုးကား မြတ်စွာဘုရားသည် အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်ကုန်သော ဆောက်တည်အပ်သော ကံတို့၏ အကျိုးကို အထောက်အပံ့အားဖြင့် အကြောင်းအားဖြင့် ဟုတ်တိုင်း မှန်စွာ ခွဲခြား သိ၏။ ရဟန်းတို့ ယင်းသို့ မြတ်စွာဘုရား၏ အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်ကုန်သော ဆောက်တည်အပ်သော ကံတို့၏ အကျိုးကို အထောက်အပံ့အားဖြင့် အကြောင်း အားဖြင့် ဟုတ်တိုင်းမှန်စွာ ခွဲခြား သိခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်း အားကို စွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်သောအရာ (ဘုရားအဖြစ်) ကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။ (၂)

ရဟန်းတို့ နောက်တမျိုးကား မြတ်စွာဘုရားသည် အလုံးစုံ (ဂတိငါးတန် နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်ကို ဟုတ်တိုင်းမှန်စွာ ခွဲခြား သိ၏။ ရဟန်းတို့ ယင်းသို့ မြတ်စွာဘုရား၏ အလုံးစုံ (ဂတိငါးတန် နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်ကို ဟုတ်တိုင်း မှန်စွာ ခွဲခြား သိခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်းအားကို စွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်သောအရာ (ဘုရား အဖြစ်) ကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။ (၃)

ရဟန်းတို့ နောက်တမျိုးကား မြတ်စွာဘုရားသည် များပြားသော ဓာတ် အမျိုးမျိုးသော ဓာတ် လောကကို ဟုတ်တိုင်းမှန်စွာ ခွဲခြား သိ၏။ ရဟန်းတို့ ယင်းသို့ မြတ်စွာဘုရား၏ များပြားသော ဓာတ် အမျိုးမျိုးသော ဓာတ် လောကကို ဟုတ်တိုင်းမှန်စွာ ခွဲခြား သိခြင်းသည်လည်း မြတ်စွာ ဘုရား၏ အားမည်၏၊ ယင်းအားကို စွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်သောအရာ (ဘုရားအဖြစ်) ကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲရင့်သောအသံကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။ (၄)

ရဟန်းတို့ နောက်တမျိုးကား မြတ်စွာဘုရားသည် သတ္တဝါတို့၏ စိတ်ထား နှလုံးသွင်း အမျိုးမျိုးကို ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ သိ၏။ ရဟန်းတို့ ယင်းသို့ မြတ်စွာဘုရား၏ သတ္တဝါတို့ စိတ်ထားနှလုံးသွင်းအမျိုးမျိုးကို ဟုတ်တိုင်းမှန်စွာ ခွဲခြား သိခြင်း သည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်းအားကို စွဲ၍။ပ။ မြတ်သော တရားစကြာကို လည်စေ၏။ (၅)

ရဟန်းတို့ နောက်တမျိုးကား မြတ်စွာဘုရားသည် အယုတ်အမြတ်ဖြစ်သော ပုဂ္ဂိုလ် သတ္တဝါ တို့၏ ဣန္ဒြေအနုအရင့်ကို ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ သိ၏။ ရဟန်းတို့ ယင်းသို့ မြတ်စွာဘုရား၏ အယုတ်အမြတ် ဖြစ်သောပုဂ္ဂိုလ် သတ္တဝါတို့၏ ဣန္ဒြေအနုအရင့်ကို ဟုတ်တိုင်းမှန်စွာ ခွဲခြား သိခြင်း သည်လည်း မြတ်စွာဘုရား၏ အားမည်၏။ပ။ မြတ်သော တရားစကြာကို လည်စေ၏။ (၆)

ရဟန်းတို့ နောက်တမျိုးကား မြတ်စွာဘုရားသည် ဈာန် ဝိမောက္ခ သမာဓိ သမာပတ်တို့၏ ညစ်ညူးကြောင်း ဖြူစင်ကြောင်း ထမြောက်ကြောင်းကို ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ သိ၏။ ရဟန်းတို့ ယင်းသို့။ပ။ သိခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏။ပ။ မြတ်သော တရား စကြာကို လည်စေ၏။ (၇)

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား မြတ်စွာဘုရားသည် များပြားသော ရှေး၌ ဖြစ်ဘူးသည်ကို အောက်မေ့နိုင်၏၊ ဤသည်တို့ကား အဘယ်တို့နည်း၊ တဘဝကိုင်း နှစ်ဘဝတို့ကိုင်း သုံးဘဝတို့ကိုင်း လေးဘဝတို့ကိုင်း ငါးဘဝတို့ကိုင်း ဆယ်ဘဝတို့ကိုင်း ဘဝနှစ်ဆယ်တို့ကိုင်း ဘဝသုံးဆယ်တို့ကိုင်း ဘဝလေးဆယ်တို့ကိုင်း ဘဝငါးဆယ်တို့ကိုင်း ဘဝတရာတို့ကိုင်း ဘဝတထောင်တို့ကိုင်း ဘဝတသိန်းတို့ကိုင်း များပြားသော ပျက်ကပ်တို့ကိုင်း များပြားသော ဖြစ်ကပ်တို့ကိုင်း များပြားသော ပျက်ကပ် ဖြစ်ကပ်တို့ကိုင်း ဤမည်သော ဘဝ၌ (ငါသည်) ဤသို့သောအမည် ဤသို့သောအနွယ် ဤသို့သောအဆင်း ဤသို့သော အစာ ဤသို့သောချမ်းသာဆင်းရဲ ခံစားခြင်း ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤမည်သော ဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း "ဤသို့သော အမည် ဤသို့သောအနွယ် ဤသို့သောအဆင်း ဤသို့သောအစာ ဤသို့သောချမ်းသာဆင်းရဲခံစားခြင်း ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏" ဟု ဤသို့သော အခြင်းအရာနှင့် တကွ ညွှန်ပြဖွယ် (အမည် အနွယ်) နှင့် တကွ များပြားသော ရှေး၌ နေဘူးသော ခန္ဓာအစဉ်ကို အောက်မေ့၏။ ရဟန်းတို့ ယင်းသို့ မြတ်စွာဘုရား၏ တဘဝကိုင်း၊ နှစ်ဘဝတို့ကိုင်း။ပ။ ဤသို့ အခြင်းအရာနှင့် တကွ အဖြစ်သနစ်နှင့်တကွ များပြားသော ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်ခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်းအားကိုစွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်သောအရာ (ဘုရားအဖြစ်)ကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။ (၈)

ရဟန်းတို့ နောက်တမျိုးကား မြတ်စွာဘုရားသည် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့် တူသော မျက်စိ 'ဒိဗ္ဗစက္ခု'ဖြင့် သေဆဲသတ္တဝါ ဖြစ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသော လားရာရှိသောသတ္တဝါ မကောင်းသော လားရာရှိသောသတ္တဝါတို့ကို မြင်နိုင်၏။ "အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့် ပြုသော မကောင်းသော အကျင့် 'ကာယဒုစရိုက်' နှုတ်ဖြင့်ပြုသော မကောင်းသော အကျင့် 'ဝစီဒုစရိုက်' စိတ်ဖြင့် ပြုသော မကောင်းသော အကျင့် 'မနောဒုစရိုက်' တို့နှင့်ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲကုန်၏၊ မှားသော အယူရှိကုန်၏၊ မှားသော အယူဖြင့် ပြုသော ကံရှိကုန်၏၊ ထို (သတ္တဝါ) တို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ ရောက်ကုန်၏။ အချင်းတို့ ဤ သတ္တဝါတို့သည်ကား ကိုယ်ဖြင့်ပြုသော ကောင်းသော အကျင့် 'ကာယသုစရိုက်' နှုတ်ဖြင့်ပြုသော ကောင်းသော အကျင့် 'ဝစီသုစရိုက်' စိတ်ဖြင့် ပြုသော ကောင်းသော အကျင့် 'မနောသုစရိုက်'တို့နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို မစွပ်စွဲကုန်၊မှန်သောအယူရှိကုန်၏၊ မှန်သော အယူဖြင့် ပြုသော ကံရှိကုန်၏၊ ထို (သတ္တဝါ) တို့သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ ရောက်ကုန်၏" ဟု ကံအလျောက် ဖြစ်သော သတ္တဝါတို့ကို သိနိုင်၏။ ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့် တူသော မျက်စိ 'ဒိဗ္ဗစက္ခု' ဖြင့် သေဆဲသတ္တဝါ ဖြစ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသော လားရာရှိသောသတ္တဝါ မကောင်းသော လားရာရှိသောသတ္တဝါတို့ကို မြင်၏၊

http://www.dhammadownload.com



ကံအလျောက် ဖြစ်သော သတ္တဝါတို့ကို သိ၏။ ရဟန်းတို့ ယင်းသို့ မြတ်စွာဘုရား၏ အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့် တူသော 'ဒိဗ္ဗစက္ခု' မျက်စိဖြင့်။ပ။ ကံအလျောက် ဖြစ်သော သတ္တဝါတို့ကို သိနိုင်ခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်းအားကိုစွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်သောအရာ(ဘုရားအဖြစ်)ကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။ (၉)

ရဟန်းတို့ နောက်တမျိုးကား မြတ်စွာဘုရားသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ ကင်းသော လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက် ပြုလျက် ရောက်၍ နေတော်မူ၏။ ရဟန်းတို့ ယင်းသို့ မြတ်စွာဘုရား၏ အာသဝေါ တရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ ကင်းသော လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက် ပြုလျက် ရောက်၍ နေနိုင်တော်မူခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်း အားကိုစွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်သောအရာ (ဘုရားအဖြစ်)ကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။ (၁၀)

ရဟန်းတို့ မြတ်စွာဘုရား၏ အားတို့သည် ဤ ဆယ်မျိုးတို့တည်း၊ မြတ်စွာဘုရားသည် ယင်းအားတို့နှင့် ပြည့်စုံသည်ဖြစ်၍ မြင့်မြတ်သောအရာ (ဘုရားအဖြစ်)ကို ဝန်ခံ၏၊ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏ဟု(မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-အဓိဝုတ္တိပဒသုတ်

၂၂။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား အထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ထိုင်နေသော အသျှင်အာနန္ဒာအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—အာနန္ဒာ အကြင်(ဒသဗလဉာဏ် သဗ္ဗညုတဉာဏ်) တရားတို့သည် ထိုထို ခန္ဓာ အာယတန ဓာတ် 'အဓိဝုတ္တိပဒ' တို့ကို ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက် ပြုရန် အလို့ငှါ ဖြစ်ကုန်၏။ အာနန္ဒာ ငါသည် ထိုတရားတို့၌ ထိုထို သတ္တဝါတို့အား ထိုထို အခြင်းအရာအားဖြင့် တရားဟောရန် ရဲရင့်၏ဟု ဝန်ခံ၏၊ ယင်းသို့ ဟောတိုင်း ကျင့်သူသည် ထင်ရှားရှိသောတရားကိုလည်း "ရှိ၏" ဟု သိရလိမ့်မည်၊ ထင်ရှား မရှိသော တရားကိုလည်း "မရှိ"ဟု သိရလိမ့်မည်၊ ယုတ်ညံ့သော တရားကိုလည်း "ယုတ်ညံ့သော တရား"ဟု သိရလိမ့်မည်၊ မွန်မြတ်သော တရားကိုလည်း "မွန်မြတ်သောတရား"ဟု သိရလိမ့်မည်၊ အတုရှိသော တရားကိုလည်း "အတုရှိသော တရား"ဟု သိရလိမ့်မည်၊ အတုမဲ့တရားကိုလည်း "အတုမဲ့တရား" ဟု သိရလိမ့်မည်၊ သိထိုက် မြင်ထိုက် မျက်မှောက်ပြုထိုက်သော ထိုတရားတို့ကိုလည်း သိရလိမ့်မည် မြင်ရလိမ့်မည် မျက်မှောက် ပြုရလိမ့်မည် ဟူသော ဤ အကြောင်းသည် ရှိသည်သာတည်း။ အာနန္ဒာ ဉာဏ်တို့တွင် ထိုထိုတရားတို့၌ ဟုတ်တိုင်း မှန်စွာ သိသော (သဗ္ဗညုတ)ဉာဏ်သည် အမြတ်ဆုံးတည်း။ အာနန္ဒာ ထိုသဗ္ဗညုတ ဉာဏ်မှတပါး (ထိုဉာဏ်ထက်) သာလွန် မွန်မြတ်သောဉာဏ် မရှိဟု ငါဆို၏။

http://www.dhammadownload.com



အာနန္ဒာ မြတ်စွာဘုရား၏ အားဘော်တို့သည် ဤဆယ်မျိုးတို့တည်း၊ မြတ်စွာဘုရားသည် ယင်းအားတော်တို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ မြင့်မြတ်သောအရာ(ဘုရားအဖြစ်)ကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲရင့်သောအသံကို မြွက်ဆို၏၊ မြတ်သောတရားစကြာကို လည်စေ၏။ ဆယ်မျိုးတို့ဟူသည် အဘယ်တို့နည်း၊ အာနန္ဒာ ဤလောက၌ မြတ်စွာဘုရားသည် အကြောင်းဟုတ်သည်ကိုလည်း အကြောင်းဟုတ်သော အားဖြင့် အကြောင်း မဟုတ်သည်ကိုလည်း အကြောင်း မဟုတ်သောအားဖြင့် ဟုတ်တိုင်းမှန်စွာ ခွဲခြားသိ၏။ အာနန္ဒာ ယင်းသို့ မြတ်စွာဘုရား၏ အကြောင်းဟုတ်သည်ကိုလည်း အကြောင်းဟုတ်သောအားဖြင့် အကြောင်းမဟုတ်သည်ကိုလည်း အကြောင်းမဟုတ်သော အားဖြင့် ဟုတ်တိုင် မှန်စွာ ခွဲခြားသိခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်းအားကိုစွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်သောအရာ(ဘုရားအဖြစ်)ကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲရင့်သောအသံကို မြွက်ဆို၏၊ မြတ်သောတရားစကြာကိုလည်စေ၏။ (၁)

အာနန္ဒာ နောက်တမျိုးကား မြတ်စွာဘုရားသည် အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်ကုန်သော ဆောက်တည် အပ်သော ကံတို့၏ အကျိုး အထောက်အပံ့အားဖြင့် အကြောင်းအားဖြင့် ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ သိ၏။ အာနန္ဒာ။ပ။ ဤသဘောသည်လည်း။ပ။ (၂)

အာနန္ဒာ နောက်တမျိုးကား မြတ်စွာဘုရားသည် အလုံးစုံ (ဂတိငါးတန် နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်ကို ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ သိ၏။ပ။ အာနန္ဒာ။ပ။ ဤသဘောသည်လည်း။ပ။ (၃)

အာနန္ဒာ နောက်တမျိုးကား မြတ်စွာဘုရားသည် များသော ဓာတ် အမျိုးမျိုးသော ဓာတ် လောကကို ဟုတ်တိုင်းမှန်စွာ ခွဲခြား၍သိ၏။ အာနန္ဒာ။ပ။ဤသဘောသည်လည်း။ပ။(၄)

အာနန္ဒာ နောက်တမျိုးကား မြတ်စွာဘုရားသည် သတ္တဝါတို့၏ စိတ်ထား နှလုံးသွင်း အမျိုးမျိုးကို ဟုတ်တိုင်းမှန်စွာ ခွဲခြား၍သိ၏။ အာနန္ဒာ။ပ။ ဤသဘောသည်လည်း။ပ။ (၅)

အာနန္ဒာ နောက်တမျိုးကား မြတ်စွာဘုရားသည် အယုတ် အမြတ် ဖြစ်သော ပုဂ္ဂိုလ် သတ္တဝါတို့၏ ဣန္ဒြေ အနုအရင့်ကို ဟုတ်တိုင်းမှန်စွာ ခွဲခြား၍သိ၏၊ အာနန္ဒာ။ပ။ ဤသဘောသည်လည်း။ပ။ (၆)

အာနန္ဒာ နောက်တမျိုးကား မြတ်စွာဘုရားသည် ဈာန် ဝိမောက္ခ သမာဓိ သမာပတ်တို့၏ ညစ်ညူးကြောင်း ဖြူစင်ကြောင်း ထမြောက်ကြောင်းကို ဟုတ်တိုင်း မှန်စွာ ခွဲခြား၍သိ၏၊ အာနန္ဒာ။ပ။ဤသဘောသည်လည်း။ (၇)

အာနန္ဒာ နောက်တမျိုးကား မြတ်စွာဘုရားသည် များပြားသော ရှေး၌ နေဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏။ ဤသည်တို့ကား အဘယ်တို့နည်း၊ တဘဝကိုရင်း နှစ်ဘဝတို့ကိုရင်း။ပ။ဤသို့အခြင်းအရာနှင့်တကွ အဖြစ်သနစ်နှင့်တကွ များပြားသောရှေး၌ နေဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏။အာနန္ဒာ။ပ။ ဤသဘောသည်လည်း။ပ။ (၈)

အာနန္ဒ နောက်တမျိုးကား မြတ်စွာဘုရားသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ အမြင်ကို လွန်သောနတ်မျက်စိ'ဒိဗ္ဗစက္ခု'ဖြင့်။ပ။ကံအားလျော်စွာဖြစ်သော သတ္တဝါတို့ကိုသိ၏။အာနန္ဒာ။ပ။ ဤသဘောသည်လည်း။ပ။(၉)

http://www.dhammadownload.com



အာနန္ဒာ နောက်တမျိုးကား မြတ်စွာဘုရားသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ ကင်းသော လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍နေ၏၊ အာနန္ဒာ ယင်းသို့ မြတ်စွာဘုရား၏ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ ကင်းသော လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့်။ပ။ မျက်မှောက်ပြုကာ ရောက်၍ နေတော်မူခြင်းသည်လည်း မြတ်စွာဘုရား၏ အားတော်မည်၏၊ ယင်းအားကိုစွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်သောအရာ (ဘုရားအဖြစ်)ကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်၏၊ မြတ်သော တရားစကြာကို လည်စေ၏။(၁၀)

အာနန္ဒာ မြတ်စွာဘုရား၏ အားတော်တို့သည် ဤဆယ်မျိုးတို့တည်း၊ မြတ်စွာဘုရားသည် ယင်းအားတော်တို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ မြင့်မြတ်သောအရာ (ဘုရားအဖြစ်)ကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်ဆို၏၊ မြတ်သောတရား စကြာကိုလည်စေ၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ကာယသုတ်

၂၃။ ရဟန်းတို့ ကိုယ်ဖြင့်ပယ်၍ နှုတ်ဖြင့်မပယ်အပ်ကုန်သော တရားတို့သည် ရှိကုန်၏၊ရဟန်းတို့ နှုတ်ဖြင့်ပယ်၍ ကိုယ်ဖြင့်မပယ်အပ်ကုန်သော တရားတို့သည် ရှိကုန်၏၊ ရဟန်းတို့ ကိုယ်ဖြင့် မပယ်အပ် နှုတ်ဖြင့်မပယ်အပ်မူ၍ ပညာဖြင့်မြင်၍ ပယ်အပ်သော တရားတို့သည် ရှိကုန်၏။

ရဟန်းတို့ ကိုယ်ဖြင့်ပယ်၍ နှုတ်ဖြင့်မပယ်အပ်သော တရားတို့ ဟူသည် အဘယ်တို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကိုယ်ဖြင့် အကုသိုလ် (အာပတ်) အစု တခုခုသို့ ရောက်၏၊ ထိုရဟန်းကို သိနားလည်သော သီတင်းသုံးဖော်တို့က ဉာဏ်ဖြင့် သက်ဝင်၍ "အသျှင်သည်ကား ကိုယ်ဖြင့် အကုသိုလ်(အာပတ်)အစု တခုခုသို့ ရောက်၏၊ တောင်းပန်ပါ၏၊ အသျှင်သည် ကာယဒုစရိုက်ကို ပယ်၍ ကာယသုစရိုက်ကို ပွါးများပါလော့" ဟု ပြောဆိုကုန်၏။ ထို ရဟန်းသည် သိနားလည်သော သီတင်းသုံးဖော်တို့က ဉာဏ်ဖြင့် သက်ဝင်၍ ပြောဆိုသည် ဖြစ်ရကား ကာယဒုစရိုက်ကိုပယ်၍ ကာယသုစရိုက်ကို ပွါးများ၏။ရဟန်းတို့ ဤ တရားတို့ကို ကိုယ်ဖြင့်ပယ်၍ နှုတ်ဖြင့် မပယ်အပ်သော တရားတို့ဟု ဆိုအပ်ကုန်၏။

ရဟန်းတို့ နှုတ်ဖြင့်ပယ်၍ ကိုယ်ဖြင့်မပယ်အပ်သော တရားတို့ဟူသည် အဘယ်တို့နည်း၊ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နှုတ်ဖြင့် အကုသိုလ် (အာပတ်) အစု တခုခုသို့ ရောက်၏၊ ထို ရဟန်းကို သိနားလည်သော သီတင်းသုံးဖော်တို့က ဉာဏ်ဖြင့် သက်ဝင်၍ "အသျှင်သည်ကား နှုတ်ဖြင့် အကုသိုလ် (အာပတ်) အစု တခုခုသို့ ရောက်၏၊ တောင်းပန်ပါ၏၊ အသျှင်သည် ဝစီဒုစရိုက်ကိုပယ်၍ ဝစီသုစရိုက်ကို ပွါးများပါလော့" ဟု ပြောဆိုကုန်၏။ ထိုရဟန်းသည် သိနားလည်သော သီတင်းသုံးဖော်တို့က ဉာဏ်ဖြင့် သက်ဝင်၍ ပြောဆိုသည် ဖြစ်ရကား ဝစီဒုစရိုက်ကို ပယ်၍ ဝစီသုစရိုက်ကို ပွါးများ၏။ ရဟန်းတို့ ဤတရားတို့ကို နှုတ်ဖြင့်ပယ်၍ ကိုယ်ဖြင့် မပယ်အပ်သော တရားတို့ဟု ဆိုအပ်ကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ ကိုယ်ဖြင့် မပယ်အပ် နှုတ်ဖြင့် မပယ်အပ်မူ၍ ပညာဖြင့် မြင်၍ ပယ်အပ်သော တရားတို့ဟူသည် အဘယ်တို့နည်း၊ ရဟန်းတို့ လောဘကို ကိုယ်ဖြင့် မပယ်အပ် နှုတ်ဖြင့်မပယ်အပ်မူ၍ ပညာဖြင့်မြင်၍ ပယ်အပ်၏၊ ရဟန်းတို့ ဒေါသကို။ပ။မောဟကို၊ အမျက်ထွက်မှုကို၊ ရန်ငြိုးဖွဲ့မှုကို၊ သူ့ကျေးဇူး ချေဖျက်မှုကို၊ ဂုဏ်ပြိုင်မှုကို၊ ဝန်တိုမှုကို ကိုယ်ဖြင့်မပယ်အပ် နှုတ်ဖြင့် မပယ်အပ်မူ၍ ပညာဖြင့်မြင်၍ ပယ်အပ်၏။

ရဟန်းတို့ ယုတ်ညံ့သော ငြူစူမှုကို ကိုယ်ဖြင့် မပယ်အပ် နှုတ်ဖြင့် မပယ်အပ်မူ၍ ပညာဖြင့် မြင်၍ ပယ်အပ်၏၊ရဟန်းတို့ ယုတ်ညံ့သော ငြူစူမှုဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ သူကြွယ်အားရင်း သူကြွယ်သားအားရင်း ဥစ္စာ စပါး ရွှေ ငွေနှင့် ပြည့်စုံ၏၊ ထိုသို့ ပြည့်စုံရာ၌ အခြားသော ကျွန်အား ဖြစ်စေ ကပ်ယပ်နေသူအားဖြစ်စေ "ဤသူကြွယ် သူကြွယ်သားအား ဥစ္စာ စပါး ရွှေ ငွေနှင့် မပြည့်စုံပါမူ ကောင်းလေစွ"ဟု အကြံ ဖြစ်ရာ၏။ သမဏသည်ရင်း ဗြာဟ္မဏသည်ရင်း သင်္ကန်း ဆွမ်း ကျောင်း သူနာ၏အထောက်အပံ့ ဆေး အသုံးအဆောင်ကို ရသူဖြစ်၏၊ ထိုသို့ရရာ၌ အခြားသော သမဏ အားရင်း ဗြာဟ္မဏအားရင်း "ဤ အသျှင်သည် သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင်ကိုရသူ မဖြစ်ပါမူ ကောင်းလေစွ" ဟု အကြံဖြစ်၏။ရဟန်းတို့ ဤအရာကို ယုတ်ညံ့သော ငြူစူမှုဟု ဆိုအပ်၏။

ရဟန်းတို့ ယုတ်ညံ့သော အလိုကို ကိုယ်ဖြင့် မပယ်အပ် နှုတ်ဖြင့် မပယ်အပ်မူ၍ ပညာဖြင့် မြင်၍ပယ်အပ်၏၊ ရဟန်းတို့ ယုတ်ညံ့သော အလိုဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် သဒ္ဓါမရှိသူ ဖြစ်လျက် "သဒ္ဓါရှိသူဟု ငါ့ကို သိကြပါစေ"ဟု အလိုရှိ၏၊ သီလ မရှိသူဖြစ်လျက် "သီလရှိသူဟု ငါ့ကိုသိကြပါစေ"ဟု အလိုရှိ၏၊ အကြားအမြင်နည်းသူဖြစ်လျက် "အကြားအမြင်များသူဟု ငါ့ကို သိကြပါစေ"ဟု အလိုရှိ၏၊ အပေါင်းအဖော်၌ မွေ့လျော်သူ ဖြစ်လျက် အပေါင်းအဖော်မှ "ကင်းဆိတ်သူဟု ငါ့ကိုသိကြပါစေ"ဟု အလိုရှိ၏၊ပျင်းရိသူ ဖြစ်လျက် "ထက်သန်သော လုံ့လရှိသူဟု ငါ့ကို သိကြပါစေ"ဟု အလိုရှိ၏၊ သတိလွတ်ကင်းသူ ဖြစ်လျက် "သတိထင်သူဟု ငါ့ကို သိကြပါစေ"ဟု အလိုရှိ၏၊မတည်ကြည်သူဖြစ်လျက် "တည်ကြည်သူဟု ငါ့ကို သိကြပါစေ"ဟု အလိုရှိ၏၊ ပညာမဲ့သူဖြစ်လျက် "ပညာရှိသူဟု ငါ့ကို သိကြပါစေ"ဟု အလိုရှိ၏၊ အာသဝေါတရား မကုန်သူဖြစ်လျက် "အာသဝေါတရားကုန်သူဟု ငါ့ကို သိကြပါစေ" ဟု အလိုရှိ၏၊ ရဟန်းတို့ ဤတရားကို ယုတ်ညံ့သော အလိုဟု ဆိုအပ်၏။ ရဟန်းတို့ ဤတရားတို့ကို ကိုယ်ဖြင့် မပယ်အပ် စိတ်ဖြင့် မပယ်အပ်မူ၍ ပညာဖြင့်မြင်၍ ပယ်အပ်သော တရားတို့ဟု ဆိုအပ်ကုန်၏။

ရဟန်းတို့ လောဘသည် အကယ်၍ ထိုရဟန်းကို လွှမ်းမိုး၍ ဖြစ်ပါမူ ဒေါသသည်။မောဟသည်။ အမျက်ထွက်မှုသည်။ ရန်ငြိုးဖွဲ့မှုသည်။ သူ့ ကျေးဇူးကို ချေဖျက်မှုသည်။ ဂုဏ်ပြိုင်မှုသည်။ ဝန်တိုမှုသည်။ယုတ်ညံ့သော ငြူစူမှုသည်။ယုတ်ညံ့သော အလိုသည် အကယ်၍ လွှမ်းမိုး၍ ဖြစ်ပါမူ "ဤ အသျှင်သည် လောဘ မဖြစ်မည့် အခြင်းအရာကိုမသိ၊ ထို့ကြောင့်ပင် ဤ အသျှင်ကို လောဘသည် လွှမ်းမိုး၍ဖြစ်၏၊ ဤ အသျှင်သည် ဒေါသ၊ မောဟ၊ အမျက်ထွက်မှု၊ ရန်ငြိုးဖွဲ့မှု၊ သူ့ ကျေးဇူး ကို ချေဖျက်မှု၊ဂုဏ်ပြိုင်မှု၊ဝန်တိုမှု၊ယုတ်ညံ့သော ငြူစူမှု၊ယုတ်ညံ့သော အလို မဖြစ်မည့် အခြင်းအရာကို မသိ၊ ထို့ ကြောင့်ပင် ဤ အသျှင်ကို ယုတ်ညံ့သော အလိုသည် လွှမ်းမိုး၍ ဖြစ်၏" ဟု ထိုရဟန်းကို သိအပ်သည် ဖြစ်ရာ၏။

http://www.dhammadownload.com



ရဟန်းတို့ လောဘသည် အကယ်၍ ထိုရဟန်းကို လွှမ်းမိုး၍ မဖြစ်ပါမူ ဒေါသ။ မောဟ။ အမျက်ထွက်မှု။ ရန်ငြိုးဖွဲ့မှု။ သူ့ကျေးဇူးကို ချေဖျက်မှု။ ဂုဏ်ပြိုင်မှု။ ဝန်တိုမှု။ ယုတ်ညံ့သော ငြူစူမှု။ ယုတ်ညံ့သော အလိုသည် အကယ်၍ လွှမ်းမိုး၍ ဖြစ်ပါမူ "ဤ အသျှင်သည် လောဘ မဖြစ်မည့် အခြင်းအရာကို သိ၏၊ ထို့ကြောင့်ပင် ဤ အသျှင်ကို လောဘသည် လွှမ်းမိုး၍ မဖြစ်၊ ဤ အသျှင်သည် ဒေါသ။ မောဟ။ အမျက်ထွက်မှု။ ရန်ငြိုးဖွဲ့မှု။ သူ့ကျေးဇူးကို ချေဖျက်မှု။ ဂုဏ်ပြိုင်မှု။ ဝန်တိုမှု။ ယုတ်ညံ့သော ငြူစူမှု။ ယုတ်ညံ့သော အလို မဖြစ်မည့် အခြင်းအရာကို သိ၏၊ ထို့ကြောင့်ပင် ဤ အသျှင်ကို ယုတ်ညံ့သော အလိုသည် လွှမ်းမိုး၍မဖြစ်"ဟု ထို ရဟန်းကို သိအပ်သည် ဖြစ်ရာ၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-မဟာစုန္ဒသုတ်

၂၄။ အခါတပါး၌ အသျှင်မဟာစုန္ဒသည် စေတီတိုင်း သဟဇာတိမြို့၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ အသျှင်မဟာစုန္ဒသည် ရဟန်းတို့ကို "ငါ့သျှင် ရဟန်းတို့" ဟု ခေါ်တော်မူ၏။ ထိုရဟန်းတို့က "ငါ့သျှင်" ဟု အသျှင်မဟာစုန္ဒအား ပြန်ကြား လျှောက်ထားကုန်၏။ အသျှင် မဟာစုန္ဒသည် ဤစကားကို မိန့်တော်မူ၏—

ငါ့သင်တို့ ဉာဏ်နှင့် ပြည့်စုံ၏ဟူသော စကား 'ဉာဏဝါဒ'ကို ဆိုသော ရဟန်းသည် "ဤတရားကို (ငါ) သိ၏၊ ဤတရားကို (ငါ) မြင်၏" ဟု (ဆို၏)။ ငါ့သျှင်တို့ အကယ်၍ ထိုရဟန်းကို လောဘသည် လွှမ်းမိုး၍ တည်ပါမူ ဒေါသ။ မောဟ။ အမျက်ထွက်မှု။ ရန်ငြိုးဖွဲ့မှု။ သူ့ကျေးဇူးကို ချေဖျက်မှု။ ဂုဏ်ပြိုင်မှု။ ဝန်တိုမှု။ ယုတ်ညံ့သော ငြူစူမှု။ ယုတ်ညံ့သော အလိုသည် လွှမ်းမိုး၍ တည်ပါမူ "ဤအသျှင်သည် လောဘမဖြစ်မည့် အခြင်းအရာကို မသိ၊ ထို့ကြောင့်ပင် ဤအသျှင်ကို လောဘသည် လွှမ်းမိုး၍ တည်၏၊ ဤအသျှင်သည် ဒေါသ။ မောဟ။ အမျက်ထွက်မှု။ ရန်ငြိုးဖွဲ့မှု။ သူ့ကျေးဇူးကို ချေဖျက်မှု။ ဂုဏ်ပြိုင်မှု။ ဝန်တိုမှု။ ယုတ်ညံ့သော ငြူစူမှု။ ယုတ်ညံ့သော အလို မဖြစ်မည့် အခြင်းအရာကို မသိ၊ ထို့ကြောင့်ပင် ဤအသျှင်ကို ယုတ်ညံ့သော အလိုသည် လွှမ်းမိုး၍ တည်၏"ဟု ထိုရဟန်းကို သိအပ်သည် ဖြစ်ရာ၏။

ငါ့သျှင်တို့ ဘာဝနာနှင့် ပြည့်စုံ၏ဟူသော စကား'ဘာဝနာဝါဒ'ကို ဆိုသော ရဟန်းသည် "(ငါသည်) ကာယကို ပွါးပြီးဖြစ်၏၊ သီလကို ပွါးပြီးဖြစ်၏၊ စိတ် (သမာဓိ) ကို ပွါးပြီးဖြစ်၏၊ ပညာကို ပွါးပြီးဖြစ်၏" ဟု (ဆို၏)။ ငါ့သျှင်တို့ အကယ်၍ ထိုရဟန်းကို လောဘသည် လွှမ်းမိုး၍ တည်ပါမူ ဒေါသ။ မောဟ။ အမျက်ထွက်မှု။ ရန်ငြိုးဖွဲ့မှု။ သူ့ကျေးဇူးကို ချေဖျက်မှု။ ဂုဏ်ပြိုင်မှု။ ဝန်တိုမှု။ ယုတ်ညံ့သော ငြူစူမှု။ ယုတ်ညံ့သော အလိုသည် လွှမ်းမိုး၍ တည်ပါမူ "ဤအသျှင်သည် လောဘ မဖြစ်မည့် အခြင်းအရာကို မသိ၊ ထို့ကြောင့်ပင် ဤအသျှင်ကို လောဘသည် လွှမ်းမိုး၍ တည်၏၊ ဤအသျှင်သည် ဒေါသ။ မောဟ။ အမျက်ထွက်မှု။ ရန်ငြိုးဖွဲ့မှု။ သူ့ကျေးဇူးကို ချေဖျက်မှု။ ဂုဏ်ပြိုင်မှု။ ဝန်တိုမှု။ ယုတ်ညံ့သော ငြူစူမှု။ ယုတ်ညံ့သော အလို မဖြစ်မည့် အခြင်းအရာကို မသိ၊ ထို့ကြောင့်ပင် ဤအသျှင်ကို ယုတ်ညံ့သော အလိုသည် လွှမ်းမိုး၍ တည်၏"ဟု ထိုရဟန်းကို သိအပ်သည် ဖြစ်ရာ၏။

http://www.dhammadownload.com



ငါ့သျှင်တို့ ဉာဏဝါဒကိုငြင်း ဘာဝနာဝါဒကိုငြင်း ဆိုသော ရဟန်းသည် "ဤတရားကို (ငါ) သိ၏၊ ဤဘရားကို(ငါ)မြင်၏၊ (ငါသည်)ကာယကို ပွါးပြီးဖြစ်၏၊ သီလကို ပွါးပြီးဖြစ်၏၊ စိတ် (သမာဓိ)ကို ပွါးပြီးဖြစ်၏၊ ပညာကို ပွါးပြီးဖြစ်၏"ဟု (ဆို၏)။ ငါ့သျှင်တို့ အကယ်၍ ထိုရဟန်းကို လောဘသည် လွှမ်းမိုး၍ တည်ပါမူ ဒေါသ။မောဟ။ အမျက်ထွက်မှု။ ရန်ငြိုးဖွဲ့မှု။ သူ့ကျေးဇူးကို ချေဖျက်မှု။ ဂုဏ်ပြိုင်မှု။ ဝန်တိုမှု။ ယုတ်ညံ့သော ငြူစူမှု။ ယုတ်ညံ့သော အလိုသည် လွှမ်းမိုး၍ တည်ပါမူ "ဤအသျှင်သည် လောဘမဖြစ်မည့် အခြင်းအရာကို မသိ၊ ထို့ကြောင့်ပင် ဤအသျှင်ကို လောဘသည် လွှမ်းမိုး၍ တည်၏၊ ဤအသျှင်သည် ဒေါသ။မောဟ။ အမျက်ထွက်မှု။ ရန်ငြိုးဖွဲ့မှု။ သူ့ကျေးဇူးကို ချေဖျက်မှု။ ဂုဏ်ပြိုင်မှု။ ဝန်တိုမှု။ ယုတ်ညံ့သော ငြူစူမှု။ ယုတ်ညံ့သော အလို မဖြစ်မည့် အခြင်းအရာကို မသိ ထို့ကြောင့်ပင် ဤအသျှင်ကို ယုတ်ညံ့သော အလိုသည် လွှမ်းမိုး၍ တည်၏"ဟု ထိုရဟန်းကို သိအပ်သည် ဖြစ်ရာ၏။

ငါ့သျှင်တို့ ဥပမာသော်ကား ယောကျ်ားသည် ဆင်းရဲသူသာဖြစ်လျက် ကြွယ်ဝ၏ဟူသော စကားကို ဆိုရာ၏၊ ဥစ္စာမဲ့သူသာဖြစ်လျက် ဥစ္စာရှိ၏ဟူသော စကားကို ဆိုရာ၏၊ စည်းစိမ်မဲ့သူသာဖြစ်လျက် စည်းစိမ်ရှိ၏ ဟူသော စကားကို ဆိုရာ၏၊ ထိုသူသည် ဥစ္စာဖြင့် တစုံတရာ ပြုဖွယ်ကိစ္စ ဖြစ်လတ်သော် ဥစ္စာ စပါး ရွှေ ငွေကို ထုတ်ဆောင်ပေးခြင်းငှါ မတတ်နိုင်ရာ၊ ထိုသူကို "ဤအသျှင်သည် ဆင်းရဲသူသာဖြစ်လျက် ကြွယ်ဝ၏ဟူသော စကားကို ဆို၏၊ ဤ အသျှင်သည် ဥစ္စာမဲ့သူသာ ဖြစ်လျက် ဥစ္စာရှိ၏ဟူသော စကားကို ဆို၏၊ ဤအသျှင်သည် စည်းစိမ်မဲ့သူသာ ဖြစ်လျက် စည်းစိမ်ရှိ၏ဟူသော စကားကို ဆို၏"ဟု သိကုန်ရာ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ဤအသျှင်သည် ဥစ္စာဖြင့် တစုံတရာ ပြုဖွယ်ကိစ္စဖြစ်လတ်သော် ဥစ္စာ စပါး ရွှေ ငွေကို ထုတ်ဆောင်ပေးခြင်းငှါ မတတ်နိုင်သောကြောင့်တည်း။

ငါ့သျှင်တို့ ဤအတူပင် ဉာဏဝါဒကိုငြင်း ဘာဝနာဝါဒကိုငြင်း ဆိုသော ရဟန်းသည် "ဤဘရားကို (ငါ)သိ၏၊ ဤတရားကို(ငါ)မြင်၏၊(ငါသည်)ကာယကို ပွါးပြီးဖြစ်၏၊ သီလကို ပွါးပြီးဖြစ်၏၊ စိတ်(သမာဓိ)ကို ပွါးပြီးဖြစ်၏၊ ပညာကို ပွါးပြီးဖြစ်၏"ဟု (ဆို၏)။ ငါ့သျှင်တို့ အကယ်၍ ထိုရဟန်းကို လောဘသည် လွှမ်းမိုး၍တည်ပါမူ ဒေါသ။ မောဟ။ အမျက်ထွက်မှု။ ရန်ငြိုးဖွဲ့မှု။ သူ့ကျေးဇူးကို ချေဖျက်မှု။ ဂုဏ်ပြိုင်မှု။ ဝန်တိုမှု။ ယုတ်ညံ့သော ငြူစူမှု။ ယုတ်ညံ့သော အလိုသည် လွှမ်းမိုး၍ တည်ပါမူ "ဤအသျှင်သည် လောဘ မဖြစ်မည့် အခြင်းအရာကို မသိ၊ ထို့ကြောင့်ပင် ဤအသျှင်ကို လောဘသည် လွှမ်းမိုး၍ တည်၏၊ ဤအသျှင်သည် ဒေါသ။မောဟ။အမျက်ထွက်မှု။ ရန်ငြိုးဖွဲ့မှု။ သူ့ကျေးဇူးကို ချေဖျက်မှု။ ဂုဏ်ပြိုင်မှု။ ဝန်တိုမှု။ ယုတ်ညံ့သော ငြူစူမှု။ယုတ်ညံ့သော အလို မဖြစ်မည့်အခြင်းအရာကို မသိ၊ ထို့ကြောင့်ပင် ဤအသျှင်ကို ယုတ်ညံ့သော အလိုသည် လွှမ်းမိုး၍ တည်၏"ဟု ထိုရဟန်းကို သိအပ်သည် ဖြစ်ရာ၏။

ငါ့သျှင်တို့ ဉာဏဝါဒကို ဆိုသော ရဟန်းသည် "ဤတရားကို(ငါ)သိ၏၊ ဤတရားကို (ငါ) မြင်၏"ဟု (ဆို၏)။ ငါ့သျှင်တို့ အကယ်၍ ထိုရဟန်းကို လောဘသည် လွှမ်းမိုး၍ မတည်ပါမူ ဒေါသ။ မောဟ။ အမျက်ထွက်မှု။ ရန်ငြိုးဖွဲ့မှု။ သူ့ကျေးဇူးကို ချေဖျက်မှု။ ဂုဏ်ပြိုင်မှု။ ဝန်တိုမှု။ ယုတ်ညံ့သော ငြူစူမှု။ ယုတ်ညံ့သော အလိုသည် လွှမ်းမိုး၍ မဘည်ပါမူ "ဤအသျှင်သည် လောဘ မဖြစ်မည့် အခြင်းအရာကို သိ၏၊ ထို့ကြောင့်ပင် ဤအသျှင်ကို လောဘသည် လွှမ်းမိုး၍ မတည်နိုင်၊ ဤအသျှင်သည် ဒေါသ။ မောဟ။ အမျက်ထွက်မှု။ ရန်ငြိုးဖွဲ့မှု။ သူ့ကျေးဇူးကို ချေဖျက်မှု။

http://www.dhammadownload.com



ဂုဏ်ပြိုင်မှု။ ဝန်တိုမှု။ ယုတ်ညံ့သော ငြူစူမှု။ ယုတ်ညံ့သော အလို မဖြစ်မည့် အခြင်းအရာကို သိ၏၊ ထို့ကြောင့်ပင် ဤအသျှင်ကို ယုတ်ညံ့သော အလိုသည် လွှမ်းမိုး၍ မတည်နိုင်”ဟု ထိုရဟန်းကို သိအပ်သည် ဖြစ်ရာ၏။

ငါ့သျှင်တို့ ဘာဝနာဝါဒကို ဆိုသော ရဟန်းသည် “(ငါသည်) ကာယကို ပွါးပြီး ဖြစ်၏၊ သီလကို ပွါးပြီးဖြစ်၏၊ စိတ်(သမာဓိ)ကို ပွါးပြီးဖြစ်၏၊ ပညာကို ပွါးပြီးဖြစ်၏”ဟု (ဆို၏)။ ငါ့သျှင်တို့ အကယ်၍ ထိုရဟန်းကို လောဘသည် လွှမ်းမိုး၍ မတည်ပါမူ ဒေါသ။ မောဟ။ အမျက်ထွက်မှု။ ရန်ငြိုးဖွဲ့မှု။ သူ့ကျေးဇူးကို ချေဖျက်မှု။ ဂုဏ်ပြိုင်မှု။ ဝန်တိုမှု။ ယုတ်ညံ့သော ငြူစူမှု။ ယုတ်ညံ့သော အလိုသည် လွှမ်းမိုး၍ မတည်ပါမူ “ဤအသျှင်သည် လောဘ မဖြစ်မည့် အခြင်းအရာကို သိ၏၊ ထို့ကြောင့်ပင် ဤအသျှင်ကို လောဘသည် လွှမ်းမိုး၍ မတည်နိုင်၊ ဤအသျှင်သည် ဒေါသ။ မောဟ။ အမျက်ထွက်မှု။ ရန်ငြိုးဖွဲ့မှု။ သူ့ကျေးဇူးကို ချေဖျက်မှု။ ဂုဏ်ပြိုင်မှု။ ဝန်တိုမှု။ ယုတ်ညံ့သော ငြူစူမှု။ ယုတ်ညံ့သော အလို မဖြစ်မည့် အခြင်းအရာကို သိ၏၊ ထို့ကြောင့်ပင် ဤအသျှင်ကို ယုတ်ညံ့သော အလိုသည် လွှမ်းမိုး၍ မတည်နိုင်”ဟု ထိုရဟန်းကို သိအပ်သည် ဖြစ်ရာ၏။

ငါ့သျှင်တို့ ဉာဏဝါဒကိုလည်းကောင်း ဘာဝနာဝါဒကိုလည်းကောင်း ဆိုသော ရဟန်းသည် “ဤတရားကို (ငါ) သိ၏၊ ဤတရားကို(ငါ)မြင်၏၊ (ငါသည်)ကာယကို ပွါးပြီးဖြစ်၏၊ သီလကို ပွါးပြီးဖြစ်၏ စိတ် (သမာဓိ)ကို ပွါးပြီးဖြစ်၏၊ ပညာကို ပွါးပြီးဖြစ်၏”ဟု (ဆို၏)။ ငါ့သျှင်တို့ အကယ်၍ ထိုရဟန်းကို လောဘသည် လွှမ်းမိုး၍ မတည်ပါမူ ဒေါသ။ မောဟ။ အမျက်ထွက်မှု။ ရန်ငြိုးဖွဲ့မှု။ သူ့ကျေးဇူးကို ချေဖျက်မှု။ ဂုဏ်ပြိုင်မှု။ ဝန်တိုမှု။ ယုတ်ညံ့သော ငြူစူမှု။ ယုတ်ညံ့သော အလိုသည် လွှမ်းမိုး၍ မတည်ပါမူ “ဤအသျှင်သည် လောဘမဖြစ်မည့် အခြင်းအရာကို သိ၏၊ ထို့ကြောင့်ပင် ဤအသျှင်ကို လောဘသည် လွှမ်းမိုး၍ မတည်နိုင်၊ ဤအသျှင်သည် ဒေါသ။ မောဟ။ အမျက်ထွက်မှု။ ရန်ငြိုးဖွဲ့မှု။ သူ့ကျေးဇူးကို ချေဖျက်မှု။ ဂုဏ်ပြိုင်မှု။ ဝန်တိုမှု။ ယုတ်ညံ့သော ငြူစူမှု။ ယုတ်ညံ့သော အလို မဖြစ်မည့် အခြင်းအရာကို သိ၏၊ ထို့ကြောင့်ပင် ဤအသျှင်ကို ယုတ်ညံ့သော အလိုသည် လွှမ်းမိုး၍ မတည်နိုင်”ဟု ထိုရဟန်းကို သိအပ်သည် ဖြစ်ရာ၏။

ငါ့သျှင်တို့ ဥပမာသော်ကား ယောကျ်ားသည် ကြွယ်ဝသူဖြစ်၍သာလျှင် ကြွယ်ဝ၏ဟူသော စကားကို ဆိုရာ၏၊ ဥစ္စာရှိသူဖြစ်၍သာလျှင် ဥစ္စာရှိ၏ဟူသော စကားကိုဆိုရာ၏၊ စည်းစိမ်ရှိသူ ဖြစ်၍သာလျှင် စည်းစိမ်ရှိ၏ ဟူသောစကားကို ဆိုရာ၏၊ ထိုသူသည် ဥစ္စာဖြင့် တစုံတရာ ပြုဖွယ်ကိစ္စ ဖြစ်လတ်သော် ဥစ္စာ စပါး ရွှေ ငွေကို ထုတ်ဆောင်ပေးရန် စွမ်းနိုင်ရာ၏။ ထိုသူကို “ဤအသျှင်သည် ကြွယ်ဝသူဖြစ်၍သာလျှင် ကြွယ်ဝ၏ဟူသော စကားကို ဆို၏၊ ဤအသျှင်သည် ဥစ္စာရှိသူ ဖြစ်၍သာလျှင် ဥစ္စာရှိ၏ဟူသော စကားကို ဆို၏၊ ဤအသျှင်သည် စည်းစိမ်ရှိသူ ဖြစ်၍သာလျှင် စည်းစိမ်ရှိ၏ ဟူသောစကားကို ဆို၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ဤအသျှင်သည် ဥစ္စာဖြင့် တစုံတရာ ပြုဖွယ်ကိစ္စဖြစ်လတ်သော် ဥစ္စာ စပါး ရွှေ ငွေကို ထုတ်ဆောင်ပေးရန် စွမ်းနိုင်သောကြောင့်တည်း”ဟု သိကုန်ရာ၏။ ငါ့သျှင်တို့ ဤအတူပင်ဉာဏဝါဒကိုလည်းကောင်း ဘာဝနာဝါဒကိုလည်းကောင်း ဆိုသောရဟန်းသည် “ဤသို့ (ငါ) သိ၏၊ ဤသို့ (ငါ)မြင်၏၊ (ငါသည်) ကာယကို ပွါးပြီးဖြစ်၏၊ သီလကို ပွါးပြီးဖြစ်၏၊ စိတ် (သမာဓိ)ကို ပွါးပြီးဖြစ်၏၊ ပညာကို ပွါးပြီးဖြစ်၏”ဟု (ဆို၏)။ ငါ့သျှင်တို့ အကယ်၍ ထိုရဟန်းကို လောဘသည် လွှမ်းမိုး၍မတည်ပါမူ ဒေါသ။ မောဟ။ အမျက်ထွက်မှု။ ရန်ငြိုးဖွဲ့မှု။ သူ့ကျေးဇူးကို ချေဖျက်မှု။ ဂုဏ်ပြိုင်မှု။ ဝန်တိုမှု။ ယုတ်ညံ့သော ငြူစူမှု။ ယုတ်ညံ့သော အလိုသည် လွှမ်းမိုး၍ မတည်ပါမူ “ဤအသျှင်သည် လောဘ မဖြစ်မည့် အခြင်းအရာ

http://www.dhammadownload.com



ကိုသိ၏၊ ထို့ကြောင့်ပင် ဤအသျှင်ကို လောဘသည် လွှမ်းမိုး၍ မတည်နိုင်၊ ဤအသျှင်သည် ဒေါသ။ မောဟ။ အမျက်ထွက်မှု။ ရန်ငြိုးဖွဲ့မှု။ သူ့ကျေးဇူးကို ချေဖျက်မှု။ ဂုဏ်ပြိုင်မှု။ ဝန်တိုမှု။ ယုတ်ညံ့သော ငြူစူမှု။ ယုတ်ညံ့သော အလိုမဖြစ်မည့် အခြင်းအရာကိုသိ၏၊ ထို့ကြောင့်ပင် ဤအသျှင်ကို ယုတ်ညံ့သော အလိုသည် လွှမ်းမိုး၍ မတည်နိုင်" ဟု ထိုရဟန်းကို သိအပ်သည် ဖြစ်ရာ၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ကသိဏသုတ်

၂၅။ ရဟန်းတို့ တည်ရာ ကသိဏ်းတို့သည် ဤဆယ်မျိုးတို့တည်း။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—အချို့သောသူသည် ဒေထက် အောက် ဖီလာ၌ နှစ်မျိုးမရှိသော ပမာဏ မရှိသော ပထဝီကသိုဏ်းကို သိ၏။ အချို့သော သူသည်။ပ။ အာပေါကသိုဏ်းကို သိ၏။ အချို့သော သူသည် တေဇောကသိုဏ်းကို သိ၏။ အချို့သောသူသည် ဝါယောကသိုဏ်းကို သိ၏။ အချို့သောသူသည် နီလကသိုဏ်းကို သိ၏။ အချို့သောသူသည် ပီတကသိုဏ်းကို သိ၏။ အချို့သောသူသည် လောဟိတကသိုဏ်းကို သိ၏။ အချို့သောသူသည် ဩဒါတကသိုဏ်းကို သိ၏။ အချို့သောသူသည် အာကာသကသိုဏ်းကို သိ၏။ အချို့သောသူသည် အထက်အောက်ဖီလာ၌ နှစ်မျိုးမရှိသော ပမာဏမရှိသော ဝိညာဏကသိုဏ်းကို သိ၏။ ရဟန်းတို့ ဤသည်တို့ကား တည်ရာ ကသိုဏ်းဆယ်မျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-ကာဠီသုတ်

၂၆။ အခါတပါး၌ အသျှင်မဟာကစ္စာနသည် အဝန္တိတိုင်း ကုလဃရမြို့ ပဝတ္တတောင်၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ ကုလဃရမြို့သူ ကာဠီဥပါသိကာမသည် အသျှင်မဟာကစ္စာန အထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လျက် အသျှင် မဟာကစ္စာနအား— "အသျှင်ဘုရား မြတ်စွာဘုရားသည် အမျိုးသမီးပြဿနာတို့၌—

'ငါသည် ချစ်ဖွယ် သာယာဖွယ်သဘောဟူသော စစ်တပ်ကို အောင်မြင်ကာ တပါးတည်း ရှုလျက် (အရဟတ္တဖိုလ်ဟူသော) အကျိုးသို့ ရောက်ခြင်းနှင့်စိတ်နှလုံး၏ ငြိမ်သက်ခြင်းဟူသော ချမ်းသာကို အစဉ်သိပြီ၊ ထို့ကြောင့် လူအပေါင်းနှင့် မိတ်ဆွေဖွဲ့ခြင်းကို ငါမပြု၊ ငါသည် တဦးတယောက်နှင့်မျှ မိတ်ဆွေမဖြစ်' ဟူသော ဤစကားကို မိန့်တော်မူပါ၏။

အသျှင်ဘုရား မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် ဟောတော်မူအပ်သော ဤစကား၏ အနက်သဘောကို အဘယ်သို့လျှင် အကျယ်အားဖြင့် မှတ်ရပါမည်နည်း" ဟု လျှောက်၏။

နှမ သမဏဗြာဟ္မဏ အချို့တို့သည် (အရဟတ္တဖိုလ်ဟူသော) အကျိုးသည် ပထဝီကသိုဏ်း သမာပတ်လျှင် အလွန်အမြတ်ရှိ၏ ဟု (ယူဆ၍ ထိုသမာပတ်ကို) ဖြစ်စေကုန်၏။ နှမ မြတ်စွာဘုရားသည် ပထဝီကသိုဏ်း သမာပတ်၏ လွန်မြတ်သည့် အဖြစ်၌သမျှကို အထူးသိတော်မူ၏၊

http://www.dhammadownload.com



မြတ်စွာဘုရားသည် ထိုပထဝီကသိုဏ်း သမာပတ်၏ လွန်မြတ်သည့် အဖြစ်ရှိသမျှကို အထူးသိတော်မူ၍ သာယာဖွယ် (သမုဒယသစ္စာ) ကို မြင်တော်မူ၏။ အပြစ် (ဒုက္ခသစ္စာ) ကို မြင်တော်မူ၏။ ထွက်မြောက်ရာ (နိရောဓသစ္စာ)ကို မြင်တော်မူ၏။ လမ်းဟုတ် မဟုတ် သိမြင်မှု (မဂ္ဂသစ္စာ)ကို မြင်တော်မူ၏။ ထိုမြတ်စွာဘုရားသည် သာယာဖွယ် (သမုဒယသစ္စာ)ကို မြင်ခြင်းကြောင့် အပြစ် (ဒုက္ခသစ္စာ)ကို မြင်ခြင်းကြောင့် ထွက်မြောက်ရာ (နိရောဓသစ္စာ) ကို မြင်ခြင်းကြောင့် လမ်းဟုတ် မဟုတ် သိမြင်မှု (မဂ္ဂသစ္စာ)ကို မြင်ခြင်းကြောင့် (အရဟတ္တဖိုလ်ဟူသော) အကျိုးသို့ ရောက်ခြင်း နှင့် စိတ်နှလုံး၏ ငြိမ်သက်ခြင်းကို သိတော်မူ၏။

နှမ သမဏဗြာဟ္မဏ အချို့တို့သည် (အရဟတ္တဖိုလ်ဟူသော) အကျိုးသည် အာပေါကသိုဏ်း သမာပတ်။ တေဇောကသိုဏ်း သမာပတ်။ ဝါယောကသိုဏ်း သမာပတ်။ နီလကသိုဏ်း သမာပတ်။ ပီတကသိုဏ်းသမာပတ်၊ လောဟိတကသိုဏ်း သမာပတ်။ ဩဒါတကသိုဏ်း သမာပတ်။ အာကာသ ကသိုဏ်းသမာပတ်။ ဝိညာဏကသိုဏ်း သမာပတ်လျှင် အလွန်အမြတ်ရှိ၏ ဟု (ယူဆ၍ ထိုသမာ ပတ်ကို) ဖြစ်စေကုန်၏။ နှမ မြတ်စွာဘုရားသည် ဝိညာဏကသိုဏ်း သမာပတ်၏ လွန်မြတ်သည့် အဖြစ်ရှိသမျှကို အထူးသိတော်မူ၏၊ မြတ်စွာဘုရားသည် ထိုဝိညာဏကသိုဏ်းသမာပတ်၏ လွန်မြတ် သည့် အဖြစ်ရှိသမျှကို အထူးသိတော်မူ၍၊ သာယာဖွယ် (သမုဒယသစ္စာ)ကို မြင်တော်မူ၏။ အပြစ် (ဒုက္ခသစ္စာ)ကို မြင်တော်မူ၏။ ထွက်မြောက်ရာ (နိရောဓသစ္စာ)ကို မြင်တော်မူ၏။ လမ်းဟုတ် မဟုတ် သိမြင်မှု (မဂ္ဂသစ္စာ)ကို မြင်တော်မူ၏။ ထိုမြတ်စွာဘုရားသည် သာယာဖွယ် (သမုဒယ သစ္စာ) ကို မြင်ခြင်းကြောင့် အပြစ်(ဒုက္ခသစ္စာ) ကို မြင်ခြင်းကြောင့် ထွက်မြောက်ရာ (နိရောဓ သစ္စာ) ကို မြင်ခြင်းကြောင့် လမ်းဟုတ် မဟုတ် သိမြင်မှု (မဂ္ဂသစ္စာ)ကို မြင်ခြင်းကြောင့် (အရဟတ္တဖိုလ်)ဟူသော အကျိုးသို့ ရောက်ခြင်းနှင့် နှလုံး၏ ငြိမ်သက်ခြင်းကို သိတော်မူ၏။ နှမ ဤသို့လျှင် မြတ်စွာဘုရားသည် အမျိုးသမီး ပြဿနာတို့၌—

> "ငါသည် ချစ်ဖွယ် သာယာဖွယ်သဘော ဟူသော စစ်တပ်ကို အောင်မြင်ကာ တပါး တည်းရှုလျက် (အရဟတ္တဖိုလ်ဟူသော) အကျိုးသို့ ရောက်ခြင်းနှင့် စိတ်နှလုံး၏ ငြိမ်သက် ခြင်းဟူသော ချမ်းသာကို အစဉ်သိပြီ၊ ထို့ကြောင့် လူအပေါင်းနှင့် မိတ်ဆွေ ဖွဲ့ခြင်းကို ငါမပြု၊ ငါသည်တဦးတယောက်နှင့်မျှ မိတ်ဆွေ မဖြစ်"ဟူသော ဤစကားကို မိန့်တော်မူ၏။

နှမ မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် ဟောတော်မူသော ဤစကား၏ အနက် (သဘော) ကို ဤသို့ အကျယ်အားဖြင့် မှတ်အပ်၏ ဟု (မိန့်ဆို၏)။

ဆဋ္ဌသုတ်။

## ၇-ပဌမ မဟာပဉှာသုတ်

၂၇။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ ရဟန်းများစွာတို့သည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ကာ သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်ကုန်၏။ ထို အခါ ထိုရဟန်းတို့အား— "သာဝတ္ထိပြည်သို့ ဆွမ်းခံလှည့်လည်ရန် အလွန်စောသေး၏၊ ငါတို့သည် သာသနာတော်မှ တပါးသောအယူရှိကြသည့် ပရိဗိုဇ်တို့၏ အရံသို့ ချဉ်းကပ်ကြရမူ ကောင်း

http://www.dhammadownload.com



လေစွ”ဟု အကြံဖြစ်၏။ ထိုသို့ကြံပြီးနောက် ထိုရဟန်းတို့သည် သာသနာတော်မှ တပါးသော အယူရှိကြသည့် ပရဲဗိုဇ်တို့၏ အရံသို့ ချဉ်းကပ်ကြပြီးလျှင် ထိုပရိဗိုဇ်တို့နှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို ပြီးဆုံးစေကာ တခုသောနေရာ၌ ထိုင်နေကုန်၏၊ တခုသောနေရာ၌ ထိုင်ကုန်သော ထိုရဟန်းတို့အား သာသနာတော်မှ တပါးသောအယူရှိကြသည့် ထိုပရိဗိုဇ်တို့သည် ဤသို့ ပြောဆိုကုန်၏—ငါ့သျှင်တို့ ရဟန်းဂေါတမသည် သာဝကတို့အား “ရဟန်းတို့ သင်တို့ လာကုန်လော့၊ တရားအားလုံးကို သိကုန်လော့၊ တရားအားလုံးကို သိ၍ နေကုန်လော့”ဟု ဤသို့တရားဟော၏။ ငါ့သျှင်တို့ ငါတို့သည်လည်း သာဝကတို့အား “ငါ့သျှင်တို့ သင်တို့လာကုန်လော့၊ တရားအားလုံးကို သိကုန်လော့၊ တရားအားလုံးကို သိ၍ နေကုန်လော့”ဟု ဤသို့ တရားကို ဟောကုန်၏။ ငါ့သျှင်တို့ ဤငါတို့ တရားဟောရာ၌ ရဟန်းဂေါတမနှင့် ငါတို့၏ တရားဟောပုံချင်း ဆုံးမပုံချင်း အဘယ်သို့ ထူးသနည်း၊ အဘယ်သို့ ပိုလွန်သနည်း၊ အဘယ်သို့ ခြားနားသနည်း (ဟု ပြောဆိုကြကုန်၏)။ ထိုအခါ ထိုရဟန်းတို့သည် ထိုသာသနာတော်မှ တပါးသောအယူ ရှိကြသည့် ပရိဗိုဇ်တို့၏ စကားကို မနှစ်သက်ကုန် မတားမြစ်ကုန်၊ မနှစ်သက်ကုန် မတားမြစ်ကုန်ပဲ နေရာမှ ထကာ “မြတ်စွာဘုရား၏ အထံ၌ ထိုစကား၏ အနက်(အဓိပ္ပါယ်) ကို သိရကုန်အံ့”ဟု ဖဲသွားကြကုန်၏။

ထို့နောက် ထိုရဟန်းတို့သည် သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးနောက် ဆွမ်းခံရာမှဖဲကုန်လျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်ကုန်လျက် အသျှင်ဘုရား အကျွန်ုပ်တို့သည် နံနက် အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ကာ သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်ကြပါ၏။ အသျှင်ဘုရား ထိုအကျွန်ုပ်တို့အား “သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်ရန် စောသေး၏၊ ငါတို့သည် သာသနာတော်မှ တပါးသော အယူရှိကြသည့် ပရိဗိုဇ်တို့၏အရံသို့ချဉ်းကပ်ရမူ ကောင်းလေစွ”ဟုအကြံဖြစ်ကြပါ၏။ အသျှင်ဘုရား ထိုအခါအကျွန်ုပ်တို့သည် သာသနာတော်မှ တပါးသော အယူရှိကြသည့် ပရိဗိုဇ်တို့၏ အရံသို့ ချဉ်းကပ်ကြပြီးနောက် ထိုသာသနာတော်မှ တပါးသော အယူရှိကြသည့် ပရိဗိုဇ်တို့နှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို ပြီးဆုံးစေကာ တခုသော နေရာ၌ ထိုင်နေကြပါ၏၊ တခုသော နေရာ၌ ထိုင်နေကြကုန်သော အကျွန်ုပ်တို့အား သာသနာတော်မှ တပါးသော အယူရှိကြသည့် ပရိဗိုဇ်တို့သည်—ငါ့သျှင်တို့ ရဟန်းဂေါတမသည် သာဝကတို့အား “ရဟန်းတို့ သင်တို့ လာကုန်လော့၊ တရားအားလုံးကို သိကုန်လော့၊ တရားအားလုံးကို သိ၍ နေကုန်လော့”ဟု ဤသို့ တရားဟော၏။ ငါ့သျှင်တို့ ငါတို့သည်လည်း သာဝကတို့အား “ငါ့သျှင်တို့ သင်တို့လာကုန်လော့၊ တရားအားလုံးကို သိကုန်လော့၊ တရားအားလုံးကို သိ၍ နေကုန်လော့”ဟု ဤသို့ တရားကို ဟောကုန်၏။ ငါ့သျှင်တို့ ဤငါတို့ တရားဟောရာ၌ ရဟန်းဂေါတမနှင့် ငါတို့၏ တရားဟောပုံချင်း ဆုံးမပုံချင်း အဘယ်သို့ ထူးသနည်း၊ အဘယ်သို့ပိုလွန်သနည်း၊ အဘယ်သို့ ခြားနားသနည်းဟု ဤစကားကို ပြောဆိုကြပါကုန်၏။ အသျှင်ဘုရား ထိုအခါ အကျွန်ုပ်တို့သည် ထိုသာသနာတော်မှ တပါးသောအယူ ရှိကြသည့် ပရိဗိုဇ်တို့၏ စကားကို မနှစ်သက်ပါကုန် မတားမြစ်ပါကုန်၊ မနှစ်သက်ကုန် မတားမြစ်ကုန်ပဲ နေရာမှ ထကာ “မြတ်စွာဘုရား၏ အထံ၌ ထိုစကား၏ အနက် (အဓိပ္ပါယ်)ကို သိကြကုန်အံ့”ဟု ဖဲခဲ့ကြပါကုန်၏ဟု လျှောက်ကြကုန်၏။

ရဟန်းတို့ ဤသို့ ဆိုလေ့ရှိကုန်သော သာသနာတော်မှ တပါးသော အယူရှိကြသည့် ပရိဗိုဇ်တို့ကို ဤသို့ ပြောဆိုမေးမြန်းကုန်ရာ၏၊ “ငါ့သျှင်တို့ ပြဿနာတခု ရည်ညွှန်းချက်တခု ဖြေဆိုချက်

http://www.dhammadownload.com



တခု၊ ပြဿနာနှစ်ခု ရည်ညွှန်းချက် နှစ်ခု ဖြေဆိုချက် နှစ်ခု၊ ပြဿနာ သုံးခု ရည်ညွှန်းချက် သုံးခု ဖြေဆိုချက်သုံးခု၊ပြဿနာလေးခု ရည်ညွှန်းချက် လေးခု ဖြေဆိုချက် လေးခု၊ပြဿနာငါးခု ရည်ညွှန်းချက်ငါးခု ဖြေဆိုချက်ငါးခု၊ ပြဿနာ ခြောက်ခု ရည်ညွှန်းချက် ခြောက်ခု ဖြေဆိုချက် ခြောက်ခု၊ ပြဿနာ ခုနစ်ခု ရည်ညွှန်းချက် ခုနစ်ခု ဖြေဆိုချက် ခုနစ်ခု၊ ပြဿနာ ရှစ်ခု ရည်ညွှန်းချက် ရှစ်ခု ဖြေဆိုချက် ရှစ်ခု၊ ပြဿနာ ကိုးခု ရည်ညွှန်းချက် ကိုးခု ဖြေဆိုချက် ကိုးခု၊ ပြဿနာ ဆယ်ခု ရည်ညွှန်းချက် ဆယ်ခု ဖြေဆိုချက် ဆယ်ခု''ဟု (ဤသို့ ပြောဆို မေးမြန်းကုန်ရာ၏)။

ရဟန်းတို့ သာသနာတော်မှ တပါးသော အယူရှိကြသည့် ပရိဗိုဇ်တို့သည် ဤသို့ အမေး ခံကြရသည် ရှိသော် ကျကျနန ဖြေဆိုနိုင်ကြလိမ့်မည် မဟုတ်ကုန်၊ အလွန်ပင်ပန်းခြင်းသို့လည်း ရောက်ကြကုန်လိမ့်မည်၊ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ အရာမဟုတ်သော ကြောင့်တည်း။

ရဟန်းတို့ နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့် တကွသော လူလောက၌ မြတ်စွာဘုရားကိုရင်း မြတ်စွာဘုရား၏ တပည့်ကိုရင်း ဤသာသနာတော်မှ ကြားနာရ၍ (ပြောဆိုသူကိုရင်း) ကြဉ်ထား၍ ဤပြဿနာတို့ကို ဖြေဆို ခြင်းဖြင့် စိတ်ကို နှစ်သိမ့်စေနိုင်မည့် အခြားသူကို ငါမမြင်။

''ပြဿနာ တခု ရည်ညွှန်းချက်တခု ဖြေဆိုချက် တခု''ဟု ဆိုခဲ့သော ထိုစကားကို အဘယ်ကို စွဲ၍ ဆိုအပ်သနည်း။ ရဟန်းတို့ တရားတခု၌ ရဟန်းသည် ကောင်းစွာ ငြီးငွေ့သည် ကောင်းစွာ တပ်ခြင်း ကင်းသည် ကောင်းစွာ လွတ်မြောက်သည် ကောင်းစွာ အဆုံး အပိုင်း အခြားကို ရှုလေ့ရှိသည် ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက်ဘဝ၌ပင် ဒုက္ခ အဆုံးကို ပြု၏။ အဘယ်တရား တခုနည်း၊ သတ္တဝါအားလုံးတို့သည် အာဟာရလျှင် တည်ရာရှိကုန် ၏။ ရဟန်းတို့ ဤ(အာဟာရ) တရား တခု၌ ရဟန်းသည် ကောင်းစွာ ငြီးငွေ့သည် ကောင်းစွာ တပ်ခြင်းကင်းသည် ကောင်းစွာ လွတ်မြောက်သည် ကောင်းစွာ အဆုံး အပိုင်းအခြားကို ရှုလေ့ရှိ သည်ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက်ဘဝ၌ပင် ဒုက္ခအဆုံးကို ပြု၏။ ''ပြဿနာတခု ရည်ညွှန်းချက်တခု ဖြေဆိုချက်တခု''ဟု ဆိုခဲ့သော ထိုစကားကို ဤသည်ကို စွဲ၍ ဆိုအပ်၏။

''ပြဿနာ နှစ်ခု ရည်ညွှန်းချက် နှစ်ခု ဖြေဆိုချက် နှစ်ခု''ဟု ဆိုခဲ့သော ထိုစကားကို အဘယ်ကို စွဲ၍ ဆိုအပ်သနည်း။ ရဟန်းတို့ တရားနှစ်မျိုးတို့၌ ရဟန်းသည် ကောင်းစွာ ငြီးငွေ့သည် ကောင်းစွာ တပ်ခြင်းကင်းသည် ကောင်းစွာ လွတ်မြောက်သည် ကောင်းစွာ အဆုံး အပိုင်း အခြားကို ရှုလေ့ရှိသည် ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက်ဘဝ၌ပင် ဒုက္ခအဆုံးကို ပြု၏။ အဘယ် နှစ်မျိုးတို့နည်း၊ ရုပ် နာမ် တို့တည်း။ ရဟန်းတို့ (ဤ ရုပ် နာမ်) တရားနှစ်မျိုးတို့၌ ရဟန်းသည် ကောင်းစွာ ငြီးငွေ့သည် ကောင်းစွာ တပ်ခြင်း ကင်းသည် ကောင်းစွာ လွတ်မြောက်သည် ကောင်းစွာ အဆုံးအပိုင်း အခြားကို ရှုလေ့ ရှိသည် ဖြစ်၍ ကောင်းစွာ အနက်သဘောကို သိပြီးလျှင် မျက်မှောက်ဘဝ၌ပင် ဒုက္ခအဆုံးကို ပြု၏။ ''ပြဿနာနှစ်ခု ရည်ညွှန်းချက်နှစ်ခု ဖြေဆိုချက်နှစ်ခု''ဟု ဆိုခဲ့သော ထိုစကားကို ဤသည် ကို စွဲ၍ ဆိုအပ်၏။

http://www.dhammadownload.com



"ပြဿနာသုံးခု ရည်ညွှန်းချက် သုံးခု ဖြေဆိုချက်သုံးခု"ဟု ဆိုခဲ့သော ထိုစကားကို အဘယ်ကို စွဲ၍ဆိုအပ်သနည်း။ ရဟန်းတို့ တရားသုံးမျိုးတို့၌ ရဟန်းသည် ကောင်းစွာ ငြီးငွေ့သည် ကောင်းစွာ တပ်ခြင်း ကင်းသည် ကောင်းစွာ လွတ်မြောက်သည် ကောင်းစွာ အဆုံး အပိုင်းအခြားကို ရှုမလေ့ရှိသည် ဖြစ်၍ ကောင်းစွာ အနက်သဘောကို သိပြီးလျှင် မျက်မှောက် ဘဝ၌ပင် ဒုက္ခအဆုံးကို ပြု၏။ အဘယ် သုံးမျိုးတို့နည်း၊ ဝေဒနာ သုံးမျိုးတို့တည်း။ ရဟန်းတို့ (ဤ ဝေဒနာ) တရား သုံးမျိုးတို့၌ ရဟန်းသည် ကောင်းစွာ ငြီးငွေ့သည် ကောင်းစွာတပ်ခြင်း ကင်းသည် ကောင်းစွာ လွတ်မြောက်သည် ကောင်းစွာ အဆုံး အပိုင်းအခြားကို ရှုလေ့ရှိသည် ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက်ဘဝ၌ပင် ဒုက္ခအဆုံးကို ပြု၏။ "ပြဿနာသုံးခု ရည်ညွှန်းချက် သုံးခု ဖြေဆိုချက် သုံးခု"ဟု ဆိုခဲ့သော ထိုစကားကို ဤသည်ကို စွဲ၍ ဆိုအပ်၏။

"ပြဿနာလေးခု ရည်ညွှန်းချက် လေးခု ဖြေဆိုချက် လေးခု"ဟု ဆိုခဲ့သော ထိုစကား ကို အဘယ်ကို စွဲ၍ ဆိုအပ်သနည်း။ ရဟန်းတို့ တရားလေးမျိုးတို့၌ ရဟန်းသည် ကောင်းစွာ ငြီးငွေ့သည် ကောင်းစွာ တပ်ခြင်း ကင်းသည် ကောင်းစွာ လွတ်မြောက်သည် ကောင်းစွာ အဆုံး အပိုင်းအခြားကို ရှုလေ့ရှိသည် ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက်ဘဝ၌ပင် ဒုက္ခအဆုံးကို ပြု၏။ အဘယ်တရား လေးမျိုးတို့နည်း၊ အာဟာရလေး မျိုးတို့တည်း။ ရဟန်းတို့ ဤ(အာဟာရ) တရားလေးမျိုးတို့၌ ရဟန်းသည် ကောင်းစွာ ငြီးငွေ့ သည် ကောင်းစွာ တပ်ခြင်းကင်းသည် ကောင်းစွာ လွတ်မြောက်သည် ကောင်းစွာ အဆုံး အပိုင်းအခြားကို ရှုလေ့ရှိသည် ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက် ဘဝ၌ပင် ဒုက္ခအဆုံးကို ပြု၏။ "ပြဿနာ လေးခု ရည်ညွှန်းချက် လေးခု ဖြေဆိုချက်လေးခု" ဟု ဆိုခဲ့သော ထိုစကားကို ဤသည်ကို စွဲ၍ ဆိုအပ်၏။

"ပြဿနာ ငါးခု ရည်ညွှန်းချက် ငါးခု ဖြေဆိုချက် ငါးခု"ဟု ဆိုခဲ့သော ထိုစကားကို အဘယ်ကို စွဲ၍ ဆိုအပ်သနည်း။ ရဟန်းတို့ တရားငါးမျိုးတို့၌ ရဟန်းသည် ကောင်းစွာ ငြီးငွေ့သည် ကောင်းစွာတပ်ခြင်း ကင်းသည် ကောင်းစွာ လွတ်မြောက်သည် ကောင်းစွာ အဆုံး အပိုင်းအခြားကို ရှုလေ့ရှိသည် ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက်ဘဝ၌ပင် ဒုက္ခအဆုံးကို ပြု၏။ အဘယ်ငါးမျိုးတို့နည်း၊ ဥပါဒါနက္ခန္ဓာ ငါးမျိုးတို့ တည်း။ ရဟန်းတို့ ဤ(ဥပါဒါနက္ခန္ဓာ) တရားငါးမျိုးတို့၌ ရဟန်းသည် ကောင်းစွာ ငြီးငွေ့သည် ကောင်းစွာ တပ်ခြင်းကင်းသည် ကောင်းစွာ လွတ်မြောက်သည် ကောင်းစွာ အဆုံး အပိုင်း အခြားကို ရှုလေ့ရှိသည်ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက်ဘဝ၌ ပင် ဒုက္ခအဆုံးကို ပြု၏။ "ပြဿနာငါးခု ရည်ညွှန်းချက်ငါးခု ဖြေဆိုချက် ငါးခု"ဟုဆိုခဲ့သော ထို စကားကို ဤသည်ကို စွဲ၍ ဆိုအပ်၏။

"ပြဿနာ ခြောက်ခု ရည်ညွှန်းချက်ခြောက်ခု ဖြေဆိုချက် ခြောက်ခု" ဟု ဆိုခဲ့သော ထိုစကား ကို အဘယ်ကိုစွဲ၍ ဆိုအပ်သနည်း။ ရဟန်းတို့ တရားခြောက်မျိုးတို့၌ ရဟန်းသည် ကောင်းစွာငြီးငွေ့ သည် ကောင်းစွာ တပ်ခြင်းကင်းသည် ကောင်းစွာလွတ်မြောက်သည် ကောင်းစွာ အဆုံးအပိုင်း အခြားကို ရှုလေ့ရှိသည်ဖြစ်၍ အနက်သဘောကို ကောင်းစွာသိပြီးလျှင် မျက်မှောက်ဘဝ၌ပင် ဒုက္ခ အဆုံးကိုပြု၏။ အဘယ်ခြောက်မျိုးတို့နည်း၊ အတွင်း'အဇ္ဈတ္တိက'အာယတန ခြောက်မျိုးတို့တည်း။ ရဟန်းတို့ ဤ(အဇ္ဈတ္တိကာယတန) တရားခြောက်မျိုးတို့၌ ရဟန်းသည် ကောင်းစွာ ငြီးငွေ့သည် ကောင်းစွာ တပ်ခြင်းကင်းသည် ကောင်းစွာလွတ်မြောက်သည် ကောင်းစွာ အဆုံးအပိုင်းအခြားကို

http://www.dhammadownload.com



ရှုလေ့ရှိသည်ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက်ဘဝ၌ပင် ဒုက္ခအဆုံးကို ပြု၏။ "ပြဿနာခြောက်ခု ရည်ညွှန်းချက်ခြောက်ခု ဖြေဆိုချက် ခြောက်ခု"ဟု ဆိုခဲ့သော ထိုစကားကို ဤသည်ကို စွဲ၍ ဆိုအပ်၏။

"ပြဿနာ ခုနစ်ခု ရည်ညွှန်းချက် ခုနစ်ခု ဖြေဆိုချက် ခုနစ်ခု" ဟု ဆိုခဲ့သော ထိုစကားကို အဘယ်ကိုစွဲ၍ ဆိုအပ်သနည်း။ ရဟန်းတို့ တရားခုနစ်မျိုးတို့၌ ရဟန်းသည် ကောင်းစွာငြီးငွေ့သည် ကောင်းစွာတပ်ခြင်း ကင်းသည် ကောင်းစွာ လွတ်မြောက်သည် ကောင်းစွာ အဆုံး အပိုင်း အခြားကို ရှုလေ့ ရှိသည်ဖြစ်၍ အနက်သဘောကိုကောင်းစွာသိပြီးလျှင် မျက်မှောက်ဘဝ၌ပင် ဒုက္ခအဆုံးကိုပြု၏။ အဘယ် ခုနစ်မျိုးတို့နည်း၊ ဝိညာဏ်၏တည်ရာ 'ဝိညာဏဋ္ဌိတိ' ခုနစ်မျိုးတို့တည်း။ ရဟန်းတို့ (ဝိညာဏဋ္ဌိတိ) တရား ခုနစ်မျိုးတို့၌ ရဟန်းသည် ကောင်းစွာငြီးငွေ့သည် ကောင်းစွာတပ်ခြင်းကင်းသည် ကောင်းစွာ လွတ်မြောက်သည် ကောင်းစွာအဆုံးအပိုင်း အခြားကို ရှုလေ့ရှိသည်ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက်ဘဝ၌ပင် ဒုက္ခအဆုံးကိုပြု၏။ "ပြဿနာ ခုနစ်ခု ရည်ညွှန်းချက် ခုနစ်ခု ဖြေဆိုချက် ခုနစ်ခု" ဟု ဆိုခဲ့သော ထိုစကားကို ဤသည်ကို စွဲ၍ ဆိုအပ်၏။

"ပြဿနာ ရှစ်ခု ရည်ညွှန်းချက် ရှစ်ခု ဖြေဆိုချက် ရှစ်ခု"ဟု ဆိုခဲ့သော ထိုစကားကို အဘယ်ကို စွဲ၍ ဆိုအပ်သနည်း။ ရဟန်းတို့ တရားရှစ်မျိုးတို့၌ ရဟန်းသည် ကောင်းစွာငြီးငွေ့သည် ကောင်းစွာတပ်ခြင်း ကင်းသည် ကောင်းစွာ လွတ်မြောက်သည် ကောင်းစွာ အဆုံးအပိုင်းအခြားကို ရှုလေ့ရှိသည်ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက်ဘဝ၌ပင် ဒုက္ခအဆုံးကို ပြု၏။ အဘယ်ရှစ်မျိုးတို့နည်း၊ လောကဓံတရားရှစ်မျိုးတို့တည်း။ ရဟန်းတို့ ဤတရားရှစ်မျိုးတို့၌ ရဟန်းသည် ကောင်းစွာ ငြီးငွေ့သည် ကောင်းစွာ တပ်ခြင်း ကင်းသည် ကောင်းစွာ လွတ်မြောက်သည် ကောင်းစွာ အဆုံးအပိုင်းအခြားကို ရှုလေ့ရှိသည် ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက်ဘဝ၌ပင် ဒုက္ခအဆုံးကို ပြု၏။ "ပြဿနာ ရှစ်ခု ရည်ညွှန်းချက် ရှစ်ခု ဖြေဆိုချက် ရှစ်ခု"ဟု ဆိုခဲ့သော ထိုစကားကို ဤသည်ကို စွဲ၍ ဆိုအပ်၏။

"ပြဿနာကိုးခု ရည်ညွှန်းချက်ကိုးခု ဖြေဆိုချက် ကိုးခု"ဟု ဆိုခဲ့သော ထိုစကားကို အဘယ်ကို စွဲ၍ ဆိုအပ်သနည်း။ ရဟန်းတို့ တရားကိုးမျိုးတို့၌ ရဟန်းသည် ကောင်းစွာ ငြီးငွေ့သည် ကောင်းစွာ တပ်ခြင်း ကင်းသည် ကောင်းစွာ လွတ်မြောက်သည် ကောင်းစွာ အဆုံးအပိုင်း အခြားကို ရှုလေ့ ရှိသည် ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက်ဘဝ၌ပင် ဒုက္ခအဆုံးကိုပြု၏။ အဘယ်ကိုးမျိုးတို့နည်း၊ သတ္တဝါတို့၏တည်ရာ 'သတ္တာဝါသ' ကိုးမျိုးတို့တည်း။ ရဟန်းတို့ ဤ(သတ္တာဝါသ)တရား ကိုးမျိုးတို့၌ ရဟန်းသည် ကောင်းစွာ ငြီးငွေ့သည် ကောင်းစွာ တပ်ခြင်းကင်းသည် ကောင်းစွာလွတ်မြောက်သည် ကောင်းစွာ အပိုင်းအခြားကို ရှုလေ့ရှိသည် ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက်ဘဝ၌ပင် ဒုက္ခအဆုံးကိုပြု၏။ "ပြဿနာ ကိုးခု ရည်ညွှန်းချက်ကိုးခု ဖြေဆိုချက်ကိုးခု"ဟု ဆိုခဲ့သောစကားကို ဤသည်ကို စွဲ၍ဆိုအပ်၏။

"ပြဿနာဆယ်ခု ရည်ညွှန်းချက်ဆယ်ခု ဖြေဆိုချက်ဆယ်ခု"ဟု ဆိုခဲ့သော ထိုစကားကို အဘယ်ကို စွဲ၍ ဆိုအပ်သနည်း။ ရဟန်းတို့ တရားဆယ်မျိုးတို့၌ ရဟန်းသည် ကောင်းစွာ ငြီးငွေ့သည် ကောင်းစွာ တပ်ခြင်းကင်းသည် ကောင်းစွာလွတ်မြောက်သည် ကောင်းစွာ အဆုံးအပိုင်းအခြားကို ရှုလေ့ရှိသည် ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက် ဘဝ၌ပင် ဒုက္ခ

http://www.dhammadownload.com



အဆုံးကိုပြု၏။ အဘယ် ဆယ်မျိုးတို့နည်း၊ အကုသိုလ်ကမ္မပထ ဆယ်မျိုး တို့တည်း။ ရဟန်းတို့ ဤ (အကုသလ ကမ္မပထ) တရား ဆယ်မျိုးတို့၌ ရဟန်းသည် ကောင်းစွာ ငြီးငွေ့သည် ကောင်းစွာတပ်ခြင်းကင်းသည် ကောင်းစွာလွတ်မြောက်သည် ကောင်းစွာ အဆုံးအပိုင်းအခြားကို ရှုလေ့ရှိသည်ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက်ဘဝ၌ပင် ဒုက္ခအဆုံးကိုပြု၏။ "ပြဿနာဆယ်ခု ရည်ညွှန်းချက်ဆယ်ခု ဖြေဆိုချက်ဆယ်ခု" ဟု ဆိုခဲ့သော ထိုစကားကို ဤသည်ကိုစွဲ၍ ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ဂ-ဒုတိယ မဟာပဥှာသုတ်

၂၈။ အခါတပါး၌ မြတ်စွာဘုရားသည် ကဇင်္ဂလာမြို့ ဝါးတော၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ ကဇင်္ဂလာမြို့သား ဥပါသကာများစွာတို့သည် ကဇင်္ဂလာမြို့သူ ရဟန်းမိန်းမ အထံသို့ ချဉ်းကပ်ကြ၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေကုန်လျက် ကဇင်္ဂလာမြို့သူ ရဟန်းမိန်းမအား ဤစကားကို ပြောဆိုကြကုန်၏—အရှင်မ မြတ်စွာဘုရားသည် ပြဿနာကြီးဘို့၌ "ပြဿနာ တခု ရည်ညွှန်းချက်တခု ဖြေဆိုချက်တခု၊ ပြဿနာနှစ်ခု ရည်ညွှန်းချက်နှစ်ခု ဖြေဆိုချက်နှစ်ခု၊ ပြဿနာသုံးခု ရည်ညွှန်းချက်သုံးခု ဖြေဆိုချက်သုံးခု၊ ပြဿနာလေးခု ရည်ညွှန်းချက်လေးခု ဖြေဆိုချက်လေးခု၊ ပြဿနာငါးခု ရည်ညွှန်းချက်ငါးခု ဖြေဆိုချက်ငါးခု၊ ပြဿနာ ခြောက်ခု ရည်ညွှန်းချက် ခြောက်ခု ဖြေဆိုချက်ခြောက်ခု၊ ပြဿနာခုနစ်ခု ရည်ညွှန်းချက်ခုနစ်ခု ဖြေဆိုချက်ခုနစ်ခု၊ ပြဿနာ ရှစ်ခု ရည်ညွှန်းချက်ရှစ်ခု ဖြေဆိုချက် ရှစ်ခု၊ ပြဿနာကိုးခု ရည်ညွှန်းချက်ကိုးခု ဖြေဆိုချက်ကိုးခု၊ ပြဿနာဆယ်ခု ရည်ညွှန်းချက်ဆယ်ခု ဖြေဆိုချက်ဆယ်ခု" ဟု ဤစကားကို ဟောတော်မူထားပါ၏၊ အရှင်မ မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် ဟောထားတော်မူသော ဤစကား၏ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် အဘယ်သို့ သိမှတ်ရပါမည်နည်း ဟု (ပြောဆိုကြကုန်၏)။

ဒါယကာတို့ ထိုစကားကို မြတ်စွာဘုရား၏ မျက်မှောက်တော်မှ မကြားရဘူးပါ၊ မျက်မှောက်တော်မှ မခံယူရဘူးပါ၊ စိတ်ကို ပွါးစေကြသော ရဟန်းတို့၏ မျက်မှောက်မှလည်း မကြားရဘူးပါ။ မျက်မှောက်မှလည်း မခံယူရဘူးပါ။ သို့ပင်ဖြစ်သော်လည်း အကျွန်ုပ်၏ ထင်မြင်ချက်ကို ဆိုပါအံ့၊ ထိုစကားကို နာကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့ ဟောပြပါအံ့ ဟု (ဆို၏)။ "ကောင်းပါပြီ အရှင်မ" ဟု ကဇင်္ဂလာမြို့သား ဥပါသကာတို့သည် ကဇင်္ဂလာမြို့သူ ရဟန်းမိန်းမ အား ပြန်ကြားကုန်၏။ ကဇင်္ဂလာမြို့သူ ရဟန်း မိန်းမသည် ဤစကားကို မိန့်ဆို၏—

"ပြဿနာတခု ရည်ညွှန်းချက်တခု ဖြေဆိုချက်တခု" ဟု မြတ်စွာဘုရား ဟောတော်မူသော ထိုစကားကို အဘယ်ကိုစွဲ၍ ဟောတော်မူအပ်သနည်း။ ဒါယကာတို့ တရားတခု၌ ရဟန်းသည် ကောင်းစွာ ငြီးငွေ့သည် ကောင်းစွာ တပ်ခြင်းကင်းသည် ကောင်းစွာ လွတ်မြောက်သည် ကောင်းစွာ အဆုံးအပိုင်းအခြားကို ရှုလေ့ရှိသည်ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက် ဘဝ၌ပင် ဒုက္ခအဆုံးကို ပြု၏။ အဘယ်တရား တခုနည်း၊ သတ္တဝါအားလုံးဘို့သည် အာဟာရလျှင် တည်ဆုရှိကုန်၏။ ဒါယကာတို့ ဤ(အာဟာရ)တရားတခု၌ ရဟန်းသည် ကောင်းစွာ ငြီးငွေ့သည် ကောင်းစွာ တပ်ခြင်းကင်းသည် ကောင်းစွာ လွတ်မြောက်သည် ကောင်းစွာ အဆုံးအပိုင်းအခြားကို

http://www.dhammadownload.com



ရှုလေ့ရှိသည်ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက်ဘဝ၌ပင် ဒုက္ခအဆုံးကို ပြု၏။ "ပြဿနာတခု ရည်ညွှန်းချက်တခု ဖြေဆိုချက်တခု"ဟု မြတ်စွာဘုရား ဟောတော်မူသော ထိုစကားကို ဤသည်ကို စွဲ၍ ဟောတော်မူအပ်၏။

"ပြဿနာနှစ်ခု ရည်ညွှန်းချက်နှစ်ခု ဖြေဆိုချက်နှစ်ခု"ဟု မြတ်စွာဘုရား ဟောတော်မူသော ထိုစကားကို အဘယ်ကိုစွဲ၍ ဟောတော်မူအပ်သနည်း။ ဒါယကာတို့ တရားနှစ်မျိုးတို့၌ ရဟန်းသည် ကောင်းစွာ ငြီးငွေ့သည် ကောင်းစွာ တပ်ခြင်း ကင်းသည် ကောင်းစွာ လွတ်မြောက်သည် ကောင်းစွာ အဆုံး အပိုင်းအခြားကို ရှုလေ့ရှိသည်ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက်ဘဝ၌ပင် ဒုက္ခအဆုံးကို ပြု၏။ အဘယ်နှစ်မျိုးတို့နည်း—နာမ် ရုပ်တို့တည်း။ပ။ အဘယ်သုံးမျိုးတို့နည်း၊ ဝေဒနာသုံးမျိုးတို့တည်း။ ဒါယကာတို့ ဤ(ဝေဒနာ) တရားသုံးမျိုးတို့၌ ရဟန်းသည် ကောင်းစွာ ငြီးငွေ့သည် ကောင်းစွာတပ်ခြင်းကင်းသည် ကောင်းစွာလွတ်မြောက်သည် ကောင်းစွာ အဆုံးအပိုင်းအခြားကို ရှုလေ့ရှိသည် ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက်ဘဝ၌ပင် ဒုက္ခအဆုံးကို ပြု၏။ "ပြဿနာသုံးခု ရည်ညွှန်းချက်သုံးခု ဖြေဆိုချက်သုံးခု"ဟု မြတ်စွာဘုရားဟောတော်မူသော ထိုစကားကို ဤသည်ကို စွဲ၍ ဟောတော်မူအပ်၏။

"ပြဿနာလေးခု ရည်ညွှန်းချက်လေးခု ဖြေဆိုချက်လေးခု"ဟု မြတ်စွာဘုရား ဟောတော်မူသော ထိုစကားကို အဘယ်ကို စွဲ၍ ဟောတော်မူအပ်သနည်း။ ဒါယကာတို့ တရားလေးမျိုးတို့၌ ရဟန်းသည် ကောင်းစွာ စိတ်ကို ပွါးစေပြီးသည် ကောင်းစွာ အဆုံး အပိုင်းအခြားကို ရှုလေ့ရှိသည်ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက်ဘဝ၌ပင် ဒုက္ခအဆုံးကို ပြု၏။ အဘယ် လေးမျိုးတို့နည်း—သတိပဋ္ဌာန် လေးပါးတို့တည်း။ ဒါယကာတို့ ဤ (သတိပဋ္ဌာန်) လေးပါးတို့၌ ရဟန်းသည် ကောင်းစွာ စိတ်ကို ပွါးစေပြီးသည် ကောင်းစွာ အဆုံး အပိုင်းအခြားကို ရှုလေ့ရှိသည်ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက်ဘဝ၌ပင် ဒုက္ခအဆုံးကို ပြု၏။"ပြဿနာ လေးခု ရည်ညွှန်းချက်လေးခု ဖြေဆိုချက်လေးခု"ဟု မြတ်စွာဘုရား ဟောတော်မူသော ထိုစကားကို ဤသည်ကို စွဲ၍ ဟောတော်မူအပ်၏။

"ပြဿနာ ငါးခု ရည်ညွှန်းချက်ငါးခု ဖြေဆိုချက်ငါးခု"ဟု မြတ်စွာဘုရား ဟောတော်မူသော ထိုစကားကို အဘယ်ကို စွဲ၍ ဟောတော်မူအပ်သနည်း။ ဒါယကာတို့ တရားငါးမျိုးတို့၌ ရဟန်းသည် ကောင်းစွာ စိတ်ကိုပွါးစေပြီးသည် ကောင်းစွာ အဆုံး အပိုင်းအခြားကိုရှုလေ့ရှိသည် ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက်ဘဝ၌ပင် ဒုက္ခအဆုံးကို ပြု၏။ အဘယ် ငါးမျိုးတို့နည်း—ဣန္ဒြေငါးပါးတို့တည်း။ပ။ အဘယ်ခြောက်မျိုးတို့နည်း—ကိလေသာတို့မှ ထွက်မြောက်ရာ 'နိဿရဏီယ' ဓာတ်ခြောက်မျိုးတို့တည်း။ပ။ အဘယ်ခုနစ်မျိုးတို့နည်း—ဗောဇ္ဈင် ခုနစ်ပါးတို့တည်း ။ပ။ အဘယ်ရှစ်မျိုးတို့နည်း—အင်္ဂါရှစ်ပါးရှိသော အရိယာ မဂ်တို့တည်း။ ဒါယကာတို့ ဤတရား ရှစ်ပါးတို့၌ ရဟန်းသည် ကောင်းစွာ စိတ်ကို ပွါးစေပြီးသည် ကောင်းစွာ အဆုံး အပိုင်းအခြားကို ရှုလေ့ရှိသည်ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက်ဘဝ၌ပင် ဒုက္ခအဆုံးကို ပြု၏။ "ပြဿနာရှစ်ခု ရည်ညွှန်းချက်ရှစ်ခု ဖြေဆိုချက်ရှစ်ခု"ဟု မြတ်စွာဘုရား ဟောတော်မူသော ထိုစကားကို ဤသည်ကို စွဲ၍ ဟောတော်မူအပ်၏။

"ပြဿနာကိုးခု ရည်ညွှန်းချက် ကိုးခု ဖြေဆိုချက် ကိုးခု"ဟု မြတ်စွာဘုရား ဟောတော်မူသော ထိုစကားကို အဘယ်ကို စွဲ၍ ဟောတော်မူအပ်သနည်း။ ဒါယကာတို့ တရားကိုးမျိုးတို့၌ ရဟန်းသည်

http://www.dhammadownload.com



ကောင်းစွာ ငြိုးငွေ့သည် ကောင်းစွာ တပ်ခြင်းကင်းသည် ကောင်းစွာ လွတ်မြောက်သည် ကောင်းစွာ အဆုံးအပိုင်းအခြားကို ရှုလေ့ရှိသည်ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက်ဘဝ၌ပင် ဒုက္ခအဆုံးကိုပြု၏။ အဘယ်ကိုးမျိုးတို့နည်း—သတ္တာဝါသကိုးမျိုးတို့တည်း။ ဒါယကာတို့ ဤ(သတ္တာဝါသ)တရားကိုးမျိုးတို့၌ ရဟန်းသည် ကောင်းစွာငြီးငွေ့သည် ကောင်းစွာ တပ်ခြင်းကင်းသည် ကောင်းစွာ လွတ်မြောက်သည် ကောင်းစွာ အဆုံး အပိုင်းအခြားကို ရှုလေ့ရှိသည်ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက်ဘဝ၌ပင် ဒုက္ခအဆုံးကို ပြု၏။ "ပြဿနာကိုးခု ရည်ညွှန်းချက် ကိုးခု ဖြေဆိုချက် ကိုးခု" ဟု မြတ်စွာဘုရား ဟောတော်မူသော ထိုစကားကို ဤသည်ကို စွဲ၍ ဟောတော်မူအပ်၏။

"ပြဿနာ ဆယ်ခု ရည်ညွှန်းချက်ဆယ်ခု ဖြေဆိုချက် ဆယ်ခု"ဟု မြတ်စွာဘုရား ဟောတော်မူသော ထိုစကားကို အဘယ်ကိုစွဲ၍ ဟောတော်မူအပ်သနည်း။ ဒါယကာတို့ တရား ဆယ်မျိုးတို့၌ ရဟန်းသည် စိတ်ကို ကောင်းစွာ ပွါးစေပြီးသည် ကောင်းစွာ အဆုံး အပိုင်း အခြားကို ရှုလေ့ရှိသည်ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက်ဘဝ၌ပင် ဒုက္ခအဆုံးကို ပြု၏။ အဘယ် ဆယ်မျိုး တို့နည်း—ကုသလ ကမ္မပထဘရား ဆယ်ပါး တို့တည်း။ ဒါယကာတို့ ဤ (ကုသလ ကမ္မပထ) တရား ဆယ်ပါးတို့၌ ရဟန်းသည် စိတ်ကို ကောင်းစွာ ပွါးစေပြီးသည် ကောင်းစွာ အဆုံး အပိုင်းအခြားကို ရှုလေ့ရှိသည်ဖြစ်၍ အနက်သဘောကို ကောင်းစွာ သိပြီးလျှင် မျက်မှောက်ဘဝ၌ပင် ဒုက္ခအဆုံးကို ပြု၏။ "ပြဿနာ ဆယ်ခု ရည်ညွှန်းချက်ဆယ်ခု ဖြေဆိုချက် ဆယ်ခု" ဟုမြတ်စွာဘုရား ဟောတော်မူသော ထိုစကားကို ဤသည်ကိုစွဲ၍ ဟောတော်မူအပ်၏။

ဒါယကာတို့ မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် ဟောတော်မူအပ်သော ပြဿနာကြီးတို့၌ "ပြဿနာတခု ရည်ညွှန်းချက်တခုဖြေဆိုချက် တခု။ပ။ပြဿနာဆယ်ခု ရည်ညွှန်းချက် ဆယ်ခု ဖြေဆိုချက် ဆယ်ခု" ဟူသော ဤ စကား၏အနက် (အဓိပ္ပါယ်)ကို ဤသို့ အကျယ်အားဖြင့် ငါသိ၏။ ဒါယကာတို့ သင်တို့ အလိုရှိကြပါမူကား မြတ်စွာဘုရားသို့သာလျှင် ချဉ်းကပ်၍ ဤအနက်သဘောကို မေးလျှောက်ကုန်လော့၊ ထိုအနက်ကို မြတ်စွာဘုရား ဖြေတော်မူတိုင်း ဆောင်မှတ်ကုန်လော့ဟု (မိန့်ဆို၏)။ "ကောင်းပါပြီ အရှင်မ"ဟု ကဇင်္ဂလာမြို့သား ဥပါသကာတို့သည် ကဇင်္ဂလာမြို့သူ ရဟန်းမိန်းမ၏စကားကို နှစ်သက်ဝမ်းမြောက်ကုန်၍ နေရာမှထကာ ကဇင်္ဂလာမြို့သူ ရဟန်းမိန်းမကို ရှိခိုးကြပြီး၍ အရိုအသေ ပြုပြီးလျှင် မြတ်စွာဘုရား အထံသို့ ချဉ်းကပ်၍ ရှိခိုးကာ တခုသောနေရာ၌ ထိုင်နေကုန်လျက် ကဇင်္ဂလာမြို့သူ ရဟန်းမိန်းမနှင့်အတူ ပြောဆိုသမျှ စကားအားလုံးကို မြတ်စွာဘုရားအား လျှောက်ထားကုန်၏။

သူကြွယ်တို့ ကောင်းပေစွ ကောင်းပေစွ၊ သူကြွယ်တို့ ကဇင်္ဂလာမြို့သူ ရဟန်းမိန်းမသည် ပညာရှိ၏၊ သူကြွယ်တို့ ကဇင်္ဂလာမြို့သူ ရဟန်းမိန်းမသည် ပညာကြီး၏၊ သူကြွယ်တို့ ငါ့ကို ချဉ်းကပ်၍ ဤအနက် (သဘော) ကို မေးလျှင်လည်း ဤ အနက် (သဘော)ကို ဤသို့ ကဇင်္ဂလာမြို့သူ ရဟန်းမိန်းမ ဖြေသကဲ့သို့သာ ငါဖြေရာ၏။ ဤသည်သာလျှင်လည်း ထိုစကား၏ အနက် (သဘော) ပေတည်း၊ ဤသို့သာလျှင် ထိုအနက်သဘောကို မှတ်ကုန်လော့ ဟု မိန့်တော်မူ၏။

အဋ္ဌမသုတ်။

http://www.dhammadownload.com



## ၉-ပဌမ ကောသလသုတ်

၂၉။ ရဟန်းတို့ ပသေနဒီ ကောသလမင်း၏ နိုင်ငံဘော် ကာသိ ကိုင်း ကောသလဘိုင်းနယ် ရှိသမျှအတွင်း၌ ပသေနဒီ ကောသလမင်းကို အမြတ်ဆုံးဟု ဆိုအပ်၏။ ရဟန်းတို့ ပသေနဒီ ကောသလမင်းအားသော်လည်း တပါးသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းရှိသည်သာတည်း၊ ဖောက်ပြန် ပြောင်းလဲခြင်း ရှိသည်သာတည်း။ ရဟန်းတို့ ဤသို့ ရှုသော အကြား အမြင် ရှိသော အရိယာတပည့်သည် ထိုစည်းစိမ်မျိုး၌လည်း ငြီးငွေ့၏၊ထိုစည်းစိမ်မျိုး၌ ငြီးငွေ့သော် မြတ်သော(ကောသလမင်း)အဖြစ်၌ တပ်ခြင်းကင်း၏၊ယုတ်ညံ့သော(သာမန်) စည်းစိမ်မျိုး၌ကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ (၁)

ရဟန်းတို့ လ နေတို့သည် လှည့်လည်ကုန်လျက် အရပ်မျက်နှာတို့ ထွန်းလင်းတောက်ပရာ အပိုင်းအခြားဖြင့် တထောင် အဖို့အစုရှိသော လောကဓာတ်သည် ရှိ၏။ ထိုလောကဓာတ် တထောင်၌ လ တထောင် နေ တထောင် မြင့်မိုရ်တောင်မင်း တထောင် ဇမ္ဗူဒီပါကျွန်း တထောင် အပရဂေါယာနကျွန်း တထောင် ဥတ္တရကုရုကျွန်း တထောင် ပုဗ္ဗဝိဒေဟကျွန်း တထောင် မဟာ သမုဒ္ဒရာ လေးထောင် နတ်မင်းကြီး လေးထောင် စာတုမဟာရာဇ်နတ်ဘုံတထောင် တာဝတိံသာ နတ်ဘုံ တထောင် ယာမာနတ်ဘုံ တထောင် တုသိတာနတ်ဘုံ တထောင် နိမ္မာနရတိနတ်ဘုံ တထောင် ပရနိမ္မိတဝသဝတ္တီနတ်ဘုံ တထောင် ဗြဟ္မာ့ဘုံ တထောင်ရှိ၏။ ရဟန်းတို့ တထောင် မျှသော လောကဓာတ်၌ မဟာဗြဟ္မာကို အမြတ်ဆုံးဟုဆိုအပ်၏။ရဟန်းတို့ မဟာဗြဟ္မာအား သော်လည်း တပါးသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းရှိသည်သာတည်း၊ဖောက်ပြန် ပြောင်းလဲခြင်း ရှိသည်သာတည်း။ ရဟန်းတို့ ဤသို့ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် ထို(စည်းစိမ်မျိုး)၌လည်း ငြီးငွေ့၏၊ထို(စည်းစိမ်မျိုး)၌ငြီးငွေ့သော် မြတ်သော(မဟာဗြဟ္မာ) အဖြစ်၌ တပ်ခြင်း ကင်း၏၊ ယုတ်ညံ့သော (သာမန်)စည်းစိမ်မျိုး၌ကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ (၂)

ရဟန်းတို့ ဤလောကဓာတ် ပျက်စီးသောအခါမျိုးသည်ရှိ၏၊ ရဟန်းတို့ လောကဓာတ်ပျက်စီး လတ်သော် သတ္တဝါတို့သည် များသောအားဖြင့် အာဘဿရာဘုံ၌ဖြစ်ကုန်၏။ ထိုသူတို့သည် ထိုဘုံ၌ စျာန်စိတ်ကြောင့် ဖြစ်ကုန်၏၊(နှစ်သိမ့်ခြင်း)ပီတိလျှင် အစာရှိကုန်၏၊ မိမိတို့ ကိုယ်ရောင် ဖြင့် လင်းလျက် ရှိကုန်၏၊ကောင်းကင်၌ ကျက်စားကုန်၏၊ တင့်တယ်သော နေရာရှိကုန်၏၊ ကြာမြင့် စွာသော ကာလပတ်လုံး တည်ကုန်၏။ ရဟန်းတို့ ပျက်စီးသော လောကဓာတ်အတွင်း၌ အာဘဿရာဗြဟ္မာတို့ကို အမြတ်ဆုံးဟု ဆိုအပ်ကုန်၏။ ရဟန်းတို့ အာဘဿရာဗြဟ္မာတို့အားသော် လည်း တပါးသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း ရှိသည်သာတည်း၊ ဖောက်ပြန်ပြောင်းလဲခြင်း ရှိသည်သာတည်း။ ရဟန်းတို့ ဤသို့ ရှုသော အကြား အမြင်ရှိသော အရိယာတပည့်သည် ထို(စည်းစိမ်မျိုး)၌လည်းငြီးငွေ့၏၊ ထို(စည်းစိမ်မျိုး)၌ ငြီးငွေ့သော် မြတ်သော(အာဘဿရာ ဗြဟ္မာ)မင်းအဖြစ်၌ တပ်ခြင်းကင်း၏၊ယုတ်ညံ့သော(သာမန်)စည်းစိမ်မျိုး၌ကား အဘယ်ဆိုဖွယ် ရာရှိအံ့နည်း။ (၃)

ရဟန်းတို့ တည်ရာကသိုဏ်းတို့သည် ဤဆယ်မျိုးတို့တည်း။အဘယ် ဆယ်မျိုးတို့နည်း ဟူမူ— အချို့သောသူသည် အထက် အောက် ဖီလာ၌ နှစ်မျိုး မရှိသော ပမာဏ မရှိသော ပထဝီ ကသိုဏ်းကို သိ၏။ ပ။ အချို့သောသူသည် အာပေါကသိုဏ်းကို သိ၏။ အချို့သောသူသည်

http://www.dhammadownload.com



တေဇောကသိုဏ်းကို သိ၏။အချို့သောသူသည် ဝါယောကသိုဏ်းကို သိ၏။အချို့သောသူသည် နီလကသိုဏ်းကို သိ၏။အချို့သောသူသည် ပီတကသိုဏ်းကိုသိ၏။အချို့သောသူသည် လောဟိတကသိုဏ်းကို သိ၏။အချို့သောသူသည် ဩဒါတကသိုဏ်းကို သိ၏။အချို့သောသူသည် အာကာသကသိုဏ်းကို သိ၏။အချို့သောသူသည် အထက် အောက် ဖီလာ၌ နှစ်မျိုးမရှိသော ပမာဏမရှိသော ဝိညာဏကသိုဏ်းကို သိ၏။ရဟန်းတို့ ဤသည်တို့ကား ကသိုဏ်းဆယ်မျိုးတို့တည်း။ရဟန်းတို့ ဤတည်ရာကသိုဏ်းဆယ်မျိုးတို့တွင် အချို့သောသူ သိသော အထက်အောက် ဖီလာ၌ နှစ်မျိုးမရှိသော ပမာဏမရှိသော ဤဝိညာဏကသိုဏ်းသည် အမြတ်ဆုံးတည်း။ရဟန်းတို့ ဤသို့ (ဝိညာဏကသိုဏ်းကို) သိမှတ်မှုရှိသော သတ္တဝါတို့လည်း ရှိကုန်၏။ ရဟန်းတို့ ဤသို့ သိမှတ်မှုရှိသော သတ္တဝါတို့အားသော်လည်း တပါးသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းရှိသည်သာတည်း၊ဖောက်ပြန် ပြောင်းလဲခြင်းရှိသည်သာတည်း။ရဟန်းတို့ ဤသို့ ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် ထိုကသိုဏ်း၌လည်း ငြီးငွေ့၏၊ ထိုကသိုဏ်း၌ ငြီးငွေ့သော် မြတ်သော ဝိညာဏကသိုဏ်း၌ တပ်ခြင်း ကင်း၏၊ ယုတ်ညံ့သော ကသိုဏ်း၌ကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ (၄)

ရဟန်းတို့ (ဆန့်ကျင်ဖက်တရားနှင့် အာရုံတို့ကို)လွှမ်းမိုးနိုင်ကြောင်း 'အဘိဘာယတန'ဈာန်တို့ သည် ဤရှစ်မျိုးတို့တည်း၊ အဘယ်ရှစ်မျိုးတို့နည်း ဟူမူ—တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို ရှုမှတ်၍ အပသန္တာန်၌ ကောင်းသောအဆင်း မကောင်းသော အဆင်းရှိသော ငယ်သော (ကသိုဏ်း)ရုပ်တို့ကို ရှု၏၊ ထို(ရုပ်) တို့ကို လွှမ်းမိုး၍ "(ငါ)သိ၏၊ (ငါ)မြင်၏"ဟု ဤသို့ အမှတ်(သညာ)ရှိ၏။ ဤကား ပဌမ အဘိဘာယတနဈာန်ပေတည်း။

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို ရှုမှတ်၍ အပသန္တာန်၌ ကောင်းသော အဆင်း မကောင်းသော အဆင်းရှိသော ကြီးသော (ကသိုဏ်း) ရုပ်တို့ကို ရှု၏၊ ထို(ရုပ်) တို့ကို လွှမ်းမိုး၍ "(ငါ) သိ၏၊ (ငါ)မြင်၏" ဟု ဤသို့ အမှတ်သညာ ရှိ၏။ ဤကား ဒုတိယ အဘိဘာယတနဈာန်ပေတည်း။

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်မူ၍ အပသန္တာန်၌ ကောင်းသော အဆင်း မကောင်းသော အဆင်းရှိသော ငယ်ကုန်သော (ကသိုဏ်း) ရုပ်တို့ကို ရှု၏၊ ထို(ရုပ်) တို့ကို လွှမ်းမိုး၍ "(ငါ) သိ၏၊ (ငါ) မြင်၏" ဟု ဤသို့ အမှတ်သညာ ရှိ၏။ ဤကား တတိယ အဘိဘာယတနဈာန်ပေတည်း။

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်မူ၍ အပသန္တာန်၌ ကောင်းသော အဆင်း မကောင်းသော အဆင်းရှိသော ကြီးသော (ကသိုဏ်း)ရုပ်တို့ကို ရှု၏၊ ထို(ရုပ်) တို့ကို လွှမ်းမိုး၍ "(ငါ) သိ၏၊ (ငါ) မြင်၏" ဟု ဤသို့ အမှတ်သညာ ရှိ၏။ ဤကား စတုတ္ထ အဘိဘာယတနဈာန်ပေတည်း။

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်မူ၍ အပသန္တာန်၌ ညိုသော အဆင်း ညိုသောအသွေး ညိုသောအရောင်ရှိသော ညိုသော (ကသိုဏ်း) ရုပ်တို့ကို ရှု၏၊ ညိုသော အဆင်း ညိုသောအသွေး ညိုသောအရောင်ရှိသော ညိုသောအောက်မဲညိုပန်းကဲ့သို့ရှင်း ညိုသော အဆင်း ညိုသောအသွေး ညိုသောအရောင်ရှိသော ဗာရာဏသီပြည်ဖြစ် ညိုသောနှစ်ဖက်ချော အဝတ်ကဲ့သို့ရှင်း ဤအတူ တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်မူ၍ အပသန္တာန်၌ ညိုသော အဆင်း ညိုသောအသွေး ညိုသောအရောင်ရှိသော ညိုသော (ကသိုဏ်း)

http://www.dhammadownload.com



ရုပ်တို့ကို ရှု၍၊ ထို (ရုပ်) တို့ကို လွှမ်းမိုး၍ "(ငါ) သိ၏၊ (ငါ) မြင်၏" ဟု ဤသို့ အမှတ်သညာ ရှိ၏။ ဤကား ပဉ္စမ အဘိဘာယတနစျာန်ပေတည်း။

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်ကိုကို မရှုမှတ်မူ၍ အပသန္တာန်၌ ဝါရွှေသော အဆင်း ဝါရွှေသောအသွေး ဝါရွှေသောအရောင်ရှိသော ဝါရွှေသော (ကသိုဏ်း) ရုပ်တို့ကို ရှု၏၊ ဝါရွှေသော အဆင်း ဝါရွှေသော အသွေး ဝါရွှေသောအရောင်ရှိသော ဝါရွှေသော မဟာလှေကားပန်းကဲ့သို့၎င်း ဝါရွှေသော အဆင်း ဝါရွှေသော အသွေး ဝါရွှေသော အရောင်ရှိသော ဗာရာဏသီပြည်ဖြစ် ဝါရွှေသော နှစ်ဖက်ချောအဝတ်ကဲ့သို့၎င်း ဤအတူ တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်မူ၍ အပသန္တာန်၌ ဝါရွှေသောအဆင်း ဝါရွှေသောအသွေး ဝါရွှေသောအရောင်ရှိသော ဝါရွှေသော (ကသိုဏ်း) ရုပ်တို့ကို ရှု၏၊ ထို(ရုပ်) တို့ကို လွှမ်းမိုး၍ "(ငါ)သိ၏၊ (ငါ) မြင်၏" ဟု ဤသို့ အမှတ်သညာ ရှိ၏။ ဤကား ဆဋ္ဌ အဘိဘာယတနစျာန်ပေတည်း။

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်မူ၍ အပသန္တာန်၌ နီသော အဆင်း နီသောအသွေး နီသော အရောင်ရှိသော နီသော(ကသိုဏ်း)ရုပ်တို့ကို ရှု၏၊ နီသောအဆင်း နီသောအသွေး နီသောအရောင်ရှိသော နီသော မိုးဆွေပန်းကဲ့သို့၎င်း နီသောအဆင်း နီသော အသွေး နီသောအရောင်ရှိသော ဗာရာဏသီပြည်ဖြစ် နှစ်ဖက်ချော အဝတ်ကဲ့သို့၎င်း ဤအတူ တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်မူ၍ အပသန္တာန်၌ နီသောအဆင်း နီသောအသွေး နီသောအရောင်ရှိသော နီသော (ကသိုဏ်း) ရုပ်တို့ကို ရှု၏၊ ထို (ရုပ်) တို့ကို လွှမ်းမိုး၍ "(ငါ) သိ၏၊ (ငါ) မြင်၏" ဟု ဤသို့ အမှတ်သညာ ရှိ၏။ ဤကား သတ္တမ အဘိဘာယတနစျာန်ပေတည်း။

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်မူ၍ အပသန္တာန်၌ ဖြူသော အဆင်း ဖြူသော အသွေး ဖြူသော အရောင်ရှိသော ဖြူသော (ကသိုဏ်း) ရုပ်တို့ကို ရှု၏။ ဖြူသောအဆင်း ဖြူသောအသွေး ဖြူသောအရောင်ရှိသော ဖြူသောသောက်ရှူးကြယ်ကဲ့သို့၎င်း ဖြူသော အဆင်း ဖြူသော အသွေး ဖြူသော အရောင်ရှိသော ဗာရာဏသီပြည်ဖြစ် ဖြူသော နှစ်ဖက်ချော အဝတကဲ့သို့၎င်း ဤအတူ တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်း ရုပ်တို့ကို မရှုမှတ်မူ၍ အပသန္တာန်၌ ဖြူသောအဆင်း ဖြူသောအသွေး ဖြူသောအရောင်ရှိသော ဖြူသော (ကသိုဏ်း) ရုပ်တို့ကို ရှု၏၊ ထို (ရုပ်) တို့ကို လွှမ်းမိုး၍ "(ငါ) သိ၏၊ (ငါ) မြင်၏"ဟု ဤသို့ အမှတ်သညာရှိ၏။ ဤကား အဋ္ဌမ အဘိဘာယတနစျာန်ပေတည်း။ ရဟန်းတို့ ဤသည်တို့ကား အဘိဘာယတန စျာန်ရှစ်မျိုးတို့တည်း။

ရဟန်းတို့ ဤအဘိဘာယတနစျာန် ရှစ်မျိုးတို့တွင် အချို့သောသူသည် မိမိသန္တာန်၌ အဆင်း ရုပ်တို့ကို မရှုမှတ်မူ၍ အပသန္တာန်၌ ဖြူသောအဆင်း ဖြူသောအသွေး ဖြူသောအရောင်ရှိသော ဖြူသောရုပ်တို့ကို ရှု၏၊ ထိုရုပ်တို့ကို လွှမ်းမိုး၍ "(ငါ)သိ၏၊ (ငါ)မြင်၏"ဟု ဤသို့ အမှတ်သညာ ရှိ၏ဟူသော ဤအဘိဘာယတနသည် အမြတ်ဆုံးတည်း။ ရဟန်းတို့ ဤသို့ အမှတ်ရှိသော သတ္တဝါတို့လည်း ရှိကုန်၏၊ ရဟန် တို့ ဤသို့ အမှတ်ရှိသော သတ္တဝါတို့အား သော်လည်း တပါးသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းရှိသည်သာတည်း၊ ဖောက်ပြန်ပြောင်းလဲခြင်း ရှိသည်သာတည်း။ ရဟန်းတို့ ဤသို့ ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် ထိုအဘိဘာယတန စျာန်

http://www.dhammadownload.com



၌လည်း ငြီးငွေ၏၊ ထိုအဘိဘာယတနစျာန်၌ ငြီးငွေသော် မြတ်သောစျာန်၌ ငြီးငွေ၏၊ ယုတ်ညံ့သော စျာန်၌ကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ (၅)

ရဟန်းတို့ အကျင့် 'ပဋိပဒါ'တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ— ဆင်းရဲစွာကျင့်ရ၍ နုန့်နှေးစွာ အသိဉာဏ် ဖြစ်ပေါ်သော 'ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ'၊ ဆင်းရဲစွာ ကျင့်ရသော်လည်း လျင်မြန်စွာ အသိဉာဏ်ဖြစ်ပေါ်သော 'ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ'၊ ချမ်းသာစွာ ကျင့်ရသော်လည်း နုန့်နှေးစွာ အသိဉာဏ်ဖြစ်ပေါ်သော 'သုခပဋိပဒါ ဒန္ဓာဘိညာ'၊ ချမ်းသာစွာ ကျင့်ရ၍ လျင်မြန်စွာ အသိဉာဏ်ဖြစ်ပေါ်သော 'သုခပဋိပဒါ ခိပ္ပါဘိညာ' အကျင့်တို့တည်း။ ရဟန်းတို့ အကျင့် ပဋိပဒါတို့သည် ဤလေးမျိုးတို့တည်း။ ရဟန်းတို့ ဤကျင့်အလေးမျိုးတို့တွင် ချမ်းသာစွာ ကျင့်ရ၍ လျင်မြန်စွာ အသိဉာဏ်ဖြစ်ပေါ်သော ဤအကျင့်သည် အမြတ်ဆုံးတည်း။ ရဟန်းတို့ ဤသို့ ကျင့်သော သတ္တဝါတို့လည်း ရှိကုန်၏။ ရဟန်းတို့ ဤသို့ ကျင့်သော သတ္တဝါတို့အား သော်လည်း တပါးသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းရှိသည်သာတည်း၊ ဖောက်ပြန်ပြောင်းလဲခြင်း ရှိသည်သာတည်း။ ရဟန်းတို့ ဤသို့ ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် ထိုချမ်းသာစွာ ကျင့်ရ၍ လျင်မြန်စွာ အသိဉာဏ် ဖြစ်ပေါ်သော အကျင့်၌လည်း ငြီးငွေ၏၊ ထို အကျင့်၌ ငြီးငွေသော် မြတ်သော အကျင့်၌ တပ်ခြင်းကင်း၏၊ ယုတ်သော အကျင့်၌ကား အဘယ် ဆိုဖွယ်ရာ ရှိအံ့နည်း။ (၆)

ရဟန်းတို့ သညာတို့သည် ဤလေးမျိုးတို့တည်း။ အဘယ် လေးမျိုးတို့နည်း ဟူမူ—အချို့သော သူသည် နည်းသော အာနုဘော်ရှိသော (ကာမာဝစရ)သညာကို သိ၏၊ အချို့သောသူသည် မြတ်သည်၏ အဖြစ်သို့ ရောက်သော (ရူပါဝစရ)သညာကို သိ၏၊ အချို့သောသူသည် အတိုင်း အရှည်မရှိသော (လောကုတ္တရာ)သညာကို သိ၏၊ အချို့သောသူသည် "တစုံတခုမျှမရှိ"ဟူသော (အာကိဉ္စညာယတန)သညာကို သိ၏။ ရဟန်းတို့ သညာတို့သည် ဤလေးမျိုးတို့တည်း။ ရဟန်းတို့ ဤသညာလေးမျိုးတို့တွင် အချို့သောသူသိသော "တစုံတခုမျှမရှိ"ဟူသော အာကိဉ္စညာယတန သညာသည် အမြတ်ဆုံးတည်း။ ရဟန်းတို့ ဤသို့ သညာရှိသော သတ္တဝါတို့လည်း ရှိကုန်၏။ ရဟန်းတို့ ဤသို့သညာရှိသော သတ္တဝါတို့အားသော်လည်း တပါးသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းရှိသည်သာတည်း၊ ဖောက်ပြန်ပြောင်းလဲခြင်း ရှိသည်သာတည်း။ ရဟန်းတို့ ဤသို့ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် ထို(အာကိဉ္စညာယတနသညာ)၌လည်း ငြီးငွေ၏၊ ထို (အာကိဉ္စညာယတနသညာ)၌ ငြီးငွေသော် မြတ်သောသညာ၌ တပ်ခြင်းကင်း၏၊ ယုတ်ညံ့သော သညာ၌ကား အဘယ် ဆိုဖွယ်ရာ ရှိအံ့နည်း။ (၇)

ရဟန်းတို့ သာသနာတော်မှ အပ၌ ဖြစ်ကုန်သော (မိစ္ဆာ) အယူတို့တွင် "(ရှေးက) ငါမဖြစ်ခဲ့မူကား ငါ့အား (ယခု) မဖြစ်ရာ၊ (ငါ) မဖြစ်တော့လျှင် ငါ့အား (ကြောင့်ကြခြင်း) ရှိလိမ့်မည် မဟုတ်"ဟူသော ဤ (ဥစ္ဆေဒ) အယူသည် အမြတ်ဆုံးတည်း။ ရဟန်းတို့ ဤသို့ အယူရှိသူအား ဘဝ၌ မစက်ဆုပ်ခြင်းသည် ရှိတော့မည်မဟုတ်၊ ဘဝချုပ်ရာ၌ စက်ဆုပ်ခြင်းလည်း ထိုသူအား ရှိတော့မည် မဟုတ်" ဟူသော ဤသဘောကိုသာ (မချွတ်ဖြစ်လိမ့်မည်ဟု) မြော်လင့်အပ်၏။ ရဟန်းတို့ ဤသို့ အယူရှိသော သတ္တဝါတို့လည်း ရှိကုန်၏။ ရဟန်းတို့ ဤသို့ အယူရှိသော သတ္တဝါအားသော်လည်း တပါးသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းရှိသည်သာတည်း၊ ဖောက်ပြန် ပြောင်းလဲခြင်း ရှိသည်သာတည်း။ ရဟန်းတို့ ဤသို့ ရှုသော အကြားအမြင်ရှိသော အရိယာ

http://www.dhammadownload.com



တပည့်သည် ထို(ဥစ္ဆေဒဒိဋ္ဌိ)၌လည်း ငြီးငွေ့၏၊ထို(ဥစ္ဆေဒဒိဋ္ဌိ)၌ ငြီးငွေ့သော် မြတ်သော အယူ၌ တပ်ခြင်းကင်း၏၊ ယုတ်ညံ့သော အယူ၌ကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ (၈)

ရဟန်းတို့ မြတ်သော စင်ကြယ်မှုကို ပညတ်ကုန်သော သမဏဗြာဟ္မဏ အချို့တို့သည် ရှိကုန်၏။ ရဟန်းတို့ မြတ်သော စင်ကြယ်မှုကို ပညတ်သူတို့တွင် အချင်းခပ်သိမ်း အာကိဉ္စညာယတနဈာန်ကို လွန်မြောက်၍ နေဝသညာနာသညာယတနဈာန်သို့ ရောက်၍နေသောသူသည် အမြတ်ဆုံးတည်း။ ထိုသမဏဗြာဟ္မဏတို့သည် ထိုဈာန်ကိုသိရန် ထိုဈာန်ကို မျက်မှောက်ပြုရန် တရားဟောကုန်၏။ ရဟန်းတို့ ဤသို့ဟောလေ့ရှိသော သတ္တဝါတို့လည်း ရှိကုန်၏။ ရဟန်းတို့ ဤသို့ ဟောလေ့ရှိသော သတ္တဝါတို့အားသော်လည်း တပါးသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းရှိသည်သာတည်း၊ ဖောက်ပြန် ပြောင်းလဲခြင်း ရှိသည်သာတည်း။ ရဟန်းတို့ ဤသို့ရှုသော အကြားအမြင်ရှိသော အရိယာ တပည့်သည် ထို(ဈာန်)၌လည်း ငြီးငွေ့၏၊ ထို(ဈာန်)၌ ငြီးငွေ့သော် မြတ်သောဈာန်၌ တပ်ခြင်း ကင်း၏၊ ယုတ်ညံ့သောဈာန်၌ကား အဘယ် ဆိုဖွယ်ရာရှိအံ့နည်း။ (၉)

ရဟန်းတို့ မျက်မှောက်ဘဝ၌ မြတ်သော နိဗ္ဗာန်ကို ပညတ်ကုန်သော သမဏဗြာဟ္မဏ အချို့တို့သည် ရှိကုန်၏။ ရဟန်းတို့ မျက်မှောက်ဘဝ၌ မြတ်သော နိဗ္ဗာန်ကို ပညတ်သော သူတို့တွင် တည်ရာအတွေ့'ဖဿာယတန'ခြောက်မျိုးတို့၏ဖြစ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်ဘိုင် မှန်စွာသိ၍ မစွဲလမ်းပဲ လွတ်မြောက်မှု(အရဟတ္တ ဖိုလ်)သည် အမြတ်ဆုံးတည်း။ ရဟန်းတို့ ဤသို့ ဟောလေ့ရှိသော ဤသို့ ဆိုလေ့ရှိသော ငါ့ကို သမဏဗြာဟ္မဏအချို့တို့က "ရဟန်းဂေါတမသည် ကာမဂုဏ်တို့ကို ပိုင်းခြား၍ သိမှုကို မပညတ်၊ ရုပ်တို့ကို ပိုင်းခြား၍ သိမှုကို မပညတ်၊ ဝေဒနာတို့ကို ပိုင်းခြား၍ သိမှုကို မပညတ်"ဟု ထင်ရှား မရှိသော အချည်းနှီးသော မှားယွင်းသော မဟုတ်မမှန်သော စွပ်စွဲခြင်းဖြင့် စွပ်စွဲကုန်၏။ရဟန်းတို့ ငါသည် ကာမဂုဏ်တို့ကို ပိုင်းခြား၍ သိမှုကိုလည်း ပညတ်၏၊ ရုပ်တို့ကို ပိုင်းခြား၍ သိမှုကိုလည်း ပညတ်၏၊ဝေဒနာတို့ကို ပိုင်းခြား၍ သိမှုကိုလည်း ပညတ်၏၊ မျက်မှောက်ဘဝ၌ပင် ဆာလောင်မှု မရှိ ငြိမ်းအေးလျက် အေးချမ်းလျက် မစွဲလမ်းပဲ ထက်ဝန်းကျင် ငြိမ်းအေးမှု 'ပရိနိဗ္ဗာန်' ကိုလည်း ပညတ်၏ဟု(မိန့်တော်မူ၏)။ (၁၀)

နဝမသုတ်။

## ၁၀-ဒုတိယ ကောသလသုတ်

၃၀။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ ပသေနဒီကောသလမင်းသည် စင်မြေ ပြင်၌ အောင်မြင်၍ အလိုပြည့်သဖြင့် စစ်တိုက်ရာမှ ပြန်လှည့်ခဲ့၏။ ထိုအခါ ပသေနဒီကောသလ မင်းသည် ထိုအရံသို့ သွား၏၊ ယာဉ်ဖြင့် သွားနိုင်သမျှသော အနပ်တိုင်အောင် ယာဉ်ဖြင့် သွား၍ ယာဉ်မှ သက်ပြီးသော် ခြေကျင်သာလျှင် အရံသို့ ဝင်၏။ ထိုအခါ၌ ရဟန်း များစွာတို့သည် လွင်တီးခေါင်၌ စင်္ကြံ သွားနေကုန်၏။

ထိုအခါ ပသေနဒီကောသလမင်းသည် ထိုရဟန်းတို့ထံသို့ ချဉ်းကပ်၍ ထိုရဟန်းတို့အား- "အသျှင်ဘုရားတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်

http://www.dhammadownload.com



မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် ယခု အဘယ်မှာ သီတင်းသုံး နေတော်မူပါသနည်း၊ အသျှင်ဘုရားတို့ အကျွန်ုပ်တို့သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြော်လိုပါကုန်၏ ဟု လျှောက်၏။ မင်းမြတ် တံခါးပိတ်ထားသော ဤကျောင်းသို့ တိတ်ဆိတ်စွာ ချဉ်းကပ်ပြီးနောက် မုခ်ဦးသို့ ဖြည်းညှင်းစွာ ဝင်၍ချောင်းဟန့်ပြီးလျှင် တံခါးကို ခေါက်လော့၊ မြတ်စွာဘုရားသည် သင့်အား တံခါးဖွင့်ပေးပါလိမ့်မည် ဟု (ဆိုကုန်၏)။

ထိုအခါ ပသေနဒီကောသလမင်းသည် တံခါးပိတ်ထားသော ကျောင်းသို့ တိတ်ဆိတ်စွာ ချဉ်းကပ်ပြီးနောက် မုခ်ဦးသို့ ဖြည်းညှင်းစွာဝင်၍ ချောင်းဟန့်ပြီး လျှင် တံခါးကိုခေါက်၏။ မြတ်စွာဘုရားသည် တံခါးကို ဖွင့်တော်မူ၏။ထိုနောက် ပသေနဒီကောသလမင်းသည် ကျောင်းတွင်းသို့ ဝင်ကာ မြတ်စွာဘုရား၏ ခြေတော်တို့၌ ဦးတိုက်၍ မြတ်စွာဘုရား၏ ခြေတော်တို့ကို ခံတွင်းဖြင့် စုပ်၏၊ လက်တို့ဖြင့်လည်း ဆုပ်နယ် (ပွတ်သပ်)၏၊ "အသျှင်ဘုရား အကျွန်ုပ်သည် ပသေနဒီ ကောသလမင်းပါတည်း၊ အသျှင်ဘုရား အကျွန်ုပ်သည် ပသေနဒီကောသလမင်းပါတည်း" ဟု အမည်ကိုလည်း ကြားလျှောက်၏။

မင်းကြီး သင်သည် အဘယ်အကြောင်းထူးကို မြော်မြင်၍ ဤကိုယ်(ခန္ဓာ) ၌ ဤသို့ သဘော ရှိသော အလွန်ပျပ်ဝပ် နှိမ့်ချမှုကို ပြုဘိသနည်း၊ မေတ္တာဖြင့် ပူဇော်ခြင်းကို ပြဘိသနည်း ဟု (မေးတော်မူ၏)။ အသျှင်ဘုရား အကျွန်ုပ်သည် ပြုဘူးသည့် ကျေးဇူးကို သိမှု 'ကတညုတ' နှင့် ပြုရမည်ကို ထင်စွာသိမှု 'ကတဝေဒီ' ကိုမြော်မြင်၍ မြတ်စွာဘုရား၌ ဤသို့ သဘောရှိသော အလွန် ပျပ်ဝပ် နှိမ့်ချမှုကို ပြုပါ၏၊ မေတ္တာဖြင့် ပူဇော်ခြင်းကို ပြပါ၏။

အသျှင်ဘုရား မြတ်စွာဘုရားသည် လူအများ၏စီးပွါးအလို့ငှါ လူအများ၏ ချမ်းသာရန် အလို့ငှါ ကျင့်တော်မူပါ၏၊ ကောင်းသောတရား ရှိခြင်း အပြစ်ကင်းသော တရားရှိခြင်းဖြင့် လူအများကို မြတ်သောဉာဏ်၌ တည်စေတော်မူပါ၏။ အသျှင်ဘုရား မြတ်စွာဘုရားသည် လူအများ၏ စီးပွါး အလို့ငှါ လူအများ၏ ချမ်းသာရန် အလို့ငှါ ကျင့်တော်မူခြင်း ကောင်းသော တရားရှိခြင်း အပြစ် ကင်းသော တရားရှိခြင်းဖြင့် လူအများကို မြတ်သော ဉာဏ်၌ တည်စေခြင်း ဟူသော ဤအကြောင်း ထူးကို မြော်မြင်၍ မြတ်စွာဘုရား၌ ဤသို့ သဘောရှိသော အလွန်ပျပ်ဝပ် နှိမ့်ချခြင်းကို ပြုပါ၏၊ မေတ္တာဖြင့် ပူဇော်ခြင်းကို ပြပါ၏။(၁)

အသျှင်ဘုရား နောက်တမျိုးကား မြတ်စွာဘုရားသည် သီလရှိတော်မူပါ၏၊ ကြီးပွါးသော သီလ မြတ်သောသီလ အပြစ်ကင်းသောသီလ ရှိတော်မူပါ၏၊ အပြစ်ကင်းသော သီလနှင့် ပြည့်စုံ တော်မူပါ၏။ အသျှင်ဘုရား မြတ်စွာဘုရား၏ သီလရှိတော်မူခြင်း ကြီးပွါးသောသီလ မြတ်သော သီလ အပြစ်ကင်းသောသီလ ရှိတော်မူခြင်း အပြစ်ကင်းသော သီလနှင့် ပြည့်စုံတော်မူခြင်း ဟူသော ဤအကြောင်းထူးကိုလည်း မြော်မြင်၍ မြတ်စွာဘုရား၌ အလွန်ပျပ်ဝပ် နှိမ့်ချခြင်းကို ပြုပါ၏၊ မေတ္တာဖြင့် ပူဇော်ခြင်းကို ပြပါ၏။ (၂)

အသျှင်ဘုရား နောက်တမျိုးကား မြတ်စွာဘုရားသည် ရှည်မြင့်စွာသော နေ့ ညဉ့်ပတ်လုံး တောကျောင်း နေတော်မူပါ၏၊ အစွန်အဖျားကျသော တောကျောင်းတို့ကို မှီဝဲတော်မူပါ၏။ အသျှင်ဘုရား မြတ်စွာဘုရား၏ ရှည်မြင့်စွာသော နေ့ ညဉ့် ပတ်လုံး တောကျောင်း နေတော်

http://www.dhammadownload.com



မှုခြင်း အစွန်အဖျားကျသော တောကျောင်းတို့ကို မှီဝဲတော်မူခြင်း ဟူသော ဤအကြောင်းထူးကိုလည်း မြော်မြင်၍ မြတ်စွာဘုရား၌ အလွန်ပျပ်ဝပ် နှိမ့်ချခြင်းကိုပြုပါ၏၊ မေတ္တာဖြင့်ပူဇော်ခြင်းကို ပြုပါ၏။ (၃)။

အသျှင်ဘုရား နောက်တမျိုးကား မြတ်စွာဘုရားသည် ရတတ်သမျှသော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်ဖြင့် ရောင့်ရဲတော်မူပါ၏။ အသျှင်ဘုရား မြတ်စွာဘုရား၏ ရတတ်သမျှသော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ဆေး အသုံးအဆောင်ဖြင့် ရောင့်ရဲခြင်းဟူသော ဤအကြောင်းထူးကိုလည်း မြော်မြင်၍ မြတ်စွာဘုရား၌ အလွန်ပျပ်ဝပ် နှိမ့်ချခြင်းကို ပြုပါ၏၊ မေတ္တာဖြင့် ပူဇော်ခြင်းကို ပြုပါ၏။ (၄)

အသျှင်ဘုရား နောက်တမျိုးကား မြတ်စွာဘုရားသည် (အရပ်ဝေးမှ) ဆောင်လာ၍ သော်လည်း ပေးလှူသော အလှူကိုလည်း ခံတော်မူထိုက်ပါပေ၏၊ ဧည့်သည်တို့အလို့ငှါ စီမံထားသော အလှူကိုလည်း ခံတော်မူထိုက်ပါပေ၏၊ တမလွန်အတွက် ရည်မြော်သော အလှူကိုလည်း ခံတော်မူထိုက်ပါပေ၏၊ လက်အုပ်ချီခြင်းငှါ ထိုက်တော်မူပါပေ၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်တော်မူပါပေ၏။ အသျှင်ဘုရား မြတ်စွာဘုရား၏ (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူအပ်သော အလှူကိုလည်း ခံတော်မူထိုက်ခြင်း ဧည့်သည်တို့အလို့ငှါ စီမံထားသော အလှူကိုလည်း ခံတော်မူထိုက်ခြင်း တမလွန်အတွက် ရည်မြော်သော အလှူကိုလည်း ခံတော်မူထိုက်ခြင်း လက်အုပ်ချီခြင်းငှါ ထိုက်တော်မူခြင်း သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်တော်မူခြင်း ဟူသော ဤအကြောင်းထူးကိုလည်း မြော်မြင်၍ မြတ်စွာဘုရား၌ အလွန်ပျပ်ဝပ်နှိမ့်ချခြင်းကို ပြုပါ၏၊ မေတ္တာဖြင့် ပူဇော်ခြင်းကို ပြုပါ၏။ (၅)

အသျှင်ဘုရား နောက်တမျိုးကား မြတ်စွာဘုရားသည် (ကိလေသာကို) အလွန်ခေါင်းပါးစေတတ်သော စိတ်ပွင့်လင်းခြင်းငှါ လျောက်ပတ်သော သဘောရှိသည့် အလိုနည်းမှု၊ ရောင့်ရဲလွယ်မှု၊ ကင်းဆိတ်မှု၊ မရောနှောမှု၊ ဝီရိယကိုအားထုတ်မှု၊ သီလပြည့်စုံမှု၊ သမာဓိပြည့်စုံမှု၊ ပညာပြည့်စုံမှု၊ အရဟတ္တဖိုလ်နှင့်ပြည့်စုံမှု၊ ပစ္စဝေက္ခဏာဉာဏ်နှင့် ပြည့်စုံမှုတို့နှင့် စပ်သောစကားတို့ကို အလိုရှိတိုင်း ရတော်မူပါပေ၏၊ မငြိုမငြင် ရတော်မူပါပေ၏၊ မပင် မပန်း ရတော်မူပါပေ၏။ အသျှင်ဘုရား မြတ်စွာဘုရား၏ (ကိလေသာကို) အလွန်ခေါင်းပါးစေတတ်သော စိတ်ပွင့်လင်းခြင်းငှါ လျောက်ပတ်သော သဘောရှိသည့်—အလိုနည်းမှု။ပ။ပစ္စဝေက္ခဏာ ဉာဏ်အမြင်နှင့် စပ်သော စကားတို့ကို အလိုရှိတိုင်း ရတော်မူခြင်း မငြိုမငြင်ရတော်မူခြင်း မပင်မပန်းရတော်မူခြင်းဟူသော ဤအကြောင်းထူးကိုလည်း မြော်မြင်၍ မြတ်စွာဘုရား၌ အလွန်ပျပ်ဝပ် နှိမ့်ချခြင်းကို ပြုပါ၏၊ မေတ္တာဖြင့် ပူဇော်ခြင်းကို ပြုပါ၏။ (၆)

အသျှင်ဘုရား နောက်တမျိုးကား မြတ်စွာဘုရားသည် လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်း ဖြစ်သော ဈာန်လေးပါးတို့ကို အလိုရှိတိုင်း ရတော်မူပါပေ၏၊ မငြိုမငြင်ရတော်မူပါပေ၏၊ မပင်မပန်း ရတော်မူပါပေ၏။အသျှင်ဘုရား မြတ်စွာဘုရား၏ လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်း ဖြစ်သော ဈာန်လေးပါးတို့ကို အလိုရှိတိုင်း ရတော်မူခြင်း မငြိုမငြင်ရတော်မူခြင်း မပင်မပန်းရတော်မူခြင်း ဟူသော ဤအကြောင်းထူးကိုလည်း မြော်မြင်၍ မြတ်စွာဘုရား၌ အလွန်ပျပ်ဝပ် နှိမ့်ချခြင်းကို ပြုပါ၏၊ မေတ္တာဖြင့် ပူဇော်ခြင်းကို ပြုပါ၏။ (၇)

http://www.dhammadownload.com



အသျှင်ဘုရား နောက်တမျိုးကား မြတ်စွာဘုရားသည် များသော အပြားရှိသော ရှေး၌ နေဘူးသော ခန္ဓာအစဉ်ကို အောက်မေ့၏။ ဤသည်တို့ကား အဘယ်တို့နည်း၊ တဘဝကိုရင်း နှစ်ဘဝတို့ကိုရင်း သုံးဘဝတို့ကိုရင်း လေးဘဝတို့ကိုရင်း ငါးဘဝတို့ကိုရင်း ဆယ်ဘဝတို့ကိုရင်း ဘဝနှစ်ဆယ်တို့ကိုရင်း ဘဝသုံးဆယ်တို့ကိုရင်း ဘဝလေးဆယ်တို့ကိုရင်း ဘဝငါးဆယ်တို့ကိုရင်း ဘဝတရာကိုရင်း ဘဝတထောင်ကိုရင်း ဘဝတသိန်းကိုရင်း များပြားသော ပျက်ကပ်တို့ကိုရင်း များပြားသော ဖြစ်ကပ်တို့ကိုရင်း များပြားသော ပျက်ကပ်ဖြစ်ကပ်တို့ကိုရင်း "ဤမည်သော ဘဝ၌ (ငါသည်) ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာ ဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ ထို (ငါ) သည် ထိုဘဝမှ သေခဲ့၍ ဤမည်သော ဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း (ငါသည်) ဤသို့သော အမည် ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်း အခြားရှိခဲ့၏၊ ထို(ငါသည်) ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏"ဟု ဤသို့အခြင်းအရာနှင့် တကွ ညွှန်ပြဖွယ် (အမည်အနွယ်)နှင့် တကွများပြားသော ရှေး၌ နေဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏။ အသျှင်ဘုရား မြတ်စွာဘုရား၏ တပါးမက (များစွာ)သော ရှေး၌ နေဘူးသည့် (ခန္ဓာအစဉ်)ကို အောက်မေ့တော်မူနိုင်ခြင်း ယင်း ခန္ဓာအစဉ် ဟူသည်မှာ တဘဝကိုရင်း နှစ်ဘဝတို့ကိုရင်း။ပ။ ဤသို့ အခြင်းအရာနှင့် တကွ ညွှန်ပြဖွယ် (အမည်အနွယ်) နှင့် တကွ များပြားသော ရှေး၌ နေဘူးသည့် (ခန္ဓာအစဉ်)ကို အောက်မေ့တော်မူနိုင်ခြင်း ဟူသော ဤအကြောင်းထူးကိုလည်း မြော်မြင်၍ မြတ်စွာဘုရား၌ ပျပ်ဝပ်နှိမ့်ချခြင်းကို ပြုပါ၏၊ မေတ္တာဖြင့် ပူဇော်ခြင်းကို ပြုပါ၏။ (၇)

အသျှင်ဘုရား နောက်တမျိုးကား မြတ်စွာဘုရားသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့် တူသော မျက်စိ 'ဒိဗ္ဗစက္ခု' ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသော သတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်းသော လားရာရှိသော သတ္တဝါတို့ကို မြင်၏၊ "အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့် ပြုသော မကောင်းသော အကျင့်'ကာယဒုစရိုက်'နှုတ်ဖြင့်ပြုသော မကောင်းသော အကျင့် 'ဝစီဒုစရိုက်' စိတ်ဖြင့် ပြုသော မကောင်းသောအကျင့်'မနောဒုစရိုက်'တို့နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲကုန်၏၊ မှားသော အယူရှိကုန်၏၊ မှားသောအယူဖြင့် ပြုသော ကံရှိကုန်၏၊ ထို(သတ္တဝါ)တို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ ရောက်ကုန်၏။ အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့်ပြုသော ကောင်းသော အကျင့် 'ကာယသုစရိုက်'နှုတ်ဖြင့်ပြုသော ကောင်းသောအကျင့် 'ဝစီသုစရိုက်' စိတ်ဖြင့်ပြုသော ကောင်းသောအကျင့် 'မနောသုစရိုက်' နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို မစွပ်စွဲကုန်၊ မှန်သော အယူရှိကုန်၏၊ မှန်သောအယူဖြင့် ပြုသော ကံရှိကုန်၏၊ ထို(သတ္တဝါ)တို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်၌ ဖြစ်ကုန်၏"ဟု ကံအားလျော်စွာ ဖြစ်ပေါ်လာသော သတ္တဝါတို့ကို သိတော်မူ၏။ အသျှင်ဘုရား မြတ်စွာဘုရား၏ အထူးစင်ကြယ်သော လူတို့၏ မျက်စိထက်သာလွန်သော နတ်မျက်စိဖြင့်။ပ။ ကံအားလျော်စွာ ဖြစ်ကြသော သတ္တဝါတို့ကို သိတော်မူခြင်းဟူသော ဤအကြောင်းထူးကိုလည်း မြော်မြင်၍ မြတ်စွာဘုရား၌ အလွန်ပျပ်ဝပ် နှိမ့်ချခြင်းကို ပြုပါ၏၊ မေတ္တာဖြင့် ပူဇော်ခြင်းကို ပြုပါ၏။ (၈)

http://www.dhammadownload.com



အသျှင်ဘုရား နောက်တမျိုးကား မြတ်စွာဘုရားသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ မရှိသော လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ရောက်၍ နေတော်မူပါ၏။ အသျှင်ဘုရား မြတ်စွာဘုရား၏ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါမရှိသော လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့်။ပ။ ရောက်၍ နေတော်မူခြင်းဟူသော ဤအကြောင်းထူးကိုလည်း မြော်မြင်၍ မြတ်စွာဘုရား၌ အလွန်ပျပ်ဝပ်နှိမ့်ချခြင်းကိုပြုပါ၏၊ မေတ္တာဖြင့် ပူဇော်ခြင်းကို ပြုပါ၏။ (၁၀)

အသျှင်ဘုရား ယခုအခါ အကျွန်ုပ်တို့သည် သွားပါကုန်ဦးအံ့၊ အကျွန်ုပ်တို့သည် ကိစ္စများပါကုန်၏၊ ပြုဖွယ်များပါကုန်၏ ဟု (လျှောက်၏)။ မင်းကြီး သင်သည် သွားရန် အချိန်ကို သိ၏၊ (သွားရန်မှာ သင့်အလိုအတိုင်းပင် ဖြစ်၏) ဟု (မိန့်တော်မူ၏)။ ထို့နောက် ပသေနဒီကောသလမင်းသည် နေရာမှ ထကာ မြတ်စွာဘုရားကို ရှိခိုး၍ ဖဲသွားလေ၏။

ဒသမသုတ်။

သုံးခုမြောက် မဟာဝဂ် ပြီး၏။

## ၄-ဥပါလိဝဂ် ၁-ဥပါလိသုတ်

၃၁။ ထိုအခါ အသျှင် ဥပါလိသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ထိုင်နေပြီးလျှင် မြတ်စွာဘုရားအား—"အသျှင်ဘုရား အဘယ်မျှသော အကျိုးထူးတို့ကို အစွဲပြု၍ မြတ်စွာဘုရားသည် တပည့်သာဝကတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူပါသနည်း၊ ပါတိမောက်ကို ပြတော်မူပါသနည်း"ဟု လျှောက်၏။

ဥပါလိ အကျိုးထူး ဆယ်မျိုးတို့ကို အစွဲပြု၍ မြတ်စွာဘုရားသည် တပည့်သာဝကတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏၊ ပါတိမောက်ကို ပြတော်မူ၏။ အဘယ် ဆယ်မျိုးတို့နည်း ဟူမူ— သံဃာတော်၏ ကောင်းပါပြီဟု ဝန်ခံ ကျင့်သုံးရန်၊ သံဃာတော်များ ချမ်းသာစေရန်၊ အကျင့်သီလ ဖောက်ဖျက်သူတို့ကို နှိမ်နင်းရန်၊ အကျင့်သီလကို ချစ်မြတ်နိုးသော ရဟန်းတို့ ချမ်းသာစွာနေနိုင်ရန်၊ မျက်မှောက်၌ ဖြစ်ကုန်သော ဆင်းရဲအထူးတို့ကို စောင့်စည်းရန်၊ နောင်ဖြစ်လတ္တံ့ကုန်သော ဆင်းရဲအထူးတို့ကို ပယ်ရှားရန်၊ မကြည်ညိုသေးသော သူတို့ကို ကြည်ညိုစေရန်၊ ကြည်ညိုပြီးသော သူတို့ကို တိုး၍ ကြည်ညိုစေရန်၊ သူတော်ကောင်းတရား 'သာသနာသုံးရပ်' တည်တံ့ရန်၊ ဝိနည်း 'စည်းမျဉ်းဥပဒေ'ကို ချီးမြှောက်ရန်တို့တည်း။ ဥပါလိ ဤအကျိုးထူး ဆယ်မျိုးတို့ကို အစွဲပြု၍ မြတ်စွာဘုရားသည် တပည့်သာဝကတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏၊ ပါတိမောက်ကို ပြတော်မူ၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ပါတိမောက္ခဋ္ဌပနာသုတ်

၃၂။ အသျှင်ဘုရား ပါတိမောက်ထားခြင်းတို့သည် အဘယ်မျှတို့နည်း ဟု (လျှောက်၏)။ ဥပါလိ ပါတိမောက် ထားခြင်းတို့သည် ဆယ်မျိုးတို့တည်း။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—

http://www.dhammadownload.com



ပါရာဇိကကျသူသည် ထိုပရိသတ်၌ နေ၏၊ ပါရာဇိကနှင့်စပ်သော စကားသည် မပြီးပြတ်သေး၊ ထိုပရိသတ်၌ ရဟန်း မဟုတ်သူ (လူ သာမဏေ)သည် နေ၏၊ ရဟန်း မဟုတ်သူ (လူသာမဏေ) နှင့် စပ်သော စကားသည် မပြီးပြတ်သေး၊ ထိုပရိသတ်၌ သိက္ခာကျသူသည် နေ၏၊ သိက္ခာကျသူ နှင့်စပ်သော စကားသည် မပြီးပြတ်သေး၊ ထိုပရိသတ်၌ ပဏ္ဍုက်သည် နေ၏၊ ပဏ္ဍုက်နှင့်စပ်သော စကားသည် မပြီးပြတ်သေး၊ ထိုပရိသတ်၌ ရဟန်းမိန်းမကို ဖျက်ဆီးသူသည် နေ၏၊ ရဟန်းမိန်းမ ကို ဖျက်ဆီးသူနှင့် စပ်သော စကားသည် မပြီးပြတ်သေး။ ဥပါလိ ပါတိမောက် ထားခြင်းတို့သည် ဤဆယ်မျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ဥဗ္ဗာဟိကာသုတ်

၃၃။ အသျှင်ဘုရား အဘယ်မျှသော တရားတို့နှင့် ပြည့်စုံသော ရဟန်းကို ဥဗ္ဗာဟိက (ကမ္မဝါစာ)ဖြင့် သမုတ်အပ်ပါသနည်းဟု (လျှောက်၏)။

ဥပါလိ တရားဆယ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းကို ဥဗ္ဗာဟိက(ကမ္မဝါစာ)ဖြင့် သမုတ်အပ်၏။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—ဥပါလိ ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်လျက်နေ၏၊ အကျင့်'အာစာရ' ကျက်စားရာ 'ဂေါစရ' နှင့် ပြည့်စုံ၏၊ အနည်းငယ်မျှသော အပြစ်တို့၌ သော်လည်း ဘေးဟု ရှုလေ့ရှိ၏၊ သိက္ခာပုဒ်တို့ကို ကောင်းစွာ ဆောက်တည်၍ ကျင့်၏၊ အကြားအမြင်များ၏၊ အကြားအမြင်ကို ဆောင်၏၊ အကြားအမြင်ကို ဆည်းပူး၏၊ အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်း ရှိကုန်၍ အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ဟောပြတတ်သော သဘောရှိသော တရားတို့ကို ထိုပုဂ္ဂိုလ်သည် များစွာ ကြားနာအပ်ကုန်၏၊ ဆောင်ထားအပ်ကုန်၏၊ နှုတ်ဖြင့် လေ့လာ ထားကုန်၏၊ စိတ်ဖြင့် မှတ်သားထားကုန်၏၊ ဉာဏ်ဖြင့်ကောင်းစွာ ထိုးထွင်း၍ သိကုန်၏။ ထိုရဟန်းအား ပါတိမောက်နှစ်ပါးတို့သည် အကျယ်အားဖြင့် ကောင်းစွာ နှုတ်၌ လာကုန်၏၊ ကောင်းစွာ ဝေဖန်အပ်ကုန်၏၊ကောင်းစွာဖြစ်ခြင်းရှိကုန်၏၊ ပါတိမောက်အားဖြင့် အဖွင့်'ဥဘတော ဝိဘင်း'အားဖြင့် ကောင်းစွာ ဆုံးဖြတ်အပ်ကုန်၏။ ဝိနည်း၌တည်၏၊ တွန့်ဆုတ်ခြင်းမရှိ။ (သပိတ် သက်န်းစသော)အကြောင်းတခုခုကြောင့် ရန်သူဖြစ်သော ရဟန်းနှစ်ပါးတို့ကို သိစေခြင်းငှါရင်း ရှုစေခြင်းငှါရင်း အပြားအားဖြင့် ရှုစေခြင်းငှါရင်း ကြည့်စေခြင်းငှါရင်း ကြည်ညိုစေခြင်းငှါရင်း စွမ်းနိုင်၏။ အဓိကရုဏ်းဖြစ်ကြောင်း ငြိမ်းကြောင်း၌လိမ္မာ၏။ အဓိကရုဏ်း၏ဖြစ်ကြောင်းကို သိ၏။ အဓိကရုဏ်း၏ငြိမ်းခြင်းကို သိ၏။ အဓိကရုဏ်းငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ကို သိ၏။ ဥပါလိ ဤ တရားဆယ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းကို ဥဗ္ဗာဟိက (ကမ္မဝါစာ) ဖြင့် သမုတ်အပ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ် ။

http://www.dhammadownload.com



## ၄-ဥပသမ္ပဒါသုတ်

၃၄။ အသျှင်ဘုရား အဘယ်မျှလောက်သော တရားတို့နှင့် ပြည့်စုံသော ရဟန်းသည် ပဥ္စင်းပြု ပေးသင့်ပါသနည်း (ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံ ပေးနိုင်ပါသနည်း) ဟု (လျှောက်၏)။ ဥပါလိ တရား ဆယ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ပဥ္စင်းပြုပေးနိုင်၏။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—

ဥပါလိ ဤ သာသနာတော်၌ ရဟန်းသည် သီလရှိ၏၊ပါတိမောက္ခသံဝရသီလကို စောင့်ရှောက် လျက်နေ၏၊ အကျင့်'အာစာရ' ကျက်စားရာ'ဂေါစရ'နှင့်ပြည့်စုံ၏၊ အနည်းငယ်မျှသော အပြစ်တို့၌ သော်လည်း ဘေးဟု ရှုလေ့ရှိ၏၊ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏၊ အကြား အမြင်များ၏၊အကြားအမြင်ကို ဆောင်၏၊အကြားအမြင်ကိုဆည်းပူး၏၊အစ၏ကောင်းခြင်းအလယ် ၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိကုန်၍ အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ဟောပြတတ်သော သဘောရှိသော တရားတို့ကို ထို ရဟန်းသည် များစွာကြားနာအပ်ကုန်၏၊ဆောင်ထားကုန်၏၊နှုတ်ဖြင့် လေ့လာထားကုန်၏၊စိတ် ဖြင့် မှတ်သားထားကုန်၏၊ ဉာဏ်ဖြင့် ကောင်းစွာ ထိုးထွင်း၍ သိအပ်ကုန်၏။ ထိုရဟန်းအား ပါတိ မောက်သည် အကျယ်အားဖြင့် ကောင်းစွာ နှုတ်၌လာ၏၊ကောင်းစွာ ဝေဖန်အပ်၏၊ကောင်းစွာဖြစ် ခြင်းရှိ၏၊ ပါတိမောက်အားဖြင့် အဖွင့်'ဥဘတော ဝိဘင်း' အားဖြင့် ကောင်းစွာ ဆုံးဖြတ်အပ်၏။ မကျန်းမာသူကို လုပ်ကျွေးခြင်းငှါလည်း မကျန်းမာသူကို လုပ်ကျွေးစေခြင်းငှါလည်း စွမ်းနိုင်၏။ မပျော်မွေ့ခြင်းကို (ကိုယ်တိုင်)ငြိမ်းခြင်းငှါလည်း သူတပါးကို ငြိမ်းစေခြင်းငှါလည်း စွမ်းနိုင်၏။ ဖြစ်ပေါ် လာသော ကုက္ကုစ္စ'သံသယ'ကို တရားအားဖြင့် ပယ်ဖျောက်ခြင်းငှါစွမ်းနိုင်၏။ဖြစ်ပေါ်သော မိစ္ဆာ အယူကို တရားအားဖြင့် ကင်းစေခြင်းငှါ စွမ်းနိုင်၏။ အဓိသီလ၌ တည်စေခြင်းငှါ စွမ်းနိုင်၏။ အဓိ စိတ္တ၌ တည်စေခြင်းငှါ စွမ်းနိုင်၏။ အဓိပညာ၌ တည်စေခြင်းငှါ စွမ်းနိုင်၏။ ဥပါလိ ဤတရား ဆယ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ပဥ္စင်းပြုပေးနိုင်၏ဟု(မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-နိဿယသုတ်

၃၅။ အသျှင်ဘုရား အဘယ်မျှလောက်သော တရားတို့နှင့် ပြည့်စုံသော ရဟန်းသည် နိဿရည်း ပေးထိုက်ပါသနည်း(နိဿရည်းဆရာပြုလုပ်နိုင်ပါသနည်း)ဟု(လျှောက်၏)။

ဥပါလိ တရားဆယ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် နိဿရည်း ပေးထိုက်၏။ အဘယ် ဆယ်မျိုးတို့နည်း ဟူမူ—ဥပါလိ ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏။ပ။ သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ ကျင့်၏။ အကြားအမြင်များ၏။ပ။ ဉာဏ်ဖြင့်ကောင်းစွာ ထိုးထွင်း၍ သိ၏။ ထို ရဟန်းအား ပါတိ မောက်သည် အကျယ်အားဖြင့် ကောင်းစွာ နှုတ်၌လာ၏၊ ကောင်းစွာ ဝေဖန်အပ်၏၊ကောင်းစွာ ဖြစ်ခြင်းရှိ၏၊ ပါတိမောက်အားဖြင့် အဖွင့် 'ဥဘတောဝိဘင်း' အားဖြင့် ကောင်းစွာ ဆုံးဖြတ်အပ်၏။ မကျန်းမာသူကို လုပ်ကျွေးခြင်းငှါလည်း လုပ်ကျွေးစေခြင်းငှါလည်း စွမ်းနိုင်၏။ မပျော်မွေ့ခြင်းကို (ကိုယ်တိုင်)ငြိမ်းခြင်းငှါလည်း (သူတပါးကို)ငြိမ်းစေခြင်းငှါလည်း စွမ်း နိုင်၏။ ဖြစ်ပေါ်လာသော ကုက္ကုစ္စ 'သံသယ'ကို တရားအားဖြင့် ပယ်ဖျောက်ခြင်းငှါ စွမ်းနိုင်၏၊

http://www.dhammadownload.com



ဖြစ်ပေါ်လာသော မိစ္ဆာအယူကို တရားအားဖြင့် ကင်းစေခြင်းငှါ စွမ်းနိုင်၏၊ အဓိသီလ၌ တည်စေခြင်းငှါ စွမ်းနိုင်၏။ အဓိစိတ္တ၌ တည်စေခြင်းငှါ စွမ်းနိုင်၏။ အဓိပညာ၌ တည်စေခြင်းငှါ စွမ်းနိုင်၏။ ဥပါလိ ဤတရားဆယ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် နိဿရည်း ပေးနိုင်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-သာမဏေရသုတ်

၃၆။ အသျှင်ဘုရား အဘယ်မျှလောက်သော တရားတို့နှင့်ပြည့်စုံသော ရဟန်းသည် သာမဏေကို လုပ်ကျွေးစေသင့်ပါသနည်းဟု(လျှောက်၏)။

ဥပါလိ တရား ဆယ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သာမဏေကို လုပ်ကျွေးစေသင့်၏။ အဘယ်ဆယ်မျိုးတို့နည်းဟူမူ—ဥပါလိ ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏။ပ။သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏။ အကြားအမြင် များ၏။ပ။ ဉာဏ်ဖြင့် ကောင်းစွာ ထိုးထွင်း၍ သိ၏။ ထိုရဟန်းအား ပါတိမောက်သည် အကျယ်အားဖြင့် ကောင်းစွာ နှုတ်၌ လာ၏၊ ကောင်းစွာ ဝေဖန်အပ်၏၊ ကောင်းစွာ ဖြစ်ခြင်း ရှိ၏၊ ပါတိမောက်အားဖြင့် အဖွင့် 'ဥဘတော ဝိဘင်း'အားဖြင့် ကောင်းစွာ ဆုံးဖြတ်အပ်၏။ မကျန်းမာသူကို လုပ်ကျွေးခြင်းငှါရင်း လုပ်ကျွေးစေခြင်းငှါရင်း စွမ်းနိုင်၏။ မပျော်မွေ့ခြင်းကို ကိုယ်တိုင် ငြိမ်းခြင်းငှါရင်း သူတပါးကို ငြိမ်းစေခြင်းငှါရင်း စွမ်းနိုင်၏။ဖြစ်ပေါ်လာသော ကုက္ကုစ္စ'ဒ သ'ကို တရားအားဖြင့် ပယ်ဖျောက်ခြင်းငှါ စွမ်းနိုင်၏၊ဖြစ်ပေါ်လာသော မိစ္ဆာအယူကို တရားအားဖြင့် ကင်းစေခြင်းငှါစွမ်းနိုင်၏။အဓိသီလ၌ တည်စေခြင်းငှါ စွမ်းနိုင်၏။အဓိစိတ္တ၌ တည်စေခြင်းငှါ စွမ်းနိုင်၏။ အဓိပညာ၌ တည်စေခြင်းငှါ စွမ်းနိုင်၏။ ဥပါလိ ဤတရားဆယ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သာမဏေကို လုပ်ကျွေးစေသင့်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-သံဃဘေဒသုတ်

၃၇။ အသျှင်ဘုရား"သံဃာကွဲပြားမှု သံဃာကွဲပြားမှု"ဟု ဆိုအပ်ပါ၏၊ အသျှင်ဘုရား အဘယ်မျှဖြင့် သံဃာကွဲပြားမှု ဖြစ်ပါသနည်းဟု (လျှောက်၏)။

ဥပါလိ ဤသာသနာတော်၌ ရဟန်းတို့သည် တရားမဟုတ်သည်ကို"တရားဟုတ်၏"ဟု ပြကုန်၏၊ တရားဟုတ်သည်ကို "တရားမဟုတ်"ဟုပြကုန်၏၊ ဝိနည်းမဟုတ်သည်ကို"ဝိနည်းဟုတ်၏"ဟု ပြကုန်၏၊ ဝိနည်းဟုတ်သည်ကို "ဝိနည်းမဟုတ်" ဟု ပြကုန်၏၊ မြတ်စွာဘုရား မဟောအပ် မမိန့်ဆိုအပ်သည်ကို"မြတ်စွာဘုရား ဟောအပ် မိန့်ဆိုအပ်၏"ဟု ပြကုန်၏၊ မြတ်စွာဘုရား ဟောအပ် မိန့်ဆိုအပ်သည်ကို မြတ်စွာဘုရား မဟောအပ် မမိန့်ဆိုအပ်"ဟု ပြကုန်၏၊ မြတ်စွာဘုရား မလေ့ကျက်အပ်သည်ကို"မြတ်စွာဘုရား လေ့ကျက်အပ်၏"ဟု ပြကုန်၏၊ မြတ်စွာဘုရား လေ့ကျက် အပ်သည်ကို

http://www.dhammadownload.com



"မြတ်စွာဘုရား မလေ့ကျက်အပ်"ဟု ပြကုန်၏၊ မြတ်စွာဘုရား မပညတ်အပ်သည်ကို "မြတ်စွာဘုရား ပညတ်အပ်၏"ပြကုန်၏၊ မြတ်စွာဘုရား ပညတ်အပ်သည်ကို "မြတ်စွာဘုရား မပညတ်အပ်"ဟု ပြကုန်၏။ ထို ရဟန်းတို့သည် ဤ ဝတ္ထုဆယ်မျိုးတို့ဖြင့် (ပရိသတ်) ကို ဆွဲငင်ကုန်၏၊ ဖယ်ရှား ကုန်၏၊ သီးခြား ကံတို့ကို ပြုကုန်၏၊ သီးခြား ပါတိမောက်တို့ကို ပြကုန်၏။ ဥပါလိ ဤမျှဖြင့် သံဃာ ကွဲပြားမှု ဖြစ်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-သံဃသာမဂ္ဂီသုတ်

၃၈။ အသျှင်ဘုရား "သံဃာညီညွတ်မှု သံဃာညီညွတ်မှု"ဟု ဆိုအပ်ပါ၏၊ အသျှင်ဘုရား အဘယ် မျှဖြင့် သံဃာညီညွတ်မှုဖြစ်ပါသနည်းဟု (လျှောက်၏)။ ဥပါလိ ဤသာသနာတော်၌ ရဟန်း တို့သည် တရားမဟုတ်သည်ကို "တရားမဟုတ်"ဟု ပြကုန်၏၊ တရားဟုတ်သည်ကို "တရားဟုတ်၏"ဟု ပြကုန်၏၊ ဝိနည်း မဟုတ်သည်ကို "ဝိနည်းမဟုတ်" ဟု ပြကုန်၏၊ ဝိနည်းဟုတ်သည်ကို "ဝိနည်း ဟုတ်၏"ဟု ပြကုန်၏၊ မြတ်စွာဘုရား မဟောအပ် မမိန့်ဆိုအပ်သည်ကို "မြတ်စွာဘုရား မဟောအပ် မမိန့်ဆိုအပ်"ဟု ပြကုန်၏၊ မြတ်စွာဘုရား ဟောအပ် မိန့်ဆိုအပ်သည်ကို "မြတ်စွာဘုရား ဟောအပ် မိန့်ဆိုအပ်၏" ဟု ပြကုန်၏၊ မြတ်စွာဘုရား မလေ့ကျက်အပ်သည်ကို "မြတ်စွာဘုရား မလေ့ကျက် အပ်"ဟု ပြကုန်၏၊ မြတ်စွာဘုရား လေ့ကျက်အပ်သည်ကို "မြတ်စွာဘုရား လေ့ကျက်အပ်၏" ဟု ပြကုန်၏၊ မြတ်စွာဘုရား မပညတ်အပ်သည်ကို "မြတ်စွာဘုရား မပညတ်အပ်"ဟု ပြကုန်၏၊ မြတ်စွာ ဘုရား ပညတ်အပ်သည်ကို "မြတ်စွာဘုရား ပညတ်အပ်၏"ဟု ပြကုန်၏။ ထိုရဟန်းတို့သည် ဤဝတ္ထု ဆယ်မျိုးတို့ဖြင့် (ပရိသတ်ကို) မဆွဲငင်ကုန်၊ မဖယ်ရှားကုန်၊ သီးခြား ကံတို့ကို မပြုကုန်၊ သီးခြား ပါတိမောက်ကို မပြကုန်။ ဥပါလိ ဤမျှဖြင့် သံဃာညီညွတ်မှု ဖြစ်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ပဌမ အာနန္ဒသုတ်

၃၉။ ထိုအခါ အသျှင် အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား အသျှင်ဘုရား "သံဃာကွဲပြားမှု သံဃာကွဲပြားမှု"ဟု ဆိုအပ်ပါ၏။ အသျှင်ဘုရား အဘယ်မျှဖြင့် သံဃာကွဲပြားမှု ဖြစ်ပါသနည်းဟု လျှောက်၏။ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းတို့သည် တရားမဟုတ်သည်ကို "တရားဟုတ်၏" ဟု ပြကုန်၏၊ တရားဟုတ်သည်ကို "တရားမဟုတ်"ဟု ပြကုန်၏၊ ဝိနည်း မဟုတ်သည်ကို "ဝိနည်း ဟုတ်၏" ဟု ပြကုန်၏။ပ။ မြတ်စွာဘုရား ပညတ်အပ်သည်ကို "မြတ်စွာဘုရား မပညတ်အပ်"ဟု ပြကုန်၏။ ထို ရဟန်းတို့သည် ဤဝတ္ထုဆယ်မျိုးတို့ဖြင့် (ပရိသတ်ကို) ဆွဲငင်ကုန်၏၊ ဖယ်ရှား ကုန်၏၊ သီးခြား ကံတို့ကို ပြုကုန်၏၊ သီးခြား ပါတိမောက်ကို ပြကုန်၏။ အာနန္ဒာ ဤမျှဖြင့် သံဃာကွဲပြားမှုဖြစ်၏ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရား ညီညွတ်သော သံဃာကို သင်းခွဲသည်ရှိသော် ထိုရဟန်းသည် အဘယ်အရာကို ပွါးစီးစေပါသနည်းဟု (လျှောက်၏)။ အာနန္ဒာ အာယုကပ် တည်အောင် ကြမ်းကြုတ်မှု (အကုသိုလ်) ကို ပွါးစီးစေ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား အာယုကပ်တည်သော ကြမ်းကြုတ်မှုဟူသည် အဘယ်ပါနည်းဟု (လျှောက်၏)။ အာနန္ဒာ အာယုကပ်ပတ်လုံး ငရဲ၌ ကျက်ရ၏ဟု(မိန့်တော်မူ၏)။

သံဃာကိုသင်းခွဲသော အစုကွဲပြားမှု၌ မွေ့လျော်သော တရားမဟုတ်သည်၌ တည်သော ရဟန်းသည် အပါယ်ဘုံသို့ သွားရမည် ငရဲ၌ ဖြစ်ရမည် ဖြစ်၍ ယောဂလေးပါး၏ ကုန်ရာ အရဟတ္တဖိုလ်မှ ကင်း၏၊ (ထိုရဟန်းသည်) ညီညွတ်သော သံဃာကို သင်းခွဲပြီးနောက် အာယုကပ်ပတ်လုံး ငရဲ၌ ကျက်ရ၏။

နဝမသုတ်။

---

## ၁၀-ဒုတိယ အာနန္ဒသုတ်

၄၀။ အသျှင်ဘုရား"သံဃာညီညွတ်မှု သံဃာညီညွတ်မှု"ဟုဆိုအပ်ပါ၏၊ အသျှင်ဘုရား အဘယ်မျှဖြင့် သံဃာညီညွတ်မှု ဖြစ်ပါသနည်းဟု (လျှောက်၏)။ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းတို့သည် တရား မဟုတ်သည်ကို "တရား မဟုတ်"ဟု ပြကုန်၏၊ တရား ဟုတ်သည်ကို "တရား ဟုတ်၏"ဟု ပြကုန်၏၊ ဝိနည်း မဟုတ်သည်ကို "ဝိနည်း မဟုတ်"ဟု ပြကုန်၏၊ ဝိနည်း ဟုတ်သည်ကို "ဝိနည်း ဟုတ်၏"ဟု ပြကုန်၏၊ မြတ်စွာဘုရား မဟောအပ် မမိန့်ဆိုအပ်သည်ကို "မြတ်စွာဘုရား မဟောအပ် မမိန့်ဆိုအပ်"ဟု ပြကုန်၏၊ မြတ်စွာဘုရား ဟောအပ် မိန့်ဆိုအပ်သည်ကို "မြတ်စွာဘုရား ဟောအပ် မိန့်ဆိုအပ်၏"ဟု ပြကုန်၏၊ မြတ်စွာဘုရား မလေ့ကျက်အပ်သည်ကို "မြတ်စွာဘုရား မလေ့ကျက်အပ်"ဟု ပြကုန်၏၊ မြတ်စွာဘုရား လေ့ကျက်အပ်သည်ကို "မြတ်စွာဘုရား လေ့ကျက်အပ်၏"ဟု ပြကုန်၏၊ မြတ်စွာဘုရား မပညတ်အပ်သည်ကို "မြတ်စွာဘုရား မပညတ်အပ်"ဟု ပြကုန်၏၊ မြတ်စွာဘုရား ပညတ်အပ်သည်ကို"မြတ်စွာဘုရား ပညတ်အပ်၏"ဟု ပြကုန်၏။ ထိုရဟန်းတို့သည် ဤဝတ္ထုဆယ်မျိုးတို့ဖြင့် (ပရိသတ်ကို)မဆွဲငင်ကုန်၊ မဖယ်ရှားကုန်၊ သီးခြား ကံတို့ကို မပြုကုန်၊ သီးခြား ပါတိမောက်ကို မပြကုန်။ အာနန္ဒာ ဤမျှဖြင့် သံဃာညီညွတ်မှုဖြစ်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ကွဲပြားသောသံဃာကို ညီညွတ်အောင် ပြုသည်ရှိသော် ထိုသူသည် အဘယ်အရာကို ပွါးစီးစေပါသနည်းဟု (လျှောက်၏)။အာနန္ဒာ မြတ်သောကောင်းမှုကို ပွါးစီးစေ၏ဟု (မိန့်တော်မူ၏)။အသျှင်ဘုရား မြတ်သော ကောင်းမှုဟူသည် အဘယ်ပါနည်းဟု (လျှောက်၏)။ အာနန္ဒာ အာယုကပ်ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရ၏ဟု(မိန့်တော်မူ၏)။

သံဃာ၏ ညီညွတ်မှုသည်၎င်း ညီညွတ်သူတို့ကို ချီးမြှောက်မှုသည်၎င်း ချမ်းသာ၏၊ ညီညွတ်မှု၌ မွေ့လျော်ကာ တရား၌ တည်သူသည် သံဃာကို ညီညွတ်အောင်ပြု၍ ယောဂလေးပါး၏ကုန်ရာ အရဟတ္တဖိုလ်မှ မကင်းဝေး၊ (ထိုသူသည်)အာယုကပ်ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရ၏။

ဒသမသုတ်။

လေးခုမြောက် ဉပါလိဝဂ် ပြီး၏။

http://www.dhammadownload.com



## ၅-အက္ကောသဝဂ် ၁-ဝိဝါဒသုတ်

၄၁။ ထိုအခါ အသျှင်ဥပါလိသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား "အသျှင်ဘုရား သံဃာ၌ ငြင်းခုံမှု ခိုက်ရန်ဖြစ်မှု အယူကွဲပြားမှု စကားများမှုတို့ ဖြစ်ပါကုန်၏၊ ရဟန်းတို့သည်လည်း ချမ်းသာစွာ မနေကြရပါ၊ ယင်း ငြင်းခုံမှု ခိုက်ရန်ဖြစ်မှု အယူကွဲပြားမှု စကားများမှု၏ အကြောင်းကား အဘယ်ပါနည်း၊အထောက်အပံ့ကား အဘယ်ပါနည်း"ဟုလျှောက်၏။

ဥပါလိ ဤသာသနာတော်၌ ရဟန်းတို့သည် တရားမဟုတ်သည်ကို "တရားဟုတ်၏"ဟုပြကုန်၏၊ တရားဟုတ်သည်ကို "တရားမဟုတ်"ဟု ပြကုန်၏၊ ဝိနည်းမဟုတ်သည်ကို"ဝိနည်းဟုတ်၏" ဟု ပြကုန်၏၊ ဝိနည်းဟုတ်သည်ကို "ဝိနည်းမဟုတ်"ဟု ပြကုန်၏၊ မြတ်စွာဘုရား မဟောအပ် မမိန့်ဆိုအပ်သည်ကို"မြတ်စွာဘုရား ဟောအပ် မိန့်ဆိုအပ်၏"ဟု ပြကုန်၏၊ မြတ်စွာဘုရားဟောအပ် မိန့်ဆိုအပ်သည်ကို "မြတ်စွာဘုရား မဟောအပ် မမိန့်ဆိုအပ်"ဟု ပြကုန်၏၊ မြတ်စွာဘုရား မလေ့ကျက်အပ်သည်ကို "မြတ်စွာဘုရား လေ့ကျက်အပ်၏" ဟု ပြကုန်၏၊ မြတ်စွာဘုရား လေ့ကျက်အပ်သည်ကို"မြတ်စွာဘုရား မလေ့ကျက်အပ်"ဟု ပြကုန်၏၊ မြတ်စွာဘုရား မပညတ်အပ်သည်ကို "မြတ်စွာဘုရား ပညတ်အပ်၏"ဟု ပြကုန်၏၊ မြတ်စွာဘုရား ပညတ်အပ်သည်ကို "မြတ်စွာဘုရား မပညတ်အပ်"ဟု ပြကုန်၏။

ဥပါလိ သံဃာ၌ ငြင်းခုံမှု ခိုက်ရန်ဖြစ်မှု အယူကွဲပြားမှု စကားများမှု ဖြစ်ကြသောကြောင့် ရဟန်းတို့သည်လည်း ချမ်းသာစွာ မနေကြရကုန်၊ ယင်းငြင်းခုံမှု ခိုက်ရန်ဖြစ်မှု အယူကွဲပြားမှု စကားများမှု၏ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ပဌမ ဝိဝါဒမူလသုတ်

၄၂။ အသျှင်ဘုရား စကားများမှု၏ အခြေခံ'မူလ'တို့သည် အဘယ်မျှတို့ ပါနည်းဟု (လျှောက်၏)။ ဥပါလိ စကားများမှု၏ အခြေခံ 'မူလ' တို့သည် ဆယ်မျိုးတို့တည်း။ အဘယ်ဆယ်မျိုးတို့နည်းဟူမူ—ဥပါလိ ဤသာသနာတော်၌ ရဟန်းတို့သည် တရားမဟုတ်သည်ကို"တရားဟုတ်၏"ဟုပြကုန်၏၊ တရားဟုတ်သည်ကို "တရားမဟုတ်"ဟုပြကုန်၏၊ ဝိနည်းမဟုတ်သည်ကို "ဝိနည်းဟုတ်၏" ဟု ပြကုန်၏၊ ဝိနည်းဟုတ်သည်ကို "ဝိနည်းမဟုတ်"ဟု ပြကုန်၏၊ မြတ်စွာဘုရား မဟောအပ် မမိန့်ဆိုအပ်သည်ကို "မြတ်စွာဘုရား ဟောအပ် မိန့်ဆိုအပ်၏"ဟု ပြကုန်၏၊ မြတ်စွာဘုရား ဟောအပ် မိန့်ဆိုအပ်သည်ကို "မြတ်စွာဘုရား မဟောအပ် မမိန့်ဆိုအပ်"ဟု ပြကုန်၏၊ မြတ်စွာဘုရား မလေ့ကျက်အပ်သည်ကို"မြတ်စွာဘုရား လေ့ကျက်အပ်၏"ဟု ပြကုန်၏၊မြတ်စွာဘုရား လေ့ကျက်အပ်သည်ကို "မြတ်စွာဘုရား မလေ့ကျက်အပ်"ဟု ပြကုန်၏၊မြတ်စွာဘုရား မပညတ်အပ်သည်ကို "မြတ်စွာဘုရား ပညတ်အပ်၏"ဟု ပြကုန်၏၊ မြတ်စွာဘုရား ပညတ်အပ်သည်ကို မြတ်စွာဘုရား မပညတ်အပ်"ဟု ပြကုန်၏။ဥပါလိ စကားများမှု၏ အခြေခံ 'မူလ'တို့သည် ဤဆယ်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

http://www.dhammadownload.com



## ၃-ဒုတိယ ဝိဝါဒမူလသုတ်

၄၃။ အသျှင်ဘုရား **စကားများမှု၏** အခြေခံ 'မူလ' တို့သည် အဘယ်မျှတို့ ပါနည်းဟု (လျှောက်၏)။ ဥပါလိ စကားများမှု၏ အခြေခံ 'မူလ' တို့သည် ဆယ်မျိုးတို့တည်း။ အဘယ် ဆယ်မျိုးတို့နည်း ဟူမူ—ဥပါလိ ဤသာသနာတော်၌ ရဟန်းတို့သည် အာပတ်မဟုတ်သည်ကို "အာပတ်ဟုတ်၏"ဟု ပြကုန်၏၊ အာပတ်ဟုတ်သည်ကို"အာပတ်မဟုတ်"ဟု ပြကုန်၏၊ပေါ့သော အာပတ်ကို "လေးသော အာပတ်"ဟု ပြကုန်၏၊လေးသော အာပတ်ကို "ပေါ့သော အာပတ်"ဟု ပြကုန်၏၊ ရုန့်ရင်းသောအာပတ်ကို "မရုန့်ရင်းသော အာပတ်" ဟု ပြကုန်၏၊ မရုန့်ရင်းသော အာပတ်ကို"ရုန့်ရင်းသော အာပတ်"ဟု ပြကုန်၏၊ အကြွင်းရှိသော အာပတ်ကို "အကြွင်းမရှိသော အာပတ်"ဟု ပြကုန်၏၊ အကြွင်း မရှိသော အာပတ်ကို "အကြွင်းရှိသော အာပတ်"ဟု ပြကုန်၏၊ ကုစား၍ရသော အာပတ်ကို "ကုစား၍ မရသော အာပတ်"ဟု ပြကုန်၏၊ ကုစား၍ မရသော အာပတ်ကို "ကုစား၍ ရသော အာပတ်"ဟု ပြကုန်၏။ ဥပါလိ စကားများမှု၏ အခြေခံ 'မူလ' တို့သည် ဤဆယ်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ကုသိနာရသုတ်

၄၄။ အခါတပါး၌ မြတ်စွာဘုရားသည် ကုသိနာရုံပြည် ဗလိနတ်စာ ပူဇော်ပသရာ တောအုပ်၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏။ "အသျှင်ဘုရား"ဟု ထိုရဟန်းတို့က ပြန်ကြား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည် တရားငါးမျိုးတို့ကို မိမိသန္တာန်၌ ဆင်ခြင်၍ မိမိသန္တာန်၌ တရားငါးမျိုးတို့ကို တည်စေကာ သူတပါးကို စောဒနာအပ်၏။ အဘယ်တရား ငါးမျိုးတို့ကို မိမိသန္တာန်၌ ဆင်ခြင်အပ်ကုန်သနည်း ဟူမူ—ရဟန်းတို့ သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည် ဤသို့ ဆင်ခြင်ရမည်—"(ငါသည်) ကိုယ်အကျင့် စင်ကြယ်ပါ၏လော၊ စင်ကြယ်သော မပေါက်သော မဆွဲငင် မသုံးသပ်အပ်သော ကိုယ်အကျင့်နှင့် ပြည့်စုံပါ၏လော၊ ငါ့အား ဤတရားသည် ရှိသလော၊ သို့မဟုတ် မရှိသလော"ဟု (ဆင်ခြင်အပ်၏)။ ရဟန်းတို့ ရဟန်းသည် ကိုယ်အကျင့် မစင်ကြယ်ခဲ့မူ စင်ကြယ်သော မပေါက်သော မဆွဲငင် မသုံးသပ်အပ်သော ကိုယ်အကျင့်နှင့် မပြည့်စုံခဲ့မူ ထိုရဟန်းအား "တိုက်တွန်းပါ၏၊ အသျှင်သည် ရှေးဦးစွာ ကိုယ်အကျင့်ကို ကျင့်ပါဦးလော့"ဟု ပြောဆိုဖွယ်တို့ ဖြစ်ကုန်၏။ ဤသို့လျှင် ထိုရဟန်းအား ပြောဆိုဖွယ်တို့သည် ဖြစ်ကုန်၏။

ရဟန်းတို့ နောက်တမျိုးကား သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည် ဤသို့ ဆင်ခြင်အပ်၏။"(ငါသည်)နှုတ်အကျင့် စင်ကြယ်ပါ၏လော၊စင်ကြယ်သော မပေါက်သော မဆွဲငင် မသုံးသပ်အပ်သော နှုတ်အကျင့်နှင့် ပြည့်စုံပါ၏လော၊ ငါ့အား ဤတရားသည် ရှိသလော၊ သို့မဟုတ် မရှိသလော" ဟု (ဆင်ခြင်အပ်၏)။ ရဟန်းတို့ ရဟန်းသည် နှုတ်အကျင့် မစင်ကြယ်ခဲ့မူ စင်ကြယ်

http://www.dhammadownload.com



သော မပေါက်သော မဆွဲငင် မသုံးသပ်အပ်သော နှုတ်အကျင့်နှင့် မပြည့်စုံခဲ့မူ ထိုရဟန်းအား "တိုက်တွန်းပါ၏၊ အသျှင်သည် ရှေးဦးစွာ နှုတ်အကျင့်ကို ကျင့်ပါဦးလော့"ဟု ပြောဆိုဖွယ်တို့ ဖြစ်ကုန်၏။ ဤသို့လျှင် ထိုရဟန်းအား ပြောဆိုဖွယ်တို့သည် ဖြစ်ကုန်၏။

ရဟန်းတို့ နောက်တမျိုးကား သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည် ဤသို့ ဆင်ခြင်အပ်၏။ "ငါ့အား သီတင်းသုံးဖော်တို့၌ အမျက်ကင်းသော မေတ္တာစိတ်သည် ရှေးရှု တည်ပါ၏လော၊ ငါ့အား ဤတရားသည် ရှိသလော၊ သို့မဟုတ် မရှိသလော"ဟု (ဆင်ခြင်အပ်၏)။ ရဟန်းတို့ ရဟန်းအား သီတင်းသုံးဖော်တို့၌ အမျက်ကင်းသော မေတ္တာစိတ်သည် ရှေးရှုမတည်ခဲ့မူ ထိုရဟန်းအား "တိုက်တွန်းပါ၏၊ အသျှင်သည် ရှေးဦးစွာ သီတင်းသုံးဖော်တို့၌ အမျက်ကင်းသော မေတ္တာစိတ်ကို ရှေးရှုတည်ပါစေလော့"ဟု ပြောဆိုဖွယ်တို့ ဖြစ်ကုန်၏။ဤသို့လျှင် ထိုရဟန်းအား ပြောဆိုဖွယ်တို့သည် ဖြစ်ကုန်၏။

ရဟန်းတို့ နောက်တမျိုးကား သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည် ဤသို့ ဆင်ခြင်အပ်၏။"ငါသည် အကြားအမြင် များပါ၏လော၊ အကြားအမြင်ကို ဆောင်ပါ၏လော၊ အကြားအမြင်ကို ဆည်းပူးပါ၏လော၊ အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိ၍ အနက်သဒ္ဒါနှင့် တကွ ဖြစ်ကုန်သော ထက်ဝန်းကျင် ပြည့်စုံလျက် ဖြူစင်သော မြတ်သော အကျင့်ကို ဟောပြတတ်ကုန်သော တရားတို့ကို များစွာ ကြားနာဘူးပါကုန်၏လော၊ နှုတ်ဖြင့် ဆောင်ထားဘူးပါကုန်၏လော၊ လေ့ကျက်ထားဘူးပါကုန်၏လော၊ စိတ်ဖြင့် ဆင်ခြင်ဘူးပါကုန်၏လော၊ ပညာဖြင့် ထိုးထွင်း၍ သိဘူးပါကုန်၏လော၊ ငါ့အား ဤတရားသည် ရှိသလော၊ သို့မဟုတ် မရှိသလော"ဟု (ဆင်ခြင်အပ်၏)။ ရဟန်းတို့ ရဟန်းသည် အကြားအမြင် မများခဲ့မူ အကြားအမြင်ကို မဆောင်ခဲ့မူ အကြားအမြင်ကို မဆည်းပူးခဲ့မူ အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိ၍ အနက်သဒ္ဒါနှင့်တကွ ဖြစ်ကုန်သော ထက်ဝန်းကျင် ပြည့်စုံလျက် ဖြူစင်သော မြတ်သော အကျင့်ကို ဟောပြကုန်သော တရားတို့ကို များစွာ မကြားနာခဲ့ရဘူးမူ နှုတ်ဖြင့် မဆောင်ခဲ့ဘူးမူ မလေ့ကျက်ခဲ့ဘူးမူ စိတ်ဖြင့် မဆင်ခြင်ခဲ့ဘူးမူ ပညာဖြင့် ထိုးထွင်း၍ မသိခဲ့ဘူးမူ ထိုရဟန်းအား "တိုက်တွန်းပါ၏၊ အသျှင်သည် ရှေးဦးစွာ သုတ္တန်ပါဠိကို သင်ပါဦးလော့"ဟု ပြောဆိုဖွယ်တို့ ဖြစ်ကုန်၏။ ဤသို့လျှင် ထိုရဟန်းအား ပြောဆိုဖွယ်တို့သည် ဖြစ်ကုန်၏။

ရဟန်းတို့ နောက်တမျိုးကား သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည် ဤသို့ ဆင်ခြင်အပ်၏။"ငါ့အား ပါတိမောက်နှစ်မျိုးတို့သည် အကျယ်အားဖြင့် နှုတ်၌လာပါကုန်၏လော၊ ကောင်းစွာ ဝေဖန်ပြီး ဖြစ်ပါကုန်၏လော၊ကောင်းစွာ ဖြစ်ခြင်း ရှိပါကုန်၏လော၊ပါဠိအားဖြင့်၎င်း အဋ္ဌကထာအားဖြင့်၎င်း ကောင်းစွာ ဆုံးဖြတ်ပြီး ဖြစ်ပါကုန်၏လော၊ ငါ့အား ဤတရားသည် ရှိသလော၊ သို့မဟုတ် မရှိသလော"ဟု(ဆင်ခြင်အပ်၏)။ ရဟန်းတို့ ရဟန်းအား ပါတိမောက် နှစ်မျိုးတို့သည် အကျယ်အားဖြင့် နှုတ်၌ မလာကုန်မူ ကောင်းစွာ မဝေဖန်ရသေးကုန်မူ ကောင်းစွာ ဖြစ်ခြင်း မရှိသေးကုန်မူ ပါဠိအားဖြင့်၎င်း အဋ္ဌကထာအားဖြင့်၎င်း ကောင်းစွာ မဆုံးဖြတ်ရသေးကုန်မူ"ငါ့သျှင် ဤသိက္ခာပုဒ်ကို အဘယ်အရပ်၌ မြတ်စွာဘုရားသည် ဟောတော်မူသနည်း"ဟု မေးသော် ကောင်းစွာ ဖြေဆိုနိုင်လိမ့်မည် မဟုတ်၊ ထိုရဟန်းအား "တိုက်တွန်းပါ၏၊ အသျှင်သည် ရှေးဦးစွာ ဝိနည်းကို သင်ပါဦးလော့"ဟု ပြောဆိုဖွယ်တို့ ဖြစ်ကုန်၏။ ဤသို့လျှင်

http://www.dhammadownload.com



ထိုရဟန်းအား ပြောဆိုဖွယ်ဘို့သည် ဖြစ်ကုန်၏။ ဤဘရားငါးမျိုးတို့ကို မိမိသန္တာန်၌ ဆင်ခြင် အပ်ကုန်၏။

မိမိသန္တာန်၌ တည်စေအပ်သော တရားငါးမျိုးတို့ဟူသည် အဘယ်တို့နည်း ဟူမူ–သင့်လျော် သောအခါ၌(ငါ)ပြောဆိုမည်၊ မသင့်လျော်သော အခါ၌(ငါ)ပြောဆိုမည် မဟုတ်၊ မှန်သော စကားဖြင့်(ငါ)ပြောဆိုမည်၊ မမှန်သော စကားဖြင့် (ငါ) ပြောဆိုမည် မဟုတ်၊ သိမ်မွေ့သော စကားဖြင့် (ငါ) ပြောဆိုမည်၊ ကြမ်းတမ်းသော စကားဖြင့် (ငါ)ပြောဆိုမည်မဟုတ်၊ အကျိုးနှင့် စပ်သော စကားဖြင့် (ငါ)ပြောဆိုမည်၊ အကျိုးနှင့် မစပ်သော စကားဖြင့် (ငါ)ပြောဆိုမည် မဟုတ်၊ မေတ္တာစိတ်ထားလျက် (ငါ)ပြောဆိုမည်၊ ဒေါသစိတ်ထားလျက် (ငါ) ပြောဆိုမည် မဟုတ်ဟု ဤတရားငါးမျိုးတို့ကို မိမိသန္တာန်၌ တည်စေအပ်ကုန်၏။ ရဟန်းတို့ သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည် ဤတရားငါးမျိုးတို့ကို မိမိသန္တာန်၌ ဆင်ခြင်၍ မိမိ သန္တာန်၌ ဤတရားငါးမျိုးတို့ကို တည်စေကာ သူတပါးကို စောဒနာအပ်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ရာဇန္တေပုရပ္ပဝေသနသုတ်

၄၅။ ရဟန်းတို့ မင်းနန်းတော်သို့ ဝင်ခြင်း၌ အပြစ်တို့သည် ဤဆယ်မျိုးတို့တည်း။ အဘယ် ဆယ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ မင်းနှင့် မိဖုရား အဘူနေရာသို့ ရဟန်းဝင်သောအခါ ဂိဖုရားကသော်လည်း ရဟန်းကို မြင်၍ ပြုံးရယ်မိတတ်၏၊ ရဟန်းကသော်လည်း မိဖုရားကို မြင်၍ ပြုံးရယ်မိတတ်၏၊ ထိုသို့ ပြုံးရယ်မိရာ၌ မင်းကြီးအား "ဤရဟန်းနှင့် မိဖုရားတို့သည် လွန်ကျူးပြီး သော်ငြင်း လွန်ကျူးလတ္တံ့သော်ငြင်း မချွတ်ဖြစ်ရာ၏" ဟု အထင်မှားခြင်း ဖြစ်တတ်၏။ ရဟန်းတို့ ဤသည်ကား မင်းနန်းတော်သို့ ဝင်ခြင်း၌ ပဌမ အပြစ်တည်း။

ရဟန်းတို့ နောက်တမျိုးကား မင်းမည်သည်ကား များသော ကိစ္စရှိ၏၊ များသော ပြုဖွယ် ရှိ၏၊ မိန်းမ(မိဖုရားငယ်)တယောက်ကို သွားလာပြီးနောက် အမှတ်မရ၊ ထိုမိန်းမသည် ထိုမင်း သွားလာခြင်းကြောင့် ကိုယ်ဝန် စွဲယူရာ၌ မင်းကြီးအား "ရဟန်းမှ တပါး အခြားသူ တစုံ တယောက်မျှ နန်းတော်တွင်းသို့ မဝင်၊ ရဟန်း၏ အမှုပင် ဖြစ်လေသလော"ဟု အထင်မှားခြင်း ဖြစ်တတ်၏။ရဟန်းတို့ ဤသည်ကား မင်းနန်းတော်သို့ ဝင်ခြင်း၌ ဒုတိယ အပြစ်တည်း။

ရဟန်းတို့ နောက်တမျိုးကား နန်းတော်တွင်း၌ တစုံတခုသော ရတနာပျောက်သောအခါ မင်းကြီးအား"ဤအရပ်၌ ရဟန်းမှတပါး အခြားသူတစုံတယောက်မျှမဝင်၊ရဟန်း၏အမှုပင်ဖြစ်လေ သလော"ဟု အထင်မှားခြင်း ဖြစ်တတ်၏။ ရဟန်းတို့ ဤသည်ကား မင်းနန်းတော်သို့ဝင်ခြင်း၌ တတိယ အပြစ်တည်း။

ရဟန်းတို့ နောက်တမျိုးကား နန်းတော်တွင်း၌ လျှို့ဝှက်ထားသော တိုင်ပင်ချက် (နန်းတွင်း ရေး)တို့သည် အပြင်ဖက်တွင် ပြန့်နှံ့သောအခါ မင်းကြီးအား "ဤအရပ်၌ ရဟန်းမှတပါး အခြား သူ တစုံတယောက်မျှမဝင်၊ ရဟန်း၏ အမှုပင်ဖြစ်လေသလော"ဟု အထင်မှားခြင်း ဖြစ်တတ်၏။ ရဟန်းတို့ ဤသည်ကား မင်းနန်းတော်သို့ ဝင်ခြင်း၌ စတုတ္ထ အပြစ်တည်း။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား နန်းတော်တွင်း၌ အဖကသော်လည်း သားကို (သတ်ခြင်းငှါ) အလိုရှိတတ်၏၊ သားကသော်လည်း အဖကို (သတ်ခြင်းငှါ) အလိုရှိတတ်၏၊ "ဤအရပ်၌ ရဟန်းမှ တပါး အခြားသူ တစုံတယောက်မျှ မဝင်၊ ရဟန်း၏ အမှုပင်ဖြစ်လေသလော"ဟု ထိုသူတို့အား အထင်မှားခြင်း ဖြစ်တတ်၏။ ရဟန်းတို့ ဤသည်ကား မင်းနန်းတော်သို့ ဝင်ခြင်း၌ ပဥ္စမ အပြစ် တည်း။

ရဟန်းတို့ နောက်တမျိုးကား မင်းသည် နိမ့်သော ရာထူးရှိသူကို မြင့်သော ရာထူး၌ ထား၏၊ (ထိုအခါ) "မင်းသည် ရဟန်းနှင့် ရောနှောဆက်ဆံ၏၊ ရဟန်း၏ အမှုပင်ဖြစ်လေသလော"ဟု ထိုရာထူးပြောင်းလဲမှုကို မနှစ်သက်သူတို့အား အထင်မှားခြင်း ဖြစ်တတ်၏။ ရဟန်းတို့ ဤသည်ကား မင်း နန်းတော်သို့ ဝင်ခြင်း၌ ဆဋ္ဌ အပြစ်တည်း။

ရဟန်းတို့ နောက်တမျိုးကား မင်းသည် မြင့်သော ရာထူးရှိသူကို နိမ့်သောရာထူး၌ ထား၏၊ (ထိုအခါ) "မင်းသည် ရဟန်းနှင့် ရောနှောဆက်ဆံ၏၊ ရဟန်း၏ အမှုပင်ဖြစ်လေသလော"ဟု ထိုရာထူးပြောင်းလဲမှုကို မနှစ်သက်သူတို့အား အထင်မှားခြင်း ဖြစ်တတ်၏။ ရဟန်းတို့ ဤသည်ကား မင်း နန်းတော်သို့ ဝင်ခြင်း၌ သတ္တမ အပြစ်တည်း။

ရဟန်းတို့ နောက်တမျိုးကား မင်းသည် အခါမဟုတ်သည်၌ စစ်တပ်ကို လွှတ်လိုက်တတ်၏၊ (ထိုအခါ) "မင်းသည် ရဟန်းနှင့် ရောနှောဆက်ဆံ၏၊ ရဟန်း၏ အမှုပင် ဖြစ်လေသလော"ဟု ထို အခါမဲ့ စစ်တပ်လွှတ်ခြင်းကို မနှစ်သက်သူတို့အား အထင်မှားခြင်း ဖြစ်တတ်၏။ ရဟန်းတို့ ဤသည်ကား မင်း နန်းတော်သို့ ဝင်ခြင်း၌ အဋ္ဌမ အပြစ်တည်း။

ရဟန်းတို့ နောက်တမျိုးကား မင်းသည် လွှတ်သင့်သော အခါ၌ စစ်တပ်ကို လွှတ်လိုက်ပြီး နောက် ခရီးအကြားမှတဖန် ပြန်လာစေတတ်၏၊ (ထိုအခါ) "မင်းသည် ရဟန်းနှင့် ရောနှော ဆက်ဆံ၏၊ ရဟန်း၏ အမှုပင်ဖြစ်လေသလော"ဟု ထိုစစ်ပြန်လာစေခြင်းကို မနှစ်သက်သူတို့အား အထင်မှားခြင်း ဖြစ်တတ်၏။ ရဟန်းတို့ ဤသည်ကား မင်းနန်းတော်သို့ ဝင်ခြင်း၌ နဝမ အပြစ် တည်း။

ရဟန်းတို့ နောက်တမျိုးကား မင်း၏ နန်းတော်သည် ဆင် မြင်း ရထားတို့ဖြင့် ကျဉ်းမြောင်း ကျပ်တည်း၏၊ တပ်နှစ်သက်ဖွယ်ဖြစ်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့လည်း ရှိကုန်၏၊ ယင်း အာရုံတို့သည် ရဟန်းအား မလျောက်ပတ်ကုန်။ ရဟန်းတို့ ဤသည်ကား မင်း နန်းတော်သို့ဝင်ခြင်း၌ ဒသမ အပြစ်တည်း။ ရဟန်းတို့ မင်းနန်းတော်သို့ ဝင်ခြင်း၌ အပြစ်တို့သည် ဤဆယ်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ပဥ္စမသုတ်။

---

## ၆-သက္ကသုတ်

၄၆။ အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ ထိုဥပုသ်နေ့၌ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ကြပြီးနောက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေကြကုန်သော သက္ကတိုင်းသား ဥပါသကာ

http://www.dhammadownload.com



တို့အား မြတ်စွာဘုရားသည်– “သက္ကတိုင်းသားတို့ သင်တို့သည် အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်ကို စောင့်သုံးကြ၏လော”ဟု မေးတော်မူ၏။ အသျှင်ဘုရား အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်ကို တခါတရံ စောင့်သုံးကြပါ၏၊ တခါတရံ မစောင့်သုံးကြပါဟု (လျှောက်ကြကုန်၏)။

သက္ကတိုင်းသားတို့ အသက်ရှည်ရမှုသည် စိုးရိမ်ဖွယ်ဖြင့် ဘေးရှိသည်ဖြစ်လျက် အသက်ရှည်ရမှုသည် သေခြင်းဖြင့် ဘေးရှိသည်ဖြစ်လျက် အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်ကို တခါတရံ စောင့်သုံးကြကုန်၍ တခါတရံ မစောင့်သုံးကြသော သင်တို့အား အရမတော်ကြလေစွ၊ သင်တို့အား မကောင်းသဖြင့် ရကြကုန်စွတကား။ သက္ကတိုင်းသားတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ဤလောက၌ ယောကျ်ားသည် အကုသိုလ်သို့ မရောက်မူ၍ တစုံတရာ အသက်မွေးကြောင်းအလုပ်ဖြင့် တနေ့၌ အသပြာဝက်ကို ဖြစ်စေရာ၏၊ (ထိုသူကို) “လိမ္မာသော ထကြွလုံ့လနှင့် ပြည့်စုံသော ယောကျ်ား”ဟု ဆိုသင့်သလောဟု(မေးတော်မူ၏)။ အသျှင်ဘုရား ဆိုသင့်ပါ၏။

သက္ကတိုင်းသားတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း၊ ဤလောက၌ ယောကျ်ားသည် အကုသိုလ်သို့ မရောက်မူ၍ တစုံတရာ အသက်မွေးကြောင်း အလုပ်ဖြင့် တနေ့၌ အသပြာ တကျပ်ကို ဖြစ်စေရာ၏၊ (ထိုသူကို) “လိမ္မာသော ထကြွလုံ့လနှင့် ပြည့်စုံသော ယောကျ်ား”ဟု ဆိုသင့်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဆိုသင့်ပါ၏။

သက္ကတိုင်းသားတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း၊ ဤလောက၌ ယောကျ်ားသည် အကုသိုလ်သို့ မရောက်မူ၍ တစုံတရာ အသက်မွေးကြောင်း အလုပ်ဖြင့် တနေ့၌ အသပြာ နှစ်ကျပ်တို့ကို ဖြစ်စေရာ၏။ အသပြာ သုံးကျပ်တို့ကို ဖြစ်စေရာ၏။ အသပြာ လေးကျပ်တို့ကို ဖြစ်စေရာ၏။ အသပြာ ငါးကျပ်တို့ကို ဖြစ်စေရာ၏။ အသပြာ ခြောက်ကျပ်တို့ကို ဖြစ်စေရာ၏။ အသပြာ ခုနစ်ကျပ်တို့ကို ဖြစ်စေရာ၏။ အသပြာ ရှစ်ကျပ်တို့ကို ဖြစ်စေရာ၏။ အသပြာ ကိုးကျပ်တို့ကို ဖြစ်စေရာ၏။ အသပြာ တဆယ်တို့ကို ဖြစ်စေရာ၏။ အသပြာ နှစ်ဆယ်တို့ကို ဖြစ်စေရာ၏။ အသပြာ သုံးဆယ် တို့ကို ဖြစ်စေရာ၏။ အသပြာ လေးဆယ်တို့ကို ဖြစ်စေရာ၏။ အသပြာ ငါးဆယ်တို့ကို ဖြစ်စေရာ၏။ အသပြာတရာကို ဖြစ်စေရာ၏။ (ထိုသူကို) “လိမ္မာသော ထကြွလုံ့လနှင့် ပြည့်စုံသော ယောကျ်ား”ဟု ဆိုသင့်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဆိုသင့်ပါ၏။

သက္ကတိုင်းသားတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း၊ ထိုယောကျ်ားသည် နေ့တိုင်း နေ့တိုင်း အသပြာတရာ အသပြာဘထောင်ကိုဖြစ်စေက အနှစ်တရာ သက်တန်း၌ရှိလျက် အနှစ်တရာပတ်လုံး အသက်ရှည်ပြီးလျှင် ရတိုင်း ရတိုင်းသော အသပြာကို သိမ်းဆည်းထားသော် များသော စည်းစိမ်အစုကို ရရာသလော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ရရာပါ၏။

သက္ကတိုင်းသားတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း၊ ထိုယောကျ်ားသည် စည်းစိမ်ဟူသော အကြောင်းကြောင့် စည်းစိမ်ဟူသော ရည်မှန်းချက်ကြောင့် စည်းစိမ်ဟူသော မှီရာကြောင့် တညဉ့်လုံးသော်၎င်း တနေ့လုံးသော်၎င်း ညဉ့်ဝက်သော်၎င်း နေ့ဝက်သော်၎င်း ချမ်းသာစစ်ကို ခံစားလျက် နေရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ထိုအရာသည် မဖြစ်နိုင်ပါ။ ထိုမဖြစ်နိုင်ခြင်းသည် အဘယ့်ကြောင့်ပါနည်း၊ အသျှင်ဘုရား ကာမဂုဏ်တို့သည်ကား မမြဲကြပါ၊ အချည်းနှီးတို့သာတည်း၊ ချွတ်ယွင်းခြင်းတို့သာတည်း၊ ပျောက်ပျက်ခြင်း သဘော ရှိကြပါ၏၊ ထို့ကြောင့် မဖြစ်နိုင်ပါဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



သက္ကတိုင်းသားတို့ ဤသာသနာတော်၌ ငါ၏တပည့်သည် ဆယ်နှစ်တို့ပတ်လုံး မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် စိတ်ကို(နိဗ္ဗာန်သို့)စေလွှတ်ကာ နေ၍ ငါ ဆုံးမတိုင်း ကျင့်သည်ရှိသော် အနှစ်တရာပတ်လုံး သော်၎င်း အနှစ်တသောင်းပတ်လုံးသော်၎င်း အနှစ်တသိန်းပတ်လုံး သော်၎င်း ချမ်းသာစစ်ကို ခံစားလျက် နေရာ၏၊ ထိုသူသည်ကား သကဒါဂါမ်သော်၎င်း အနာဂါမ်သော်၎င်း မချွတ်ကေန် သောတာပန်သော်၎င်း ဖြစ်ရာ၏။

သက္ကတိုင်းသားတို့ ဆယ်နှစ်တို့ကို ထားကုန်ဘိဦး။ ဤသာသနာတော်၌ ငါ၏တပည့်သည် ကိုးနှစ်။ရှစ်နှစ်။ခုနစ်နှစ်။ခြောက်နှစ်။ငါးနှစ်။လေးနှစ်။သုံးနှစ်။နှစ်နှစ်။တနှစ်ပတ်လုံး မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် စိတ်ကို (နိဗ္ဗာန်သို့) စေလွှတ်ကာနေ၍ ငါ ဆုံးမတိုင်း ကျင့်သည်ရှိသော် နောက် အနှစ်တရာပတ်လုံးသော်၎င်း အနှစ်တသောင်း ပတ်လုံးသော်၎င်း အနှစ်တသိန်း ပတ်လုံး သော်၎င်း ချမ်းသာစစ်ကို ခံစားလျက် နေရာ၏၊ ထို သူသည်ကား သကဒါဂါမ်သော်၎င်း အနာဂါမ် သော်၎င်း မချွတ်ကေန် သောတာပန်သော်၎င်း ဖြစ်ရာ၏။

သက္ကတိုင်းသားတို့ တနှစ်ကိုထားဘိဦး။ ဤသာသနာတော်၌ ငါ၏တပည့်သည် ဆယ်လတို့ ပတ်လုံး မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် စိတ်ကို (နိဗ္ဗာန်သို့) စေလွှတ်ကာ နေ၍ ငါ ဆုံးမတိုင်း ကျင့်သည်ရှိသော် အနှစ်တရာပတ်လုံးသော်၎င်း အနှစ် တသောင်းပတ်လုံးသော်၎င်း အနှစ် တသိန်းပတ်လုံးသော်၎င်း ချမ်းသာစစ်ကို ခံစားလျက် နေရာ၏၊ ထိုသူသည်ကား သကဒါဂါမ်သော်၎င်း အနာဂါမ်သော်၎င်း မချွတ်ကေန် သောတာပန်သော်၎င်း ဖြစ်ရာ၏။

သက္ကတိုင်းသားတို့ ဆယ်လတို့ကို ထားကုန်ဘိဦး။ ဤသာသနာတော်၌ ငါ၏တပည့် သည် ကိုးလ။ ရှစ်လ။ ခုနစ်လ။ ခြောက်လ။ ငါးလ။ လေးလ။ သုံးလ။ နှစ်လ။ တလ။ လဝက်ပတ်လုံး မမေ့ မလျော့ ပြင်းစွာ အားထုတ်လျက် စိတ်ကို (နိဗ္ဗာန်သို့) စေလွှတ်ကာ နေ၍ ငါဆုံးမတိုင်း ကျင့်သည်ရှိသော် အနှစ်တရာပတ်လုံးသော်၎င်း အနှစ်တသောင်းပတ်လုံးသော်၎င်း အနှစ်တသိန်း ပတ်လုံးသော်၎င်း ချမ်းသာစစ်ကို ခံစားလျက် နေရာ၏၊ ထိုသူသည်ကား သကဒါဂါမ် သော်၎င်း အနာဂါမ်သော်၎င်း မချွတ်ကေန် သောတာပန်သော်၎င်း ဖြစ်ရာ၏။

သက္ကတိုင်းသားတို့ လဝက်ကို ထားဘိဦး။ဤသာသနာတော်၌ ငါ၏ တပည့်သည် ဆယ်ရက်တို့ ပတ်လုံး မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် စိတ်ကို(နိဗ္ဗာန်သို့)စေလွှတ်ကာ နေ၍ ငါဆုံးမတိုင်း ကျင့်သည်ရှိသော် အနှစ်တရာပတ်လုံးသော်၎င်း အနှစ်တသောင်းပတ်လုံးသော်၎င်း အနှစ်တသိန်း ပတ်လုံးသော်၎င်း ချမ်းသာစစ်ကို ခံစားလျက် နေရာ၏၊ ထိုသူသည်ကား သကဒါဂါမ်သော်၎င်း အနာဂါမ်သော်၎င်း မချွတ်ကေန် သောတာပန်သော်၎င်း ဖြစ်ရာ၏။

သက္ကတိုင်းသားတို့ ဆယ်ရက်တို့ကို ထားကုန်ဘိဦး။ ဤသာသနာတော်၌ ငါ၏ တပည့်သည် ကိုးရက်။ ရှစ်ရက်။ ခုနစ်ရက်။ ခြောက်ရက်။ ငါးရက်။ လေးရက်။ သုံးရက်။ နှစ်ရက်။ တရက်ပတ်လုံး မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် စိတ်ကို (နိဗ္ဗာန်သို့) စေလွှတ်ကာ နေ၍ ငါဆုံးမတိုင်း ကျင့်သည်ရှိသော် အနှစ်တရာပတ်လုံးသော်၎င်း အနှစ်တသောင်းပတ်လုံးသော်၎င်း အနှစ်တသိန်း ပတ်လုံးသော်၎င်း ချမ်းသာစစ်ကို ခံစားလျက် နေရာ၏၊ ထိုသူသည်ကား သကဒါဂါမ်သော်၎င်း အနာဂါမ်သော်၎င်း မချွတ်ကေန် သောတာပန်သော်၎င်း ဖြစ်ရာ၏။

သက္ကတိုင်းသားတို့ အသက်ရှည်ရမှုသည် စိုးရိမ်ဖွယ်ဖြင့် ဘေးရှိသည်ဖြစ်လျက် အသက်ရှည်ရ မှုသည် သေခြင်းဖြင့် ဘေးရှိသည်ဖြစ်လျက် အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်ကို တခါတရံ

http://www.dhammadownload.com



စောင့်သုံးကြ၍ တခါတရံ မစောင့်သုံးကြကုန်သော ထင်တို့အား အရမတော်ကြလေစွ၊ သင်တို့အား မကောင်းသဖြင့် ရကြကုန်စွတကားဟု (မိန့်တော်မူ၏)။အသျှင်ဘုရား အကျွန်ုပ်တို့သည် ယနေ့မှစ၍ အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်ကို စောင့်သုံးကြပါကုန်အံ့ဟု (လျှောက်ကြကုန်၏)။

ဆဋ္ဌသုတ်။

---

## ၇-မဟာလိသုတ်

၄၇။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင် ပေါက်သောကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ လိစ္ဆဝီမင်းသား မဟာလိသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးနောက် ရှိခိုး၍ တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာ ဘုရားအား "အသျှင်ဘုရား ယုတ်ညံ့သော(မကောင်းမှု)ကံကို ပြုရန် ယုတ်ညံ့သော (မကောင်းမှု) ကံ ဖြစ်ရန် အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း"ဟု လျှောက်၏။

မဟာလိ ယုတ်ညံ့သော (မကောင်းမှု)ကံကို ပြုရန် ယုတ်ညံ့သော (မကောင်းမှု)ကံ ဖြစ်ရန် လောဘသည် အကြောင်းတည်း၊ လောဘသည် အထောက်အပံ့တည်း၊ မဟာလိ ယုတ်ညံ့သော (မကောင်းမှု)ကံကို ပြုရန် ယုတ်ညံ့သော(မကောင်းမှု)ကံဖြစ်ရန် ဒေါသသည် အကြောင်းတည်း၊ ဒေါသသည် အထောက်အပံ့တည်း၊ မဟာလိ ယုတ်ညံ့သော(မကောင်းမှု)ကံကိုပြုရန်-ယုတ်ညံ့သော (မကောင်းမှု)ကံဖြစ်ရန် မောဟသည် အကြောင်းတည်း၊ မောဟသည် အထောက်အပံ့တည်း၊ မဟာလိ ယုတ်ညံ့သော(မကောင်းမှု)ကံကို ပြုရန် ယုတ်ညံ့သော (မကောင်းမှု)ကံဖြစ်ရန် မသင့် မတင့် နှလုံးသွင်းမှုသည် အကြောင်းတည်း၊ မသင့်မတင့် နှလုံးသွင်းမှုသည် အထောက်အပံ့ တည်း၊မဟာလိ ယုတ်ညံ့သော (မကောင်းမှု)ကံကိုပြုရန် ယုတ်ညံ့သော (မကောင်းမှု)ကံ ဖြစ်ရန် မှားယွင်းစွာထားအပ်သော စိတ်သည် အကြောင်းတည်း၊ မှားယွင်းစွာထားအပ်သော စိတ်သည် အထောက်အပံ့တည်း။ မဟာလိ ယုတ်ညံ့သော(မကောင်းမှု)ကံကိုပြုရန် ယုတ်ညံ့သော (မကောင်း မှု)ကံ ဖြစ်ရန် ဤသည်ကား အကြောင်းတည်း၊ ဤသည်ကား အထောက်အပံ့တည်းဟု (မိန့်တော် မူ၏)။

အသျှင်ဘုရား မြတ်သော(ကောင်းမှု)ကံကိုပြုရန် မြတ်သော(ကောင်းမှု)ကံဖြစ်ရန်အကြောင်း ကား အဘယ်ပါနည်း၊ အထောက်အပံ့အဘယ်ပါနည်း ဟု (လျှောက်၏)။ မဟာလိ မြတ်သော (ကောင်းမှု) ကံကိုပြုရန် မြတ်သော (ကောင်းမှု)ကံ ဖြစ်ရန် အလောဘသည် အကြောင်းတည်း၊ အလောဘသည် အထောက်အပံ့တည်း၊ မဟာလိ မြတ်သော(ကောင်းမှု) ကံကိုပြုရန် မြတ်သော (ကောင်းမှု) ကံဖြစ်ရန် အဒေါသသည် အကြောင်းတည်း၊ အဒေါသသည် အထောက်အပံ့တည်း၊ မဟာလိ မြတ်သော (ကောင်းမှု)ကံကို ပြုရန် မြတ်သော (ကောင်းမှု)ကံ ဖြစ်ရန် အမောဟသည် အကြောင်းတည်း၊ အမောဟသည် အထောက်အပံ့တည်း၊ မဟာလိ မြတ်သော(ကောင်းမှု)ကံကို ပြုရန် မြတ်သော (ကောင်းမှု) ကံဖြစ်ရန် သင့်တင့်စွာ နှလုံးသွင်းမှုသည် အကြောင်းတည်း၊ သင့်တင့်စွာ နှလုံးသွင်းမှုသည် အထောက်အပံ့တည်း၊ မဟာလိ မြတ်သော (ကောင်းမှု)ကံကိုပြုရန် မြတ်သော(ကောင်းမှု)ကံဖြစ်ရန် မှန်ကန်စွာထားအပ်သော စိတ်သည် အကြောင်းတည်း၊ မှန်ကန်

http://www.dhammadownload.com



စွာ ထားအပ်သော စိတ်သည် အထောက်အပံ့တည်း၊ မဟာလိ မြတ်သော (ကောင်းမှု)ကံကို ပြုရန် မြတ်သော(ကောင်းမှု) ကံဖြစ်ရန် ဤသည်ကား အကြောင်းတည်း၊ ဤသည်ကား အထောက် အပံ့တည်း။

မဟာလိ လောက၌ ဤတရားဆယ်မျိုးတို့ မရှိကုန်ပါမူ"တရားမဲ့ကျင့်မှု မညီမညွတ်ကျင့်မှု"ဟူ၍ ၎င်း "တရားသဖြင့် ကျင့်မှု အညီအညွတ်ကျင့်မှု"ဟူ၍၎င်း မထင်ကုန်ရာ။ မဟာလိ လောက၌ ဤတရားဆယ်မျိုးရှိသောကြောင့်" တရားမဲ့ကျင့်မှု မညီမညွတ် ကျင့်မှု" ဟူ၍၎င်း "တရားသဖြင့် ကျင့်မှု အညီအညွတ်ကျင့်မှု" ဟူ၍၎င်း ထင်ကုန်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ပဗ္ဗဇိတအဘိဏှသုတ်

၄၈။ ရဟန် တို့ ဤတရားဆယ်မျိုးတို့ကို ရဟန်းသည် မပြတ်ဆင်ခြင်အပ်ကုန်၏။အဘယ်တရား ဆယ်မျိုးတို့နည်းဟူမူ—"ငါသည် အဆင်းဖောက်ပြန်သည်၏အဖြစ်သို့ ကပ်ရောက်ရာ၏"ဟု ရဟန်းသည် မပြတ်ဆင်ခြင်အပ်၏။ "ငါ၏ အသက်မွေးမှုသည် သူတပါးနှင့် ဆက်စပ်နေ၏" ဟု မပြတ် ဆင်ခြင်အပ်၏။ "ငါသည် (လူအမူအရာ အသွင်အပြင်မှတပါး) အခြားသော အသွင်အပြင် အမူ အရာကို ပြုသင့်၏"ဟု မပြတ်ဆင်ခြင်အပ်၏။ "ငါ၏ စိတ်သည် သီလအားဖြင့်(မိမိကိုယ်ကို)မစွပ်စွဲပဲ ရှိ၏လော"ဟု မပြတ် ဆင်ခြင်အပ်၏။ "ငါ့ကို သိနားလည်သော သီတင်းသုံးဖော်တို့က ဉာဏ်ဖြင့် သက်ဝင်၍ သီလအားဖြင့် မစွပ်စွဲပဲ ရှိကြ၏လော" ဟု မပြတ်ဆင်ခြင်အပ်၏။ "ငါ့အား ချစ်ခင်သူ နှစ်သက်သူ အားလုံးတို့နှင့် ရှင်ကွဲ ကွဲမှု သေကွဲ ကွဲမှု (ဖြစ်ရမည်)" ဟု မပြတ် ဆင်ခြင်အပ်၏၊ "ငါသည် ကံသာလျှင် မိမိဉစ္စာရှိသူ ကံ၏ အမွေခံသူ ကံသာလျှင် အကြောင်းရှိသူ ကံသာလျှင် မိတ်ဆွေရှိသူ ကံသာလျှင် လည်းလျောင်းရာရှိသူ ဖြစ်၏၊ငါပြုမည့် ကောင်းသောကံ မကောင်းသော ကံ၏ အမွေခံဖြစ်ရမည်" ဟု မပြတ်ဆင်ခြင်အပ်၏။ "ငါသည် အဘယ်သို့ ဖြစ်နေစဉ် ညဉ့် နေ့ တို့သည် ငါ့ကို လွန်ကုန်သနည်း" ဟု မပြတ်ဆင်ခြင်အပ်၏။ ငါသည် "ဆိတ်ငြိမ်ရာ ကျောင်း၌ မွေ့လျော်၏လော"ဟု မပြတ်ဆင်ခြင်အပ်၏"ငါသည် လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ကိလေသာကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သော မြတ်သောဉာဏ်အမြင် အထူးကို ရအပ်လေသလော၊ ငါသည် နောက်ဆုံး (သေခါနီး) ကာလ၌ သီတင်းသုံးဖော်တို့က မေးသည် ရှိသော် မျက်နှာမလှ မဖြစ်ရအံ့" ဟု ရဟန်းသည် မပြတ်ဆင်ခြင်အပ်၏။ ရဟန်းတို့ ဤ (ဆိုခဲ့ပြီး) တရားဆယ်မျိုးတို့ကို ရဟန်းသည် မပြတ်ဆင်ခြင်အပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-သရီရဋ္ဌဓမ္မသုတ်

၄၉။ ရဟန်းတို့ ကိုယ်(ခန္ဓာ)၌ တည်သော တရားတို့သည် ဆယ်မျိုးတို့တည်း။ အဘယ် ဆယ်မျိုးတို့နည်း ဟူမူ—အအေး အပူ ထမင်းဆာခြင်း ရေငတ်ခြင်း ကျင်ကြီး ကျင်ငယ် ကိုယ်ကို

http://www.dhammadownload.com



စောင့်စည်းမှု နှုတ်ကို စောင့်စည်းမှု အသက်မွေးခြင်းကို စောင့်စည်းမှု ဟူသော ဘဝသစ်ကို ဖြစ်စေတတ်၍ ဘဝကို ပွားပြင်တတ်သောကံတို့တည်း။ ရဟန်းတို့ ဤသည်တို့ကား ကိုယ်၌ တည်သော တရားဆယ်မျိုးတို့တည်း ဟု(မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဘဏ္ဍနသုတ်

၅၀။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏။ထိုအခါ ရဟန်းများစွာတို့သည်ဆွမ်းစားပြီးနောက် ဆွမ်းခံရာမှ ဖဲခဲ့ကြကာ စည်းဝေးရာ စရပ်၌ အညီအညွတ်ထိုင်နေ စည်းဝေး ကြကုန်လျက် ခိုက်ရန်ဖြစ်ခြင်း ငြင်းခုံခြင်း စကားများခြင်းသို့ ရောက်ကြပြီးလျှင် အချင်းချင်း နှုတ်လှံထိုး၍ နေကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ညနေချမ်းအခါ၌ တပါးတည်း ကိန်းအောင်းရာမှ ထတော်မူကာ စည်းဝေးရာစရပ်သို့ ချဉ်းကပ်ပြီးနောက် ခင်းထားသော နေရာ၌ ထိုင်နေတော်မူပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် အညီအညွတ် ထိုင်နေလျက် စည်းဝေးကြကုန်သနည်း၊ သင်တို့၏ မပြီးပြတ်သေးသော အကြားစကားသည်ကား အဘယ်နည်း" ဟု မေးတော်မူ၏။ အသျှင်ဘုရား ဤနေရာ၌ အကျွန်ုပ်တို့သည် ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခဲ့၍ စည်းဝေးရာစရပ်၌ အညီအညွတ် ထိုင်နေ စည်းဝေးကြကုန်လျက် ခိုက်ရန်ဖြစ်ခြင်း ငြင်းခုံခြင်း စကား များခြင်းသို့ ရောက်ကြပြီးလျှင် အချင်းချင်း နှုတ်လှံထိုး၍ နေကြပါကုန်၏ဟု(လျှောက်ကြကုန်၏)။

သင်တို့သည် ခိုက်ရန်ဖြစ်ခြင်း ငြင်းခုံခြင်း စကားများချင်းသို့ ရောက်ကြလျက် အချင်းချင်း နှုတ်လှံ ထိုး၍နေကြတုံဘိ၏ဟူသော ထိုအမှုသည် သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြုကြသူ အမျိုးကောင်းသားဖြစ်သော သင်တို့အား မလျော်။ ရဟန်းတို့ (အသက် ထက်ဆုံး)အောက်မေ့ထိုက်ကုန် ချစ်ခင်ခြင်းကို ပြုတတ်ကုန် အလေးပြုထိုက်ကုန်သော ဤတရား ဆယ်မျိုးတို့သည် ချီးမြှောက်ရန် စကားမများရန် ညီညွတ်ရန် တပေါင်းတည်းဖြစ်ရန် ဖြစ်ကုန်၏။

အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်လျက်နေ၏၊ အကျင့်'အာစာရ'ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံ၏၊ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိကာ သိက္ခာပုဒ်တို့ကို ဆောက်တည်၍ ကျင့်၏။ ရဟန်းတို့ ရဟန်း၏ သီလရှိခြင်း။ပ။ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ခြင်းဟူသော ဤတရားသည်လည်း (အသက်ထက်ဆုံး) အောက်မေ့ထိုက်၏၊ ချစ်ခင်ခြင်းကို ပြုတတ်၏၊ အလေးပြုထိုက်၏၊ ချီးမြှောက်ရန် စကားမများရန် ညီညွတ်ရန် တပေါင်းတည်းဖြစ်ရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် အကြားအမြင်များ၏၊အကြားအမြင်ကိုဆောင်၏၊ အကြားအမြင်ကို ဆည်းပူး၏၊အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်း ရှိ၍ အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော ထက်ဝန်းကျင်ပြည့်စုံလျက် စင်ကြယ်သော မြတ်သော အကျင့်ကို ပြတတ်သော တရားတို့ကို ထိုရဟန်းသည် များစွာ ကြားနာ

http://www.dhammadownload.com



အပ်ကုန်၏၊ နှုတ်ဖြင့် ဆောင်ထားအပ်ကုန်၏၊ လေ့ကျက်ထားအပ်ကုန်၏၊ စိတ်ဖြင့် ဆင်ခြင်အပ်ကုန်၏၊ ပညာဖြင့် ထိုးထွင်း၍ သိအပ်ကုန်၏။ ရဟန်းတို့ ရဟန်း၏ အကြားအမြင် များခြင်း။ပ။ ပညာဖြင့် ထိုးထွင်း၍ သိခြင်းဟူသော ဤတရားသည်လည်း (အသက်ထက်ဆုံး) အောက်မေ့ထိုက်၏၊ ချစ်ခင်ခြင်းကို ပြုတတ်၏၊ အလေးပြုထိုက်၏၊ ချီးမြှောက်ရန် စကားမများရန် ညီညွတ်ရန် တပေါင်းတည်းဖြစ်ရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် အဆွေခင်ပွန်းကောင်းရှိ၏၊ အပေါင်းအဖော်ကောင်းရှိ၏၊ မိတ်ဆွေကောင်း၌ ကိုင်းညွတ်၏။ရဟန်းတို့ ရဟန်း၏ အဆွေခင်ပွန်းကောင်းရှိခြင်း အပေါင်းအဖော်ကောင်းရှိခြင်း မိတ်ဆွေကောင်း၌ ကိုင်းညွတ်ခြင်းဟူသော ဤတရားသည်လည်း(အသက်ထက်ဆုံး)အောက်မေ့ထိုက်၏၊ချစ်ခင်ခြင်းကို ပြုတတ်၏၊ အလေးပြုထိုက်၏၊ ချီးမြှောက်ရန် စကားမများရန် ညီညွတ်ရန် တပေါင်းတည်းဖြစ်ရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ဆိုဆုံးမလွယ်၏၊ ဆိုဆုံးမခြင်းကိုပြုတတ်သော တရားတို့နှင့် ပြည့်စုံ၏၊ သည်းခံ၏၊ အဆုံးအမကို အရိုအသေ ခံယူတတ်၏။ ရဟန်းတို့ ရဟန်း၏ ဆိုဆုံးမ လွယ်ခြင်း ဆိုဆုံးမ လွယ်ခြင်းကို ပြုတတ်သော တရားတို့နှင့်ပြည့်စုံခြင်း သည်းခံခြင်း အဆုံးအမကို အရိုအသေခံယူခြင်းဟူသော ဤတရားသည်လည်း(အသက်ထက်ဆုံး)အောက်မေ့ထိုက်၏၊ ချစ်ခင်ခြင်းကို ပြုတတ်၏၊ အလေးပြုထိုက်၏၊ ချီးမြှောက်ရန် စကား မများရန် ညီညွတ်ရန် တပေါင်းတည်းဖြစ်ရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် သီတင်းသုံးဖော်တို့၏ အသို့ပြုရမည်နည်းဟုဆို၍ ပြုအပ်သော အယုတ်အမြတ်ဖြစ်သော ကိစ္စတို့၌ လိမ္မာ၏၊ ပျင်းရိခြင်းမရှိ၊ ထိုထို ကိစ္စ၌ အကြောင်းဥပါယ်ကို စုံစမ်းသော ပညာနှင့်ပြည့်စုံ၏၊ ပြုလုပ်ရန် စွမ်းနိုင်၏၊ စီရင်ရန် စွမ်းနိုင်၏။ ရဟန်းတို့ ရဟန်း၏ သီတင်းသုံးဖော်တို့၏ အသို့ပြုရမည်နည်းဟုဆို၍ ပြုအပ်သော အယုတ်အမြတ်ဖြစ်သောကိစ္စတို့၌ လိမ္မာခြင်း ပျင်းရိမှုမရှိခြင်း ထိုထို ကိစ္စ၌ အကြောင်းဥပါယ်ကို စုံစမ်းသောပညာနှင့် ပြည့်စုံခြင်း ပြုလုပ်ရန် စွမ်းနိုင်ခြင်း စီရင်ရန် စွမ်းနိုင်ခြင်းဟူသော ဤတရားသည်လည်း (အသက်ထက်ဆုံး)အောက်မေ့ထိုက်၏၊ ချစ်ခင်ခြင်းကို ပြုတတ်၏၊ အလေးပြုထိုက်၏၊ ချီးမြှောက်ရန် စကား မများရန် ညီညွတ်ရန် တပေါင်းတည်းဖြစ်ရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် တရားတော်ကို အလိုရှိ၏၊ ချစ်ခင်ဖွယ်ကို ပြောဆိုတတ်၏၊ လွန်မြတ်သော သုတ် အဘိဓမ္မာ ဝိနည်းတရားတို့၌ များစွာ မြတ်နိုးခြင်းရှိ၏။ ရဟန်းတို့ ရဟန်း၏ တရားတော်ကို အလိုရှိခြင်း ချစ်ခင်ဖွယ်ကို ပြောဆိုတတ်ခြင်း လွန်မြတ်သော သုတ် အဘိဓမ္မာ ဝိနည်းတရားတို့၌ များစွာ မြတ်နိုးခြင်းဟူသော ဤတရားသည်လည်း(အသက်ထက်ဆုံး) အောက်မေ့ထိုက်၏၊ ချစ်ခင်ခြင်းကို ပြုတတ်၏၊ အလေးပြုထိုက်၏၊ ချီးမြှောက်ရန် စကား မများရန် ညီညွတ်ရန် တပေါင်းတည်းဖြစ်ရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် အကုသိုလ်တရားတို့ကိုပယ်ရန် ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် ထက်သန်သော လုံ့လရှိသည်ဖြစ်၍နေ၏၊ အား အစွမ်းရှိ၏၊ မြဲမြံသော လုံ့လရှိ၏၊ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချထားခြင်း မရှိ။ ရဟန်းတို့ ရဟန်း၏ အကုသိုလ်တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် ထက်သန်သော လုံ့လရှိသည်ဖြစ်၍ နေခြင်း အား အစွမ်းရှိခြင်း မြဲမြံသော လုံ့လရှိခြင်း ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချ မထားခြင်းဟူသော

http://www.dhammadownload.com



ဤတရားသည်လည်း(အသက်ထက်ဆုံး)အောက်မေ့ထိုက်၏၊ချစ်ခင်ခြင်းကို ပြုတတ်၏၊ အလေးပြုထိုက်၏၊ချီးမြှောက်ရန် စကားမများရန် ညီညွတ်ရန် တပေါင်းတည်းဖြစ်ရန် ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ရဘတ်သမျှသော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင်တို့ဖြင့် ရောင့်ရဲ၏။ ရဟန်းတို့ ရဟန်း၏ ရတတ်သမျှသော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင်တို့ဖြင့် ရောင့်ရဲခြင်းဟူသော ဤတရားသည်လည်း (အသက်ထက်ဆုံး) အောက်မေ့ထိုက်၏။ပ။ ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည်သတိနှင့်ပြည့်စုံ၏၊ လွန်ကဲရင့်ကျက်သော သတိနှင့် ပြည့်စုံ၏၊ ကြာမြင့်စွာကပြုပြီးသော အလုပ်ကိုရင်း ကြာမြင့်စွာကပြောပြီးသော စကားကိုရင်း အောက်မေ့နိုင်၏၊ အဖန်တလဲလဲ အောက်မေ့နိုင်၏။ ရဟန်းတို့ ရဟန်း၏ သတိနှင့်ပြည့်စုံခြင်း လွန်ကဲရင့်ကျက်သော သတိနှင့်ပြည့်စုံခြင်း ကြာမြင့်စွာကပြုပြီးသော အလုပ်ကိုရင်း ကြာမြင့်စွာက ပြောပြီးသော စကားကိုရင်း အောက်မေ့နိုင်ခြင်း အဖန်တလဲလဲ အောက်မေ့နိုင်ခြင်းဟူသော ဤတရားသည်လည်း(အသက်ထက်ဆုံး)အောက်မေ့ထိုက်၏။ပ။ ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် ပညာရှိ၏၊အဖြစ်အပျက်ကိုသိသော(ကိလေသာကို)ဖောက်ခွဲနိုင်သော ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ကောင်းစွာ ရောက်စေတတ်သော မြတ်သော ပညာနှင့်ပြည့်စုံ၏။ရဟန်းတို့ ရဟန်း၏ ပညာရှိခြင်း အဖြစ်အပျက်ကိုသိသော ကိလေသာကို ဖောက်ခွဲနိုင်သော ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ကောင်းစွာ ရောက်စေတတ်သော မြတ်သောပညာနှင့် ပြည့်စုံခြင်းဟူသော ဤတရားသည်လည်း(အသက်ထက်ဆုံး)အောက်မေ့ထိုက်၏။ပ။ဖြစ်၏။

ရဟန်းတို့(အသက်ထက်ဆုံး)အောက်မေ့ထိုက်ကုန်သော ချစ်ခင်ခြင်းကို ပြုတတ်ကုန်သော အလေးပြုထိုက်ကုန်သော ဤတရားဆယ်မျိုးတို့သည် ချီးမြှောက်ရန် စကားမများရန် တပေါင်းတည်းဖြစ်ရန် ဖြစ်ကုန်၏ဟု(မိန့်တော်မူ၏)။

ဒသမသုတ်။

ငါးခုမြောက် အက္ကောသဝဂ် ပြီး၏။

ပဉ္စမ သုတ်ငါးဆယ် ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

# ၂-ဒုတိယ ပဏ္ဏာသက

## ၂-ဒုတိယ သုတ်ငါးဆယ်

### (၆) ၁-သစိတ္တဝဂ် ၁-သစိတ္တသုတ်

၅၁။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု ခေါ်တော်မူ၏၊ "အသျှင်ဘုရား" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ ရဟန်းသည် အကယ်၍ သူတပါးစိတ်ဖြစ်ပုံ၌ မလိမ္မာသူ ဖြစ်ခဲ့သော် "(ငါသည်) မိမိစိတ်ဖြစ်ပုံ၌ လိမ္မာသူ ဖြစ်ရမည်" ဟု သင်တို့သည် ဤသို့သာလျှင် ကျင့်အပ်၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် မိမိစိတ်ဖြစ်ပုံ၌ လိမ္မာသူ ဖြစ်သနည်း၊ ရဟန်းတို့ ဥပမာ သော်ကား ငယ်ရွယ်နုပျို၍ တန်ဆာဆင်လေ့ရှိသော မိန်းမသည်လည်းကောင်း ယောကျ်ားသည်လည်းကောင်း ထက်ဝန်းကျင် စင်ကြယ်ဖြူစင်သော ကြေးမုံ (မှန်) ၌ ဖြစ်စေ ကြည်လင်သော ရေခွက်၌ ဖြစ်စေ မိမိမျက်နှာရိပ်ကို (ကြည့်ရှု) ဆင်ခြင်လတ်သော် ထိုကြေးမုံ ရေခွက်၌ အကယ်၍ မြူမှုန်ကို သော်လည်းကောင်း (မှဲ့စသော)အညစ်အကြေးကို သော်လည်းကောင်း မြင်ခဲ့မူ ထိုမြူမှုန် (မှဲ့စသော) အညစ်အကြေးကို ပယ်ရန် အလို့ငှါ လုံ့လပြု၏၊ ထို(ကြေးမုံ ရေခွက်) ၌ အကယ်၍ မြူမှုန် (မှဲ့စသော) အညစ်အကြေးကို မမြင်ခဲ့မူ ထိုမမြင်ခြင်းကြောင့်ပင် "ငါ့အား အရတော်လေစွ၊ ငါသည် ထက်ဝန်းကျင် စင်ကြယ်လေစွ" ဟု ဝမ်းမြောက်မှု အကြံ ပြည့်စုံမှု ဖြစ်ရ၏။ ရဟန်းတို့ ဤအတူပင် "(ငါသည်) အခါများစွာ အဘိဇ္ဈာ များ၍ နေသလော၊ အခါများစွာ အဘိဇ္ဈာ မများပဲ နေသလော၊ အခါများစွာ စိတ်ဖောက်ပြန်၍ နေသလော၊ အခါများစွာ စိတ်မဖောက်ပြန်ပဲ နေသလော၊ အခါများစွာ ထိုင်းမှိုင်းမှု 'ထိန မိဒ္ဓ' နှိပ်စက်၍ နေသလော၊ အခါများစွာ ထိုင်းမှိုင်းမှု 'ထိန မိဒ္ဓ' ကင်းသည်ဖြစ်၍ နေသလော။ အခါများစွာ ပျံ့လွင့်၍ နေသလော၊ အခါများစွာ မပျံ့လွင့်ပဲ နေသလော။ အခါများစွာ ယုံမှားမှု ရှိ၍ နေသလော၊ အခါများစွာ ယုံမှားမှုကို လွန်မြောက်၍ နေသလော၊ အခါများစွာ အမျက်ထွက်၍ နေသလော၊ အခါများစွာ အမျက်မထွက်ပဲ နေသလော၊ အခါများစွာ စိတ်ညစ်နွမ်း၍ နေသလော၊ အခါများစွာ စိတ် မညစ်နွမ်းပဲ နေသလော၊ အခါများစွာ ကိုယ်ပင်ပန်း၍ နေသလော၊ အခါများစွာ ကိုယ်မပင်ပန်းပဲ နေသလော၊ အခါများစွာ ပျင်းရိ၍ နေသလော၊ အခါများစွာ ထက်သန်သော လုံ့လရှိသည် ဖြစ်၍ နေသလော၊ အခါများစွာ မတည်ကြည်ပဲ နေသလော၊ အခါများစွာ တည်ကြည်၍ နေသလော" ဟု ဆင်ခြင်မှု 'ပစ္စဝေက္ခဏာ' သည် ရဟန်းအား ကုသိုလ်တရားတို့၌ ကျေးဇူးများလှ၏။

ရဟန်းတို့ ဆင်ခြင်သော ရဟန်းသည် "(ငါသည်) အခါများစွာ အဘိဇ္ဈာ များ၍ နေ၏၊ အခါများစွာ စိတ်ဖောက်ပြန်၍ နေ၏၊ အခါများစွာ ထိုင်းမှိုင်းမှု 'ထိန မိဒ္ဓ' နှိပ်စက်၍ နေ၏၊ အခါများစွာ ပျံ့လွင့်၍ နေ၏၊ အခါများစွာ ယုံမှားရှိ၍ နေ၏၊ အခါများစွာ အမျက်ထွက်၍ နေ၏၊ အခါများစွာ စိတ်ညစ်နွမ်း၍ နေ၏၊ အခါများစွာ ကိုယ်ပင်ပန်း၍ နေ၏၊ အခါများစွာ

http://www.dhammadownload.com



ပျင်းရိ၍ နေ၏၊ အခါများစွာ မတည်ကြည်ပဲ နေ၏” ဟု အကယ်၍ သိပါမူ ရဟန်းတို့ ထိုရဟန်းသည် ထိုယုတ်ညံ့သော အကုသိုလ်တရားတို့ကိုသာလျှင် ပယ်ရန် လွန်ကဲသော အလိုကိုငြင်း လုံ့လကိုငြင်း အားထုတ်မှုကိုငြင်း အလွန်အားထုတ်မှုကိုငြင်း မဆုတ်နစ်မှုကိုငြင်း အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'ကိုငြင်း ပြုသင့်၏။

ရဟန်းတို့ ဥပမာသော်ကား အဝတ် မီးလောင်သူသည်ငြင်း ဦးခေါင်း မီးလောင်သူသည်ငြင်း ထိုအဝတ် ဦးခေါင်းကိုသာလျှင် ငြိမ်းစေရန် လွန်ကဲသော အလို လုံ့လ အားထုတ်မှု အလွန်အားထုတ်မှု မဆုတ်နစ်မှု အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ကို ပြုရာ၏၊ ရဟန်းတို့ ဤအတူပင် ထိုရဟန်းသည် ထိုယုတ်ညံ့သော အကုသိုလ်တရားတို့ကိုသာလျှင် ပယ်ရန် လွန်ကဲသော အလို လုံ့လ အားထုတ်မှု အလွန်အားထုတ်မှု မဆုတ်နစ်မှု အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ကို ပြုသင့်၏။

ရဟန်းတို့ ဆင်ခြင်သော ရဟန်းသည် “(ငါသည်) အခါများစွာ အဘိဇ္ဈာ မများပဲ နေ၏၊ အခါများစွာ စိတ်မဖောက်ပြန်ပဲ နေ၏၊ အခါများစွာ ထိုင်းမှိုင်းမှု 'ထိန မိဒ္ဓ' ကင်း၍ နေ၏၊ အခါများစွာ မပျံ့လွင့်ပဲ နေ၏၊ အခါများစွာ ယုံမှားမှုကို လွန်မြောက်၍ နေ၏၊ အခါများစွာ အမျက်မထွက်ပဲ နေ၏၊ အခါများစွာ စိတ် မညစ်နွမ်းပဲ နေ၏၊ အခါများစွာ ကိုယ် မပင်ပန်းပဲ နေ၏၊ အခါများစွာ ထက်သန်သော လုံ့လရှိသည်ဖြစ်၍ နေ၏၊ အခါများစွာ တည်ကြည်၍ နေ၏” ဟု အကယ်၍ သိပါမူ ရဟန်းတို့ ထိုရဟန်းသည် ထိုကုသိုလ်တရားတို့၌သာလျှင် တည်၍ ထို့ထက်အလွန် အာသဝေါတရားတို့၏ ကုန်ရန် အလို့ငှါ အားထုတ်မှုကို ပြုသင့်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၂-သာရိပုတ္တသုတ်

၅၂။ ထိုအခါ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို “ငါ့သျှင် ရဟန်းတို့” ဟု ခေါ်တော်မူ၏။ “ငါ့သျှင်” ဟု ထိုရဟန်းတို့က အသျှင်သာရိပုတြာအား ပြန်ကြား လျှောက်ထားကုန်၏။ အသျှင်သာရိပုတြာသည် ဤစကားကို မိန့်ဆို၏ — ငါ့သျှင်တို့ ရဟန်းသည် အကယ်၍ သူတပါး စိတ် ဖြစ်ပုံ၌ လိမ္မာသူ မဖြစ်ခဲ့သော်“(ငါသည်)မိမိစိတ်ဖြစ်ပုံ၌ လိမ္မာသူ ဖြစ်ရမည်”ဟု သင်တို့သည် ဤသို့သာလျှင် ကျင့်အပ်၏။ ငါ့သျှင်တို့ အဘယ်သို့လျှင် ရဟန်းသည် မိမိစိတ် ဖြစ်ပုံ၌ လိမ္မာသူ ဖြစ်သနည်း၊ ငါ့သျှင်တို့ ဥပမာသော်ကား ငယ်ရွယ်နုပျို၍ တန်ဆာဆင်လေ့ရှိသော မိန်းမသည်ငြင်း ယောကျ်ားသည်ငြင်း ထက်ဝန်းကျင်စင်ကြယ်ဖြူစင်သော ကြေးမုံ (မှန်)၌ ဖြစ်စေ ကြည်လင်သော ရေခွက်၌ ဖြစ်စေ မိမိမျက်နှာရိပ်ကို (ကြည့်ရှု) ဆင်ခြင်လတ်သော် ထို (ကြေးမုံ ရေခွက်)၌ အကယ်၍ မြူမှုန်ကို သော်ငြင်း(မှဲ့ စသော)အညစ်အကြေးကို သော်ငြင်း မြင်ခဲ့မူ ထိုမြူမှုန် (မှဲ့ စသော) အညစ်အကြေးကို ပယ်ရန် အလို့ငှါ လုံ့လပြု၏၊ ထို (ကြေးမုံ ရေခွက်)၌ မြူမှုန် (မှဲ့ စသော) အညစ်အကြေးကို မမြင်ခဲ့မူ ထိုမမြင်ခြင်းကြောင့်ပင် “ငါ့အား အရ တော်လေစွ၊ ငါသည် ထက်ဝန်းကျင် စင်ကြယ်လေစွ” ဟု ဝမ်းမြောက်မှု အကြံ ပြည့်စုံမှု ဖြစ်ရာ၏။ ငါ့သျှင်တို့

http://www.dhammadownload.com



ဤအတူပင် "(ငါသည်) အခါများစွာ အဘိဇ္ဈာများ၍ နေသလော၊ အခါများစွာ အဘိဇ္ဈာ မများပဲ နေသလော၊ အခါများစွာ စိတ်ဖောက်ပြန်၍ နေသလော၊ အခါများစွာ စိတ်မဖောက်ပြန်ပဲ နေသလော၊ အခါများစွာ ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' နှိပ်စက်၍ နေသလော၊ အခါများစွာ ထိုင်းမှိုင်းမှု 'ထိန မိဒ္ဓ' ကင်း၍ နေသလော၊ အခါများစွာ ပျံ့လွင့်၍ နေသလော၊ အခါများစွာ မပျံ့လွင့်ပဲ နေသလော၊ အခါများစွာ ယုံမှားမှုရှိ၍ နေသလော၊ အခါများစွာ ယုံမှားမှုကို လွန်မြောက်၍ နေသလော၊ အခါများစွာ အမျက်ထွက်၍ နေသလော၊ အခါများစွာ အမျက်မထွက်ပဲ နေသလော၊ အခါများစွာ စိတ်ညစ်နွမ်း၍ နေသလော၊ အခါများစွာ စိတ်မညစ်နွမ်းပဲ နေသလော၊ အခါများစွာ ကိုယ်ပင်ပန်း၍ နေသလော၊ အခါများစွာ ကိုယ်မပင်ပန်းပဲ နေသလော၊ အခါများစွာ ပျင်းရိ၍ နေသလော၊ အခါများစွာ ထက်သန်သော လုံ့လရှိသည်ဖြစ်၍ နေသလော၊ အခါများစွာ မတည်ကြည်ပဲ နေသလော၊ အခါများစွာ တည်ကြည်၍ နေသလော" ဟု ဆင်ခြင်မှု 'ပစ္စဝေက္ခဏာ' သည် ရဟန်းအား ကုသိုလ်တရားတို့၌ ကျေးဇူးများ၏။

ငါ့သျှင်တို့ ဆင်ခြင်သော ရဟန်းသည် "(ငါသည်) အခါများစွာ အဘိဇ္ဈာ များ၍ နေ၏ ။ပ။ အခါများစွာ မတည်ကြည်ပဲ နေ၏" ဟု အကယ်၍ သိပါမူ ငါ့သျှင်တို့ ထိုရဟန်းသည် ထိုယုတ်ညံ့သော အကုသိုလ်တရားတို့ကိုသာလျှင် ပယ်ရန် လွန်ကဲသော အလိုကိုရင်း လုံ့လကိုရင်း အားထုတ်မှုကိုရင်း အလွန်အားထုတ်မှုကိုရင်း မဆုတ်နစ်မှုကိုရင်း အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ကိုရင်း ပြုသင့်၏။

ငါ့သျှင်တို့ ဥပမာသော်ကား အဝတ်မီးလောင်သူသည်ရင်း ဦးခေါင်းမီးလောင်သူသည်ရင်း ထိုအဝတ် ဦးခေါင်းကိုသာလျှင် ငြိမ်းစေရန် လွန်ကဲသော အလို လုံ့လ အားထုတ်မှု အလွန်အား ထုတ်မှု မဆုတ်နစ်မှု အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' ကို ပြုရာ၏၊ ငါ့သျှင်တို့ ဤအတူပင် ထိုရဟန်းသည် ထိုယုတ်ညံ့သော အကုသိုလ်တရားတို့ကိုသာလျှင် ပယ်ရန် လွန်ကဲသောအလို လုံ့လ အားထုတ်မှု အလွန်အားထုတ်မှု မဆုတ်နစ်မှု အောက်မေ့မှု'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'ကို ပြုသင့်၏။ ငါ့သျှင်တို့ ဆင်ခြင်သော ရဟန်းသည် "(ငါသည်) အခါများစွာ အဘိဇ္ဈာ မများပဲ နေ၏။ပ။ အခါများစွာ တည်ကြည်၍နေ၏"ဟု အကယ်၍ သိပါမူ ငါ့သျှင်တို့ ထိုရဟန်းသည် ထိုကုသိုလ် တရားတို့၌သာလျှင်တည်၍ ထို့ထက်အလွန် အာသဝေါတရားတို့၏ ကုန်ရန်အလို့ငှါ အားထုတ်မှုကို ပြုသင့်၏ ဟု (မိန့်ဆို၏)။

ဒုတိယသုတ်။

---

## ၃-ဌိတိသုတ်

၅၃။ ရဟန်းတို့ ငါသည် ကုသိုလ်တရားတို့၌ တည်တံ့မှုကိုသော်လည်း မချီးမွမ်း၊ ဆုတ်ယုတ်မှုကိုမူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ရဟန်းတို့ ငါသည် ကုသိုလ်တရားတို့၌ တိုးပွါးမှုကိုသာလျှင် ချီးမွမ်း၏၊ တည်တံ့မှုကို မချီးမွမ်း၊ ဆုတ်ယုတ်မှုကို မချီးမွမ်း။ ရဟန်းတို့ အဘယ်သို့လျှင် ကုသိုလ်တရားတို့၌ ဆုတ်ယုတ်မှု ဖြစ်သနည်း၊ တည်တံ့မှု တိုးပွါးမှု မဖြစ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ သဒ္ဓါ သီလ သုတ စာဂ ပညာ ပဋိဘာန်ရှိသလောက် ထိုရဟန်းအား ထိုတရားတို့သည် မတည်တံ့ကုန်၊ မတိုးပွါးကုန်။ ရဟန်းတို့ ထို မတည်တံ့မှု မတိုးပွါးမှုကို ကုသိုလ်တရားတို့၌

http://www.dhammadownload.com



ဆုတ်ယုတ်မှုဟု (ငါ)ဆို၏၊ တည်တံ့မှု တိုးပွါးမှုဟု (ငါ)မဆို။ ရဟန်းတို့ ဤသို့လျှင် ကုသိုလ်တရားတို့၌ ဆုတ်ယုတ်မှု ဖြစ်၏၊ တည်တံ့မှု တိုးပွါးမှု မဖြစ်။

ရဟန်းတို့ အဘယ်သို့လျှင် ကုသိုလ်တရားတို့၌ တည်တံ့မှု ဖြစ်သနည်း၊ ဆုတ်ယုတ်မှု တိုးပွါးမှု မဖြစ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ သဒ္ဓါ သီလ သုတ စာဂ ပညာ ပဋိဘာန် ရှိသလောက် ထိုရဟန်းအား ထိုတရားတို့သည် မဆုတ်ယုတ်ကုန်၊ မတိုးပွါးကုန်။ ရဟန်းတို့ ထို မဆုတ်ယုတ်မှု မတိုးပွါးမှုကို ကုသိုလ်တရားတို့၌ တည်တံ့မှုဟု (ငါ) ဆို၏၊ ဆုတ်ယုတ်မှု တိုးပွါးမှုဟု (ငါ) မဆို။ ရဟန်းတို့ ဤသို့လျှင် ကုသိုလ်တရားတို့၌ တည်တံ့မှု ဖြစ်၏၊ ဆုတ်ယုတ်မှု တိုးပွါးမှု မဖြစ်။

ရဟန်းတို့ အဘယ်သို့လျှင် ကုသိုလ်တရားတို့၌ တိုးပွါးမှုဖြစ်သနည်း၊ တည်တံ့မှု ဆုတ်ယုတ်မှု မဖြစ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ သဒ္ဓါ သီလ သုတ စာဂ ပညာ ပဋိဘာန် ရှိသလောက် ထိုရဟန်းအား ထိုတရားတို့သည် မတည်တံ့ကုန်၊ မဆုတ်ယုတ်ကုန်။ ရဟန်းတို့ ထို မဆုတ်ယုတ်မှု မတည်တံ့မှုကို ကုသိုလ်တရားတို့၌ တိုးပွါးမှုဟု (ငါ) ဆို၏၊ တည်တံ့မှု ဆုတ်ယုတ်မှုဟု (ငါ) မဆို။ ရဟန်းတို့ ဤသို့လျှင် ကုသိုလ်တရားတို့၌ တိုးပွါးမှုဖြစ်၏၊ တည်တံ့မှု ဆုတ်ယုတ်မှု မဖြစ်။

ရဟန်းတို့ ရဟန်းသည် အကယ်၍ သူတပါးစိတ်ဖြစ်ပုံ၌ လိမ္မာသူ မဖြစ်ခဲ့သော် "(ငါသည်)မိမိ စိတ်ဖြစ်ပုံ၌ လိမ္မာသူဖြစ်ရမည်"ဟု ဤသို့သာလျှင် သင်တို့ ကျင့်အပ်၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် မိမိစိတ်ဖြစ်ပုံ၌ လိမ္မာသူဖြစ်သနည်း။ ရဟန်းတို့ ဥပမာသော်ကား ယယ်ရွယ်နုပျို၍ တန်ဆာဆင်လေ့ရှိသော မိန်းမသည်ငှင်း ယောကျ်ားသည်ငှင်း ထက်ဝန်းကျင် စင်ကြယ်ဖြူစင်သော ကြေးမုံ၌ဖြစ်စေ ကြည်လင်သော ရေခွက်၌ဖြစ်စေ မိမိမျက်နှာရိပ်ကို ကြည့်ရှု ဆင်ခြင်လတ်သော် ထို ကြေးမုံ ရေခွက်၌ အကယ်၍ မှုံမှုန်ကိုသော်ငှင်း (မှဲ့စသော)အညစ်အကြေးကိုသော်ငှင်း မြင်ခဲ့မူ ထိုမှုံမှုန် (မှဲ့စသော) အညစ်အကြေးကို ပယ်ရန်အလို့ငှါ လုံ့လပြု၏၊ ထို(ကြေးမုံ ရေခွက်)၌ မှုံမှုန် (မှဲ့စသော) အညစ်အကြေးကို မမြင်ခဲ့မူ ထိုမမြင်ခြင်းကြောင့်ပင် "ငါ့အား အရတော်လေစွ ငါသည် ထက်ဝန်းကျင် စင်ကြယ်လေစွ" ဟု ဝမ်းမြောက်မှု အကြံပြည့်စုံမှု ဖြစ်ရ၏။ ရဟန်းတို့ ဤအတူပင် "(ငါသည်) အခါများစွာ အဘိဇ္ဈာများ၍ နေသလော၊ အခါများစွာ အဘိဇ္ဈာ မများပဲ နေသလော၊ အခါများစွာ စိတ်ဖောက်ပြန်၍ နေသလော၊ အခါများစွာ စိတ်မဖောက်ပြန်ပဲ နေသလော၊ အခါများစွာ ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' နှိပ်စက်၍ နေသလော၊ အခါများစွာ ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' ကင်း၍ နေသလော၊ အခါများစွာ ပျံ့လွင့်၍ နေသလော၊ အခါများစွာ မပျံ့လွင့်ပဲ နေသလော၊ အခါများစွာ ယုံမှားမှုရှိ၍ နေသလော၊ အခါများစွာ ယုံမှားမှုကို လွန်မြောက်၍ နေသလော၊ အခါများစွာ အမျက်ထွက်၍ နေသလော၊ အခါများစွာ အမျက်မထွက်ပဲ နေသလော၊ **အခါများစွာ စိတ်ညစ်နွမ်း၍ နေသလော၊ အခါများစွာ စိတ်မညစ်နွမ်းပဲ နေသလော၊ အခါများစွာ** ကိုယ်ပင်ပန်း၍ နေသလော၊ အခါများစွာ ကိုယ်မပင်ပန်းပဲ နေသလော၊ အခါများစွာ ပျင်းရိ၍ နေသလော၊ အခါများစွာ ထက်သန်သော လုံ့လရှိသည်ဖြစ်၍ နေသလော၊ အခါများစွာ တည်ကြည်၍ နေသလော၊ အခါများစွာ မတည်ကြည်ပဲ နေသလော"ဟု ဆင်ခြင်မှု 'ပစ္စဝေက္ခဏာ'သည် ရဟန်းအား ကုသိုလ်တရားတို့၌ ကျေးဇူးများ၏။

ရဟန်းတို့ ဆင်ခြင်သော ရဟန်းသည်"(ငါသည်) အခါများစွာ အဘိဇ္ဈာများ၍နေ၏၊ အခါများစွာ စိတ်ဖောက်ပြန်၍နေ၏၊ အခါများစွာ ထိုင်းမှိုင်းမှု'ထိနမိဒ္ဓ' နှိပ်စက်၍ နေ၏၊ အခါများ

http://www.dhammadownload.com



စွာ ပျံ့လွင့်၍နေ၏၊ အခါများစွာ ယုံမှားမှုရှိ၍ နေ၏၊ အခါများစွာ အမျက်ထွက်၍ နေ၏၊ အခါများစွာ စိတ်ညစ်နွမ်း၍နေ၏၊ အခါများစွာ ကိုယ်ပင်ပန်း၍ နေ၏၊ အခါများစွာ ပျင်းရိ၍ နေ၏၊ အခါများစွာ မတည်ကြည်ပဲနေ၏" ဟု အကယ်၍ သိပါမူ ရဟန်းတို့ ထိုရဟန်းသည် ထို ယုတ်ညံ့သော အကုသိုလ်တရားတို့ကိုသာလျှင် ပယ်ရန် လွန်ကဲသော အလိုကိုဂုင်း လုံ့လကိုဂုင်း အားထုတ်မှုကိုဂုင်း အလွန်အားထုတ်မှုကိုဂုင်း မဆုတ်နစ်မှုကိုဂုင်း အောက်မေ့မှု 'သတိ' ဆင်ခြင် ဉာဏ် 'သမ္ပဇဉ်' ကိုဂုင်း ပြုသင့်၏။

ရဟန်းတို့ ဥပမာ သော်ကား အဝတ်မီးလောင်သူသည်ဂုင်း ဦးခေါင်းမီးလောင် သူသည်ဂုင်း ထိုအဝတ် ဦးခေါင်းကိုသာလျှင် ငြိမ်းစေရန် လွန်ကဲသော အလို လုံ့လ အားထုတ်မှု အလွန်အား ထုတ်မှု မဆုတ်နစ်မှု အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ကို ပြုရာ၏။ ရဟန်းတို့ ဤအတူပင် ထိုရဟန်းသည် ထိုယုတ်ညံ့သော အကုသိုလ်တရားတို့ကိုသာလျှင် ပယ်ရန် လွန်ကဲ သောအလို လုံ့လ အားထုတ်မှု အလွန်အားထုတ်မှု မဆုတ်နစ်မှု အောက်မေ့မှု 'သတိ' ဆင်ခြင် ဉာဏ် 'သမ္ပဇဉ်' ကို ပြုသင့်၏။

ရဟန်းတို့ ဆင်ခြင်သော ရဟန်းသည် "(ငါသည်) အခါများစွာ အဘိဇ္ဈာ မများပဲနေ၏၊ အခါများစွာ စိတ်မဖောက်ပြန်ပဲနေ၏၊ အခါများစွာ ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' ကင်း၍နေ၏၊ အခါ များစွာ မပျံ့လွင့်ပဲနေ၏၊ အခါများစွာယုံမှားမှုကို လွန်မြောက်၍ နေ၏၊ အခါများစွာ အမျက်မထွက်ပဲ နေ၏၊ အခါများစွာ စိတ်မညစ်နွမ်းပဲ နေ၏၊ အခါများစွာ ကိုယ်မပင်ပန်းပဲ နေ၏၊ အခါများစွာ ထက်သန်သော လုံ့လရှိသည်ဖြစ်၍ နေ၏၊ အခါများစွာ တည်ကြည်၍ နေ၏"ဟု အကယ်၍ သိပါမူ ရဟန်းတို့ ထိုရဟန်းသည် ထိုကုသိုလ်တရားတို့၌ သာလျှင်တည်၍ ထို့ထက်အလွန် အာသဝေါတရားတို့၏ ကုန်ရန်အလို့ငှါ အားထုတ်မှုကို ပြုသင့်၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်၊

## ၄-သမထသုတ်

၅၄။ ရဟန်းတို့ အကယ်၍ ရဟန်းသည် သူတပါးစိတ်ဖြစ်ပုံ၌ လိမ္မာသူ မဖြစ်ခဲ့သော် "မိမိ စိတ်ဖြစ်ပုံ၌ လိမ္မာသူဖြစ်ရမည်"ဟု ဤသို့သာလျှင် သင်တို့ ကျင့်အပ်၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် မိမိစိတ်ဖြစ်ပုံ၌ လိမ္မာသူဖြစ်သနည်း။ ရဟန်းတို့ ဥပမာ သော်ကား ငယ်ရွယ်နုပျို၍ တန်ဆာဆင်လေ့ရှိသော မိန်းမသည်ဂုင်း ယောကျ်ားသည်ဂုင်း ထက်ဝန်းကျင် စင်ကြယ်သော ဖြူစင်သော ကြေးမုံ(မှန်)၌ ဖြစ်စေ ကြည်လင်သော ရေခွက်၌ ဖြစ်စေ မိမိ၏မျက်နှာရိပ်ကို (ကြည့်ရှု)ဆင်ခြင်လတ်သော် ထိုကြေးမုံရေခွက်၌ အကယ်၍ မြူမှုန်ကိုသော်ဂုင်း(မှဲ့စသော)အညစ် အကြေးကို သော်ဂုင်း မြင်ခဲ့မူ ထိုမြူမှုန်(မှဲ့စသော) အညစ်အကြေးကို ပယ်ရန် အလို့ငှါ လုံ့လပြု၏၊ ထို(ကြေးမုံရေခွက်)၌ မြူမှုန် (မှဲ့စသော) အညစ်အကြေးကို မမြင်ခဲ့မူ ထိုမမြင်ခြင်းကြောင့်ပင် "ငါ့အား အရတော်လေစွ၊ ငါသည် ထက်ဝန်းကျင် စင်ကြယ်လေစွ" ဟု ဝမ်းမြောက်မှု အကြံ ပြည့်စုံမှု ဖြစ်ရ၏။ ရဟန်းတို့ ဤအတူပင် "(ငါသည်) မိမိသန္တာန်၌ စိတ်ကို ငြိမ်းအေးစေသော သမထကို ရသူဖြစ်သလော၊ မိမိသန္တာန်၌ စိတ်ကို ငြိမ်းအေးစေသော သမထကို မရသူ ဖြစ်သ

http://www.dhammadownload.com



လော၊ အဓိပညာ ဓမ္မ ဝိပဿနာကို ရသူဖြစ်သလော၊ အဓိပညာ ဓမ္မ ဝိပဿနာကို မရသူဖြစ်သလော" ဟုဆင်ခြင်မှု 'ပစ္စဝေက္ခဏာ' သည် ရဟန်းအား ကုသိုလ်တရားတို့၌ ကျေးဇူးများ၏။

ရဟန်းတို့ ဆင်ခြင်သော ရဟန်းသည် "(ငါသည်) မိမိသန္တာန်၌ စိတ်ကို ငြိမ်းအေးစေသော သမထကို ရသူဖြစ်၏၊ အဓိပညာ ဓမ္မ ဝိပဿနာကို မရသူဖြစ်၏" ဟု အကယ်၍ သိပါမူ ရဟန်းတို့ ထိုရဟန်းသည် မိမိသန္တာန်၌ စိတ်ကို ငြိမ်းအေးစေသော သမထ၌ တည်၍ အဓိပညာ ဓမ္မ ဝိပဿနာ အလို့ငှါ အားထုတ်မှုကို ပြုသင့်၏။ ထိုရဟန်းသည် အခါတပါး၌ မိမိသန္တာန်ဝယ် စိတ်ကို ငြိမ်းအေးစေသော သမထကိုလည်း ရသူဖြစ်၏၊ အဓိပညာ ဓမ္မဝိပဿနာကိုလည်း ရသူဖြစ်၏။ ရဟန်းတို့ ဆင်ခြင်သော ရဟန်းသည် "(ငါသည်) အဓိပညာ ဓမ္မဝိပဿနာကို ရသူဖြစ်၏၊ မိမိသန္တာန်၌ စိတ်ကို ငြိမ်းအေးစေသောသမထကို မရသူဖြစ်၏" ဟု အကယ်၍ သိပါမူ ရဟန်းတို့ ထိုရဟန်းသည် အဓိပညာ ဓမ္မဝိပဿနာ၌ တည်၍ မိမိသန္တာန်၌ စိတ်ကို ငြိမ်းအေးစေသောသမထအလို့ငှါ အားထုတ်မှုကို ပြုသင့်၏။ ထိုရဟန်းသည် အခါတပါး၌ အဓိပညာ ဓမ္မဝိပဿနာကိုလည်း ရသူဖြစ်၏၊ မိမိသန္တာန်၌ စိတ်ကိုငြိမ်းအေးစေသော သမထကိုလည်း ရသူဖြစ်၏။ ရဟန်းတို့ ဆင်ခြင်သော ရဟန်းသည် "(ငါသည်) မိမိသန္တာန်၌ စိတ်ကို ငြိမ်းအေးစေသော သမထကို မရသူဖြစ်၏၊ အဓိပညာ ဓမ္မဝိပဿနာကို မရသူ ဖြစ်၏" ဟု အကယ်၍ သိပါမူ ရဟန်းတို့ ထိုရဟန်းသည် ထိုကုသိုလ်တရားတို့ကို သာလျှင် ရရန် လွန်ကဲသောအလို လုံ့လ အားထုတ်မှု အလွန်အားထုတ်မှု မဆုတ်နစ်မှု အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ကို ပြုသင့်၏။

ရဟန်းတို့ ဥပမာသော်ကား အဝတ်မီးလောင်သူသည်၎င်း ဦးခေါင်းမီးလောင်သူသည်၎င်း ထိုအဝတ် ဦးခေါင်းကိုသာလျှင် ငြိမ်းစေရန် လွန်ကဲသောအလို လုံ့လ အားထုတ်မှု အလွန်အားထုတ်မှု မဆုတ်နစ်မှု အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ကို ပြုရာ၏။ ရဟန်းတို့ ဤအတူပင် ထိုရဟန်းသည် ထိုကုသိုလ်တရားတို့ကိုသာလျှင် ရရန် လွန်ကဲသော အလို လုံ့လ အားထုတ်မှု အလွန်အားထုတ်မှု မဆုတ်နစ်မှု အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ကို ပြုသင့်၏။ ထိုရဟန်းသည် အခါတပါး၌ မိမိသန္တာန်ဝယ် စိတ်ကို ငြိမ်းအေးစေသော သမထကိုလည်း ရသူဖြစ်၏၊ အဓိပညာ ဓမ္မဝိပဿနာကိုလည်း ရသူဖြစ်၏။ ရဟန်းတို့ ဆင်ခြင်သော ရဟန်းသည် "(ငါသည်) မိမိသန္တာန်၌ စိတ်ကိုငြိမ်းအေးစေသောသမထကို ရသူဖြစ်၏၊ အဓိပညာ ဓမ္မဝိပဿနာကို ရသူဖြစ်၏" ဟု အကယ်၍ သိပါမူ ရဟန်းတို့ ထိုရဟန်းသည် ထိုကုသိုလ်တရားတို့၌သာလျှင် တည်၍ ထို့ထက် အလွန် အာသဝေါတရားတို့၏ ကုန်ရန် အလို့ငှါ အားထုတ်မှုကို ပြုသင့်၏။

ရဟန်းတို့ သင်္ကန်းကိုလည်း မှီဝဲသင့် မမှီဝဲသင့်ဟု နှစ်မျိုးအားဖြင့် ငါဆို၏။ ရဟန်းတို့ ဆွမ်းကိုလည်း မှီဝဲသင့် မမှီဝဲသင့်ဟု နှစ်မျိုးဖြင့် ငါဆို၏။ ရဟန်းတို့ ကျောင်းကိုလည်း မှီဝဲသင့် မမှီဝဲသင့်ဟု နှစ်မျိုးအားဖြင့် ငါဆို၏။ ရဟန်းတို့ ရွာနိဂုံးကိုလည်း မှီဝဲသင့် မမှီဝဲသင့်ဟု နှစ်မျိုးအားဖြင့် ငါဆို၏။ ရဟန်းတို့ ဇနပုဒ်ကိုလည်း မှီဝဲသင့် မမှီဝဲသင့်ဟု နှစ်မျိုးအားဖြင့် ငါဆို၏၊ ရဟန်းတို့ ပုဂ္ဂိုလ်ကိုလည်း မှီဝဲသင့် မမှီဝဲသင့်ဟု နှစ်မျိုးအားဖြင့် ငါဆို၏။

"ရဟန်းတို့ သင်္ကန်းကိုလည်း မှီဝဲသင့် မမှီဝဲသင့်ဟု နှစ်မျိုးအားဖြင့် ငါဆို၏" ဟု ဆိုခဲ့သော ထိုစကားကို အဘယ်ကိုစွဲ၍ ဆိုအပ်သနည်း။ ထိုသင်္ကန်းဘို့တွင်အကြင်သင်္ကန်းကို "ဤသင်္ကန်းကို

http://www.dhammadownload.com



မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏" ဟု သိပါမူ ဤသို့ သဘောရှိသော သက်နှံးကို မမှီဝဲသင့်။ ထိုသက်နှံးတို့တွင် အကြင်သက်နှံးကို "ဤသက်နှံးကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားတို့ တိုးပွါးကုန်၏"ဟု သိပါမူ ဤသို့ သဘောရှိသော သက်နှံးကို မှီဝဲသင့်၏။ "ရဟန်းတို့ သက်နှံးကိုလည်း မှီဝဲသင့် မမှီဝဲသင့်ဟု နှစ်မျိုးအားဖြင့် ငါဆို၏"ဟု ဆိုခဲ့သော စကားကို ဤအကြောင်းကို စွဲ၍ ဆိုအပ်၏။

"ရဟန်းတို့ ဆွမ်းကိုလည်း မှီဝဲသင့် မမှီဝဲသင့်ဟု နှစ်မျိုးအားဖြင့် ငါဆို၏"ဟုဆိုခဲ့သော စကားကို အဘယ်ကို စွဲ၍ ဆိုအပ်သနည်း။ ထိုဆွမ်းတို့တွင် အကြင်ဆွမ်းကို "ဤဆွမ်းကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏"ဟု သိပါမူ ဤသို့ သဘောရှိသော ဆွမ်းကို မမှီဝဲသင့်။ ထိုဆွမ်းတို့တွင် အကြင်ဆွမ်းကို "ဤဆွမ်းကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားတို့ တိုးပွါးကုန်၏"ဟု သိပါမူ ဤသို့သဘော ရှိသော ဆွမ်းကို မှီဝဲသင့်၏။ "ရဟန်းတို့ ဆွမ်းကိုလည်း မှီဝဲသင့် မမှီဝဲသင့်ဟု နှစ်မျိုးအားဖြင့် ငါဆို၏"ဟု ဆိုခဲ့သော စကားကို ဤအကြောင်းကို စွဲ၍ ဆိုအပ်၏။

"ရဟန်းတို့ ကျောင်းကိုလည်း မှီဝဲသင့် မမှီဝဲသင့်ဟု နှစ်မျိုးအားဖြင့် ငါဆို၏"ဟု ဆိုခဲ့သော စကားကို အဘယ်ကို စွဲ၍ ဆိုအပ်သနည်း။ထိုကျောင်းတို့တွင် အကြင်ကျောင်းကို "ဤကျောင်းကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏"ဟု သိပါမူ ဤသို့ သဘောရှိသော ကျောင်းကို မမှီဝဲသင့်။ ထိုကျောင်းတို့တွင် အကြင်ကျောင်းကို "ဤကျောင်းကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားတို့ တိုးပွါးကုန်၏"ဟု သိပါမူ ဤသို့ သဘော ရှိသော ကျောင်းကို မှီဝဲသင့်၏။ "ရဟန်းတို့ ကျောင်းကိုလည်း မှီဝဲသင့် မမှီဝဲသင့်ဟု နှစ်မျိုးအားဖြင့် ငါဆို၏"ဟု ဆိုခဲ့သော စကားကို ဤအကြောင်းကို စွဲ၍ ဆိုအပ်၏။

"ရဟန်းတို့ ရွာနိဂုံးကိုလည်း မှီဝဲသင့် မမှီဝဲသင့်ဟု နှစ်မျိုးအားဖြင့် ငါဆို၏"ဟု ဆိုခဲ့သော စကားကို အဘယ်ကို စွဲ၍ ဆိုအပ်သနည်း။ ထိုရွာနိဂုံးတို့တွင် အကြင်ရွာနိဂုံးကို "ဤရွာနိဂုံးကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏" ဟု သိပါမူ ဤသို့ သဘော ရှိသော ရွာနိဂုံးကို မမှီဝဲသင့်။ ထိုရွာနိဂုံးတို့တွင် အကြင်ရွာ နိဂုံးကို "ဤရွာနိဂုံးကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားတို့ တိုးပွါးကုန်၏"ဟု သိပါမူ ဤသို့ သဘော ရှိသော ရွာနိဂုံးကို မှီဝဲသင့်၏။ "ရဟန်းတို့ ရွာနိဂုံးကိုလည်း မှီဝဲသင့် မမှီဝဲသင့်ဟု နှစ်မျိုးအားဖြင့် ငါဆို၏"ဟု ဆိုခဲ့သော စကားကို ဤအကြောင်းကို စွဲ၍ ဆိုအပ်၏။

"ရဟန်းတို့ ဇနပုဒ်ကိုလည်း မှီဝဲသင့် မမှီဝဲသင့်ဟု နှစ်မျိုးအားဖြင့် ငါဆို၏"ဟု ဆိုခဲ့သော စကားကို အဘယ်ကို စွဲ၍ ဆိုအပ်သနည်း။ ထိုဇနပုဒ်တို့တွင် အကြင်ဇနပုဒ်ကို "ဤဇနပုဒ်ကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏" ဟု သိပါမူ ဤသို့ သဘော ရှိသော ဇနပုဒ်ကို မမှီဝဲသင့်။ ထိုဇနပုဒ်တို့တွင် အကြင် ဇနပုဒ်ကို "ဤဇနပုဒ်ကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏ ကုသိုလ်တရားတို့ တိုးပွါးကုန်၏"ဟု သိပါမူ ဤသို့ သဘောရှိသော ဇနပုဒ်ကို မှီဝဲသင့်၏။ "ရဟန်းတို့ ဇနပုဒ်ကိုလည်း မှီဝဲသင့် မမှီဝဲသင့်ဟု နှစ်မျိုးအားဖြင့် ငါဆို၏"ဟု ဆိုခဲ့သော စကားကို ဤအကြောင်းကို စွဲ၍ ဆိုအပ်၏။

---

http://www.dhammadownload.com



"ရဟန်းတို့ ပုဂ္ဂိုလ်ကိုလည်း မှီဝဲသင့် မမှီဝဲသင့်ဟု နှစ်မျိုးအားဖြင့် ငါဆို၏"ဟု ဆိုခဲ့သော စကားကို အဘယ်ကို စွဲ၍ ဆိုအပ်သနည်း။ ထိုပုဂ္ဂိုလ်တို့တွင် အကြင်ပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်ကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏"ဟု သိပါမူ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို မမှီဝဲသင့်။ ထိုပုဂ္ဂိုလ်တို့တွင် အကြင်ပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်ကို မှီဝဲသော ငါ့အား အကုသိုလ် တရားတို့ ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားတို့ တိုးပွါးကုန်၏"ဟု သိပါမူ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို မှီဝဲသင့်၏။ "ရဟန်းတို့ ပုဂ္ဂိုလ်ကိုလည်း မှီဝဲသင့် မမှီဝဲသင့်ဟု နှစ်မျိုး အားဖြင့် ငါဆို၏"ဟု ဆိုခဲ့သော စကားကို ဤအကြောင်းကို စွဲ၍ ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ပရိဟာနသုတ်

၅၅။ ထိုအခါ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို "ငါ့သျှင် ရဟန်းတို့"ဟု ခေါ်တော်မူ၏။ "ငါ့သျှင်"ဟု ထိုရဟန်းတို့သည် အသျှင်သာရိပုတြာအား ပြန်ကြား လျှောက်ထားကုန်၏။ အသျှင်သာရိပုတြာသည် ဤစကားကို မိန့်ဆို၏။ ငါ့သျှင်တို့ "တရား ဆုတ်ယုတ်သော ပုဂ္ဂိုလ် တရား ဆုတ်ယုတ်သောပုဂ္ဂိုလ်"ဟု ဆိုအပ်၏၊ ငါ့သျှင်တို့ "တရား မဆုတ်ယုတ်သောပုဂ္ဂိုလ် တရား မဆုတ်ယုတ်သော ပုဂ္ဂိုလ်"ဟု ဆိုအပ်၏။ ငါ့သျှင်တို့ အဘယ်မျှဖြင့် တရားဆုတ်ယုတ်သော ပုဂ္ဂိုလ်ဟု မြတ်စွာဘုရားဟောတော်မူပါသနည်း၊ အဘယ်မျှဖြင့် တရား မဆုတ်ယုတ်သော ပုဂ္ဂိုလ်ဟု မြတ်စွာဘုရား ဟောတော်မူပါသနည်းဟု မေး၏။

ငါ့သျှင် ငါတို့သည် ထိုဘုရားဟောတရား၏ အနက်ကို သိရန် အလို့ငှါ အသျှင်သာရိပုတြာ၏ အထံသို့ အဝေးမှလည်း လာခဲ့ကြရပါကုန်၏။ တောင်းပန်ပါကုန်၏၊ ထိုဘုရားဟော တရား၏ အနက်သည် အသျှင်သာရိပုတြာ၏ (စိတ်ထဲ ဉာဏ်ထဲ၌)သာလျှင် ထင်လာပါစေ၊ အသျှင်သာရိပုတြာ၏ (စကားကို) နာကြားရ၍ ရဟန်းတို့သည် ဆောင်ထားကြပါကုန်လိမ့်မည်ဟု (လျှောက်ကြကုန်၏)။

ငါ့သျှင်တို့ ထိုသို့ ဖြစ်သော် နာကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောပြအံ့ဟု (မိန့်ဆို၏)။ "ငါ့သျှင် ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် အသျှင်သာရိပုတြာအား ပြန်ကြား လျှောက်ထားကုန်၏။ အသျှင်သာရိပုတြာသည် ဤစကားကို မိန့်ဆို၏။ ငါ့သျှင်တို့ အဘယ်မျှဖြင့် တရားဆုတ်ယုတ်သော ပုဂ္ဂိုလ်ဟူ၍ မြတ်စွာဘုရားဟောတော်မူပါသနည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် မကြားဘူးသေးသော တရားကိုလည်း မကြားနာ၊ ထိုရဟန်းအား ကြားနာဘူးပြီးသော တရားတို့သည်လည်း မေ့ပျောက်ခြင်းသို့ ရောက်ကုန်၏၊ ထိုရဟန်း၏ စိတ်၌ ရှေးက မတွေ့ရောက်ဘူးသော တရားတို့သည်လည်း မဖြစ်ပေါ်ကုန်၊ မသိရသေးသည်ကိုလည်း မသိ။ ငါ့သျှင်တို့ ဤမျှဖြင့် တရားဆုတ်ယုတ်သော ပုဂ္ဂိုလ်ဟူ၍ မြတ်စွာဘုရားဟောတော်မူ၏။

ငါ့သျှင်တို့ အဘယ်မျှဖြင့် တရား မဆုတ်ယုတ်သော ပုဂ္ဂိုလ်ဟူ၍ မြတ်စွာဘုရား ဟောတော်မူပါသနည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် မကြားဘူးသေးသော တရားကို ကြားနာ၏၊ ထိုရဟန်းအား ကြားနာဘူးပြီးသော တရားတို့သည်လည်း မေ့ပျောက်ခြင်းသို့

http://www.dhammadownload.com



မရောက်ကုန်၊ ထိုရဟန်း၏ စိတ်၌ ရှေးက မတွေ့ရောက်ဘူးသော တရားတို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ မသိရသေးသည်ကိုလည်း သိ၏။ ငါ့သျှင်တို့ ဤမျှဖြင့် တရားမဆုတ်ယုတ်သော ပုဂ္ဂိုလ်ဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏။

ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် သူတပါးစိတ်ဖြစ်ပုံ၌ လိမ္မာသူမဖြစ်ခဲ့သော် "(ငါသည်) မိမိစိတ်ဖြစ်ပုံ၌ လိမ္မာသူ ဖြစ်ရမည်" ဟု ဤသို့သာလျှင်ဆင်တို့ ကျင့်အပ်၏။ ငါ့သျှင်တို့ အဘယ်သို့လျှင် ရဟန်းသည် မိမိစိတ်ဖြစ်ပုံ၌ လိမ္မာသူ ဖြစ်သနည်း။ ငါ့သျှင်တို့ ဥပမာသော်ကား ငယ်ရွယ်နုပျို၍ တန်ဆာ ဆင်လေ့ရှိသော မိန်းမသည်၎င်း ယောကျ်ားသည်၎င်း ထက်ဝန်းကျင် စင်ကြယ်ဖြူစင်သော ကြေးမုံ (မှန်)၌ ဖြစ်စေ ကြည်လင်သော ရေခွက်၌ဖြစ်စေ မိမိမျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်လတ်သော် ထိုကြေးမုံရေခွက်၌ အကယ်၍ မြူမှုန်ကိုသော်၎င်း (မွဲစသော်) အညစ်အကြေးကို သော်၎င်း မြင်ခဲ့မူ ထိုမြူမှုန် (မွဲစသော) အညစ်အကြေးကို ပယ်ရန် အလို့ငှါ ...ပြု၏၊ ထို (ကြေးမုံ ရေခွက်)၌ မြူမှုန် (မွဲစသော) အညစ်အကြေးကို မမြင်ခဲ့မူ ထိုမမြင်ခြင်းကြောင့်ပင် "ငါ့အား အရတော်လေစွ၊ ငါသည် ထက်ဝန်းကျင် စင်ကြယ်လေစွ" ဟု ဝမ်းမြောက်မှု အကြံပြည့်စုံမှု ဖြစ်ရ၏။ ငါ့သျှင်တို့ ဤအတူပင် "ငါသည် အခါများစွာ အဘိဇ္ဈာမများပဲ နေသလော ငါ့အား ထိုတရားသည် ရှိသလော၊ သို့မဟုတ် မရှိသလော၊ ငါသည် အခါများစွာ စိတ်မဖောက်ပြန်ပဲ နေသလော၊ ငါ့အား ထိုတရားသည် ရှိသလော၊ သို့မဟုတ် မရှိသလော၊ ငါသည် အခါများစွာ ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' ကင်း၍နေသလော၊ ငါ့အား ထိုတရားသည် ရှိသလော၊ သို့မဟုတ် မရှိသလော၊ ငါသည် အခါများစွာ မပျံ့လွင့်ပဲ နေသလော၊ ငါ့အား ထိုတရားသည် ရှိသလော၊ သို့မဟုတ် မရှိသလော၊ ငါသည် အခါများစွာ ယုံမှားမှုကို လွန်မြောက်၍ နေသလော၊ ငါ့အား ထိုတရားသည် ရှိသလော၊ သို့မဟုတ် မရှိသလော၊ ငါသည် အခါများစွာ အမျက်မထွက်ပဲ နေသလော၊ ငါ့အား ထိုတရားသည် ရှိသလော၊ သို့မဟုတ် မရှိသလော၊ ငါသည် အခါများစွာ စိတ်မညစ်နွမ်းပဲ နေသလော၊ ငါ့အား ထိုတရားသည် ရှိသလော၊ သို့မဟုတ် မရှိသလော၊ ငါသည် မိမိသန္တာန်၌ ဝမ်းမြောက်မှုတရားကို ရသူဖြစ်သလော၊ ငါ့အား ထိုတရားသည် ရှိသလော၊ သို့မဟုတ် မရှိသလော၊ ငါသည် မိမိသန္တာန်၌ စိတ်ကို ငြိမ်းအေးစေသော သမထကို ရသူဖြစ်သလော၊ ငါ့အား ထိုတရားသည် ရှိသလော၊ သို့မဟုတ် မရှိသလော၊ ငါသည် အဓိပညာ ဓမ္မဝိပဿနာကို ရသူဖြစ်သလော၊ ငါ့အား ထိုတရားသည် ရှိသလော၊ သို့မဟုတ် မရှိသလော" ဟု ဆင်ခြင်မှု 'ပစ္စဝေက္ခဏာ' သည် ရဟန်းအား ကုသိုလ်တရားတို့၌ ကျေးဇူးများ၏။

ငါ့သျှင်တို့ အကယ်၍ ဆင်ခြင်သော ရဟန်းသည် ဤကုသိုလ်တရား အားလုံးတို့ကို မိမိ၌ မမြင်ပါမူ ငါ့သျှင်တို့ ထိုရဟန်းသည် ဤကုသိုလ်တရား အားလုံးတို့ကို သာလျှင် ရရန် လွန်ကဲသော အလို လုံ့လ အားထုတ်မှု အလွန်အားထုတ်မှု မဆုတ်နစ်မှု အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ကို ပြုသင့်၏။ ငါ့သျှင်တို့ ဥပမာသော်ကား အဝတ် မီးလောင်သူသည်၎င်း ဦးခေါင်း မီးလောင်သူသည်၎င်း ထိုအဝတ် ဦးခေါင်းကိုသာလျှင် ငြိမ်းစေရန် လွန်ကဲသောအလို လုံ့လ အားထုတ်မှု အလွန်အားထုတ်မှု မဆုတ်နစ်မှု အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ကို ပြုရာ၏။ ငါ့သျှင်တို့ ဤအတူပင် ရဟန်းသည် ကုသိုလ်တရားအားလုံး တို့ကိုသာလျှင် ရရန် လွန်ကဲသော အလို လုံ့လအားထုတ်မှု အလွန်အားထုတ်မှု မဆုတ်နစ်မှု အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ကို ပြုသင့်၏။

http://www.dhammadownload.com



ငါ့သျှင်တို့ အကယ်၍ ဆင်ခြင်သောရဟန်းသည် ကုသိုလ်အချို့တို့ကို မိမိ၌ ကောင်းစွာ မြင်ပါမူ ကုသိုလ်အချို့တို့ကို မိမိ၌ ကောင်းစွာမမြင်ပါမူ ငါ့သျှင်တို့ ထိုရဟန်းသည် မိမိ၌ ကောင်းစွာမြင်သော ကုသိုလ်တရားတို့၌တည်၍ မိမိ၌ ကောင်းစွာမမြင်သော တရားတို့ကို ရရန် လွန်ကဲသောအလို လုံ့လ အားထုတ်မှု အလွန်အားထုတ်မှု မဆုတ်နစ်မှု အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ကို ပြုသင့်၏။ ငါ့သျှင်တို့ ဥပမာသော်ကား အဝတ်မီးလောင်သူသည်ငှင်း ဦးခေါင်း မီးလောင်သူသည် ငှင်း ထိုအဝတ် ဦးခေါင်းကိုသာလျှင် ငြိမ်းစေရန် လွန်ကဲသောအလို လုံ့လ အားထုတ်မှု အလွန်အားထုတ်မှု မဆုတ်နစ်မှု အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'ကို ပြုရာ၏။ ငါ့သျှင်တို့ ဤအတူပင် ထိုရဟန်းသည် မိမိ၌ကောင်းစွာ မြင်သော တရားတို့၌ တည်၍ မိမိ၌ ကောင်းစွာ မမြင်သော ထိုတရားတို့ကို သာလျှင် ရရန် လွန်ကဲသောအလို လုံ့လ အားထုတ်မှု အလွန်အားထုတ်မှု မဆုတ်နစ်မှု အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ်' သမ္ပဇဉ်'ကိုပြုသင့်၏။

ငါ့သျှင်တို့ အကယ်၍ ဆင်ခြင်သော ရဟန်းသည် ဤကုသိုလ်တရား အားလုံးတို့ကိုလည်း မိမိ၌ ကောင်းစွာမြင်ပါမူ ငါ့သျှင်တို့ ထိုရဟန်းသည် ဤကုသိုလ်တရား အားလုံးတို့၌သာလျှင် တည်၍ ထို့ထက်အလွန် အာသဝေါတရားတို့ ကုန်ရန် အလို့ငှါ အားထုတ်မှုကို ပြုသင့်၏ ဟု (မိန့်တော်မူ၏)။

ပဥ္စမသုတ်။

## ၆-ပဌမ သညာသုတ်

၅၆။ ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာပြုအပ်ကုန်သော ဤမှတ်သားမှု'သညာ'ဆယ်မျိုး တို့သည် အကျိုးများကုန်၏၊ အာနိသင် များကုန်၏၊ အမြိုက်နိဗ္ဗာန်သို့ သက်ဝင်ကုန်၏၊ အမြိုက် နိဗ္ဗာန်လျှင် အဆုံးရှိကုန်၏။ အဘယ် ဆယ်မျိုးတို့နည်း ဟူမူ—မတင့်တယ်ဟု အမှတ်ပြုမှု 'အသုဘ သညာ'၊ သေခြင်း၌ အမှတ်ပြုမှု 'မရဏသညာ'၊ အစားအစာ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ပြုမှု 'အာဟာရေ ပဋိကူလသညာ'၊ လောကအားလုံး၌ မမွေ့လျော်ဖွယ်ဟု အမှတ်ပြုမှု 'သဗ္ဗလောကေ အနဘိရတိသညာ'၊ မမြဲဟု အမှတ်ပြုမှု 'အနိစ္စသညာ'၊ မမြဲရာ၌ ဆင်းရဲဟု အမှတ်ပြုမှု 'အနိစ္စေ ဒုက္ခသညာ'၊ ဆင်းရဲရာ၌ အစိုးမရဟု အမှတ်ပြုမှု 'ဒုက္ခေ အနတ္တသညာ'၊ ပယ်ခြင်း၌ ဖြစ်သော အမှတ်ပြုမှု'ပဟာနသညာ'၊ တပ်မက်မှု ကင်းခြင်း၌ ဖြစ်သော အမှတ်ပြုမှု 'ဝိရာဂသညာ'၊ ချုပ်ခြင်း ၌ အမှတ်ပြုမှု 'နိရောဓသညာ'တို့တည်း။ ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သော ဤမှတ်သားမှု'သညာ' ဆယ်မျိုးတို့သည် အကျိုးများကုန်၏၊ အာနိသင် များကုန်၏၊ အမြိုက် နိဗ္ဗာန်သို့ သက်ဝင်ကုန်၏၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိကုန်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ဒုတိယ သညာသုတ်

၅၇။ ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သော ဤ မှတ်သားမှု'သညာ' ဆယ်မျိုး တို့သည် အကျိုးများကုန်၏၊ အာနိသင် များကုန်၏၊ အမြိုက်နိဗ္ဗာန်သို့ သက်ဝင်ကုန်၏၊ အမြိုက်

http://www.dhammadownload.com



နိဗ္ဗာန်လျှင် အဆုံးရှိကုန်၏။ အဘယ် ဆယ်မျိုးတို့နည်း ဟူမူ—မမြဲဟု အမှတ်ပြုမှု 'အနိစ္စသညာ'၊ အစိုးမရဟု အမှတ်ဟု အမှတ်ပြုမှု 'အနတ္တသညာ'၊ သေခြင်း၌ အမှတ်ပြုမှု 'မရဏသညာ'၊ အစာအစာ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ပြုမှု 'အာဟာရေ ပဋိကူလသညာ'၊ လောကအားလုံး၌ မမွေ့လျော်ဖွယ်ဟု အမှတ်ပြုမှု 'သဗ္ဗလောကေ အနဘိရတိသညာ'၊ အရိုးစုဖြစ်၍ စက်ဆုတ်ဖွယ်ဟု အမှတ်ပြုမှု 'အဋ္ဌိကသညာ'၊ ပိုးလောက်ပြည့်၍ စက်ဆုတ်ဖွယ်ဟု အမှတ်ပြုမှု 'ပုဠုဝကသညာ' ဖောက်ပြန်ညိုမဲ၍ စက်ဆုတ်ဖွယ်ဟု အမှတ်ပြုမှု 'ဝိနီလကသညာ'၊ ဖောက်ပြန် ပြတ်သတ်၍ စက်ဆုတ်ဖွယ်ဟု အမှတ်ပြုမှု 'ဝိစ္ဆိဒ္ဒကသညာ' ဖူးရောင်ကြွတက်၍ စက်ဆုပ်ဖွယ်ဟု အမှတ်ပြုမှု 'ဥဒ္ဓုမာတကသညာ'တို့တည်း။ ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သော ဤမှတ်သားမှု 'သညာ'ဆယ်မျိုးတို့သည် အကျိုးများကုန်၏၊ အာနိသင် များကုန်၏၊ အမြိုက်နိဗ္ဗာန်သို့ သက်ဝင်ကုန်၏၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိကုန်၏ ဟု (မိန့်တော်မူ၏)။

**သတ္တမသုတ်။**

---

## ၈-မူလကသုတ်

၅၈။ ရဟန်းတို့ သာသနာတော်မှ တပါးသောအယူရှိကြသည့် ပရိဗိုဇ်တို့သည် "ငါ့သျှင်တို့ တရားအားလုံးတို့သည် အဘယ်လျှင် အခြေခံ ရှိကုန်သနည်း၊ တရားအားလုံးတို့သည် အဘယ်ကြောင့် ဖြစ်ပေါ်ကုန်သနည်း၊ တရားအားလုံးတို့သည် အဘယ်လျှင် ဖြစ်ကြောင်း ရှိကုန်သနည်း။ တရားအားလုံးတို့သည် အဘယ်လျှင် ပေါင်းဆုံရာ ရှိကုန်သနည်း။ တရားအားလုံးတို့သည် အဘယ်လျှင် ရှေ့သွားရှိကုန်သနည်း။ တရားအားလုံးတို့သည် အဘယ်လျှင် အကြီးအကဲ ရှိကုန်သနည်း။ တရားအားလုံးတို့သည် အဘယ်လျှင် လွန်ကဲမှု ရှိကုန်သနည်း။ တရားအားလုံးတို့သည် အဘယ်လျှင် အနှစ်ရှိကုန်သနည်း။ တရားအားလုံးတို့သည် အဘယ်လျှင် သက်ဝင်ရာရှိ ကုန်သနည်း။ တရားအားလုံးတို့သည် အဘယ်လျှင် အဆုံး ရှိကုန်သနည်း" ဟု ဤသို့ မေးလာကြကုန်မူ ရဟန်းတို့ ဤသို့ အမေးခံကြရသော သင်တို့သည် ထိုသာသနာတော်မှ တပါးသော အယူရှိကြသည့် ထိုပရိဗိုဇ်တို့အား အဘယ်သို့ ဖြေကြကုန်မည်နည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်တို့အား တရားတို့သည် မြတ်စွာဘုရားလျှင် အရင်း 'အခြေခံ' ရှိပါကုန်၏၊ မြတ်စွာဘုရားလျှင် ထုတ်ဆောင်သူ ရှိပါကုန်၏၊ မြတ်စွာဘုရားလျှင် လည်းလျောင်းရာ ရှိပါကုန်၏။ အသျှင်ဘုရား တောင်းပန်ပါ၏၊ ဆိုအပ်သော တရားစကား၏ အနက်သည် မြတ်စွာဘုရား၏ (ဉာဏ်တော်၌)သာ ထင်ပါစေလော့၊ မြတ်စွာဘုရား၏(အထံမှ) ကြားနာရ၍ ရဟန်းတို့သည် ဆောင်ထားကြပါကုန်လိမ့်မည်ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ထိုသို့ဖြစ်လျှင် နာကုန်လော့၊ ကောင်းစွာ နှလုံးပြုကုန်လော့၊ ဟောပြပေအံ့ ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။ ရဟန်းတို့ သာသနာတော်မှ တပါးသောအယူရှိကြသည့် ပရိဗိုဇ်တို့သည် ငါ့သျှင်တို့ တရားအားလုံးတို့သည် အဘယ်လျှင် 'အခြေခံ' ရှိကုန်သနည်း။ တရားအားလုံးတို့သည် အဘယ်ကြောင့် ဖြစ်ပေါ်ကုန်သနည်း။ တရားအားလုံးတို့သည် အဘယ်လျှင် ဖြစ်ကြောင်း ရှိကုန်သနည်း။ တရားအားလုံးတို့သည် အဘယ်လျှင် ပေါင်းဆုံရာ ရှိကုန်သနည်း။ တရားအားလုံးတို့သည် အဘယ်လျှင် ရှေ့သွား ရှိကုန်သနည်း။

http://www.dhammadownload.com



တရားအားလုံးတို့သည် အဘယ်လျှင် အကြီးအကဲ ရှိကုန်သနည်း။ တရားအားလုံးတို့သည် အဘယ်လျှင် လွန်ကဲမှု ရှိကုန်သနည်း။ တရားအားလုံးတို့သည် အဘယ်လျှင် အနှစ်ရှိကုန်သနည်း။ တရားအားလုံးတို့သည် အဘယ်လျှင် သက်ဝင်ရာ ရှိကုန်သနည်း။ တရားအားလုံးတို့သည် အဘယ်လျှင် အဆုံးရှိကုန်သနည်း''ဟု အကယ်၍ မေးလာကြကုန်မူ ရဟန်းတို့ ဤသို့ အမေးခံကြရသော သင်တို့သည် သာသနာတော်မှ တပါးသောအယူရှိကြသည့် ထိုပရိဗိုဇ်တို့အား ဤသို့ ဖြေကြကုန်လော့။

''ငါ့သျှင်တို့ တရားအားလုံးတို့သည် အလိုဆန္ဒလျှင် 'အခြေခံ'ရှိကုန်၏။ တရားအားလုံးတို့သည် နှလုံးသွင်းခြင်းကြောင့် ဖြစ်ပေါ်ကုန်၏။ တရားအားလုံးတို့သည် ဖဿလျှင် ဖြစ်ကြောင်း ရှိကုန်၏။ တရားအားလုံးတို့သည် ဝေဒနာလျှင် ပေါင်းဆုံရာ ရှိကုန်၏၊ တရားအားလုံးတို့သည် သမာဓိလျှင် ရှေ့သွား ရှိကုန်၏။ တရားအားလုံးတို့သည် သတိလျှင် အကြီးအကဲ ရှိကုန်၏။ တရားအားလုံးတို့သည် ပညာလျှင် လွန်ကဲမှု ရှိကုန်၏။ တရားအားလုံးတို့သည် ဝိမုတ္တိ'အရဟတ္တဖိုလ်'လျှင် အနှစ်ရှိကုန်၏။ တရားအားလုံးတို့သည် အမြိုက်နိဗ္ဗာန်လျှင် သက်ဝင်ရာရှိကုန်၏။ တရားအားလုံးတို့သည် နိဗ္ဗာန်လျှင် အဆုံးရှိကုန်၏''ဟု (ဖြေကြကုန်လော့)။ ရဟန်းတို့ ဤသို့အမေးခံကြရသော သင်တို့သည် သာသနာတော်မှ တပါးသောအယူရှိကြသည့် ထိုပရိဗိုဇ်တို့အား ဤသို့ ဖြေကုန်လော့ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ပဗ္ဗဇ္ဇာသုတ်

၅၉။ ရဟန်းတို့ ထို့ကြောင့် ဤ သာသနာတော်၌ ဤသို့ ကျင့်အပ်၏။ ''ငါတို့၏ စိတ်သည် ရဟန်း၏ အဖြစ်အားလျော်စွာ ပွါးစီးပြီးလည်း ဖြစ်လိမ့်မည်၊ ဖြစ်ပေါ်လာသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည်လည်း စိတ်ကို သိမ်းကျုံး၍ တည်လိမ့်မည် မဟုတ်၊ ငါတို့၏စိတ်သည် အနိစ္စသညာဖြင့် ပွါးစီးပြီးလည်း ဖြစ်လိမ့်မည်၊ ငါတို့၏ စိတ်သည် အနတ္တသညာဖြင့် ပွါးစီးပြီးလည်း ဖြစ်လိမ့်မည်၊ ငါတို့၏ စိတ်သည် အသုဘသညာဖြင့် ပွါးစီးပြီးလည်း ဖြစ်လိမ့်မည်၊ ငါတို့၏ စိတ်သည် အာဒီနဝသညာဖြင့် ပွါးစီးပြီးလည်း ဖြစ်လိမ့်မည်၊ လောက၏ ညီမျှမှု မညီမျှမှုကို သိ၍ ငါတို့၏ စိတ်သည် ထိုသညာဖြင့် ပွါးစီးပြီးလည်း ဖြစ်လိမ့်မည်၊ လောက၏ တိုးပွါးမှု ပျက်စီးမှုကို သိ၍ ငါတို့၏ စိတ်သည် ထိုသညာဖြင့် ပွါးစီးပြီးလည်းဖြစ်လိမ့်မည်၊ လောက၏ ဖြစ်ပေါ်မှု ချုပ်ပျောက်မှုကိုသိ၍ ငါတို့၏စိတ်သည် ထိုသညာဖြင့် ပွါးစီးပြီးလည်း ဖြစ်လိမ့်မည်၊ ငါတို့၏ စိတ်သည် ပဟာနသညာဖြင့် ပွါးစီးပြီးလည်း ဖြစ်လိမ့်မည်၊ ငါတို့၏ စိတ်သည် ဝိရာဂသညာဖြင့် ပွါးစီးပြီးလည်း ဖြစ်လိမ့်မည်၊ ငါတို့၏ စိတ်သည် နိရောဓသညာဖြင့် ပွါးစီးပြီးလည်း ဖြစ်လိမ့်မည်''ဟု (ကျင့်အပ်၏)။ ရဟန်းတို့ သင်တို့သည် ဤသို့သာလျှင် ကျင့်အပ်၏။

ရဟန်းတို့ အကြင်အခါ၌ ရဟန်း၏စိတ်သည် ရဟန်း၏ အဖြစ်အားလျော်စွာ ပွါးစီးပြီးလည်း ဖြစ်၏၊ ဖြစ်ပေါ်လာသော ယုတ်ညံ့သော ကုသိုလ်တရားတို့သည်လည်း စိတ်ကိုသိမ်းကျုံး၍ မတည်ကုန်၊ စိတ်သည် အနိစ္စသညာဖြင့် ပွါးစီးပြီးလည်းဖြစ်၏၊ စိတ်သည် အနတ္တသညာဖြင့် ပွါးစီးပြီးလည်းဖြစ်၏၊ စိတ်သည် အသုဘသညာဖြင့် ပွါးစီးပြီးလည်းဖြစ်၏၊ စိတ်သည် အာဒီနဝသညာဖြင့် ပွါးစီးပြီးလည်းဖြစ်၏၊ လောက၏ ညီမျှမှု မညီမျှမှုကို သိ၍ စိတ်သည် ထိုသညာဖြင့် ပွါးစီးပြီးလည်း ဖြစ်၏၊ လောက၏ တိုးပွါးမှု မပျက်စီးမှုကိုသိ၍ စိတ်သည် ထိုသညာဖြင့် ပွါးစီးပြီး

http://www.dhammadownload.com



လည်းဖြစ်၏၊ လောက၏ ဖြစ်ပေါ်မှု ချုပ်ပျောက်မှုကိုသိ၍ စိတ်သည် ထို သညာအားလျော်စွာ ပွါးစီးပြီးလည်းဖြစ်၏၊ စိတ်သည် ပဟာနသညာဖြင့် ပွါးစီးပြီးလည်းဖြစ်၏၊ စိတ်သည် ဝိရာဂသညာဖြင့် ပွါးစီးပြီးလည်းဖြစ်၏၊ စိတ်သည် နိရောဓသညာဖြင့် ပွါးစီးပြီးလည်းဖြစ်၏။ ထိုအခါ ထို ရဟန်းအား မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကိုသော်ငြားး ဥပါဒါန် အကြွင်းရှိသေးလျှင် အနာဂါမိဖိုလ်ကိုသော်ငြား ဖိုလ်နှစ်ပါးတို့တွင် တပါးပါးသော ဖိုလ်ကို (မချွတ်ရလိမ့်မည်ဟု) မြှော်လင့်နိုင်၏ဟု(မိန့်တော်မူ၏)။

နဝမသုတ်။

## ၁ဝ-ဂိရိမာနန္ဒသုတ်

၆ဝ။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ အသျှင်ဂိရိမာနန္ဒသည် အနာရောဂါရှိ၏၊ ဆင်းရဲခြင်းသို့ ရောက်၏၊ ပြင်းစွာ မကျန်းမမာ ဖြစ်၏။ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား အထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ထိုင်လျက် မြတ်စွာဘုရားအား—"အသျှင်ဘုရား အသျှင် ဂိရိမာနန္ဒသည် အနာရောဂါ ရှိပါ၏၊ ဆင်းရဲခြင်းသို့ ရောက်နေပါ၏၊ ပြင်းစွာ မကျန်းမမာဖြစ်နေပါ၏။ အသျှင်ဘုရား တောင်းပန်ပါ၏၊ အသျှင်ဂိရိမာနန္ဒ အထံသို့ သနားသဖြင့် ချဉ်းကပ်တော်မူပါ"ဟု လျှောက်၏။

အာနန္ဒာ အကယ်၍ သင်သည် ဂိရိမာနန္ဒရဟန်းအား သညာဆယ်မျိုးတို့ကိုဟောလျှင် သညာဆယ်မျိုးတို့ကို ကြားနာရသည်ရှိသော် ဂိရိမာနန္ဒရဟန်းအား ထို အနာရောဂါသည် ခဏချင်း ငြိမ်းရသော အကြောင်းသည် ရှိသည်သာတည်း။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—အနိစ္စသညာ အနတ္တသညာ အသုဘသညာ အာဒီနဝသညာ ပဟာနသညာ ဝိရာဂသညာ နိရောဓသညာ သဗ္ဗလောကေအနဘိရတိသညာ သဗ္ဗသင်္ခါရေသုအနိစ္စသညာ 'သင်္ခါရ အားလုံး၌ အလိုမရှိအပ်' ဟူသော အမှတ်' အာနာပါနဿတိ တို့တည်း။

အာနန္ဒာ အနိစ္စသညာဟူသည် အဘယ်နည်း၊ အာနန္ဒာ ဤ သာသနာတော်၌ ရဟန်းသည် တောသို့ ကပ်ရောက်၍သော်ငြား သစ်ပင်ရင်းသို့ ကပ်ရောက်၍သော်ငြား ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်ရောက်၍သော်ငြား "ရုပ်သည် မမြဲ၊ဝေဒနာသည်မမြဲ၊သညာသည်မမြဲ၊သင်္ခါရတို့သည် မမြဲကုန်၊ ဝိညာဏ်သည် မမြဲ"ဟု ဆင်ခြင်၏။ဤသို့လျှင် ဤ ဥပါဒါနက္ခန္ဓာငါးပါးတို့၌ အနိစ္စ'မမြဲ'ဟု ရှုလေ့ရှိကာနေ၏။ အာနန္ဒာ ဤတရားကို အနိစ္စသညာဟု ဆိုအပ်၏။(၁)

အာနန္ဒာ အနတ္တသညာဟူသည် အဘယ်နည်း၊ အာနန္ဒာ ဤ သာသနာတော်၌ ရဟန်းသည် တောသို့ ကပ်ရောက်၍သော်ငြား သစ်ပင်ရင်းသို့ ကပ်ရောက်၍သော်ငြား ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်ရောက်၍သော်ငြား "မျက်စိသည် အတ္တမဟုတ်၊ အဆင်း'ရူပါရုံ' တို့သည် အတ္တ မဟုတ်ကုန်၊ နားသည် အတ္တမဟုတ်၊ အသံ'သဒ္ဒါရုံ'တို့သည် အတ္တမဟုတ်ကုန်၊ နှာခေါင်းသည် အတ္တ မဟုတ်၊ အနံ့ 'ဂန္ဓာရုံ' တို့သည် အတ္တမဟုတ်ကုန်။ လျှာသည် အတ္တမဟုတ်၊ အရသာ 'ရသာရုံ'တို့သည် အတ္တမဟုတ်ကုန်၊ကိုယ်သည် အတ္တမဟုတ်၊ အတွေ့'ဖောဋ္ဌဗ္ဗာရုံ'တို့သည် အတ္တမဟုတ်ကုန်၊ စိတ်သည် အတ္တမဟုတ်၊ သဘောတရား 'ဓမ္မာရုံ'တို့သည် အတ္တမဟုတ်ကုန်"ဟု ဆင်ခြင်၏။ ဤသို့လျှင် ဤ

http://www.dhammadownload.com



အတွင်း ဇပ တည်ရာ 'အာယတန' ခြောက်ပါး တို့၌ အစိုးမရ'အနတ္တ'ဟု ရှုလေ့ရှိကာ နေ၏။ အာနန္ဒာ ဤ တရားကို အနတ္တသညာဟု ဆိုအပ်၏။ (၂)

အာနန္ဒာ အသုဘသညာ ဟူသည် အဘယ်နည်း၊ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် ခြေဖဝါးအပြင်မှ အထက်၌ ဆံပင်ဖျားမှ အောက်၌ အရေ အပိုင်း အခြားရှိသော အထူးထူး အပြားပြားသော မစင်ကြယ်သော ဝတ္ထုဖြင့် ပြည့်သော ဤကိုယ်'ခန္ဓာ'ကိုသာလျှင် ဆင်ခြင်၏။ "ဤ ကိုယ်'ခန္ဓာ'၌ ဆံပင် အမွေး လက်သည်း ခြေသည်း သွား အရေ အသား အကြော အရိုး ရိုးတွင်းခြင်ဆီ အညို့ နှလုံး အသည်း အမြှေး အဖျဉ်း အဆုတ် အူမ အူသိမ် အစာသစ် အစာဟောင်း သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ မျက်ရည် ဆီကြည် တံထွေး နှပ် အစေး ကျင်ငယ်တို့သည် ရှိကြကုန်၏"ဟု ဆင်ခြင်၏။ ဤသို့လျှင် ဤကိုယ်၌ မတင့်တယ်'အသုဘ'ဟု ရှုလေ့ရှိကာ နေ၏။ အာနန္ဒာ ဤတရားကို အသုဘသညာဟု ဆိုအပ်၏။ (၃)

အာနန္ဒာ အာဒီနဝသညာဟူသည် အဘယ်နည်း၊ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် တောသို့ ကပ်ရောက်၍သော်၎င်း သစ်ပင်ရင်းသို့ ကပ်ရောက်၍သော်၎င်း ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ရောက်၍သော်၎င်း "ဤကိုယ်သည် ဆင်းရဲများ၏၊ အပြစ်များ၏၊ ဤသို့လျှင် ဤကိုယ်၌ အထူးထူး အပြားပြားသော အနာ(ရောဂါ)တို့သည် ဖြစ်ကုန်၏။ ယင်းအနာတို့ဟူသည်ကား၊ မျက်စိရောဂါ,နားရောဂါ,နှာခေါင်းရောဂါ,လျှာရောဂါ, ကိုယ်၌ဖြစ်သောအနာ, ဦးခေါင်း၌ဖြစ်သော အနာ,နားရွက်နာ,ခံတွင်းနာ,သွားရောဂါ,နှုတ်ခမ်းရောဂါ,ချောင်းဆိုးနာ,ကုတ်ပိုးနာ, ဖွတ်စအိုနာ, ကိုယ်ပူနာ, ဖျားနာ, ဝမ်း၌ဖြစ်သောရောဂါ, မိန်းမောသောအနာ, မြင်းသရိုက်နာ, လေထိုးနာ, ဝမ်းလျှောနာ,နူနာ,အိုင်းနာ,ညှင်းနာ, ခယရုတ်နာ, ဝက်ရူးနာ,ပွေးနာ,ဝဲနာ, ယားနာ, လက်သည်း ခြေသည်း ခြစ်မိသောအနာ, လက်ဖဝါး ခြေဖဝါး၌ ပေါက်သောအနာ, ရတ္တပိတ်နာ, ဆီးချိုနာ, ဒူလာလိပ်ခေါင်းနာ,ထွတ်မြင်းနာ, ဘဂန္ဒြလ်နာ, သည်းခြေကြောင့်ဖြစ်သောအနာ, သလိပ်ကြောင့် ဖြစ်သောအနာ,လေကြောင့်ဖြစ်သောအနာ, သည်းခြေ သလိပ် လေပေါင်းစု၍ဖြစ်သော 'သန္နိပါတ်' အနာ, ဥတုဖောက်ပြန်ခြင်းကြောင့်ဖြစ်သောအနာ, ဣရိယာပုထ် မညီညွတ်မှုကြောင့်ဖြစ်သော အနာ, သူတပါး လုံ့လကြောင့်ဖြစ်သောအနာ, ကံအကျိုးကြောင့်ဖြစ်သောအနာ, အေးခြင်း ပူခြင်း ဆာလောင်ခြင်း မွတ်သိပ်ခြင်း ကျင်ကြီးစွန့်လိုခြင်း ကျင်ငယ်စွန့်လိုခြင်းတို့တည်း" ဟု ဆင်ခြင်၏။ ဤသို့လျှင် ဤကိုယ်၌ ဇပြစ်ကိုရှုလေ့ရှိကာ နေ၏။ အာနန္ဒာ ဤတရားကို အာဒီနဝသညာဟု ဆိုအပ်၏။ (၄)

အာနန္ဒာ ပဟာနသညာဟူသည် အဘယ်နည်း၊ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် ဖြစ်ပေါ်လာသော 'ကာမဝိတက်'ကို လက်မခံ၊ စွန့်၏၊ ပယ်ဖျောက်၏၊ ကင်းအောင်ပြု၏၊ နောင်တဖန် မဖြစ်ခြင်းသို့ ရောက်စေ၏။ ဖြစ်ပေါ်လာသော 'ဗျာပါဒဝိတက်'ကို လက်မခံ၊ စွန့်၏၊ ပယ်ဖျောက်၏၊ ကင်းအောင်ပြု၏၊ နောင်တဖန် မဖြစ်ခြင်းသို့ ရောက်စေ၏။ ဖြစ်ပေါ်လာသော 'ဝိဟိံသာဝိတက်'ကို လက်မခံ၊ စွန့်၏၊ ပယ်ဖျောက်၏၊ ကင်းအောင်ပြု၏၊ နောင်တဖန် မဖြစ်ခြင်းသို့ ရောက်စေ၏။ ဖြစ်တိုင်းဖြစ်တိုင်းသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို လက်မခံ၊ စွန့်၏၊ ပယ်ဖျောက်၏၊ ကင်းအောင်ပြု၏၊ နောင်တဖန် မဖြစ်ခြင်းသို့ ရောက်စေ၏။ အာနန္ဒာ ဤတရားကို ပဟာနသညာဟု ဆိုအပ်၏။ (၅)

အာနန္ဒာ ဝိရာဂသညာဟူသည် အဘယ်နည်း၊ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် တောသို့ ကပ်ရောက်၍သော်၎င်း သစ်ပင်ရင်းသို့ကပ်ရောက်၍သော်၎င်း ဆိတ်ငြိမ်ရာအရပ်သို့ ကပ်

http://www.dhammadownload.com



ရောက်၍သော်၎င်း "သင်္ခါရအားလုံး ငြိမ်းရာ ဥပဓိအားလုံးကိုစွန့်ရာ တဏှာကုန်ရာ ရာဂကင်းပြတ်ရာဖြစ်သော ထိုနိဗ္ဗာန်သည် ငြိမ်သက်၏၊ ထိုနိဗ္ဗာန်သည် မွန်မြတ်၏"ဟု ဆင်ခြင်၏။ အာနန္ဒာ ဤတရားကို ဝိရာဂသညာဟု ဆိုအပ်၏။ (၆)

အာနန္ဒာ နိရောဓသညာဟူသည် အဘယ်နည်း၊ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် တောသို့ ကပ်ရောက်၍သော်၎င်း သစ်ပင်ရင်းသို့ ကပ်ရောက်၍သော်၎င်း ဆိတ်ငြိမ်ရာ အရပ်သို့ကပ်ရောက်၍သော်၎င်း "သင်္ခါရ အားလုံးငြိမ်းရာ ဥပဓိအားလုံးကို စွန့်ရာ တဏှာကုန်ရာ ချုပ်ရာဖြစ်သော ထိုနိဗ္ဗာန်သည် ငြိမ်သက်၏၊ ထိုနိဗ္ဗာန်သည် မွန်မြတ်၏"ဟု ဆင်ခြင်၏။ အာနန္ဒာ ဤတရားကို နိရောဓသညာဟု ဆိုအပ်၏။ (၇)

အာနန္ဒာ သဗ္ဗလောကေ အနဘိရတိသညာဟူသည် အဘယ်နည်း၊ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် လောက၌ စိတ်၏ တည်ခြင်း အမှား နှလုံးသွင်းခြင်း ကိန်းခြင်းဟူကုန်သော ဥပါဒါန်တို့ကို စွန့်လျက် မစွဲလမ်းပဲနေ၏။ အာနန္ဒာ ဤတရားကို သဗ္ဗလောကေ အနဘိရတိသညာဟု ဆိုအပ်၏။ (၈)

အာနန္ဒာ သဗ္ဗသင်္ခါရေသု အနိစ္စာသညာဟူသည် အဘယ်နည်း၊ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် သင်္ခါရအားလုံးတို့၌ ငြီးငွေ့၏၊ ရှက်နိုး၏၊ စက်ဆုပ်၏။ အာနန္ဒာ ဤတရားကို သဗ္ဗသင်္ခါရေသု အနိစ္စာသညာဟု ဆိုအပ်၏။ (၉)

အာနန္ဒာ အာနာပါနဿတိဟူသည် အဘယ်နည်း၊ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် တောသို့ ကပ်ရောက်၍သော်၎င်း သစ်ပင်ရင်းသို့ ကပ်ရောက်၍သော်၎င်း ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ရောက်၍သော်၎င်း တင်ပလ္လင်ခွေ၍ ကိုယ်ကို ဖြောင့်စွာထားပြီးလျှင် (ကမ္မဋ္ဌာန်းသို့) ရှေးရှု သတိကိုဖြစ်စေလျက် ထိုင်နေ၏။ ရဟန်းသည် သတိရှိ၍သာလျှင် ဝင်သက်ကို ရှူ၏၊ သတိရှိ၍သာလျှင် ထွက်သက်ကို ထုတ်၏၊ ရှည်စွာ ဝင်သက်ရှူသော် "ရှည်စွာ ဝင်သက်ရှူ၏"ဟု သိ၏။ ရှည်စွာထွက်သက် ထုတ်သော် "ရှည်စွာ ထွက်သက်ထုတ်၏"ဟု သိ၏။ တိုစွာ ဝင်သက်ရှူသော် "တိုစွာ ဝင်သက်ရှူ၏"ဟု သိ၏။ တိုစွာ ထွက်သက်ထုတ်သော် "တိုစွာ ထွက်သက်ထုတ်၏"ဟု သိ၏။ "(ဝင်သက်) အားလုံးအပေါင်းကို ထင်ရှားစေလျက် ဝင်သက် ရှူအံ့"ဟု ကျင့်၏၊ "(ထွက်သက်) အားလုံးအပေါင်းကို ထင်ရှားစေလျက် ထွက်သက် ထုတ်အံ့" ဟု ကျင့်၏။ "ကာယသင်္ခါရကို ငြိမ်းစေလျက် ဝင်သက် ရှူအံ့"ဟု ကျင့်၏၊ "ကာယသင်္ခါရကို ငြိမ်းစေလျက် ထွက်သက် ထုတ်အံ့" ဟု ကျင့်၏။ "ပီတိကို ထင်ရှားစေလျက် ဝင်သက် ရှူအံ့"ဟု ကျင့်၏၊ "ပီတိကို ထင်ရှားစေလျက် ထွက်သက် ထုတ်အံ့"ဟု ကျင့်၏။ "သုခကို ထင်ရှားစေလျက် ဝင်သက် ရှူအံ့"ဟု ကျင့်၏၊ "သုခကို ထင်ရှားစေလျက် ထွက်သက် ထုတ်အံ့"ဟု ကျင့်၏။ "စိတ္တသင်္ခါရကို ထင်ရှားစေလျက် ဝင်သက် ရှူအံ့"ဟု ကျင့်၏၊ "စိတ္တသင်္ခါရကို ထင်ရှားစေလျက် ထွက်သက်ထုတ်အံ့"ဟု ကျင့်၏။ "စိတ္တသင်္ခါရကို ငြိမ်းစေလျက် ဝင်သက် ရှူအံ့" ဟု ကျင့်၏၊ "စိတ္တသင်္ခါရကို ငြိမ်းစေလျက် ထွက်သက် ထုတ်အံ့"ဟု ကျင့်၏၊ "စိတ်ကို ထင်ရှားစေလျက် ဝင်သက်ရှူအံ့"ဟု ကျင့်၏၊ "စိတ်ကို အလွန်ဝမ်းမြောက်စေလျက်။ပ။ စိတ်ကို ကောင်းစွာ ထားလျက်။ပ။ စိတ်ကို လွတ်စေလျက်။ပ။ အနိစ္စဟု ရှုလျက်။ပ။ ဝိရာဂဟု ရှုလျက်။ပ။ နိရောဓဟု ရှုလျက်။ပ။ "စွန့်ရာဟု ရှုလျက် ဝင်သက်ရှူအံ့"ဟု ကျင့်၏၊ "စွန့်ရာဟု ရှုလျက် ထွက်သက် ထုတ်အံ့"ဟု ကျင့်၏။ အာနန္ဒာ ဤတရားကို အာနာပါနဿတိဟု ဆိုအပ်၏။ (၁၀)

http://www.dhammadownload.com



အာနန္ဒာ သင်သည် အကယ်၍ ဂိရိမာနန္ဒ ရဟန်းအား ဤသညာ ဆယ်မျိုးတို့ကို ဟောလျှင် ဂိရိမာနန္ဒရဟန်းသည် ဤသညာဆယ်မျိုးတို့ကို ကြားနာရ၍ တခဏချင်း ထိုအနာသည် ငြိမ်းအေး ရာသော အကြောင်းရှိသည်သာတည်းဟု (မိန့်တော်မူ၏)။

ထိုအခါ အသျှင် အာနန္ဒာသည် မြတ်စွာဘုရားအထံမှ သညာဆယ်မျိုးတို့ကို သင်ယူ၍ အသျှင် ဂိရိမာနန္ဒအထံသို့ ချဉ်းကပ်ပြီးနောက် အသျှင်ဂိရိမာနန္ဒအား ဤသညာ ဆယ်မျိုးတို့ကို ဟော၏။ ထိုအခါ အသျှင်ဂိရိမာနန္ဒသည် ဤသညာဆယ်မျိုးတို့ကို ကြားနာရ၍ (သူ၏) ထိုအနာသည် တခဏချင်း ငြိမ်းအေးလေ၏၊ အသျှင်ဂိရိမာနန္ဒသည်လည်း ထိုအနာမှ ထမြောက်၏၊ အသျှင် ဂိရိမာနန္ဒ၏ ထိုအနာသည်လည်း အချင်းခပ်သိမ်း ပယ်အပ်ပြီးဖြစ်၏။

ဒသမသုတ်။

ရှေးဦးစွာသော သစိတ္တဝဂ် ပြီး၏။

---

## (၇) ၂-ယမကဝဂ် ၁-အဝိဇ္ဇာသုတ်

၆၁။ "ရဟန်းတို့ ဤအခါမှ ရှေး၌ အဝိဇ္ဇာမဖြစ်ဘူးသေး၊ ထိုမှနောက်၌ ဖြစ်ခဲ့ပြီ"ဟု အဝိဇ္ဇာ၏ ရှေးအစွန်းသည် မထင်ရှား"။ ရဟန်းတို့ ဤသို့ပင် မထင်ရှားသော်လည်း စင်စစ် "ဤအကြောင်း ကြောင့် အဝိဇ္ဇာဖြစ်၏" ဟူ၍ကား ထင်ရှား၏ဟု ဤသို့ ထိုစကားကို ဆိုသင့်၏။ ရဟန်းတို့ အဝိဇ္ဇာကိုလည်း အကြောင်းနှင့်တကွဖြစ်၏ ဟု ငါဆို၏၊ အကြောင်းမရှိ ဟု ငါမဆို။ အဝိဇ္ဇာ၏ အကြောင်းကား အဘယ်နည်း၊ "နီဝရဏငါးပါးတို့တည်း" ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ နီဝရဏ ငါးပါးတို့ကိုလည်း အကြောင်းနှင့်တကွ ဖြစ်ကုန်၏ ဟု ငါဆို၏၊ အကြောင်းမရှိကုန် ဟု ငါမဆို။ နီဝရဏငါးပါးတို့၏ အကြောင်းကား အဘယ်နည်း၊ "ဒုစရိုက်သုံးပါးတို့တည်း" ဟု ဆိုအပ် ရာ၏။ ရဟန်းတို့ ဒုစရိုက်သုံးပါးတို့ကိုလည်း အကြောင်းနှင့်တကွဖြစ်ကုန်၏ဟု ငါဆို၏၊ အကြောင်း မရှိကုန်ဟု ငါမဆို။ ဒုစရိုက်သုံးပါးတို့၏ အကြောင်းကား အဘယ်နည်း၊ "ဣန္ဒြေကို မစောင့်စည်း မှုတည်း" ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ ဣန္ဒြေကို မစောင့်စည်းမှုကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏၊ အကြောင်းမရှိ ဟု ငါမဆို။ ဣန္ဒြေကို မစောင့်စည်းမှု၏ အကြောင်းကား အဘယ်နည်း၊ "သတိမရှိမှု ဆင်ခြင်ဉာဏ် မရှိမှုတည်း" ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ သတိမရှိမှု ဆင်ခြင်ဉာဏ် မရှိမှုကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏၊ အကြောင်းမရှိဟု ငါမဆို။ သတိမရှိမှု ဆင်ခြင်ဉာဏ် မရှိမှု၏ အကြောင်းကား အဘယ်နည်း၊ "မသင့်မတင့် နှလုံးသွင်းမှု တည်း"ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ မသင့်မတင့် နှလုံးသွင်းမှုကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ ဟု ငါဆို၏၊ အကြောင်းမရှိဟု ငါမဆို။ မသင့်မတင့် နှလုံးသွင်းမှု၏ အကြောင်းကား အဘယ် နည်း၊ "မယုံကြည်မှုတည်း"ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ မယုံကြည်မှုကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ ဟု ငါဆို၏၊ အကြောင်း မရှိဟု ငါမဆို။ မယုံကြည်မှု၏ အကြောင်းကား အဘယ်နည်း၊ "သူတော်ကောင်းတရားကို မနာကြားမှုတည်း" ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ သူတော်ကောင်း တရားကို မနာကြားမှုကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏၊ အကြောင်းမရှိဟု ငါမဆို။ သူတော်ကောင်းတရားကို မနာကြားမှု၏ အကြောင်းကား အဘယ်နည်း၊ "သူတော်ကောင်းတို့ကို မမှီဝဲမှုတည်း" ဟု ဆိုအပ်ရာ၏။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့လျှင် သူတော်ကောင်းတို့ကို မမှီဝဲရမှု ပြည့်ခဲ့လျှင် သူတော်ကောင်းတရား မနာကြားရမှုကို ပြည့်စေ၏၊ သူတော်ကောင်းတရား မနာကြားရမှု ပြည့်ခဲ့လျှင် မယုံကြည်မှုကို ပြည့်စေ၏၊ မယုံကြည်မှု ပြည့်ခဲ့လျှင် မသင့်မတင့် နှလုံးသွင်းမှုကို ပြည့်စေ၏၊ မသင့်မတင့် နှလုံးသွင်းမှု ပြည့်ခဲ့လျှင် သတိမရှိမှု ဆင်ခြင်ဉာဏ် မရှိမှုကို ပြည့်စေ၏၊ သတိမရှိမှု ဆင်ခြင်ဉာဏ်မရှိမှု ပြည့်ခဲ့လျှင် ဣန္ဒြေမစောင့်စည်းမှုကို ပြည့်စေ၏၊ ဣန္ဒြေမစောင့်စည်းမှု ပြည့်ခဲ့လျှင် ဒုစရိုက်သုံးပါး တို့ကို ပြည့်စေ၏၊ ဒုစရိုက်သုံးပါးတို့ ပြည့်ခဲ့လျှင် နီဝရဏငါးပါးကို ပြည့်စေ၏၊ နီဝရဏငါးပါးတို့ ပြည့်ခဲ့လျှင် အဝိဇ္ဇာကို ပြည့်စေ၏။ ဤသို့လျှင် ထိုအဝိဇ္ဇာ၏ အကြောင်းသည် ဖြစ်၏၊ ဤသို့လျှင် အဆင့်ဆင့် ပြည့်၏။

ရဟန်းတို့ ဥပမာသော်ကား တောင်ထိပ်၌ မိုးသည်းထန်စွာရွာသည်ရှိသော် ထိုရေသည် နိမ့်ရာ နိမ့်ရာသို့ စီးသွား၍ တောင် ချောက် ပပ်ကြားကွဲ မြောင်းငယ်တို့ကို ပြည့်စုံစေ၏၊ တောင် ချောက် ပပ်ကြားကွဲ မြောင်းငယ်တို့ ပြည့်ခဲ့လျှင် အိုင်ငယ်တို့ကို ပြည့်စေကုန်၏၊ အိုင်ငယ်တို့ ပြည့်ခဲ့လျှင် အိုင်ကြီးတို့ကို ပြည့်စေကုန်၏၊ အိုင်ကြီးတို့ ပြည့်ခဲ့လျှင် မြစ်ငယ်တို့ကို ပြည့်စေကုန်၏၊ မြစ်ငယ်တို့ ပြည့်ခဲ့လျှင် မြစ်ကြီးတို့ကို ပြည့်စေကုန်၏၊ မြစ်ကြီးတို့ ပြည့်ခဲ့လျှင် သာဂရခေါ် မဟာသမုဒ္ဒရာကို ပြည့်စေကုန်၏။ ဤသို့ သာဂရခေါ် ထိုမဟာသမုဒ္ဒရာ၏ အကြောင်းသည် ဖြစ်၏၊ ဤသို့လျှင် အဆင့်ဆင့် ပြည့်၏။ ရဟန်းတို့ ဤအတူပင် သူတော်ကောင်းတို့ကို မမှီဝဲရမှု ပြည့်ခဲ့လျှင် သူတော် ကောင်းတရား မနာကြားရမှုကို ပြည့်စေ၏၊ သူတော်ကောင်းတရား မနာကြားရမှု ပြည့်ခဲ့လျှင် မယုံကြည်မှုကို ပြည့်စေ၏၊ မယုံကြည်မှု ပြည့်ခဲ့လျှင် မသင့်မတင့် နှလုံးသွင်းမှုကို ပြည့်စေ၏၊ မသင့်မတင့် နှလုံးသွင်းမှု ပြည့်ခဲ့လျှင် သတိမရှိမှု ဆင်ခြင်ဉာဏ် မရှိမှုကို ပြည့်စေ၏၊ သတိမရှိမှု ဆင်ခြင်ဉာဏ် မရှိမှုပြည့်ခဲ့လျှင် ဣန္ဒြေ မစောင့်စည်းမှုကို ပြည့်စေ၏၊ ဣန္ဒြေမစောင့်စည်းမှု ပြည့်ခဲ့ လျှင် ဒုစရိုက်သုံးပါးတို့ကို ပြည့်စေ၏၊ ဒုစရိုက်သုံးပါးတို့ ပြည့်ခဲ့လျှင် နီဝရဏငါးပါးတို့ကို ပြည့်စေ ကုန်၏၊ နီဝရဏငါးပါးတို့ ပြည့်ခဲ့လျှင် အဝိဇ္ဇာကိုပြည့်စေကုန်၏။ ဤသို့ အဝိဇ္ဇာ၏အကြောင်းသည် ဖြစ်၏၊ ဤသို့လျှင် အဆင့်ဆင့် ပြည့်၏။

ရဟန်းတို့ ဝိဇ္ဇာဝိမုတ္တိကို[၁]လည်း အကြောင်းရှိ၏ဟု ငါဆို၏၊ အကြောင်းမရှိဟု ငါမဆို။ ဝိဇ္ဇာဝိမုတ္တိ၏ အကြောင်းကား အဘယ်နည်း၊ "ဗောဇ္ဈင်ခုနစ်ပါးတို့တည်း" ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ ဗောဇ္ဈင်ခုနစ်ပါးတို့ကိုလည်း အကြောင်းရှိကုန်၏ ဟု ငါဆို၏၊ အကြောင်းမရှိဟု ငါမဆို။ ဗောဇ္ဈင်ခုနစ်ပါးတို့၏ အကြောင်းကား အဘယ်နည်း၊ "သတိပဋ္ဌာန်လေးပါးတို့တည်း"ဟု ဆိုအပ် ရာ၏။ ရဟန်းတို့ သတိပဋ္ဌာန်လေးပါးတို့ကိုလည်း အကြောင်းရှိကုန်၏ ဟု ငါဆို၏၊ အကြောင်းမရှိ ဟု ငါမဆို။ သတိပဋ္ဌာန်လေးပါးတို့၏အကြောင်းကား အဘယ်နည်း၊ "သုစရိုက်သုံးပါးတို့တည်း"ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ သုစရိုက်သုံးပါးတို့ကိုလည်း အကြောင်းရှိကုန်၏ဟု ငါဆို၏၊ အကြောင်း မရှိဟု ငါမဆို။ သုစရိုက်သုံးပါးတို့၏ အကြောင်းကား အဘယ်နည်း၊ "ဣန္ဒြေကို စောင့်စည်းမှု တည်း"ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ ဣန္ဒြေကို စောင့်စည်းမှုကိုလည်း အကြောင်းရှိ၏ဟု ငါဆို၏၊ အကြောင်းမရှိဟု ငါမဆို။ ဣန္ဒြေကို စောင့်စည်းမှု၏ အကြောင်းကား အဘယ်နည်း၊ "အောက်မေ့မှု ဆင်ခြင်မှုတည်း"ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ အောက်မေ့မှု ဆင်ခြင်မှုကိုလည်း အကြောင်းရှိ၏ ဟု ငါဆို၏၊ အကြောင်းမရှိဟု ငါမဆို။ အောက်မေ့မှု ဆင်ခြင်မှု၏ အကြောင်းကား အဘယ်နည်း၊

---

၁-အရဟတ္တဖိုလ်ဉာဏ်သည် ဝိဇ္ဇာမည်၏၊ ကြွင်းသော သမ္ပယုတ်တရားသည် ဝိမုတ္တိမည်၏။

http://www.dhammadownload.com



"အသင့်အကင့် နှလုံးသွင်းမှုဘည်း"ဟု ဆိုအပ်ရာ၏။ ရဟန်းကို အသင့်အတင့် နှလုံးသွင်းမှုကိုလည်း အကြောင်းရှိ၏ဟု ငါဆို၏၊ အကြောင်းမရှိဟု ငါမဆို။ အသင့်အတင့် နှလုံးသွင်းမှု၏ အကြောင်းကား အဘယ်နည်း၊ "ယုံကြည်မှုတည်း".ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ ယုံကြည်မှုကိုလည်း အကြောင်းရှိ၏ဟု ငါဆို၏၊ အကြောင်းမရှိဟု ငါမဆို။ ယုံကြည်မှု၏ အကြောင်းကား အဘယ်နည်း၊ "သူတော်ကောင်းတရား နာကြားရမှုတည်း" ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ သူတော်ကောင်းတရား နာကြားမှုကိုလည်း အကြောင်းရှိ၏ဟု ငါဆို၏၊ အကြောင်းမရှိဟု ငါမဆို။ သူတော်ကောင်းတရား နာကြားရမှု၏ အကြောင်းကား အဘယ်နည်း၊ "သူတော်ကောင်းကို မှီဝဲမှုတည်း"ဟု ဆိုအပ်ရာ၏။

ရဟန်းတို့ ဤသို့ သူတော်ကောင်းကို မှီဝဲမှုပြည့်ခဲ့လျှင် သူတော်ကောင်းတရား နာကြားရမှုကို ပြည့်စေ၏၊ သူတော်ကောင်းတရား နာကြားရမှု ပြည့်ခဲ့လျှင် ယုံကြည်မှုကို ပြည့်စေ၏၊ ယုံကြည်မှု ပြည့်ခဲ့လျှင် အသင့်အတင့် နှလုံးသွင်းမှုကို ပြည့်စေ၏၊ အသင့်အတင့် နှလုံးသွင်းမှု ပြည့်ခဲ့လျှင် အောက်မေ့မှု ဆင်ခြင်မှုကို ပြည့်စေ၏၊ အောက်မေ့မှု ဆင်ခြင်မှုပြည့်ခဲ့လျှင် ဣန္ဒြေစောင့်စည်းမှုကို ပြည့်စေ၏၊ ဣန္ဒြေကို စောင့်စည်းမှု ပြည့်ခဲ့လျှင် သုစရိုက်သုံးပါးတို့ကို ပြည့်စေ၏၊ သုစရိုက်သုံးပါးတို့ ပြည့်ခဲ့လျှင် သတိပဋ္ဌာန်လေးပါးတို့ကို ပြည့်စေကုန်၏၊ သတိပဋ္ဌာန်လေးပါးတို့ ပြည့်ခဲ့လျှင် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပြည့်စေ၏၊ ဗောဇ္ဈင်ခုနစ်ပါးတို့ ပြည့်ခဲ့လျှင် ဝိဇ္ဇာ ဝိမုတ္တိကို ပြည့်စေကုန်၏၊ ဤသို့လျှင် ဝိဇ္ဇာဝိမုတ္တိ၏ အကြောင်းသည် ဖြစ်၏။ ဤသို့လျှင် အဆင့်ဆင့် ပြည့်၏။

ရဟန်းတို့ ဥပမာသော်ကား တောင်ထိပ်၌ မိုးသည်းထန်စွာ ရွာသည်ရှိသော် ထိုရေသည် နိမ့်ရာ နိမ့်ရာသို့ စီးသွား၍ တောင် ချောက် ပပ်ကြားကွဲ မြောင်းငယ်တို့ကို ပြည့်စေ၏၊ တောင် ချောက် ပပ်ကြားကွဲ မြောင်းငယ်တို့ ပြည့်ကြလျှင် အိုင်ငယ်တို့ကို ပြည့်စေကုန်၏၊ အိုင်ငယ်တို့ ပြည့်ကြလျှင် အိုင်ကြီးတို့ကို ပြည့်စေကုန်၏၊ အိုင်ကြီးတို့ ပြည့်ကြလျှင် မြစ်ငယ်တို့ကို ပြည့်စေကုန်၏၊ မြစ်ငယ်တို့ ပြည့်ကြလျှင် မြစ်ကြီးတို့ကို ပြည့်စေကုန်၏၊ မြစ်ကြီးတို့ ပြည့်ကြလျှင် သာဂရ ခေါ် သမုဒ္ဒရာ၏ အကြောင်းသည် ဖြစ်၏၊ ဤသို့လျှင် အဆင့်ဆင့်ပြည့်၏။ ရဟန်းတို့ ဤအတူပင် သူတော်ကောင်းကို မှီဝဲမှု ပြည့်ခဲ့လျှင် သူတော်ကောင်းတရား နာကြားရမှုကို ပြည့်စေ၏၊ သူတော်ကောင်းတရား နာကြားရမှု ပြည့်ခဲ့လျှင် ယုံကြည်မှုကို ပြည့်စေ၏၊ ယုံကြည်မှု ပြည့်ခဲ့လျှင် အသင့်အတင့် နှလုံးသွင်းမှုကို ပြည့်စေ၏၊ အသင့်အတင့် နှလုံးသွင်းမှု ပြည့်ခဲ့လျှင် အောက်မေ့မှု ဆင်ခြင်မှုကို ပြည့်စေ၏၊ အောက်မေ့မှု ဆင်ခြင်မှု ပြည့်ခဲ့လျှင် ဣန္ဒြေစောင့်စည်းမှုကို ပြည့်စေ၏၊ ဣန္ဒြေစောင့်စည်းမှု ပြည့်ခဲ့လျှင် သုစရိုက်သုံးပါးတို့ကို ပြည့်စေ၏၊ သုစရိုက်သုံးပါးတို့ ပြည့်ခဲ့လျှင် သတိပဋ္ဌာန်လေးပါးတို့ကို ပြည့်စေကုန်၏၊ သတိပဋ္ဌာန်လေးပါး ပြည့်ခဲ့လျှင် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပြည့်စေ၏၊ ဗောဇ္ဈင်ခုနစ်ပါး ပြည့်ခဲ့လျှင် ဝိဇ္ဇာဝိမုတ္တိကို ပြည့်စေကုန်၏။ ဤသို့လျှင် ဝိဇ္ဇာဝိမုတ္တိ၏ အကြောင်းသည် ဖြစ်၏၊ ဤသို့လည်း ပြည့်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-တဏှာသုတ်

၆၂။ "ရဟန်းတို့ 'ဤအခါမှ ရှေး၌ ဘဝကို တောင့်တတပ်မက်မှု 'ဘဝတဏှာ' မဖြစ်ဘူးသေး၊ ထိုမှ နောက်၌ ဖြစ်ခဲ့ပြီ' ဟု ဘဝတဏှာ၏ ရှေးအစွန်းသည် မထင်ရှား"။ ရဟန်းတို့ ဤသို့ပင်

http://www.dhammadownload.com



မထင်ရှားသော်လည်း စင်စစ်"ဤအကြောင်းကြောင့် ဘဝတဏှာ ဖြစ်၏" ဟူ၍ကား ထင်ရှား၏ဟု ဤသို့ ထိုစကားကို ဆိုသင့်၏။ ရဟန်းတို့ ဘဝတဏှာကိုလည်း အကြောင်းရှိ၏ဟု ငါဆို၏၊ အကြောင်း မရှိဟု ငါမဆို။ ဘဝတဏှာ၏ အကြောင်းကား အဘယ်နည်း၊ "အဝိဇ္ဇာတည်း" ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ အဝိဇ္ဇာကိုလည်း အကြောင်းရှိ၏ဟု ငါဆို၏၊ အကြောင်းမရှိဟု ငါမဆို။ အဝိဇ္ဇာ၏ အကြောင်းကား အဘယ်နည်း၊ "နီဝရဏ ငါးပါးတို့တည်း"ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ နီဝရဏ ငါးပါးတို့ကိုလည်း အကြောင်း ရှိ၏ဟု ငါဆို၏၊ အကြောင်းမရှိဟု ငါမဆို။ နီဝရဏငါးပါးတို့၏ အကြောင်းကား အဘယ်နည်း "ဒုစရိုက် သုံးပါးတို့တည်း"ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ ဒုစရိုက်သုံးပါးတို့ကိုလည်း အကြောင်းရှိ၏ဟု ငါဆို၏၊ အကြောင်းမရှိဟု ငါမဆို။ ဒုစရိုက်သုံးပါးတို့၏ အကြောင်းကား အဘယ်နည်း ၊ "ဣန္ဒြေကို မစောင့်စည်းမှုတည်း"ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ ဣန္ဒြေကို မစောင့်စည်းမှုကိုလည်း အကြောင်းရှိ၏ဟု ငါဆို၏၊ အကြောင်းမရှိဟု ငါမဆို။ ဣန္ဒြေကို မစောင့်စည်းမှု၏ အကြောင်းကား အဘယ်နည်း၊ "သတိ မရှိမှု ဆင်ခြင်ဉာဏ် မရှိမှုတည်း"ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ သတိ မရှိမှု ဆင်ခြင်ဉာဏ် မရှိမှုကိုလည်း အကြောင်းရှိ၏ဟု ငါဆို၏၊ အကြောင်းမရှိဟု ငါမဆို။ သတိ မရှိမှု ဆင်ခြင်ဉာဏ် မရှိမှု၏ အကြောင်းကား အဘယ်နည်း၊ "မသင့်မတင့် နှလုံးသွင်းမှုတည်း"ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ မသင့်မတင့် နှလုံးသွင်းမှုကိုလည်း အကြောင်းရှိ၏ဟု ငါဆို၏၊ အကြော င်းမရှိဟု ငါမဆို။ မသင့်မတင့် နှလုံးသွင်းမှု၏ အကြောင်းကား အဘယ်နည်း၊ "မယုံကြည်မှုတည်း"ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ မယုံကြည်မှုကိုလည်း အကြောင်း ရှိ၏ဟု ငါဆို၏၊ အကြောင်းမရှိဟု ငါမဆို။ မယုံကြည်မှု၏ အကြောင်းကား အဘယ်နည်း၊ "သူတော်ကောင်းတရားကို မနာကြားရမှုတည်း"ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ သူတော်ကောင်း တရား မနာကြားရမှုကိုလည်း အကြောင်းရှိ၏ဟု ငါဆို၏၊ အကြောင်း မရှိဟု ငါမဆို။ သူတော်ကောင်းတရား မနာကြားရမှု၏ အကြောင်းကား အဘယ်နည်း "သူတော်ကောင်းတို့ကို မမှီဝဲရမှုတည်း"ဟု ဆိုအပ်ရာ၏။

ရဟန်းတို့ ဤသို့လျှင် သူတော်ကောင်းတို့ကို မမှီဝဲရမှု ပြည့်ခဲ့လျှင် သူတော်ကောင်းတရား မနာကြားရမှုကို ပြည့်စေ၏၊ သူတော်ကောင်းတရား မနာကြားရမှု ပြည့်ခဲ့လျှင် မယုံကြည်စေမှုကို ပြည့်စေ၏၊ မယုံကြည်မှု ပြည့်ခဲ့လျှင် မသင့်မတင့် နှလုံးသွင်းမှုကို ပြည့်စေ၏၊ မသင့်မတင့် နှလုံးသွင်းမှု ပြည့်ခဲ့လျှင် သတိမရှိမှု ဆင်ခြင်ဉာဏ် မရှိမှုကို ပြည့်စေ၏၊ သတိမရှိမှု ဆင်ခြင်ဉာဏ် မရှိမှု ပြည့်ခဲ့လျှင် ဣန္ဒြေ မစောင့်စည်းမှုကို ပြည့်စေ၏၊ ဣန္ဒြေမစောင့်စည်းမှု ပြည့်ခဲ့လျှင် ဒုစရိုက်သုံးပါးကို ပြည့်စေ၏၊ ဒုစရိုက်သုံးပါးတို့ ပြည့်ခဲ့လျှင် နီဝရဏငါးပါးတို့ကို ပြည့်စေကုန်၏၊ နီဝရဏ ငါးပါးတို့ ပြည့်ခဲ့လျှင် အဝိဇ္ဇာကို ပြည့်စေ၏၊ အဝိဇ္ဇာပြည့်ခဲ့လျှင် ဘဝတဏှာကို ပြည့်စေ၏။ ဤသို့လျှင် ဘဝတဏှာ၏ အကြောင်းသည် ဖြစ်၏၊ ဤသို့လည်း ပြည့်၏။

ရဟန်းတို့ ဥပမာသော်ကား တောင်ထိပ်၌ မိုးသည်းထန်စွာ ရွာသည်ရှိသော် ထိုရေသည် နိမ့်ရာ နိမ့်ရာသို့ စီးသွား၍ တောင် ချောက် ပပ်ကြားကွဲ မြောင်းငယ်တို့ကို ပြည့်စေကုန်၏၊ တောင် ချောက် ပပ်ကြားကွဲ မြောင်းငယ်တို့ ပြည့်ကြလျှင် အိုင်ငယ်တို့ကို ပြည့်စေကုန်၏၊ အိုင်ငယ်တို့ ပြည့်ကြလျှင် အိုင်ကြီးတို့ကို ပြည့်စေကုန်၏၊ အိုင်ကြီးတို့ ပြည့်ကြလျှင် မြစ်ငယ်တို့ကို ပြည့်စေကုန်၏၊ မြစ်ငယ်တို့ ပြည့်ကြလျှင် မြစ်ကြီးတို့ကို ပြည့်စေကုန်၏၊ မြစ်ကြီးတို့ ပြည့်ကြလျှင် သာဂရခေါ် မဟာသမုဒ္ဒရာကို ပြည့်စေကုန်၏။ ဤသို့လျှင် သာဂရခေါ် သမုဒ္ဒရာ၏ အကြောင်းသည် ဖြစ်၏၊ ဤသို့လျှင် အဆင့်ဆင့်ပြည့်၏။ ရဟန်းတို့ ဤအတူပင် သူတော်ကောင်းတို့ကို မမှီဝဲ

http://www.dhammadownload.com



ရမှု ပြည့်ခဲ့လျှင် သူတော်ကောင်းတရား မနာကြားရမှုကို ပြည့်စေ၏၊ သူတော်ကောင်းတရား မနာကြားရမှု ပြည့်ခဲ့လျှင် မယုံကြည်မှုကို ပြည့်စေ၏၊ မယုံကြည်မှု ပြည့်ခဲ့လျှင် မသင့်မတင့် နှလုံးသွင်းမှုကို ပြည့်စေ၏၊ မသင့်မတင့် နှလုံးသွင်းမှု ပြည့်ခဲ့လျှင် သတိမရှိမှု ဆင်ခြင်ဉာဏ် မရှိမှုကို ပြည့်စေ၏၊ သတိမရှိမှု ဆင်ခြင်ဉာဏ် မရှိမှု ပြည့်ခဲ့လျှင် ဣန္ဒြေ မစောင့်စည်းမှုကို ပြည့်စေ၏၊ ဣန္ဒြေ မစောင့်စည်းမှု ပြည့်ခဲ့လျှင် ဒုစရိုက်သုံးပါးတို့ကို ပြည့်စေ၏၊ ဒုစရိုက်သုံးပါးတို့ ပြည့်ခဲ့လျှင် နီဝရဏငါးပါးတို့ကို ပြည့်စေကုန်၏၊ နီဝရဏငါးပါးတို့ ပြည့်ခဲ့လျှင် အဝိဇ္ဇာကို ပြည့်စေကုန်၏။ ဤသို့လျှင် ဘဝတဏှာ၏ အကြောင်းသည် ဖြစ်၏၊ ဤသို့လျှင် အဆင့်ဆင့်ပြည့်၏။

ရဟန်းတို့ ဝိဇ္ဇာဝိမုတ္တိကိုလည်း အကြောင်းရှိ၏ ဟု ငါဆို၏၊ အကြောင်းမရှိဟု ငါမဆို။ ဝိဇ္ဇာဝိမုတ္တိ၏ အကြောင်းကား အဘယ်နည်း၊ "ဗောဇ္ဈင်ခုနစ်ပါးတို့တည်း" ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ ဗောဇ္ဈင်ခုနစ်ပါးတို့ကိုလည်း အကြောင်းရှိကုန်၏ဟု ငါဆို၏၊ အကြောင်းမရှိကုန်ဟု ငါမဆို။ ဗောဇ္ဈင်ခုနစ်ပါးတို့၏ အကြောင်းကား အဘယ်နည်း၊ "သတိပဋ္ဌာန်လေးပါးတို့တည်း"ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ သတိပဋ္ဌာန် လေးပါးတို့ကိုလည်း အကြောင်းရှိ၏ဟု ငါဆို၏၊ အကြောင်း မရှိဟု ငါမဆို။ သတိပဋ္ဌာန် လေးပါးတို့၏ အကြောင်းကား အဘယ်နည်း၊ "သုစရိုက် သုံးပါးတို့တည်း"ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ သုစရိုက်သုံးပါးတို့ကိုလည်း အကြောင်း ရှိကုန်၏ဟု ငါဆို၏၊ အကြောင်း မရှိဟု ငါမဆို။ သုစရိုက်သုံးပါးတို့၏ အကြောင်းကား အဘယ်နည်း၊ "ဣန္ဒြေ စောင့်စည်းမှုတည်း"ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ ဣန္ဒြေ စောင့်စည်းမှုကိုလည်း အကြောင်းရှိ၏ဟု ငါဆို၏၊ အကြောင်းမရှိဟု ငါမဆို။ ဣန္ဒြေကို စောင့်စည်းမှု၏ အကြောင်းကား အဘယ်နည်း၊ "အောက်မေ့မှု ဆင်ခြင်မှုတည်း"ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ အောက်မေ့မှု ဆင်ခြင်မှုကိုလည်း အကြောင်း ရှိ၏ဟု ငါဆို၏၊ အကြောင်းမရှိဟု ငါမဆို။ အောက်မေ့မှု ဆင်ခြင်မှု၏ အကြောင်းကား အဘယ်နည်း၊ "အသင့်အတင့် နှလုံးသွင်းမှုတည်း"ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ အသင့်အတင့် နှလုံးသွင်းမှုကိုလည်း အကြောင်းရှိ၏ဟု ငါဆို၏၊ အကြောင်း မရှိဟု ငါမဆို။ အသင့်အတင့် နှလုံးသွင်းမှု၏ အကြောင်းကား အဘယ်နည်း၊ "ယုံကြည်မှုတည်း"ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ ယုံကြည်မှုကိုလည်း အကြောင်းရှိ၏ဟု ငါဆို၏၊ အကြောင်းမရှိဟု ငါမဆို။ ယုံကြည်မှု၏ အကြောင်းကား အဘယ်နည်း၊ "သူတော်ကောင်းတရား နာကြားရမှုတည်း"ဟု ဆိုအပ်ရာ၏။ ရဟန်းတို့ သူတော်ကောင်းတရား နာကြား ရမှုကိုလည်း အကြောင်းရှိ၏ဟု ငါဆို၏၊ အကြောင်းမရှိဟု ငါမဆို။ သူတော်ကောင်းတရား နာကြားရမှု၏ အကြောင်းကား အဘယ်နည်း၊ "သူတော်ကောင်းကို မှီဝဲရမှုတည်း" ဟု ဆိုအပ်ရာ၏။

ရဟန်းတို့ ဤသို့လျှင် သူတော်ကောင်းကို မှီဝဲရမှု ပြည့်ခဲ့လျှင် သူတော်ကောင်းတရား နာကြားရမှုကို ပြည့်စေ၏၊ သူတော်ကောင်းတရား နာကြားရမှု ပြည့်ခဲ့လျှင် ယုံကြည်မှုကို ပြည့်စေ၏၊ ယုံကြည်မှု ပြည့်ခဲ့လျှင် အသင့်အတင့် နှလုံးသွင်းမှုကို ပြည့်စေ၏၊ အသင့်အတင့် နှလုံးသွင်းမှု ပြည့်ခဲ့လျှင် အောက်မေ့မှု ဆင်ခြင်မှုကို ပြည့်စေ၏၊ အောက်မေ့မှု ဆင်ခြင်မှု ပြည့်ခဲ့လျှင် ဣန္ဒြေ စောင့်စည်းမှုကို ပြည့်စေ၏၊ ဣန္ဒြေစောင့်စည်းမှု ပြည့်ခဲ့လျှင် သုစရိုက်သုံးပါးတို့ကို ပြည့်စေ၏၊ သုစရိုက်သုံးပါးတို့ ပြည့်ခဲ့လျှင် သတိပဋ္ဌာန်လေးပါးတို့ကို ပြည့်စေကုန်၏၊ သတိပဋ္ဌာန်လေးပါးတို့ ပြည့်ခဲ့လျှင် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပြည့်စေကုန်၏၊ ဗောဇ္ဈင်ခုနစ်ပါးတို့ ပြည့်ခဲ့လျှင် ဝိဇ္ဇာဝိမုတ္တိကို ပြည့်စေကုန်၏။ ဤသို့လျှင် ထိုဝိဇ္ဇာဝိမုတ္တိ၏ အကြောင်းသည် ဖြစ်၏၊ ဤသို့လျှင် အဆင့်ဆင့် ပြည့်၏။

http://www.dhammadownload.com



ရဟန်းတို့ ဥပမာသော်ကား တောင်ထိပ်၌ မိုးသည်းထန်စွာ ရွာသည်ရှိသော် ထိုရေသည် နိမ့်ရာ နိမ့်ရာသို့ စီးသွား၍။ပ။ဤသို့လျှင် သာဂရခေါ် ထိုသမုဒ္ဒရာ၏ အကြောင်းသည် ဖြစ်၏၊ ဤသို့လျှင် အဆင့်ဆင့် ပြည့်၏၊ ရဟန်းတို့ ဤအတူပင် သူတော်ကောင်းကို မှီဝဲရမှု ပြည့်ခဲ့လျှင် သူတော်ကောင်းတရားကို နာကြားရမှုကို ပြည့်စေ၏။ပ။ဤသို့လျှင် ထိုဝိဇ္ဇာဝိမုတ္တိ၏ အကြောင်းသည် ဖြစ်၏၊ ဤသို့လျှင် အဆင့်ဆင့် ပြည့်၏ဟု(မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-နိဋ္ဌင်္ဂတသုတ်

၆၃။ ရဟန်းတို့ ငါဘုရားအပေါ်၌ ယုံမှား ကင်းကြသူဟူသမျှ အားလုံးတို့သည်(မဂ်)ဉာဏ် အမြင်နှင့် ပြည့်စုံကုန်၏။ ထို(မဂ်)ဉာဏ်အမြင် ပြည့်စုံသူတို့တွင် ပုဂ္ဂိုလ်ငါးယောက်တို့သည် ဤ(ကာမဘုံ)၌သာ ပရိနိဗ္ဗာန်ပြုကုန်၏၊ ပုဂ္ဂိုလ်ငါးယောက်တို့သည် ဤဘုံကို စွန့်၍ ပရိနိဗ္ဗာန်ပြုကုန်၏။ အဘယ်ငါးယောက်တို့အား ဤ(ကာမဘုံ)၌ ပရိနိဗ္ဗာန်ပြုကုန်သနည်း။ သတ္တက္ခတ္တုပရမ သောတာပန်၊ ကောလံကောလ သောတာပန်၊ ဧကဗီဇီ သောတာပန်၊ သကဒါဂါမ်ပုဂ္ဂိုလ်၊ မျက်မှောက်ဘဝ၌ပင် ရဟန္တာဖြစ်သူ ပုဂ္ဂိုလ်တို့တည်း။ဤပုဂ္ဂိုလ် ငါးယောက်တို့သည် ဤကာမဘုံ၌ ပရိနိဗ္ဗာန်ပြုကုန်၏။

အဘယ်ငါးယောက်တို့သည် ဤကာမဘုံကို စွန့်၍ ပရိနိဗ္ဗာန်ပြုကုန်သနည်း။ အန္တရာပရိနိဗ္ဗာယီ အနာဂါမ် ဥပဟစ္စပရိနိဗ္ဗာယီအနာဂါမ် အသင်္ခါရပရိနိဗ္ဗာယီအနာဂါမ် သသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ် ဥဒ္ဓံသောတအကနိဋ္ဌဂါမီအနာဂါမ်တို့တည်း။ဤပုဂ္ဂိုလ် ငါးယောက်တို့သည် ဤကာမဘုံကို စွန့်၍ ပရိနိဗ္ဗာန်ပြုကုန်၏။ ရဟန်းတို့ ငါဘုရားအပေါ်၌ ယုံမှားကင်းကြသူဟူသမျှ အားလုံးတို့သည် (မဂ်)ဉာဏ်အမြင်နှင့် ပြည့်စုံကုန်၏။ ထို(မဂ်)ဉာဏ်အမြင်နှင့် ပြည့်စုံသူတို့တွင် ပုဂ္ဂိုလ်ငါးယောက် တို့သည် ဤကာမဘုံ၌ ပရိနိဗ္ဗာန်ပြုကုန်၏၊ ပုဂ္ဂိုလ်ငါးယောက်တို့သည် ဤကာမဘုံကိုစွန့်၍ ပရိနိဗ္ဗာန်ပြုကုန်၏ဟု(မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-အဝေစ္စပ္ပသန္နသုတ်

၆၄။ ရဟန်းတို့ ငါဘုရားအပေါ်၌ သက်ဝင် ယုံကြည်ကြသူဟူသမျှ အားလုံးတို့သည် အရိယာမဂ်အလျဉ်သို့ရောက်ကြသူတို့တည်း။ ထိုအရိယမဂ်အလျဉ်သို့ရောက်ကြသူတို့တွင် ပုဂ္ဂိုလ် ငါးယောက်တို့သည် ဤကာမဘုံ၌ ပရိနိဗ္ဗာန်ပြုကုန်၏၊ ပုဂ္ဂိုလ်ငါးယောက်တို့သည် ဤကာမဘုံကို စွန့်၍ ပရိနိဗ္ဗာန်ပြုကုန်၏။ အဘယ်ငါးယောက်တို့အား ဤကာမဘုံ၌ ပရိနိဗ္ဗာန်ပြုကုန်သနည်း။ သတ္တက္ခတ္တုပရမ သောတာပန်၊ ကောလံကောလ သောတာပန်၊ ဧကဗီဇီ သောတာပန်၊ သကဒါဂါမ်ပုဂ္ဂိုလ်၊ မျက်မှောက်ဘဝ၌ပင် ရဟန္တာဖြစ်သော ပုဂ္ဂိုလ်တို့တည်း။ ဤပုဂ္ဂိုလ်ငါးယောက် တို့သည် ဤကာမဘုံ၌ ပရိနိဗ္ဗာန်ပြုကုန်၏။

http://www.dhammadownload.com



အဘယ်ငါးယောက်တို့သည် ဤကာမဘုံကိုစွန့်၍ ပရိနိဗ္ဗာန်ပြုကုန်သနည်း။ အန္တရာပရိနိဗ္ဗာယီ အနာဂါမ် ဥပဟစ္စပရိနိဗ္ဗာယီအနာဂါမ် အသင်္ခါရပရိနိဗ္ဗာယီအနာဂါမ် သသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ် ဥဒ္ဓံသောတအကနိဋ္ဌဂါမီအနာဂါမ်တို့တည်း။ ဤငါးယောက်တို့သည် ဤကာမဘုံကိုစွန့်၍ ပရိနိဗ္ဗာန်ပြုကုန်၏။ ရဟန်းတို့ ငါဘုရားအပေါ်၌ သက်ဝင် ယုံကြည်ကြသူဟူသမျှ အားလုံးတို့သည် အရိယာမဂ်အလျဉ်သို့ ရောက်ကြသူတို့တည်း။ ထိုအရိယာမဂ်အလျဉ်သို့ရောက်ကြသူတို့တွင် ပုဂ္ဂိုလ် ငါးယောက်တို့သည် ဤကာမဘုံ၌ ပရိနိဗ္ဗာန်ပြုကုန်၏၊ ပုဂ္ဂိုလ်ငါးယောက်တို့သည် ဤကာမဘုံကို စွန့်၍ ပရိနိဗ္ဗာန်ပြုကုန်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ပဌမ သုခသုတ်

၆၅။ အခါတပါး၌ အသျှင်သာရိပုတြာသည် မဂဓတိုင်း နာလကရွာငယ်၌(သီတင်းသုံး) နေတော်မူ၏။ ထိုအခါ သာမဏ္ဍကာနိပရိဗိုဇ်သည် အသျှင်သာရိပုတြာ အထံသို့ ချဉ်းကပ်၍ အသျှင်သာရိပုတြာနှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီး နောက် တခုသော နေရာ၌ထိုင်လျက် အသျှင်သာရိပုတြာအား – ငါ့သျှင်သာရိပုတြာ ချမ်းသာ ဟူသည် အဘယ်နည်း၊ ဆင်းရဲဟူသည် အဘယ်နည်းဟု မေးလျှောက်၏။ ငါ့သျှင်(ဘဝသစ်၌) ဖြစ်ရမှုသည် ဆင်းရဲတည်း၊ မဖြစ်ရမှုသည် ချမ်းသာတည်း။ ငါ့သျှင် (ဘဝသစ်၌) ဖြစ်မှုရှိလျှင် အအေးမှု၊ ပူမှု၊ စားလိုမှု၊ သောက်လိုမှု၊ ကျင်ကြီးစွန့်လိုမှု၊ ကျင်ငယ်စွန့်လိုမှု၊ မီးလောင်မှု တုတ်လှံတံ ထိခိုက်မှု လက်နက်ထိခိုက်မှု၊ ဆွေမျိုးနှင့် မိတ်ဆွေတို့ စုဝေးလာရောက်ကြ၍ ချုတ်ချယ်မှု ဟူသော ဤဆင်းရဲကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်နိုင်၏။ ငါ့သျှင်(ဘဝသစ်၌)ဖြစ်မှု မရှိလျှင် မအေးမှု၊ မပူမှု၊ မစားလိုမှု၊ မသောက်လိုမှု၊ ကျင်ကြီးမစွန့်လိုမှု၊ ကျင်ငယ်မစွန့်လိုမှု၊ မီးမလောင်မှု တုတ်လှံတံမထိခိုက်မှု လက်နက်မထိခိုက်မှု ဆွေမျိုးနှင့် မိတ်ဆွေတို့ စုဝေးလာရောက်ကြ၍ မချုတ်ချယ်မှု ဟူသော ဤချမ်းသာကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်နိုင်၏ ဟု (မိန့်ဆို၏)။

ပဌမသုတ်။

---

## ၆-ဒုတိယ သုခသုတ်

၆၆။ အခါတပါး၌ အသျှင်သာရိပုတြာသည် မဂဓတိုင်း နာလကရွာငယ်၌(သီတင်းသုံး) နေတော်မူ၏။ ထိုအခါ သာမဏ္ဍကာနိပရိဗိုဇ်သည် အသျှင်သာရိပုတြာ အထံသို့ ချဉ်းကပ်၍ အသျှင်သာရိပုတြာနှင့် အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို ပြီးဆုံးစေပြီး နောက် တခုသော နေရာ၌ထိုင်နေလျက် အသျှင်သာရိပုတြာအား ငါ့သျှင် သာရိပုတြာ ဤဓမ္မ ဝိနယ 'သာသနာတော်'၌ ချမ်းသာဟူသည် အဘယ်နည်း၊ ဆင်းရဲဟူသည် အဘယ်နည်းဟု မေးလျှောက်၏။ ငါ့သျှင် ဓမ္မဝိနယ 'သာသနာတော်'၌ မပျော်မွေ့မှုသည် ဆင်းရဲတည်း၊ ပျော်မွေ့မှုသည် ချမ်းသာတည်း။ ငါ့သျှင် မပျော်မွေ့မှုရှိလျှင် သွားသော်လည်း ချမ်းသာမှု သာယာမှုကို မရ။ ရပ်သော်လည်း။ ထိုင်သော်လည်း။ လျောင်းသော်လည်း။ ရွာသို့

http://www.dhammadownload.com



ကပ်ရောက်သော်လည်း။ တောသို့ ကပ်ရောက်သော်လည်း။ သစ်ပင်ရင်းသို့ ကပ်ရောက်သော်လည်း။ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ရောက်သော်လည်း။ လွင်တီးခေါင်သို့ ကပ်ရောက်သော်လည်း။ ရဟန်းတို့အလယ်သို့ ကပ်ရောက်သော်လည်း ချမ်းသာမှု သာယာမှုကို မရဟူသော ဤ ဆင်းရဲကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်နိုင်၏။ ငါ့သျှင် ပျော်မွေ့မှုရှိလျှင် သွားသော်လည်း ချမ်းသာမှု သာယာမှုကိုရ၏။ ရပ်သော်လည်း။ ထိုင်သော်လည်း။ လျောင်းသော်လည်း။ ရွာသို့ ကပ်ရောက်သော်လည်း။ တောသို့ ကပ်ရောက်သော်လည်း။ ဆိပ်ငြိမ်ရာအရပ်သို့ ကပ်ရောက်သော်လည်း။ လွင်တီးခေါင်သို့ ကပ်ရောက်သော်လည်း။ ရဟန်းတို့အလယ်သို့ ကပ်ရောက်သော်လည်း ချမ်းသာမှု သာယာမှုကိုရ၏။ ဟူသော ဤချမ်းသာကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်နိုင်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ပဌမ နင်္ဂက ပါနသုတ်

၆၇။ အခါတပါး၌ မြတ်စွာဘုရားသည် များစွာသော ရဟန်းအပေါင်းနှင့်အတူ ကောသလ တိုင်းသို့ ဒေသစာရီ လှည့်လည်တော်မူလတ်သော် နင်္ဂက ပါနမည်သော ကောသလတိုင်းသူတို့၏ နိဂုံးသို့ ရောက်တော်မူ၏။ မြတ်စွာဘုရားသည် ထို နင်္ဂက ပါန နိဂုံးတွင် ပေါက်ပင်တော၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ဥပုသ်နေ့၌ ရဟန်းအပေါင်း ခြံရံလျက် ထိုင်နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် များစွာသော ညဉ့်ပတ်လုံး ရဟန်းတို့အား တရားနှင့် စပ်သောစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည် စေကာ (တရားကျင့်သုံးရန်)ထက်သန် ရွှင်လန်းစေပြီးလျှင် ဆိတ်ဆိတ်နေသော ရဟန်းအပေါင်းကို စောင်းငဲ့ ကြည့်ရှုတော်မူကာ အသျှင်သာရိပုတြာအား—သာရိပုတြာ ရဟန်းသံဃာသည် ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' ကင်း၏။ သာရိပုတြာ ရဟန်းတို့အား တရားစကားသည် သင့်ဉာဏ်၌ ထင်စေလော့၊ ငါ၏ ကျောက်ကုန်းသည် ညောင်းညာ၏၊ ငါသည် ထိုကျောက်ကုန်းကို ဆန့်ဦးအံ့ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်သာရိပုတြာသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားသည် ဒုကုဋ်ကို လေးထပ်ခင်း၍ လက်ျာနံ တောင်းဖြင့် ခြေတဖက်၌ ခြေတဖက်ကို (စဉ်းငယ်) လွန်ကာတင်ထား၍ သတိ သမ္ပဇဉ်ရှိလျက် ထအံ့ဟူသော အမှတ်သညာကို နှလုံးပြုပြီးလျှင် မြတ်သော အိပ်ခြင်းကို ပြုတော်မူ၏။

ထိုအခါ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို "ငါ့သျှင် ရဟန်းတို့"ဟု ခေါ်တော်မူ၏။ "ငါ့သျှင်"ဟု ထိုရဟန်းတို့သည် အသျှင်သာရိပုတြာအား ပြန်ကြား လျှောက်ထားကုန်၏။ အသျှင် သာရိပုတြာသည် ဤစကားကို မိန့်ဆို၏—ငါ့သျှင်တို့ ကုသိုလ်တရားတို့၌ ယုံကြည်မှုမရှိသူ အရှက်မရှိသူ ထိတ်လန့်မှုမရှိသူ အားထုတ်မှု မရှိသူ ကုသိုလ်တရားတို့၌ အသိဉာဏ် မရှိသူ မည်သူ့ အားမဆို ရောက်လာသမျှသော ညဉ့် နေ့တို့ဝယ် ကုသိုလ်တရားတို့၌ ဆုတ်ယုတ်မှု (မချွတ် ဖြစ်လိမ့်မည်ဟု) မြော်လင့်နိုင်၏၊ တိုးပွါးမှု (မချွတ် ဖြစ်လိမ့်မည်ဟု) မမြော်လင့်နိုင်။

ငါ့သျှင်တို့ လဆုတ်ပက္ခ၌ လအား ရောက်လာသမျှ ညဉ့် နေ့တို့ဝယ် အဆင်းအားဖြင့် ဆုတ် ယုတ်သည်သာ အဝန်းအဝိုင်းအားဖြင့် ဆုတ်ယုတ်သည်သာ, အရောင်အားဖြင့် ဆုတ်ယုတ်သည် သာ, လုံးယပ်အားဖြင့် ဆုတ်ယုတ်သည်သာ ဖြစ်သကဲ့သို့ ငါ့သျှင်တို့ ဤအတူပင် ကုသိုလ်တရားတို့၌

http://www.dhammadownload.com



ယုံကြည်မှုမရှိသူ အရှက်မရှိသူ ထိတ်လန့်မှုမရှိသူ အားထုတ်မှုမရှိသူ ကုသိုလ်တရားတို့၌ အသိဉာဏ်မရှိသူ မည်သူ့အားမဆို ရောက်လာသမျှသော ညဉ့် နေ့တို့ဝယ် ကုသိုလ်တရားတို့၌ ဆုတ်ယုတ်မှု (မချွတ် ဖြစ်လိမ့်မည်ဟု) မြော်လင့်နိုင်၏၊ တိုးပွါးမှု (မချွတ် ဖြစ်လိမ့်မည်ဟု) မမြော်လင့်နိုင်။

"ငါ့သျှင်တို့ ယုံကြည်မှုမရှိသော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် ဆုတ်ယုတ်မှုတည်း။ "ငါ့သျှင်တို့ အရှက်မရှိသော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် ဆုတ်ယုတ်မှုတည်း။ "ငါ့သျှင်တို့ ထိတ်လန့်မှုမရှိသော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် ဆုတ်ယုတ်မှုတည်း။ "ငါ့သျှင်တို့ ပျင်းရိသော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် ဆုတ်ယုတ်မှုတည်း။ "ငါ့သျှင်တို့ ပညာမဲ့သော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် ဆုတ်ယုတ်မှုတည်း။ "ငါ့သျှင်တို့ အမျက်ထွက်သော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် ဆုတ်ယုတ်မှုတည်း။ "ငါ့သျှင်တို့ ရန်ငြိုးဖွဲ့သော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် ဆုတ်ယုတ်မှုတည်း။ "ငါ့သျှင်တို့ အလိုဆိုးရှိသော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် ဆုတ်ယုတ်မှုတည်း။ "ငါ့သျှင်တို့ မိတ်ဆွေယုတ်ရှိသော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် ဆုတ်ယုတ်မှုတည်း။ "ငါ့သျှင်တို့ အယူမှားရှိသော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် ဆုတ်ယုတ်မှုတည်း။

ငါ့သျှင်တို့ ကုသိုလ်တရားတို့၌ ယုံကြည်မှုရှိသူ အရှက်ရှိသူ ထိတ်လန့်မှုရှိသူ အားထုတ်မှုရှိသူ ကုသိုလ်တရားတို့၌ အသိဉာဏ်ရှိသူ မည်သူ့အားမဆို ရောက်လာသမျှသော ညဉ့် နေ့ တို့ဝယ် ကုသိုလ်တရားတို့၌ တိုးပွါးမှုသာ (မချွတ်ဖြစ်လိမ့်မည်ဟု) မြော်လင့်နိုင်၏၊ ဆုတ်ယုတ်မှု (မချွတ်ဖြစ်လိမ့်မည်ဟု) မမြော်လင့်နိုင်။ ငါ့သျှင်တို့ လဆန်းပက္ခ၌ လအား ရောက်လာသမျှသော ညဉ့်နေ့တို့ဝယ် အဆင်းအားဖြင့် တိုးပွါးသည်သာ, အဝန်းအဝိုင်းအားဖြင့် တိုးပွါးသည်သာ, အရောင်အားဖြင့် တိုးပွါးသည်သာ, လုံးယပ်အားဖြင့် တိုးပွါးသည်သာဖြစ်သကဲ့သို့ ငါ့သျှင်တို့ ဤအတူပင် ယုံကြည်မှုရှိသူ အရှက်ရှိသူ ထိတ်လန့်မှုရှိသူ အားထုတ်မှုရှိသူ မည်သူ့အားမဆို ကုသိုလ်တရားတို့၌ တိုးပွါးမှုသာ (မချွတ်ဖြစ်လိမ့်မည်ဟု) မြော်လင့် နိုင်၏။ ဆုတ်ယုတ်မှု (မချွတ်ဖြစ်လိမ့်မည်ဟု) မမြော်လင့်နိုင်။

"ငါ့သျှင်တို့ ယုံကြည်မှုရှိသော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် မဆုတ်ယုတ်မှုတည်း။ "ငါ့သျှင်တို့ အရှက်ရှိသော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် မဆုတ်ယုတ်မှုတည်း။ "ငါ့သျှင်တို့ ထိတ်လန့်မှုရှိသော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် မဆုတ်ယုတ်မှုတည်း။ "ငါ့သျှင်တို့ ထက်သန်သော လုံ့လရှိသော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် မဆုတ်ယုတ်မှုတည်း။ "ငါ့သျှင်တို့ ပညာရှိသော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် မဆုတ်ယုတ်မှုတည်း။ "ငါ့သျှင်တို့ အမျက်မထွက်သော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် မဆုတ်ယုတ်မှုတည်း။ "ငါ့သျှင်တို့ ရန်ငြိုးမဖွဲ့သော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် မဆုတ်ယုတ်မှုတည်း။ "ငါ့သျှင်တို့ အလိုနည်းသော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် မဆုတ်ယုတ်မှုတည်း။ "ငါ့သျှင်တို့ မိတ်ကောင်းရှိသော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် မဆုတ်ယုတ်မှုတည်း။ ငါ့သျှင်တို့ အယူမှန်ရှိသော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် မဆုတ်ယုတ်မှုတည်းဟု (မိန့်ဆို၏)။

ထို့နောက် မြတ်စွာဘုရားသည် စောစောထတော်မူ၍ အသျှင်သာရိပုတြာကို သာရိပုတြာ ကောင်းပေစွ၊ ကောင်းပေစွ၊ သာရိပုတြာ ကုသိုလ်တရားတို့၌ ယုံကြည်မှုမရှိသူ အရှက်မရှိသူ

http://www.dhammadownload.com



ထိတ်လန့်မှုမရှိသူ အားထုတ်မှုမရှိသူ ကုသိုလ်တရားတို့၌ အသိဉာဏ်မရှိသူ မည်သူ့အားမဆို ရောက်လာသမျှသော ညဥ့်နေ့တို့ဝယ် ကုသိုလ်တရားတို့၌ ဆုတ်ယုတ်မှုသာ (မချွတ်ဖြစ်လိမ့်မည်ဟု) မြှော်လင့်နိုင်၏၊ တိုးပွါးမှု (မချွတ်ဖြစ်လိမ့်မည်ဟု) မမြှော်လင့်နိုင်။

သာရိပုတြာ လဆုတ်ပက္ခ၌ လအား ရောက်လာသမျှသော ညဥ့်နေ့တို့ဝယ် အဆင်းအားဖြင့် ဆုတ်ယုတ်သည်သာ, အဝန်းအဝိုင်းအားဖြင့် ဆုတ်ယုတ်သည်သာ, အရောင်အားဖြင့် ဆုတ်ယုတ်သည်သာ, အလုံးအယပ်အားဖြင့် ဆုတ်ယုတ်သည်သာ ဖြစ်သကဲ့သို့ သာရိပုတြာ ဤအတူပင် ကုသိုလ်တရားတို့၌ ယုံကြည်မှုမရှိသူ။ပ။ ကုသိုလ်တရားတို့၌ အသိဉာဏ်မရှိသူ မည်သူ့အားမဆို ရောက်လာသမျှသော ညဥ့်နေ့တို့ဝယ်။ပ။ တိုးပွါးမှု (မချွတ်ဖြစ်လိမ့်မည်ဟု)မမြှော်လင့်နိုင်။ သာရိပုတြာ "ယုံကြည်မှုမရှိသော ယောကျ်ားပုဂ္ဂိုလ်" ဟူသော ဤစကားသည် ဆုတ်ယုတ်မှုတည်း၊ "အရှက်မရှိသော။ ထိတ်လန့်မှုမရှိသော။ ပျင်းရိသော။ ပညာမဲ့သော။ အမျက်ထွက်သော။ ရန်ငြိုးဖွဲ့သော။ အလိုဆိုးရှိသော။ မိတ်ဆွေယုတ်ရှိသော။ အယူမှားရှိသော ယောကျ်ားပုဂ္ဂိုလ်" ဟူသော ဤစကားသည် ဆုတ်ယုတ်မှုတည်း။ သာရိပုတြာ ကုသိုလ်တရားတို့၌ ယုံကြည်မှုရှိသူ အရှက်ရှိသူ ထိတ်လန့်မှုရှိသူ အားထုတ်မှုရှိသူ ကုသိုလ်တရားတို့၌ အသိဉာဏ်ရှိသူ မည်သူ့အားမဆို ရောက်လာသမျှသော ညဥ့်နေ့တို့ဝယ် ကုသိုလ်တရားတို့၌ တိုးပွါးမှုသာ (မချွတ်ဖြစ်လိမ့်မည်ဟု) မြှော်လင့်နိုင်၏၊ ဆုတ်ယုတ်မှု (မချွတ်ဖြစ်လိမ့်မည်ဟု) မမြှော်လင့်နိုင်။ သာရိပုတြာ လဆန်းပက္ခ၌ လအား ရောက်လာသမျှသော ညဥ့်နေ့တို့ဝယ် အဆင်းအားဖြင့် တိုးပွါးသည်သာ, အဝန်းအဝိုင်းအားဖြင့် တိုးပွါးသည်သာ, အရောင်အားဖြင့် တိုးပွါးသည်သာ, လုံးယပ်အားဖြင့် တိုးပွါးသည်သာ ဖြစ်သကဲ့သို့ သာရိပုတြာ ဤအတူပင် ကုသိုလ်တရားတို့၌ ယုံကြည်မှုရှိသူ အရှက်ရှိသူ ထိတ်လန့်မှုရှိသူ အားထုတ်မှုရှိသူ ကုသိုလ်တရားတို့၌ အသိဉာဏ်ရှိသူ မည်သူ့အားမဆို ရောက်လာသမျှသော ညဥ့်နေ့တို့ဝယ် ကုသိုလ်တရားတို့၌ တိုးပွါးမှုသာ (မချွတ်ဖြစ်လိမ့်မည်ဟု) မြှော်လင့်နိုင်၏၊ ဆုတ်ယုတ်မှု (မချွတ်ဖြစ်လိမ့်မည်ဟု) မမြှော်လင့်နိုင်။

သာရိပုတြာ "ယုံကြည်မှုရှိသော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် မဆုတ်ယုတ်မှုတည်း၊ အရှက်ရှိသော။ ထိတ်လန့်မှုရှိသော။ ထက်သန်သော။ လုံ့လရှိသော။ ပညာရှိသော။ အမျက်မထွက်သော။ ရန်ငြိုးမဖွဲ့သော။ အလိုနည်းသော။ မိတ်ဆွေကောင်းရှိသော။ အယူမှန်ရှိသော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် မဆုတ်ယုတ်မှုတည်း ဟု မိန့်တော်မူ၏။

သတ္တမသုတ်။

---

## ၈-ဒုတိယ နဠက ပါနသုတ်

၆၈။ **အခါတပါး၌ မြတ်စွာဘုရားသည် နဠကပါနနိဂုံးတွင် ပေါက်ပင်တော၌ (သီတင်းသုံး)** နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ဥပုသ်နေ့၌ ရဟန်းအပေါင်း ခြံရံလျက် ထိုင်နေတော်မူ၏။ ထို့နောက် မြတ်စွာဘုရားသည် များစွာသောညဥ့်ပတ်လုံး ရဟန်းတို့အား တရားနှင့်စပ်သော စကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်စေ၍ ရွှင်လန်းပြီးလျှင် ဆိတ်ဆိတ်နေသော ရဟန်းအပေါင်းကို စောင်းငဲ့ ကြည့်ရှုတော်မူကာ အသျှင်သာရိပုတြာကို—သာရိပုတြာ ရဟန်းသံဃာသည် ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' ကင်း၏၊

http://www.dhammadownload.com



သာရိပုတြာ ရဟန်းတို့အား တရားနှင့်စပ်သော စကားသည် သင့်ဉာဏ်၌ ထင်စေလော့၊ ငါ၏ ကျောက်ကုန်းသည် ညောင်းညာ၏၊ ငါသည် ကျောက်ကုန်းကို ဆန့်ဦးအံ့ ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်သာရိပုတြာသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားသည် ဒုကုဋ်ကို လေးထပ်ခင်း၍ လက်ျာနံတောင်းဖြင့် ခြေတဖက်၌ ခြေတဖက်ကို (စဉ်းငယ်)လွန်ကာ တင်ထား၍သတိသမ္ပဇဉ် ရှိလျက် ထအံ့ဟူသော အမှတ်သညာကို နှလုံးပြုပြီးလျှင် မြတ်သော အိပ်ခြင်းကို ပြုတော်မူ၏။

ထိုအခါ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို "ငါ့သျှင် ရဟန်းတို့" ဟု ခေါ်တော် မူ၏။ "ငါ့သျှင်"ဟု ထိုရဟန်းတို့သည် ပြန်ကြားလျှောက်ထားကုန်၏။အသျှင်သာရိပုတြာသည် ဤစကားကို မိန့်ဆို၏။ ငါ့သျှင်တို့ ကုသိုလ်တရားတို့၌ ယုံကြည်မှုမရှိသူ၊ အရှက်မရှိသူ၊ ထိတ်လန့်မှုမရှိသူ၊ အားထုတ်မှု မရှိသူ၊ အသိဉာဏ် မရှိသူ၊ နားထောင်မှု မရှိသူ၊ တရားကို ဆောင်ထားမှု မရှိသူ၊ အနက်ကို စူးစမ်းမှု မရှိသူ၊ တရားအလျောက် တရားကျင့်မှု မရှိသူ၊ ကုသိုလ် တရားတို့၌ မမေ့လျော့မှု မရှိသူ မည်သူ့အားမဆို ရောက်လာသမျှသော ညဉ့်နေ့တို့ဝယ် ကုသိုလ်တရားတို့၌ ဆုတ်ယုတ်မှုသာ (မချွတ်ဖြစ်လိမ့်မည်ဟု) မြော်လင့်နိုင်၏၊ တိုးပွါးမှု (မချွတ်ဖြစ်လိမ့်မည်ဟု) မမြော်လင့်နိုင်။ ငါ့သျှင်တို့ လဆုတ်ပက္ခ၌ လအား ရောက်လာသမျှသော ညဉ့်နေ့တို့ဝယ် အဆင်းအားဖြင့် ဆုတ်ယုတ်သည်သာ, အဝန်းအဝိုင်းအားဖြင့် ဆုတ်ယုတ်သည်သာ, အရောင်အားဖြင့် ဆုတ်ယုတ်သည်သာ, လုံးယပ်အားဖြင့် ဆုတ်ယုတ်သည်သာဖြစ်သကဲ့သို့ ငါ့သျှင်တို့ ဤအတူပင် ကုသိုလ်တရားတို့၌ ယုံကြည်မှု မရှိသူ ရှက်မှု မရှိသူ ထိတ်လန့်မှု မရှိသူ အားထုတ်မှု မရှိသူ အသိဉာဏ် မရှိသူ နားထောင်မှု မရှိသူ တရားကို ဆောင်ထားမှု မရှိသူ အနက်ကို စူးစမ်းမှု မရှိသူ တရားအလျောက် တရားကျင့်မှု မရှိသူ ကုသိုလ်တရားတို့၌ မမေ့လျော့မှု မရှိသူ မည်သူ့အားမဆို ရောက်လာသမျှသော ညဉ့်နေ့တို့ဝယ် ကုသိုလ်တရားတို့၌ ဆုတ်ယုတ်မှုသာ (မချွတ်ဖြစ်လိမ့်မည်ဟု) မြော်လင့်နိုင်၏၊ တိုးပွါးမှု (မချွတ်ဖြစ်လိမ့်မည်ဟု) မမြော်လင့်နိုင်။

ငါ့သျှင်တို့ ကုသိုလ်တရားတို့၌ ယုံကြည်မှုရှိသူ ရှက်မှုရှိသူ ထိတ်လန့်မှုရှိသူ အားထုတ်မှုရှိသူ အသိဉာဏ်ရှိသူ နားထောင်မှုရှိသူ တရားကို ဆောင်ထားမှုရှိသူ အနက်ကို စူးစမ်းမှုရှိသူ တရားအလျောက် တရားကျင့်မှုရှိသူ ကုသိုလ်တရားတို့၌ မမေ့လျော့မှုရှိသူ မည်သူ့အားမဆို ရောက်လာသမျှသော ညဉ့်နေ့တို့ဝယ် ကုသိုလ်တရားတို့၌ တိုးပွါးမှုသာ (မချွတ်ဖြစ်လိမ့်မည်ဟု) မြော်လင့်နိုင်၏၊ ဆုတ်ယုတ်မှု (မချွတ်ဖြစ်လိမ့်မည်ဟု) မမြော်လင့်နိုင်။

ငါ့သျှင်တို့ လဆန်းပက္ခ၌ လအား ရောက်လာသမျှသော ညဉ့်နေ့တို့ဝယ် အဆင်းအားဖြင့် တိုးပွါးသည်သာ, အဝန်းအဝိုင်းအားဖြင့် တိုးပွါးသည်သာ, အရောင်အားဖြင့် တိုးပွါးသည်သာ, လုံးယပ်အားဖြင့် တိုးပွါးသည်သာ ဖြစ်သကဲ့သို့ ငါ့သျှင်တို့ ဤအတူပင် ကုသိုလ်တရား၌ ယုံကြည်မှုရှိသူ။ပ။ ကုသိုလ်တို့၌ မမေ့လျော့မှုရှိသူ မည်သူ့အားမဆိုရောက်လာသမျှသော ညဉ့်နေ့တို့ဝယ် ကုသိုလ်တရားတို့၌ တိုးပွါးမှုသာ (မချွတ်ဖြစ်လိမ့်မည်ဟု) မြော်လင့်နိုင်၏၊ ဆုတ်ယုတ်မှု (မချွတ်ဖြစ်လိမ့်မည်ဟု) မမြော်လင့်နိုင်ဟု (မိန့်ဆို၏)။

ထိုနောက် မြတ်စွာဘုရားသည် စောစောထတော်မူ၍ အသျှင်သာရိပုတြာကို—သာရိပုတြာ ကောင်းပေစွ၊ ကောင်းပေစွ၊ သာရိပုတြာ ကုသိုလ်တရားတို့၌ ယုံကြည်မှုမရှိသူ အရှက်မရှိသူ ထိတ်လန့်မှုမရှိသူ အားထုတ်မှုမရှိသူ အသိဉာဏ်မရှိသူ နားထောင်မှုမရှိသူ တရားကို ဆောင်ထားမှု

http://www.dhammadownload.com



မရှိသူ အနက်ကို စူးစမ်းမှု မရှိသူ တရားအလျောက် တရားကျင့်မှု မရှိသူ ကုသိုလ်တရားတို့၌ မမေ့လျော့မှုမရှိသူ မည်သူ့အားမဆို ရောက်လာသမျှသော ညဥ့်နေ့တို့ဝယ် ကုသိုလ်တရားတို့၌ ဆုတ်ယုတ်မှုသာ (မချွတ်ဖြစ်လိမ့်မည်ဟု) မြော်လင့်နိုင်၏၊ တိုးပွါးမှု (မချွတ်ဖြစ်လိမ့်မည်ဟု) မမြော်လင့်နိုင်။ သာရိပုတြာ လဆုတ်ပက္ခ၌ လအား ရောက်လာသမျှသော ညဥ့်နေ့တို့ဝယ် ရှိသမျှ အဆင်းအားဖြင့် ဆုတ်ယုတ်သည်သာ, အဝန်းအဝိုင်းအားဖြင့် ဆုတ်ယုတ်သည်သာ, အရောင်အားဖြင့် ဆုတ်ယုတ်သည်သာ, လုံးယပ်အားဖြင့် ဆုတ်ယုတ်သည်သာ ဖြစ်သကဲ့သို့ သာရိပုတြာ ဤအတူပင် ကုသိုလ်တရားတို့၌ ယုံကြည်မှု မရှိသူ။ပ။ ကုသိုလ်တရားတို့၌ မမေ့လျော့မှု မရှိသူ မည်သူအားမဆို ရောက်လာသမျှသော ညဥ့်နေ့တို့ဝယ် ကုသိုလ်တရားတို့၌ ဆုတ်ယုတ်မှုသာ (မချွတ်ဖြစ်လိမ့်မည်ဟု) မြော်လင့်နိုင်၏၊ တိုးပွါးမှု (မချွတ်ဖြစ်လိမ့်မည်ဟု) မမြော်လင့်နိုင်။

သာရိပုတြာ ကုသိုလ်တရားတို့၌ ယုံကြည်မှုရှိသူ အရှက်ရှိသူ ထိတ်လန့်မှုရှိသူ အားထုတ်မှုရှိသူ အသိဉာဏ်ရှိသူ နားထောင်မှုရှိသူ တရားကို ဆောင်ထားမှုရှိသူ အနက်ကို စူးစမ်းမှုရှိသူ တရားအလျောက် တရားကျင့်မှုရှိသူ ကုသိုလ် တရားတို့၌ မမေ့လျော့မှုရှိသူ မည်သူ့အားမဆို ရောက်လာသမျှသော ညဥ့်နေ့တို့ဝယ် ကုသိုလ်တရားတို့၌ တိုးပွါးမှုသာ(မချွတ်ဖြစ်လိမ့်မည်ဟု) မြော်လင့်နိုင်၏၊ ဆုတ်ယုတ်မှု (မချွတ်ဖြစ်လိမ့်မည်ဟု) မမြော်လင့်နိုင်။ သာရိပုတြာ လဆန်းပက္ခ၌ လအား ရောက်လာသမျှသော ညဥ့်နေ့တို့ဝယ် အဆင်းအားဖြင့် တိုးပွါးသည်သာ, အဝန်းအဝိုင်းအားဖြင့် တိုးပွါးသည်သာ, အရောင်အားဖြင့် တိုးပွါးသည်သာ, လုံးယပ်အားဖြင့် တိုးပွါးသည်သာ ဖြစ်သကဲ့သို့ သာရိပုတြာ ဤအတူပင် ကုသိုလ်တရားတို့၌ ယုံကြည်မှုရှိသူ။ပ။ ကုသိုလ်တရားတို့၌ မမေ့လျော့မှု ရှိသူ မည်သူ့အားမဆို ရောက်လာသမျှသော ညဥ့်နေ့တို့ဝယ် ကုသိုလ်တရားတို့၌ တိုးပွါးမှုသာ (မချွတ်ဖြစ်လိမ့်မည်ဟု) မြော်လင့်နိုင်၏၊ ဆုတ်ယုတ်မှု (မချွတ်ဖြစ်လိမ့်မည်ဟု) မမြော်လင့်နိုင်ဟု မိန့်တော်မူ၏။

အဋ္ဌမသုတ်။

---

## ၉-ပဌမ ကထာဝတ္ထုသုတ်

၆၉။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏။ ထိုအခါ ရဟန်းများစွာတို့သည် ဆွမ်းစားပြီးနောက် ဆွမ်းခံရာမှ ဖဲခဲ့ကြကာ စည်းဝေးရာ စရပ်၌ အညီအညွတ်စုဝေးထိုင်နေ ကြပြီးလျှင် များစွာသော (မဂ်ဖိုလ်မှ) ဖီလာစကားကို ပြောဆိုလျက်နေကုန်၏။ ဤသည်တို့ကား အဘယ်တို့နည်း။ မင်းနှင့်စပ်သောစကား ခိုးသူနှင့်စပ်သောစကား အမတ်ကြီးနှင့် စပ်သောစကား စစ်သည်နှင့် စပ်သောစကား ကြောက်ဖွယ်နှင့် စပ်သောစကား စစ်ထိုးမှုနှင့် စပ်သောစကား စားဖွယ်နှင့်စပ်သောစကား သောက်ဖွယ်နှင့်စပ်သောစကား အဝတ်နှင့်စပ်သောစကား အိပ်ရာနှင့် စပ်သောစကား ပန်းနှင့်စပ်သောစကား နံ့သာနှင့်စပ်သောစကား ဆွေမျိုးနှင့်စပ်သောစကား ယာဉ်နှင့်စပ်သောစကား ရွာနှင့်စပ်သောစကား နိဂုံးနှင့်စပ်သောစကား မြို့နှင့်စပ်သောစကား နယ်နှင့်စပ်သောစကား မိန်းမနှင့်စပ်သောစကား သူရဲကောင်းနှင့်စပ်သောစကား လမ်းနှင့်စပ်သော စကား ရေခပ်ဆိပ်နှင့်စပ်သောစကား သေလွန်သူနှင့်စပ်သောစကား အထွေထွေနှင့်စပ်သောစကား

http://www.dhammadownload.com



လောက(အကြောင်း)နှင့် စပ်သောစကား သမုဒ္ဒရာ(အကြောင်း)နှင့်စပ်သောစကား ကြီးပွါးမှု ဆုတ်ယုတ်မှုနှင့်စပ်သောစကားတို့တည်း။

ထိုအခါ မြတ်စွာဘုရားသည် ညနေချမ်းအခါ၌ (တပါးတည်း) ကိန်းအောင်းရာမှ ထတော်မူကာ စည်းဝေးရာစရပ်သို့ ချဉ်းကပ်ပြီးနောက် ခင်းထားသော နေရာ၌ ထိုင်တော်မူလျက် ရဟန်းတို့ကို "ရဟန်းတို့ ယခုအခါ၌ အဘယ်စကားဖြင့် အညီအညွတ်စုဝေး ထိုင်နေကြကုန်သနည်း၊ သင်တို့၏ မပြီးပြတ်သေးသော အကြားစကားသည် အဘယ်နည်း" ဟု မေးတော်မူ၏။ အသျှင်ဘုရား အကျွန်ုပ်တို့သည် ဆွမ်းစားပြီးနောက် ဆွမ်းခံရာမှ ဖဲခဲ့ကြကာ စည်းဝေးရာစရပ်၌ အညီအညွတ်စုဝေး ထိုင်နေကြပါသည်၊ များစွာသော (မဂ်ဖိုလ်မှ) ဖီလာစကားကိုအားထုတ်လျက် နေကြပါသည်။ ယင်းစကားတို့ ဟူသည်မှာ မင်းနှင့် စပ်သောစကား ခိုးသူနှင့်စပ်သောစကား ။ပ။ ကြီးပွါးမှု ဆုတ်ယုတ်မှုနှင့်စပ်သောစကား ဤသည်တို့ပါတည်း ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ မင်းနှင့်စပ်သောစကား ခိုးသူနှင့်စပ်သောစကား အမတ်ကြီးနှင့် စပ်သောစကား စစ်သည်နှင့်စပ်သောစကား ကြောက်ဖွယ်နှင့် စပ်သောစကား စစ်ထိုးခြင်းနှင့် စပ်သောစကား စားဖွယ်နှင့်စပ်သောစကား သောက်ဖွယ်နှင့်စပ်သောစကား အဝတ်နှင့်စပ်သောစကား အိပ်ရာနှင့် စပ်သောစကား ပန်းနှင့်စပ်သောစကား နံ့သာနှင့်စပ်သောစကား ဆွေမျိုးနှင့်စပ်သောစကား ယာဉ်နှင့်စပ်သောစကား ရွာနှင့်စပ်သောစကား နိဂုံးနှင့်စပ်သောစကား မြို့နှင့်စပ်သောစကား နယ်နှင့်စပ်သောစကား မိန်းမနှင့်စပ်သောစကား သူရဲကောင်းနှင့်စပ်သောစကား လမ်းနှင့်စပ်သောစကား ရေခပ်ဆိပ်နှင့်စပ်သောစကား သေလွန်သူနှင့်စပ်သောစကား အထွေထွေနှင့်စပ်သောစကား လောက (အကြောင်း)နှင့် စပ်သောစကား သမုဒ္ဒရာ(အကြောင်း)နှင့် စပ်သောစကား ကြီးပွါးမှု ဆုတ်ယုတ်မှုနှင့် စပ်သောစကား ဟူသော များစွာသော (မဂ်ဖိုလ်မှ) ဖီလာဖြစ်သောစကားတို့ ပြောဆိုနေကြခြင်းသည် ယုံကြည်မှု သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြုသော သင်တို့အား မသင့်လျော်ချေ။

ရဟန်းတို့ စီးပွါးချမ်းသာ၏ အကြောင်းဖြစ်သော စကားတို့သည် ဤဆယ်မျိုးတို့တည်း။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—အလိုနည်းမှုနှင့် စပ်သောစကား ရောင့်ရဲမှုနှင့် စပ်သောစကား ကင်းဆိတ်မှုနှင့်စပ်သောစကား မရောနှောမှုနှင့်စပ်သောစကား ဝီရိယ အားထုတ်မှုနှင့် စပ်သောစကား သီလနှင့်စပ်သောစကား သမာဓိနှင့် စပ်သောစကား ပညာနှင့်စပ်သောစကား လွတ်မြောက်မှု 'အရဟတ္တဖိုလ်' နှင့်စပ်သောစကား လွတ်မြောက်မှုကို ဆင်ခြင်သော ဉာဏ်အမြင်နှင့် စပ်သော စကားတို့တည်း။ ရဟန်းတို့ စီးပွါးချမ်းသာ၏ အကြောင်းဖြစ်သော စကားတို့သည် ဤဆယ်မျိုးတို့ပင်တည်း။ ရဟန်းတို့ အကယ်၍ သင်တို့သည် ဤစကား (စီးပွါးချမ်းသာခြင်း၏) အကြောင်းဖြစ်သော ဆယ်မျိုးတို့ကို ထောက်ဆ၍ ထောက်ဆ၍ စကားကို ပြောဆိုကြပါမူ ဤသို့ တန်ခိုးကြီးသော ဤသို့ အာနုဘော်ကြီးသော ဤ လ နေ တို့၏ အစွမ်းကိုသော်လည်း (မိမိ) အစွမ်းဖြင့် ကုန်ခန်းစေနိုင်ရာ၏၊ သာသနာတော်မှ တပါးသော အယူရှိသည့် ပရိဗိုဇ်တို့၏ (အစွမ်းကို ကုန်ခန်းစေရာ၌ကား) အဘယ် ဆိုဖွယ်ရာရှိအံ့နည်း ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-ဒုတိယ ကထာဝတ္ထုသုတ်

၇၀။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏။ထိုအခါ ရဟန်းများစွာတို့သည်ဆွမ်းစားပြီးနောက် ဆွမ်းခံရာမှဖဲခဲ့ကြကာ အညီအညွတ် စုဝေးထိုင်နေကြကုန်လျက် များစွာသော (မဂ်ဖိုလ်မှ) ဖီလာ ဖြစ်သော စကားကို ပြောဆိုလျက် နေကုန်၏။ ဤသည်တို့ကား အဘယ်တို့နည်း၊ မင်းနှင့်စပ် သောစကား ခိုးသူတို့နှင့်စပ်သောစကား အမတ်ကြီးနှင့်စပ်သောစကား။ပ။ ကြီးပွါးမှု ဆုတ်ယုတ်မှု နှင့်စပ်သော စကားတို့တည်း။

ရဟန်းတို့ ချီးမွမ်းဖွယ်ရာ အကြောင်းအရာတို့သည် ဤဆယ်မျိုးတို့တည်း။ အဘယ်ဆယ်မျိုး တို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မိမိသည်လည်း အလိုနည်း၏၊ ရဟန်းတို့အားလည်း အလိုနည်းမှုနှင့်စပ်သော စကားကို ပြောဟောတတ်၏။ "အလိုနည်းသော ရဟန်း ရဟန်းတို့အားလည်း အလိုနည်းမှုနှင့် စင်သော စကားကို ပြောဟောတတ်သောရဟန်း" ဟူသော ဤအရာသည် ချီးမွမ်းဖွယ်တည်း။ မိမိသည်လည်း ရောင့်ရဲလွယ်၏၊ ရဟန်းတို့အားလည်း ရောင့်ရဲလွယ်မှုနှင့်စပ်သော စကားကို ပြောဟောတတ်၏၊ "ရောင့်ရဲလွယ်သောရဟန်း ရဟန်းတို့ အားလည်း ရောင့်ရဲလွယ်မှုနှင့်စပ်သော စကားကို ပြောဟောတတ်သော ရဟန်း" ဟူသော ဤအရာသည် ချီးမွမ်းဖွယ်တည်း။ မိမိသည်လည်း ကင်းဆိတ်၏၊ ရဟန်းတို့အားလည်း ကင်းဆိတ် မှုနှင့်စပ်သော စကားကို ပြောဟောတတ်၏၊ "ကင်းဆိတ်သောရဟန်း ရဟန်းတို့အားလည်း ကင်းဆိတ်မှုနှင့်စပ်သော စကားကို ပြောဟောတတ်သော ရဟန်း" ဟူသော ဤအရာသည် ချီးမွမ်းဖွယ်တည်း။ မိမိသည်လည်း မရောနှော၊ ရဟန်းတို့အားလည်း မရောနှောမှုနှင့်စပ်သော စကားကို ပြောဟောတတ်၏၊ "မရောနှောသောရဟန်း ရဟန်းတို့အားလည်း မရောနှောမှုနှင့် စပ်သော စကားကို ပြောဟောတတ်သောရဟန်း" ဟူသော ဤအရာသည် ချီးမွမ်းဖွယ်တည်း။ မိမိသည်လည်း ထက်သန်သော လုံ့လရှိ၏၊ ရဟန်းတို့အားလည်း ထက်သန်သော လုံ့လရှိမှုနှင့် စပ်သော စကားကို ပြောဟောတတ်၏၊ "ထက်သန်သော လုံ့လရှိသောရဟန်း ရဟန်းတို့အား လည်း ထက်သန်သော လုံ့လရှိမှုနှင့်စပ်သော စကားကို ပြောဟောတတ်သောရဟန်း" ဟူသော ဤအရာသည် ချီးမွမ်းဖွယ်တည်း။ မိမိသည်လည်း သီလပြည့်စုံ၏။ ရဟန်းတို့အားလည်း သီလ ပြည့်စုံမှုနှင့်စပ်သော စကားကို ပြောဟောတတ်၏၊ "သီလပြည့်စုံသောရဟန်း ရဟန်းတို့အားလည်း သီလပြည့်စုံမှုနှင့်စပ်သော စကားကို ပြောဟောတတ်သော ရဟန်း" ဟူသော ဤအရာသည် ချီးမွမ်းဖွယ်တည်း။ မိမိသည်လည်း သမာဓိပြည့်စုံ၏၊ ရဟန်းတို့အားလည်း သမာဓိပြည့်စုံမှုနှင့် စပ်သော စကားကို ပြောဟောတတ်၏၊ "သမာဓိပြည့်စုံသောရဟန်း ရဟန်းတို့အားလည်း သမာဓိပြည့်စုံမှုနှင့်စပ်သော စကားကို ပြောဟောတတ်သောရဟန်း" ဟူသော ဤအရာသည် ချီးမွမ်းဖွယ်တည်း။ မိမိသည်လည်း ပညာပြည့်စုံ၏၊ ရဟန်းတို့အားလည်း ပညာပြည့်စုံမှုနှင့် စပ် သော စကားကို ပြောဟောတတ်၏၊ "ပညာပြည့်စုံသောရဟန်း ရဟန်းတို့အားလည်း ပညာ ပြည့်စုံမှုနှင့်စပ်သော စကားကို ပြောဟောတတ်သော ရဟန်း" ဟူသော ဤအရာသည် ချီးမွမ်း ဖွယ်တည်း။ မိမိသည်လည်း လွတ်မြောက်မှု 'အရဟတ္တဖိုလ်' နှင့်ပြည့်စုံ၏၊ ရဟန်းတို့အားလည်း လွတ်မြောက်မှု 'အရဟတ္တဖိုလ်' ပြည့်စုံမှုနှင့်စပ်သော စကားကို ပြောဟောတတ်၏၊ "လွတ် မြောက်မှု 'အရဟတ္တဖိုလ်' ပြည့်စုံသောရဟန်း ရဟန်းတို့အားလည်းလွတ်မြောက်မှု 'အရဟတ္တဖိုလ်'

http://www.dhammadownload.com



ပြည့်စုံမှုနှင့်စပ်သော စကားကို ပြောဟောတတ်သော ရဟန်း” ဟူသော ဤအရာသည် ချီးမွမ်းဖွယ်တည်း။ မိမိသည်လည်း လွတ်မြောက်မှု ‘အရဟတ္တဖိုလ်’ ကို ဆင်ခြင်သော ဉာဏ်အမြင် ပြည့်စုံ၏၊ ရဟန်းတို့အားလည်း လွတ်မြောက်မှု ‘အရဟတ္တဖိုလ်’ ကို ဆင်ခြင်သော ဉာဏ်အမြင် ပြည့်စုံမှုနှင့်စပ်သော စကားကို ပြောဟောတတ်၏၊ “လွတ်မြောက်မှု ‘အရဟတ္တဖိုလ်’ကို ဆင်ခြင်သော ဉာဏ်အမြင်ပြည့်စုံသော ရဟန်း ရဟန်းတို့အားလည်း လွတ်မြောက်မှု ‘အရဟတ္တဖိုလ်’ ကို ဆင်ခြင်သော ဉာဏ်အမြင်ပြည့်စုံမှုနှင့်စပ်သော စကားကို ပြောဟောတတ်သောရဟန်း” ဟူသော ဤအရာသည် ချီးမွမ်းဖွယ်တည်း။

ရဟန်းတို့ ချီးမွမ်းဖွယ်ရာ အကြောင်းအရာတို့သည် ဤဆယ်မျိုးတို့တည်း ဟု(မိန့်တော်မူ၏)။

ဒသမသုတ်။

နှစ်ခုမြောက် ယမကဝဂ် ပြီး၏။

## (၈) ၃-အာကင်္ခဝဂ် ၁-အာကင်္ခသုတ်

၇၁။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို “ရဟန်းတို့”ဟု ခေါ်တော်မူ၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား “အသျှင်ဘုရား”ဟု ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤတရားဒေသနာကို မိန့်တော်မူ၏—

ရဟန်းတို့ သီလနှင့် ပြည့်စုံသည်ဖြစ်၍ နေကြကုန်လော့၊ ပါတိမောက္ခသံဝရသီလ စောင့်စည်းခြင်းဖြင့် စောင့်စည်းကြကာ အကျင့် ‘အာစာရ’ ကျက်စားရာ ‘ဂေါစရ’ တို့နှင့် ပြည့်စုံကုန်လျက် **နေကြကုန်လော့၊ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိသည်ဖြစ်၍ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်လျက် ကျင့်ကြကုန်လော့။**

ရဟန်းတို့ ရဟန်းသည် “သီတင်းသုံးဖော်တို့ ချစ်ခင်အပ်သူ နှလုံးကိုပွါးစေတတ်သူ လေးစားအပ်သူ ချီးမွမ်းအပ်သူ ဖြစ်လို၏”ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့၌ ဖြည့်ကျင့်သူ မိမိ၏သန္တာန်၌ စိတ်ငြိမ်သက်အောင် ကြိုးစားသူ ကမ္မဋ္ဌာန်းရှုမှုကို ပစ်ပယ်မထားသူ ဝိပဿနာနှင့် ပြည့်စုံသူ ဆိတ်ငြိမ်ရာ (ကျောင်း)တို့ကို တိုးပွါးစေသူသာလျှင် ဖြစ်ရာ၏။

ရဟန်းတို့ ရဟန်းသည် “သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင်တို့ကို ရသူဖြစ်လို၏”ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့၌ ဖြည့်ကျင့်သူ မိမိသန္တာန်၌ စိတ်ငြိမ်သက်အောင် ကြိုးစားသူ ကမ္မဋ္ဌာန်းရှုမှုကို ပစ်ပယ်မထားသူ ဝိပဿနာနှင့် ပြည့်စုံသူ ဆိတ်ငြိမ်ရာ (ကျောင်း) တို့ကို တိုးပွါးစေသူသာလျှင် ဖြစ်ရာ၏။

ရဟန်းတို့ ရဟန်းသည် “အကြင်ပုဂ္ဂိုလ်တို့၏ သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင်ကို ငါသုံးဆောင်၏။ ထိုပုဂ္ဂိုလ်တို့၏ ထိုဒါနပြုခြင်းတို့သည် ကြီးမြတ်သော အကျိုးအာနိသင် ရှိကြပါစေ”ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့၌ ဖြည့်ကျင့်သူ။ပ။ ဆိတ်ငြိမ်ရာ (ကျောင်း) တို့ကို တိုးပွါးစေသူသာလျှင် ဖြစ်ရာ၏။

http://www.dhammadownload.com



ရဟန်းတို့ ရဟန်းသည်''သေ၍ ပြိတ္တာဖြစ်နေကြသော ငါ၏ အကြင်ဆွေမျိုးသားချင်းတို့သည် (ငါ့ကို) ကြည်ညိုစိတ်ဖြင့် အောက်မေ့မိကြကုန်၏၊ ထိုဆွေမျိုးသားချင်းတို့၏ ထိုကြည်ညို စိတ်ဖြင့် အောက်မေ့မှုသည် ကြီးမြတ်သော အကျိုးအာနိသင်ရှိပါစေ''ဟု အကယ်၍ တောင့်တ ခဲ့ပါမူ သီလတို့၌ ဖြည့်ကျင့်သူ။ပ။ဆိတ်ငြိမ်ရာ (ကျောင်း) တို့ကို တိုးပွါးစေသူသာလျှင် ဖြစ်ရာ၏။

ရဟန်းတို့ အကယ်၍ ရဟန်းသည် ''ရတတ်သမျှသော သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏အထောက်အပံ့ ဆေး အသုံးအဆောင်ဖြင့် ရောင့်ရဲလွယ်သူ ဖြစ်ရလို၏''ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့၌ ဖြည့်ကျင့်သူ။ပ။ဆိတ်ငြိမ်ရာ (ကျောင်း) တို့ကို တိုးပွါးစေသူသာလျှင် ဖြစ်ရာ၏။

ရဟန်းတို့ ရဟန်းသည် ''အချမ်း အပူ ဆာလောင်မှု မွတ်သိပ်မှု မှက် ခြင် လေ နေပူ မြွေ ကင်းသန်းတို့၏ အတွေ့တို့ကိုငှင်း မကောင်းသဖြင့် ဆိုအပ် မကောင်းသဖြင့် ရောက်လာ သော စကားတို့ကိုငှင်း ကိုယ်၌ ဖြစ်ဆဲ ဖြစ်သော ပြင်းထန် ကြမ်းကြုတ်ခါးစပ် ကျင်နာ မသာယာ ဖွယ် မနှစ်သက်ဖွယ်ဖြစ်သော သေလောက်သော ဆင်းရဲ ဝေဒနာတို့ကိုငှင်း သည်းခံနိုင်သော သဘောရှိသူ ဖြစ်လို၏''ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့၌ ဖြည့်ကျင့်သူ။ပ။ ဆိတ်ငြိမ်ရာ (ကျောင်း)တို့ကို တိုးပွါးစေသူသာလျှင် ဖြစ်ရာ၏။

ရဟန်းတို့ ရဟန်းသည် ''မမွေ့လျော်မှု မွေ့လျော်မှုတို့ကို နှိမ်နင်းသူ ဖြစ်ရလို၏၊ ငါ့ကို မမွေ့လျော်မှု မွေ့လျော်မှုသည် မနှိမ်နင်းစေရာ၊ ဖြစ်ပေါ်လာသည့် မမွေ့လျော်မှု မွေ့လျော်မှုကို ဖိနှိပ်၍ ဖိနှိပ်၍ နေလို၏'' ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့၌ ဖြည့်ကျင့်သူ။ပ။ ဆိတ်ငြိမ်ရာ (ကျောင်း)တို့ကို တိုးပွါးစေသူသာလျှင် ဖြစ်ရာ၏။

ရဟန်းတို့ ရဟန်းသည် ''ကြောက်ရွံ့ခြင်းနှင့် ကြောက်မက်ဖွယ်အာရုံကို နှိမ်နင်းသူ ဖြစ်ရလို ၏၊ ငါ့ကို ကြောက်ရွံ့ခြင်းနှင့် ကြောက်မက်ဖွယ်အာရုံသည် မနှိမ်နင်းစေရာ၊ ဖြစ်ပေါ်လာသည့် ကြောက်ရွံ့ခြင်းနှင့် ကြောက်မက်ဖွယ် အာရုံကို ဖိနှိပ်၍ ဖိနှိပ်၍ နေလိုပါ၏'' ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့၌ ဖြည့်ကျင့်သူ။ပ။ ဆိတ်ငြိမ်ရာ (ကျောင်း)တို့ကို တိုးပွါးစေသူသာလျှင် ဖြစ်ရာ၏။

ရဟန်းတို့ ရဟန်းသည် ''အထူးစင်ကြယ်သော စိတ်ကြောင့် ဖြစ်ကုန်သော မျက်မှောက် ဘဝ၌ ချမ်းသာစွာ နေရကြောင်းဖြစ်ကုန်သော (ရူပါဝစရ) စျာန်လေးပါးတို့ကို အလိုရှိတိုင်း ရသူ မငြိုမငြင်ရသူ မပင်မပန်းရသူ ဖြစ်ရလို၏''ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့၌ ဖြည့်ကျင့် သူ။ပ။ ဆိတ်ငြိမ်ရာ (ကျောင်း)တို့ကို တိုးပွါးစေသူသာလျှင် ဖြစ်ရာ၏။

ရဟန်းတို့ ရဟန်းသည် ''အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ ကင်းသော လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်'ပညာကို ယခုဘဝ၌ ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်ဘိုင် မျက်မှောက်ပြုလျက် ရောက်၍ နေလို၏'' ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့၌သာလျှင် ဖြည့်ကျင့်သူ မိမိသန္တာန်၌ စိတ်ကို ငြိမ်သက်အောင် ကြိုးစား သူ ကမ္မဋ္ဌာန်းရှုမှုကို ပစ်ပယ်မထားသူ ဝိပဿနာနှင့် ပြည့်စုံသူ ဆိတ်ငြိမ်ရာ (ကျောင်း)တို့ကိုတိုးပွါး စေသူသာလျှင် ဖြစ်ရာ၏။

http://www.dhammadownload.com



ရဟန်းတို့ သီလနှင့် ပြည့်စုံသည်ဖြစ်၍ နေကြကုန်လော့၊ ပါတိမောက္ခသံဝရသီလကို စောင့်စည်းခြင်းဖြင့် စောင့်စည်းကာ အကျင့်'အာစာရ'ကျက်စားရာ 'ဂေါစရ'တို့နှင့် ပြည့်စုံကုန်လျက် နေကြကုန်လော့၊ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ကြောက်မက်ဖွယ်ဘေးဟု ရှုလေ့ရှိသည်ဖြစ်၍ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်လျက် ကျင့်ကြကုန်လော့" ဟု ဆိုခဲ့သောစကားကို ဤဆိုခဲ့ပြီး အကြောင်းကို စွဲ၍ ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၂-ကဏှကသုတ်

၇၂။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ အသျှင်စာလ အသျှင်ဥပစာလ အသျှင်ကုက္ကုဋ္ဌ အသျှင်ကဠိမ္ဘ အသျှင်နိကဋ္ဌ အသျှင်ကဋိဿဟ ဟူသော ထင်ရှားကုန် ထင်ရှားကုန်သော တပည့်မထေရ် များစွာတို့နှင့်၎င်း အခြားထင်ရှားကုန် ထင်ရှားကုန်သော တပည့်သာဝက မထေရ်တို့နှင့်၎င်း အတူတကွ (သီတင်းသုံး)နေတော်မူ၏။ထိုအခါ များစွာကုန်သော ထင်ရှားကုန် ထင်ရှားကုန်သော လိစ္ဆဝီမင်းတို့သည် ကောင်းကုန် ကောင်းကုန်သော ယာဉ်တို့ဖြင့် ရှေ့နောက် ခြံရံ၍ ပြင်းပြ ကျယ်လောင်သော အသံရှိကုန်လျက် မဟာဝုန်တောသို့ မြတ်စွာဘုရားကို ဖူးမြင်ရန် အလို့ငှါ ဝင်ရောက်လာကုန်၏။ ထိုအခါ ထိုအသျှင်တို့အား ဤအကြံသည် ဖြစ်၏— "များပြားကုန်သော ထင်ရှားကုန် ထင်ရှားကုန်သော လိစ္ဆဝီမင်းတို့သည် ကောင်းကုန် ကောင်းကုန်သော ယာဉ်တို့ဖြင့် ရှေ့နောက် ခြံရံ၍ ပြင်းပြ ကျယ်လောင်သောအသံ ရှိကုန်လျက် မဟာဝုန်တောသို့ မြတ်စွာဘုရားကို ဖူးမြင်ရန် အလို့ငှါ ဝင်ရောက်ကုန်၏၊ ဈာန်တို့သည် အသံဟူသော ဆူးငြောင့်ရှိကုန်၏ဟု မြတ်စွာဘုရား ဟောတော်မူ၏၊ ငါတို့သည် ဂေါသိင်္ဂမည်သော အင်ကြင်းတောအုပ်သို့ ချဉ်းကပ်ကြကုန်၍ ထိုတောအုပ်၌ နည်းသောအသံ နည်းသောရေနွေးမှု ရှိကုန်လျက် ချမ်းသာစွာ နေကြရကုန်မူ ကောင်းလေစွ"ဟု (အကြံဖြစ်၏)။ထို့နောက် ထိုအသျှင်တို့သည် ဂေါသိင်္ဂအင်ကြင်းတောအုပ်သို့ ချဉ်းကပ်ကြကုန်၍ ထိုတောအုပ်၌ နည်းသောအသံ နည်းသောရေနွေးမှု ရှိကုန်လျက် ချမ်းသာစွာနေကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို"ရဟန်းတို့ စာလသည် အဘယ်မှာနည်း၊ ဥပစာလသည်အဘယ်မှာနည်း၊ကုက္ကုဋ္ဌသည် အဘယ်မှာနည်း၊ ကဠိမ္ဘသည် အဘယ်မှာနည်း၊ နိကဋ္ဌသည် အဘယ်မှာနည်း၊ ကဋိဿဟသည် အဘယ်မှာနည်း၊ ရဟန်းတို့ ထိုသာဝကမထေရ်တို့သည်အဘယ်မှာနည်း" ဟု မေးတော်မူ၏။ အသျှင်ဘုရား ထိုအသျှင်တို့အားဤသို့ အကြံဖြစ်ပါ၏၊ "များစွာသော ထင်ရှားကုန်ထင်ရှားကုန်သော လိစ္ဆဝီမင်းတို့သည် ကောင်းကုန် ကောင်းကုန်သော ယာဉ်တို့ဖြင့် ရှေ့နောက်ခြံရံ၍ ပြင်းပြ ကျယ်လောင်သောအသံ ရှိကုန်လျက် မဟာဝုန်တောသို့ မြတ်စွာဘုရားကို ဖူးမြင်ရန် အလို့ငှါ ဝင်ရောက်လာကုန်၏၊ ဈာန်တို့သည် အသံဟူသော ဆူးငြောင့်ရှိကုန်၏ဟု မြတ်စွာဘုရား ဟောတော်မူ၏၊ ငါတို့သည် ဂေါသိင်္ဂ အင်ကြင်းတောအုပ်သို့ ချဉ်းကပ်ကုန်၍ ထိုတောအုပ်၌ နည်းသောအသံ နည်းသောရေနွေးမှု ရှိကုန်လျက် ချမ်းသာစွာ နေကြရကုန်မူ ကောင်းလေစွ" ဟု အကြံဖြစ်ပါ၏။ အသျှင်ဘုရား ထို့နောက် ထိုအသျှင်တို့သည် ဂေါသိင်္ဂ

http://www.dhammadownload.com



အင်ကြင်းတောအုပ်သို့ ချဉ်းကပ်ကြကုန်၍ ထိုတောအုပ်၌ နည်းသောအသံ နည်းသောရောနှောမှု ရှိကုန်လျက် ချမ်းသာစွာ နေကြပါကုန်၏ဟု (လျှောက်ထားကြကုန်၏)။

ရဟန်းတို့ ကောင်းပေစွ၊ ကောင်းပေစွ၊ ကောင်းစွာ ဖြေဆိုလိုသူတို့သည် ထိုမဟာသာဝကတို့ ဖြေဆိုကြသည့် အတိုင်း ဖြေဆိုကုန်ရာ၏။ ရဟန်းတို့ မှန်၏၊ စျာန်တို့သည် အသံဟူသော ဆူးငြောင့် ရှိကုန်၏ဟု ငါဆို၏။ ရဟန်းတို့ ဆူးငြောင့်တို့သည် ဤဆယ်မျိုး တို့တည်း။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—အပေါင်းအသင်း၌ မွေ့လျော်မှုသည် ဆိတ်ငြိမ်ရာ၌ မွေ့လျော်သူ၏ ဆူးငြောင့်တည်း၊သုဘနိမိတ်ကို အားထုတ်မှုသည် အသုဘနိမိတ်ကို အားထုတ်သူ၏ ဆူးငြောင့်တည်း၊ (သာသနာတော်၏)ဆူးငြောင့်သဖွယ်ဖြစ်သောပွဲကြည့်ရှုမှုသည် ဣန္ဒြေတို့၌လုံခြုံသောတံခါး သူ၏ ဆူးငြောင့်တည်း၊ မာတုဂါမ၏ အနီး၌ လှည့်လည်မှုသည် မြတ်သောအကျင့်၏ ဆူးငြောင့်တည်း၊ အသံသည် ပဌမစျာန်၏ ဆူးငြောင့်တည်း၊ ဝိတက် ဝိစာရတို့သည် ဒုတိယစျာန်၏ ဆူးငြောင့်တို့ တည်း၊ ပီတိသည် တတိယစျာန်၏ ဆူးငြောင့်တည်း၊ ထွက်သက်ဝင်သက်သည် စတုတ္ထစျာန်၏ ဆူးငြောင့်တည်း၊ သညာသည်၎င်း ဝေဒနာသည်၎င်း သညာဝေဒနာတို့၏ ချုပ်ရာ နိရောဓ သမာပတ်၏ ဆူးငြောင့်တည်း၊ ရာဂသည် ဆူးငြောင့်တည်း၊ ဒေါသသည် ဆူးငြောင့်တည်း၊ မောဟသည် ဆူးငြောင့်တည်း။

ရဟန်းတို့ ဆူးငြောင့်မရှိကုန်မူ၍ နေကြကုန်လော့၊ ရဟန်းတို့ ဆူးငြောင့်ကင်းကုန်၍ နေကြ ကုန်လော့၊ ရဟန်းတို့ ဆူးငြောင့်မရှိကုန် ဆူးငြောင့်ကင်းကုန်၍ နေကြကုန်လော့၊ ရဟန်းတို့ ဆူးငြောင့် မရှိသူတို့သည် ရဟန္တာတို့တည်း၊ ရဟန်းတို့ ဆူးငြောင့်ကင်းသူတို့သည် ရဟန္တာတို့ တည်း၊ ရဟန်းတို့ ဆူးငြောင့် မရှိသူ ဆူးငြောင့်ကင်းသူတို့သည် ရဟန္တာတို့တည်းဟု (မိန့်တော် မူ၏)။

ဒုတိယသုတ်။

---

## ၃-ဏ္ဍဌမမ္မသုတ်

၇၃။ ရဟန်းတို့ လောက၌အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကိုပွါးစေတတ်ကုန်သော ဤတရားဆယ်မျိုးတို့ကို ရနိုင်ခဲကုန်၏။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—လောက၌ အလိုရှိအပ် ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကိုပွါးစေတတ်ကုန်သော စည်းစိမ်တို့ကို ရနိုင်ခဲကုန်၏၊လောက၌ အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကိုပွါးစေတတ်သော အဆင်းလှခြင်းကို ရနိုင်ခဲ၏၊ လောက၌ အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကိုပွါးစေတတ်သော အနာကင်းခြင်းကို ရနိုင်ခဲ၏၊လောက၌ အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကိုပွါးစေတတ်သော သီလကို ရနိုင်ခဲ၏၊ လောက၌ အလိုရှိ အပ် နှစ်သက်အပ်စိတ်နှလုံးကိုပွါးစေတတ်သော မြတ်သော အကျင့်ကို ရနိုင်ခဲ၏၊ လောက၌ အလိုရှိ အပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကိုပွါးစေတတ်ကုန်သော မိတ်ဆွေတို့ကို ရနိုင်ခဲကုန်၏၊ လောက၌ အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကိုပွါးစေတတ်သော အကြားအမြင် များခြင်းကို ရနိုင်ခဲ၏၊ လောက၌ အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကိုပွါးစေတတ်သော ပညာကိုရနိုင်ခဲ၏၊ လောက၌ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကိုပွါးစေတတ်ကုန်သော တရားတို့ကို ရနိုင် ခဲကုန်၏၊ လောက၌ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကိုပွါးစေတတ်ကုန်သော နတ်ပြည် တို့ကို ရနိုင်ခဲကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ လောက၌ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကိုပွါးစေတတ်ကုန် ရနိုင်ခဲကုန်သော ဤတရားဆယ်မျိုးတို့၏ အနှောင့်အယှက်တို့သည် ဆယ်မျိုးတို့တည်း။ ပျင်းရိမှု ထကြွလုံ့လမရှိမှုသည် စည်းစိမ်ဥစ္စာတို့၏ အနှောင့်အယှက်တည်း၊ တန်ဆာမဆင်မှု အတင့်အတယ် မပြုမှုသည်အဆင်း(လှခြင်း)၏ အနှောင့်အယှက်တည်း၊ မသင့်လျော်သော အပြုအမူသည် အနာကင်းခြင်း၏ အနှောင့်အယှက်တည်း၊ မိတ်ဆွေယုတ် ရှိမှုသည် သီလတို့၏ အနှောင့်အယှက်တည်း၊ ဣန္ဒြေတို့၌ မစောင့်စည်းမှုသည် မြတ်သောအကျင့်၏ အနှောင့်အယှက်တည်း၊ ချွတ်ယွင်းစေမှုသည် မိတ်ဆွေတို့၏ အနှောင့်အယှက်တည်း၊ သရဇ္ဈာယ်မှုကို မပြုခြင်းသည် အကြားအမြင်များခြင်း၏ အနှောင့်အယှက်တည်း၊ မကြားနာလိုမှု မမေးမြန်းမှုသည် ပညာ၏ အနှောင့်အယှက်တည်း၊ မစိစစ်မှု မဆင်ခြင်မှုသည် တရားတို့၏ အနှောင့်အယှက်တည်း၊ အမှားကျင့်မှုသည် နတ်ပြည်တို့၏ အနှောင့်အယှက်တည်း။ ရဟန်းတို့ လောက၌ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကိုပွါးစေတတ်ကုန် ရနိုင်ခဲကုန်သော ဤတရားဆယ်မျိုးတို့၏အနှောင့်အယှက်တို့ကား ဤဆယ်မျိုး တို့ပင်တည်း။

ရဟန်းတို့ လောက၌ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကိုပွါးစေတတ်ကုန် ရနိုင်ခဲကုန်သော ဤတရားဆယ်မျိုးတို့၏ အကြောင်းတရားတို့သည်ဆယ်မျိုးတို့တည်း။ ထကြွလုံ့လရှိမှု မပျင်းရှိမှုသည် စည်းစိမ်ဥစ္စာတို့၏ အကြောင်းတည်း၊ တန်ဆာဆင်မှု အတင့်အတယ်ပြုမှုသည် အဆင်း(လှခြင်း)၏အကြောင်းတည်း၊ သင့်လျော်သည်ကို ပြုမှုသည် အနာကင်းခြင်း၏ အကြောင်းတည်း၊ မိတ်ဆွေကောင်း ရှိမှုသည် သီလတို့၏ အကြောင်းတည်း၊ ဣန္ဒြေတို့၌ စောင့်စည်းမှုသည် မြတ်သောအကျင့်၏ အကြောင်းတည်း၊ မချွတ်ယွင်းစေမှုသည် မိတ်ဆွေတို့၏ အကြောင်းတည်း၊ သရဇ္ဈာယ်မှုကို ပြုခြင်းသည် အကြားအမြင်များခြင်း၏ အကြောင်းတည်း၊ ကြားနာလိုမှု မေးမြန်းမှုသည် ပညာ၏ အကြောင်းတည်း၊ စိစစ်မှု ဆင်ခြင်မှုသည် တရားတို့၏ အကြောင်းတည်း၊ အမှန်ကျင့်မှုသည် နတ်ပြည်တို့၏ အကြောင်းတည်း။ ရဟန်းတို့ လောက၌ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကိုပွါးစေတတ်ကုန် ရနိုင်ခဲကုန်သော ဤတရားဆယ်မျိုးတို့၏ အကြောင်းတို့ကား ဤဆယ်မျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ဝဍ္ဎိသုတ်

၇၄။ ရဟန်းတို့ တိုးပွါးမှုဆယ်မျိုးတို့ဖြင့် တိုးပွါးသော အရိယာတပည့်သည် အရိယာတို့၏ တိုးပွါးခြင်းဖြင့် တိုးပွါး၏၊ ကိုယ်(ခန္ဓာ)၏ အနှစ်ကို ယူသူလည်း ဖြစ်၏၊ အမြတ်ကို ယူသူလည်း ဖြစ်၏။ အဘယ်ဆယ် မျိုးတို့နည်း ဟူမူ—လယ်ယာတို့ဖြင့် တိုးပွါး၏၊ ဥစ္စာစပါးတို့ဖြင့် တိုးပွါး၏၊ သားမယားတို့ဖြင့် တိုးပွါး၏၊ ကျွန်အမှုလုပ် ယောကျာ်းတို့ဖြင့် တိုးပွါး၏၊ အခြေလေးချောင်းရှိသော သတ္တဝါတို့ဖြင့် တိုးပွါး၏၊ သဒ္ဓါဖြင့် တိုးပွါး၏၊ သီလဖြင့် တိုးပွါး၏၊ သုတဖြင့် တိုးပွါး၏၊ စာဂဖြင့် တိုးပွါး၏၊ ပညာဖြင့် တိုးပွါး၏။ ရဟန်းတို့ ဤတိုးပွါးမှု ဆယ်မျိုးတို့ဖြင့် တိုးပွါးသော အရိယာ တပည့်သည် အရိယာတို့၏ တိုးပွါးခြင်းဖြင့် တိုးပွါး၏၊ ကိုယ် (ခန္ဓာ)၏ အနှစ်ကို ယူသူလည်း ဖြစ်၏၊ အမြတ်ကို ယူသူလည်းဖြစ်၏ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ဤလောက၌ အကြင်သူသည် ဥစ္စာဖြင့်ရင်း စပါးဖြင့်ရင်း သားသမီးတို့ဖြင့်ရင်း မယားတို့ဖြင့်ရင်း အခြေလေးချောင်းရှိသော သတ္တဝါတို့ဖြင့်ရင်း တိုးပွါး၏၊ ထိုသူသည် စည်းစိမ်ဥစ္စာရှိသူ ဖြစ်၏၊ အခြံအရံရှိသူ ဖြစ်၏၊ ဆွေမျိုးတို့သည်ရင်း မိတ်ဆွေတို့သည်ရင်း ထိုမှတပါး မင်းတို့သည်ရင်း ပူဇော်အပ်သူဖြစ်၏။

ဤလောက၌ အကြင်သူသည် သဒ္ဓါဖြင့်ရင်း သီလဖြင့်ရင်း ပညာဖြင့်ရင်း စာဂဖြင့်ရင်း သုတဖြင့်ရင်း နှစ်ပါးစုံဖြင့်ရင်း တိုးပွါး၏၊ ထိုသို့သဘောရှိသော အမြော်အမြင် (ဆင်ခြင်ဉာဏ်)ရှိသော ထိုသူတော်ကောင်းသည် မျက်မှောက်ဘဝ၌ပင် (လောက ဓမ္မ) နှစ်ပါးစုံဖြင့် တိုးပွါး၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-မိဂသာလာသုတ်

၇၅။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီကင်းသုံး)နေတော်မူ၏။ ထိုအခါ အသျှင်အာနန္ဒာသည် နံနက်အချိန်၌ သင်္ကန်းကို ပြင် တ်ပြီးလျှင် သပိတ်သင်္ကန်းကိုဆောင်ယူလျက် မိဂသာလာအမည်ရှိသော ဥပါသိကာမ၏နေအိမ်သို့ ချဉ်းကပ်၍ ခင်းထားသောနေရာ၌ ထိုင်နေ၏၊ထိုအခါ မိဂသာလာဥပါသိကာမသည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အသျှင်အာနန္ဒာကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေလျက် အသျှင်အာနန္ဒာအား ဤသို့လျှောက်၏—

အသျှင်ဘုရားအာနန္ဒာ အဘယ် အဘယ်မည်သော အကြောင်းအားဖြင့် မြတ်စွာဘုရားဟော ကြားတော်မူအပ်သော ဤတရားကို သိအပ်ပါသနည်း၊ ယင်းတရား၌(မေထုန်မှရှောင်ကြဉ်မှု) မြတ်သောအကျင့်ရှိသူနှင့်(မရှောင်ကြဉ်မှု)မြတ်သော အကျင့်မရှိသူ ဤနှစ်ဦးတို့သည် တမလွန် ဘဝ၌ ထပ်တူညီမျှ ဂတိ'လားရာ'ရှိကြပါကုန်၏၊ အသျှင်ဘုရား ပုရာဏမည်သော အကျွန်ုပ်၏ ဖခင်သည် မြတ်သောအကျင့်ကို ကျင့်ပါ၏၊ (မေထုန်အကျင့်မှ)ဝေးစွာ ကျင့်ပါ၏၊ ရွာသူတို့၏ အကျင့်ဖြစ်သော မေထုန်မှ ရှောင်ကြဉ်ပါ၏၊ ထိုအကျွန်ုပ်၏ဖခင် သေလွန်သည်ရှိသော် "သကဒါဂါမိဖိုလ်သို့ရောက်လျက် တုသိတာနတ်ပြည်၌ ဖြစ်သည်"ဟု မြတ်စွာဘုရား မိန့်ကြားတော်မူအပ်ပါသည်။ အသျှင်ဘုရား ဣသိဒတ္တအမည်ရှိသော အကျွန်ုပ်၏အဖိုးသည်လည်း မိမိမယား ဖြင့် ရောင့်ရဲသည်ဖြစ်၍ မြတ်သောအကျင့်ကို မကျင့်သူ ဖြစ်ပါ၏၊ ထိုအဖိုးသည်လည်း သေလွန် သည်ရှိသော် "သကဒါဂါမိဖိုလ်သို့ရောက်လျက် တုသိတာနတ်ပြည်၌ဖြစ်သည်"ဟု မြတ်စွာဘုရား မိန့်ကြားတော်မူအပ်ပါသည်၊ အသျှင်ဘုရားအာနန္ဒာ အဘယ် အဘယ်မည်သော အကြောင်း အားဖြင့် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဤတရားကို သိအပ်ပါသနည်း၊ယင်းတရား ၌(မေထုန်အကျင့်မှ ရှောင်ကြဉ်မှု)မြတ်သောအကျင့်ရှိသူနှင့်(မရှောင်ကြဉ်မှု)မြတ်သော အကျင့် မရှိသူ ဤနှစ်ဦးတို့သည် တမလွန်ဘဝ၌ ထပ်တူညီမျှ ဂတိ'လားရာ'ရှိကြကုန်ဘိ၏ဟု(လျှောက်၏)။ နှမ မြတ်စွာဘုရားသည် ဤအတိုင်းပင် မိန့်ကြားတော်မူအပ်၏ဟု(မိန့်ဆို၏)။

ထိုနောက် အသျှင်အာနန္ဒာသည် မိဂသာလာဥပါသိကာမ၏အိမ်၌ ဆွမ်းခံပြီးလျှင် နေရာမှထ၍ ဖဲကြွတော်မူ၏။ ထိုအခါ အသျှင်အာနန္ဒာသည် ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှဖဲခဲ့၍ မြတ်စွာ

http://www.dhammadownload.com



ဘုရားထံသို့ ချဉ်းကပ်ကာ မြတ်စွာဘုရားကိုရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား ဤစကားကိုလျှောက်၏—

အသျှင်ဘုရား အကျွန်ုပ်သည် နံနက်အချိန်၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ် သင်္ကန်းကိုဆောင်ယူပြီးလျှင် မိဂသာလာဥပါသိကာမ၏နေအိမ်သို့ ချဉ်းကပ်၍ ခင်းထားသောနေရာ၌ ထိုင်နေသောအခါ မိဂသာလာဥပါသိကာမသည် အကျွန်ုပ်ထံသို့ ချဉ်းကပ်၍ အကျွန်ုပ်ကိုရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေလျက် အကျွန်ုပ်အား ဤစကားကိုလျှောက်ပါ၏—"အသျှင်ဘုရား အာနန္ဒာ အဘယ် အဟယ်မည်သော အကြောင်းအားဖြင့် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဤတရားကို သိအပ်ပါသနည်း၊ ယင်းတရား၌(မေထုန်အကျင့်မှ ရှောင်ကြဉ်မှု)မြတ်သောအကျင့်ရှိသူနှင့် (မရှောင်ကြဉ်မှု)မြတ်သောအကျင့်မရှိသူ ဤနှစ်ဦးတို့သည် တမလွန်ဘဝ၌ ထပ်တူညီမျှ ဂတိ'လားရာ'ရှိကြပါကုန်၏၊အသျှင်ဘုရား ပုရာဏမည်သော အကျွန်ုပ်၏ ဖခင်သည် မြတ်သောအကျင့်ကို ကျင့်ပါ၏၊(မေထုန်အကျင့်မှ)ဝေးစွာကျင့်ပါ၏၊ရွာသူတို့၏ အကျင့်ဖြစ်သော မေထုန်မှ ရှောင်ကြဉ်ပါ၏၊ ထိုအကျွန်ုပ်၏ဖခင် သေလွန်သည်ရှိသော် 'သကဒါဂါမိဖိုလ်သို့ ရောက်လျက် တုသိတာနတ်ပြည်၌ ဖြစ်သည်"ဟု မြတ်စွာဘုရား မိန့်ကြားတော်မူအပ်ပါသည်၊ အသျှင်ဘုရား ဣသိဒတ္တအမည်ရှိသော အကျွန်ုပ်၏အဖိုးသည်ကား မိမိမယားဖြင့် ရောင့်ရဲသည်ဖြစ်၍ မြတ်သောအကျင့်ကိုမကျင့်သူ ဖြစ်ပါ၏၊ ထိုအဖိုးသည်လည်း သေလွန်သည်ရှိသော် 'သကဒါဂါမိဖိုလ်သို့ရောက်လျက် တုသိတာနတ်ပြည်၌ ဖြစ်သည်'ဟု မြတ်စွာဘုရား မိန့်ကြားတော်မူအပ်ပါသည်၊အသျှင်ဘုရားအာနန္ဒာ အဘယ် အဘယ်မည်သော အကြောင်းအားဖြင့် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဤတရားကို သိအပ်ပါသနည်း၊ ယင်းတရား၌(မေထုန်အကျင့်မှ ရှောင်ကြဉ်မှု)မြတ်သောအကျင့်ရှိသူနှင့် (မရှောင်ကြဉ်မှု)မြတ်သောအကျင့်မရှိသူ ဤနှစ်ဦးတို့သည် တမလွန်ဘဝ၌ ထပ်တူညီမျှ ဂတိ'လားရာ'ရှိကြပါကုန်၏ဟု(လျှောက်ပါသည်)။ အသျှင်ဘုရား ဤသို့ လျှောက်သောအခါ အကျွန်ုပ်သည် မိဂသာလာဥပါသိကာမကို 'နှမ မြတ်စွာဘုရားသည် ဤအတိုင်းပင် မိန့်ကြားတော်မူအပ်၏' ဟု ဖြေဆိုလိုက်ပါသည်ဟု(လျှောက်၏)။

အာနန္ဒာ မိဂသာလာဥပါသိကာမသည် အဘယ်(အမျိုးအစား)နည်း၊ မိုက်သော မလိမ္မာသောမိန်းမသာဖြစ်၏၊မိန်းမဉာဏ်သာရှိ၏၊ ယောကျ်ားပုဂ္ဂိုလ်တို့၏ ဣန္ဒြေအနုအရင့်ကို သိတတ်**သော 'ဣန္ဒြိယပရောပရိယ'ဉာဏ်၌ (အပိတ်အပင် အတားအဆီးမရှိကုန်သော မြတ်စွာဘုရား**တို့သည်)အဘယ်သို့သော ပုဂ္ဂိုလ်တို့နည်း။

အာနန္ဒာ ဤပုဂ္ဂိုလ် ဆယ်မျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏၊ အဘယ် ဆယ်မျိုးတို့နည်း ဟူမူ—အာနန္ဒာ ဤလောက၌ အချို့သောသူသည် သီလမရှိ၊ ထိုသူ၏ သီလမရှိမှု၏ အကြွင်းမဲ့ချုပ်ရာ လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကိုလည်း ဟုတ်တိုင်းမှန်စွာမသိ၊ထိုသူသည် ကြားနာမှုဖြင့်လည်း(ပြုသင့်သည်ကို)မပြုအပ်၊ အကြားအမြင်ဖြင့်လည်း(ပြုသင့်သည်ကို)မပြုအပ်၊ ပညာဖြင့်လည်း(သိသင့်သည်ကို) ထိုးထွင်း၍ မသိ၊ အခါအားလျော်စွာဖြစ်သော လွတ်မြောက်မှု 'ဝိမုတ္တိ'ကိုလည်း မရ၊ ထိုသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ဆုတ်ယုတ်ရန်သာဖြစ်၍ ထူးမြတ်ရန်မဖြစ်၊ ဆုတ်ယုတ်သည့် အဖြစ်သို့သာလျှင် ရောက်၏၊ ထူးမြတ်သည့် အဖြစ်သို့မရောက်။ (၁)

အာနန္ဒာ အချို့သောသူသည်ကား၊ သီလမရှိ၊ ထိုသူ၏ ထိုသီလမရှိမှု၏ အကြွင်းမဲ့ ချုပ်ရာ လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ဟုတ်တိုင်း

http://www.dhammadownload.com



မှန်စွာ သိ၏။ ထိုသူသည် ကြားနာမှုဖြင့်လည်း (ပြုသင့်သည်ကို)ပြု၏၊ အကြားအမြင် ဖြင့်လည်း (ပြုသင့်သည်ကို)ပြု၏၊ ပညာဖြင့်လည်း (သိသင့်သည်ကို)ထိုးထွင်း၍သိ၏၊ အခါအားလျော်စွာ လွတ်မြောက်မှု 'ဝိမုတ္တိ'ကိုလည်းရ၏၊ ထိုသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ထူးမြတ်ရန်သာဖြစ်၏၊ ဆုတ်ယုတ်ရန်မဖြစ်၊ ထူးမြတ်သည့် အဖြစ်သို့သာလျှင်ရောက်၏၊ဆုတ်ယုတ်သည့် အဖြစ်သို့မရောက်။ (၂)

အာနန္ဒာ ထိုပုဂ္ဂိုလ်နှစ်ယောက်တို့၌ နှိုင်းရှည့်တတ်သောပုဂ္ဂိုလ်တို့သည်—"ဤပုဂ္ဂိုလ်အားလည်း ထိုတရားတို့ပင်ရှိကုန်၏၊အခြားပုဂ္ဂိုလ်အားလည်း ထိုတရားတို့ပင် ရှိကုန်၏၊(သို့ဖြစ်ပါလျက်)အဘယ့်ကြောင့် ထိုနှစ်ယောက်တို့တွင် တယောက်က(ဂုဏ်အားဖြင့်)ယုတ်၍ တယောက်ကမူ (ဂုဏ်အားဖြင့်)မြတ်ပါသနည်း"ဟု နှိုင်းရှည့်ကုန်၏။ အာနန္ဒာ ထိုသို့ နှိုင်းရှည့်ခြင်းသည် သာလျှင် ထိုနှိုင်းရှည့်သူတို့အား ကြာမြင့်စွာ စီးပွားမဲ့ရန် ဆင်းရဲရန်ဖြစ်၏။ အာနန္ဒာ ထိုပုဂ္ဂိုလ် နှစ်ယောက်တို့တွင် အကြင်သူသည် သီလမရှိ၊ ထိုသူ၏သီလမရှိမှု၏ အကြွင်းမဲ့ချုပ်ရာ လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်'ပညာကို ဟုတ်တိုင်းမှန်စွာ သိ၏၊ ထိုသူသည် ကြားနာမှုဖြင့်လည်း (ပြုသင့်သည်ကို)ပြု၏၊ အကြားအမြင်ဖြင့်လည်း (ပြုသင့်သည်ကို)ပြု၏၊ ပညာဖြင့်လည်း (သိသင့်သည်ကို) ထိုးထွင်း၍ သိ၏၊ အခါအားလျော်စွာ လွတ်မြောက်မှု 'ဝိမုတ္တိ'ကိုလည်း ရ၏။ **အာနန္ဒာ ဤပုဂ္ဂိုလ်သည် ထိုရှေးပုဂ္ဂိုလ်ထက် သာလွန်၍လည်း နှစ်သက်ဖွယ်ရှိ၏၊ သာလွန်**၍လည်း မွန်မြတ်၏၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ အာနန္ဒာ ဤ ပုဂ္ဂိုလ်ကိုသာ (ဝိပဿနာဉာဏ်) တရားအယဉ်သည် (အရိယာဘုံသို့) ဆောင်ယူသွား၏၊ ထိုအကြောင်းကို မြတ်စွာဘုရားမှတပါး အဘယ်သူသည် သိနိုင်ရာအံ့နည်း၊ အာနန္ဒာ ထို့ကြောင့် ပုဂ္ဂိုလ်တို့၌ နှိုင်းရှည့်သူတို့ မဖြစ်ကြကုန်လင့်၊ ပုဂ္ဂိုလ်တို့၌ နှိုင်းရှည့်မှုကို မယူကြကုန်လင့်၊ အာနန္ဒာ ပုဂ္ဂိုလ်တို့၌ နှိုင်းရှည့်မှုကိုယူသူသည်(မိမိကိုယ်ကို)တူးဖြိုသည် မည်၏၊ အာနန္ဒာ ငါသော်၎င်း ငါနှင့်တူသောသူသော်၎င်း (ပုဂ္ဂိုလ်တို့၌ နှိုင်းရှည့်မှုကို)ယူရာ၏။

အာနန္ဒာ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သီလရှိ၏၊ ထိုသူ၏ ထိုသီလ၏ အကြွင်းမဲ့ချုပ်ရာ လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ်နှင့် လွတ်မြောက်သော'အရဟတ္တဖိုလ်'ပညာကိုကား ဟုတ်တိုင်းမှန်စွာ မသိ။ ထိုသူသည် ကြားနာမှုဖြင့်လည်း (ပြုသင့်သည်ကို)မပြုအပ်၊ အကြားအမြင်ဖြင့်လည်း (ပြုသင့်သည်ကို)မပြုအပ်၊ ပညာဖြင့်လည်း (သိသင့်သည်ကို) ထိုးထွင်း၍ မသိအပ်၊ အခါအားလျော်စွာ လွတ်မြောက်မှု 'ဝိမုတ္တိ'ကိုလည်းမရ၊ ထိုသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ဆုတ်ယုတ်ရန်သာ ဖြစ်၏၊ ထူးမြတ်ရန်မဖြစ်၊ ဆုတ်ယုတ်သည့် အဖြစ်သို့သာရောက်၏၊ ထူးမြတ်သည့် အဖြစ်သို့ မရောက်။ (၃)

အာနန္ဒာ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သီလရှိ၏၊ ထိုသူ၏ ထိုသီလ၏ အကြွင်းမဲ့ချုပ်ရာ လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏၊ ထိုသူသည် ကြားနာမှုဖြင့်လည်း (ပြုသင့်သည်ကို) ပြု၏၊ အကြားအမြင်ဖြင့်လည်း (ပြုသင့်သည်ကို) ပြု၏၊ ပညာဖြင့်လည်း (သိသင့်သည်ကို) ထိုးထွင်း၍သိ၏၊ အခါအားလျော်စွာ လွတ်မြောက်မှု 'ဝိမုတ္တိ'ကိုလည်းရ၏၊ ထိုသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ထူးမြတ်ရန်သာဖြစ်၏၊ ဆုတ်ယုတ်ရန်မဖြစ်၊ ထူးမြတ်သည့်အဖြစ်သို့သာ ရောက်၏၊ ဆုတ်ယုတ်သည့်အဖြစ်သို့မရောက်။ (၄)

**အာနန္ဒာ** ထိုပုဂ္ဂိုလ် နှစ်ယောက်တို့၌ နှိုင်းရှည့်တတ်သော ပုဂ္ဂိုလ်တို့သည် နှိုင်းရှည့်ကုန်**၏**။ပ။ **အာနန္ဒာ ငါသော်၎င်း ငါနှင့်တူသူသော်၎င်း ပုဂ္ဂိုလ်တို့၌ နှိုင်းရှည့်မှုကိုယူရာ၏။**

http://www.dhammadownload.com



အာနန္ဒာ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ထက်သောရာဂရှိ၏၊ ထိုသူ၏ ထိုရာဂ၏ အကြွင်းမဲ့ ချုပ်ရာ လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကိုလည်း ဟုတ်တိုင်းမှန်စွာမသိ၊ ထိုသူသည် ကြားနာမှုဖြင့်လည်း (ပြုသင့်သည်ကို)မပြုအပ်၊ အကြားအမြင်ဖြင့်လည်း (ပြုသင့်သည်ကို)မပြုအပ်၊ ပညာဖြင့်လည်း (သိသင့်သည်ကို)ထိုးထွင်း၍ **မသိအပ်၊ အခါအားလျော်စွာ လွတ်မြောက်မှု** 'ဝိမုတ္တိ'ကိုလည်းမရ၊ ထိုသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ဆုတ်ယုတ်ရန်သာဖြစ်၏၊ ထူးမြတ်ရန်မဖြစ်၊ ဆုတ်ယုတ်သည့် အဖြစ်သို့သာ ရောက်၏၊ ထူးမြတ်သည့်အဖြစ်သို့မရောက်။ (၅)

အာနန္ဒာ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ထက်သောရာဂရှိ၏၊ ထိုသူ၏ ထိုရာဂ၏ အကြွင်းမဲ့ချုပ်ရာ လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကိုကား ဟုတ်တိုင်းမှန်စွာသိ၏။ ထိုသူသည် ကြားနာမှုဖြင့်လည်း (ပြုသင့်သည်)ကို ပြု၏၊ အကြားအမြင်ဖြင့်လည်း (ပြုသင့်သည်ကို) ပြု၏၊ ပညာဖြင့်လည်း (သိသင့်သည်ကို) ထိုးထွင်း၍ သိ၏၊ အခါအားလျော်စွာ လွတ်မြောက်မှု 'ဝိမုတ္တိ'ကိုလည်းရ၏၊ ထိုသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ထူးမြတ်ရန်သာဖြစ်၏၊ ဆုတ်ယုတ်ရန်မဖြစ်၊ ထူးမြတ်သည့် အဖြစ်သို့သာ ရောက်၏၊ ဆုတ်ယုတ်သည့်အဖြစ်သို့ မရောက်။ (၆)

အာနန္ဒာ ထိုပုဂ္ဂိုလ်နှစ်ယောက်တို့၌ နှိုင်းရှည့်တတ်သူတို့သည် နှိုင်းရှည့်ကုန်၏။ပ။ အာနန္ဒာ ငါသော်ရှင်း ငါနှင့်တူသူသော်ရှင်း (ပုဂ္ဂိုလ်တို့၌ နှိုင်းရှည့်မှုကို) ယူရာ၏။

အာနန္ဒာ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အမျက်ထွက်၏၊ ထိုသူ၏ ထိုအမျက်ထွက်မှု၏ အကြွင်းမဲ့ချုပ်ရာ လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကိုလည်း ဟုတ်တိုင်းမှန်စွာမသိ၊ ထိုသူသည် ကြားနာမှုဖြင့်လည်း (ပြုသင့်သည်ကို) မပြုအပ်၊ အကြားအမြင်ဖြင့်လည်း (ပြုသင့်သည်ကို) မပြုအပ်၊ ပညာဖြင့်လည်း (သိသင့်သည်ကို) ထိုးထွင်း၍ မသိအပ်၊ အခါအားလျော်စွာ လွတ်မြောက်မှုကိုလည်း မရ၊ ထိုသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ဆုတ်ယုတ်ရန်သာဖြစ်၏၊ ထူးမြတ်ရန်မဖြစ်၊ ဆုတ်ယုတ်သည့် အဖြစ်သို့သာ ရောက်၏၊ ထူးမြတ်သည့် အဖြစ်သို့မရောက်။ (၇)

အာနန္ဒာ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အမျက်ထွက်၏၊ ထိုသူ၏ ထိုအမျက်ထွက်မှု၏ အကြွင်းမဲ့ချုပ်ရာ လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်'ပညာကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏၊ ထိုသူသည် ကြားနာမှုဖြင့်လည်း (ပြုသင့်သည်ကို) ပြု၏၊ အကြားအမြင်ဖြင့်လည်း (ပြုသင့်သည်ကို)ပြု၏၊ ပညာဖြင့်လည်း (သိသင့်သည်ကို)ထိုးထွင်း၍ သိ၏၊ အခါအားလျော်စွာ လွတ်မြောက်မှု 'ဝိမုတ္တိ'ကိုလည်း ရ၏။ ထိုသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ထူးမြတ်ရန်သာဖြစ်၏၊ ဆုတ်ယုတ်ရန်မဖြစ်၊ ထူးမြတ်သည့် အဖြစ်သို့သာရောက်၏၊ ဆုတ်ယုတ်သည့်အဖြစ်သို့ မရောက်။ (၈)

အာနန္ဒာ ထိုပုဂ္ဂိုလ်နှစ်ယောက်တို့၌ နှိုင်းရှည့်တတ်သူတို့သည် နှိုင်းရှည့်ကုန်၏။ပ။ အာနန္ဒာ ငါသော်ရှင်း ငါနှင့်တူသူသော်ရှင်း (ပုဂ္ဂိုလ်တို့၌ နှိုင်းရှည့်မှုကို) ယူရာ၏။

**အာနန္ဒာ** ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ပျံ့လွင့်၏၊ ထိုသူ၏ ထိုပျံ့လွင့်မှု၏ အကြွင်းမဲ့ ချုပ်ရာ လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်'ပညာ

http://www.dhammadownload.com



ကိုလည်း ဟုတ်တိုင်းမှန်စွာမသိ၊ ထိုသူသည် ကြားနာမှုဖြင့်လည်း (ပြုသင့်သည်ကို) မပြုအပ်၊ အကြားအမြင်ဖြင့်လည်း (ပြုသင့်သည်ကို) မပြုအပ်၊ ပညာဖြင့်လည်း (သိသင့်သည်ကို)ထိုးထွင်း၍ မသိအပ်၊ အခါအားလျော်စွာ လွတ်မြောက်မှု 'ဝိမုတ္တိ' ကိုလည်းမရ၊ ထိုသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ဆုတ်ယုတ်ရန်သာဖြစ်၍ ထူးမြတ်ရန် မဖြစ်၊ ဆုတ်ယုတ်သည့် အဖြစ်သို့သာ ရောက်၏၊ ထူးမြတ်သည့်အဖြစ်သို့ မရောက်။ (၉)

အာနန္ဒာ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ပျံ့လွင့်၏၊ ထိုသူ၏ ပျံ့လွင့်မှု၏အကြွင်းမဲ့ချုပ်ရာ လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကိုကား ဟုတ်တိုင်းမှန်စွာ သိ၏၊ ထိုသူသည် ကြားနာမှုဖြင့်လည်း (ပြုသင့်သည်ကို) ပြု၏၊ အကြားအမြင် ဖြင့်လည်း (ပြုသင့်သည်ကို)ပြု၏၊ ပညာဖြင့်လည်း(သိသင့်သည်ကို) ထိုးထွင်း၍ သိ၏၊ အခါအား လျော်စွာ လွတ်မြောက်မှု 'ဝိမုတ္တိ'ကိုလည်းရ၏၊ ထိုသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ထူးမြတ်ရန်သာ ဖြစ်၏၊ ဆုတ်ယုတ်ရန် မဖြစ်၊ ထူးမြတ်သည် အဖြစ်သို့သာ ရောက်၏၊ ဆုတ်ယုတ်သည့် အဖြစ်သို့ မရောက်။ (၁၀)

အာနန္ဒာ ထိုပုဂ္ဂိုလ်နှစ်ယောက်တို့၌ နှိုင်းရှည့်တတ်သော ပုဂ္ဂိုလ်တို့သည်—"ဤပုဂ္ဂိုလ်အား လည်း ထိုတရားတို့ပင် ရှိကုန်၏၊အခြားပုဂ္ဂိုလ်အားလည်း ထိုတရားတို့ပင် ရှိကုန်၏၊(သို့ဖြစ်ပါလျက်) အဘယ့်ကြောင့် ထိုနှစ်ယောက်တို့တွင် တယောက်က (ဂုဏ်အားဖြင့်) ယုတ်၍ တယောက်က (ဂုဏ်အားဖြင့်) မြတ်ပါသနည်းဟု နှိုင်းရှည့်ကုန်၏။ အာနန္ဒာ ထိုသို့နှိုင်းရှည့်ခြင်းသည် ထိုသူတို့အား ကြာမြင့်စွာ စီးပွါးမဲ့ရန် ဆင်းရဲရန်ဖြစ်၏၊ အာနန္ဒာ ထိုပုဂ္ဂိုလ် နှစ်ယောက်တို့တွင် အကြင်သူသည် ပျံ့လွင့်၏၊ ထိုသူ၏ ထိုပျံ့လွင့်မှု၏ အကြွင်းမဲ့ ချုပ်ရာ လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်'ပညာကိုကား ဟုတ်တိုင်းမှန်စွာသိ၏၊ ထိုသူသည် ကြားနာမှုဖြင့် လည်း (ပြုသင့်သည်ကို) ပြု၏၊ အကြားအမြင်ဖြင့်လည်း (ပြုသင့်သည်ကို)ပြု၏၊ ပညာဖြင့်လည်း (သိသင့်သည်ကို) ထိုးထွင်း၍ သိ၏၊ အခါအားလျော်စွာ လွတ်မြောက်မှု 'ဝိမုတ္တိ'ကိုလည်း ရ၏၊ အာနန္ဒာ ဤပုဂ္ဂိုလ်သည် ထိုရှေ့ပုဂ္ဂိုလ်ထက် သာ၍လည်း နှစ်သက်ဖွယ်ရှိ၏၊ သာ၍လည်း မွန်မြတ်၏၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ အာနန္ဒာ ဤပုဂ္ဂိုလ်ကိုသာ (ဝိပဿနာဉာဏ်) တရား အယဉ်သည်(အရိယာဘုံသို့) ဆောင်ယူသွား၏။ ထိုအကြောင်းကို မြတ်စွာဘုရားမှတပါး အဘယ် သူသည် သိနိုင်ရာအံ့နည်း၊ အာနန္ဒာ ထို့ကြောင့် ပုဂ္ဂိုလ်တို့၌ နှိုင်းရှည့်သူတို့ မဖြစ်ကြကုန်လင့်၊ ပုဂ္ဂိုလ်တို့၌ နှိုင်းရှည့်မှုကို မယူကြကုန်လင့်၊ အာနန္ဒာ ပုဂ္ဂိုလ်တို့၌ နှိုင်းရှည့်မှုကို ယူသူသည် (မိမိ ကိုယ်ကို) တူးဖြိုးသည်မည်၏၊ အာနန္ဒာ ငါသော်၎င်း ငါနှင့်တူသူသော်၎င်း (ပုဂ္ဂိုလ်တို့၌ နှိုင်းရှည့် မှုကို)ယူရာ၏။

အာနန္ဒာ မိဂသာလာ ဥပါသိကာမသည် အဘယ်(အမျိုးအစား)နည်း၊မိုက်သော မလိမ္မာသော မိန်းမသာဖြစ်၏၊ မိန်းမဉာဏ်သာရှိ၏၊ ယောကျ်ားပုဂ္ဂိုလ်တို့၏ ဣန္ဒြေအနုအရင့်ကို သိတတ်သော **'ဣန္ဒြိယပရောပရိယ'ဉာဏ်၌** (အပိတ်အပင် အတားအဆီးမရှိကုန်သော မြတ်စွာဘုရားတို့သည်) အဘယ်သို့သော ပုဂ္ဂိုလ်တို့နည်း၊ အာနန္ဒာ ဤပုဂ္ဂိုလ်ဆယ်မျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။

အာနန္ဒာ ပုရာဏ၏ ပြည့်စုံသော သီလမျိုးနှင့်ဣသိဒတ္တသည် ပြည့်စုံငြားအံ့၊ ဤအရာ၌ ပုရာဏ သည်ဣသိဒတ္တ၏ဉာဏ်အလားကို ပိုင်းခြား၍မသိရာ၊ အာနန္ဒာ ဣသိဒတ္တ၏ပြည့်စုံသော ပညာမျိုး နှင့် ပုရာဏသည် ပြည့်စုံငြားအံ့၊ ဤအရာ၌ ဣသိဒတ္တသည် ပုရာဏ၏ ဉာဏ်အလားကို ပိုင်းခြား၍

http://www.dhammadownload.com



မသိရာ၊ အာနန္ဒာ ဤသို့လျှင် ဤပုဂ္ဂိုလ်နှစ်ယောက်တို့သည် အင်္ဂါတပါးစီ ယုတ်လျော့ကုန်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-တယောဓမ္မသုတ်

၇၆။ ရဟန်းတို့ ဤတရားသုံးမျိုးတို့သည် လောက၌ ထင်ရှား မရှိကုန်ငြားအံ့၊ (ပူဇော်အထူးကို) ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မမူရာ၊မြတ်စွာဘုရား ဟောတော်မူသော သုတ် အဘိဓမ္မာ ဝိနည်းသည် လောက၌ မထွန်းပရာ၊ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း တို့တည်း။ ရဟန်းတို့ ဤတရား သုံးမျိုးတို့သာ လောက၌ ထင်ရှား မရှိကြပါမူ (ပူဇော်အထူးကို) ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မမူရာ၊ မြတ်စွာဘုရား ဟောတော်မူသော သုတ် အဘိဓမ္မာ ဝိနည်းသည် လောက၌ မထွန်းပရာ။ ရဟန်းတို့ ဤတရားသုံးမျိုးတို့ လောက၌ ထင်ရှားရှိသော ကြောင့်သာ (ပူဇော်အထူးကို) ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏၊ မြတ်စွာဘုရား ဟောတော်မူသော သုတ် အဘိဓမ္မာ ဝိနည်းသည် လောက၌ ထွန်းတောက်ပ၏။

ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို မပယ်ပဲ ပဋိသန္ဓေနေခြင်းကို ပယ်ရန် အိုခြင်းကို ပယ်ရန် သေခြင်းကို ပယ်ရန် မထိုက်။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ရာဂ ဒေါသ မောဟ တို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို မပယ်ပဲ ပဋိသန္ဓေနေခြင်းကို ပယ်ရန် အိုခြင်းကို ပယ်ရန် သေခြင်းကို ပယ်ရန် မထိုက်။ (၁)

ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို မပယ်ပဲ ရာဂကို ပယ်ရန် ဒေါသကို ပယ်ရန် မောဟကို ပယ်ရန် မထိုက်။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ တို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို မပယ်ပဲ ရာဂကို ပယ်ရန် ဒေါသကို ပယ်ရန် မောဟကို ပယ်ရန် မထိုက်။ (၂)

ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို မပယ်ပဲ သက္ကာယဒိဋ္ဌိကို ပယ်ရန် ဝိစိကိစ္ဆာကို ပယ်ရန် သီလဗ္ဗတပရာမာသကို ပယ်ရန် မထိုက်။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—မသင့်မတင့် နှလုံးသွင်းမှု လမ်းမှား မှီဝဲမှု စိတ်၏ ဆုတ်နစ်မှုတို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို မပယ်ပဲ သက္ကာယဒိဋ္ဌိကို ပယ်ရန် ဝိစိကိစ္ဆာကို ပယ်ရန် သီလဗ္ဗတပရာမာသကို ပယ်ရန် မထိုက်။ (၃)

ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို မပယ်ပဲ မသင့်မတင့် နှလုံးသွင်းမှုကို ပယ်ရန် လမ်းမှား မှီဝဲမှုကို ပယ်ရန် စိတ်ဆုတ်နစ်မှုကို ပယ်ရန် မထိုက်။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—သတိမေ့ပျောက်မှု ဆင်ခြင်ဉာဏ်ကင်းမှု စိတ်ပျံ့လွင့်မှုတို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို မပယ်ပဲ မသင့်မတင့် နှလုံးသွင်းမှုကို ပယ်ရန် လမ်းမှား မှီဝဲမှုကို ပယ်ရန် စိတ်ဆုတ်နစ်မှုကို ပယ်ရန် မထိုက်။ (၄)

ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို မပယ်ပဲ သတိမေ့လျော့မှုကို ပယ်ရန် ဆင်ခြင်ဉာဏ် ကင်းမှုကို ပယ်ရန် စိတ်ပျံ့လွင့်မှုကို ပယ်ရန် မထိုက်။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—အရိယာတို့အား ဖူးမြင်ရန်

http://www.dhammadownload.com



အလိုမရှိမှု အရိယာတရားကို ကြားနာရန် အလိုမရှိမှု ချုတ်ချယ်လိုသော စိတ်ရှိမှုတို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို မပယ်ပဲ သတိမေ့ပျောက်မှုကို ပယ်ရန် ဆင်ခြင်ဉာဏ် ကင်းမှုကို ပယ်ရန် စိတ်ပျံ့လွင့်မှုကို ပယ်ရန် မထိုက်။ (၅)

ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို မပယ်ပဲ အရိယာတို့ကို ဖူးမြင်ရန် အလိုမရှိမှုကိုပယ်ရန် အရိယာ တရားကို ကြားနာရန် အလိုမရှိမှုကို ပယ်ရန် ချုတ်ချယ်လိုသော စိတ်ရှိမှုကို ပယ်ရန် မထိုက်။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ပျံ့လွင့်မှု မစောင့်စည်းမှု သီလမရှိမှုတို့တည်း။ ရဟန်းတို့ ဤတရား သုံးမျိုးတို့ကို မပယ်ပဲ အရိယာတို့ကို ဖူးမြင်ရန် အလိုမရှိမှုတို ပယ်ရန် အရိယာ တရားကို ကြား နာရန် အလိုမရှိမှုကို ပယ်ရန် ချုတ်ချယ်လိုသော စိတ်ရှိမှုကို ပယ်ရန် မထိုက်။ (၆)

ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို မပယ်ပဲ ပျံ့လွင့်မှုကို ပယ်ရန် မစောင့်စည်းမှုကို ပယ်ရန် သီလမရှိမှုကို ပယ်ရန် မထိုက်။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—မယုံကြည်မှု ပြောဆိုသည်ကို မသိမှု ပျင်းရိမှုတို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို မပယ်ပဲ ပျံ့လွင့်မှုကို ပယ်ရန် မစောင့်စည်းမှုကို ပယ်ရန် သီလမရှိမှုကို ပယ်ရန် မထိုက်။ (၇)

ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို မပယ်ပဲ မယုံကြည်မှုကို ပယ်ရန် ပြောဆိုသည်ကို မသိမှုကို ပယ်ရန် ပျင်းရိမှုကို ပယ်ရန် မထိုက်။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—မရိုသေမှု ဆိုဆုံးမခက်မှု မိတ်ဆွေယုတ် ရှိမှုတို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို မပယ်ပဲ မယုံကြည်မှုကို ပယ်ရန် ပြောဆိုသည်ကို မသိမှုကို ပယ်ရန် ပျင်းရိမှုကို ပယ်ရန် မထိုက်။ (၈)

ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို မပယ်ပဲ မရိုသေမှုကို ပယ်ရန် ဆိုဆုံးမခက်မှုကို ပယ်ရန် မိတ်ဆွေယုတ် ရှိမှုကို ပယ်ရန် မထိုက်။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—အရှက်မရှိမှု အကြောက် မရှိမှု မေ့လျော့မှုတို့တည်း။ ရဟန်းတို့ ဤတရား သုံးမျိုးတို့ကို မပယ်ပဲ မရိုသေမှုကို ပယ်ရန် ဆိုဆုံးမခက်မှုကို ပယ်ရန် မိတ်ဆွေယုတ် ရှိမှုကို ပယ်ရန် မထိုက်။ (၉)

ရဟန်းတို့ အရှက်မရှိ အကြောက်မရှိသော ဤသူသည် မေ့လျော့သူဖြစ်၏၊ ထိုသူသည် မေ့လျော့သူဖြစ်ရကား မရိုသေမှုကို ပယ်ရန် ဆိုဆုံးမခက်မှုကို ပယ်ရန် မိတ်ဆွေယုတ် ရှိမှုကို ပယ်ရန် မထိုက်။ ထိုသူသည် မိတ်ဆွေယုတ်ရှိသူဖြစ်ရကား မယုံကြည်မှုကို ပယ်ရန် ပြောဆိုသည်ကို မသိမှု ကို ပယ်ရန် ပျင်းရိခြင်းကို ပယ်ရန် မထိုက်။ ထိုသူသည် ပျင်းရိသူဖြစ်ရကား ပျံ့လွင့်မှုကို ပယ်ရန် မစောင့်စည်းမှုကို ပယ်ရန် သီလမရှိမှုကို ပယ်ရန် မထိုက်။ ထိုသူသည် သီလမရှိသူဖြစ်ရကား အရိယာတို့ကို ဖူးမြင်ရန် အလိုမရှိမှုကို ပယ်ရန် အရိယာ တရားကို ကြားနာရန် အလိုမရှိမှုကို ပယ်ရန် ချုတ်ချယ်လိုသော စိတ်ရှိမှုကို ပယ်ရန် မထိုက်။ ထိုသူသည် ချုတ်ချယ်လိုသော စိတ် ရှိသူဖြစ်ရကား သတိမေ့လျော့မှုကို ပယ်ရန် ဆင်ခြင်ဉာဏ် ကင်းမှုကို ပယ်ရန် စိတ်ပျံ့လွင့်မှုကို ပယ်ရန် မထိုက်။ ထိုသူသည် စိတ်ပျံ့လွင့်သူ ဖြစ်ရကား မသင့်မဘင့် နှလုံးသွင်းမှုကို ပယ်ရန် လမ်းမှား မှီဝဲမှုကို ပယ်ရန် စိတ်ဆုတ်နစ်မှုကို ပယ်ရန် မထိုက်။ ထိုသူသည် စိတ်ဆုတ်နစ်သူဖြစ်ရကား သက္ကာယဒိဋ္ဌိကို ပယ်ရန် ဝိစိကိစ္ဆာကို ပယ်ရန် သီလဗ္ဗတပရာမာသကို ပယ်ရန် မထိုက်။ ထိုသူသည် ယုံမှားရှိသူဖြစ်ရကား ရာဂကို ပယ်ရန် ဒေါသကို ပယ်ရန် မောဟကို ပယ်ရန် မထိုက်။ ထိုသူသည် ရာဂကို မပယ်ပဲ ဒေါသကို မပယ်ပဲ မောဟကို မပယ်ပဲ ပဋိသန္ဓေ နေခြင်းကို ပယ်ရန် အိုခြင်းကို ပယ်ရန် သေခြင်းကို ပယ်ရန် မထိုက်။ (၁၀)

http://www.dhammadownload.com



ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို ပယ်လျှင် ပဋိသန္ဓေနေခြင်းကို ပယ်ရန် အိုခြင်းကို ပယ်ရန် သေခြင်းကို ပယ်ရန် ထိုက်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ရာဂ ဒေါသ မောဟတို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို ပယ်လျှင် ပဋိသန္ဓေနေခြင်းကို ပယ်ရန် အိုခြင်းကို ပယ်ရန် သေခြင်းကို ပယ်ရန် ထိုက်၏။ (၁)

ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို ပယ်လျှင် ရာဂကို ပယ်ရန် ဒေါသကို ပယ်ရန် မောဟကို ပယ်ရန် ထိုက်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသတို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို ပယ်လျှင် ရာဂကို ပယ်ရန် ဒေါသကို ပယ်ရန် မောဟကို ပယ်ရန် ထိုက်၏။ (၂)

ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို ပယ်လျှင် သက္ကာယဒိဋ္ဌိကို ပယ်ရန် ဝိစိကိစ္ဆာကို ပယ်ရန် သီလဗ္ဗတပရာမာသကို ပယ်ရန် ထိုက်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—မသင့်မဘင့် နှလုံးသွင်းမှု လမ်းမှားကို မှီဝဲမှု စိတ်ဆုတ်နစ်မှုတို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို ပယ်လျှင် သက္ကာယဒိဋ္ဌိကို ပယ်ရန် ဝိစိကိစ္ဆာကို ပယ်ရန် သီလဗ္ဗတပရာမာသကို ပယ်ရန် ထိုက်၏။ (၃)

ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို ပယ်လျှင် မသင့်မဘင့် နှလုံးသွင်းမှုကို ပယ်ရန် လမ်းမှား မှီဝဲမှုကို ပယ်ရန် စိတ်၏ ဆုတ်နစ်မှုကို ပယ်ရန် ထိုက်၏။ အဘယ်သုံးမျိုးတို့နည်းဟူမူ—သတိမေ့လျော့မှု ဆင်ခြင်ဉာဏ်ကင်းမှု စိတ်ပျံ့လွင့်မှုတို့တည်း၊ ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို ပယ်လျှင် မသင့်မတင့် နှလုံးသွင်းမှုကို ပယ်ရန် လမ်းမှား မှီဝဲမှုကို ပယ်ရန် စိတ်ဆုတ်နစ်မှုကို ပယ်ရန် ထိုက်၏။ (၄)

ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို ပယ်လျှင် သတိမေ့ပျောက်မှုကို ပယ်ရန် ဆင်ခြင်ဉာဏ်ကင်းမှုကို ပယ်ရန် စိတ်ပျံ့လွင့်မှုကို ပယ်ရန် ထိုက်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—အရိယာတို့အား ဖူးမြင်ရန် အလိုမရှိမှု အရိယာတရားကို ကြားနာရန် အလိုမရှိမှု ချုတ်ချယ်လိုသော စိတ်ရှိမှုတို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို ပယ်လျှင် သတိမေ့ပျောက်မှုကို ပယ်ရန် ဆင်ခြင်ဉာဏ်ကင်းမှုကို ပယ်ရန် စိတ်ပျံ့လွင့်မှုကို ပယ်ရန် ထိုက်၏။ (၅)

ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို ပယ်လျှင် အရိယာတို့ကို ဖူးမြင်ရန် အလိုမရှိမှုကို ပယ်ရန် အရိယာတရားကို ကြားနာရန် အလိုမရှိမှုကို ပယ်ရန် ချုတ်ချယ်လိုသော စိတ်ရှိမှုကို ပယ်ရန် ထိုက်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ပျံ့လွင့်မှု မစောင့်စည်းမှု သီလမရှိမှုတို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို ပယ်လျှင် အရိယာတို့ကို ဖူးမြင်ရန် အလိုမရှိမှုကို ပယ်ရန် အရိယာတရားကို ကြားနာရန် အလိုမရှိမှုကို ပယ်ရန် ချုတ်ချယ်လိုသော စိတ်ရှိမှုကို ပယ်ရန် ထိုက်၏။ (၆)

ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို ပယ်လျှင် ပျံ့လွင့်မှုကို ပယ်ရန် မစောင့်စည်းမှုကို ပယ်ရန် သီလမရှိမှုကို ပယ်ရန် ထိုက်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—မယုံကြည်မှု ပြောဆိုသည်ကို မသိမှု ပျင်းရိမှုတို့တည်း။ ရဟန်းတို့ ဤတရားသုံးမျို တို့ကို ပယ်လျှင် ပျံ့လွင့်မှုကို ပယ်ရန် မစောင့်စည်းမှုကို ပယ်ရန် သီလမရှိမှုကို ပယ်ရန် ထိုက်၏။ (၇)

ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို ပယ်လျှင် မယုံကြည်မှုကို ပယ်ရန် ပြောဆိုသည်ကို မသိမှုကို ပယ်ရန် ပျင်းရိမှုကို ပယ်ရန် ထိုက်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—မရိုသေမှု ဆိုဆုံးမခက်မှု မိတ်ဆွေယုတ်ရှိမှုတို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို ပယ်လျှင် မယုံကြည်မှုကို ပယ်ရန် ပြောဆိုသည်ကို မသိမှုကို ပယ်ရန် ပျင်းရိမှုကို ပယ်ရန် ထိုက်၏။ (၈)

http://www.dhammadownload.com



ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို ပယ်လျှင် မရှိသေမှုကို ပယ်ရန် ဆိုဆုံးမခက်မှုကို ပယ်ရန် မိတ်ဆွေယုတ်ရှိမှုကို ပယ်ရန် ထိုက်၏။အဘယ်သုံးမျိုးတို့နည်း ဟူမူ—အရှက်မရှိမှု အကြောက်မရှိမှု မေ့လျော့မှုတို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို ပယ်လျှင် မရှိသေမှုကို ပယ်ရန် ဆိုဆုံးမခက်မှုကို ပယ်ရန် မိတ်ဆွေယုတ် ရှိမှုကို ပယ်ရန် ထိုက်၏။ (၉)

ရဟန်းတို့ အရှက်အကြောက်ရှိသော ဤသူသည် မမေ့မလျော့၊ ထိုသူသည် မမေ့မလျော့သူ ဖြစ်ရကား မရှိသေမှုကို ပယ်ရန် ဆိုဆုံးမခက်မှုကို ပယ်ရန် မိတ်ဆွေယုတ်ရှိမှုကို ပယ်ရန် ထိုက်၏။ ထိုသူသည် မိတ်ဆွေကောင်းရှိသူ ဖြစ်ရကား မယုံကြည်မှုကို ပယ်ရန် ပြောဆိုသည်ကို မသိမှုကို ပယ်ရန်၊ ပျင်းရိမှုကိုပယ်ရန် ထိုက်၏။ ထိုသူသည် ထက်သန်သော လုံ့လရှိသူ ဖြစ်ရကား ပျံ့လွင့်မှုကို ပယ်ရန် မစောင့်စည်းမှုကို ပယ်ရန် သီလမရှိမှုကို ပယ်ရန် ထိုက်၏။ထိုသူသည် သီလရှိသူဖြစ်ရကား အရိယာတို့ကို ဖူးမြင်ရန်အလိုမရှိမှုကို ပယ်ရန် အရိယာတရားကို ကြားနာရန် အလိုမရှိမှုကိုပယ်ရန် ချွတ်ချယ်လိုသောစိတ်ရှိမှုကို ပယ်ရန် ထိုက်၏။ထိုသူသည် ချွတ်ချယ်လိုသော စိတ်မရှိသူဖြစ်ရကား မမေ့ပျောက်မှုကိုပယ်ရန် ဆင်ခြင်ဉာဏ်ကင်းမှုကို ပယ်ရန် စိတ်ပျံ့လွင့်မှုကို ပယ်ရန် ထိုက်၏။ ထိုသူသည် စိတ်မပျံ့လွင့်သူဖြစ်ရကား မသင့်မဘင့် နှလုံးသွင်းမှုကို ပယ်ရန် လမ်းမှား မှီဝဲမှုကိုပယ်ရန် စိတ်ဆုတ်နစ်မှုကို ပယ်ရန် ထိုက်၏။ထိုသူသည် စိတ်မဆုတ်နစ်သူဖြစ်ရကား သက္ကာယဒိဋ္ဌိကို ပယ်ရန် ဝိစိကိစ္ဆာကိုပယ်ရန် သီလဗ္ဗတပရာမာသကို ပယ်ရန်ထိုက်၏ ထိုသူသည် ယုံမှားမရှိသူ ဖြစ်ရကား ရာဂကိုပယ်ရန် ဒေါသကိုပယ်ရန် မောဟကို ပယ်ရန် ထိုက်၏။ ထိုသူသည် ရာဂကိုပယ်လျှင် ဒေါသကိုပယ်လျှင် မောဟကိုပယ်လျှင် ပဋိသန္ဓေ နေခြင်းကို ပယ်ရန် အိုခြင်းကိုပယ်ရန် သေခြင်းကို ပယ်ရန် ထိုက်၏ ဟု (မိန့်တော်မူ၏)။ (၁၀)

ဆဋ္ဌသုတ်။

## ၇-ကာကသုတ်

၇၇။ ရဟန်းတို့ ကျီးသည် မသူတော်တရား ဆယ်မျိုးတို့နှင့်ပြည့်စုံ၏၊ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—(ဂုဏ်ကျေးဇူးကို) ဖျက်ဆီးတတ်၏၊ ရဲတင်း၏၊ တဏှာနှင့်ပြည့်စုံ၏၊ အစာကြီး၏၊ ကြမ်းကြုတ်၏၊ သနားခြင်းကရုဏာမရှိ၊ အားနည်း၏၊ မြည်တွန်တတ်၏၊ သတိမေ့တတ်၏၊ မစုဆောင်းတတ်။ ရဟန်းတို့ ကျီးသည် ဤ မသူတော်တရား ဆယ်မျိုးတို့နှင့်ပြည့်စုံ၏။ ရဟန်းတို့ ဤအတူပင် ရဟန်းယုတ်သည် မသူတော်တရား ဆယ်မျိုးတို့နှင့်ပြည့်စုံ၏။အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—(ဂုဏ်ကျေးဇူးကို) ဖျက်ဆီးတတ်၏၊ ရဲတင်း၏၊ တဏှာနှင့်ပြည့်စုံ၏၊ အစာကြီး၏၊ ကြမ်းကြုတ်၏၊ သနားခြင်း ကရုဏာမရှိ၊ အားနည်း၏၊ မြည်တွန်တတ်၏၊ သတိမေ့တတ်၏၊ မစုဆောင်းတတ်။ ရဟန်းတို့ ရဟန်းယုတ်သည် ဤ မသူတော်တရားဆယ်မျိုးတို့နှင့် ပြည့်စုံ၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-နိဂဏ္ဌသုတ်

၇၈။ ရဟန်းတို့ နိဂဏ္ဌ 'တက္ကတွန်း' တို့သည် မသူတော်တရား ဆယ်မျိုးတို့နှင့် ပြည့်စုံကုန်၏။ အဘယ်ဆယ်မျိုးတို့နည်းဟူမူ—ရဟန်းတို့ နိဂဏ္ဌတို့သည် ယုံကြည်မှုမရှိကုန်။ရဟန်းတို့ နိဂဏ္ဌတို့သည်

http://www.dhammadownload.com



သီလမရှိကုန်။ ရဟန်းတို့ နိဂဏ္ဌတို့သည် အရှက်မရှိကုန်။ ရဟန်းတို့ နိဂဏ္ဌတို့သည် အကြောက်မရှိကုန်။ ရဟန်းတို့ နိဂဏ္ဌတို့သည် မသူတော်ကို ဆည်းကပ်တတ်ကုန်၏။ ရဟန်းတို့ နိဂဏ္ဌတို့သည် မိမိကိုယ်ကို ချီးမြှောက်၍ သူတပါးကို နှိမ့်ချတတ်ကုန်၏။ ရဟန်းတို့ နိဂဏ္ဌတို့သည် မိမိအမြင် အတိုင်း အမှားသုံးသပ်တတ်ကုန်၏။ စွဲစွဲ မြဲမြဲ ယူလေ့ရှိကုန်၏၊(အယူကို)စွန့်နိုင်ခဲကုန်၏။ရဟန်းတို့ နိဂဏ္ဌတို့သည် အံ့ဩဖွယ် ပြုတတ်ကုန်၏။ ရဟန်းတို့ နိဂဏ္ဌတို့သည် အလိုဆိုး ရှိကုန်၏။ ရဟန်းတို့ နိဂဏ္ဌတို့သည် မိတ်ဆွေယုတ် ရှိကုန်၏။ရဟန်းတို့ နိဂဏ္ဌတို့သည် ဤမသူတော်တရား ဆယ်မျိုးတို့နှင့် ပြည့်စုံကုန်၏ ဟု(မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-အာဃာတဝတ္ထုသုတ်

၇၉။ ရဟန်းတို့ ရန်ငြိုးဖွဲ့ကြောင်းတို့သည် ဤ ဆယ်မျိုးတို့တည်း။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—"ငါ၏အကျိုးမဲ့ကို ပြုဘူးလေပြီ"ဟု ရန်ငြိုးဖွဲ့၏၊"ငါ၏အကျိုးမဲ့ကို ပြုနေဆဲ"ဟု ရန်ငြိုးဖွဲ့၏၊ "ငါ၏အကျိုးမဲ့ကို ပြုလိမ့်မည်"ဟု ရန်ငြိုးဖွဲ့၏၊ "ငါချစ်ခင်နှစ်သက်သူ၏ အကျိုးမဲ့ကို ပြုဘူးပြီ။ပ။ အကျိုးမဲ့ကို ပြုနေဆဲ။ပ။အကျိုးမဲ့ကို ပြုလိမ့်မည်ဟု" ရန်ငြိုးဖွဲ့၏၊ "ငါ၏ မချစ်ခင်မနှစ်သက်သူ၏ အကျိုးကို ပြုဘူးပြီ။ပ။ အကျိုးကို ပြုနေဆဲ။ပ။ အကျိုးကို ပြုလိမ့်မည်"ဟု ရန်ငြိုးဖွဲ့၏၊ အရာမဟုတ်သည်၌လည်း အမျက်ထွက်၏။ ရဟန်းတို့ ဤသည်တို့ကား ရန်ငြိုးဖွဲ့ကြောင်း ဆယ်မျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-အာဃာတပဋိဝိနယသုတ်

၈၀။ ရဟန်းတို့ ရန်ငြိုးဖြေကြောင်းတို့သည် ဤ ဆယ်မျိုးတို့တည်း။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—"ငါ၏ အကျိုးမဲ့ကို ပြုဘူးပြီ၊ ထိုအကျိုးမဲ့ပြုခြင်းကို ဤပုဂ္ဂိုလ်၌ (တားမြစ်ရန်) အဘယ်မှာ ရနိုင်မည်နည်း"ဟု ရန်ငြိုးကိုဖြေ၏၊"ငါ၏ အကျိုးမဲ့ကို ပြုနေဆဲ ထိုအကျိုးမဲ့ ပြုခြင်းကို ဤပုဂ္ဂိုလ်၌ (တားမြစ်ရန်) အဘယ်မှာ ရနိုင်မည်နည်း" ဟု ရန်ငြိုးကို ဖြေ၏၊ "ငါ၏ အကျိုးမဲ့ကို ပြုလိမ့်မည်၊ ထိုအကျိုးမဲ့ပြုခြင်းကို ဤပုဂ္ဂိုလ်၌ (တားမြစ်ရန်) အဘယ်မှာ ရနိုင်မည်နည်း"ဟု ရန်ငြိုးကို ဖြေ၏၊ ငါချစ်ခင်နှစ်သက်သူ၏ အကျိုးမဲ့ကို ပြုဘူးပြီ။ပ။ ပြုနေဆဲ။ပ။ ပြုလိမ့်မည်၊ ထိုအကျိုးမဲ့ပြုခြင်းကို ဤပုဂ္ဂိုလ်၌ (တားမြစ်ရန်)အဘယ်မှာ ရနိုင်မည်နည်း"ဟု ရန်ငြိုးကိုဖြေ၏၊ "ငါမချစ်ခင် မနှစ်သက်သူ၏ အကျိုးကို ပြုဘူးပြီ။ပ။ ပြုနေဆဲ။ပ။ ပြုလိမ့်မည်၊ ထိုအကျိုးပြုခြင်းကို ဤပုဂ္ဂိုလ်၌ (တားမြစ်ရန်) အဘယ်မှာ ရနိုင်မည်နည်း"ဟု ရန်ငြိုးကိုဖြေ၏၊ အရာမဟုတ်သည်၌လည်း အမျက်မထွက်။ ရဟန်းတို့ ဤသည်တို့ကား ရန်ငြိုးဖြေကြောင်း ဆယ်မျိုးတို့တည်း ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

သုံးခုမြောက် အာကင်္ခဝဂ် ပြီး၏။

http://www.dhammadownload.com



## (၉) ၄-ထေရဝဂ် ၁-ဝါဟနသုတ်

၈၁။ အခါတပါး၌ မြတ်စွာဘုရားသည် စမ္ပာပြည် ဂဂ္ဂရာရေကန်၏ကမ်းနား၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ အသျှင်ဝါဟနသည် မြတ်စွာဘုရား အထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေကာ မြတ်စွာဘုရားအား—"အသျှင်ဘုရား အဘယ်မျှသော တရားတို့မှ ထွက်မြောက်၍ (အဘယ်မျှသော တရားတို့နှင့်) မယှဉ်သော မြတ်စွာဘုရားသည် အဘယ်မျှသော တရားတို့မှ လွတ်ကင်းသည်ဖြစ်၍ (ကိလေသာ) အပိုင်းအခြားကင်းသောစိတ်ဖြင့် နေတော်မူပါသနည်း" ဟု လျှောက်၏။

ဝါဟန တရားဆယ်မျိုးတို့မှ ထွက်မြောက်၍ (တရားဆယ်မျိုးတို့နှင့်) မယှဉ်သော မြတ်စွာဘုရားသည် (တရားဆယ်မျိုးတို့မှ) လွတ်ကင်းသည်ဖြစ်၍ (ကိလေသာ) အပိုင်းအခြား ကင်းသော စိတ်ဖြင့် နေ၏။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—ဝါဟန ရုပ်မှထွက်မြောက်၍(ရုပ်နှင့်)မယှဉ်သော မြတ်စွာဘုရားသည် (ရုပ်မှ)လွတ်ကင်းသည်ဖြစ်၍(ကိလေသာ)အပိုင်းအခြားကင်းသော စိတ်ဖြင့် နေ၏။ ဝါဟန ဝေဒနာမှ။ပ။ ဝါဟန သညာမှ။ ဝါဟန သင်္ခါရတို့မှ။ ဝါဟန ဝိညာဏ်မှ။ ဝါဟန ဇာတိမှ။ ဝါဟန ဇရာမှ။ ဝါဟန မရဏမှ။ ဝါဟန ဒုက္ခတို့မှ။ ဝါဟန ကိလေသာတို့မှ ထွက်မြောက်၍ (ကိလေသာတို့နှင့်) မယှဉ်သော မြတ်စွာဘုရားသည်(ကိလေသာတို့မှ) လွတ်ကင်းသည်ဖြစ်၍ (ကိလေသာ) အပိုင်းအခြားကင်းသောစိတ်ဖြင့် နေ၏။ ဝါဟန ရေ၌ဖြစ်၍ ရေ၌ကြီးပွါးသော ဥပ္ပလကြာသည်၎င်း ပဒုမ္မာကြာသည်၎င်း ပုဏ္ဍရိက်ကြာသည်၎င်း ရေမှတက်၍ တည်ပြီးလျှင် ရေနှင့် မလိမ်းကပ်သကဲ့သို့ ဝါဟန ဤအတူပင် ဤတရားဆယ်မျိုးတို့မှ ထွက်မြောက်၍ (ဤတရားဆယ်မျိုးတို့နှင့်) မယှဉ်သော မြတ်စွာဘုရားသည် ဤတရားဆယ်မျိုးတို့မှ လွတ်ကင်းသည်ဖြစ်၍ ကိလေသာ အပိုင်းအခြားကင်းသော စိတ်ဖြင့် နေ၏ဟု (မိန့်တော်မူ၏)။

ပဌမ သုတ်။

---

## ၂-အာနန္ဒသုတ်

၈၂။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏။ တခုသော နေရာ၌ ထိုင်နေသော အသျှင်အာနန္ဒာအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—အာနန္ဒာ စင်စစ် ထိုရဟန်းသည် ယုံကြည်မှု 'သဒ္ဓါတရား' မရှိသူဖြစ်လျက် ဤ ဓမ္မဝိနယ 'သာသနာတော်'၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည် ဟူသော ဤအကြောင်းသည် မရှိ။ (၁)

အာနန္ဒာ စင်စစ် ထိုရဟန်းသည် သီလမရှိသူဖြစ်လျက် ဤ ဓမ္မဝိနယ'သာသနာတော်'၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည်ဟူသော ဤ အကြောင်းသည် မရှိ၊(၂)

အာနန္ဒာ စင်စစ် ထိုရဟန်းသည် အကြားအမြင် နည်းသူဖြစ်လျက် ဤ ဓမ္မဝိနယ 'သာသနာတော်'၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည် ဟူသော ဤ အကြောင်းသည် မရှိ။(၃)

http://www.dhammadownload.com



အာနန္ဒာ စင်စစ် ထို ရဟန်းသည် ဆို ဆုံးမခက်သူ ဖြစ်လျက် ဤ ဓမ္မဝိနယ 'သာသနာတော်'၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည်ဟူသော ဤ အကြောင်းသည် မရှိ။ (၄)

အာနန္ဒာ စင်စစ် ထို ရဟန်းသည် မိတ်ဆွေယုတ် ရှိသူဖြစ်လျက် ဤ ဓမ္မဝိနယ'သာသနာတော်' ၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည်ဟူသော ဤ အကြောင်းသည် မရှိ။ (၅)

အာနန္ဒာ စင်စစ် ထိုရဟန်းသည် ပျင်းရိသူဖြစ်လျက် ဤ ဓမ္မဝိနယ 'သာသနာတော်' ၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည်ဟူသော ဤ အကြောင်းသည် မရှိ။ (၆)

အာနန္ဒာ စင်စစ် ထို ရဟန်းသည် သတိမေ့ပျောက်သူဖြစ်လျက် ဤ ဓမ္မဝိနယ'သာသနာတော်' ၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည် ဟူသော ဤ အကြောင်းသည် မရှိ။ (၇)

အာနန္ဒာ စင်စစ် ထို ရဟန်းသည် မရောင့်ရဲတတ်သူဖြစ်လျက် ဤ ဓမ္မဝိနယ'သာသနာတော်' ၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည် ဟူသော ဤ အကြောင်းသည် မရှိ။ (၈)

အာနန္ဒာ စင်စစ် ထို ရဟန်းသည် အလိုဆိုး ရှိသူဖြစ်လျက် ဤ ဓမ္မဝိနယ 'သာသနာတော်' ၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည် ဟူသော ဤ အကြောင်းသည် မရှိ။ (၉)

အာနန္ဒာ စင်စစ် ထို ရဟန်းသည် အယူမှားရှိသူဖြစ်လျက် ဤ ဓမ္မဝိနယ 'သာသနာတော်' ၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည် ဟူသော ဤ အကြောင်းသည် မရှိ။ (၁၀)

အာနန္ဒာ စင်စစ် ဤ တရားဆယ်မျိုးတို့နှင့် ပြည့်စုံသော ထိုရဟန်းသည် ဤ ဓမ္မဝိနယ 'သာသနာတော်'၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည်ဟူသော ဤ အကြောင်းသည် မရှိ။

အာနန္ဒာ စင်စစ် ထို ရဟန်းသည် ယုံကြည်မှု 'သဒ္ဓါတရား' ရှိသူ ဖြစ်လတ်သော် ဤ ဓမ္မဝိနယ 'သာသနာတော်'၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည်ဟူသော ဤ အကြောင်းသည် ရှိ၏။ (၁)

အာနန္ဒာ စင်စစ် ထို ရဟန်းသည် သီလရှိသူ ဖြစ်လတ်သော် ဤ ဓမ္မဝိနယ'သာသနာတော်' ၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည် ဟူသော ဤ အကြောင်းသည် ရှိ၏။ (၂)

အာနန္ဒာ စင်စစ် ထို ရဟန်းသည် အကြားအမြင်များသူ အကြားအမြင်ကို ဆောင်သူ ဖြစ်လတ်သော် ဤ ဓမ္မဝိနယ'သာသနာတော်'၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည် ဟူသော ဤ အကြောင်းသည်ရှိ၏။ (၃)

အာနန္ဒာ စင်စစ် ထို ရဟန်းသည် ဆိုဆုံးမလွယ်သူ ဖြစ်လတ်သော် ဤ ဓမ္မဝိနယ 'သာသနာတော်' ၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည် ဟူသော ဤ အကြောင်းသည် ရှိ၏။ (၄)

http://www.dhammadownload.com



အာနန္ဒာ စင်စစ်ထို ရဟန်းသည် မိတ်ဆွေကောင်းရှိသူ ဖြစ်လတ်သော် ဤ ဓမ္မဝိနယ 'သာသနာတော်'၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည်ဟူသော ဤ အကြောင်းသည်ရှိ၏။(၅)

အာနန္ဒာ စင်စစ် ထို ရဟန်းသည် ထက်သန်သော လုံ့လရှိသူ ဖြစ်လတ်သော် ဤ ဓမ္မဝိနယ 'သာသနာတော်' ၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည် ဟူသော ဤ အကြောင်းသည် ရှိ၏။(၆)

အာနန္ဒာ စင်စစ် ထို ရဟန်းသည် ထင်သောသတိရှိသူ ဖြစ်လတ်သော် ဤ ဓမ္မဝိနယ 'သာသနာတော်'၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည်ဟူသော ဤ အကြောင်းသည် ရှိ၏။(၇)

အာနန္ဒာ စင်စစ် ထို ရဟန်းသည် ရောင့်ရဲလွယ်သူ ဖြစ်လတ်သော် ဤ ဓမ္မဝိနယ 'သာသနာတော်' ၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည်ဟူသော ဤ အကြောင်းသည် ရှိ၏။(၈)

အာနန္ဒာ စင်စစ် ထို ရဟန်းသည် အလိုနည်းသူ ဖြစ်လတ်သော် ဤ ဓမ္မဝိနယ 'သာသနာတော်' ၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည် ဟူသော ဤ အကြောင်းသည် ရှိ၏။(၉)

အာနန္ဒာ စင်စစ် ထို ရဟန်းသည် အယူမှန်ရှိသူ ဖြစ်လတ်သော် ဤ ဓမ္မဝိနယ 'သာသနာတော်' ၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည် ဟူသော ဤ အကြောင်းသည် ရှိ၏။(၁၀)

အာနန္ဒာ စင်စစ် ဤ တရားဆယ်မျိုးတို့နှင့် ပြည့်စုံသော ထို ရဟန်းသည် ဤ ဓမ္မဝိနယ 'သာသနာတော်'၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည်ဟူသော ဤ အကြောင်းသည် ရှိ၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ပုဏ္ဏိယသုတ်

၈၃။ ထိုအခါ အသျှင်ပုဏ္ဏိယသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေကာ မြတ်စွာဘုရားအား—"အသျှင်ဘုရား မြတ်စွာဘုရား၏ တရား ဒေသနာတော်သည် တခါတရံ (ဉာဏ်အား) ထင်လာပါသည်၊ တခါတရံ (ဉာဏ်အား) မထင်လာပါ။ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း"ဟု လျှောက်၏။

ပုဏ္ဏိယ ရဟန်းသည် ယုံကြည်မှုကား ရှိ၏၊ (မြတ်စွာဘုရားသို့ကား) မချဉ်းကပ်၊ ထိုမျှဖြင့် မြတ်စွာဘုရား၏ တရားဒေသနာတော်သည် မထင်လာသေး။ ပုဏ္ဏိယ အကြင်အခါ၌ ရဟန်းသည် ယုံကြည်မှုလည်း ရှိ၏၊ ချဉ်းကပ်လည်း ချဉ်းကပ်တတ်၏၊ ဤသို့သော အခါ၌မူကား မြတ်စွာဘုရား၏ တရား ဒေသနာတော်သည် ထင်လာ၏။

http://www.dhammadownload.com



ပုဏ္ဏိယ ရဟန်းသည် ယုံကြည်မှုလည်း ရှိ၏၊ ချဉ်းကပ်လည်း ချဉ်းကပ်တတ်၏၊ ဆည်းကပ်ကား မဆည်းကပ်။ပ။ဆည်းကပ်လည်း ဆည်းကပ်၏၊မေးမြန်းကား မမေးမြန်း။မေးမြန်းလည်း မေးမြန်း၏၊ နားစိုက်၍ကား တရားကို မနာ။ နားစိုက်၍လည်း တရားကို နာ၏၊ နာပြီး၍ကား တရား ကို မဆောင်။ နာပြီး၍လည်း တရားကို ဆောင်၏ ဆောင်အပ်ပြီး တရားတို့၏ အနက်ကိုကား မဆင်ခြင်။ ဆောင်အပ်ပြီး တရားတို့၏ အနက်ကိုလည်း ဆင်ခြင်၏၊ အနက် ပါဠိကိုသိ၍ တရားအားလျော်သော အကျင့်ကိုကား မကျင့်။အနက် ပါဠိကိုသိ၍ တရားအားလျော်သော အကျင့်ကိုလည်း ကျင့်၏၊ ကောင်းသော စကားရှိသူ ကောင်းသော မြွက်ဆိုသံရှိသူ သန့်ရှင်းသော အပြစ်ကင်းသော အဓိပ္ပါယ်သိလွယ်သော ပြည်ကြီးသူတို့၏ စကားနှင့် ပြည့်စုံသူကား မဟုတ်။ ကောင်းသော စကားရှိသူ ကောင်းသော မြွက်ဆိုသံရှိသူ သန့်ရှင်းသော အပြစ်ကင်းသော အဓိပ္ပါယ် သိလွယ်သော ပြည်ကြီးသူတို့၏ စကားနှင့် ပြည့်စုံသူလည်း ဟုတ်၏၊ သီတင်းသုံးဖော်တို့အား တရားစကားဖြင့် (အကျိုးစီးပွါးကို) ကောင်းစွာ ပြတတ်သူ (တရားကို) ဆောက်တည်စေသူ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်း စေတတ်သူကား မဟုတ်။ ထိုမှဖြင့် မြတ်စွာဘုရား၏ တရားဒေသနာ တော်သည် (ဉာဏ်အား) မထင်လာသေး။

ပုဏ္ဏိယ ရဟန်းသည် အကြင်အခါ၌ ယုံကြည်မှုလည်း ရှိ၏၊ ချဉ်းကပ်လည်း ချဉ်းကပ်တတ်၏၊ ဆည်းကပ်လည်း ဆည်းကပ်တတ်၏၊ မေးမြန်းလည်း မေးမြန်းတတ်၏၊နားစိုက်၍လည်း တရားကို နာတတ်၏၊ နာပြီးသော တရားကိုလည်း ဆောင်တတ်၏၊ ဆောင်ပြီး တရား၏ အနက်ကိုလည်း ဆင်ခြင်တတ်၏၊ အနက်ပါဠိကို သိ၍ တရားအားလျော်သော အကျင့်ကိုလည်း ကျင့်တတ်၏၊ ကောင်းသော စကားရှိသူ ကောင်းသော မြွက်ဆိုသံရှိသူ သန့်ရှင်းသော အပြစ်ကင်းသော အဓိပ္ပါယ် သိလွယ်သော ပြည်ကြီးသူတို့၏ စကားနှင့် ပြည့်စုံသူလည်း ဟုတ်၏၊ သီတင်းသုံးဖော်တို့အား (တရားစကားဖြင့် အကျိုးစီးပွါးကို) ကောင်းစွာပြတတ်သူ (တရားကို) ဆောက်တည်စေတတ်သူ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေတတ်သူလည်း ဟုတ်၏၊ ဤသို့သော အခါ၌မူကား မြတ်စွာဘုရား၏ တရားဒေသနာတော်သည် ထင်လာ၏။

ပုဏ္ဏိယ ဤတရားဆယ်မျိုးတို့နှင့် ပြည့်စုံသည်ရှိသော် မြတ်စွာဘုရား၏ တရားဒေသနာတော် သည် (ဉာဏ်အား) စင်စစ် ထင်လာ၏ ဟု(မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ဗျာကရဏသုတ်

၈၄။ ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် ရဟန်းတို့ကို "ငါ့သျှင်ရဟန်းတို့"ဟု ခေါ်တော်မူ၏။ "ငါ့သျှင်" ဟု ထို ရဟန်းတို့သည် အသျှင်မဟာမောဂ္ဂလာန်အား ပြန်ကြား လျှောက်ထားကုန်၏။ အသျှင်မဟာမောဂ္ဂလာန်သည် ဤစကားကို မိန့်ဆို၏—

ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် "ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို **ကျင့်သုံးပြီးပြီ၊ ပြုဖွယ် (ကိစ္စ)ကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ အခြား (ပြုဖွယ်ကိစ္စ) မရှိတော့ပြီ ဟု** သိ၏"ဟု အရဟတ္တဖိုလ်ကို ပြောကြား၏။ ထိုရဟန်းကို မြတ်စွာဘုရားကသော်ငြင်း ဈာန်နှင့် ပြည့်စုံသော သမာပတ်၌ လိမ္မာသော သူတပါးစိတ်၌ လိမ္မာသော သူတပါးစိတ်ဖြစ်ပုံ၌ လိမ္မာသော မြတ်စွာ

http://www.dhammadownload.com



ဘုရား၏ တပည့်ကသော်ငြားလည်း စိစစ်၏၊ စုံစမ်း၏၊ မေးမြန်း၏၊ ထိုရဟန်းသည် မြတ်စွာဘုရားက သော်ငြားလည်း ချွန်နှင့်ပြည့်စုံသော သမာပတ်၌ လိမ္မာသော သူတပါးစိတ်၌ လိမ္မာသော သူတပါး စိတ်ဖြစ်ပုံ၌ လိမ္မာသော မြတ်စွာဘုရား၏ တပည့်ကသော်ငြားလည်း စိစစ်လတ်သော် စုံစမ်းလတ်သော် မေးမြန်းလတ်သော် အချည်းနှီး ဖြစ်ခြင်းသို့ ရောက်၏၊ ဂုဏ်ကင်းခြင်းသို့ ရောက်၏၊ အကျိုးမဲ့ ခြင်းသို့ ရောက်၏၊ ပျက်စီးခြင်းသို့ ရောက်၏၊ အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်၏။ ထိုရဟန်းကို မြတ်စွာဘုရားသည်ငြားလည်း ချွန်နှင့်ပြည့်စုံသော သမာပတ်၌ လိမ္မာသော သူတပါးစိတ်၌ လိမ္မာသော သူတပါးစိတ်ဖြစ်ပုံ၌ လိမ္မာသော မြတ်စွာဘုရား၏ တပည့်သည်ငြားလည်း "ဤအသျှင်သည် 'ပဋိသန္ဓေ နေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်(ကိစ္စ)ကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ အခြား(ပြုဖွယ်ကိစ္စ) မရှိတော့ပြီဟု ငါသိ၏'ဟူ၍ အဘယ့်ကြောင့် အရဟတ္တဖိုလ်ကို ပြောကြားဘိ သနည်း"ဟု ဤသို့ စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ နှလုံးသွင်း၏။

ထိုရဟန်းကို မြတ်စွာဘုရားသည်ငြားလည်း ချွန်နှင့်ပြည့်စုံသော သမာပတ်၌လိမ္မာသော သူတပါး စိတ်၌လိမ္မာသော သူတပါးစိတ်ဖြစ်ပုံ၌လိမ္မာသော မြတ်စွာဘုရား၏ တပည့်သည်ငြားလည်း ဤသို့စိတ် ဖြစ်ပုံ၌ ပိုင်းခြား၍သိ၏—

ဤအသျှင်သည် အမျက်ထွက် သူတည်း၊ အခါများစွာ အမျက်ထွက်မှု လွှမ်းမိုးသောစိတ်ဖြင့် နေ၏၊ ဤအမျက်ထွက်မှု လွှမ်းမိုးခြင်းသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ 'သာသနာ တော်'၌ ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် ရန်ငြိုးဖွဲ့သူတည်း၊ အခါမျ ားစွာ ရန်ငြိုးဖွဲ့မှု လွှမ်းမိုး သော စိတ်ဖြင့် နေ၏၊ဤရန်ငြိုးဖွဲ့မှု လွှမ်းမိုးခြင်းသည မြတ်စွာဘုရား ဟောတော်မူသော မမ္မဝိနယ 'သာသနာတော်'၌ ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် သူ့ကျေးဇူးကို ချေဖျက်တတ်သူတည်း၊ အခါများစွာ သူ့ကျေးဇူးကို ချေဖျက်မှုလွှမ်းမိုးသော စိတ်ဖြင့်နေ၏၊ သူ့ကျေးဇူးကို ချေဖျက်မှု လွှမ်းမိုးခြင်းသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ ဆုတ်ယုတ်မှု တည်း။ ဤအသျှင်သည် ဂုဏ်ပြိုင်တတ်သူတည်၊ အခါများစွာ ဂုဏ်ပြိုင်မှု လွှမ်းမိုးသော စိတ်ဖြင့် နေ၏၊ ဤဂုဏ်ပြိုင်မှု လွှမ်းမိုးခြင်းသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ 'သာသနာ တော်'၌ ဆုတ်ယုတ်မှုတည်း။ဤအသျှင်သည် ငြူစူတတ်သူတည်း၊အခါများစွာငြူစူမှု လွှမ်းမိုးသော စိတ်ဖြင့် နေ၏၊ ဤငြူစူမှု လွှမ်းမိုးခြင်းသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် ဝန်တိုတတ်သူတည်း၊ အခါများစွာ ဝန်တို မှု လွှမ်းမိုးသော စိတ်ဖြင့် နေ၏၊ ဤဝန်တိုမှု လွှမ်းမိုးခြင်းသည် မြတ်စွာဘုရား ဟောတော် မူသော ဓမ္မဝိနယ 'သာသနာတော်'၌ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် စဉ်းလဲသူတည်း၊ အခါ များစွာစဉ်းလဲမှု လွှမ်းမိုးသော စိတ်ဖြင့်နေ၏၊ ဤစဉ်းလဲမှု လွှမ်းမိုးခြင်းသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ ဆုတ်ယုတ် မှုတည်း။ဤအသျှင်သည် လှည့်စား တတ်သူတည်း၊ အခါများစွာ လှည့်စားမှု လွှမ်းမိုးသော စိတ်ဖြင့်နေ၏၊ ဤလှည့်စားမှု လွှမ်း မိုးခြင်းသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ'သာသနာတော်'၌ ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် အလိုဆိုးရှိသူတည်း၊ အခါများစွာ အလိုဆိုးလွှမ်းမိုးသော စိတ်ဖြင့်နေ၏၊ဤအလို ဆိုးလွှမ်းမိုးခြင်းသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ဆုတ်ယုတ် မှုတည်း။ဤအသျှင်သည် အထက်၌ ပြုဖွယ်ကိစ္စ ရှိသေးလျက် အနည်းငယ်မျှသော တရားထူးကို ရခြင်းဖြင့်အကြား၌ ဆုတ်နစ်ခြင်း (ပြီးဆုံးခြင်း)သို့ ရောက်၏၊ ဤအကြား၌ ဆုတ်နစ်ခြင်းသို့

http://www.dhammadownload.com



ရောက်ခြင်းသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ ဆုတ်ယုတ်မှုတည်း ဟု(ပိုင်းခြား၍ သိ၏)။

ငါ့သျှင်တို့ စင်စစ် ထိုရဟန်းသည် ဤဘုရားဆယ်မျိုးတို့ကို မပယ်ပဲ ဤဓမ္မဝိနယ 'သာသနာတော်'၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည် ဟူသော အကြောင်းသည် မရှိ။ ငါ့သျှင်တို့ စင်စစ်ထိုရဟန်းသည် ဤဘုရား ဆယ်မျိုးတို့ကိုပယ်လျှင် ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည်ဟူသော ဤအကြောင်းသည် ရှိ၏ ဟု(မိန့်ဆို၏)။

စတုတ္ထသုတ်။

## ၅-ကတ္ထီသုတ်

၈၅။ အခါတပါး၌ အသျှင်မဟာစုန္ဒသည် စေတီတိုင်း သဟဇာတိမြို့၌ (သီတင်းသုံး)နေတော်မူ၏။ထိုအခါ အသျှင်မဟာစုန္ဒသည် ရဟန်းတို့ကို"ငါ့သျှင်ရဟန်းတို့"ဟုခေါ်တော်မူ၏။"ငါ့သျှင်"ဟု ထိုရဟန်းတို့သည် အသျှင်မဟာစုန္ဒအား ပြန်ကြား လျှောက်ထားကြကုန်၏။ အသျှင်မဟာစုန္ဒသည် ဤစကားကို မိန့်ဆို၏— ငါ့သျှင်တို့ ဤ သာသနာတော်၌ ရဟန်းသည် "ငါသည် ပဌမဈာန်ကို ဝင်စားလည်း ဝင်စား၏၊ ထလည်း ထ၏၊ ငါသည် ဒုတိယဈာန်ကို ဝင်စားလည်း ဝင်စား၏၊ ထလည်း ထ၏။ ငါသည် တတိယဈာန်ကို ဝင်စားလည်း ဝင်စား၏၊ ထလည်း ထ၏။ ငါသည် စတုတ္ထဈာန်ကို ဝင်စားလည်း ဝင်စား၏၊ ထလည်း ထ၏၊ ငါသည် အာကာသာနဉ္စာယတနဈာန်ကို ဝင်စားလည်း ဝင်စား၏။ ထလည်း ထ၏၊ ငါသည် ဝိညာဏဉ္စာယတနဈာန်ကို ဝင်စားလည်း ဝင်စား၏၊ ထလည်း ထ၏။ ငါသည် အာကိဉ္စညာယတနဈာန်ကို ဝင်စားလည်း ဝင်စား၏၊ ထလည်း ထ၏။ ငါသည် နေဝသညာနာသညာယတနဈာန်ကို ဝင်စားလည်း ဝင်စား၏၊ ထလည်း ထ၏။ ငါသည် သညာ ဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်ကို ဝင်စားလည်း ဝင်စား၏၊ ထလည်း ထ၏" ဟု ရထိုက်သော ဈာန် မဂ် ဖိုလ် တရားတို့၌ ပြောကြား ပလွှားလေ့ရှိ၏။

ထိုရဟန်းကို မြတ်စွာဘုရားကသော်၎င်း ဈာန်နှင့် ပြည့်စုံသော သမာပတ်၌ လိမ္မာသော သူတပါးစိတ်၌လိမ္မာသော သူတပါး စိတ်ဖြစ်ပုံ၌ လိမ္မာသော မြတ်စွာဘုရား၏ တပည့်ကသော်၎င်း စိစစ်၏၊ စုံစမ်း၏၊ မေးမြန်း၏။ ထိုရဟန်းသည် မြတ်စွာဘုရားက သော်၎င်း ဈာန်နှင့်ပြည့်စုံသော သမာပတ်၌ လိမ္မာသော သူတပါးစိတ်၌ လိမ္မာသော သူတပါးစိတ် ဖြစ်ပုံ၌ လိမ္မာသော မြတ်စွာဘုရား၏ တပည့်ကသော်၎င်း စိစစ်လတ်သော် စုံစမ်းလတ်သော် မေးမြန်းလတ်သော် အချည်းနှီး ဖြစ်ခြင်းသို့ ရောက်၏၊ဂုဏ်ကင်းခြင်းသို့ ရောက်၏၊ အကျိုးမဲ့ခြင်းသို့ ရောက်၏၊ပျက်စီးခြင်းသို့ ရောက်၏၊ အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်၏။

ထိုရဟန်းကိုမြတ်စွာဘုရားကသော်၎င်းဈာန်နှင့်ပြည့်စုံသော သမာပတ်၌ လိမ္မာသော သူတပါး စိတ်၌လိမ္မာသော သူတပါးစိတ် ဖြစ်ပုံ၌ လိမ္မာသော မြတ်စွာဘုရား၏ တပည့်ကသော်၎င်း ဤသို့ စိတ်ဖြင့် စိတ်ကိုပိုင်းခြား၍ နှလုံးပြု၏၊ "ဤအသျှင်သည် အဘယ့်ကြောင့် ငါသည် ပဌမဈာန်ကို ဝင်စားလည်း ဝင်စား၏၊ ထလည်း ထ၏။ပ။ ငါသည် သညာ ဝေဒနာ ၇္တို၏ ချုပ်ရာ နိရောဓ သမာပတ်ကို ဝင်စားလည်း ဝင်စား၏၊ထလည်း ထ၏"ဟု ရထိုက်သော ဈာန် မဂ်ဖိုလ်တရားတို့၌ ပြောကြားလေ့ ပလွှားလေ့ရှိဘိသနည်းဟု(နှလုံးသွင်း၏)။

http://www.dhammadownload.com



ထိုရဟန်းကို မြတ်စွာဘုရားကသော်ငင်းဈျာန်နှင့်ပြည့်စုံသော သမာပတ်၌ လိမ္မာသော သူတပါး စိတ်၌လိမ္မာသော သူတပါးစိတ်ဖြစ်ပုံ၌ လိမ္မာသော မြတ်စွာဘုရား၏ တပည့်ကသော်ငင်း ဤသို့ စိတ်ဖြင့် စိတ်ကိုပိုင်းခြား၍သိ၏။ဤအသျှင်သည် နေ့ညဉ့် ကြာမြင့်စွာ သီလတို့၌ ကျိုးသည်ကို ပြုလေ့ရှိ၏၊ ဖေါက်သည်ကို ပြုလေ့ရှိ၏၊ ပြောက်သည်ကို ပြုလေ့ရှိ၏ ကျားသည်ကို ပြုလေ့ရှိ၏၊ အစဉ်မပြတ် ပြုလေ့မရှိ၊ အစဉ်မပြတ် ဖြစ်လေ့မရှိ။ ဤအသျှင်သည် သီလမရှိသူတည်း၊ ဤသီလ မရှိခြင်းသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ'သာသနာတော်'၌ ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် ယုံကြည်မှု မရှိသူတည်း၊ ဤယုံကြည်မှု မရှိခြင်းသည် မြတ်စွာဘုရားဟော တော်မူသော ဓမ္မဝိနယ'သာသနာတော်'၌ ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် အကြားအမြင် နည်း၍ မကျင့်အပ်သည်ကို ကျင့်သူတည်း၊ ဤ အကြားအမြင်နည်း၍ မကျင့်အပ်သည်ကို ကျင့် ခြင်းသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် ဆိုဆုံးမခက်သူတည်း၊ ဤဆိုဆုံးမခက်ခြင်းသည် မြတ်စွာဘုရားဟောတော် မူသော ဓမ္မဝိနယ' သာသနာတော်'၌ ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် မိတ်ဆွေယုတ်ရှိသူ တည်း၊ ဤမိတ်ဆွေယုတ် ရှိခြင်းသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ 'သာသနာ တော်'၌ ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် ပျင်းရိသူတည်း၊ ဤပျင်းရိခြင်းသည် မြတ်စွာ ဘုရား ဟောတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် သတိမေ့ပျောက်သူတည်း၊ ဤသတိမေ့ပျောက်ခြင်းသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် 'အံ့ဩဖွယ်ပြုတတ်' သူ တည်း၊ ဤအံ့ဩဖွယ်ပြုခြင်းသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ'သာသနာတော်'၌ ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် မေးမြန်းရန် ခက်သူတည်း၊ ဤမေးမြန်းရန် ခက်ခြင်းသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ ဆုတ်ယုတ်မှုတည်း။ ဤ အသျှင်သည် ပညာမဲ့သူတည်း၊ ဤပညာမဲ့ခြင်းသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ ဆုတ်ယုတ်မှုတည်း။

ငါ့သျှင်တို့ ဥပမာသော်ကား သူငယ်ချင်းတယောက်သည် သူငယ်ချင်းတယောက်ကို "မိတ်ဆွေ သင့်အား ဥစ္စာဖြင့် ပြုဖွယ်ရှိသောအခါ ငါ့ကို ဥစ္စာတောင်းပါ၊ သင့်အား ဥစ္စာကိုပေး ပါမည်"ဟု ဤသို့ ဆိုရာ၏၊ထိုသူငယ်ချင်းသည် ပြုဖွယ်တစုံတရာဖြစ်ပေါ်လတ်သော် သူငယ်ချင်း ကို"မိတ်ဆွေ ငါသည် ဥစ္စာဖြင့် အလိုရှိပါ၏၊ငါ့အား ဥစ္စာကိုပေးပါ"ဟု ဤသို့ ဆိုရာ၏။ထိုသူသည် "မိတ်ဆွေ ထိုသို့ဖြစ်လျှင် ဤနေရာ၌ တူးလော့"ဟု ဆိုရာ၏၊ ထိုသူသည် ထိုနေရာ၌ တူးလတ် သော်(ဥစ္စာကို)မရရာ၊ ထိုသူသည်"မိတ်ဆွေ ငါ့ကို ချွတ်ယွင်းစွာဆိုဘိ၏၊ မိတ်ဆွေ'ဤနေရာ၌ တူးလော့'ဟု ငါ့ကို အချည်းနှီးဆိုဘိ၏"ဟု ဤသို့ ဆိုရာ၏။ထိုသူသည်"မိတ်ဆွေ ငါသည် သင့်ကို ချွတ်ယွင်းစွာ မဆိုပါ၊ အချည်းနှီး မဆိုပါ၊မိတ်ဆွေ ထိုသို့ဖြစ်လျှင် ဤနေရာ၌တူးလော့"ဟု ဤသို့ ဆိုရာ၏၊ ထိုသူသည် ထိုနေရာ၌ တူးသော်လည်း (ဥစ္စာကို)မရရာ၊ ထိုသူသည်"မိတ်ဆွေ ငါ့ကို ချွတ်ယွင်းစွာဆိုဘိ၏၊မိတ်ဆွေ'ဤနေရာ၌ တူးလော့'ဟုငါ့ကိုအချည်းနှီးဆိုဘိ၏"ဟု ဤသို့ဆိုရာ၏။ ထိုသူသည်"မိတ်ဆွေ ငါသည် သင့်ကို ချွတ်ယွင်းစွာ မဆိုပါ၊ အချည်းနှီးမဆိုပါ၊ မိတ်ဆွေ ထိုသို့ ဖြစ်လျှင် ဤနေရာ၌ တူးလော့"ဟု ဤသို့ဆိုရာ၏၊ ထိုသူသည် ထိုနေရာ၌တူးသော်လည်း (ဥစ္စာကို) မရရာ၊ထိုသူသည်"မိတ်ဆွေ ငါ့ကို ချွတ်ယွင်းစွာဆိုဘိ၏။'ဤနေရာ၌ တူးလော့'ဟု အချည်းနှီးဆိုဘိ ၏"ဟု ဤသို့ဆိုရာ၏။ထိုသူသည် "မိတ်ဆွေ ငါသည် သင့်ကို ချွတ်ယွင်းစွာမဆိုပါ၊ အချည်းနှီး

http://www.dhammadownload.com



မဆိုပါ၊မိတ်ဆွေ အမှန်အားဖြင့် ငါသည်သာ ရွှးသွပ်ခြင်း စိတ်ဖောက်ပြန်ခြင်းသို့ ရောက်ပါ၏”ဟု ဤသို့ ဆိုရာ၏၊ ငါ့သျှင်တို့ ဤအတူပင် ရဟန်းသည် “ငါသည် ပဌမစျာန်ကို ဝင်စားလည်း ဝင်စား၏။ ထလည်း ထ၏၊ ငါသည် ဒုတိယစျာန်ကို ဝင်စားလည်း ဝင်စား၏၊ထလည်း ထ၏၊ ငါသည် တတိယစျာန်ကို ဝင်စားလည်း ဝင်စား၏၊ထလည်း ထ၏၊ငါသည် စတုတ္ထစျာန်ကို ဝင်စားလည်း ဝင်စား၏၊ ထလည်း ထ၏၊ ငါသည် အာကာသာနဉ္စာယတနစျာန်ကို ဝင်စားလည်းဝင်စား၏၊ ထလည်း ထ၏၊ ငါသည် ဝိညာဏဉ္စာယတနစျာန်ကို ဝင်စားလည်း ဝင်စား၏၊ ထလည်း ထ၏၊ငါသည် အာကိဉ္စညာယတနစျာန်ကို ဝင်စားလည်း ဝင်စား၏၊ ထလည်း ထ၏၊ ငါသည် နေဝသညာနာသညာ ယတနစျာန်ကို ဝင်စားလည်း ဝင်စား၏၊ ထလည်း ထ၏၊ ငါသည် သညာဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်ကို ဝင်စားလည်း ဝင်စား၏၊ ထလည်း ထ၏”ဟု ရထိုက်သော စျာန်မဂ်ဖိုလ် တရားတို့၌ ပြောကြားလေ့ ပလွှားလေ့ရှိ၏။ ထိုရဟန်းကို မြတ်စွာဘုရားကသော်၎င်း စျာန်နှင့် ပြည့်စုံသော သမာပတ်၌လိမ္မာသော သူတပါးစိတ်၌ လိမ္မာသော သူတပါးစိတ်ဖြစ်ပုံ၌ လိမ္မာသော မြတ်စွာဘုရား၏ တပည့်ကသော်၎င်း စိစစ်၏၊ စုံစမ်း၏၊ မေးမြန်း၏။ထိုရဟန်းသည် မြတ်စွာဘုရား ကသော်၎င်း စျာန်နှင့်ပြည့်စုံသော သမာပတ်၌လိမ္မာသော သူတပါးစိတ်၌လိမ္မာသော သူတပါး စိတ်ဖြစ်ပုံ၌လိမ္မာသော မြတ်စွာဘုရား၏ တပည့်ကသော်၎င်း စိစစ်လတ်သော် စုံစမ်းလတ်သော် မေးမြန်းလတ်သော် အချည်းနှီး ဖြစ်ခြင်းသို့ ရောက်၏၊ဂုဏ်ကင်းခြင်းသို့ ရောက်၏၊ အကျိုးမဲ့ခြင်း သို့ ရောက်၏၊ ပျက်စီးခြင်းသို့ ရောက်၏၊အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်၏။

ထိုရဟန်းကို မြတ်စွာဘုရားကသော်၎င်း စျာန်နှင့်ပြည့်စုံသော သမာပတ်၌ လိမ္မာသော သူတပါးစိတ်၌ လိမ္မာသော သူတပါးစိတ်ဖြစ်ပုံ၌ လိမ္မာသော မြတ်စွာဘုရား၏ တပည့် ကသော်၎င်း ဤသို့ စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ နှလုံးပြု၏။ “ဤအသျှင်သည် အဘယ့်ကြောင့် ငါသည် ပဌမစျာန်ကို ဝင်စားလည်း ဝင်စား၏။ပ။ငါသည် သညာ ဝေဒနာတို့၏ချုပ်ရာ နိရောဓသမာပတ်ကို ဝင်စားလည်း ဝင်စား၏၊ ထလည်း ထ၏”ဟု ရထိုက်သော စျာန် မဂ်ဖိုလ် တရားတို့၌ ပြောကြားလေ့ ပလွှားလေ့ ရှိဘိသနည်းဟု(နှလုံးပြု၏)။ ထိုရဟန်းကို မြတ်စွာဘုရား ကသော်၎င်း စျာန်နှင့်ပြည့်စုံသော သမာပတ်၌လိမ္မာသော သူတပါးစိတ်၌လိမ္မာသော သူတပါးစိတ် ဖြစ်ပုံ၌လိမ္မာသော မြတ်စွာဘုရား၏တပည့်ကသော်၎င်း ဤသို့ စိတ်ဖြင့် စိတ်ကိုပိုင်းခြား၍သိ၏။ ဤအသျှင်သည် နေ့ညဉ့် ကြာမြင့်စွာ သီလတို့၌ ကျိုးသည်ကို ပြုလေ့ရှိ၏၊ ပေါက်သည်ကို ပြုလေ့ရှိ၏၊ ပြောက်သည်ကို ပြုလေ့ရှိ၏၊ကျားသည်ကို ပြုလေ့ရှိ၏၊ အစဉ်မပြတ် ပြုလေ့မရှိ၊ အစဉ် မပြတ် ဖြစ်လေ့ရှိ၏။ဤအသျှင်သည် သီလ မရှိသူတည်း၊ ဤ သီလ မရှိခြင်းသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ‘သာသနာတော်’၌ ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် ယုံကြည်မှု မရှိသူတည်း၊ ဤယုံကြည်မှု မရှိခြင်းသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ‘သာသနာ တော်’၌ ဆုတ်ယုတ်မှုတည်း။ဤအသျှင်သည် အကြားအမြင်နည်း၍ မကျင့်အပ်သည်ကို ကျင့်သူ တည်း၊ ဤ အကြားအမြင်နည်း၍ မကျင့်အပ်သည်ကို ကျင့်ခြင်းသည် မြတ်စွာဘုရား ဟောတော် မူသော ဓမ္မဝိနယ‘သာသနာတော်’၌ ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် ဆိုဆုံးမခက်သူတည်း၊ ဤဆိုဆုံးမခက်ခြင်းသည် မြတ်စွာဘုရားဟောတော်မူသော ဓမ္မဝိနယ‘သာသနာတော်’၌ ဆုတ် ယုတ်မှုတည်း။ ဤအသျှင်သည် မိတ်ဆွေယုတ် ရှိသူတည်း၊ဤမိတ်ဆွေယုတ်ရှိခြင်းသည် မြတ်စွာ ဘုရားဟောတော်မူသော ဓမ္မဝိနယ‘သာသနာတော်’၌ ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် ပျင်းရိသူတည်း၊ ဤပျင်းရိခြင်းသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ‘သာသနာ

http://www.dhammadownload.com



တော်’၌ ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် သတိမေ့ပျောက်သူတည်း၊ ဤသတိမေ့ပျောက်ခြင်းသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ‘သာသနာတော်’၌ ဆုတ်ယုတ်မှုဟည်း။ ဤအသျှင်သည် ‘အံ့သြဖွယ်ကို ပြုတတ်သူတည်း’၊ ဤအံ့သြဖွယ်ပြုခြင်းသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ‘သာသနာတော်’၌ ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် မွေးမြူရန်ခက်သူတည်း၊ ဤမွေးမြူရန်ခက်ခြင်းသည် မြတ်စွာဘုရား ဟောဘော်မူသော ဓမ္မဝိနယ ‘သာသနာတော်’၌ ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် ပညာမဲ့သူဘည်း၊ ဤပညာမဲ့ခြင်းသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ ‘သာသနာတော်’၌ ဆုတ်ယုဘ်မှုတည်း(ဟုပိုင်းခြား၍ ဆို၏)။ ငါ့သျှင်တို့ စစ်စစ် ထိုရဟန်းသည် ဤတရားဆယ်မျိုးတို့ကို မပယ်ပဲ ဤဓမ္မဝိနယ ‘သာသနာတော်’၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည် ဟူသော ဤအကြောင်းသည်မရှိ။ ငါ့သျှင်တို့ စင်စစ် ထိုရဟန်းသည် ဤတရား ဆယ်မျိုးတို့ကို ပယ်လျှင် ဤဓမ္မဝိနယ‘သာသနာတော်’၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည် ဟူသော ဤအကြောင်းသည်ရှိ၏ဟု(မိန့်ဆို၏)။

ပဉ္စမသုတ်။

---

## ၆-အဓိမာနသုတ်

၈၆။ အခါတပါး၌ အသျှင်မဟာကဿပသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ အသျှင်မဟာကဿပသည် ရဟန်းတို့ကို “ငါ့သျှင် ရဟန်းတို့”ဟု ခေါ်တော်မူ၏။ “ငါ့သျှင်”ဟု ထိုရဟန်းတို့သည် ပြန်ကြားလျှောက်ထားကြကုန်၏။ အသျှင်မဟာကဿပသည် ဤစကားကို မိန့်ဆို၏—ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် “ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်(ကိစ္စ)ကို ပြုပြီးပြီ၊ ဤ မဂ်ကိစ္စအလို့ငှါ အခြား (ပြုဖွယ်ကိစ္စ) မရှိတော့ပြီဟု သိ၏”ဟု အရဟတ္တဖိုလ်ကို ပြောကြား၏။ ထိုရဟန်းကို မြတ်စွာဘုရားကသော်ငင်း ချွန်နှင့်ပြည့်စုံသော သမာပတ်၌ လိမ္မာသော သူတပါးစိတ်၌ လိမ္မာသော သူတပါးစိတ်ဖြစ်ပုံ၌ လိမ္မာသော မြတ်စွာဘုရား၏ တပည့်ကသော်ငင်း စိစစ်၏၊ စုံစမ်း၏၊ မေးမြန်း၏၊ ထိုရဟန်းသည် မြတ်စွာဘုရားကသော်ငင်း ချွန်နှင့်ပြည့်စုံသော သမာပတ်၌ လိမ္မာသောသူတပါးစိတ်၌ လိမ္မာသော သူတပါးစိတ်ဖြစ်ပုံ၌ လိမ္မာသော မြတ်စွာဘုရား၏ တပည့်ကသော်ငင်း စိစစ်လတ်သော် စုံစမ်းလတ်သော် မေးမြန်းလတ်သော် အချည်းနှီး ဖြစ်ခြင်းသို့ ရောက်၏၊ ဂုဏ်ကင်းမဲ့ခြင်းသို့ ရောက်၏၊ အကျိုးမဲ့ခြင်းသို့ ရောက်၏၊ ပျက်စီးခြင်းသို့ ရောက်၏၊ အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်၏။

ထိုရဟန်းကို မြတ်စွာဘုရားကသော်ငင်း ချွန်နှင့်ပြည့်စုံသော သမာပတ်၌ လိမ္မာသော သူတပါးစိတ်၌ လိမ္မာသော သူတပါး စိတ်ဖြစ်ပုံ၌လိမ္မာသော မြတ်စွာဘုရား၏ တပည့်ကသော်ငင်း ဤသို့ စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ နှလုံးပြု၏။ “ဤအသျှင်သည် အဘယ့်ကြောင့်‘ပဋိသန္ဓေ’ နေခြင်းကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်(ကိစ္စ)ကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ အခြား(ပြုဖွယ်ကိစ္စ) မရှိတော့ပြီဟု သိ၏ဟု အရဟတ္တဖိုလ်ကို ပြောကြားဘိသနည်း” ဟု (နှလုံးပြု၏)။ထိုရဟန်းကို မြဘ်စွာဘုရားကသော်ငင်းချွန်နှင့်ပြည့်စုံသော သမာပတ်၌ လိမ္မာ

http://www.dhammadownload.com



သော သူတပါးစိတ်၌လိမ္မာသော သူတပါးစိတ်ဖြစ်ပုံ၌လိမ္မာသော မြတ်စွာဘုရား၏တပည့်က သော်ငှင်း ဤသို့စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍သိ၏ —

ဤအသျှင်သည် ဈာန်မဂ်ဖိုလ်ကို ရသူဟု အထင်ကြီးသူတည်း၊ အထင်ကြီးခြင်းကို အမှန်အားဖြင့်ပြောဆို၏၊ မရောက်သေးသည်၌ ရောက်၏ဟု အမှတ်ရှိ၏၊ မပြုရသေးသည်၌ ပြုပြီးဟု အမှတ်ရှိ၏၊ မရသေးသည်၌ ရပြီးဟု အမှတ်ရှိ၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်(ကိစ္စ)ကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ အခြား(ပြုဖွယ်ကိစ္စ)မရှိတော့ပြီဟုသိ၏"ဟု အရဟတ္တဖိုလ်ကို အထင်ကြီးမှုဖြင့် ပြောကြား၏။

ထိုရဟန်းကို မြတ်စွာဘုရားကသော်ငှင်း ဈာန်နှင့်ပြည့်စုံသော သမာပတ်၌ လိမ္မာသော သူတပါးစိတ်၌ လိမ္မာသော သူတပါးစိတ်ဖြစ်ပုံ၌ လိမ္မာသော မြတ်စွာဘုရား၏ တပည့်ကသော်ငှင်း ဤသို့ စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ နှလုံးပြု၏။ "ဤအသျှင်သည် အဘယ်ကို အမှီပြုလျက် ဈာန်မဂ်ဖိုလ် ရသည်ဟု အထင်ကြီးသည် အထင်ကြီးခြင်းကို အမှန်အားဖြင့် ပြောဆိုသည် မရောက်သေးသည်၌ ရောက်၏ဟု အမှတ်ရှိသည် မပြုအပ်သေးသည်၌ ပြုအပ်၏ဟု အမှတ်ရှိသည် မရသေးသည်၌ရ၏ဟု အမှတ်ရှိသည်ဖြစ်၍ 'ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ ဤမဂ်ကိစ္စအလို့ငှါ အခြား(ပြုဖွယ်ကိစ္စ) မရှိတော့ပြီ'ဟု သိ၏ဟု အထင်ကြီးခြင်းဖြင့် အရဟတ္တဖိုလ်ကို ပြောကြားဘိသနည်း"ဟု (နှလုံးပြု၏)။ ထိုရဟန်းကို မြတ်စွာဘုရားကသော်ငှင်း ဈာန်နှင့်ပြည့်စုံသော သမာပတ်၌လိမ္မာသော သူတပါးစိတ်၌ လိမ္မာသော သူတပါးစိတ်ဖြစ်ပုံ၌ ဟမ္မာသော မြတ်စွာဘုရား၏ တပည့်ကသော်ငှင်း ဤသို့စိတ်ဖြင့် စိတ်ကိုပိုင်းခြား၍ သိ၏—

ဤအသျှင်သည် အကြားအမြင် များ၏၊ အကြားအမြင်ကို ဆောင်၏၊ အကြားအမြင်ကိုလည်း ဆည်းပူး၏၊ အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိ၍ အနက်သဒ္ဒါနှင့် ပြည့်စုံ၍ အလုံးစုံပြည့်စုံ စင်ကြယ်သော မြတ်သောအကျင့်ကို ဟောပြတတ်ကုန်သော တရားတို့ကို ထိုအသျှင်သည် များစွာ ကြားနာအပ်ကုန်၏၊ ဆောင်ထားအပ်ကုန်၏၊ နှုတ်ဖြင့် လေ့လာအပ်ကုန်၏၊ စိတ်ဖြင့် ဆင်ခြင်အပ်ကုန်၏၊ ဉာဏ်ဖြင့် ထိုးထွင်း၍ သိအပ်ကုန်၏၊ ထို့ကြောင့် ဤအသျှင်သည် အထင်ကြီးသည် အထင်ကြီးခြင်းကို အမှန်အားဖြင့် ပြောဆိုသည် မရောက်ရသေးသည်၌ ရောက်၏ဟု အမှတ်ရှိသည် မပြုရသေးသည်၌ ပြုပြီးဟု အမှတ်ရှိသည် မရသေးသည်၌ ရပြီးဟု အမှတ်ရှိသည်ဖြစ်၍ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ ဤမဂ်ကိစ္စအလို့ငှါ အခြား(ပြုဖွယ်ကိစ္စ) မရှိတော့ပြီဟု သိ၏"ဟု အရဟတ္တဖိုလ်ကို အထင်ကြီးခြင်းဖြင့် ပြောကြား၏။

ရဟန်းကို မြတ်စွာဘုရားကသော်ငှင် ဈာန်နှင့်ပြည့်စုံသော သမာပတ်၌ လိမ္မာသော သူဘပါး စိတ်၌ လိမ္မာသော သူတပါးစိတ်ဖြစ်ပုံ၌ လိမ္မာသော မြတ်စွာဘုရား၏ တပည့်ကသော်ငှင်း ဤသို့ စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏။ ဤအသျှင်သည် အဘိဇ္ဈာများသူတည်း၊အခါများစွာ အဘိဇ္ဈာ လွှမ်းမိုးသော စိတ်ဖြင့်နေ၏၊ ဤအဘိဇ္ဈာ လွှမ်းမိုးခြင်းသည် မြတ်စွာဘုရားဟောတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် အမျက်ထွက်သူတည်း၊ အခါများစွာ အမျက်ထွက်မှု လွှမ်းမိုးသောစိတ်ဖြင့် နေ၏၊ ဤ အမျက်ထွက်မှု လွှမ်းမိုးခြင်းသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် ထိုင်းမှိုင်းမှု

http://www.dhammadownload.com



'ထိနမိဒ္ဓ' ရှိသူတည်း၊ အခါများစွာထိုင်းမှိုင်းမှု လွှမ်းမိုးသောစိတ်ဖြင့်နေ၏၊ ထိုင်းမှိုင်းမှု လွှမ်းမိုးခြင်းသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ'သာသနာတော်'၌ ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် ပျံ့လွင့်သူတည်း၊ အခါများစွာ ပျံ့လွင့်မှု လွှမ်းမိုးသောစိတ်ဖြင့် နေ၏၊ ဤပျံ့လွင့်မှု လွှမ်းမိုးခြင်းသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် ယုံမှားသူတည်း၊ အခါများစွာ ယုံမှားမှု လွှမ်းမိုးသောစိတ်ဖြင့်နေ၏၊ ဤယုံမှားမှု လွှမ်းမိုးခြင်းသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ'သာသနာတော်'၌ ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် အမှုသစ်၌ မွေ့လျော်၏၊ အမှုသစ်၌ နှစ်ခြိုက်၏၊ အမှုသစ်၌ မွေ့လျော်မှုကို အားထုတ်၏၊ဤအမှုသစ်၌ မွေ့လျော်ခြင်းသည် မြတ်စွာဘုရားဟောတော်မူသော ဓမ္မဝိနယ'သာသနာတော်'၌ ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် စကားများခြင်း၌ မွေ့လျော်၏၊ စကားများခြင်း၌ နှစ်ခြိုက်၏၊ စကားများခြင်း၌ မွေ့လျော်မှုကို အားထုတ်၏၊ဤစကားများခြင်း၌ မွေ့လျော်ခြင်းသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် အိပ်ခြင်း၌ မွေ့လျော်၏၊ အိပ်ခြင်း၌ နှစ်ခြိုက်၏၊ အိပ်ခြင်း၌မွေ့လျော်မှုကို အားထုတ်၏၊ ဤအိပ်ခြင်း၌ မွေ့လျော်ခြင်းသည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် အပေါင်းအဖော်တို့၌ မွေ့လျော်၏၊ အပေါင်းအဖော်တို့၌ နှစ်ခြိုက်၏၊ အပေါင်းအဖော်တို့၌ မွေ့လျော်မှုကို အားထုတ်၏၊ ဤ အပေါင်းအဖော်တို့၌ မွေ့လျော်ခြင်းသည် မြတ်စွာဘုရားဟောတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ ဆုတ်ယုတ်မှုတည်း။ ဤအသျှင်သည် အထက်၌ ပြုဖွယ်ရှိသေးလျက် အနည်းငယ်မျှ တရားအထူးကို ရခြင်းဖြင့် အကြား၌ ဆုတ်နစ်ခြင်း (ပြီးဆုံးခြင်း)သို့ ရောက်၏။ ဤအကြား၌ ဆုတ်နစ်ခြင်းသို့ ရောက်ခြင်းသည် မြတ်စွာဘုရားဟောတော်မူသော ဓမ္မဝိနယ 'သာသနာတော်'၌ ဆုတ်ယုတ်မှုတည်းဟု ပိုင်းခြား၍သိ၏။ ငါ့သျှင်တို့ စင်စစ် ထိုရဟန်းသည် ဤ တရားဆယ်မျိုးတို့ကို မပယ်ပဲ ဤဓမ္မဝိနယ 'သာသနာတော်'၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည်ဟူသော ဤအကြောင်းသည်မရှိ။ ငါ့သျှင်တို့ စင်စစ် ထိုရဟန်းသည် ဤတရား ဆယ်မျိုးတို့ကို ပယ်လျှင် ဤဓမ္မဝိနယ 'သာသနာတော်'၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်လိမ့်မည်ဟူသော ဤအကြောင်းသည် ရှိ၏ဟု (မိန့်ဆို၏)။

ဆဋ္ဌသုတ်။

---

## ၇-နပ္ပိယသုတ်

၈၇။ ထိုအခါ မြတ်စွာဘုရားသည် ကွယ်လွန်သူ ရဟန်းကို အကြောင်းပြု၍ ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏။ "အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အဓိကရုဏ်းကို ပြုတတ်၏၊ အဓိကရုဏ်းငြိမ်းခြင်း၏ ကျေးဇူးကို မဆိုတတ်။ ရဟန်းတို့ ဤအဓိကရုဏ်းကို ပြုတတ်ခြင်း အဓိကရုဏ်းငြိမ်းခြင်း၏ ကျေးဇူးကို မဆိုတတ်ခြင်းဟူသော ဤတရားသည်လည်း ချစ်ခင်ရန် အလေးပြုရန် ပွါးများရန် ရဟန်းတရားဖြစ်ရန် တပေါင်းတည်းဖြစ်ရန် အလို့ငှါမဖြစ်။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် သိက္ခာကို လိုလားသူ မဟုတ်၊ သိက္ခာ လိုလားခြင်း၏ ကျေးဇူးကို မဆိုတတ်။ ရဟန်းတို့ ဤသိက္ခာကို လိုလားသူ မဟုတ်ခြင်း သိက္ခာကို လိုလားခြင်း၏ ကျေးဇူးကို မဆိုတတ်ခြင်းဟူသော တရားသည်လည်း ချစ်ခင်ရန် အလေးပြုရန် ပွါးများရန် ရဟန်းတရားဖြစ်ရန် တပေါင်းတည်းဖြစ်ရန် အလို့ငှါ မဖြစ်။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် အလိုဆိုးရှိသူ ဖြစ်၏၊ အလိုဆိုးကို ပယ်ဖျောက်ခြင်း၏ ကျေးဇူးကို မဆိုတတ်။ ရဟန်းတို့ ဤ အလိုဆိုးရှိခြင်း အလိုဆိုးကို ပယ်ဖျောက်ခြင်း၏ ကျေးဇူးကို မဆိုတတ်ခြင်းဟူသော တရားသည်လည်း ချစ်ခင်ရန် အလေးပြုရန် ပွါးများရန် ရဟန်းတရားဖြစ်ရန် တပေါင်းတည်းဖြစ်ရန် အလို့ငှါ မဖြစ်။

ရဟန်းတို့ နောက်တမျိုးကားရဟန်းသည် အမျက်ထွက်သူ ဖြစ်၏၊ အမျက်ထွက်ခြင်းကို ပယ်ဖျောက်ခြင်း၏ ကျေးဇူးကို မဆိုတတ်။ ရဟန်းတို့ ဤအမျက်ထွက်ခြင်း အမျက်ထွက်ခြင်းကို ပယ်ဖျောက်ခြင်း၏ ကျေးဇူးကို မဆိုတတ်ခြင်း ဟူသော တရားသည်လည်း ချစ်ခင်ရန် အလေးပြုရန် ပွါးများရန် ရဟန်းတရားဖြစ်ရန် တပေါင်းတည်းဖြစ်ရန် အလို့ငှါ မဖြစ်။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် သူ့ကျေးဇူးကို ချေဖျက်တတ်၏၊ သူ့ကျေးဇူး ချေဖျက်မှုကို ပယ်ဖျောက်ခြင်း၏ ကျေးဇူးကို မဆိုတတ်။ ရဟန်းတို့ ဤ သူ့ကျေးဇူးကို ချေဖျက်ခြင်း ကျေးဇူးချေဖျက်မှုကို ပယ်ဖျောက်ခြင်း၏ ကျေးဇူးကို မဆိုတတ်ခြင်းဟူသော တရားသည်လည်း ချစ်ခင်ရန် အလေးပြုရန် ပွါးများရန် ရဟန်းတရားဖြစ်ရန် တပေါင်းတည်းဖြစ်ရန် အလို့ငှါမဖြစ်။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် စဉ်းလဲ၏၊ စဉ်းလဲခြင်းကို ပယ်ဖျောက်ခြင်း၏ ကျေးဇူးကို မဆိုတတ်။ ရဟန်းတို့ ဤ စဉ်းလဲခြင်း စဉ်းလဲခြင်းကို ပယ်ဖျောက်ခြင်း၏ ကျေးဇူးကို မဆိုတတ်ခြင်းဟူသော တရားသည်လည်း ချစ်ခင်ရန် အလေးပြုရန် ပွါးများရန် ရဟန်းတရား ဖြစ်ရန် တပေါင်းတည်းဖြစ်ရန် အလို့ငှါ မဖြစ်။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် လှည့်စားတတ်၏၊ လှည့်စားမှုကို ပယ်ဖျောက်ခြင်း၏ကျေးဇူးကို မဆိုတတ်။ ရဟန်းတို့ ဤ လှည့်စားခြင်း လှည့်စားမှုကို ပယ်ဖျောက်ခြင်း၏ ကျေးဇူးကို မဆိုတတ်ခြင်းဟူသော ဤ တရားသည်လည်း ချစ်ခင်ရန် အလေးပြုရန် ပွါးများရန် ရဟန်းတရားဖြစ်ရန် တပေါင်းတည်းဖြစ်ရန် အလို့ငှါမဖြစ်။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် တရားတို့ကို မှတ်ဆောင်ထားခြင်း သဘော ရှိသူမဟုတ်၊ တရားတို့ကို ဆောင်ထားခြင်း၏ ကျေးဇူးကို မဆိုတတ်။ ရဟန်းတို့ ဤတရားတို့ကို ဆောင်ထားခြင်း သဘောရှိသူ မဟုတ်ခြင်း တရားတို့ကိုဆောင်ထားခြင်း၏ ကျေးဇူးကိုမဆိုတတ်ခြင်းဟူသော တရားသည်လည်း ချစ်ခင်ရန် အလေးပြုရန် ပွါးများရန် ရဟန်းတရား ဖြစ်ရန် တပေါင်းတည်းဖြစ်ရန် အလို့ငှါ မဖြစ်။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် တယောက်တည်း ကိန်းအောင်းတတ်သူ မဟုတ်၊ တယောက်တည်း ကိန်းအောင်းခြင်း၏ ကျေးဇူးကိုမဆိုတတ်။ ရဟန်းတို့ ဤတယောက်တည်း ကိန်းအောင်းသူ မဟုတ်ခြင်း တယောက်တည်း ကိန်းအောင်းခြင်း၏ ကျေးဇူးကို မဆိုတတ်ခြင်း ဟူသော တရားသည်လည်း ချစ်ခင်ရန် အလေးပြုရန် ပွါးများရန် ရဟန်းတရားဖြစ်ရန် တပေါင်း တည်းဖြစ်ရန် အလို့ငှါ မဖြစ်။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် သီတင်းသုံးဖော်တို့အား ပဋိသန္ဓာရ'အစေ့အစပ်' ပြုတတ်သူ မဟုတ်၊ ပဋိသန္ဓာရပြုခြင်း၏ ကျေးဇူးကို မဆိုတတ်။ ရဟန်းတို့ ဤပဋိသန္ဓာရပြုသူ မဟုတ်ခြင်း ပဋိသန္ဓာရပြုခြင်း၏ ကျေးဇူးကို မဆိုတတ်ခြင်းဟူသော တရားသည်လည်း ချစ်ခင်ရန် အလေးပြုရန် ပွါးများရန် ရဟန်းတရားဖြစ်ရန် တပေါင်းတည်း ဖြစ်ရန် အလို့ငှါ မဖြစ်။

ရဟန်းတို့ ဤသို့ သဘောရှိသော ရဟန်းအား "အကယ်၍ ငါ့ကို သီတင်းသုံးဖော်တို့သည် အရှိအသေ ပြုကြကုန်မူ အလေးပြုကြကုန်မူ မြတ်နိုးကြကုန်မူ ပူဇော်ကြကုန်မူ ကောင်းလေရာ၏" ဟု ဤသို့ အလိုသည် ဖြစ်ရာ၏။ ထိုသို့ ဖြစ်သော်လည်း ထိုရဟန်းကို စင်စစ်အားဖြင့် သီတင်းသုံးဖော်တို့သည် အရှိအသေလည်း မပြုကြကုန်၊ အလေးလည်း မပြုကြကုန်၊ မြတ်နိုးလည်း မမြတ်နိုးကြကုန်၊ ပူဇော်လည်း မပူဇော် ကြကုန်။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း။ ရဟန်းတို့ သိနားလည်သော သီတင်းသုံး ဖော်တို့သည် ထိုရဟန်း၏ ထိုယုတ်ညံ့သော အကုသိုလ်တရားတို့ မပယ်ရသေးသည်ကို မြင်ကြသောကြောင့်တည်း။

ရဟန်းတို့ ဥပမာသော်ကား မြင်းယုတ် မြင်းကြမ်းအား "ငါ့ကို အကယ်၍ လူတို့သည် အာဇာနည် ရာထူး၌ ထားကြမူ အာဇာနည် အစာကို ကျွေးကြမူ အာဇာနည် ပွတ်သပ်ခြင်းဖြင့် ပွတ်သပ်ကြမူ ကောင်းလေရာ၏" ဟု ဤသို့ အလိုသည် ဖြစ်ရာ၏။ ထိုသို့ပင် ဖြစ်သော်လည်း ထိုမြင်းယုတ်ကို စင်စစ်အားဖြင့် လူတို့သည် အာဇာနည် ရာထူးတို့၌လည်း မထားကြကုန်၊ အာဇာနည် အစာကိုလည်း မကျွေးကြကုန်၊ အာဇာနည် ပွတ်သပ်ခြင်းဖြင့်လည်း မပွတ်သပ်ကြကုန်။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း။ ရဟန်းတို့ သိနားလည်သော လူတို့သည် ထိုမြင်း၏ ထိုစဉ်းလဲခြင်း ကိုင်းခြင်း ကောက်ခြင်း ကွေးခြင်းတို့ မပယ်ရသေးသည်ကို မြင်ကုန်သောကြောင့်တည်း။ ရဟန်းတို့ ဤအတူပင် ဤသို့ သဘောရှိသော ရဟန်းအား "အကယ်၍ ငါ့ကို သီတင်းသုံးဖော်တို့သည် အရှိအသေပြုကြကုန်မူ အလေးပြုကြကုန်မူ မြတ်နိုးကြကုန်မူ ပူဇော်ကြကုန်မူ ကောင်းလေရာ၏"ဟု ဤသို့ အလိုသည် ဖြစ်ရာ၏။ ထိုသို့ပင် ဖြစ်သော်လည်း ထိုရဟန်းကို သီတင်းသုံးဖော်တို့သည် အရှိအသေလည်း မပြုကြကုန်၊ အလေးလည်း မပြုကြကုန်၊ မြတ်နိုးလည်း မမြတ်နိုးကြကုန်၊ ပူဇော်လည်း မပူဇော်ကြကုန်။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း။ ရဟန်းတို့ သိနားလည်သော သီတင်းသုံးဖော်တို့သည် ထိုရဟန်း၏ ထိုယုတ်ညံ့သော အကုသိုလ်တရားတို့ မပယ်ရသေးသည်ကို မြင်ကြသောကြောင့် တည်း။

ရဟန်းတို့ ဤ (သာသနာတော်)၌ ရဟန်းသည် အဓိကရုဏ်းကို မပြုတတ်၊ အဓိကရုဏ်း ငြိမ်းခြင်း၏ ကျေးဇူးကို ဆိုတတ်၏။ ရဟန်းတို့ ဤအဓိကရုဏ်းကို မပြုခြင်း အဓိကရုဏ်း ငြိမ်းခြင်း၏ ကျေးဇူးကို ဆိုတတ်ခြင်းဟူသော တရားသည်လည်း ချစ်ခင်ရန် အလေးပြုရန် ပွါးများရန် ရဟန်းတရား ဖြစ်ရန် တပေါင်းတည်းဖြစ်ရန် အလို့ငှါ ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကားရဟန်းသည် သိက္ခာကို လိုလား၏၊ သိက္ခာကို လိုလားခြင်း၏ ကျေးဇူးကို ဆိုတတ်၏။ ရဟန်းတို့ဤသိက္ခာကို လိုလားခြင်း သိက္ခာကို လိုလားခြင်း၏ ကျေးဇူးကို ဆိုတတ်ခြင်းဟူသော ဤတရားသည်လည်း ချစ်ခင်ရန် အလေးပြုရန် ပွါးများရန် ရဟန်းတရား ဖြစ်ရန် တပေါင်းတည်းဖြစ်ရန်အလို့ငှါ ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် အလိုနည်း၏၊ အလိုဆိုးကို ပယ်ဖျောက် ခြင်း၏ ကျေးဇူးကို ဆိုတတ်၏။ ရဟန်းတို့ ဤအလိုနည်းခြင်း အလိုဆိုးကို ပယ်ဖျောက်ခြင်း၏ ကျေးဇူးကို ဆိုတတ်ခြင်းဟူသော တရားသည်လည်း။ပ။တပေါင်းတည်း ဖြစ်ရန်အလို့ငှါဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် အမျက် မထွက်တတ်၊ အမျက်ထွက်မှုကို ပယ်ဖျောက်ခြင်း၏ ကျေးဇူးကို ဆိုတတ်၏။ ရဟန်းတို့ ဤအမျက် မထွက်ခြင်း အမျက်ထွက်မှုကို ဖျောက်ခြင်း၏ ကျေးဇူးကို ဆိုတတ်ခြင်းဟူသော ဤတရားသည်လည်း။ပ။ တပေါင်းတည်း ဖြစ်ရန် အလို့ငှါ ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် သူ့ကျေးဇူးကို မချေဖျက်တတ်၊ သူ့ကျေးဇူး ချေဖျက်မှုကို ပယ်ဖျောက်ခြင်း၏ ကျေးဇူးကို ဆိုတတ်၏။ ရဟန်းတို့ ဤ သူ့ကျေးဇူးကို မချေဖျက်ခြင်း သူ့ကျေးဇူး ချေဖျက်မှုကို ပယ်ဖျောက်ခြင်း၏ကျေးဇူးကိုဆိုတတ်ခြင်းဟူသော တရားသည်လည်း။ပ။ တပေါင်းတည်းဖြစ်ရန် အလို့ငှါ ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် မစဉ်းလဲတတ်၊ စဉ်းလဲမှုကို ပယ်ဖျောက်ခြင်း၏ ကျေးဇူးကို ဆိုတတ်၏။ ရဟန်းတို့ ဤမစဉ်းလဲခြင်း စဉ်းလဲမှုကို ပယ်ဖျောက်ခြင်း၏ ကျေးဇူးကို ဆိုတတ်ခြင်းဟူသော တရားသည်လည်း။ပ။ တပေါင်းတည်း ဖြစ်ရန် အလို့ငှါ ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် မလှည့်စားတတ်၊ လှည့်စားမှုကို ပယ်ဖျောက်ခြင်း၏ ကျေးဇူးကို ဆိုတတ်၏။ ရဟန်းတို့ ဤမလှည့်စားခြင်း လှည့်စားမှုကို ပယ်ဖျောက်ခြင်း၏ ကျေးဇူးကို ဆိုတတ်ခြင်းဟူသော တရားသည်လည်း။ပ။ တပေါင်းတည်း ဖြစ်ရန် အလို့ငှါဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် တရားတို့ကို ဆောင်ထားတတ်၏၊ တရားဆောင် ထားခြင်း၏ ကျေးဇူးကို ဆိုတတ်၏။ ရဟန်းတို့ ဤ တရားတို့ကို ဆောင်ထားခြင်း တရားဆောင် ထားခြင်း၏ ကျေးဇူးကို ဆိုတတ်ခြင်း ဟူသော တရားသည်လည်း။ပ။ တပေါင်းတည်း ဖြစ်ရန် အလို့ငှါ ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် တယောက်တည်း ကိန်းအောင်း တတ်၏၊ တယောက်တည်း ကိန်းအောင်းခြင်း၏ကျေးဇူးကို ဆိုတတ်၏။ ရဟန်းတို့ ဤ တယောက်တည်း ကိန်းအောင်းခြင်း တယောက်တည်းကိန်းအောင်းခြင်း၏ ကျေးဇူးကို ဆိုတတ်ခြင်းဟူသော တရား သည်လည်း။ပ။ တပေါင်းတည်းဖြစ်ရန် အလို့ငှါ ဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် သီတင်းသုံးဖော်တို့အား ပဋိသန္ထာရ 'အစေ့အစပ်' ပြုတတ်၏၊ ပဋိသန္ထာရ ပြုခြင်း၏ကျေးဇူးကို ဆိုတတ်၏။ရဟန်းတို့ ဤပဋိသန္ထာရ ပြုခြင်း ပဋိသန္ထာရ ပြုခြင်း၏ ကျေးဇူးကို ဆိုတတ်ခြင်းဟူသော ဤ တရားသည်လည်း ချစ်ခင်ရန် အလေးပြုရန် ပွါးများရန် ရဟန်းတရားဖြစ်ရန် တပေါင်းတည်းဖြစ်ရန် အလို့ငှါဖြစ်၏။

ရဟန်းတို့ ဤ သို့ သဘောရှိသော ရဟန်းအား "အကယ်၍ ငါ့ကို သီတင်းသုံးဖော် တို့သည် အရိုအသေပြုကြကုန်မူ အလေးပြုကြကုန်မူ မြတ်နိုးကြကုန်မူ ပူဇော်ကြကုန်မူ ကောင်းလေရာ၏" ဟု ဤသို့ အလိုသည် မဖြစ်ရာ။ ထိုသို့ မဖြစ်သော်လည်း ထို ရဟန်းကို စင်စစ်အားဖြင့် သီတင်း သုံးဖော်တို့သည် အရိုအသေပြုကြကုန်၏၊ အလေးပြုကြကုန်၏၊ မြတ်နိုးကြကုန်၏၊ ပူဇော်ကြ ကုန်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း။ ရဟန်းတို့ သိနားလည်သော သီတင်းသုံးဖော် တို့သည် ထို ရဟန်း၏ ထို ယုတ်ညံ့သော အကုသိုလ်တရားတို့ ပယ်ပြီးသည်ကို မြင်သော ကြောင့်တည်း။

ရဟန်းတို့ ဥပမာသော်ကား အမျိုးကောင်း အာဇာနည်မြင်းအား "အကယ်၍ ငါ့ကို လူတို့က အာဇာနည် ရာထူး၌ ထားကြကုန်မူ အာဇာနည် အစာကို ကျွေးကြကုန်မူ အာဇာနည် ပွတ်သပ်

http://www.dhammadownload.com



ခြင်းဖြင့် ပွတ်သပ်ကြကုန်မူ ကောင်းလေရာ၏”ဟု ဤသို့အလိုသည် မဖြစ်ရာ။ ထိုသို့ပင်မဖြစ်သော်လည်း ထို မြင်းကို လူတို့က အာဇာနည် ရာထူး၌ ထားကြကုန်၏၊ အာဇာနည် အစာကို ကျွေးကြကုန်၏၊ အာဇာနည် ပွတ်သတ်ခြင်းဖြင့် ပွတ်သပ်ကြကုန်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း။ ရဟန်းတို့ သိနားလည်သော လူတို့က ထိုမြင်း၏ ထို စဉ်းလဲခြင်း ကိုင်းခြင်း ကောက်ခြင်း ကွေးခြင်းတို့ ပယ်ပြီးသည်ကို မြင်ကုန်သောကြောင့်တည်း။ ရဟန်းတို့ ဤ အတူပင် ဤသို့သဘောရှိသော ရဟန်းအား “အကယ်၍ ငါ့ကို သီတင်းသုံးဖော်တို့သည် အရိုအသေ ပြုကြကုန်မူ အလေးပြုကြကုန်မူ မြတ်နိုးကြကုန်မူ ပူဇော်ကြကုန်မူ ကောင်းလေရာ၏”ဟု ဤသို့ အလိုသည် မဖြစ်ရာ။ ထိုသို့ မဖြစ်သော်လည်း ထို ရဟန်းကို သီတင်းသုံးဖော်တို့သည် အရိုအသေပြုကြကုန်၏၊ အလေးပြုကြကုန်၏၊ မြတ်နိုးကြ ကုန်၏၊ ပူဇော်ကြကုန်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း။ ရဟန်းတို့ သိနားလည်သော သီတင်းသုံးဖော်တို့သည် ထိုရဟန်း၏ ထိုယုတ်ညံ့သော အကုသိုလ်တရားတို့ ပယ်ပြီးသည်ကို မြင်ကုန်သောကြောင့်တည်း ဟု(မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-အက္ခောသကသုတ်

၈၈။ ရဟန်းတို့ သီတင်းသုံးဖော်တို့အား ဆဲရေးသူ ရေရွတ်သူ အရိယာ တို့အား (အန္တိမဝတ္ထုဖြင့်) စွပ်စွဲသူ ရဟန်းသည် ဆယ်မျိုးသော ပျက်စီးခြင်းတို့တွင် တမျိုးမျိုးသော ပျက်စီးခြင်းသို့ ရောက်ရာသော အကြောင်း အခွင့် ရှိသည်သာတည်း။ အဘယ် ဆယ်မျိုးတို့နည်း ဟူမူ—မရသေးသည့် ကျေးဇူးတရားကို မရ၊ ရပြီးသော ကျေးဇူးတရားမှ ဆုတ်ယုတ်၏၊ ထိုရဟန်း၏ သူတော်ကောင်းတရားတို့သည် မဖြူစင်ကုန်၊ သူတော်ကောင်း တရားတို့၌ သော်လည်း အထင်ကြီးသူ ဖြစ်၏၊မမွေ့လျော်ပဲ သော်လည်း မြတ်သော အကျင့်ကို ကျင့်သုံးရ၏၊ ညစ်နွမ်းသော အာပတ်တခုခုသို့သော်လည်း ရောက်ရ၏၊ ပြင်းပြသော ဆေးကုခက်သော ရောဂါသို့သော်လည်း ရောက်ရ၏၊ ရူးသွပ်ခြင်း စိတ်ပျံ့လွင့်ခြင်းသို့သော်လည်းရောက်ရ၏၊ တွေတွေ ဝေဝေ သေရ၏၊ ကိုယ်(ခန္ဓာ)ပျက်စီး၍ သေသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောသူတို့လားရာ ဖရိုဖရဲ ကျရောက်ရာ ငရဲသို့ကပ်ရောက်ရ၏။ ရဟန်းတို့ သီတင်းသုံးဖော်တို့အား ဆဲရေးသူ ရေရွတ်သူ အရိယာတို့အား (အန္တိမဝတ္ထုဖြင့်) စွပ်စွဲသူ ရဟန်းသည် ဆယ်မျိုးသော ပျက်စီးခြင်းတို့တွင် တမျိုးမျိုးသော ပျက်စီးခြင်းသို့ရောက်ရာသော အကြောင်း အခွင့် ရှိသည်သာတည်းဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ကောကာလိကသုတ်

၈၉။ ထိုအခါ ကောကာလိကရဟန်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား “အသျှင်ဘုရား သာရိပုတြာ မောဂ္ဂလာန်တို့သည် အလိုဆိုး ရှိကြပါသည်၊ အလိုဆိုးတို့၏ အလိုသို့ လိုက်ကြပါသည်”ဟု ဤစကားကို လျှောက်၏။ ကောကာလိက ဤသို့ မဆိုလင့်၊ ကောကာလိက ဤသို့ မဆိုလင့်၊ ကောကာလိက

http://www.dhammadownload.com



သာရိပုတြာ မောဂ္ဂလာန်တို့၌ စိတ်ကိုကြည်လင်စေလော့၊ သာရိပုတြာ မောဂ္ဂလာန်တို့သည် သီလကို ချစ်မြတ်နိုးကုန်၏ ဟု (မိန့်တော်မူ၏)။ နှစ်ကြိမ်မြောက်လည်း ကောကာလိကရဟန်းသည် မြတ်စွာဘုရားအား "အသျှင်ဘုရား မြတ်စွာဘုရားသည်ကား အကျွန်ုပ်၏ ယုံကြည်ထိုက်သူ စိတ်ချထိုက်သူ ဖြစ်ပါ၏၊ သို့သော်လည်း သာရိပုတြာ မောဂ္ဂလာန်တို့သည် အလိုဆိုး ရှိကြပါသည်၊ အလိုဆိုးတို့၏ အလိုသို့လိုက်ကြပါသည်"ဟု ဤ စကားကို လျှောက်၏။

ကောကာလိက ဤသို့ မဆိုလင့်၊ ကောကာလိက ဤသို့ မဆိုလင့်၊ ကောကာလိက သာရိပုတြာ မောဂ္ဂလာန်တို့၌ စိတ်ကို ကြည်လင်စေလော့၊ သာရိပုတြာ မောဂ္ဂလာန် တို့သည် သီလကို ချစ်မြတ်နိုးကုန်၏ ဟု (မိန့်တော်မူ၏)။ သုံးကြိမ်မြောက်လည်း ကောကာလိကရဟန်းသည် မြတ်စွာဘုရားအား "အသျှင်ဘုရား မြတ်စွာဘုရားသည်ကား အကျွန်ုပ်၏ ယုံကြည်ထိုက်သူ စိတ်ချထိုက်သူ ဖြစ်ပါ၏၊ သို့သော်လည်း သာရိပုတြာ မောဂ္ဂလာန်တို့သည် အလိုဆိုးရှိကြပါသည်၊ အလိုဆိုးတို့၏ အလိုသို့ လိုက်ကြပါသည်" ဟု ဤ စကားကို လျှောက်၏။ ကောကာလိက ဤသို့ မဆိုလင့်၊ ကောကာလိက ဤသို့ မဆိုလင့်၊ကောကာလိက သာရိပုတြာမောဂ္ဂလာန်တို့၌ စိတ်ကို ကြည်လင်စေလော့၊သာရိပုတြာ မောဂ္ဂလာန်တို့သည် သီလကိုချစ်မြတ်နိုးကုန်၏ဟု(မိန့်တော်မူ၏)။

ထို့နောက် ကောကာလိကရဟန်းသည် နေရာမှ ထ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲသွား၏။ ဖဲသွား၍ မကြာမြင့်မီ ကောကာလိကရဟန်းအား မုန်ညင်းစေ့ခန့် အလုံးအဖုတို့ဖြင့် တကိုယ်လုံး အနှံ့ ဖြစ်ပေါ်၏၊ မုန်ညင်းစေ့ခန့်ဖြစ်ပြီးနောက် ပဲနောက်စေ့ခန့် ဖြစ်ကုန်၏၊ ပဲနောက်စေ့ခန့် ဖြစ်ပြီးနောက် ကုလားပဲစေ့ခန့် ဖြစ်ကုန်၏၊ ကုလားပဲစေ့ခန့် ဖြစ်ပြီးနောက် ကလောသီးခန့် ဖြစ်ကုန်၏၊ ကလောသီးခန့် ဖြစ်ပြီးနောက် ဆီးသီးခန့် ဖြစ်ကုန်၏၊ ဆီးသီးခန့် ဖြစ်ပြီးနောက် ရှစ်ရှားသီးခန့် ဖြစ်ကုန်၏၊ ရှစ်ရှားသီးခန့် ဖြစ်ပြီးနောက် တည်သီးခန့် ဖြစ်ကုန်၏၊ တည်သီးခန့် ဖြစ်ပြီးနောက် ဥသျှစ်သီးနုခန့် ဖြစ်ကုန်၏၊ ဥသျှစ်သီးနုခန့် ဖြစ်ပြီးနောက် ဥသျှစ်သီးခန့် ဖြစ်ကုန်၏၊ဥသျှစ်သီးခန့်ဖြစ်ပြီးနောက် ပေါက်ကွဲကုန်၏၊ ပြည်သွေးများ ယိုကျကုန်၏၊ ထိုကောကာလိကသည် အဆိပ်ကို မျိုမိသော ငါးကဲ့သို့ ငှက်ပျောရွက်တို့၌ အိပ်ရ၏၊ ထိုအခါ တုရူမည်သော အသီးအခြား ဖြစ်သော ဗြဟ္မာသည် ကောကာလိကရဟန်းအထံသို့ ချဉ်းကပ်ပြီးနောက် ကောင်းကင်၌ ရပ်လျက် ကောကာလိကရဟန်းအား "ကောကာလိက သာရိပုတြာမောဂ္ဂလာန်တို့၌ စိတ်ကို ကြည်လင်စေလော့၊ သာရိပုတြာ မောဂ္ဂလာန်တို့သည် သီလကို ချစ်မြတ်နိုးကုန်၏" ဟု ဆို၏။

ငါ့သျှင် သင်သည် မည်သူဖြစ်သနည်း ဟု (မေး၏)။ ငါသည် တုရူမည်သော အသီးအခြား ဖြစ်သော ဗြဟ္မာတည်းဟု (ဆို၏)။ ငါ့သျှင် သင့်ကို မြတ်စွာဘုရားသည် အနာဂါမ်ဟု ပြောကြားသည် မဟုတ်လော၊ ထိုသို့ ဖြစ်လျက် အဘယ့်ကြောင့် ဤ လူ့ပြည်သို့ လာခဲ့ရသနည်း။ သင်၏ ဤ (အနာဂါမ်ဖြစ်လျက် လူ့ပြည်သို့ လာခြင်းဟူသော) အပြစ်ကို ကြည့်ရှုဦးလော့ဟု (ဆို၏)။ ထို့နောက် တုရူမည်သော အသီးအခြား ဗြဟ္မာသည် ကောကာလိက ရဟန်းအား ဂါထာတို့ဖြင့် ရွတ်ဆို၏—

"ဖြစ်လာသော ယောကျ်ား၏ ပါးစပ်၌ ဓားမနှင့် တူသော ကြမ်းကြုတ်သော စကားသည် ဖြစ်၏၊ လူမိုက်သည် မကောင်းသဖြင့် ဆိုအပ်သော စကားကို ဆိုကာယင်း ဓားမနှင့်တူသော ကြမ်းကြုတ်သော စကားဖြင့် မိမိကိုယ်ကို ဖြတ်၏။

http://www.dhammadownload.com



အကြင်သူသည် ကဲ့ရဲ့သင့်သူကို ချီးမွမ်း၏၊ အကြင်သူသည်ကား ချီးမွမ်းသင့်သူကို ကဲ့ရဲ့၏၊ ထိုသူသည် ပါးစပ်ဖြင့် အပြစ်ကို ဆည်းပူး၏၊ ထိုအပြစ်ကြောင့် ချမ်းသာကို မရနိုင်။

အကြင်သူသည် လောင်းကစားခြင်းတို့၌ ဥစ္စာအားလုံးနှင့်တကွ မိမိကိုယ်ပါ ဆုံးရှုံး၏၊ ဤ(ဆုံးရှုံးမှု)အပြစ်သည် အနည်းငယ်မျှသာတည်း၊ အကြင်သူသည် ကောင်းစွာဖြစ်သော(ရဟန္တာ)ပုဂ္ဂိုလ်တို့၌ စိတ်ပြစ်မှား၏၊ (ထိုသူ၏) ဤ(ပြစ်မှားခြင်း)အပြစ်သည် သာ၍ သာလွန်ကြီးမား၏။

ယုတ်မာသော နှုတ်ကိုရင်း စိတ်ကိုရင်း ဆောက်တည်၍ အရိယာကို ကဲ့ရဲ့သေ့ရှိသူသည် အကြင်ရဲသို့ ကပ်ရောက်ရ၏၊ ထိုငရဲသည် နိရဗ္ဗုဒပေါင်း တသိန်းသုံးဆယ့်ခြောက် နိရဗ္ဗုဒနှင့် ငါး အဗ္ဗုဒ အရေအတွက်ရှိ၏”ဟု (ရွတ်ဆို၏)။

ထို့နောက် ကောကာလိကရဟန်းသည် ထိုအနာဖြင့်ပင် ကွယ်လွန်လေ၏၊ ကွယ်လွန်သူ ကောကာလိကရဟန်းသည် သာရိပုတြာမောဂ္ဂလာန်တို့၌ စိတ်ပြစ်မှားသောကြောင့် ပဒုမငရဲသို့ ကပ်ရောက်ရ၏။ ထိုအခါ သဟံပတိဗြဟ္မာသည် ညဉ့်ဦးယံလွန်ပြီးသော(သန်ကောင်ယံ)၌ အလွန်နှစ်သက်ဖွယ် အဆင်းရှိသည်ဖြစ်၍ ဇေတဝန်တကျောင်းလုံးကို အရောင်အာဝါဖြင့်ထွန်းလင်းစေလျက် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်၍ မြတ်စွာဘုရားအား— “အသျှင်ဘုရားကောကာလိကရဟန်းသည် ကွယ်လွန်ပါပြီ၊ အသျှင်ဘုရား ကွယ်လွန်သူကောကာလိကရဟန်းသည် သာရိပုတြာ မောဂ္ဂလာန်တို့၌ စိတ်ပြစ်မှားသောကြောင့် ပဒုမငရဲသို့ ကပ်ရောက်ပါ၏”ဟု လျှောက်၏။ သဟံပတိဗြဟ္မာသည် ဤစကားကို လျှောက်ပြီးနောက် မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေပြုကာ ထိုအရပ်၌ပင် ကွယ်ပျောက်လေ၏။

ထို့နောက် မြတ်စွာဘုရားသည် ထိုညဉ့်လွန်သောအခါ ရဟန်းတို့ကို—ရဟန်းတို့ သဟံပတိဗြဟ္မာသည် ညဉ့်ဦးယံလွန်ပြီးသော (သန်ကောင်ယံ)၌ အလွန်နှစ်သက်ဖွယ် အဆင်းရှိသည်ဖြစ်၍ ဇေတဝန်တကျောင်းလုံးကို အရောင်အာဝါဖြင့် ထွန်းလင်းစေလျက် ငါ့ထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ရပ်၍ “အသျှင်ဘုရား ကောကာလိကရဟန်းသည် ကွယ်လွန်ပါပြီ၊ အသျှင်ဘုရား ကွယ်လွန်သူ ကောကာလိကရဟန်းသည် သာရိပုတြာ မောဂ္ဂလာန်တို့၌ စိတ်ပြစ်မှားသောကြောင့် ပဒုမငရဲသို့ ကပ်ရောက်ပါ၏”ဟု လျှောက်၏။ ရဟန်းတို့ သဟံပတိဗြဟ္မာသည် ဤစကားကိုလျှောက်ပြီးနောက် ငါ့ကို ရှိခိုး၍ အရိုအသေပြုကာ ထိုအရပ်၌ ကွယ်ပျောက်လေ၏ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသော် ရဟန်းတပါးသည် မြတ်စွာဘုရားအား—“အသျှင်ဘုရား ပဒုမငရဲ၌ အသက် ပမာဏ မည်မျှ ရှည်ပါသနည်း” ဟု လျှောက်၏။ ရဟန်း ပဒုမငရဲ၌ အသက်ပမာဏသည် ရှည်လျား၏၊ ထိုအသက်ပမာဏကို “ဤမျှသော နှစ်တို့” ဟူ၍ငင်း “ဤမျှသော နှစ်အရာတို့” ဟူ၍ငင်း “ဤမျှသော နှစ်အထောင်တို့”ဟူ၍ငင်း “ဤမျှသောနှစ်အသိန်းတို့”ဟူ၍ငင်း ရေတွက်ခြင်း မလွယ်ကူပေဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ဥပမာပြုရန် တတ်နိုင်ပါသလောဟု (လျှောက်၏)။

ရဟန်း “တတ်နိုင်၏”ဟု မြတ်စွာဘုရား မိန့်တော်မူ၏။ ရဟန်း ဥပမာသော်ကား ကောသလ တိုင်းဖြစ် တို့(ခါရီ) နှစ်ဆယ်ရှိသော နှမ်းလှည်းတစီးသည် ရှိရာ၏၊ ယောကျ်ားတယောက်သည် ထိုနှမ်းလှည်းမှ အနှစ်တရာ အနှစ်တရာ လွန်သောအခါ၌ နှမ်းတလုံး တလုံးကို ထုတ်ယူရာ၏၊

http://www.dhammadownload.com



ရဟန်း ကောသလတိုင်းဖြစ် တင်္ခ(ခါရီ)နှစ်ဆယ်ရှိ ထိုနှမ်းလှည်းသည် ဤလုံလဖြင့် လျင်မြန်စွာ ကုန်ခြင်း ခန်းခြင်းသို့ ရောက်ရာ၏၊ အဗ္ဗုဒငရဲ တခုသည်ကား(ကုန်ခြင်း ခန်းခြင်းသို့) မရောက်ရာ သည်သာတည်း။

ရဟန်း အဗ္ဗုဒငရဲ နှစ်ဆယ်တို့ကဲ့သို့ နိရဗ္ဗုဒငရဲ တခုဖြစ်၏။ ရဟန်း နိရဗ္ဗုဒငရဲ နှစ်ဆယ်တို့ ကဲ့သို့ အဗဗငရဲတခု ဖြစ်၏။ ရဟန်း အဗဗငရဲ နှစ်ဆယ်တို့ကဲ့သို့ အဋ္ဋငရဲတခုဖြစ်၏။ ရဟန်း အဋ္ဋ ငရဲနှစ်ဆယ်တို့ကဲ့သို့ အဟဟငရဲတခု ဖြစ်၏။ ရဟန်း အဟဟငရဲနှစ်ဆယ်တို့ကဲ့သို့ ကုမုဒငရဲတခု ဖြစ်၏။ ရဟန်း ကုမုဒငရဲနှစ်ဆယ်တို့ကဲ့သို့ သောဂန္ဓိကငရဲ တခု ဖြစ်၏။ ရဟန်း သောဂန္ဓိက ငရဲ နှစ်ဆယ်တို့ကဲ့သို့ ဥပ္ပလငရဲတခု ဖြစ်၏။ ရဟန်း ဥပ္ပလငရဲနှစ်ဆယ်တို့ကဲ့သို့ ပုဏ္ဍရီကငရဲတခု ဖြစ်၏။ ရဟန်း ပုဏ္ဍရီကငရဲနှစ်ဆယ်တို့ကဲ့သို့ ပဒုမငရဲတခု ဖြစ်၏။ ရဟန်း ကောကာလိကရဟန်းသည် သာရိပုတြာ မောဂ္ဂလာန်တို့၌ ပြစ်မှားသောကြောင့် ပဒုမငရဲသို့ကပ်ရောက်၏ဟု (မိန့်တော်မူ၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏၊ လာခြင်းကောင်းတော် မူသော မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူပြီးလျှင် ထိုမှနောက်၌ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူပြန်၏—

"ဖြစ်လာသော ယောကျ်ား၏ ပါးစပ်၌ ဓားမနှင့်တူသော ကြမ်းကြုတ်သော စကား သည် ဖြစ်၏၊ လူမိုက်သည် မကောင်းသဖြင့် ဆိုအပ်သော စကားကို ဆိုကာ ယင်း ဓားမနှင့် တူသော ကြမ်းကြုတ်သော စကားဖြင့် မိမိကိုယ်ကို ဖြတ်၏။

အကြင်သူသည် ကဲ့ရဲ့သင့်သူကို ချီးမွမ်း၏၊ အကြင်သူသည်ကား ချီးမွမ်းသင့်သူကို ကဲ့ရဲ့၏၊ ထိုသူသည် ပါးစပ်ဖြင့် အပြစ်ကို ဆည်းပူး၏၊ ထိုအပြစ်ကြောင့် ချမ်းသာကို မရနိုင်။

အကြင်သူသည် လောင်းကစားခြင်းတို့၌ ဥစ္စာအားလုံးနှင့်တကွ မိမိကိုယ်ပါ ဆုံးရှုံး၏၊ ဤ(ဆုံးရှုံးမှု)အပြစ်သည် အနည်းငယ်မျှသာတည်း၊ အကြင်သူသည် ကောင်းစွာဖြစ် သော (ရဟန္တာ)ပုဂ္ဂိုလ်တို့၌ စိတ်ပြစ်မှား၏၊ (ထိုသူ၏)ဤ(ပြစ်မှားခြင်း) အပြစ်သည်သာ သာလွန် ကြီးမား၏။

ယုတ်မာသော နှုတ်ကိုရင်း စိတ်ကိုရင်း ဆောက်တည်၍ အရိယာကို ကဲ့ရဲ့လေ့ရှိသူ သည် အကြင်ငရဲသို့ ကပ်ရောက်ရ၏၊ ထိုငရဲသည် နိရဗ္ဗုဒ ပေါင်း တသိန်းသုံးဆယ့်ခြောက် နိရဗ္ဗုဒနှင့် ငါး အဗ္ဗုဒနှင့် အရေအတွက်ရှိ၏"ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ခီဏာသဝဗလသုတ်

၉၀။ ထိုအခါ အသျှင်သာရိပုတြာသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော အသျှင်သာရိပုတြာအား မြတ်စွာဘုရားသည်—"သာရိပုတြာ အာသဝေါတရားကုန်ပြီးသော ရဟန်း၏အားတို့သည် အဘယ် မျှ တို့နည်း၊ ယင်းအားတို့နှင့် ပြည့်စုံသော အာသဝေါတရားကုန်ပြီးသော ရဟန်းသည် 'ငါ့အား အာသဝေါတရားကုန်ပြီ'ဟု အာသဝေါတရားတို့၏ ကုန်ခြင်းကို ဝန်ခံသနည်း"ဟု မေးတော်မူ၏။

http://www.dhammadownload.com



အသျှင်ဘုရား အာသဝေါတရားကုန်ပြီးသော ရဟန်း၏ အားတို့သည် ဤဆယ်မျိုးတို့ပါတည်း၊ ယင်းအားတို့နှင့် ပြည့်စုံသော အာသဝေါတရား ကုန်ပြီးသော ရဟန်းသည် "ငါ့အား အာသဝေါတရားကုန်ပြီ"ဟု အာသဝေါတရားတို့၏ ကုန်ခြင်းကို ဝန်ခံပါ၏။

အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—အသျှင်ဘုရား ဤသာသနာတော်၌ အာသဝေါတရားကုန်ပြီးသော ရဟန်းသည် အနိစ္စဟု သင်္ခါရအားလုံးတို့ကို ဟုတ်တိုင်းမှန်စွာ ကောင်းသော ပညာဖြင့် ကောင်းစွာ မြင်ပြီးဖြစ်ပါ၏။ အသျှင်ဘုရား ယင်းသို့ အာသဝေါတရား ကုန်ပြီးသော ရဟန်း၏ အနိစ္စဟု သင်္ခါရအားလုံးတို့ကို ဟုတ်တိုင်းမှန်စွာ ကောင်းသော ပညာဖြင့် ကောင်းစွာ မြင်ပြီးဖြစ်ခြင်းဟူသော ဤသဘောသည်လည်း အာသဝေါတရားကုန်ပြီးသော ရဟန်း၏ အားဖြစ်ပါ၏၊ ယင်းအားကို စွဲ၍ အာသဝေါတရားကုန်ပြီးသော ရဟန်းသည် "ငါ့အား အာသဝေါတရားတို့ ကုန်ပြီ" ဟု အာသဝေါတရားတို့၏ ကုန်ခြင်းကို ဝန်ခံပါ၏။ (၁)

အသျှင်ဘုရား နောက်တမျိုးကား အာသဝေါတရားကုန်ပြီးသော ရဟန်းသည် မီးကျီးတွင်း ဥပမာရှိသော ကာမဂုဏ်တို့ကို ဟုတ်တိုင်းမှန်စွာ ကောင်းသော ပညာဖြင့် ကောင်းစွာ မြင်ပြီး ဖြစ်ပါ၏။ အသျှင်ဘုရား ယင်းသို့ အာသဝေါတရားကုန်ပြီးသော ရဟန်း၏ မီးကျီးတွင်း ဥပမာ ရှိသော ကာမဂုဏ်တို့ကို ဟုတ်တိုင်းမှန်စွာ ကောင်းသော ပညာဖြင့် ကောင်းစွာ မြင်ခြင်းဟူသော ဤသဘောသည်လည်း အာသဝေါတရားကုန်ပြီးသော ရဟန်း၏ အားဖြစ်ပါ၏၊ ယင်းအားကိုစွဲ၍ အာသဝေါတရားကုန်ပြီးသော ရဟန်းသည် "ငါ့အား အာသဝေါတရားတို့ ကုန်ပြီ"ဟု အာသဝေါ တရားတို့၏ ကုန်ခြင်းကိုဝန်ခံပါ၏။ (၂)

အသျှင်ဘုရား နောက်တမျိုးကား အာသဝေါတရားကုန်ပြီးသော ရဟန်း၏ စိတ်သည် ဆိတ်ငြိမ် ရာသို့ ညွတ်ပါ၏၊ ဆိတ်ငြိမ်ရာသို့ ကိုင်းပါ၏၊ ဆိတ်ငြိမ်ရာသို့ ရှိုင်းပါ၏၊ (ကာမမှ) ထွက်မြောက်ရာ (နိဗ္ဗာန်)၌ မွေ့လျော်ကာ အာသဝေါတရားတို့၏ တည်ရာ တရားတို့မှ အချင်းခပ်သိမ်း ကင်းပါ၏။ အသျှင်ဘုရား ယင်းသို့ အာသဝေါတရားကုန်ပြီးသော ရဟန်း၏ စိတ်သည် ဆိတ်ငြိမ်ရာသို့ ညွတ်ခြင်း ကိုင်းခြင်း ရှိုင်းခြင်း (ကာမ)မှ ထွက်မြောက်ရာ (နိဗ္ဗာန်)၌ မွေ့လျော်ကာ အာသဝေါတရားတို့၏ တည်ရာ တရားတို့မှ အချင်းခပ်သိမ်း ကင်းခြင်းဟူသော ဤသဘောသည်လည်း အာသဝေါတရား ကုန်ပြီးသော ရဟန်း၏ အား ဖြစ်ပါ၏၊ ယင်းအားကိုစွဲ၍ အာသဝေါတရားကုန်ပြီးသော ရဟန်းသည် "ငါ့အား အာသဝေါတရားတို့ ကုန်ပြီ"ဟု အာသဝေါတရားတို့၏ ကုန်ခြင်းကို ဝန်ခံပါ၏။ (၃)

အသျှင်ဘုရား နောက်တမျိုးကား အာသဝေါတရားကုန်ပြီးသော ရဟန်းသည် သတိပဋ္ဌာန် လေးပါးတို့ကို ပွါးပြီးဖြစ်ပါ၏။ ကောင်းစွာ ပွါးပြီးဖြစ်ပါ၏၊ အသျှင်ဘုရား ယင်းသို့ အာသဝေါတရား ကုန်ပြီးသော ရဟန်း၏ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးပြီးဖြစ်ခြင်း ကောင်းစွာ ပွါးပြီးဖြစ်ခြင်း ဟူသော ဤသဘောသည်လည်း အာသဝေါတရားကုန်ပြီးသော ရဟန်း၏ အားဖြစ်ပါ၏၊ ယင်း အားကိုစွဲ၍ အာသဝေါတရားကုန်ပြီးသော ရဟန်းသည် "ငါ့အား အာသဝေါတရားတို့ ကုန်ပြီ"ဟု အာသဝေါတရားတို့၏ ကုန်ခြင်းကို ဝန်ခံပါ၏။ (၄)

အသျှင်ဘုရား နောက်တမျိုးကား အာသဝေါတရားကုန်ပြီးသော ရဟန်းသည် သမ္မပ္ပဓာန် လေးပါးတို့ကို ပွါးပြီးဖြစ်ပါ၏၊ ကောင်းစွာ ပွါးပြီးဖြစ်ပါ၏။ပ။ ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးပြီး ဖြစ်ပါ၏၊ ကောင်းစွာ ပွါးပြီး ဖြစ်ပါ၏။ပ။ ဣန္ဒြေငါးပါးတို့ကို ပွါးပြီးဖြစ်ပါ၏၊ ကောင်းစွာ ပွါးပြီး ဖြစ်ပါ၏။ ဗိုလ်ငါးပါးတို့ကို ပွါးပြီးဖြစ်ပါ၏၊ ကောင်းစွာ ပွါးပြီး ဖြစ်ပါ၏။ ဗောဇ္ဈင်ခုနစ်ပါးတို့ကို

http://www.dhammadownload.com



ပွါးပြီးဖြစ်ပါ၏၊ ကောင်းစွာ ပွါးပြီးဖြစ်ပါ၏။ အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ကို ပွါးပြီး ဖြစ်ပါ၏၊ ကောင်းစွာ ပွါးပြီးဖြစ်ပါ၏။ အသျှင်ဘုရား ယင်းသို့ အာသဝေါတရားကုန်ပြီးသော ရဟန်း၏ အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ကို ပွါးပြီးဖြစ်ခြင်း ကောင်းစွာ ပွါးပြီး ဖြစ်ခြင်းဟူသော ဤသဘောသည်လည်း အာသဝေါတရားကုန်ပြီးသော ရဟန်း၏ အားဖြစ်ပါ၏၊ ယင်းအားကိုစွဲ၍ အာသဝေါတရားကုန်ပြီးသော ရဟန်းသည်“ငါ့အား အာသဝေါတရားတို့ ကုန်ပြီ”ဟု အာသဝေါတရားတို့၏ ကုန်ခြင်းကိုဝန်ခံပါ၏။ (၅-၁၀)

အသျှင်ဘုရား ဤသည်တို့ကား အာသဝေါတရားကုန်ပြီးသော ရဟန်း၏ အားတို့ပါတည်း၊ ယင်းအားတို့နှင့် ပြည့်စုံသော အာသဝေါတရားကုန်ပြီးသော ရဟန်းသည် “ငါ့အား အာသဝေါတရားတို့ ကုန်ပြီ”ဟု အာသဝေါတရားတို့၏ ကုန်ခြင်းကို ဝန်ခံပါ၏ဟု (လျှောက်၏)။

ဒသမသုတ်။

လေးခုမြောက် ထေရဝဂ် ပြီး၏။

## (၁၀) ၅-ဥပါလိဝဂ် ၁-ကာမဘောဂီသုတ်

၉၁။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏။ ထိုအခါ အနာထပိဏ်သူဌေးသည် မြတ်စွာဘုရား အထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော အနာထပိဏ်သူဌေးအား မြတ်စွာဘုရားသည်—သူကြွယ် ဤ ကာမဂုဏ် ခံစားသူ ဆယ်မျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—သူကြွယ် ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် မတရားသဖြင့် အနိုင်အထက်ပြု၍ စည်းစိမ်တို့ကို ရှာ၏၊ မတရားသဖြင့် အနိုင်အထက်ပြု၍ စည်းစိမ်တို့ကို ရှာပြီးနောက် မိမိကိုယ်ကို မချမ်းသာစေ၊ မနှစ်သိမ့်စေ၊ (သူတပါးတို့ကို)မဝေဖန်၊ ကောင်းမှုတို့ကို မပြု။ (၁)

သူကြွယ် ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် မတရားသဖြင့် အနိုင်အထက်ပြု၍ စည်းစိမ်တို့ကို ရှာ၏၊ မတရားသဖြင့် အနိုင်အထက်ပြု၍ စည်းစိမ်တို့ကို ရှာပြီးနောက် မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏၊ (သူတပါးတို့ကို) မဝေဖန်၊ ကောင်းမှုတို့ကို မပြု။ (၂)

သူကြွယ် ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် မတရားသဖြင့် အနိုင်အထက်ပြု၍ စည်းစိမ်တို့ကို ရှာ၏၊ မတရားသဖြင့် အနိုင်အထက်ပြု၍ စည်းစိမ်တို့ကို ရှာပြီးနောက် မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏၊ (သူတပါးတို့ကို) ဝေဖန်၏၊ ကောင်းမှုတို့ကို ပြု၏။ (၃)

သူကြွယ် ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် တရား မတရားသဖြင့် အနိုင်အထက်ပြု၍ရင်း အနိုင်အထက်မပြုမူ၍ရင်း စည်းစိမ်တို့ကို ရှာ၏၊ တရား မတရားသဖြင့် အနိုင်အထက်ပြု၍ရင်း အနိုင်အထက်မပြုမူ၍ရင်း စည်းစိမ်တို့ကို ရှာပြီးနောက် မိမိကိုယ်ကို မချမ်းသာစေ၊ မနှစ်သိမ့်စေ၊ (သူတပါးတို့ကို) မဝေဖန်၊ ကောင်းမှုတို့ကို မပြု။ (၄)

သူကြွယ် ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် တရား မတရားသဖြင့် အနိုင်အထက်ပြု၍ရင်း အနိုင်အထက် မပြုမူ၍ရင်း စည်းစိမ်တို့ကို ရှာ၏၊ တရား မတရားသဖြင့် အနိုင်

http://www.dhammadownload.com



အထက်ပြု၍ငင်း အနိုင်အထက် မပြုမူ၍ငင်း စည်းစိမ်တို့ကို ရှာပြီးနောက် မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏၊ (သူတပါးတို့ကို) မဝေဖန်၊ ကောင်းမှုတို့ကို မပြု။ (၅)

သူကြွယ် ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် တရား မတရားသဖြင့် အနိုင်အထက်ပြု၍ငင်း အနိုင်အထက် မပြုမူ၍ငင်း စည်းစိမ်တို့ကို ရှာ၏၊ တရား မတရားသဖြင့် အနိုင်အထက်ပြု၍ငင်း အနိုင်အထက် မပြုမူ၍ငင်း စည်းစိမ်တို့ကို ရှာပြီးနောက် မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏၊ (သူတပါးတို့ကို) ဝေဖန်၏၊ ကောင်းမှုတို့ကို ပြု၏။ (၆)

သူကြွယ် ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် တရားသဖြင့် အနိုင်အထက် မပြုမူ၍ စည်းစိမ်တို့ကို ရှာ၏၊ တရားသဖြင့် အနိုင်အထက် မပြုမူ၍ စည်းစိမ်တို့ကို ရှာပြီးနောက် မိမိကိုယ်ကို မချမ်းသာစေ၊ မနှစ်သိမ့်စေ၊ (သူတပါးတို့ကို) မဝေဖန်၊ ကောင်းမှုတို့ကို မပြု။ (၇)

သူကြွယ် ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် တရားသဖြင့် အနိုင်အထက် မပြုမူ၍ စည်းစိမ်တို့ကို ရှာ၏၊ တရားသဖြင့် အနိုင်အထက်မပြုမူ၍ စည်းစိမ်တို့ကို ရှာပြီးနောက် မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏၊ (သူတပါးတို့ကို) မဝေဖန်၊ မကောင်းမှုတို့ကို မပြု။(၈)

သူကြွယ် ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် တရားသဖြင့် အနိုင်အထက် မပြုမူ၍ စည်းစိမ်တို့ကို ရှာ၏၊ တရားသဖြင့် အနိုင်အထက် မပြုမူ၍ စည်းစိမ်တို့ကို ရှာပြီးနောက် မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏၊ (သူတပါးတို့ကို) ဝေဖန်၏၊ ကောင်းမှုတို့ကို ပြု၏၊ ထိုစည်းစိမ်တို့ကို တပ်မက်၍ မိန်းမောလျက် လွှမ်းမိုးဝင်ရောက်၍ အပြစ်ကို ရှုလေ့မရှိသည့် အပြင် (ဝဋ်ဆင်းရဲမှ) ထွက်မြောက်နိုင်သော ဉာဏ် မရှိမူ၍ သုံးဆောင်၏။ (၉)

သူကြွယ် ဤလောက၌ အချို့သော ကာမဂုဏ်ခံစားသူသည် တရားသဖြင့် အနိုင်အထက် မပြုမူ၍ စည်းစိမ်တို့ကို ရှာ၏၊ တရားသဖြင့် အနိုင်အထက် မပြုမူ၍ စည်းစိမ်တို့ကို ရှာပြီးနောက် မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏၊ (သူတပါးတို့ကို) ဝေဖန်၏၊ ကောင်းမှုတို့ကို ပြု၏၊ ထိုစည်းစိမ်တို့ကို မတပ်မက် မမိန်းမော မလွှမ်းမိုး၍ မဝင်ရောက်ပဲ အပြစ်ကို ရှုလေ့ရှိကာ ထွက်မြောက်နိုင်သော ဉာဏ် ရှိ၍ သုံးဆောင်၏။ (၁၀)

သူကြွယ် ထိုဆယ်မျိုးတို့တွင် အကြင် ကာမဂုဏ်ခံစားသူသည် မတရားသဖြင့် အနိုင်အထက်ပြု၍ စည်းစိမ်တို့ကို ရှာ၏၊ မတရားသဖြင့် အနိုင်အထက်ပြု၍ စည်းစိမ်တို့ကို ရှာပြီးနောက် မိမိကိုယ်ကို မချမ်းသာစေ၊ မနှစ်သိမ့်စေ၊ (သူတပါးတို့ကို) မဝေဖန်၊ ကောင်းမှုတို့ကို မပြု။ သူကြွယ် ဤကာမဂုဏ်ခံစားသူကို အကြောင်းသုံးမျိုးတို့ဖြင့် ကဲ့ရဲ့ထိုက်၏။ "မတရားသဖြင့် အနိုင်အထက်ပြု၍ စည်းစိမ်တို့ကို ရှာ၏"ဟူသော ဤပဌမအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ "မိမိကိုယ်ကို မချမ်းသာစေ၊ မနှစ်သိမ့်စေ"ဟူသော ဤဒုတိယအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ "မဝေဖန်၊ ကောင်းမှုတို့ကို မပြု"ဟူသော ဤတတိယ အကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ သူကြွယ် ဤကာမဂုဏ်ခံစားသူကို ဤအကြောင်းသုံးမျိုးတို့ဖြင့် ကဲ့ရဲ့ထိုက်၏။ (၁)

သူကြွယ် ထိုဆယ်မျိုးတို့တွင် အကြင် ကာမဂုဏ်ခံစားသူသည် မတရားသဖြင့် အနိုင်အထက်ပြု၍ စည်းစိမ်တို့ကို ရှာ၏၊ မတရားသဖြင့် အနိုင်အထက်ပြု၍ စည်းစိမ်တို့ကို ရှာပြီးနောက် မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏၊ (သူတပါးတို့ကို) မဝေဖန်၊ ကောင်းမှုတို့ကို မပြု။ သူကြွယ် ဤကာမဂုဏ်ခံစားသူကို အကြောင်းနှစ်ပါးတို့ဖြင့် ကဲ့ရဲ့ထိုက်၏၊ တခုသောအကြောင်းဖြင့် ချီးမွမ်း

http://www.dhammadownload.com



ထိုက်၏။ "မတရားသဖြင့် အနိုင်အထက်ပြု၍ စည်းစိမ်တို့ကို ရှာ၏"ဟူသော ဤပဌမအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။"မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏"ဟူသော ဤတခုသော အကြောင်းဖြင့် ချီးမွမ်းထိုက်၏၊ "မဝေဖန်၊ ကောင်းမှုတို့ကို မပြု"ဟူသော ဤဒုတိယ အကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ သူကြွယ် ဤကာမဂုဏ်ခံစားသူကို ဤနှစ်ပါးသော အကြောင်းတို့ဖြင့် ကဲ့ရဲ့ထိုက်၏၊ ဤတပါးသော အကြောင်းဖြင့် ချီးမွမ်းထိုက်၏။ (၂)

သူကြွယ် ထိုဆယ်မျိုးတို့တွင် အကြင် ကာမဂုဏ်ခံစားသူသည် မတရားသဖြင့် အနိုင်အထက်ပြု၍ စည်းစိမ်တို့ကို ရှာ၏၊ မတရားသဖြင့် အနိုင်အထက်ပြု၍ စည်းစိမ်တို့ကို ရှာပြီးနောက် မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏၊ (သူတပါးတို့ကို) ဝေဖန်၏၊ ကောင်းမှုတို့ကို ပြု၏။ သူကြွယ် ဤကာမဂုဏ်ခံစားသူကို တခုသော အကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏၊ နှစ်ခုသော အကြောင်းတို့ဖြင့် ချီးမွမ်းထိုက်၏။ "မတရားသဖြင့် အနိုင်အထက်ပြု၍ စည်းစိမ်တို့ကို ရှာ၏"ဟူသော ဤတခုသော အကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ "မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏"ဟူသော ဤပဌမ အကြောင်းဖြင့် ချီးမွမ်းထိုက်၏။ "ဝေဖန်၏၊ ကောင်းမှုတို့ကို ပြု၏"ဟူသော ဤဒုတိယ အကြောင်းဖြင့် ချီးမွမ်းထိုက်၏။သူကြွယ် ဤကာမဂုဏ်ခံစားသူကို ဤတခုသော အကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏၊ ဤနှစ်ခုသော အကြောင်းတို့ဖြင့် ချီးမွမ်းထိုက်၏။ (၃)

သူကြွယ် ထိုဆယ်မျိုးတို့တွင် အကြင် ကာမဂုဏ်ခံစားသူသည် တရား မတရားသဖြင့် အနိုင်အထက်ပြု၍၎င်း အနိုင်အထက် မပြုမူ၍၎င်း စည်းစိမ်တို့ကို ရှာ၏၊ တရား မတရားသဖြင့် အနိုင်အထက်ပြု၍၎င်း အနိုင်အထက် မပြုမူ၍၎င်း စည်းစိမ်တို့ကို ရှာပြီးနောက် မိမိကိုယ်ကို မချမ်းသာစေ၊မနှစ်သိမ့်စေ၊(သူတပါးတို့ကို)မဝေဖန်၊ကောင်းမှုတို့ကို မပြု။သူကြွယ် ဤကာမဂုဏ်ခံစားသူကို တခုသော အကြောင်းဖြင့် ချီးမွမ်းထိုက်၏၊ သုံးခုသော အကြောင်းတို့ဖြင့် ကဲ့ရဲ့ထိုက်၏။ "တရားသဖြင့် အနိုင်အထက် မပြုမူ၍ စည်းစိမ်တို့ကို ရှာ၏"ဟူသော ဤတခုသော အကြောင်းဖြင့် ချီးမွမ်းထိုက်၏၊ "မတရားသဖြင့် အနိုင်အထက်ပြု၍ စည်းစိမ်တို့ကို ရှာ၏"ဟူသော ဤပဌမ အကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏၊ "မိမိကိုယ်ကို မချမ်းသာစေ၊ မနှစ်သိမ့်စေ"ဟူသော ဤဒုတိယ အကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။"မဝေဖန်၊ ကောင်းမှုတို့ကို မပြု"ဟူသော ဤတတိယ အကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ သူကြွယ် ဤကာမဂုဏ်ခံစားသူကို ဤတခုသော အကြောင်းဖြင့် ချီးမွမ်းထိုက်၏၊ ဤသုံးခုသော အကြောင်းတို့ဖြင့် ကဲ့ရဲ့ထိုက်၏။ (၄)

သူကြွယ် ထိုဆယ်မျိုးတို့တွင် အကြင် ကာမဂုဏ်ခံစားသူသည် တရား မတရားသဖြင့် အနိုင်အထက်ပြု၍၎င်း အနိုင်အထက် မပြုမူ၍၎င်း စည်းစိမ်တို့ကို ရှာ၏၊ တရား မတရားသဖြင့် အနိုင်အထက်ပြု၍၎င်း အနိုင်အထက် မပြုမူ၍၎င်း စည်းစိမ်တို့ကို ရှာပြီးနောက် မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏၊ (သူတပါးတို့ကို) မဝေဖန်၊ ကောင်းမှုတို့ကို မပြု။ သူကြွယ် ဤကာမဂုဏ်ခံစားသူကို နှစ်ခုသော အကြောင်းတို့ဖြင့် ချီးမွမ်းထိုက်၏၊ နှစ်ခုသော အကြောင်းတို့ဖြင့် ကဲ့ရဲ့ထိုက်၏။"တရားသဖြင့် အနိုင်အထက် မပြုမူ၍ စည်းစိမ်တို့ကို ရှာ၏"ဟူသော ဤပဌမအကြောင်းဖြင့် ချီးမွမ်းထိုက်၏။ "မတရားသဖြင့် အနိုင်အထက်ပြု၍ စည်းစိမ်တို့ကို ရှာ၏"ဟူသော ဤပဌမ အကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ "မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏"ဟူသော ဤဒုတိယ အကြောင်းဖြင့် ချီးမွမ်းထိုက်၏။ "မဝေဖန်၊ ကောင်းမှုတို့ကို မပြု"ဟူသော ဤဒုတိယ အကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ သူကြွယ် ဤကာမဂုဏ်ခံစားသူကို ဤနှစ်ခုသော အကြောင်းတို့ဖြင့် ချီးမွမ်းထိုက်၏၊ ဤနှစ်ခုသော အကြောင်းတို့ဖြင့် ကဲ့ရဲ့ထိုက်၏။ (၅)

http://www.dhammadownload.com



သူကြွယ် ထိုဆယ်မျိုးတို့တွင် အကြင် ကာမဂုဏ်ခံစားသူသည် တရား မတရားသဖြင့် အနိုင်အထက်ပြု၍ရင်း အနိုင်အထက် မပြုမူ၍ရင်း စည်းစိမ်တို့ကို ရှာ၏၊ တရား မတရားသဖြင့် အနိုင်အထက်ပြု၍ရင်း အနိုင်အထက် မပြုမူ၍ရင်း စည်းစိမ်တို့ကို ရှာပြီးနောက် မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏။ (သူတပါးတို့ကို) ဝေဖန်၏၊ ကောင်းမှုတို့ကို ပြု၏။ သူကြွယ် ဤကာမဂုဏ်ခံစားသူကို သုံးခုသော အကြောင်းတို့ဖြင့် ချီးမွမ်းထိုက်၏၊ တခုသော အကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ "တရားသဖြင့် အနိုင်အထက် မပြုမူ၍ စည်းစိမ်တို့ကို ရှာ၏" ဟူသော ဤပဌမ အကြောင်းဖြင့် ချီးမွမ်းထိုက်၏၊ "မတရားသဖြင့် အနိုင်အထက်ပြု၍ စည်းစိမ်တို့ကို ရှာ၏" ဟူသော ဤတခုသော အကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ "မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏" ဟူသော ဤဒုတိယ အကြောင်းဖြင့် ချီးမွမ်းထိုက်၏၊ "ဝေဖန်၏၊ ကောင်းမှုတို့ကိုပြု၏" ဟူသော ဤတတိယ အကြောင်းဖြင့် ချီးမွမ်းထိုက်၏။ သူကြွယ် ကာမဂုဏ်ခံစားသူကို ဤသုံးခုသော အကြောင်းတို့ဖြင့် ချီးမွမ်းထိုက်၏၊ ဤတခုသော အကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ (၆)

သူကြွယ် ထိုဆယ်မျိုးတို့တွင် အကြင် ကာမဂုဏ်ခံစားသူသည် တရားသဖြင့် အနိုင်အထက် မပြုမူ၍ စည်းစိမ်တို့ကို ရှာ၏၊ တရားသဖြင့် အနိုင်အထက် မပြုမူ၍ စည်းစိမ်တို့ကို ရှာပြီးနောက် မိမိကိုယ်ကို မချမ်းသာစေ၊ မနှစ်သိမ့်စေ၊ (သူတပါးတို့ကို) မဝေဖန်၊ ကောင်းမှုတို့ကို မပြု။ သူကြွယ် ဤကာမဂုဏ်ခံစားသူကို တခုသော အကြောင်းဖြင့် ချီးမွမ်းထိုက်၏၊ နှစ်ခုသော အကြောင်းတို့ဖြင့် ကဲ့ရဲ့ထိုက်၏။ "တရားသဖြင့် အနိုင်အထက် မပြုမူ၍ စည်းစိမ်တို့ကို ရှာ၏" ဟူသော ဤတခုသော အကြောင်းဖြင့် ချီးမွမ်းထိုက်၏၊ "မိမိကိုယ်ကို မချမ်းသာစေ၊ မနှစ်သိမ့်စေ" ဟူသော ဤပဌမ အကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏၊ "မဝေဖန်၊ ကောင်းမှုတို့ကို မပြု" ဟူသော ဤဒုတိယ အကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ သူကြွယ် ဤကာမဂုဏ်ခံစားသူကို ဤတခုသော အကြောင်းဖြင့် ချီးမွမ်းထိုက်၏၊ ဤနှစ်ခုသော အကြောင်းတို့ဖြင့် ကဲ့ရဲ့ထိုက်၏။ (၇)

သူကြွယ် ထိုဆယ်မျိုးတို့တွင် အကြင် ကာမဂုဏ်ခံစားသူသည် တရားသဖြင့် အနိုင်အထက် မပြုမူ၍ စည်းစိမ်တို့ကို ရှာ၏၊ တရားသဖြင့် အနိုင်အထက် မပြုမူ၍ စည်းစိမ်တို့ကို ရှာပြီးနောက် မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏၊ (သူတပါးတို့ကို) မဝေဖန်၊ ကောင်းမှုတို့ကို မပြု။ သူကြွယ် ဤကာမဂုဏ်ခံစားသူကို နှစ်ခုသော အကြောင်းတို့ဖြင့် ချီးမွမ်းထိုက်၏၊ တခုသော အကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ "တရားသဖြင့် အနိုင်အထက် မပြုမူ၍ စည်းစိမ်တို့ကို ရှာ၏" ဟူသော ဤပဌမ အကြောင်းဖြင့် ချီးမွမ်းထိုက်၏၊ "မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏" ဟူသော ဤဒုတိယ အကြောင်းဖြင့် ချီးမွမ်းထိုက်၏၊ "မဝေဖန်၊ ကောင်းမှုတို့ကို မပြု" ဟူသော ဤတခုသော အကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ သူကြွယ် ဤကာမဂုဏ်ခံစားသူကို ဤနှစ်ခုသော အကြောင်းတို့ဖြင့် ချီးမွမ်းထိုက်၏၊ ဤတခုသော အကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ (၈)

သူကြွယ် ထိုဆယ်မျိုးတို့တွင် အကြင်ကာမဂုဏ်ခံစားသူသည် တရားသဖြင့် အနိုင်အထက် မပြုမူ၍ စည်းစိမ်တို့ကို ရှာ၏၊ တရားသဖြင့် အနိုင်အထက် မပြုမူ၍ စည်းစိမ်တို့ကို ရှာပြီးနောက် မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏၊ (သူတပါးတို့ကို) ဝေဖန်၏၊ ကောင်းမှုတို့ကို ပြု၏၊ ထိုစည်းစိမ်တို့ကို တပ်မက်၍ မိန်းမောလျက် လွှမ်းမိုးဝင်ရောက်၍ အပြစ်ကို ရှုလေ့ မရှိသည့်ပြင် (ဝဋ်ဆင်းရဲမှ) ထွက်မြောက်နိုင်သော ဉာဏ် မရှိမူ၍ သုံးဆောင်၏။ သူကြွယ် ဤကာမဂုဏ်ခံစားသူကို သုံးခုသော အကြောင်းတို့ဖြင့် ချီးမွမ်းထိုက်၏၊ တခုသော အကြောင်းဖြင့် ကဲ့ရဲ့ထိုက်

http://www.dhammadownload.com



၏။ "တရားသဖြင့် အနိုင်အထက် မပြုမူ၍ စည်းစိမ်တို့ကို ရှာ၏" ဟူသော ဤ ပဌမအကြောင်းဖြင့် ချီးမွမ်းထိုက်၏၊ "မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏" ဟူသော ဤ ဒုတိယအကြောင်းဖြင့် ချီးမွမ်းထိုက်၏၊ "ဝေဖန်၏၊ကောင်းမှုတို့ကို ပြု၏" ဟူသော ဤတတိယအကြောင်းဖြင့် ချီးမွမ်းထိုက်၏၊ "ထိုစည်းစိမ်တို့ကို တပ်မက်၍ မိန်းမောလျက် လွှမ်းမိုးဝင်ရောက်၍ အပြစ်ကို ရှုလေ့ မရှိသည့်ပြင်(ဝဋ်ဆင်းရဲမှ) ထွက်မြောက်နိုင်သော ဉာဏ် မရှိမူ၍ သုံးဆောင်၏" ဟူသော ဤတခုသော အကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ သူကြွယ် ဤကာမဂုဏ်ခံစားသူကို ဤသုံးခုသော အကြောင်းတို့ဖြင့် ချီးမွမ်းထိုက်၏၊ ဤ တခုသောအကြောင်းဖြင့် ကဲ့ရဲ့ထိုက်၏။ (၉)

သူကြွယ် ထိုဆယ်မျိုးတို့တွင် အကြင်ကာမဂုဏ်ခံစားသူသည် တရားသဖြင့် အနိုင်အထက် မပြုမူ၍ စည်းစိမ်တို့ကို ရှာ၏၊ တရားသဖြင့် အနိုင်အထက် မပြုမူ၍ စည်းစိမ်တို့ကို ရှာပြီးနောက် မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏၊ (သူတပါးတို့ကို) ဝေဖန်၏၊ ကောင်းမှုတို့ကို ပြု၏၊ ထိုစည်းစိမ်တို့ကို မတပ်မက် မမိန်းမော လွှမ်းမိုး၍ မဝင်ရောက်ပဲ အပြစ်ကို ရှုလေ့ရှိသည့်ပြင် (ဝဋ်ဆင်းရဲမှ) ထွက်မြောက်နိုင်သော ဉာဏ် ရှိသည်ဖြစ်၍ သုံးဆောင်၏။ သူကြွယ် ဤကာမဂုဏ်ခံစားသူကို လေးခုသော အကြောင်းတို့ဖြင့် ချီးမွမ်းထိုက်၏။ "တရားသဖြင့် အနိုင်အထက် မပြုမူ၍ စည်းစိမ်တို့ကို ရှာ၏" ဟူသော ဤပဌမ အကြောင်းဖြင့် ချီးမွမ်းထိုက်၏၊ "မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏" ဟူသော ဤ ဒုတိယအကြောင်းဖြင့် ချီးမွမ်းထိုက်၏၊ "ဝေဖန်၏၊ ကောင်းမှုတို့ကို ပြု၏" ဟူသော ဤ တတိယအကြောင်းဖြင့် ချီးမွမ်းထိုက်၏၊ "ထိုစည်းစိမ်တို့ကို မတပ်မက် မမိန်းမော လွှမ်းမိုး၍ မဝင်ရောက်ပဲ အပြစ်ကို ရှုလေ့ရှိသည့်ပြင် (ဝဋ်ဆင်းရဲမှ) ထွက်မြောက်နိုင်သော ဉာဏ် ရှိသည်ဖြစ်၍ သုံးဆောင်၏" ဟူသော ဤ စတုတ္ထအကြောင်းဖြင့် ချီးမွမ်းထိုက်၏။ သူကြွယ် ဤကာမဂုဏ်ခံစားသူကို ဤလေးခုသော အကြောင်းတို့ဖြင့် ချီးမွမ်းထိုက်၏။ (၁၀)

သူကြွယ် ဤ ကာမဂုဏ်ခံစားသူ ဆယ်မျိုးတို့သည် လောက၌ ထင်ရှား ရှိကုန်၏။ သူကြွယ် ဤကာမဂုဏ်ခံစားသူ ဆယ်မျိုးတို့တွင် အကြင် ကာမဂုဏ်ခံစားသူသည် တရားသဖြင့် အနိုင်အထက် မပြုမူ၍ စည်းစိမ်တို့ကို ရှာ၏၊ တရားသဖြင့် အနိုင်အထက် မပြုမူ၍ စည်းစိမ်တို့ကို ရှာပြီးနောက် မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏၊ (သူတပါးတို့ကို) ဝေဖန်၏၊ ကောင်းမှုတို့ကို ပြု၏၊ ထိုစည်းစိမ်တို့ကို မတပ်မက် မမိန်းမော လွှမ်းမိုး၍ မဝင်ရောက်ပဲ အပြစ်ကို ရှုလေ့ရှိသည့်ပြင် (ဝဋ်ဆင်းရဲမှ) ထွက်မြောက်နိုင်သော ဉာဏ် ရှိသည်ဖြစ်၍ သုံးဆောင်၏။ ဤသူသည် ဤကာမဂုဏ်ခံစားသူ ဆယ်မျိုးတို့တွင် မြတ်လည်း မြတ်၏၊ ချီးမွမ်းလည်း ချီးမွမ်းထိုက်၏၊အကြီးအမှူးလည်းဖြစ်၏၊သာလွန်လည်း သာလွန်၏၊တောင့်တလည်း တောင့်တထိုက်၏။ သူကြွယ် နွားမမှ နို့ရည်၊ နို့ရည်မှ နို့ဓမ်း၊ နို့ဓမ်းမှ ဆီဦ၊ ဆီဦမှ ထောပတ်၊ ထောပတ်မှ ထောပတ်ကြည်၊ ထိုအရာတို့တွင် ထိုထောပတ်ကြည်ကို အမြတ်ဆုံး ဆိုထိုက်သကဲ့သို့ သူကြွယ် ဤအတူပင် ဤကာမဂုဏ်ခံစားသူ ဆယ်မျိုးတို့တွင် အကြင်ကာမဂုဏ် ခံစားသူသည် တရားသဖြင့် အနိုင်အထက် မပြုမူ၍ စည်းစိမ်တို့ကို ရှာ၏၊ တရားသဖြင့် အနိုင်အထက် မပြုမူ၍ စည်းစိမ်တို့ကို ရှာပြီးနောက် မိမိကိုယ်ကို ချမ်းသာစေ၏၊ နှစ်သိမ့်စေ၏၊ (သူတပါးတို့ကို) ဝေဖန်၏၊ ကောင်းမှုတို့ကို ပြု၏၊ ထိုစည်းစိမ်တို့ကို မတပ်မက် မမိန်းမော လွှမ်းမိုး၍ မဝင်ရောက်ပဲ အပြစ်ကို ရှုလေ့ရှိသည့်ပြင်(ဝဋ်ဆင်းရဲမှ)ထွက်မြောက်နိုင်သော ဉာဏ် ရှိသည်ဖြစ်၍ သုံးဆောင်၏။ ဤသူသည်

http://www.dhammadownload.com



ကာမဂုဏ်ခံစားသူ ဆယ်မျိုးတို့တွင် မြတ်လည်း မြတ်၏၊ ချီးမွမ်းလည်း ချီးမွမ်းထိုက်၏၊ အကြီး အမှူးလည်း ဖြစ်၏၊ သာလွန်လည်း သာလွန်၏၊ တောင့်တလည်း တောင့်တထိုက်၏ဟု မိန့်တော်မူ၏။

ပဌမသုတ်။

---

## ၂-ဘယသုတ်

၉၂။ ထိုအခါ အနာထပိဏ်သူဌေးသည် မြတ်စွာဘုရား အထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာ ဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ထိုင်နေ၏၊တခုသော နေရာ၌ ထိုင်နေသော အနာထပိဏ် သူဌေးအား မြတ်စွာဘုရားသည် —သူကြွယ် အကြင်အခါ၌ အရိယာတပည့်အား ဘေးရန် ငါးမျိုးတို့ သည် ငြိမ်းကုန်၏၊ သောတာပတ္တိအင်္ဂါလေးပါးတို့နှင့်လည်း ပြည့်စုံ၏၊ ထိုအရိယာတပည့်သည် မြတ်သော နည်းလမ်းကိုလည်း ပညာဖြင့် ကောင်းစွာ မြင်အပ်၏၊ ထိုးထွင်း၍ သိအပ်၏။ ထိုအခါ ထိုအရိယာ တပည့်သည် ပြောကြားလိုခဲ့သော် "(ငါသည်)ငရဲ၌ဖြစ်မှု၊ တိရစ္ဆာန်မျိုး၌ ဖြစ်မှု၊ ပြိတ္တာဘုံ၌ဖြစ်မှု၊ အပါယ်ဒုဂ္ဂတိသို့ ပျက်စီး၍ကျရောက်မှု ကုန်ဆုံးပြီ၊ ငါသည် သောတာပန် ဖြစ်၏၊ ပျက်စီး၍ကျရောက်ခြင်း သဘောမရှိ၊ ဂတိမြဲ၏၊ အထက် မဂ်ဖိုလ်သာလျှင် လည်း လျောင်းရာရှိ၏"ဟု မိမိသည်ပင်လျှင် မိမိကိုယ်ကို ပြောဆိုနိုင်ရာ၏။

အဘယ် ဘေးရန်ငါးမျိုးတို့သည် ငြိမ်းကုန်သနည်း ဟူမူ – သူကြွယ် အသက် သတ်လေ့ရှိသူသည် အသက်သတ်ခြင်းဟူသော အကြောင်းကြောင့် မျက်မှောက်ဘဝ၌ ဖြစ်သော ဘေးရန်သည်လည်း ပွါး၏၊ တမလွန်ဘဝ၌ ဖြစ်သော ဘေးရန်သည်လည်း ပွါး၏၊ စိတ်၌ဖြစ်သော ဆင်းရဲခြင်း နှလုံး မသာယာခြင်းကိုလည်း ခံစားရ၏။ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား မျက်မှောက်ဘဝ၌ ဖြစ်သော ဘေးရန်သည်လည်း မတိုးပွါး၊ တမလွန်၌ ဖြစ်သော ဘေးရန်သည်လည်း မတိုးပွါး၊ စိတ်၌ ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာယာခြင်းကိုလည်း မခံစားရ၊ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား ထိုဘေးရန်သည် ငြိမ်းအေး၏။

သူကြွယ် မပေးအပ်သော ဥစ္စာကို ယူသူသည်။ပ။ ကာမတို့၌ မှားယွင်းစွာ ကျင့်သူ သည်။ မဟုတ် မမှန် ပြောလေ့ရှိသူသည်။ မေ့လျော့ကြောင်း ဖြစ်သော သေအရက်ကို သောက် လေ့ရှိသူသည် မေ့လျော့ကြောင်း ဖြစ်သော သေအရက်ကို သောက်ခြင်း ဟူသော အကြောင်း ကြောင့် မျက်မှောက်ဘဝ၌ ဖြစ်သော ဘေးရန်သည်လည်း ပွါး၏၊ တမလွန် ဘဝ၌ ဖြစ်သော ဘေးရန်သည်လည်း ပွါး၏၊ စိတ်၌ ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာယာခြင်းကိုလည်း ခံစား ရ၏။မေ့လျော့ကြောင်း ဖြစ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သူအား မျက် မှောက်ဘဝ၌ ဖြစ်သော ဘေးရန်သည်လည်း မတိုးပွါး၊ တမလွန်ဘဝ၌ ဖြစ်သော ဘေးရန်သည် လည်း မတိုးပွါး၊စိတ်၌ ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာယာခြင်းကိုလည်း မခံစားရ၊မေ့လျော့ ကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သူအား ထိုဘေးရန်သည် ငြိမ်း အေး၏။ဤငါးမျိုးကုန်သော ဘေးရန်တို့သည် ငြိမ်းအေးကုန်၏။

အဘယ် သောတာပတ္တိအင်္ဂါလေးပါးတို့နှင့် ပြည့်စုံသနည်း ဟူမူ – သူကြွယ် ဤလောက၌ အရိယာတပည့်သည်"ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်း

http://www.dhammadownload.com



ကြောင့်လည်း။ပ။(သစ္စာလေးပါးကို)သိတော်မူသောအကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏”ဟု မြတ်စွာဘုရား၌ သက်ဝင်ယုံကြည်မှုနှင့် ပြည့်စုံ၏။

“မြတ်စွာဘုရား ဟောသော တရားတော်သည် ကောင်းစွာဟောထားသော တရားတော်ပါပေတည်း၊ ကိုယ်တိုင် သိမြင်နိုင်သော တရားတော်ပါပေတည်း၊ အခါမလင့် အကျိုးပေးတတ်သော တရားတော်ပါပေတည်း၊ လာလှည့် ရှုလှည့်ဟု ပြထိုက်သော တရားတော်ပါပေတည်း၊ မိမိ၏ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူ ထားထိုက်သော တရားတော်ပါပေတည်း၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီ ကိုယ်ငှသိနိုင် ခံစားနိုင်သော တရားတော်ပါပေတည်း”ဟု တရား၌ သက်ဝင်ယုံကြည်မှုနှင့် ပြည့်စုံ၏။

“မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းသော အကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ဖြောင့်မတ်သော အကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် မှန်ကန်သောအကျင့်ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် လျောက်ပတ်သောအကျင့် ရှိတော်မူပါပေ၏၊ အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါး အရေအတွက်ရှိသော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်တော်မူပါပေ၏၊ ဧည့်သည်တို့အလို့ငှါ စီမံထားသောဝတ္ထုကို ခံတော်မူထိုက်ပါပေ၏၊ တမလွန် အတွက် ရည်မြှော်သော အလှူကို ခံတော်မူထိုက်ပါပေ၏၊ လက်အုပ်ချီရန် ထိုက်ပါပေ၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်တော်မူပါပေ၏” ဟုသံဃာတော်၌ သက်ဝင်ယုံကြည်မှုနှင့် ပြည့်စုံ၏။

အရိယာတို့ နှစ်သက်အပ်ကုန်သော မကျိုး မပေါက် မပြောက် မကျားကုန်သော တဏှာကျွန်အဖြစ်မှ လွတ်မြောက်ကုန်သော ပညာရှိတို့ချီးမွမ်းအပ်ကုန်သော မှားသောအားဖြင့် မသုံးသပ်အပ်ကုန်သော တည်ကြည်မှု ‘သမာဓိ’ကို ဖြစ်စေတတ်ကုန်သော သီလတို့နှင့် ပြည့်စုံ၏။ ဤသော တာပတ္တိ အင်္ဂါလေးပါးတို့နှင့် ပြည့်စုံ၏။

ထိုအရိယာ တပည့်သည် အဘယ်မြတ်သော နည်းလမ်းကို ပညာဖြင့်ကောင်းစွာ မြင်အပ်ထိုးထွင်း၍ သိအပ်သနည်း ဟူမူ—သူကြွယ် ဤသာသနာတော်၌ အရိယာ တပည့်သည် ဤသို့ ကောင်းစွာ ဆင်ခြင်၏။ “ဤသို့ ဤအကြောင်းသည် ရှိလတ်သော် ဤအကျိုးသည်ဖြစ်၏၊ ဤအကြောင်း၏ ဖြစ်ခြင်းကြောင့် ဤ အကျိုးသည်ဖြစ်၏။ ဤအကြောင်းသည် မရှိလတ်သော် ဤအကျိုးသည် မဖြစ်၊ ဤအကြောင်းချုပ်ခြင်းကြောင့် ဤအကျိုးသည်ချုပ်၏၊ယင်းတို့ ဟူသည်ကား။မသိမှု‘အဝိဇ္ဇာ’ဖြစ်ခြင်းကြောင့် ပြုစီရင်မှု‘သင်္ခါရ’တို့ဖြစ်ကုန်၏၊ပြုစီရင်မှု‘သင်္ခါရ’တို့ဖြစ်ခြင်းကြောင့် ဝိညာဉ်ဖြစ်၏၊ ဝိညာဉ်ဟူသော အကြောင်းကြောင့် နာမ်ရုပ်၊ နာမ်ရုပ် ဟူသော အကြောင်းကြောင့် အာယတန ခြောက်မျိုး၊ အာယတန ခြောက်မျိုး ဟူသော အကြောင်းကြောင့် တွေ့ထိမှု‘ဖဿ’၊ တွေ့ထိမှု‘ဖဿ’ဟူသော အကြောင်းကြောင့် ခံစားမှု ‘ဝေဒနာ’၊ ခံစားမှု ‘ဝေဒနာ’ ဟူသော အကြောင်းကြောင့် တပ်မက်မှု ‘တဏှာ’၊ တပ်မက်မှု ‘တဏှာ’ ဟူသော အကြောင်းကြောင့် စွဲလမ်းမှု ‘ဥပါဒါန်’၊စွဲလမ်းမှု ‘ဥပါဒါန်’ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်မှုနှင့် ဖြစ်ကြောင်းကံ‘ဘဝ’၊ ဖြစ်ပေါ်မှုနှင့် ဖြစ်ကြောင်းကံ ‘ဘဝ’ဟူသော အကြောင်းကြောင့်

http://www.dhammadownload.com



ပဋိသန္ဓေနေခြင်း 'ဇာတိ'၊ပဋိသန္ဓေနေခြင်း 'ဇာတိ'ဟူသော အကြောင်းကြောင့် အိုခြင်း သေခြင်း သည်ရင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့ သည်ရင်း ဖြစ်ကုန်၏။ ဤနည်းဖြင့် ဆင်းရဲအစု သက်သက်၏ ဖြစ်ပေါ်ခြင်းသည် ထင်ရှား၏။ မသိမှု အဝိဇ္ဇာ၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ'တို့ ချုပ်ကုန်၏။ပ။ ဤနည်းဖြင့် ဆင်းရဲအစု သက်သက်၏ ချုပ်ခြင်းသည် ထင်ရှား၏။ ဤသည်ကား ထိုအရိယာ တပည့်သည် မြတ်သော နည်းလမ်းကို ပညာဖြင့်ကောင်းစွာ မြင်ခြင်း ထိုးထွင်း၍ သိခြင်းတည်း။

သူကြွယ် အကြင်အခါ၌ အရိယာ တပည့်အား ဤဘေးရန် ငါးမျိုးတို့သည် ငြိမ်းကုန်၏၊ ဤသောတာပတ္တိ အင်္ဂါလေးပါးတို့နှင့်လည်း ပြည့်စုံ၏၊ ထို အရိယာတပည့်သည် ဤမြတ်သော နည်းလမ်းကိုပညာဖြင့် ကောင်းစွာမြင်အပ်၏။ထိုးထွင်း၍ သိအပ်၏၊ထိုအခါ၊ ထိုအရိယာတပည့်သည် ပြောကြားလိုခဲ့သော် ငါသည် "ငရဲ၌ဖြစ်မှု၊ တိရစ္ဆာန်မျိုး၌ဖြစ်မှု၊ ပြိတ္တာဘုံ၌ဖြစ်မှု၊ အပါယ်ဒုဂ္ဂတိသို့ ပျက်စီး၍ကျရောက်မှု ကုန်ဆုံးပြီးသူ ဖြစ်၏၊ ငါသည် သောတာပန်ဖြစ်၏၊ ပျက်စီး၍ကျခြင်း သဘောမရှိ၊ ဂတိ မြဲ၏၊ အထက် မဂ်ဖိုလ်သာလျှင် လည်းလျောင်းရာရှိ၏"ဟု မိမိသည်ပင်လျှင် မိမိကိုယ်ကို ပြောကြားနိုင်ရာ၏ ဟုမိန့်တော်မူ၏။

ဒုတိယသုတ်။

## ၃-ကိံဒိဋ္ဌိကသုတ်

၉၃။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ အနာထပိဏ်သူဌေးသည် နေမွန်းယိမ်း အချိန်၌ မြတ်စွာဘုရားအား ဖူးမြင်ရန် အလို့ငှါ သာဝတ္ထိပြည်မှ ထွက်ခဲ့၏။ ထိုအခါ အနာထပိဏ် သူဌေးအား ဤအကြံသည်ဖြစ်၏—"မြတ်စွာဘုရားအား ဖူးမြင်ရန် အခါမဟုတ်သေး၊ မြတ်စွာ ဘုရားသည် (တပါးတည်း) ကိန်းအောင်းနေတော်မူ၏၊ စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းတို့ အားလည်း ဖူးမြင်ရန် အခါမဟုတ်သေး၊ စိတ်နှလုံးကို ပွါးစေတတ်သော ရဟန်းတို့သည် တပါးတည်း ကိန်းအောင်း နေတော်မူကုန်၏၊ ငါသည် သာသနာတော်မှ တပါးသောအယူရှိကြသည့်ပရိဗိုဇ်တို့၏ အရံသို့ချဉ်းကပ်ရမူ ကောင်းပေရာ၏" ဟု (အကြံဖြစ်၏)။ ထို့နောက် အနာထပိဏ် သူဌေးသည် သာသနာတော်မှတပါးသော အယူရှိကြသည့် ပရိဗိုဇ်တို့၏အရံသို့ ချဉ်းကပ်၏၊ ထိုအခါ သာသနာ တော်မှတပါးသော အယူရှိကြသည့် ပရိဗိုဇ်တို့သည်အညီအညွတ် ပေါင်းဆုံလာရောက်ကြကုန်ပြီးလျှင် ပြင်းပြကျယ်လောင်သော အသံရှိကုန်၍ ပဲ့တင်ထပ်စေလျက် များစွာသော (မဂ်ဖိုလ်မှ)ဖီလာ ဖြစ် သောစကားကိုပြောဆိုကာ ထိုင်နေကုန်၏။သာသနာတော်မှတပါးသောအယူရှိကြသည့် ထိုပရိဗိုဇ် တို့သည် အနာထပိဏ်သူဌေးလာနေသည်ကို အဝေးမှပင် မြင်ကြသည် သာတည်း၊ မြင်ပြီးနောက် အချင်းချင်း ပြုပြင်ကုန်၏၊ "အသျှင်တို့နည်းသောအသံရှိကြကုန်လော့၊ အသျှင်တို့ အသံကို မပြုကြ ကုန်လင့်၊ ဤရဟန်းဂေါတမ၏ တပည့် အနာထပိဏ်သူဌေးသည် အရံသို့လာ၏၊ရဟန်းဂေါတမ၏ သာဝတ္ထိပြည်နေ အဝတ်ဖြူဝတ်သူ လူတပည့်ဘို့တွင် ဤအနာထပိဏ်သူဌေးသည် တယောက် အပါအဝင်တည်း၊ ထိုအသျှင်တို့သည် အသံနည်းမှုကို အလိုရှိကုန်၏၊ အသံနည်းအောင် ဆုံးမ ထားကုန်၏၊ အသံနည်းမှု၏ ကျေးဇူးကို ဆိုလေ့ရှိကုန်၏၊ ပရိသတ် အသံနည်းသည်ကို သိ၍

http://www.dhammadownload.com



ချဉ်းကပ်သင့်သည်ဟု မှတ်ထင်ကောင်း မှတ်ထင်ရာ၏'' ဟု(အချင်းချင်း ပြုပြင်ကုန်၏)။ထို့နောက် ထိုပရိဗိုဇ်တို့သည် ဆိတ်ဆိတ်နေကုန်၏။ ထိုအခါ အနာထပိဏ်သူဌေးသည် ထိုပရိဗိုဇ်တို့ထံသို့ ချဉ်းကပ်ပြီးနောက် ထိုပရိဗိုဇ်တို့နှင့်အတူဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီး ဆုံးစေပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေသော အနာထပိဏ်သူဌေး အား သာသနာတော်မှ တပါးသောအယူရှိကြသည့် ထိုပရိဗိုဇ်တို့က သူကြွယ် ရဟန်းဂေါတမသည် အဘယ်အယူရှိသည်ဟု ပြောပါလော့ဟူ၍ မေးကြကုန်၏။ အသျှင်ဘုရားတို့ အကျွန်ုပ်သည် မြတ်စွာဘုရား၏ အယူအားလုံးကို မသိပါ ဟု (ဆို၏)။ သူကြွယ် သင်သည် ရဟန်းဂေါတမ၏ အယူ အားလုံးကို မသိပါဟု ဆိုလျှင် ရဟန်းတို့သည် အဘယ်အယူရှိကြသည်ဟု ပြောပါလော့ဟူ၍ (မေးကြကုန်၏) အသျှင်ဘုရားတို့ အကျွန်ုပ်သည် ရဟန်းတို့၏ အယူအားလုံးကိုလည်း မသိပါ ဟု (ဆို၏)။ သူကြွယ် သင်သည် ရဟန်းဂေါတမ၏ အယူအားလုံးကို မသိပါ၊ ရဟန်းတို့၏ အယူ အားလုံးကိုလည်း မသိပါဟု ဆိုလျှင် သင်သည် အဘယ်အယူရှိသည်ဟု ပြောပါလော့ဟူ၍ (မေးကြကုန်၏)။

အသျှင်ဘုရားတို့ အကျွန်ုပ်တို့သည် မည်သည့် အယူရှိကြပါသည်ဟုကား ထိုအရာကိုဖြေဆိုခြင်း ငှါ အကျွန်ုပ်တို့အားမခဲယဉ်းပါ၊ အသျှင်ဘုရားတို့သည် ရှေးဦးစွာ မိမိတို့၏ အယူများကို ဖြေတော်မူကြပါလော့ ဟု တိုက်တွန်းလိုပါ၏၊ နောက်ထပ်လည်း အကျွန်ုပ်တို့သည် မည်သည့် အယူရှိကြ ပါသည်ဟု ထိုအရာကို ဖြေဆိုခြင်းငှါ ခဲယဉ်းမည် မဟုတ်ပါ ဟု (ဆို၏)။

ဤသို့ ဆိုလတ်သော် ပရိဗိုဇ်တဦးသည် အနာထပိဏ်သူဌေးအား—"လောကသည် မြဲ၏၊ ဤအယူသည်သာ မှန်၏၊ အခြား အယူသည် အချည်းနှီးသာတည်း၊ သူကြွယ် ငါသည် ဤသို့ အယူရှိ၏"ဟု ဆို၏။ အခြားပရိဗိုဇ်တဦးကလည်း အနာထပိဏ်သူဌေးအား—"လောကသည်မမြဲ၊ ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းနှီးတည်း၊ သူကြွယ် ငါသည် ဤသို့အယူ ရှိ၏ဟု ဆို၏။ အခြား ပရိဗိုဇ်တဦးကလည်း အနာထပိဏ်သူဌေးအား—"လောကသည် အဆုံး ရှိ၏။ပ။လောကသည် အဆုံးမရှိ။ ထိုအသက်သည်ပင် ထိုကိုယ်တည်း။အသက်တခြား ကိုယ်တခြား တည်း။ သတ္တဝါသည် သေပြီးနောက် ဖြစ်၏။ သတ္တဝါသည် သေပြီးနောက် မဖြစ်။သတ္တဝါသည် သေပြီးနောက် ဖြစ်လည်း ဖြစ်၏၊မဖြစ်လည်းမဖြစ်။ သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်းမဟုတ် ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းနှီးတည်း။ သူကြွယ် ငါသည် ဤသို့အယူရှိ၏"ဟုဆို၏။

ဤသို့ ဆိုကုန်လတ်သော် အနာထပိဏ်သူဌေးသည် ထိုပရိဗိုဇ်တို့အား ဤစကားကို ဆို၏၊ အသျှင်ဘုရားတို့ "လောကသည် မြဲ၏၊ ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းနှီး တည်း၊ သူကြွယ် ငါသည် ဤသို့ အယူရှိ၏" ဟု ဤသို့ ဆိုသော အသျှင်၏ အယူသည် မိမိ၏ မသင့်မတင့် နှလုံးသွင်းခြင်း အကြောင်းကြောင့်သော်၎င်း သူတပါး၏ စကားသံကြောင့်သော်၎င်း ဖြစ်၏။ ထိုအယူသည် ထင်ရှား၏၊ (အကြောင်းတို့သည်) ပြုပြင်အပ်၏၊ စေ့ဆော်အပ်၏၊ (အကြောင်းကို)စွဲ၍ ဖြစ်ပေါ်၏။ အလုံးစုံသော တေဘူမက တရားသည် ထင်ရှား၏၊(အကြောင်း တို့သည်) ပြုပြင်အပ်၏၊ စေ့ဆော်အပ်၏၊ (အကြောင်းကို)စွဲ၍ ဖြစ်ပေါ်၏၊ထိုတရားအားလုံးသည် မမြဲ၊ အကြင်တရားသည် မမြဲ၊ ထိုတရားသည် ဆင်းရဲ၏၊ အကြင်တရားသည် ဆင်းရဲ၏၊ ထိုတရား ကိုသာလျှင် ထိုအသျှင်သည် ငြိကပ်၏၊ ထိုတရားသို့သာလျှင် ထိုအသျှင်သည် ကပ်ရောက်၏။

http://www.dhammadownload.com



အသျှင်ဘုရားတို့ "လောကသည် မမြဲ၊ ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းနှီးတည်း၊ သူကြွယ် ငါသည် ဤသို့ အယူရှိ၏" ဟု ဤသို့ ဆိုသော အသျှင်၏ အယူသည်လည်း မိမိ၏ မသင့်မတင့် နှလုံးသွင်းခြင်း အကြောင်းကြောင့်သော်ငှင်း သူတပါး၏ စကားသံကြောင့်သော်ငှင်း ဖြစ်၏။ ထိုအယူသည် ထင်ရှား၏၊ (အကြောင်းတို့သည်) ပြုပြင်အပ်၏၊ စေ့ဆော်အပ်၏၊ (အကြောင်းကို)စွဲ၍ ဖြစ်ပေါ်၏။ အလုံးစုံသော တေဘုမ္မက တရားသည် ထင်ရှား၏၊ (အကြောင်းတို့သည်) ပြုပြင်အပ်၏၊ စေ့ဆော်အပ်၏၊ (အကြောင်းကို)စွဲ၍ ဖြစ်ပေါ်၏၊ ထိုတရားအားလုံးသည် မမြဲ၊ အကြင်တရားသည် မမြဲ၊ ထိုတရားသည် ဆင်းရဲ၏၊ အကြင်တရားသည် ဆင်းရဲ၏၊ ထိုတရားကိုသာလျှင် ထိုအသျှင်သည် ငြိကပ်၏၊ ထိုတရားသို့သာလျှင် ထိုအသျှင်သည် ကပ်ရောက်၏။

အသျှင်ဘုရားတို့ "လောကသည် အဆုံးရှိ၏။ပ။ လောကသည် အဆုံး မရှိ။ ထိုအသက်ပင် ထိုကိုယ်တည်း။ အသက်တခြား ကိုယ်တခြားတည်း။ သတ္တဝါသည် သေပြီးနောက် ဖြစ်၏။ သတ္တဝါသည် သေပြီးနောက် မဖြစ်။ သတ္တဝါသည် သေပြီးနောက် ဖြစ်လည်း ဖြစ်၏၊ ဖြစ်လည်း မဖြစ်။ သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်။ ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းနှီးတည်း၊ သူကြွယ် ငါသည် ဤသို့ အယူရှိ၏" ဟု ဤသို့ ဆိုသော အသျှင်၏ အယူသည်လည်း မိမိ၏ မသင့်မတင့် နှလုံးသွင်းခြင်းအကြောင်းကြောင့်သော်ငှင်း သူတပါး၏ စကားသံကြောင့်သော်ငှင်း ဖြစ်၏။ ထိုအယူသည် ထင်ရှား၏၊ (အကြောင်းတို့သည်) ပြုပြင်အပ်၏၊ စေ့ဆော်အပ်၏၊ (အကြောင်းကို) စွဲ၍ ဖြစ်ပေါ်၏။ အလုံးစုံသော တေဘုမ္မက တရားသည် ထင်ရှား၏၊ (အကြောင်းတို့သည်) ပြုပြင်အပ်၏၊ စေ့ဆော်အပ်၏၊ (အကြောင်းကို)စွဲ၍ ဖြစ်ပေါ်၏၊ ထိုတရားအားလုံးသည် မမြဲ၊ အကြင်တရားသည် မမြဲ၊ ထိုတရားသည် ဆင်းရဲ၏၊ အကြင်တရားသည် ဆင်းရဲ၏၊ ထိုတရားကိုသာလျှင် ထိုအသျှင်သည် ငြိကပ်၏၊ ထိုတရားသို့သာလျှင် ထိုအသျှင်သည် ကပ်ရောက်၏ ဟု (ဆို၏)။

ဤသို့ ဆိုလတ်သော် ထိုပရိဗိုဇ်တို့သည် အနာထပိဏ် သူဌေးအား "သူကြွယ် ငါတို့အားလုံးပင် မိမိတို့ အယူကို ပြောဆိုပြီးကြပြီ၊ သူကြွယ် သင်သည် အဘယ်အယူ ရှိသည်ဟု ပြောပါလော့" ဟူ၍ မေးကြကုန်၏။ အသျှင်ဘုရားတို့ အလုံးစုံသော တေဘုမ္မက တရားသည် ထင်ရှား၏၊ (အကြောင်းတို့သည်) ပြုပြင်အပ်၏၊ စေ့ဆော်အပ်၏၊ (အကြောင်းကို)စွဲ၍ ဖြစ်ပေါ်၏၊ ထိုတရားအားလုံးသည် မမြဲ၊ အကြင်တရားသည် မမြဲ၊ ထိုတရားသည် ဆင်းရဲ၏၊ အကြင်တရားသည် ဆင်းရဲ၏၊ ထိုတရားသည် "ငါ့ ဉစ္စာမဟုတ်၊ ထိုတရားသည် ငါ မဟုတ်၊ ထိုတရားသည် ငါ၏ ကိုယ် 'အတ္တ' မဟုတ်၊" အသျှင်ဘုရားတို့ အကျွန်ုပ်သည် ဤသို့ အယူရှိပါ၏ ဟု(ဆို၏)။

သူကြွယ် အလုံးစုံသော တေဘုမ္မက တရားသည် ထင်ရှား၏၊ (အကြောင်းတို့သည်) ပြုပြင်အပ်၏၊ စေ့ဆော်အပ်၏၊ (အကြောင်းကို)စွဲ၍ ဖြစ်ပေါ်၏၊ ထိုတရားအားလုံးသည် မမြဲ၊ အကြင်တရားသည် မမြဲ၊ ထိုတရားသည် ဆင်းရဲ၏၊ အကြင်တရားသည် ဆင်းရဲ၏၊ သူကြွယ် သင်သည် ထိုတရားကိုသာလျှင် ငြိကပ်၏၊ သူကြွယ် သင်သည် ထိုတရားသို့သာလျှင် ကပ်ရောက်၏ ဟု(ဆို၏)။

အသျှင်ဘုရားတို့ အလုံးစုံသော တေဘုမ္မက တရားသည် ထင်ရှား၏၊ (အကြောင်းတို့သည်) ပြုပြင်အပ်၏၊ စေ့ဆော်အပ်၏၊ (အကြောင်းကို)စွဲ၍ ဖြစ်ပေါ်၏၊ ထိုတရားအားလုံးသည် မမြဲ၊ အကြင်တရားသည် မမြဲ၊ ထိုတရားသည် ဆင်းရဲ၏၊ အကြင်တရားသည် ဆင်းရဲ၏၊ ထိုတရားသည်

http://www.dhammadownload.com



"ငါ့ ဥစ္စာ မဟုတ်၊ ထိုတရားသည် ငါမဟုတ်၊ ထိုတရားသည် ငါ၏ 'အတ္တ' မဟုတ်" ဟု ဤသို့ အကျွန်ုပ်သည် ဟုတ်တိုင်းမှန်စွာ ကောင်းသော ပညာဖြင့် ကောင်းစွာမြင်ပါ၏၊ထို့ထက် အလွန် လည်း ထွက်မြောက်ကြောင်းကို ဟုတ်တိုင်းမှန်စွာ သိပါ၏ ဟု (ပြောဆို၏)။

ဤသို့ ဆိုလတ်သော် ထိုပရိဗိုဇ်တို့သည် ဆိတ်ဆိတ်နေကုန် မျက်နှာမသာကုန်၍ ခေါင်းငုံ့ကုန် မျက်နှာအောက်စိုက်ကုန်သည်ဖြစ်၍ မှိုင်ကုန်လျက် ကြံရာ မရကုန်ပဲ ထိုင်နေကုန်၏။ ထို့နောက် အနာထပိဏ်သူဌေးသည် ဆိတ်ဆိတ်နေကုန် မျက်နှာမသာကုန် ခေါင်းငုံ့ကုန် မျက်နှာအောက် စိုက်ကုန်သည်ဖြစ်၍ မှိုင်ကုန်လျက် ကြံရာ မရကုန်ပဲ ထိုင်နေကုန်သော ထိုပရိဗိုဇ်တို့ကို သိ၍ နေရာမှ ထကာ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခု သော နေရာ၌ ထိုင်ကာ ထိုသာသနာတော်မှ တပါးသောအယူရှိကြသည့် ပရိဗိုဇ်တို့နှင့်အတူပြော ဆိုခဲ့သမျှ စကားအားလုံးကို မြတ်စွာဘုရားအား လျှောက်ထား၏။

သူကြွယ် ကောင်းပေစွ ကောင်းပေစွ၊ သူကြွယ် သင်သည် ဤသို့ပင် ထို အချည်းနှီးဖြစ်သော ယောကျ်ားတို့ကို အခါအားလျော်စွာ အကြောင်းတရားနှင့်တကွ ကောင်းစွာ နှိပ်ခြင်းဖြင့် နှိပ်အပ်ကုန်၏ ဟု (မိန့်တော်မူ၏)။ ထို့နောက် မြတ်စွာဘုရား သည် အနာထပိဏ်သူဌေးကို တရားစကားဖြင့် အကျိုးစီးပွါးကို သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့် သုံးရန်) ထက်သန် ရွှင်လန်းစေ၏။ ထိုအခါ အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားက တရား စကားဖြင့် အကျိုးစီးပွါးကို သိမြင်စေလျက်(တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေပြီးသော် နေရာမှ ထကာ မြတ်စွာဘုရားကို ရှိခိုး၍ ဖဲသွားလေ၏။

ထို့နောက် မြတ်စွာဘုရားသည် အနာထပိဏ်သူဌေး ဖဲသွား၍ မကြာမီ ရဟန်းတို့ကို "ရဟန်း တို့ ဤဓမ္မဝိနယ 'သာသနာတော်' ၌ ရဟန်းပြု၍ အနှစ်တရာ ရှိပြီးသော ရဟန်း သော်လည်း သာသနာတော်မှ တပါးသောအယူရှိကြသည့် ထိုပရိဗိုဇ်တို့ကို အနာထပိဏ်သူဌေး က နှိပ်ကုန်ဘိသကဲ့သို့ ဤအတူပင် အကြောင်းနှင့်တကွ ကောင်းစွာ နှိပ်ခြင်းကို နှိပ်ကြရာ၏" ဟု မိန့်တော်မူ၏

တတိယသုတ်။

---

## ၄-ဝဇ္ဇိယမာဟိတသုတ်

၉၄။ အခါတပါး၌ မြတ်စွာဘုရားသည် စမ္ပာပြည် ဂဂ္ဂရာရေကန်၏ ကမ်းနား၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ ဝဇ္ဇိယမာဟိတသူကြွယ်သည် နေမွန်းယိမ်းအချိန်၌ မြတ်စွာဘုရားအား ဖူးမြင်ရန်အလို့ငှါ စမ္ပာပြည်မှ ထွက်ခဲ့၏။ ထို့နောက် ဝဇ္ဇိယမာဟိတသူကြွယ်အား ဤအကြံသည် ဖြစ်၏၊ "မြတ်စွာဘုရားအား ဖူးမြင်ရန် အခါမဟုတ်သေး၊ မြတ်စွာဘုရားသည် (တပါးတည်း) ကိန်းအောင်းနေတော်မူ၏၊ စိတ်နှလုံးကိုပွါးစေတတ်ကုန်သော ရဟန်းတို့အားလည်း ဖူးမြင်ရန် အခါ မဟုတ်သေး၊ စိတ်နှလုံးကိုပွါးစေတတ်ကုန်သော ရဟန်းတို့သည်လည်း တပါးတည်း ကိန်းအောင်းနေတော်မူကုန်၏၊ ငါသည် သာသနာတော်မှ ကပါးသောအယူရှိကြသည့် ပရိဗိုဇ်တို့ ၏ အရံသို့ ချဉ်းကပ်ရမူ ကောင်းပေရာ၏"ဟု အကြံဖြစ်၏။

http://www.dhammadownload.com



ထို့နောက် ဝဇ္ဇိယမာဟိတသူကြွယ်သည် သာသနာတော်မှ တပါးသောအယူရှိကြသည့် ပရိဗိုဇ်တို့၏ အရံသို့ ချဉ်းကပ် ၏။ ထိုအခါ သာသနာတော်မှ တပါးသောအယူရှိကြသည့် ပရိဗိုဇ်တို့သည် အညီအညွတ်ပေါင်းဆုံ လာရောက်ကြကုန်ပြီးလျှင် ပြင်းပြ ကျယ်လောင်သော အသံရှိကုန်၍ ပဲ့တင်ထပ်စေလျက် များစွာသော (မဂ်ဖိုလ်မှ) ဖီလာဖြစ်သောစကားကို ပြောဆိုကာ ထိုင်နေကုန်၏။ သာသနာတော်မှ တပါးသော အယူရှိကြသည့် ထို ပရိဗိုဇ်တို့သည် ဝဇ္ဇိယမာဟိတသူကြွယ် လာနေသည်ကို အဝေးမှပင် မြင်ကြသည်သာတည်း၊ မြင်ပြီးနောက် အချင်းချင်း ပြုပြင်ကုန်၏၊ "အသျှင်တို့ နည်းသော အသံရှိကြကုန်လော့၊ အသျှင်တို့ အသံကို မပြုကြကုန်လင့်။ ရဟန်းဂေါတမ၏ တပည့် ဤဝဇ္ဇိယမာဟိတသူကြွယ်သည် အရံသို့ လာ၏။ ရဟန်းဂေါတမ၏ စမ္ပာပြည်နေ အဝတ်ဖြူဝတ်သူ လူတပည့်တို့တွင် ဤဝဇ္ဇိယမာဟိတသူကြွယ်သည် တယောက်အပါအဝင်တည်း။ ထိုအသျှင်တို့သည် အသံနည်းမှုကို အလိုရှိကုန်၏၊ အသံနည်းအောင် ဆုံးမထားကုန်၏၊ အသံနည်းမှု၏ကျေးဇူးကို ဆိုလေ့ရှိကုန်၏၊ ပရိသတ် အသံနည်းသည်ကိုသိ၍ ချဉ်းကပ် သင့်သည်"ဟု မှတ်ထင်ကောင်း မှတ်ထင်ရာ၏ဟု (အချင်းချင်း ပြုပြင် ကုန်၏)။ ထို့နောက် ထိုပရိဗိုဇ်တို့သည် ဆိတ်ဆိတ်နေကုန်၏။ ထိုအခါ ဝဇ္ဇိယမာဟိတ သူကြွယ်သည် ထိုပရိဗိုဇ်တို့အထံသို့ ချဉ်းကပ်ပြီးနောက် ထိုပရိဗိုဇ်တို့နှင့်အတူ ဝမ်းမြောက်ဖွယ်အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေသော ဝဇ္ဇိယမာဟိတသူကြွယ်အား သာသနာတော်မှတပါးသောအယူရှိကြသည့် ထိုပရိဗိုဇ်တို့က "သူကြွယ် ရဟန်းဂေါတမသည် ခြိုးခြံသောအကျင့်အားလုံးကို ကဲ့ရဲ့၏။ ခြိုးခြံစွာကျင့်သူ ဆင်းရဲစွာကျင့်၍ အသက်မွေးလေ့ရှိသူအားလုံးကို စင်စစ်အားဖြင့် ပြက်ရယ်ပြု၏၊ စွပ်စွဲ၏ဟူသည် မှန်သလော"ဟု မေးကြကုန်၏။

အသျှင်ဘုရားတို့ မြတ်စွာဘုရားသည် ခြိုးခြံသော အကျင့်အားလုံးကို ကဲ့ရဲ့တော်မမူပါ၊ ခြိုးခြံစွာကျင့်လေ့ရှိသူ ဆင်းရဲစွာကျင့်၍ အသက်မွေးလေ့ရှိသူအားလုံးကိုလည်း စင်စစ်အားဖြင့် ပြက်ရယ်ပြုတော် မမူပါ၊ စွပ်စွဲတော် မမူပါ။ အသျှင်ဘုရားတို့ မြတ်စွာဘုရားသည် ကဲ့ရဲ့သင့်သူကိုကား ကဲ့ရဲ့တော်မူပါ၏၊ ချီးမွမ်းသင့်သူကို ချီးမွမ်းတော်မူပါ၏။ အသျှင်ဘုရားတို့ မြတ်စွာဘုရားသည် ကဲ့ရဲ့သင့်သူကို ကဲ့ရဲ့တော်မူ၍ ချီးမွမ်းသင့်သူကို ချီးမွမ်းတော်မူရကား မြတ်စွာဘုရားသည် ဝေဖန်၍ဆိုလေ့ရှိတော်မူပါ၏၊ ဤအရာ၌ မြတ်စွာဘုရားသည် တဖက်သတ် ဆိုတော်မမူပါဟု (ပြောဆို၏)။

ဤသို့ ဆိုလတ်သော် ပရိဗိုဇ်တယောက်က ဝဇ္ဇိယမာဟိတသူကြွယ်အား—"သူကြွယ် သင် ဆိုင်းလင့်ဦး၊ သင်သည် ယင်း ရဟန်းဂေါတမ၏ ဂုဏ်ကို ဆို၏၊ ရဟန်းဂေါတမသည် ဆုံးမ ထိုက်သူတည်း၊ မပညပ်တတ်သူတည်း"ဟု ဆို၏။ အသျှင်ဘုရားတို့ ဤအရာ၌လည်းအကျွန်ုပ်က အသျှင်တို့ကို အကြောင်းနှင့်တကွ ဆိုပါအံ့၊ အသျှင်ဘုရားတို့ မြတ်စွာဘုရားသည် "ဤသည်ကား ကုသိုလ်တရားတည်း"ဟု ပညပ်တော်မူပါ၏၊ အသျှင်ဘုရားတို့ မြတ်စွာဘုရားသည် "ဤသည်ကား အကုသိုလ်တရားတည်း"ဟု ပညပ်တော်မူပါ၏၊ မြတ်စွာဘုရားသည် ဤသို့ ကုသိုလ်အကုသိုလ်ကို ပညပ်တော်မူရကား မြတ်စွာဘုရားသည် ပညပ်တော်မူတတ်သူပါတည်း၊ ထို မြတ်စွာဘုရားသည်ဆုံးမထိုက်သူ မပညပ်တတ်သူ မဟုတ်ပါဟု (ပြောဆို၏)။

ဤသို့ဆိုလတ်သော် ထိုပရိဗိုဇ်တို့သည် ဆိတ်ဆိတ်နေကုန် မျက်နှာမသာကုန်၍ ခေါင်းငုံ့ကုန် မျက်နှာအောက်စိုက်ကုန်သည်ဖြစ်၍ မှိုင်ကုန်လျက် ကြံရာမရကုန်ပဲ ထိုင်နေကုန်၏။ ထို့နောက်

http://www.dhammadownload.com



ဝဇ္ဇိယမာဟိတသူကြွယ်သည် ဆိတ်ဆိတ်နေကုန် မျက်နှာမသာကုန် ခေါင်းငုံ့ကုန် မျက်နှာအောက်စိုက်ကုန်သည်ဖြစ်၍ မှိုင်ကုန်လျက် ကြံရာမရကုန်ပဲ ထိုင်နေကုန်သော ထိုပရိဗိုဇ်တို့ကို သိ၍ နေရာမှ ထကာ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်ကာ ထိုသာသနာတော်မှ တပါးသောအယူကြရှိသည့်ပရိဗိုဇ်တို့နှင့်အတူ ပြောဆိုခဲ့သမျှစကားအားလုံးကို မြတ်စွာဘုရားအားလျှောက်ထား၏။

သူကြွယ် ကောင်းပေစွ ကောင်းပေစွ၊ သူကြွယ် သင်သည် ဤသို့ပင် ထိုအချည်းနှီးဖြစ်သော ယောကျ်ားတို့ကို အခါအားလျော်စွာ အကြောင်းနှင့်တကွ ကောင်းစွာနှိပ်ခြင်းဖြင့် နှိပ်အပ်ကုန်၏။ သူကြွယ် ခြိုးခြံသောအကျင့် အားလုံးကို "ခြိုးခြံစွာကျင့်ရမည်"ဟု ငါမဆို၊ သူကြွယ် ခြိုးခြံသော အကျင့်အားလုံးကို "ခြိုးခြံစွာ မကျင့်ရ"ဟုလည်း ငါမဆို။သူကြွယ် ဆောက်တည်မှုအားလုံးကို "ဆောက်တည်ရမည်"ဟု ငါမဆို၊သူကြွယ် ဆောက်တည်မှုအားလုံးကို "မဆောက်တည်ရ"ဟုလည်း ငါမဆို။သူကြွယ် တရားအားထုတ်မှု အားလုံးကို "အားထုတ်ရမည်"ဟု ငါမဆို၊ သူကြွယ် တရားအားထုတ်မှုအားလုံးကို "အားမထုတ်ရ"ဟုလည်း ငါမဆို။ သူကြွယ် စွန့်လွှတ်မှုအားလုံးကို "စွန့်လွှတ်ရမည်"ဟု ငါမဆို၊သူကြွယ် စွန့်လွှတ်မှု အားလုံးကို"မစွန့်လွှတ်ရ"ဟုလည်း ငါမဆို။ သူကြွယ် နှလုံးသွင်းမှု အားလုံးကို "နှလုံးသွင်းရမည်"ဟု ငါမဆို၊ သူကြွယ် နှလုံးသွင်းမှုအားလုံးကို"နှလုံးမသွင်းရ"ဟုလည်း ငါမဆို။

သူကြွယ် မှန်၏၊အကြင်ခြိုးခြံသောအကျင့်ကို ခြိုးခြံစွာ ကျင့်သူအား အကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏။ဤသို့ သဘောရှိသော ခြိုးခြံသောအကျင့်ကို"ခြိုးခြံစွာ မကျင့်ရ"ဟု ငါဆို၏။သူကြွယ် အကြင် ခြိုးခြံသောအကျင့်ကို ခြိုးခြံစွာကျင့်သူအား အကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏။ ဤသို့ သဘောရှိသော ခြိုးခြံသောအကျင့်ကို ခြိုးခြံစွာကျင့်ရမည်"ဟု ငါဆို၏။

သူကြွယ် အကြင်ဆောက်တည်မှုကို ဆောက်တည်သူအား အကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏။ ဤသို့ သဘောရှိသော ဆောက်တည်မှုကို "မဆောက်တည်ရ"ဟု ငါဆို၏။သူကြွယ် အကြင်ဆောက်တည်မှုကို ဆောက်တည်သူအားကား အကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏။ ဤသို့သဘောရှိသောဆောက်တည်မှုကို "ဆောက်တည်ရမည်"ဟု ငါဆို၏။

သူကြွယ် အကြင်တရားအားထုတ်မှုကို အားထုတ်သူအား အကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏။ ဤသို့သဘောရှိသော တရားအားထုတ်မှုကို "အားမထုတ်ရ"ဟု ငါဆို၏။ သူကြွယ် အကြင်တရားအားထုတ်မှုကို အားထုတ်သူအားကား အကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏။ ဤသို့သဘောရှိသော တရားအားထုတ်မှုကို "အားထုတ်ရမည်"ဟု ငါဆို၏။

သူကြွယ် အကြင်စွန့်လွှတ်မှုကို စွန့်လွှတ်သူအား အကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏။ ဤသို့သဘောရှိသော စွန့်လွှတ်မှုကို "မစွန့်လွှတ်ရ"ဟုငါဆို၏။ သူကြွယ် အကြင်စွန့်လွှတ်မှုကို စွန့်လွှတ်သူအား အကုသိုလ် တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏။ ဤသို့သဘောရှိသော စွန့်လွှတ်မှုကို"စွန့်လွှတ်ရမည်"ဟု ငါဆို၏။

http://www.dhammadownload.com



သူကြွယ် အကြင်နှလုံးသွင်းမှုကို နှလုံးသွင်းသူအား အကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏။ ဤသို့သဘောရှိသောနှလုံးသွင်းမှုကို "နှလုံးမသွင်းရ" ဟု ငါဆို၏။ သူကြွယ် အကြင်နှလုံးသွင်းမှုကို နှလုံးသွင်းသူအားကား အကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏။ ဤသို့သဘောရှိသော နှလုံးသွင်းမှုကို "နှလုံးသွင်းရမည်"ဟု ငါဆို၏ဟု (မိန့်တော်မူ၏)။

ထိုအခါဝဇ္ဇိယမာဟိတသူကြွယ်သည် မြတ်စွာဘုရားက တရားနှင့်စပ်သောစကားဖြင့် (အကျိုးစီးပွါး)ကို သိမြင်စေလျက် (တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်)ထက်သန်ရွှင်လန်းစေအပ်သည်ဖြစ်၍ နေရာမှထကာ ရှိခိုးလျက် အရိုအသေပြုပြီးလျှင် ဖဲသွားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဝဇ္ဇိယမာဟိတ သူကြွယ် ဖဲသွား၍ မကြာမီ ရဟန်းတို့ကို "ရဟန်းတို့ ဤဓမ္မဝိနယ 'သာသနာတော်'၌ ကြာမြင့်စွာ ကိလေသာမြူနည်းသောရဟန်းသည်လည်း သာသနာတော်မှ တပါးသောအယူရှိသည့် ပရိဗိုဇ်တို့ကို ဝဇ္ဇိယမာဟိတသူကြွယ်က နှိပ်ကုန်ဘိသကဲ့သို့ ဤအတူပင် အကြောင်းနှင့်တကွ ကောင်းစွာနှိပ်ခြင်းကို နှိပ်ကြရာ၏"ဟု မိန့်တော်မူ၏။

စတုတ္ထသုတ်။

---

## ၅-ဥတ္တိယသုတ်

၉၅။ ထိုအခါ ဥတ္တိယပရိဗိုဇ်သည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆို ပြီးဆုံးစေပြီးနောက် တခုသောနေရာ၌ ထိုင်လျက် "အသျှင်ဂေါတမ လောကသည်မြဲ၏၊ ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းနှီးတည်းဟု ဖြေဆိုအပ်သလော"ဟု လျှောက်၏။ ဥတ္တိယ ငါသည်"လောကသည်မြဲ၏၊ ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းနှီးတည်း"ဟု ထိုအရာကို မဖြေဆိုအပ်ဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ သို့ဖြစ်လျှင် လောကသည်မမြဲ၊ဤအယူသည်သာ မှန်၏၊အခြားအယူသည် အချည်းနှီးတည်းဟု ဖြေဆိုအပ်သလောဟု (လျှောက်၏)။ ဥတ္တိယ ငါသည် "လောကသည် မမြဲ၊ ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းနှီးတည်း"ဟုလည်း ထိုအရာကို မဖြေဆိုအပ်။ အသျှင်ဂေါတမ လောကသည် အဆုံးရှိ၏။ပ။လောကသည် အဆုံးမရှိ။ ထိုအသက်သည်ပင် ထိုကိုယ်တည်း။ အသက်တခြား ကိုယ်တခြားတည်း။ သတ္တဝါသည် သေပြီးနောက်ဖြစ်၏။ သတ္တဝါသည် သေပြီးနောက်မဖြစ်။ သတ္တဝါသည် သေပြီးနောက် ဖြစ်လည်းဖြစ်၏၊ ဖြစ်လည်းမဖြစ်။ သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်၊ ဤအယူသည်သာမှန်၏၊ အခြားအယူသည် အချည်းနှီးတည်းဟု ဖြေဆိုအပ်သလောဟု (လျှောက်၏)။ ဥတ္တိယ ငါသည် "သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်းမဟုတ်။ ဤအယူသည်သာမှန်၏၊ အခြားအယူသည် အချည်းနှီးတည်း" ဟုလည်း ထိုအရာကို မဖြေဆိုအပ်ဟု (မိန့်တော်မူ၏)။

"အသျှင်ဂေါတမ လောကသည်မြဲ၏၊ ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းနှီးတည်းဟု ဖြေဆိုအပ်သလော"ဟု ဤသို့မေးလတ်သော်"ဥတ္တိယ ငါသည်လောကသည်မြဲ၏၊ဤအယူ

http://www.dhammadownload.com



သည်သာမှန်၏၊အခြားအယူသည် အချည်းနှီးတည်း”ဟု ထိုအရာကို မဖြေဆိုအပ်ဟုဆို၏။“အသျှင် ဂေါတမ သို့ဖြစ်လျှင် လောကသည် မမြဲ၊ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းနှီး တည်းဟုဖြေဆိုအပ်သလော”ဟု ဤသို့မေးလတ်သော်“ဥတ္တိယ ငါသည် လောကသည်မမြဲ၊ဤအယူ သည်သာ မှန်၏၊အခြားအယူသည် အချည်းနှီးတည်း”ဟုလည်း ထိုအရာကို မဖြေဆိုအပ်ဟု ဆို၏။ အသျှင်ဂေါတမ လောကသည် အဆုံးရှိ၏ ။ပ။ လောကသည် အဆုံးမရှိ။ ထိုအသက်ပင် ထိုကိုယ်တည်း။အသက်တခြားကိုယ်တခြားတည်း။သတ္တဝါသည် သေပြီးနောက် ဖြစ်၏။ သတ္တဝါသည် သေပြီးနောက်မဖြစ်။သတ္တဝါသည် သေပြီးနောက် ဖြစ်လည်းဖြစ်၏၊ မဖြစ်လည်း မဖြစ်။ သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်းမဟုတ်၊မဖြစ်သည်လည်း မဟုတ်။ဤအယူသည်သာ မှန်၏၊ အခြား အယူသည် အချည်းနှီးတည်းဟု ဖြေဆိုအပ်သလော”ဟု ဤသို့ မေးလတ်သော် “ဥတ္တိယ ငါသည် သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်၊ ဤအယူသည်သာ မှန်၏၊အခြားအယူသည် အချည်းနှီးတည်း” ဟုလည်း ထိုအရာကို မဖြေဆိုအပ်ဟု ဆို၏။ ထိုသို့ ဖြစ်ခဲ့သော် အသျှင်ဂေါတမသည် အဘယ်သို့ ဖြေဆိုအပ်ပါသနည်းဟု (လျှောက်၏)။

ဥတ္တိယ ငါသည် ထူးသောဉာဏ်ဖြင့်သိ၍ သတ္တဝါတို့ စင်ကြယ်ရန် စိုးရိမ်မှု ငိုကြွေးမှုတို့ကို လွန်မြောက်ရန် ဆင်းရဲခြင်း နှလုံးမသာယာခြင်းတို့ ချုပ်ပျောက်ရန် နည်းလမ်း(မဂ်)ကို ရရန် နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် တပည့်တို့အား တရားကိုဟော၏ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ ထူးသောဉာဏ်ဖြင့်သိ၍ သတ္တဝါတို့ စင်ကြယ်ရန် စိုးရိမ်မှု ငိုကြွေးမှုတို့ကို လွန်မြောက်ရန် ဆင်းရဲခြင်း နှလုံးမသာယာခြင်းတို့ ချုပ်ရန် နည်းလမ်း (မဂ်) ကို ရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အကြင်တရားကို ဟော၏၊ထိုတရားဖြင့် လောကအားလုံးကို ထုတ်ဆောင်အပ်ပါ သလော၊ ထက်ဝက် သို့မဟုတ် သုံးပုံ တပုံကို ထုတ်ဆောင်အပ်ပါသလော ဟု (လျှောက်၏)။ ဤသို့ဆိုလတ်သော် မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူ၏။

ထိုအခါ အသျှင်အာနန္ဒာအား ဤအကြံသည်ဖြစ်၏။“ဥတ္တိယပရိဗိုဇ်သည် ‘ရဟန်းဂေါတမကို အားလုံးတို့ထက် သာလွန်သော ပြဿနာကို ငါမေးလိုက်သဖြင့် ဆုတ်နစ်၏၊မဖြေဆိုနိုင်၊ မဖြေဆို ဝံ့ယောင်တကား’ဟု ယုတ်ညံ့သော မိစ္ဆာအယူကို မရပါစေလင့်၊ ထိုအယူသည် ထိုဥတ္တိယ ပရိဗိုဇ်အား နေ့ညဉ့်ရှည်ကြာစွာ စီးပွါးမဲ့ရန် ဆင်းရဲရန် အလို့ငှါ ဖြစ်လေရာ၏”ဟု(အကြံဖြစ်၏)။

ထိုအခါ အသျှင်အာနန္ဒာသည် ဥတ္တိယပရိဗိုဇ်အား—“ငါ့သျှင် ဥတ္တိယ ထိုသို့ဖြစ်လျှင် သင့်အား ဥပမာကိုပြုမည်၊ ဤလောက၌ သိနားလည်ကြသော ယောကျ်ားအချို့တို့သည် ဥပမာအားဖြင့် ဆိုလိုရင်းစကား၏အနက်ကို သိကြကုန်၏။ ငါ့သျှင်ဥတ္တိယ ဥပမာသော်ကား မင်း၏ အစွန်အဖျား ကျသောမြို့သည် တံတိုင်းအခြေ ခိုင်ခံ့၏၊တံတိုင်း နံရံ တုရိုဏ်တိုင် တံခါးပေါင် ခိုင်ခံ့၏၊ တံခါး တပေါက်ရှိ၏၊ ထိုမြို့၏တံခါးမှူးသည် ပညာရှိ၏၊ထက်မြက်၏၊ လိမ္မာ၏၊ မသိသူတို့အား တားမြစ်၍ သိသူတို့အား သွင်း၏၊ ထိုတံခါးမှူးသည် ထိုမြို့၏ပတ်ဝန်းကျင် မြို့ပတ်လမ်းကို အစဉ်လျှောက်၏၊ မြို့ပတ်လမ်းကို အစဉ်လျှောက်လတ်သော် မြို့ရိုးစပ်ကိုငှင်း မြို့ရိုးပေါက်ကိုငှင်း အယုတ်သဖြင့် ကြောင်ထွက်လောက်ရုံမျှ အပေါက်ကိုလည်း မမြင်ရာ။ ထိုတံခါးမှူးအား ‘ဤမျှလောက် သတ္တဝါ တို့သည် ဤမြို့ကို ဝင်ကုန်၏ဟူ၍ငှင်း’ ထွက်ကုန်၏ဟူ၍ငှင်း ဤသို့အသိဉာဏ် မဖြစ်။ စင်စစ်အား ဖြင့် ထိုတံခါးမှူးအား ‘ဤမြို့ကို ဝင်ကုန်ထွက်ကုန်သော ကြီးမားသော သတ္တဝါအားလုံးတို့သည် ဤတံခါးဖြင့်သာ ဝင်ကုန်၏၊ ထွက်ကုန်၏’ဟု ဤသို့သာ အသိဉာဏ်ဖြစ်၏၊ ငါ့သျှင်ဥတ္တိယ

http://www.dhammadownload.com



ဤအတူပင် မြတ်စွာဘုရားအား 'ထိုတရားဖြင့် သတ္တဝါအားလုံးကို ထက်ဝက် သို့မဟုတ် သုံးပုံတပုံကို ထုတ်ဆောင်သည်' ဟု ကြောင့်ကြမှုသည် မဖြစ်။ စင်စစ်အားဖြင့် 'ဤအရာ၌ မြတ်စွာဘုရားအား လောကမှထုတ်ဆောင်ပြီး ထုတ်ဆောင်ဆဲ ထုတ်ဆောင်လတ္တံ့သော သတ္တဝါအားလုံးတို့သည် စိတ်ညစ်ညူးကြောင်း ဖြစ်ကုန်သောပညာ အားနည်းမှုကို ပြုတတ်ကုန်သော နီဝရဏငါးပါးတို့ကို ပယ်ကာ သတိပဋ္ဌာန်လေးပါးတို့၌ စိတ်တည်ကြ၍ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဟုတ်တိုင်းမှန်စွာ ပွါးစေပြီးနောက် ဤသို့ထိုတရားဖြင့် လောကမှထုတ်ဆောင်ပြီး ထုတ်ဆောင်ဆဲ ထုတ်ဆောင်လတ္တံ့' ဟု ဤသို့သာကြောင့်ကြမှု ဖြစ်တော်မူ၏။ ငါ့သျှင်ဥတ္တိယ မြတ်စွာဘုရားအား ယခင်မေးပြီး ပြဿနာကိုသာလျှင် နည်းတမျိုးဖြင့် မေး၏၊ ထို့ကြောင့် သင်၏ ထိုပြဿနာကို မြတ်စွာဘုရားသည် ဖြေတော်မမူ"ဟု မိန့်ဆို၏။

ပဉ္စမသုတ်။

---

## ၆-ကောကနုဒသုတ်

၉၆။ အခါတပါး၌ အသျှင်အာနန္ဒာသည် ရာဇဂြိုဟ်ပြည် တပေါဒါရုံကျောင်း၌(သီတင်းသုံး) နေတော်မူ၏။ ထိုအခါ အသျှင်အာနန္ဒာသည် ညဉ့်၏မိုးသောက်ချိန်၌ စောစောထကာ တပေါဒါ မြစ်သို့ ကိုယ်လက်တို့ကို ရေချိုးသုတ်သင်ရန် ချဉ်းကပ်တော်မူ၏၊ တပေါဒါမြစ်၌ ကိုယ်လက် တို့ကို ရေချိုးသုတ်သင်ပြီးနောက် သင်္ကန်းတထည်တည်းဖြင့် ကိုယ်လက်တို့ကို ရှေးအတိုင်း ဖြစ်စေလျက် ရပ်နေတော်မူ၏။ ကောကနုဒပရိဗိုဇ်သည်လည်း ညဉ့်၏ မိုးသောက် ချိန်၌ ထကာ တပေါဒါမြစ်သို့ ကိုယ်လက်တို့ကို ရေချိုးသုတ်သင်ရန် ချဉ်းကပ်၏၊ ကောကနုဒပရိဗိုဇ်သည် အသျှင်အာနန္ဒာလာနေသည်ကို အဝေးမှမြင်၍—"ငါ့သျှင် ဤနေရာ၌ မည်သူနည်း"ဟု မေး၏။ "ငါ့သျှင် ငါကား ရဟန်းတည်း" ဟု(ဆို၏)။ ငါ့သျှင် မည်သည့်ရဟန်းတို့၏ ရဟန်းနည်း ဟု (မေး၏)။ ငါ့သျှင် သာကီဝင်မင်းသား ဘုရားသားတော်တို့၏ ရဟန်းတည်းဟု (ဆို၏)။ အကျွန်ုပ် တို့သည် အကယ်၍ အသျှင်က ပြဿနာ ဖြေဆိုရန်ခွင့်ပြုပါလျှင် အသျှင့်ကို တစုံတရာ အမြွက်မျှ မေးလိုပါကုန်၏ဟု (ဆို၏)။ ငါ့သျှင် မေးလော့၊ ကြားနာရလျှင် သိကြပါကုန်အံ့ဟု (ဆို၏)။

အသျှင် "လောကသည်မြဲ၏၊ ဤအယူသည်သာမှန်၏၊ အခြားအယူသည် အချည်းနှီးတည်း"ဟု အသျှင်သည် ဤသို့ အယူရှိပါသလောဟု(မေး၏)။ ငါ့သျှင်"လောကသည်မြဲ၏၊ ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းနှီးတည်း"ဟု ငါသည်ဤသို့ အယူမရှိပါဟု ဆို၏။ အသျှင် "လောကသည် မမြဲ၊ ဤအယူသည်သာမှန်၏၊ အခြားအယူသည်အချည်းနှီးတည်း"ဟုအသျှင်သည် ဤသို့သော အယူရှိပါသလောဟုမေး၏။ ငါ့သျှင်"လောကသည်မမြဲ၊ ဤအယူသည်သာ မှန်၏၊ အခြား အယူသည် အချည်းနှီးတည်း"ဟု ငါသည် ဤသို့လည်းအယူမရှိပါ ဟု ဆို၏။ အသျှင် "လောကသည် အဆုံးရှိ၏။ပ။ လောကသည် အဆုံးမရှိ။ ထိုအသက်သည်ပင် ထိုကိုယ်တည်း။ အသက်တခြား ကိုယ်တခြားတည်း။ သတ္တဝါသည် သေပြီးနောက် ဖြစ်၏။ သတ္တဝါသည် သေပြီး နောက်မဖြစ်၊ သတ္တဝါသည် သေပြီးနောက် ဖြစ်လည်း ဖြစ်၏၊ ဖြစ်လည်းမဖြစ်။ သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်၊ ဤအယူသည်သာမှန်၏၊ အခြားအယူသည် အချည်းနှီးတည်းဟု အသျှင်သည် ဤသို့ အယူရှိပါသလောဟု" (မေး၏)။ ငါ့သျှင် "သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်၊

http://www.dhammadownload.com



ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းနှီးတည်း”ဟု ငါသည် ဤသို့ အယူမရှိပါဟု ဆို၏။ ထိုသို့ဖြစ်လျှင် အသျှင်သည် မသိသလော၊ မမြင်သလောဟု (မေး၏)။ ငါ့သျှင် ငါသည် မသိသည် မဟုတ်၊ မမြင်သည် မဟုတ်၊ ငါသည် သိ၏၊ မြင်၏ဟု ဆို၏။

“အသျှင်လောကသည်မြဲ၏၊ ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းနှီးတည်း ဟု အသျှင်သည် ဤသို့အယူရှိပါသလော”ဟု မေးလတ်သော် “ငါ့သျှင် လောကသည် မြဲ၏၊ ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းနှီးတည်း” ဟု ငါသည် ဤသို့ အယူမရှိပါဟု ဆို၏။“အသျှင် လောကသည်မမြဲ၊ဤအယူသည်သာမှန်၏၊ အခြားအယူသည် အချည်းနှီးတည်း” ဟု အသျှင်သည် ဤသို့ အယူရှိပါသလော”ဟု မေးလတ်သော် “ငါ့သျှင် လောကသည် မမြဲ၊ ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းနှီးတည်း”ဟု ငါသည် ဤသို့လည်း အယူ မရှိပါဟုဆို၏။“အသျှင်လောကသည်အဆုံးရှိ၏ ။ပ။ လောကသည် အဆုံးမရှိ။ ထိုအသက်သည် ထိုကိုယ်တည်း။ အသက်တခြား ကိုယ်တခြားတည်း။သတ္တဝါသည် သေပြီးနောက် ဖြစ်၏။ သတ္တဝါ သည် သေပြီးနောက်မဖြစ်။သတ္တဝါသည်သေပြီးနောက် ဖြစ်လည်းဖြစ်၏၊ ဖြစ်လည်းမဖြစ်။ သတ္တဝါ သည် သေပြီးသည်နောက် ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်းမဟုတ်၊ ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းနှီးတည်းဟုအသျှင်သည် ဤသို့ အယူရှိပါသလော” ဟု မေး လတ်သော် “ငါ့သျှင် သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်၊ဤအယူသည်သာမှန်၏၊အခြားအယူသည်အချည်းနှီးတည်း”ဟု ငါသည် ဤသို့ အယူမရှိပါ ဟုဆို၏။ “ထိုသို့ဖြစ်လျှင် အသျှင်သည် မသိသလောမမြင်သလော”ဟု ဤသို့မေးလတ်သော် “ငါ့သျှင် ငါသည် မသိသည် မဟုတ်၊ မမြင်သည်မဟုတ်၊ငါ့သျှင် ငါသည် သိ၏၊ မြင်၏ဟု”ဤသို့ ဆို၏။ငါ့သျှင် ဤဆိုပြီး စကား၏ အနက်ကို အဘယ်အခြင်းအရာအားဖြင့် မှတ်ရမည်နည်းဟု (မေး၏)။

“ငါ့သျှင် လောကသည် မြဲ၏၊ ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းနှီးတည်း” ဟူသော ဤစကားသည် မိစ္ဆာအယူဖြစ်၏။“ငါ့သျှင် လောကသည် မမြဲ၊ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းနှီးတည်း”ဟူသော ဤစကားသည် မိစ္ဆာအယူဖြစ်၏။“ငါ့သျှင် လောက သည် အဆုံးရှိ၏ ။ပ။ လောကသည် အဆုံးမရှိ။ ထိုအသက်သည်ပင် ထိုကိုယ်တည်း။ အသက်တခြား ကိုယ်တခြားတည်း။ သတ္တဝါသည် သေပြီးနောက် ဖြစ်၏။ သတ္တဝါသည် သေပြီးနောက် မဖြစ်။ သတ္တဝါသည် သေပြီးနောက် ဖြစ်လည်းဖြစ်၏၊ ဖြစ်လည်းမဖြစ်။ သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်၊ ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းနှီးတည်း”ဟူသော ဤစကားသည် မိစ္ဆာအယူဖြစ်၏။ ငါ့သျှင် အယူရှိသမျှ အယူအ ကြောင်း ‘ဌာန’ရှိသမျှ အယူ၏ တည်ရာရှိသမျှ အယူသောင်းကျန်းမှုရှိသမျှ အယူဖြစ်ကြောင်း ရှိသမျှ အယူပယ်ခွါကြောင်းရှိသမျှကို ငါသည် သိ၏၊ ငါသည်မြင်၏။ ငါသည် ထိုအယူကို သိလျက် ငါသည် ထိုအယူကို မြင်လျက်“ငါသည် မသိ မမြင်”ဟု အဘယ်ကြောင့် ဆိုရမည်နည်း။ ငါ့သျှင် ငါသည် သိ၏၊ မြင်၏ဟု (မိန့်ဆို၏)။

အသျှင်သည် အဘယ်အမည်ရှိပါသနည်း၊ အဘယ်သို့လျှင် အသျှင့်ကို သီတင်းသုံးဖော်တို့က သိကြပါကုန်သနည်းဟု (မေး၏)။ ငါ့သျှင် ငါ၏ အမည်ကား “အာနန္ဒာ”တည်း၊ ငါ့ကို သီတင်း သုံးဖော်တို့က “အာနန္ဒာ”ဟုသာ သိကြကုန်၏ဟု (မိန့်ဆို၏)။ အချင်းတို့ ဆရာကြီးနှင့်အတူ

http://www.dhammadownload.com



ဆွေးနွေးတိုင်ပင်ကြရပါလျက် ''အသျှင်အာနန္ဒာ''ဟု မသိခဲ့ကြပါ၊ မှန်ပါ၏၊''ဤ အသျှင်သည် အာနန္ဒာ''ဟုသာ အကျွန်ုပ်တို့ သိကြပါလျှင် ဤမျှလောက်ပင် ပြောဆိုကြမည် မဟုတ်ပါ၊ အသျှင် အာနန္ဒာသည် အကျွန်ုပ်၏ အပြစ်ကို သည်းခံတော်မူပါလော့ဟု လျှောက်၏။

ဆဋ္ဌသုတ်။

## ၇-အာဟုနေယျသုတ်

၉၇။ ရဟန်းတို့ အင်္ဂါဆယ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်ကုန်၏၊ ဧည့်သည်တို့ အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန်ထိုက်ကုန်၏၊ တမလွန် အတွက် ရည်မြှော်သော အလှူကို ခံထိုက်ကုန်၏၊ လက်အုပ်ချီခြင်းငှါ ထိုက်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ရဟန်းသည် သီလရှိ၏၊ပါတိမောက္ခ သံဝရ သီလကိုစောင့်ထိန်း၍နေ၏၊ အကျင့်'အာစာရ' ကျက်စားရာ 'ဂေါစရ'နှင့်ပြည့်စုံ၏၊အနည်း ငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟုရှုလေ့ ရှိသည်ဖြစ်၍ သိက္ခာပုဒ်တို့၌ ဆောက်တည်လျက် ကျင့်၏။

အကြားအမြင် များ၏၊ အကြား အမြင်ကို ဆောင်၏၊ အကြား အမြင်ကို ဆည်းပူး၏၊ ထိုရဟန်းသည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိ၍ အနက်သဒ္ဒါ နှင့် ပြည့်စုံသော အလုံးစုံပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ဟောပြတတ်သော တရားတို့ကို များစွာ ကြားနာအပ်ကုန်၏၊ ဆောင်ထားအပ်ကုန်၏၊ နှုတ်ဖြင့် လေ့လာအပ်ကုန်၏၊ စိတ်ဖြင့် မှတ်သား ထားကုန်၏၊ ဉာဏ်ဖြင့် ကောင်းစွာ ထိုးထွင်း၍ သိအပ်ကုန်၏။

မိတ်ဆွေကောင်းရှိ၏၊ အပေါင်းအဖော်ကောင်းရှိ၏၊ အပေါင်းအဖော်ကောင်း၌ ကိုင်းညွတ်၏။

မှန်သော ဉာဏ်အမြင်ရှိ၏၊ မှန်သောဉာဏ်အမြင်နှင့်ပြည့်စုံ၏။

များပြားသော တန်ခိုးဖန်ဆင်းခြင်းကိုပြီးစေ၏၊ တယောက်တည်း ဖြစ်လျက်လည်း အများ ဖြစ်သွား၏၊ အများဖြစ်လျက်လည်း တယောက်တည်းဖြစ်လာ၏၊ ကိုယ်ထင်ရှားဖြစ်စေ၏၊ ကိုယ်ပျောက်စေ၏၊ နံရံတဖက် တံတိုင်း တဖက် တောင်တဖက်သို့ မထိမငြိပဲ ကောင်းကင်၌ကဲ့သို့ သွား၏၊ မြေ၌လည်း ငုပ်ခြင်းပေါ်ခြင်းကို ရေ၌ကဲ့သို့ပြု၏၊ ရေ၌လည်း မကွဲစေပဲ မြေ၌ကဲ့သို့ သွား၏၊ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အတောင်ရှိသောငှက်ကဲ့သို့ သွား၏၊ ဤသို့ တန်ခိုးကြီးကုန်သော အာနုဘော် ကြီးကုန်သော ဤ လ နေတို့ကိုလည်း လက်ဖြင့်သုံးသပ်၏၊ ဆုပ်ကိုင်၏၊ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို(မိမိ) အလိုအတိုင်း ဖြစ်စေ၏။

အထူးသဖြင့် စင်ကြယ်သော လူတို့၏ နားထက် သာလွန်သော နတ်တို့၏ နားနှင့်တူသော ဒိဗ္ဗသောတဉာဏ်ဖြင့် နတ်၌လည်းဖြစ်ကုန်သော လူ၌လည်းဖြစ်ကုန်သော ဝေးသည်လည်း ဖြစ်ကုန် သော နီးသည်လည်း ဖြစ်ကုန်သော နှစ်မျိုးသောအသံတို့ကို ကြား၏။

တပါးသောသတ္တဝါ တပါးသောပုဂ္ဂိုလ်တို့၏ စိတ်ကို (မိမိ)စိတ်ဖြင့် ပိုင်းခြား၍ သိ၏၊ ''တပ်မက်မှု'ရာဂ'နှင့် တကွသော စိတ်ကိုလည်း တပ်မက်မှု'ရာဂ'နှင့် တကွသော စိတ်''ဟုသိ၏။

http://www.dhammadownload.com



တပ်မက်မှု 'ရာဂ'ကင်းသော စိတ်ကိုလည်း တပ်မက်မှု'ရာဂ'ကင်းသော စိတ်ဟု သိ၏။ အမျက်ထွက်မှု'ဒေါသ'နှင့် တကွသော စိတ်ကိုလည်း။ပ။အမျက်ထွက်မှု'ဒေါသ'ကင်းသော စိတ်ကိုလည်း ။ပ။တွေဝေမှု'မောဟ'နှင့်တကွသော စိတ်ကိုလည်း။ တွေဝေမှု 'မောဟ' ကင်းသော စိတ်ကိုလည်း ကျုံ့သော'သံခိတ္တ' စိတ်ကိုလည်း။ ပျံ့သော 'ဝိက္ခိတ္တ' စိတ်ကိုလည်း။ မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂုတ်'စိတ်ကိုလည်း။ မြတ်သည်၏အဖြစ်သို့မရောက်သော 'အမဟဂ္ဂုတ်' စိတ်ကိုလည်း။သာလွန်သော တရားရှိသော 'သဉတ္တရ' စိတ်ကိုလည်း။ သာလွန်သော တရားမရှိသော 'အနုတ္တရ'စိတ်ကိုလည်း။ တည်ကြည်သော 'သမာဟိတ' စိတ်ကိုလည်း။ မတည်ကြည်သော 'အသမာဟိတ'စိတ်ကိုလည်း။ လွတ်မြောက်သော 'ဝိမုတ္တ'စိတ်ကိုလည်း။ မလွတ်မြောက်သော 'အဝိမုတ္တ'စိတ်ကိုလည်းမလွတ်မြောက်သော 'အဝိမုတ္တ' စိတ်"ဟု သိ၏။

များပြားသော ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏၊ ဤသည်ကား အဘယ်နည်း။တဘဝကိုရင်း နှစ်ဘဝတို့ကိုရင်း သုံးဘဝတို့ကိုရင်း လေးဘဝတို့ကိုရင်း ငါးဘဝတို့ကိုရင်း ဆယ်ဘဝတို့ကိုရင်း ဘဝနှစ်ဆယ်တို့ကိုရင်း ဘဝသုံးဆယ်တို့ကိုရင်း ဘဝလေးဆယ်တို့ကိုရင်း ဘဝငါးဆယ်တို့ကိုရင်း ဘဝတရာကိုရင်း ဘဝတထောင်ကိုရင်း ဘဝတသိန်းကိုရင်း များပြားသော ပျက်ကပ် တို့ကိုရင်း များပြားသော ဖြစ်ကပ်တို့ကိုရင်း များပြားသော ပျက်ကပ် ဖြစ်ကပ်တို့ကိုရင်း "ဤမည်သောဘဝ၌ (ငါသည်)ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက် အပိုင်းအခြား ရှိခဲ့၏။ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤမည်သော ဘဝ၌ ဖြစ်ပြန်၏။ထိုဘဝ၌လည်း ဤသို့သော အမည်ရှိခဲ့၏၊ဤသို့သော အနွယ်ရှိခဲ့၏၊ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက် အပိုင်းအခြားရှိခဲ့၏။ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏"ဟု ဤသို့ အခြင်းအရာ နှင့်တကွ ညွှန်းပြဖွယ်(အမည်အနွယ်)နှင့်တကွ များပြားသော ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏။

အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့် တူသော ဒိဗ္ဗစက္ခုဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသော သတ္တဝါ အဆင်းမလှသော သတ္တဝါ ကောင်းသော လားရာရှိသော သတ္တဝါ မကောင်းသော လားရာရှိသော သတ္တဝါတို့ကို မြင်၏၊ "အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့် ပြုသော မကောင်းသောအကျင့် 'ကာယဒုစရိုက်'နှင့်ပြည့်စုံကုန်၏၊နှုတ်ဖြင့်ပြုသောမကောင်းသော အကျင့်'ဝစီဒုစရိုက်'နှင့်ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော မကောင်းသော အကျင့်'မနောဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊အရိယာတို့ကို စွပ်စွဲကုန်၏၊ မှားသော အယူရှိကုန်၏၊မှားသောအယူဖြင့် ပြုသောကံ ရှိကုန်၏။ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသော လားရာ ဖရိုဖရဲကျရောက်ရာဖြစ်သော ငရဲ၌ဖြစ်ရကုန်၏။အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့်ပြုသော ကောင်းသောအကျင့် 'ကာယသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့် ပြုသော ကောင်းသောအကျင့် 'ဝစီသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့် ပြုသော ကောင်းသော အကျင့် 'မနောသုစရိုက်'နှင့်ပြည့်စုံကုန်၏၊အရိယာတို့ကို စွပ်စွဲခြင်းမှ ကင်းကုန်၏၊မှန်သော အယူ ရှိကုန်၏၊မှန်သောအယူဖြင့်ပြုသော ကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီး သည်မှ နောက်၌ ကောင်းသော လားရာ လူ့ပြည် နတ်ပြည် သုဂတိ၌ ဖြစ်ရကုန်၏"ဟု ကံအား

http://www.dhammadownload.com



လျော်စွာဖြစ်သော သတ္တဝါတို့ကို သိ၏။ ဤသို့ အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုဉာဏ်ဖြင့် သေဆဲ သတ္တဝါ ဖြစ်ပေါ်ဆဲ သတ္တဝါ ယုတ်သော သတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသော သတ္တဝါ အဆင်းမလှသော သတ္တဝါ ကောင်းသော လားရာရှိသော သတ္တဝါ မကောင်းသော လားရာရှိသော သတ္တဝါတို့ကို မြင်၏။ ကံအားလျော်စွာ ဖြစ်သော သတ္တဝါတို့ကို သိ၏။

အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရားကင်းသော လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ရောက်၍ နေ၏။ ရဟန်းတို့ ဤတရားဆယ်မျိုး တို့နှင့် ပြည့်စုံသော ရဟန်းသည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူ ပူဇော်ရန် ထိုက်၏၊ ဧည့်သည်တို့ အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်၏၊ တမလွန်အတွက် ရည်မြော်သော အလှူကို ခံထိုက်၏၊ လက်အုပ်ချီရန် ထိုက်၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ထေရသုတ်

၉၈။ ရဟန်းတို့ တရားဆယ်မျိုးတို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် နေလေရာရာ အရပ် တိုင်း၌ ချမ်းသာစွာသာလျှင် နေရ၏။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—မထေရ်ကြီး ဖြစ်၏၊ ညဉ့်အများကို သိ၏၊ ရဟန်းဝါရင့်၏၊ ရဟန်းသက် ရှည်၏။ သီလရှိ၏။ပ။သိက္ခာပုဒ်တို့၌ ဆောက် တည်၍ကျင့်၏။အကြားအမြင်များ၏။ပ။ ပညာဖြင့် ထိုးထွင်း၍ သိအပ်၏။ ထိုရဟန်းအား ပါတိ မောက် နှစ်ပါးတို့သည် အကျယ်အားဖြင့် (နှုတ်၌)လာကုန်၏၊ ကောင်းစွာ ဝေဖန်ထားအပ်ကုန်၏၊ ကောင်းစွာ(နှုတ်၌)ဖြစ်ခြင်းရှိကုန်၏၊ သုတ်အားဖြင့် သဒ္ဒါအားဖြင့် ကောင်းစွာဆုံးဖြတ် ထားအပ် ကုန်၏။ အဓိကရုဏ်းဖြစ်ခြင်း၏ အကြောင်းရင်းကိုယူ၍ ငြိမ်းစေမှု၌ လိမ္မာ၏။ တရားလိုလားသူ ဖြစ်၏၊ ချစ်ဖွယ် သုံးနှုန်းတတ်၏၊ လွန်မြတ်သော ဓမ္မ လွန်မြတ်သော ဝိနယ မြင့်မြတ်သော ဝမ်း မြောက်မှု ရှိ၏။ ရတတ်သမျှသော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေး အသုံး အဆောင်ဖြင့် ရောင့်ရဲ၏။ ရှေ့သို့ တက်ခြင်း နောက်သို့ ဆုတ်ခြင်း၌ ကြည်ညိုဖွယ် ရှိ၏။ ရွာတွင်း ဝယ် ထိုင်နေခြင်း၌ စောင့်စည်း၏။ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်း ဖြစ်ကုန်သော လွန်မြတ်သော စိတ်ကို မှီ၍ ဖြစ်ကုန်သော စျာန်လေးပါးတို့ကို အလိုရှိတိုင်း ရ၏၊ မငြိုမငြင် ရ၏၊ မပင်မပန်း ရ၏။ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက် သော 'အရဟတ္တဖိုလ်'စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်'ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် သိကာ မျက်မှောက်ပြုလျက် ကပ်ရောက်နေ၏။ ရဟန်းတို့ ဤတရားဆယ်မျိုး တို့နှင့် ပြည့်စုံသော မထေရ်ရဟန်းသည် နေလေရာရာ အရပ်တိုင်း၌ ချမ်းသာစွာသာလျှင် နေရ၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

http://www.dhammadownload.com



## ၉-ဥပါလိသုတ်

၉၉။ ထိုအခါ အသျှင်ဥပါလိသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးနောက် ရှိခိုး၍ တခုသော နေရာ၌ ထိုင်နေကာ မြတ်စွာဘုရားအား—“အသျှင်ဘုရား အကျွန်ုပ်သည် တောစွန် တောင်ဖျား ကျသော တောကျောင်းတို့ကို မှီဝဲရန် အလိုရှိပါ၏”ဟု လျှောက်၏။ ဥပါလိ တောစွန် တောင်ဖျား ကျသော တောကျောင်းတို့သည် နေနိုင်ရန် ခဲယဉ်းကုန်၏၊ (အပေါင်းအဖော်မှ) ကင်းဆိတ်၍ နေခြင်းသည် ခဲယဉ်း၏၊ တယောက်တည်း မွေ့လျော်နိုင်ခဲ၏၊ တောတို့သည် သမာဓိ ‘တည်ကြည်မှု’ မရသော ရဟန်း၏စိတ်ကို ပယ်ထုတ်သကဲ့သို့ ဖြစ်၏။

ဥပါလိ သမာဓိမရပဲ “တောစွန် တောင်ဖျား ကျသော တောကျောင်းတို့ကို ငါမှီဝဲအံ့” ဟု ဆိုသော သူသည် “နစ်မှုလည်း နစ်လိမ့်မည်၊ ပေါ်မှုလည်း ပေါ်လိမ့်မည်” ဟူသော ဤအရာကို သာ(မချွတ်ဖြစ်လိမ့်မည်ဟု) မြွှော်လင့်နိုင်၏။ ဥပါလိ ဥပမာသော်ကား ရေအိုင်ကြီးတခု ရှိ၏၊ ထိုရေအိုင်ကြီးသို့ ခုနစ်တောင် သို့မဟုတ် ခုနစ်တောင်ထွာရှိသော ဆင်ပြောင်ကြီးသည် လာရာ၏၊ ထိုဆင်ကြီးအား ဤအကြံသည်ဖြစ်ရာ၏၊ “ငါသည် ဤရေအိုင်သို့ ဆင်း၍ နားရွက်ဆေး ကစားခြင်းဖြင့် ကစားမည်၊ ကျောက်ကုန်းဆေး ကစားခြင်းဖြင့် ကစားမည်၊ နားရွက်ဆေး ကစားခြင်းဖြင့် ကစား၍ ကျောက်ကုန်းဆေး ကစားခြင်းဖြင့် ကစားပြီးလျှင် ရေချိုး ရေသောက်ပြီးနောက် တဖန် တက်ကာ အလိုရှိရာသို့ ဖဲသွားရမူ ကောင်းလေစွ”ဟု (ဤအကြံသည် ဖြစ်ရာ၏)။ ထိုဆင်ပြောင် ကြီးသည် ထိုရေအိုင်သို့ သက်ဆင်း၍ နားရွက်ဆေး ကစားခြင်းဖြင့်လည်း ကစားရာ၏၊ ကျောက် ကုန်းဆေး ကစားခြင်းဖြင့်လည်း ကစားရာ၏၊ နားရွက်ဆေး ကစားခြင်းဖြင့်လည်း ကစား၍ ကျောက်ကုန်းဆေး ကစားခြင်းဖြင့်လည်း ကစားပြီးလျှင် ရေချိုး ရေသောက်ပြီးနောက် တဖန် တက်ကာ အလိုရှိရာသို့ ဖဲသွားရာ၏။ ထိုသို့ ပြုလုပ်နိုင်ခြင်းသည် အဘယ့်ကြောင့်နည်း။ ဥပါလိ ကြီးသော အတ္တဘော‘ကိုယ်’သည် နက်သောရေ၌ ထောက်တည်ရာကို ရသောကြောင့်တည်း။

ထို့နောက် ယုန်သော်ငြားလည်း ကြောင်သော်ငြားလည်း လာရာ၏၊ ထိုသတ္တဝါအား ဤအကြံသည် ဖြစ်ရာ၏၊ “ငါကား အဘယ်အမျိုးအစားနည်း၊ ဆင်ပြောင်ကြီးကား အဘယ်အမျိုးအစားနည်း၊ ငါသည် ဤရေအိုင်သို့ ဆင်း၍ နားရွက်ဆေး ကစားခြင်းဖြင့်လည်းကစားမည်၊ ကျောက်ကုန်းဆေး ကစားခြင်းဖြင့်လည်း ကစားမည်၊နားရွက်ဆေး ကစားခြင်းဖြင့်လည်း ကစား၍ ကျောက်ကုန်းဆေး ကစားခြင်းဖြင့်လည်း ကစားပြီးလျှင် ရေချိုး ရေသောက်ပြီးနောက် တဖန်တက်ကာ အလိုရှိရာသို့ ဖဲသွားရမူ ကောင်းလေစွ”ဟု (ဤအကြံသည် ဖြစ်ရာ၏)။ထိုသတ္တဝါသည် ထိုရေအိုင်သို့ မဆင်ခြင်ပဲ အဆောတလျင် သက်ဆင်းရာ၏၊ ထိုသတ္တဝါအား “နစ်မှုလည်း နစ်လိမ့်မည်၊ ပေါ်မှုလည်း ပေါ်လိမ့်မည်”ဟူသော ဤအရာကိုသာ (မချွတ်ဖြစ်လိမ့်မည်ဟု) မြွှော်လင့်နိုင်၏။ ထိုသို့ဖြစ်ခြင်း သည် အဘယ့်ကြောင့်နည်း။ ဥပါလိ သေးငယ်သော အတ္တဘောသည် နက်သောရေ၌ ထောက်တည်ရာကို ရနိုင်သောကြောင့်တည်း။ဥပါလိ ဤအတူပင် “သမာဓိကို မရပဲ တောစွန် တောင်ဖျားကျသော တောကျောင်းတို့ကို ငါမှီဝဲအံ့”ဟု ဆိုသော သူသည် “နစ်မှုလည်း နစ်လိမ့်မည်၊ ပေါ်မှုလည်း ပေါ်လိမ့်မည်”ဟူသော ဤအရာကိုသာ (မချွတ်ဖြစ်လိမ့်မည်ဟု) မြွှော်လင့်နိုင်၏။

ဥပါလိ ဥပမာသော်ကား မည်သို့မျှမသိသေးသော ပက်လက်အိပ်ရွယ် ကလေးသူငယ်သည် မိမိ ကျင်ကြီး ကျင်ငယ်ဖြင့် ကစား၏။ ဥပါလိ ထိုအရာကို မည်သို့မှတ်ထင်သနည်း၊ ဤကလေးငယ်၏ ကစားခြင်းသည် အလုံးစုံပြည့်စုံသည် မဟုတ်လောဟု (မေးတော်မူ၏)။အသျှင်ဘုရား မှန်ပါ၏။

http://www.dhammadownload.com



ဥပါလိ ထိုသူငယ်သည် နောက်အခါ၌ ကြီးပွါးခြင်းသို့ ရောက်၍ ဣန္ဒြေတို့၏ ရင့်ကျက်ခြင်းသို့ ရောက်ရကား ထွန်ယယ်ဖြင့် ကစားခြင်း ကျည်းသားရိုက်ခြင်း ကျွမ်းထိုးခြင်း စကြာဖြင့်ကစားခြင်း ခြင်ခွက်ငယ်ဖြင့်ကစားခြင်း ရထားငယ်ဖြင့် ကစားခြင်း လေးငယ်ဖြင့် ကစားခြင်းဟူသော သူငယ်တို့၏ ကစားဖွယ်တို့ဖြင့် ကစား၏။ ဥပါလိ ထိုအရာကို မည်သို့မှတ်ထင်သနည်း၊ ဤပျော်မွေ့ခြင်းသည် ရှေးကစားခြင်းထက် သာလွန်နှစ်သက်ဖွယ်ရှိသည် သာလွန်မြင့်မြတ်သည်မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏။

ဥပါလိ ထိုသူငယ်သည် နောက်အခါ၌ ကြီးပွါးခြင်းသို့ ရောက်၍ ဣန္ဒြေတို့၏ ရင့်ကျက်ခြင်းသို့ ရောက်သည့်ပြင် ကာမဂုဏ်ငါးပါးတို့နှင့် ကုံလုံပြည့်စုံသည်ဖြစ်၍ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် နှလုံးကိုပွါးစေတတ်ကုန် ချစ်ဖွယ်သဘောရှိကုန် ကာမနှင့်စပ်ကုန် တပ်စွန်းဖွယ် ရှိကုန်သော စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော ရူပါရုံ။ သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော သဒ္ဒါရုံ။ ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော ဂန္ဓာရုံ။ ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော ရသာရုံ။ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် နှလုံးကို ပွါးစေတတ်ကုန် ချစ်ဖွယ်သဘောရှိကုန် ကာမနှင့်စပ်ကုန် တပ်စွန်းဖွယ် ရှိကုန်သော ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော 'ဖောဋ္ဌဗ္ဗာရုံ'တို့ဖြင့် မွေ့လျော်ခံစားရ၏။ ဥပါလိ ထိုအရာကို မည်သို့ မှတ်ထင်သနည်း၊ ဤပျော်မွေ့ခြင်းသည် ရှေးပျော်မွေ့ခြင်းတို့ထက် သာလွန်နှစ်သက်ဖွယ်ရှိသည် သာလွန်မြင့်မြတ်သည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏။

ဥပါလိ ဤသာသနာတော်၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော ကောင်းသော စကားကိုဆိုတော်မူတတ်သော လောကကို သိတော်မူသော ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော နတ်လူတို့၏ ဆရာဖြစ်တော်မူသော (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။ ထိုမြတ်စွာဘုရားသည် နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူ့လောကကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏။ ထို မြတ်စွာဘုရားသည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော တရားကို ဟောတော်မူ၏၊ အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူ၏။ ထို တရားတော်ကို သူကြွယ်သည်ရင်း သူကြွယ်သားသည်ရင်း အခြားဇာတ်တမျိုးမျိုး၌ ဖြစ်သောသူသည်ရင်း ကြားနာရ၏။ ထို သူသည် ထို တရားတော်ကို ကြားနာရသောကြောင့် မြတ်စွာဘုရား၌ ယုံကြည်မှုကို ရ၏၊ ထိုသူသည် ယုံကြည်မှုကိုရခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ ဤသို့ဆင်ခြင်၏။ "လူ့ဘောင်၌ နေရခြင်းသည် ကျဉ်းမြောင်း၏၊ (ကိလေသာ) မြူ ထရာ လမ်းကြောင်းဖြစ်၏၊ ရဟန်းအဖြစ်သည် လွင်ပြင်နှင့်တူ၏၊ လူ့ဘောင်၌ နေသူသည် ဤမြတ်သော အကျင့်ကို စင်စစ်ပြည့်စုံစွာ စင်စစ် စင်ကြယ်စွာ ခရုသင်းပွတ်သစ်နှင့်တူစွာ ကျင့်ရန် မလွယ်၊ ငါသည် ဆံမုတ်ဆိတ်ကိုပယ်ပြီးလျှင် ဖန်ရည်ဆိုးသောအဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရမူ ကောင်းလေစွ" ဟု (ဆင်ခြင်၏)။

http://www.dhammadownload.com



ထို သူသည် နောင်အခါ၌ နည်းသော ဥစ္စာစုကို စွန့်၍ဖြစ်စေ များသော ဥစ္စာစုကို စွန့်၍ဖြစ်စေ နည်းသောဆွေမျိုးစုကို စွန့်၍ ဖြစ်စေ များသော ဆွေမျိုးစုကို စွန့်၍ဖြစ်စေ ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏။ ထို သူသည် ဤသို့ ဝင်ရောက်ပြီးသော် (အဓိသီလ)ဟူသော ရဟန်းတို့၏ သိက္ခာ သိက္ခာပုဒ်တော်ဟူသော သာဇီဝသို့ ကောင်းစွာ ရောက်လျက် အသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ တုတ်ကို ချထားပြီး ဖြစ်၏၊ လက်နက်ကို ချထားပြီးဖြစ်၏၊ ရှက်ခြင်းရှိ၏၊ သနားတတ်၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွားကို လိုလားလျက်နေ၏။ မပေးသည်ကို ယူခြင်းကို ပယ်၍ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ပေးသည်ကိုသာ ယူ၏၊ ပေးသည်ကိုသာ အလိုရှိ၏၊ မခိုး မဝှက် စင်ကြယ်သော ကိုယ်ဖြင့် နေ၏၊ မမြတ်သော အကျင့်ကို ပယ်၍ မြတ်သော အကျင့်ကို ကျင့်၏၊ ယုတ်သော အကျင့်ကို ကျင့်လေ့ မရှိ၊ ရွာသူတို့၏ အလေ့ဖြစ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်၏။ မဟုတ်မမှန် ပြောခြင်းကို ပယ်၍ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်၏၊ အမှန်ကိုသာ ဆိုလေ့ရှိ၏၊ မှန်သော စကားချင်း ဆက်စပ်စေ၏၊ တည်သောစကားရှိ၏၊ ယုံကြည်ထိုက်သော စကားရှိ၏၊ လောကကို လှည့်စားတတ်သူ မဟုတ်။ ကုန်းစကားကို ပယ်၍ ကုန်းစကားမှ ရှောင်ကြဉ်၏၊ ဤသူတို့ထံမှ နားထောင်၍ (ထိုသူတို့နှင့်) ဤသူတို့ ကွဲပြားခြင်းငှါ ထိုသူတို့အထံ၌ မပြောတတ်၊ ထိုသူ့တို့ထံမှ နားထောင်၍ (ဤသူတို့နှင့်) ထိုသူတို့ ကွဲပြားခြင်းငှါ ဤသူတို့အထံ၌ မပြောတတ်၊ ဤသို့ ကွဲပြားသူတို့ကိုလည်း စေ့စပ်တတ်၏၊ ညီညွတ်သူတို့ကိုလည်း အားပေးတတ်၏၊ ညီညွတ်ခြင်း၌ မွေ့လျော်၏၊ ညီညွတ်ခြင်း၌ ပျော်ပိုက်၏၊ ညီညွတ်ခြင်းကိုနှစ်သက် ညီညွတ်ခြင်းကို ပြုသောစကားကို ဆိုလေ့ရှိ၏။ ကြမ်းသော စကားကို ပယ်၍ ကြမ်းသောစကားမှ ရှောင်ကြဉ်၏၊ အကြင်စကားသည် အပြစ်ကင်း၏၊နားချမ်းသာ၏၊ နှစ်လိုဖွယ်ရှိ၏၊နှလုံးသို့ သက်ဝင်၏၊ယဉ်ကျေး၏၊ လူအများ နှစ်ခြိုက်၏၊ ထိုသို့ သဘောရှိသော စကားကိုသာ ဆို၏။

ပြိန်ဖျင်းသောစကားကိုပယ်၍ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်၏၊(သင့်သော)အခါ၌သာ ဆိုလေ့ရှိ၏၊ ဟုတ်မှန်သည်ကိုသာ ဆိုလေ့ရှိ၏၊ အကျိုးနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ တရားနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊အဆုံးအမနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊(သင့်သော)အခါ၌ အကြောင်းနှင့်တကွသော အပိုင်းအခြားရှိသော အစီးအပွားနှင့်စပ်သော မှတ်သားလောက်သော စကားကိုသာ ဆိုလေ့ရှိ၏။ ထိုရဟန်းသည် မျိုးစေ့အပေါင်း အပင်အပေါင်းကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်၏။ ဆွမ်းတနပ်သာ စားလေ့ရှိ၏၊ ညစာစားခြင်းမှ ရှောင်ကြဉ်၏၊ နေလွဲစားခြင်းမှ ရှောင်ကြဉ်၏။ ကခြင်း သီခြင်း တီးမှုတ်ခြင်း(သူတော်ကောင်း တရား၏)ဆူးငြောင့်ဖြစ်သော ပွဲကြည့်ခြင်းမှ ရှောင်ကြဉ်၏။ ပန်းပန်ခြင်း နံ့သာခြယ်ခြင်း နံ့သာပျောင်းလိမ်းခြင်းမှ ရှောင်ကြဉ်၏။မြင့်သော နေရာ မြတ်သောနေရာမှ ရှောင်ကြဉ်၏။ ရွှေ ငွေကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ ကောက်စိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏။အသားစိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ မိန်းမအို မိန်းမပျိုကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ကျွန်မိန်းမကျွန်ယောကျ်ားကိုခံယူခြင်းမှ ရှောင်ကြဉ်၏။ဆိတ်နှင့် သိုးကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ကြက် ဝက်ကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ ဆင် နွား မြင်း မြည်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏။လယ်နှင့် ယာကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ တမန်အမှု အစေအပါးအမှုကို ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်၏။ ဝယ်မှု ရောင်းမှုမှ ရှောင်ကြဉ်၏။ ချိန်စဉ်းလဲ အသပြာစဉ်းလဲ ခြင်တွယ်တိုင်းတာ စဉ်းလဲခြင်းမှ ရှောင်ကြဉ်၏။ တံစိုးယူခြင်း လှည့်ဖြားခြင်း အတုပြု၍ လိမ်ခြင်းတည်းဟူသော ကောက်ကျစ်ခြင်းမှ ရှောင်ကြဉ်၏။ ဖြတ်ခြင်း သတ်ခြင်း နှောင်ဖွဲ့ခြင်း (ခရီးသွားတို့ကို) လုယက်ခြင်း(ရွာနိဂုံးတို့ကို) ဖျက်ဆီးခြင်း ဓားပြတိုက်ခြင်းမှ ရှောင်ကြဉ်၏။

http://www.dhammadownload.com



ထို ရဟန်းသည် ကိုယ်ကို မျှတစေနိုင်ရုံသော သင်္ကန်းဖြင့် ဝမ်းကို မျှတစေနိုင်ရုံသော ဆွမ်းဖြင့် ရောင့်ရဲ၏၊ ထို ရဟန်းသည် သွားလေရာရာသို့ (ကိုယ်နှင့်အတူ ပါမြဲ ပရိက္ခရာမျှသာ ရှိသဖြင့်) တပါတည်းယူပြီးဖြစ်၍ သာလျှင် သွား၏။ အတောင်ရှိသော ငှက်သည် ပျံလေရာရာသို့ မိမိ အတောင်သာ ဝန်ရှိသည်ဖြစ်၍ ပျံသကဲ့သို့ ဤ အတူ ရဟန်းသည် ကိုယ်ကို မျှတစေနိုင်ရုံသော သင်္ကန်းဖြင့် ဝမ်းကို မျှတစေနိုင်ရုံသော ဆွမ်းဖြင့် ရောင့်ရဲ၏၊ ထို ရဟန်းသည် သွားလေရာရာသို့ (ကိုယ်နှင့်အတူ ပါမြဲ ပရိက္ခရာ မျှသာရှိသဖြင့်) တပါတည်း ယူပြီး ဖြစ်၍သာလျှင် သွား၏။

ထို ရဟန်းသည် ဤ မြတ်သော သီလ အစုနှင့် ပြည့်စုံသည်ဖြစ်၍ မိမိသန္တာန်၌ အပြစ်မရှိသော ချမ်းသာကို ခံစား၏။ ထို ရဟန်းသည် မျက်စိဖြင့် အဆင်း'ရူပါရုံ'ကို မြင်သော် မိန်းမ ယောကျာ်း ဟူသော သဏ္ဌာန် နိမိတ်ကို စွဲယူလေ့မရှိ၊ (လက် ခြေ စသော အင်္ဂါ ပြုံးဟန် ရယ်ဟန် စသော အမူ အရာ) အမှတ် လက္ခဏာကို စွဲယူလေ့မရှိ၊ (အကယ်၍) စက္ခုန္ဒြေကို မစောင့်စည်းပဲနေလျှင် ယင်း(စက္ခုန္ဒြေကို မစောင့်စည်းခြင်းဟူသော) အကြောင်းကြောင့် မက်မောခြင်း'အဘိဇ္ဈာ'နှလုံး မသာခြင်း 'ဒေါမနဿ'ဟူသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထို မစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏။ (ထို့ကြောင့်ရဟန်းသည်)ထို စက္ခုန္ဒြေကို စောင့်စည်းခြင်းငှါကျင့်၏၊ စက္ခုန္ဒြေကို စောင့်စည်း၏၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ရောက်၏။ နားဖြင့် အသံ 'သဒ္ဒါရုံ'ကို ကြားသော်။နှာခေါင်းဖြင့် အနံ့ 'ဂန္ဓာရုံ'ကို နမ်းသော်။လျှာဖြင့် အရသာ'ရသာရုံ'ကို လျက်သော်။ ကိုယ်ဖြင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို တွေ့ထိသော်။ စိတ်ဖြင့်သဘော 'ဓမ္မာရုံ'ကို သိသော် မိန်းမ ယောကျာ်း ဟူသော သဏ္ဌာန် နိမိတ်ကို စွဲယူလေ့မရှိ၊ (လက်ခြေ စသော အင်္ဂါ ပြုံးဟန် ရယ်ဟန် စသော အမူအရာ) အမှတ် လက္ခဏာကို စွဲယူလေ့မရှိ၊ အကယ်၍ မနိန္ဒြေကို မစောင့်စည်းပဲနေလျှင် ယင်း (မနိန္ဒြေကို မစောင့်စည်းခြင်းဟူသော) အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ'ဟူသော ယုတ်ညံ့သော အကုသိုလ်တရား တို့သည် ထို မစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏။ထို့ကြောင့် ရဟန်းသည် ထို မနိန္ဒြေကို စောင့်စည်းခြင်းငှါကျင့်၏၊ မနိန္ဒြေကိုစောင့်စည်း၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏၊ ထို (ရဟန်း)သည် ဤ မြတ်သော ဣန္ဒြေကို စောင့်စည်းခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ မိမိသန္တာန်၌ (ကိလေသာနှင့်)မရောသော ချမ်းသာကို ခံစား၏။

ထိုရဟန်းသည် ရှေ့သို့တက်ရာ နောက်သို့ဆုတ်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ တူရူကြည့်ရာ တစောင်းကြည့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကွေးရာ ဆန့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ဒုကုဋ် သပိတ် သင်္ကန်းကို ဆောင်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ စားရာ သောက်ရာ ခဲရာ လျက်ရာ၌ ဆင်ခြင်လျက်ပြုလေ့ရှိ၏၊ ကျင်ကြီး ကျင်ငယ် စွန့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောရာ ဆိတ်ဆိတ်နေရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ထိုရဟန်းသည် ဤမြတ်သော သီလအစုနှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဤမြတ်သော ဣန္ဒြေ စောင့်စည်းမှုနှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဤမြတ်သော အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'နှင့်လည်း ပြည့်စုံသည်ဖြစ်၍ မြတ်သောရောင့်ရဲမှုနှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဆိတ်ငြိမ် သော ကျောင်း အိပ်ရာ နေရာကို မှီဝဲ၏၊ တောကို သစ်ပင်ရင်းကို တောင်ကို ချောက်ကို တောင် ခေါင်းကို သင်းချိုင်းကို တောအုပ်ကို လွင်ပြင်ကို ကောက်ရိုးပုံကို (မှီဝဲ၏)။

ထို(ရဟန်း)သည် တောသို့ဖြစ်စေ သစ်ပင်ရင်းသို့ဖြစ်စေ ဆိတ်ငြိမ်ရာသို့ဖြစ်စေ ကပ်သည်ဖြစ်၍ ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထား၍ ကမ္မဋ္ဌာန်းသို့ ရှေးရှု သတိကိုဖြစ်စေလျက်

http://www.dhammadownload.com



ထိုင်၏၊ ထိုရဟန်းသည် (ဥပါဒါနက္ခန္ဓာငါးပါးဟူသော) လောက၌ မက်မောမှု 'အဘိဇ္ဈာ'ကို ပယ်၍ မက်မောမှု'အဘိဇ္ဈာ' ကင်းသောစိတ်ဖြင့် နေ၏၊ မက်မောမှု'အဘိဇ္ဈာ'မှ စိတ်ကိုစင်ကြယ် စေ၏။ ပျက်စီးစေလိုသော ဒေါသကိုပယ်၍ မပျက်စီးစေလိုသော စိတ်ရှိသည် ဖြစ်၍ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက်နေ၏၊ ပျက်စီးစေလိုသော ဒေါသမှ စိတ်ကို စင်ကြယ်စေ၏။ လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'ကိုပယ်၍ လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'မှ ကင်းသည်ဖြစ်၍ အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' ရှိလျက် အလင်းရောင်ကို မှတ်ခြင်း ရှိသည်ဖြစ်၍ နေ၏၊ လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'မှ စိတ်ကို စင်ကြယ်စေ၏။ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နောင်တတတဖန် ပူပန်မှု ကုက္ကုစ္စ'ကိုပယ်၍ မိမိသန္တာန်၌ ငြိမ်းအေးသော စိတ်ရှိသည်ဖြစ်၍ မပျံ့လွင့်သည်ဖြစ်၍နေ၏၊ ပျံ့လွင့်မှု'ဥဒ္ဓစ္စ'နောင်တ တဖန် ပူပန်မှု 'ကုက္ကုစ္စ'မှ စိတ်ကိုစင်ကြယ်စေ၏။ ယုံမှားမှု'ဝိစိကိစ္ဆာ'ကို ပယ်၍ ယုံမှားမှု 'ဝိစိကိစ္ဆာ'ကို လွန်မြောက်သည်ဖြစ်၍ ကုသိုလ်တရားတို့၌ သို့လော သို့လော မရှိသည်ဖြစ်၍ နေ၏၊ ယုံမှားမှု 'ဝိစိကိစ္ဆာ'မှ စိတ်ကို စင်ကြယ်စေ၏။

ထိုရဟန်းသည် စိတ်၏ ညစ်နွမ်းကြောင်းဖြစ်ကုန်သော ပညာ အားနည်းခြင်းကို ပြုတတ်ကုန်သော ဤအပိတ်အပင် 'နီဝရဏ' တရား ငါးပါးတို့ကို ပယ်၍ ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု'ဝိတက်' နှင့်တကွဖြစ်သော သုံးသပ်ဆင်ခြင်မှု 'ဝိစာရ'နှင့်တကွဖြစ်သော(နီဝရဏ)ဆိတ်ခြင်းကြောင့်ဖြစ်သောနှစ်သိမ့်မှု'ပီတိ' ချမ်းသာမှု 'သုခ' ရှိသောပဌမစျာန်သို့ရောက်၍နေ၏။ဥပါလိ ထိုအရာကိုမည်သို့မှတ်သနည်း၊ဤနေခြင်းသည်ရှေးနေခြင်းတို့ထက် သာလွန်နှစ်သက်ဖွယ်ရှိသည် သာလွန်မွန်မြတ်သည် မဟုတ်လောဟု(မေးတော်မူ၏)။ အသျှင်ဘုရားမှန်ပါ၏။ဥပါလိ ငါ၏တပည့်တို့သည် မိမိ၌ ဤတရားကိုကောင်းစွာမြင်ကြသဖြင့် တောစွန်တောင်ဖျား တောကျောင်းတို့ကို မှီဝဲကုန်၏၊ထိုမျှဖြင့်မိမိမြော်မှန်းချက်အကျိုး(အရဟတ္တဖိုလ်) သို့ အစဉ်ရောက်၍ နေကြသည် မဟုတ်ကုန်သေး။ ဥပါလိ နောက်တမျိုးကား ရဟန်းသည် ကြံစည်မှု သုံးသပ်မှုတို့၏ ငြိမ်းအေးခြင်းကြောင့်။ပ။ ဒုတိယစျာန်သို့ ရောက်၍နေ၏။ ဥပါလိ ထိုအရာကို မည်သို့မှတ်ထင်သနည်း၊ ဤနေခြင်းသည် ရှေးနေခြင်းတို့ထက် သာလွန် နှစ်သက်ဖွယ်ရှိသည် သာလွန်မွန်မြတ်သည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏။ ဥပါလိ ငါ၏တပည့်တို့သည် မိမိ၌ ဤတရားကို ကောင်းစွာမြင်ကြသဖြင့် တောစွန် တောင်ဖျား ကျသော တောကျောင်းတို့ကို မှီဝဲကုန်၏၊ ထိုမျှဖြင့် မိမိမြော်မှန်းချက်အကျိုး(အရဟတ္တဖိုလ်)သို့ အစဉ်ရောက်၍ နေကြသည် မဟုတ်ကုန်သေး။

ဥပါလိ နောက်တမျိုးကား ရဟန်းသည် နှစ်သက်မှုကိုလည်း တပ်ခြင်း ကင်းခြင်းကြောင့်။ပ။ တတိယစျာန်သို့ ရောက်၍နေ၏။ ဥပါလိ ထိုအရာကိုမည်သို့ မှတ်ထင်သနည်း၊ ဤနေခြင်းသည် ရှေးနေခြင်းတို့ထက် သာလွန် နှစ်သက်ဖွယ်ရှိသည် သာလွန်မွန်မြတ်သည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏။ ဥပါလိ ငါ၏ တပည့်တို့သည် မိမိ၌ ဤတရားကို ကောင်းစွာမြင်ကြသဖြင့် တောစွန် တောင်ဖျားကျသော တောကျောင်းတို့ကို မှီဝဲကုန်၏၊ ထိုမျှဖြင့် မိမိမြော်မှန်းချက်အကျိုး (အရဟတ္တဖိုလ်)သို့ အစဉ်ရောက်၍နေကြသည်မဟုတ်ကုန်သေး။

ဥပါလိ နောက်တမျိုးကား ရဟန်းသည် ချမ်းသာ မှုကိုလည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထစျာန်သို့ ရောက်၍နေ၏။ပ။ ဥပါလိ နောက်တမျိုးကား ရဟန်းသည် အချင်းခပ်သိမ်း ရုပ်သညာတို့ကို လွန်မြောက်ခြင်းကြောင့် ထိခိုက်မှု သညာတို့၏ချုပ်ပျောက်ခြင်းကြောင့် သညာ

http://www.dhammadownload.com



အထူးထူးတို့ကို နှလုံး မသွင်းခြင်းကြောင့် "ကောင်းကင်သည် အဆုံးမရှိ"ဟု အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍နေ၏။ ဥပါလိ ထိုအရာကို မည်သို့ မှတ်ထင်သနည်း၊ ဤနေခြင်းသည် ရှေးနေခြင်းတို့ထက် သာလွန်နှစ်သက်ဖွယ်ရှိသည် သာလွန်မွန်မြတ်သည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏။ ဥပါလိ ငါ၏တပည့်တို့သည် မိမိ၌ ဤတရားကိုကောင်းစွာ မြင်ကြသဖြင့် တောစွန် တောင်ဖျားကျသော တောကျောင်းတို့ကို မှီဝဲကုန်၏၊ ထိုမျှဖြင့် မိမိ မြော်မှန်းချက် အကျိုး (အရဟတ္တဖိုလ်)သို့ အစဉ်ရောက်၍ နေကြသည် မဟုတ်ကုန်သေး။

ဥပါလိ နောက်တမျိုးကား ရဟန်းသည် အချင်းခပ်သိမ်း အာကာသာနဉ္စာယတန စျာန်ကို လွန်မြောက်၍ "ဝိညာဏ်သည် အဆုံးမရှိ"ဟု ဝိညာဏဉ္စာယတနစျာန်သို့ ရောက်၍နေ၏။ပ။ အချင်းခပ်သိမ်း ဝိညာဏဉ္စာယတန စျာန်ကို လွန်မြောက်၍ "တစုံတခုမျှ မရှိ"ဟု အာကိဉ္စညာယတန စျာန်သို့ ရောက်၍နေ၏။ပ။ အချင်းခပ်သိမ်း အာကိဉ္စညာယတနစျာန်ကို လွန်မြောက်၍ "ဤစျာန်သည် ငြိမ်သက်၏၊ ဤစျာန်သည် မွန်မြတ်၏"ဟု နေဝသညာနာသညာယတနစျာန်သို့ ရောက်၍ နေ၏။ ဥပါလိ ထိုအရာကို မည်သို့ မှတ်ထင်သနည်း၊ ဤနေခြင်းသည် ရှေးနေခြင်းတို့ထက် သာလွန်နှစ်သက်ဖွယ်ရှိသည် သာလွန်မွန်မြတ်သည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏။ ဥပါလိ ငါ၏ တပည့်တို့သည် မိမိ၌ ဤတရားကိုလည်း ကောင်းစွာ မြင်ကြသဖြင့် တောစွန် တောင်ဖျား ကျသော တောကျောင်းတို့ကို မှီဝဲကုန်၏၊ ထိုမျှဖြင့်လည်း မိမိမြော်မှန်းချက် အကျိုး(အရဟတ္တဖိုလ်)သို့ အစဉ်ရောက်၍ နေကြသည် မဟုတ်ကုန်သေး။

ဥပါလိ နောက်တမျိုးကား ရဟန်းသည် အချင်းခပ်သိမ်း နေဝသညာနာသညာယတန စျာန်ကိုလွန်မြောက်၍ သညာ ဝေဒနာတို့၏ ချုပ်ရာ (နိရောဓသမာပတ်)သို့ ရောက်၍နေ၏။ ထိုသူအား ပညာဖြင့်လည်းမြင်၍ အာသဝေါတရားတို့ ကုန်ခန်းကုန်၏။ ဥပါလိ ထိုအရာကို မည်သို့ မှတ်ထင်သနည်း၊ ဤနေခြင်းသည် ရှေးနေခြင်းတို့ထက် သာလွန်နှစ်သက်ဖွယ်ရှိသည် သာလွန်မွန်မြတ်သည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏။ ဥပါလိ ငါ၏ တပည့်တို့သည် မိမိ၌ ဤတရားကိုလည်း ကောင်းစွာ မြင်ကြသဖြင့် တောစွန် တောင်ဖျား ကျသော တောကျောင်းတို့ကို မှီဝဲကုန်၏၊ မိမိမြော်မှန်းချက်အကျိုး (အရဟတ္တဖိုလ်)သို့ အစဉ်ရောက်၍လည်း နေကုန်၏။ဥပါလိ တိုက်တွန်းပါ၏၊ သင်သည် သံဃာ၌ နေလော့၊ သံဃာ၌ နေသော သင့်အား ချမ်းသာမှုဖြစ်လိမ့်မည်ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-အဘဗ္ဗသုတ်

၁၀၀။ ရဟန်းတို့ ဤတရားဆယ်မျိုးတို့ကို မပယ်မူ၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် မထိုက်၊ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—ရာဂ ဒေါသ မောဟ အမျက်ထွက်မှု ရန်ငြိုးဖွဲ့မှု သူကျေးဇူးကို ချေဖျက်မှု ဂုဏ်ပြိုင်မှု ငြူစူမှု ဝန်တိုမှု မာန်ထောင်မှုတို့တည်း။ ရဟန်းတို့ ဤတရားဆယ်မျိုးတို့ကို မပယ်မူ၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် မထိုက်။ ရဟန်းတို့ ဤတရားဆယ်မျိုးတို့ကို ပယ်လျှင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ထိုက်၏။ အဘယ် ဆယ်မျိုး

http://www.dhammadownload.com



တို့နည်းဟူမူ—ရာဂ ဒေါသ မောဟ အမျက်ထွက်မှု ရန်ငြိုးဖွဲ့မှု သူ့ကျေးဇူး ချေဖျက်မှု ဂုဏ်ပြိုင်မှု ငြူစူမှု ဝန်တိုမှု မာန်ထောင်မှုတို့တည်း။ ရဟန်းတို့ ဤတရား ဆယ်မျိုးတို့ကို ပယ်လျှင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ထိုက်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ငါးခုမြောက် ဥပါလိဝဂ် ပြီး၏။

ဒုတိယ သုတ်ငါးဆယ် ပြီး၏။

http://www.dhammadownload.com

# ၃-တတိယပဏ္ဏာသက

## ၃-တတိယ သုတ်ငါးဆယ်

### (၁၁) ၁-သမဏသညာဝဂ် ၁-သမဏသညာသုတ်

၁၀၁။ ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်၍ ရဟန်းအား ဖြစ်ထိုက်သည့် ဤသညာသုံးမျိုးတို့သည် တရားခုနစ်မျိုးတို့ကို ပြည့်စေကုန်၏။ အဘယ် သုံးမျိုးတို့နည်း ဟူမူ—(ငါသည်) အဆင်းဖောက်ပြန်မှုသို့ ရောက်၍ နေ၏။ ငါ၏ အသက်မွေးမှုသည် သူတပါးတို့နှင့် ဆက်စပ်နေ၏။ ငါသည် လူ့အသွင်အပြင်မှ အခြားသော ရဟန်း အသွင်အပြင်ကို ပြုအပ်၏(ဟူသည်တို့တည်း)။ ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်၍ ရဟန်းအား ဖြစ်ထိုက်သည့် ဤသညာသုံးမျိုးတို့သည် တရားခုနစ်မျိုးတို့ကို ပြည့်စေကုန်၏။ အဘယ် ခုနစ်မျိုးတို့နည်းဟူမူ— သီလတို့၌ မပြတ် ဖြည့်ကျင့်လေ့ရှိ၏၊ မပြတ် ဖြစ်ခြင်းရှိ၏၊ အဘိဇ္ဈာ မများ၊ ဆင်းရဲခြင်းမရှိ၊ အလွန်မာန်မူခြင်းမရှိ၊ သိက္ခာကို လိုလား၏၊ ထိုရဟန်းအား အသက်၏ အရံအတား ဖြစ်သော ပစ္စည်းတို့၌ ဤအကျိုးငှါတည်းဟု ဆင်ခြင်၏၊ ထက်သန်သော လုံ့လရှိလျက်လည်း နေ၏။ ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်၍ ရဟန်းအား ဖြစ်ထိုက်သည့် ဤသညာသုံးမျိုးတို့သည် ဤတရားခုနစ်မျိုးတို့ကို ပြည့်စေကုန်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဗောဇ္ဈင်္ဂသုတ်

၁၀၂။ ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်ကုန်သော ဤဗောဇ္ဈင် ခုနစ်မျိုးတို့သည် ဝိဇ္ဇာသုံးပါးတို့ကိုပြည့်စေကုန်၏။အဘယ်ခုနစ်မျိုးတို့နည်းဟူမူ—သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။ ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်ကုန်သော ဤဗောဇ္ဈင် ခုနစ်မျိုးတို့သည် ဝိဇ္ဇာသုံးပါးတို့ကို ပြည့်စေကုန်၏။ အဘယ် သုံးမျိုးတို့နည်း ဟူမူ——ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော ရှေး၌ နေဘူးသည့် ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏၊ ယင်းတို့ ဟူသည် တဘဝကိုရင်း နှစ်ဘဝတို့ကိုရင်း သုံးဘဝတို့ကိုရင်း။ပ။ ဤသို့ အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ် အမည် အနွယ်နှင့်တကွ များစွာသော ရှေး၌ နေဘူးသည့် ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏။စင်ကြယ်သောလူတို့၏ အမြင်ကို လွန်သော နတ်မျက်စိနှင့်တူသော မျက်စိဖြင့်။ပ။ ကံအားလျော်စွာ ဖြစ်ကြသော သတ္တဝါတို့ကို သိ၏။ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့်။ပ။ မျက်မှောက်ပြုကာ ရောက်၍ နေ၏။ ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်ကုန်သော ဤဗောဇ္ဈင် ခုနစ်မျိုးတို့သည် ဤဝိဇ္ဇာ သုံးပါးတို့ကို ပြည့်စေကုန်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

http://www.dhammadownload.com



## ၃-မိစ္ဆတ္တသုတ်

၁၀၃။ ရဟန်းတို့ မှားယွင်းမှုကို စွဲ၍ ချွတ်ယွင်းမှု ဖြစ်၏၊ ပြည့်စုံမှု မဖြစ်။ ရဟန်းတို့ အဘယ်သို့လျှင် မှားယွင်းမှုကို စွဲ၍ ချွတ်ယွင်းမှု ဖြစ်သနည်း၊ ပြည့်စုံမှု မဖြစ်သနည်း။ ရဟန်းတို့ မှားယွင်းသော အမြင်ရှိသူအား မှားယွင်းသော အကြံအစည် ဖြစ်နိုင်၏၊ မှားယွင်းသော အကြံအစည် ရှိသူအား မှားယွင်းသော စကား ဖြစ်နိုင်၏၊ မှားယွင်းသော စကားရှိသူ အား မှားယွင်းသော အလုပ် ဖြစ်နိုင်၏၊ မှားယွင်းသော အလုပ်ရှိသူအား မှားယွင်းသော အသက်မွေးမှု ဖြစ်နိုင်၏၊ မှားယွင်းသော အသက်မွေးမှုရှိသူအား မှားယွင်းသော လုံ့လဖြစ်နိုင်၏၊ မှားယွင်းသော လုံ့လရှိသူအား မှားယွင်းသော သတိ ဖြစ်နိုင်၏၊ မှားယွင်းသော သတိရှိသူအား မှားယွင်းသော သမာဓိဖြစ်နိုင်၏၊ မှားယွင်းသော သမာဓိရှိသူအား မှားယွင်းသော ဉာဏ်ဖြစ် နိုင်၏၊ မှားယွင်းသောဉာဏ်ရှိသူအား မှားယွင်းသော လွတ်မြောက်မှု ဖြစ်နိုင်၏။ ရဟန်းတို့ ဤသို့ လျှင် မှားယွင်းမှုကိုစွဲ၍ ချွတ်ယွင်းမှု ဖြစ်၏၊ ပြည့်စုံမှု မဖြစ်။

ရဟန်းတို့ မှန်ကန်မှုကို စွဲ၍ ပြည့်စုံမှု ဖြစ်၏၊ ချွတ်ယွင်းမှု မဖြစ်။ ရဟန်းတို့ အဘယ်သို့လျှင် မှန်ကန်မှုကို စွဲ၍ ပြည့်စုံမှု ဖြစ်သနည်း၊ ချွတ်ယွင်းမှု မဖြစ်သနည်း။ ရဟန်းတို့ မှန်ကန်သော အမြင်ရှိသူအား မှန်ကန်သော အကြံအစည်ဖြစ်နိုင်၏၊ မှန်ကန်သော အကြံအစည်ရှိသူအား မှန်ကန်သော စကားဖြစ်နိုင်၏၊ မှန်ကန်သော စကားရှိသူအား မှန်ကန်သော အလုပ်ဖြစ်နိုင်၏၊ မှန်ကန်သော အလုပ်ရှိသူအား မှန်ကန်သော အသက်မွေးမှု ဖြစ်နိုင်၏၊ မှန်ကန်သော အသက် မွေးမှုရှိသူအား မှန်ကန်သော လုံ့လ ဖြစ်နိုင်၏၊မှန်ကန်သော လုံ့လရှိသူအား မှန်ကန်သော သတိ ဖြစ်နိုင်၏၊ မှန်ကန်သော သတိရှိသူအား မှန်ကန်သောသမာဓိ ဖြစ်နိုင်၏၊ မှန်ကန်သော သမာဓိ ရှိသူအား မှန်ကန်သော ဉာဏ် ဖြစ်နိုင်၏၊ မှန်ကန်သော ဉာဏ်ရှိသူအား မှန်ကန်သော လွတ်မြောက်မှု ဖြစ်နိုင်၏။ ရဟန်းတို့ ဤသို့လျှင် မှန်ကန်မှုကို စွဲ၍ ပြည့်စုံမှု ဖြစ်၏၊ ချွတ်ယွင်းမှု မဖြစ် ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ဗီဇသုတ်

၁၀၄။ ရဟန်းတို့ မှားယွင်းသော အမြင်ရှိသူ မှားယွင်းသော အကြံအစည်ရှိသူ မှားယွင်း သော စကားရှိသူ မှားယွင်းသော အလုပ်ရှိသူ မှားယွင်းသော အသက်မွေးမှုရှိသူ မှားယင်း သော လုံ့လရှိသူ မှားယွင်းသော သတိရှိသူ မှားယွင်းသော သမာဓိရှိသူ မှားယွင်းသော ဉာဏ် ရှိသူ မှားယွင်းသော လွတ်မြောက်မှုရှိသူ ယောကျ်ားပုဂ္ဂိုလ်အား အယူအားလျော်စွာ အပြည့်အစုံ ဆောက်တည်အပ်သော ကာယကံ ဝစီကံ၊ အယူအားလျော်စွာ အပြည့်အစုံ ဆောက်တည်အပ် သော မနောကံ၊ စေ့ဆော်မှု 'စေတနာ'၊ဆုတောင်းမှု 'ပတ္ထနာ'၊ တောင့်တမှု 'ပဏိဓိ'၊ ပြုပြင်မှု 'သင်္ခါရ' ဟူကုန်သော တရားအားလုံးတို့သည် မလိုသားရန် မနှစ်သက်ရန် နှလုံးကို မပွါးစေရန် စီးပွါးမဲ့ရန် ဆင်းရဲရန် အလို့ငှါ ဖြစ်ကုန်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း။ ရဟန်းတို့ ထိုသူ၏ အယူသည် မကောင်း ယုတ်မာသောကြောင့်တည်း။

http://www.dhammadownload.com



ရဟန်းတို့ ဥပမာသော်ကား စိုစွတ်သော မြေ၌ ချထားအပ်သော တမာစေ့သည်၎င်း ဗူးခါးစေ့သည်၎င်း မြေအရသာကိုလည်း စုတ်ယူ၏၊ ရေအရသာကိုလည်း စုတ်ယူ၏၊ ထိုအရသာအားလုံးသည် ခါးရန် စပ်ရန် မသာယာရန် အလို့ငှါ ဖြစ်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း။ ရဟန်းတို့ မျိုးစေ့သည် မကောင်းသောကြောင့်တည်း။ ရဟန်းတို့ ဤအတူပင် မှားယွင်းသော အမြင်ရှိသူ မှားယွင်းသော အကြံအစည်ရှိသူ မှားယွင်းသော စကားရှိသူ မှားယွင်းသော အလုပ်ရှိသူ မှားယွင်းသော အသက်မွေးမှုရှိသူ မှားယွင်းသော လုံ့လရှိသူ မှားယွင်းသော သတိရှိသူ မှားယွင်းသော သမာဓိရှိသူမှားယွင်းသော ဉာဏ်ရှိသူ မှားယွင်းသော လွတ်မြောက်မှုရှိသူ ယောကျ်ားပုဂ္ဂိုလ်အား အယူအားလျော်စွာ အပြည့်အစုံ ဆောက်တည်အပ်သော ကာယကံ ဝစီကံ၊ အယူအားလျော်စွာ အပြည့်အစုံ ဆောက်တည်အပ်သော မနောကံ၊ စေ့ဆော်မှု 'စေတနာ'၊ ဆုတောင်းမှု 'ပတ္ထနာ'၊ တောင့်တမှု 'ပဏိဓိ'၊ ပြုပြင်မှု 'သင်္ခါရ' ဟူကုန်သော တရားအားလုံးတို့သည် မလိုလားရန် မနှစ်သက်ရန် နှလုံးကိုမပွါးစေရန် စီးပွါးမဲ့ရန် ဆင်းရဲရန် အလို့ငှါ ဖြစ်ကုန်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း။ ရဟန်းတို့ ထိုသူ၏ အယူသည် မကောင်း ယုတ်မာသောကြောင့်တည်း။

ရဟန်းတို့ မှန်ကန်သော အမြင်ရှိသူ မှန်ကန်သော အကြံအစည်ရှိသူ မှန်ကန်သော စကားရှိသူ မှန်ကန်သော အလုပ်ရှိသူ မှန်ကန်သော အသက်မွေးမှုရှိသူ မှန်ကန်သော လုံ့လရှိသူ မှန်ကန်သော သတိရှိသူ မှန်ကန်သော သမာဓိရှိသူ မှန်ကန်သော ဉာဏ်ရှိသူ မှန်ကန်သော လွတ်မြောက်မှုရှိသူ ယောကျ်ားပုဂ္ဂိုလ်အား အယူအားလျော်စွာ အပြည့်အစုံ ဆောက်တည်အပ်သော ကာယကံ ဝစီကံ၊ အယူအားလျော်စွာ အပြည့်အစုံ ဆောက်တည်အပ်သော မနောကံ၊ စေ့ဆော်မှု 'စေတနာ'၊ ဆုတောင်းမှု 'ပတ္ထနာ'၊ တောင့်တမှု 'ပဏိဓိ'၊ ပြုပြင်မှု 'သင်္ခါရ' ဟူကုန်သော တရားအားလုံးတို့သည် လိုလားရန် နှစ်သက်ရန် နှလုံးကိုပွါးစေရန် ပွါးစီးရန် ချမ်းသာရန် ဖြစ်ကုန်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း။ ရဟန်းတို့ ထိုသူ၏ အယူသည် ကောင်းမွန်သောကြောင့်တည်း။

ရဟန်းတို့ ဥပမာသော်ကား စိုစွတ်သော မြေ၌ ချထားအပ်သော ကြံမျိုးစေ့သည်၎င်း သလေးမျိုးစေ့သည်၎င်း မုဒရက် (သပြက်)မျိုးစေ့သည်၎င်း မြေအရသာကိုလည်း စုတ်ယူ၏၊ ရေအရသာကိုလည်း စုတ်ယူ၏၊ ထိုအရသာအားလုံးသည် သာယာရန် ချိုမြိန်ရန် (အခြား) သွန်းလောင်းဖွယ် မရှိရန် အလို့ငှါ ဖြစ်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း။ ရဟန်းတို့ မျိုးစေ့သည် ကောင်းမွန်သောကြောင့်တည်း။ ရဟန်းတို့ ဤအတူပင် မှန်ကန်သော အယူရှိသူ။ပ။ မှန်ကန်သော လွတ်မြောက်မှုရှိသူ ယောကျ်ားပုဂ္ဂိုလ်အား အယူအားလျော်စွာ အပြည့်အစုံ ဆောက်တည်အပ်သော ကာယကံ ဝစီကံ၊ အယူအားလျော်စွာ အပြည့်အစုံ ဆောက်တည်အပ်သော မနောကံ၊ စေ့ဆော်မှု'စေတနာ'၊ ဆုတောင်းမှု 'ပတ္ထနာ'၊ တောင့်တမှု 'ပဏိဓိ'၊ ပြုပြင်မှု 'သင်္ခါရ' ဟူကုန်သော တရားအားလုံးတို့သည် လိုလားရန် နှစ်သက်ရန် နှလုံးကိုပွါးစေရန် ပွါးစီးရန် ချမ်းသာရန် အလို့ငှါ ဖြစ်ကုန်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း။ ရဟန်းတို့ ထိုသူ၏ အယူသည် ကောင်းမွန်သောကြောင့်တည်းဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-ဝိဇ္ဇာသုတ်

၁၀၅။ ရဟန်းတို့ မသိမှု 'အဝိဇ္ဇာ' သည် အကုသိုလ်တရားတို့သို့ ရောက်ရန် ရှေ့သွားဖြစ်၏၊ အရှက်မရှိမှု အကြောက်မရှိမှုသည် နောက်လိုက်သာ ဖြစ်၏။ ရဟန်းတို့ မသိမှု 'အဝိဇ္ဇာ'၌ တည်၍ ဉာဏ်မဲ့သူအား မှားယွင်းသော အမြင် ဖြစ်နိုင်၏၊ မှားယွင်းသော အမြင်ရှိသူအား မှားယွင်းသော အကြံအစည် ဖြစ်နိုင်၏၊ မှားယွင်းသော အကြံအစည်ရှိသူအား မှားယွင်းသောစကား ဖြစ်နိုင်၏၊ မှားယွင်းသောစကား ရှိသူအား မှားယွင်းသော အလုပ် ဖြစ်နိုင်၏၊ မှားယွင်းသော အလုပ်ရှိအား မှားယွင်းသော အသက်မွေးမှု ဖြစ်နိုင်၏၊ မှားယွင်းသော အသက်မွေးမှု ရှိသူအား မှားယွင်းသော လုံ့လ ဖြစ်နိုင်၏၊ မှားယွင်းသော လုံ့လရှိသူအား မှားယွင်းသော သတိဖြစ်နိုင်၏၊ မှားယွင်းသော သတိရှိသူအား မှားယွင်းသော သမာဓိ ဖြစ်နိုင်၏၊ မှားယွင်းသော သမာဓိ ရှိသူအား မှားယွင်းသောဉာဏ် ဖြစ်နိုင်၏၊မှားယွင်းသောဉာဏ်ရှိသူအား မှားယွင်းသော လွတ်မြောက်မှု ဖြစ်နိုင်၏။

ရဟန်းတို့ သိမှု 'ဝိဇ္ဇာ'သည် ကုသိုလ်တရားတို့သို့ ရောက်ရန် ရှေ့သွား ဖြစ်၏၊ ရှက်မှု ကြောက်မှုသည် နောက်လိုက်သာ ဖြစ်၏။ ရဟန်းတို့ သိမှု 'ဝိဇ္ဇာ'၌ တည်၍ ဉာဏ်ရှိသူအား မှန်ကန်သော အမြင်ဖြစ်နိုင်၏၊ မှန်ကန်သော အမြင်ရှိသူအား မှန်ကန်သော အကြံအစည် ဖြစ်နိုင်၏၊ မှန်ကန်သော အကြံအစည်ရှိသူအား မှန်ကန်သော စကားဖြစ်နိုင်၏၊ မှန်ကန်သော စကားရှိသူအား မှန်ကန်သော အလုပ်ဖြစ်နိုင်၏၊ မှန်ကန်သော အလုပ်ရှိသူအား မှန်ကန်သော အသက်မွေးမှု ဖြစ်နိုင်၏၊ မှန်ကန်သော အသက်မွေးမှုရှိသူအား မှန်ကန်သော လုံ့လ ဖြစ်နိုင်၏၊ မှန်ကန်သော လုံ့လရှိသူအား မှန်ကန်သော သတိဖြစ်နိုင်၏၊ မှန်ကန်သော သတိ ရှိသူအား မှန်ကန်သောသမာဓိ ဖြစ်နိုင်၏၊ မှန်ကန်သောသမာဓိရှိသူအား မှန်ကန်သော ဉာဏ်ဖြစ်နိုင်၏၊ မှန်ကန်သော ဉာဏ်ရှိသူအား မှန်ကန်သော လွတ်မြောက်မှု ဖြစ်နိုင်၏ဟု (မိန့်တော်မူ၏)။

ပဥ္စမသုတ်။

---

## ၆-နိဇ္ဇရသုတ်

၁၀၆။ ရဟန်းတို့ ဆွေးမြေ့ (ကင်းပျောက်)ကြောင်း ဝတ္ထုတို့သည် ဤဆယ်မျိုး တို့တည်း။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ မှန်ကန်သော အမြင်ရှိသူအား မှားယွင်းသော အမြင်သည် ဆွေးမြေ့ (ကင်းပျောက်)၏၊ မှားယွင်းသော အမြင်ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် များစွာသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုသူအား ဆွေးမြေ့ (ကင်းပျောက်) ကုန်၏။ မှန်ကန်သော အယူဟူသော အကြောင်းကြောင့်လည်း များစွာ ကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ရောက်ကုန်၏။

ရဟန်းတို့ မှန်ကန်သော အကြံအစည် ရှိသူအား မှားယွင်းသော အကြံအစည်သည် ဆွေးမြေ့ (ကင်းပျောက်)၏၊မှန်ကန်သော အကြံအစည်ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုသူအား ဆွေးမြေ့ (ကင်းပျောက်)

http://www.dhammadownload.com



ကုန်၏။ မှန်ကန်သော အကြံအစည်ဟူသော အကြောင်းကြောင့်လည်း များစွာသော ကုသိုလ်တရားတို့သည် ပွါးများ ပြည့်စုံခြင်းသို့ရောက်ကုန်၏။

ရဟန်းတို့ မှန်ကန်သော စကားရှိသူအား မှားယွင်းသော စကားသည် ဆွေးမြေ့ (ကင်းပျောက်)၏၊ မှားယွင်းသော စကားဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုသူအား ဆွေးမြေ့ (ကင်းပျောက်)ကုန်၏။ မှန်ကန်သော စကားဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏။

ရဟန်းတို့ မှန်ကန်သော အလုပ်ရှိသူအား မှားယွင်းသောအလုပ်သည် ဆွေးမြေ့ (ကင်းပျောက်)၏၊ မှားယွင်းသော အလုပ် ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုသူအား ဆွေးမြေ့ (ကင်းပျောက်)ကုန်၏။ မှန်ကန်သော အလုပ်ဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများ ပြည့်စုံခြင်းသို့ ရောက်ကုန်၏။

ရဟန်းတို့ မှန်ကန်သော အသက်မွေးမှုရှိသူအား မှားယွင်းသော အသက်မွေးမှုသည် ဆွေးမြေ့ (ကင်းပျောက်)၏၊ မှားယွင်းသော အသက်မွေးမှု ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုသူအား ဆွေးမြေ့ (ကင်းပျောက်) ကုန်၏။ မှန်ကန်သော အသက်မွေးမှု ဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏။

ရဟန်းတို့ မှန်ကန်သော လုံ့လရှိသူအား မှားယွင်းသော လုံ့လသည် ဆွေးမြေ့(ကင်းပျောက်)၏၊ မှားယွင်းသော လုံ့လဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုသူအား ဆွေးမြေ့ (ကင်းပျောက်)ကုန်၏။ မှန်ကန်သော လုံ့လဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများ ပြည့်စုံခြင်းသို့ ရောက်ကုန်၏။

ရဟန်းတို့ မှန်ကန်သော သတိရှိသူအား မှားယွင်းသော သတိသည် ဆွေးမြေ့(ကင်းပျောက်)၏၊ မှားယွင်းသော သတိဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုသူအား ဆွေးမြေ့ (ကင်းပျောက်) ကုန်၏။ မှန်ကန်သော သတိဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများ ပြည့်စုံခြင်းသို့ ရောက်ကုန်၏။

ရဟန်းတို့ မှန်ကန်သောသမာဓိရှိသူအား မှားယွင်းသော သမာဓိသည် ဆွေးမြေ့ (ကင်းပျောက်)၏၊ မှားယွင်းသော သမာဓိဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုသူအား ဆွေးမြေ့ (ကင်းပျောက်)ကုန်၏။ မှန်ကန်သော သမာဓိဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏။

ရဟန်းတို့ မှန်ကန်သော ဉာဏ်ရှိသူအား မှားယွင်းသောဉာဏ်သည် ဆွေးမြေ့ (ကင်းပျောက်)၏၊ မှားယွင်းသော ဉာဏ်ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် များစွာကုန်

http://www.dhammadownload.com



သော ယုတ်ညံ့သော အကုသိုလ်တို့သည် ထိုသူအား ဆွေးမြေ့ (ကင်းပျောက်)ကုန်၏။ မှန်ကန်သော ဉာဏ်ဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏။

ရဟန်းတို့ မှန်ကန်သော လွတ်မြောက်မှုရှိသူအား မှားယွင်းသော လွတ်မြောက်မှုသည် ဆွေးမြေ့ (ကင်းပျောက်)၏၊ မှားယွင်းသော လွတ်မြောက်မှု ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုသူအား ဆွေးမြေ့(ကင်းပျောက်) ကုန်၏။မှန်ကန်သော လွတ်မြောက်မှု ဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏။ ရဟန်းတို့ ဆွေးမြေ့(ကင်းပျောက်)ကြောင်း ဝတ္ထုတို့သည် ဤဆယ်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ဓောဝနသုတ်

၁၀၇။ ရဟန်းတို့ ဒက္ခိဏတိုင်း ဇနပုဒ်တို့၌ (အရိုး) ဆေးပွဲမည်သည်ရှိ၏၊ ထို (အရိုး) ဆေးပွဲ၌ ထမင်းသည်ရင်း အဖျော်သည်ရင်း ခဲဖွယ်သည်ရင်း စားဖွယ်သည်ရင်း လျက်ဖွယ်သည်ရင်း သောက်ဖွယ်သည်ရင်း ကခြင်းသည်ရင်း သီဆိုခြင်းသည် တီးမှုတ်ခြင်းသည်ရင်း ဖြစ်၏။ ရဟန်းတို့ ထို(အရိုး) ဆေးပွဲသည် ရှိ၏၊ ထို(အရိုး) ဆေးပွဲ မရှိဟု ငါမဆို။ ရဟန်းတို့ ထို(အရိုး) ဆေးပွဲသည်ကား ယုတ်၏၊ ရွာအလေ့ဖြစ်၏၊ ပုထုဇဉ်တို့ အလုပ်ဖြစ်၏၊ အရိယာတို့ အလုပ်မဟုတ်၊ စီးပွါးမဲ့နှင့် စပ်၏၊ ငြီးငွေ့ရန် တပ်ခြင်းကင်းရန် ချုပ်ရန် ငြိမ်းရန် အထူးသိရန် အမှန်သိရန် (တဏှာမှ) ထွက်မြောက်ရန် နိဗ္ဗာန်အလို့ငှါ မဖြစ်။

ရဟန်းတို့ ငါသည်ကား အရိယာတို့၏ ဆေးပွဲကို ဟောပေအံ့၊ ယင်းဆေးပွဲသည် စင်စစ်ငြီးငွေ့ရန် ရာဂကင်းရန် ချုပ်ရန် ငြိမ်းရန် အထူးသိရန် အမှန်သိရန် (တဏှာမှ)ထွက်မြောက်ရန် နိဗ္ဗာန်အလို့ငှါဖြစ်၏၊ ယင်း ဆေးပွဲကို စွဲ၍ ပဋိသန္ဓေနေခြင်းသဘောရှိသော သတ္တဝါတို့သည် ပဋိသန္ဓေနေခြင်းမှ လွတ်မြောက်ကုန်၏၊ အိုခြင်းသဘောရှိသော သတ္တဝါတို့သည် အိုခြင်းမှ လွတ်မြောက်ကုန်၏၊ သေခြင်းသဘောရှိသော သတ္တဝါတို့သည် သေခြင်းမှ လွတ်မြောက်ကုန်၏၊ စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာ ပင်ပန်းခြင်း သဘောရှိသော သတ္တဝါတို့သည် စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာပင်ပန်းခြင်းမှ လွတ်မြောက်ကုန်၏။ထိုတရားကို နာကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောပေအံ့ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထား ကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ အရိယာတို့၏ ဆေးပွဲဟူသည် အဘယ်နည်း၊ ယင်း ဆေးပွဲသည် စင်စစ် ငြီးငွေ့ရန် ရာဂကင်းရန် ချုပ်ရန် ငြိမ်းရန် အထူးသိရန် အမှန်သိရန်(တဏှာမှ)ထွက်မြောက်ရန် နိဗ္ဗာန်အလို့ငှါ ဖြစ်၏၊ ယင်းဆေးပွဲကို စွဲ၍ ပဋိသန္ဓေနေခြင်း သဘောရှိသော သတ္တဝါတို့သည် ပဋိသန္ဓေနေခြင်းမှ လွတ်မြောက်ကုန်၏၊ အိုခြင်းသဘောရှိသော သတ္တဝါတို့သည် အိုခြင်းမှ လွတ်မြောက်ကုန်၏၊ သေခြင်းသဘောရှိသော သတ္တဝါတို့သည် သေခြင်းမှ လွတ်မြောက်ကုန်၏၊ စိုးရိမ်ခြင်း ငိုကြွေးခြင်း

http://www.dhammadownload.com



ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာပင်ပန်းခြင်း သဘောရှိသော သတ္တဝါတို့သည် စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာပင်ပန်းခြင်းမှ လွတ်မြောက်ကုန်၏။

ရဟန်းတို့ မှန်ကန်သော အမြင်ရှိသူအား မှားယွင်းသော အမြင်သည် ဆေးကြောပြီးဖြစ်၏။ မှားယွင်းသော အမြင်ဟူသောအကြောင်းကြောင့် ဖြစ်ပေါ်လာသည့် များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုသူအား ဆေးကြောပြီးဖြစ်ကုန်၏။ မှန်ကန်သော အမြင်ဟူသော အကြောင်းကြောင့်လည်း များစွာသော ကုသိုလ်တရားတို့သည်ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏။

ရဟန်းတို့ မှန်ကန်သော အကြံအစည်ရှိသူအား မှားယွင်းသော အကြံသည် ဆေးကြောပြီး ဖြစ်၏။ပ။ရဟန်းတို့ မှန်ကန်သော စကားရှိသူအား မှားယွင်းသောစကားသည် ဆေးကြောပြီး ဖြစ်၏၊ ရဟန်းတို့ မှန်ကန်သော အလုပ်ရှိသူအား မှားယွင်းသောအလုပ်သည် ဆေးကြောပြီးဖြစ်၏။ ရဟန်းတို့ မှန်ကန်သော အသက်မွေးမှုရှိသူအား မှားယွင်းသောအသက်မွေးမှုသည် ဆေးကြော ပြီး ဖြစ်၏။ ရဟန်းတို့ မှန်ကန်သော လုံ့လရှိသူအား မှားယွင်းသော လုံ့လသည် ဆေးကြောပြီး ဖြစ်၏။ ရဟန်းတို့ မှန်ကန်သော သတိရှိသူအား မှားယွင်းသော သတိသည် ဆေးကြောပြီးဖြစ်၏။ ရဟန်းတို့ မှန်ကန်သော သမာဓိရှိသူအား မှားယွင်းသော သမာဓိသည် ဆေးကြောပြီးဖြစ်၏။ ရဟန်းတို့ မှန်ကန်သော ဉာဏ်ရှိသူအား မှားယွင်းသောဉာဏ်သည် ဆေးကြောပြီးဖြစ်၏။ပ။ ရဟန်းတို့ မှန်ကန်သော လွတ်မြောက်မှုရှိသူအား မှားယွင်းသော လွတ်မြောက်မှုသည် ဆေးကြော ပြီးဖြစ်၏။ မှားယွင်းသော လွတ်မြောက်မှုဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် များစွာ ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုသူအား ဆေးကြောပြီးဖြစ်ကုန်၏။ မှန်ကန် သော လွတ်မြောက်မှုဟူသောအကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏။

ရဟန်းတို့ ဤအရိယာတို့၏ ဆေးပွဲသည်ကား စင်စစ် ငြီးငွေ့ရန် ရာဂကင်းရန် ချုပ်ရန် ငြိမ်းရန် အထူးသိရန် အမှန်သိရန် (တဏှာမှ) ထွက်မြောက်ရန် နိဗ္ဗာန်အလို့ငှါဖြစ်၏။ ယင်းဆေးပွဲကို စွဲ၍ ပဋိသန္ဓေနေခြင်းသဘောရှိသော သတ္တဝါတို့သည် ပဋိသန္ဓေနေခြင်းမှ လွတ်မြောက်ကုန်၏၊ အိုခြင်း သဘောရှိသော သတ္တဝါတို့သည် အိုခြင်းမှ လွတ်မြောက်ကုန်၏၊ သေခြင်းသဘောရှိသော သတ္တဝါ တို့သည် သေခြင်းမှ လွတ်မြောက်ကုန်၏၊ စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာပင်ပန်းခြင်း သဘောရှိသော သတ္တဝါတို့သည် စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံး မသာယာခြင်း ပြင်းစွာပင်ပန်းခြင်းတို့မှ လွတ်မြောက်ကုန်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ဂ-တိကိစ္ဆကသုတ်

၁၀၈။ ရဟန်းတို့ ဆေးသမားတို့သည် သည်းခြေကြောင့်ဖြစ်သော အနာတို့ကို ပျောက်စေ ခြင်းငှါလည်း သလိပ်ကြောင့်ဖြစ်သော အနာတို့ကို ပျောက်စေခြင်းငှါလည်း လေကြောင့်ဖြစ်သော အနာတို့ကို ပျောက်စေခြင်းငှါလည်း ဝမ်းနုတ်ဆေးကို ပေးကုန်၏။ ရဟန်းတို့ ထိုဝမ်းနုတ်ဆေးသည်

http://www.dhammadownload.com



ရှိသည်သာတည်း၊ ထိုဆေး မရှိဟု ငါမဆို။ ရဟန်းတို့ ထိုဝမ်းနုတ်ဆေးသည်(ကိစ္စ) ပြီးသည်လည်း ရှိ၏၊ မပြီးသည်လည်း ရှိ၏။

ရဟန်းတို့ ငါသည်ကား အပြစ်ကို ပယ်ထုတ်တတ်သော မြတ်သောတရားဟူသော ဝမ်းနုတ်ဆေးကို ဟောပေအံ့၊ ယင်းဝမ်းနုတ်ဆေးသည် (ကိစ္စ) ပြီးသည်သာတည်း၊ မပြီးသည်မဟုတ်။ ယင်းဝမ်းနုတ်ဆေးကိုစွဲ၍ ပဋိသန္ဓေနေခြင်း သဘောရှိသော သတ္တဝါတို့သည် ပဋိသန္ဓေနေခြင်းမှ လွတ်မြောက်ကုန်၏၊ အိုခြင်းသဘောရှိသော သတ္တဝါတို့သည် အိုခြင်းမှ လွတ်မြောက်ကုန်၏၊ သေခြင်း သဘောရှိသော သတ္တဝါတို့သည် သေခြင်းမှ လွတ်မြောက်ကုန်၏၊ စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်းပြင်းစွာပင်ပန်းခြင်း သဘောရှိသော သတ္တဝါတို့သည် စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့မှ လွတ်မြောက် ကုန်၏။ ထိုတရားတို့ကို နာကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောပေအံ့ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူ၏။

ရဟန်းတို့ ထိုမြတ်သောဝမ်းနုတ်ဆေးသည် အဘယ်နည်း၊ ယင်းဝမ်းနုတ်ဆေးသည် (ကိစ္စ) ပြီးသည်သာတည်း၊ မပြီးသည်မဟုတ်။ ယင်းဝမ်းနုတ်ဆေးကို စွဲ၍ ပဋိသန္ဓေ နေခြင်း သဘောရှိသော သတ္တဝါတို့သည် ပဋိသန္ဓေနေခြင်းမှ လွတ်မြောက်ကုန်၏၊ အိုခြင်းသဘောရှိသော သတ္တဝါတို့သည် အိုခြင်းမှ လွတ်မြောက်ကုန်၏၊ သေခြင်းသဘောရှိသော သတ္တဝါတို့သည်သေခြင်းမှ လွတ်မြောက်ကုန်၏၊ စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာ ပင်ပန်းခြင်း သဘောရှိသော သတ္တဝါတို့သည် စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့မှ လွတ်မြောက် ကုန်၏။

ရဟန်းတို့ မှန်ကန်သော အမြင်ရှိသူအား မှားယွင်းသော အမြင်သည် ပယ်နုတ်ပြီး ဖြစ်၏။ မှားယွင်းသော အမြင်ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုသူအား ပယ်နုတ်ပြီး ဖြစ်ကုန်၏။မှန်ကန်သော အမြင်ဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည်ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏။

ရဟန်းတို့ မှန်ကန်သော အကြံအစည်ရှိသူအား မှားယွင်းသော အကြံအစည်သည် ပယ်နုတ်ပြီးဖြစ်၏။ပ။ရဟန်းတို့ မှန်ကန်သော စကားရှိသူအား မှားယွင်းသော စကားသည် ပယ်နုတ်ပြီးဖြစ်၏။ရဟန်းတို့ မှန်ကန်သော အလုပ်ရှိသူအား မှားယွင်းသော အလုပ်သည် ပယ်နုတ်ပြီး ဖြစ်၏။ ရဟန်းတို့ မှန်ကန်သော အသက်မွေးမှုရှိသူအား မှားယွင်းသော အသက်မွေးမှုသည် ပယ်နုတ်ပြီးဖြစ်၏။ ရဟန်းတို့ မှန်ကန်သော လုံ့လရှိသူအား မှားယွင်းသော လုံ့လသည် ပယ်နုတ်ပြီး ဖြစ်၏။ ရဟန်းတို့ မှန်ကန်သော သတိရှိသူအား မှားယွင်းသောသတိသည် ပယ်နုတ်ပြီးဖြစ်၏။ ရဟန်းတို့ မှန်ကန်သော သမာဓိရှိသူအား မှားယွင်းသောသမာဓိသည် ပယ်နုတ်ပြီးဖြစ်၏။ ရဟန်းတို့ မှန်ကန်သော ဉာဏ်ရှိသူအား မှားယွင်းသော ဉာဏ်သည် ပယ်နုတ်ပြီးဖြစ်၏။ပ။ ရဟန်းတို့ မှန်ကန်သော လွတ်မြောက်မှုရှိသူအား မှားယွင်းသော လွတ်မြောက်မှုသည် ပယ်နုတ်ပြီး ဖြစ်၏။မှားယွင်းသော လွတ်မြောက်မှုဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုသူအား ပယ်နုတ်ပြီး ဖြစ်ကုန်၏။ မှန်ကန်သော

http://www.dhammadownload.com



လွတ်မြောက်မှုဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏။

ရဟန်းတို့ ဤကား မြတ်သော ဝမ်းနုတ်ဆေးတည်း။ ယင်းဝမ်းနုတ်ဆေးသည်(ကိစ္စ)ပြီးသည်သာတည်း၊ ကိစ္စမပြီးသည်မဟုတ်။ ယင်းဝမ်းနုတ်ဆေးကို စွဲ၍ ပဋိသန္ဓေနေခြင်း သဘောရှိသော သတ္တဝါတို့သည် ပဋိသန္ဓေနေခြင်းမှ လွတ်မြောက်ကုန်၏။ပ။စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာပင်ပန်းခြင်းတို့မှ လွတ်မြောက်ကုန်၏ဟု(မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ဝမနသုတ်

၁၀၉။ ရဟန်းတို့ ဆေးသမားတို့သည် သည်းခြေကြောင့်ဖြစ်သော အနာတို့ကို ပျောက်စေခြင်းငှါလည်း သလိပ်ကြောင့် ဖြစ်သော အနာတို့ကို ပျောက်စေခြင်းငှါလည်း လေကြောင့် ဖြစ်သော အနာတို့ကို ပျောက်စေခြင်းငှါလည်း အန်ဆေးကို ပေးကုန်၏။ ရဟန်းတို့ ထိုအန်ဆေးဟူသည် ရှိသည်သာတည်း၊ ထိုဆေးမရှိဟု (ငါ)မဆို။ ရဟန်းတို့ ထိုအန်ဆေးသည်ကား (ကိစ္စ) ပြီးသည်လည်း ရှိ၏၊ မပြီးသည်လည်း ရှိ၏။

ရဟန်းတို့ ငါသည်ကား အပြစ်ကို အန်စေတတ်သော မြတ်သောအန်ဆေးကို ဟောပေအံ့၊ ယင်းအန်ဆေးသည်(ကိစ္စ)ပြီးသည်သာတည်း၊ မပြီးသည် မဟုတ်။ ယင်း အန်ဆေးကို စွဲ၍ ပဋိသန္ဓေနေခြင်း သဘောရှိသော သတ္တဝါတို့သည် ပဋိသန္ဓေနေခြင်းမှ လွတ်မြောက်ကုန်၏၊ အိုခြင်းသဘောရှိသော သတ္တဝါတို့သည် အိုခြင်းမှ လွတ်မြောက်ကုန်၏၊ သေခြင်းသဘောရှိသော သတ္တဝါတို့သည် သေခြင်းမှ လွတ်မြောက်ကုန်၏၊ စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာ ပင်ပန်းခြင်း သဘောရှိသော သတ္တဝါတို့သည် စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့မှ လွတ်မြောက်ကုန်၏။ထို တရားကို နာကုန်လော့။ပ။

ရဟန်းတို့ မြတ်သော အန်ဆေးဟူသည် အဘယ်နည်း။ ယင်းအန်ဆေးသည် (ကိစ္စ)ပြီးသည်သာတည်း၊ မပြီးသည်မဟုတ်။ ယင်းအန်ဆေးကို စွဲ၍ ပဋိသန္ဓေနေခြင်း သဘောရှိသော သတ္တဝါတို့သည် ပဋိသန္ဓေနေခြင်းမှ လွတ်မြောက်ကုန်၏။ပ။ စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာ ပင်ပန်းခြင်း သဘောရှိသော သတ္တဝါတို့သည် စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့မှ လွတ်မြောက်ကုန်၏။

ရဟန်းတို့မှန်ကန်သော အမြင်ရှိသော သတ္တဝါအား မှားယွင်းသော အမြင်သည် အန်ပြီးဖြစ်၏။ မှားယွင်းသော အမြင်ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် များစွာကုန်သော ယုတ်မာသောအကုသိုလ်တရားတို့သည် ထိုသူအား အန်ပြီးဖြစ်နိုင်ကုန်၏။ မှန်ကန်သော အမြင်ဟူသောအကြောင်းကြောင့်လည်းများစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏။

ရဟန်းတို့ မှန်ကန်သော အကြံအစည်ရှိသူအား မှားယွင်းသော အကြံအစည်သည် အန်ပြီးဖြစ်၏။ပ။ရဟန်းတို့ မှန်ကန်သော စကားရှိသူအား မှားယွင်းသော စကားသည် အန်ပြီးဖြစ်၏။ ရဟန်းတို့ မှန်ကန်သော အလုပ်ရှိသူအား မှားယွင်းသော အလုပ်သည် အန်ပြီးဖြစ်၏။ ရဟန်းတို့

http://www.dhammadownload.com



မှန်ကန်သော အသက်မွေးမှုရှိသူအား မှားယွင်းသော အသက်မွေးမှုသည် အန်ပြီးဖြစ်၏။ရဟန်းတို့ မှန်ကန်သော လုံ့လရှိသူအား မှားယွင်းသောလုံ့လသည် အန်ပြီးဖြစ်၏။ ရဟန်းတို့ မှန်ကန်သော သတိရှိသူအား မှားယွင်းသော သတိသည် အန်ပြီးဖြစ်၏။ ရဟန်းတို့ မှန်ကန်သော သမာဓိရှိသူအား မှားယွင်းသော သမာဓိသည် အန်ပြီးဖြစ်၏။ ရဟန်းတို့ မှန်ကန်သော ဉာဏ်ရှိသူအား မှားယွင်းသော ဉာဏ်သည် အန်ပြီးဖြစ်၏။ပ။ရဟန်းတို့ မှန်ကန်သော လွတ်မြောက်မှုရှိသူအား မှားယွင်းသော လွတ်မြောက်မှုသည် အန်ပြီးဖြစ်၏။ မှားယွင်းသော လွတ်မြောက်မှု ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုသူအား အန်ပြီးဖြစ်ကုန်၏။ မှန်ကန်သော လွတ်မြောက်မှုဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများ ပြည့်စုံခြင်းသို့ ရောက်ကုန်၏။

ရဟန်းတို့ ဤကား မြတ်သော အန်ဆေးတည်း၊ ယင်းမြတ်သော အန်ဆေးသည် (ကိစ္စ) ပြီးသည်သာတည်း၊ မပြီးသည် မဟုတ်။ယင်း အန်ဆေးကို စွဲ၍ ပဋိသန္ဓေနေခြင်း သဘောရှိသော သတ္တဝါတို့သည် ပဋိသန္ဓေနေခြင်းမှ လွတ်မြောက်ကုန်၏။ပ။ စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့မှ လွတ်မြောက်ကုန်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-နိဒ္ဓမနီယသုတ်

၁၁၀။ ရဟန်းတို့ မှုတ်လွှင့်အပ်သော တရားတို့သည် ဤဆယ်မျိုးတို့ဘည်း။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ မှန်ကန်သော အမြင်ရှိသူအား မှားယွင်းသောအမြင်သည် မှုတ်လွှင့်ပြီးဖြစ်၏။ မှားယွင်းသော အမြင်ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုသူအား မှုတ်လွှင့်ပြီး ဖြစ်ကုန်၏။ မှန်ကန်သော အယူဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏။

ရဟန်းတို့ မှန်ကန်သော အကြံအစည်ရှိသူအား မှားယွင်းသော အကြံအစည်သည် မှုတ်လွှင့်ပြီးဖြစ်၏။ပ။ရဟန်းတို့ မှန်ကန်သော စကားရှိသူအား မှားယွင်းသော စကားသည် မှုတ်လွှင့်ပြီးဖြစ်၏။ ရဟန်းတို့ မှန်ကန်သော အလုပ်ရှိသူအား မှားယွင်းသော အလုပ်သည် မှုတ်လွှင့်ပြီးဖြစ်၏။ ရဟန်းတို့ မှန်ကန်သော အသက်မွေးမှုရှိသူအား မှားယွင်းသော အသက်မွေးမှုသည် မှုတ်လွှင့်ပြီးဖြစ်၏။ရဟန်းတို့ မှန်ကန်သော လုံ့လရှိသူအား မှားယွင်းသော လုံ့လသည် မှုတ်လွှင့်ပြီးဖြစ်၏။ ရဟန်းတို့ မှန်ကန်သော သတိရှိသူအား မှားယွင်းသော သတိသည် မှုတ်လွှင့်ပြီးဖြစ်၏။ ရဟန်းတို့ မှန်ကန်သော သမာဓိရှိသူအား မှားယွင်းသော သမာဓိသည် မှုတ်လွှင့်ပြီးဖြစ်၏။ ရဟန်းတို့ မှန်ကန်သောဉာဏ်ရှိသူအား မှားယွင်းသောဉာဏ်သည် မှုတ်လွှင့်ပြီးဖြစ်၏။ ရဟန်းတို့ မှန်ကန်သော လွတ်မြောက်မှုရှိသူအား မှားယွင်းသော လွတ်မြောက်မှုသည် မှုတ်လွှင့်ပြီးဖြစ်၏။မှားယွင်းသော လွတ်မြောက်မှုဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် များစွာကုန်သော ယုတ်ညံ့သောအကုသိုလ်တရားတို့သည် ထိုသူအား မှုတ်လွှင့်ပြီးဖြစ်ကုန်၏။ မှန်ကန်သော

http://www.dhammadownload.com



လွတ်မြောက်မှုဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများ ပြည့်စုံခြင်းသို့ ရောက်ကုန်၏။ ရဟန်းတို့ ဤသည်တို့ကား မှတ်လွင့်အပ်သော တရား ဆယ်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

## ၁၁-ပဉ္စမ အသေခသုတ်

၁၁၁။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—"အသျှင်ဘုရား အသေခ အသေခဟု ဆိုအပ်ပါ၏၊ အသျှင်ဘုရား အဘယ်မျှဖြင့် ရဟန်းသည် အသေခ ဖြစ်ပါသနည်း"ဟု လျှောက်၏။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အသေခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော မှန်ကန်သောအမြင်နှင့် ပြည့်စုံ၏၊ အသေခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော မှန်ကန်သော အကြံအစည်နှင့် ပြည့်စုံ၏၊ အသေခ ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော မှန်ကန်သော စကားနှင့် ပြည့်စုံ၏၊ အသေခပုဂ္ဂိုလ် တို့၏ ဥစ္စာဖြစ်သော မှန်ကန်သောအလုပ်နှင့် ပြည့်စုံ၏၊ အသေခပုဂ္ဂိုလ် တို့၏ ဥစ္စာဖြစ်သော မှန်ကန်သော အသက်မွေး မှုနှင့်ပြည့်စုံ၏၊ အသေခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော မှန်ကန်သော လုံ့လနှင့် ပြည့်စုံ၏၊ အသေခ ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော မှန်ကန်သော သတိနှင့် ပြည့်စုံ၏၊ အသေခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော မှန်ကန်သော သမာဓိနှင့် ပြည့်စုံ၏၊ အသေခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော မှန်ကန်သော ဉာဏ်နှင့် ပြည့်စုံ၏၊ အသေခပုဂ္ဂိုလ်တို့၏ဥစ္စာဖြစ်သော မှန်ကန်သော လွတ်မြောက်မှုနှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အသေခ အသေခပုဂ္ဂိုလ် ဖြစ်၏ဟု (မိန့်တော်မူ၏)။

ဧကာဒသမသုတ်၊

## ၁၂-ဒုတိယ အသေခသုတ်

၁၁၂။ ရဟန်းတို့ အသေခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော တရားတို့သည် ဤဆယ်မျိုးတို့တည်း။ အဘယ် ဆယ်မျိုးတို့နည်း ဟူမူ—အသေခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော မှန်ကန်သော အမြင်၊ အသေခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော မှန်ကန်သော အကြံအစည်၊ အသေခ ပုဂ္ဂိုလ်တို့၏ ဥစ္စာ ဖြစ်သော မှန်ကန်သော စကား၊ အသေခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော မှန်ကန်သော အလုပ်၊ အသေခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော မှန်ကန်သော အသက်မွေးမှု၊ အသေခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ် သော မှန်ကန်သော လုံ့လ၊ အသေခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော မှန်ကန်သော သတိ၊ အသေခ ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော မှန်ကန်သော သမာဓိ၊ အသေခပုဂ္ဂိုလ်တို့၏ ဥစ္စာ ဖြစ်သော မှန်ကန် သော ဉာဏ်၊ အသေခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော မှန်ကန်သော လွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်တို့ကား အသေခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော တရားဆယ်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ဒွါဒသမသုတ်။

ရှေးဦးစွာသော သမဏသညာဝဂ် ပြီး၏။

http://www.dhammadownload.com



## (၁၂) ၂-ပစ္စောရောဟဏိဝဂ် ၁-ပဌမ အဓမ္မသုတ်

၁၁၃။ ရဟန်းတို့ တရားမဟုတ်သည်ကိုင်း အကျိုးမဲ့ကိုင်း သိအပ်၏၊ တရားကိုင်း အကျိုးကိုင်း သိအပ်၏၊ တရားမဟုတ်သည်ကိုင်း အကျိုးမဲ့ကိုင်း သိ၍ တရားကိုင်း အကျိုးကိုင်း သိ၍ တရားအားလျော်စွာ အကျိုးအားလျော်စွာ ကျင့်အပ်၏။ ရဟန်းတို့ တရားမဟုတ်ဟူသည်ငင်း အကျိုးမဲ့ဟူသည်ငင်း အဘယ်နည်း။ မှားယွင်းသော အမြင်၊ မှားယွင်းသော အကြံအစည်၊ မှားယွင်းသော စကား၊ မှားယွင်းသော အလုပ်၊ မှားယွင်းသော အသက်မွေးမှု၊ မှားယွင်းသော လုံ့လ၊ မှားယွင်းသော သတိ၊ မှားယွင်းသော သမာဓိ၊ မှားယွင်းသော ဉာဏ်၊ မှားယွင်းသော လွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို တရားမဟုတ်ဟူ၍ငင်း၊ အကျိုးမဲ့ဟူ၍ငင်း ဆိုအပ်၏။

ရဟန်းတို့ တရားဟူသည်ငင်း အကျိုးဟူသည်ငင်း အဘယ်နည်း။မှန်ကန်သောအမြင်၊ မှန်ကန်သော အကြံအစည်၊ မှန်ကန်သော စကား၊ မှန်ကန်သော အလုပ်၊ မှန်ကန်သော အသက်မွေးမှု၊ မှန်ကန်သော လုံ့လ၊ မှန်ကန်သော သတိ၊ မှန်ကန်သော သမာဓိ၊ မှန်ကန်သော ဉာဏ်၊မှန်ကန်သော လွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို တရားဟူ၍ငင်း အကျိုးဟူ၍ငင်း ဆိုအပ်၏။ "တရားမဟုတ်သည်ကိုင်း အကျိုးမဲ့ကိုင်း သိ၍ တရားကိုင်း အကျိုးကိုင်း သိ၍ တရားအားလျော်စွာ အကျိုးအားလျော်စွာ ကျင့်အပ်၏"ဟု ဆိုခဲ့သော စကားကို ဤသည် ကိုစွဲ၍ ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဒုတိယ အဓမ္မသုတ်

၁၁၄။ ရဟန်းတို့ တရားမဟုတ်သည်ကိုင်း တရားကိုင်း သိအပ်၏၊ အကျိုးမဲ့ကိုင်း အကျိုးကိုင်း သိအပ်၏၊ တရားမဟုတ်သည်ကိုင်း တရားကိုင်း သိ၍ အကျိုးမဲ့ကိုင်း အကျိုးကိုင်း သိ၍ တရားအားလျော်စွာ အကျိုးအားလျော်စွာ ကျင့်အပ်၏။ ရဟန်းတို့ တရားမဟုတ်ဟူသည် အဘယ်နည်း၊ တရားဟူသည် အဘယ်နည်း၊ အကျိုးမဲ့ဟူသည် အဘယ်နည်း၊ အကျိုးဟူသည် အဘယ်နည်း။ ရဟန်းတို့ မှားယွင်းသော အမြင်သည် တရားမဟုတ်၊ မှန်ကန်သော အမြင်သည် တရားမည်၏။ မှားယွင်းသောအမြင် ဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဤသည်ကား အကျိုးမဲ့တည်း။ မှန်ကန်သော အမြင်ဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ရောက်ကုန်၏၊ ဤသည်ကား အကျိုးတည်း။

ရဟန်းတို့ မှားယွင်းသော အကြံအစည်သည် တရားမဟုတ်၊ မှန်ကန်သော အကြံအစည်သည် တရားမည်၏။ မှားယွင်းသော အကြံအစည်ဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဤသည်ကား အကျိုးမဲ့တည်း။ မှန်ကန်သော အကြံအစည်ဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ဤသည်ကား အကျိုးတည်း။

http://www.dhammadownload.com



ရဟန်းတို့ မှားယွင်းသော စကားသည် တရားမဟုတ်၊မှန်ကန်သော စကားသည် တရားမည်၏။ မှားယွင်းသော စကားဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဤသည်ကား အကျိုးမဲ့တည်း။ မှန်ကန်သော စကားဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများ ပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ဤသည်ကား အကျိုးတည်း။

ရဟန်းတို့ မှားယွင်းသော အလုပ်သည် တရားမဟုတ်၊ မှန်ကန်သော အလုပ်သည် တရားမည်၏။ မှားယွင်းသော အလုပ်ဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဤသည်ကား အကျိုးမဲ့တည်း။ မှန်ကန်သော အလုပ်ဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ဤသည်ကား အကျိုးတည်း။

ရဟန်းတို့ မှားယွင်းသော အသက်မွေးမှုသည် တရားမဟုတ်၊ မှန်ကန်သော အသက်မွေးမှုသည် တရားမည်၏။ မှားယွင်းသော အသက်မွေးမှုဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဤသည်ကား အကျိုးမဲ့တည်း။ မှန်ကန်သော အသက်မွေးမှုဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများ ပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ဤသည်ကား အကျိုးတည်း။

ရဟန်းတို့ မှားယွင်းသော လုံ့လသည် တရားမဟုတ်၊ မှန်ကန်သော လုံ့လသည် တရားမည်၏။ မှားယွင်းသော လုံ့လဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ဤသည်ကား အကျိုးမဲ့တည်း။ မှန်ကန်သောလုံ့လဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ဤသည်ကား အကျိုးတည်း။

ရဟန်းတို့ မှားယွင်းသောသတိသည် တရားမဟုတ်၊ မှန်ကန်သော သတိသည် တရားမည်၏။ မှားယွင်းသော သတိဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဤသည်ကား အကျိုးမဲ့တည်း။ မှန်ကန်သော သတိဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများ ပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ဤသည်ကား အကျိုးတည်း။

ရဟန်းတို့ မှားယွင်းသောသမာဓိသည် တရားမဟုတ်၊ မှန်ကန်သော သမာဓိသည် တရားမည်၏။ မှားယွင်းသော သမာဓိ ဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဤသည်ကား အကျိုးမဲ့တည်း။ မှန်ကန်သော သမာဓိဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ဤသည်ကား အကျိုးတည်း။

ရဟန်းတို့ မှားယွင်းသော ဉာဏ်သည် တရားမဟုတ်၊ မှန်ကန်သော ဉာဏ်သည် တရားမည်၏။ မှားယွင်းသော ဉာဏ်ဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဤသည်ကား အကျိုးမဲ့တည်း။ မှန်ကန်သော ဉာဏ်ဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများ ပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ဤသည်ကား အကျိုးတည်း။

http://www.dhammadownload.com



ရဟန်းတို့ မှားယွင်းသော လွတ်မြောက်မှုသည် တရားမဟုတ်၊ မှန်ကန်သော လွတ်မြောက်မှုသည် တရားမည်၏။မှားယွင်းသော လွတ်မြောက်မှုဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဤသည်ကား အကျိုးမဲ့တည်း။ မှန်ကန်သော လွတ်မြောက်မှုဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများ ပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ဤသည်ကား အကျိုးတည်း။

"ရဟန်းတို့ တရားမဟုတ်သည်ကိုရင်း တရားကိုရင်း သိအပ်၏၊ အကျိုးမဲ့ကိုရင်း အကျိုးကိုရင်း သိအပ်၏၊ တရားမဟုတ်သည်ကိုရင်း တရားကိုရင်း သိ၍ အကျိုးမဲ့ကိုရင်း အကျိုးကိုရင်း သိ၍ တရားအားလျော်စွာ အကျိုးအားလျော်စွာ ကျင့်အပ်၏"ဟု ဆိုခဲ့သောစကားကို ဤသည်ကို စွဲ၍ ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-တတိယ အဓမ္မသုတ်

၁၁၅။ ရဟန်းတို့ တရား မဟုတ်သည်ကိုရင်း တရားကိုရင်း သိအပ်၏၊ အကျိုးမဲ့ကိုရင်း အကျိုးကိုရင်း သိအပ်၏၊ တရား မဟုတ်သည်ကိုရင်း တရားကိုရင်း သိ၍ အကျိုးမဲ့ကိုရင်း အကျိုးကိုရင်း သိ၍ တရားအားလျော်စွာ အကျိုးအားလျော်စွာ ကျင့်အပ်၏ဟု ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၍ နေရာမှထကာ ကျောင်းသို့ ဝင်တော်မူ၏။

ထို့နောက် မြတ်စွာဘုရားဖဲကြွ၍ မကြာမီ ထိုရဟန်းတို့အား—"ငါ့သျှင်တို့ မြတ်စွာဘုရားသည် ရဟန်းတို့ တရားမဟုတ်သည်ကိုရင်း တရားကိုရင်း သိအပ်၏၊ အကျိုးမဲ့ကိုရင်း အကျိုးကိုရင်း သိအပ်၏၊ တရား မဟုတ်သည်ကိုရင်း တရားကိုရင်း သိ၍ အကျိုးမဲ့ကိုရင်း အကျိုးကိုရင်း သိ၍ တရားအားလျော်စွာ အကျိုးအားလျော်စွာ ကျင့်ရမည်ဟူ၍ အကျဉ်းအားဖြင့် ညွှန်ပြချက်ကို ညွှန်ပြတော်မူ၍ အကျယ်အားဖြင့် အနက်ကို ဝေဖန်တော်မမူပဲ နေရာမှထကာ ကျောင်းသို့ ဝင်တော်မူ၏။ အဘယ်သူသည် မြတ်စွာဘုရား အကျဉ်းအားဖြင့် ညွှန်ပြတော်မူ၍ အကျယ်အားဖြင့် အနက်ကို မဝေဖန်ရသေးသော ညွှန်ပြချက်ကို အကျယ်အားဖြင့် အနက်ကို ဝေဖန်နိုင်ရာသနည်း" ဟု အကြံ ဖြစ်၏။

ထို့နောက် ထိုရဟန်းတို့အား "ဤအသျှင်အာနန္ဒာကို မြတ်စွာဘုရားသည်လည်း ချီးမွမ်းတော်မူအပ်၏၊ သိနားလည်သော သီတင်းသုံးဖော်တို့သည်လည်း ချီးကျူးအပ်၏၊ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား အကျဉ်းအားဖြင့် ပြတော်မူ၍ အကျယ်အားဖြင့် အနက်ကို ဝေဖန်တော် မမူသော ဤညွှန်ပြချက်ကို အကျယ်အားဖြင့် အနက်ကို ဝေဖန်ရန် စွမ်းနိုင်၏၊ ငါတို့သည် အသျှင်အာနန္ဒာအထံသို့ ချဉ်းကပ်ကြ၍ အသျှင်အာနန္ဒာအား ထိုအနက်ကို မေးကြရမူ ငါတို့အား အသျှင်အာနန္ဒာ ဖြေဆိုသည့်အတိုင်း ထိုအနက်ကို ဆောင်ကြရမူ ကောင်းလေစွ" ဟု အကြံ ဖြစ်ပြန်၏။ ထို့နောက် ထိုရဟန်းတို့သည် အသျှင်အာနန္ဒာအထံသို့ ချဉ်းကပ်ကြကာ အသျှင်အာနန္ဒာနှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်နေကြကုန်လျက် အသျှင်အာနန္ဒာအား ငါ့သျှင်အာနန္ဒာ မြတ်စွာဘုရားသည် တရားမ

http://www.dhammadownload.com



ဟုတ်သည်ကိုင်း။ပ။အကျိုးအားလျော်စွာ ကျင့်အပ်၏”ဟု အကျဉ်းအားဖြင့် ညွှန်ပြချက်ကို ညွှန်ပြတော်မူ၍ အကျယ်အားဖြင့် အနက်ကို ဝေဖန်တော်မမူပဲ နေရာမှ ထကာ ကျောင်းသို့ ဝင်တော်မူပါသည်၊ ငါ့သျှင် မြတ်စွာဘုရား ဖဲကြွ၍ မကြာမီ ထိုငါတို့အား“ငါ့သျှင်တို့ မြတ်စွာဘုရားသည် ‘တရားမဟုတ်သည်ကိုင်း။ပ။အကျိုးအားလျော်စွာ ကျင့်အပ်၏’ဟု ဤအကျဉ်းအားဖြင့် ညွှန်ပြချက်ကို ပြတော်မူ၍ အကျယ်အားဖြင့် အနက်ကို ဝေဖန်တော်မမူပဲ နေရာမှ ထကာ ဖဲကြွတော်မူ၏၊ အဘယ်သူသည် မြတ်စွာဘုရား အကျဉ်းညွှန်ပြတော်မူ၍ အကျယ်အားဖြင့် အနက်ကို ဝေဖန်တော်မမူသော ဤညွှန်ပြချက်ကို အကျယ်အားဖြင့် အနက်ကို ဝေဖန်နိုင်ရာသနည်း”ဟု အကြံဖြစ်ပြန်ပါသည်။ ငါ့သျှင် ထိုငါတို့အား “ဤအသျှင်အာနန္ဒာကို မြတ်စွာဘုရားသည်လည်း ချီးမွမ်းတော်မူအပ်၏၊ သိနားလည်သော သီတင်းသုံးဖော်တို့သည်လည်း ချီးကျူးအပ်၏၊ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား အကျဉ်းအားဖြင့် ညွှန်ပြတော်မူ၍ အကျယ်အားဖြင့် အနက်ကို ဝေဖန်တော်မမူသော ဤညွှန်ပြချက်ကို အကျယ်အားဖြင့် အနက်ကို ဝေဖန်ခြင်းငှါ စွမ်းနိုင်၏၊ ငါတို့သည် အသျှင်အာနန္ဒာအထံသို့ ချဉ်းကပ်၍ အသျှင်အာနန္ဒာအား ထိုအနက်ကို မေးကြရမူ ငါတို့အား အသျှင်အာနန္ဒာဖြေဆိုသည့်အတိုင်း ဆောင်ကြရမူ ကောင်းလေစွ”ဟု အကြံဖြစ်ပါ၏။ အသျှင်အာနန္ဒာသည် ဝေဖန်တော်မူပါလော့ဟု (လျှောက်ထားကုန်၏)။

ငါ့သျှင်တို့ အနှစ်ကိုအလိုရှိ၍ အနှစ်ကိုရှာမှီးလေ့ရှိသော ယောက်ျားသည် အနှစ်ကိုရှာရန် လှည့်လည်လတ်သော် အနှစ်ရှိသည်ဖြစ်၍ တည်နေသော သစ်ပင်ကြီး၏ အမြစ်ကို ကျော်လွန်ကာပင် ပင်စည်ကို ကျော်လွန်ကာပင် အခက်အရွက်၌ အနှစ်ကိုရှာသင့်သည်ဟု မှတ်ထင်ရာသကဲ့သို့ ဤအတူပင် ဤ (ဥပမာ၏) ပြည့်စုံခြင်းသည်ဖြစ်၏၊ အသျှင်တို့သည် မြတ်စွာဘုရားမျက်မှောက်ဖြစ်တော်မူပါလျက် ထိုမြတ်စွာဘုရားကို ကျော်လွန်ကာ အကျွန်ုပ်တို့အား ထိုအနက်ကို မေးသင့်သည်ဟု မှတ်ထင်ကုန်ဘိ၏။ ငါ့သျှင်တို့ ထိုမြတ်စွာဘုရားသည် သိသင့်သည်ကိုသိတော်မူ၏၊ မြင်သင့်သည်ကို မြင်တော်မူ၏၊ လူတို့၏ မျက်စိသဖွယ် ဖြစ်တော်မူ၏၊ ဉာဏ်သဖွယ်ဖြစ်တော်မူ၏၊ တရားတုံး တရားခဲ ဖြစ်တော်မူ၏၊ အမြတ်ဆုံး ဖြစ်တော်မူ၏၊ မိန့်ဆိုတော်မူတတ်၏၊ ဆုံးမတော်မူတတ်၏၊ အကျိုးကို ဆောင်တော်မူတတ်၏၊ အမြိုက် (နိဗ္ဗာန်)ကို ပေးတော်မူတတ်၏၊ တရားအရှင် ဖြစ်တော်မူ၏၊ ရှေးဘုရားတို့ အတူ လာတော်မူ၏၊ သင်တို့သည် မြတ်စွာဘုရားသို့ သာလျှင် ချဉ်းကပ်၍ ထိုအနက်ကို မေးကုန်ရာ၏။ သင်တို့အား မြတ်စွာဘုရား ဖြေဆိုတော်မူသည့်အတိုင်း ဆောင်ကုန်ရာ၏၊ ထိုမေးခြင်း ဆောင်ခြင်း၏ အချိန်အခါပင်တည်းဟု(မိန့်ဆို၏)။

ငါ့သျှင်အာနန္ဒာ စင်စစ် မြတ်စွာဘုရားသည် သိသင့်သည်ကို သိတော်မူ၏၊ မြင်သင့်သည်ကို မြင်တော်မူ၏၊ မျက်စိသဖွယ်ဖြစ်တော်မူ၏၊ ဉာဏ်သဖွယ်ဖြစ်တော်မူ၏၊ တရားတုံး တရားခဲဖြစ်တော်မူ၏၊ အမြတ်ဆုံးဖြစ်တော်မူ၏၊ မိန့်ဆိုတော်မူတတ်၏၊ ဆုံးမတော်မူတတ်၏၊ အကျိုးကို ဆောင်တော်မူတတ်၏၊ အမြိုက်(နိဗ္ဗာန်)ကို ပေးတော်မူတတ်၏၊ တရားအရှင် ဖြစ်တော်မူ၏၊ ရှေးဘုရားတို့ အတူ လာတော်မူ၏၊ အကျွန်ုပ်တို့သည် ထိုမြတ်စွာဘုရားသို့သာလျှင် ချဉ်းကပ်၍ ထိုအနက်ကို မေးကုန်ရာ၏၊ အကျွန်ုပ်တို့အား မြတ်စွာဘုရား ဖြေဆိုတော်မူသည့်အတိုင်း ဆောင်ကုန်ရာ၏၊ ထိုမေးခြင်း ဆောင်ခြင်း၏ အချိန်အခါပင် ဖြစ်ပါ၏။ သို့ပါသော်လည်း အသျှင်အာနန္ဒာကို မြတ်စွာဘုရားသည်လည်း ချီးမွမ်းတော်မူအပ်ပါ၏၊ သိနားလည်သော သီတင်းသုံးဖော်တို့သည်လည်း ချီးကျူးအပ်ပါ၏၊ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား အကျဉ်းအားဖြင့် ညွှန်ပြတော်မူ၍ အကျယ်အားဖြင့် အနက်ကို ဝေဖန်တော်မမူသော ဤညွှန်ပြချက်ကို အကျယ်အား

http://www.dhammadownload.com



ဖြင့် အနက်ကို ဝေဖန်ရန် စွမ်းနိုင်ပါ၏။ အသျှင်အာနန္ဒာသည် ဝန်မလေးပဲ ဝေဖန်တော်မူပါလော့ဟု (လျှောက်ကုန်၏)။ ငါ့သျှင်တို့ ထိုသို့ဖြစ်လျှင် နာကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောပေအံ့ဟု (မိန့်ဆို၏)။ "ငါ့သျှင် ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် အသျှင်အာနန္ဒာအား ပြန်ကြား လျှောက်ထားကုန်၏။ ထိုအခါ အသျှင်အာနန္ဒာသည် ဤစကားကို မိန့်ဆို၏—

ငါ့သျှင်တို့ မြတ်စွာဘုရားသည် "ရဟန်းတို့ တရားမဟုတ်သည်ကိုရင်း တရားကိုရင်း သိအပ်၏၊ အကျိုးမဲ့ကိုရင်း အကျိုးကိုရင်း သိအပ်၏၊ တရားမဟုတ်သည်ကိုရင်း တရားကိုရင်း သိ၍ အကျိုးမဲ့ ကိုရင်း အကျိုးကိုရင်း သိ၍ တရားအားလျော်စွာ အကျိုးအားလျော်စွာ ကျင့်အပ်၏"ဟု အကျဉ်းအားဖြင့် ညွှန်ပြချက်ကို ညွှန်ပြတော်မူကာ အကျယ်အားဖြင့် အနက်ကို ဝေဖန်တော် မမူပဲ နေရာမှ ထကာ ကျောင်းသို့ ဝင်တော်မူ၏၊ ငါ့သျှင်တို့ တရားမဟုတ်ဟူသည် အဘယ်နည်း၊ တရားဟူသည် အဘယ်နည်း၊ အကျိုးမဲ့ဟူသည် အဘယ်နည်း၊ အကျိုးဟူသည် အဘယ်နည်း။

ငါ့သျှင်တို့ မှားယွင်းသော အမြင်သည် တရားမဟုတ်၊ မှန်ကန်သော အမြင်သည် တရားမည် ၏။ မှားယွင်းသော အမြင်ဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဤသည်ကား အကျိုးမဲ့တည်း။ မှန်ကန်သော အမြင်ဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက် ကုန်၏၊ ဤသည်ကား အကျိုးတည်း။

ငါ့သျှင်တို့ မှားယွင်းသော အကြံအစည်သည် တရားမဟုတ်၊ မှန်ကန်သော အကြံအစည်သည် တရားမည်၏။ ငါ့သျှင်တို့ မှားယွင်းသောစကားသည် တရားမဟုတ်၊ မှန်ကန်သောစကားသည် တရားမည်၏။ ငါ့သျှင်တို့ မှားယွင်းသော အလုပ်သည် တရား မဟုတ်၊ မှန်ကန်သော အလုပ်သည် တရားမည်၏။ ငါ့သျှင်တို့ မှားယွင်းသော အသက်မွေးမှုသည် တရား မဟုတ်၊ မှန်ကန်သော အသက်မွေးမှုသည် တရားမည်၏။ ငါ့သျှင်တို့ မှားယွင်းသော လုံ့လသည် တရား မဟုတ်၊ မှန်ကန် သော လုံ့လသည် တရားမည်၏။ ငါ့သျှင်တို့ မှားယွင်းသော သတိသည် တရား မဟုတ်၊ မှန်ကန် သော သတိသည် တရားမည်၏။ ငါ့သျှင်တို့ မှားယွင်းသော သမာဓိသည် တရား မဟုတ်၊ မှန်ကန် သော သမာဓိသည် တရားမည်၏။ ငါ့သျှင်တို့ မှားယွင်းသော ဉာဏ်သည် တရား မဟုတ်၊ မှန်ကန် သော ဉာဏ်သည် တရားမည်၏။ငါ့သျှင်တို့ မှားယွင်းသော လွတ်မြောက်မှုသည် တရားမဟုတ်၊ မှန်ကန်သော လွတ်မြောက်မှုသည်တရားမည်၏။မှားယွင်းသောလွတ်မြောက်မှုဟူသောအကြောင်း ကြောင့် များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဤသည်ကား အကျိုးမဲ့တည်း။ မှန်ကန်သော လွတ်မြောက်မှုဟူသော အကြောင်းကြောင့် များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ဤသည်ကား အကျိုးတည်း။

ငါ့သျှင်တို့ မြတ်စွာဘုရားသည် "ရဟန်းတို့ တရား မဟုတ်သည်ကိုရင်း တရားကိုရင်း သိအပ် ၏။ပ။အကျိုးအားလျော်စွာ ကျင့်အပ်၏"ဟု ဤအကျဉ်းအားဖြင့် ညွှန်ပြချက်ကို ညွှန်ပြတော်မူ ကာ အကျယ်အားဖြင့် အနက်ကို ဝေဖန်တော် မမူပဲ နေရာမှ ထကာ ကျောင်းသို့ ဝင်တော်မူ၏၊ ငါ့သျှင်တို့ ငါသည် မြတ်စွာဘုရား အကျဉ်း အားဖြင့် ညွှန်ပြတော်မူ၍ အကျယ်အားဖြင့် အနက် ကို ဝေဖန်တော် မမူသော ညွှန်ပြချက်ကို ဤသို့ အကျယ်အားဖြင့် အနက်ကို သိပါ၏။ ငါ့သျှင်တို့ သင်တို့သည် အလိုရှိကြပါမူ မြတ်စွာဘုရားသို့သာလျှင် ချဉ်းကပ်၍ ထိုအနက်ကို မေးလျှောက်ကုန်လော့၊ မြတ်စွာဘုရား ဖြေဆိုတော်မူသည့်အတိုင်း ထိုအနက်ကို ဆောင်ကုန်လော့ ဟု(မိန့်ဆို၏)။

http://www.dhammadownload.com



"ငါ့သျှင် ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် အသျှင်အာနန္ဒာ ပြောဆိုချက်ကို နှစ်သက် ဝမ်းမြောက်ကြ၍ နေရာမှထကာ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ကြပြီးလျှင် ရှိခိုးပြီး၍ တခုသောနေရာ၌ ထိုင်နေကြလျက် မြတ်စွာဘုရားအား—(အသျှင်ဘုရား) အကျွန်ုပ်တို့အား မြတ်စွာဘုရားသည် "ရဟန်းတို့ တရားမဟုတ်သည်ကိုရင်း ကရားကိုရင်း သိအပ်၏။ပ။အကျိုးအားလျော်စွာ ကျင့်အပ်၏"ဟု အကျဉ်းအားဖြင့် ညွှန်ပြချက်ကို ညွှန်ပြတော်မူကာ အကျယ်အားဖြင့် အနက်ကိုဝေဖန်တော်မမူပဲ နေရာမှထကာ ကျောင်းသို့ ဝင်တော်မူပါ၏၊ အသျှင်ဘုရား ထိုအကျွန်ုပ်တို့အား မြတ်စွာဘုရား ဖဲကြွ၍ မကြာမီ "ငါ့ သျှင်တို့ ငါတို့အား မြတ်စွာဘုရားသည် 'ရဟန်းတို့ တရား မဟုတ်သည်ကိုရင်း တရားကိုရင်း သိအပ်၏။ပ။ အကျိုးအားလျော်စွာ ကျင့်အပ်၏'ဟု ညွှန်ပြချက်ကို ညွှန်ပြတော်မူကာ အကျယ်အားဖြင့် အနက်ကို ဝေဖန်တော်မမူပဲ နေရာမှထကာ ကျောင်းသို့ ဝင်တော်မူ၏၊ အဘယ်သူသည် မြတ်စွာဘုရား အကျဉ်းအားဖြင့် ညွှန်ပြတော်မူ၍ အကျယ်အားဖြင့် အနက်ကို ဝေဖန်တော်မမူသော ဤညွှန်ပြချက်ကို အကျယ်အားဖြင့် အနက်ကို ဝေဖန်နိုင်ရာသနည်း"ဟု အကြံဖြစ်ပါ၏။ အသျှင်ဘုရား ထိုအကျွန်ုပ်တို့အား—"ဤအသျှင်အာနန္ဒာကို မြတ်စွာဘုရားလည်း ချီးမွမ်းတော်မူအပ်၏၊ သိနားလည်သော သီတင်းသုံးဖော်တို့သည်လည်း ချီးကျူးအပ်၏၊ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား အကျဉ်းအားဖြင့် ညွှန်ပြတော်မူ၍ အကျယ်အားဖြင့် အနက်ကို ဝေဖန်တော်မမူသော ဤညွှန်ပြချက်ကို အကျယ်အားဖြင့် အနက်ကို ဝေဖန်ရန် စွမ်းနိုင်၏၊ ငါတို့သည် အသျှင်အာနန္ဒာအထံသို့ ချဉ်းကပ်ကြ၍ အသျှင်အာနန္ဒာအား ဤအနက်ကို မေးကြရမူ ငါတို့အား အသျှင်အာနန္ဒာ ဖြေဆိုသည့်အတိုင်း ဆောင်ကြရမူ ကောင်းလေစွ"ဟု အကြံဖြစ်ပြန်ပါ၏။ အသျှင်ဘုရား ထို့နောက် အကျွန်ုပ်တို့သည် အသျှင်အာနန္ဒာအထံသို့ ချဉ်းကပ်ကြ၍ ထိုအနက်ကို မေးကြပါ၏၊ အသျှင်ဘုရား ထိုအကျွန်ုပ်တို့အား အသျှင်အာနန္ဒာသည် ဤအခြင်းအရာတို့ဖြင့် ဤပုဒ်တို့ဖြင့် ဤသဒ္ဒါတို့ဖြင့် အနက်ကို ကောင်းစွာ ဝေဖန်ပါ၏ဟု လျှောက်ထားကြကုန်၏။

ရဟန်းတို့ ကောင်းပေစွ ကောင်းပေစွ၊ ရဟန်းတို့ အာနန္ဒာသည် ပညာရှိ၏၊ အာနန္ဒာသည် ကြီးသော ပညာရှိ၏။ ရဟန်းတို့ သင်တို့သည် ငါ့ကို ချဉ်းကပ်၍ ဤအနက်ကို မေးကြလျှင်လည်း ငါသည်လည်း ထိုအနက်ကို အာနန္ဒာ ဖြေဆိုသကဲ့သို့သာ ဖြေဆိုရာ၏၊ ထိုစကား၏ အနက်ကား ဤသည်ပင်တည်း၊ ထိုအနက်ကို ဤသို့သာ မှတ်ဆောင်ထားကုန်ရာ၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-အဇိတသုတ်

၁၁၆။ ထိုအခါ အဇိတပရိဗိုဇ်သည် မြတ်စွာဘုရားအထံသို့ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—အသျှင်ဂေါတမ အကျွန်ုပ်တို့အား ပဏ္ဍိတမည်သော သီတင်းသုံးဖော်သည် ရှိပါ၏၊ ထိုသူသည် စိတ်ဖြစ်ပုံ ငါးရာတို့ကို ကြံစည်အပ်ကုန်၏၊ ယင်းကြံစည်ချက်တို့ဖြင့် အခြားအယူရှိသူတို့သည် အနိုပ်စက်ခံကြရ၍ ငါတို့ အနိုပ်စက်ခံကြရသည်ဟု သိကြပါကုန်၏ဟု လျှောက်၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့ ပညာရှိဖြစ်ခြင်း၏ အကြောင်း 'ပဏ္ဍိတဝတ္ထု'တို့ကို ဆောင်ကုန်လော့"ဟု မိန့်တော်မူ၏။ မြတ်စွာဘုရားသည် အကြင်တရားကို ဟောတော်မူရာ၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား ထိုတရားကို ဟောတော်မူရာ အခါပါတည်း၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ထိုတရားကို ဟောတော်မူရာ အခါပါတည်း၊ မြတ်စွာဘုရားထံမှ ကြားနာရ၍ ရဟန်းတို့သည် ဆောင်ထားကြပါကုန်လိမ့်မည်ဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ ထိုသို့ဖြစ်လျှင် နာကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောပေအံ့ ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။

ရဟန်းတို့ ဤလောက၌ အချို့သောသူသည် တရားမဲ့ အယူဝါဒဖြင့် တရားမဲ့ အယူဝါဒကို အလွန်ဖိ၏၊ အလွန်နှိပ်၏၊ ထိုအယူဝါဒဖြင့်လည်း တရားမဲ့သော ပရိသတ်ကို တပ်စွန်းစေ၏၊ ထို အယူဝါဒဖြင့် ထိုတရားမဲ့သော ပရိသတ်သည် "အချင်းတို့ ပညာရှိစွတကား၊ အချင်းတို့ ပညာရှိစွ တကား"ဟု ပြင်းပြ ကျယ်လောင်သောအသံ ရှိ၏။

ရဟန်းတို့ ဤလောက၌ အချို့သောသူသည် တရားမဲ့ အယူဝါဒဖြင့် တရားရှိ အယူဝါဒကို အလွန် ဖိ၏၊ အလွန် နှိပ်၏၊ ထိုအယူဝါဒဖြင့်လည်း တရားမဲ့သော ပရိသတ်ကို တပ်စွန်းစေ၏၊ ထို အယူဝါဒဖြင့် ထိုတရားမဲ့သော ပရိသတ်သည် "အချင်းတို့ ပညာရှိစွတကား၊ အချင်းတို့ ပညာရှိစွ တကား"ဟု ပြင်းပြ ကျယ်လောင်သောအသံ ရှိ၏။

ရဟန်းတို့ ဤလောက၌ အချို့သောသူသည် တရားမဲ့ အယူဝါဒဖြင့် တရားရှိ အယူဝါဒကို ၎င်း၊ တရားမဲ့ အယူဝါဒကို၎င်း အလွန် ဖိ၏၊ အလွန် နှိပ်၏၊ ထိုအယူဝါဒဖြင့်လည်း တရားမဲ့သော ပရိသတ်ကို တပ်စွန်းစေ၏၊ ထိုအယူဝါဒဖြင့် ထိုတရားမဲ့သော ပရိသတ်သည် "အချင်းတို့ ပညာရှိစွ တကား၊ အချင်းတို့ ပညာရှိစွတကား" ဟု ပြင်းပြ ကျယ်လောင်သောအသံ ရှိ၏။

ရဟန်းတို့ တရား မဟုတ်သည်ကို၎င်း တရားကို၎င်း သိအပ်၏၊ ရဟန်းတို့ အကျိုးမဲ့ကို၎င်း အကျိုးကို၎င်း သိအပ်၏၊ တရား မဟုတ်သည်ကို၎င်း တရားကို၎င်း သိ၍ အကျိုးမဲ့ကို၎င်း အကျိုးကို၎င်း သိ၍ တရားအားလျော်စွာ အကျိုးအားလျော်စွာ ကျင့်အပ်၏။ ရဟန်းတို့ တရား မဟုတ်ဟူသည် အဘယ်နည်း၊ တရားဟူသည် အဘယ်နည်း၊ အကျိုးမဲ့ဟူသည် အဘယ်နည်း၊ အကျိုးဟူသည် အဘယ်နည်း။ ရဟန်းတို့ မှားယွင်းသော အမြင်သည် တရားမဟုတ်၊ မှန်ကန်သော အမြင်သည် တရားမည်၏။ မှားယွင်းသော အမြင်ဟူသော အကြောင်းကြောင့် များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဤသည်ကား အကျိုးမဲ့တည်း။ မှန်ကန်သော အမြင်ဟူသော အကြောင်းကြောင့် များစွာကုန်သော ကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဤသည် ကား အကျိုးတည်း။

ရဟန်းတို့ မှားယွင်းသော အကြံအစည်သည် တရားမဟုတ်၊ မှန်ကန်သော အကြံအစည်သည် တရားမည်၏။ ရဟန်းတို့ မှားယွင်းသော စကားသည် တရားမဟုတ်၊ မှန်ကန်သော စကားသည် တရားမည်၏။ ရဟန် တို့ မှားယွင်းသော အလုပ်သည် တရားမဟုတ်၊ မှန်ကန်သော အလုပ်သည် တရား မည်၏။ ရဟန်းတို့ မှားယွင်းသော အသက်မွေးမှုသည် တရားမဟုတ်၊ မှန်ကန်သော အသက်မွေးမှုသည် တရားမည်၏။ ရဟန်းတို့ မှားယွင်းသော လုံ့လသည် တရားမဟုတ်၊ မှန်ကန် သော လုံ့လသည် တရားမည်၏။ ရဟန်းတို့ မှားယွင်းသောသတိသည် တရား မဟုတ်၊ မှန်ကန်

http://www.dhammadownload.com



သောသတိသည် တရားမည်၏။ ရဟန်းတို့ မှားယွင်းသောသမာဓိသည် တရားမဟုတ်၊ မှန်ကန်သော သမာဓိသည် တရားမည်၏။ ရဟန်းတို့ မှားယွင်းသော ဉာဏ်သည် တရားမဟုတ်၊ မှန်ကန်သော ဉာဏ်သည် တရားမည်၏။ ရဟန်းတို့ မှားယွင်းသော လွတ်မြောက်မှုသည် တရားမဟုတ်၊ မှန်ကန်သော လွတ်မြောက်မှုသည် တရားမည်၏။ မှားယွင်းသော လွတ်မြောက်းမှု ဟူသော အကြောင်းကြောင့် များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဤသည်ကား အကျိုးမဲ့တည်း။ မှန်ကန်သော လွတ်မြောက်မှုဟူသော အကြောင်းကြောင့် များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ဤသည်ကား အကျိုးတည်း။

"ရဟန်းတို့ တရားမဟုတ်သည်ကိုငင်း တရားကိုငင်း သိအပ်၏၊ အကျိုးမဲ့ကိုငင်း အကျိုးကိုငင်း သိအပ်၏၊ တရားမဟုတ်သည်ကိုငင်း တရားကိုငင်း သိ၍ အကျိုးမဲ့ကိုငင်း အကျိုးကိုငင်း သိ၍ တရားအားလျော်စွာ အကျိုးအားလျော်စွာ ကျင့်ရမည်" ဟု ဆိုခဲ့သော စကားကို ဤသည်ကို စွဲ၍ ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-သင်္ဂါရဝသုတ်

၁၁၇။ ထိုအခါ သင်္ဂါရဝပုဏ္ဏားသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—"အသျှင်ဂေါတမ ဤမှာဖက်ကမ်းဟူသည် အဘယ်ပါနည်း၊ ထိုမှာဖက်ကမ်းဟူသည် အဘယ်ပါနည်း"ဟု လျှောက်၏။

ပုဏ္ဏား မှားယွင်းသောအမြင်သည် ဤမှာဖက်ကမ်းတည်း၊ မှန်ကန်သောအမြင်သည် ထိုမှာဖက်ကမ်းတည်း။ မှားယွင်းသော အကြံအစည်သည် ဤမှာဖက်ကမ်းတည်း၊ မှန်ကန်သောအကြံအစည်သည် ထိုမှာဖက်ကမ်းတည်း။ မှားယွင်းသောစကားသည် ဤမှာဖက်ကမ်းတည်း၊ မှန်ကန်သောစကားသည် ထိုမှာဖက်ကမ်းတည်း။ မှားယွင်းသောအလုပ်သည် ဤမှာဖက်ကမ်းတည်း၊ မှန်ကန်သောအလုပ်သည် ထိုမှာဖက်ကမ်းတည်း။ မှားယွင်းသောအသက်မွေးမှုသည် ဤမှာဖက်ကမ်းတည်း၊ မှန်ကန်သောအသက်မွေးမှုသည် ထိုမှာဖက်ကမ်းတည်း။ မှားယွင်းသော လုံ့လသည် ဤမှာဖက်ကမ်းတည်း၊ မှန်ကန်သောလုံ့လသည် ထိုမှာဖက်ကမ်းတည်း။ မှားယွင်းသောသတိသည် ဤမှာဖက်ကမ်းတည်း၊ မှန်ကန်သောသတိသည် ထိုမှာဖက်ကမ်းတည်း။ မှားယွင်းသောသမာဓိသည် ဤမှာဖက်ကမ်းတည်း၊ မှန်ကန်သောသမာဓိသည် ထိုမှာဖက်ကမ်းတည်း။ မှားယွင်းသောဉာဏ်သည် ဤမှာဖက်ကမ်းတည်း၊ မှန်ကန်သောဉာဏ်သည် ထိုမှာဖက်ကမ်းတည်း။ မှားယွင်းသော လွတ်မြောက်မှုသည် ဤမှာဖက်ကမ်းတည်း၊ မှန်ကန်သော လွတ်မြောက်မှုသည် ထိုမှာဖက်ကမ်းတည်း။ ပုဏ္ဏား ဤသည်ကား ဤမှာဖက်ကမ်းတည်း၊ ဤသည်ကား ထိုမှာဖက်ကမ်းတည်း ဟု (မိန့်တော်မူ၏)။

> လူတို့တွင် အကြင်လူတို့သည် ထိုမှာဖက်ကမ်း (နိဗ္ဗာန်) သို့ သွားရောက်ကုန်၏၊ ထိုလူတို့သည်ကား နည်းပါးကုန်လှ၏၊ ထို့ပြင် (ထိုမှာဖက်ကမ်းသို့သွားရောက်သူတို့မှ) တပါးသော ဤသတ္တဝါ အပေါင်းသည် ဤမှာဖက်ကမ်း(သက္ကာယဒိဋ္ဌိ) သို့သာလျှင် အဖန်ဖန် ပြေးသွား၏။

http://www.dhammadownload.com



အကြင်သူတို့သည်ကား ကောင်းစွာ ဟောတော်မူအပ်သော တရား၌ တရားအား လျော်စွာ ကျင့်ကုန်၏၊ ထိုသူတို့သည်သာ ကူးတက်နိုင်ခဲသော သေမင်း၏ တည်ရာ (ဝဋ်တရား) ကို (ကူးတက်ကာ) ထိုမှာဖက်ကမ်း (နိဗ္ဗာန်) သို့ ရောက်ကုန်လတ္တံ့။

ပညာရှိသည် မည်းညစ်သော (အကုသိုလ်)တရားကို ပယ်၍ ဖြူစင်သော (ကုသိုလ်) တရားကို ပွါးရာ၏၊ ကပ်ငြိရာ (ဝဋ်)မှ မကပ်ငြိရာ (နိဗ္ဗာန်) ကို အာရုံပြု၍ အကြင် ကင်းဆိတ်ရာ၌ မွေ့လျော်နိုင်ခဲ၏၊ ထိုကင်းဆိတ်ရာ၌ ကာမတို့ကို ပယ်စွန့်၍ ကြောင့်ကြ မရှိပဲ အလွန် မွေ့လျော်ခြင်းကို အလိုရှိရာ၏၊ ပညာရှိသည် စိတ်ညစ်ညူးခြင်းတို့မှ မိမိ ကိုယ်ကို ဖြူစင်စေရာ၏။

အကြင်သူတို့၏ စိတ်သည် သမ္ဗောဓိ၏ အင်္ဂါ (ဗောဇ္ဈင်) တို့၌ ကောင်းစွာ ပွါးပြီး ဖြစ်၏၊ အကြင်ပုဂ္ဂိုလ်တို့သည် စွဲလမ်းမှု မရှိပဲ စွဲလမ်းမှုကို စွန့်ရာ (နိဗ္ဗာန်)၌ မွေ့လျော် ကုန်၏၊အာသဝေါတရား ကုန်ပြီးကုန်သော တန်ခိုးအာနုဘော်ကြီးကုန်သောထို(ရဟန္တာ) ပုဂ္ဂိုလ်တို့သည် လောက၌ ထက်ဝန်းကျင် ချုပ်ငြိမ်းပြီး ဖြစ်ကုန်၏။

ပဌမသုတ်။

---

## ၆-ဒုတိယ တီရသုတ်

၁၁၈။ ရဟန်းတို့ ဤမှာဖက်ကမ်းကိုငှင်း ထိုမှာဖက်ကမ်းကိုငှင်း ဟောကြားပေအံ့၊ ထိုတရား ကို နာကုန်လော့ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောပေအံ့ ဟု (မိန့်တော်မူ၏)။ "အသျှင် ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။ရဟန်းတို့ ဤမှာဖက်ကမ်းဟူသည် အဘယ်နည်း၊ ထိုမှာဖက်ကမ်းဟူသည် အဘယ်နည်း။မှားယွင်းသော အမြင်သည် ဤမှာဖက်ကမ်းတည်း၊ မှန်ကန် သော အမြင်သည် ထိုမှာဖက်ကမ်းတည်း။ပ။ မှားယွင်းသော လွတ်မြောက်မှုသည် ဤမှာဖက်ကမ်း တည်း မှန်ကန်သော လွတ်မြောက်မှုသည် ထိုမှာဖက်ကမ်းတည်း။ ရဟန်းတို့ ဤသည်ကား ဤမှာ ဖက်ကမ်းတည်း၊ ဤသည်ကား ထိုမှာဖက်ကမ်းတည်းဟု (မိန့်တော်မူ၏)။

လူတို့တွင် အကြင်လူတို့သည် ထိုမှာဖက်ကမ်း (နိဗ္ဗာန်)သို့ သွားရောက်ကုန်၏၊ ထို လူတို့သည်ကား နည်းပါးလှကုန်၏၊ ထို့ပြင် (ထိုမှာဖက်ကမ်းသို့ သွားရောက်သူတို့မှ) တပါး သော ဤသတ္တဝါအပေါင်းသည် ဤမှာဖက်ကမ်း (သက္ကာယဒိဋ္ဌိ) သို့သာလျှင် အဖန်ဖန် ပြေးသွား၏။

အကြင် သူတို့သည်ကား ကောင်းစွာ ဟောတော်မူအပ်သော တရား၌ တရားအား လျော်စွာ ကျင့်ကုန်၏၊ ထိုသူတို့သည်သာ ကူးတက်နိုင်ခဲသော သေမင်း၏ တည်ရာ (ဝဋ်တရား)ကို (ကူးတက်ကာ) ထိုမှာဖက်ကမ်း (နိဗ္ဗာန်)သို့ ရောက်ကုန်လတ္တံ့။

ပညာရှိသည် မည်းညစ်သော (အကုသိုလ်) တရားကိုပယ်၍ ဖြူစင်သော (ကုသိုလ်) တရားကို ပွါးရာ၏၊ ကပ်ငြိရာ (ဝဋ်)မှ မကပ်ငြိရာ (နိဗ္ဗာန်) ကို အာရုံပြု၍ အကြင်

http://www.dhammadownload.com



ကင်းဆိတ်ရာ၌ မွေ့လျော်နိုင်ခဲ၏၊ ထိုကင်းဆိတ်ရာ၌ ကာမတို့ကို ပယ်စွန့်၍ ကြောင့်ကြ မရှိပဲ အလွန် မွေ့လျော်ခြင်းကို အလိုရှိရာ၏၊ ပညာရှိသည် စိတ်ညစ်ညူးခြင်းတို့မှ မိမိကိုယ်ကို ဖြူစင်စေရာ၏။

အကြင် သူတို့၏ စိတ်သည် သမ္ဗောဓိ၏ အင်္ဂါ (ဗောဇ္ဈင်)တို့၌ ကောင်းစွာ ပွါးပြီး ဖြစ်၏၊ အကြင် ပုဂ္ဂိုလ်တို့သည် စွဲလမ်းမှုမရှိပဲ စွဲလမ်းမှုကို စွန့်ရာ (နိဗ္ဗာန်)၌ မွေ့လျော်ကုန်၏၊အာသဝေါတရားကုန်ပြီးကုန်သော တန်ခိုးအာနုဘော်ကြီးကုန်သော ထို(ရဟန္တာ) ပုဂ္ဂိုလ်တို့သည် လောက၌ ထက်ဝန်းကျင် ချုပ်ငြိမ်းပြီး ဖြစ်ကုန်၏။

ဆဋ္ဌသုတ်။

## ၇-ပဌမ ပစ္စောရောဟဏိသုတ်

၁၁၉။ ထိုအခါ ဇာဏုဿောဏိပုဏ္ဏားသည် ထိုဥပုသ်နေ့၌ခေါင်းလျှော်ရေချိုးပြီး၍ အသစ်ဖြစ်သော ခေါမမည်သော အဝတ်စုံကို ဝတ်ကာ စိုသော သမန်းမြက်ဆုပ်ကို ယူ၍ မြတ်စွာဘုရား၏ အနီး တခုသော နေရာ၌ ရပ်တည်၏၊ မြတ်စွာဘုရားသည် ဥပုသ်နေ့၌ ခေါင်းလျှော်ရေချိုးပြီး၍ အသစ်ဖြစ်သော ခေါမမည်သော အဝတ်စုံကို ဝတ်ကာ စိုသော သမန်းမြက်ဆုပ်ကို ယူ၍ တခုသောနေရာ၌ ရပ်တည်နေသော ဇာဏုဿောဏိပုဏ္ဏားကို မြင်တော်မူ၍— "ပုဏ္ဏား အဘယ့်ကြောင့် သင်သည် ထိုဥပုသ်နေ့၌ ခေါင်းလျှော်ရေချိုးပြီး၍ အသစ်ဖြစ်သော ခေါမမည်သော အဝတ်စုံကို ဝတ်ကာ စိုသော သမန်းမြက်ဆုပ်ကို ယူ၍ တခုသောနေရာ၌ ရပ်တည်နေသနည်း၊ ပုဏ္ဏား ယနေ့ ပုဏ္ဏားမျိုးအား အဘယ်မည်သော ကိစ္စဖြစ်သနည်း"ဟု မေးတော်မူ၏။ "အသျှင်ဂေါတမ ယနေ့ ပုဏ္ဏားမျိုးအား မကောင်းမှုကို နှင်ထုတ်ခြင်းကိစ္စဖြစ်ပါ၏"ဟု (လျှောက်၏)။

ပုဏ္ဏား အဘယ်အခြင်းအရာအားဖြင့် ပုဏ္ဏားတို့၏ မကောင်းမှုကို နှင်ထုတ်ခြင်း ဖြစ်သနည်းဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ဤလောက၌ ပုဏ္ဏားတို့သည် ဤဥပုသ်နေ့၌ ခေါင်းလျှော်ရေချိုးပြီး၍ အသစ်ဖြစ်သော ခေါမမည်သော အဝတ်စုံကို ဝတ်ကာ စိုသော နွားချေးဖြင့် မြေကို သုတ်လိမ်း၍ စိမ်းစိုသော သမန်းမြက်တို့ကို ဖြန့်ခင်းလျက် သဲပုံနှင့် မီးတင်းကုပ်အကြား၌ အိပ်ခြင်းကို ပြုကုန်၏။ ထိုပုဏ္ဏားတို့သည် ထိုညဉ့်၌ သုံးကြိမ်ထ၍ လက်အုပ်ချီကာ "အသျှင့်ထံသို့ (မကောင်းမှုကို)နှင်ထုတ်ပါကုန်၏၊ အသျှင့်ထံသို့ (မကောင်းမှုကို) နှင်ထုတ်ပါကုန်၏"ဟု (ဆို၍) မီးကို ရှိခိုးကုန်၏။ များစွာသော ထောပတ် ဆီ ဆီဦဖြင့်လည်း မီးစာကျွေးကုန်၏၊ ထိုညဉ့် လွန်မြောက်သောအခါ၌လည်း မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ပုဏ္ဏားတို့ကို ရောင့်ရဲစေကုန်၏။ အသျှင်ဂေါတမ ဤသို့အားဖြင့် ပုဏ္ဏားတို့၏ မကောင်းမှုကို နှင်ထုတ်ခြင်းသည် ဖြစ်ပါ၏ဟု (လျှောက်၏)။

ပုဏ္ဏား ပုဏ္ဏားတို့၏ မကောင်းမှုကို နှင်ထုတ်ခြင်းသည် တမျိုးဖြစ်၏၊ အရိယာ၏ ဝိနည်း၌ မကောင်းမှုကို နှင်ထုတ်ခြင်းသည် တမျိုးဖြစ်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ အရိယာ၏ ဝိနည်း၌ မကောင်းမှု နှင်ထုတ်ခြင်းကား အဘယ်သို့ပါနည်း၊ တောင်းပန်ပါ၏၊ အကျွန်ုပ်အား အသျှင်ဂေါတမသည် အရိယာ၏ ဝိနည်း၌ မကောင်းမှုနှင်ထုတ်ပုံ တရားကို ဟောတော်မူပါလော့ဟု (လျှောက်၏)။ ပုဏ္ဏား ထိုသို့ဖြစ်လျှင် နာလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောပေအံ့ဟု

http://www.dhammadownload.com



(မိန့်တော်မူ၏)။ "အသျှင် ကောင်းပါပြီ"ဟု ဇာဏုသောဏိပုဏ္ဏားသည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထား၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ပုဏ္ဏား ဤလောက၌ အရိယာတပည့်သည်"မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း မှားယွင်းသောအမြင်၏ အကျိုးသည် ယုတ်မာ၏"ဟု ဆင်ခြင်၏။ ထို အရိယာ တပည့်သည် ဤသို့ ဆင်ခြင်ပြီး၍ မှားယွင်းသောအမြင်ကို ပယ်စွန့်၏၊ မှားယွင်းသော အမြင်ကို နှင်ထုတ်၏။

"မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း မှားယွင်းသော အကြံ၏ အကျိုးသည် ယုတ်မာ၏"ဟု ဆင်ခြင်၏။ ထိုသူသည် ဤသို့ ဆင်ခြင်ပြီး၍ မှားယွင်းသော အကြံအစည်ကို ပယ်စွန့်၏၊ မှားယွင်းသောအကြံအစည်ကို နှင်ထုတ်၏။

"မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း မှားယွင်းသော စကား၏ အကျိုးသည် ယုတ်မာ၏"ဟု ဆင်ခြင်၏။ ထိုသူသည် ဤသို့ ဆင်ခြင်ပြီး၍ မှားယွင်းသောစကားကို ပယ်စွန့်၏၊ မှားယွင်းသော စကားကို နှင်ထုတ်၏။

"မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း မှားယွင်းသော အလုပ်၏အကျိုးသည် ယုတ်မာ၏"ဟု ဆင်ခြင်၏။ ထိုသူသည် ဤသို့ ဆင်ခြင်ပြီး၍ မှားယွင်းသော အလုပ်ကို ပယ်စွန့်၏၊ မှားယွင်းသော အလုပ်ကို နှင်ထုတ်၏။

"မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း မှားယွင်းသော အသက်မွေးမှု၏ အကျိုးသည် ယုတ်မာ၏"ဟု ဆင်ခြင်၏။ ထိုသူသည် ဤသို့ ဆင်ခြင်ပြီး၍ မှားယွင်းသော အသက်မွေးမှုကို ပယ်စွန့်၏၊မှားယွင်းသော အသက်မွေးမှုကို နှင်ထုတ်၏။

"မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း မှားယွင်းသောလုံ့လ၏ အကျိုးသည် ယုတ်မာ၏"ဟု ဆင်ခြင်၏။ ထိုသူသည် ဤသို့ ဆင်ခြင်ပြီး၍ မှားယွင်းသောလုံ့လကို ပယ်စွန့်၏၊ မှားယွင်းသောလုံ့လကို နှင်ထုတ်၏။

"မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း မှားယွင်းသော သတိ၏ အကျိုးသည် ယုတ်မာ၏"ဟု ဆင်ခြင်၏။ ထိုသူသည် ဤသို့ ဆင်ခြင်ပြီး၍ မှားယွင်းသော သတိကို ပယ်စွန့်၏၊ မှားယွင်းသောသတိကို နှင်ထုတ်၏။

"မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း မှားယွင်းသော သမာဓိ၏ အကျိုးသည် ယုတ်မာ၏"ဟု ဆင်ခြင်၏။ထိုသူသည် ဤသို့ ဆင်ခြင်ပြီး၍ မှားယွင်းသော သမာဓိကို ပယ်စွန့်၏၊ မှားယွင်းသော သမာဓိကို နှင်ထုတ်၏။

"မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း မှားယွင်းသောဉာဏ်၏ အကျိုးသည် ယုတ်မာ၏"ဟု ဆင်ခြင်၏။ ထိုသူသည် ဤသို့ ဆင်ခြင်ပြီး၍ မှားယွင်းသော ဉာဏ်ကို ပယ်စွန့်၏၊မှားယွင်းသောဉာဏ်ကို နှင်ထုတ်၏။

"မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း မှားယွင်းသော လွတ်မြောက်မှု၏ အကျိုးသည် ယုတ်မာ၏" ဟု ဆင်ခြင်၏။ ထိုသူသည် ဤသို့ ဆင်ခြင်ပြီး၍ မှားယွင်းသော လွတ်မြောက်မှုကို ပယ်စွန့်၏၊ မှားယွင်းသော လွတ်မြောက်မှုကို နှင်ထုတ်၏။

http://www.dhammadownload.com



ပုဏ္ဏား ဤသို့လျှင် အရိယာ၏ ဝိနည်း၌ မကောင်းမှုကို နှင်ထုတ်ခြင်းသည် ဖြစ်၏ဟု(မိန့်တော်မူ၏)။အသျှင်ဂေါတမ ပုဏ္ဏားတို့၏ မကောင်းမှုကို နှင်ထုတ်ခြင်းသည် တမျိုးဖြစ်ပါ၏၊ အရိယာ၏ ဝိနည်း၌ မကောင်းမှုကို နှင်ထုတ်ခြင်းသည် တမျိုးဖြစ်ပါ၏။ အသျှင်ဂေါတမ ပုဏ္ဏားတို့၏ မကောင်းမှုကို နှင်ထုတ်ခြင်းသည် ဤအရိယာ၏ ဝိနည်း၌ မကောင်းမှုကို နှင်ထုတ်ခြင်း၏ တဆယ့်ခြောက်စိတ် တစိတ်မျှ မမှီပါ။ အသျှင်ဂေါတမ အလွန်နှစ်သက်ဖွယ်ရှိပါ၏ ။ပ။ အသျှင်ဂေါတမ အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါဟု (လျှောက်၏)။

သတ္တမသုတ်။

---

## ၈-ဒုတိယ ပစ္စောရောဟဏီသုတ်

၁၂၀။ ရဟန်းတို့ သင်တို့အား မြတ်သော နှင်ထုတ်ခြင်းကို ဟောကြားပေအံ့၊ ထို(တရား)ကို နာကုန်လော့။ ရဟန်းတို့ မြတ်သော နှင်ထုတ်ခြင်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာ တပည့်သည် "မျက်မှောက်ဘဝ၌၎င်း တမလွန်ဘဝ၌၎င်း မှားယွင်းသောအမြင်၏ အကျိုးသည် ယုတ်မာ၏" ဟု ဆင်ခြင်၏။ ထိုသူသည် ဤသို့ ဆင်ခြင်ပြီး၍ မှားယွင်းသောအမြင်ကို ပယ်စွန့်၏၊ မှားယွင်းသောအမြင်ကို နှင်ထုတ်၏။ "မှားယွင်းသော အကြံအစည်၏ အကျိုးသည် ယုတ်မာ၏။ မှားယွင်းသော စကား၏။ မှားယွင်းသော အလုပ်၏။ မှားယွင်းသော အသက်မွေးမှု၏။ မှားယွင်းသော လုံ့လ၏။ မှားယွင်းသော သတိ၏။ မှားယွင်းသော သမာဓိ၏။ ‹မှာ›းယွင်းသော ဉာဏ်၏။ မှားယွင်းသော လွတ်မြောက်မှု၏အကျိုးသည် ယုတ်မာ၏၊ ထိုသူသည် ဤသို့ ဆင်ခြင်ပြီး၍ မှားယွင်းသော လွတ်မြောက်မှုကို ပယ်စွန့်၏၊မှားယွင်းသော လွတ်မြောက်မှုကို နှင်ထုတ်၏။ ရဟန်းတို့ ဤသည်ကို မြတ်သော နှင်ထုတ်ခြင်းဟု ဆိုအပ်၏ဟု(မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ပုဗ္ဗင်္ဂမသုတ်

၁၂၁။ ရဟန်းတို့ အရုဏ်တက်ခြင်းသည် ထွက်ပေါ်မည့် နေ၏ ရှေ့သွားတည်း၊ ရှေ့ပြေး နိမိတ်တည်း။ ရဟန်းတို့ ဤအတူပင် မှန်ကန်သောအမြင်သည် ကုသိုလ်တရားတို့၏ ရှေ့သွားတည်း၊ ရှေ့ပြေး နိမိတ်တည်း။ ရဟန်းတို့ မှန်ကန်သောအမြင်ရှိသူအား မှန်ကန်သောအကြံအစည်သည် ဖြစ်နိုင်၏၊မှန်ကန်သောအကြံအစည်ရှိသူအား မှန်ကန်သောစကားသည် ဖြစ်နိုင်၏၊ မှန်ကန်သော စကား ရှိသူအား မှန်ကန်သော အလုပ်သည် ဖြစ်နိုင်၏၊ မှန်ကန်သော အလုပ် ရှိသူအား မှန်ကန်သော အသက်မွေးမှုသည် ဖြစ်နိုင်၏၊ မှန်ကန်သော အသက်မွေးမှု ရှိသူအား မှန်ကန်သော လုံ့လသည် ဖြစ်နိုင်၏၊ မှန်ကန်သော လုံ့လရှိသူအား မှန်ကန်သော သတိသည် ဖြစ်နိုင်၏၊ မှန်ကန်သော သတိ ရှိသူအား မှန်ကန်သော သမာဓိသည် ဖြစ်နိုင်၏၊ မှန်ကန်သော သမာဓိ ရှိသူအား မှန်ကန်သော ဉာဏ်သည် ဖြစ်နိုင်၏၊ မှန်ကန်သော ဉာဏ် ရှိသူအား မှန်ကန်သော လွတ်မြောက်မှုသည် ဖြစ်နိုင်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

http://www.dhammadownload.com



### ၁၀-အာသဝက္ခယသုတ်

၁၂၂။ ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သော ဤတရားဆယ်မျိုးတို့သည် အာသဝေါတရားတို့ ကုန်ခန်းရန် အလို့ငှါ ဖြစ်ကုန်၏။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ–မှန်ကန်သော အမြင်၊မှန်ကန်သောအကြံအစည်၊ မှန်ကန်သောစကား၊ မှန်ကန်သောအလုပ်၊ မှန်ကန်သောအသက်မွေးမှု၊ မှန်ကန်သောလုံ့လ၊ မှန်ကန်သောသတိ၊ မှန်ကန်သောသမာဓိ၊ မှန်ကန်သောဉာဏ်၊ မှန်ကန်သော လွတ်မြောက်မှု တို့တည်း။ ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်သော ဤတရားဆယ်မျိုးတို့သည် အာသဝေါတရားတို့ ကုန်ခန်းရန် အလို့ငှါ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

နှစ်ခုမြောက် ပစ္စောရောဟဏိဝဂ် ပြီး၏။

---

## (၁၃) ၃-ပရိသုဒ္ဓဝဂ် ၁-ပဌမသုတ်

၁၂၃။ ရဟန်းတို့ ထက်ဝန်းကျင် စင်ကြယ်ကုန်သော ထက်ဝန်းကျင် ဖြူစင်ကုန်သော ဤတရား ဆယ်မျိုးတို့သည် မြတ်စွာဘုရား၏ အဆုံးအမ 'သာသနာတော်'မှ တပါး၌မဖြစ်ကုန်။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—မှန်ကန်သောအမြင်၊ မှန်ကန်သောအကြံအစည်၊ မှန်ကန်သော စကား၊ မှန်ကန်သောအလုပ်၊ မှန်ကန်သောအသက်မွေးမှု၊ မှန်ကန်သောလုံ့လ၊ မှန်ကန်သောသတိ၊ မှန်ကန်သော သမာဓိ၊ မှန်ကန်သောဉာဏ်၊ မှန်ကန်သော လွတ်မြောက်မှု တို့တည်း။ ရဟန်းတို့ ထက်ဝန်းကျင် စင်ကြယ်ကုန်သော ထက်ဝန်းကျင် ဖြူစင်ကုန်သော ဤတရားဆယ်မျိုးတို့သည် မြတ်စွာဘုရား၏ အဆုံးအမ 'သာသနာတော်' မှတပါး၌ မဖြစ်ကုန်ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

### ၂-ဒုတိယသုတ်

၁၂၄။ ရဟန်းတို့ မဖြစ်ဘူးသေးကုန်သော ဤတရားဆယ်မျိုးတို့သည် မြတ်စွာဘုရား၏ အဆုံးအမ'သာသနာတော်'မှ တပါး၌ မဖြစ်ကုန်။အဘယ်ဆယ်မျိုးတို့နည်း ဟူမူ–မှန်ကန်သောအမြင်။ပ။ မှန်ကန်သော လွတ်မြောက်မှု တို့တည်း။ ရဟန်းတို့ မဖြစ်ဘူးသေးကုန်သော ဤတရား ဆယ်မျိုး တို့သည် မြတ်စွာဘုရား၏ အဆုံးအမ 'သာသနာတော်'မှ တပါး၌ မဖြစ်ကုန်ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

### ၃-တတိယသုတ်

၁၂၅။ ရဟန်းတို့ များသော အကျိုးရှိကုန်သော များသော အာနိသင်ရှိကုန်သော ဤတရား ဆယ်မျိုးတို့သည် မြတ်စွာဘုရား၏ အဆုံးအမ 'သာသနာတော်' မှ တပါး၌ မဖြစ်ကုန်။ အဘယ်

http://www.dhammadownload.com



ဆယ်မျိုးတို့နည်း ဟူမူ – မှန်ကန်သောအမြင်။ပ။ မှန်ကန်သောလွတ်မြောက်မှု တို့တည်း။ ရဟန်းတို့ များသော အကျိုးရှိကုန်သော များသော အာနိသင်ရှိကုန်သော ဤတရား ဆယ်မျိုးတို့သည် မြတ်စွာဘုရား၏ အဆုံးအမ 'သာသနာတော်'မှ တပါး၌ မဖြစ်ကုန်ဟု(မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-စတုတ္ထသုတ်

၁၂၆။ ရဟန်းတို့ ဤတရားဆယ်မျိုးတို့သည် ရာဂပျောက်ခြင်းလျှင် အဆုံးရှိကုန်၏၊ ဒေါသပျောက်ခြင်းလျှင် အဆုံးရှိကုန်၏၊ မောဟပျောက်ခြင်းလျှင် အဆုံးရှိကုန်၏၊ မြတ်စွာဘုရား၏ အဆုံးအမ'သာသနာတော်'မှ တပါး၌ မဖြစ်ကုန်။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ – မှန်ကန်သော အမြင်။ပ။ မှန်ကန်သော လွတ်မြောက်မှု တို့တည်း။ ရဟန်းတို့ ဤတရားဆယ်မျိုးတို့သည် ရာဂပျောက်ခြင်းလျှင် အဆုံးရှိကုန်၏၊ ဒေါသပျောက်ခြင်းလျှင် အဆုံးရှိကုန်၏၊ မောဟပျောက်ခြင်းလျှင် အဆုံးရှိကုန်၏၊ မြတ်စွာဘုရား၏ အဆုံးအမ 'သာသနာတော်'မှ တပါး၌ မဖြစ်ကုန်ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ပဥ္စမသုတ်

၁၂၇။ ရဟန်းတို့ ဤတရားဆယ်မျိုးတို့သည် စင်စစ်ငြီးငွေ့ရန် မတပ်မက်ရန် ချုပ်ရန် ငြိမ်းရန် အထူးသိရန် ထိုးထွင်း၍ သိရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်ကုန်၏၊ မြတ်စွာဘုရား၏ အဆုံးအမ'သာသနာတော်'မှ တပါး၌ မဖြစ်ကုန်။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—မှန်ကန်သော အမြင်။ပ။ မှန်ကန်သော လွတ်မြောက်မှု တို့တည်း။ ရဟန်းတို့ ဤတရား ဆယ်မျိုးတို့သည် စင်စစ်ငြီးငွေ့ရန် မတပ်မက်ရန် ချုပ်ရန် ငြိမ်းရန် အထူးသိရန် ထိုးထွင်း၍ သိရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်ကုန်၏၊ မြတ်စွာဘုရား၏ အဆုံးအမ'သာသနာတော်'မှ တပါး၌ မဖြစ်ကုန်ဟု(မိန့်တော်မူ၏)။

ပဥ္စမသုတ်။

## ၆-ဆဋ္ဌသုတ်

၁၂၈။ ရဟန်းတို့ ဤတရားဆယ်မျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်ကုန်သော် မဖြစ်ဘူးသေးသော တရားတို့ ဖြစ်ပေါ်ကုန်၏၊ မြတ်စွာဘုရား၏ အဆုံးအမ 'သာသနာတော်'မှ တပါး၌ မဖြစ်ကုန်။ အဘယ်တရားဆယ်မျိုးတို့နည်း ဟူမူ—မှန်ကန်သောအမြင်။ပ။မှန်ကန်သော လွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤ တရားဆယ်မျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်ကုန်သော် မဖြစ်ဘူးသေးသောတရားတို့ ဖြစ်ပေါ်ကုန်၏၊ မြတ်စွာဘုရား၏ အဆုံးအမ 'သာသနာတော်'မှ တပါး၌ မဖြစ်ကုန်ဟု(မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

http://www.dhammadownload.com



## ၇-သတ္တမသုတ်

၁၂၈။ ရဟန်းတို့ ပွဲါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်ကုန်သော ဤတရားဆယ်မျိုးတို့သည် အကျိုးများကုန်၏၊ အာနိသင် များကုန်၏၊ မြတ်စွာဘုရား၏ အဆုံးအမ 'သာသနာတော်'မှ တပါး၌ မဖြစ်ကုန်။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—မှန်ကန်သော အမြင်။ပ။ မှန်ကန်သော လွတ်မြောက်မှု တို့တည်း။ ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်ကုန်သော ဤတရား ဆယ်မျိုးတို့သည် အကျိုးများကုန်၏၊ အာနိသင် များကုန်၏၊ မြတ်စွာဘုရား၏ အဆုံးအမ 'သာသနာတော်'မှ တပါး၌ မဖြစ်ကုန် ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်၊

---

## ၈-အဋ္ဌမသုတ်

၁၃၀။ ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်ကုန်သော ဤတရားဆယ်မျိုးတို့သည် ရာဂပျောက်ခြင်းလျှင် အဆုံးရှိကုန်၏၊ ဒေါသပျောက်ခြင်းလျှင် အဆုံးရှိကုန်၏၊ မောဟပျောက် ခြင်းလျှင် အဆုံးရှိကုန်၏၊ မြတ်စွာဘုရား အဆုံးအမ 'သာသနာတော်'မှ တပါး၌ မဖြစ်ကုန်။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—မှန်ကန်သော အမြင်။ပ။ မှန်ကန်သော လွတ်မြောက်မှု တို့တည်း။ ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်ကုန်သော ဤတရားဆယ်မျိုးတို့သည် ရာဂပျောက် ခြင်းလျှင် အဆုံးရှိကုန်၏၊ ဒေါသပျောက်ခြင်းလျှင် အဆုံးရှိကုန်၏၊ မောဟပျောက်ခြင်းလျှင် အဆုံးရှိကုန်၏၊ မြတ်စွာဘုရား အဆုံးအမ 'သာသနာတော်'မှ တပါး၌ မဖြစ်ကုန်ဟု (မိန့်တော် မူ၏)။

အဋ္ဌမသုတ်။

---

## ၉-နဝမသုတ်

၁၃၁။ ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်ကုန်သော ဤတရားဆယ်မျိုးတို့သည် စင်စစ် ငြီးငွေ့ရန် မတပ်မက်ရန် ချုပ်ရန် ငြိမ်းရန် အထူးသိရန် ထိုးထွင်း၍ သိရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်ကုန်၏၊ မြတ်စွာဘုရား၏ အဆုံးအမ'သာသနာတော်'မှ တပါး၌ မဖြစ်ကုန်။ အဘယ် ဆယ်မျိုးတို့နည်း ဟူမူ—မှန်ကန်သော အမြင်။ပ။ မှန်ကန်သော လွတ်မြောက်မှု တို့တည်း။ ရဟန်းတို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ်ကုန်သော ဤတရား ဆယ်မျိုးတို့သည် စင်စစ် ငြီးငွေ့ရန် မတပ်မက်ရန် ချုပ်ရန် ငြိမ်းရန် အထူးသိရန် ထိုးထွင်း၍သိရန် နိဗ္ဗာန်ကို မျက်မှောက် ပြုရန် ဖြစ်ကုန်၏၊ မြတ်စွာဘုရား၏ အဆုံးအမ 'သာသနာတော်'မှ တပါး၌ မဖြစ်ကုန်ဟု (မိန့် တော်မူ၏)။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-ဒသမသုတ်

၁၃၂။ ရဟန်းတို့ မှားယွင်းသော သဘောရှိသော တရားတို့သည် ဤဆယ်မျိုးတို့တည်း။ အဘယ်ဆယ်မျိုးတနည်း ဟူမူ—မှားယွင်းသောအမြင်၊ မှားယွင်းသောအကြံအစည်၊ မှားယွင်းသောစကား၊ မှားယွင်းသောအလုပ်၊ မှားယွင်းသောအသက်မွေးမှု၊ မှားယွင်းသောလုံ့လ၊ မှားယွင်းသောသတိ၊ မှားယွင်းသောသမာဓိ၊ မှားယွင်းသောဉာဏ်၊ မှားယွင်းသောလွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ မှားယွင်းသော သဘောရှိသောတရားတို့သည် ဤဆယ်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

## ၁၁-ဧကာဒသမသုတ်

၁၃၃။ ရဟန်းတို့ မှန်ကန်သော သဘောရှိသော တရားတို့သည် ဤ ဆယ်မျိုးတို့တည်း။ အဘယ် ဆယ်မျိုးတို့နည်း ဟူမူ—မှန်ကန်သောအမြင်၊ မှန်ကန်သောအကြံအစည်၊ မှန်ကန်သော စကား၊ မှန်ကန်သောအလုပ်၊ မှန်ကန်သောအသက်မွေးမှု၊ မှန်ကန်သောလုံ့လ၊ မှန်ကန်သော သတိ၊ မှန်ကန်သောသမာဓိ၊ မှန်ကန်သောဉာဏ်၊ မှန်ကန်သော လွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ မှန်ကန်သောသဘောရှိသောတရားတို့သည် ဤဆယ်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။

ဧကာဒသမသုတ်။

သုံးခုမြောက် ပရိသုဒ္ဓဝဂ် ပြီး၏။

## (၁၄) ၄-သာဓုဝဂ် ၁-သာဓုသုတ်

၁၃၄။ ရဟန်းတို့ သင်တို့အား ကောင်းသော တရားကိုလည်းကောင်း မကောင်းသော တရားကိုလည်းကောင်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောကြားပေအံ့ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် ပြန်ကြား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—ရဟန်းတို့ မကောင်းသော တရားဟူသည် အဘယ်နည်း၊ မှားယွင်းသော အမြင်၊ မှားယွင်းသောအကြံအစည်၊ မှားယွင်းသောစကား၊ မှားယွင်းသောအလုပ်၊ မှားယွင်းသောအသက်မွေးမှု၊ မှားယွင်းသောလုံ့လ၊ မှားယွင်းသောသတိ၊ မှားယွင်းသောသမာဓိ၊ မှားယွင်းသောဉာဏ်၊ မှားယွင်းသော လွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို မကောင်းသော တရားဟု ဆိုအပ်၏။ ရဟန်းတို့ ကောင်းသော တရားဟူသည် အဘယ်နည်း၊ မှန်ကန်သောအမြင်၊ မှန်ကန်သောအကြံအစည်၊ မှန်ကန်သောစကား၊ မှန်ကန်သောအလုပ်၊ မှန်ကန်သောအသက်မွေးမှု၊ မှန်ကန်သောလုံ့လ၊ မှန်ကန်သောသတိ၊ မှန်ကန်သောသမာဓိ၊ မှန်ကန်သောဉာဏ်၊ မှန်ကန်သောလွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို ကောင်းသော တရားဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-အရိယဓမ္မသုတ်

၁၃၅။ ရဟန်းတို့ သင်တို့အား မြတ်သော တရားကိုငြင်း မမြတ်သော တရားကိုငြင်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ ရဟန်းတို့ မမြတ်သော တရားဟူသည် အဘယ်နည်း၊ မှားယွင်းသောအမြင်။ပ။မှားယွင်းသောလွတ်မြောက်မှုတို့ ဘည်း။ရဟန်းတို့ ဤသည်ကိုမမြတ်သော တရားဟု ဆိုအပ်၏။ ရဟန်းတို့ မြတ်သော တရားဟူသည် အဘယ်နည်း၊ မှန်ကန်သောအမြင်။ပ။ မှန်ကန်သော လွတ်မြောက်တို့တည်း။ ရဟန်းတို့ ဤသည်ကို မြတ်သောတရားဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-အကုသလသုတ်

၁၃၆။ ရဟန်းတို့ သင်တို့အား အကုသိုလ်ကိုငြင်း ကုသိုလ်ကိုငြင်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ ရဟန်းတို့ အကုသိုလ်ဟူသည် အဘယ်နည်း၊ မှားယွင်းသောအမြင်။ပ။ မှားယွင်းသော လွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို အကုသိုလ်ဟု ဆိုအပ်၏။ ရဟန်းတို့ ကုသိုလ်ဟူသည် အဘယ်နည်း၊ မှန်ကန်သောအမြင်။ပ။ မှန်ကန်သော လွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို ကုသိုလ်ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-အတ္ထသုတ်

၁၃၇။ ရဟန်းတို့ သင်တို့အား အကျိုးကိုငြင်း အကျိုးမဲ့ကိုငြင်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ ရဟန်းတို့ အကျိုးမဲ့ဟူသည် အဘယ်နည်း၊ မှားယွင်းသော အမြင်။ပ။ မှားယွင်းသော လွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို အကျိုးမဲ့ဟု ဆိုအပ်၏။ ရဟန်းတို့ အကျိုးဟူသည် အဘယ်နည်း၊ မှန်ကန်သောအမြင်။ပ။ မှန်ကန်သော လွတ်မြောက်မှုတို့ဘည်း။ ရဟန်းတို့ ဤသည်ကို အကျိုးဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ဓမ္မသုတ်

၁၃၈။ ရဟန်းတို့ သင်တို့အား တရားကိုငြင်း တရားမဟုတ်သည်ကိုငြင်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ ရဟန်းတို့ တရားမဟုတ်ဟူသည် အဘယ်နည်း၊ မှားယွင်းသောအမြင်။ပ။ မှားယွင်းသော လွတ်မြောက်မှုတို့ဘည်း။ ရဟန်းတို့ ဤသည်ကို တရားမဟုတ်ဟု ဆိုအပ်၏။ ရဟန်းတို့ တရားဟူသည် အဘယ်နည်း၊ မှန်ကန်သောအမြင်။ပ။ မှန်ကန်သော လွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို တရားဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-သာသဝသုတ်

၁၃၉။ ရဟန်းတို့ သင်တို့အား အာသဝေါတရားတို့၏ အာရုံဖြစ်သော တရားကိုငှင်း အာသဝေါတရားတို့၏ အာရုံမဟုတ်သော တရားကိုငှင်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ ရဟန်းတို့ အာသဝေါတရား၏ အာရုံဖြစ်သော တရားဟူသည် အဘယ်နည်း၊ မှားယွင်းသော အမြင်။ပ။ မှားယွင်းသော လွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို အာသဝေါတရားတို့၏ အာရုံဖြစ်သောတရားဟု ဆိုအပ်၏။ ရဟန်းတို့ အာသဝေါတရားတို့၏ အာရုံမဟုတ်သောတရား ဟူသည် အဘယ်နည်း၊ မှန်ကန်သောအမြင်။ပ။ မှန်ကန်သောလွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို အာသဝေါတရားတို့၏ အာရုံမဟုတ်သောတရားဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-သာဝဇ္ဇသုတ်

၁၄၀။ ရဟန်းတို့ သင်တို့အား အပြစ်ရှိသော တရားကိုငှင်း အပြစ်မရှိသောတရားကိုငှင်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ ရဟန်းတို့ အပြစ်ရှိသောတရား ဟူသည် အဘယ်နည်း၊ မှားယွင်းသောအမြင်။ပ။ မှားယွင်းသောလွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို အပြစ်ရှိသော တရားဟု ဆိုအပ်၏။ ရဟန်းတို့ အပြစ်မရှိသောတရားဟူသည် အဘယ်နည်း၊ မှန်ကန်သော အမြင်။ပ။ မှန်ကန်သော လွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို အပြစ်မရှိသော တရားဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-တပနီယသုတ်

၁၄၁။ ရဟန်းတို့ သင်တို့အား ပူပန်စေတတ်သော တရားကိုငှင်း မပူပန်စေတတ်သောတရား ကိုငှင်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ ရဟန်းတို့ ပူပန်စေတတ်သော တရားဟူသည် အဘယ်နည်း၊ မှားယွင်းသောအမြင်။ပ။ မှားယွင်းသော လွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို ပူပန်စေတတ်သော တရားဟုဆိုအပ်၏။ ရဟန်းတို့ မပူပန်စေတတ်သော တရားဟူသည် အဘယ်နည်း၊ မှန်ကန်သောအမြင်။ပ။ မှန်ကန်သောလွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို မပူပန်စေတတ်သော တရားဟုဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-အာစယဂါမိသုတ်

၁၄၂။ ရဟန်းတို့ သင်တို့အား ဝဋ်ဆင်းရဲရောက်ကြောင်းတရားကိုငှင်း နိဗ္ဗာန်ရောက်ကြောင်း တရားကိုငှင်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ ရဟန်းတို့ ဝဋ်ဆင်းရဲရောက်ကြောင်း

http://www.dhammadownload.com



တရားဟူသည် အဘယ်နည်း၊ မှားယွင်းသော အမြင်။ပ။ မှားယွင်းသော လွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို ဝဋ်ဆင်းရဲရောက်ကြောင်း တရားဟုဆိုအပ်၏။ ရဟန်းတို့ နိဗ္ဗာန်ရောက်ကြောင်းတရားဟူသည် အဘယ်နည်း၊ မှန်ကန်သောအမြင်။ပ။ မှန်ကန်သော လွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို နိဗ္ဗာန်ရောက်ကြောင်း တရားဟု ဆိုအပ်၏ ဟု(မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-ဒုက္ခုဒြယသုတ်

၁၄၃။ ရဟန်းတို့ သင်တို့အား ဒုက္ခဖြစ်ကြောင်းတရားကိုငင်း သုခဖြစ်ကြောင်း တရားကိုငင်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ ရဟန်းတို့ ဒုက္ခဖြစ်ကြောင်း တရားဟူသည် အဘယ်နည်း၊ မှားယွင်းသောအမြင်။ပ။ မှားယွင်းသော လွတ်မြောက်မှုတို့တည်း ။ ရဟန်းတို့ ဤသည်ကို ဒုက္ခဖြစ်ကြောင်း တရားဟု ဆိုအပ်၏။ ရဟန်းတို့ သုခဖြစ်ကြောင်း တရားဟူသည် အဘယ်နည်း၊ မှန်ကန်သောအမြင်။ပ။ မှန်ကန်သော လွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို သုခ ဖြစ်ကြောင်း တရားဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

## ၁၁-ဒုက္ခဝိပါကသုတ်

၁၄၄။ ရဟန်းတို့ သင်တို့အား ဆင်းရဲသော အကျိုးရှိသော တရားကိုငင်း ချမ်းသာသော အကျိုးရှိသော တရားကိုငင်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ ရဟန်းတို့ ဆင်းရဲသော အကျိုးရှိသောတရားဟူသည် အဘယ်နည်း၊ မှားယွင်းသောအမြင်။ပ။မှားယွင်းသော လွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို ဆင်းရဲသော အကျိုးရှိသော တရားဟု ဆိုအပ်၏။ ရဟန်းတို့ ချမ်းသာသော အကျိုးရှိသော တရားဟူသည် အဘယ်နည်း၊ မှန်ကန်သောအမြင်။ပ။ မှန်ကန်သော လွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို ချမ်းသာသော အကျိုးရှိသော တရားဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ဧကာဒသမသုတ်။

လေးခုမြောက် သာဓုဝဂ် ပြီး၏။

## (၁၅) ၅-အရိယဝဂ် ၁-အရိယမဂ္ဂသုတ်

၁၄၅။ ရဟန်းတို့ သင်တို့အား မြတ်သောလမ်းဟူသော တရားကိုငင်း မမြတ်သောလမ်းဟူသော တရားကိုငင်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ ရဟန်းတို့ မမြတ်သောလမ်းဟူသော တရားဟူသည် အဘယ်နည်း၊ မှားယွင်းသောအမြင်။ပ။ မှားယွင်းသော လွတ်မြောက်မှုတို့တည်း။

http://www.dhammadownload.com



ရဟန်းတို့ ဤသည်ကို မမြတ်သောလမ်းဟူသော တရားဟု ဆိုအပ်၏။ ရဟန်းတို့ မြတ်သော လမ်းဟူသော တရားဟူသည် အဘယ်နည်း၊ မှန်ကန်သောအမြင်။ပ။ မှန်ကန်သော လွတ်မြောက်မှု တို့တည်း။ ရဟန်းတို့ ဤသည်ကို မြတ်သော လမ်းဟူသော တရားဟုဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ကဏှမဂ္ဂသုတ်

၁၄၆။ ရဟန်းတို့ သင်တို့အား မည်းညစ်သော လမ်းဟူသော တရားကိုလည်း ဖြူစင်သောလမ်း ဟူသောတရားကိုလည်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ ရဟန်းတို့ မည်းညစ်သော လမ်း ဟူသည် အဘယ်နည်း၊ မှားယွင်းသော အမြင်။ပ။မှားယွင်းသော လွတ်မြောက်မှုတို့တည်း။ရဟန်းတို့ ဤသည်ကို မည်းညစ်သော လမ်းဟု ဆိုအပ်၏။ ရဟန်းတို့ ဖြူစင်သော လမ်းဟူသည် အဘယ်နည်း၊ မှန်ကန်သောအမြင်။ပ။ မှန်ကန်သောလွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို ဖြူစင်သော လမ်းဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-သဒ္ဓမ္မသုတ်

၁၄၇။ ရဟန်းတို့ သင်တို့အား သူတော်ကောင်းတရားကိုလည်း မသူတော်တရားကိုလည်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ ရဟန်းတို့ မသူတော်တရားဟူသည် အဘယ်နည်း၊ မှားယွင်းသောအမြင်။ပ။မှားယွင်းသောလွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို မသူတော် တရားဟု ဆိုအပ်၏။ ရဟန်းတို့ သူတော်ကောင်းတရားဟူသည် အဘယ်နည်း၊ မှန်ကန်သော အမြင်။ပ။ မှန်ကန်သော လွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို သူတော်ကောင်း တရားဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-သပ္ပုရိသဓမ္မသုတ်

၁၄၈။ ရဟန်းတို့ သင်တို့အား သူတော်ကောင်းတို့၏ တရားကိုလည်း မသူတော်တို့၏ တရား ကိုလည်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ ရဟန်းတို့ မသူတော်တို့၏ တရားဟူသည် အဘယ်နည်း၊ မှားယွင်းသောအမြင်။ပ။မှားယွင်းသောလွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည် ကို မသူတော်တို့၏ တရားဟု ဆိုအပ်၏။ ရဟန်းတို့ သူတော်ကောင်းတို့၏ တရားဟူသည် အဘယ် နည်း၊ မှန်ကန်သော အမြင်။ပ။ မှန်ကန်သော လွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို သူတော်ကောင်းတို့၏ တရားဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-ဥပ္ပါဒေတဗ္ဗသုတ်

၁၄၉။ ရဟန်းတို့ သင်တို့အား ဖြစ်စေသင့်သော တရားကိုင်း မဖြစ်စေသင့်သောတရားကိုင်း ဟောပေအံ့၊ ထိုတရားကိုနာကုန်လော့။ပ။ ရဟန်းတို့ မဖြစ်စေသင့်သောတရားဟူသည် အဘယ်နည်း၊ မှားယွင်းသော အမြင်။ပ။ မှားယွင်းသောလွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို မဖြစ်စေသင့်သော တရားဟု ဆိုအပ်၏။ ရဟန်းတို့ ဖြစ်စေသင့်သော တရားဟူသည် အဘယ်နည်း၊ မှန်ကန်သောအမြင်။ပ။ မှန်ကန်သောလွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို ဖြစ်စေသင့်သော တရားဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-အာသေဝိတဗ္ဗသုတ်

၁၅၀။ ရဟန်းတို့ သင်တို့အား မှီဝဲရမည့် တရားကိုင်း မမှီဝဲရမည့် တရားကိုင်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ ရဟန်းတို့ မမှီဝဲရမည့် တရားဟူသည် အဘယ်နည်း၊ မှားယွင်းသော အမြင်။ပ။ မှားယွင်းသော လွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို မမှီဝဲရမည့် တရားဟု ဆိုအပ်၏။ ရဟန်းတို့ မှီဝဲရမည့် တရားဟူသည် အဘယ်နည်း၊မှန်ကန်သောအမြင်။ပ။မှန်ကန်သော လွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို မှီဝဲရမည့် တရားဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ဘာဝေတဗ္ဗသုတ်

၁၅၁။ ရဟန်းတို့ သင်တို့အား ပွါးများရမည့် တရားကိုင်း မပွါးများရမည့် တရားကိုင်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ ရဟန်းတို့ မပွါးများရမည့် တရားဟူသည် အဘယ်နည်း၊ မှားယွင်းသောအမြင်။ပ။ မှားယွင်းသော လွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို မပွါးများရမည့် တရားဟု ဆိုအပ်၏။ ရဟန်းတို့ ပွါးများရမည့် တရားဟူသည် အဘယ်နည်း၊ မှန်ကန်သောအမြင်။ပ။ မှန်ကန်သော လွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို ပွါးများရမည့် တရားဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ဗဟုလီကာတဗ္ဗသုတ်

၁၅၂။ ရဟန်းတို့ သင်တို့အား ကြိမ်ဖန်များစွာ ပြုရမည့် တရားကိုင်း ကြိမ်ဖန်များစွာမပြုရမည့် တရားကိုင်း ဟောပေအံ့။ထိုတရားကို နာကုန်လော့။ပ။ရဟန်းတို့ ကြိမ်ဖန်များစွာမပြုရမည့် တရားဟူသည် အဘယ်နည်း၊ မှားယွင်းသော အမြင်။ပ။ မှားယွင်းသော လွတ်မြောက်မှုတို့တည်း။

http://www.dhammadownload.com



ရဟန်းတို့ ဤသည်ကို ကြိမ်ဖန်များစွာ မပြုရမည့် တရားဟု ဆိုအပ်၏။ ရဟန်းတို့ ကြိမ်ဖန်များစွာ ပြုရမည့်တရားဟူသည် အဘယ်နည်း၊မှန်ကန်သောအမြင်။ပ။မှန်ကန်သောလွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို ကြိမ်ဖန်များစွာ ပြုရမည့် တရားဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-အနုသာရိတဗ္ဗသုတ်

၁၅၃။ ရဟန်းတို့ သင်တို့အား အောက်မေ့ရမည့် တရားကိုငင်း မအောက်မေ့ရမည့် တရားကို ငင်း ဟောပေအံ့၊ ထို တရားကို နာကုန်လော့။ပ။ ရဟန်းတို့ မအောက်မေ့ရမည့်တရားဟူသည် အဘယ်နည်း၊မှားယွင်းသောအမြင်။ပ။မှားယွင်းသောလွတ်မြောက်မှုတို့တည်း။ရဟန်းတို့ ဤသည်ကို မအောက်မေ့ရမည့် တရားဟု ဆိုအပ်၏။ ရဟန်းတို့ အောက်မေ့ရမည့်တရားဟူသည် အဘယ်နည်း၊ မှန်ကန်သောအမြင်။ပ။ မှန်ကန်သောလွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို အောက်မေ့ ရမည့် တရားဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-သစ္ဆိကာတဗ္ဗသုတ်

၁၅၄။ ရဟန်းတို့ သင်တို့အား မျက်မှောက်ပြုရမည့် တရားကိုငင်း မျက်မှောက်မပြုရမည့်တရား ကိုငင်း ဟောပေအံ့၊ ထို တရားကို နာကုန်လော့။ပ။ရဟန်းတို့ မျက်မှောက်မပြုရမည့် တရားဟူသည် အဘယ်နည်း၊မှားယွင်းသောအမြင်။ပ။မှားယွင်းသော လွတ်မြောက်မှုတို့တည်း။ရဟန်းတို့ ဤသည် ကို မျက်မှောက်မပြုရမည့် တရားဟု ဆိုအပ်၏။ ရဟန်းတို့ မျက်မှောက်ပြုရမည့် တရားဟူသည် အဘယ်နည်း၊ မှန်ကန်သောအမြင်။ပ။မှန်ကန်သော လွတ်မြောက်မှုတို့တည်း။ရဟန်းတို့ ဤသည်ကို မျက်မှောက်ပြုရမည့် တရားဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ငါးခုမြောက် အရိယဝဂ် ပြီး၏။

တတိယ သုတ်ငါးဆယ် ပြီး၏။

http://www.dhammadownload.com

# ၄-စတုက္ကပုဂ္ဂလပဏ္ဏတ္တိ

## ၄-စတုက္က သုတ်ငါးဆယ်

## (၁၆) ၁-ပုဂ္ဂလဝဂ် ၁-သေဝိတဗ္ဗသုတ်

၁၅၅။ ရဟန်းတို့ တရားဆယ်မျိုးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို မမှီဝဲအပ်။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ–မှားယွင်းသောအမြင်ရှိသူ၊ မှားယွင်းသောအကြံအစည်ရှိသူ၊ မှားယွင်းသောစကားရှိသူ၊ မှားယွင်းသော အလုပ်ရှိသူ၊ မှားယွင်းသောအသက်မွေးမှုရှိသူ၊ မှားယွင်းသော လုံ့လရှိသူ၊ မှားယွင်းသော သတိရှိသူ၊ မှားယွင်းသောသမာဓိရှိသူ၊ မှားယွင်းသော ဉာဏ်ရှိသူ၊ မှားယွင်းသော လွတ်မြောက်မှုရှိသူတို့တည်း။ ရဟန်းတို့ ဤတရားဆယ်မျိုးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို မမှီဝဲအပ်။ ရဟန်းတို့ တရားဆယ်မျိုးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို မှီဝဲအပ်၏။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—မှန်ကန်သော အယူရှိသူ၊ မှန်ကန်သော အကြံအစည်ရှိသူ၊ မှန်ကန်သော စကားရှိသူ၊ မှန်ကန်သော အလုပ်ရှိသူ၊ မှန်ကန်သော အသက်မွေးမှုရှိသူ၊ မှန်ကန်သော လုံ့လ ရှိသူ၊ မှန်ကန်သော သတိရှိသူ၊ မှန်ကန်သော သမာဓိရှိသူ၊ မှန်ကန်သော ဉာဏ်ရှိသူ၊ မှန်ကန်သော လွတ်မြောက်မှုရှိသူတို့တည်း။ ရဟန်းတို့ ဤ တရားဆယ်မျိုးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို မှီဝဲအပ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-၁၂-ဘဇိတဗ္ဗာဒိသုတ်

၁၅၆-၁၆၆။ ရဟန်းတို့ တရားဆယ်မျိုးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို မဆည်းကပ်အပ်။ပ။ ဆည်းကပ်အပ်၏။ပ။မချဉ်းကပ်အပ်၊ ချဉ်းကပ်အပ်၏။ပ။မပူဇော်အပ်၊ ပူဇော်အပ်၏ ။ပ။ မချီးမွမ်းသင့်၊ ချီးမွမ်းသင့်၏။ပ။ မရိုသေထိုက်၊ ရိုသေထိုက်၏။ပ။ မပျပ်ဝပ်ထိုက်၊ ပျပ်ဝပ်ထိုက်၏။ပ။ မနှစ်သိမ့်စေတတ်၊ နှစ်သိမ့်စေတတ်၏။ပ။ မစင်ကြယ်၊ စင်ကြယ်၏။ပ။ မြတ်နိုးသည်ဖြစ်၍ မခံစားအပ်၊ မြတ်နိုးသည်ဖြစ်၍ ခံစားအပ်၏။ပ။ ပညာဖြင့် မတိုးပွါး၊ ပညာဖြင့် တိုးပွါး၏။ပ။ များစွာသော မကောင်းမှုသည် တိုးပွါး၏၊ များစွာသောကောင်းမှုသည် တိုးပွါး၏။ အဘယ်ဆယ်မျိုးတို့နည်းဟူမူ—မှန်ကန်သော အမြင်ရှိသူ၊ မှန်ကန်သော အကြံအစည်ရှိသူ၊ မှန်ကန်သော စကားရှိသူ၊ မှန်ကန်သောအလုပ်ရှိသူ၊ မှန်ကန်သောအသက်မွေးမှုရှိသူ၊ မှန်ကန်သောလုံ့လရှိသူ၊ မှန်ကန်သော သတိရှိသူ၊ မှန်ကန်သောသမာဓိရှိသူ၊ မှန်ကန်သောဉာဏ်ရှိသူ၊ မှန်ကန်သောလွတ်မြောက်မှုရှိသူတို့တည်း။ ရဟန်းတို့ ဤတရားဆယ်မျိုးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် များစွာသော ကောင်းမှုကို တိုးပွါးစေ၏ဟု (မိန့်တော်မူ၏)။

ပုဂ္ဂလဝဂ် ပြီး၏။

http://www.dhammadownload.com



## (၁၇) ၂-ဇာဏုသောဏိဝဂ် ၁-ဗြာဟ္မဏပစ္စောရောဟဏီသုတ်

၁၆၇။ ထိုအခါ ဇာဏုသောဏိပုဏ္ဏားသည် ထိုဥပုသ်နေ့၌ ခေါင်းလျှော် ရေချိုးပြီး၍ အသစ်ဖြစ်သော ခေါမမည်သော အဝတ်စုံကို ဝတ်ကာ စိုသော သမန်းမြက်ဆုပ်ကို ယူ၍ မြတ်စွာဘုရား၏ အနီး တခုသောနေရာ၌ ရပ်တည်၏။ မြတ်စွာဘုရားသည် ထိုဥပုသ်နေ့၌ ခေါင်းလျှော် ရေချိုးပြီး၍ ခေါမမည်သောအဝတ်စုံကို ဝတ်ကာ စိုသော သမန်းမြက်ဆုပ်ကိုယူ၍ တခုသော နေရာ၌ ရပ်တည်နေသော ဇာဏုသောဏိ ပုဏ္ဏားကို မြင်တော်မူ၍ ဇာဏုသောဏိ ပုဏ္ဏားအား—"ပုဏ္ဏား အဘယ့်ကြောင့် သင်သည် ထို ဥပုသ်နေ့၌ ခေါင်းလျှော် ရေချိုးပြီး၍ အသစ်ဖြစ်သော ခေါမမည်သော အဝတ်စုံကို ဝတ်ကာ စိုသော သမန်းမြက်ဆုပ်ကို ယူ၍ တခုသော နေရာ၌ ရပ်တည်နေဘိသနည်း၊ ပုဏ္ဏား ယနေ့ ပုဏ္ဏားမျိုးအား အဘယ်မည်သော ကိစ္စ ဖြစ်သနည်း" ဟု မေးတော်မူ၏။ အသျှင်ဂေါတမ ယနေ့ ပုဏ္ဏားမျိုးအား မကောင်းမှုကို နှင်ထုတ်ခြင်းမည်သော ကိစ္စ ဖြစ်ပါ၏ ဟု (လျှောက်၏)။

ပုဏ္ဏား အဘယ် အခြင်းအရာဖြင့် ပုဏ္ဏားတို့၏ မကောင်းမှုကို နှင်ထုတ်ခြင်း ဖြစ်သနည်းဟု (မေးတော်မူ၏)။အသျှင်ဂေါတမ ဤလောက၌ ပုဏ္ဏားတို့သည် ထိုဥပုသ်နေ့၌ ခေါင်းလျှော် ရေချိုးပြီး၍ အသစ်ဖြစ်သော ခေါမမည်သော အဝတ်စုံကို ဝတ်ကာ စိုသော နွားချေးဖြင့် မြေကို လိမ်းကျံ၍ စိမ်းစိုသော သမန်းမြက်တို့ကို ဖြန့်ခင်းလျက် သဲပုံနှင့် မီးတင်းကုပ်အကြား၌ အိပ်ခြင်းကို ပြုကုန်၏၊ ထို ပုဏ္ဏားတို့သည် ထိုည့၌ သုံးကြိမ်ထ၍ လက်အုပ်ချီကာ "အသျှင့်ထံသို့ (မကောင်းမှုကို) နှင်ထုတ်ပါကုန်၏၊ အသျှင့်ထံသို့ (မကောင်းမှုကို) နှင်ထုတ်ပါကုန်၏"ဟု (ဆို၍)မီးကို ရှိခိုးကုန်၏၊ များစွာသော ထောပတ် ဆီ ဆီဥတို့ဖြင့်လည်း မီးစာကျွေးကုန်၏၊ ထိုည၌ လွန်မြောက်သော အခါ၌လည်း မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ဖြင့် ပုဏ္ဏားတို့ကို ရောင့်ရဲ စေကုန်၏။ အသျှင်ဂေါတမ ဤသို့အားဖြင့် ပုဏ္ဏားတို့၏ မကောင်းမှုကို နှင်ထုတ်ခြင်းဖြစ်ပါ၏ဟု (လျှောက်၏)။

ပုဏ္ဏား ပုဏ္ဏားတို့၏ မကောင်းမှုကို နှင်ထုတ်ခြင်းသည် တမျိုးဖြစ်၏၊ အရိယာ၏ ဝိနည်း၌ မကောင်းမှုကို နှင်ထုတ်ခြင်းသည် တမျိုးဖြစ်၏ ဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ အရိယာ၏ ဝိနည်း၌ မကောင်းမှုကို နှင်ထုတ်ခြင်းကား အဘယ်သို့ပါနည်း၊ တောင်းပန်ပါ၏၊ အကျွန်ုပ်အား အသျှင်ဂေါတမသည် အရိယာ၏ ဝိနည်း၌ မကောင်းမှု နှင်ထုတ်ပုံတရားကို ဟောတော်မူပါလော့ ဟု (လျှောက်၏)။ ပုဏ္ဏား ထိုသို့ဖြစ်လျှင် နာလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောပေအံ့ဟု (မိန့်တော်မူ၏)။ "အသျှင် ဂေါတမ ကောင်းပါပြီ" ဟု ဇာဏုသောဏိ ပုဏ္ဏားသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ပုဏ္ဏား ဤလောက၌ အရိယာတပည့်သည် "မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း သူ့အသက်သတ်ခြင်း၏ အကျိုးသည် ယုတ်မာ၏" ဟု ဆင်ခြင်၏၊ ထိုသူသည် ဤသို့ ဆင်ခြင်၍ သူ့အသက်သတ်ခြင်းကို ပယ်စွန့်၏၊ သူ့အသက်သတ်ခြင်းကို နှင်ထုတ်၏။

"မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း သူ့ဥစ္စာကိုခိုးခြင်း၏ အကျိုးသည် ယုတ်မာ၏" ဟု ဆင်ခြင်၏၊ ထိုသူသည် ဤသို့ဆင်ခြင်၍ သူ့ဥစ္စာခိုးခြင်းကိုပယ်စွန့်၏၊ သူ့ဥစ္စာ ခိုးယူခြင်းကို နှင်ထုတ်၏—

http://www.dhammadownload.com



"မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း ကာမတို့၌ မှားယွင်းစွာကျင့်ခြင်း၏ အကျိုးသည် ယုတ်မာ၏"ဟုဆင်ခြင်၏၊ ထိုသူသည် ဤသို့ဆင်ခြင်၍ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းကို ပယ်စွန့်၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းကို နှင်ထုတ်၏။

"မျက်မှောက်ဘဝ၌ရင်း တမလွန် ဘဝ၌ရင်း မဟုတ်မမှန် ပြောခြင်း၏ အကျိုးသည် ယုတ်မာ၏"ဟု ဆင်ခြင်၏၊ ထိုသူသည် ဤသို့ ဆင်ခြင်၍ မဟုတ်မမှန် ပြောခြင်းကို ပယ်စွန့်၏၊ မဟုတ်မမှန် ပြောခြင်းကို နှင်ထုတ်၏။

"မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း ကုန်းစကား၏ အကျိုးသည် ယုတ်မာ၏" ဟု ဆင်ခြင်၏၊ ထိုသူသည် ဤသို့ ဆင်ခြင်၍ ကုန်းစကားကို ပယ်စွန့်၏၊ ကုန်းစကားကို နှင်ထုတ်၏။

"မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း ရန့်ရင်းကြမ်းတမ်းသော စကား၏ အကျိုးသည် ယုတ်မာ၏"ဟု ဆင်ခြင်၏၊ ထိုသူသည် ဤသို့ဆင်ခြင်၍ ရန့်ရင်းကြမ်းတမ်းသော စကားကို ပယ်စွန့်၏၊ ရန့်ရင်းကြမ်းတမ်းသော စကားကို နှင်ထုတ်၏။

"မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း ပြိန်ဖျင်းသော စကား၏ အကျိုးသည် ယုတ်မာ၏"ဟု ဆင်ခြင်၏၊ ထိုသူသည် ဤသို့ဆင်ခြင်၍ ပြိန်ဖျင်းသော စကားကို ပယ်စွန့်၏၊ ပြိန်ဖျင်းသော စကားကို နှင်ထုတ်၏။

"မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း ရှေးရှုကြံစည်မှု'အဘိဇ္ဈာ'၏ အကျိုးသည် ယုတ်မာ၏"ဟု ဆင်ခြင်၏၊ ထိုသူသည် ဤသို့ဆင်ခြင်၍ ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ'ကို ပယ်စွန့်၏၊ ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ'ကို နှင်ထုတ်၏။

"မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း ပျက်စီးစေလိုမှု 'ဗျာပါဒ'၏ အကျိုးသည် ယုတ်မာ၏"ဟု ဆင်ခြင်၏၊ ထိုသူသည် ဤသို့ဆင်ခြင်၍ ပျက်စီးစေလိုမှု'ဗျာပါဒ'ကို ပယ်စွန့်၏၊ ပျက်စီးစေလိုမှု 'ဗျာပါဒ'ကို နှင်ထုတ်၏။

"မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း မှားယွင်းသော အယူ၏ အကျိုးသည် ယုတ်မာ၏"ဟု ဆင်ခြင်၏၊ ထိုသူသည် ဤသို့ဆင်ခြင်၍ မှားယွင်းသော အယူကို ပယ်စွန့်၏၊ မှားယွင်းသော အယူကိုနှင်ထုတ်၏။ ပုဏ္ဏား ဤသို့ အရိယာ၏ ဝိနည်း၌ မကောင်းမှုကို နှင်ထုတ်ခြင်းသည် ဖြစ်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ ပုဏ္ဏားတို့၏ မကောင်းမှုကို နှင်ထုတ်ခြင်းသည် တမျိုးဖြစ်၏၊ အရိယာ၏ဝိနည်း၌ မကောင်းမှုကို နှင်ထုတ်ခြင်းကား တမျိုးဖြစ်၏၊ အသျှင်ဂေါတမ ပုဏ္ဏားတို့၏ မကောင်းမှုကို နှင်ထုတ်ခြင်းသည် ဤအရိယာ၏ ဝိနည်း၌ မကောင်းမှုကို နှင်ထုတ်ခြင်း၏ တဆယ့်ခြောက်စိတ် တစိတ်မျှ မမှီပါ။ အသျှင်ဂေါတမ အလွန်နှစ်သက်ဖွယ် ရှိပေစွ။ပ။အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါဟု(လျှောက်၏)။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၂-အရိယပစ္စောရောဟဏီသုတ်

၁၆၇။ ရဟန်းတို့ သင်တို့အား မြတ်သောနှင်ထုတ်ခြင်းကို ဟောပေအံ့၊ ထိုတရားကို နာကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောကြားပေအံ့ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—ရဟန်းတို့ မြတ်သော နှင်ထုတ်ခြင်းဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အရိယာတပည့်သည် "မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း သူ့အသက်သတ်ခြင်း၏ အကျိုးသည် ယုတ်မာ၏"ဟု ဤသို့ ဆင်ခြင်၏။ ထိုသူသည် ဤသို့ဆင်ခြင်၍ သူ့အသက် သတ်ခြင်းကို ပယ်စွန့်၏၊ သူ့အသက် သတ်ခြင်းကို နှင်ထုတ်၏။ "မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း သူ့ဥစ္စာကို ခိုးခြင်း၏ အကျိုးသည် ယုတ်မာ၏"ဟု ဆင်ခြင်၏။ ထိုသူသည် ဤသို့ဆင်ခြင်၍ သူ့ဥစ္စာခိုးယူခြင်းကို ပယ်စွန့်၏၊ သူ့ဥစ္စာ ခိုးယူခြင်းကို နှင်ထုတ်၏။ ကာမတို့၌ မှားယွင်းစွာကျင့်ခြင်း၏ အကျိုးသည် ယုတ်မာ၏။ပ။ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းကို နှင်ထုတ်၏၊ မဟုတ်မမှန်ပြောခြင်း၏ အကျိုးသည် ယုတ်မာ၏။ပ။ မဟုတ်မမှန်ပြောခြင်းကို နှင်ထုတ်၏၊ ကုန်းစကား၏ အကျိုးသည် ယုတ်မာ၏။ပ။ ကုန်းစကားကို နှင်ထုတ်၏။ ရှန့်ရင်းကြမ်းတမ်းသော စကား၏အကျိုးသည် ယုတ်မာ၏။ပ။ ရှန့်ရင်းကြမ်းတမ်းသော စကားကို နှင်ထုတ်၏၊ ပြိန်ဖျင်းသော စကား၏ အကျိုးသည် ယုတ်မာ၏။ပ။ ပြိန်ဖျင်းသော စကားကို နှင်ထုတ်၏၊ ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ'၏ အကျိုးသည် ယုတ်မာ၏။ပ။ ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ'ကို နှင်ထုတ်၏၊ ပျက်စီးစေလိုမှု 'ဗျာပါဒ'၏ အကျိုးသည် ယုတ်မာ၏။ပ။ ပျက်စီးစေလိုမှု 'ဗျာပါဒ'ကို နှင်ထုတ်၏။ "မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း မှားယွင်းသော အယူ၏ အကျိုးသည် ယုတ်မာ၏"ဟု ဆင်ခြင်၏။ ထိုသူသည် ဤသို့ ဆင်ခြင်၍ မှားယွင်းသော အယူကို ပယ်စွန့်၏၊ မှားယွင်းသော အယူကို နှင်ထုတ်၏။ ရဟန်းတို့ ဤသည်ကို မြတ်သော နှင်ထုတ်ခြင်းဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-သင်္ဂါရဝသုတ်

၁၆၈။ ထိုအခါ သင်္ဂါရဝပုဏ္ဏားသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီး၍ မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆို ပြီးဆုံးစေပြီးနောက် တခုသောနေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား— အသျှင်ဂေါတမ ဤမှာဖက်ကမ်းဟူသည် အဘယ်ပါနည်း။ ထိုမှာဖက်ကမ်းဟူသည် အဘယ်ပါနည်းဟု (လျှောက်၏)။

ပုဏ္ဏား သူ့အသက်သတ်ခြင်းသည် ဤမှာဖက်ကမ်းတည်း၊ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် ထိုမှာဖက်ကမ်းတည်း။ မပေးသည်ကို ယူခြင်းသည် ဤမှာဖက်ကမ်းတည်း၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်းသည် ထိုမှာဖက်ကမ်းတည်း။ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းသည် ဤမှာဖက်ကမ်းတည်း၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် ထိုမှာဖက်ကမ်းတည်း။ မဟုတ်မမှန် ပြောခြင်းသည် ဤမှာဖက်ကမ်းတည်း၊ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်ခြင်းသည် ထိုမှာဖက်ကမ်းတည်း။ ကုန်းစကားသည် ဤမှာဖက်ကမ်းတည်း၊ ကုန်းစကားမှ ရှောင်

http://www.dhammadownload.com



ကြဉ်ခြင်းသည် ထိုမှာဖက်ကမ်းတည်း။ ရှန့်ရင်းကြမ်းတမ်းသော စကားသည် ဤမှာဖက်ကမ်းတည်း၊ ရှန့်ရင်းကြမ်းတမ်းသော စကားမှ ရှောင်ကြဉ်ခြင်းသည် ထိုမှာဖက်ကမ်းတည်း။ ပြိန်ဖျင်းသော စကားသည် ဤမှာဖက်ကမ်းတည်း၊ ပြိန်ဖျင်းသောစကားမှ ရှောင်ကြဉ်ခြင်းသည် ထိုမှာဖက်ကမ်းတည်း။ ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ'သည် ဤမှာဖက်ကမ်းတည်း၊ ရှေးရှု မကြံစည်မှု 'အနဘိဇ္ဈာ'သည် ထိုမှာဖက်ကမ်းတည်း။ ပျက်စီးစေလိုမှု 'ဗျာပါဒ'သည် ဤမှာဖက်ကမ်းတည်း၊ မပျက်စီးစေလိုမှု 'အဗျာပါဒ'သည် ထိုမှာဖက်ကမ်းတည်း။ မှားယွင်းသောအယူသည် ဤမှာဖက်ကမ်းတည်း၊ မှန်ကန်သော အယူသည် ထိုမှာဖက်ကမ်းတည်း။ ပုဏ္ဏား ဤသည်ကား ဤမှာဖက်ကမ်းတည်း၊ ဤသည်ကား ထိုမှာဖက်ကမ်းတည်းဟု (မိန့်တော်မူ၏)။

လူတို့တွင် (အကြင်လူတို့သည်) ထိုမှာဖက်ကမ်း(နိဗ္ဗာန်)သို့ သွားရောက်ကုန်၏၊ ထိုလူတို့သည်ကား နည်းပါးလှကုန်၏၊ ထို့ပြင် ထိုမှာဖက်ကမ်းသို့ သွားရောက်ကုန်သော သူတို့မှ တပါးသော ဤသတ္တဝါ(အပေါင်း)သည် ဤမှာဖက်ကမ်း (သက္ကာယဒိဋ္ဌိ)သို့သာ လျှင် အဖန်ဖန် ပြေးသွား၏။

အကြင်သူတို့သည်ကား ကောင်းစွာ ဟောတော်မူအပ်သော တရား၌ တရားအား လျော်စွာ ကျင့်ကုန်၏၊ ထိုသူတို့သည်သာ ကူးတက်နိုင်ခဲသော သေမင်း၏တည်ရာ (ဝဋ္ဋတရား)ကို (ကူးတက်ကာ) ထိုမှာဖက်ကမ်း(နိဗ္ဗာန်)သို့ ရောက်ကုန်လတ္တံ့။

ပညာရှိသည် မည်းညစ်သော (အကုသိုလ်) တရားကိုပယ်၍ ဖြူစင်သော (ကုသိုလ်) တရားကို ပွါးရာ၏၊ကပ်ငြိရာ(ဝဋ္ဋ)မှ မကပ်ငြိရာ(နိဗ္ဗာန်)ကို အာရုံပြု၍ အကြင် ကင်းဆိတ်ရာ၌ မွေ့လျော်နိုင်ခဲ၏၊ ထိုကင်းဆိတ်ရာ၌ ကာမတို့ကို ပယ်စွန့်၍ ကြောင့်ကြမရှိပဲ အလွန် မွေ့လျော်ခြင်းကို အလိုရှိရာ၏၊ ပညာရှိသည် စိတ်ညစ်ညူးခြင်းတို့မှ မိမိကိုယ်ကို ဖြူစင်စေရာ၏။

အကြင်သူတို့၏စိတ်သည် သမ္ဗောဓိ၏ အင်္ဂါ (ဗောဇ္ဈင်)တို့၌ ကောင်းစွာပွါးပြီး ဖြစ်၏၊ အကြင် ပုဂ္ဂိုလ်တို့သည် စွဲလမ်းမှု မရှိပဲ စွဲလမ်းမှုကိုစွန့်ရာ (နိဗ္ဗာန်)၌ မွေ့လျော်ကုန်၏။ အာသဝေါတရားကုန်ပြီးကုန်သော တန်ခိုးအာနုဘော်ကြီးကုန်သော ထိုရဟန္တာပုဂ္ဂိုလ်တို့သည် လောက၌ ထက်ဝန်းကျင် ငြိမ်းပြီး ဖြစ်ကုန်၏။

တတိယသုတ်။

## ၄-ဒုတိယသုတ်

၁၇၀။ ရဟန်းတို့ ဤမှာဖက်ကမ်းကိုလည်း ထိုမှာဖက်ကမ်းကိုလည်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ရဟန်းတို့ ဤမှာဖက်ကမ်းဟူသည် အဘယ်နည်း၊ ထိုမှာဖက်ကမ်းဟူသည် အဘယ်နည်း။ ရဟန်းတို့ သူ့အသက်သတ်ခြင်းသည် ဤမှာဖက်ကမ်းတည်း၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် ထိုမှာဖက်ကမ်းတည်း။ မပေးသည်ကိုယူခြင်းသည် ဤမှာဖက်ကမ်းတည်း၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်းသည် ထိုမှာဖက်ကမ်းတည်း။ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းသည် ဤမှာဖက်ကမ်းတည်း၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းသည်

http://www.dhammadownload.com



ထိုမှာဖက်ကမ်းတည်း။ မဟုတ်မမှန်ပြောခြင်းသည် ဤမှာဖက်ကမ်းတည်း၊ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်ခြင်းသည် ထိုမှာဖက်ကမ်းတည်း။ ကုန်းစကားသည် ဤမှာဖက်ကမ်းတည်း၊ ကုန်းစကားမှ ရှောင်ကြဉ်ခြင်းသည် ထိုမှာဖက်ကမ်းတည်း။ ရှန့်ရင်းကြမ်းတမ်းသော စကားသည် ဤမှာဖက်ကမ်းတည်း၊ ရှန့်ရင်းကြမ်းတမ်းသောစကားမှ ရှောင်ကြဉ်ခြင်းသည် ထိုမှာဖက်ကမ်းတည်း။ ပြိန်ဖျင်းသော စကားသည် ဤမှာဖက်ကမ်းတည်း၊ ပြိန်ဖျင်းသောစကားမှ ရှောင်ကြဉ်ခြင်းသည် ထိုမှာဖက်ကမ်းတည်း။ရှေးရှု ကြံစည်မှု 'အဘိဇ္ဈာ' သည် ဤမှာဖက်ကမ်းတည်း၊ ရှေးရှု မကြံစည်မှု 'အနဘိဇ္ဈာ' သည် ထိုမှာဖက်ကမ်းတည်း။ ပျက်စီးစေလိုမှု 'ဗျာပါဒ' သည် ဤမှာဖက်ကမ်းတည်း၊ မပျက်စီးစေလိုမှု 'အဗျာပါဒ' သည် ထိုမှာဖက်ကမ်းတည်း။ မှားယွင်းသောအယူသည် ဤမှာဖက်ကမ်းတည်း၊ မှန်ကန်သော အယူသည် ထိုမှာဖက်ကမ်းတည်း။ ရဟန်းတို့ ဤသည်ကား ဤမှာဖက်ကမ်းတည်း၊ ဤသည်ကား ထိုမှာဖက်ကမ်းတည်းဟု (မိန့်တော်မူ၏)။

လူတို့တွင် (အကြင်လူတို့သည်) ထိုမှာဖက်ကမ်း(နိဗ္ဗာန်)သို့ သွားရောက်ကုန်၏၊ ထိုလူတို့သည်ကား နည်းပါးလှကုန်၏၊ ထို့ပြင် ထိုမှာဖက်ကမ်းသို့ သွားရောက်ကုန်သောသူတို့မှ တပါးသော ဤသတ္တဝါ (အပေါင်း)သည် ဤမှာဖက်ကမ်း (သက္ကာယဒိဋ္ဌိ)သို့ သာလျှင် အဖန်ဖန် ပြေးသွား၏။

အကြင်သူတို့သည်ကား ကောင်းစွာ ဟောတော်မူအပ်သော တရား၌ တရားအားလျော်စွာ ကျင့်ကုန်၏၊ ထိုသူတို့သည်သာ ကူးတက်နိုင်ခဲသော သေမင်း၏တည်ရာ (ဝဋ္ဋတရား)ကို (ကူးတက်ကာ) ထိုမှာဖက်ကမ်း(နိဗ္ဗာန်)သို့ ရောက်ကုန်လတ္တံ့။

ပညာရှိသည် မည်းညစ်သော (အကုသိုလ်) တရားကို ပယ်၍ ဖြူစင်သော (ကုသိုလ်) တရားကို ပွါးရာ၏၊ ကပ်ငြိရာ (ဝဋ္ဋ)မှ မကပ်ငြိရာ (နိဗ္ဗာန်)ကို အာရုံပြု၍ အကြင်ကင်းဆိတ်ရာ၌ မွေ့လျော်နိုင်ခဲ၏၊ ထိုကင်းဆိတ်ရာ၌ ကာမတို့ကို ပယ်စွန့်၍ ကြောင့်ကြမရှိပဲ အလွန် မွေ့လျော်ခြင်းကို အလိုရှိရာ၏၊ ပညာရှိသည် စိတ်ညစ်ညူးခြင်းတို့မှ မိမိကိုယ်ကို ဖြူစင်စေရာ၏။

အကြင်သူတို့၏ စိတ်သည် သမ္ဗောဓိ၏ အင်္ဂါ(ဗောဇ္ဈင်)တို့၌ ကောင်းစွာ ပွါးပြီးဖြစ်၏၊ အကြင် ပုဂ္ဂိုလ်တို့သည် စွဲလမ်းမှု မရှိပဲ စွဲလမ်းမှုကို စွန့်ရာ(နိဗ္ဗာန်)၌ မွေ့လျော်ကုန်၏၊ အာသဝေါတရား ကုန်ပြီးကုန်သော တန်ခိုးအာနုဘော်ကြီးကုန်သော ထိုရဟန္တာ ပုဂ္ဂိုလ်တို့သည် လောက၌ ထက်ဝန်းကျင် ငြိမ်းပြီးဖြစ်ကုန်၏။

စတုတ္ထသုတ်။

---

## ၅-ပဥ္စမ အဓမ္မသုတ်

၁၇၁။ ရဟန်းတို့ တရားမဟုတ်သည်ကိုင်း အကျိုးမဲ့ကိုင်း သိအပ်၏၊ တရားကိုင်း အကျိုးကိုင်း သိအပ်၏၊ တရားမဟုတ်သည်ကိုင်း အကျိုးမဲ့ကိုင်း သိ၍ တရားကိုင်း အကျိုးကိုင်း သိ၍ တရားအားလျော်စွာ အကျိုးအားလျော်စွာ ကျင့်အပ်၏။ ရဟန်းတို့ တရားမဟုတ်သည်နှင့် အကျိုးမဲ့ဟူသည် အဘယ်နည်း။ သူ့အသက်သတ်ခြင်း၊ မပေးသည်ကို ယူခြင်း၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း၊ မဟုတ်မမှန် ပြောခြင်း၊ ကုန်းစကား ရှန့်ရင်းကြမ်းတမ်းသောစကား

http://www.dhammadownload.com



ပြိန်ဖျင်းသောစကားကို ပြောခြင်း၊ ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ'၊ ပျက်စီးစေလိုမှု 'ဗျာပါဒ'၊ မှားယွင်းသော အယူတို့တည်း။ ရဟန်းတို့ ဤသည်ကို တရားမဟုတ်သည်နှင့် အကျိုးမဲ့ဟု ဆိုအပ်၏။

ရဟန်းတို့ တရားနှင့် အကျိုးဟူသည် အဘယ်နည်း။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကုန်းစကားမှ ရှောင်ကြဉ်ခြင်း၊ ရုန့်ရင်းကြမ်းတမ်းသော စကားမှရှောင်ကြဉ်ခြင်း၊ ပြိန်ဖျင်းသောစကားကို ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ ရှေးရှု မကြံစည်မှု 'အနဘိဇ္ဈာ'၊ မပျက်စီးစေလိုမှု 'အဗျာပါဒ'၊ မှန်ကန်သော အယူတို့ဘည်း။ ရဟန်းတို့ ဤသည်ကို တရားနှင့် အကျိုးဟု ဆိုအပ်၏။ "ရဟန်းတို့ တရားမဟုတ်သည်ကိုငြင်း အကျိုးမဲ့ကိုငြင်း သိအပ်၏၊ တရားကိုငြင်း အကျိုးကိုငြင်း သိအပ်၏၊ တရားမဟုတ်သည်ကိုငြင်း အကျိုးမဲ့ကိုငြင်း သိ၍ တရားကိုငြင်း အကျိုးကိုငြင်း သိ၍ တရားအားလျော်စွာ အကျိုးအားလျော်စွာ ကျင့်အပ်၏"ဟု ဆိုခဲ့သော ထိုစကားကို ဤသည်ကို စွဲ၍ ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၆-ဒုတိယ အဓမ္မသုတ်

၁၇၂။ ရဟန်းတို့ တရားမဟုတ်သည်ကိုငြင်း တရားကိုငြင်း သိအပ်၏၊ အကျိုးမဲ့ကိုငြင်း အကျိုးကိုငြင်း သိအပ်၏။ တရားမဟုတ်သည်ကိုငြင်း တရားကိုငြင်း သိ၍ အကျိုးမဲ့ကိုငြင်း အကျိုးကိုငြင်း သိ၍ တရားအားလျော်စွာ အကျိုးအားလျော်စွာ ကျင့်အပ်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏၊ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူကာ နေရာမှထ၍ ကျောင်းသို့ ဝင်တော်မူ၏။

ထို့နောက် မြတ်စွာဘုရား ဖဲကြွ၍ မကြာမီ ထိုရဟန်းတို့အား "ငါ့သျှင်တို့ မြတ်စွာဘုရားသည် 'ရဟန်းတို့ တရား မဟုတ်သည်ကိုငြင်း တရားကိုငြင်း သိအပ်၏၊ အကျိုးမဲ့ကိုငြင်း အကျိုးကိုငြင်း သိအပ်၏၊ တရားမဟုတ်သည်ကိုငြင်း တရားကိုငြင်း သိ၍ အကျိုးမဲ့ကိုငြင်း အကျိုးကိုငြင်း သိ၍ တရားအားလျော်စွာ အကျိုးအားလျော်စွာ ကျင့်ရမည်'ဟု အကျဉ်းအားဖြင့် ဤ ညွှန်ပြချက်ကို ညွှန်ပြတော်မူကာ အကျယ်အားဖြင့် အနက်ကို ဝေဖန်တော်မမူပဲ နေရာမှထကာ ကျောင်းသို့ ဝင်တော်မူ၏၊ အဘယ်သူသည် မြတ်စွာဘုရား အကျဉ်းအားဖြင့် ညွှန်ပြတော်မူ၍ အကျယ်အားဖြင့် အနက်ကို မဝေဖန်သေးသော ဤ ညွှန်ပြချက်၏ အနက်ကို အကျယ်အားဖြင့် ဝေဖန်နိုင်ရာ သနည်း"ဟု အကြံဖြစ်၏။

ထို့နောက် ထိုရဟန်းတို့အား "ဤအသျှင်မဟာကစ္စည်းကို မြတ်စွာဘုရားသည်လည်း ချီးမွမ်းတော်မူ၏၊ သိနားလည်သော သီတင်းသုံးဖော်တို့သည်လည်း ချီးမွမ်းတော်မူအပ်၏၊ အသျှင်မဟာကစ္စည်းသည် မြတ်စွာဘုရား အကျဉ်းအားဖြင့် ညွှန်ပြတော်မူ၍ အကျယ်အားဖြင့် အနက်ကို ဝေဖန်တော် မမူသော ဤညွှန်ပြချက်၏ အနက်ကို အကျယ်အားဖြင့် ဝေဖန်ခြင်းငှါ စွမ်းနိုင်၏၊ ငါတို့သည် အသျှင်မဟာကစ္စည်း အထံသို့ ချဉ်းကပ်၍ အသျှင်မဟာကစ္စည်းအား ဤအနက်ကို မေးလျှောက်ကြရမူ ငါတို့အား အသျှင်မဟာကစ္စည်းသည် ဖြေဆိုတိုင်း ထိုအနက်ကို ဆောင်ထားကြရမူ ကောင်းလေစွ"ဟု အကြံဖြစ်ပြန်၏။

http://www.dhammadownload.com



ထို့နောက် ထိုရဟန်းတို့သည် အသျှင်မဟာကစ္စည်း အထံသို့ ချဉ်းကပ်၍ အသျှင်မဟာကစ္စည်းနှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆို ပြီးဆုံးစေပြီးနောက် တခုသောနေရာ၌ ထိုင်နေကြလျက် အသျှင်မဟာကစ္စည်းအား — ငါ့သျှင်ကစ္စည်း မြတ်စွာဘုရားသည် "ရဟန်းတို့ တရားမဟုတ်သည်ကိုရင်း တရားကိုရင်း သိအပ်၏၊ အကျိုးမဲ့ကိုရင်း အကျိုးကိုရင်း သိအပ်၏၊ တရား မဟုတ်သည်ကိုရင်း တရားကိုရင်း သိ၍ အကျိုးမဲ့ကိုရင်း အကျိုးကိုရင်း သိ၍ တရားအားလျော်စွာ အကျိုးအားလျော်စွာ ကျင့်အပ်၏"ဟု အကျဉ်းအားဖြင့် ဤညွှန်ပြချက်ကို ညွှန်ပြတော်မူ၍ အကျယ်အားဖြင့် အနက်ကို ဝေဖန်တော်မမူပဲ နေရာမှထကာ ကျောင်းသို့ ဝင်တော်မူ၏၊ ငါ့သျှင် မြတ်စွာဘုရား ဖဲကြွ၍ မကြာမြင့်မီ ငါတို့အား "ငါ့သျှင်တို့ မြတ်စွာဘုရားသည် 'တရားမဟုတ်သည်ကိုရင်း။ပ။ အကျိုးအားလျော်စွာ ကျင့်အပ်၏'ဟု အကျဉ်းအားဖြင့် ဤညွှန်ပြချက်ကို ညွှန်ပြဘော်မူကာ အကျယ်အားဖြင့် အနက်ကို ဝေဖန်တော်မမူပဲ နေရာမှထကာ ကျောင်းသို့ ဝင်တော်မူ၏။ အဘယ်သူသည် မြတ်စွာဘုရား အကျဉ်းအားဖြင့် ညွှန်ပြတော်မူ၍ အကျယ်အားဖြင့် အနက်ကို ဝေဖန်တော်မမူသော ဤညွှန်ပြချက်၏ အနက်ကို အကျယ်အားဖြင့် ဝေဖန်နိုင်ရာသနည်း"ဟု အကြံဖြစ်ပါသည် ငါ့သျှင် ထိုငါတို့အား "ဤအသျှင်မဟာကစ္စည်းကို မြတ်စွာဘုရားသည်လည်း ချီးမွမ်းတော်မူအပ်ပါ၏၊ သိနားလည်သော သီတင်းသုံးဖော်တို့သည်လည်း ချီးမွမ်းတော်မူအပ်ပါ၏၊ အသျှင်မဟာကစ္စည်းသည် မြတ်စွာဘုရား အကျဉ်းအားဖြင့် ညွှန်ပြတော်မူ၍ အကျယ်အားဖြင့် အနက်ကို ဝေဖန်တော်မမူသော ဤညွှန်ပြချက်၏ အနက်ကို အကျယ်အားဖြင့် ဝေဖန်ခြင်းငှါ စွမ်းနိုင်၏။ ငါတို့သည် အသျှင်မဟာကစ္စည်း အထံသို့ ချဉ်းကပ်ပြီးနောက် အသျှင်မဟာကစ္စည်းအား ဤအနက်ကို မေးလျှောက်ကြရမူ ငါတို့အား အသျှင်မဟာကစ္စည်း ဖြေဆိုသည့်အတိုင်း ဆောင်ထားကြရမူ ကောင်းလေစွ"ဟု အကြံဖြစ်ပြန်ပါ၏။ အသျှင်မဟာကစ္စည်းသည် ဝေဖန်တော်မူပါလော့ဟု (လျှောက်ကြကုန်၏)။

ငါ့သျှင်တို့ အနှစ်ကို အလိုရှိ၍ အနှစ်ကို ရှာမှီးလေ့ရှိသော ယောကျ်ားသည် အနှစ်ရှာရန် လှည့်လည်လတ်သော် အနှစ်ရှိသည်ဖြစ်၍ တည်နေသော သစ်ပင်ကြီး၏ အမြစ်ကို ကျော်လွန်ကာ ပင်စည်ကို ကျော်လွန်ကာ အခက်အရွက်၌ အနှစ်ကို ရှာသင့်သည်ဟု မှတ်ထင်ရာသကဲ့သို့ ဤအတူပင် ဤ ဥပမာ၏ ပြည့်စုံခြင်းသည်ဖြစ်၏။ အသျှင်တို့သည် မြတ်စွာဘုရား မျက်မှောက်ဖြစ်တော်မူပါလျက် မြတ်စွာဘုရားကို ကျော်လွန်ကာ အကျွန်ုပ်တို့အား ထိုအနက်ကို မေးသင့်သည်ဟု မှတ်ထင်ကြကုန်ဘိ၏။ ငါ့သျှင်တို့ ထိုမြတ်စွာဘုရားသည် သိသင့်သည်ကို သိတော်မူ၏၊ မြင်သင့်သည်ကို မြင်တော်မူ၏၊ လူတို့၏ မျက်စိသဖွယ် ဖြစ်တော်မူ၏၊ ဉာဏ်သဖွယ် ဖြစ်တော်မူ၏၊ တရားတုံး တရားခဲ ဖြစ်တော်မူ၏၊ အမြတ်ဆုံး ဖြစ်တော်မူ၏၊ မိန့်ဆိုတော် မူတတ်၏၊ ဆုံးမတော်မူတတ်၏၊ အကျိုးကိုဆောင်တော်မူတတ်၏၊ အမြိုက် (နိဗ္ဗာန်)ကို ပေးတော်မူတတ်၏၊ တရားအရှင် ဖြစ်တော်မူ၏၊ ရှေးဘုရားတို့အတူ လာတော်မူ၏၊ သင်တို့သည် မြတ်စွာဘုရားသို့သာ ချဉ်းကပ်၍ ထို အနက်ကို မေးကုန်ရာ၏၊ သင်တို့အား မြတ်စွာဘုရားသည် ဖြေတော်မူသည့်အတိုင်း ဆောင်ကုန်ရာ၏၊ ထိုမေးခြင်း ဆောင်ခြင်း၏ အချိန်အခါပင်တည်းဟု (မိန့်ဆို၏)။

ငါ့သျှင်ကစ္စာန စင်စစ် မြတ်စွာဘုရားသည် သိသင့်သည်ကို သိတော်မူ၏၊ မြင်သင့်သည်ကို မြင်တော်မူ၏၊ လူတို့၏ မျက်စိသဖွယ် ဖြစ်တော်မူ၏၊ ဉာဏ်သဖွယ်ဖြစ်တော်မူ၏၊ တရားတုံး တရားခဲ ဖြစ်တော်မူ၏၊ အမြတ်ဆုံးဖြစ်တော်မူ၏၊ မိန့်ဆိုတော်မူတတ်၏၊ ဆုံးမတော်မူတတ်၏၊ အကျိုးကို ဆောင်တော်မူတတ်၏၊ အမြိုက် (နိဗ္ဗာန်)ကို ပေးတော်မူတတ်၏၊ တရားအရှင် ဖြစ်တော်

http://www.dhammadownload.com



မူ၏၊ ရှေးဘုရားတို့အတူ လာတော်မူ၏၊ အကျွန်ုပ်တို့သည် ထိုမြတ်စွာဘုရားသို့ သာလျှင် ချဉ်းကပ်၍ ထိုအနက်ကို မေးကုန်ရာ၏၊ အကျွန်ုပ်တို့အား မြတ်စွာဘုရားသည် ဖြေတော်မူသည့် အတိုင်း ဆောင်ကုန်ရာ၏၊ ထိုမေးခြင်း ဆောင်ခြင်း၏ အချိန်အခါပင် ဖြစ်ပါ၏၊ သို့ပါသော်လည်း အသျှင်မဟာကစ္စည်းကို မြတ်စွာဘုရားသည်လည်း ချီးမွမ်းတော်မူအပ်ပါ၏၊ သိနားလည်သော သီတင်းသုံးဖော်တို့သည်လည်း ချီးမွမ်းအပ်ပါ၏၊ အသျှင်မဟာကစ္စည်းသည် မြတ်စွာဘုရား အကျဉ်းအားဖြင့် ညွှန်ပြတော်မူ၍ အကျယ်အားဖြင့် အနက်ကို ဝေဖန်တော်မမူသော ဤညွှန်ပြချက်၏ အနက်ကို အကျယ်အားဖြင့် ဝေဖန်ခြင်းငှါ စွမ်းနိုင်ပါ၏။ အသျှင်မဟာကစ္စည်းသည် ဝန်မလေးပဲ ဝေဖန်တော်မူပါလော့ဟု လျှောက်ကြကုန်၏။ ငါ့သျှင်တို့ ထိုသို့ဖြစ်လျှင် နာကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောကြားပေအံ့ ဟု (မိန့်ဆို၏)။ "ငါ့သျှင် ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် အသျှင်မဟာကစ္စည်းအား ပြန်ကြားလျှောက်ထားကြကုန်၏။ ထိုအခါ အသျှင်မဟာကစ္စည်းသည် ဤစကားကို မိန့်တော်မူ၏။

ငါ့သျှင်တို့ မြတ်စွာဘုရားသည် "ရဟန်းတို့ တရားမဟုတ်သည်ကိုရင်း သိအပ်၏။ပ။ အကျိုးအားလျော်စွာ ကျင့်အပ်၏"ဟု အကျဉ်းအားဖြင့် ညွှန်ပြချက်ကို ညွှန်ပြတော်မူကာ အကျယ်အားဖြင့် အနက်ကို ဝေဖန်တော်မမူပဲ နေရာမှထ၍ ကျောင်းသို့ ဝင်တော်မူ၏။ ငါ့သျှင်တို့ တရားမဟုတ်ဟူသည် အဘယ်နည်း၊ တရားဟူသည် အဘယ်နည်း၊ အကျိုးမဲ့ဟူသည် အဘယ်နည်း၊ အကျိုးဟူသည် အဘယ်နည်း။ ငါ့သျှင်တို့ သူ့အသက်သတ်ခြင်းသည် တရားမဟုတ်၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် တရားမည်၏။ သူ့အသက်သတ်ခြင်းဟူသော အကြောင်းကြောင့် များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဤသည်ကား အကျိုးမဲ့တည်း။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ဤသည်ကား အကျိုးတည်း။

ငါ့သျှင်တို့ မပေးသည်ကို ယူခြင်းသည် တရား မဟုတ်၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်းသည် တရားမည်၏။ မပေးသည်ကို ယူခြင်းဟူသော အကြောင်းကြောင့် များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဤသည်ကား အကျိုးမဲ့တည်း။ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်းဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ဤသည်ကား အကျိုးတည်း။

ငါ့သျှင်တို့ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းသည် တရားမဟုတ်၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် တရားမည်၏။ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းဟူသော အကြောင်းကြောင့် များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဤသည်ကား အကျိုးမဲ့တည်း။ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ဤသည်ကား အကျိုးတည်း။

ငါ့သျှင်တို့ မဟုတ်မမှန်ပြောခြင်းသည် တရားမဟုတ်၊ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်ခြင်းသည် တရားမည်၏၊ မဟုတ်မမှန်ပြောခြင်းဟူသော အကြောင်းကြောင့် များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဤသည်ကား အကျိုးမဲ့တည်း၊ မဟုတ်မမှန်

http://www.dhammadownload.com



ပြောခြင်းမှ ရှောင်ကြဉ်ခြင်းဟူသော အကြောင်းကြောင့်လည်း များစွာသော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ဤသည်ကား အကျိုးတည်း။

ငါ့သျှင်တို့ ကုန်းစကားသည် တရားမဟုတ်၊ ကုန်းစကားမှ ရှောင်ကြဉ်ခြင်းသည် တရားမည်၏။ ကုန်းစကားဟူသော အကြောင်းကြောင့် များစွာကုန်သော ယုတ်ညံ့သောအကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဤသည်ကား အကျိုးမဲ့တည်း။ ကုန်းစကားမှ ရှောင်ကြဉ်ခြင်းဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ဤသည်ကား အကျိုးတည်း။

ငါ့သျှင်တို့ ရုန့်ရင်းကြမ်းတမ်းသော စကားသည် တရားမဟုတ်၊ ရုန့်ရင်းကြမ်းတမ်းသော စကားမှ ရှောင်ကြဉ်ခြင်းသည် တရားမည်၏။ ရုန့်ရင်းကြမ်းတမ်းသော စကားဟူသော အကြောင်းကြောင့် များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဤသည်ကား အကျိုးမဲ့တည်း။ ရုန့်ရင်းကြမ်းတမ်းသော စကားမှ ရှောင်ကြဉ်ခြင်းဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ဤသည်ကား အကျိုးတည်း။

ငါ့သျှင်တို့ ပြိန်ဖျင်းသော စကားသည် တရားမဟုတ်၊ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်ခြင်းသည် တရားမည်၏။ ပြိန်ဖျင်းသော စကားဟူသော အကြောင်းကြောင့် များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဤသည်ကား အကျိုးမဲ့တည်း။ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်ခြင်းဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ဤသည်ကား အကျိုးတည်း။

ငါ့သျှင်တို့ ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ'သည် တရား မဟုတ်၊ ရှေးရှုမကြံမှု 'အနဘိဇ္ဈာ'သည် တရား မည်၏။ ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ' ဟူသော အကြောင်းကြောင့် များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဤသည်ကား အကျိုးမဲ့တည်း။ ရှေးရှုမကြံစည်မှု 'အနဘိဇ္ဈာ' ဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ဤသည်ကား အကျိုးတည်း။

ငါ့သျှင်တို့ ပျက်စီးစေလိုမှု 'ဗျာပါဒ' သည် တရား မဟုတ်၊ မပျက်စီးစေလိုမှု 'အဗျာပါဒ'သည် တရား မည်၏။ ပျက်စီးစေလိုမှု 'ဗျာပါဒ' ဟူသော အကြောင်းကြောင့် များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဤသည်ကား အကျိုးမဲ့တည်း။ မပျက်စီးစေလိုမှု 'အဗျာပါဒ' ဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ဤသည်ကား အကျိုးတည်း။

ငါ့သျှင်တို့ မှားယွင်းသော အယူသည် တရား မဟုတ်၊ မှန်ကန်သောအယူသည် တရားမည်၏။ မှားယွင်းသော အမြင်ဟူသော အကြောင်းကြောင့် များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဤသည်ကား အကျိုးမဲ့တည်း။ မှန်ကန်သော အမြင်ဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ဤသည်ကား အကျိုးတည်း။

http://www.dhammadownload.com



ငါ့သျှင်တို့ မြတ်စွာဘုရားသည် "ရဟန်းတို့ တရားမဟုတ်သည်ကိုရင်း သိအပ်၏ ။ပ။ အကျိုး အားလျော်စွာ ကျင့်အပ်၏"ဟု အကျဉ်းအားဖြင့် ညွှန်ပြချက်ကို ညွှန်ပြတော်မူကာ အကျယ် အားဖြင့် အနက်ကို ဝေဖန်တော်မမူပဲ နေရာမှထ၍ ကျောင်းသို့ ဝင်တော်မူ၏၊ ငါ့သျှင်တို့ ငါသည် မြတ်စွာဘုရား အကျဉ်းအားဖြင့် ညွှန်ပြတော်မူ၍ အကျယ်အား ဖြင့် အနက်ကို ဝေဖန် တော်မမူသော ဤညွှန်ပြချက်၏ အနက်ကို ဤသို့ အကျယ်အားဖြင့် သိ၏။ ငါ့သျှင်တို့ သင်တို့သည် အလိုရှိပါမူ မြတ်စွာဘုရားသို့သာလျှင် ချဉ်းကပ်၍ ထိုအနက်ကို မေးလျှောက် ကြကုန်လော့—မြတ်စွာဘုရား ဖြေဆိုတော်မူတိုင်း ထိုအနက်ကို ဆောင်ကြကုန်လော့ ဟု (မိန့်ဆို၏)။

"ငါ့သျှင် ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် အသျှင်မဟာကစ္စည်း၏ ဟောပြောချက်ကို နှစ်သက်ဝမ်းမြောက်ကြ၍ နေရာမှထကာ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ကြပြီးလျှင် ရှိခိုး၍ တခုသောနေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—အသျှင်ဘုရား မြတ်စွာဘုရားသည် "ရဟန်း တို့ တရားမဟုတ်သည်ကိုရင်း သိအပ်၏ ။ပ။ အကျိုးအားလျော်စွာ ကျင့်အပ်၏"ဟု အကျဉ်းအား ဖြင့် ညွှန်ပြချက်ကို ညွှန်ပြတော်မူကာ အကျယ်အားဖြင့် အနက်ကို ဝေဖန်တော်မမူပဲ နေရာမှထ၍ ကျောင်းသို့ ဝင်တော်မူပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရား ဖဲကြွ၍မကြာမီ ထိုအကျွန်ုပ်တို့အား— "ငါ့သျှင်တို့ ငါတို့အား မြတ်စွာဘုရားသည် ရဟန်းတို့ တရားမဟုတ်သည်ကိုရင်း တရားကိုရင်း သိအပ်၏။ပ။ အကျိုးအားလျော်စွာ ကျင့်အပ်၏ဟု အကျဉ်းအားဖြင့် ညွှန်ပြချက်ကို ညွှန်ပြတော် မူကာ အကျယ်အားဖြင့် အနက်ကို ဝေဖန်တော်မမူပဲ နေရာမှ ထ၍ ကျောင်းသို့ ဝင်တော်မူ၏။ အဘယ်သူသည် မြတ်စွာဘုရား အကျဉ်းအားဖြင့် ညွှန်ပြတော်မူ၍ အကျယ်အားဖြင့် အနက်ကို ဝေဖန်တော်မမူသော ဤညွှန်ပြချက်၏အနက်ကို အကျယ်အားဖြင့် ဝေဖန်နိုင်ရာသနည်း"ဟု အကြံ ဖြစ်ပါ၏။ အသျှင်ဘုရား ထိုအကျွန်ုပ်တို့အား "အသျှင်မဟာကစ္စည်းကို မြတ်စွာဘုရားသည်လည်း ချီးမွမ်းတော်မူအပ်၏၊ သိနားလည်သော သီတင်းသုံးဖော်တို့သည်လည်း ချီးကျူးအပ်၏၊ အသျှင် မဟာကစ္စည်းသည် မြတ်စွာဘုရား အကျဉ်းအားဖြင့် ညွှန်ပြတော်မူ၍ အကျယ်အားဖြင့် အနက်ကို ဝေဖန်တော်မမူသော ဤညွှန်ပြချက်၏အနက်ကို အကျယ်အားဖြင့် ဝေဖန်ရန် စွမ်းနိုင်၏။ငါတို့သည် အသျှင်မဟာကစ္စည်းအထံသို့ ချဉ်းကပ်ကြ၍ အသျှင်မဟာကစ္စည်းအား ထိုအနက်ကို မေးလျှောက် ကြရမူ ငါတို့အား အသျှင်မဟာကစ္စည်း ဖြေဆိုတော်မူတိုင်း ထိုအနက်ကို ဆောင်ထားကြရမူ ကောင်းလေစွ"ဟု အကြံဖြစ်ပြန်ပါ၏။ အသျှင်ဘုရား ထို့နောက် ထိုအကျွန်ုပ်တို့သည် အသျှင်မဟာ ကစ္စည်းအထံသို့ ချဉ်းကပ်ပြီး၍ အသျှင်မဟာကစ္စည်းအား ထိုအနက်ကို မေးလျှောက်ကြပါသည်။ အသျှင်ဘုရား ထိုအကျွန်ုပ်တို့အား အသျှင်မဟာကစ္စည်းသည် ဤအက္ခရာ ဤပုဒ် ဤသဒ္ဒါတို့ဖြင့် အနက်ကို ကောင်းစွာ ဝေဖန်တော်မူပါ၏ဟု လျှောက်ကုန်၏။

ရဟန်းတို့ ကောင်းပေစွ ကောင်းပေစွ၊ ရဟန်းတို့ မဟာကစ္စည်းသည် ပညာရှိ၏၊ ရဟန်းတို့ မဟာကစ္စည်းသည် ပညာကြီး၏၊ ရဟန်းတို့ သင်တို့သည် အကယ်၍ ငါ့သို့ ချဉ်းကပ်၍ ထိုအနက်ကို မေးလျှောက်ကြလျှင်လည်း ငါသည်လည်း မဟာကစ္စည်း ဖြေသကဲ့သို့သာ ဖြေဆိုရာ၏၊ ထိုစကား၏ အနက်ကား ဤသည်ပင်တည်း၊ ထိုအနက်ကို ဤသို့သာလျှင် မှတ်ဆောင်ထားကုန်ရာ၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

http://www.dhammadownload.com



## ၇-တတိယ အဓမ္မသုတ်

၁၇၃။ ရဟန်းတို့ တရား မဟုတ်သည်ကိုရင်း တရားကိုရင်း သိအပ်၏၊ အကျိုးမဲ့ကိုရင်း အကျိုးကိုရင်း သိအပ်၏၊ တရား မဟုတ်သည်ကိုရင်း တရားကိုရင်း သိ၍ အကျိုးမဲ့ကိုရင်း အကျိုးကိုရင်း သိ၍ တရားအားလျော်စွာ အကျိုးအားလျော်စွာ ကျင့်အပ်၏။ ရဟန်းတို့ တရား မဟုတ်ဟူသည် အဘယ်နည်း၊ တရားဟူသည် အဘယ်နည်း၊ အကျိုးမဲ့ဟူသည် အဘယ်နည်း၊အကျိုး ဟူသည် အဘယ်နည်း။ရဟန်းတို့ သူ့အသက်သတ်ခြင်းသည် တရားမဟုတ်၊သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် တရားမည်၏။ သူ့အသက်သတ်ခြင်းဟူသော အကြောင်းကြောင့် များစွာ ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဤသည်ကား အကျိုးမဲ့တည်း။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းဟူသော အကြောင်းကြောင့်လည်း များစွာကုန်သော ကုသိုလ်တရားတို့သည် ပွါးများ ပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ဤသည်ကား အကျိုးတည်း။ ရဟန်းတို့ မပေးသည်ကို ယူခြင်းသည် တရား မဟုတ်၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ် ခြင်းသည် တရား မည်၏။ ရဟန်းတို့ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းသည် တရားမဟုတ်၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် တရားမည်၏။ ရဟန်းတို့ မဟုတ်မမှန် ပြောခြင်းသည် တရားမဟုတ်၊ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်ခြင်းသည် တရားမည်၏။ရဟန်း တို့ ကုန်းစကားသည် တရားမဟုတ်၊ ကုန်းစကားမှ ရှောင်ကြဉ်ခြင်းသည် တရားမည်၏။ ရဟန်းတို့ ရှန့်ရင်းကြမ်းတမ်းသော စကားသည် တရားမဟုတ်၊ ရှန့်ရင်းကြမ်းတမ်းသော စကားမှ ရှောင်ကြဉ် ခြင်းသည် တရား မည်၏။ ရဟန်းတို့ ပြိန်ဖျင်းသော စကားသည် တရားမဟုတ်၊ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်ခြင်းသည် တရားမည်၏။ ရဟန်းတို့ ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ' သည် တရား မဟုတ်၊ ရှေးရှုမကြံစည်မှု 'အနဘိဇ္ဈာ' သည် တရားမည်၏။ ရဟန်းတို့ ပျက်စီးစေလိုမှု 'ဗျာပါဒ' သည် တရား မဟုတ်၊ မပျက်စီးစေလိုမှု 'အဗျာပါဒ' သည် တရားမည်၏။ ရဟန်းတို့ မှားယွင်းသော အယူ သည် တရား မဟုတ်၊ မှန်ကန်သော အယူသည် တရား မည်၏။ မှားယွင်းသော အယူ ဟူသော အကြောင်းကြောင့် များစွာကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဤသည်ကား အကျိုးမဲ့တည်း။ မှန်ကန်သော အယူဟူသော အကြောင်းကြောင့်လည်း များစွာ ကုန်သော ကုသိုလ်တရားတို့သည် ပွါးများ ပြည့်စုံခြင်းသို့ ရောက်ကုန်၏၊ ဤသည်ကား အကျိုး တည်း။

"ရဟန်းတို့ တရားမဟုတ်သည်ကိုရင်း တရားကိုရင်း သိအပ်၏၊ အကျိုးမဲ့ကိုရင်း အကျိုး ကိုရင်း သိအပ်၏၊ တရားမဟုတ်သည်ကိုရင်း တရားကိုရင်း သိ၍ အကျိုးမဲ့ကိုရင်း အကျိုးကိုရင်း သိ၍ တရားအားလျော်စွာ အကျိုးအားလျော်စွာ ကျင့်အပ်၏" ဟု ဆိုခဲ့သော စကားကို ဤသည် ကို စွဲ၍ ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ဂ-ကမ္မနိဒါနသုတ်

၁၇၄။ ရဟန်းတို့ သူ့အသက်သတ်ခြင်းကိုလည်း လောဘအကြောင်းခံ ဒေါသအကြောင်းခံ မောဟအကြောင်းခံရှိ၏ဟု သုံးမျိုး ငါဟော၏။ ရဟန်းတို့ မပေးသည်ကို ယူခြင်းကိုလည်း

http://www.dhammadownload.com



လောဘအကြောင်းခံ ဒေါသအကြောင်းခံ မောဟအကြောင်းခံရှိ၏ဟု သုံးမျိုး ငါဟော၏။ ရဟန်းတို့ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းကိုလည်း လောဘအကြောင်းခံ ဒေါသအကြောင်းခံ မောဟအကြောင်းခံရှိ၏ဟု သုံးမျိုး ငါဟော၏။ ရဟန်းတို့ မဟုတ်မမှန်ပြောခြင်းကိုလည်း လောဘအကြောင်းခံ ဒေါသအကြောင်းခံ မောဟအကြောင်းခံရှိ၏ဟု သုံးမျိုး ငါဟော၏။ရဟန်းတို့ ကုန်းစကားကိုလည်း လောဘအကြောင်းခံ ဒေါသအကြောင်းခံ မောဟအကြောင်းခံရှိ၏ဟု သုံးမျိုး ငါဟော၏။ ရဟန်းတို့ ရှန့်ရင်းကြမ်းတမ်းသော စကားကိုလည်း လောဘအကြောင်းခံ ဒေါသအကြောင်းခံ မောဟအကြောင်းခံ ရှိ၏ဟု သုံးမျိုး ငါဟော၏။ ရဟန်းတို့ ပြိန်ဖျင်းသော စကားကိုလည်း လောဘအကြောင်းခံ ဒေါသအကြောင်းခံ မောဟအကြောင်းခံ ရှိ၏ဟု သုံးမျိုး ငါဟော၏။ ရဟန်းတို့ ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ'ကိုလည်း လောဘအကြောင်းခံ ဒေါသအကြောင်းခံ မောဟအကြောင်းခံ ရှိ၏ဟု သုံးမျိုး ငါဟော၏။ ရဟန်းတို့ ပျက်စီးစေလိုမှု 'ဗျာပါဒ'ကိုလည်း လောဘအကြောင်းခံ ဒေါသအကြောင်းခံ မောဟအကြောင်းခံရှိ၏ဟု သုံးမျိုး ငါဟော၏။ ရဟန်းတို့ မှားယွင်းသော အယူကိုလည်း လောဘအကြောင်းခံ ဒေါသအကြောင်းခံ မောဟအကြောင်းခံ ရှိ၏ဟု သုံးမျိုး ငါဟော၏။ ရဟန်းတို့ ဤသို့လျှင် လောဘသည် ကံ အကြောင်းဖြစ်၏၊ ဒေါသသည် ကံ အကြောင်းဖြစ်၏၊ မောဟသည် ကံအကြောင်းဖြစ်၏၊ လောဘ ကုန်ခြင်းကြောင့် ကံအကြောင်း ကုန်၏၊ ဒေါသကုန်ခြင်းကြောင့် ကံ အကြောင်းကုန်၏၊ မောဟကုန်ခြင်းကြောင့် ကံ အကြောင်း ကုန်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ပရိက္ခမနသုတ်

၁၇၅။ ရဟန်းတို့ ဤတရားသည် ရှောင်လွှဲ၍ရ၏၊ ဤတရားသည် ရှောင်လွှဲ၍ မရသည် မဟုတ်။ ရဟန်းတို့ အဘယ်သို့လျှင် ဤတရားသည် ရှောင်လွှဲ၍ရသနည်း၊ဤတရားသည် ရှောင်လွှဲ၍ မရသည် မဟုတ်သနည်း။ရဟန်းတို့ သူ့အသက် သတ်လေ့ရှိသူအား သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် ရှောင်လွှဲမှု ဖြစ်၏၊ရဟန်းတို့ မပေးသည်ကို ယူလေ့ရှိသူအား မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်းသည် ရှောင်လွှဲမှု ဖြစ်၏၊ ရဟန်းတို့ ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိသူအား ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် ရှောင်လွှဲမှု ဖြစ်၏၊ ရဟန်းတို့ မဟုတ်မမှန် ပြောလေ့ရှိသူအား မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်ခြင်းသည် ရှောင်လွှဲမှုဖြစ်၏၊ ရဟန်းတို့ ကုန်းစကားပြောသူအား ကုန်းစကားမှ ရှောင်ကြဉ်ခြင်းသည် ရှောင်လွှဲမှုဖြစ်၏၊ ရဟန်းတို့ ရှန့်ရင်းကြမ်းတမ်းသော စကားပြောသူအား ရှန့်ရင်းကြမ်းတမ်းသော စကားမှ ရှောင်ကြဉ်ခြင်းသည် ရှောင်လွှဲမှုဖြစ်၏၊ရဟန်းတို့ ပြိန်ဖျင်းသော စကားပြောသူအား ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်ခြင်းသည် ရှောင်လွှဲမှု ဖြစ်၏၊ ရဟန်းတို့ အဘိဇ္ဈာများသူအား အဘိဇ္ဈာမများခြင်းသည် ရှောင်လွှဲမှု ဖြစ်၏၊ ရဟန်းတို့ ပျက်စီးစေလိုစိတ် ရှိသူအား မပျက်စီးစေလိုခြင်းသည် ရှောင်လွှဲမှု ဖြစ်၏၊ ရဟန်းတို့ မှားယွင်းသော အယူရှိသူအား မှန်ကန်သော အယူရှိခြင်းသည် ရှောင်လွှဲမှု ဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် ဤတရားသည် ရှောင်လွှဲ၍ **ရ၏**၊ ဤတရားသည် ရှောင်လွှဲ၍ မရသည် မဟုတ်ဟု **(မိန့်တော်မူ၏)**။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-စုန္ဒသုတ်

၁၇၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ပါဝါပြည် ပန်းထိမ်သည်၏သား စုန္ဒ၏သရက်ဥယျာဉ်၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ ပန်းထိမ်သည်၏ သား စုန္ဒသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်၏၊ တခုသောနေရာ၌ ထိုင်နေသော ပန်းထိမ်သည်၏သား စုန္ဒအား မြတ်စွာဘုရား သည် "စုန္ဒ သင်သည် အဘယ်သူ၏ စင်ကြယ်မှုတို့ကို နှစ်သက်သနည်း"ဟု မေးတော်မူ၏။ အသျှင်ဘုရား ရေကရားကို ဆောင်ကုန်သော မှော်ပန်းကို ဆောင်ကုန်သော မီးကိုလုပ်ကျွေး ကုန်သော ရေသို့ သက်ဆင်းကုန်သော ပစ္ဆာဘူမိအရပ်သား ပုဏ္ဏားတို့သည် စင်ကြယ်မှုကို ပညတ် ပါကုန်၏၊ အကျွန်ုပ်သည် ထိုသူတို့၏ စင်ကြယ်မှုတို့ကို နှစ်သက်ပါ၏ဟု(လျှောက်၏)။

စုန္ဒ အဘယ်သို့လျှင် ရေကရားကို ဆောင်ကုန်သော မှော်ပန်းကို ဆောင်ကုန်သော မီးကို လုပ်ကျွေးကုန်သော ရေသို့ သက်ဆင်းကုန်သော ပစ္ဆာဘူမိအရပ်သား ပုဏ္ဏားတို့သည် စင်ကြယ် မှုတို့ကို ပညတ်ကုန်သနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဤလောက၌ ရေကရားကို ဆောင်ကုန်သော မှော်ပန်းကို ဆောင်ကုန်သော မီးကို လုပ်ကျွေးကုန်သော ရေသို့ သက်ဆင်း ကုန်သော ပစ္ဆာဘူမိအရပ်သား ပုဏ္ဏားတို့သည် တပည့်ကို ဤသို့ ဆောက်တည်စေကုန်၏၊ "အိုယောကျ်ား သင်သည် လာလေ့၊ အိပ်ရာမှ စောစောထ၍ မြေကို သုံးသပ်လေ့၊ အကယ်၍ မြေကို မသုံးသပ်လျှင် နွားချေး အစိုတို့ကို သုံးသပ်လေ့။ အကယ်၍ နွားချေး အစိုတို့ကို မသုံးသပ်လျှင် မြက်စိမ်းတို့ကို သုံးသပ်လေ့။ အကယ်၍ မြက်စိမ်းတို့ကို မသုံးသပ်လျှင် မီးကို လုပ်ကျွေးလေ့။ အကယ်၍ မီးကို မလုပ်ကျွေးလျှင် လက်အုပ်ချီကာ နေကို ရှိခိုးလေ့။ အကယ်၍ လက်အုပ်ချီကာ နေကို ရှိမခိုးလျှင် ညနေချမ်းလျှင် သုံးကြိမ်မြောက် ရေသို့ သက်ဆင်းလေ့"ဟု (ဆောက်တည်စေကုန်၏)။ အသျှင်ဘုရား ရေကရားကို ဆောင်ကုန်သော မှော်ပန်းကို ဆောင် ကုန်သော မီးကို လုပ်ကျွေးကုန်သော ရေသို့ သက်ဆင်းကုန်သော ပစ္ဆာဘူမိအရပ်သား ပုဏ္ဏား တို့သည် ဤသို့ စင်ကြယ်မှုတို့ကို ပညတ်ပါကုန်၏၊ အကျွန်ုပ်သည် ထိုသူတို့၏ စင်ကြယ်မှုတို့ကို နှစ်သက်ပါ၏ဟု (လျှောက်၏)။

စုန္ဒ ရေကရားကို ဆောင်ကုန်သော မှော်ပန်းကို ဆောင်ကုန်သော မီးကို လုပ်ကျွေးကုန်သော ရေသို့ သက်ဆင်းကုန်သော ပစ္ဆာဘူမိအရပ်သား ပုဏ္ဏားတို့၏ စင်ကြယ်မှုသည် တမျိုးတည်း၊ အရိယာ၏ ဝိနည်း၌ စင်ကြယ်မှုသည် တမျိုးတည်းဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား အရိယာ၏ ဝိနည်း၌ စင်ကြယ်မှုကား အဘယ်သို့ ဖြစ်ပါသနည်း၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာ ဘုရားသည် အရိယာ၏ဝိနည်း၌ စင်ကြယ်မှုဖြစ်ပုံကို အကျွန်ုပ်အား ဟောတော်မူပါဟု (လျှောက် ၏)။ စုန္ဒ ထိုသို့ဖြစ်လျှင် နာလေ့၊ ကောင်းစွာ နှလုံးသွင်းလေ့၊ ဟောကြားပေအံ့ဟု (မိန့်တော် မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ပန်းထိမ်သည်၏ သား စုန္ဒသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။

စုန္ဒ ကိုယ်ဖြင့် မစင်ကြယ်မှုသည် သုံးမျိုး ဖြစ်၏၊ နှုတ်ဖြင့် မစင်ကြယ်မှုသည် လေးမျိုး ဖြစ်၏၊ စိတ်ဖြင့် မစင်ကြယ်မှုသည် သုံးမျိုးဖြစ်၏။ စုန္ဒ အဘယ်သို့လျှင် ကိုယ်ဖြင့် မစင်ကြယ်မှုသည် သုံးမျိုး ဖြစ်ပါသနည်း။ စုန္ဒ ဤလောက၌ အချို့သောသူသည် သူ့အသက်ကို သတ်လေ့ရှိ၏၊ ကြမ်းကြုတ်၏၊ လက်၌ သွေးစွန်း၏၊ သက်ခြင်း၌ စိတ်ဝင်စား၏၊ သတ္တဝါတို့၌ သနားခြင်းမရှိ။ မပေးသည်ကို ယူလေ့

http://www.dhammadownload.com



ရှိ၏၊ ရွာ၌ ဖြစ်စေ တော၌ ဖြစ်စေ တည်သော သူတပါး၏ စည်းစိမ် အဆောက်အဦကို ခိုးလို စိတ်ဖြင့် မပေးပဲ ယူတတ်၏။ ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏၊ အကြင်မိန်းမတို့ကို အမိ စောင့်၏၊ အဖ စောင့်၏၊ အမိအဖ စောင့်၏၊ မောင်ကြီးမောင်ငယ် စောင့်၏၊ အစ်မညီမ စောင့်၏၊ ဆွေမျိုး စောင့်၏၊ အနွယ် စောင့်၏၊ တရား စောင့်၏၊ အရှင်'လင်'ရှိ၏၊ ဒဏ်ထား၏၊ အယုတ်သဖြင့် ပန်းခွေဖြင့်သော်လည်း ကာရံထား၏၊ ထိုကဲ့သို့သော မိန်းမတို့၌ သွားလာခြင်းသို့ ရောက်၏။ စုန္ဒ ဤသို့လျှင် ကိုယ်ဖြင့် မစင်ကြယ်မှုသည် သုံးမျိုးဖြစ်၏။

စုန္ဒ အဘယ်သို့လျှင် နှုတ်ဖြင့် မစင်ကြယ်မှုသည် လေးမျိုးဖြစ်သနည်း။ စုန္ဒ ဤလောက၌ အချို့သောသူသည် မဟုတ်မမှန် ပြောလေ့ရှိ၏၊ သဘင်သို့ ရောက်သော်၎င်း ပရိသတ်သို့ ရောက်သော်၎င်း ဆွေမျိုးအလယ်သို့ ရောက်သော်၎င်း အသင်းအလယ်သို့ ရောက်သော်၎င်း မင်းမျိုးအလယ်သို့ ရောက်သော်၎င်း "အိုယောကျ်ား လာလော့၊ သင်သိသမျှကို ပြောလော့"ဟု သက်သေခေါ် ဆောင် အမေးခံရလျှင် ထိုသူသည် မသိသည်ကို"ငါသိ၏"ဟု၎င်း သိသည်ကို"ငါမသိ"ဟု၎င်း မမြင်သည်ကို "ငါမြင်၏"ဟု၎င်း မြင်သည်ကို "ငါမမြင်"ဟု၎င်း ဤသို့ မိမိအကြောင်းကြောင့်သော်၎င်း သူတပါး အကြောင်းကြောင့်သော်၎င်း လာဘ်'အာမိသ' တံစိုးလက်ဆောင် ဟူသော အကြောင်းကြောင့်သော်၎င်း သိလျက် မဟုတ်မမှန် ပြော၏။ ကုန်းစကားကို ပြောကြားတတ်၏၊ ဤသူတို့ထံမှ နားထောင်၍(ထိုသူတို့နှင့်)ဤသူတို့ ကွဲပြားရန် ထိုသူတို့ထံ၌ ပြောတတ်၏၊ ထိုသူတို့ထံမှ နားထောင်၍(ဤသူတို့နှင့်) ထိုသူတို့ ကွဲပြားရန် ဤသူတို့ထံ၌ ပြောတတ်၏၊ ဤသို့ ညီညွတ်သူတို့ကိုလည်း ခွဲခြားတတ်၏၊ ကွဲပြား သူတို့ကိုလည်း အားပေးတတ်၏၊ ကွဲပြားမှု အစု'ဝဂ္ဂ'၌ မွေ့လျော်တတ်၏၊ ကွဲပြားမှု အစု'ဝဂ္ဂ'၌ ပျော်ပိုက်တတ်၏၊ ကွဲပြားမှု အစု 'ဝဂ္ဂ'ကို နှစ်သက်တတ်၏၊ ကွဲပြားမှု အစု 'ဝဂ္ဂ'ကို ပြုသော စကားကို ဆိုတတ်၏။ ရုန့်ရင်းကြမ်းတမ်းသော စကားရှိ၏၊ အကြင်စကားသည် အပြစ်ရှိ၏၊ ကြမ်းတမ်း၏၊ သူတပါး နားကိုစပ်ခါးစေတတ်၏၊ သူတပါးကို ထိခိုက်၏၊ အမျက်ထွက်ဖွယ် ကောင်း၏၊ တည်ငြိမ်မှုကို မဖြစ်စေတတ်၊ ထိုသို့သော သဘောရှိသော စကားကို ဆိုတတ်၏။ ပြိန်ဖျင်းသော စကားရှိ၏၊ အခါမဟုတ်သည်၌ ဆိုလေ့ရှိ၏၊ မဟုတ်သည်ကို ဆိုလေ့ရှိ၏၊ အကျိုးမဲ့ကို ဆိုလေ့ရှိ၏၊ တရားမဲ့ကို ဆိုလေ့ရှိ၏၊ ဆုံးမစကား မဟုတ်သည်ကို ဆိုလေ့ရှိ၏၊ အခါမဟုတ်သည်၌ အကြောင်းမဲ့ အပိုင်းအခြားမရှိပဲ အစီးအပွါးမဲ့နှင့် စပ်သော မှတ်သားဖွယ်မရှိသော စကားကို ဆိုတတ်၏။ စုန္ဒ ဤသို့လျှင် နှုတ်ဖြင့် မစင်ကြယ်မှုသည် လေးမျိုး ဖြစ်၏။

စုန္ဒ အဘယ်သို့လျှင် စိတ်ဖြင့် မစင်ကြယ်မှုသည် သုံးမျိုးဖြစ်သနည်း။ စုန္ဒ ဤလောက၌ အချို့သောသူသည် အဘိဇ္ဈာများ၏၊ သူတပါး၏ စည်းစိမ် အဆောက်အဦကို "ငါ့အား ဖြစ်မူ ကောင်းလေစွ"ဟု ရှေးရှုကြံတတ်သူ ဖြစ်၏။ ဖျက်ဆီးလိုသော စိတ်ရှိ၏၊ "ဤသတ္တဝါတို့ကို သတ်စေကုန် ဖမ်းစေကုန် ဖြတ်စေကုန်(ဤသတ္တဝါတို့သည်) ပျောက်ပျက်ကြစေကုန်၊ မရှိကြစေကုန်လင့်"ဟု ဖျက်ဆီးလိုသော စိတ်အကြံရှိ၏။ မှားယွင်းသော အယူရှိ၏၊ "လှူရကျိုး မရှိ၊ ပူဇော်ရကျိုး မရှိ၊ ဧည့်ဝတ်ပြုရကျိုး မရှိ၊ ကောင်းစွာ ပြုအပ် မကောင်းသဖြင့် ပြုအပ်သော ကံတို့၏ အကျိုးဝိပါက် မရှိ၊ ဤလောကဟူသည် မရှိ၊ တပါးသော လောကဟူသည် မရှိ၊ အမိ၌ ကောင်း မကောင်းပြုမှု အကျိုးဟူသည် မရှိ၊ အဖ၌ ကောင်းမကောင်းပြုမှု အကျိုးဟူသည် မရှိ၊ ဥပပါတ် သတ္တဝါတို့ဟူသည် မရှိကြ၊ ဤလောကကို၎င်း တပါးသောလောကကို၎င်း ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ဟောကြားနိုင်သော ဇလောက၌ အညီအညွတ်

http://www.dhammadownload.com



ရောက်ကြကုန် ကောင်းစွာ ကျင့်ကြကုန်သော သမဏဗြာဟ္မဏတို့ဟူသည် မရှိကုန်''ဟု ဖောက်ပြန်သော အမြင်ရှိ၏။ စုန္ဒ ဤသို့လျှင် စိတ်ဖြင့် မစင်ကြယ်မှုသည် သုံးမျိုးဖြစ်၏။

စုန္ဒ ဤသည်ဘို့ကား အကုသိုလ်ကမ္မပထ ဆယ်မျိုးတို့တည်း။ စုန္ဒ ဤအကုသိုလ် ကမ္မပထ ဆယ်မျိုးတို့နှင့် ပြည့်စုံသူသည် စောစောအိပ်ရာမှ ထ၍သာလျှင် မြေကို သုံးသပ်သော်ငြား မသုံးသပ်သော်ငြား မစင်ကြယ်သည်သာ ဖြစ်၏။ နွားချေးအစိုတို့ကို သုံးသပ်သော်ငြား မသုံးသပ်သော်ငြား မစင်ကြယ်သည်သာ ဖြစ်၏။ မြက်စိမ်းတို့ကို သုံးသပ်သော်ငြား မသုံးသပ်သော်ငြား မစင်ကြယ်သည်သာ ဖြစ်၏။ မီးကို လုပ်ကျွေးသော်ငြား မလုပ်ကျွေးသော်ငြား မစင်ကြယ်သည်သာ ဖြစ်၏။ လက်အုပ်ချီလျက် နေကို ရှိခိုးသော်ငြား ရှိမခိုးသော်ငြား မစင်ကြယ်သည်သာ ဖြစ်၏။ ညနေချမ်းလျှင် သုံးကြိမ်မြောက် ရေသို့ သက်ဆင်းသော်ငြား မသက်ဆင်းသော်ငြား မစင်ကြယ်သည်သာ ဖြစ်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း။ စုန္ဒ ဤအကုသိုလ် ကမ္မပထ ဆယ်မျိုးတို့သည် မစင်ကြယ်သည်သာ ဖြစ်ကုန်၏၊ မစင်ကြယ်မှုကို ပြုတတ်ကုန်၏။ စုန္ဒ ဤအကုသိုလ် ကမ္မပထ ဆယ်မျိုးတို့၏ ပြည့်စုံမှုဟူသော အကြောင်းကြောင့် ငရဲသည် ထင်၏၊ တိရစ္ဆာန်ဘဝသည် ထင်၏၊ ပြိတ္တာဘုံသည် ထင်၏၊ အခြားသော မည်သည့် ဒုဂ္ဂတိဘုံဘဝတို့ မဆို ထင်ကုန်၏။

စုန္ဒ ကိုယ်ဖြင့် စင်ကြယ်မှုသည် သုံးမျိုးဖြစ်၏၊ နှုတ်ဖြင့် စင်ကြယ်မှုသည် လေးမျိုး ဖြစ်၏၊ စိတ်ဖြင့် စင်ကြယ်မှုသည် သုံးမျိုးဖြစ်၏။ စုန္ဒ အဘယ်သို့လျှင် ကိုယ်ဖြင့် စင်ကြယ်မှုသည် သုံးမျိုး ဖြစ်သနည်း။ စုန္ဒ ဤလောက၌ အချို့သောသူသည် အသက်သတ်ခြင်းကို ပယ်၍အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူ ဖြစ်၏၊ တုတ်ကို ချထားပြီး ဖြစ်၏၊ လက်နက်ကို ချထားပြီး ဖြစ်၏၊ ရှက်ခြင်းရှိ၏၊ သနားတတ်၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက်နေ၏။ မပေးသည်ကို ယူခြင်းကို ပယ်၍ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ရွာ၌ဖြစ်စေ တော၌ ဖြစ်စေ တည်သော သူတပါး၏ စည်းစိမ် အဆောက်အဉီကို မပေးပဲ မယူတတ်သူ ဖြစ်၏။ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းကို ပယ်၍ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်သူဖြစ်၏၊ အကြင်မိန်းမတို့ကို အမိစောင့်၏၊ အဖစောင့်၏၊ အမိ အဖ စောင့်၏၊ မောင်ကြီး မောင်ငယ်စောင့်၏၊ အစ်မ ညီမ စောင့်၏၊ ဆွေမျိုးစောင့်၏၊ အနွယ်စောင့်၏၊ တရားစောင့်၏၊ အရှင် 'လင်' ရှိ၏၊ ဒဏ်ထား၏၊ အယုတ်သဖြင့် ပန်းခွေဖြင့်သော်လည်း ကာရံထား၏၊ ထိုကဲ့သို့သော မိန်းမတို့၌ သွားလာခြင်းသို့ မရောက်တတ်သူဖြစ်၏။ စုန္ဒ ဤသို့လျှင် ကိုယ်ဖြင့် စင်ကြယ်မှုသည် သုံးမျိုးဖြစ်၏။

စုန္ဒ အဘယ်သို့လျှင် နှုတ်ဖြင့် စင်ကြယ်မှုသည် လေးမျိုးဖြစ်သနည်း။ စုန္ဒ ဤလောက၌ အချို့သော သူသည် မဟုတ်မမှန် ပြောခြင်းကို ပယ်၍ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်သူ ဖြစ်၏၊ သဘင်သို့ ရောက်သော်ငြား ပရိသတ်သို့ ရောက်သော်ငြား ဆွေမျိုးအလယ်သို့ရောက်သော်ငြား အသင်းအလယ်သို့ ရောက်သော်ငြား မင်းမျိုးအလယ်သို့ ရောက်သော်ငြား ''အိုယောကျ်ား လာလော့၊ သင်သိသမျှကို ပြောလော့''ဟု သက်သေခေါ်ဆောင် အမေးခံရလျှင် ထိုသူသည် မသိသည်ကို ''ငါမသိ''ဟုငြား သိသည်ကို ''ငါသိ၏''ဟုငြား မမြင်သည်ကို ''ငါမမြင်''ဟုငြား မြင်သည်ကို ''ငါမြင်၏''ဟုငြား ဤသို့ မိမိ အကြောင်းကြောင့်သော်ငြား သူတပါး အကြောင်းကြောင့်သော်ငြား လာဘ် 'အာမိသ' တစ်စိုးဟူသော အကြောင်းကြောင့်သော်ငြား သိလျက် အမှား မပြောတတ်သူ ဖြစ်၏။ ကုန်းစကားကိုပယ်၍ ကုန်းစကားမှ ရှောင်ကြဉ်သူဖြစ်၏၊ ဤသူ့ထံမှ နားထောင်၍ (ထိုသူဘို့နှင့်) ဤသူတို့ ကွဲပြားရန် ထိုသူတို့ထံ၌ မပြောတတ်၊ ထိုသူတို့ထံမှ နားထောင်၍

http://www.dhammadownload.com



(ဤသူတို့နှင့်) ထိုသူတို့ ကွဲပြားရန် ဤသူတို့ထံ၌ မပြောတတ်၊ ဤသို့ ကွဲပြားသူတို့ကိုလည်း စေ့စပ်တတ်၏၊ ညီညွတ်သူတို့ကိုလည်း အားပေးတတ်၏၊ ညီညွတ်ခြင်း၌ မွေ့လျော်တတ်၏၊ ညီညွတ်ခြင်း၌ ပျော်ပိုက်တတ်၏၊ ညီညွတ်ခြင်းကို နှစ်သက်တတ်၏။ ရုန့်ရင်းကြမ်းတမ်းသော စကားကို ပယ်၍ ရုန့်ရင်းကြမ်းတမ်းသော စကားမှ ရှောင်ကြဉ်တတ်သူ ဖြစ်၏၊ အကြင်စကားသည် အပြစ်ကင်း၏၊ နားချမ်းသာ၏၊ နှစ်လိုဖွယ် ရှိ၏၊ နှလုံးသို့ သက်ဝင်၏၊ ယဉ်ကျေး၏၊ လူအများ နှစ်သက်၏၊ လူအများနှစ်ခြိုက်၏၊ ထိုသို့ သဘောရှိသောစကားကိုသာ ဆိုတတ်သူဖြစ်၏။ ပြိန်ဖျင်းသော စကားကို ပယ်၍ ပြိန်ဖျင်းသောစကားမှ ရှောင်ကြဉ်တတ်သူဖြစ်၏၊ (သင့်သော)အခါ၌သာ ဆိုလေ့ရှိ၏၊ဟုတ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အကျိုး (နှင့်စပ်သော စကား) ကိုသာ ဆိုလေ့ရှိ၏၊ တရား(နှင့်စပ်သောစကား)ကိုသာ ဆိုလေ့ရှိ၏၊အဆုံးအမ(နှင့်စပ်သောစကား)ကိုသာ ဆိုလေ့ရှိ၏၊ (သင့်လျော်သော) အခါ၌ အကြောင်းနှင့်တကွ အပိုင်းအခြားရှိ၍ အနက်နှင့် ပြည့်စုံသဖြင့် မှတ်သားလောက်သော စကားကိုသာ ဆိုတတ်သူဖြစ်၏။စုန္ဒ ဤသို့လျှင် နှုတ်ဖြင့် စင်ကြယ်မှုသည် လေးမျိုးဖြစ်၏။

စုန္ဒ အဘယ်သို့လျှင် စိတ်ဖြင့် စင်ကြယ်မှုသည် သုံးမျိုးဖြစ်သနည်း။ စုန္ဒ ဤလောက၌ အချို့သောသူသည် အဘိဇ္ဈာ မများသူဖြစ်၏၊ "သူတပါး၏ စည်းစိမ်အဆောက်အဦသည် ငါ့အား ဖြစ်မူ ကောင်းလေစွ" ဟု သူတပါး၏ စည်းစိမ် အဆောက်အဦကို ရှေးရှုမကြံတတ်သူ ဖြစ်၏။ မဖျက်ဆီးလိုသော စိတ်ရှိ၏၊ "ဤသတ္တဝါတို့သည် ရန်ကင်းသူတို့ ဖြစ်ကြပါစေ ကြောင့်ကြကင်းသူတို့ ဆင်းရဲကင်းသူတို့ ဖြစ်ကြပါစေ၊ မိမိ ကိုယ်ကို ချမ်းသာစွာ ဆောင်ရွက်နိုင်ကြပါစေ"ဟု မဖျက်ဆီးလိုသော စိတ်အကြံရှိသူ ဖြစ်၏။ မှန်ကန်သော အယူရှိ၏၊ "လှူရကျိုးရှိ၏၊ ပူဇော်ရကျိုးရှိ၏၊ ဧည့်ဝတ် ပြုကျေးရှိ၏၊ ကောင်းစွာပြုအပ် မကောင်းသဖြင့် ပြုအပ်သော ကံတရား၏ အကျိုး ဝိပါက်သည် ရှိ၏၊ ဤလောကသည် ရှိ၏၊ တပါးသော လောကသည် ရှိ၏၊ အမိ၌ ကောင်းမကောင်း ပြုမှု အကျိုးဟူသည် ရှိ၏၊ အဖ၌ ကောင်းမကောင်း ပြုမှုအကျိုးဟူသည် ရှိ၏၊ ဥပပါတ် သတ္တဝါတို့သည် ရှိကြကုန်၏၊ ဤလောကကိုငင်း တပါးသောလောကကိုငင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ဟောကြားနိုင်ကုန်သော လောက၌ အညီအညွတ် ရောက်ကြကုန် ကောင်းစွာကျင့်ကြကုန်သော သမဏဗြာဟ္မဏတို့ဟူသည် ရှိကုန်၏" ဟု မဖောက်ပြန်သော အမြင်ရှိသူ ဖြစ်၏။ စုန္ဒ ဤသို့လျှင် စိတ်ဖြင့် စင်ကြယ်မှုသည် သုံးမျိုးဖြစ်၏။

စုန္ဒ ဤသည်တို့ကား ကုသိုလ်ကမ္မပထ ဆယ်မျိုးတို့တည်း။ ဤကုသိုလ်ကမ္မပထ ဆယ်မျိုးတို့နှင့် ပြည့်စုံသူသည် စောစောအိပ်ရာမှထ၍သာလျှင် မြေကို သုံးသပ်သော်ငြားငြား မသုံးသပ်သော်ငြား စင်ကြယ်သည်သာ ဖြစ်၏။ နွားချေးအစိုတို့ကို သုံးသပ်သော်ငြား မသုံးသပ်သော်ငြား စင်ကြယ်သည်သာဖြစ်၏၊ မြက်စိမ်းတို့ကို သုံးသပ်သော်ငြား မသုံးသပ်သော်ငြား စင်ကြယ်သည်သာဖြစ်၏။ မီးကို လုပ်ကျွေးသော်ငြား မလုပ်ကျွေးသော်ငြား စင်ကြယ်သည်သာ ဖြစ်၏။ လက်အုပ်ချီလျက် နေကို ရှိခိုးသော်ငြား ရှိမခိုးသော်ငြား စင်ကြယ်သည်သာဖြစ်၏။ ညနေချမ်းလျှင် သုံး ကြိမ်မြောက် ရေသို့ သက်ဆင်းသော်ငြား မသက်ဆင်းသော်ငြား စင်ကြယ်သည်သာဖြစ်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း။ စုန္ဒ ဤကုသိုလ် ကမ္မပထ ဆယ်မျိုးတို့သည် စင်ကြယ်သည်သာ ဖြစ်ကုန်၏၊ စင်ကြယ်မှုကို ပြုတတ်ကုန်၏၊ စုန္ဒ ဤကုသိုလ်ကမ္မပထဆယ်မျိုးတို့၏ ပြည့်စုံမှုဟူသော အကြောင်း ကြောင့် နတ်ဘဝတို့သည် ထင်ကုန်၏၊ လူ့ ဘဝတို့သည် ထင်ကုန်၏၊ အခြားသော မည်သည့် သုဂတိ ဘုံဘဝတို့ မဆို ထင်ကုန်၏။

http://www.dhammadownload.com



ဤသို့ မိန့်တော်မူလတ်သော် ပန်းထိမ်သည်၏သား စုန္ဒသည် မြတ်စွာဘုရားအား "အသျှင်ဘုရား အလွန်နှစ်သက်ဖွယ် ရှိပါပေ၏။ပ။ အသျှင်ဘုရား အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာ ဟု မှတ်တော်မူပါ" ဟု လျှောက်၏။

ဒသမသုတ်။

---

## ၁၁-ဇာဏုဿောဏိသုတ်

၁၇၇။ ထိုအခါ ဇာဏုဿောဏိပုဏ္ဏားသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို ပြီးဆုံးစေပြီးနောက် တခုသောနေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား အသျှင်ဂေါတမ အကျွန်ုပ်တို့ ပုဏ္ဏားတို့မည်သည်ကား "ဤအလှူသည် ကွယ်လွန်သော ဆွေမျိုးသားချင်းတို့သို့ ရောက်ပါစေ၊ ဤအလှူကို ကွယ်လွန်ကုန်သော ဆွေမျိုးသားချင်းတို့သည် သုံးဆောင်ကြပါစေ"ဟု အလှူတို့ကို လှူကြပါကုန်၏။ သေသူကို ရည်၍ ပူဇော်သော ကုဒ္ဒိ ထမင်းတို့ကို ပူကြပါကုန်၏။ အသျှင်ဂေါတမ အသို့နည်း ထိုအလှူသည် ကွယ်လွန်သောဆွေမျိုးသားချင်းတို့ထံသို့ ရောက်ပါသလော၊ အသို့နည်း ထိုကွယ်လွန်သော ဆွေမျိုးသားချင်းတို့သည် ~~ထို~~အလှူကို သုံးဆောင်ကြရပါသလော ဟု လျှောက်၏။ ပုဏ္ဏား ရောက်သင့်သောအရပ်၌ ရောက်၏၊ မရောက်သင့်သောအရပ်၌ မရောက်ဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ ရောက်သင့်သော အရပ်ဟူသည် အဘယ်ပါနည်း၊ မရောက်သင့်သော အရပ်ဟူသည် အဘယ်ပါနည်း ဟု (လျှောက်၏)။

ပုဏ္ဏား ဤလောက၌ အချို့သောသူသည် အသက်ကိုသတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏၊ မဟုတ်မမှန် ပြောလေ့ရှိ၏၊ ကုန်းစကားရှိ၏၊ ရုန့်ရင်းကြမ်းတမ်းသော စကားရှိ၏၊ ပြိန်ဖျင်းသော စကားရှိ၏၊ အဘိဇ္ဈာများ၏၊ ဖျက်ဆီးလိုသော စိတ်ရှိ၏၊ မှားယွင်းသော အယူရှိ၏။ ထိုသူသည် ကိုယ်'ခန္ဓာ' ပျက်စီး၍ သေသည်မှ နောက်၌ ငရဲသို့ ရောက်ရ၏၊ ထိုသူသည် ငရဲသား သတ္တဝါ၏ အစာအာဟာရဖြင့် ငရဲ၌ မျှတရ၏၊ ထိုအစာအာဟာရဖြင့် ထိုသူသည် ထိုငရဲ၌ တည်၏။ ပုဏ္ဏား ဤသည်လည်း ရောက်သင့်သည့် အရပ် မဟုတ်သေး၊ ယင်း ငရဲ၌ တည်သူအား ထိုဒါနသည် မရောက်။

ပုဏ္ဏား ဤလောက၌ အချို့သော သူသည် အသက်ကို သတ်လေ့ရှိ၏။ပ။ မှားယွင်းသော အမြင်ရှိ၏။ ထိုသူသည် ကိုယ်'ခန္ဓာ' ပျက်စီး၍ သေသည်မှ နောက်၌ တိရစ္ဆာန်မျိုးသို့ ရောက်ရ၏၊ ထိုသူသည် တိရစ္ဆာန်မျိုးဖြစ်သည့် သတ္တဝါတို့၏ အစာဖြင့် ထိုတိရစ္ဆာန်မျိုး၌ မျှတရ၏၊ ထိုအစာဖြင့် ထိုသတ္တဝါသည် ထိုတိရစ္ဆာန်မျိုး၌ တည်ရ၏။ ပုဏ္ဏား ဤသည်လည်း ရောက်သင့်သောအရပ် မဟုတ်သေး၊ ယင်း တိရစ္ဆာန်မျိုး၌ တည်သူအား ထိုဒါနသည် မရောက်။

ပုဏ္ဏား ဤလောက၌ အချို့သော သူသည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်၏၊မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်၏၊ ကုန်းစကားမှ ရှောင်ကြဉ်၏၊ ရုန့်ရင်းကြမ်းတမ်းသော စကားမှ ရှောင်ကြဉ်၏၊ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်၏၊ အဘိဇ္ဈာမများ၊ မဖျက်ဆီးလိုသော စိတ်ရှိ၏၊ မှန်ကန်သော

http://www.dhammadownload.com



အယူရှိ၏၊ ထိုသူသည် ကိုယ်'ခန္ဓာ'ပျက်စီး၍ သေသည်မှ နောက်၌ လူတို့၏ အပေါင်းအဖော် အဖြစ်သို့ ရောက်ရ၏။ ထိုသူသည် လူတို့၏ အစာဖြင့် ထိုလူ့ဘုံ၌ မျှတရ၏၊ ထိုအစာဖြင့် ထိုသူ သည် ထိုဘုံ၌ တည်ရ၏။ ပုဏ္ဏား ဤသည်လည်း ရောက်သင့်သောအရပ် မဟုတ်သေး၊ ယင်း လူ့ဘုံ၌ တည်သူအား ထိုဒါနသည် မရောက်။

ပုဏ္ဏား ဤလောက၌ အချို့သောသူသည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ပ။မှန်ကန်သော အမြင်ရှိ၏။ ထိုသူသည် ကိုယ်'ခန္ဓာ'ပျက်စီး၍ သေသည်မှ နောက်၌ နတ်တို့၏ အပေါင်းအဖော် အဖြစ်သို့ ရောက်ရ၏။ ထိုသူသည် နတ်တို့၏ အစာဖြင့် ထိုနတ်ဘုံ၌ မျှတရ၏၊ ထိုအစာဖြင့် ထိုသူ သည် ထိုနတ်ဘုံ၌ တည်ရ၏။ ပုဏ္ဏား ဤသည်လည်း ရောက်သင့်သောအရပ် မဟုတ်သေး၊ ယင်းနတ်ဘုံ၌တည်သူအား ထိုဒါနသည် မရောက်။

ပုဏ္ဏား ဤလောက၌ အချို့သောသူသည် အသက်ကို သတ်လေ့ရှိ၏။ပ။မှားယွင်းသော အမြင် ရှိ၏၊ ထိုသူသည် ကိုယ်'ခန္ဓာ'ပျက်စီး၍ သေသည်မှ နောက်၌ ပြိတ္တာဘုံသို့ ရောက်ရ၏၊ ထိုသူသည် ပြိတ္တာဘုံသားဖြစ်သည့် သတ္တဝါတို့၏ အစာဖြင့် ထိုပြိတ္တာဘုံ၌ မျှတရ၏၊ ထိုအစာဖြင့် ထိုသူသည် ထိုပြိတ္တာဘုံ၌ တည်ရ၏။ သို့မဟုတ် ထိုသူအတွက် အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့ကသော်ရင်း ဆွေမျိုးသားချင်းတို့ကသော်ရင်း ပေးလှူအပ်သော ဒါနဖြင့် ထိုပြိတ္တာသည် ထိုပြိတ္တာဘုံ၌ မျှတ ရ၏၊ ထိုဒါနဖြင့် ထိုပြိတ္တာသည် ထိုပြိတ္တာဘုံ၌ တည်ရ၏။ ပုဏ္ဏား ဤသည်ကား ရောက်သင့်သော အရပ်တည်း၊ယင်း ပြိတ္တာဘုံ၌ တည်သူအား ထိုဒါနသည် ရောက်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ အကယ်၍ ထိုကွယ်လွန်သူ ဆွေမျိုးသားချင်းတို့သည် ထိုဘုံဌာနသို့မရောက် ပါလျှင် အဘယ်သူသည် ထိုဒါနကို သုံးဆောင်ပါမည်နည်းဟု (လျှောက်၏)။ ပုဏ္ဏား ထိုဌာနသို့ ရောက်ကုန်သော အခြားသော ကွယ်လွန်သူ ဆွေမျိုးသားချင်းတို့သည် ထိုဒါနကို သုံးဆောင် ခံစားရ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ အကယ်၍ ထိုကွယ်လွန်သော ဆွေမျိုးသားချင်း သည် ထိုဘုံဌာနသို့ မရောက်လျှင် အခြားသော ကွယ်လွန်သူ ဆွေမျိုးသားချင်းတို့လည်း ထိုဌာနသို့ မရောက်ကြပါလျှင် ထိုဒါနကို မည်သူ သုံးဆောင်မည်နည်းဟု (လျှောက်၏)။ ပုဏ္ဏား ဤမျှ ရှည်လျားသော အချိန်အခါ၌ ကွယ်လွန်သူ ဆွေမျိုးသားချင်းတို့မှ ကင်းဆိတ်ရာဌာန ရှိရာ၏ဟူသော ဤအကြောင်းသည် အရာမဟုတ်၊ အခွင့်မဟုတ်ပေ၊ ပုဏ္ဏား အမှန်စင်စစ်အားဖြင့် အလှူရှင်သည်လည်း အကျိုးမဲ့ မဖြစ်နိုင် ဟု (မိန့်တော်မူ၏)။သေသူသည် မဖြစ်သင့်ရာ၌ ဖြစ်သော် လည်း အသျှင်ဂေါတမသည် ဒါန၏အကျိုးကို ပညတ်တော်မူပါသလော ဟု လျှောက်၏။

ပုဏ္ဏား သေသူသည် မဖြစ်သင့်ရာ၌ ဖြစ်သော်လည်း ငါသည် ဒါန၏ အကျိုးကို ပညတ်၏။ ပုဏ္ဏား ဤလောက၌ အချို့သောသူသည် အသက်ကိုသတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏၊ မဟုတ်မမှန် ပြောလေ့ရှိ၏၊ ကုန်းစကားရှိ၏၊ ရုန့်ရင်းကြမ်းတမ်းသော စကားရှိ၏၊ ပြိန်ဖျင်းသော စကားရှိ၏၊ အဘိဇ္ဈာများ၏၊ ဖျက်ဆီးလိုသော စိတ်ရှိ၏၊ မှားယွင်း သော အမြင်ရှိ၏။ ထိုသူသည် သမဏအားသော်ရင်း ဗြာဟ္မဏအားသော်ရင်း ထမင်း အဖျော် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကို လှူ၏။ထိုသူသည် ကိုယ်'ခန္ဓာ' ပျက်စီး၍ သေသည်မှ နောက်၌ ဆင်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ ထိုသူသည် ထိုဆင်ဘဝ၌ အစားအသောက် ပန်း အထူးထူးသော အဆင်တန်ဆာကို ရခြင်းရှိ၏။ ပုဏ္ဏား ဤဘဝ၌ အသက်ကိုသတ်ခြင်း မပေးသည်ကိုယူခြင်း ကာမတို့၌ မှားယွင်းစွာကျင့်ခြင်း မဟုတ်

http://www.dhammadownload.com



မမှန်ပြောခြင်း ကုန်းစကားရှိခြင်း ရုန့်ရင်းကြမ်းတမ်းသော စကားရှိခြင်း ပြိန်ဖျင်းသောစကားရှိခြင်း အဘိဇ္ဈာများခြင်း ဖျက်ဆီးလိုစိတ်ရှိခြင်း မှားယွင်းသောအယူရှိခြင်းကြောင့် ထိုသူသည် ကိုယ်'ခန္ဓာ'ပျက်စီး၍ သေသည်မှနောက်၌ ဆင်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ သမဏအားသော်၎င်း ဗြာဟ္မဏအားသော်၎င်း အစားအသောက် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကို လှူသောကြောင့်ကား ထိုသူသည် ထိုဆင်ဘဝ၌ အစားအသောက် ပန်း အထူးထူးသော အဆင်တန်ဆာကို ရခြင်းရှိ၏။

ပုဏ္ဏား ဤလောက၌ အချို့သောသူသည် သူ့အသက်ကိုသတ်ခြင်းရှိ၏။ပ။ မှားယွင်းသော အမြင်ရှိ၏။ထိုသူသည် သမဏအားသော်၎င်း ဗြာဟ္မဏအားသော်၎င်း အစားအသောက် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကိုလှူ၏။ ထိုသူသည် ကိုယ်'ခန္ဓာ' ပျက်စီး၍ သေသည်မှ နောက်၌ မြင်းတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏။ပ။ နွားတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏။ပ။ခွေးတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏။ ထိုသူသည် ထိုခွေးဘဝ၌ အစားအသောက် ပန်း အထူးထူးသော အဆင်တန်ဆာကို ရခြင်းရှိ၏။ ပုဏ္ဏား ဤလောက၌ အသက်သတ်ခြင်း။ပ။ မှားယွင်းသော အယူရှိခြင်းကြောင့် ထိုသူသည် ကိုယ်'ခန္ဓာ'ပျက်စီး၍ သေသည်မှ နောက်၌ ခွေးတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏။ ထိုသူသည် သမဏအားသော်၎င်း ဗြာဟ္မဏအားသော်၎င်း အစားအသောက် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကို လှူသောကြောင့်ကား ထိုသူသည် ထိုခွေးဘဝ၌ အစားအသောက် ပန်း အထူးထူးသောအဆင်တန်ဆာကို ရခြင်းရှိ၏။

ပုဏ္ဏား ဤလောက၌ အချို့သောသူသည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ပ။ မှန်ကန်သောအမြင်ရှိ၏။ ထိုသူသည် သမဏအားသော်၎င်း ဗြာဟ္မဏအားသော်၎င်း အစားအသောက် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကို လှူ၏။ ထိုသူသည် ကိုယ် 'ခန္ဓာ'ပျက်စီး၍ သေသည်မှနောက်၌ လူတို့၏ အပေါင်းအဖော်အဖြစ်သို့ရောက်ရ၏။ ထိုသူသည် ထိုလူ့ဘဝ၌ လူ၌ဖြစ်သော ကာမဂုဏ်ငါးပါးတို့ကို ရခြင်းရှိ၏၊ပုဏ္ဏား ဤလောက၌ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ပ။မှန်ကန်သော အယူရှိခြင်းကြောင့် ထိုသူသည် ကိုယ်'ခန္ဓာ'ပျက်စီး၍ သေသည်မှနောက်၌ လူတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏။ သမဏအားသော်၎င်း ဗြာဟ္မဏအားသော်၎င်း အစားအသောက် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကို လှူသောကြောင့်ကား ထိုသူသည် ထိုလူ့ဘဝဝယ် လူ၌ဖြစ်သော ကာမဂုဏ်ငါးပါးတို့ကို ရခြင်းရှိ၏။

ပုဏ္ဏား ဤလောက၌ အချို့သောသူသည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ပ။ မှန်ကန်သောအမြင်ရှိ၏။ ထိုသူသည် သမဏအားသော်၎င်း ဗြာဟ္မဏအားသော်၎င်း အစားအသောက် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကို လှူ၏။ ထိုသူသည် ကိုယ် 'ခန္ဓာ'ပျက်စီး၍ သေသည်မှ နောက်၌ နတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ ထိုသူသည် ထိုနတ်ဘဝ၌ဖြစ်သော ကာမဂုဏ်ငါးပါးတို့ကို ရခြင်းရှိ၏။ ပုဏ္ဏား ဤလောက၌ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ပ။ မှန်ကန်သောအမြင်ရှိခြင်းကြောင့် ထိုသူသည် ကိုယ်'ခန္ဓာ' ပျက်စီး၍ သေသည်မှ နောက်၌ နတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ သမဏအားသော်၎င်း ဗြာဟ္မဏအားသော်၎င်း အစားအသောက် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကို လှူသောကြောင့်ကား ထိုသူသည် နတ်ဘဝဝယ် နတ်ပြည်၌ ဖြစ်သော ကာမဂုဏ်

http://www.dhammadownload.com



ငါးပါးတို့ကို ရခြင်းရှိ၏။ ပုဏ္ဏား အမှန်စင်စစ်အားဖြင့် အလှူရှင်သည်လည်း အကျိုးမဲ့ မဖြစ်နိုင်ပေဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ အံ့ဖွယ် ရှိပါပေစွ၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ အသျှင်ဂေါတမ အလှူရှင်သည် အကျိုးမဲ့ မဖြစ်သောကြောင့် အလှူတို့ကို လှူရန် အလွန်ပင် သင့်သည်သာတည်း၊ ကုဋ္ဌိုးထမင်းတို့ကို ပြုရန် သင့်သည်သာတည်းဟု (လျှောက်၏)။

ပုဏ္ဏား ဤအရာသည် ဤသို့ပင်တည်း၊ ပုဏ္ဏား အလှူရှင်သည် အကျိုးမဲ့ မဖြစ်နိုင်သည်သာတည်းဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ဂေါတမ အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ပ။ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့ကစ၍ အသက်ထက်ဆုံး ကိုးကွယ်သော ဥပါသကာဟု မှတ်တော်မူပါဟု (လျှောက်၏)။

ကောဒသမသုတ်။

နှစ်ခုမြောက် ဇာဏုဿောဏိဝဂ် ပြီး၏။

## (၁၈) ၃-သာဓုဝဂ် ၁-သာဓုသုတ်

၁၇၈။ ရဟန်းတို့ သင်တို့အား "ကောင်းသော တရားကိုငင်း မကောင်းသော တရားကိုငင်း ဟောပေအံ့၊ထိုတရားကို နာကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောကြားပေအံ့"ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။ ရဟန်းတို့ မကောင်းသော တရားဟူသည် အဘယ်နည်း။ အသက်သတ်ခြင်း၊ မပေးသည်ကိုယူခြင်း၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း၊ မဟုတ်မမှန် ပြောခြင်း၊ ကုန်းချောခြင်း ရှန့်ရင်းကြမ်းတမ်းသော စကားပြောခြင်း ပြိန်ဖျင်းသော စကားပြောခြင်း ရှေးရှုကြံစည်ခြင်း၊ ဖျက်ဆီးလိုခြင်း၊ မှားယွင်းသော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို မကောင်းသော တရားဟု ဆိုအပ်၏။ ရဟန်းတို့ ကောင်းသော တရားဟူသည် အဘယ်နည်း။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း။ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကုန်းစကားမှ ရှောင်ကြဉ်ခြင်း၊ ရုန့်ရင်းကြမ်းတမ်းသော စကားမှ ရှောင်ကြဉ်ခြင်း၊ ပြိန်ဖျင်းသောစကားမှ ရှောင်ကြဉ်ခြင်း၊ ရှေးရှု မကြံစည်ခြင်း၊ မဖျက်ဆီးလိုခြင်း၊ မှန်ကန်သော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို ကောင်းသောတရားဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-အရိယဓမ္မသုတ်

၁၇၉။ ရဟန်းတို့ သင်တို့အား အရိယာတရားကိုငင်း အရိယာမဟုတ်သည့် တရားကိုငင်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့ ။ပ။ ရဟန်းတို့ အရိယာ မဟုတ်သည့် တရားဟူသည် အဘယ်နည်း။ သူ့အသက်သတ်ခြင်း။ပ။ မှားယွင်းသော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို

http://www.dhammadownload.com



အရိယာမဟုတ်သည့် တရားဟု ဆိုအပ်၏။ ရဟန်းတို့ အရိယာတရားဟူသည် အဘယ်နည်း၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ပ။ မှန်ကန်သော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို အရိယာတရားဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ကုသလသုတ်

၁၈၀။ ရဟန်းတို့ သင်တို့အား ကုသိုလ်ကိုင်း အကုသိုလ်ကိုင်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ ရဟန်းတို့ အကုသိုလ်ဟူသည် အဘယ်နည်း။ သူ့အသက်ကိုသတ်ခြင်း။ပ။ မှားယွင်းသော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို အကုသိုလ်ဟု ဆိုအပ်၏။ ရဟန်းတို့ ကုသိုလ်ဟူသည် အဘယ်နည်း။ သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ပ။ မှန်ကန်သော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို ကုသိုလ်ဟုဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-အတ္ထသုတ်

၁၈၁။ ရဟန်းတို့ သင်တို့အား အကျိုးကိုင်း အကျိုးမဲ့ကိုင်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ ရဟန်းတို့ အကျိုးမဲ့ဟူသည် အဘယ်နည်း။ သူ့အသက်ကိုသတ်ခြင်း။ပ။ မှားယွင်းသော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို အကျိုးမဲ့ဟုဆိုအပ်၏။ ရဟန်းတို့ အကျိုးဟူသည် အဘယ်နည်း။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ပ။ မှန်ကန်သော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို အကျိုးဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ဓမ္မသုတ်

၁၈၂။ ရဟန်းတို့ သင်တို့အား တရားကိုင်း တရား မဟုတ်သည်ကိုင်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ ရဟန်းတို့ တရားမဟုတ်ဟူသည် အဘယ်နည်း။ သူ့အသက်ကိုသတ်ခြင်း။ပ။ မှားယွင်းသော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို တရားမဟုတ်ဟုဆိုအပ်၏။ ရဟန်းတို့တရားဟူသည် အဘယ်နည်း။ သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ပ။ မှန်ကန်သော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို တရားဟု ဆိုအပ်၏ ဟု(မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-အာသဝသုတ်

၁၈၃။ ရဟန်းတို့ သင်တို့အား အာသဝေါတရားတို့၏ အာရုံဖြစ်သော တရားကိုင်း အာသဝေါတရားတို့၏ အာရုံ မဟုတ်သော တရားကိုင်း ဟောပေအံ့၊ ထိုတရားကို နာကုန်

http://www.dhammadownload.com



လော့။ပ။ရဟန်းတို့ အာသဝေါတရားတို့၏ အာရုံဖြစ်သောတရားဟူသည် အဘယ်နည်း။သူ့အသက်ကို သတ်ခြင်း။ပ။ မှားယွင်းသော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို အာသဝေါတရားတို့၏ အာရုံဖြစ်သော တရားဟု ဆိုအပ်၏။ ရဟန်းတို့ အာသဝေါတရားတို့၏ အာရုံမဟုတ်သော တရားဟူသည် အဘယ်နည်း။သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ပ။မှန်ကန်သော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို အာသဝေါတရားတို့၏ အာရုံမဟုတ်သော တရားဟု ဆိုအပ်၏ ဟု(မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ဝဇ္ဇသုတ်

၁၇၄။ ရဟန်းတို့ သင်တို့အား အပြစ်ရှိသော တရားကိုင်း အပြစ်မရှိသော တရားကိုင်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ရဟန်းတို့ အပြစ်ရှိသော တရားဟူသည် အဘယ်နည်း။ သူ့အသက်ကိုသတ်ခြင်း။ပ။ မှားယွင်းသော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို အပြစ်ရှိသော တရားဟု ဆိုအပ်၏။ ရဟန်းတို့ အပြစ်မရှိသော တရားဟူသည် အဘယ်နည်း။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ပ။ မှန်ကန်သော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို အပြစ်မရှိသော တရားဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-တပနီယသုတ်

၁၇၅။ ရဟန်းတို့ သင်တို့အား ပူပန်စေတတ်သော တရားကိုင်း မပူပန်စေတတ်သော တရားကိုင်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ ရဟန်းတို့ ပူပန်စေတတ်သော တရားဟူသည် အဘယ်နည်း။ သူ့အသက် သတ်ခြင်း။ပ။ မှားယွင်းသော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို ပူပန်စေတတ်သော တရားဟုဆိုအပ်၏။ ရဟန်းတို့ မပူပန်စေတတ်သော တရားဟူသည် အဘယ်နည်း။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ပ။ မှန်ကန်သော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို မပူပန်စေတတ်သော တရားဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-အာစယဂါမိသုတ်

၁၇၆။ ရဟန်းတို့ သင်တို့အား ဝဋ်ဆင်းရဲသို့ ရောက်ကြောင်း တရားကိုင်း နိဗ္ဗာန်သို့ရောက်ကြောင်း တရားကိုင်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ ရဟန်းတို့ ဝဋ်ဆင်းရဲသို့ ရောက်ကြောင်း တရားဟူသည် အဘယ်နည်း။ သူ့အသက် သတ်ခြင်း။ပ။ မှားယွင်းသော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို ဝဋ်ဆင်းရဲသို့ရောက်ကြောင်း တရားဟု ဆိုအပ်၏။ ရဟန်းတို့ နိဗ္ဗာန်သို့ ရောက်ကြောင်း တရားဟူသည် အဘယ်နည်း။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ပ။

http://www.dhammadownload.com



မှန်ကန်သော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို နိဗ္ဗာန်သို့ ရောက်ကြောင်း တရားဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဒုက္ခုဒြယသုတ်

၁၇၇။ ရဟန်းတို့ သင်တို့အား ဒုက္ခဖြစ်ကြောင်း တရားကိုင်း သုခဖြစ်ကြောင်း တရားကိုင်း ဟောပေအံ့၊ ထို တရားကို နာကုန်လော့။ပ။ရဟန်းတို့ ဒုက္ခဖြစ်ကြောင်း တရားဟူသည် အဘယ်နည်း။ သူ့အသက် သတ်ခြင်း။ပ။ မှားယွင်းသော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို ဒုက္ခဖြစ်ကြောင်း တရားဟု ဆိုအပ်၏။ရဟန်းတို့ သုခဖြစ်ကြောင်း တရားဟူသည် အဘယ်နည်း။သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ပ။ မှန်ကန်သော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို သုခဖြစ်ကြောင်း တရားဟု ဆိုအပ်၏ဟု(မိန့်တော်မူ၏)။

ဒသမသုတ်။

---

## ၁၁-ဝိပါကသုတ်

၁၇၈။ ရဟန်းတို့ သင်တို့အား ဆင်းရဲသော အကျိုးရှိသော တရားကိုင်း ချမ်းသာသော အကျိုးရှိသော တရားကိုင်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ရဟန်းတို့ ဆင်းရဲသော အကျိုးရှိသော တရားဟူသည် အဘယ်နည်း။ သူ့အသက် သတ်ခြင်း။ပ။ မှားယွင်းသော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို ဆင်းရဲသော အကျိုးရှိသော တရားဟု ဆိုအပ်၏။ ရဟန်းတို့ ချမ်းသာသော အကျိုးရှိသော တရားဟူသည် အဘယ်နည်း။သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ပ။ မှန်ကန်သော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို ချမ်းသာသော အကျိုးရှိသော တရားဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ကောဒသမသုတ်။

သုံးခုမြောက် သာဓုဝဂ် ပြီး၏။

---

## (၁၉) ၄-အရိယမဂ္ဂဝဂ် ၁-အရိယမဂ္ဂသုတ်

၁၇၉။ ရဟန်းတို့ သင်တို့အား မြတ်သောလမ်းဟူသော တရားကိုင်း မမြတ်သောလမ်းဟူသော တရားကိုင်း ဟောပေအံ့၊ထိုတရားကို နာကုန်လော့။ပ။ ရဟန်းတို့ မမြတ်သောလမ်းဟူသော တရားဟူသည် အဘယ်နည်း။သူ့အသက်သတ်ခြင်း။ပ။ မှားယွင်းသောအမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို မမြတ်သောလမ်းဟူသော တရားဟု ဆိုအပ်၏။ ရဟန်းတို့ မြတ်သောလမ်းဟူသော တရားဟူသည် အဘယ်နည်း။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ပ။မှန်ကန်သော အမြင်တို့တည်း။ရဟန်းတို့ ဤသည်ကို မြတ်သော လမ်းဟူသော တရားဟု ဆိုအပ်၏ဟု(မိန့်တော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-ကဏှမဂ္ဂသုတ်

၁၉၀။ ရဟန်းတို့ သင်တို့အား မညီးညစ်သောလမ်းဟူသော တရားကိုင်း ဖြူစင်သောလမ်းဟူသော တရားကိုင်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ ရဟန်းတို့ မညီးညစ်သော လမ်းဟူသော တရားဟူသည် အဘယ်နည်း။ သူ့အသက်သတ်ခြင်း။ပ။မှားယွင်းသော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို မညီးညစ်သောလမ်းဟူသော တရားဟု ဆိုအပ်၏။ရဟန်းတို့ ဖြူစင်သောလမ်းဟူသော တရားဟူသည် အဘယ်နည်း။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ပ။ မှန်ကန်သော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို ဖြူစင်သော လမ်းဟူသော တရားဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-သဒ္ဓမ္မသုတ်

၁၉၁။ ရဟန်းတို့ သင်တို့အား သူတော်ကောင်းတရားကိုင်း မသူတော်တရားကိုင်း ဟောပေအံ့၊ထို တရားကို နာကုန်လော့။ပ။ရဟန်းတို့ မသူတော်တရားဟူသည် အဘယ်နည်း။သူ့အသက်သတ်ခြင်း။ပ။မှားယွင်းသော အမြင်တို့တည်း။ရဟန်းတို့ ဤသည်ကို မသူတော်တရားဟု ဆိုအပ်၏။ ရဟန်းတို့ သူတော်ကောင်း တရားဟူသည် အဘယ်နည်း၊ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ပ။ မှန်ကန်သော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို သူတော်ကောင်းတရားဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-သပ္ပုရိသဓမ္မသုတ်

၁၉၂။ ရဟန်းတို့ သင်တို့အား သူတော်ကောင်းတို့၏ တရားကိုင်း မသူတော်တို့၏ တရားကိုင်း ဟောပေအံ့၊ ထို တရားကို နာကုန်လော့။ပ။ရဟန်းတို့ မသူတော်တို့၏ တရားဟူသည် အဘယ်နည်း။ သူ့အသက် သတ်ခြင်း။ပ။ မှားယွင်းသော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို မသူတော်တို့၏ တရားဟု ဆိုအပ်၏။ ရဟန်းတို့ သူတော်ကောင်းတို့၏ တရားဟူသည် အဘယ်နည်း၊ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ပ။ မှန်ကန်သော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို သူတော်ကောင်းတို့၏ တရားဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ဥပ္ပါဒေတဗ္ဗဓမ္မသုတ်

၁၉၃။ ရဟန်းတို့ သင်တို့အား ဖြစ်စေသင့်သော တရားကိုင်း မဖြစ်စေသင့်သော တရားကိုင်း ဟောပေအံ့၊ ထို တရားကို နာကုန်လော့။ပ။ ရဟန်းတို့ မဖြစ်စေသင့်သော တရားဟူသည်

http://www.dhammadownload.com



အဘယ်နည်း။ သူ့အသက် သတ်ခြင်း။ပ။ မှားယွင်းသော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို မဖြစ်စေသင့်သော တရားဟု ဆိုအပ်၏။ရဟန်းတို့ ဖြစ်စေသင့်သော တရားဟူသည် အဘယ်နည်း။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ပ။ မှန်ကန်သော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို ဖြစ်စေသင့်သော တရားဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-ဗျာပါဒေတဗ္ဗဓမ္မသုတ်[၁]

ရဟန်းတို့ သင်တို့အား ကြောင့်ကြစိုက်ရမည့် တရားကိုငင်း ကြောင့်ကြ မစိုက်ရမည့် တရားကိုငင်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ ရဟန်းတို့ ကြောင့်ကြမစိုက်ရမည့် တရားဟူသည် အဘယ်နည်း။ သူ့အသက် သတ်ခြင်း။ပ။ မှားယွင်းသော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို ကြောင့်ကြမစိုက်ရမည့်တရားဟု ဆိုအပ်၏။ရဟန်းတို့ ကြောင့်ကြစိုက်ရမည့် တရားဟူသည် အဘယ်နည်း။သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ပ။ မှန်ကန်သော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို ကြောင့်ကြစိုက်ရမည့် တရားဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-အာသေဝိတဗ္ဗဓမ္မသုတ်

၁၉၄။ ရဟန်းတို့ သင်တို့အား မှီဝဲရမည့် တရားကိုငင်း မမှီဝဲရမည့် တရားကိုငင်း ဟောပေအံ့။ ထိုတရားကို နာကုန်လော့။ပ။ ရဟန်းတို့ မမှီဝဲရမည့် တရားဟူသည် အဘယ်နည်း။ သူ့အသက် သတ်ခြင်း။ပ။မှားယွင်းသော အမြင်တို့တည်း။ရဟန်းတို့ ဤသည်ကို မမှီဝဲရမည့် တရားဟု ဆိုအပ်၏။ ရဟန်းတို့ မှီဝဲရမည့် တရားဟူသည် အဘယ်နည်း။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ပ။ မှန်ကန်သောအမြင်တို့တည်း။ရဟန်းတို့ဤသည်ကိုမှီဝဲရမည့် တရားဟု ဆိုအပ်၏ဟု(မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ဘာဝေတဗ္ဗဓမ္မသုတ်

၁၉၅။ ရဟန်းတို့ သင်တို့အား ပွါးများရမည့် တရားကိုငင်း မပွါးများရမည့် တရားကိုငင်း ဟောပေအံ့ ထို တရားကို နာကုန်လော့။ပ။ရဟန်းတို့ မပွါးများရမည့် တရားဟူသည် အဘယ်နည်း။ သူ့အသက် သတ်ခြင်း။ပ။ မှားယွင်းသော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို မပွါးများရမည့် တရားဟု ဆိုအပ်၏။ရဟန်းတို့ ပွါးများရမည့် တရားဟူသည် အဘယ်နည်း။သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ပ။ မှန်ကန်သော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို ပွါးများရမည့် တရားဟု ဆိုအပ်၏ဟု(မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

၁-ဤဗျာပါဒေတဗ္ဗဓမ္မသုတ်သည် သီဟိုဠ်-ယိုးဒယား-ကမ္ဘောဒီးယား-အင်္ဂလိပ် မူတို့၌မပါ။

http://www.dhammadownload.com



## ၉-ဗဟုလီကာတဗ္ဗသုတ်

၁၉၆။ ရဟန်းတို့ သင်တို့အား ကြိမ်ဖန်များစွာ ပြုရမည့် တရားကိုငင်း ကြိမ်ဖန်များစွာ မပြုရမည့် တရားကိုင်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ရဟန်းတို့ ကြိမ်ဖန်များစွာ မပြုရမည့် တရားဟူသည် အဘယ်နည်း။သူ့အသက် သတ်ခြင်း။ပ။ မှားယွင်းသော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို ကြိမ်ဖန်များစွာ မပြုရမည့် တရားဟု ဆိုအပ်၏။ရဟန်းတို့ ကြိမ်ဖန်များစွာ ပြုရမည့် တရားဟူသည် အဘယ်နည်း။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ပ။ မှန်ကန်သော အမြင်တို့တည်း၊ ရဟန်းတို့ ဤသည်ကို ကြိမ်ဖန်များစွာ ပြုရမည့် တရားဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-အနုဿရိတဗ္ဗသုတ်

၁၉၇။ ရဟန်းဘို့ အောက်မေ့ရမည့် တရားကိုင်း မအောက်မေ့ရမည့် တရားကိုင်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ ရဟန်းတို့ မအောက်မေ့ရမည့် တရားဟူသည် အဘယ်နည်း။ သူ့အသက် သတ်ခြင်း။ပ။ မှားယွင်းသော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို မအောက်မေ့ရမည့် တရားဟု ဆိုအပ်၏။ ရဟန်းတို့ အောက်မေ့ရမည့် တရားဟူသည် အဘယ်နည်း။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ပ။ မှန်ကန်သော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို အောက်မေ့ရမည့် တရားဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

---

## ၁၁-သစ္ဆိကာတဗ္ဗသုတ်

၁၉၈။ ရဟန်းတို့ သင်တို့အား မျက်မှောက်ပြုရမည့်တရားကိုင်း မျက်မှောက် မပြုရမည့် တရားကိုင်း ဟောပေအံ့၊ ထိုတရားကို နာကုန်လော့။ပ။ရဟန်းတို့ မျက်မှောက် မပြုရမည့်တရားဟူသည် အဘယ်နည်း။သူ့အသက် သတ်ခြင်း။ပ။ မှားယွင်းသော အမြင်တို့တည်း။ ရဟန်းတို့ ဤသည်ကို မျက်မှောက် မပြုရမည့် တရားဟု ဆိုအပ်၏။ ရဟန်းတို့ မျက်မှောက် ပြုရမည့် တရားဟူသည် အဘယ်နည်း။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ပ။မှန်ကန်သော အမြင်တို့တည်း၊ ရဟန်းတို့ ဤသည်ကို မျက်မှောက်ပြုရမည့် တရားဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ဧကာဒသမသုတ်။

လေးခုမြောက် အရိယမဂ္ဂဝဂ် ပြီး၏။

---

## (၂၀) ၅-အပရပုဂ္ဂလဝဂ် နသေဝိတဗ္ဗာဒိသုတ်များ

၁၉၉။ ရဟန်းတို့ တရား ဆယ်မျိုးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို မမှီဝဲအပ်။ အဘယ် တရား ဆယ်မျိုးတို့နည်း ဟူမူ—သူ့အသက် သတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏၊ ကာမတို့၌

http://www.dhammadownload.com



မှားယွင်းစွာ ကျင့်လေ့ရှိ၏၊ မဟုတ်မမှန် ပြောလေ့ရှိ၏၊ ကုန်းစကား ရှိ၏၊ ရုန့်ရင်းကြမ်းတမ်းသော စကားရှိ၏၊ ပြိန်ဖျင်းသောစကား ရှိ၏၊ အဘိဇ္ဈာများ၏၊ ပျက်စီးစေလိုသော စိတ်ရှိ၏၊မှားယွင်းသော အမြင်ရှိ၏။ ရဟန်းတို့ ဤတရား ဆယ်မျိုးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို မမှီဝဲအပ်။

ရဟန်းတို့ တရားဆယ်မျိုးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို မှီဝဲအပ်၏။အဘယ် ဆယ်မျိုးတို့နည်း ဟူမူ—သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်၏၊ ကုန်းစကားမှ ရှောင်ကြဉ်၏၊ရုန့်ရင်းကြမ်းတမ်းသော စကားမှ ရှောင်ကြဉ်၏၊ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်၏၊ အဘိဇ္ဈာ မများ၊ မပျက်စီးစေလိုသော စိတ်ရှိ၏၊ မှန်ကန်သော အမြင်ရှိ၏။ ရဟန်းတို့ ဤတရား ဆယ်မျိုးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို မှီဝဲအပ်၏၊

၂၀၀-၂၀၉။ ရဟန်းတို့ တရား ဆယ်မျိုးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို မဆည်းကပ်အပ်။ပ။ ဆည်းကပ်အပ်၏။မချဉ်းကပ်အပ်။ ချဉ်းကပ်အပ်၏။ မပူဇော်အပ်။ ပူဇော်အပ်၏။ ချီးမွမ်းထိုက်သူ မဖြစ်။ ချီးမွမ်းထိုက်သူ ဖြစ်၏။ မရိုသေထိုက်သူဖြစ်၏။ ရိုသေထိုက်သူဖြစ်၏။ မပျပ်ဝပ်ထိုက်သူဖြစ်၏။ ပျက်ဝပ်ထိုက်သူ ဖြစ်၏။ မနှစ်သိမ့်စေတတ်။ နှစ်သိမ့်စေတတ်၏။ မစင်ကြယ်၊ စင်ကြယ်၏။ မြတ်နိုးမှုကို မခံစားရ၊ မြတ်နိုးမှုကို ခံစားရ၏။ ပညာဖြင့် မတိုးပွါး၊ ပညာဖြင့် တိုးပွါး၏။ပ။ (၂-၁၁)။

၂၁၀။ ရဟန်းတို့ တရားဆယ်မျိုးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် များစွာသော မကောင်းမှုကို တိုးပွါးစေ၏။ပ။များစွာသော ကောင်းမှုကို တိုးပွါးစေ၏။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်၏၊ ကုန်းစကားမှ ရှောင်ကြဉ်၏၊ ရုန့်ရင်းကြမ်းတမ်းသော စကားမှ ရှောင်ကြဉ်၏၊ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်၏၊ အဘိဇ္ဈာ မများသူဖြစ်၏၊ မပျက်စီးစေလိုသော စိတ်ရှိသူဖြစ်၏၊ မှန်ကန်သော အမြင်ရှိသူ ဖြစ်၏။ ရဟန်းတို့ ဤတရားဆယ်မျိုးတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် များစွာသော ကောင်းမှုကို တိုးပွါးစေ၏ဟု (မိန့်တော်မူ၏)။ (၁၂)

ငါးခုမြောက် အပရပုဂ္ဂလဝဂ် ပြီး၏။

စတုတ္ထ သုတ်ငါးဆယ် ပြီး၏။

http://www.dhammadownload.com



## (၂၁) ၁-ကရဇကာယဝဂ် ၁-ပဌမ နိရယသုတ်

၂၁၁။ ရဟန်းတို့ တရား ဆယ်မျိုးတို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထိုအတူ ငရဲ၌ ဖြစ်ရ၏။ အဘယ် ဆယ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သောသူသည် သူ့အသက် သတ်လေ့ရှိ၏၊ ကြမ်းတမ်း၏၊ လက်၌ သွေးစွန်း၏၊ သတ်ဖြတ် ပုတ်ခတ်ရာ၌ စိတ်ဝင်စား၏၊ သတ္တဝါအားလုံးတို့၌ မသနားတတ်။

မပေးသည်ကို ယူတတ်၏၊ ရွာ၌ဖြစ်စေ တော၌ဖြစ်စေ တည်သော သူတပါး၏ စည်းစိမ် အဆောက်အဦကို ခိုးလိုသော စိတ်ဖြင့် ယူတတ်၏။

ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏၊ အကြင် မိန်းမတို့ကို အမိ စောင့်၏၊ အဖ စောင့်၏၊ အမိ အဖ စောင့်၏၊ မောင်ကြီး မောင်ငယ် စောင့်၏၊ အစ်မ ညီမ စောင့်၏၊ ဆွေမျိုး စောင့်၏၊ အနွယ်စောင့်၏၊ တရား စောင့်၏။ အရှင် 'လင်' ရှိ၏၊ ဒဏ်သား၏၊ အယုတ်သဖြင့် ပန်းခွေဖြင့်သော်လည်း ကာရံထား၏၊ ထိုကဲ့သို့သော မိန်းမတို့၌ သွားလာခြင်းသို့ ရောက်၏။

မဟုတ်မမှန် ပြောလေ့ရှိ၏၊ သဘင်သို့ ရောက်သော်၎င်း ပရိသတ်သို့ ရောက်သော်၎င်း ဆွေမျိုး အလယ်သို့ ရောက်သော်၎င်း အသင်းအပင်း အလယ်သို့ ရောက်သော်၎င်း မင်းမျိုး အလယ်သို့ ရောက်သော်၎င်း "အို ယောကျ်ား လာလော့၊ သင်သိသမျှကို ပြောလော့"ဟု သက်သေခေါ်ဆောင် အမေးခံ၍ ထိုသူသည် မသိသည်ကို "ငါသိ၏"ဟု၎င်း သိသည်ကို "ငါမသိ"ဟု၎င်း မမြင်သည်ကို "ငါမြင်၏"ဟု၎င်း မြင်သည်ကို "ငါမမြင်"ဟု၎င်း ဤသို့ မိမိအကြောင်းကြောင့်သော်၎င်း သူတပါး အကြောင်းကြောင့်သော်၎င်း လာဘ် 'အာမိသ' တံစိုးလက်ဆောင် ဟူသော အကြောင်းကြောင့်သော်၎င်း သိလျက် မဟုတ်မမှန် ပြောတတ်၏။

ကုန်းစကား ပြောတတ်၏၊ ဤသူတို့ထံမှ နားထောင်၍ (ထိုသူတို့နှင့်) ဤသူတို့ ကွဲပြားရန် ထိုသူတို့ထံ၌ ပြောတတ်၏၊ ထိုသူတို့ထံမှ နားထောင်၍ (ဤသူတို့နှင့်) ထိုသူတို့ ကွဲပြားရန် ဤသူတို့ထံ၌ ပြောတတ်၏၊ ဤသို့ ညီညွတ်သူတို့ကိုလည်း ခွဲခြားတတ်၏၊ ကွဲပြားသူတို့ကိုလည်း အားပေးတတ်၏၊ ကွဲပြားမှု အစု 'ဝဂ္ဂ' ၌ မွေ့လျော်တတ်၏၊ ကွဲပြားမှု အစု 'ဝဂ္ဂ' ၌ ပျော်ပိုက်တတ်၏၊ ကွဲပြားမှု အစု 'ဝဂ္ဂ' ကို နှစ်သက်တတ်၏၊ ကွဲပြားမှု အစု 'ဝဂ္ဂ' ကို ပြုသောစကားကို ဆိုတတ်၏။

ရုန့်ရင်းကြမ်းတမ်းသော စကားရှိ၏၊ အကြင်စကားသည် အပြစ်ရှိ၏၊ ကြမ်းတမ်း၏၊ သူတပါး နားကို စပ်ခါး စေတတ်၏၊ သူတပါးကို ထိခိုက်၏၊ အမျက်ထွက်ဖွယ် ကောင်း၏၊ တည်ကြည်မှုကို မဖြစ်စေတတ်၊ ထိုသို့သဘောရှိသော စကားကို ဆိုတတ်၏။

ပြိန်ဖျင်းသော စကားရှိ၏၊ အခါမဟုတ်သည်၌ ဆိုလေ့ရှိ၏၊ မဟုတ်သည်ကို ဆိုလေ့ရှိ၏၊ အကျိုးမဲ့ ကို ဆိုလေ့ရှိ၏၊ တရားမဲ့ ကို ဆိုလေ့ရှိ၏၊ ဆုံးမစကား မဟုတ်သည်ကို ဆိုလေ့ရှိ၏၊ အခါမဟုတ်သည်၌ အကြောင်းမဲ့ အပိုင်းအခြား မရှိပဲ အစီးအပွါးမဲ့နှင့် စပ်သော မှတ်သားဖွယ် မရှိသော စကားကို ဆိုတတ်၏။

အဘိဇ္ဈာ များ၏၊ "သူတပါး၏ ထိုစည်းစိမ်အဆောက်အဦကို ငါ့အား ဖြစ်မူ ကောင်းလေစွ" ဟု ရှေးရှုကြံ၏။ ဖျက်ဆီးလိုသောစိတ်ရှိ၏၊ ဤ "သတ္တဝါတို့ကို သတ်စေကုန်၊ ဖမ်းစေကုန်၊ ဖြတ်စေ

http://www.dhammadownload.com



ကုန်၊ (ဤသတ္တဝါတို့သည်) ပျောက်ပျက်စေကုန်၊ မရှိကြစေကုန်လင့်" ဟု ဖျက်ဆီးလိုသော စိတ်အကြံရှိ၏၊

မှားယွင်းသော အမြင်ရှိ၏။ "လှူရကျိုး မရှိ၊ ပူဇော်ရကျိုး မရှိ၊ ဧည့်ဝတ် ပြုရကျိုး မရှိ၊ ကောင်းစွာ ပြုအပ် မကောင်းသဖြင့် ပြုအပ်သော ကံတို့၏ အကျိုးဝိပါက် မရှိ၊ ဤလောကဟူသည် မရှိ၊ တပါးသောလောကဟူသည် မရှိ၊ အမိ၌ ကောင်း မကောင်း ပြုမှုအကျိုးဟူသည် မရှိ၊ အဖ၌ ကောင်း မကောင်း ပြုမှု အကျိုးဟူသည် မရှိ၊ ဥပပါတ်သတ္တဝါတို့ ဟူသည် မရှိကြ၊ ဤလောကကို၎င်း တပါးသော လောကကို၎င်း ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ဟောကြားနိုင်သော လောက၌ အညီအညွတ် ရောက်ကြကုန် ကောင်းစွာ ကျင့်ကြကုန်သော သမဏဗြာဟ္မဏတို့ ဟူသည် မရှိကုန်" ဟု ဖောက်ပြန်သော အမြင်ရှိ၏။ ရဟန်းတို့ ဤတရား ဆယ်မျိုးဘို့နှင့်ပြည့်စုံသော သူသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထိုအတူ ငရဲ၌ ဖြစ်ရ၏။

ရဟန်းတို့ တရားဆယ်မျိုးတို့နှင့် ပြည့်စုံသော သူသည် ဆောင်ယူလာသော ဝန်ထုပ်ကို ပစ်ချလိုက်သကဲ့သို့ ထိုအတူနတ်ပြည်၌ ဖြစ်ရ၏။ အဘယ် ဆယ်မျိုးဘို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သောသူသည် သူ့အသက်သတ်ခြင်းကို ပယ်၍ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်သူဖြစ်၏၊ တုတ်ကို ချထားပြီး ဖြစ်၏၊ လက်နက်ကို ချထားပြီး ဖြစ်၏၊ ရှက်ခြင်းရှိ၏၊ သနားတတ်၏၊ ခပ်သိမ်းသောသတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက် နေ၏။

မပေးသည်ကို ယူခြင်းကို ပယ်၍ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ရွာ၌ ဖြစ်စေ တော၌ ဖြစ်စေ တည်သော သူတပါး၏ စည်းစိမ်အဆောက်အဦကို မပေးပဲ ခိုးလိုစိတ်ဖြင့် မယူတတ်သူ ဖြစ်၏။

ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းကို ပယ်၍ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်သူ ဖြစ်၏၊ အကြင် မိန်းမတို့ကို အမိစောင့်၏။ပ။ အယုတ်သဖြင့် ပန်းခွေဖြင့်သော်လည်း ကာရံထား၏၊ ထိုသို့ သဘောရှိသော မိန်းမတို့၌ သွားလာခြင်းသို့ မရောက်သူဖြစ်၏။ မဟုတ်မမှန် ပြောခြင်းကို ပယ်၍ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်၏၊ သဘင်သို့ ရောက်သော်၎င်း ပရိသတ်သို့ ရောက်သော်၎င်း ဆွေမျိုးအလယ်သို့ ရောက်သော်၎င်း မင်းမျိုးအလယ်သို့ ရောက်သော်၎င်း "အိုယောကျ်ား လာလော့၊ သင်သိသမျှကို ပြောလော့" ဟု သက်သေခေါ်ဆောင် အမေးခံရလျှင် ထိုသူသည် မသိသည်ကို "ငါမသိ" ဟု၎င်း သိသည်ကို "ငါသိ၏" ဟု၎င်း မမြင်သည်ကို "ငါမမြင်" ဟု၎င်း မြင်သည်ကို "ငါမြင်၏" ဟု၎င်း ဤသို့ မိမိအကြောင်းကြောင့်သော်၎င်း သူတပါး အကြောင်းကြောင့်သော်၎င်း လာဘ်'အာမိသ' တံစိုးလက်ဆောင်ဟူသော အကြောင်းကြောင့်သော်၎င်း သိလျက် မဟုတ်မမှန် မပြောတတ်သူဖြစ်၏။

ကုန်းစကားကို ပယ်၍ ကုန်းစကားမှ ရှောင်ကြဉ်သူဖြစ်၏၊ ဤသူ့ထံမှ နားထောင်၍ (ထိုသူတို့နှင့်) ဤသူတို့ ကွဲပြားရန် ထိုသူတို့ အထံ၌ မပြောတတ်၊ ထိုသူတို့ထံမှ နားထောင်၍ (ဤသူတို့နှင့်) ထိုသူတို့ ကွဲပြားရန် ဤသူတို့ အထံ၌ မပြောတတ်၊ ဤသို့ ကွဲပြားသူတို့ကိုလည်း စေ့စပ်တတ်၏၊ ညီညွတ်သူတို့ကိုလည်း အားပေးတတ်၏၊ ညီညွတ်ခြင်း၌ မွေ့လျော်၏၊ ညီညွတ်ခြင်း၌ ပျော်ပိုက်၏၊ ညီညွတ်ခြင်းကို နှစ်သက်၏၊ ညီညွတ်ခြင်းကိုပြုသော စကားကို ဆိုတတ်၏။ ရှန့်ရင်းကြမ်းတမ်းသော စကားကို ပယ်၍ ရှန့်ရင်းကြမ်းတမ်းသော စကားမှ ရှောင်ကြဉ်တတ်၏၊ အကြင်

http://www.dhammadownload.com



စကားသည် အပြစ်ကင်း၏၊ နားချမ်းသာ၏၊ နှစ်လိုဖွယ် ရှိ၏၊ နှလုံးသို့ သက်ဝင်၏၊ ယဉ်ကျေး၏၊ လူအများ နှစ်သက်၏၊ လူအများနှစ်ခြိုက်၏၊ ထိုသို့ သဘောရှိသော စကားကိုသာ ဆိုတတ်၏။ ပြိန်ဖျင်းသော စကားကို ပယ်၍ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်၏၊ (သင့်သော) အခါ၌သာ ဆိုလေ့ရှိ၏၊ ဟုတ်သည်ကိုသာ ဆိုလေ့ရှိ၏။ အကျိုး (နှင့် စပ်သော စကား) ကိုသာ ဆိုလေ့ရှိ၏၊ တရား (နှင့် စပ်သော စကား) ကိုသာ ဆိုလေ့ရှိ၏၊ အဆုံးအမ (နှင့် စပ်သော စကား) ကိုသာ ဆိုလေ့ရှိ၏၊ (သင့်လျော်သော) အခါ၌ အကြောင်းနှင့် တကွ အပိုင်းအခြားရှိ၍ အစီးအပွါးနှင့် စပ်သော မှတ်သားလောက်သော စကားကိုသာ ဆိုတတ်၏။ အဘိဇ္ဈာ မများသူဖြစ်၏၊ "သူတပါး၏ စည်းစိမ်အဆောက်အဦသည် ငါ့အားဖြစ်မူ ကောင်းလေစွ" ဟု သူတပါး၏ စည်းစိမ်အဆောက်အဦကို ရှေးရှု မကြံတတ်သူဖြစ်၏။ မပျက်စီးစေလိုသော စိတ်ရှိ၏၊ "ဤသတ္တဝါတို့သည် ရန်ကင်းသူများ ဖြစ်ကြပါစေ၊ ကြောင့်ကြကင်းသူများ ဖြစ်ကြပါစေ၊ ဆင်းရဲကင်းသူများ ဖြစ်ကြပါစေ၊ မိမိကိုယ်ကို ချမ်းသာစွာ ဆောင်ရွက်နိုင်ကြပါစေ" ဟု မဖျက်ဆီးလိုသော စိတ်အကြံရှိသူ ဖြစ်၏။ မှန်ကန်သော အမြင်ရှိ၏၊ "လှူရကျိုး ရှိ၏၊ ပူဇော်ရကျိုး ရှိ၏၊ ဧည့်ဝတ် ပြုရကျိုး ရှိ၏၊ ကောင်းစွာ ပြုအပ် မကောင်းသဖြင့် ပြုအပ်သော ကံတရား၏ အကျိုးဝိပါက်သည် ရှိ၏၊ ဤလောကသည် ရှိ၏၊ တပါးသော လောကသည်ရှိ၏၊ အမိ၌ ကောင်း မကောင်းပြုမှု အကျိုးဟူသည် ရှိ၏၊ အဖ၌ ကောင်းမကောင်း ပြုမှု အကျိုးဟူသည် ရှိ၏၊ ဥပပါတ်သတ္တဝါတို့သည် ရှိကုန်၏၊ ဤလောကကိုရင်း တပါးသောလောကကိုရင်း ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ဟောကြားနိုင်ကုန်သော လောက၌ အညီအညွတ်ရောက်ကြကုန် ကောင်းစွာ ကျင့်ကြကုန်သော သမဏဗြာဟ္မဏတို့ ဟူသည် ရှိကြကုန်၏" ဟု မဖောက်ပြန်သော အမြင်ရှိ၏။ ရဟန်းတို့ ဤတရားဆယ်မျိုးတို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထိုအတူ နတ်ပြည်၌ ဖြစ်ရ၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဒုတိယ နိရယသဂ္ဂသုတ်

၂၁၂။ ရဟန်းတို့ ပရေးဆယ်မျိုးတို့နှင့် ပြည့်စုံသော သူသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထိုအတူ ငရဲ၌ ဖြစ်ရ၏။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ အချို့သော သူသည် သူ့အသက်သတ်လေ့ ရှိ၏၊ ကြမ်းတမ်း၏၊ လက်၌ သွေးစွန်း၏၊ သတ်ဖြတ်ပုတ်ခတ်ရာ၌ စိတ်ဝင်စား၏၊ သတ္တဝါအားလုံးတို့၌ မသနားတတ်။ မပေးသည်ကို ယူလေ့ရှိ၏။ ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏။ မဟုတ်မမှန် ပြောလေ့ရှိ၏။ ကုန်းစကား ပြောတတ်၏။ ရုန့်ရင်းကြမ်းတမ်းသော စကားရှိ၏။ ပြိန်ဖျင်းသော စကားရှိ၏။ အဘိဇ္ဈာများသူ ဖြစ်၏။ ပျက်စီးစေလိုသော စိတ်ရှိသူ ဖြစ်၏။ ဖောက်ပြန်သော အမြင်ရှိ၏၊ "လှူရကျိုး မရှိ။ပ။ ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ဟောကြားနိုင်ကုန်သော သမဏဗြာဟ္မဏတို့ ဟူသည် မရှိကုန်" ဟု ဖောက်ပြန်သော အမြင်ရှိ၏။ ရဟန်းတို့ ဤတရားဆယ်မျိုးတို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထိုအတူ ငရဲ၌ ဖြစ်ရ၏။

ရဟန်းတို့ တရားဆယ်မျိုးတို့နှင့် ပြည့်စုံသော သူသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထိုအတူ နတ်ပြည်၌ ဖြစ်ရ၏။ အဘယ် ဆယ်မျိုးတို့နည်း ဟူမူ— ရဟန်းတို့ ဤ

http://www.dhammadownload.com



လောက၌ အချို့သော သူသည် သူ့အသက်သတ်ခြင်းကို ပယ်၍ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်၏၊ တုတ်ကို ချထားပြီး ဖြစ်၏၊ လက်နက်ကို ချထားပြီး ဖြစ်၏၊ ရှက်ခြင်း ရှိ၏၊ သနားတတ်၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက် နေ၏။ မပေးသည်ကို ယူခြင်းကို ပယ်၍ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏။ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းကိုပယ်၍ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏။ မဟုတ်မမှန် ပြောခြင်းကို ပယ်၍ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်၏။ ကုန်းစကားကို ပယ်၍ ကုန်းစကားမှ ရှောင်ကြဉ်၏။ ရှန့်ရင်းကြမ်းတမ်းသော စကားကို ပယ်၍ ရှန့်ရင်းကြမ်းတမ်းသော စကားမှ ရှောင်ကြဉ်၏။ ပြိန်ဖျင်းသော စကားကို ပယ်၍ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်၏။ အဘိဇ္ဈာ မများသူ ဖြစ်၏။ မပျက်စီးစေလိုသော စိတ်ရှိသူ ဖြစ်၏။ မှန်ကန်သော အမြင်ရှိ၏။ "လှူရကျိုး ရှိ၏။ပ။ ဤလောကကိုငင်း တပါးသော လောကကိုငင်း ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ဟောကြားနိုင်ကုန်သော သမဏဗြာဟ္မဏတို့ ဟူသည် ရှိကုန်၏" ဟု မဖောက်ပြန်သော အမြင်ရှိ၏။ ရဟန်းတို့ ဤတရားဆယ်မျိုး ၇ိုနှင့် ပြည့်စုံသော သူသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထို အတူ နတ်ပြည်၌ ဖြစ်ရ၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-မာတုဂါမသုတ်

၂၁၃။ ရဟန်းတို့ တရားဆယ်မျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထိုအတူ ငရဲ၌ ဖြစ်ရ၏။ အဘယ် ဆယ်မျိုးတို့နည်း ဟူမူ— သူ့အသက်ကို သတ်လေ့ရှိ၏။ပ။ မပေးသည်ကို ယူလေ့ ရှိ၏။ ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏။ မဟုတ်မမှန် ပြောလေ့ရှိ၏။ ကုန်းစကားရှိ၏။ ရှန့်ရင်းကြမ်းတမ်းသော စကားရှိ၏။ ပြိန်ဖျင်းသော စကားရှိ၏။ အဘိဇ္ဈာများ၏။ ပျက်စီးစေလိုသော စိတ်ရှိ၏။ မှားယွင်းသော အမြင်ရှိ၏။ ရဟန်းတို့ ဤတရားဆယ်မျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထိုအတူ ငရဲ၌ ဖြစ်ရ၏။

ရဟန်းတို့ တရားဆယ်မျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထိုအတူ နတ်ပြည်၌ ဖြစ်ရ၏။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်၏။ပ။ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏။ ကာမတို့၌ မှားယွင် စွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏။ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်၏။ ကုန်းစကားမှ ရှောင်ကြဉ်၏။ ရှန့်ရင်းကြမ်းတမ်းသော စကားမှ ရှောင်ကြဉ်၏။ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်၏။ အဘိဇ္ဈာ မများသူဖြစ်၏။ မပျက်စီးစေလိုသော စိတ်ရှိသူ ဖြစ်၏။ မှန်ကန်သော အမြင်ရှိ၏။ ရဟန်းတို့ ဤတရားဆယ်မျိုးတို့နှင့် ပြည့်စုံသော မာတုဂါမသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထား လိုက်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

http://www.dhammadownload.com



## ၄-ဥပါသိကာသုတ်

၂၁၄။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ဥပါသိကာမသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။ အဘယ်ငါးမျိုးတို့နည်း ဟူမူ— သူ့အသက်ကို သတ်လေ့ရှိ၏။ပ။ မူးယစ်သော အမြင်ရှိ၏။ ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ဥပါသိကာမသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ဥပါသိကာမသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏။ အဘယ် ငါးမျိုးတို့နည်း ဟူမူ—သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်၏။ပ။ မှန်ကန်သော အမြင်ရှိ၏။ ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ဥပါသိကာမသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ဝိသာရဒသုတ်

၂၁၅။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ဥပါသိကာမသည် မရဲရင့်မူ၍ အိမ်ကို စိုးအုပ်နေရ၏။ အဘယ် ငါးမျိုးတို့နည်း ဟူမူ—သူ့အသက်ကို သတ်လေ့ရှိ၏။ မပေးသည်ကို ယူလေ့ရှိ၏။ ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏။ မဟုတ်မမှန် ပြောလေ့ရှိ၏။ ကုန်းစကားရှိ၏။ ရုန့်ရင်းကြမ်းတမ်းသော စကားရှိ၏။ ပြိန်ဖျင်းသော စကားရှိ၏။ အဘိဇ္ဈာ များ၏။ ပျက်စီးစေလိုသော စိတ်ရှိသူ ဖြစ်၏။ မှားသော အမြင်ရှိ၏။ ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ဥပါသိကာမသည် မရဲရင့်မူ၍ အိမ်ကို စိုးအုပ်နေရ၏။ ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ဥပါသိကာမသည် ရဲရင့်စွာ အိမ်ကို စိုးအုပ်နေရ၏။ အဘယ် ငါးမျိုးတို့နည်း ဟူမူ— သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်၏။ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏။ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏။ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်၏။ ကုန်းစကားမှ ရှောင်ကြဉ်၏။ ရုန့်ရင်းကြမ်းတမ်းသော စကားမှ ရှောင်ကြဉ်၏။ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်၏။ အဘိဇ္ဈာ မများသူ ဖြစ်၏။ မပျက်စီးစေလိုသော စိတ်ရှိသူ ဖြစ်၏၊ မှန်ကန်သော အမြင်ရှိ၏။ ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ဥပါသိကာမသည် ရဲရင့်စွာ အိမ်ကို စိုးအုပ်နေရ၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-သံသပ္ပနီယသုတ်

၂၁၆။ ရဟန်းတို့ သင်တို့အား ရွေ့ရှားကြောင်းဖြစ်သော တရားဒေသနာကို ဟောပေအံ့၊ ထိုတရားကို နာကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောကြားပေအံ့ ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား

http://www.dhammadownload.com



လျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—ရဟန်းတို့ ရွေ့ရှားကြောင်းဖြစ်သော တရားဒေသနာဟူသည် အဘယ်နည်း။ ရဟန်းတို့ သတ္တဝါတို့သည် ကံသာလျှင် မိမိဥစ္စာရှိကုန်၏၊ ကံ၏ အမွေခံသာ ဖြစ်ကုန်၏၊ ကံသာလျှင် အကြောင်းရှိကုန်၏၊ ကံသာလျှင် ဆွေမျိုးရှိကုန်၏၊ ကံသာလျှင် လည်းလျောင်းရာရှိကုန်၏၊ ကောင်းသည်လည်း ဖြစ်စေ မကောင်းသည်လည်း ဖြစ်စေ အကြင်ကံကို ပြုကုန်၏၊ ထိုကံ၏ အမွေခံတို့သာ ဖြစ်ကြကုန်၏။

ရဟန်းတို့ ဤလောက၌ အချို့သော သူသည် သူ့အသက်ကို သက်လေ့ရှိ၏၊ ကြမ်းတမ်း၏၊ လက်၌ သွေးစွန်း၏၊ သတ်ဖြတ်ပုတ်ခတ်ရာ၌ စိတ်ဝင်စား၏၊ သတ္တဝါအားလုံးတို့၌ မသနားတတ်။ ထိုသူသည် ကိုယ်ဖြင့် ရွေ့ရှား၏၊ နှုတ်ဖြင့် ရွေ့ရှား၏၊ စိတ်ဖြင့် ရွေ့ရှား၏။ ထိုသူ၏ ကာယကံသည် ကောက်၏၊ ထိုသူ၏ ဝစီကံသည် ကောက်၏၊ ထိုသူ၏ မနောကံသည် ကောက်၏၊ လားရာ 'ဂတိ' သည် ကောက်၏၊ (ဘဝ၌) ဖြစ်မှုသည် ကောက်၏။ ရဟန်းတို့ လားရာ 'ဂတိ' ကောက်၍ (ဘဝ၌) ဖြစ်မှု ကောက်သော သူအား စင်စစ် ဆင်းရဲသော ငရဲနှင့် ရွေ့ရှားခြင်းသဘောရှိသော တိရစ္ဆာန်မျိုးဟူကုန်သော ဤလားရာ 'ဂတိ' နှစ်မျိုးတို့တွင် တမျိုးမျိုးသော လားရာ 'ဂတိ' ကို ငါဆို၏။

ရဟန်းတို့ ရွေ့ရှားခြင်းသဘောရှိသော တိရစ္ဆာန်ဘဝ ဟူသည် အဘယ်နည်း၊ မြွေ ကင်းမြီးကောက် ကင်းခြေများ မြွေပါ ကြောင် ကြွက် ခင်ပုပ်ငှက် ထိုမှတပါး လူတို့ကို မြင်လျှင် ရွေ့ရှားတတ်သော အခြားသော တိရစ္ဆာန်မျိုး သတ္တဝါအားလုံးတို့တည်း။ ရဟန်းတို့ ဤသို့လျှင် (ကံ၏) ထင်ရှားရှိခြင်းကြောင့် သတ္တဝါ ဖြစ်လာမှု ဖြစ်၏၊ အကြင်ကံကို ပြု၏၊ ထိုကံကြောင့် ဖြစ်၏၊ ဖြစ်လာသော ထိုသတ္တဝါတို့ကို တွေ့ထိမှု (သဘော) တို့သည် တွေ့ထိကုန်၏။ ရဟန်းတို့ ဤသို့ သတ္တဝါတို့သည် ကံ၏ အမွေခံတို့သာ ဖြစ်ကုန်ဟု ငါဆို၏။

ရဟန်းတို့ ဤလောက၌ အချို့သောသူသည် မပေးသည်ကို ယူလေ့ရှိ၏။ပ။ ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏။ မဟုတ်မမှန် ပြောလေ့ ရှိ၏။ ကုန်းစကားရှိ၏။ ရုန့်ရင်းကြမ်းတမ်းသော စကား ရှိ၏။ ပြိန်ဖျင်းသော စကား ရှိ၏။ အဘိဇ္ဈာများ၏။ ဖျက်ဆီးလိုသော စိတ်ရှိ၏။ မှားယွင်းသော အမြင်ရှိ၏၊ လှူရကျိုး မရှိ။ပ။ ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ဟောကြားနိုင်ကုန်သော သမဏ ဗြာဟ္မဏတို့သည် မရှိကုန်"ဟု ဖောက်ပြန်သော အမြင်ရှိ၏။ ထိုသူသည် ကိုယ်ဖြင့် ရွေ့ရှား၏၊ နှုတ်ဖြင့် ရွေ့ရှား၏၊ စိတ်ဖြင့် ရွေ့ရှား၏။ ထိုသူ၏ ကာယကံသည် ကောက်၏၊ ထိုသူ၏ ဝစီကံသည် ကောက်၏၊ ထိုသူ၏ မနောကံသည် ကောက်၏၊ လားရာ 'ဂတိ' သည် ကောက်၏၊ (ဘဝ၌) ဖြစ်မှုသည် ကောက်၏။ ရဟန်းတို့ လားရာ 'ဂတိ' ကောက်၍ (ဘဝ၌) ဖြစ်မှုကောက်သော သူအား စင်စစ် ဆင်းရဲသော ငရဲနှင့် ရွေ့ရှားခြင်းသဘောရှိသော တိရစ္ဆာန်မျိုးဟူကုန်သော ဤလားရာ 'ဂတိ' နှစ်မျိုးတို့တွင် တမျိုးမျိုးသော လားရာ 'ဂတိ' ကို ငါဆို၏။

ရဟန်းတို့ ရွေ့ရှားခြင်း သဘောရှိသော တိရစ္ဆာန်ဘဝဟူသည် အဘယ်နည်း။ မြွေ ကင်းမြီးကောက် ကင်းခြေများ မြွေပါ ကြောင် ကြွက် ခင်ပုပ်ငှက် ထိုမှတပါး လူတို့ကို မြင်လျှင် ရွေ့ရှားတတ်သော အခြားသော တိရစ္ဆာန်မျိုးသတ္တဝါအားလုံးတို့တည်း။ ရဟန်းတို့ ဤသို့လျှင် (ကံ၏) ထင်ရှားရှိခြင်းကြောင့် သတ္တဝါ ဖြစ်လာမှု ဖြစ်၏၊ အကြင် ကံကို ပြု၏၊ ထိုကံကြောင့် ဖြစ်၏၊ (ဘဝ၌) ဖြစ်လာသော ထိုသတ္တဝါတို့ကို တွေ့ထိမှု (သဘော)တို့သည် တွေ့ထိ

http://www.dhammadownload.com



ကုန်၏။ ရဟန်းတို့ ဤသို့ သတ္တဝါတို့သည် ကံ၏ အမွေခံသာ ဖြစ်ကုန်၏ဟု ငါဆို၏။ ရဟန်းတို့ သတ္တဝါတို့သည် ကံသာလျှင် မိမိဥစ္စာရှိကုန်၏၊ ကံ၏ အမွေခံတို့သာ ဖြစ်ကုန်၏၊ ကံသာလျှင် အကြောင်းရှိကုန်၏၊ ကံသာလျှင် ဆွေမျိုးရှိကုန်၏၊ ကံသာလျှင် လည်းလျောင်းရာ ရှိကုန်၏၊ ကောင်းသည်လည်း ဖြစ်စေ မကောင်းသည်လည်း ဖြစ်စေ အကြင်ကံကို ပြုကုန်၏၊ ထိုကံ၏ အမွေခံ တို့သာ ဖြစ်ကုန်၏။

ရဟန်းတို့ ဤလောက၌ အချို့သောသူသည် သူ့အသက်သတ်ခြင်းကို ပယ်၍ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်၏၊ တုတ်ကို ချထားပြီး ဖြစ်၏၊ လက်နက်ကို ချထားပြီး ဖြစ်၏၊ ရှက်ခြင်း ရှိ၏၊ သနားတတ်၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက် နေ၏။ ထိုသူ သည် ကိုယ်ဖြင့် မရွေ့ရှား၊ နှုတ်ဖြင့် မရွေ့ရှား၊ စိတ်ဖြင့် မရွေ့ရှား။ ထိုသူ၏ ကာယကံသည် ဖြောင့်၏၊ ဝစီကံသည် ဖြောင့်၏၊ မနောကံသည် ဖြောင့်၏၊ လားရာ 'ဂတိ' သည် ဖြောင့်၏၊ (ဘဝ၌) ဖြစ်မှုသည် ဖြောင့်၏။ ရဟန်းတို့ လားရာ 'ဂတိ' ဖြောင့်၍ (ဘဝ၌)ဖြစ်မှု ဖြောင့်သော သူအား စင်စစ် ချမ်းသာသော နတ်ပြည်နှင့် ကြွယ်ဝကုန်သော ဥစ္စာများကုန်သော ပစ္စည်းများ ကုန်သော ရွှေငွေ များကုန်သော နှစ်သက်ဖွယ် အဆောက်အဦ များကုန်သော ဥစ္စာ စပါး များကုန်သော မြင့်မြတ်သောအမျိုးဖြစ်သော ခတ္တိယမဟာသာလမျိုး ဗြာဟ္မဏမဟာသာလ မျိုး ဂဟပတိမဟာသာလမျိုး ဟူကုန်သော ဤလားရာဂတိ နှစ်မျိုးတို့တွင် တမျိုးမျိုးသော လားရာ'ဂတိ'ကို ငါဆို၏။ ရဟန်းတို့ ဤသို့လျှင်(ကံ၏)ထင်ရှားရှိခြင်းကြောင့် သတ္တဝါဖြစ်လာမှု ဖြစ်၏၊ အကြင် ကံကို ပြု၏၊ ထိုကံကြောင့် ဖြစ်၏၊ ဖြစ်လာသော ထိုသူကို ဘွေ့ထိမှု(သဘော) တို့သည် တွေ့ထိကုန်၏။ ရဟန်းတို့ ဤသို့ သတ္တဝါတို့သည် ကံ၏ အမွေခံတို့သာ ဖြစ်ကုန်၏ ဟု ငါဆို၏။

ရဟန်းတို့ ဤလောက၌ အချို့သောသူသည် မပေးသည်ကို ယူခြင်းကို ပယ်၍ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏။ပ။ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန် ပြော ခြင်းကိုပယ်၍ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်၏။ ကုန်းစကားကိုပယ်၍ ကုန်းစကားမှ ရှောင် ကြဉ်၏။ ရုန့်ရင်းကြမ်းတမ်းသော စကားကိုပယ်၍ ရုန့်ရင်းကြမ်းတမ်းသော စကားမှ ရှောင်ကြဉ် ၏။ ပြိန်ဖျင်းသော စကားကို ပယ်၍ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်၏။ အဘိဇ္ဈာ မများ၊ မပျက်စီးစေလိုသော စိတ်ရှိသူဖြစ်၏။ မှန်ကန်သော အမြင်ရှိ၏။ "လှူရကျိုး ရှိ၏။ပ။ဤလောက ကိုရင်း တပါးသော လောကကိုရင်း ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ဟော ကြားနိုင်ကုန်သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏" ဟု မဖောက်ပြန်သော အမြင် ရှိ၏။ ထိုသူသည် ကိုယ်ဖြင့် မရွေ့ရှား၊နှုတ်ဖြင့် မရွေ့ရှား၊ စိတ်ဖြင့် မရွေ့ရှား၊ထိုသူ၏ ကာယကံ သည် ဖြောင့်၏၊ ဝစီကံသည်ဖြောင့်၏၊ မနောကံသည် ဖြောင့်၏၊ လားရာ'ဂတိ'သည် ဖြောင့်၏၊ (ဘဝ၌)ဖြစ်မှုသည် ဖြောင့်၏။ ရဟန်းတို့ လားရာ 'ဂတိ' ဖြောင့်၍ (ဘဝ၌)ဖြစ်မှု ဖြောင့်သော သူအား စင်စစ် ချမ်းသာသော နတ်ပြည်နှင့်ကြွယ်ဝကုန်သော ဥစ္စာများကုန်သော စည်းစိမ်များ ကုန်သော ရွှေငွေများကုန်သော နှစ်သက်ဖွယ်အဆောက်အဦ များကုန်သော ဥစ္စာစပါး များ ကုန်သော မြင့်မြတ်သော အမျိုးဖြစ်ကုန်သော ခတ္တိယမဟာသာလမျိုး ဗြာဟ္မဏမဟာသာလမျိုး ဂဟပတိမဟာသာလမျိုးဟူကုန်သော ဤလားရာ'ဂတိ'နှစ်မျိုးတို့တွင် တမျိုးမျိုးသော လားရာ 'ဂတိ'ကို ငါဆို၏။ ရဟန်းတို့ ဤသို့လျှင် (ကံ၏) ထင်ရှားရှိခြင်းကြောင့် သတ္တဝါ၏ ဖြစ်လာမှု ဖြစ်၏၊ အကြင်ကံကို ပြု၏၊ ထိုကံကြောင့်ဖြစ်၏၊ (ဘဝ၌) ဖြစ်လာသော ထိုသူကို တွေ့ထိမှု

http://www.dhammadownload.com



(သဘော)တို့သည် တွေ့ထိကုန်၏။ ရဟန်းတို့ ဤသို့ သတ္တဝါတို့သည် ကံ၏ အမွေခံသာ ဖြစ်ကုန်၏ဟု ငါဆို၏။ ရဟန်းတို့ သတ္တဝါတို့သည် ကံသာလျှင် မိမိဉစ္စာရှိကုန်၏၊ ကံ၏ အမွေခံတို့သာ ဖြစ်ကုန်၏၊ ကံသာလျှင် အကြောင်းရှိကုန်၏၊ ကံသာလျှင် ဆွေမျိုးရှိကုန်၏၊ ကံသာလျှင် လည်းလျောင်းရာ ရှိကုန်၏၊ ကောင်းသည်လည်းဖြစ်စေ မကောင်းသည်လည်းဖြစ်စေ အကြင်ကံကို ပြုကုန်၏၊ ထိုကံ၏ အမွေခံတို့သာဖြစ်ကုန်၏။ ရဟန်းတို့ ဤသည်ကား ရွှေ့ရှားကြောင်း ဖြစ်သော တရားဒေသနာပေတည်းဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ပဌမ သဉ္စေတနိကသုတ်

၂၁၇။ ရဟန်းတို့ စေ့ဆော်အပ် အားထုတ်အပ် ပြုလုပ်အပ် ဆည်းပူးအပ်ကုန်သော ကံတို့၏ အကျိုးကိုမခံစားရပဲ ကင်းပျောက်ခြင်းကို ငါ မဆို။ ထိုအကျိုးကိုလည်း မျက်မှောက်ဘဝ၌သော်ငှင်း အခြားမဲ့ (ဒုတိယ) ဘဝ၌ သော်ငှင်း နောက်ဘဝ အဆက်ဆက်၌ သော်ငှင်း ခံစားရ၏။ ရဟန် တို့ စေ့ဆော်အပ် အားတတ်အပ် ပြုလုပ်အပ် ဆည်းပူးအပ်ကုန်သော ကံတို့၏အကျိုးကို မခံစားရပဲ ဆင်းရဲကုန်ဆုံးရန် ပြုနိုင်မှုကို ငါမဆိုသည်သာတည်း။

ရဟန်းတို့ ထိုကံတို့တွင် ကာယကံ ပျက်စီးမှု သုံးမျိုးသည် အကုသိုလ် ဖြစ်သော စေ့ဆော် အားထုတ်မှုရှိသည်ဖြစ်၍ ဆင်းရဲကို ဖြစ်စေတတ်၏၊ ဆင်းရဲကျိုးရှိ၏။ဝစီကံပျက်စီးမှု လေးမျိုးသည် အကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှု ရှိသည်ဖြစ်၍ ဆင်းရဲကို ဖြစ်စေတတ်၏၊ ဆင်းရဲကျိုး ရှိ၏။ မနောကံပျက်စီးမှုသုံးမျိုးသည် အကုသိုတ်ဖြစ်သော စေ့ဆော်အားထုတ်မှု ရှိသည်ဖြစ်၍ ဆင်းရဲကို ဖြစ်စေတတ်၏၊ ဆင်းရဲကျိုးရှိ၏။

ရဟန်းတို့ အဘယ်သို့လျှင် ကာယကံပျက်စီးမှု သုံးမျိုးသည် အကုသိုလ်ဖြစ်သော စေ့ဆော် **အားထုတ်မှု** ရှိသည်ဖြစ်၍ ဆင်းရဲကို ဖြစ်စေတတ်သနည်း၊ ဆင်းရဲကျိုးရှိသနည်း။ ရဟန်းတို့ ဤ လောက၌ အချို့သောသူသည် သူ့ အသက်ကို သတ်လေ့ရှိ၏၊ ကြမ်းတမ်း၏၊ လက်၌ သွေးစွန်း၏၊ သတ်ဖြတ် ပုတ်ခတ်ရာ၌ စိတ်ဝင်စား၏၊ သတ္တဝါအားလုံးတို့၌ မသနားတတ်။ မပေးသည်ကို ယူလေ့ရှိ၏၊ ရွာ၌ဖြစ်စေ တော၌ဖြစ်စေ တည်သော သူတပါး၏ နှစ်သက်ဖွယ် အဆောက်အဦကို မပေး ပဲ ခိုးလိုသောစိတ်ဖြင့် ယူတတ်၏။ ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏၊ အကြင် မိန်းမတို့ကို အမိစောင့်၏ ။ပ။ အယုဘ်သဖြင့် ပန်းခွေဖြင့်သော်လည်း ကာရံထား၏၊ ထိုသို့ သဘောရှိသော မိန်းမတို့၌ သွားလာခြင်းသို့ ရောက်၏။ ရဟန်းတို့ ဤသို့လျှင် ကာယကံပျက်စီးမှု သုံးမျိုးသည် အကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှု ရှိသည်ဖြစ်၍ ဆင်းရဲကိုဖြစ်စေတတ်၏၊ ဆင်းရဲကျိုးရှိ၏။

ရဟန်းတို့ အဘယ်သို့လျှင် ဝစီကံပျက်စီးမှု လေးမျိုးသည် အကုသိုလ်ဖြစ်သော စေ့ဆော် အားထုတ်မှု ရှိသည်ဖြစ်၍ ဆင်းရဲကို ဖြစ်စေတတ်သနည်း၊ ဆင်းရဲကျိုးရှိသနည်း။ ရဟန်းတို့ ဤ လောက၌ အချို့သောသူသည် မဟုတ် မမှန်ပြောလေ့ရှိ၏၊သဘင်သို့ရောက်၍သော်ငှင်း ပရိသတ် သို့ ရောက်သော်ငှင်း ဆွေမျိုး အလယ်သို့ ရောက်သော်ငှင်း အသင်းအပင်း အလယ်သို့ ရောက် သော်ငှင်း မင်းမျိုးအလယ်သို့ ရောက်သော်ငှင်း "အို ယောကျ်ား လာလော့၊ သင်သိသမျှကို ပြော လော့"ဟု သက်သေခေါ် ဆောင် အမေးခံရမှု ထိုသူသည် မသိသည်ကို "ငါသိ၏"ဟုငှင်း သိသည်ကို

http://www.dhammadownload.com



“ငါမသိ” ဟုရင်း မမြင်သည်ကို “ငါမြင်၏” ဟုရင်း မြင်သည်ကို“ငါမမြင်”ဟုရင်း ဤသို့ မိမိအကြောင်းကြောင့်သော်ရင်း သူတပါးအကြောင်းကြောင့် သော်ရင်း လာဘ်(အာမိသ) တံစိုးလက်ဆောင်ဟူသော အကြောင်းကြောင့် သော်ရင်း သိလျက် မဟုတ်မမှန် ပြောလေ့ရှိ၏။ ကုန်းစကားကို ပြောကြားတတ်၏၊ ဤ သူတို့ထံမှ နားထောင်၍(ထိုသူတို့နှင့်)ဤသူတို့ ကွဲပြားရန် ထိုသူတို့ထံ၌ ပြောကြားတတ်၏၊ ထို သူတို့ထံမှ နားထောင်၍ (ဤသူတို့နှင့်) ထိုသူတို့ ကွဲပြားရန် ဤသူတို့ထံ၌ ပြောကြားတတ်၏၊ ဤသို့ ညီညွတ်သူတို့ကိုလည်း ကွဲပြားစေတတ်၏၊ ကွဲပြားသူတို့ကိုလည်း အားပေးတတ်၏၊ ကွဲပြားမှု အစု‘ဝဂ္ဂ’၌ မွေ့လျော်တတ်၏၊ ကွဲပြားမှု အစု‘ဝဂ္ဂ’၌ ပျော်ပိုက်တတ်၏၊ ကွဲပြားမှု အစု‘ဝဂ္ဂ’ကို နှစ်သက်တတ်၏၊ ကွဲပြားမှု အစု ‘ဝဂ္ဂ’ ကို ပြုသောစကားကို ဆိုတတ်၏။ ရုန့်ရင်းကြမ်းတမ်းသော စကားရှိ၏၊ အကြင်စကားသည် အပြစ်ရှိ၏၊ ကြမ်းတမ်း၏၊ သူတပါးကို နားကိုစပ်ခါးစေတတ်၏၊ သူတပါးကို ထိခိုက်၏၊ အမျက်ထွက်ဖွယ်ကောင်း၏၊ တည်ငြိမ်မှုကို မဖြစ်စေတတ်၊ ထိုသို့ သဘောရှိသော စကားကို ဆိုတတ်၏။ ပြိန်ဖျင်းသောစကားရှိ၏၊ အခါမဟုတ်သည်၌ ဆိုလေ့ရှိ၏၊ မဟုတ်သည်ကို ဆိုလေ့ရှိ၏၊ အကျိုးမဲ့ကို ဆိုလေ့ရှိ၏၊ တရားမဲ့ကို ဆိုလေ့ရှိ၏၊ ဆုံးမစကား မဟုတ်သည်ကို ဆိုလေ့ရှိ၏၊ အခါမဟုတ်သည်၌ အကြောင်းမဲ့ အပိုင်းအခြားမရှိပဲ အစီးအပွါးမဲ့နှင့်စပ်သော မှတ်သားဖွယ် မရှိသောစကားကို ဆိုတတ်၏။ ရဟန်းတို့ ဤသို့လျှင် ဝစီကံ ပျက်စီးမှု လေးမျိုးသည် အကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှုရှိသည်ဖြစ်၍ ဆင်းရဲကို ဖြစ်စေတတ်၏၊ ဆင်းရဲကျိုးရှိ၏။

ရဟန်းတို့ အဘယ်သို့လျှင် မနောကံပျက်စီးမှု သုံးမျိုးသည် အကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှုရှိသည်ဖြစ်၍ ဆင်းရဲကို ဖြစ်စေတတ်သနည်း၊ ဆင်းရဲကျိုးရှိသနည်း။ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် အဘိဇ္ဈာ များ၏၊ “သူတပါး၏ ထို စည်းစိမ်အဆောက်အဦကို ငါ့ဥစ္စာဖြစ်မူ ကောင်းလေစွ”ဟု ရှေးရှုကြံတတ်သူ၏။ ဖျက်ဆီးလိုသောစိတ်ရှိ၏၊ “ဤသတ္တဝါတို့ကို သတ်စေကုန်၊ ဖမ်းစေကုန်၊ ဖြတ်စေကုန်၊ (ဤသတ္တဝါတို့သည်) ပျောက်ပျက်စေကုန်၊ မရှိစေကုန်လင့်”ဟု ဖျက်ဆီးလိုသော စိတ်အကြံရှိ၏။ မှားယွင်းသောအမြင်ရှိ၏၊ “လှူရကျိုး မရှိ။ပ။ ဤလောကကိုရင်း တပါးသောလောကကိုရင်း ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ဟောကြားနိုင်သော သမဏဗြာဟ္မဏတို့ဟူသည် မရှိကုန်”ဟု ဖောက်ပြန်သော အမြင်ရှိ၏။ ရဟန်းတို့ ဤသို့လျှင် မနောကံ ပျက်စီးမှု သုံးမျိုးသည် အကုသိုလ် ဖြစ်သော စေ့ဆော်အားထုတ်မှုရှိသည်ဖြစ်၍ ဆင်းရဲကို ဖြစ်စေတတ်၏၊ ဆင်းရဲကျိုးရှိ၏။

ရဟန်းတို့ ကာယကံ ပျက်စီးမှု သုံးမျိုးဟုဆိုအပ်သော အကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှုဟူသော အကြောင်းကြောင့်လည်း သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ နောက်၌ မကောင်းသူတို့ လားရာ ဖရိုဖရဲ ပျက်စီး၍ ကျရောက်ရာ အပါယ်ငရဲ၌ ဖြစ်ရကုန်၏။ ရဟန်းတို့ ဝစီကံပျက်စီးမှု လေးမျိုးဟု ဆိုအပ်သော အကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှု ဟူသော အကြောင်းကြောင့်လည်း သတ္တဝါ တို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ နောက်၌ မကောင်းသူတို့ လားရာ ဖရိုဖရဲ ပျက်စီး၍ ကျရောက်ရာ အပါယ်ငရဲ၌ ဖြစ်ရကုန်၏။ ရဟန်းတို့ မနောကံ ပျက်စီးမှု သုံးမျိုးဟုဆိုအပ်သော အကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှု ဟူသော အကြောင်းကြောင့်လည်း သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ နောက်၌ မကောင်းသူတို့ လားရာ ဖရိုဖရဲ ပျက်စီး၍ ကျရောက်ရာ အပါယ်ငရဲ၌ ဖြစ်ရကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ လေးထောင့် မျက်နှာပြင်ရှိ ကျောက်(အန်စာ)သည် အထက်သို့ ပစ်လွှင့်အပ်သော် မည်သည့် မျက်နှာဘက်ဖြင့်ပင် တည်သည်ဖြစ်စေ ကောင်းစွာ တည်သောအားဖြင့် သာလျှင် တည်သကဲ့သို့ ရဟန်းတို့ ဤအတူပင် ကာယကံ ပျက်စီးမှု သုံးမျိုးဟုဆိုအပ်သော အကုသိုလ် ဖြစ်သော စေ့ဆော်အားထုတ်မှုဟူသော အကြောင်းကြောင့်သော်လည်း သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှနောက်၌ မကောင်းသူတို့လားရာ ဖရိုဖရဲ ပျက်စီး၍ ကျရောက်ရာ အပါယ်ငရဲ၌ ဖြစ်ရကုန်၏။ ဝစီကံ ပျက်စီးမှု လေးမျိုးဟုဆိုအပ်သော အကုသိုလ်ဖြစ်သော စေ့ဆော် အားထုတ်မှုဟူသော အကြောင်းကြောင့်သော်လည်း သတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှနောက်၌ မကောင်းသူတို့ လားရာ ဖရိုဖရဲ ပျက်စီး၍ ကျရောက်ရာ အပါယ်ငရဲ၌ ဖြစ်ရကုန်၏။ မနောကံ ပျက်စီးမှု သုံးမျိုးဟုဆိုအပ်သော အကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှု ဟူသော အကြောင်းကြောင့်သော်လည်း သတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှ နောက်၌ မကောင်းသူတို့ လားရာ ဖရိုဖရဲပျက်စီး၍ ကျရောက်ရာ အပါယ်ငရဲ၌ ဖြစ်ရကုန်၏။

ရဟန်းတို့ စေ့ဆော်အပ် အားထုတ်အပ် ပြုလုပ်အပ် ဆည်းပူးအပ်ကုန်သော ကံတို့၏(အကျိုးကို) မခံစားရပဲ ကင်းပျောက်ခြင်းကို ငါမဆို၊ထိုအကျိုးသည်လည်း မျက်မှောက် ဘဝ၌သော်၎င်း အခြားမဲ့ (ဒုတိယ) ဘဝ၌သော်၎င်း နောက်ဘဝ အဆက်ဆက်၌သော်၎င်း ခံစားရ၏။ ရဟန်းတို့ အားထုတ်အပ် ပြုလုပ်အပ် ဆည်းပူးအပ် ကုန်သော ကံတို့၏ (အကျိုးကို) မခံစားရပဲ ဆင်းရဲကုန်ဆုံးရန် ပြုနိုင်မှုကို ငါမဆိုသည်သာတည်း။

ရဟန်းတို့ ထိုကံတို့တွင် ကာယကံ ပြည့်စုံမှု သုံးမျိုးသည် ကုသိုလ်ဖြစ်သော စေ့ဆော်အား ထုတ်မှု ရှိသည်ဖြစ်၍ ချမ်းသာကို ဖြစ်စေတတ်၏။ ချမ်းသာကျိုးရှိ၏။ ဝစီကံ ပြည့်စုံမှုလေးမျိုး သည် ကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှုရှိသည်ဖြစ်၍ ချမ်းသာကို ဖြစ်စေတတ်၏၊ ချမ်းသာကျိုးရှိ၏။ မနောကံ ပြည့်စုံမှု သုံးမျိုးသည် ကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှု ရှိသည်ဖြစ်၍ ချမ်းသာကိုဖြစ်စေတတ်၏၊ ချမ်းသာကျိုးရှိ၏။

ရဟန်းတို့ အဘယ်သို့လျှင် ကာယကံနှင့် ပြည့်စုံမှု သုံးမျိုးသည် ကုသိုလ်ဖြစ်သော စေ့ဆော် အားထုတ်မှု ရှိသည်ဖြစ်၍ ချမ်းသာကို ဖြစ်စေတတ်သနည်း၊ ချမ်းသာကျိုး ရှိသနည်း။ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်၏၊ တုတ်ကိုချထားပြီး ဖြစ်၏၊ လက်နက်ကို ချထားပြီးဖြစ်၏၊ ရှက်ခြင်းရှိ၏၊ သနားတတ်၏၊ ခပ်သိမ်း သော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက် နေ၏။ပ။ မပေးသည်ကို ယူခြင်းမှ ရှောင် ကြဉ်သူ ဖြစ်၏။ ရွာ၌ဖြစ်စေ တော၌ဖြစ်စေ တည်သောသူတပါး၏ နှစ်သက်ဖွယ် အဆောက် အဦကို မပေးပဲ ခိုးလိုသောစိတ်ဖြင့် မယူတတ်။ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းကို ပယ်၍ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ အကြင်မိန်းမတို့ကို အမိ စောင့်ရှောက်၏။ပ။ အယုတ်သဖြင့် ပန်းခွေဖြင့်သော်လည်း ကာရံထား၏၊ ထိုသို့သဘောရှိသော မိန်းမတို့၌ သွားလာခြင်းသို့ မရောက်။ ရဟန်းတို့ ဤသို့လျှင် ကာယကံပြည့်စုံမှု သုံးမျိုးသည် ကုသိုလ် ဖြစ်သော စေ့ဆော်အားထုတ်မှု ရှိသည်ဖြစ်၍ ချမ်းသာကို ဖြစ်စေတတ်၏၊ ချမ်းသာကျိုးရှိ၏။

ရဟန်းတို့ အဘယ်သို့လျှင် ဝစီကံပြည့်စုံမှု လေးမျိုးသည် ကုသိုလ်ဖြစ်သော စေ့ဆော် အားထုတ်မှု ရှိသည်ဖြစ်၍ ချမ်းသာကို ဖြစ်စေတတ်သနည်း၊ ချမ်းသာကျိုး ရှိသနည်း။

http://www.dhammadownload.com



ရဟန်းတို့ ဤလောက၌ အချို့သောသူသည် မဟုတ်မမှန် ပြောခြင်းကိုပယ်၍ မဟုတ် မမှန် ပြောခြင်းမှ ရှောင်ကြဉ်၏၊ သဘင်သို့ ရောက်သော်၎င်း ပရိသတ်သို့ ရောက်သော်၎င်း ဆွေမျိုးအလယ်သို့ ရောက်သော်၎င်း အသင်းအပင်းအလယ်သို့ ရောက်သော်၎င်း မင်းမျိုးအလယ်သို့ ရောက်သော်၎င်း "အိုယောကျ်ားလာလော့၊ သင်သိသမျှ ပြောလော့"ဟု သက်သေခေါ်ဆောင် အမေးခံရမူ ထိုသူသည် မသိသည်ကို "ငါမသိ"ဟု၎င်း သိသည်ကို "ငါသိ၏"ဟု၎င်း မမြင်သည်ကို "ငါမမြင်"ဟု၎င်း မြင်သည်ကို "ငါမြင်၏" ဟု၎င်း ဤသို့ မိမိ အကြောင်းကြောင့်သော်၎င်း သူတပါး အကြောင်းကြောင့် သော်၎င်း လာဘ်(အာမိသ) တစ်စိုးလက်ဆောင်ဟူသော အကြောင်းကြောင့်သော်၎င်း သိလျက် မဟုတ်မမှန် မပြောတတ်သူ ဖြစ်၏။ ကုန်းစကားကို ပယ်၍ ကုန်းစကားမှ ရှောင်ကြဉ်၏၊ ဤသူ့ဘိုထံမှ နားထောင်၍ (ထိုသူတို့နှင့်) ဤသူတို့ ကွဲပြားရန် ထိုသူတို့အထံ၌ မပြောတတ်၊ ထိုသူ့ဘိုထံမှ နားထောင်၍ (ဤသူတို့နှင့်) ထိုသူတို့ ကွဲပြားရန် ဤသူတို့အထံ၌ မပြောတတ်၊ ဤသို့ ကွဲပြားသူတို့ကိုလည်း စေ့စပ်တတ်၏၊ ညီညွတ်သူတို့ကိုလည်း အားပေးတတ်၏၊ ညီညွတ်ခြင်း၌ မွေ့လျော်တတ်၏၊ ညီညွတ်ခြင်း၌ ပျော်ပိုက်တတ်၏၊ ညီညွတ်ခြင်း၌ နှစ်သက်တတ်၏၊ ညီညွတ်ခြင်းကို ပြုသောစကားကို ဆိုတတ်၏။ ရုန့်ရင်းကြမ်းတမ်းသော စကားကိုပယ်၍ ရုန့်ရင်းကြမ်းတမ်းသော စကားမှ ရှောင်ကြဉ်တတ်သူဖြစ်၏၊ အကြင်စကားသည် အပြစ်ကင်း၏၊ နားချမ်းသာ၏၊ နှစ်လိုဖွယ် ရှိ၏၊ နှလုံးသို့ သက်ဝင်၏၊ ယဉ်ကျေး၏၊ လူအများ နှစ်သက်၏၊ လူအများ နှစ်ခြိုက်၏၊ ထိုသို့ သဘောရှိသော စကားကိုသာ ဆိုဘတ်၏။ ပြိန်ဖျင်းသော စကားကို ပယ်၍ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်၏၊ (သင့်သော)အခါ၌သာ ဆိုလေ့ရှိ၏၊ ဟုတ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အကျိုးနှင့်စပ်သော စကားကိုသာ ဆိုလေ့ရှိ၏၊ တရားနှင့် စပ်သောစကားကိုသာ ဆိုလေ့ရှိ၏၊ အဆုံးအမနှင့်စပ်သော စကားကိုသာ ဆိုလေ့ရှိ၏၊ (သင့်သော)အခါ၌ အကြောင်းနှင့်တကွ အပိုင်းအခြားရှိ၍ အစီးအပွါးနှင့်စပ်သော မှတ်သားဖွယ်ရှိသော စကားကိုသာ ဆိုတတ်၏။ ရဟန်းတို့ ဤသို့လျှင် ဝစီကံ ပြည့်စုံမှု လေးမျိုးသည် ကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှု ရှိသည်ဖြစ်၍ ချမ်းသာကို ဖြစ်စေတတ်၏၊ ချမ်းသာကျိုးရှိ၏။

ရဟန်းတို့ အဘယ်သို့လျှင် မနောကံ ပြည့်စုံမှု သုံးမျိုးသည် ကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှု ရှိသည်ဖြစ်၍ ချမ်းသာကို ဖြစ်စေတတ်သနည်း၊ ချမ်းသာကျိုး ရှိသနည်း။ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် အဘိဇ္ဈာ မများ၊ သူတပါး၏ စည်းစိမ်အဆောက်အဦကို "ငါ့အားဖြစ်မူ ကောင်းလေစွ"ဟု ရှေးရှုမကြံတတ်သူဖြစ်၏။ မပျက်စီးစေလိုသော စိတ်ရှိ၏၊ "ဤသတ္တဝါတို့သည် ရန်ကင်းသူတို့ ဖြစ်ကြပါစေ၊ ကြောင့်ကြကင်းသူတို့ ဖြစ်ကြပါစေ၊ ဆင်းရဲကင်းသူတို့ ဖြစ်ကြပါစေ၊ မိမိကိုယ်ကို ချမ်းသာစွာ ဆောင်ရွက်နိုင်ကြပါစေ"ဟု မပျက်စီး စေလိုသော စိတ်အကြံရှိသူ ဖြစ်၏။ မှန်ကန်သော အမြင်ရှိ၏၊ "လှူရကျိုးရှိ၏၊ ပူဇော်ရကျိုး ရှိ၏။ပ။ ဤလောကကိုင်၎င်း တပါးသော လောကကိုင်၎င်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ဟောကြားနိုင်သော သမဏဗြာဟ္မဏတို့သည် ရှိကြကုန်၏" ဟု မဖောက်ပြန်သော အမြင်ရှိသူ ဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် မနောကံ ပြည့်စုံမှု သုံးမျိုးသည် ကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှု ရှိသည်ဖြစ်၍ ချမ်းသာကို ဖြစ်စေတတ်၏၊ ချမ်းသာကျိုးရှိ၏။

ရဟန်းတို့ ကာယကံပြည့်စုံမှု သုံးမျိုးဟုဆိုအပ်သော ကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှုဟူသော အကြောင်းကြောင့်သော်လည်း သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ

http://www.dhammadownload.com



နောက်၌ ကောင်းသော လားရာ နတ်ပြည်၌ ဖြစ်ကုန်၏။ ရဟန်းတို့ ဝစီကံပြည့်စုံမှု လေးမျိုးဟု ဆိုအပ်သော ကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှု ဟူသော အကြောင်းကြောင့်သော်လည်း သတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှနောက်၌ ကောင်းသော လားရာ နတ်ပြည်၌ ဖြစ်ရကုန်၏၊ မနောကံ ပြည့်စုံမှု သုံးမျိုးဟု ဆိုအပ်သော ကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှု ဟူသော အကြောင်းကြောင့်သော်လည်း သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှနောက်၌ ကောင်းသော လားရာ နတ်ပြည်၌ ဖြစ်ရကုန်၏။

ရဟန်းတို့ လေးထောင့်မျက်နှာပြင်ရှိ ကျောက်(အန်စာ)သည် အထက်သို့ ပစ်လွှင့်အပ်သော် မည်သည့်မျက်နှာဘက်ဖြင့်ပင် တည်သည်ဖြစ်စေ ကောင်းစွာ တည်သောအားဖြင့်သာလျှင် တည်သကဲ့သို့ ရဟန်းတို့ ဤအတူပင် ကာယကံပြည့်စုံမှု သုံးမျိုးဟု ဆိုအပ်သော ကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှုဟူသော အကြောင်းကြောင့်သော်လည်း သတ္တဝါတို့သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်၌ ဖြစ်ရကုန်၏။ ဝစီကံပြည့်စုံမှု လေးမျိုးဟုဆိုအပ်သော ကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှုဟူသော အကြောင်းကြောင့် သော်လည်း သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်၌ ဖြစ်ရကုန်၏။ မနောကံပြည့်စုံမှု သုံးမျိုးဟု ဆိုအပ်သော ကုသိုလ်ဖြစ်သော စေ့ဆော် အားထုတ်မှုဟူသော အကြောင်းကြောင့်သော်လည်း သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်၌ ဖြစ်ရကုန်၏။

ရဟန်းတို့ စေ့ဆော်အပ် အားထုတ်အပ် ပြုလုပ်အပ် ဆည်းပူးအပ်ကုန်သော ကံတို့၏(အကျိုးကို)မခံစားရပဲ ကင်းပျောက်မှုကို ငါမဆို၊ ထိုအကျိုးကိုလည်း မျက်မှောက်ဘဝ၌ သော်၎င်း အခြားမဲ့ (ဒုတိယ)ဘဝ၌သော်၎င်း နောက်ဘဝ အဆက်ဆက်၌သော်၎င်း ခံစားရ၏။ ရဟန်းတို့ စေ့ဆော်အပ် အားထုတ်အပ်ပြုလုပ်အပ် ဆည်းပူးအပ်ကုန်သော ကံတို့၏ (အကျိုးကို)မခံစားရပဲ ဆင်းရဲကုန်ဆုံးရန် ပြုနိုင်မှုကို ငါမဆိုသည်သာတည်းဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ဒုတိယ သဉ္စေတနိကသုတ်

၂၁၈။ ရဟန်းတို့ စေ့ဆော်အပ် အားထုတ်အပ် ပြုလုပ်အပ် ဆည်းပူးအပ်ကုန်သော ကံတို့၏ (အကျိုးကို) မခံစားရပဲ ကင်းပျောက်မှုကို ငါမဆို၊ ထိုအကျိုးကိုလည်း မျက်မှောက်ဘဝ၌ သော်၎င်း အခြားမဲ့(ဒုတိယ)ဘဝ၌သော်၎င်း နောက်ဘဝ အဆက်ဆက်၌သော်၎င်း ခံစားရ၏။ ရဟန်းတို့ စေ့ဆော်အပ် အားထုတ်အပ် ပြုလုပ်အပ် ဆည်းပူးအပ်ကုန်သော ကံတို့၏ (အကျိုးကို) မခံစားရပဲ ဆင်းရဲကုန်ဆုံးရန် ပြုနိုင်မှုကို ငါမဆိုသည်သာတည်း။

ရဟန်းတို့ ထိုကံတို့တွင် ကာယကံ ပျက်စီးမှု သုံးမျိုးသည် အကုသိုလ်ဖြစ်သော စေ့ဆော် အားထုတ်မှု ရှိသည်ဖြစ်၍ ဆင်းရဲကို ဖြစ်စေတတ်၏၊ ဆင်းရဲကျိုးရှိ၏။ ဝစီကံပျက်စီးမှု လေးမျိုး သည် အကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှု ရှိသည်ဖြစ်၍ ဆင်းရဲကို ဖြစ်စေတတ်၏၊ ဆင်းရဲ ကျိုးရှိ၏။ မနောကံပျက်စီးမှု သုံးမျိုးသည် အကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှု ရှိသည်ဖြစ် ၍ ဆင်းရဲကို ဖြစ်စေတတ်၏၊ ဆင်းရဲကျိုးရှိ၏။

http://www.dhammadownload.com



ရဟန်းတို့ အဘယ်သို့လျှင် ကာယကံပျက်စီးမှု သုံးမျိုးသည် အကုသိုလ်ဖြစ်သော စေ့ဆော် အားထုတ်မှု ရှိသည်ဖြစ်၍ ဆင်းရဲကို ဖြစ်စေတတ်သနည်း၊ ဆင်းရဲကျိုး ရှိသနည်း။ပ။ ရဟန်းတို့ ဤသို့လျှင် ကာယကံပျက်စီးမှု သုံးမျိုးသည် အကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှု ရှိသည် ဖြစ်၍ဆင်းရဲကို ဖြစ်စေတတ်၏၊ ဆင်းရဲကျိုးရှိ၏။

ရဟန်းတို့ အဘယ်သို့လျှင် ဝစီကံပျက်စီးမှု လေးမျိုးသည် အကုသိုလ်ဖြစ်သော စေ့ဆော် အားထုတ်မှု ရှိသည်ဖြစ်၍ ဆင်းရဲကို ဖြစ်စေတတ်သနည်း၊ ဆင်းရဲကျိုး ရှိသနည်း။ပ။ ရဟန်းတို့ ဤသို့လျှင် ဝစီကံပျက်စီးမှု လေးမျိုးသည် အကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှု ရှိသည်ဖြစ်၍ ဆင်းရဲကို ဖြစ်စေတတ်၏၊ ဆင်းရဲကျိုးရှိ၏။ ရဟန်းတို့ အဘယ်သို့လျှင် မနောကံပျက်စီးမှု သုံးမျိုး သည် အကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှု ရှိသည်ဖြစ်၍ ဆင်းရဲကို ဖြစ်စေတတ်သနည်း၊ ဆင်းရဲကျိုးရှိသနည်း။ပ။ ရဟန်းတို့ ဤသို့လျှင် မနောကံပျက်စီးမှု သုံးမျိုးသည် အကုသိုလ်ဖြစ် သော စေ့ဆော်အားထုတ်မှု ရှိသည်ဖြစ်၍ ဆင်းရဲကို ဖြစ်စေတတ်၏၊ ဆင်းရဲကျိုးရှိ၏။

ရဟန်းတို့ ကာယကံ ပျက်စီးမှု သုံးမျိုးဟု ဆိုအပ်သော အကုသိုလ်ဖြစ်သော စေ့ဆော် အားထုတ်မှုဟူသော အကြောင်းကြောင့်သော်လည်း သတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှ နောက်၌ မကောင်းသောသူတို့၏လားရာ ဖရိုဖရဲ ပျက်စီး၍ ကျရောက်ရာ အပါယ်ငရဲ၌ ဖြစ်ရကုန်၏။ ဝစီကံ ပျက်စီးမှု လေးမျိုး။ပ။မနောကံ ပျက်စီးမှု သုံးမျိုးဟု ဆိုအပ်သော အကု သိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှု အကြောင်းကြောင့်သော်လည်း သတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှ နောက်၌ မကောင်းသောသူတို့၏ လားရာ ဖရိုဖရဲ ပျက်စီး၍ ကျရောက်ရာ အပါယ်ငရဲ၌ ဖြစ်ရကုန်၏။

ရဟန်းတို့ စေ့ဆော်အပ် အားထုတ်အပ် ပြုလုပ်အပ် ဆည်းပူးအပ်ကုန်သော ကံတို့၏ အကျိုး ကို မခံစားရပဲ ပျောက်ပျက်မှုကို ငါမဆို၊ ထိုအကျိုးကိုလည်း မျက်မှောက်ဘဝ၌သော်၎င်း အခြားမဲ့ (ဒုတိယ)ဘဝ၌သော်၎င်း နောက်ဘဝ အဆက်ဆက်၌သော်၎င်း ခံစားရ၏။ ရဟန်းတို့ စေ့ဆော်အပ် အားထုတ်အပ် ပြုလုပ်အပ် ဆည်းပူးအပ်ကုန်သော ကံတို့၏ အကျိုးကို မခံစားရပဲ ဆင်းရဲ ကုန်ဆုံးရန် ပြုနိုင်မှုကို ငါမဆိုသည်သာတည်း။

ရဟန်းတို့ ထိုကံတို့တွင် ကာယကံပြည့်စုံမှု သုံးမျိုးသည် ကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှု ရှိသည်ဖြစ်၍ ချမ်းသာကို ဖြစ်စေတတ်၏၊ ချမ်းသာကျိုးရှိ၏။ ဝစီကံ ပြည့်စုံမှု လေးမျိုးသည် ကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှု ရှိသည်ဖြစ်၍ ချမ်းသာကို ဖြစ်စေတတ်၏၊ ချမ်းသာကျိုး ရှိ၏။ မနောကံ ပြည့်စုံမှု သုံးမျိုးသည် ကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှု ရှိသည်ဖြစ်၍ ချမ်းသာကို ဖြစ်စေတတ်၏၊ ချမ်းသာကျိုးရှိ၏။

ရဟန်းတို့ အဘယ်သို့လျှင် ကာယကံ ပြည့်စုံမှု သုံးမျိုးသည် ကုသိုလ်ဖြစ်သော စေ့ဆော် အားထုတ်မှု ရှိသည်ဖြစ်၍ ချမ်းသာကို ဖြစ်စေတတ်သနည်း၊ ချမ်းသာကျိုးရှိသနည်း။ပ။ ရဟန်း တို့ ဤသို့လျှင် ကာယကံ ပြည့်စုံမှု သုံးမျိုးသည် ကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှု ရှိသည် ဖြစ်၍ ချမ်းသာကို ဖြစ်စေတတ်၏၊ ချမ်းသာကျိုးရှိ၏။

ရဟန်းတို့ အဘယ်သို့လျှင် ဝစီကံပြည့်စုံမှု လေးမျိုးသည် ကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ် မှု ရှိသည်ဖြစ်၍ ချမ်းသာကို ဖြစ်စေတတ်သနည်း၊ ချမ်းသာကျိုးရှိသနည်း။ပ။ ရဟန်းတို့ ဤသို့

http://www.dhammadownload.com



လျှင် ဝစီကံပြည့်စုံမှု လေးမျိုးသည် ကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှုရှိသည်ဖြစ်၍ ချမ်းသာကို ဖြစ်စေတတ်၏၊ ချမ်းသာကျိုးရှိ၏။ ရဟန်းတို့ အဘယ်သို့လျှင် မနောကံပြည့်စုံမှု သုံးမျိုးသည် ကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှု ရှိသည်ဖြစ်၍ ချမ်းသာကို ဖြစ်စေကတတ်သနည်း၊ ချမ်းသာကျိုး ရှိသနည်း။ပ။ ရဟန်းတို့ ဤသို့လျှင် မနောကံ ပြည့်စုံမှုသုံးမျိုးသည် ကုသိုလ်ဖြစ်သော စေ့ဆော်အားဆုတ်မှု ရှိသည်ဖြစ်၍ ချမ်းသာကို ဖြစ်စေတတ်၏၊ ချမ်းသာကျိုးရှိ၏။

ရဟန်းတို့ ကာယကံပြည့်စုံမှု သုံးမျိုးဟုဆိုအပ်သော ကုသိုလ်ဖြစ်သော စေ့ဆော်အားထုတ်မှု ဟူသော အကြောင်းကြောင့်သော်လည်း သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်၌ ဖြစ်ရကုန်၏။ ဝစီကံပြည့်စုံမှု လေးမျိုး။ပ။ မနောကံ ပြည့်စုံမှု သုံးမျိုးဟု ဆိုအပ်သော စေ့ဆော်အားထုတ်မှု ဟူသော အကြောင်းကြောင့်သော်လည်း သတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်၌ ဖြစ်ရကုန်၏။ပ။

အဋ္ဌမသုတ်။

## ၉-ကရဇကာယသုတ်

၂၁၉။ ရဟန်းတို့ စေ့ဆော်အပ် အားထုတ်အပ် ပြုလုပ်အပ် ဆည်းပူးအပ်ကုန်သော ကံတို့၏ (အကျိုးကို)မခံစားရပဲ ကင်းပျောက်မှုကို ငါမဆို၊ထိုအကျိုးကိုလည်း မျက်မှောက်ဘဝ၌သော်၎င်း အခြားမဲ့(ဒုတိယ)ဘဝ၌သော်၎င်း နောက်ဘဝအဆက်ဆက်၌သော်၎င်း ခံစားရ၏။ ရဟန်းတို့ စေ့ဆော်အပ် အားထုတ်အပ် ပြုလုပ်အပ် ဆည်းပူးအပ်ကုန်သော ကံတို့၏(အကျိုးကို)မခံစားရပဲ ဆင်းရဲကုန်ဆုံးရန် ပြုနိုင်မှုကို ငါမဆိုသည်သာတည်း။

ရဟန်းတို့ အရိယာတပည့်သည် အဘိဇ္ဈာနှင့်ဗျာပါဒကင်း၍ မတွေမဝေပဲ ဆင်ခြင်ဉာဏ်ရှိသည် ထင်သော သတိရှိသည်ဖြစ်၍ မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ ထိုအတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ ဤနည်းဖြင့် အထက်အောက် ဖီလာ အလုံးစုံသော အရပ်မျက်နှာတို့၌ရှိသော သတ္တဝါအားလုံးကို မိမိနှင့်အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည် မရှိသော ရန်မရှိသော ငြိုငြင်ခြင်း မရှိသော မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။ ထိုသူသည် "ငါ၏ ဤစိတ်သည် ရှေးက သေးငယ်၏၊ မပွါးရသေး၊ ယခုမူကား ငါ၏ ဤစိတ်သည် အတိုင်းအရှည်မရှိ ကောင်းစွာ ပွါးပြီးဖြစ်၏၊ တစုံတရာ ပမာဏပြုအပ်သော (ကာမာဝစရ)ကံသည် ထို(မဟဂ္ဂုတ်ကံ)၌ မကြွင်း ကျန်၊ ထို(မဟဂ္ဂုတ်ကံ)၌ မတည်"ဟု ဤသို့ သိ၏။

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ဤသူငယ်သည် ကလေးအရွယ်မှစ၍ မေတ္တာဟူသော စိတ်၏ လွတ်မြောက်မှုကို ပွါးများခဲ့လျှင် မကောင်းမှုကို ပြုလုပ်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဤပြုလုပ်ခြင်းသည် မဖြစ်နိုင်ပါ။ မကောင်းမှု မပြုလုပ်သူသို့ ဆင်းရဲခြင်းသည် ထိရောက်ရာသလောဟု(မေးတော်မူ၏)။ အသျှင်ဘုရား ဤထိရောက်ခြင်းသည်

http://www.dhammadownload.com



မဖြစ်နိုင်ပါ၊ အသျှင်ဘုရား အမှန်အားဖြင့် မကောင်းမှု မပြုသူသို့ ဆင်းရဲသည် အဘယ်မှာ ထိရောက်ပါအံ့နည်းဟု (လျှောက်၏)။

ရဟန်းတို့ ဤမေတ္တာဟူသော စိတ်၏လွတ်မြောက်မှုကို မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ ပွါးများအပ်သည်သာတည်း၊ ရဟန်းတို့ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ ဤခန္ဓာကိုယ်ကို ယူဆောင်၍ မသွားနိုင်၊ ရဟန်းတို့ ဤသတ္တဝါသည် စုတိစိတ်ဟူသော အကြောင်းရှိ၏။ ထိုသူသည် "ရှေးက ငါ၏ ဤကရဇကာယကြောင့် ဖြစ်သော ကိုယ်ဖြင့် ငါသည် မကောင်းမှု တစုံတခုကို ပြုခဲ့၏၊ ထိုမကောင်းမှုကံ အားလုံးကို ဤဘဝ၌ ခံစားအပ်၏၊ ထိုကံသည် ဘဝတပါးသို့ အစဉ်လိုက်တော့မည် မဟုတ်"ဟု ဤသို့သိ၏။ ရဟန်းတို့ ဤသို့ ပွါးများအပ်သော မေတ္တာဟူသော စိတ်၏ လွတ်မြောက်မှုသည် ဤသာသနာတော်၌ ပညာရှိသော ရဟန်းအား လွတ်မြောက်မှု 'အရဟတ္တဖိုလ်'ကို ထိုးထွင်း၍မသိသေးလျှင် အနာဂါမ်ဖြစ်ရန် အလို့ငှါဖြစ်၏။

ကရုဏာနှင့် ယှဉ်သော စိတ်ဖြင့်။ မုဒိတာနှင့်ယှဉ်သော စိတ်ဖြင့်။ ဥပေက္ခာနှင့် ယှဉ်ဖြစ်သော စိတ်ဖြင့် တခုသောအရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ ဤနည်းအားဖြင့် အထက် အောက် ဖီလာ အသုံးစုံသော အရပ်မျက်နှာတို့၌ရှိသော သတ္တဝါအားလုံးကို မိမိနှင့်အတူပြု၍ သတ္တဝါ အားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော ဥပေက္ခာနှင့် ယှဉ်သောစိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။ ထိုသူသည် "ငါ၏ ဤစိတ်သည် ရှေးက သေးငယ်၏၊ မပွါးများရသေး၊ ယခုမူကား ငါ၏ ဤစိတ်သည် အတိုင်းအရှည်မရှိ ကောင်းစွာ ပွါးပြီး ဖြစ်၏၊ တစုံတရာ ပမာဏ ပြုအပ်သော (ကာမာဝစရ)ကံသည် ထို(မဟဂ္ဂုတ်ကံ)၌ မကြွင်းကျန်၊ ထို(မဟဂ္ဂုတ်ကံ)၌ မတည်"ဟု ဤသို့ သိ၏။

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ဤသူငယ်သည် ကလေးအရွယ်မှစ၍ ဥပေက္ခာဟူသော စိတ်၏လွတ်မြောက်မှုကို ပွါးခဲ့လျှင် မကောင်းမှုကို ပြုလုပ်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဤပြုလုပ်ခြင်းသည် မဖြစ်နိုင်ပါ။ မကောင်းမှု မပြုလုပ်သူသို့ ဆင်းရဲသည် ထိရောက်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဤထိရောက်ခြင်းသည် မဖြစ်နိုင်ပါ၊ အသျှင်ဘုရား အမှန်အားဖြင့် မကောင်းမှုမပြုသူသို့ ဆင်းရဲသည် အဘယ်မှာ ထိရောက်ပါအံ့နည်းဟု (လျှောက်၏)။

ရဟန်းတို့ ဤဥပေက္ခာဟူသော စိတ်၏ လွတ်မြောက်မှုကို မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ ပွါးများအပ်သည်သာတည်း။ ရဟန်းတို့ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ ဤခန္ဓာကိုယ်ကို ယူဆောင်၍ မသွားနိုင်၊ ရဟန်းတို့ ဤသတ္တဝါသည် စုတိစိတ်ဟူသော အကြောင်းရှိ၏။ ထိုသူသည် "ရှေးက ငါ၏ ဤကရဇကာယကြောင့်ဖြစ်သော ကိုယ်ဖြင့် ငါသည် မကောင်းမှု တစုံတခုကို ပြုခဲ့၏၊ ထိုမကောင်းမှုကံ အားလုံးကို ဤဘဝ၌ ခံစားအပ်၏၊ ထိုကံသည် အစဉ်လိုက်တော့မည်မဟုတ်" ဟု ဤသို့သိ၏။ ရဟန်းတို့ ဤသို့ ပွါးများအပ်သော ဥပေက္ခာ ဟူသော စိတ်၏ လွတ်မြောက်မှုသည် ဤသာသနာတော်၌ ပညာရှိသော ရဟန်းအား လွတ်မြောက်မှု 'အရဟတ္တဖိုလ်'ကို ထိုးထွင်း၍ မသိသေးလျှင် အနာဂါမ်ဖြစ်ရန် အလို့ငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-အဓမ္မစရိယာသုတ်

၂၂၀။ ထိုအခါ ပုဏ္ဏားတယောက်သည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် တခုသောနေရာ၌ ထိုင်ကာ မြတ်စွာဘုရားအား—"အသျှင်ဂေါတမ ဤလောက၌ အချို့သော သတ္တဝါတို့၏ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှ နောက်၌ မကောင်းသူတို့ လားရာ ဖရိုဖရဲပျက်စီး၍ ကျရောက်ရာ အပါယ် ငရဲ၌ ဖြစ်ရကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း"ဟု လျှောက်၏။

ပုဏ္ဏား တရားမဟုတ်သည်ကို ကျင့်ခြင်း မညီမညွတ်သည်ကို ကျင့်ခြင်းဟူသော အကြောင်း ကြောင့် ဤသို့ ဤလောက၌ အချို့သော သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ နောက်၌ မကောင်းသူတို့ လားရာ ဖရိုဖရဲပျက်စီး၍ ကျရောက်ရာ အပါယ်ငရဲ၌ ဖြစ်ရကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ ဤလောက၌ အချို့သော သတ္တဝါတို့၏ ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်၌ ဖြစ်ရကြောင်းကား အဘယ်ပါနည်း၊ အထောက် အပံ့ကား အဘယ်ပါနည်းဟု (လျှောက်၏)။ ပုဏ္ဏား တရားကို ကျင့်ခြင်း အညီအညွတ် ကျင့် ခြင်း ဟူသော အကြောင်းကြောင့် ဤသို့ ဤလောက၌ အချို့သော သတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်၌ ဖြစ်ရကုန်၏ ဟု (မိန့်တော် မူ၏)။

အကျွန်ုပ်သည် ဤအသျှင်ဂေါတမ၏ အကျဉ်းဟောထားသော ဤစကား၏ အနက်ကို အကျယ်အားဖြင့် မသိပါ၊ တောင်းပန်ပါ၏၊ အသျှင်ဂေါတမသည် အကျဉ်းဟောထားသော ဤစကား၏ အနက်ကို အကျွန်ုပ် အကျယ် သိနိုင်မည့် နည်းဖြင့် တရားဟောတော် မူပါဟု (လျှောက်၏)။ ပုဏ္ဏား ထိုသို့ ဖြစ်လျှင် နာလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောပေအံ့ဟု (မိန့်တော်မူ၏)။ "အသျှင် ကောင်းပါပြီ"ဟု ထိုပုဏ္ဏားသည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထား၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ပုဏ္ဏား ကိုယ်ဖြင့် တရား မဟုတ်သည်ကို ကျင့်ခြင်း မညီမညွတ်သည်ကို ကျင့်ခြင်းသည် သုံးမျိုး ပြား၏၊ နှုတ်ဖြင့် တရား မဟုတ်သည်ကို ကျင့်ခြင်း မညီမညွတ်သည်ကို ကျင့်ခြင်းသည် လေးမျိုး ပြား၏၊ စိတ်ဖြင့် တရား မဟုတ်သည်ကို ကျင့်ခြင်း မညီမညွတ်သည်ကို ကျင့်ခြင်းသည် သုံးမျိုး ပြား၏။ ပုဏ္ဏား အဘယ်သို့လျှင် ကိုယ်ဖြင့် တရားမဟုတ်သည်ကို ကျင့်ခြင်း မညီမညွတ်သည်ကို ကျင့်ခြင်းသည် **သုံးမျိုး** ပြားသနည်း။ပ။ ပုဏ္ဏား ဤသို့လျှင် ကိုယ်ဖြင့် တရားမဟုတ်သည်ကို ကျင့်ခြင်း မညီမညွတ်သည်ကို ကျင့်ခြင်းသည် **သုံးမျိုး**ပြား၏။ ပုဏ္ဏား အဘယ်သို့လျှင် နှုတ်ဖြင့် တရား မဟုတ်သည်ကို ကျင့်ခြင်း မညီမညွတ်သည်ကို ကျင့်သည် လေးမျိုးပြားသနည်း။ပ။ပုဏ္ဏား ဤသို့လျှင် နှုတ်ဖြင့် တရား မဟုတ်သည်ကို ကျင့်ခြင်း မညီမညွတ်သည်ကို ကျင့်ခြင်းသည် လေးမျိုး ပြား၏။ ပုဏ္ဏား အဘယ်သို့လျှင် စိတ်ဖြင့် တရား မဟုတ်သည်ကို ကျင့်ခြင်း မညီမညွတ်သည်ကို ကျင့်ခြင်းသည် သုံးမျိုး ပြားသနည်း။ပ။ပုဏ္ဏား ဤသို့လျှင် စိတ်ဖြင့် တရားမဟုတ်သည်ကို ကျင့် ခြင်း မညီမညွတ်သည်ကို ကျင့်ခြင်းသည် သုံးမျိုးပြား၏။ ပုဏ္ဏား ဤသို့ တရားမဟုတ်သည်ကို ကျင့်ခြင်း မညီမညွတ်သည်ကို ကျင့်ခြင်းဟူသော အကြောင်းကြောင့် ဤသို့ ဤလောက၌ အချို့

http://www.dhammadownload.com



သော သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ နောက်၌ မကောင်းသူတို့ လားရာ ဖရိုဖရဲ ပျက်စီး၍ ကျရောက်ရာ အပါယ်ငရဲ၌ ဖြစ်ရကုန်၏။

ပုဏ္ဏား ကိုယ်ဖြင့် တရားကို ကျင့်ခြင်း အညီအညွတ် ကျင့်ခြင်းသည် သုံးမျိုး ပြား၏၊ နှုတ်ဖြင့် တရားကို ကျင့်ခြင်း အညီအညွတ် ကျင့်ခြင်းသည် လေးမျိုး ပြား၏၊ စိတ်ဖြင့် တရားကို ကျင့်ခြင်း အညီအညွတ် ကျင့်ခြင်းသည် သုံးမျိုး ပြား၏။ ပုဏ္ဏား အဘယ်သို့လျှင် ကိုယ်ဖြင့် တရားကို ကျင့်ခြင်း အညီအညွတ် ကျင့်ခြင်းသည် သုံးမျိုး ပြားသနည်း။ပ။ ပုဏ္ဏား ဤသို့လျှင် ကိုယ်ဖြင့် တရားကို ကျင့်ခြင်း အညီအညွတ် ကျင့်ခြင်းသည် သုံးမျိုးပြား၏။ ပုဏ္ဏား အဘယ်သို့လျှင် နှုတ်ဖြင့် တရားကိုကျင့်ခြင်း အညီအညွတ် ကျင့်ခြင်းသည် လေးမျိုး ပြားသနည်း ။ပ။ ပုဏ္ဏား ဤသို့လျှင် နှုတ်ဖြင့် တရားကို ကျင့်ခြင်း အညီအညွတ် ကျင့်ခြင်းသည် လေးမျိုးပြား၏။ ပုဏ္ဏား အဘယ်သို့လျှင် စိတ်ဖြင့် တရားကို ကျင့်ခြင်း အညီအညွတ် ကျင့်ခြင်း သည် သုံးမျိုး ပြားသနည်း။ပ။ ပုဏ္ဏား ဤသို့လျှင် စိတ်ဖြင့် တရားကို ကျင့်ခြင်း အညီအညွတ် ကျင့်ခြင်းသည် သုံးမျိုး ပြား၏။ ပုဏ္ဏား ဤသို့ တရားကိုကျင့်ခြင်း အညီအညွတ်ကျင့်ခြင်း ဟူသော အကြောင်းကြောင့် ဤသို့ဤလောက၌ အချို့သော သတ္တဝါတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်၌ ဖြစ်ရကုန်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဂေါတမ အလွန်နှစ်သက်ဖွယ် ရှိပါပေ၏ ။ပ။ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါဟု (လျှောက်၏)။

ဒသမသုတ်။

ရှေးဦးစွာသော ကရဇကာယဝဂ် ပြီး၏။

---

## (၂၂) ၂-သာမညဝဂ်

၂၂၁။ ရဟန်းတို့ တရားဆယ်မျိုးတို့နှင့်ပြည့်စုံသောသူသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထိုအတူ ငရဲ၌ဖြစ်ရ၏။ အဘယ် ဆယ်မျိုးတို့နည်း ဟူမူ—သူ့အသက်သတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏၊ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏၊မဟုတ်မမှန် ပြောလေ့ရှိ၏၊ ကုန်းစကားရှိ၏၊ ရုန့်ရင်းကြမ်းတမ်းသော စကားရှိ၏၊ ပြိန်ဖျင်းသောစကားရှိ၏၊ အဘိဇ္ဈာ များ၏၊ ဖျက်ဆီးလိုသောစိတ်ရှိ၏၊ မှားယွင်းသော အမြင်ရှိ၏။ ရဟန်းတို့ ဤတရားဆယ်မျိုးတို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထိုအတူ ငရဲ၌ ဖြစ်ရ၏။

ရဟန်းတို့ တရားဆယ်မျိုးတို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထား လိုက်သကဲ့သို့ ထိုအတူ နတ်ပြည်၌ဖြစ်ရ၏။ အဘယ် ဆယ်မျိုးတို့နည်း ဟူမူ—သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်၏၊ ကုန်းစကားမှ ရှောင်ကြဉ်၏၊ ရုန့်ရင်း ကြမ်းတမ်းသောစကားမှ ရှောင်ကြဉ်၏၊ ပြိန်ဖျင်းသောစကားမှ ရှောင်ကြဉ်၏၊ အဘိဇ္ဈာ မများ၊ ဖျက်ဆီးလိုသော စိတ်မရှိ၊ မှန်ကန်သော အမြင်ရှိ၏။ ရဟန်းတို့ ဤတရားဆယ်မျိုးတို့နှင့် ပြည့်စုံ သောသူသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထိုအတူ နတ်ပြည်၌ ဖြစ်ရ၏။ (၁)

http://www.dhammadownload.com



၂၂၂။ ရဟန်းတို့ တရားနှစ်ဆယ်တို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။ အဘယ် နှစ်ဆယ်တို့နည်း ဟူမူ—မိမိကိုယ်တိုင်လည်း သူ့အသက်သတ်လေ့ရှိ၏၊ သူတပါးကိုလည်း အသက်သတ်ခြင်း၌ ဆောက်တည်စေ၏။ မိမိကိုယ်တိုင်လည်း မပေးသည်ကိုယူလေ့ရှိ၏၊ သူတပါးကိုလည်း မပေးသည်ကိုယူခြင်း၌ ဆောက်တည်စေ၏။ မိမိကိုယ်တိုင်လည်း ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏၊ သူတပါးကိုလည်း ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း၌ ဆောက်တည်စေ၏။ မိမိကိုယ်တိုင်လည်း မဟုတ်မမှန် ပြောလေ့ရှိ၏၊ သူတပါးကိုလည်း မဟုတ်မမှန်ပြောခြင်း၌ ဆောက်တည်စေ၏။ မိမိကိုယ်တိုင်လည်း ကုန်းစကားရှိ၏၊ သူတပါးကိုလည်း ကုန်းစကား၌ ဆောက်တည်စေ၏။ မိမိကိုယ်တိုင်လည်း ရုန့်ရင်းကြမ်းတမ်းသော စကားရှိ၏၊ သူတပါးကိုလည်း ရုန့်ရင်းကြမ်းတမ်းသောစကား၌ ဆောက်တည်စေ၏။ မိမိကိုယ်တိုင်လည်း ပြိန်ဖျင်းသောစကားရှိ၏၊ သူတပါးကိုလည်း ပြိန်ဖျင်းသောစကား၌ ဆောက်တည်စေ၏။ မိမိကိုယ်တိုင်လည်း အဘိဇ္ဈာ များ၏၊ သူတပါးကိုလည်း အဘိဇ္ဈာ၌ ဆောက်တည်စေ၏။ မိမိကိုယ်တိုင်လည်း ဖျက်ဆီးလိုသော စိတ်ရှိ၏၊ သူတပါးကိုလည်း ဖျက်ဆီးခြင်း၌ ဆောက်တည်စေ၏။ မိမိကိုယ်တိုင်လည်း မှားသောအမြင်ရှိ၏၊ သူတပါးကိုလည်း မှားသောအမြင်၌ ဆောက်တည်စေ၏။ ရဟန်းတို့ ဤတရားနှစ်ဆယ်တို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထို့အတူ ငရဲ၌ဖြစ်ရ၏။

ရဟန်းတို့ တရားနှစ်ဆယ်တို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏။ အဘယ် နှစ်ဆယ်တို့နည်း ဟူမူ—မိမိကိုယ်တိုင်လည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ မိမိကိုယ်တိုင်လည်း မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ မိမိကိုယ်တိုင်လည်း ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ မိမိကိုယ်တိုင်လည်း မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ မိမိကိုယ်တိုင်လည်း ကုန်းစကားမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ကုန်းစကားမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ မိမိကိုယ်တိုင်လည်း ရုန့်ရင်းကြမ်းတမ်းသောစကားမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ရုန့်ရင်းကြမ်းတမ်းသောစကားမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ မိမိကိုယ်တိုင်လည်း ပြိန်ဖျင်းသောစကားမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ပြိန်ဖျင်းသောစကားမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏။ မိမိကိုယ်တိုင်လည်း အဘိဇ္ဈာ မများ၊ သူတပါးကိုလည်း အဘိဇ္ဈာမရှိခြင်း၌ ဆောက်တည်စေ၏။ မိမိကိုယ်တိုင်လည်း ဖျက်ဆီးလိုသော စိတ်မရှိ၊ သူတပါးကိုလည်း မဖျက်ဆီးခြင်း၌ ဆောက်တည်စေ၏။ မိမိကိုယ်တိုင်လည်း မှန်သောအမြင်ရှိ၏၊ သူတပါးကိုလည်း မှန်သောအမြင်ရှိခြင်း၌ ဆောက်တည်စေ၏။ ရဟန်းတို့ ဤတရားနှစ်ဆယ်တို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏။ (၂)

၂၂၃။ ရဟန်းတို့ တရားသုံးဆယ်တို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထို့အတူ ငရဲ၌ဖြစ်ရ၏။ အဘယ်သုံးဆယ်တို့နည်း ဟူမူ—မိမိကိုယ်တိုင်လည်း အသက် သတ်လေ့ရှိ၏၊ သူတပါးကိုလည်း အသက်သတ်ခြင်း၌ ဆောက်တည်

http://www.dhammadownload.com



စေ၏၊ အသက်သတ်ခြင်း၌လည်း နှစ်သက်သဘောတူ၏။ မိမိကိုယ်တိုင်လည်း မပေးသည်ကို ယူလေ့ရှိ၏၊သူတပါးကိုလည်း မပေးသည်ကိုယူခြင်း၌ ဆောက်တည်စေ၏၊မပေးသည်ကို ယူခြင်း၌လည်း နှစ်သက် သဘောတူ၏။ မိမိကိုယ်တိုင်လည်း ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏၊ သူတပါးကိုလည်း ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း၌ ဆောက်တည်စေ၏၊ကာမတို့၌ မှားယွင်းစွာကျင့်ခြင်း၌လည်း နှစ်သက် သဘောတူ၏။ မိမိကိုယ်တိုင်လည်း မဟုတ်မမှန် ပြောလေ့ရှိ၏၊ သူတပါးကိုလည်း မဟုတ်မမှန်ပြောခြင်း၌ ဆောက်တည်စေ၏၊ မဟုတ်မမှန်ပြောခြင်း၌လည်း နှစ်သက် သဘောတူ၏။ မိမိကိုယ်တိုင်လည်း ကုန်းစကားရှိ၏၊ သူတပါးကိုလည်း ကုန်းစကား၌ ဆောက်တည်စေ၏၊ ကုန်းစကား၌လည်း နှစ်သက် သဘောတူ၏။ မိမိကိုယ်တိုင်လည်း ရုန့်ရင်းကြမ်းတမ်းသော စကားရှိ၏၊ သူတပါးကိုလည်း ရုန့်ရင်းကြမ်းတမ်းသောစကား၌ ဆောက်တည်စေ၏၊ ရုန့်ရင်းကြမ်းတမ်းသော စကား၌လည်း နှစ်သက်သဘောတူ၏။ မိမိကိုယ်တိုင်လည်း ပြိန်ဖျင်းသော စကားရှိ၏၊ သူတပါးကိုလည်း ပြိန်ဖျင်းသောစကား၌ ဆောက်တည်စေ၏၊ ပြိန်ဖျင်းသော စကား၌လည်း နှစ်သက် သဘောတူ၏။ မိမိကိုယ်တိုင်လည်း အဘိဇ္ဈာ များ၏၊ သူတပါးကိုလည်း အဘိဇ္ဈာ၌ ဆောက်တည်စေ၏၊ အဘိဇ္ဈာ၌လည်း နှစ်သက် သဘောတူ၏။ မိမိ ကိုယ်တိုင်လည်း ဖျက်ဆီးလိုသော စိတ်ရှိ၏၊ သူတပါးကိုလည်း ဖျက်ဆီးခြင်း၌ ဆောက်တည်စေ၏၊ ဖျက်ဆီးခြင်း၌လည်း နှစ်သက်သဘောတူ၏။ မိမိကိုယ်တိုင်လည်း မှားသောအမြင်ရှိ၏၊ သူတပါးကိုလည်း မှားသောအမြင်၌ ဆောက်တည်စေ၏၊ မှားသောအမြင်၌လည် နှစ်သက် သဘောတူ၏။ ရဟန်းတို့ ဤတရားသုံးဆယ်တို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထိုအတူ ငရဲ ၌ဖြစ်ရ၏။

ရဟန်းတို့ တရားသုံးဆယ်တို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထိုအတူ နတ်ပြည်၌ဖြစ်ရ၏။ အဘယ် သုံးဆယ်တို့နည်း ဟူမူ— မိမိကိုယ်တိုင်လည်း သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၌လည်း နှစ်သက်သဘောတူ၏။ မိမိကိုယ်တိုင်လည်း မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်ခြင်း၌လည်း နှစ်သက် သဘောတူ၏။ မိမိကိုယ်တိုင်လည်း ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊သူတပါးကိုလည်း ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၌လည်း နှစ်သက် သဘောတူ၏။ မိမိကိုယ်တိုင်လည်း မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၌လည်း နှစ်သက် သဘောတူ၏။ မိမိကိုယ်တိုင်လည်း ကုန်းစကားမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ကုန်းစကားမှရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ ကုန်းစကားမှ ရှောင်ကြဉ်ခြင်း၌လည်း နှစ်သက် သဘောတူ၏။ မိမိကိုယ်တိုင်လည်း ရုန့်ရင်းကြမ်းတမ်းသော စကားမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ရုန့်ရင်းကြမ်းတမ်းသောစကားမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ ရုန့်ရင်းကြမ်းတမ်းသောစကားမှ ရှောင်ကြဉ်ခြင်း၌လည်း နှစ်သက် သဘောတူ၏။ မိမိကိုယ်တိုင်လည်း ပြိန်ဖျင်းသောစကားမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ ပြိန်ဖျင်းသောစကားမှ ရှောင်ကြဉ်ခြင်း၌လည်း

http://www.dhammadownload.com



နှစ်သက် သဘောတူ၏။ မိမိကိုယ်တိုင်လည်း အဘိဇ္ဈာ မများ၊ သူတပါးကိုလည်း အဘိဇ္ဈာ မရှိခြင်း၌ ဆောက်တည်စေ၏၊ အဘိဇ္ဈာ မရှိခြင်း၌လည်း နှစ်သက် သဘောတူ၏။ မိမိကိုယ်ကို ဖျက်ဆီးလိုသော စိတ်မရှိ၊ သူတပါးကိုလည်း မဖျက်ဆီးခြင်း၌ ဆောက်တည်စေ၏၊ မဖျက်ဆီး ခြင်း၌လည်း နှစ်သက် သဘောတူ၏။ မိမိကိုယ်တိုင်လည်း မှန်သော အမြင်ရှိ၏၊ သူတပါးကိုလည်း မှန်သောအမြင်၌ ဆောက်တည်စေ၏၊ မှန်သောအမြင်၌လည်း နှစ်သက် သဘောတူ၏။ ရဟန်းတို့ ဤတရား သုံးဆယ်တို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက် သကဲ့သို့ ထို့အတူနတ်ပြည်၌ ဖြစ်ရ၏ဟု (မိန့်တော်မူ၏)။ (၃)

၂၂၄။ ရဟန်းတို့ တရား **လေး**ဆယ်တို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထို့အတူ ငရဲ၌ ဖြစ်ရ၏။ အဘယ် လေးဆယ်တို့နည်း ဟူမူ—မိမိကိုယ်တိုင်လည်း သူ့အသက်သတ်လေ့ရှိ၏၊ သူတပါးကိုလည်း သူ့အသက်သတ်ခြင်း၌ ဆောက်တည်စေ၏၊အသက် သတ်ခြင်း၌လည်း နှစ်သက်သဘောတူ၏၊ အသက် သတ်ခြင်း၏လည်း ကျေးဇူးကို ဆိုတတ်၏။ မိမိကိုယ်တိုင်လည်း မပေးသည်ကို ယူလေ့ ရှိ၏၊ သူတပါးကိုလည်း မပေးသည်ကို ယူခြင်း၌ ဆောက်တည်စေ၏၊ မပေးသည်ကို ယူခြင်း၌လည်း နှစ်သက် သဘောတူ၏၊ မပေးသည်ကို ယူခြင်း၏လည်း ကျေးဇူးကို ဆိုတတ်၏။ မိမိကိုယ်တိုင်လည်း ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ ရှိ၏၊ သူတပါးကိုလည်း ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း၌ ဆောက်တည်စေ၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း၌လည်း နှစ်သက် သဘောတူ၏၊ ကာမတို့၌မှားယွင်းစွာ ကျင့်ခြင်း၏လည်း ကျေးဇူးကို ဆိုတတ်၏။ မိမိကိုယ်တိုင်လည်း မဟုတ်မမှန် ပြောလေ့ရှိ၏၊ သူတပါးကိုလည်း မဟုတ် မမှန်ပြောခြင်း၌ ဆောက်တည်စေ၏၊ မဟုတ်မမှန် ပြောခြင်း၌လည်း နှစ်သက် သဘောတူ၏၊ မဟုတ်မမှန် ပြောခြင်း၏လည်း ကျေးဇူးကို ဆိုတတ်၏။ မိမိကိုယ်တိုင်လည်း ကုန်းစကားရှိ၏၊ သူတပါးကိုလည်း ကုန်းစကား၌ ဆောက်တည်စေ၏၊ ကုန်းစကား၌လည်း နှစ်သက် သဘောတူ၏၊ ကုန်းစကား၏လည်း ကျေးဇူးကို ဆိုတတ်၏။ မိမိကိုယ်တိုင်လည်း ရုန့်ရင်းကြမ်းတမ်းသော စကား ရှိ၏၊ သူတပါးကိုလည်း ရုန့်ရင်းကြမ်းတမ်းသော စကား၌ ဆောက်တည်စေ၏၊ ရုန့်ရင်းကြမ်းတမ်း သော စကား၌လည်း နှစ်သက် သဘောတူ၏၊ ရုန့်ရင်းကြမ်းတမ်းသော စကား၏လည်း ကျေးဇူး ကို ဆိုတတ်၏။ မိမိကိုယ်တိုင်လည်း ပြိန်ဖျင်းသော စကားရှိ၏၊ သူတပါးကိုလည်း ပြိန်ဖျင်းသော စကား၌ ဆောက်တည်စေ၏၊ ပြိန်ဖျင်းသော စကား၌လည်း နှစ်သက် သဘောတူ၏၊ ပြိန်ဖျင်း သော စကား၏လည်း ကျေးဇူးကို ဆိုတတ်၏၊ မိမိကိုယ်တိုင်လည်း အဘိဇ္ဈာ များ၏၊ သူတပါး ကိုလည်း အဘိဇ္ဈာ၌ ဆောက်တည်စေ၏၊ အဘိဇ္ဈာ၌လည်း နှစ်သက် သဘောတူ၏၊ အဘိဇ္ဈာ၏ လည်း ကျေးဇူးကို ဆိုတတ်၏။ မိမိကိုယ်တိုင်လည်း ဖျက်ဆီးလိုသော စိတ်ရှိ၏၊ သူတပါးကိုလည်း ဖျက်ဆီးခြင်း၌ ဆောက်တည်စေ၏၊ ဖျက်ဆီးခြင်း၌လည်း နှစ်သက် သဘောတူ၏၊ ဖျက်ဆီးခြင်း၏ လည်း ကျေးဇူးကို ဆိုတတ်၏။ မိမိကိုယ်တိုင်လည်း မှားသောအမြင်ရှိ၏၊ သူတပါးကိုလည်း မှား သော အမြင်၌ ဆောက်တည်စေ၏၊ မှားသောအမြင်၌လည်း နှစ်သက် သဘောတူ၏၊ မှားသော အမြင်၏လည်း ကျေးဇူးကို ဆိုတတ်၏။ ရဟန်းတို့ ဤတရား လေးဆယ်တို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထို့အတူ ငရဲ၌ဖြစ်ရ၏။

ရဟန်းတို့ ဤ တရားလေးဆယ်တို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထို့အတူ နတ်ပြည်၌ ဖြစ်ရ၏။ အဘယ်လေးဆယ်တို့နည်း ဟူမူ—မိမိကိုယ်တိုင် လည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်

http://www.dhammadownload.com



ခြင်း၌ ဆောက်တည်စေ၏၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၌လည်း နှစ်သက် သဘောတူ၏၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၏လည်း ကျေးဇူးကို ဆိုတတ်၏။ မိမိကိုယ်တိုင်လည်း မပေးသည်ကို ယူခြင်းမှရှောင်ကြဉ်၏၊ သူတပါးကိုလည်း မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေတတ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်း၌လည်း နှစ်သက် သဘောတူ၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်း၏လည်း ကျေးဇူးကို ဆိုတတ်၏။ မိမိကိုယ်တိုင်လည်း ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၌လည်း နှစ်သက် သဘောတူ၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း၌ ရှောင်ကြဉ်ခြင်း၏လည်း ကျေးဇူးကို ဆိုတတ်၏။ မိမိကိုယ်တိုင်လည်း မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ် ခြင်း၌ ဆောက်တည်စေ၏၊ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ် ခြင်း၌လည်း နှစ်သက် သဘောတူ၏၊ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၏လည်း ကျေးဇူးကို ဆိုတတ်၏။ မိမိကိုယ်တိုင်လည်း ကုန်းစကားမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ကုန်းစကားမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ ကုန်းစကားမှ ရှောင်ကြဉ်ခြင်း၌လည်း နှစ်သက် သဘောတူ၏၊ ကုန်းစကားမှ ရှောင်ကြဉ်ခြင်း၏လည်း ကျေးဇူးကို ဆိုတတ်၏။ မိမိကိုယ်တိုင်လည်း ရှန့်ရင်းကြမ်းတမ်းသောစကားမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ရှန့်ရင်းကြမ်းတမ်းသောစကားမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ ရှန့်ရင်းကြမ်းတမ်းသော စကားမှ ရှောင်ကြဉ်ခြင်း၌လည်း နှစ်သက် သဘောတူ၏၊ ရှန့်ရင်း ကြမ်းတမ်းသောစကားမှ ရှောင်ကြဉ်ခြင်း၏လည်း ကျေးဇူးကို ဆိုတတ်၏။ မိမိကိုယ်တိုင်လည်း ပြိန်ဖျင်းသောစကားမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေတတ်၏၊ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်ခြင်း၌လည်း နှစ်သက် သဘောတူ၏၊ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်ခြင်း၏လည်း ကျေးဇူးကို ဆိုတတ်၏။ မိမိကိုယ်တိုင်လည်း အဘိဇ္ဈာ မများ၊ သူတပါးကိုလည်း အဘိဇ္ဈာ မရှိခြင်း၌ ဆောက်တည်စေ၏၊ အဘိဇ္ဈာမရှိခြင်း၌လည်း နှစ်သက် သဘောတူ၏၊ အဘိဇ္ဈာ မရှိခြင်း၏လည်း ကျေးဇူးကို ဆိုတတ်၏။ မိမိကိုယ်တိုင်လည်း ဖျက်ဆီးလိုသော စိတ်မရှိ၊ သူတပါးကိုလည်း မဖျက်ဆီးခြင်း၌ဆောက်တည်စေ၏၊ မဖျက်ဆီးခြင်း၌လည်း နှစ်သက် သဘောတူ၏၊ မဖျက်ဆီးခြင်း၏လည် ကျေးဇူးကို ဆိုတတ်၏။ မိမိကိုယ်တိုင်လည်း မှန်သောအမြင်ရှိ၏၊ သူတပါးကိုလည်း မှန်သောအမြင်၌ ဆောက်တည်စေ၏၊ မှန်သောအမြင်၌လည်း နှစ်သက် သဘောတူ၏၊ မှန်သောအမြင်၏လည်း ကျေးဇူးကို ဆိုတတ်၏။ ရဟန်းတို့ ဤ တရားလေးဆယ်တို့နှင့် ပြည့်စုံသောသူသည် ဆောင်ယူလာသော ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထို့အတူ, နတ်ပြည်၌ ဖြစ်ရ၏ဟု (မိန့်တော်မူ၏) (၄)

၂၂၅-၂၂၈။ ရဟန်းတို့ တရားဆယ်မျိုးတို့နှင့်ပြည့်စုံသော သူသည် မိမိကိုယ်ကို တူးဖြို့မှု ဖျက်ဆီးမှုကိုဆောင်ရွက်နေ၏။ပ။ မိမိကိုယ်ကို မတူးဖြို့မှု မဖျက်ဆီးမှုကို ဆောင်ရွက်နေ၏။ပ။ ရဟန်းတို့ တရားနှစ်ဆယ်။ပ။ ရဟန်းတို့ တရားသုံးဆယ်။ပ။ ရဟန်းတို့ တရားလေးဆယ် တို့နှင့် ပြည့်စုံသော သူသည် မိမိကိုယ်ကို တူးဖြို့မှု ဖျက်ဆီးမှုကို ဆောင်ရွက်နေ၏။ပ။ (၅-၈)

၂၂၉-၂၃၂။ ရဟန်းတို့ ဤလောက၌ တရားဆယ်မျိုးတို့နှင့် ပြည့်စုံသော အချို့သောသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှနောက်၌ မကောင်းသော သူတို့၏လားရာ ဖရိုဖရဲပျက်စီး၍

http://www.dhammadownload.com



ကျရောက်ရာ အပါယ်ငရဲ၌ ဖြစ်ရ၏။ပ။ ဤလောက၌ အချို့သောသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှနောက်၌ ကောင်းသော သူတို့၏လားရာ နတ်ပြည်၌ ဖြစ်ရ၏။ ရဟန်းတို့ တရားနှစ်ဆယ်။ပ။ ရဟန်းတို့ တရားသုံးဆယ်။ပ။ ရဟန်းတို့ တရားလေးဆယ်တို့နှင့် ပြည့်စုံသော အချို့သောသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှနောက်၌ မကောင်းသော သူတို့၏လားရာ ဖရိုဖရဲပျက်စီး၍ ကျရောက်ရာ အပါယ်ငရဲ၌ ဖြစ်ရ၏။ပ။ ဤလောက၌ အချို့သောသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှနောက်၌ ကောင်းသော သူတို့၏လားရာ နတ်ပြည်၌ ဖြစ်ရ၏။ (၉-၁၂)

၂၃၃-၂၃၆။ ရဟန်းတို့ ဟရားဆယ်မျိုးတို့နှင့် ပြည့်စုံသောသူကို လူမိုက် ဟု သိအပ်၏။ပ။ ပညာရှိဟု သိအပ်၏။ပ။ ရဟန်းတို့ တရားနှစ်ဆယ်။ပ။ ရဟန်းတို့ တရားသုံးဆယ်။ပ။ ရဟန်းတို့ တရားလေးဆယ်တို့နှင့် ပြည့်စုံသောသူကို လူမိုက်ဟု သိအပ်၏။ပ။ ပညာရှိဟု သိအပ်၏။ပ။ ရဟန်းတို့ ဤတရားလေးဆယ်တို့နှင့် ပြည့်စုံသောသူကို ပညာရှိဟု သိအပ်၏ဟု (မိန့်တော်မူ၏)။ (၁၃-၁၆)

နှစ်ခုမြောက် သာမညဝဂ် ပြီး၏။

## ၂၃-ရာဂပေယျာလ

၂၃၇။ ရဟန်းတို့ တပ်စွန်းမှု 'ရာဂ'ကို ထူးသောဉာဏ်ဖြင့် သိရန် တရားဆယ်မျိုးတို့ကို ပွါးများအပ်ကုန်၏။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—မတင့်တယ် ဟူသောအမှတ် 'အသုဘသညာ'၊ သေခြင်း၌ ဖြစ်သော အမှတ်'မရဏသညာ'၊ အာဟာရ၌ စက်ဆုပ်ဖွယ်အမှတ် 'အာဟာရေ ပဋိကူလသညာ'၊ လောကအားလုံး၌ မမွေ့လျော်ဖွယ်ဟူသောအမှတ် 'သဗ္ဗလောကေ အနဘိရတိသညာ'၊ မမြဲဟူသော အမှတ် 'အနိစ္စသညာ'၊ မမြဲရာ၌ ဆင်းရဲဟူသောအမှတ် 'အနိစ္စေ ဒုက္ခသညာ'၊ဆင်းရဲရာ၌ အစိုးမရဟူသောအမှတ်'ဒုက္ခေ အနတ္တသညာ'၊ ပယ်ခြင်း၌ အမှတ်'ပဟာနသညာ'၊ တပ်ခြင်း ကင်းခြင်း၌ အမှတ် 'ဝိရာဂသညာ'၊ ချုပ်ခြင်း၌ အမှတ် 'နိရောဓသညာ'တို့တည်း။ ရဟန်းတို့ တပ်စွန်းမှု 'ရာဂ'ကို ထူးသောဉာဏ်ဖြင့်သိရန် ဤတရားဆယ်မျိုးတို့ကို ပွါးများအပ်ကုန်၏ဟု (မိန့်တော်မူ၏)။ (၁)

၂၃၈။ ရဟန်းတို့ တပ်စွန်းမှု 'ရာဂ'ကို ထူးသော ဉာဏ်ဖြင့် သိရန် တရားဆယ်မျိုးတို့ကို ပွါးများအပ်ကုန်၏။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—မမြဲဟူသောအမှတ်'အနိစ္စသညာ'၊ အစိုးမရဟူသောအမှတ် 'အနတ္တသညာ'၊ အာဟာရ၌'စက်ဆုပ်ဖွယ်ဟူသောအမှတ် အာဟာရေ ပဋိကူလသညာ'၊ လောကအားလုံး၌ မမွေ့လျော်ဖွယ်ဟူသောအမှတ် 'အနဘိရတိသညာ'၊အရိုးစုဟူသော အမှတ် 'အဋ္ဌိကသညာ'၊ ပိုးလောက် ပြည့်၏ဟူသောအမှတ် 'ပုဠုဝကသညာ'၊ ညို မဲ ပုပ် ဟူသော အမှတ်'ဝိနီလကသညာ'၊ ရှုံ့ဖွယ် ပြည်ယို၏ ဟူသော အမှတ် 'ဝိပုဗ္ဗကသညာ'၊ ပေါက်ပြဲ စုတ်ပြတ် ဟူသော အမှတ်'ဝိစ္ဆိဒ္ဒကသညာ'၊ ဖူးဖူးရောင် ဟူသောအမှတ် 'ဥဒ္ဓုမာတကသညာ' တို့တည်း။ ရဟန်းတို့ တပ်စွန်းမှု'ရာဂ'ကို ထူးသောဉာဏ်ဖြင့်သိရန် ဤတရား ဆယ်မျိုးတို့ကို ပွါးများအပ်ကုန်၏။ (၂)

http://www.dhammadownload.com



၂၃၉။ ရဟန်းတို့ တပ်စွန်းမှု 'ရာဂ'ကို ထူးသောဉာဏ်ဖြင့် သိရန် တရားဆယ်မျိုးတို့ကို ပွါးများအပ်ကုန်၏။ အဘယ်ဆယ်မျိုးတို့နည်း ဟူမူ—မှန်ကန်သော အမြင်၊ မှန်ကန်သော အကြံအစည်၊ မှန်ကန်သော စကား၊ မှန်ကန်သော အလုပ်၊ မှန်ကန်သော အသက်မွေးမှု၊ မှန်ကန်သော လုံ့လ၊ မှန်ကန်သော အောက်မေ့မှု၊ မှန်ကန်သော တည်ကြည်မှု၊ မှန်ကန်သော ဉာဏ်၊ မှန်ကန်သော လွတ်မြောက်မှုတို့တည်း။ ရဟန်းတို့ တပ်စွန်းမှု'ရာဂ'ကို ထူးသောဉာဏ်ဖြင့် သိရန် ဤတရားဆယ်မျိုးတို့ကို ပွါးများအပ်ကုန်၏ဟု (မိန့်တော်မူ၏)။ (၃)

၂၄၀-၂၆၆။ ရဟန်းတို့ တပ်စွန်းမှု'ရာဂ'ကို ပိုင်းခြား၍ သိရန်။ပ။ ထက်ဝန်းကျင် ကုန်ခန်းရန်။ ပယ်ရန်။ ကုန်ခန်းရန်။ ပျက်ဆီးရန်။ ကင်းပြတ်ရန်။ ချုပ်ရန်။ စွန့်ရန်။ တဖန် စွန့်ရန်။ပ။ ဤတရားဆယ်မျိုးတို့ကို ပွါးများအပ်ကုန်၏။ (၄-၃၀)

၂၆၇-၇၄၆။ ပြစ်မှားမှု 'ဒေါသ'ကို။ပ။ တွေဝေမှု 'မောဟ'ကို။ အမျက်ထွက်မှု'ကောဓ'ကို။ ရန်ငြိုးဖွဲ့မှု 'ဥပနာဟ'ကို။ ကျေးဇူးကို ချေဖျက်မှု 'မက္ခ'ကို။ ဂုဏ်ပြိုင်မှု 'ပဠာသ'ကို။ငြူစူမှု 'ဣဿာ'ကို။ ဝန်တိုမှု'မစ္ဆရိယ'ကို။ လှည့်ပတ်မှု'မာယာ'ကို။ စဉ်းလဲမှု'သာဌေယျ'ကို။ ခက်ထန်မှု 'ထမ္ဘ'ကို။ ချုတ်ချယ်မှု 'သာရမ္ဘ'ကို။ ထောင်လွှားမှု 'မာန'ကို။ အလွန်ထောင်လွှားမှု 'အတိမာန'ကို။ ယစ်မူးမှု 'မဒ'ကို။ မေ့လျော့မှု 'ပမာဒ'ကို ထူးသောဉာဏ်ဖြင့် သိရန်။ပ။ ပိုင်းခြား၍ သိရန်။ ထက်ဝန်းကျင်ကုန်ခန်းရန်။ ပယ်ရန်။ ကုန်ခန်းရန်။ ပျက်ဆီးရန်။ ကင်းပြတ်ရန်။ ချုပ်ရန်။ တဖန် စွန့်ရန်။ပ။ ဤတရားဆယ်မျိုးတို့ကို ပွါးများအပ်ကုန်၏ဟု (မိန့်တော်မူ၏(။ (၃၁-၅၁၀)

ရာဂပေယျာလ ပြီး၏။

# ဒသကနိပါတ် ပြီး၏။

http://www.dhammadownload.com

## အင်္ဂုတ္တရနိကာယ်

# အင်္ဂုတ္တိုရ်ပါဠိတော်

# မြန်မာပြန်

## ကောဒသကနိပါတ်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၁-နိဿယဝဂ် ၁-ကိမတ္ထိယသုတ်

၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား အထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား "အသျှင်ဘုရား အပြစ်မရှိသော သီလတို့သည် အဘယ်အကျိုးရှိပါကုန်သနည်း၊ အဘယ် အာနိသင်ရှိပါကုန်သနည်း"ဟု လျှောက်၏။ အာနန္ဒာ အပြစ် မရှိသော သီလတို့သည် နှလုံးသာရှင်ခြင်း 'အဝိပ္ပဋိသာရ' အကျိုးရှိကုန်၏၊ နှလုံးသာရှင်ခြင်း 'အဝိပ္ပဋိသာရ' အာနိသင် ရှိကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား နှလုံးသာရှင်ခြင်း 'အဝိပ္ပဋိသာရ'သည်ကား အဘယ်အကျိုး ရှိပါသနည်း၊ အဘယ်အာနိသင် ရှိပါသနည်း။ အာနန္ဒာ နှလုံးသာရှင်ခြင်း 'အဝိပ္ပဋိသာရ'သည်ကား ဝမ်းမြောက်မှု 'ပါမောဇ္ဇ' အကျိုးရှိ၏၊ ဝမ်းမြောက်မှု 'ပါမောဇ္ဇ' အာနိသင် ရှိ၏။

http://www.dhammadownload.com



အသျှင်ဘုရား ဝမ်းမြောက်မှု 'ပါမောဇ္ဇ'သည်ကား အဘယ်အကျိုး ရှိပါသနည်း၊ အဘယ် အာနိသင် ရှိပါသနည်း။ အာနန္ဒာ ဝမ်းမြောက်မှု 'ပါမောဇ္ဇ'သည်ကား နှစ်သက်မှု 'ပီတိ'အကျိုး ရှိ၏၊ နှစ်သက်မှု 'ပီတိ' အာနိသင် ရှိ၏။

အသျှင်ဘုရား နှစ်သက်မှု 'ပီတိ'သည်ကား အဘယ်အကျိုး ရှိပါသနည်း၊ အဘယ် အာနိသင် ရှိပါသနည်း။ အာနန္ဒာ နှစ်သက်မှု 'ပီတိ'သည်ကား ငြိမ်းချမ်းမှု 'ပဿဒ္ဓိ'အကျိုးရှိ၏၊ ငြိမ်းချမ်းမှု 'ပဿဒ္ဓိ' အာနိသင် ရှိ၏။

အသျှင်ဘုရား ငြိမ်းချမ်းမှု'ပဿဒ္ဓိ'သည်ကား အဘယ်အကျိုး ရှိပါသနည်း၊ အဘယ်အာနိသင် ရှိပါသနည်း။ အာနန္ဒာ ငြိမ်းချမ်းမှု 'ပဿဒ္ဓိ'သည် ချမ်းသာမှု 'သုခ' အကျိုး ရှိ၏၊ ချမ်းသာမှု 'သုခ' အာနိသင်ရှိ၏။

အသျှင်ဘုရား ချမ်းသာမှု 'သုခ' သည်ကား အဘယ်အကျိုး ရှိပါသနည်း၊ အဘယ်အာနိသင် ရှိပါသနည်း။ အာနန္ဒာ ချမ်းသာမှု 'သုခ' သည်ကား တည်ကြည်မှု 'သမာဓိ' အကျိုး ရှိ၏၊ တည်ကြည်မှု 'သမာဓိ'အာနိသင် ရှိ၏။

အသျှင်ဘုရား တည်ကြည်မှု 'သမာဓိ' သည်ကား အဘယ်အကျိုး ရှိပါသနည်း၊ အဘယ် အာနိသင် ရှိပါသနည်း။ အာနန္ဒာ တည်ကြည်မှု 'သမာဓိ'သည်ကား ဟုတ်တိုင်းမှန်စွာ သိမြင်မှု 'ယထာဘူတဉာဏဒဿန' အကျိုးရှိ၏၊ ဟုတ်တိုင်း မှန်စွာ သိမြင်မှု 'ယထာဘူတဉာဏဒဿန' အာနိသင်ရှိ၏။

အသျှင်ဘုရား ဟုတ်တိုင်း မှန်စွာ သိမြင်မှု 'ယထာဘူတဉာဏဒဿန'သည်ကား အဘယ်အကျိုး ရှိပါသနည်း၊ အဘယ်အာနိသင် ရှိပါသနည်း။ အာနန္ဒာ ဟုတ်တိုင်းမှန်စွာ သိမြင်မှု 'ယထာဘူတဉာဏဒဿန' သည်ကား ငြီးငွေ့မှု'နိဗ္ဗိဒါ' အကျိုး ရှိ၏၊ ငြီးငွေ့မှု 'နိဗ္ဗိဒါ' အာနိသင် ရှိ၏။

အသျှင်ဘုရား ငြီးငွေ့မှု 'နိဗ္ဗိဒါ' သည်ကား အဘယ်အကျိုး ရှိပါသနည်း၊ အဘယ် အာနိသင် ရှိပါသနည်း။ အာနန္ဒာ ငြီးငွေ့မှု 'နိဗ္ဗိဒါ'သည်ကား တပ်စွန်းခြင်း ကင်းမှု 'ဝိရာဂ'အကျိုး ရှိ၏၊ တပ်စွန်းခြင်း ကင်းမှု 'ဝိရာဂ' အာနိသင်ရှိ၏။

အသျှင်ဘုရား တပ်စွန်းခြင်း ကင်းမှု'ဝိရာဂ' သည်ကား အဘယ်အကျိုး ရှိပါသနည်း၊အဘယ် အာနိသင် ရှိပါသနည်း။ အာနန္ဒာ တပ်စွန်းခြင်း ကင်းမှု 'ဝိရာဂ'သည်ကား လွတ်မြောက်မှု 'ဝိမုတ္တိ'နှင့် လွတ်မြောက်မှုကိုသိသော ဝိမုတ္တိဉာဏ ဒဿန အကျိုး ရှိ၏၊ လွတ်မြောက်မှု ဝိမုတ္တိနှင့် လွတ်မြောက်မှုကိုသိသော 'ဝိမုတ္တိဉာဏဒဿန' အာနိသင်ရှိ၏။ အာနန္ဒာ ဤသို့လျှင် အပြစ်မရှိသော သီလတို့သည် နှလုံးသာရွှင်မှု အကျိုးရှိကုန်၏၊ နှလုံးသာရွှင်မှု အာနိသင် ရှိကုန်၏၊ နှလုံးသာရွှင်မှုသည် ဝမ်းမြောက်မှု အကျိုး ရှိ၏၊ ဝမ်းမြောက်မှု အာနိသင် ရှိ၏၊ ဝမ်းမြောက်မှုသည် နှစ်သက်မှု အကျိုး ရှိ၏၊ နှစ်သက်မှု အာနိသင် ရှိ၏၊ နှစ်သက်မှုသည် ငြိမ်းချမ်းမှု အကျိုး ရှိ၏၊ ငြိမ်းချမ်းမှု အာနိသင်ရှိ၏၊ ငြိမ်းချမ်းမှုသည် ချမ်းသာမှု အကျိုးရှိ၏၊ ချမ်းသာမှု အာနိသင်ရှိ၏၊ ချမ်းသာမှုသည် တည်ကြည်မှုအကျိုးရှိ၏၊ တည်ကြည်မှုအာနိသင်ရှိ၏၊ တည်ကြည်မှုသည် ဟုတ်တိုင်းမှန်စွာ သိမြင်မှုအကျိုးရှိ၏၊ ဟုတ်တိုင်းမှန်စွာ သိမြင်မှု အာနိသင်ရှိ၏။ ဟုတ်တိုင်းမှန်စွာ သိမြင်မှုသည် ငြီးငွေ့မှုအကျိုးရှိ၏၊ ငြီးငွေ့မှု အာနိသင်ရှိ၏။ ငြီးငွေ့မှုသည် တပ်စွန်းခြင်း ကင်းမှု အကျိုးရှိ၏၊ တပ်စွန်းခြင်း ကင်းမှု အာနိသင်၏။ တပ်စွန်းခြင်း ကင်းမှုသည်

http://www.dhammadownload.com



လွတ်မြောက်မှု ဝိမုတ္တိနှင့် လွတ်မြောက်မှုကိုသိသော ဝိမုတ္တိဉာဏ ဒဿန အကျိုးရှိ၏၊ လွတ်မြောက်မှုဝိမုတ္တိနှင့် လွတ်မြောက်မှုကို သိသော ဝိမုတ္တိဉာဏ ဒဿန အာနိသင်ရှိ၏။ အာနန္ဒာ ဤသို့လျှင် အပြစ်မရှိသော သီလတို့သည် အစဉ်အတိုင်း အရဟတ္တဖိုလ်သို့ ရောက်ကုန်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-စေတနာကရဏီယသုတ်

၂။ ရဟန်းတို့ သီလရှိသူ သီလပြည့်စုံသူအား "ငါ့အား နှလုံးသာရွှင်မှုဖြစ်ပါစေ"ဟု စေ့ဆော်၍ ပြုဖွယ် မရှိ၊ ရဟန်းတို့ သီလရှိသူ သီလပြည့်စုံသူအား နှလုံးသာရွှင်မှုဖြစ်ခြင်းသည် ထုံးတမ်းစဉ်လာ သဘောပင်တည်း။ ရဟန်းတို့ နှလုံးသာရွှင်သူအား "ငါ့အား ဝမ်းမြောက်မှုဖြစ်ပါစေ"ဟု စေ့ဆော်၍ ပြုဖွယ် မရှိ၊ ရဟန်းတို့ နှစ်လုံးသာရွှင်သူအား ဝမ်းမြောက်မှုဖြစ်ခြင်းသည် ထုံးတမ်းစဉ်လာ သဘောပင်တည်း။ ရဟန်းတို့ ဝမ်းမြောက်သူအား "ငါ့အား နှစ်သက်မှုဖြစ်ပါစေ"ဟု စေ့ဆော်၍ ပြုဖွယ်မရှိ၊ ရဟန်းတို့ ဝမ်းမြောက်သူအား နှစ်သက်မှုဖြစ်ခြင်းသည် ထုံးတမ်းစဉ်လာ သဘောပင်တည်း။ ရဟန်းတို့ နှစ်သက်သောစိတ် ရှိသူအား "ငါ၏ ကိုယ်သည် ငြိမ်းချမ်းပါစေ"ဟု စေ့ဆော်၍ ပြုဖွယ်မရှိ၊ ရဟန်းတို့ နှစ်သက်သောစိတ်ရှိသူအား ကိုယ်ငြိမ်းချမ်းမှုသည် ထုံးတမ်းစဉ်လာ သဘောပင်တည်း။ ရဟန်းတို့ ကိုယ်ငြိမ်းချမ်းသူအား "ချမ်းသာကို ခံစားအံ့ ဟု စေ့ဆော်၍ ပြုဖွယ် မရှိ၊ ရဟန်းတို့ ကိုယ်ငြိမ်းချမ်းသူအား ချမ်းသာကိုခံစားမှုသည် ထုံးတမ်းစဉ်လာ သဘောပင်တည်း။ ရဟန်းတို့ ချမ်းသာသူအား "ငါ၏စိတ်သည် တည်ကြည်ပါစေ"ဟု စေ့ဆော်၍ ပြုဖွယ်မရှိ၊ ရဟန်းတို့ ချမ်းသာသူအား စိတ်တည်ကြည်မှုသည် ထုံးတမ်းစဉ်လာ သဘောပင်တည်း။ ရဟန်းတို့ တည်ကြည်သူအား "ဟုတ်တိုင်း မှန်စွာ သိအံ့ မြင်အံ့"ဟု စေ့ဆော်၍ ပြုဖွယ် မရှိ၊ ရဟန်းတို့ တည်ကြည်သူအား ဟုတ်တိုင်းမှန်စွာ သိမှုမြင်မှုသည် ထုံးတမ်းစဉ်လာ သဘောပင်တည်း။ ရဟန်းတို့ ဟုတ်တိုင်းမှန်စွာ သိသူ မြင်သူအား ငြီးငွေ့အံ့"ဟု စေ့ဆော်၍ ပြုဖွယ် မရှိ၊ ရဟန်းတို့ ဟုတ်တိုင်းမှန်စွာ သိသူမြင်သူအား ငြီးငွေ့မှုသည် ထုံးတမ်းစဉ်လာ သဘောပင်တည်း။ ရဟန်းတို့ ငြီးငွေ့သူအား "တပ်စွန်းမှုကင်းအံ့"ဟု စေ့ဆော်၍ ပြုဖွယ် မရှိ၊ ရဟန်းတို့ ငြီးငွေ့သူအား တပ်စွန်းခြင်း ကင်းမှုသည် ထုံးတမ်းစဉ်လာ သဘောပင်တည်း။ ရဟန်းတို့ တပ်စွန်းခြင်း ကင်းသူအား "လွတ်မြောက်မှုဝိမုတ္တိနှင့် လွတ်မြောက်မှုကို သိသောဉာဏ်ကို မျက်မှောက်ပြုအံ့"ဟု စေ့ဆော်၍ ပြုဖွယ်မရှိ၊ ရဟန်းတို့ တပ်စွန်းခြင်း ကင်းသူအား လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသောဉာဏ်ကို မျက်မှောက်ပြုခြင်းသည် ထုံးတမ်းစဉ်လာ သဘောပင်တည်း။

ရဟန်းတို့ ဤသို့လျှင် တပ်စွန်းခြင်းကင်းမှုသည် လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကိုသိသော ဉာဏ် အကျိုးရှိ၏၊ လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသောဉာဏ် အာနိသင်ရှိ၏။ ငြီးငွေ့မှုသည် တပ်စွန်းခြင်းကင်းမှု အကျိုးရှိ၏၊ တပ်စွန်းခြင်းကင်းမှု အာနိသင်ရှိ၏။ ဟုတ်တိုင်း မှန်စွာ သိမြင်မှုသည် ငြီးငွေ့မှုအကျိုးရှိ၏၊ ငြီးငွေ့မှု အာနိသင်ရှိ၏။ တည်ကြည်မှုသည် ဟုတ်တိုင်း မှန်စွာ သိမြင်မှုအကျိုး၏၊ ဟုတ်တိုင်းမှန်စွာ သိမြင်မှု အာနိသင်ရှိ၏။ ချမ်းသာမှုသည် တည်ကြည်မှု အကျိုးရှိ၏၊ တည်ကြည်မှု အာနိသင်ရှိ၏။ ငြိမ်းအေးမှုသည် ချမ်းသာမှု အကျိုးရှိ၏၊ ချမ်းသာမှု အာနိသင်ရှိ၏။ နှစ်သက်မှုသည် ငြိမ်းအေးမှု အကျိုးရှိ၏၊ ငြိမ်းအေးမှု အာနိသင်ရှိ၏။

http://www.dhammadownload.com



ဝမ်းမြောက်မှုသည် နှစ်သက်မှု အကျိုးရှိ၏၊ နှစ်သက်မှု အာနိသင်ရှိ၏။ နှလုံးသာရွှင်မှုသည် ဝမ်းမြောက်မှု အကျိုးရှိ၏၊ ဝမ်းမြောက်မှု အာနိသင်ရှိ၏။ အပြစ်ကင်းသော သီလတို့သည် နှလုံးသာရွှင်မှု အကျိုးရှိကုန်၏၊ နှလုံးသာရွှင်မှု အာနိသင်ရှိကုန်၏။

ရဟန်းတို့ ဤသို့လျှင် ဤဖက်ကမ်း ဝဋ်ဆင်းရဲမှ ထိုဖက်ကမ်း (နိဗ္ဗာန်သို့) ရောက်ခြင်းငှါ (အပြစ်မရှိသော သီလအစရှိသော) တရားတို့သည် (နှလုံးသာရွှင်ခြင်းအစရှိသော) တရားတို့ကို ဖြစ်စေကုန်၏၊ (အပြစ်မရှိသော သီလ အစရှိသော) တရားတို့သည် (နှလုံးသာရွှင်ခြင်း အစရှိသော) တရားတို့နှင့် ပြည့်စုံစေကုန်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ပဥ္စမ ဥပနိသာသုတ်

၃။ ရဟန်းတို့ သီလမရှိသူ သီလပျက်စီးသူအား နှလုံးသာရွှင်မှုသည် အကြောင်းချို့တဲ့၏၊ နှလုံးသာရွှင်မှု မရှိလတ်သော် နှလုံးသာရွှင်မှု ပျက်စီးသူအား ဝမ်းမြောက်မှုသည် အကြောင်းချို့တဲ့၏၊ ဝမ်းမြောက်မှု မရှိလတ်သော် ဝမ်းမြောက်မှုပျက်စီးသူအား နှစ်သက်မှုသည် အကြောင်းချို့တဲ့၏၊ နှစ်သက်မှုမရှိလတ်သော် နှစ်သက်မှု ပျက်စီးသူအား ငြိမ်းချမ်းမှုသည် အကြောင်းချို့တဲ့၏၊ ငြိမ်းချမ်းမှု မရှိလတ်သော် ငြိမ်းချမ်းမှုပျက်စီးသူအား ချမ်းသာမှုသည် အကြောင်းချို့တဲ့၏၊ ချမ်းသာမှု မရှိလတ်သော် ချမ်းသာမှု ပျက်စီးသူအား တည်ကြည်မှုသည် အကြောင်းချို့တဲ့၏၊ တည်ကြည်မှု မရှိလတ်သော် တည်ကြည်မှု ပျက်စီးသူအား ဟုတ်တိုင်းမှန်စွာ သိမြင်မှုသည် အကြောင်းချို့တဲ့၏၊ ဟုတ်တိုင်းမှန်စွာ သိမြင်မှု မရှိလတ်သော် ဟုတ်တိုင်းမှန်စွာ သိမြင်မှု ပျက်စီးသူအား ငြီးငွေ့မှုသည် အကြောင်းချို့တဲ့၏၊ ငြီးငွေ့မှုမရှိလတ်သော် ငြီးငွေ့မှု ပျက်စီးသူအား တပ်စွန်းခြင်းကင်းမှုသည် အကြောင်းချို့တဲ့၏၊ တပ်စွန်းခြင်းကင်းမှု မရှိလတ်သော် တပ်စွန်းခြင်းကင်းမှု ပျက်စီးသူအား လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသော ဉာဏ်အမြင်သည် အကြောင်းချို့တဲ့၏။

ရဟန်းတို့ အခက်အရွက် ပျက်စီးသော သစ်ပင်အား အပွေးသည်လည်း ပြည့်စုံခြင်းသို့ မရောက်သကဲ့သို့ အခေါက်သည်လည်း။ အကာသည်လည်း။ အနှစ်သည်လည်း ပြည့်စုံခြင်းသို့ မရောက်သကဲ့သို့ ရဟန်းတို့ ဤအတူပင် သီလမရှိသူ သီလပျက်စီးသူအား နှလုံးသာရွှင်မှုသည် အကြောင်းချို့တဲ့၏၊ နှလုံးသာရွှင်မှု မရှိလတ်သော် နှလုံးသာရွှင်မှု ပျက်စီးသူအား ဝမ်းမြောက်မှုသည် အကြောင်းချို့တဲ့၏။ပ။ လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသော ဉာဏ်အမြင်သည် အကြောင်းချို့တဲ့၏။

ရဟန်းတို့ သီလရှိသူ သီလပြည့်စုံသူအား နှလုံးသာရွှင်မှုသည် အကြောင်းပြည့်စုံ၏၊ နှလုံးသာရွှင်မှုရှိလတ်သော် နှလုံးသာရွှင်မှုနှင့် ပြည့်စုံသူအား ဝမ်းမြောက်မှုသည် အကြောင်းပြည့်စုံ၏၊ ဝမ်းမြောက်မှုရှိလတ်သော် ဝမ်းမြောက်မှုနှင့် ပြည့်စုံသူအား နှစ်သက်မှုသည် အကြောင်းပြည့်စုံ၏၊ နှစ်သက်မှု ရှိလတ်သော် နှစ်သက်မှုနှင့် ပြည့်စုံသူအား ငြိမ်းချမ်းမှုသည် အကြောင်းပြည့်စုံ၏၊ ငြိမ်းချမ်းမှု ရှိလတ်သော် ငြိမ်းချမ်းမှုနှင့် ပြည့်စုံသူအား ချမ်းသာမှုသည် အကြောင်းပြည့်စုံ၏၊ ချမ်းသာမှု ရှိလတ်သော် ချမ်းသာမှုနှင့် ပြည့်စုံသူအား ကောင်းသော တည်ကြည်

http://www.dhammadownload.com



မှုသည် အကြောင်းပြည့်စုံ၏၊ ကောင်းသောတည်ကြည်မှုရှိလတ်သော် ကောင်းသော တည်ကြည်မှုနှင့် ပြည့်စုံသူအား ဟုတ်တိုင်းမှန်စွာ သိမြင်မှုသည် အကြောင်း ပြည့်စုံ၏၊ဟုတ်တိုင်းမှန်စွာ သိမြင်မှုရှိလတ်သော် ဟုတ်တိုင်းမှန်စွာ သိမြင်သူအား ငြီးငွေ့မှုသည် အကြောင်း ပြည့်စုံ၏၊ ငြီးငွေ့မှုရှိလတ်သော် ငြီးငွေ့မှုနှင့် ပြည့်စုံသူအား တပ်စွန်းခြင်းကင်းမှုသည် အကြောင်းပြည့်စုံ၏၊ တပ်စွန်းခြင်းကင်းမှု ရှိလတ်သော် တပ်စွန်းခြင်းကင်းမှုနှင့် ပြည့်စုံသူအား လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသော ဉာဏ်အမြင်သည် အကြောင်းပြည့်စုံ၏။

ရဟန်းတို့ အခက် အရွက်နှင့် ပြည့်စုံသော သစ်ပင်အား အပွေးသည်လည်း ပြည့်စုံခြင်းသို့ ရောက်သကဲ့သို့ အခေါက်သည်လည်း။ အကာသည်လည်း။ အနှစ်သည်လည်း ပြည့်စုံခြင်းသို့ ရောက်သကဲ့သို့ ရဟန်းတို့ ဤအတူပင် သီလရှိသူ သီလနှင့်ပြည့်စုံသူအား နှလုံးသာရွှင်မှုသည် အကြောင်းပြည့်စုံ၏၊ နှလုံးသာရွှင်မှုရှိလတ်သော် နှလုံးသာရွှင်မှုနှင့် ပြည့်စုံသူအား ဝမ်းမြောက်မှုသည် အကြောင်းပြည့်စုံ၏။ပ။ လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသော ဉာဏ်အမြင်သည် အကြောင်းပြည့်စုံ၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ဒုတိယ ဥပနိသာသုတ်

၄။ ထိုအခါ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို "ငါ့သျှင်ရဟန်းတို့" ဟု ခေါ်တော်မူ၏။ "ငါ့သျှင်"ဟု ထိုရဟန်းတို့သည် အသျှင်သာရိပုတြာအား ပြန်ကြား လျှောက်ထားကုန်၏။ အသျှင်သာရိပုတြာသည် ဤစကားကို မိန့်ဆို၏—

ငါ့သျှင်တို့ သီလမရှိသူ သီလပျက်စီးသူအား နှလုံးသာရွှင်မှုသည် အကြောင်းချို့တဲ့၏၊နှလုံးသာရွှင်မှု မရှိလတ်သော် နှလုံးသာရွှင်မှု ပျက်စီးသူအား ဝမ်းမြောက်မှုသည် အကြောင်းချို့တဲ့၏၊ ဝမ်းမြောက်မှု မရှိလတ်သော် ဝမ်းမြောက်မှု ပျက်စီးသူအား နှစ်သက်မှုသည် အကြောင်းချို့တဲ့၏၊ နှစ်သက်မှု မရှိလတ်သော် နှစ်သက်မှု ပျက်စီးသူအား ငြိမ်းအေးမှုသည် အကြောင်းချို့တဲ့၏၊ ငြိမ်းအေးမှု မရှိလတ်သော် ငြိမ်းအေးမှုပျက်စီးသူအား ချမ်းသာမှုသည် အကြောင်းချို့တဲ့၏၊ ချမ်းသာမှု မရှိလတ်သော် ချမ်းသာမှု ပျက်စီးသူအား ကောင်းသောတည်ကြည်မှုသည် အကြောင်းချို့တဲ့၏၊ ကောင်းသောတည်ကြည်မှု မရှိလတ်သော် ကောင်းသောတည်ကြည်မှု ပျက်စီးသူအား ဟုတ်တိုင်းမှန်စွာ သိမြင်မှုသည် အကြောင်းချို့တဲ့၏၊ ဟုတ်တိုင်းမှန်စွာ သိမြင်မှု မရှိလတ်သော် ဟုတ်တိုင်းမှန်စွာ သိမြင်မှု ပျက်စီးသူအား ငြီးငွေ့မှုသည် အကြောင်းချို့တဲ့၏။ ငြီးငွေ့မှု မရှိလတ်သော် ငြီးငွေ့မှု ပျက်စီးသူအား တပ်စွန်းခြင်းကင်းမှုသည် အကြောင်းချို့တဲ့၏။ တပ်စွန်းခြင်း ကင်းမှု မရှိလတ်သော် တပ်စွန်းခြင်းကင်းမှု ပျက်စီးသူအား လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသော ဉာဏ်အမြင်သည် အကြောင်းချို့တဲ့၏။

ငါ့သျှင်တို့ အခက် အရွက် ပျက်စီးသော သစ်ပင်အား အပွေးသည်လည်း ပြည့်စုံခြင်းသို့ မရောက်သကဲ့သို့ အခေါက်သည်လည်း။ အကာသည်လည်း။ အနှစ်သည်လည်း ပြည့်စုံခြင်းသို့ မရောက်သကဲ့သို့ ငါ့သျှင်တို့ ဤအတူပင် သီလမရှိသူ သီလပျက်စီးသူအား နှလုံးသာရွှင်မှုသည် အကြောင်းချို့တဲ့၏၊ နှလုံးသာရွှင်မှု မရှိလတ်သော် နှလုံးသာရွှင်မှု ပျက်စီးသူအား ဝမ်းမြောက်

http://www.dhammadownload.com



မှုသည် အကြောင်းချိုတဲ့၏။ပ။ လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသော ဉာဏ်အမြင်သည် အကြောင်းချိုတဲ့၏။

ငါ့သျှင်တို့ သီလရှိသူ သီလနှင့် ပြည့်စုံသူအား နှလုံးသာ ရွှင်မှုသည် အကြောင်း ပြည့်စုံ၏၊ နှလုံးသာရွှင်မှု ရှိလတ်သော် နှလုံးသာရွှင်မှုနှင့် ပြည့်စုံသူအား ဝမ်းမြောက်မှုသည် အကြောင်း ပြည့်စုံ၏၊ ဝမ်းမြောက်မှု ရှိလတ်သော် ဝမ်းမြောက်မှုနှင့် ပြည့်စုံသူအား နှစ်သက်မှုသည် အကြောင်းပြည့်စုံ၏၊ နှစ်သက်မှု ရှိလတ်သော် နှစ်သက်မှုနှင့် ပြည့်စုံသူအား ငြိမ်းအေးမှုသည် အကြောင်း ပြည့်စုံ၏၊ ငြိမ်းအေးမှု ရှိလတ်သော် ငြိမ်းအေးမှုနှင့် ပြည့်စုံသူအား ချမ်းသာမှုသည် အကြောင်း ပြည့်စုံ၏၊ ချမ်းသာမှု ရှိလတ်သော် ချမ်းသာမှုနှင့် ပြည့်စုံသူအား ကောင်းသော တည်ကြည်မှုသည် အကြောင်းပြည့်စုံ၏၊ ကောင်းသော တည်ကြည်မှု ရှိလတ်သော် ကောင်းသော တည်ကြည်မှုနှင့် ပြည့်စုံသူအား ဟုတ်တိုင်းမှန်စွာ သိမြင်မှုသည် အကြောင်းပြည့်စုံ၏၊ ဟုတ်တိုင်းမှန်စွာ သိမြင်မှု ရှိလတ်သော် ဟုတ်တိုင်းမှန်စွာ သိမြင်မှုနှင့် ပြည့်စုံသူအား ငြီးငွေ့မှုသည် အကြောင်းပြည့်စုံ၏၊ ငြီးငွေ့မှုရှိလတ်သော် ငြီးငွေ့မှုနှင့် ပြည့်စုံသူအား တပ်စွန်းခြင်းကင်းမှုသည် အကြောင်းပြည့်စုံ၏၊ တပ်စွန်းခြင်းကင်းမှု ရှိလတ်သော် တပ်စွန်းခြင်းကင်းမှုနှင့် ပြည့်စုံသူအား လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသော ဉာဏ်အမြင်သည် အကြောင်း ပြည့်စုံ၏။

ငါ့သျှင်တို့ အခက် အရွက်နှင့်ပြည့်စုံသော သစ်ပင်အား အပွေးသည်လည်း ပြည့်စုံခြင်းသို့ ရောက်သကဲ့သို့ အခေါက်သည်လည်း။ အကာသည်လည်း။ အနှစ်သည်လည်း ပြည့်စုံခြင်းသို့ ရောက်သကဲ့သို့ ငါ့သျှင်တို့ ဤအတူပင် သီလရှိသူ သီလနှင့်ပြည့်စုံသူအား နှလုံးသာရွှင်မှုသည် အကြောင်း ပြည့်စုံ၏၊ နှလုံးသာရွှင်မှု ရှိလတ်သော် နှလုံးသာရွှင်မှုနှင့် ပြည့်စုံသူအား ဝမ်းမြောက်မှုသည် အကြောင်းပြည့်စုံ၏။ပ။ လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသော ဉာဏ်အမြင်သည် အကြောင်းပြည့်စုံ၏။ပ။

စတုတ္ထသုတ်။

---

## ၅-တတိယ ဥပနိသာသုတ်

၅။ ထိုအခါ အသျှင်အာနန္ဒာသည် ရဟန်းတို့ကို မိန့်တော်မူ၏။ပ။ငါ့သျှင်တို့ သီလမရှိသူ သီလပျက်စီးသူအား နှလုံးသာရွှင်မှုသည် အကြောင်းချိုတဲ့၏၊ နှလုံးသာရွှင်မှု မရှိလတ်သော် နှလုံးသာရွှင်မှုပျက်စီးသူအား ဝမ်းမြောက်မှုသည် အကြောင်း ချိုတဲ့၏၊ ဝမ်းမြောက်မှု မရှိလတ်သော် ဝမ်းမြောက်မှုပျက်စီးသူအား နှစ်သက်မှုသည် အကြောင်းချိုတဲ့၏၊နှစ်သက်မှုမရှိလတ်သော် နှစ်သက်မှု ပျက်စီးသူအား ငြိမ်းအေးမှုသည် အကြောင်း ချိုတဲ့၏၊ ငြိမ်းအေးမှု မရှိလတ်သော် ငြိမ်းအေးမှု ပျက်စီးသူအား ချမ်းသာမှုသည် အကြောင်း ချိုတဲ့၏၊ ချမ်းသာမှု မရှိလတ်သော် ချမ်းသာမှု ပျက်စီးသူအား ကောင်းသော တည်ကြည်မှုသည် အကြောင်းချိုတဲ့၏၊ ကောင်းသော တည်ကြည်မှု မရှိလတ်သော် ကောင်းသော တည်ကြည်မှု ပျက်စီးသူအား ဟုတ်တိုင်းမှန်စွာ သိမြင်မှုသည် အကြောင်း ချိုတဲ့၏၊ ဟုတ်တိုင်းမှန်စွာ သိမြင်မှု မရှိလတ်သော် ဟုတ်တိုင်းမှန်စွာ သိမြင်မှု ပျက်စီးသူအား ငြီးငွေ့မှုသည် အကြောင်း ချိုတဲ့၏၊ ငြီးငွေ့မှု မရှိလတ်သော် ငြီးငွေ့မှု ပျက်စီးသူအား တပ်စွန်းခြင်း ကင်းမှုသည် အကြောင်း ချိုတဲ့၏၊ တပ်စွန်းခြင်း ကင်းမှု မရှိလတ်သော်

http://www.dhammadownload.com



တပ်စွန်းခြင်း ကင်းမှု ပျက်စီးသူအား လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကိုသိသော ဉာဏ်အမြင်သည် အကြောင်း ချို့တဲ့၏။

ငါ့ချင်တို့ အခက် အရွက်ပျက်စီးသော သစ်ပင်အား အပွေးသည်လည်း ပြည့်စုံခြင်းသို့ မရောက်သကဲ့သို့ အခေါက်သည်လည်း။ အကာသည်လည်း။ အနှစ်သည်လည်း ပြည့်စုံခြင်းသို့ မရောက်သကဲ့သို့ ငါ့ချင်တို့ ဤအတူပင် သီလ မရှိသူ သီလပျက်စီးသူအား နှလုံးသာ ရွှင်မှုသည် အကြောင်းချို့တဲ့၏၊ နှလုံးသာ ရွှင်မှု မရှိလတ်သော် နှလုံးသာ ရွှင်မှု ပျက်စီးသူအား ဝမ်းမြောက်မှု သည် အကြောင်းချို့တဲ့၏။ပ။ လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကိုသိသော ဉာဏ်အမြင်သည် အကြောင်းချို့တဲ့၏။

ငါ့ချင်တို့ သီလရှိသူ သီလနှင့်ပြည့်စုံသူအား နှလုံးသာ ရွှင်မှုသည် အကြောင်းပြည့်စုံ၏၊ နှလုံးသာ ရွှင်မှုရှိလတ်သော် နှလုံးသာ ရွှင်မှုနှင့် ပြည့်စုံသူအား ဝမ်းမြောက်မှုသည် အကြောင်း ပြည့်စုံ၏၊ ဝမ်းမြောက်မှု ရှိလတ်သော် ဝမ်းမြောက်မှုနှင့် ပြည့်စုံသူအား နှစ်သက်မှုသည် အကြောင်း ပြည့်စုံ၏၊ နှစ်သက်မှု ရှိလတ်သော် နှစ်သက်မှုနှင့် ပြည့်စုံသူအား ငြိမ်းအေးမှုသည် အကြောင်း ပြည့်စုံ၏၊ ငြိမ်းအေးမှု ရှိလတ်သော် ငြိမ်းအေးမှုနှင့် ပြည့်စုံသူအား ချမ်းသာမှုသည် အကြောင်းပြည့်စုံ၏၊ ချမ်းသာမှု ရှိလတ်သော် ချမ်းသာမှုနှင့် ပြည့်စုံသူအား ကောင်းသောတည် ကြည်မှုသည် အကြောင်းပြည့်စုံ၏၊ ကောင်းသောတည်ကြည်မှုရှိလတ်သော် ကောင်းသောတည် ကြည်မှုနှင့် ပြည့်စုံသူအား ဟုတ်တိုင်းမှန်စွာ သိမြင်မှုသည် အကြောင်းပြည့်စုံ၏၊ ဟုတ်တိုင်း မှန်စွာသိမြင်မှုရှိလတ်သော် ဟုတ်တိုင်းမှန်စွာ သိမြင်မှုနှင့်ပြည့်စုံသူအား ငြီးငွေ့မှုသည် အကြောင်း ပြည့်စုံ၏၊ ငြီးငွေ့မှုရှိလတ်သော် ငြီးငွေ့မှုနှင့်ပြည့်စုံသူအား တပ်စွန်းခြင်း ကင်းမှုသည်အကြောင်း ပြည့်စုံ၏၊ တပ်စွန်းခြင်းကင်းမှုရှိလတ်သော် တပ်စွန်းခြင်းကင်းမှုနှင့် ပြည့်စုံသူအား လွတ်မြောက် မှုနှင့် လွတ်မြောက်မှုကိုသိသော ဉာဏ်အမြင်သည် အကြောင်းပြည့်စုံ၏။

ငါ့ချင်တို့ အခက်အရွက်နှင့် ပြည့်စုံသော သစ်ပင်အား အပွေးသည်လည်း ပြည့်စုံခြင်းသို့ ရောက်သကဲ့သို့ အခေါက်သည်လည်း။ အကာသည်လည်း၊ အနှစ်သည်လည်း ပြည့်စုံခြင်းသို့ ရောက်သကဲ့သို့ ငါ့ချင်တို့ ဤအတူပင် သီလရှိသူ သီလနှင့်ပြည့်စုံသူအား နှလုံးသာ ရွှင်မှုသည် အကြောင်း ပြည့်စုံ၏၊နှလုံးသာ ရွှင်မှု ရှိလတ်သော် နှလုံးသာ ရွှင်မှုနှင့်ပြည့်စုံသူအား ဝမ်းမြောက်မှု သည် အကြောင်းပြည့်စုံ၏။ပ။ လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကိုသိသော ဉာဏ်အမြင်သည် အကြောင်းပြည့်စုံ၏ဟု (မိန့်ဆို၏)။

ပဉ္စမသုတ်။

---

## ၆-ဗျသနသုတ်

၆။ (ရဟန်းတို့ သီတင်းသုံးဖော်တို့အား ဆဲရေးတတ်သူ ရေရွတ်တတ်သူ အရိယာတို့အား စွပ်စွဲတတ်သူ ရဟန်းသည် တဆယ့်တမျိုးသော ပျက်စီးခြင်းတို့တွင် တမျိုးမျိုးသော ပျက်စီး ခြင်းသို့ ရောက်ရသော အကြောင်းအခွင့် ရှိသည်သာတည်း။ အဘယ် တဆယ့်တမျိုးတို့နည်း ဟူမူ—မရသေးသည့် ကျေးဇူးတရားကို မရ၊ ရပြီးကျေးဇူးတရားမှ ယုတ်လျော့၏၊ ထိုရဟန်း၏ သူတော်ကောင်းတရားတို့သည် မဖြူစင်ကုန်၊ သူတော်ကောင်းတရားတို့၌ သော်လည်း အထင်

http://www.dhammadownload.com



ကြီးသူဖြစ်၏၊ မမွေ့လျော်ပဲသော်လည်း မြတ်သော အကျင့်ကို ကျင့်သုံးရ၏၊ ညစ်နွမ်းသော အာပတ်တမျိုးမျိုးသို့သော်လည်း ရောက်ရ၏၊ သိက္ခာချ၍သော်လည်း လူထွက်ရ၏၊ ပြင်းပြသော ဆေးကုခက်သော ရောဂါ နာကျင်မှုကိုသော်လည်း တွေ့ထိရ၏၊ ရူးသွပ်ခြင်း စိတ်ပျံ့လွင့်ခြင်းသို့သော်လည်း ရောက်ရ၏၊ တွေတွေဝေဝေ ကွယ်လွန်ရ၏၊ ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ နောက်၌ မကောင်းသော လားရာ ဖရိုဖရဲပျက်စီး၍ ကျရောက်ရာ အပါယ်ငရဲ၌ဖြစ်ရ၏။ ရဟန်းတို့ သီတင်းသုံးဖော်တို့အား ဆဲရေးတတ်သူ ရေရွတ်တတ်သူ အရိယာတို့အား စွပ်စွဲတတ်သူ ထိုရဟန်းသည် ဤတဆယ့်ဘမျိုးသော ပျက်စီးခြင်းတို့တွင် တမျိုးမျိုးသော ပျက်စီးခြင်းသို့ ရောက်ရာသော အကြောင်းအခွင့် ရှိသည်သာတည်း။)[1]

ရဟန်းတို့ သီတင်းသုံးဖော်တို့အား ဆဲရေးတတ်သူ ရေရွတ်တတ်သူ အရိယာတို့အား စွပ်စွဲတတ်သူရဟန်းသည် တဆယ့်တမျိုးသော ပျက်စီးခြင်းတို့တွင် တမျိုးမျိုးသော ပျက်စီးခြင်းသို့ မရောက်ရာသောအကြောင်းအခွင့် မရှိသည်သာတည်း။ အဘယ် တဆယ့်တမျိုးတို့နည်းဟူမူ—မရသေးသည့် ကျေးဇူးတရားကို မရ၊ ရပြီး ကျေးဇူးတရားမှ ယုတ်လျော့၏၊ ထိုရဟန်း၏ သူတော်ကောင်းတရားတို့သည် မဖြူစင်ကုန်၊ သူတော်ကောင်း တရားတို့၌ သော်လည်း အထင်ကြီးသူဖြစ်၏၊ မမွေ့လျော်ပဲသော်လည်း မြတ်သော အကျင့်ကို ကျင့်သုံးရ၏၊ ညစ်နွမ်းသော အာပတ်တမျိုးမျိုးသို့သော်လည်း ရောက်ရ၏၊ သိက္ခာချ၍သော်လည်း လူထွက်ရ၏၊ ပြင်းပြသော ဆေးကုခက်သော ရောဂါ နာကျင်မှုကို သော်လည်း တွေ့ထိရ၏၊ ရူးသွပ်ခြင်း စိတ်ပျံ့လွင့်ခြင်းသို့သော်လည်း ရောက်ရ၏၊တွေတွေဝေဝေ ကွယ်လွန်ရ၏၊ ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှ နောက်၌ မကောင်းသော လားရာ ဖရိုဖရဲပျက်စီး၍ ကျရောက်ရာ အပါယ်ငရဲ၌ ဖြစ်ရ၏။ ရဟန်းတို့ သီတင်းသုံးဖော်တို့အား ဆဲရေးတတ်သူ ရေရွတ်တတ်သူ အရိယာတို့အား စွပ်စွဲတတ်သူ ရဟန်းသည် ဤတဆယ့်တမျိုးသော ပျက်စီးခြင်းတို့တွင် တမျိုးမျိုးသော ပျက်စီးခြင်းသို့ မရောက်ရာသော အကြောင်းအခွင့် မရှိသည်သာတည်း ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ပဌမ သညာသုတ်

၇။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—အသျှင်ဘုရား ရဟန်းတို့အား မြေ၌မြေဟု အမှတ်ရှိသူ မဖြစ်ရာ၊ရေ၌ရေဟု အမှတ်ရှိသူမဖြစ်ရာ၊ မီး၌မီးဟု အမှတ်ရှိသူမဖြစ်ရာ၊ လေ၌ လေဟု အမှတ်ရှိသူ မဖြစ်ရာ၊ အဆုံးမရှိသော ကောင်းကင်တည်ရာ၌ အဆုံးမရှိသော ကောင်းကင်တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ အဆုံးမရှိသော ဝိညာဏ်တည်ရာ၌ အဆုံးမရှိသော ဝိညာဏ်တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ တစုံတခုမျှမရှိဟူသောတည်ရာ၌ တစုံတခုမျှ မရှိဟူသောတည်ရာဟု အမှတ်ရှိသူမဖြစ်ရာ၊ သညာရှိသည်လည်းမဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာ၌ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ ဤလောက၌ ဤလောကဟု အမှတ်ရှိသူ မဖြစ်ရာ၊ တပါးသောလောက၌ တပါးသောလောကဟု အမှတ်ရှိသူ

၁။ ဤကွင်းအတွင်းရှိ သုတ်သည် သီဟိုဠ်မူ ယိုးဒယားမူ-ကမ္ဘောဇီးယားမူ အင်္ဂလိပ်မူတို့၌ မရှိ။

http://www.dhammadownload.com



မဖြစ်ရာ၊ မြင်အပ် ကြားအပ် တွေ့အပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံတို့၌လည်း အမှတ်ရှိသူ မဖြစ်ရာ၊(သို့ပင်ဖြစ်သော်လည်း) သညာရှိသူကား ဖြစ်ရာ၏ဟူသော သဘောရှိသည့် တည်ကြည်မှုကို ရခြင်းသည် ဖြစ်နိုင်ရာပါသလောဟု လျှောက်၏။

အာနန္ဒာ ရဟန်းအား မြေ၌ မြေဟု အမှတ်ရှိသူ မဖြစ်ရာ၊ရေ၌ ရေဟု အမှတ်ရှိသူ မဖြစ်ရာ၊ မီး၌ မီးဟု အမှတ်ရှိသူမဖြစ်ရာ၊ လေ၌ လေဟု အမှတ်ရှိသူ မဖြစ်ရာ၊ အဆုံးမရှိသော ကောင်းကင် တည်ရာ၌ အဆုံးမရှိသော ကောင်းကင်တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ အဆုံးမရှိသော ဝိညာဏ် တည်ရာ၌ အဆုံးမရှိသော ဝိညာဏ် တည်ရာဟု အမှတ်ရှိသူမဖြစ်ရာ၊ တစုံတခုမျှ မရှိဟူသော တည်ရာ၌ တစုံတခုမျှ မရှိဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာ၌ သညာရှိသည်လည်း မဟုတ် သညာမရှိသည် လည်းမဟုတ်ဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ ဤလောက၌ ဤလောကဟု အမှတ်ရှိသူ မဖြစ်ရာ၊ တပါးသောလောက၌ တပါးသောလောကဟု အမှတ်ရှိသူ မဖြစ်ရာ၊ မြင်အပ် ကြားအပ် တွေ့အပ်သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံတို့၌လည်း အမှတ်ရှိသူ မဖြစ်ရာ၊ (သို့ပင်ဖြစ်သော်လည်း) သညာရှိသူကား ဖြစ်ရာ၏ ဟူသော သဘောရှိသည့် တည်ကြည်မှုကို ရခြင်းသည် ဖြစ်နိုင်ရာ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ရဟန်းအား မြေ၌မြေဟု အမှတ်ရှိသူမဖြစ်ရာ၊ ရေ၌ရေဟု အမှတ်ရှိသူ မဖြစ်ရာ၊ မီး၌မီးဟု အမှတ်ရှိသူ မဖြစ်ရာ၊ လေ၌လေဟု အမှတ်ရှိသူ မဖြစ်ရာ၊ အဆုံးမရှိသော ကောင်းကင် တည်ရာ၌ အဆုံးမရှိသော ကောင်းကင်တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ အဆုံးမရှိသော ဝိညာဏ် တည်ရာ၌ အဆုံးမရှိသော ဝိညာဏ်တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ တစုံတခုမျှ မရှိဟူသော တည်ရာ၌ တစုံတခုမျှမရှိဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ သညာရှိသည်လည်းမဟုတ် သညာမရှိသည်လည်းမဟုတ် ဟူသော တည်ရာ၌ သညာရှိသည်လည်းမဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ဤလောက၌ ဤလောကဟု အမှတ်ရှိသူ မဖြစ်ရာ၊ တပါးသောလောက၌ တပါးသော လောကဟု အမှတ်ရှိသူ မဖြစ်ရာ၊ မြင်အပ် ကြားအပ် တွေ့အပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံတို့၌လည်း အမှတ်ရှိသူ မဖြစ်ရာ၊ (သို့ပင်ဖြစ်သော်လည်း) သညာရှိသူကား ဖြစ်ရာ၏ဟူသော သဘောရှိသည့် တည်ကြည်မှုကို ရခြင်းသည် အဘယ်သို့လျှင် ဖြစ်နိုင်ရာပါသလောဟု (လျှောက်၏)။

အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည်"သင်္ခါရ အားလုံးငြိမ်းရာ ဥပဓိ အားလုံးကို စွန့်ရာ တဏှာကုန်ရာ တပ်စွန်းမှုကင်းရာ ချုပ်ရာဖြစ်သော နိဗ္ဗာန်သည် ငြိမ်သက်၏၊ နိဗ္ဗာန်သည် မွန်မြတ်၏"ဟု အမှတ်ရှိသူဖြစ်၏။ အာနန္ဒာ ဤသို့လျှင် ရဟန်းအား မြေ၌ မြေဟု အမှတ်ရှိသူ မဖြစ်ရာ၊ရေ၌ရေဟု အမှတ်ရှိသူ မဖြစ်ရာ၊မီး၌မီးဟု အမှတ်ရှိသူ မဖြစ်ရာ၊ လေ၌ လေဟု အမှတ်ရှိသူ မဖြစ်ရာ၊အဆုံးမရှိသော ကောင်းကင်တည်ရာ၌ အဆုံးမရှိသော ကောင်းကင်တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊အဆုံးမရှိသော ဝိညာဏ်တည်ရာ၌အဆုံးမရှိသော ဝိညာဏ်တည်ရာဟုအမှတ်ရှိသူ မဖြစ်ရာ၊ တစုံတခုမျှ မရှိဟူသော တည်ရာ၌ တစုံတခုမျှမရှိဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ သညာ ရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာ၌ သညာရှိသည်လည်းမဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ဤလောက၌ ဤလောကဟု အမှတ်ရှိသူ မဖြစ်ရာ၊ တပါးသောလောက၌ တပါးသော လောကဟု အမှတ်ရှိသူ မဖြစ်ရာ၊ မြင်အပ် ကြားအပ် တွေ့အပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံတို့၌လည်း

http://www.dhammadownload.com



အမှတ်ရှိသူ မဖြစ်ရာ၊ (သို့ပင်ဖြစ်သော်လည်း)သညာရှိသူကား ဖြစ်ရာ၏ ဟူသော သဘောရှိသည့် တည်ကြည်မှုကို ရခြင်းသည် ဖြစ်နိုင်ရာ၏ဟု(မိန့်တော်မူ၏)။

ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား ဟောကြားအပ်သော စကားကို နှစ်သက် ဝမ်းမြောက်၍ နေရာမှ ထကာ မြတ်စွာဘုရားအား ရှိခိုး၍ အရိုအသေ ပြုပြီးလျှင် အသျှင် သာရိပုတြာ အထံသို့ ချဉ်းကပ်၍ အသျှင်သာရိပုတြာနှင့် အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေ၍ တခုသော နေရာ၌ ထိုင်နေလျက် အသျှင်သာရိပုတြာအား— ငါ့သျှင်သာရိပုတြာ ရဟန်းအား မြေ၌ မြေဟု အမှတ်ရှိသူ မဖြစ်ရာ။ပ။ မြင်အပ် ကြားအပ် တွေ့အပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံတို့၌လည်း အမှတ်ရှိသူ မဖြစ်ရာ၊ (သို့ပင်ဖြစ်သော်လည်း) သညာရှိသူကား ဖြစ်ရာ၏ဟူသော သဘောရှိသည့် တည်ကြည်မှု ကို ရခြင်းသည် ဖြစ်နိုင်ရာပါသလောဟု လျှောက်၏။ ငါ့သျှင်အာနန္ဒာ ရဟန်းအား မြေ၌ မြေဟု အမှတ်ရှိသူ မဖြစ်ရာ။ပ။ မြင်အပ် ကြားအပ် တွေ့အပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံတို့၌လည်း အမှတ်ရှိသူ မဖြစ်ရာ၊ (သို့ပင်ဖြစ်သော်လည်း) သညာရှိသူကား ဖြစ်ရာ၏ဟူသော သဘောရှိသည့် တည်ကြည်မှုကို ရခြင်းသည် ဖြစ်နိုင်ရာ၏ ဟု (ဆို၏)။ ငါ့သျှင် သာရိပုတြာ ရဟန်းအား မြေ၌မြေဟု အမှတ်ရှိသူ မဖြစ်ရာ။ပ။မြင်အပ် တွေ့အပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံတို့၌လည်း အမှတ်ရှိသူမဖြစ်ရာ၊(သို့ပင်ဖြစ်သော်လည်း) သညာရှိသူကား ဖြစ်ရာ၏ဟူသော သဘောရှိသည့် တည်ကြည်မှုကိုရခြင်းသည် အဘယ်သို့လျှင် ဖြစ်နိုင်ရာပါသနည်းဟု(လျှောက်၏)။ ငါ့သျှင်အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် "သင်္ခါရ အားလုံး ငြိမ်းရာ ဥပဓိအားလုံးကို စွန့်ရာ တဏှာကုန်ရာ တပ်စွန်းမှု ကင်းရာ ချုပ်ရာဖြစ်သော နိဗ္ဗာန်သည် ငြိမ်သက်၏၊နိဗ္ဗာန်သည် မွန်မြတ်၏"ဟု အမှတ်ရှိသူ ဖြစ်၏။ငါ့သျှင်အာနန္ဒာ ဤသို့လျှင် ရဟန်းအား မြေ၌ မြေဟု အမှတ်ရှိသူ မဖြစ်ရာ။ပ။ မြင်အပ် ကြားအပ် တွေ့အပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံတို့၌လည်း အမှတ်မရှိသူ မဖြစ်ရာ၊ (သို့ပင် ဖြစ်သော်လည်း) သညာရှိသူကား ဖြစ်ရာ၏ ဟူသော သဘောရှိသည့် တည်ကြည်မှုကို ရခြင်းသည် ဖြစ်နိုင်ရာပါ၏ဟု (မိန့်ဆို၏)။

ငါ့သျှင် အံ့ဖွယ် ရှိပေစွ၊ ငါ့သျှင် မဖြစ်ဘူးမြဲ ဖြစ်ပေစွ၊ မြတ်သော နိဗ္ဗာန်၌ ဆရာနှင့် တပည့်၏ အနက်ချင်း သဒ္ဒါချင်း စပ်မိပေစွတကား ညီညွတ်ပေစွတကား၊ မဆန့်ကျင် ပေစွတကား၊ ငါ့သျှင် ငါသည် ယခုပင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ဤအနက်ကို မေး လျှောက်ခဲ့ပြီ၊ မြတ်စွာဘုရားကလည်း အသျှင်သာရိပုတြာကဲ့သို့ပင် ငါ့အား ထိုအက္ခရာ ထိုပုဒ် ထိုသဒ္ဒါတို့ဖြင့် ထိုအနက်ကို ဖြေတော်မူ၏။

ငါ့သျှင် အံ့ဖွယ် ရှိပေစွ၊ ငါ့သျှင် မဖြစ်ဘူးမြဲ ဖြစ်ပေစွ၊ မြတ်သော နိဗ္ဗာန်၌ ဆရာနှင့် တပည့်၏ အနက်ချင်း သဒ္ဒါချင်း စပ်မိပေစွ တကား၊ ညီညွတ်ပေစွ တကား၊ မဆန့်ကျင်ပေစွ တကား ဟု (ဆို၏)။

သတ္တမသုတ်၊

## ၈-မနသိကာရသုတ်

၈။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—အသျှင်ဘုရား ရဟန်းအား မျက်စိကို နှလုံးမသွင်းရာ၊

http://www.dhammadownload.com



အဆင်းကို နှလုံး မသွင်းရာ၊ နားကို နှလုံးမသွင်းရာ၊ အသံကို နှလုံး မသွင်းရာ၊ နှာခေါင်းကို နှလုံး မသွင်းရာ၊ အနံ့ကို နှလုံး မသွင်းရာ၊ လျှာကို နှလုံး မသွင်းရာ၊ အရသာကို နှလုံး မသွင်းရာ၊ ကိုယ်ကို နှလုံး မသွင်းရာ၊ အတွေ့ကို နှလုံး မသွင်းရာ၊ မြေကို နှလုံး မသွင်းရာ၊ ရေကို နှလုံး မသွင်းရာ၊ မီးကို နှလုံး မသွင်းရာ၊ လေကို နှလုံး မသွင်းရာ၊ အဆုံးမရှိသော ကောင်းကင်ဟူသော တည်ရာ 'အာကာသာနဉ္စာယတနစျာန်'ကို နှလုံး မသွင်းရာ၊ အဆုံးမရှိသော ဝိညာဏ်၏ တည်ရာ 'ဝိညာဏဉ္စာယတနစျာန်'ကို နှလုံးမသွင်းရာ၊တစုံတခုမျှမရှိ ဟူသောဘည်ရာ အာကိဉ္စညာယတန စျာန်ကို နှလုံး မသွင်းရာ၊ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်လည်းမဟုတ်ဟူသော တည်ရာ 'နေဝသညာနာသညာယတနစျာန်ကို နှလုံး မသွင်းရာ၊ ဤလောကကို နှလုံး မသွင်းရာ၊ တပါးသောလောကကို နှလုံးမသွင်းရာ၊ မြင်အပ် ကြားအပ် တွေ့အပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံကိုလည်း နှလုံး မသွင်းရာ၊ စိတ်၌သော်ကား နှလုံးသွင်းရာ၏ ဟူသော သဘောရှိသည့် တည်ကြည်မှုကို ရခြင်းသည်ဖြစ်နိုင်ရာ ပါသလောဟု လျှောက်၏။

အာနန္ဒာ ရဟန်းအား မျက်စိကို နှလုံး မသွင်းရာ၊ အဆင်းကို နှလုံး မသွင်းရာ၊ နားကို နှလုံး မသွင်းရာ၊ အသံကို နှလုံး မသွင်းရာ၊ နှာခေါင်းကို နှလုံး မသွင်းရာ၊ အနံ့ကို နှလုံးမသွင်းရာ၊ လျှာကို နှလုံး မသွင်းရာ၊ အရသာကို နှလုံး မသွင်းရာ၊ ကိုယ်ကို နှလုံး မသွင်းရာ၊ အတွေ့ကို နှလုံး မသွင်းရာ၊ မြေကို နှလုံး မသွင်းရာ၊ ရေကို နှလုံး မသွင်းရာ၊ မီးကို နှလုံး မသွင်းရာ၊ လေကို နှလုံး မသွင်းရာ၊ အဆုံးမရှိသော ကောင်းကင်ဟူသော တည်ရာ 'အာကာသာနဉ္စာယတနစျာန်' ကို နှလုံး မသွင်းရာ၊ အဆုံးမရှိသော ဝိညာဏ်၏ တည်ရာ 'ဝိညာဏဉ္စာယတနစျာန်' ကို နှလုံး မသွင်းရာ၊ တစုံတခုမျှမရှိဟူသော တည်ရာ 'အာကိဉ္စညာယတနစျာန်' ကို နှလုံး မသွင်းရာ၊ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာ 'နေဝသညာနာသညာယတနစျာန်' ကို နှလုံး မသွင်းရာ၊ ဤလောကကို နှလုံး မသွင်းရာ၊ တပါးသော လောကကို နှလုံး မသွင်းရာ၊ မြင်အပ် ကြားအပ် တွေ့အပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံကိုလည်း နှလုံး မသွင်းရာ၊ စိတ်၌သော်ကား နှလုံးသွင်းရာ၏ ဟူသော သဘောရှိသည့် တည်ကြည်မှုကို ရခြင်းသည် ဖြစ်နိုင်ရာ၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ရဟန်းအား မျက်စိကို နှလုံး မသွင်းရာ၊ အဆင်းကို နှလုံး မသွင်းရာ။ပ။ မြင်အပ် ကြားအပ် တွေ့အပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံကိုလည်း နှလုံး မသွင်းရာ၊ စိတ်၌သော်ကား နှလုံးသွင်းရာ၏ ဟူသော သဘောရှိသည့် တည်ကြည်မှုကို ရခြင်းသည် အဘယ်သို့လျှင် ဖြစ်နိုင်ရာပါသနည်း ဟု (လျှောက်၏)။ အာနန္ဒာ ဤလောက၌ ရဟန်းသည် "သင်္ခါရအားလုံး ငြိမ်းရာ ဥပဓိအားလုံးကို စွန့်ရာ တဏှာကုန်ရာ တပ်စွန်းမှု ကင်းရာ ချုပ်ရာဖြစ်သော နိဗ္ဗာန်တရားသည် ငြိမ်သက်၏၊ နိဗ္ဗာန်တရားသည် မွန်မြတ်၏" ဟု ဤသို့ နှလုံးသွင်းသူ ဖြစ်၏။ အာနန္ဒာ ဤသို့လျှင် ရဟန်းအား မျက်စိကို နှလုံး မသွင်းရာ၊ အဆင်းကို နှလုံး မသွင်းရာ။ပ။ မြင်အပ် ကြားအပ် တွေ့အပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံကိုလည်း နှလုံး မသွင်းရာ၊ စိတ်၌သော်ကား နှလုံးသွင်းရာ၏ ဟူသော သဘောရှိသည့် တည်ကြည်မှုကို ရခြင်းသည် ဖြစ်နိုင်ရာ၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

http://www.dhammadownload.com



## ၉-သဒ္ဓသုတ်

၉။ အခါတပါး၌ မြတ်စွာဘုရားသည် နာတိကရွာ အုတ်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏။ ထိုအခါ အသျှင်သဒ္ဓသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားအား ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော အသျှင်သဒ္ဓအား မြတ်စွာဘုရားသည်—သဒ္ဓ အာဇာနည်မြင်း၏ စဉ်းစားမှုမျိုးကို စဉ်းစားလော့၊ မြင်းယုတ်၏ စဉ်းစားမှုမျိုးကို မစဉ်းစားလင့်၊ မြင်းယုတ်၏ စဉ်းစားမှုဟူသည် အဘယ်နည်း။ သဒ္ဓ စားကျင်း၌ ချည်ထားသော မြင်းယုတ်သည် "မြက် မြက်" ဟု စဉ်းစား၏။ ထိုသို့ စဉ်းစားခြင်းသည် အဘယ့်ကြောင့်နည်း။ သဒ္ဓ စားကျင်း၌ ချည်ထားသော ထိုမြင်းယုတ်အား "ယနေ့ ငါ့အား မြင်းထိန်းသည် အဘယ်ပြုဖွယ်မျိုးကို ပြုလုပ်စေလိမ့်မည်နည်း၊ ငါသည် ထိုမြင်းထိန်းအား အဘယ် ပြုဖွယ်မျိုးကို အတုံ့အပြန်ပြုရမည်နည်း"ဟု ဤသို့ အကြံ မဖြစ်သောကြောင့်တည်း။ စားကျင်း၌ ချည်ထားသော ထိုမြင်းယုတ်သည် "မြက် မြက်" ဟုသာ စဉ်းစား၏။

သဒ္ဓ ဤအတူပင် ဤလောက၌ ယောကျ်ားယုတ်သည် တောသို့ ကပ်ရောက်သော်၎င်း သစ်ပင်ရင်းသို့ ကပ်ရောက်သော်၎င်း ဆိတ်ငြိမ်ရာသို့ ကပ်ရောက်သော်၎င်း ကာမရာဂလွှမ်းမိုးသော ကာမရာဂနှိပ်စက်သော စိတ်ဖြင့် နေ၏၊ ဖြစ်ပေါ်လာသော ကာမရာဂ၏ ထွက်မြောက်ကြောင်းကို ဟုတ်တိုင်းမှန်စွာ မသိ။ ထိုသူသည် ကာမရာဂကိုသာလျှင် အတွင်းပြု၍ စဉ်းစား၏၊ အထွေထွေ စဉ်းစား၏၊ အမြဲ စဉ်းစား၏၊ စူးစူးစိုက်စိုက် စဉ်းစား၏။ ဖျက်ဆီးလိုမှု လွှမ်းမိုးသော စိတ်ဖြင့် နေ၏။ ထိုင်းမှိုင်းမှု လွှမ်းမိုးသော စိတ်ဖြင့် နေ၏။ ပျံ့လွင့်မှု နောင်တ တဖန် ပူပန်မှု လွှမ်းမိုးသော စိတ်ဖြင့် နေ၏။ ယုံမှားမှု လွှမ်းမိုးသော ယုံမှားမှုနှိပ်စက်သော စိတ်ဖြင့် နေ၏။ ဖြစ်ပေါ်လာသော ယုံမှာ မှု၏ ထွက်မြောက်ကြောင်းကို ဟုတ်တိုင်းမှန်စွာ မသိ။ထိုသူသည် ယုံမှားမှုကိုသာလျှင် အတွင်းပြု၍ စဉ်းစား၏၊ အထွေထွေစဉ်းစား၏၊ အမြဲစဉ်းစား၏၊ စူးစူးစိုက်စိုက် စဉ်းစား၏။ထိုသူသည် မြေကိုလည်း မှီ၍ စဉ်းစား၏၊ရေကိုလည်း မှီ၍ စဉ်းစား၏၊မီးကိုလည်း မှီ၍ စဉ်းစား၏၊ လေကိုလည်း မှီ၍ စဉ်းစား၏၊ အဆုံးမရှိသော ကောင်းကင်ဟူသော တည်ရာ အာကာသာနဉ္စာယတနစျာန်' ကိုလည်း မှီ၍ စဉ်းစား၏၊ အဆုံးမရှိသော ဝိညာဏ်၏ တည်ရာ 'ဝိညာဏဉ္စာယတနစျာန်' ကိုလည်း မှီ၍ စဉ်းစား၏၊ တစုံတခုမျှ မရှိဟူသော တည်ရာ'အာကိဉ္စညာယတနစျာန်' ကိုလည်း မှီ၍ စဉ်းစား၏၊ သညာ ရှိသည်လည်း မဟုတ် သညာ မရှိသည်လည်း မဟုတ်ဟူသော တည်ရာ 'နေဝသညာနာသညာယတနစျာန်' ကိုလည်း မှီ၍ စဉ်းစား၏၊ ဤလောကကိုလည်း မှီ၍ စဉ်းစား၏၊ တပါးသော လောကကိုလည်း မှီ၍ စဉ်းစား၏၊ မြင်အပ် ကြားအပ် တွေ့အပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံကိုလည်း မှီ၍ စဉ်းစား၏။ သဒ္ဓ ဤသို့လျှင် ယောကျ်ားယုတ်၏ စဉ်းစားမှုသည် ဖြစ်၏။

သဒ္ဓ အဘယ်သို့လျှင် အာဇာနည်မြင်း၏ စဉ်းစားမှုသည် ဖြစ်သနည်း။ သဒ္ဓ စားကျင်း၌ ချည်ထားသော အာဇာနည်မြင်းကောင်းသည် "မြက် မြက်" ဟု မစဉ်းစား၊ ထိုသို့ မစဉ်းစားခြင်းသည် အဘယ့်ကြောင့်နည်း။ သဒ္ဓ စားကျင်း၌ ချည်ထားသော အာဇာနည်မြင်းကောင်းအား "ယနေ့ ငါ့အား မြင်းထိန်းသည် အဘယ်ပြုဖွယ်မျိုးကို ပြုလုပ်စေလိမ့်မည်နည်း၊ ငါသည် ထိုမြင်းထိန်းအား အဘယ်ပြုဖွယ်မျိုးကို အတုံ့အပြန်ပြုရမည်နည်း" ဟု ဤသို့ အကြံဖြစ်သောကြောင့်တည်း။ စားကျင်း၌ ချည်ထားသော ထိုအာဇာနည် မြင်းကောင်းသည် "မြက် မြက်"ဟု မစဉ်းစား၊

http://www.dhammadownload.com



သဒ္ဓ အာဇာနည်မြင်းကောင်းသည် မြို့ကြွေးနှင့်တူစွာ အနှောင်အဖွဲ့နှင့်တူစွာ ဆုံးရှုံးမှုနှင့်တူစွာ အပြစ်ကြီးနှင့် တူစွာ နှင်တံ၏ လွှမ်းမိုးကျရောက်ခြင်းကို ကောင်းစွာ ကြည့်ရှု၏။

သဒ္ဓ ဤအတူပင် ဤလောက၌ အာဇာနည်ယောကျ်ားကောင်းသည် တောသို့ ကပ်ရောက် သော်လည်း သစ်ပင်ရင်းသို့ ကပ်ရောက်သော်လည်း ဆိတ်ငြိမ်ရာသို့ ကပ်ရောက်သော်လည်း ကာမရာဂ လွှမ်းမိုးသော ကာမရာဂနှိပ်စက်သော စိတ်ဖြင့် မနေ၊ ဖြစ်ပေါ်လာသော ကာမရာဂ၏ ထွက်မြောက် ကြောင်းကို ဟုတ်တိုင်းမှန်စွာ သိ၏။ ဖျက်ဆီးလိုမှု လွှမ်းမိုးသော စိတ်ဖြင့် မနေ၊ ထိုင်းမှိုင်းမှု လွှမ်းမိုးသော စိတ်ဖြင့် မနေ၊ ပျံ့လွင့်မှု နောင်တ တဖန် ပူပန်မှု လွှမ်းမိုးသော စိတ်ဖြင့်မနေ၊ ယုံမှားမှု လွှမ်းမိုးသော ယုံမှားမှု နှိပ်စက်သော စိတ်ဖြင့်မနေ၊ ဖြစ်ပေါ်လာသော ယုံမှားမှု၏ ထွက်မြောက် ကြောင်းကို ဟုတ်တိုင်းမှန်စွာ သိ၏။ ထိုသူသည် မြေကို မှီ၍ မစဉ်းစား၊ ရေကို မှီ၍ မစဉ်းစား၊ မီးကို မှီ၍ မစဉ်းစား၊ လေကို မှီ၍ မစဉ်းစား၊ အဆုံးမရှိသော ကောင်းကင်ဟူသော တည်ရာ 'အာကာသာနဉ္စာယတနစျာန်'ကို မှီ၍ မစဉ်းစား၊ အဆုံးမရှိသော ဝိညာဏ်၏တည်ရာ 'ဝိညာဏဉ္စာ ယတနစျာန်'ကို မှီ၍ မစဉ်းစား၊ တစုံတခုမျှ မရှိဟူသော တည်ရာ 'အာကိဉ္စညာယတနစျာန်' ကို မှီ၍ မစဉ်းစား၊ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာ 'နေဝ သညာနာသညာယတနစျာန်' ကို မှီ၍ မစဉ်းစား၊ ဤလောကကို မှီ၍ မစဉ်းစား၊ တပါးသော လောကကို မှီ၍ မစဉ်းစား၊ မြင်အပ် ကြားအပ် တွေ့အပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံကိုလည်း မှီ၍ မစဉ်းစား၊ သို့သော်လည်း ဖလသမာပတ်ဖြင့် စဉ်းစားကား စဉ်းစား၏။ သဒ္ဓ ဤသို့ စဉ်းစားလေ့ရှိသော အာဇာနည် ယောကျ်ားကောင်းကို သိကြားနှင့်တကွ ဗြဟ္မာနှင့်တကွ ဗြဟ္မာမင်းကြီးနှင့် တကွသော နတ်တို့သည် အဝေးကပင်—အိုယောကျ်ား အာဇာနည် အသျှင်ဘုရားအား ရှိခိုးပါ၏။ အိုယောကျ်ားမြတ် အသျှင်ဘုရားအား ရှိခိုးပါ၏။ အသျှင်ဘုရားသည် အကြင် တရားကို မှီ၍ စဉ်းစား၏၊ အသျှင်ဘုရား၏ (ထိုတရားကို) အကျွန်ုပ်တို့ မသိကြပါကုန်ဟု ရှိခိုးကြကုန်၏ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူလတ်သော် အသျှင်သဒ္ဓသည် မြတ်စွာဘုရားအား အသျှင်ဘုရား ယောကျ်ား ကောင်းအာဇာနည်သည် အဘယ်သို့ စဉ်းစားလေ့ရှိပါသနည်း၊ ထိုသူသည် မြေကိုမှီ၍ မစဉ်းစား၊ ရေကို မှီ၍ မစဉ်းစား၊ မီးကို မှီ၍ မစဉ်းစား၊ လေကို မှီ၍ မစဉ်းစား၊ အဆုံးမရှိသော ကောင်းကင် ဟူသော တည်ရာ 'အာကာသာနဉ္စာယတနစျာန်'ကို မှီ၍ မစဉ်းစား၊ အဆုံးမရှိသော ဝိညာဏ်၏ တည်ရာ 'ဝိညာဏဉ္စာယတနစျာန်'ကို မှီ၍ မစဉ်းစား၊ တစုံတခုမျှမရှိဟူသော တည်ရာ 'အာကိဉ္စညာ ယတနစျာန်'ကို မှီ၍ မစဉ်းစား၊ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာ 'နေဝသညာနာသညာယတနစျာန်'ကို မှီ၍ မစဉ်းစား၊ ဤလောကကို မှီ၍ မစဉ်းစား၊ တပါးသော လောကကို မှီ၍ မစဉ်းစား၊ မြင်အပ် ကြားအပ် တွေ့အပ် သိအပ် ရောက်အပ် ရှာဖွေ အပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံကို မှီ၍လည်း မစဉ်းစား၊ သို့သော်လည်း ဖလသမာပတ်ဖြင့် စဉ်းစားကား စဉ်းစား၏။ အသျှင်ဘုရား အဘယ်သို့ စဉ်းစားသော အာဇာနည်ယောကျ်ား ကောင်းကို သိကြားနှင့်တကွ ဗြဟ္မာနှင့် တကွ ဗြဟ္မာမင်းကြီးနှင့် တကွသော နတ်တို့သည် အဝေးကပင်—အို ယောကျ်ားအာဇာနည် အသျှင်ဘုရားအား ရှိခိုးပါ၏။ အို ယောကျ်ားမြတ် အသျှင်ဘုရားအား ရှိခိုးပါ၏။ အကြင် တရားကို မှီ၍ စဉ်းစား၏၊ အသျှင်ဘုရား၏ (ထိုတရားကို) အကျွန်ုပ် မသိကြပါကုန်ဟု (ဆို၍) ရှိခိုးကြပါကုန်သနည်းဟု လျှောက်၏။

http://www.dhammadownload.com



သဒ္ဓ ဤလောကၥ် အာဇာနည်ယောကျ်ားကောင်းအား မြေ၌ မြေ ဟူသော အမှတ်သည် ထင်ရှား၏၊ ရေ၌ ရေဟူသော အမှတ်သည် ထင်ရှား၏၊ မီး၌ မီးဟူသော အမှတ်သည် ထင်ရှား၏၊ လေ၌ လေဟူသော အမှတ်သည် ထင်ရှား၏၊ အဆုံးမရှိသော ကောင်းကင်ဟူသော တည်ရာ 'အာကာသာနဉ္စာယတနစျာန်'၌ အဆုံးမရှိသော ကောင်းကင်ဟူသော တည်ရာ 'အာကာသာနဉ္စာယတနစျာန်'ဟူသော အမှတ်သည် ထင်ရှား၏၊ အဆုံးမရှိသော ဝိညာဏ်၏ တည်ရာ 'ဝိညာဏဉ္စာယတနစျာန်'၌ အဆုံးမရှိသော ဝိညာဏ်၏ တည်ရာ 'ဝိညာဏဉ္စာယတနစျာန်' ဟူသော အမှတ်သည် ထင်ရှား၏၊ တစုံတခုမျှ မရှိဟူသော တည်ရာ 'အာကိဉ္စညာယတနစျာန်'၌ တစုံတခုမျှ မရှိဟူသော တည်ရာ 'အာကိဉ္စညာယတနစျာန်' ဟူသော အမှတ်သည် ထင်ရှား၏၊ သညာရှိသည်လည်း မဟုတ် သညာ မရှိသည်လည်း မဟုတ် ဟူသော တည်ရာ 'နေဝသညာနာသညာယတနစျာန်'၌ သညာ ရှိသည်လည်း မဟုတ် သညာ မရှိသည်လည်း မဟုတ်ဟူသော တည်ရာ 'နေဝသညာနာသညာယတနစျာန်' ဟူသော အမှတ်သည် ထင်ရှား၏၊ ဤလောက၌ ဤလောကဟူသော အမှတ်သည် ထင်ရှား၏၊ တပါးသောလောက၌ တပါးသော လောကဟူသော အမှတ်သည် ထင်ရှား၏၊ မြင်အပ် ကြားအပ် တွေ့အပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံ၌လည်း အမှတ်သည် ထင်ရှား၏။ သဒ္ဓ ဤသို့ စဉ်းစားလေ့ရှိသော ယောကျ်ားကောင်းအာဇာနည်သည် မြေကို မှီ၍ မစဉ်းစား။ပ။ မြင်အပ် ကြားအပ် တွေ့အပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံကိုလည်း မှီ၍ မစဉ်းစား၊ သို့သော်လည်း ဖလသမာပတ်ဖြင့် စဉ်းစားကား စဉ်းစား၏။သဒ္ဓ ဤသို့ စဉ်းစားလေ့ရှိသော ယောကျ်ားကောင်းအာဇာနည်ကို သိကြားနှင့် တကွ ပြဟ္မာနှင့်အတူ ပြဟ္မာမင်းကြီးနှင့် တကွသော နတ်တို့သည် အဝေးကပင် အို ယောကျ်ား အာဇာနည် အသျှင်ဘုရားအား ရှိခိုးပါ၏။ အို ယောကျ်ားမြတ် အသျှင်ဘုရားအား ရှိခိုးပါ၏။ အသျှင်ဘုရားသည် အကြင် တရားကို မှီ၍ စဉ်းစား၏၊ အသျှင်ဘုရား၏(ထိုတရားကို)အကျွန်ုပ်တို့ မသိကြပါကုန်ဟု (ဆို၍) ရှိခိုးကုန်၏။

နဝမသုတ်။

---

## ၁၀-မောရနိဝါပသုတ်

၁၀။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဥဒေါင်းတို့အား အစာပေးရာ ပရိဗိုဇ် အရံ၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏။ "အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက် ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် နိဗ္ဗာန်ဟူသော ပြီးဆုံးခြင်း ရှိ၏၊ နိဗ္ဗာန်ဟူသော ယောဂလေးပါးတို့၏ ကုန်ရာ ရှိ၏၊ နိဗ္ဗာန်ဟူသော မြတ်သော အကျင့် ရှိ၏၊ နိဗ္ဗာန်ဟူသော အဆုံး ရှိ၏၊ နတ်လူတို့ထက် မြတ်၏။ အဘယ်သုံးမျိုးတို့နည်း ဟူမူ—ရဟန္တာတို့၏ဥစ္စာဖြစ်သောသီလအစု၊ ရဟန္တာတို့၏ဥစ္စာ ဖြစ်သောသမာဓိအစု၊ ရဟန္တာတို့၏ဥစ္စာဖြစ်သော ပညာအစုတို့တည်း။ ရဟန်းတို့ ဤတရား သုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် နိဗ္ဗာန်ဟူသော ပြီးဆုံးခြင်းရှိ၏၊ နိဗ္ဗာန်ဟူသော ယောဂ လေးပါးတို့၏ ကုန်ရာရှိ၏၊ နိဗ္ဗာန်ဟူသော မြတ်သော အကျင့်ရှိ၏၊ နိဗ္ဗာန်ဟူသော အဆုံးရှိ၏၊ နတ်လူတို့ထက် မြတ်၏။

http://www.dhammadownload.com



ရဟန်းတို့ အခြားသော တရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် နိဗ္ဗာန်ဟူသော ပြီးဆုံးခြင်းရှိ၏၊နိဗ္ဗာန်ဟူသော ယောဂလေးပါးတို့၏ ကုန်ရာရှိ၏၊နိဗ္ဗာန်ဟူသော မြတ်သော အကျင့်ရှိ၏၊ နိဗ္ဗာန်ဟူသော အဆုံးရှိ၏၊နတ်လူတို့ထက် မြတ်၏။အဘယ်သုံးမျိုးတို့နည်း ဟူမူ—တန်ခိုးပြာဋိဟာ 'ဣဒ္ဓိပါဋိဟာရိယ'၊ ရည်ညွှန်းဟောပြောမှု ပြာဋိဟာ 'အာဒေသနာပါဋိဟာရိယ' ဆုံးမမှု ပြာဋိဟာ 'အနုသာသနိပါဋိဟာရိယ'တို့တည်း။ ရဟန်းတို့ ဤတရား သုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် နိဗ္ဗာန်ဟူသော ပြီးဆုံးခြင်း ရှိ၏၊ နိဗ္ဗာန်ဟူသော ယောဂလေးပါးတို့၏ ကုန်ရာရှိ၏၊ နိဗ္ဗာန်ဟူသော မြတ်သော အကျင့် ရှိ၏၊ နိဗ္ဗာန်ဟူသော အဆုံး ရှိ၏၊ နတ်လူတို့ထက် မြတ်၏။

ရဟန်းတို့ အခြားသော တရားသုံးမျိုးတို့နှင့်လည်း ပြည့်စုံသော ရဟန်းသည် နိဗ္ဗာန်ဟူသော ပြီးဆုံးခြင်း ရှိ၏၊ နိဗ္ဗာန်ဟူသော ယောဂလေးပါးတို့၏ ကုန်ရာ ရှိ၏၊ နိဗ္ဗာန်ဟူသော မြတ်သော အကျင့် ရှိ၏၊ နိဗ္ဗာန်ဟူသော အဆုံး ရှိ၏၊ နတ်လူတို့ထက် မြတ်၏။အဘယ်သုံးမျိုးတို့နည်း ဟူမူ— ကောင်းသော အယူ ကောင်းသော ဉာဏ် ကောင်းသော လွတ်မြောက်မှု'အရဟတ္တဖိုလ်'တို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် နိဗ္ဗာန်ဟူသော ပြီးဆုံးခြင်း ရှိ၏၊ နိဗ္ဗာန်ဟူသော ယောဂ လေးပါးတို့၏ ကုန်ရာ ရှိ၏၊ နိဗ္ဗာန်ဟူသော မြတ်သော အကျင့် ရှိ၏၊ နိဗ္ဗာန်ဟူသော အဆုံးရှိ၏၊ နတ်လူတို့ထက် မြတ်၏။

ရဟန်းတို့ တရားနှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် နိဗ္ဗာန်ဟူသော ပြီးဆုံးခြင်း ရှိ၏၊ နိဗ္ဗာန်ဟူသော ယောဂလေးပါးတို့၏ ကုန်ရာ ရှိ၏၊ နိဗ္ဗာန်ဟူသော မြတ်သော အကျင့် ရှိ၏၊ နိဗ္ဗာန်ဟူသော အဆုံး ရှိ၏၊ နတ်လူတို့ထက် မြတ်၏။ အဘယ် နှစ်မျိုးတို့နည်း ဟူမူ—အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'တို့တည်း။ ရဟန်းတို့ ဤတရား နှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် နိဗ္ဗာန်ဟူသော ပြီးဆုံးခြင်း ရှိ၏၊နိဗ္ဗာန်ဟူသော ယောဂလေးပါးတို့၏ ကုန်ရာ ဖြစ်၏၊နိဗ္ဗာန်ဟူသော မြတ်သော အကျင့် ရှိ၏၊နိဗ္ဗာန်ဟူသော အဆုံးရှိ၏၊ နတ်လူတို့ထက် မြတ်၏။ ရဟန်းတို့ သနင်္ကုမာရ ဗြဟ္မာသည်လည်း—

"လူအပေါင်း၌ အကြင်သူတို့သည် အမျိုးအနွယ်ကို စိစစ်လေ့ရှိကုန်၏၊ (ထိုသူတို့တွင်) မင်းမျိုးသည် မြတ်၏။ နတ်လူ အပေါင်း၌ အကြင်သူသည် အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံ၏၊ ထိုသူသည် မြတ်၏"ဟူသော ထိုသီချင်း (ဂါထာ)ကို သီဆို၏။

ရဟန်းတို့ သနင်္ကုမာရဗြဟ္မာ သီဆိုသော ထိုသီချင်း (ဂါထာ)သည် ကောင်းစွာသီဆိုသော သီချင်း(ဂါထာ)တည်း၊ မကောင်းသဖြင့် သီဆိုသော သီချင်း(ဂါထာ)မဟုတ်၊ အကျိုးနှင့်စပ်၏၊ အကျိုးမဲ့နှင့် မစပ်၊ ငါသည် အသိအမှတ် ပြု၏။

ရဟန်းတို့ ငါသည်လည်း—

"လူအပေါင်း၌ အကြင်သူတို့သည် အမျိုး အနွယ်ကို စိစစ်လေ့ရှိကုန်၏၊ (ထိုသူတို့တွင်) မင်းမျိုးသည် မြတ်၏။ နတ်လူ အပေါင်း၌ အကြင် သူသည် အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံ၏၊ ထိုသူသည် မြတ်၏"ဟု သီဆို၏။

ဒသမသုတ်။

ရှေးဦးစွာသော နိဿယဝင် ပြီး၏။

http://www.dhammadownload.com



## ၂-အနုဿတိဝဂ် ၁-ပဌမ မဟာနာမသုတ်

၁၁။ အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ "သင်္ကန်းချုပ်ဆိုးမှု ပြီးဆုံး၍ သုံးလလွန်မြောက်လျှင် မြတ်စွာဘုရားသည် ဒေသစာရီ ကြွချီတော်မူလိမ့်မည်" ဟု ရဟန်းများစွာတို့သည် မြတ်စွာဘုရား၏သင်္ကန်း ချုပ်ဆိုးခြင်းကိစ္စကို ပြုကုန်၏။ "သင်္ကန်း ချုပ်ဆိုးမှု ပြီးဆုံး၍ သုံးလလွန်မြောက်လျှင် မြတ်စွာဘုရားသည် ဒေသစာရီ ကြွချီတော်မူလိမ့်မည်ဟု ရဟန်းများစွာတို့သည် မြတ်စွာဘုရား၏သင်္ကန်း ချုပ်ဆိုးခြင်းကိစ္စကို ပြုကုန်၏"ဟု သာကီဝင်မဟာနာမ်မင်းသည် ကြားသိသည်သာတည်း။ ထိုအခါ သာကီဝင် မဟာနာမ်မင်းသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား— "အသျှင်ဘုရား သင်္ကန်းချုပ်ဆိုးမှု ပြီးဆုံး၍ သုံးလ လွန်မြောက်လျှင် မြတ်စွာဘုရားသည် ဒေသစာရီ ကြွချီတော်မူလိမ့်မည်ဟု ရဟန်းများစွာတို့သည် မြတ်စွာဘုရား၏သင်္ကန်း ချုပ်ဆိုးခြင်းကိစ္စကို ပြုကြကုန်၏ဟု ဤစကားကို အကျွန်ုပ်ကြားရပါ၏။ အသျှင်ဘုရား အထူးထူးသော နေခြင်းတို့ဖြင့် နေကြရသော ထိုအကျွန်ုပ်တို့သည် အဘယ်နေခြင်းဖြင့် နေကြရပါမည်နည်း"ဟု လျှောက်၏။

မဟာနာမ် ကောင်းပေစွ ကောင်းပေစွ၊ သင်တို့သည် ငါဘုရားသို့ ချဉ်းကပ်၍ "အထူးထူးသော နေခြင်းတို့ဖြင့် နေကြရသော ထိုအကျွန်ုပ်တို့သည် အဘယ်နေခြင်းဖြင့် နေကြရပါမည်နည်း"ဟု မေးလျှောက်သော စကားသည် အမျိုးကောင်းသားဖြစ်ကြသော သင်တို့အား လျှောက်ပတ်သည်သာတည်း။ မဟာနာမ် ယုံကြည်မှုရှိသူသည် (မဂ်ဖိုလ်ကို) ပြီးစေနိုင်၏၊ ယုံကြည်မှု မရှိသူသည် မပြီးစေနိုင်။ ထက်သန်သောလုံ့လရှိသူသည် (မဂ်ဖိုလ်ကို)ပြီးစေနိုင်၏၊ ပျင်းရိသူသည် မပြီးစေနိုင်။ ထင်သောသတိရှိသူသည်(မဂ်ဖိုလ်ကို)ပြီးစေနိုင်၏၊ သတိမေ့လျော့သူသည် မပြီးစေနိုင်။ တည်ကြည်သူသည် (မဂ်ဖိုလ်ကို) ပြီးစေနိုင်၏၊ မတည်ကြည်သူသည် မပြီးစေနိုင်။ ပညာရှိသူသည် (မဂ်ဖိုလ်ကို) ပြီးစေနိုင်၏၊ ပညာမရှိသူသည် မပြီးစေနိုင်။ မဟာနာမ် ဤတရား ငါးမျိုးတို့၌ တည်၍ ထို့ထက်အလွန် တရားခြောက်မျိုးတို့ကို ပွါးများလေလော့။

မဟာနာမ် သင်သည် မြတ်စွာဘုရားကို "ထိုမြတ်စွာဘုရားသည် ဤသို့ ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ သစ္စာလေးပါးကို သိတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု အဖန်ဖန် အောက်မေ့လော့။ မဟာနာမ် အရိယာတပည့်အား မြတ်စွာဘုရားကို အောက်မေ့သောအခါ၌ ရာဂလွှမ်းမိုးသော စိတ်သည် မဖြစ်၊ ဒေါသလွှမ်းမိုးသော စိတ်သည် မဖြစ်၊ မောဟလွှမ်းမိုးသော စိတ်သည် မဖြစ်၊ ထိုအခါ

http://www.dhammadownload.com



ထိုသူအား မြတ်စွာဘုရားကို အာရုံပြု၍ ဖြောင့်မတ်သော စိတ်သာဖြစ်၏။ မဟာနာမ် ဖြောင့်မတ်သော စိတ်ရှိသော အရိယာတပည့်သည် အနက်ကို သိနားလည်မှုရ၏ ပါဠိကို သိနားလည်မှု ရ၏၊ တရားနှင့်စပ်သော ဝမ်းမြောက်မှုကို ရ၏၊ ဝမ်းမြောက်သူအား၊ နှစ်သက်မှုဖြစ်၏၊ နှစ်သက်သော စိတ်ရှိသူအား ကိုယ်သည် ငြိမ်းအေး၏၊ ကိုယ်ငြိမ်းအေးသူသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာသူအား စိတ်သည် တည်ကြည်၏။ မဟာနာမ် ဤအရိယာ တပည့်ကို မညီမညွတ်သော သတ္တဝါအပေါင်း၌ ညီညွတ်ခြင်းသို့ ရောက်၍နေ၏ဟု ဆိုအပ်၏၊ ကြောင့်ကြမှုရှိသော သတ္တဝါအပေါင်း၌ ကြောင့်ကြမရှိပဲနေ၏ဟု ဆိုအပ်၏၊ တရားအလျဉ်သို့ ရောက်၍ မြတ်စွာဘုရား၏ ဂုဏ်တော် အောက်မေ့မှုကို ပွါးများ၏ဟု ဆိုအပ်၏။

မဟာနာမ် **နောက်တမျိုးကား** သင်သည် တရားတော်သည် "မြတ်စွာဘုရား ကောင်းစွာ ဟောထားသော တရားတော်ပါပေတည်း၊ ကိုယ်တိုင်သိမြင်အပ်သော တရားတော်ပါပေတည်း၊ အခါမလင့် အကျိုးပေးသော တရားတော်ပါပေတည်း၊ လာလှည့် ရှုလှည့်ဟု ပြထိုက်သော တရားတော်ပါပေတည်း၊ မိမိကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်သော တရားတော်ပါပေတည်း၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီ ကိုယ်ငှ သိနိုင်သော တရားတော်ပါပေတည်း" ဟု တရားတော်ကို အဖန်ဖန် အောက်မေ့လေလော့။ မဟာနာမ် အရိယာတပည့်အား တရားတော်ကို အောက်မေ့သောအခါ၌ ရာဂလွှမ်းမိုးသောစိတ်သည် မဖြစ်၊ ဒေါသ လွှမ်းမိုးသောစိတ်သည် မဖြစ်၊ မောဟ လွှမ်းမိုးသောစိတ်သည် မဖြစ်၊ ထိုအခါ ထိုသူအား တရားတော်ကို အာရုံပြု၍ ဖြောင့်မတ်သော စိတ်သာဖြစ်၏။ မဟာနာမ် ဖြောင့်မတ်သော စိတ်ရှိသော အရိယာတပည့်သည် အနက်ကို သိနားလည်မှု ရ၏၊ ပါဠိကို သိနားလည်မှု ရ၏၊ တရားနှင့်စပ်သော ဝမ်းမြောက်မှုကို ရ၏၊ ဝမ်းမြောက်သူအား နှစ်သက်မှုဖြစ်၏၊ နှစ်သက်စိတ်ရှိသူအား ကိုယ်သည် ငြိမ်းအေး၏၊ ကိုယ်ငြိမ်းအေးသူသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာသူအား စိတ်သည် တည်ကြည်၏၊ မဟာနာမ် ဤအရိယာတပည့်ကို မညီညွတ်သော သတ္တဝါအပေါင်း၌ ညီညွတ်ခြင်းသို့ ရောက်၍ နေ၏ဟု ဆိုအပ်၏၊ ကြောင့်ကြမှုရှိသော သတ္တဝါအပေါင်း၌ ကြောင့်ကြမရှိပဲနေ၏ဟု ဆိုအပ်၏၊ တရားအလျဉ်သို့ ရောက်၍ တရား၏ ဂုဏ်တော် အောက်မေ့မှုကို ပွါးများ၏ ဟုဆိုအပ်၏။

မဟာနာမ် နောက်တမျိုးကား သင်သည် "မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းသောအကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ဖြောင့်မတ်သော အကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သားသံဃာတော်သည် မှန်သောအကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် လျော်ကန်သော အကျင့် ရှိတော်မူပါပေ၏၊ အစုံအားဖြင့်လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါး အရေအတွက်ရှိသော ဤမြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် (အရပ်ဝေးမှ)ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်တော်မူပါပေ၏၊ ဧည့်သည်တို့အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ခံတော်မူထိုက်ပါပေ၏၊ တမလွန်အတွက် ရည်မြှော်သော အလှူကို ခံတော်မူထိုက်ပါပေ၏၊ လက်အုပ်ချီခြင်းငှါ ထိုက်ပါပေ၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံးလယ်မြေ ဖြစ်တော်မူပါပေ၏" ဟု သံဃာ၏ ဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ လေလော့။ မဟာနာမ် အရိယာတပည့်အား သံဃာတော်ကို အောက်မေ့သော အခါ၌ ရာဂလွှမ်းမိုးသောစိတ်သည် မဖြစ်၊ ဒေါသလွှမ်းမိုးသော စိတ်သည်မဖြစ်၊ မောဟလွှမ်းမိုးသော စိတ်သည်မဖြစ်၊ ထိုအခါ ထိုသူအား သံဃာတော်ကို အာရုံပြု၍ ဖြောင့်မတ်သော စိတ်သာဖြစ်၏။ မဟာနာမ်

http://www.dhammadownload.com



ဖြောင့်မတ်သော စိတ်ရှိသော အရိယာတပည့်သည် အနက်ကို သိနားလည်မှု ရ၏၊ ပါဠိကို သိနားလည်မှု ရ၏၊ တရားနှင့်စပ်သော ဝမ်းမြောက်မှုကို ရ၏၊ ဝမ်းမြောက်သူအား နှစ်သက်မှု ဖြစ်၏၊ နှစ်သက်စိတ်ရှိသူအား ကိုယ်သည် ငြိမ်းအေး၏၊ ကိုယ်ငြိမ်းအေးသူသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာသူအား စိတ်သည် တည်ကြည်၏။ မဟာနာမ် ဤအရိယာတပည့်ကို မညီညွတ်သော သတ္တဝါအပေါင်း၌ ညီညွတ်ခြင်းသို့ ရောက်၍နေ၏ဟု ဆိုအပ်၏၊ ကြောင့်ကြမှုရှိသော သတ္တဝါအပေါင်း၌ ကြောင့်ကြမရှိပဲ နေ၏ဟု ဆိုအပ်၏၊ တရားအလျဉ်သို့ ရောက်၍ သံဃာ၏ ဂုဏ်တော်အောက်မေ့မှုကို ပွါးများ၏ဟု ဆိုအပ်၏။

မဟာနာမ် နောက်တမျိုးကား သင်သည် မကျိုး မပေါက် မပြောက် မကျားကုန်သော တဏှာကျွန်(အဖြစ်မှ)လွတ်မြောက်ကုန်သော ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော အမှားမသုံးသပ်အပ်ကုန်သော တည်ကြည်မှုကို ဖြစ်စေတတ်ကုန်သော မိမိ၏ သီလတို့ကို အဖန်ဖန် အောက်မေ့လေလော့။ မဟာနာမ် အရိယာတပည့်အား သီလကိုအောက်မေ့သောအခါ၌ ရာဂလွှမ်းမိုးသောစိတ်သည် မဖြစ်၊ ဒေါသလွှမ်းမိုးသော စိတ်သည် မဖြစ်၊ မောဟလွှမ်းမိုးသောစိတ်သည် မဖြစ်၊ ထိုအခါ၌ ထိုသူအား သီလကို အာရုံပြု၍ ဖြောင့်မတ်သော စိတ်သာဖြစ်၏။ မဟာနာမ် ဖြောင့်မတ်သော စိတ်ရှိသော အရိယာတပည့်သည် အနက်ကို သိနားလည်မှု ရ၏၊ ပါဠိကို သိနားလည်မှု ရ၏၊ တရားနှင့်စပ်သော ဝမ်းမြောက်မှုကို ရ၏၊ ဝမ်းမြောက်သူအား နှစ်သက်မှုဖြစ်၏၊ နှစ်သက်စိတ်ရှိသူအား ကိုယ်သည် ငြိမ်းအေး၏၊ ကိုယ်ငြိမ်းအေးသူသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာသူအား စိတ်သည် တည်ကြည်၏။ မဟာနာမ် ဤအရိယာတပည့်ကို မညီညွတ်သော သတ္တဝါအပေါင်း၌ ညီညွတ်ခြင်းသို့ ရောက်၍နေ၏၊ ကြောင့်ကြမှုရှိသော သတ္တဝါအပေါင်း၌ ကြောင့်ကြမရှိပဲ နေ၏၊ တရားအလျဉ်သို့ရောက်၍ သီလအောက်မေ့မှုကို ပွါးများ၏ဟု ဆိုအပ်၏။

မဟာနာမ် နောက်တမျိုးကား "ငါ့အား အရတော်လေစွ၊ ငါသည် ကောင်းစွာ ရအပ်ပေ၏၊ အကြင်ငါသည် ဝန်တိုမှု အညစ်အကြေး လွှမ်းမိုးသော သတ္တဝါအပေါင်း၌ ဝန်တိုမှု အညစ်အကြေး ကင်းသော စိတ်ဖြင့် အိမ်ကို စိုးအုပ်နေ၏၊ လွတ်လွတ် စွန့်ကြဲ၏၊ ဆေးပြီးသောလက် ရှိ၏၊ စွန့်ကြဲခြင်း၌ မွေ့လျော်၏၊ တောင်းခံထိုက်၏၊ လှူဒါန်းခြင်း ဝေဖန်ခြင်း၌ မွေ့လျော်၏"ဟု သင်သည် မိမိ၏ စွန့်ကြဲမှု 'စာဂ'ကို အောက်မေ့လေလော့။ မဟာနာမ် အရိယာတပည့်အား စွန့်ကြဲမှုကို အောက်မေ့သောအခါ၌ ရာဂလွှမ်းမိုးသောစိတ်သည် မဖြစ်၊ ဒေါသလွှမ်းမိုးသောစိတ် မဖြစ်၊ မောဟလွှမ်းမိုးသောစိတ် မဖြစ်၊ ထိုအခါ၌ ထိုသူအား စွန့်ကြဲမှုကို အာရုံပြု၍ ဖြောင့်မတ်သောစိတ်သာ ဖြစ်၏။ မဟာနာမ် ဖြောင့်မတ်သော စိတ်ရှိသော အရိယာတပည့်သည် အနက်ကို သိနားလည်မှု ရ၏၊ ပါဠိကို သိနားလည်မှု ရ၏၊ တရားနှင့်စပ်သော ဝမ်းမြောက်မှုကို ရ၏၊ ဝမ်းမြောက်သူအား နှစ်သက်မှုဖြစ်၏၊ နှစ်သက်စိတ် ရှိသူအား ကိုယ်သည် ငြိမ်းအေး၏၊ ကိုယ်ငြိမ်းအေးသူသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာသူအား စိတ်သည် တည်ကြည်၏။ မဟာနာမ် ဤအရိယာတပည့်ကို မညီညွတ်သော သတ္တဝါအပေါင်း၌ ညီညွတ်ခြင်းသို့ ရောက်၍နေ၏၊ ကြောင့်ကြမှုရှိသော သတ္တဝါအပေါင်း၌ ကြောင့်ကြမရှိပဲ နေ၏၊ တရားအလျဉ်သို့ ရောက်၍ စွန့်ကြဲမှု အောက်မေ့မှုကို ပွါးများ၏ဟု ဆိုအပ်၏။

မဟာနာမ် နောက်တမျိုးကား "စာတုမဟာရာဇ်နတ် တာဝတိံသာနတ် ယာမာနတ် တုသိတာနတ် နိမ္မာနရတိနတ် ပရနိမ္မိတဝသဝတ္တီနတ် ဗြဟ္မာ အထက်ထက်ဗြဟ္မာတို့သည် ထင်ရှားရှိကုန်၏၊ ယုံကြည်မှု 'သဒ္ဓါ'နှင့် ပြည့်စုံကုန်သော နတ်ဗြဟ္မာတို့သည် ဤဘုံမှ စုတေကြ၍ ထိုနတ်ဘုံ

http://www.dhammadownload.com



တို့၌ ဖြစ်ကြကုန်၏၊ ငါ့အားလည်း ထိုယုံကြည်မှု 'သဒ္ဓါ' မျိုးသည် ရှိ၏၊ သီလနှင့် ပြည့်စုံကြသော ထိုနတ်တို့သည် ဤဘုံမှ စုတေ၍ ထိုနတ်တို့ဘုံ၌ ဖြစ်ကြကုန်၏၊ ငါ့အားလည်း ထိုသီလမျိုးသည် ရှိ၏၊ အကြားအမြင်နှင့် ပြည့်စုံသော ထိုနတ်တို့သည် ဤ ဘုံမှ စုတေ၍ ထိုနတ်တို့ဘုံ၌ ဖြစ်ကြကုန်၏၊ ငါ့အားလည်း ထိုအကြားအမြင်မျိုးသည် ရှိ၏၊ စွန့်ကြဲမှုနှင့် ပြည့်စုံသော ထိုနတ်တို့သည် ဤဘုံမှ စုတေ၍ နတ်တို့ဘုံ၌ ဖြစ်ကြကုန်၏၊ ငါ့အားလည်း ထိုစွန့်ကြဲမှုမျိုးသည် ရှိ၏၊ ပညာနှင့် ပြည့်စုံသော ထိုနတ်တို့သည် ဤဘုံမှ စုတေ၍ ထိုနတ်ဘုံ၌ ဖြစ်ကြကုန်၏၊ ငါ့အားလည်း ထိုပညာမျိုးသည် ရှိ၏''ဟု သင်သည် နတ်တို့ကို (သက်သေထား၍ မိမိ၏ သဒ္ဓါစသော ဂုဏ်ကို) အဖန်ဖန် အောက်မေ့လေလော့။ မဟာနာမ် မိမိ၏ငှင်း ထိုနတ်တို့၏ငှင်း သဒ္ဓါ သီလ သုတ စာဂ ပညာကို အဖန်ဖန် အောက်မေ့သောအခါ၌ အရိယာတပည့်အား ရာဂလွှမ်းမိုးသောစိတ် မဖြစ်၊ ဒေါသ လွှမ်းမိုးသောစိတ် မဖြစ်၊ မောဟလွှမ်းမိုးသောစိတ် မဖြစ်၊ ထိုအခါ၌ ထိုသူအား နတ်တို့ကို (သက်သေထား၍ မိမိ၏ သဒ္ဓါစသော ဂုဏ်ကို) အာရုံပြု၍ ဖြောင့်မတ်သော စိတ်သာ ဖြစ်၏။ မဟာနာမ် ဖြောင့်မတ်သော စိတ်ရှိသော အရိယာတပည့်သည် အနက်ကို သိနားလည်မှု ရ၏၊ ပါဠိကို သိနားလည်မှု ရ၏၊ တရားနှင့် စပ်သော ဝမ်းမြောက်မှုကို ရ၏၊ ဝမ်းမြောက်သူအား နှစ်သက်မှု ဖြစ်၏၊ နှစ်သက်စိတ်ရှိသူအား ကိုယ်သည် ငြိမ်းအေး၏၊ ကိုယ်ငြိမ်းအေး သူသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာသူအား စိတ်သည် တည်ကြည်၏။ မဟာနာမ် ဤအရိယာတပည့် ကိုမညီညွတ်သော သတ္တဝါအပေါင်း၌ ညီညွတ်ခြင်းသို့ ရောက်၍နေ၏၊ကြောင့်ကြမှုရှိသော သတ္တဝါ အပေါင်း၌ ကြောင့်ကြမရှိပဲ နေ၏၊ တရားအလျဉ်သို့ ရောက်၍ နတ်တို့ကို (သက်သေထားလျက် မိမိ၏ သဒ္ဓါစသော ဂုဏ်ကို) အဖန်ဖန် အောက်မေ့ခြင်းကို ပွါးများ၏ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၂-ဒုတိယ မဟာနာမသုတ်

၁၂။ အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ သာကီဝင်မဟာနာမ်မင်းသည် မကျန်းမာခြင်းမှ ထပြီးဖြစ်၏၊ နာလန်ထ၍ မကြာသေး။ ထိုအခါ သင်္ကန်းချုပ်ဆိုးခြင်းကိစ္စ ပြီးဆုံး၍ သုံးလလွန်မြောက်လျှင် "မြတ်စွာဘုရားသည် ဒေသစာရီကြွချီတော်မူလိမ့်မည်"ဟု ရဟန်းများစွာတို့သည် မြတ်စွာဘုရား၏ သင်္ကန်းချုပ်ဆိုးခြင်းကိစ္စကို ပြုကုန်၏။ သင်္ကန်းချုပ်ဆိုးခြင်းကိစ္စ ပြီးဆုံး၍ သုံးလလွန်မြောက်လျှင် "မြတ်စွာဘုရားသည် ဒေသစာရီ ကြွချီတော်မူလိမ့်မည်ဟု ရဟန်းများစွာတို့သည် မြတ်စွာဘုရား၏ သင်္ကန်းချုပ်ဆိုးခြင်းကိစ္စကို ပြုကုန်၏"ဟု သာကီဝင် မဟာနာမ်မင်းသည် ကြားသိသည်သာ တည်း။ ထိုအခါ သာကီဝင် မဟာနာမ်မင်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား—"အသျှင်ဘုရား သင်္ကန်းချုပ်ဆိုးခြင်း ကိစ္စ ပြီးဆုံး၍ သုံးလလွန်မြောက်လျှင် 'မြတ်စွာဘုရားသည် ဒေသစာရီ ကြွချီတော်မူလိမ့်မည်' ဟု ရဟန်းများစွာတို့သည် မြတ်စွာဘုရား၏ သင်္ကန်းချုပ်ဆိုးခြင်းကိစ္စကို ပြုကြပါကုန်၏ ဟု ဤ စကားကို အကျွန်ုပ်ကြားရပါသည်။ အသျှင်ဘုရား အထူးထူးသော နေခြင်းတို့ဖြင့် နေကြရသော ထိုအကျွန်ုပ်တို့သည် အဘယ်နေခြင်းဖြင့် နေကြရပါမည်နည်း''ဟု လျှောက်၏။

http://www.dhammadownload.com



မဟာနာမ် ကောင်းပေစွ ကောင်းပေစွ၊ သင်တို့သည် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ "အထူးထူးသော နေခြင်းတို့ဖြင့် နေကြရသော ထိုအကျွန်ုပ်တို့သည် အဘယ် နေခြင်းဖြင့် နေကြရပါမည်နည်း"ဟု မေးလျှောက်သောစကားသည် အမျိုးကောင်းသားဖြစ်ကြသော သင်တို့အား လျောက်ပတ်သည်သာတည်း။ မဟာနာမ် ယုံကြည်မှုရှိသူသည် (မဂ် ဖိုလ်ကို) ပြီးစေနိုင်၏၊ ယုံကြည်မှုမရှိသူသည် မပြီးစေနိုင်။ ထက်သန်သော လုံ့လရှိသူသည်(မဂ် ဖိုလ်ကို)ပြီးစေနိုင်၏၊ပျင်းရိသူသည် မပြီးစေနိုင်။ ထင်သော သတိရှိသူသည်(မဂ်ဖိုလ်ကို) ပြီးစေနိုင်၏၊သတိမေ့လျော့သူသည် မပြီးစေနိုင်။ တည်ကြည်သူသည် (မဂ်ဖိုလ်ကို) ပြီးစေနိုင်၏၊ မတည်ကြည်သူသည် မပြီးစေနိုင်။ ပညာရှိသူသည် (မဂ် ဖိုလ်ကို)ပြီးစေနိုင်၏၊ ပညာမရှိသူသည် မပြီးစေနိုင်။ မဟာနာမ် သင်သည် ဤတရားငါးမျိုးတို့၌တည်၍ ထို့ထက်အလွန် တရားခြောက်မျိုးတို့ကို ပွါးများ လေလော့။ မဟာနာမ် သင်သည် မြတ်စွာဘုရားကို "ထိုမြတ်စွာဘုရားသည် ဤသို့ ပူဇော် အထူးကိုခံတော်မူထိုက်သော အကြောင်းကြောင့်လည်း။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္တာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါးကို) သိတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏"ဟု အဖန်ဖန် အောက်မေ့လေလော့။ မဟာနာမ် မြတ်စွာဘုရားကို အောက်မေ့သောအခါ၌ အရိယာတပည့်အား ရာဂလွှမ်းမိုးသောစိတ် မဖြစ်၊ ဒေါသလွှမ်းမိုးသောစိတ်မဖြစ်၊မောဟလွှမ်းမိုးသောစိတ်မဖြစ်၊ ထိုအခါ၌ ထိုသူအား မြတ်စွာဘုရားကို အာရုံပြု၍ ဖြောင့်မတ်သောစိတ်သာဖြစ်၏။ မဟာနာမ် ဖြောင့်မတ်သောစိတ်ရှိသော အရိယာတပည့်သည် အနက်ကို သိနားလည်မှု ရ၏၊ ပါဠိကို သိနားလည်မှု ရ၏၊ တရားနှင့် စပ်သော ဝမ်းမြောက်မှုကိုရ၏၊ ဝမ်းမြောက်သူအား နှစ်သက်မှု ဖြစ်၏၊ နှစ်သက်စိတ်ရှိသူအား ကိုယ်သည် ငြိမ်းအေး၏၊ကိုယ်ငြိမ်းအေးသူသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာသူအား စိတ်သည် တည်ကြည်၏၊ မဟာနာမ် သင်သည် ဤမြတ်စွာဘုရားအား အဖန်ဖန် အောက်မေ့မှုကို သွားနေစဉ်လည်း ပွါးများလေလော့၊ ရပ်နေစဉ်လည်း ပွါးများလေလော့၊ ထိုင်နေစဉ်လည်း ပွါးများလေလော့၊ အိပ်နေစဉ်လည်း ပွါးများလေလော့၊ အလုပ်ကိစ္စကို ပြုလုပ်စီမံနေစဉ်လည်း ပွါးများလေလော့၊ သားသမီးတို့ဖြင့် ကျဉ်းမြောင်းသော အိမ်၌ နေစဉ်လည်း ပွါးများလေလော့။

မဟာနာမ် နောက်တမျိုးကား သင်သည် တရားတော်ကို အောက်မေ့လေလော့။ပ။ သံဃာတော်ကို အောက်မေ့လေလော့။ပ။ မိမိ၏ သီလကို အောက်မေ့လေလော့။ပ။ မိမိ၏ စွန့်ကြဲမှုကို အောက်မေ့လေလော့။ပ။ "စာတုမဟာရာဇ်နတ်။ပ။ အထက်အထက် ဗြဟ္မာတို့သည် ထင်ရှားရှိကုန်၏။ ယုံကြည်မှု'သဒ္ဓါ'နှင့် ပြည့်စုံသော ထိုနတ်တို့သည် ဤဘုံမှ စုတေကြ၍ နတ်တို့ဘုံ၌ ဖြစ်ကြကုန်၏၊ ငါ့အားလည်း ထိုယုံကြည်မှု 'သဒ္ဓါ'မျိုးသည်ရှိ၏။ သီလနှင့်။ သုတနှင့်။ စာဂနှင့်။ ပညာနှင့် ပြည့်စုံကုန်သော နတ်တို့သည်ဤဘုံမှ စုတေကြ၍ ထိုနတ်တို့ဘုံ၌ ဖြစ်ကြကုန်၏၊ ငါ့အားလည်း ထိုပညာမျိုးသည် ရှိ၏" ဟု နတ်တို့ကို (သက်သေထားလျက် မိမိ၏ သဒ္ဓါစသော ဂုဏ်ကို) အဖန်ဖန် အောက်မေ့လေလော့။ မဟာနာမ် မိမိ၏၎င်း ထိုနတ်တို့၏၎င်း သဒ္ဓါ သီလ သုတ စာဂ ပညာကို အဖန်ဖန် အောက်မေ့သောအခါ၌ အရိယာတပည့်အား ရာဂလွှမ်းမိုးသောစိတ်မဖြစ်၊ ဒေါသလွှမ်းမိုးသောစိတ်မဖြစ်၊ မောဟလွှမ်းမိုးသော စိတ်သည် မဖြစ်၊ ထိုအခါ၌ ထိုသူအား နတ်တို့ကို (သက်သေထားလျက် မိမိ၏ သဒ္ဓါစသောဂုဏ်ကို) အာရုံပြု၍ ဖြောင့်မတ်သောစိတ်သာ ဖြစ်၏။ မဟာနာမ် ဖြောင့်မတ်သော စိတ်ရှိသော အရိယာတပည့်သည် အနက်ကို သိနားလည်မှု ရ၏၊

http://www.dhammadownload.com



ပါဠိကို သိနားလည်မှု ရ၏၊ တရားနှင့်စပ်သော ဝမ်းမြောက်မှုကို ရ၏၊ ဝမ်းမြောက်သူအား နှစ်သက်မှု ဖြစ်၏၊ နှစ်သက်စိတ်ရှိသူအား ကိုယ်သည် ငြိမ်းအေး၏၊ ကိုယ်ငြိမ်းအေးသူသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာသူအား စိတ်သည် တည်ကြည်၏။ မဟာနာမ် သင်သည် ဤနှတ်တို့ကို (သက်သေထားလျက် မိမိ၏သဒ္ဓါစသောဂုဏ်ကို) အောက်မေ့မှုကို သွားနေစဉ်လည်း ပွါးများလေလော့၊ ရပ်နေစဉ်လည်း ပွါးများလေလော့၊ထိုင်နေစဉ်လည်း ပွါးများလေလော့၊ အိပ်နေစဉ်လည်း ပွါးများလေလော့၊ အလုပ်ကိစ္စကိုပြုလုပ် စီမံနေစဉ်လည်း ပွါးများလေလော့၊ သားသမီးတို့ဖြင့် ကျဉ်းမြောင်းသော အိမ်၌ နေစဉ်လည်း ပွါးများလေလော့ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-နန္ဒိယသုတ်

၁၃။ အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ ဝါဆိုတော်မူလို၏။ နန္ဒိယသာကီဝင်သည် "မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ ဝါဆိုတော်လိုမူသတတ်"ဟု တဆင့်စကား ကြားသည်သာတည်း။ ထိုအခါ နန္ဒိယသာကီဝင်အား ငါသည်လည်း သာဝတ္ထိပြည်၌ မိုးလပတ်လုံး နေရမူ ကောင်းလေစွ၊ ထို (သာဝတ္ထိပြည်)၌ အလုပ်ကိစ္စကို ပြုလုပ်စီမံအံ့၊ ရံဖန်ရံခါ မြတ်စွာဘုရားကို ဖူးမြင်ရန်လည်း အခွင့်ရအံ့" ဟု အကြံဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ ဝါဆိုတော်မူ၏၊ နန္ဒိယသာကီဝင်သည်လည်း မိုးလပတ်လုံး သာဝတ္ထိပြည်၌ နေ၏၊ ထိုသာဝတ္ထိပြည်၌ အလုပ်ကိစ္စကိုလည်းပြုလုပ် စီမံ၏၊ ရံဖန်ရံခါ မြတ်စွာဘုရားကို ဖူးမြင်ရန်လည်း အခွင့်ရ၏။

ထိုအခါ၌ "သင်္ကန်းချုပ်ဆိုးခြင်းကိစ္စ ပြီးဆုံး၍ သုံးလလွန်မြောက်လျှင် မြတ်စွာဘုရားသည် ဒေသာစာရီ ကြွချီတော်မူလိမ့်မည်"ဟု ရဟန်းများစွာတို့သည် မြတ်စွာဘုရား၏ သင်္ကန်းချုပ်ဆိုးခြင်းကိစ္စကို ပြုလုပ်ကုန်၏။သင်္ကန်းချုပ်ဆိုးခြင်းကိစ္စပြီးဆုံး၍ သုံးလလွန်မြောက်လျှင် မြတ်စွာဘုရားသည် ဒေသစာရီ ကြွချီတော်မူလိမ့်မည်ဟု ရဟန်းများစွာတို့သည်"မြတ်စွာဘုရား၏သင်္ကန်းချုပ်ဆိုးခြင်းကိစ္စကို ပြုကြသတတ်"ဟု နန္ဒိယသာကီဝင်သည် တဆင့်စကား ကြားသည်သာတည်း။ ထိုအခါ နန္ဒိယသာကီဝင်သည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဘုရား သင်္ကန်းချုပ်ဆိုးခြင်းကိစ္စပြီးဆုံး၍ သုံးလလွန်မြောက်လျှင် 'မြတ်စွာဘုရားသည် ဒေသစာရီ ကြွချီတော်မူလိမ့်မည်'ဟု ရဟန်းများစွာတို့သည် မြတ်စွာဘုရား၏ သင်္ကန်းချုပ်ဆိုးခြင်းကိစ္စကို ပြုကြကုန်၏ ဟု ဤစကားကို အကျွန်ုပ် ကြားရပါသည်။အသျှင်ဘုရား အထူးထူးသော နေခြင်းတို့ဖြင့် နေကြရသော ထို အကျွန်ုပ်တို့သည် အဘယ်နေခြင်းဖြင့် နေကြရပါမည်နည်း"ဟု လျှောက်၏။

နန္ဒိယ ကောင်းပေစွ ကောင်းပေစွ၊ နန္ဒိယ သင်တို့သည် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ "အသျှင်ဘုရား အထူးထူးသောနေခြင်းတို့ဖြင့် နေကြရသော ထိုအကျွန်ုပ်တို့သည် အဘယ်နေခြင်းဖြင့် နေကြရပါမည်နည်း" ဟု မေးလျှောက်သောစကားသည် အမျိုးကောင်းသား ဖြစ်ကြ

http://www.dhammadownload.com



လျော့ကျပတ်သည်သာတည်း။ နန္ဒိယ ယုံကြည်မှုရှိသူသည် (မဂ်ဖိုလ်ကို)ပြီးစေနိုင်၏၊ ယုံကြည်မှု မရှိသူသည် မပြီးစေနိုင်။ သီလရှိသူသည် (မဂ်ဖိုလ်ကို) ပြီးစေနိုင်၏၊ သီလမဲ့သူသည် မပြီးစေနိုင်၊ ထက်သန်သော လုံ့လရှိသူသည် (မဂ်ဖိုလ်ကို) ပြီးစေနိုင်၏၊ ပျင်းရိသူသည် မပြီးစေနိုင်။ ထင်သော သတိ ရှိသူသည်(မဂ်ဖိုလ်ကို)ပြီးစေနိုင်၏၊သတိမေ့လျော့သူသည် မပြီးစေနိုင်။ တည်ကြည်သူသည် (မဂ်ဖိုလ်ကို)ပြီးစေနိုင်၏၊မတည်ကြည်သူသည် မပြီးစေနိုင်။ပညာရှိသူသည် (မဂ်ဖိုလ်ကို) ပြီးစေ နိုင်၏၊ ပညာမဲ့သူသည် မပြီးစေနိုင်။ နန္ဒိယ သင်သည် ဤတရားခြောက်မျိုးတို့၌ တည်၍ တရား ငါးမျိုးတို့၌ မိမိသန္တာန်ဝယ် သတိကို ဖြစ်စေရမည်။ နန္ဒိယ သင်သည် မြတ်စွာဘုရားကို "ထိုမြတ်စွာဘုရားသည် ဤသို့ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်း ကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊အသိဉာဏ် 'ဝိဇ္ဇာ'အကျင့် 'စရဏ'တို့နှင့် ပြည့် စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသောစကား ကို ဆိုတော်မူတတ်သောအကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော် မူတတ်သော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ် သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏၊နတ်လူတို့၏ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါးကို) သိတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော် မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏" ဟု အဖန်ဖန်အောက်မေ့လေလော့။ နန္ဒိယ ဤသို့လျှင် သင်သည် မြတ်စွာဘုရားကို အာရုံပြု၍ မိမိ သန္တာန်ဝယ် သတိကို ဖြစ်စေရမည်။

နန္ဒိယ နောက်တမျိုးကား တရားတော်သည် "မြတ်စွာဘုရား ကောင်းစွာ ဟောထားတော် မူသော တရားတော်ပါပေတည်း၊ ကိုယ်တိုင်သိမြင်အပ်သော တရားတော်ပါပေတည်း၊ အခါမလင့် အကျိုးပေးသော တရားတော်ပါပေတည်း၊ လာလှည့် ရှုလှည့်ဟု ပြထိုက်သော တရားတော်ပါပေ တည်း၊ မိမိ၏ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်သော တရားတော် ပါပေတည်း၊ အရိယာ ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင်သော တရားတော်ပါပေတည်း" ဟု သင်သည် တရားတော်ကို အဖန်ဖန် အောက်မေ့လေလော့။ နန္ဒိယ ဤသို့လျှင် သင်သည် တရားတော်ကို အာရုံပြု၍ မိမိ သန္တာန်ဝယ် သတိကို ဖြစ်စေရမည်။

နန္ဒိယ နောက်တမျိုးကား "ငါ့အား အရတော်လေစွတကား၊ ငါသည် ကောင်းစွာ ရပေစွ တကား၊ ငါ၏ မိတ်ဆွေကောင်းတို့သည် သနားစောင့်ရှောက်ကုန်၏၊ အကျိုးကို လိုလားကြ၍ ဆုံးမကြ၏၊ ကံမြစ်ကြ၏"ဟု မိတ်ဆွေကောင်းတို့ကို အဖန်ဖန် အောက်မေ့လေလော့။ နန္ဒိယ ဤသို့ လျှင် သင်သည် မိတ်ဆွေကောင်းတို့ကို အာရုံပြု၍ မိမိသန္တာန်ဝယ် သတိကို ဖြစ်စေရမည်။

နန္ဒိယ နောက်တမျိုးကား "ငါ့အား အရတော်လေစွတကား၊ ငါသည် ကောင်းစွာ ရပေစွ တကား၊ ငါသည် ဝန်တိုမှု အညစ်အကြေး လွှမ်းမိုးသော သတ္တဝါအပေါင်း၌ ဝန်တိုမှု အညစ်အကြေး ကင်းသော စိတ်ဖြင့် အိမ်ကို စိုးအုပ်၍နေ၏၊ လွတ်လွတ် စွန့်ကြဲ၏၊ ဆေးပြီးသော လက်ရှိ၏၊ စွန့်ကြဲမှု၌ မွေ့လျော်၏၊ တောင်းခံထိုက်၏၊ လှူဒါန်းခြင်း ဝေဖန်ခြင်း၌ မွေ့လျော်၏"ဟု မိမိ၏ စွန့်ကြဲမှုကို အဖန်ဖန် အောက်မေ့လေလော့။ နန္ဒိယ ဤသို့လျှင် သင်သည် စွန့်ကြဲမှုကိုအာရုံပြု၍ မိမိသန္တာန်ဝယ် သတိကို ဖြစ်စေရမည်။

http://www.dhammadownload.com



နန္ဒိယ နောက်တမျိုးကား "အလုတ်အလွေး ပြုရသော အစာကို စားကုန်သော နတ်တို့၏ အပေါင်းအဖော် အဖြစ်ကို လွန်မြောက်၍ စိတ်ဖြင့်ပြီးသော တမျိုးမျိုးသော နတ်ပြဟ္မာ အပေါင်းသို့ ကပ်ရောက်ကြကုန်သော နတ်ပြဟ္မာတို့သည် မိမိအတွက် ပြုဖွယ်ကိစ္စကိုငင်း ပြုပြီးကိစ္စကို တဖန်ဆည်းပူးမှုကိုငင်း မရှုကြည့်ကြကုန်၊ အခါမဲ့ လွတ်မြောက်မှုရှိသော ရဟန်းသည် မိမိ၏ ပြုဖွယ်ကိစ္စနှင့် ပြုပြီးကိစ္စကို တဖန်ဆည်းပူးမှုကို မရှုကြည့်သကဲ့သို့ နန္ဒိယ ဤအတူပင် အလုတ်အလွေး ပြုရသောအစာကို စားကုန်သော နတ်တို့၏ အပေါင်းအဖော် အဖြစ်ကို လွန်မြောက်၍ စိတ်ဖြင့်ပြီးသော တမျိုးမျိုးသော နတ်ပြဟ္မာအပေါင်းသို့ ကပ်ရောက်ကြကုန်သော နတ်ပြဟ္မာတို့သည် မိမိအတွက် ပြုဖွယ်ကိစ္စနှင့် ပြုပြီးကိစ္စကို တဖန်ဆည်းပူးမှုကို မရှုကြည့်ကုန်။ နန္ဒိယ ဤသို့လျှင် သင်သည် ထိုနတ်တို့ကို အာရုံပြု၍ မိမိသန္တာန်ဝယ် သတိကို ဖြစ်စေရမည်။

နန္ဒိယ ဤတရား တဆယ့်တမျိုးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ပယ်စွန့်သည်သာတည်း၊ မစွဲယူသည်သာတည်း။ နန္ဒိယ မှောက်ထားသော အိုးသည် ရေကို အန်ထုတ်သကဲ့သို့ငင်း အန်ထုတ်ပြီးသည်ကို တဖန် ပြန်မအန်ရတော့သကဲ့သို့ငင်း၊ နန္ဒိယ မြက်ခြောက်တော၌ မီးကျလတ်သော် လောင်၍သာ သွားသကဲ့သို့ငင်း လောင်ပြီးရာသို့ တဖန် ပြန်မလောင်တော့သကဲ့သို့ငင်း နန္ဒိယ ဤအတူပင် ဤတရား တဆယ့်တမျိုးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ပယ်စွန့်သည်သာတည်း၊ မစွဲယူသည်သာတည်း ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-သုဘူတိသုတ်

၁၄။ ထိုအခါ အသျှင်သုဘူတိသည် သဒ္ဓရဟန်းနှင့်အတူ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၏၊တခုသောနေရာ၌ ထိုင်နေသော အသျှင်သုဘူတိကို မြတ်စွာဘုရားသည် "သုဘူတိ" ဤရဟန်းသည် အဘယ်အမည်ရှိသနည်းဟု မေးတော်မူ၏။ အသျှင်ဘုရား ဤရဟန်းသည် သဒ္ဓအမည်ရှိပါ၏၊ သုဒတ္တဥပါသကာ (အနာထပိဏ်သူဌေး)၏ သားဖြစ်၍ ယုံကြည်မှုဖြင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါ၏ဟု (လျှောက်၏)။ သုဘူတိ အသို့နည်း ယုံကြည်မှုဖြင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်သော သုဒတ္တ(အနာထပိဏ်သူဌေး)၏သား ဤသဒ္ဓရဟန်းသည် သဒ္ဓါတရား ရှိသူတို့၏ လက္ခဏာတို့၌ ထင်၏လောဟု(မေးတော်မူ၏)။ မြတ်စွာဘုရား မြတ်စွာဘုရားသည် သဒ္ဓအား သဒ္ဓါတရားရှိသူတို့၏ လက္ခဏာတို့ကို ဟောရာ၏၊ ထိုဟောခြင်း၏ အခါပါတည်း၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ထိုဟောခြင်း၏ အခါပါတည်း၊ ယခုအခါ၌ "ဤရဟန်းသည် သဒ္ဓါတရား ရှိသူတို့၏ လက္ခဏာတို့၌ ထင်၏၊ သို့မဟုတ် မထင်"ဟု အကျွန်ုပ် သိရပါတော့အံ့ဟု (လျှောက်၏)။ သုဘူတိ ထိုသို့ဖြစ်လျှင် နာလော့၊ 'ကောင်းစွာ နှလုံး သွင်းလော့၊ ဟောပေအံ့ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်သုဘူတိသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏၊ မြတ်စွာ ဘုရားသည် ဤတရားကို ဟောတော်မူ၏။

သုဘူတိ ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်ထိန်း၍ နေ၏၊ အကျင့်'အာစာရ' ကျက်စားရာ'ဂေါစရ' နှင့် ပြည့်စုံ၏၊ အနည်းငယ်မျှသော အပြစ်တို့၌

http://www.dhammadownload.com



သော်လည်း ဘေးဟူရှုလေ့ရှိလျက် သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏။ သုဘူတိ ယင်းသို့ ရဟန်း၏ သီလရှိသူ ဖြစ်ခြင်း။ပ။ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်ခြင်း ဟူသော ဤတရားသည်လည်း သဒ္ဓါတရားရှိသူ၏ သဒ္ဓါတရားရှိပုံ လက္ခဏာဖြစ်၏။

သုဘူတိ နောက်တမျိုးကား ရဟန်းသည် အကြားအမြင်များ၏၊ အကြားအမြင်ကို ဆောင်၏၊ အကြားအမြင်ကို ဆည်းပူး၏၊ အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်း ရှိ၍ အနက်နှင့်တကွ သဒ္ဒါနှင့်တကွ အလုံးစုံ ပြည့်စုံ၍ ထက်ဝန်းကျင် စင်ကြယ်သော မြတ်သော အကျင့်ကို ဟောပြတတ်သော သဘောရှိသော တရားတို့ကို ထိုရဟန်းသည် များစွာ ကြားနာအပ်ကုန်၏၊ ဆောင်ထားအပ်ကုန်၏၊ နှုတ်ဖြင့် လေ့လာအပ်ကုန်၏၊ စိတ်ဖြင့် မှတ်သားအပ်ကုန်၏၊ ဉာဏ်ဖြင့် ထိုးထွင်း၍ သိအပ်ကုန်၏။ သုဘူတိ ယင်းသို့ ရဟန်း၏ အကြားအမြင် များခြင်း။ပ။ ဉာဏ်ဖြင့် ထိုးထွင်း၍သိခြင်း ဟူသော ဤတရားသည်လည်း သဒ္ဓါတရား ရှိသူ၏ သဒ္ဓါတရားရှိပုံ လက္ခဏာဖြစ်၏။

သုဘူတိ နောက်တမျိုးကား ရဟန်းသည် မိတ်ဆွေကောင်းရှိ၏၊ အပေါင်းအဖော်ကောင်း ရှိ၏၊ မိတ်ဆွေကောင်း၌ ကိုင်းညွတ်၏။ သုဘူတိ ယင်းသို့ ရဟန်း၏ မိတ်ဆွေကောင်းရှိခြင်း အပေါင်းအဖော်ကောင်း ရှိခြင်း မိတ်ဆွေကောင်း၌ ကိုင်းညွတ်ခြင်း ဟူသော ဤတရားသည်လည်း သဒ္ဓါတရားရှိသူ၏ သဒ္ဓါတရားရှိပုံ လက္ခဏာဖြစ်၏။

သုဘူတိ နောက်တမျိုးကား ရဟန်းသည် ဆိုဆုံးမလွယ်၏၊ဆိုဆုံးမလွယ်ကြောင်းတရားတို့နှင့် ပြည့်စုံ၏၊ သည်းခံနိုင်၏၊ အဆုံးအမကို ရိုသေစွာ ခံယူလေ့ရှိ၏။ သုဘူတိ ယင်းသို့ ရဟန်း၏ ဆိုဆုံးမလွယ်သူဖြစ်ခြင်း ဆိုဆုံးမလွယ်ကြောင်း တရားတို့နှင့် ပြည့်စုံခြင်း အဆုံးအမကို သည်းခံနိုင်ခြင်း ရိုသေစွာ နာယူလေ့ရှိခြင်းဟူသော ဤတရားသည်လည်း သဒ္ဓါတရားရှိသူ၏ သဒ္ဓါတရားရှိပုံ လက္ခဏာဖြစ်၏။

သုဘူတိ နောက်တမျိုးကား ရဟန်းသည် အဘယ်သို့ ပြုရအံ့နည်း ဟု မေးမြန်း၍ ပြုအပ်သော သီတင်းသုံးဖော်တို့၏ ကိစ္စတို့၌ လိမ္မာသူဖြစ်၏၊ ပျင်းရိမှု မရှိ၊ ထိုပြုဖွယ်ကိစ္စတို့၌ အကြောင်း ဉပါယ်ကို စုံစမ်းသော ဉာဏ်နှင့် ပြည့်စုံ၏၊ ပြုလုပ်ရန် စွမ်းနိုင်၏၊ စီရင်ရန် စွမ်းနိုင်၏။ သုဘူတိ ယင်းသို့ ရဟန်း၏ အဘယ်သို့ ပြုရအံ့နည်းဟု မေးမြန်း၍ ပြုအပ်သော သီတင်းသုံးဖော်တို့၏ ပြုဖွယ်ကိစ္စတို့၌ လိမ္မာသူဖြစ်ခြင်း ပျင်းရိမှုမရှိခြင်း ထိုထိုကိစ္စ၌ အကြောင်းဉပါယ်ကို စုံစမ်းသောဉာဏ်နှင့် ပြည့်စုံခြင်း ပြုလုပ်ရန် စွမ်းနိုင်ခြင်း စီရင်ရန် စွမ်းနိုင်ခြင်းဟူသော ဤတရားသည်လည်း သဒ္ဓါတရား ရှိသူ၏ သဒ္ဓါတရားရှိပုံ လက္ခဏာဖြစ်၏။

သုဘူတိ နောက်တမျိုးကား ရဟန်းသည် တရားကို လိုလားသူဖြစ်၏၊ ချစ်ဖွယ်ကို ပြောဆိုတတ်၏၊ လွန်မြတ်သော သုတ် အဘိဓမ္မာ ဝိနည်း၌ မွန်မြတ်သော ဝမ်းမြောက်မှုရှိ၏။

သုဘူတိ ယင်းသို့ ရဟန်း၏ တရားကို လိုလားသူဖြစ်ခြင်း ချစ်ဖွယ်ကို ပြောဆိုတတ်ခြင်း လွန်မြတ်သော သုတ် အဘိဓမ္မာ ဝိနည်း၌ မွန်မြတ်သော ဝမ်းမြောက်မှုရှိခြင်း ဟူသော ဤတရား သည်လည်း သဒ္ဓါတရားရှိသူ၏ သဒ္ဓါတရားရှိပုံ လက္ခဏာဖြစ်၏။

သုဘူတိ နောက်တမျိုးကား ရဟန်းသည် အကုသိုလ်တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် ထက်သန်သော လုံ့လရှိသည်ဖြစ်၍ နေ၏၊ အားအစွမ်းရှိ၏၊ မြဲမြံသော လုံ့လရှိ၏၊

http://www.dhammadownload.com



ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချထားခြင်းမရှိ။ သုဘူတိ ယင်းသို့ ရဟန်း၏ အကုသိုလ်တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် ထက်သန်သော လုံ့လရှိသည်ဖြစ်၍ နေခြင်း အားအစွမ်းရှိခြင်း မြဲမြံသော လုံ့လရှိခြင်း ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချမထားခြင်းဟူသော ဤတရားသည်လည်း သဒ္ဓါတရားရှိသူ၏ သဒ္ဓါတရားရှိပုံ လက္ခဏာဖြစ်၏။

သုဘူတိ နောက်တမျိုးကား ရဟန်းသည် လွန်ကဲသော စိတ်၌ ဖြစ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာနေကြောင်း ဖြစ်ကုန်သော ဈာန်လေးပါးတို့ကို အလိုရှိတိုင်းရ၏၊ မငြိုမငြင်ရ၏၊ မပင်မပန်းပဲ ရ၏။ သုဘူတိ ယင်းသို့ ရဟန်း၏ လွန်ကဲသော စိတ်၌ ဖြစ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်ကုန်သော ဈာန်လေးပါးတို့ကို အလိုရှိတိုင်းရခြင်း မငြိုမငြင်ရခြင်း မပင်မပန်းရခြင်းဟူသော ဤတရားသည်လည်း သဒ္ဓါတရားရှိသူ၏ သဒ္ဓါတရားရှိပုံ လက္ခဏာဖြစ်၏။

သုဘူတိ နောက်တမျိုးကား ရဟန်းသည် များပြားသောရှေး၌ နေဘူးသော (ခန္ဓာအစဉ်)ကို အောက်မေ့နိုင်၏. ဤသည်ကား အဘယ်နည်း။တဘဝကိုင်ငး နှစ်ဘဝတို့ကိုင်ငး သုံးဘဝတို့ကိုင်ငး လေးဘဝတို့ကိုင်ငး ငါးဘဝတို့ကိုင်ငး ဆယ်ဘဝတို့ကိုင်ငး ဘဝနှစ်ဆယ်တို့ကိုင်ငး ဘဝသုံးဆယ်တို့ကိုင်ငး ဘဝလေးဆယ်တို့ကိုင်ငး ဘဝငါးဆယ်တို့ကိုင်ငး ဘဝတရာကိုင်ငး ဘဝတထောင်ကိုင်ငး ဘဝတသိန်းကိုင်ငး များပြားသောပျက်ကပ်တို့ကိုင်ငး များပြားသော ဖြစ်ကပ်တို့ကိုင်ငး များပြားသော ပျက်ကပ် ဖြစ်ကပ်တို့ကိုင်ငး ဤမည်သောဘဝ၌ "(ငါသည်) ဤသို့သော အမည် ဤသို့သောအနွယ် ဤသို့သောအဆင်း ဤသို့သောအစာ ဤသို့သော ချမ်းသာဆင်းရဲခံစားခြင်း ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ထို (ငါသည်) ထိုဘဝမှ သေခဲ့၍ ဤမည်သောဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ဤသို့သောအမည် ဤသို့သောအနွယ် ဤသို့သောအဆင်း ဤသို့သောအစာ ဤသို့သောချမ်းသာ ဆင်းရဲခံစားခြင်း ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ (ထိုငါသည်) ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ဖြစ်ပြန်၏" ဟု ဤသို့အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် (အမည်အနွယ်)နှင့်တကွ များပြားသော ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏၊ သုဘူတိ ယင်းသို့ ရဟန်း၏ တပါးမကများစွာသော ရှေး၌ နေဘူးသော ခန္ဓာအစဉ်ကိုအောက်မေ့နိုင်ခြင်း။ပ။ သည်လည်း သဒ္ဓါတရားရှိသူ၏ သဒ္ဓါတရားရှိပုံ လက္ခဏာဖြစ်၏။

သုဘူတိ နောက်တမျိုးကား ရဟန်းသည် စင်ကြယ်သော လူတို့၏မျက်စိထက် သာလွန်သော နတ်မျက်စိနှင့် တူသော 'ဒိဗ္ဗစက္ခု' မျက်စိဖြင့် သေဆဲသတ္တဝါ ဖြစ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသော လားရာရှိသောသတ္တဝါ မကောင်းသော လားရာရှိသော သတ္တဝါတို့ကို မြင်နိုင်၏။ "ဤသတ္တဝါတို့သည် ကိုယ်ဖြင့်ပြုသော မကောင်းသော အကျင့် 'ကာယဒုစရိုက်' နှုတ်ဖြင့်ပြုသော မကောင်းသော အကျင့် 'ဝစီဒုစရိုက်' စိတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'မနောဒုစရိုက်' တို့နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲကုန်၏၊ မှားသောအယူ ရှိကုန်၏။ မှားသော အယူဖြင့် ပြုသော ကံရှိကုန်၏၊ ထို(သတ္တဝါ)တို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ကျရောက်ရာ ငရဲ၌ ဖြစ်ရကုန်၏၊ အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့်ပြုသော ကောင်းသောအကျင့် 'ကာယသုစရိုက်' နှုတ်ဖြင့် ပြုသောကောင်းသောအကျင့် 'ဝစီသုစရိုက်' စိတ်ဖြင့်ပြုသောကောင်းသောအကျင့် 'မနောသုစရိုက်' တို့နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို မစွပ်စွဲကုန်၊ မှန်သော အယူရှိကုန်၏၊ မှန်သောအယူဖြင့် ပြုသောကံရှိကုန်၏။ ထို(သတ္တဝါ)တို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ နောက်၌ ကောင်းသောလားရာနတ်ပြည်၌ ဖြစ်ရကုန်၏"

http://www.dhammadownload.com



ဟု ကံအားလျော်စွာဖြစ်သော သတ္တဝါတို့ကို သိ၏။ ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့် တူသော 'ဒိဗ္ဗစက္ခု' မျက်စိဖြင့် သေဆဲသတ္တဝါ ဖြစ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသော သတ္တဝါ ကောင်းသော လားရာရှိသော သတ္တဝါ မကောင်းသော လားရာရှိသော သတ္တဝါတို့ကို မြင်နိုင်၏၊ ကံအားလျော်စွာဖြစ်သော သတ္တဝါတို့ကို သိနိုင်၏၊ သုဘူတိ ယင်းသို့ ရဟန်း၏ စင်ကြယ်သော ဒိဗ္ဗစက္ခုဖြင့်။ပ။ ကံအားလျော်စွာ ဖြစ်သော သတ္တဝါတို့ကို သိနိုင်ခြင်းသည်လည်း သဒ္ဓါတရားရှိသူ၏ သဒ္ဓါတရားရှိပုံ လက္ခဏာဖြစ်၏။

သုဘူတိနောက်တမျိုးကား ရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ ကင်းသော လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် သိကာ မျက်မှောက်ပြု၍နေ၏။ သုဘူတိ ယင်းသို့ ရဟန်း၏ အာသဝေါတရား၏ ကုန်ခြင်းကြောင့်။ပ။ မျက်မှောက်ပြု၍ နေခြင်းဟူသော ဤတရားသည်လည်း သဒ္ဓါတရားရှိသူ၏ သဒ္ဓါတရားရှိပုံ လက္ခဏာဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူလတ်သော် အသျှင်သုဘူတိသည် မြတ်စွာဘုရားအား—အသျှင်ဘုရား မြတ်စွာဘုရား ဟောတော်မူအပ်ကုန်သော သဒ္ဓါတရား ရှိသူ၏ သဒ္ဓါတရားရှိ လက္ခဏာတို့သည် ဤရဟန်းအား ရှိပါကုန်၏၊ ဤရဟန်းသည်လည်း ထိုလက္ခဏာတို့၌ ထင်ပါ၏။ အသျှင်ဘုရား ဤရဟန်းသည် သီလရှိပါ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်ထိန်းနေပါ၏၊ အကျင့်'အာစာရ' ကျက်စားရာ'ဂေါစရ'နှင့် ပြည့်စုံပါ၏၊ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ ရှိပါ၏၊ သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ ကျင့်ပါ၏။ အသျှင်ဘုရား ဤရဟန်းသည် အကြားအမြင် များပါ၏၊ အကြားအမြင်ကို ဆောင်ပါ၏၊ အကြားအမြင်ကို ဆည်းပူးပါ၏၊ အစ၏ ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိ၍ အနက်နှင့်တကွ သဒ္ဒါနှင့်တကွ အလုံးစုံပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်သော မြတ်သောအကျင့်ကို ဟောပြတတ်သော သဘောရှိသော တရားတို့ကို ထိုရဟန်းသည် များစွာ ကြားနာအပ်ပါကုန်၏၊ ဆောင်ထားအပ် ပါကုန်၏၊ နှုတ်ဖြင့် လေ့လာအပ်ပါကုန်၏၊ စိတ်ဖြင့် မှတ်သားအပ်ပါကုန်၏၊ ဉာဏ်ဖြင့် ထိုးထွင်း၍ သိအပ်ပါကုန်၏။ အသျှင်ဘုရား ဤရဟန်းသည် မိတ်ဆွေကောင်းရှိပါ၏၊ အပေါင်းအဖော်ကောင်း ရှိပါ၏၊ မိတ်ဆွေကောင်း၌ ကိုင်းညွတ်ပါ၏။အသျှင်ဘုရား ဤရဟန်းသည် ဆိုဆုံးမလွယ်သူ ဖြစ်ပါ၏။ပ။ အဆုံးအမကို ရိုသေစွာ နာယူလေ့ရှိ၏။ပ။ အသျှင်ဘုရား ဤရဟန်းသည် အယုတ် အမြတ် ဖြစ်ကုန်သော အဘယ်သို့ ပြုရအံ့နည်းဟု မေးမြန်း၍ ပြုအပ်ကုန်သော သီတင်းသုံးဖော် တို့၏ ပြုဖွယ်ကိစ္စတို့၌ လိမ္မာသူဖြစ်ပါ၏၊ ပျင်းရိခြင်းမရှိပါ၊ ထိုထိုအမှုကိစ္စတို့၌ အကြောင်းဥပါယ်ကို စုံစမ်းသော ဉာဏ်နှင့် ပြည့်စုံပါ၏၊ ပြုလုပ်ခြင်း ငှာ စွမ်းနိုင်ပါ၏၊ စီရင်ရန် စွမ်းနိုင်ပါ၏။ အသျှင်ဘုရား ဤရဟန်းသည် တရားကို လိုလားသူ ဖြစ်ပါ၏၊ ချစ်ဖွယ်ကို ပြောဆိုတတ်ပါ၏၊ လွန်မြတ်သော သုတ် အဘိဓမ္မာ ဝိနည်း၌ မွန်မြတ်သော ဝမ်းမြောက်မှု ရှိပါ၏။ အသျှင်ဘုရား ဤရဟန်းသည် ထက်သန်သောလုံ့လ ရှိသည်ဖြစ်၍ နေပါ၏။ပ။ အားအစွမ်း ရှိပါ၏၊ မြဲမြံသောလုံ့လ ရှိပါ၏၊ ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချထားခြင်း မရှိပါ။ အသျှင်ဘုရား ဤရဟန်းသည် လွန်ကဲသော စိတ်၌ ဖြစ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်သော ဈာန်လေးပါး တို့ကို အလိုရှိတိုင်း ရပါ၏၊ မငြိုမငြင် ရပါ၏၊ မပင်မပန်းပဲ ရပါ၏။ အသျှင်ဘုရား ဤရဟန်းသည် ရှေး၌ နေဘူးသော (ခန္ဓာအစဉ်)ကို အောက်မေ့နိုင်ပါ၏၊ ဤသည်ကား အဘယ်နည်း၊ တဘဝကိုရင်း

http://www.dhammadownload.com



နှစ်ဘဝတို့ကိုငင်း။ပ။ ဤသို့ အခြင်းအရာနှင့် တကွ ညွှန်ပြဖွယ် (အမည် အနွယ်)နှင့် တကွ များပြားသော ရှေး၌ နေဘူးသော (ခန္ဓာ အစဉ်)ကို အောက်မေ့နိုင်ပါ၏။ အသျှင်ဘုရား ဤရဟန်းသည် စင်ကြယ်သော လူတို့၏အမြင်ကို လွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'မျက်စိဖြင့်။ပ။ ကံအားလျော်စွာ ဖြစ်ကုန်သောသတ္တဝါတို့ကို သိပါ၏။ အသျှင်ဘုရား ဤရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့်။ပ။ မျက်မှောက်ပြု၍ နေပါ၏။ အသျှင်ဘုရား မြတ်စွာဘုရားသည် ဟောတော်မူအပ်ကုန်သော သဒ္ဓါတရားရှိသူ၏ သဒ္ဓါဘရားရှိပုံ လက္ခဏာတို့သည် ဤရဟန်းအား ရှိပါကုန်၏၊ ဤ ရဟန်းသည်လည်း ထိုလက္ခဏာတို့၌ ထင်ပါ၏ဟု လျှောက်၏။ သုဘူတိ ကောင်းပေစွ ကောင်းပေစွ၊ သုဘူတိ ထိုသို့ဖြစ်လျှင် သင်သည် ဤ သဒ္ဓရဟန်းနှင့်လည်း အတူ နေလော့၊ သုဘူတိ သင်သည် အကြင်အခါ၌ မြတ်စွာဘုရားကို ဖူးမြင်ရန် အလိုရှိ၏၊ (ထိုအခါ) ဤ သဒ္ဓရဟန်းနှင့်အတူ မြတ်စွာဘုရားကို ဖူးမြင်ရန် ချဉ်းကပ်လေလော့ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-မေတ္တာသုတ်

၁၅။ ရဟန်းတို့ (ဆန့်ကျင်ဘက်မှ)လွတ်မြောက်သော မေတ္တာစိတ်ကို မှီဝဲအပ် ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ် ယာဉ်ကဲ့သို့ ပြုအပ် တည်ရာကဲ့သို့ ပြုအပ် ရှေးရှု တည်စေအပ် လေ့လာအပ် ကောင်းစွာ အားထုတ်အပ်သည်ရှိသော် အကျိုး တဆယ့်ဘမျိုးတို့ကို (မချွတ် ရလိမ့်မည်ဟု) မြော်လင့်နိုင်ကုန်၏။ အဘယ် တဆယ့်တမျိုးတို့နည်း ဟူမူ—ချမ်းသာစွာ အိပ်ရ၏၊ ချမ်းသာစွာ နိုးရ၏၊ အိပ်မက်ဆိုးကို မမြင်မက်၊ လူတို့၏ ချစ်မြတ်နိုးခြင်းကို ခံရ၏၊ သားရဲဘီလူးတို့၏ ချစ်မြတ်နိုးခြင်းကို ခံရ၏၊ နတ်တို့ စောင့်ရှောက်ကုန်၏၊ ထို (မေတ္တာ ပွါးများသော) သူအား မီး အဆိပ် လက်နက်တို့ မစွဲမကျ မဖျက်ဆီးနိုင်၊ လျင်မြန်စွာ စိတ်တည်ကြည်၏၊ မျက်နှာအဆင်း အထူးကြည်လင်၏၊ မတွေမဝေ သေရ၏၊ အလွန်မြတ်သော(အရဟတ္တဖိုလ်တရား)ကို ထိုးထွင်း၍ မသိနိုင်သော် ဗြဟ္မာ့ပြည်သို့ လာ ၏။ ရဟန်းတို့ (ဆန့်ကျင်ဘက်မှ)လွတ်မြောက်သော မေတ္တာစိတ်ကို မှီဝဲအပ် ပွါးများအပ် ကြိမ်ဖန်များစွာ ပြုအပ် ယာဉ်ကဲ့သို့ ပြုအပ် တည်ရာကဲ့သို့ ပြုအပ် ရှေးရှု တည်စေအပ် လေ့လာအပ် ကောင်းစွာ အားထုတ်အပ်သည်ရှိသော် ဤတဆယ့်တပါးသော အာနိသင်တို့ကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်နိုင်ကုန်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-အင္ဂကနာဂရသုတ်

၁၆။ အခါတပါး၌ အသျှင်အာနန္ဒာသည် ဝေသာလီပြည် ဗေဠုဝရွာငယ်၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ အဋ္ဌကမြို့သား ဒသမသူကြွယ်သည် ပါဋလိပုတ်မြို့သို့ တစုံတခုသော ပြုဖွယ်ကိစ္စဖြင့် ရောက်လာ၏။ ထိုအခါ အဋ္ဌကမြို့သား ဒသမသူကြွယ်သည် ကုက္ကုဋာရုံကျောင်း၌ ရဟန်းတပါးထံသို့ ချဉ်းကပ်ပြီးလျှင် ထိုရဟန်းအား "အသျှင်ဘုရား အသျှင်အာနန္ဒာသည် ယခုအခါ အဘယ်အရပ်၌ သီတင်းသုံးနေတော် မူပါသနည်း၊ တပည့်တော်တို့သည် ထိုအသျှင်အာနန္ဒာ

http://www.dhammadownload.com



ကို ဖူးမျှော်လိုပါကုန်၏”ဟု လျှောက်၏။ သူကြွယ် ဤအသျှင်အာနန္ဒာသည် ဝေသာလီပြည် ဗေဠုဝရွာငယ်၌ သီတင်းသုံး နေတော်မူပေ၏ဟု (ဆို၏)။

ထိုအခါ၊ အဋ္ဌကမြို့သား ဒသမသူကြွယ်သည် ပါဋလိပုတ်မြို့၌ ထိုပြုဖွယ်ကိစ္စကို ပြီးဆုံးစေပြီးနောက် ဝေသာလီပြည် ဗေဠုဝရွာငယ် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အသျှင်အာနန္ဒာကို ရှိသေစွာ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေလျက် အသျှင်အာနန္ဒာအား— “အသျှင်ဘုရား အာနန္ဒာ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် ဟောကြားထားတော်မူသော (ဤသို့ သဘောရှိသော) တရားတခုသည် ရှိပါသလော။ ယင်းတရား၌ မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် (နိဗ္ဗာန်သို့) စေလွှတ်အပ်သောစိတ်ရှိသည်ဖြစ်၍ နေသော ရဟန်းအား မလွတ်မြောက်သေးသော စိတ်သည်လည်း လွတ်မြောက်ရ၏၊ မကုန်ခန်းသေးသော အာသဝေါတရားတို့သည်မူလည်း ကုန်ခန်းခြင်းသို့ ရောက်ကုန်၏၊ မရောက်ရသေးသော အတုမဲ့ယောဂကုန်ရာသို့လည်း ရောက်နိုင်၏၊ (ဤသို့သဘောရှိသော) တရားတခုသည် ရှိပါသလော”ဟု လျှောက်၏။ သူကြွယ် သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် ဟောကြားထားတော်မူသော တရားတခုသည် ရှိပေ၏၊ ယင်းတရား၌ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် (နိဗ္ဗာန်သို့)စေလွှတ်သောစိတ်ရှိသည်ဖြစ်၍နေသော ရဟန်းအား မလွတ်မြောက်သေးသော စိတ်သည်လည်း လွတ်မြောက်ရ၏၊ မကုန်ခန်းသေးသော အာသဝေါတရားတို့သည်မူလည်း ကုန်ခန်းခြင်းသို့ ရောက်ကုန်၏၊ မရောက်ရသေးသော အတုမဲ့ ယောဂကုန်ရာသို့လည်း ရောက်နိုင်၏။ (ဤသို့သဘောရှိသော)တရားတခုသည် ရှိပေ၏ဟု (မိန့်ဆို၏)။

အသျှင်ဘုရားအာနန္ဒာ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော် မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် ဟောကြားထားတော်မူသော တရားတခုသည် ရှိ၍၊ ယင်းတရား၌ မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် (နိဗ္ဗာန်သို့) စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေသော ရဟန်းအား မလွတ်မြောက်သေးသော စိတ်သည်လည်း လွတ်မြောက်ရ၏၊ မကုန်ခန်းသေးသော အာသဝေါတရားတို့သည်မူလည်း ကုန်ခန်းခြင်းသို့ ရောက်ကုန်၏၊ မရောက်ရသေးသော အတုမဲ့ ယောဂကုန်ရာသို့လည်း ရောက်နိုင်၏၊ (ဤသို့သဘောရှိသော) တရားတခုဟူသည် အဘယ်ပါနည်းဟု (လျှောက်၏)။

သူကြွယ် ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု‘ဝိတက်’နှင့်တကွသော သုံးသပ်မှု‘ဝိစာရ’နှင့် တကွသော (နီဝရဏ) ကင်းဆိတ်မှုကြောင့် ဖြစ်သော နှစ်သိမ့်မှု‘ပီတိ’ ချမ်းသာမှု ‘သုခ’ရှိသော ပဌမစျာန်သို့ ရောက်၍ နေ၏၊ ထိုရဟန်းသည် ဤသို့ ဆင်ခြင်၏။ “ဤပဌမစျာန် သည်လည်း အပြုပြင်ခံ တရားဖြစ်၏၊ စေ့ဆော် အားထုတ်မှုကြောင့် ဖြစ်ပေ၏၊ အပြုပြင်ခံတရား စေ့ဆော် အားထုတ်မှုကြောင့် ဖြစ်သော တရားအားလုံးသည်လည်း အမြဲမရှိ၊ ချုပ်ပျောက်ခြင်း သဘောရှိ၏” ဟု သိ၏။ ထိုရဟန်းသည် ထိုတရား၌ တည်လျက် အာသဝေါတရားကုန်ခြင်းသို့ ရောက်၏၊ အကယ်၍ အာသဝေါတရား ကုန်ခြင်းသို့ မရောက်သေးသည် ဖြစ်ခဲ့မူ ထိုတရား၌ တပ်မက်ခြင်းဖြင့် ထိုတရား၌ နှစ်သက်ခြင်းဖြင့် အောက်ပိုင်း သံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် (ဗြဟ္မာ့ဘုံ၌) ဥပပတ်(ပဋိသန္ဓေ)နေသူဖြစ်၏၊ ထို(ဗြဟ္မာ့ဘုံ)၌သာ ပရိနိဗ္ဗာန်စံရ၏၊ ထို(ဗြဟ္မာ့ဘုံ)မှ ပြန်လည်

http://www.dhammadownload.com



တတ်သော သဘောမရှိ။ သူကြွယ် ဤတရားသည်လည်း သိတော်မူမြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ဟောကြားထားတော်မူသော တရားတခုဖြစ်ပေ၏၊ယင်းတရား၌မမေ့မလျော့ ပြင်းစွာ အားထုတ်လျက်(နိဗ္ဗာန်သို့)စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေသော ရဟန်းအား မလွတ်မြောက်သေးသော စိတ်သည်လည်း လွတ်မြောက်ရ၏၊ မကုန်ခန်းသေးသော အာသဝေါတရားတို့သည်မူလည်း ကုန်ခန်းခြင်းသို့ ရောက်ကုန်၏။ မရောက်ရသေးသော အတုမဲ့ ယောဂကုန်ရာသို့လည်း ရောက်နိုင်၏။

သူကြွယ် နောက်တမျိုးကား ရဟန်းသည် ဝိတက် ဝိစာရတို့၏ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကိုကြည်လင်စေတတ်သော စိတ်တည်ကြည်မှု'သမာဓိ'ကို ပွါးစေတတ်သော ကြံစည်မှု 'ဝိတက်'မရှိသော သုံးသပ်မှု'ဝိစာရ'မရှိသော တည်ကြည်မှု'သမာဓိ'ကြောင့်ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု'သုခ'ရှိသော ဒုတိယဈာန်သို့။ပ။တတိယဈာန်သို့။ပ။စတုတ္ထဈာန်သို့ ရောက်၍ နေ၏၊ထိုရဟန်းသည် ဤသို့ ဆင်ခြင်၏ "ဤဈာန်သည်လည်း အပြုပြင်ခံ တရားဖြစ်၏၊ စေ့ဆော်အားထုတ်မှုကြောင့် ဖြစ်ပေ၏၊ အပြုပြင်ခံ တရား စေ့ဆော် အားထုတ်မှုကြောင့် ဖြစ်သော တရားအားလုံးသည်လည်း အမြဲမရှိ ချုပ်ပျောက်ခြင်း သဘောရှိ၏"ဟု သိ၏။ ထိုရဟန်းသည် ထိုတရား၌တည်လျက် အာသဝေါတရားကုန်ခြင်းသို့ ရောက်၏၊ အကယ်၍ အာသဝေါတရား ကုန်ခြင်းသို့ မရောက်သေးသည်ဖြစ်ခဲ့မူ ထိုတရား၌ တပ်မက်ခြင်းဖြင့် ထိုတရား၌ နှစ်သက်ခြင်းဖြင့် အောက်ပိုင်းသံယောဇဉ် ငါးပါးတို့ ကုန်ခြင်းကြောင့် (ဗြဟ္မာ့ဘုံ၌) ဥပပတ် (ပဋိသန္ဓေ) နေသူဖြစ်၏၊ ထို(ဗြဟ္မာ့ဘုံ)၌သာ ပရိနိဗ္ဗာန်စံရ၏၊ ထို(ဗြဟ္မာ့ဘုံ)မှ ပြန်လည်တတ်သော သဘော မရှိ။ သူကြွယ် ဤ တရားသည်လည်း သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော( အလုံးစုံသော တရားတို့ကို )ကိုယ်တိုင် မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားသည် ဟောထားတော်မူသော တရားတခု ဖြစ်ပေ၏၊ ယင်းတရား၌ မမေ့မလျော့ ပြင်းစွာအားထုတ်လျက်(နိဗ္ဗာန်သို့)စေလွှတ်သောစိတ် ရှိသည်ဖြစ်၍ နေသော ရဟန်းအား မလွတ်မြောက်သေးသော စိတ်သည်လည်း လွတ်မြောက်ရ၏၊ မကုန်ခန်းသေးသော အာသဝေါတရားတို့သည်မူလည်း ကုန်ခန်းခြင်းသို့ ရောက်ကုန်၏၊ မရောက်ရသေးသော အတုမဲ့ ယောဂကုန်ရာသို့လည်း ရောက်နိုင်၏။

သူကြွယ် နောက်တမျိုးကား ရဟန်းသည် မေတ္တာနှင့် တကွဖြစ်သောစိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပြန့်နှံ့စေ၍နေ၏၊ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို၊ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏၊ ဤနည်းဖြင့် အထက် အောက် ဖီလာ အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးကို မိမိနှင့် အတူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်မှုမရှိသော မေတ္တာနှင့်တကွဖြစ်သောစိတ်ဖြင့် ပြန့်နှံ့စေ၍နေ၏၊ ထိုရဟန်းသည် ဤသို့ ဆင်ခြင်၏။ (ဆန့်ကျင်ဘက်မှ)လွတ်မြောက်သော ဤ"မေတ္တာစိတ်သည်လည်း အပြုပြင်ခံ တရား ဖြစ်၏၊ စေ့ဆော်အားထုတ်မှုကြောင့် ဖြစ်ပေ၏၊ အပြုပြင်ခံတရား စေ့ဆော်အားထုတ်မှုကြောင့် ဖြစ်သော တရား အားလုံးသည်လည်း အမြဲ မရှိ၊ ချုပ်ပျောက်ခြင်း သဘောရှိ၏"ဟု သိ၏။ ထိုရဟန်းသည် ထိုတရား၌ တည်လျက် အာသဝေါတရားကုန်ခြင်းသို့ ရောက်၏၊ အကယ်၍ အာသဝေါတရား ကုန်ခြင်းသို့ မရောက်သေးသည် ဖြစ်ခဲ့မူ ထိုတရား၌ တပ်မက်ခြင်းဖြင့် ထိုတရား၌ နှစ်သက်ခြင်းဖြင့်

http://www.dhammadownload.com



အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် (ဗြဟ္မာ့ဘုံ၌) ဥပပတ် (ပဋိသန္ဓေ) နေသူ ဖြစ်၏၊ ထို(ဗြဟ္မာ့ဘုံ)၌သာ ပရိနိဗ္ဗာန် စံရ၏၊ ထို(ဗြဟ္မာ့ဘုံ)မှ ပြန်လည်တတ်သော သဘော မရှိ။ သူကြွယ် ဤတရားသည်လည်း သိတော်မူ။ပ။ မရောက်ရသေးသော အတုမဲ့ ယောဂကုန်ရာ သို့လည်း ရောက်နိုင်၏။

သူကြွယ် နောက်တမျိုးကား ရဟန်းသည် ကရုဏာနှင့်တကွဖြစ်သော စိတ်ဖြင့်။ပ။ မုဒိတာနှင့် တကွဖြစ်သော စိတ်ဖြင့်။ပ။ ဥပေက္ခာနှင့်တကွဖြစ်သော စိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏၊ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ ဤနည်းဖြင့် အထက် အောက် ဖီလာ အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးကို မိမိနှင့်အတူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော ဥပေက္ခာနှင့် တကွဖြစ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏၊ ထိုရဟန်းသည် ဤသို့ ဆင်ခြင်၏။ (ဆန့်ကျင်ဘက်မှ) လွတ်မြောက်သော ဤ ဥပေက္ခာစိတ်သည်လည်း အပြုပြင်ခံ တရားဖြစ်၏၊ စေ့ဆော်အားထုတ်မှုကြောင့် ဖြစ်၏၊ အပြုပြင်ခံတရား စေ့ဆော်အားထုတ်မှုကြောင့် ဖြစ်ပေါ်လာသော တရားအားလုံးသည် အမြဲမရှိ၊ ချုပ်ပျောက်ခြင်း သဘောရှိ၏" ဟု သိ၏။ ထိုရဟန်းသည် ထိုတရား၌ တည်လျက် အာသဝေါတရား ကုန်ခြင်းသို့ ရောက်၏၊ အကယ်၍ အာသဝေါတရား ကုန်ခြင်းသို့ မရောက်သေးသည် ဖြစ်ခဲ့မူ ထိုတရား၌ တပ်မက်ခြင်းဖြင့် ထိုတရား၌ နှစ်သက်ခြင်းဖြင့် အောက်ပိုင်း သံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် (ဗြဟ္မာ့ဘုံ၌) ဥပပတ် (ပဋိသန္ဓေ)နေသူ ဖြစ်၏၊ ထို(ဗြဟ္မာ့ဘုံ)၌သာ ပရိနိဗ္ဗာန် စံရ၏၊ ထို(ဗြဟ္မာ့ဘုံ)မှ ပြန်လည်တတ်သော သဘောမရှိ။ သူကြွယ် ဤတရားသည်လည်း သိတော်မူ။ပ။ မရောက်ရသေးသော အတုမဲ့ ယောဂကုန်ရာသို့လည်း ရောက်နိုင်၏။

သူကြွယ် နောက်တမျိုးကား ရဟန်းသည် ရူပသညာတို့ကို လုံးဝလွန်မြောက်၍ ပဋိဃသညာတို့ လုံးဝချုပ်သည့်ပြင် နာနတ္တသညာတို့ကို လုံးဝနှလုံး မသွင်းမူ၍ "ကောင်းကင်သည် အဆုံးမရှိ" ဟု(နှလုံးသွင်းလျက်)အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍ နေ၏၊ထိုရဟန်းသည် ဤသို့ ဆင်ခြင်၏။ "ဤအာကာသာနဉ္စာယတနသမာပတ်သည်လည်း အပြုပြင်ခံ တရားဖြစ်၏၊ စေ့ဆော်အားထုတ်မှုကြောင့် ဖြစ်ပေါ်၏၊ အပြုပြင်ခံတရား စေ့ဆော်အားထုတ်မှုကြောင့် ဖြစ်ပေါ်သောတရားအားလုံးသည် အမြဲမရှိ၊ ချုပ်ပျောက်ခြင်း သဘောရှိ၏"ဟု သိ၏။ ထိုရဟန်းသည် ထိုတရား၌ တည်လျက် အာသဝေါတရားကုန်ခြင်းသို့ ရောက်၏၊ အကယ်၍ အာသဝေါ တရားကုန်ခြင်းသို့ မရောက်သေးသည်ဖြစ်ခဲ့မူ ထိုတရား၌ တပ်မက်ခြင်းဖြင့် ထိုတရား၌နှစ်သက်ခြင်းဖြင့် အောက်ပိုင်း သံယောဇဉ် ငါးပါးတို့ ကုန်ခြင်းကြောင့် (ဗြဟ္မာ့ဘုံ၌) ဥပပတ် (ပဋိသန္ဓေ) နေသူဖြစ်၏၊ ထို(ဗြဟ္မာ့ဘုံ)၌သာ ပရိနိဗ္ဗာန် စံရ၏၊ ထို(ဗြဟ္မာ့ဘုံ)မှ ပြန်လည်တတ်သော သဘောမရှိ။ သူကြွယ် ဤတရားသည်လည်း သိတော်မူ။ပ။ မရောက်သေးသောအတုမဲ့ ယောဂကုန်ရာသို့လည်း ရောက်နိုင်၏။

သူကြွယ် နောက်တမျိုးကား ထိုရဟန်းသည် အာကာသာနဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "ဝိညာဏ်သည် အဆုံးမရှိ" ဟု(နှလုံးသွင်းလျက်)ဝိညာဏဉ္စာယတနစျာန်သို့ ရောက်၍ နေ၏။ပ။ ဝိညာဏဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "တစုံတခုမျှမရှိ"ဟုနှလုံးသွင်းလျက် အာကိဉ္စညာယတနစျာန်သို့ ရောက်၍နေ၏၊ ထိုရဟန်းသည် ဤသို့ ဆင်ခြင်၏။ "ဤအာကိဉ္စညာယတန

http://www.dhammadownload.com



ဈာန်သမာပတ်သည်လည်း အပြုပြင်ခံ တရားဖြစ်၏၊ စေ့ဆော်အားထုတ်မှုကြောင့် ဖြစ်၏၊ အပြုပြင်ခံတရား စေ့ဆော်အားထုတ်မှုကြောင့် ဖြစ်ပေါ်သော တရားအားလုံးသည် အမြဲမရှိ၊ ချုပ်ပျောက်သော သဘောရှိ၏”ဟု သိ၏။ထိုရဟန်းသည် ထိုတရား၌ တည်လျက် အာသဝေါ တရားကုန်ခြင်းသို့ ရောက်၏၊ အကယ်၍အာသဝေါတရား ကုန်ခြင်းသို့ မရောက်သေးသည်ဖြစ်ခဲ့မူ ထိုတရား၌ တပ်မက်ခြင်းဖြင့် ထိုတရား၌ နှစ်သက်ခြင်းဖြင့် အောက်ပိုင်း သံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် (ဗြဟ္မာ့ဘုံ၌) ဥပပတ်(ပဋိသန္ဓေ) နေသူဖြစ်၏၊ ထို(ဗြဟ္မာ့ဘုံ)၌သာ ပရိနိဗ္ဗာန် စံရ၏၊ ထို(ဗြဟ္မာ့ဘုံ)မှ ပြန်လည်တတ်သော သဘောမရှိ၊သူကြွယ် ဤတရားသည်လည်း သိတော်မူ၏။ပ။ မရောက်ရသေးသော အတုမဲ့ ယောဂကုန်ရာသို့လည်း ရောက်နိုင်၏ဟု (မိန့်ဆို၏)။

ဤသို့ မိန့်ဆိုသော်အဋ္ဌကမြို့သား ဒသမသူကြွယ်သည် အသျှင်အာနန္ဒာအား ဤသို့လျှောက်၏— “အသျှင်ဘုရားအာနန္ဒာ တခုသောရွှေအိုး၏ မျက်နှာဝကို ရှာသော ယောကျ်ားသည် တကြိမ်တည်းသာလျှင် တဆယ့်တလုံးသော ရွှေအိုးတို့၏ မျက်နှာဝတို့ကို ရရာသကဲ့သို့ ဤအတူသာလျှင် အကျွန်ုပ်သည်တခုသော အမြိုက် နိဗ္ဗာန်တံခါးကို ရှာပါလျက် တကြိမ်တည်းဖြင့် သာလျှင် တဆယ့် တခုသော အမြိုက်နိဗ္ဗာန်တံခါးတို့ကို မှီဝဲရန် ရရှိပါပြီ။ အသျှင်ဘုရား ယောကျ်ားတယောက်အား တံခါးပေါက် တဆယ့်တခုရှိသော အိမ်ရှိရာ၏၊ထိုယောကျ်ားသည်ထိုအိမ်ကို မီးလောင်သည်ရှိသော် တခုခုသောတံခါးပေါက်ဖြင့်လည်း မိမိကိုယ်ကို ချမ်းသာအောင်ပြုရန် စွမ်းနိုင်ရာသကဲ့သို့ အသျှင်ဘုရား ဤအတူသာလျှင် တပည့်တော်သည် ဤအမြိုက်နိဗ္ဗာန်တံခါးပေါက် တဆယ့်တခုတို့တွင် တခုခုသော အမြိုက်နိဗ္ဗာန် တံခါးပေါက်ဖြင့်ပင် မိမိကိုယ်ကို ချမ်းသာအောင်ပြုရန် စွမ်းနိုင်ပါလိမ့်မည်။အသျှင်ဘုရား အယူတပါးရှိကြကုန်သော ဤတိတ္ထိတို့သည်ပင် ဆရာအတွက် ဆရာစားဥစ္စာကို ရှာမှီးကြတုံဘိသေး၏၊ တပည့်တော်သည် အသျှင်မြတ်အာနန္ဒာအား ပူဇော်မှုကို အဘယ့်ကြောင့် မပြုပဲ ရှိပါအံ့နည်း”ဟု လျှောက်၏။ ထို့နောက်အဋ္ဌကမြို့သား ဒသမသူကြွယ်သည် ဝေသာလီပြည် ပါဋလိပုတ်မြို့နေ ရဟန်းသံဃာကို စည်းဝေးစေ၍ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည်တိုင်အောင် တားမြစ်သည်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏၊ ရဟန်းတပါးတပါးကိုလည်း တစုံစီ တစုံစီသော သင်္ကန်းဖြင့်လှူဒါန်း၏၊ အသျှင်အာနန္ဒာကို သုံးထည်သော သင်္ကန်းဖြင့် လှူဒါန်း၏၊ အသျှင်အာနန္ဒာအတွက် ငါးရာတန်ကျောင်းကို ဆောက်လုပ်စေ၏။

ဆဋ္ဌသုတ်။

## ၇-ဂေါပါလသုတ်

၁၇။ ရဟန်းတို့ အင်္ဂါတဆယ့်တမျိုးတို့နှင့်ပြည့်စုံသော နွားကျောင်းသားသည် နွားအပေါင်းကို ဆောင်ရွက်ရန် တိုးပွါးအောင်ပြုရန် မထိုက်။ အဘယ် တဆယ့်တမျိုးတို့နည်း ဟူမူ— ရဟန်းတို့ ဤလောက၌ နွားကျောင်းသားသည် ရုပ်ပုံသဏ္ဌာန်ကို မသိ၊ လက္ခဏာ၌ မလိမ္မာ၊ ယင်ချေးဥကို မခွါတတ်၊ အနာကို မဖုံးလွှမ်းတတ်၊ မီးခိုး မတိုက်တတ်၊ ဆိပ်ကမ်းကို မသိ၊ (ရေ) သောက်ပြီး (မသောက်ရသေး)ကို မသိ၊ လမ်းခရီးကို မသိ၊ စားကျက်၌ မလိမ္မာ၊အကြွင်းမဲ့ (နို့) ညှစ်လေ့ရှိ၏၊ နွားတို့၏ မိဖ နွားတို့၏အကြီးအကဲ ရှေ့ဆောင်ဖြစ်ကြသော နွားလားတို့ကို ပိုလွန်သော ပူဇော်ခြင်းဖြင့် မပူဇော်တတ်။ရဟန်းတို့ ဤ အင်္ဂါ တဆယ့်တမျိုးနှင့် ပြည့်စုံသော နွားကျောင်းသားသည်နွားအပေါင်းကိုဆောင်ရွက်ရန်တိုးပွါးအောင်ပြုရန်မထိုက်။

http://www.dhammadownload.com



ရဟန်းတို့ ဤအတူပင် တရား တဆယ့်တမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဤ ဓမ္မဝိနယ 'သာသနာတော်'၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ရောက်ရန် မထိုက်။ အဘယ်တဆယ့်တမျိုးတို့နည်းဟူမူ—ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည် ရုပ်ကို မသိ၊ လက္ခဏာ၌ မလိမ္မာ၊ ယင်ချေးဥကို မခွါတတ်၊ မပယ်ရှားတတ်၊ အနာကို မဖုံးလွှမ်းတတ်၊အခိုးကို မပြုတတ်၊ ဆိပ်ကမ်းကို မသိ၊ သောက်ရပြီးကို မသိ၊ လမ်းကို မသိ၊ စားကျက်၌ မလိမ္မာ၊ အကြွင်းမဲ့ညှစ်လေ့ရှိ၏၊ ရဟန်းဝါရင့်သူ ရဟန်းသက်ရှည်သူဖြစ်ကုန်သော သံဃာ၏ မိဖ သံဃာ၏ ရှေ့ဆောင် မထေရ် ရဟန်းတို့ကို ပိုလွန် ပူဇော်ခြင်းဖြင့် မပူဇော်တတ်။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ရုပ်ကို မသိသူဖြစ်သနည်း။ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်"မဟာဘုတ်လေးပါးနှင့် မဟာဘုတ်လေးပါးတို့ကို မှီသော ဥပါဒါရုပ်"ဟူသော ရုပ်အားလုံးကို ဟုတ်တိုင်းမှန်စွာ မသိ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ရုပ်ကို မသိသူဖြစ်၏။ (၁)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် လက္ခဏာ၌ မလိမ္မာသူ ဖြစ်သနည်း။ ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည် "လူမိုက်သည် (အကုသိုလ်)ကံ ဟူသော လက္ခဏာရှိ၏၊ ပညာရှိသည် (ကုသိုလ်)ကံ ဟူသော လက္ခဏာရှိ၏"ဟု ဟုတ်တိုင်း မှန်စွာ မသိ။ ရဟန်းတို့ ဤ သို့လျှင် ရဟန်းသည် လက္ခဏာ၌မလိမ္မာသူ ဖြစ်၏။ (၂)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ယင်ချေးဥကို မခွါတတ်သူ မပယ်ရှားတတ်သူဖြစ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "ဖြစ်ပေါ်လာသော ကာမအကြံအစည် "ကာမဝိတက်"ကို လက်ခံထား၏၊ မပယ်စွန့်၊ မဖျောက်ဖျက်၊ ကင်းအောင်မပြု၊ နောက်ထပ်မဖြစ်ခြင်းသို့ မရောက်စေ၊ ဖြစ်ပေါ်လာသော ဖျက်ဆီးလိုသော အကြံအစည် 'ဗျာပါဒဝိတက်'ကို။ ဖြစ်ပေါ်လာသော ညှဉ်းဆဲလိုသော အကြံအစည် 'ဝိဟိံသာဝိတက်'ကို။ ဖြစ်တိုင်း ဖြစ်တိုင်းသော ယုတ်ညံ့သောအကုသိုလ်တရားတို့ကို လက်ခံထား၏၊ မပယ်စွန့်၊ မဖျောက်ဖျက်၊ ကင်းအောင်မပြု၊ နောက်ထပ်မဖြစ်ခြင်းသို့မရောက်စေ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ယင်ချေးဥကို မခွါတတ်သူ မပယ်ရှားတတ်သူဖြစ်၏။ (၃)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အနာကို မဖုံးလွှမ်းတတ်သူဖြစ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် အဆင်း'ရူပါရုံ'ကို မြင်သော် (မိန်းမ ယောကျ်ားစသော)အမှတ်နိမိတ်ကို စွဲယူလေ့ရှိ၏၊(လက်ခြေစသောအင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ) အမှတ်လက္ခဏာကို စွဲယူလေ့ရှိ၏၊ယင်းအကြောင်းကြောင့် စက္ခုန္ဒြေကို မစောင့်စည်းမူ၍ နေသော ထိုရဟန်းကို မက်မောမှု'အဘိဇ္ဈာ' နှလုံးမသာယာမှု'ဒေါမနဿ'ဟုဆိုအပ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် အစဉ်လိုက်ကုန်ရာ၏၊ ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါ မကျင့်၊စက္ခုန္ဒြေကို မစောင့်ရှောက်၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ မရောက်။ နားဖြင့် အသံ'သဒ္ဒါရုံ'ကို ကြားသော်။ နှာခေါင်းဖြင့် အနံ့'ဂန္ဓာရုံ'ကို နမ်းသော်။ လျှာဖြင့် အရသာ'ရသာရုံ'ကို လျက်သော်။ ကိုယ်ဖြင့် အတွေ့'ဖောဋ္ဌဗ္ဗာရုံ'ကို တွေ့ထိသော်။ စိတ်ဖြင့် သဘော'ဓမ္မာရုံ'ကို သိသော် (မိန်းမ ယောကျ်ားစသော) အမှတ်နိမိတ်ကို စွဲယူလေ့ရှိ၏၊ (လက်ခြေစသောအင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ)အမှတ်လက္ခဏာကို စွဲယူလေ့ရှိ၏၊ယင်းအကြောင်းကြောင့် မနိန္ဒြေကို မစောင့်စည်းမူ၍နေသော ထိုရဟန်းကို မက်မောမှု'အဘိဇ္ဈာ' နှလုံးမသာယာမှု'ဒေါမနဿ'ဟု ဆိုအပ်

http://www.dhammadownload.com



ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် အစဉ်လိုက်ကုန်ရာ၏၊ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါ မကျင့်၊မနိန္ဒြေကို မစောင့်ရှောက်၊မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ မရောက်။ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အနာကို ဖုံးလွှမ်း၏။ (၄)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အခိုးကို မပြုတတ်သူ ဖြစ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကြားနာပြီး သင်ယူပြီးတိုင်းသော တရားကို အကျယ်အားဖြင့် သူတပါးတို့အား မဟော။ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အခိုးကို မပြုတတ်သူဖြစ်၏။ (၅)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဆိပ်ကမ်းကို မသိသနည်း၊ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အကြားအမြင်များကုန်သော နုတ်တက်အာဂုံ လေ့လာပြီးကုန်သော သုတ်အဘိဓမ္မာကိုဆောင်ကုန်သော ဝိနည်းကို ဆောင်ကုန်သော မာတိကာကို ဆောင်ကုန်သောရဟန်းတို့ကိုအခါအားလျော်စွာ ချဉ်းကပ်၍ "အသျှင်ဘုရား ဤသည်ကား အဘယ်သို့ပါနည်း၊ ဤပုဒ်၏ အနက်သဘောကား အဘယ်ပါနည်း"ဟု မမေးတတ်၊ ပြဿနာ မထုတ်တတ်။ ထိုရဟန်းအား ထိုအသျှင်တို့သည် မဖွင့်သေးသည်ကိုလည်း မဖွင့်ပြကုန်၊မပေါ်လွင်သေးသည်ကိုလည်း ပေါ်လွင်အောင် မပြုကုန်၊ များစွာကုန်သော ယုံမှားမှု၏တည်ရာ အကြောင်းတရားတို့၌ ယုံမှားမှုကို မပယ်ဖျောက်ကုန်။ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ဆိပ်ကမ်းကို မသိ။ (၆)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သောက်ရပြီးသည်ကို မသိသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မြတ်စွာဘုရား ဟောထားတော်မူသော သုတ်အဘိဓမ္မာဝိနည်းကို ဟောလတ်သော် အနက်ကို သိနားလည်မှု မရ၊ ပါဠိကို သိနားလည်မှု မရ၊ တရားနှင့်စပ်သော ဝမ်းမြောက်မှုကို မရ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သောက်ပြီးကို မသိ။ (၇)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် လမ်းကို မသိသနည်း။ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မြတ်သောအင်္ဂါရှစ်ပါးရှိသော မဂ်ကို ဟုတ်တိုင်းမှန်စွာ မသိ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် လမ်းကို မသိ။ (၈)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် စားကျက်၌ မလိမ္မာသူ ဖြစ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သတိပဋ္ဌာန်လေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ မသိ။ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် စားကျက်၌ မလိမ္မာသူဖြစ်၏။ (၉)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အကြွင်းမဲ့ ညှစ်လေ့ရှိသူ ဖြစ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းအား ယုံကြည်မှု 'သဒ္ဓါ'ရှိကုန်သော ဒါယကာတို့သည် သင်္ကန်း ဆွမ်း ကျောင်း သူနာ၏အထောက်အပံ့ ဆေး အသုံးအဆောင်တို့ဖြင့် ရွေးရှုဆောင်၍ ဖိတ်ကုန်၏။ ရဟန်းတို့ ထိုဖိတ်ရာ၌ ရဟန်းသည် ခံယူရန် အတိုင်းအရှည်ကို မသိ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အကြွင်းမဲ့ ညှစ်လေ့ရှိသူဖြစ်၏။ (၁၀)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည်ရဟန်းဝါရင့်သူ ရဟန်းသက်ရှည်သူ ဖြစ်ကုန်သော သံဃာ၏မိဖ သံဃာ၏ရှေ့ဆောင် မထေရ်ရဟန်းတို့ကို ပိုလွန်သောပူဇော်ခြင်း ဖြင့် မပူဇော်တတ်သူဖြစ်သနည်း။ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရဟန်းဝါရင့်သူ ရဟန်းသက်ရှည်သူဖြစ်ကုန်သော သံဃာ့မိဖ သံဃာ့ရှေ့ဆောင် မထေရ်ရဟန်းတို့၌ မျက်မှောက် မျက်ကွယ် ကာယကံမေတ္တာကို ရှေးရှုမတည်စေ၊ ဝစီကံမေတ္တာကို ရှေးရှုမတည်စေ၊ မနောကံမေတ္တာကို ရှေးရှု

http://www.dhammadownload.com



မတည်စေ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ရဟန်းဝါရင့်သူ ရဟန်းသက်ရှည်သူ ဖြစ်ကုန်သော သံဃာ့မိဖ သံဃာ့ရှေ့ဆောင် မထေရ်ရဟန်းတို့ကို ပိုလွန်သော ပူဇော်ခြင်းဖြင့် မပူဇော်တတ်သူ ဖြစ်၏။ (၁၁)

ရဟန်းတို့ ဤတရားတဆယ့်တမျိုးတို့နှင့် ပြည့်စုံသောရဟန်းသည် ဤဓမ္မဝိနယ'သာသနာ တော်'၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ရန် မထိုက်။

ရဟန်းတို့ အင်္ဂါတဆယ့်တမျိုးတို့နှင့် ပြည့်စုံသော နွားကျောင်းသားသည် နွားအပေါင်းကို ဆောင်ရွက်ရန် တိုးပွါးအောင်ပြုရန် ထိုက်၏။အဘယ်တဆယ့်တမျိုးတို့နည်း ဟူမူ— ရဟန်းတို့ ဤလောက၌ နွားကျောင်းသားသည် ရုပ်ပုံ သဏ္ဌာန်ကို သိ၏၊ လက္ခဏာတို့၌ လိမ္မာ၏၊ ယင်ချေးဥကို ခွါတတ်၏၊ အနာကို ဖုံးလွှမ်းတတ်၏၊ မီးခိုး တိုက်တတ်၏၊ဆိပ်ကမ်းကို သိ၏၊ (ရေ) သောက်ပြီး (မသောက်ရသေး)ကို သိ၏၊ လမ်းခရီးကို သိ၏၊ စားကျက်၌ လိမ္မာ၏၊ ချင်းချန်၍ (နို့)ညှစ်လေ့ရှိ၏၊ နွားတို့၏မိဖ နွားတို့၏အကြီးအကဲ ရှေ့ဆောင်ဖြစ်ကြသော နွားလားတို့ကို ပိုလွန်သော ပူဇော်ခြင်းဖြင့်ပူဇော်တတ်၏။ ရဟန်းတို့ ဤအင်္ဂါတဆယ့်တမျိုးတို့နှင့် ပြည့်စုံသော နွားကျောင်းသားသည် နွားအပေါင်းကိုဆောင်ရွက်ရန် တိုးပွါးအောင်ပြုရန် ထိုက်၏။

ရဟန်းတို့ ဤအတူပင် တရားတဆယ့်တမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဤဓမ္မဝိနယ 'သာသနာတော်' ၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ရန် ထိုက်၏။ အဘယ် တဆယ့်တမျိုးတို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ရဟန်းသည် ရုပ်ကို သိ၏၊လက္ခဏာ ၌ လိမ္မာ၏၊ ယင်ချေးဥကို ခွါတတ်၏၊ အနာကို ဖုံးလွှမ်းတတ်၏၊ အခိုး ထုတ်တတ်၏၊ ဆိပ်ကမ်းကို သိ၏၊ သောက်ရပြီးကို သိ၏၊ လမ်းကို သိ၏၊ စားကျက်၌ လိမ္မာ၏၊ ချင်းချန်၍(နို့)ညှစ်လေ့ရှိ၏၊ ရဟန်းဝါရင့်သူ ရဟန်းသက်ရှည်သူ ဖြစ်ကုန်သော သံဃာ့မိဖ သံဃာ့ရှေ့ဆောင် မထေရ် ရဟန်းတို့ကို ပိုလွန်သော ပူဇော်ခြင်းဖြင့် ပူဇော်တတ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ရုပ်ကို သိသူ ဖြစ်သနည်း။ရဟန်းတို့ ဤသာသနာတော် ၌ ရဟန်းသည် "မဟာဘုတ်လေးပါးနှင့် မဟာဘုတ်လေးပါးကို မှီသော (ဥပါဒါ)ရုပ်" ဟူသော ရုပ်အားလုံးကို ဟုတ်တိုင်းမှန်စွာ သိ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ရုပ်ကို သိ၏။ (၁)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် လက္ခဏာကို သိသနည်း။ ရဟန်းတို့ ဤသာသနာ တော်၌ ရဟန်းသည်"လူမိုက်သည်(အကုသိုလ်)ကံဟူသော လက္ခဏာရှိ၏။ပညာရှိသည်(ကုသိုလ်) ကံဟူသော လက္ခဏာရှိ၏" ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် လက္ခဏာ၌ လိမ္မာ၏။ (၂)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ယင်ချေးဥကို ခွါတတ်သူ ဖြစ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဖြစ်ပေါ်လာသော ကာမအကြံအစည် 'ကာမဝိတက်' ကို လက်မခံ၊ပယ်စွန့်၏၊ ဖျောက်ဖျက်၏၊ ကင်းအောင် ပြု၏၊ နောက်ထပ် မဖြစ်ခြင်းသို့ ရောက်စေ၏၊ ဖြစ်ပေါ်လာသော ဖျက်ဆီးလိုသော အကြံအစည် 'ဗျာပါဒဝိတက်' ကို။ ဖြစ်ပေါ်လာသော ညှဉ်းဆဲလိုသော အကြံအစည် 'ဝိဟိံသာဝိတက်' ကို။ ဖြစ်တိုင်း ဖြစ်တိုင်းကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို လက်မခံ၊ ပယ်စွန့်၏၊ ဖျောက်ဖျက်၏၊ ကင်းအောင် ပြု၏၊ နောက်ထပ် မဖြစ်ခြင်းသို့ ရောက်စေ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ယင်ချေးဥကို ခွါတတ်၏။ (၃)

http://www.dhammadownload.com



ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အနာကို ဖုံးလွှမ်းတတ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် အဆင်း 'ရူပါရုံ' ကို မြင်သော် (မိန်းမ ယောကျ်ားစသော) အမှတ် နိမိတ်ကို စွဲယူလေ့ မရှိ၊ (လက်ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ) အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ ယင်းအကြောင်းကြောင့် စက္ခုန္ဒြေကို မစောင့်စည်းမူ၍ နေသော ထိုရဟန်းကို မက်မောမှု 'အဘိဇ္ဈာ' နှလုံးမသာယာမှု 'ဒေါမနဿ' ဟု ဆိုအပ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် အစဉ်လိုက်ကုန်ရာ၏၊ ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ စက္ခုန္ဒြေကို စောင့်ရှောက်၏၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ နားဖြင့် အသံ 'သဒ္ဒါရုံ' ကို ကြားသော်။ နှာခေါင်းဖြင့် အနံ့ 'ဂန္ဓာရုံ' ကို နမ်းသော်။ လျှာဖြင့် အရသာ 'ရသာရုံ' ကို လျက်သော်။ ကိုယ်ဖြင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' ကို တွေ့ထိသော်။ စိတ်ဖြင့် သဘော 'ဓမ္မာရုံ' ကို သိသော် (မိန်းမ ယောကျ်ားစသော) အမှတ်နိမိတ်ကို စွဲယူလေ့ မရှိ၊ (လက်ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ) အမှတ်လက္ခဏာကို စွဲယူလေ့ မရှိ၊ ယင်းအကြောင်းကြောင့် မနိန္ဒြေကို မစောင့်စည်းမူ၍ နေသော ထိုရဟန်းကို မက်မောမှု 'အဘိဇ္ဈာ' နှလုံးမသာယာမှု 'ဒေါမနဿ' ဟု ဆိုအပ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် အစဉ်လိုက်ကုန်ရာ၏၊ ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ မနိန္ဒြေကို စောင့်ရှောက်၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အနာကို ဖုံးလွှမ်းတတ်၏။ (၄)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အခိုး ထုတ်တတ်သူ ဖြစ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကြားနာပြီး သင်ယူပြီးတိုင်းသော တရားကို အကျယ်အားဖြင့် သူတပါးတို့အား ဟောတတ်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အခိုး ထုတ်တတ်၏။ (၅)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဆိပ်ကမ်းကို သိသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အကြားအမြင်များကုန်သော နှုတ်တက်အာဂုံလေ့လာကုန်သော သုတ် အဘိဓမ္မာကို ဆောင်ကုန်သော ဝိနည်းကို ဆောင်ကုန်သော မာတိကာကို ဆောင်ကုန်သော ရဟန်းတို့ကို အခါအားလျော်စွာ ချဉ်းကပ်၍ "အသျှင်ဘုရား ဤသည်ကား အဘယ်သို့ပါနည်း၊ အသျှင်ဘုရား ဤပုဒ်အနက်ကား အဘယ်ပါနည်း" ဟု မေး၏၊ ပြဿနာထုတ်၏။ ထိုရဟန်းအား ထိုအသျှင်တို့သည် မဖွင့်သေးသည်ကို ဖွင့်ပြကုန်၏၊ မပေါ်လွင်သေးသည်ကိုလည်း ပေါ်လွင်အောင် ပြုကုန်၏၊ များစွာကုန်သော ယုံမှားမှု၏ တည်ရာ အကြောင်းတရားတို့၌လည်း ယုံမှားမှုကို ပယ်ဖျောက်ကုန်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ဆိပ်ကမ်းကို သိ၏။ (၆)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သောက်ရပြီးကို သိသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မြတ်စွာဘုရား ဟောထားတော်မူသော သုတ် အဘိဓမ္မာ ဝိနည်းကို ဟောလတ်သော် အနက်ကို နားလည်မှု ရ၏၊ ပါဠိကို နားလည်မှု ရ၏၊ တရားနှင့် စပ်သော ဝမ်းမြောက်မှုကို ရ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သောက်ရပြီးကို သိ၏။ (၇)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် လမ်းကို သိသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ကို ဟုတ်တိုင်းမှန်စွာ သိ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် လမ်းကို သိ၏။ (၈)

http://www.dhammadownload.com



ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် စားကျက်၌ လိမ္မာသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သတိပဋ္ဌာန်လေးပါးတို့ကို ဟုတ်တိုင်း မှန်စွာ သိ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် စားကျက်၌ လိမ္မာ၏။ (၉)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ချင်းချန်၍ ညှစ်လေ့ရှိသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ယုံကြည်မှု 'သဒ္ဓါ' ရှိကုန်သော ဒါယကာတို့သည် သက်နိုး ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်တို့ဖြင့် ရှေးရှုဆောင်၍ ဖိတ်ကုန်၏။ ရဟန်းတို့ ထိုသို့ ဖိတ်ရာ၌ ရဟန်းသည် ခံယူရန် အတိုင်းအရှည်ကို သိ၏။ ရဟန်းတို့ ဤသို့လျှင် ချင်းချန်၍ ညှစ်လေ့ ရှိ၏။ (၁၀)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ရဟန်းဝါရင့်သူ ရဟန်းသက်ရှည်သူ ဖြစ်ကုန်သော သံဃာ့ဖခင် သံဃာ့ရှေ့ဆောင် မထေရ်ရဟန်းတို့ကို ပိုလွန်သော ပူဇော်ခြင်းဖြင့် ပူဇော်တတ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရဟန်းဝါရင့်သူ ရဟန်းသက်ရှည်သူ ဖြစ်ကုန်သော သံဃာ့ဖခင် သံဃာ့ရှေ့ဆောင် မထေရ်ရဟန်းတို့၌ မျက်မှောက် မျက်ကွယ် ကာယကံ မေတ္တာကို ရှေးရှု တည်စေ၏၊ ဝစီကံမေတ္တာကို ရှေးရှု တည်စေ၏၊ မျက်မှောက် မျက်ကွယ် မနောကံမေတ္တာကို ရှေးရှု တည်စေ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းဝါရင့်သူ ရဟန်းသက်ရှည်သူ ဖြစ်ကုန်သော သံဃာ့ဖခင် သံဃာ့ရှေ့ဆောင်မထေရ်ရဟန်းတို့ကို ပိုလွန်သော ပူဇော်ခြင်းဖြင့် ပူဇော်တတ်၏။ (၁၁)

ရဟန်းတို့ ဤတရားတဆယ့်တမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဤဓမ္မဝိနယ 'သာသနာတော်' ၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ရန် ထိုက်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ပဌမ သမာဓိသုတ်

၁၈။ ထိုအခါ များစွာသော ရဟန်းတို့သည် မြတ်စွာဘုရား အထံသို့ ချဉ်းကပ်ကြပြီးလျှင် တခုသော နေရာ၌ ထိုင်နေကြလျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကြကုန်၏— အသျှင်ဘုရား ရဟန်းအား မြေ၌ မြေဟု အမှတ်ရှိသူ မဖြစ်ရာ၊ ရေ၌ရေဟု အမှတ်ရှိသူ မဖြစ်ရာ၊ မီး၌မီးဟုအမှတ်ရှိသူ မဖြစ်ရာ၊ လေ၌လေဟု အမှတ်ရှိသူ မဖြစ်ရာ၊ အဆုံးမရှိသော ကောင်းကင် တည်ရာ၌ အဆုံးမရှိသော ကောင်းကင် တည်ရာဟုအမှတ်ရှိသူ မဖြစ်ရာ၊ အဆုံးမရှိသော ဝိညာဏ် တည်ရာ၌ အဆုံးမရှိသော ဝိညာဏ်တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ တစုံတခုမျှ မရှိ ဟူသော တည်ရာ၌ တစုံတခုမျှ မရှိ ဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသောတည်ရာ၌ သညာရှိသည်လည်းမဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာဟုအမှတ်ရှိသူ မဖြစ်ရာ၊ ဤလောက၌ ဤလောကဟု အမှတ်ရှိသူ မဖြစ်ရာ၊ တပါးသော လောက၌တပါးသော လောကဟု အမှတ်ရှိသူ မဖြစ်ရာ၊ မြင်အပ် ကြားအပ် တွေ့ထိအပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့်စုံစမ်းအပ်သော အာရုံတို့၌လည်း အမှတ်ရှိသူ မဖြစ်ရာ၊ (သို့ပင်ဖြစ်သော်လည်း) သညာရှိသူကား ဖြစ်ရာ၏ ဟူသော သဘောရှိသည့် တည်ကြည်မှု 'သမာဓိ' ကို ရခြင်းသည် ဖြစ်နိုင်ရာပါသလောဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့

http://www.dhammadownload.com



ရဟန်းအား မြေ၌ မြေဟု အမှတ်ရှိသူမဖြစ်ရာ။ပ။မြင်အပ် ကြားအပ် တွေ့ထိအပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံတို့၌လည်း အမှတ်ရှိသူမဖြစ်ရာ၊ (သို့ပင်ဖြစ်သော်လည်း)သညာရှိသူကား ဖြစ်ရာ၏ဟူသော သဘောရှိသော တည်ကြည်မှု'သမာဓိ'ကို ရခြင်းသည် ဖြစ်နိုင်ရာ၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ရဟန်းအား မြေ၌မြေဟု အမှတ်ရှိသူ မဖြစ်ရာ။ပ။ မြင်အပ် ကြားအပ် တွေ့ထိအပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံတို့၌လည်း အမှတ်ရှိသူမဖြစ်ရာ၊(သို့ပင်ဖြစ်သော်လည်း) သညာရှိသူကားဖြစ်ရာ၏ဟူသောသဘောရှိသည့် တည်ကြည်မှု သမာဓိကို ရခြင်းသည် အဘယ်သို့ ဖြစ်နိုင်ပါသနည်း။ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သင်္ခါရအားလုံးငြိမ်းရာ ဥပဓိအားလုံးကိုစွန့်ရာ တဏှာကုန်ရာ တပ်စွန်းမှု ကင်းရာ ချုပ်ရာဖြစ်သောနိဗ္ဗာန်သည် ငြိမ်သက်၏၊ ထိုနိဗ္ဗာန်သည် မွန်မြတ်၏'' ဟု ဤသို့အမှတ်ရှိသူဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းအား မြေ၌ မြေဟု အမှတ်ရှိသူ မဖြစ်ရာ၊ရေ၌ ရေဟု အမှတ်ရှိသူ မဖြစ်ရာ၊ မီး၌မီးဟုအမှတ်ရှိသူ မဖြစ်ရာ၊လေ၌လေဟု အမှတ်ရှိသူ မဖြစ်ရာ၊ အဆုံးမရှိသော ကောင်းကင်တည်ရာ၌ အဆုံးမရှိသော ကောင်းကင်တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊အဆုံးမရှိသော ဝိညာဏ်တည်ရာ၌ အဆုံးမရှိသော ဝိညာဏ်တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊တစုံတခုမျှမရှိဟူသော တည်ရာ၌ တစုံတခုမျှမရှိဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ သညာရှိသည်လည်းမဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာ၌ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်းမဟုတ် ဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ ဤလောက၌ ဤလောကဟု အမှတ်ရှိသူ မဖြစ်ရာ၊ တပါးသောလောက၌ တပါးသော လောကဟု အမှတ်ရှိသူမဖြစ်ရာ၊ မြင်အပ် ကြားအပ် တွေ့ထိအပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံတို့၌လည်း အမှတ်ရှိသူ မဖြစ်ရာ၊ (သို့ပင်ဖြစ်သော်လည်း) သညာရှိသူကား ဖြစ်ရာ၏ ဟူသော သဘောရှိသည့် တည်ကြည်မှု'သမာဓိ'ကိုရခြင်းသည် ဖြစ်ရာ၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ဒုတိယ သမာဓိသုတ်

၁၉။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား ''ရဟန်းတို့''ဟု ခေါ်တော်မူ၏။''အသျှင်ဘုရား''ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—ရဟန်းတို့ ရဟန်းအား မြေ၌မြေဟု အမှတ်ရှိသူ မဖြစ်ရာ၊ရေ၌ ရေဟု အမှတ်ရှိသူ မဖြစ်ရာ။ပ။တစုံတခုမျှမရှိဟူသော တည်ရာ၌ တစုံတခုမျှမရှိဟူသော တည်ရာဟု အမှတ်ရှိသူမဖြစ်ရာ၊ သညာရှိသည်လည်းမဟုတ် သညာမရှိသည်လည်းမဟုတ် ဟူသော တည်ရာ၌ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ ဤလောက၌ ဤလောကဟု အမှတ်ရှိသူ မဖြစ်ရာ၊တပါးသော လောက၌ တပါးသော လောကဟု အမှတ်ရှိသူ မဖြစ်ရာ၊ မြင်အပ် ကြားအပ် တွေ့ထိအပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံတို့၌လည်းအမှတ်ရှိသူ မဖြစ်ရာ၊ (သို့ပင်ဖြစ်သော်လည်း)သညာရှိသူကားဖြစ်ရာ၏ဟူသော သဘောရှိသည့် တည်ကြည်မှု'သမာဓိ'ကို ရခြင်းသည် ဖြစ်ရာသလော ဟု (မေးတော်မူ၏)။အသျှင်ဘုရား အကျွန်ုပ်တို့အား တရားတို့သည် မြတ်စွာဘုရားလျှင် အရင်း(မူလ)

http://www.dhammadownload.com



ရှိပါကုန်၏၊မြတ်စွာဘုရားလျှင် ရှေ့ဆောင်မှု ရှိပါကုန်၏။မြတ်စွာဘုရားလျှင် လည်းလျောင်းရာရှိပါကုန်၏၊အသျှင်ဘုရား တောင်းပန်ပါ၏ ထိုဟောအပ်သော စကား၏ အနက်သည် မြတ်စွာဘုရာ၏ ဉာဏ်၌သာ ထင်လာပါစေ၊ မြတ်စွာဘုရား၏ (အထံမှ) ကြားနာရသဖြင့် ရဟန်းတို့သည် ဆောင်ယားကြပါလိမ့်မည် ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ထိုသို့ဖြစ်လျှင် နာကြလော့၊ ကောင်းစွာ နှလုံးသွင်းကြလော့၊ဟောကြားပေအံ့ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—ရဟန်းတို့ ရဟန်းအား မြေ၌ မြေဟု အမှတ်ရှိသူ မဖြစ်ရာ။ပ။ မြင်အပ် ကြားအပ် တွေ့ထိအပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံတို့၌လည်း အမှတ်ရှိသူ မဖြစ်ရာ၊ (သို့ပင်ဖြစ်သော်လည်း) သညာရှိသူကား ဖြစ်ရာ၏ဟူသော သဘောရှိသည့် တည်ကြည်မှု 'သမာဓိ'ကို ရခြင်းသည် ဖြစ်နိုင်ရာ၏ ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ရဟန်းအား မြေ၌ မြေဟု အမှတ်ရှိသူ မဖြစ်ရာ။ပ။ မြင်အပ် ကြားအပ် တွေ့ထိအပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံတို့၌လည်း အမှတ်ရှိသူ မဖြစ်ရာ၊ (သို့ပင်ဖြစ်သော်လည်း) သညာရှိသူကား ဖြစ်ရာ၏ဟူသော သဘောရှိသည့် တည်ကြည်မှု'သမာဓိ'ကို ရခြင်းသည် အဘယ်သို့လျှင် ဖြစ်နိုင်ရာပါသနည်းဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "သင်္ခါရအားလုံးတို့၏ ငြိမ်းရာ ဥပဓိ အားလုံးတို့ကို စွန့်ရာ တဏှာကုန်ရာ တပ်စွန်းမှု ကင်းရာ ချုပ်ရာဖြစ်သော နိဗ္ဗာန်သည် ငြိမ်သက်၏၊ နိဗ္ဗာန်သည် မွန်မြတ်၏" ဟု အမှတ်ရှိသူ ဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းအား မြေ၌ မြေဟု အမှတ်ရှိသူ မဖြစ်ရာ။ပ။ မြင်အပ် ကြားအပ် တွေ့ထိအပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံတို့၌လည်း အမှတ်ရှိသူ မဖြစ်ရာ၊ (သို့ပင်ဖြစ်သော်လည်း) သညာမရှိသူကား ဖြစ်ရာ၏ ဟူသော သဘောရှိသည့် တည်ကြည်မှု 'သမာဓိ'ကို ရခြင်းသည် ဖြစ်နိုင်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-တတိယ သမာဓိသုတ်

၂၀။ ထိုအခါ များစွာကုန်သော ရဟန်းတို့သည် အသျှင်သာရိပုတြာအထံသို့ ချဉ်းကပ်ကြ၍ အသျှင်သာရိပုတြာနှင့် အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို ပြီးဆုံးစေကြပြီးလျှင် တခုသော နေရာ၌ ထိုင်နေကြလျက် အသျှင်သာရိပုတြာအား ဤစကားကို လျှောက်ကြကုန်၏—အသျှင်ဘုရား ရဟန်းအား မြေ၌မြေဟု အမှတ်ရှိသူ မဖြစ်ရာ။ပ။ မြင်အပ် ကြားအပ် တွေ့ထိအပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံတို့၌လည်း အမှတ်ရှိသူ မဖြစ်ရာ၊ (သို့ပင်ဖြစ်သော်လည်း) သညာရှိသူကား ဖြစ်ရာ၏ဟူသော သဘောရှိသည့် တည်ကြည်မှု 'သမာဓိ'ကို ရခြင်းသည် ဖြစ်ရာပါသလော ဟု လျှောက်ကြကုန်၏။ ငါ့သျှင်တို့ ရဟန်းအား မြေ၌ မြေဟု အမှတ်ရှိသူ မဖြစ်ရာ။ပ။ မြင်အပ် ကြားအပ် တွေ့ထိအပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံတို့၌လည်း အမှတ်ရှိသူ မဖြစ်ရာ၊ (သို့ပင်ဖြစ်သော်လည်း) သညာရှိသူကား ဖြစ်ရာ၏ ဟူသော သဘောရှိသည့် တည်ကြည်မှု 'သမာဓိ'ကို ရခြင်းသည် ဖြစ်နိုင်၏ ဟု (မိန့်ဆို၏)။

http://www.dhammadownload.com



ငါ့သျှင် သာရိပုတြာ ရဟန်းအား မြေ၌ မြေဟု အမှတ်ရှိသူ မဖြစ်ရာ။ပ။ မြင်အပ် ကြားအပ် တွေ့ထိအပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံတို့၌လည်း အမှတ်ရှိသူ မဖြစ်ရာ၊ (သို့ပင်ဖြစ်သော်လည်း)သညာရှိသူအား ဖြစ်ရာ၏ဟူသော သဘောရှိသည့် တည်ကြည်မှု 'သမာဓိ'ကို ရခြင်းသည် အဘယ်သို့လျှင် ဖြစ်နိုင်ရာပါသနည်း ဟု (လျှောက်ကြကုန်၏)။

ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် "သင်္ခါရအားလုံးတို့၏ ငြိမ်းရာ ဥပဓိအားလုံးတို့ကို စွန့်ရာ တဏှာကုန်ရာ တပ်စွန်းမှု ကင်းရာ ချုပ်ရာဖြစ်သော နိဗ္ဗာန်သည် ငြိမ်သက်၏၊ နိဗ္ဗာန်သည် မွန်မြတ်၏"ဟုအမှတ်ရှိသူ ဖြစ်၏။ငါ့သျှင်တို့ ဤသို့လျှင် ရဟန်းအား မြေ၌မြေဟုအမှတ်ရှိသူ မဖြစ်ရာ။ပ။ မြင်အပ် ကြားအပ် တွေ့ထိအပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံတို့၌လည်း အမှတ်ရှိသူမဖြစ်ရာ၊ (သို့ပင်ဖြစ်သော်လည်း) သညာရှိသူအား ဖြစ်ရာ၏ ဟူသော သဘောရှိသည့် တည်ကြည်မှု 'သမာဓိ'ကို ရခြင်းသည် ဖြစ်နိုင်၏ ဟု (မိန့်ဆို၏)။

ဒသမသုတ်။

---

## ၁၁-စတုတ္ထ သမာဓိသုတ်

၂၁။ ထိုအခါ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို ခေါ်တော်မူ၏။ ငါ့သျှင်တို့ ရဟန်းအား မြေ၌ မြေဟု အမှတ်ရှိသူ မဖြစ်ရာ၊ ရေ၌ ရေဟု အမှတ်ရှိသူ မဖြစ်ရာ၊ မီး၌ မီးဟု အမှတ်ရှိသူ မဖြစ်ရာ၊ လေ၌ လေဟု အမှတ်ရှိသူ မဖြစ်ရာ၊ အဆုံးမရှိသော ကောင်းကင်တည်ရာ၌ အဆုံးမရှိသော ကောင်းကင်တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ အဆုံးမရှိသော ဝိညာဏ်တည်ရာ၌ အဆုံးမရှိသော ဝိညာဏ်တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ တစုံတခုမျှ မရှိဟူသော တည်ရာ၌ တစုံတခုမျှ မရှိဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာ၌ သညာရှိသည်လည်း မဟုတ် သညာ မရှိသည်လည်း မဟုတ်ဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ ဤလောက၌ ဤလောကဟု အမှတ်ရှိသူ မဖြစ်ရာ၊ တပါးသော လောက၌ တပါးသော လောကဟု အမှတ်ရှိသူ မဖြစ်ရာ၊ မြင်အပ် ကြားအပ် တွေ့ထိအပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံတို့၌လည်း အမှတ်ရှိသူ မဖြစ်ရာ၊ (သို့ပင်ဖြစ်သော်လည်း) သညာရှိသူကား ဖြစ်ရာ၏ ဟူသော သဘောရှိသည့် တည်ကြည်မှု 'သမာဓိ'ကို ရခြင်းသည် ဖြစ်ရာသလောဟု မေး၏။ ငါ့သျှင်တို့ ငါတို့သည် အသျှင်သာရိပုတြာ၏ အထံသို့ ထိုဟောအပ်သောစကား၏ အနက်ကို သိရန် အဝေးမှပင် လာခဲ့ကြပါသည်၊ တောင်းပန်ပါ၏၊ ထိုဟောအပ်သော စကား၏ အနက်သည် အသျှင်သာရိပုတြာ၏ ဉာဏ်၌သာ ထင်ပါစေ၊ အသျှင်သာရိပုတြာ၏ (အထံမှ) ကြားနာရသဖြင့် ရဟန်းတို့သည် ဆောင်ထားကြပါလိမ့်မည်ဟု (လျှောက်ကြကုန်၏)။

ငါ့သျှင်တို့ ထိုသို့ဖြစ်လျှင် နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောကြားပေအံ့ဟု (မိန့်ဆို၏)။ "ငါ့သျှင် ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် အသျှင်သာရိပုတြာအား ပြန်ကြားလျှောက်ထားကုန်၏။ အသျှင်သာရိပုတြာသည် ဤစကားကို မိန့်ဆို၏—ငါ့သျှင်တို့ ရဟန်းအား မြေ၌ မြေဟု အမှတ်ရှိသူ မဖြစ်ရာ။ပ။ မြင်အပ် ကြားအပ် တွေ့ထိအပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံတို့၌လည်း အမှတ်ရှိသူမဖြစ်ရာ၊ (သို့ပင်ဖြစ်သော်လည်း) သညာရှိသူကား ဖြစ်ရာ၏ဟူသော သဘောရှိသည့် တည်ကြည်မှု 'သမာဓိ'ကို ရခြင်းသည် ဖြစ်နိုင်

http://www.dhammadownload.com



ရာ၏ဟု (မိန့်ဆို၏)။ ငါ့သျှင် ရဟန်းအား မြေ၌ မြေဟု အမှတ်ရှိသူ မဖြစ်ရာ။ပ။ မြင်အပ် ကြားအပ် တွေ့ထိအပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံတို့၌လည်း အမှတ်ရှိသူ မဖြစ်ရာ၊(သို့ပင်ဖြစ်သော်လည်း) သညာ ရှိသူကား ဖြစ်ရာ၏ဟူသော သဘောရှိသည့် တည်ကြည်မှု 'သမာဓိ'ကို ရခြင်းသည် အဘယ်သို့လျှင် ဖြစ်ရာပါသနည်းဟု (လျှောက်ကြကုန်၏)။

ငါ့ရှင်တို့၊ ဤသာသနာတော်၌ ရဟန်းသည် ''သင်္ခါရအားလုံးတို့၏ ငြိမ်းရာ ဥပဓိအားလုံးတို့ကို စွန့်ရာ တဏှာကုန်ရာ တပ်စွန်းမှု ကင်းရာ ချုပ်ရာ ဖြစ်သော နိဗ္ဗာန်သည် ငြိမ်သက်၏၊ နိဗ္ဗာန်သည် မွန်မြတ်၏''ဟု အမှတ်ရှိသူ ဖြစ်၏။ ငါ့သျှင်တို့ ဤသို့လျှင် ရဟန်းအား မြေ၌ မြေဟု အမှတ်ရှိသူ မဖြစ်ရာ၊ ရေ၌ ရေဟု အမှတ်ရှိသူ မဖြစ်ရာ၊ မီး၌ မီးဟု အမှတ်ရှိသူ မဖြစ်ရာ၊ လေ၌ လေဟု အမှတ်ရှိသူ မဖြစ်ရာ၊အဆုံးမရှိသော ကောင်းကင်တည်ရာ၌ အဆုံးမရှိသော ကောင်းကင်တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ အဆုံးမရှိသော ဝိညာဏ်တည်ရာ၌ အဆုံးမရှိသော ဝိညာဏ်တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ တစုံတခုမျှ မရှိဟူသော တည်ရာ၌ တစုံတခုမျှ မရှိဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာ၌ သညာရှိသည်လည်း မဟုတ် သညာ မရှိသည်လည်း မဟုတ်ဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ ဤလောက၌ ဤလောကဟု အမှတ်ရှိသူ မဖြစ်ရာ၊ တပါးသောလောက၌ တပါးသောလောကဟု အမှတ်ရှိသူမဖြစ်ရာ၊ မြင်အပ် ကြားအပ် တွေ့သိအပ် သိအပ် ရောက်အပ် ရှာဖွေအပ် စိတ်ဖြင့် စုံစမ်းအပ်သော အာရုံတို့၌လည်း အမှတ်ရှိသူ မဖြစ်ရာ၊(သို့ပင်ဖြစ်သော်လည်း)သညာရှိသူကား ဖြစ်ရာ၏ဟူသော သဘောရှိသည့် တည်ကြည်မှု 'သမာဓိ'ကို ရခြင်းသည် ဖြစ်နိုင်၏ဟု (မိန့်ဆို၏)။

ကောဒသမသုတ်။

နှစ်ခုမြောက် အနုဿတိဝဂ် ပြီး၏။

---

## ၃-သာမညဝဂ်

၂၂-၂၉။ ရဟန်းတို့ အင်္ဂါတဆယ့်တမျိုးတို့နှင့် ပြည့်စုံသော နွားကျောင်းသားသည် နွားအပေါင်းကို ဆောင်ရွက်ရန် တိုးပွါးအောင်ပြုရန် မထိုက်။ အဘယ်တဆယ့်တမျိုးတို့နည်း ဟူမူ- ရဟန်းတို့ ဤလောက၌ နွားကျောင်းသားသည် ရုပ်ပိုင်းသဏ္ဌာန်ကို မသိ၊ လက္ခဏာ၌ မလိမ္မာ၊ ယင်ချေးဥကို မခွါတတ်၊ အနာကို မဖုံးလွှမ်းတတ်၊ မီးခိုး မတိုက်တတ်၊ ဆိပ်ကမ်းကို မသိ၊ (ရေ) သောက်ပြီး (မသောက်ရသေး)ကို မသိ၊ လမ်းခရီးကို မသိ၊ စားကျက်၌ မလိမ္မာ၊ အကြွင်းမဲ့ (နို့)ညှစ်လေ့ရှိ၏၊ နွားတို့၏ မိဖ နွားတို့၏ ရှေ့ဆောင် နွားလားတို့ကို ပိုလွန်သော ပူဇော်ခြင်းဖြင့် မပူဇော်တတ်။ ရဟန်းတို့ ဤအင်္ဂါတဆယ့်တမျိုးတို့နှင့် ပြည့်စုံသော နွားကျောင်းသားသည် နွားအပေါင်းကို ဆောင်ရွက်ရန် တိုးပွါးအောင်ပြုရန် မထိုက်။

ရဟန်းတို့ ဤအတူပင် တရားတဆယ့်တမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မျက်စိ၌ မမြဲဟု ရှုလေ့ရှိသည် ဖြစ်၍ နေရန် မထိုက်။ပ။မျက်စိ၌ ဆင်းရဲဟု ရှုလေ့ရှိသည် ဖြစ်၍ နေရန် မထိုက်၊ မျက်စိ၌ အစိုးမရ 'အနတ္တ'ဟု ရှုလေ့ရှိသည် ဖြစ်၍ နေရန် မထိုက်၊ မျက်စိ၌ ကုန်ခြင်းကို ရှုလေ့ရှိသည် ဖြစ်၍ နေရန် မထိုက်၊ မျက်စိ၌ ပျက်ခြင်းကို ရှုလေ့ ရှိသည် ဖြစ်၍ နေရန် မထိုက်၊ မျက်စိ၌ ကင်းပြတ်ခြင်းကို ရှုလေ့ ရှိသည် ဖြစ်၍ နေရန် မထိုက်၊

http://www.dhammadownload.com



မျက်စိ၌ ချုပ်ခြင်းကို ရှုလေ့ရှိသည် ဖြစ်၍ နေရန် မထိုက်၊ မျက်စိ၌ တဖန် စွန့်လွှတ်ခြင်းကို ရှုလေ့ရှိသည် ဖြစ်၍ နေရန် မထိုက်။ (၁-၈)

၃၀-၆၉။ နား၌၊ နှာခေါင်း၌။ လျှာ၌။ ကိုယ်၌။စိတ်၌။ (၉-၄၈)

၇၀-၁၁၇။ အဆင်း 'ရူပါရုံ' တို့၌။ အသံ 'သဒ္ဒါရုံ' တို့၌။ အနံ့ 'ဂန္ဓာရုံ' တို့၌။ အရသာ 'ရသာရုံ' တို့၌။ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့၌။ သဘော 'ဓမ္မာရုံ' တို့၌။ (၄၉-၉၆)

၁၁၈-၁၆၅။ စက္ခုဝိညာဏ်၌။ သောတဝိညာဏ်၌။ ဃာနဝိညာဏ်၌။ ဇိဝှါဝိညာဏ်၌။ ကာယဝိညာဏ်၌။ မနောဝိညာဏ်၌။ (၉၇-၁၄၄)။

၁၆၆-၂၁၃။ မျက်စိ အတွေ့၌။ နား အတွေ့၌။ နှာခေါင်း အတွေ့၌။ လျှာ အတွေ့၌။ ကိုယ် အတွေ့၌။ စိတ် အတွေ့၌။ (၁၄၅-၁၉၂)

၂၁၄–၂၆၁။ မျက်စိအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၌။ နားအတွေ့ကြောင့် ဖြစ်သောခံစားမှု 'ဝေဒနာ'၌။ နှာခေါင်းအတွေ့ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ'၌။ လျှာ အတွေ့ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ'၌။ ကိုယ်အတွေ့ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ'၌။ စိတ်အတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၌။ (၁၉၃-၂၄၀)

၂၆၂-၃၀၉။ အဆင်း 'ရူပါရုံ' အမှတ်၌။ အသံ 'သဒ္ဒါရုံ' အမှတ်၌။ အနံ့ 'ဂန္ဓာရုံ' အမှတ်၌။ အရသာ'ရသာရုံ'အမှတ်၌။ အတွေ့'ဖောဋ္ဌဗ္ဗာရုံ'အမှတ်၌။ သဘော'ဓမ္မာရုံ'အမှတ်၌။ ၂၄၁-၂၈၈။

၃၁၀-၃၅၇။ အဆင်း 'ရူပါရုံ' စေ့ဆော်မှု 'စေတနာ'၌။ အသံ 'သဒ္ဒါရုံ' စေ့ဆော်မှု 'စေတနာ'၌။ အနံ့ 'ဂန္ဓာရုံ' စေ့ဆော်မှု 'စေတနာ' ၌။ အရသာ 'ရသာရုံ' စေ့ဆော်မှု 'စေတနာ'၌။ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' စေ့ဆော်မှု 'စေတနာ'၌။ သဘော 'ဓမ္မာရုံ' စေ့ဆော်မှု 'စေတနာ' ၌။(၂၈၉-၃၃၆)

၃၅၈-၄၀၅။ အဆင်း 'ရူပါရုံ' တပ်မက်မှု 'တဏှာ'၌။ အသံ 'သဒ္ဒါရုံ' တပ်မက်မှု 'တဏှာ'၌။ အနံ့ 'ဂန္ဓာရုံ' တပ်မက်မှု 'တဏှာ'၌။ အရသာ 'ရသာရုံ' တပ်မက်မှု 'တဏှာ' ၌။ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တပ်မက်မှု 'တဏှာ'၌။ သဘော 'ဓမ္မာရုံ' တပ်မက်မှု 'တဏှာ' ၌။ (၃၃၇-၃၈၄)။

၄၀၆-၄၅၃။ အဆင်း 'ရူပါရုံ' ကြံစည်မှု 'ဝိတက်'၌။ အသံ 'သဒ္ဒါရုံ' ကြံစည်မှု 'ဝိတက်'၌။ အနံ့ 'ဂန္ဓာရုံ' ကြံစည်မှု 'ဝိတက်'၌။ အရသာ 'ရသာရုံ' ကြံစည်မှု 'ဝိတက်'၌။ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' ကြံစည်မှု 'ဝိတက်'၌။ သဘော 'ဓမ္မာရုံ' ကြံစည်မှု ဝိတက်၌။ (၃၈၅-၄၃၂)

၄၅၄-၅၀၁။ အဆင်း 'ရူပါရုံ' သုံးသပ်မှု 'ဝိစာရ'၌။ အသံ 'သဒ္ဒါရုံ' သုံးသပ်မှု 'ဝိစာရ'၌။ အနံ့ 'ဂန္ဓာရုံ' သုံးသပ်မှု 'ဝိစာရ'၌။ အရသာ 'ရသာရုံ' သုံးသပ်မှု 'ဝိစာရ'၌။ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' သုံးသပ်မှု 'ဝိစာရ'၌။ သဘော 'ဓမ္မာရုံ' သုံးသပ်မှု 'ဝိစာရ'၌ မမြဲဟု ရှုလေ့ရှိသည်ဖြစ်၍ နေရန်၊ ဆင်းရဲဟု ရှုလေ့ရှိသည်ဖြစ်၍ နေရန်၊ အစိုးမရ 'အနတ္တ' ဟု ရှုလေ့ရှိသည်ဖြစ်၍ နေရန်၊ ကုန်ခြင်းကို ရှုလေ့ရှိသည်ဖြစ်၍ နေရန်၊ ပျက်ခြင်းကို ရှုလေ့ရှိသည်ဖြစ်၍ နေရန်၊ ကင်းပြတ်ခြင်းကို ရှုလေ့ရှိသည်ဖြစ်၍ နေရန်၊ ချုပ်ခြင်းကို ရှုလေ့ရှိသည်ဖြစ်၍ နေရန်၊ တဖန်စွန့်လွှတ်ခြင်းကို ရှုလေ့ရှိသည်ဖြစ်၍ နေရန်မထိုက်။ပ။ (၄၃၃-၄၈၀)

http://www.dhammadownload.com



### ၄-ရာဂပေယျာလ

၅၀၂။ ရဟန်းတို့ တပ်စွန်းမှု 'ရာဂ'ကို ထူးသောဉာဏ်ဖြင့်သိရန် တရားတဆယ့်ဘမျိုးတို့ကို ပွါးများအပ်ကုန်၏။ အဘယ်တဆယ့်တမျိုးတို့နည်းဟူမူ-ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ လွတ်မြောက်သော မေတ္တာစိတ်၊ လွတ်မြောက်သော ကရုဏာစိတ်၊ လွတ်မြောက်သော မုဒိတာစိတ်၊ လွတ်မြေက်သော ဥပေက္ခာစိတ်၊ အာကာသာနဉ္စာယတနဈာန်၊ ဝိညာဏဉ္စာယတနဈာန်၊ အာကိဉ္စညာယတနဈာန်တို့တည်း။ ရဟန်းတို့ တပ်စွန်းမှု 'ရာဂ'ကို ထူးသောဉာဏ်ဖြင့်သိရန် ဤတရားတဆယ့်ဘမျိုးတို့ကို ပွါးများအပ်ကုန်၏။ (၁)

၅၀၃-၅၁၁။ ရဟန်းတို့ တပ်စွန်းမှု 'ရာဂ' ကို ပိုင်းခြင်း၍ သိရန်။ ထက်ဝန်းကျင်ကုန်ရန်။ ပယ်ရန်။ ကုန်ခန်းရန်။ပျက်ဆီးရန်။ ကင်းပြတ်ရန်။ ချုပ်ရန်။ စွန့်ရန်။ တဖန်စွန့်လွှတ်ရန်။ ဤတရားဆယ့်တမျိုးတို့ကို ပွါးများအပ်ကုန်၏။ (၂-၁၀)

၅၁၂-၆၇၁။ ပြစ်မှားမှု 'ဒေါသ'ကို။ပ။ တွေဝေမှု'မောဟ'ကို။ အမျက်ထွက်မှု 'ကောဓ'ကို။ ရန်ငြိုးဖွဲ့မှု 'ဥပနာဟ'ကို။ သူ့ကျေးဇူးကို ချေဖျက်မှု 'မက္ခ'ကို။ အပြိုင်ပြုမှု 'ပဠာသ'ကို။ ငြူစူမှု 'ဣဿာ'ကို။ ဝန်တိုမှု 'မစ္ဆရိယ'ကို။ လှည့်ပတ်မှု 'မာယာ'ကို။ စဉ်းလဲမှု'သာဌေယျ'ကို။ ခက်ထန်မှု 'ထမ္ဘ'ကို။ ချတ်ချယ်မှု 'သာရမ္ဘ'ကို။ ထောင်လွှားမှု'မာန'ကို။ အလွန်ထောင်လွှားမှု 'အတိမာန'ကို။ ယစ်မူးမှု 'မဒ'ကို။ မေ့လျော့မှု 'ပမာဒ'ကို။ ထူးသောဉာဏ်ဖြင့် သိရန်။ပ။ ပိုင်းခြား၍ သိရန်။ ထက်ဝန်းကျင် ကုန်ရန်။ ပယ်ရန်။ ကုန်ခန်းရန်။ ဖျက်ဆီးရန်။ ကင်းပြတ်ရန်။ ချုပ်ရန်။ စွန့်ရန်။ တဖန်စွန့်လွှတ်ရန်။ပ။ ဤတရားတဆယ့်တမျိုးတို့ကို ပွါးများအပ် ကုန်၏။ (၁၁-၁၇၀)

မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏၊ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။

ရာဂပေယျာလ ပြီး၏။

## ကောဒသကနိပါတ် ပြီး၏။

## အင်္ဂုတ္တရနိကာယ် မြန်မာပြန် ပြီးပြီ။

http://www.dhammadownload.com

အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်

# မှတ်သားဖွယ် အက္ခရာစဉ်

(တတိယအုပ်)


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[အ]** | |
| အကိရိယစသောအယူဝါဒများ | ၂၆၊၂၇ |
| အကုသိုလ် ဝိတက် သုံးမျိုး | ၁၆၉ |
| အကုသလကမ္မပထ ဆယ်မျိုး | ၄၆၇ |
| အကျင့်သိက္ခာအားနည်းကြောင်း ကိုးမျိုး | ၂၄၉ |
| အကျင့်သိက္ခာအားနည်းကြောင်း ငါးမျိုး | ၂၅၃ |
| အကျင့်ပဋိပဒါ လေးမျိုး | ၃၀၅ |
| အင်္ဂါရှစ်မျိုးရှိသော ဥပုသ် (ရှစ်ပါးသီလ) | ၇၃၊၃၂၂ |
| အင်္ဂါကိုးမျိုးရှိသော ဥပုသ် (ကိုးပါးသီလ) | ၁၈၃ |
| အင်္ဂါရှစ်မျိုးနှင့်ပြည့်စုံသော ခိုးသူကြီး | ၁၅၅ |
| အစဉ်အတိုင်းဝင်စားနေအပ်သော တရားကိုးမျိုး | ၂၀၉၊၂၁၀ |
| အစဉ်အတိုင်းချုပ်ခြင်းကိုးမျိုး | ၂၀၉ |
| အဇိတပရိဗိုဇ်၏ မြတ်စွာဘုရားနှင့် တရားဆွေးနွေးပုံ | ၄၃၅ |
| အညစ်အကြေးရှစ်မျိုး | ၃၇ |
| အန္တရာပရိနိဗ္ဗာယီ အနာဂါမ် | ၃၄၉ |
| အထက်ပိုင်း သံယောဇဉ် ငါးမျိုး | ၂၅၁ |
| အထင်ကြီးမှု ဆယ်မျိုး | ၃၀၁ |
| အဓမ္မနှင့် ဓမ္မ ဆယ်မျိုး | ၄၃၀၊၄၅၇ |
| အဓိကရုဏ်းဖြစ်စေတတ်သော တရားများ | ၃၀၃ |
| အနဝဇ္ဇဗိုလ် | ၁၇၅ |
| အနာထပိဏ်သူဌေး၏သား သဒ္ဓရဟန်း | ၅၁၄၊၅၂၅ |
| **[အ]** | |
| အနာထပိဏ်သူဌေး၏ ပရိဗိုဇ်တို့နှင့် တရားဆွေးနွေးပုံ | ၃၉၉ |
| အနာဝကိုးပေါက်ဥပမာ | ၁၈၂ |
| အနိစ္စသညာကိုပွါးများခြင်းအကျိုး | ၁၈၇ |
| အပ္ပမာဒတရားဥပမာများ | ၂၇၄ |
| အပါယ်မကျနိုင်တော့ပြီဟု ပြောဆိုနိုင်ကြောင်း တရားကိုးမျိုး | ၂၀၅ |
| အဘဗ္ဗတရား ကိုးမျိုး | ၂၄၉ |
| အဘိဘာယတနစျာန်ရှစ်မျိုး | ၁၂၆၊၁၂၇၊၃၀၃ |
| အရိယာအားစွပ်စွဲသူ၌ ကျရောက်တတ်သည့် အပြစ်ဒဏ် ဆယ်မျိုး | ၃၀၇ |
| အရိယာတို့နေခြင်းဆယ်မျိုး | ၂၈၀ |
| အရိယာတို့ပြောဆိုပုံနှင့် အရိယာမဟုတ်သူတို့ပြောဆိုပုံ | ၁၂၈ |
| အရှိုးဆေးပွဲအကြောင်း | ၄၂၄ |
| အလိုဆိုးပယ်ဖျောက်ခြင်း၏ကျေးဇူး | ၃၀၅ |
| အလိုရှိရာ(ပစ္စည်းလေးပါးတရားထူး) ရအောင်ကျင့်ပုံ | ၃၅၉ |
| အလှူခံပုဂ္ဂိုလ်၏အင်္ဂါ | ၇၁ |
| အလှူခံပုဂ္ဂိုလ်မြတ်ဖြစ်ထိုက်သော အင်္ဂါများ | ၁၁၄ |
| အဝိဇ္ဇာ၏အကြောင်းအရာ | ၃၄၄ |
| အသေခပုဂ္ဂိုလ်နှင့်အသေခပုဂ္ဂိုလ်တို့ ကိုယ်ပိုင်တရား | ၄၂၉ |
| အသက်ထက်ဆုံးအောက်မေ့ထိုက်သော တရားဆယ်မျိုး | ၃၂၅ |
| အသင်္ခါရပရိနိဗ္ဗာယီအနာဂါမ် | ၃၄၉ |

http://www.dhammadownload.com




အက္ခရာစဉ် — စာမျက်နှာ

[ အာ ]

အာဇာနည်မြင်းကောင်းဥပမာ ၃၃၊၅၁၄
အာဇာနည်ယောကျ်ားကောင်းဥပမာ ၂၀၁
အာနာပါနဿတိ ၃၄၃
အာယုကပ်ပတ်လုံးတည်ရမည့်သူ ၁၄
အာဟုနေယျပုဂ္ဂိုလ်ဆယ်မျိုး ၂၇၅၊၄၀၉

[ ဣ-ဤ ]

ဣဒ္ဓိပါဒ်လေးမျိုး ၁၃၀
ဤမှာဖက် ထိုမှာဖက် ခွဲခြား
ဟောပြသော ဒေသနာ ၄၃၈၊၄၅၅၊၄၅၆

[ ဥ ]

ဥဂ္ဂသူကြွ ်ယ် ၄၉
ဥဂ္ဂသူကြွယ်၏ အံ့ဖွယ်ဂုဏ် ၄၇
ဥစ္ဆေဒဝါဒ ၂၁
ဥတ္တရကုရုကျွန်း ၁၉၈
ဥတ္တိယပရိဗိုဇ်၏ မြတ်စွာဘုရားနှင့်
တရားဆွေးနွေးပုံ ၄၀၅
ဥဒါယီထေရ်၏ အသျှင်အာနန္ဒာနှင့်
တရားဆွေးနွေးပုံ ၂၂၅၊၂၄၀
ဥဒ္ဒံသောတ အကနိဋ္ဌဂါမီ အနာဂါမ် ၃၄၉
ဥပဇ္ဈာယ်ဆရာအင်္ဂါ ၃၁၂
ဥပဟစ္စပရိနိဗ္ဗာယီ အနာဂါမ် ၃၄၉
ဥပါလိထေရ်အတ္ထုပ္ပတ် ၄၁၃
ဥပါသကာတို့၌ ရှိသင့်သောတရားများ ၅၆
ဥပါဒါနက္ခန္ဓာ ငါးမျိုးကို သတိပဋ္ဌာန်ဖြင့်
ပယ်ပုံ ၂၅၀
ဥပုသ်သီလအကျိုး ၈၀
ဥဗ္ဗာဟိက ကမ္မဝါစာ ၃၁၁

[ ဧ ]

ဧကဗီဇီသောတာပန် ၃၄၉

[ အား ]

အားရှစ်မျိုး ၅၈
အားတော်ဆယ်မျိုး(ဘုရား အား) ၂၈၃၊၂၈၇
အားထုတ်ခြင်း ဝီရိယ၏ အကြောင်း
ရှစ်မျိုး ၁၅၁

[ အန် ]

အန်ဆေးဥပမာ ၄၂၇

[ အော က် ]

အောက်ပိုင်း သံယောဇဉ်ငါးမျိုး ၂၂၃
အောက်ပိုင်း သံယောဇဉ်ငါးမျိုးကို
သတိပဋ္ဌာန်ဖြင့်ပယ်ပုံ ၂၅၀

[ က ]

ကထာဝတ္ထုဆယ်မျိုး ၃၅၅
ကဇင်္ဂလာမြို့ ၂၉၉
ကသိုဏ်းဆယ်မျိုး ၂၉၃၊၃၀၂
ကာမဂုဏ်တို့၏အပြစ် ၃၁၊၁၁၄
ကာမဂုဏ်ငါးမျိုး ၂၀၃
ကာမဂုဏ်ခံစားသူဆယ်မျိုး ၃၉၂
ကာမဂုဏ်ငါးမျိုးကိုသတိပဋ္ဌာန်ဖြင့်
ပယ်ပုံ ၂၅၀
ကာဠီဥပါသိကာမဝတ္ထု ၂၉၃
ကုသလကမ္မပထဆယ်မျိုး ၃၀၁
ကောကနုဒပရိဗိုဇ်၏ အသျှင်အာနန္ဒာနှင့်
တရားဆွေးနွေးပုံ ၄၀၇
ကောကာလိကရဟန်း ၃၈၇
ကောဋ္ဌိကထေရ်၏အသျှင်သာရိပုတြာနှင့်
တရားဆွေးနွေးပုံ ၁၈၈
ကောလံကောလသောတာပန် ၃၄၉
ကံ၏အကြောင်းခံတရား ၄၆၃
ကုဗ္ဘိုးထမင်း ၄၆၉
ကိုးကွယ်ဆည်းကပ်သောဥပါသကာ ၄၉၆
ကောင်းမှုအထု ကုသိုလ်အယဉ် ရှစ်မျိုး ၇၇
ကိုယ်တွေ့ရှိသူ (ကာယသက္ခိ) ပုဂ္ဂိုလ် ၂၄၃

http://www.dhammadownload.com

## မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ က-ခ ] | |
| ကိုယ်ခန္ဓာ၌ တည်သောတရားဆယ်မျိုး | ၃၂၄ |
| ကျိုးကန်းသည် မသူတော်တရား ဆယ်မျိုးနှင့် ပြည့်စုံပုံ | ၃၇၁ |
| ကြည်ညိုဖွယ်ရှိသူ ဖြစ်လာအောင် တရား အားထုတ်ပုံဆယ်နည်း | ၂၆၅ |
| ခန္ဓာဝန်ကိုချထားပြီးသူ | ၁၈၀ |
| [ ဂ ] | |
| ဂတိငါးမျိုး | ၂၅၁ |
| ဂရုဓမ်ရှစ်မျိုး | ၁၀၁ |
| ဂိရိမာနန္ဒရဟန်းအကြောင်း | ၃၄၁ |
| ဂေါသိင်္ဂအင်ကြင်းတောအုပ် | ၃၆၀ |
| [ င ] | |
| ငရဲ၌ဖြစ်ကြောင်းတရားဆယ်မျိုး | ၄၈၂ |
| ငရဲသက်ကို ဥပမာဖြင့် နှိုင်းခိုင်းပြပုံ | ၃၈၉ |
| ငလျင်လှုပ်ခြင်းအကြောင်းရှစ်မျိုး | ၁၃၃ |
| [ စ ] | |
| စကားများမှု၏အခြေခံ | ၃၁၆ |
| စန္ဒိကာပုတ္တထေရ်၏ အသျှင်သာရိပုတြာနှင့် တရားဆွေးနွေးပုံ | ၂၀၃ |
| စကြဝဠာတတောင် | ၃၀၂ |
| စာလိကာမြို့ စာလိကာဘောင် | ၁၆၈ |
| စောဒကပုဂ္ဂိုလ် ဆင်ခြင်ရမည့်တရားနှင့် မိမိ သန္တာန်၌ တည့်စေရမည့်တရားငါးမျိုး | ၃၁၇ |
| စိတ်၏ငြောင့် တံသင်း ငါးမျိုး ဆယ်မျိုး | ၂၅၂၊၂၇၁ |
| စိတ်ကိုဖွဲ့တတ်သော တရားငါးမျိုး | ၂၅၂ |
| စိတ်၏အနှောင်အဖွဲ့ငါးမျိုး | ၂၅၄၊၂၅၅ |
| [ ဆ ] | |
| ဆူးငြောင့်ဆယ်မျိုး | ၃၆၁ |
| [ ဆ ] | |
| ဆင်ပြောင်ကြီးဥပမာ (တယောက်တည်းနေခြင်း) | ၃၀၅ |
| ဆယ်မျိုးမှလေးဆယ်အထိကောင်းသော မကောင်းသော တရားများ | ၄၉၆ |
| ဆွေးမြေ့ (ကင်းပျောက်)ကြောင်း ဝတ္ထုဆယ်မျိုး | ၄၂၂ |
| [ ဇ ] | |
| ဇာတိ, ဇရာ, မရဏ တရား သုံးမျိုး အကြောင်း | ၃၆၈ |
| ဇာဏုဿောဏိပုဏ္ဏား၏ မြတ်စွာဘုရားနှင့် တရားဆွေးနွေးပုံ | ၄၃၉ |
| ဇမ္ဗူဒိပ်ကျွန်း | ၁၉၈ |
| [ ဉ ] | |
| ငြင်းခုံမှုဖြစ်ကြောင်းဆယ်မျိုး | ၃၁၆ |
| ဉာဏ်ဖြင့်သိရန် တရားကိုးမျိုး | ၁၅၉ |
| ဉာဏ်အားရှစ်မျိုး | ၅၉ |
| [ တ ] | |
| တက္ကတွန်းတို့သည် မသူတော်တရား ဆယ်မျိုးနှင့် ပြည့်စုံပုံ | ၃၇၁ |
| တဏှာအရင်းခံရှိသော ,တရားကိုးမျိုး | ၂၀၁ |
| တပုဿသူကြွယ်၏ အသျှင်အာနန္ဒာနှင့် တရားဆွေးနွေးပုံ | ၂၃၃ |
| တမန်ဖြစ်ထိုက်သောရဟန်း | ၃၈ |
| တယောက်တည်းနေရခြင်းအကျိုး | ၁၅၃ |
| တရားမထင်နိုင်ခြင်းအကြောင်းများ | ၁၅၄ |
| တရားထင်ခြင်း မထင်ခြင်းအကြောင်း | ၃၇၅ |
| တရားငါးမျိုး၌တည်၍ခြောက်မျိုးကို ပွါးများပုံ | ၅၁၈ |
| တရားမဆုတ်ယုတ်သောပုဂ္ဂိုလ် | ၃၃၆ |
| တရားအားလုံးတို့၏အခြေခံဖြစ်သော တရား | ၁၅၄၊၃၃၉ |

http://www.dhammadownload.com




အက္ခရာစဉ် — စာမျက်နှာ

[ တ ]

တိရစ္ဆာနကထာဆယ်မျိုး ၃၅၅
တည်ကြည်မှုသမာဓိရရှိအောင် တရား အားထုတ်ပုံ ၂၆၃
တိုင်းကြီးတဆယ့်ခြောက်တိုင်း ၈၉
တိုးပွါးမှု ဆယ်မျိုး ၃၆၂

[ ထ ]

ထောင်လွှားမှုမာန [illegible]

[ ဒ ]

ဒသမသူကြွယ် ၅၂၉
ဒုဂ္ဂတိဘဝမှလွတ်သူ ကိုးမျိုး ၁၈၆
ဒုစရိုက်၏အကျိုး ၇၉

[ န ]

နီဝရဏငါးမျိုး ၂၄၉၊၃၄၄
နေလေ ရာရာ ချမ်းသာစွာ နေရကြောင်း တရားဆယ်မျိုး ၄၁၁
နတ်နှင့် အသုရာတို့စစ်ပွဲ ၂၂၀
နတ်တို့အသက် ၈၄
နန္ဒရဟန်း၏နိုးကြားမှု ၁၆
နန္ဒမထေရ်၏ကျင့်ဝတ် ၁၅
နန္ဒကထေရ် ၁၇၁
နန်းတော်သို့ဝင်ခြင်း၌ အပြစ်ဆယ်မျိုး ၃၁၉
နန္ဒိယသာကီဝင် ၅၂၃
နိဗ္ဗာန်ချမ်းသာ ၂၀၃
နိရဗ္ဗုဒပေါင်း ၃၉၀
နိဿရည်းဆရာအင်္ဂါ ၃၁၂
နှလုံးမသွင်းရသောတရား ၅၁၂၊၅၃၀၊၅၃၉
နှစ်သက်အပ်သော တရားဆယ်မျိုး ၃၆၁
နွားမဥပမာ (ချွန်ရပုံ) ၂၅၆
နွားကျောင်းသားအင်္ဂါတဆယ့်တမျိုး ၅၃၃

[ ပ ]

ပစ္စာဘူမိအမှုပ် ၄၆၅
ပဋိပဒါလေးမျိုး ၃၀၅
ပဋိသာရဏီယကံ ၁၆၁
ပညာရကြောင်းတရားရှစ်မျိုး ၂
ပပဉ္စတရား ၆၄
ပရိသတ်ရှစ်မျိုး ၁၂၀
ပသေနဒီကောသလမင်း၏ဘုရားသျှင်၌ ကြည်ညိုပုံ မှတ်သားဖွယ် ၃၀၇
ပါတိမောက်ပြခြင်း ထားခြင်း ဆယ်မျိုး ၃၅၀
ပါတိမောက္ခသံဝရသီလ ၃
ပုဂ္ဂိုလ်ငါးမျိုး ၃၄၉
ပုဂ္ဂိုလ်ရှစ်မျိုး ၁၄၅
ပုဂ္ဂိုလ်ကိုးမျိုး ၁၈၁
ပုဂ္ဂိုလ်ဆယ်မျိုး ၃၆၄
ပုညကိရိယဝတ္ထုရှစ်မျိုး ၇၄
ပုဏ္ဏိယထေရ် ၃၇၅
ပုဏ္ဏားတို့အကျင့် (မီးကိုလုပ်ကျွေးပုံ) ၄၅၃၊၄၆၅
ပုရာဏကဿပ အကြောင်း ၂၂၆
ပယ်အပ်သောတရားများ ၂၀၀
ပျက်စီးကြောင်း တရားဆယ်မျိုး ၃၀၇
ပျင်းရိခြင်းအကြောင်း ရှစ်မျိုး ၁၅၀
ပြဿနာတခု ရည်ညွှန်းချက်တခုမှ ဆယ်ခုအထိ တရားဒေသနာ ၂၉၆
ပွါးများအပ်သော တရားခြောက်မျိုး ၅၁၀

[ ဗ ]

ဗောဇ္ဈာဥပါသိကာ ၁၆၁
ဗောဇ္ဈင်ခုနစ်ပါးကြောင့်ဝိဇ္ဇာသုံးပါးဖြစ်ပုံ ၄၁၉
ဗောဇ္ဈင်ခုနစ်မျိုးဖြစ်ကြောင်း ၃၄၂
ဗောဇ္ဈင်တရားရရန် အကြောင်းရှစ်မျိုး ၁၆၆
ဗိုလ်လေးပါး ၁၇၅
ဗျသန့်တရားတဆယ့်တမျိုး ၅၀၉

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ဘ]** | |
| ဘုရားလောင်းဖြစ်စဉ် အဆင့်ဆင့် သိခဲ့သော တရားရှစ်မျိုး | ၁၂၄ |
| ဘေးရန်ငါးမျိုး | ၂၀၅၊၃၉၇ |
| **[မ]** | |
| မကပ်ရောက်ထိုက်သော ဒါယကာ | ၁၉၃ |
| မကောင်းမှုကံဖြစ်ရန် အကြောင်း ဆယ်မျိုး | ၃၂၃ |
| မဆည်းကပ်ထိုက်သော ပုဂ္ဂိုလ်ဆယ်မျိုး | ၄၅၂ |
| မစင်ကြယ်မှု သုံးမျိုး | ၄၆၆ |
| မပူဇော်စေတတ်သော တရား | ၄၄၇ |
| မပြတ်ဆင်ခြင်အပ်သောတရားဆယ်မျိုး | ၃၂၄ |
| မနာပကာယိနတ်သမီးများ | ၉၁ |
| မမှီဝဲအပ်သောပုဂ္ဂိုလ် | ၄၅၂ |
| မသူတော်တရားဆယ်မျိုး | ၃၇၁ |
| မဟာနာမ်ဥပါသကာ | ၅၇ |
| မဟိသဝတ္ထုအရပ် | ၁၂ |
| မိမိအကျိုး သူတပါးအကျိုးကို ကျင့်သူ | ၁၁၉ |
| မိမိအကျိုး သူတပါးအကျိုး ကျင့်စွမ်းနိုင်ကြောင်းတရားရှစ်မျိုး | ၁၄၇ |
| မီးကိုလုပ်ကျွေးပုံ | ၄၃၉၊ ၄၅၃ |
| မေဃိယမထေရ်အား ဟောသောတရား | ၁၆၈ |
| မေထုန်အကျင့်မှ ရှောင်ကြဉ်သူနှင့် မရှောင်ကြဉ်သူ နှစ်ဦးဘိုးတုသိတာ နတ်ပြည်၌အဖြစ်ချင်းတူပုံကိုဘုရားသျှင် ရှင်းချက် | ၃၆၃ |
| မေတ္တာအကျိုးတဆယ့်တမျိုး | ၅၂၉ |
| မေတ္တာ၏အကျိုးရှစ်မျိုး | ၁ |
| မဂ္ဂင်ရှစ်ပါး | ၄၄၁ |
| မိန်းမတို့နတ်ပြည်ရောက်ကြောင်းတရား | ၉၂ |
| မိန်းမ၏နှောင်ဖွဲ့ခြင်းရှစ်မျိုး | ၃၉ |
| မှီခိုရာပြုတတ်သောတရား | ၂၇၅၊၂၇၇ |
| **[မ]** | |
| မှီဝဲရမည့်တရားများ | ၄၅၀ |
| မှီဝဲအပ်သောတရား မမှီဝဲအပ်သောတရား | ၁၇၇၊၁၇၈ |
| မှီဝဲသင့် မမှီဝဲသင့်သော ပစ္စည်းလေးပါး | ၃၃၄ |
| မှုတ်လွှင့်အပ်သောတရား | ၄၂၈ |
| မှုက်မှောက်ပြုရမည့်တရား | ၄၇၈ |
| မြင်းငယ်သုံးမျိုး ဥပမာ | ၁၉၈ |
| မြင်းယုတ်ဥပမာ | ၃၄ |
| မြတ်စွာဘုရား၏အမည်တော်ရှစ်မျိုး | ၁၅၆ |
| မျိုးစေ့ဥပမာ | ၄၂၀ |
| **[ယ]** | |
| ယုံမှားခြင်းဟူသောအကြောင်းသုံးမျိုး | ၁၀၃ |
| ယောကျ်ားမြတ်တို့အကြံအစည် | ၆၃ |
| ယောကျ်ား၏နှောင်ဖွဲ့ခြင်းရှစ်မျိုး | ၃၉ |
| ယောကျ်ားယုတ်၏စဉ်းစားမှု | ၅၁၄ |
| **[ရ]** | |
| ရနိုင်ခဲသောတရားဆယ်မျိုး | ၃၆၂ |
| ရဟန္တာတို့၏အားရှစ်မျိုး | ၅၉ |
| ရဟန္တာဖြစ်လိုသောရဟန်း၏အင်္ဂါငါးမျိုး | ၂၆၈ |
| ရဟန္တာဖြစ်လိုသော ရဟန်း နေရမည့်ကျောင်း၌ အင်္ဂါငါးမျိုး | ၂၆၈ |
| ရဟန္တာ၏ အားဆယ်မျိုး | ၃၉၀ |
| ရဟန်းအဖျင်းအမှိုက် | ၁၇ |
| ရဟန်းတို့ ပွါးများအပ်သော သညာ သုံးမျိုး ဖြည့်ကျင့်တရားခုနစ်မျိုး | ၄၁၉ |
| ရုပ်ပြစ်(အက္ခဏ)ရှစ်မျိုး | ၆၀ |
| ရန်ငြိုးဖွဲ့ကြောင်း(အာဃာတဝတ္ထု) | ၂၀၈ |
| ရန်ငြိုးဖြေကြောင်းတရားရှစ်မျိုး | ၂၀၈ |
| ရန်ငြိုးဖွဲ့ကြောင်းနှင့်ဖြေကြောင်း တရားဆယ်မျိုး | ၃၇၂ |
| ရှောင့်ရဲလွယ်သော ပုဂ္ဂိုလ် | ၆၇ |

http://www.dhammadownload.com



အက္ခရာစဉ် — စာမျက်နှာ

[ ရ ]


ရှစ်မျိုးသောအံ့ဖွယ် ၄၂
ရွှေရှားကြောင်းဖြစ်သောတရား ၄၇၇
ရှောင်လွှဲ၍ ရသော တရား ၄၆၄


[လ]


လေးသမား ဥပမာ (ချွန်ရပုံ) ၂၂၀
လောကဓာတ်ပျက်စီးပုံတည်ပုံ ၃၀၂
လောက နှစ်ပါးကို
    အောင်မြင်နိုင်သောမိန်းမ ၉၆
လောကဓံတရားရှစ်မျိုး ၇
လာဘ်ရရန်အားထုတ်သူနှင့်
    အားမထုတ်သူ၏အကျိုးအပြစ် ၁၁၇
လှူဒါန်းမှုကြောင့်ဖြစ်သော ဘဝရှစ်မျိုး ၇၂
လှူဒါန် ခြင်း၏အကြောင်းရှစ်မျိုး ၇၀
လှူဒါန်းမှုရှစ်မျိုး ၇၀


[ ဝ ]


ဝဇ္ဇီယမာဟိတသူကြွယ် ၄၀၃
ဝါဟနထေရ် ၃၇၃
ဝိဇ္ဇာ စရဏ ၅၁၇
ဝိဇ္ဇာဝိမုတ္တိ၏အကြောင်း ၃၄၅
ဝိမောက္ခစျာန်ရှစ်မျိုး ၁၂၇
ဝေရဉ္ဇ ပုဏ္ဏား စွပ်စွဲချက်များ ၁၉
ဝေလာမပုဏ္ဏားကြီးဝတ္ထု ၁၉၆
ဝန်တိုမှုမစ္ဆရိယငါးမျိုး ၂၅၁
ဝမ်းနုတ်ဆေးဥပမာ ၄၂၆


[သ]


သက္ကာယဒိဋ္ဌိတရား ၃၆၀
သင်္ဂါရဝပုဏ္ဏား ၄၃၇၊၄၅၅
သညာသုံးမျိုး ၄၁၉
သညာလေးမျိုး ၃၀၅
သညာကိုးမျိုး ၁၉၂


[သ]


သညာဆယ်မျိုး ၃၃၀၊၃၄၁
သညာဆယ့်တမျိုး ၅၁၁
သဗ္ဗပရိဗိုဇ် ၁၀၀
သတ္တက္ခတ္တုပရမသောတာပန် ၃၄၉
သတ္တဝါတို့နေရာ ကိုးမျိုး ၁၀၁
သတိပဋ္ဌာန်လေးမျိုး ဖြစ်ကြောင်း ၃၄၅
သတိသမ္ပဇဉ်အကျိုး ၁၅၂
သမ္ပဒါ လေးမျိုး ၁၀၇
သမ္ပဒါ ရှစ်မျိုး ၁၄၂
သပိတ်မှောက် လှန်ထိုက်သောဥပါသကာ ၁၆၀
သမဏသညာ ခုနစ်မျိုး ၄၁၉
သဒ္ဓရဟန်း(အနာထပိဏ်သူဌေး၏သား)
    ၅၁၄၊၅၂၅
သမိဒ္ဓိထေရ်၏ အသျှင်သာရိပုတြာနှင့်
    တရားဆွေးနွေးပုံ ၁၉၁
သမုဒ္ဒရာ၏ အံ့ဖွယ်ရှစ်မျိုး ၄၀
သသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ် ၃၄၉
သာကီဝင် မဟာနာမ်မင်း ၅၂၁
သာမဏေတို့ အလုပ်အကျွေးခံထိုက်သော
    ရဟန်းအင်္ဂါဆယ်မျိုး ၃၁၃
သာရိပုတြာထေရ်၏ရဲတင်းစွာလျှောက်ပုံ ၁၀၂
သာမဏ္ဍကာနိပရိဗိုဇ်၏ အသျှင်သာရိပုတြာ
    နှင့် တရားဆွေးနွေးပုံ ၃၅၀
သာသနာတော်(ဓမ္မဝိနယ)၌ ဆုတ်ယုတ်မှု
    ဆယ်မျိုး ၃၇၉
သာသနာ၏ အံ့ဖွယ်ရှစ်မျိုး ၄၂
သီဟင်းသုံးဖော်တို့ နှစ်သက်အပ်သော
    ပုဂ္ဂိုလ် ၆
သီလပျက်စီးသူအား အကြောင်း
    ချိတ်ပုံ ၂၆၀၊၂၆၁
သီလပြည့်စုံသူအား နှလုံးသာ်ရှင်မှု
    ဖြစ်ပုံ ၂၅၉၊၅၁၆
သူတော်ကောင်းတို့၏အလှူ ၇၆

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ သ ]** | |
| သူတော်ကောင်းတို့ဖြစ်ပေါ်လာကျိုး | ၇၆ |
| သေက္ခရဟန်းအား ဆုတ်ယုတ်ကြောင်း ရှစ်မျိုး | ၁၄၉ |
| သေခြင်းတရားပွါးများပုံများ | ၁၃၇ |
| သောတာပန်အင်္ဂါ | ၂၀၅၊၃၉၇ |
| သံဃာကွဲပြားကြောင်းဆယ်မျိုး | ၃၁၃ |
| သံဃာညီညွတ်ကြောင်းဆယ်မျိုး | ၃၁၄ |
| သံယောဇဉ် ဆယ်မျိုး | ၂၇၀ |
| သံယောဇဉ် သုံးပါး | ၁၈၇ |
| **[ဟ]** | |
| ဟတ္ထက အာဠဝကၡ် အံ့ဖွယ်ဂုဏ် | ၅၃ |

http://www.dhammadownload.com

http://www.dhammadownload.com

# ပန်းတိုင်

ပဋိဝေဓ (ထိုးထွင်းသိ) ပန်းတိုင်သို့

မျက်မှောက်ပြုနိုင်ရန်

ပရိယတ္တိ (စာသိ) နှင့် ပဋိပတ္တိ (ကျင့်သိ)

ဟူသော အကျင့်နှစ်ပြားစလုံး ကို

ယှဉ်တွဲကျင့်သုံး

သာသနာပြုကြပါစို့ ...

http://www.dhammadownload.com

# မြင့်မြတ် ပုဂ္ဂိုလ်

## (NOBLE PERSON)

လောကီ နှင့် လောကုတ္တရာ အတွက်

မိမိ အကျိုး နှင့် အများ အကျိုးရှိအောင်

ဆောင်ရွက်သူသည်သာလျှင်

အနှစ်ပြည့်ဝဆုံးသော

အအောင်မြင်ဆုံးသော

အမြင့်မြတ်ဆုံးသော... ပုဂ္ဂိုလ်